www.burmeseclassic.com

# ဗုဒ္ဓစာပန်းချီ

ငွေဥဒေါင်း

(ဦးကြီးမောင်)

ပထမတွဲ (ဆဋ္ဌမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓစာပန်းချီ

'ပန်းချီ' ဆိုသည်မှာ ပကာကိ ရုပ်ဝတ္ထုအစစ်အမှန်လည်းမဟုတ်၊ အစစ်အမှန် မဟုတ်ဘူးလည်းမဟုတ်၊ ရုပ်ဝတ္ထုအစစ်အမှန်တွင် ပန်းချီဆရာ၏ စိတ်ကူးဖြင့် နှစ်သက်ဖွယ်ဖြစ်အောင် ရေးခြယ်ထားသည်ကို ပန်းချီဟု နားလည်ရပါသည်။

ဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်သား သံဃာတော်များ၏ အကြောင်းရုပ်မျိုးစုံကို နှစ်သက်ဖွယ်ဖြစ်မပေအာင် ရွှမ်းနိုင်သမျှ စာပန်းချီရေးဖွဲ့ထားသော ဤဝတ္ထုများသည်လည်း ဤသဘောအတိုင်းပင်ဖြစ်ပါသည်။ ဘုရားရှင်၏ ဒေသနာတော်လာ ဖြစ်ရပ်အစစ်အမှန်များလည်းမဟုတ်၊ အစစ်အမှန်မဟုတ်ဘူးလည်း မဟုတ်၊ ဓမ္မပဒ၊ ဇိနတ္ထ၊ နိကာယ၊ ဝိနယ စသော ယိုယိုကျမ်းဂန်တို့မှ ဖြစ်ရပ်မှန်များကို ပုကာည်ကာစာရေးသူ၏ စိတ်ကူးဖြင့် နှစ်သက်ဖွယ် ကြည်ညိုဖွယ်ဖြစ်အောင် ရွှမ်းနိုင်သမျှ စာပန်းချီ ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

ဤစာ ဤအဖွဲ့များကိုဖတ်၍ ရတနာသုံးပါးကို ကြည်ညိုရှိခိုးတော်ခြင်း၊ ဖြစ်ရပ်အလျောက်တွဲပါလာသော ဘာသာရေးဆိုင်ရာ အတွေးအမြင် သိမှတ်ဖွယ်ရာ တစ်စုံတစ်ရာကို ရရှိခြင်း။

ဤစာ ဤအဖွဲ့များမှ တစ်ဆင့်တက်၍ ဘုရားရှင်၏ဒေသနာတော်မူရင်း ကျမ်းဂန်များသို့ ချဉ်းကပ်စေလိုခြင်းသည်သာ စာရေးသူ၏ ရည်မှန်းချက်များ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓစာပန်းချီ

## ပထမတွဲ

## ငွေဥဒေါင်း

(ဆဋ္ဌမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အနော်မာသို့ | ၁ |
| ၂။ | အပန်းတော်ဖြေ | ၄ |
| ၃။ | တရားဦး | ၂၂ |
| ၄။ | ရဲဘော်သုံးကျိပ် | ၂၇ |
| ၅။ | စည်းရုံးရေးမှူး | ၃၈ |
| ၆။ | အိုးစရည်းနှင့်လက်ငင်အိုး | ၅၄ |
| ၇။ | လင်းအရုဏ် | ၆၉ |
| ၈။ | သူ | ၈၇ |
| ၉။ | ကျောင်းမြတ်အမွန် ဇေတဝန် | ၁၀၀ |
| ၁၀။ | စိန်ဒေါင်းပျံ | ၁၁၈ |
| ၁၁။ | ဝတ်ရုံတော် | ၁၅၀ |
| ၁၂။ | ရက်ကန်းသည် | ၁၆၃ |
| ၁၃။ | ရွှေချည် ငွေချည် တန်းပါလို့ | ၁၇၅ |
| ၁၄။ | ဝါဝါဝင်း | ၁၉၁ |
| ၁၅။ | မေတ္တာပန်းပွင့် | ၂၀၃ |
| ၁၆။ | သစ္စာအမွန် | ၂၀၉ |
| ၁၇။ | လယ်မှူးကြီး ဗုဒ္ဓ | ၂၃၀ |
| ၁၈။ | ထွန်တုံးရှင် | ၂၃၉ |
| ၁၉။ | မေတ္တာရေစင် | ၂၅၀ |
| ၂၀။ | မာနရှင် | ၂၆၅ |

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | မဟာကရုဏာရှင် ဗုဒ္ဓ | ၂၇၇ |
| ၂၂။ | အောင်နိုင်သူ | ၂၈၁ |
| ၂၃။ | ကြာပန်းသခင် | ၂၉၅ |
| ၂၄။ | ကြာပန်းအရှင် | ၃၀၈ |
| ၂၅။ | ရဟန်း | ၃၂၄ |
| ၂၆။ | ဒွေးညီနောင် | ၃၃၆ |
| ၂၇။ | ဦးကြောင်ဘီလူး | ၃၄၉ |
| ၂၈။ | သားဆိုးကိုချွတ်သူ | ၃၆၈ |
| ၂၉။ | လာဘ်မင်းသခင် | ၃၈၂ |
| ၃၀။ | နာဂရာဇာ | ၄၀၃ |
| ၃၁။ | နွံထဲကကြာ | ၄၁၉ |
| ၃၂။ | ပစ္စည်းရှင် | ၄၃၅ |
| ၃၃။ | အမေ | ၄၄၈ |
| ၃၄။ | လွမ်းစေတီ | ၄၆၃ |
| ၃၅။ | အလှမာန်ယစ်သူ | ၄၇၇ |
| ၃၆။ | ကုဏ္ဍလာ | ၄၉၆ |
| ၃၇။ | ခန်းသဋ္ဌာဝယ် | ၅၁၄ |
| ၃၈။ | ပုဏ္ဏာဝတီ | ၅၃၃ |
| ၃၉။ | ဇာခန်းဆီးနောက်ဝယ် | ၅၄၈ |


www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓစာပန်းချီ

## နိဒါန်း

'ဗုဒ္ဓစာပန်းချီ'ဟူသည် 'ဗုဒ္ဓ' 'စာ' နှင့် 'ပန်းချီ'တည်းဟူသော ဝေါဟာရ သုံးရပ်ကို တွဲစပ်ထားသောအမည် ဖြစ်သည်။ အဓိပ္ပာယ်မှာ ဘုရားရှင် သို့မဟုတ် ရတနာသုံးပါးနှင့်စပ်သော အကြောင်းရပ် အတွေး အသိမျိုးစုံကို ပန်းချီ ပန်းရပ်ကဲ့သို့ စွမ်းနိုင်သမျှ လှလှပပ ရေးခြယ်ထား သောစာဟု ဆိုလိုပါ၏။

'ဗုဒ္ဓစာပန်းချီ'ဟု ဆိုသကဲ့သို့ 'ဓမ္မစာပန်းချီ'ဟုလည်း ဆိုနိုင်ပါ သည်။ 'သံဃစာပန်းချီ'ဟုလည်း ဆိုနိုင်ပါသည်။

တစ်ဖန် 'ပန်းချီ'ဆိုသည်မှာ ပကတိရုပ်ဝတ္ထုအစစ်အမှန်လည်း မဟုတ်၊ အစစ် အမှန် မဟုတ်ဘူးလည်းမဟုတ်၊ ရုပ်ဝတ္ထုအစစ်အမှန်တွင် ပန်းချီဆရာ၏ စိတ်ကူးဖြင့် နှစ်သက်ဖွယ်ဖြစ်အောင် ရေးခြယ်ထားသည် ကို 'ပန်းချီ'ဟု နားလည်ရပါသည်။

ဘုရားရှင်နှင့် ဘုရားရှင်၏ တရားတော်၊ ဘုရားရှင်၏ တပည့်သား သံဃာ တော်များ၏ အကြောင်းရပ်မျိုးစုံကို နှစ်သက်ဖွယ်ဖြစ်အောင် စွမ်းနိုင်သမျှ စာပန်းချီရေးဖွဲ့ထားသော ဤဝတ္ထုများသည်လည်း ဤ သဘောအတိုင်းပင် ဖြစ်ပါသည်။ ဘုရားရှင်၏ ဒေသနာတော်လာ ဖြစ်ရပ်အစစ်အမှန်များလည်းမဟုတ်၊ အစစ်အမှန် မဟုတ်ဘူးလည်း မဟုတ်။ ဓမ္မပဒ၊ ဗုဒ္ဓဝံသ၊ နိကာတ္ထုဝိနယ...စသော ထိုထို ကျမ်းဂန်တို့မှ ဖြစ်ရပ်မှန်များကို မူတည်ကာ စာရေးသူ၏စိတ်ကူးဖြင့် နှစ်သက်ဖွယ် ကြည်ညိုဖွယ်ဖြစ်အောင် စာပန်းချီရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ဘုရားရှင်နှင့် ဘုရားရှင်၏ တရားတော်၊ တပည့်သံဃာတော်များ၏ ကြောင်း ရပ်မျိုးစုံကို ပန်းချီကားတစ်ခုစီ၊ တစ်ချပ်စီမှာ ရေးခြယ်ဆွဲဆောင်၍ ပြထားသော ဝတ္ထုများဟုလည်း ဆိုနိုင်ပါသည်။

ဤစကားကို ဆိုရသည်မှာ ဤဗုဒ္ဓစာပန်းချီများကို ဖတ်ရှုရာ၌ ဝတ္ထုပါ အကြောင်းအရာ အချက်အလက်များနှင့်ပတ်သက်၍ စာရှုသူတို့အား ဘုရားရှင်၏ ဒေသနာတော်မူရင်း ကျမ်းကြီးကျမ်းခိုင်များကဲ့သို့ မယူဆစေဘဲ ဤစာ၊ ဤအဖွဲ့များကို ဖတ်၍ ရတနာသုံးပါးသို့ ကြည်ညိုရှိညွတ်ခြင်း၊ ဖြစ်ရပ်အလျောက် တွဲပါလာသော ဘာသာရေးဆိုင်ရာ အတွေးအမြင် သိမှတ်ဖွယ် တစ်စုံတစ်ရာကို ရရှိခြင်း၊ ဤစာ၊ ဤအဖွဲ့များမှတစ်ဆင့်တက်၍ ဘုရားရှင်၏ ဒေသနာတော်မူရင်းကျမ်းဂန်များသို့ ချဉ်းကပ်စေလိုခြင်းတို့သည်သာ စာရေးသူ၏ ရည်မှန်းချက်ဖြစ်ကြောင်း ဖော်ပြလို၍ ဖြစ်ပါသည်။

ဤအတွဲကြီးနှစ်တွဲမှာ မူလ ဆန်းညွန့်ဦးတိုက်မှ ထုတ်ဝေခဲ့သော အတွဲသုံးတွဲကို စုပေါင်းထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် မူလထုတ်တွင် မပါသော နောက်ရေးသည့် အချို့အပုဒ်များကို အစီအစဉ်ကျစေရန်အတွက် ထပ်ဖြည့်ထားပါသည်။

တစ်ဖန် မူလထုတ်ဝေခဲ့သော 'ဗုဒ္ဓစာပန်းချီ'များမှာ အစီအစဉ်ကျကျ မဟုတ်ဘဲ ရေးပြီးသမျှတို့ကိုသာ တန်းစီ၍ ထည့်သွင်းထုတ်ဝေခဲ့ခြင်းဖြစ်ပေရာ ဤအတွဲများတွင်မူ ဖြစ်နိုင်သမျှ အစီအစဉ်ကျအောင် စီစဉ်ပေးလိုက်ပါသည်။

ဤဗုဒ္ဓစာပန်းချီများ ရေးသားပုံမှာ ဖြစ်တော်စဉ်များအတိုင်း ရေးသားခြင်း မဟုတ်မူဘဲ စိတ်ကူးတွေ့ထိသမျှတို့ကိုသာ ခုန်ကျော်ရေးသားခြင်းများ ဖြစ်ပါသည်။

ဤအတွဲတွင် မပါဝင်နိုင်သေးသည့် အခြား'ဗုဒ္ဓစာပန်းချီ'စာတမ်းများလည်း ကျန်ရှိနေပေသေးသည်။ ဆက်လက်၍လည်း မပြတ်ရေးသားနေဆဲဖြစ်သည်။ ဤနည်းဖြင့် တစ်ချိန်သောအခါတွင်မူ ရှေ့၊ နောက် အစီအစဉ်ကျသော စာပန်းချီ ဗုဒ္ဓဝင်ပမာ ဖြစ်လာရမည်ဟု မျှော်လင့်ချက်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

'ဗုဒ္ဓစာပန်းချီ'များကို ဖတ်ရှုရာ၌ အချို့သော အကြောင်းအရာ အချက်အလက်များမှာ ထပ်သယောင်ဖြစ်၍နေသည်ကို တွေ့ရှိကြရပါမည်။ ဤသို့ဖြစ်ရသည်မှာ (၁၉၆၁)ခုနှစ်တွင် ကြေးမုံသတင်းစာမှ စတင်၍ ဤ'ဗုဒ္ဓစာပန်းချီ'များကို ရေးသား ခဲ့ရာ၌ နှစ်–လ ကြာမြင့်သောကြောင့် ထပ်၍သွားရသည်များလည်း ရှိသည်။ တမင် ထပ်၍ ရေးသည်လည်း ရှိသည်။

ဥပမာအားဖြင့် 'တရားဦး' (၁၉၆၂)ကို ရေးခဲ့စဉ်က သတင်းစာနေရာကို ငဲ့ရသောကြောင့် အားမလိုအားမရ ရှိခဲ့သည်ကို (၁၉၇၉)တွင် 'သစ္စာမွန်'အမည် ဖြင့် ထပ်၍ရေးခြင်းမျိုး ဖြစ်ပါသည်။

ဤမျှ 'ဗုဒ္ဓစာပန်းချီ'များကို ရေးသားခဲ့ရာ၌ စာရေးသူ၏ သတိချွတ်ယွင်းမှုကြောင့် မမှားသင့်ဘဲနှင့် မှားသည့် အချို့သောအချက်များကို ထောက်ပြခြင်း၊ အားပေးအားမြှောက်ပြုခြင်းဖြင့် ကူညီကြသော ဆရာတော် သံဃာတော်နှင့် စာဖတ်ပရိသတ်အားလည်းကောင်း၊ အချို့သော ဗုဒ္ဓစာပန်းချီများအတွက် မိမိတို့၏ကဗျာကို အသုံးပြုခွင့်ပေးခြင်း၊ ကဗျာရေးသား ကူညီခြင်းဖြင့် ကျေးဇူးပြုကြသော အမရပူရ မဟာဂန္ဓာရုံတိုက် ဆရာတော် အရှင်ဇနကာဘိဝံသ ခင်လေးမောင်နှင့် မောင်စိန်ထွန်း(အမရပူရ)တို့အားလည်းကောင်း၊ ရေးသားခိုက်တွင် လိုအပ်သော ကျမ်းဂန် အချက်အလက်များကို ရှာဖွေပေးခြင်း၊ ထောက်ပြဝေဖန်ခြင်းဖြင့် ကူညီသော ဇနီးဖြစ်သူ နန်းရွှေခင်အားလည်းကောင်း ကျေးဇူးစကား ဆိုအပ်ပါသည်။ ။

**စာရေးသူ**

**ငွေဥဒေါင်း**
ရှခင်းသာခြံ၊ မင်းလမ်း
တောင်ကြီးမြို့။

www.burmeseclassic.com

www.burmeseclassic.com



# အနော်မာသို့



## [ ၁ ]

ဤလောကသည် အချည်းနှီးသော လောကသာတည်း။ အနှစ်သာရ ကင်းမဲ့လှစွာ၏။ ဟန်ဆောင်သောလောက၊ အမိုက်တရားတို့ဖြင့် ဖုံးလွှမ်းထားအပ်သော လောကဖြစ်သည်။ စိတ်ယုတ် စိတ်ညံ့တို့၏ လှည့်စားမှုကြောင့် လျှပ်တစ်ပြက် အနေအထားဖြင့် ဟုတ်လှပြီဟု ထင်လိုက်မိသောအရာများသည် လောကအိပ်မက်မျှသာတည်း။ ဤလောကသည် အိပ်မက်ဆန်လှစွာ၏။

ဤလောကဆိုရာ၌ ငါကိုယ်တိုင်လည်းပါ၏။ ငါ့ဘဝသည် အသို့ထူးသနည်း။ အဘယ်အရာကို အနှစ်သာရဟု ဆိုရပါမည်နည်း။ ထူးသောအနှစ်သာရကို မတွေ့ရ။ တစ်နေ့တခြား အိပ်မက်လောကတည်းဟူသော သမုဒ္ဒရာ၌ ပျက်၍,နစ်၍ နေသည်ကိုသာ တွေ့ရသည်။ ငါ့အသက်သည် နှစ်ဆယ့်ကိုးနှစ်သို့ပင် တိုင်ခဲ့ပြီ။ အသက်သည် ငါမကြီးလိုသော်လည်း မရ။ တစ်နေ့တခြား အိုမင်းခြင်းသို့သာ ရှေးရှု ဆွဲဆောင်လျက်ရှိသည်။

ငါသည် ငါတားဆီး၍မရသော အချိန်တည်းဟူသော အမိုက်တိုက်ကို တစ်နေ့ပြီး တစ်နေ့ မူးမေ့စွာ ဖြတ်သန်းလျက်ရှိခဲ့ရသည်။ မည်သည့်အရာတွင်မျှ ထူးခြားသော အနှစ်သာရကို မတွေ့ရချေတကား။

မနေ့ကရောက်လာသော အချိန်သည်ပင် ယနေ့လည်း ရောက်လာ၏။ မနေ့က စားသောထမင်း၊ အဖျော်ယမကာကိုပင် ယနေ့စားရ၏။ မနေ့ကကြားရသော စောင်းညင်းပတ်သာသံတို့ကိုပင် ယနေ့ကြားရ၏။ မနေ့ကဝိုင်းဝန်းခယလျက်ရှိကြသော အခြွေအရံတို့သည်ပင် ယနေ့လည်း အလားတူ ခယလျက်ရှိကြ၏။ ငါသည် အချိန်သံသရာ၊ အစားသံသရာ၊ အဝတ်သံသရာတို့၌ တဝဲလည်လည် နစ်မွန်းလျက်ရှိခဲ့ရသည်။ အခြွေအရံသံသရာ ပသို့မျှ ထူးခြားချက်ကို မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com



ဤထီးနန်း၊ ဤအခြွေအရံ၊ ဤအသံ၊ ဤအစား ဤအစာ၊ ဤအဝတ်အဆင်တို့ကို သူတို့က စည်းစိမ်အရသာဟု ဆိုကြသည်။ ဟုတ်လေမည်လားဟု သတိထား၍ ခံစားကြည့်မိသည်။ မတွေ့။ လုံးဝ မတွေ့။

စည်းစိမ်အရသာဆိုသည်မှာ ခံစားသူ၏ မျက်စိလည်မှုအပေါ်၌သာ တည်သည်။ စင်စစ်သော်ကား စည်းစိမ်မဟုတ်၊ အရသာလည်းမဟုတ်။ စည်းစိမ်အရသာဟု ဖောက်ဖောက်ပြန်ပြန် အထင်ရောက်နေကြခြင်းမျှသာ ဖြစ်သည်။

ငါစားသော ဆီဦးထောပတ်သည် ဆင်းရဲသားတို့၏ ပဲနောက်ဟင်းထက် အသို့ ထူးခြားပါသနည်း။ ငါနေသော စုလစ်မွန်းချွန်သည် ဆင်းရဲသားတို့၏ ဝါးကြမ်းအိမ်ထက် အသို့ထူးခြားပါသနည်း။ ငါဝတ်သော ပိုးဖဲကတ္တီပါသည် ဆင်းရဲသားတို့၏ နံ့ငယ်ထက် အသို့ထူးခြားပါသနည်း။ စင်စစ်အမှန်သော်ကား ထူးခြားခြင်းမဟုတ်။ ထူးခြားသည်ဟု အထင်မှားနေခြင်းမျှသာ ဖြစ်သည်။

ထို့ထက်ဆိုးသည်ကား ငါ့ပတ်ဝန်းကျင်ဖြစ်သည်။ ငါသည် ဆင်းရဲသားတစ်ယောက်ကဲ့သို့မျှ လွတ်လပ်သူမဟုတ်ချေ။ ဆင်းရဲသားတစ်ယောက်ကဲ့သို့မျှ စိတ်ချမ်းသာရသူ မဟုတ်ချေ။

ခမည်းတော်မှ စ၍ ငါ့အမျိုးအနွယ်၊ ငါ့ပတ်ဝန်းကျင် သာကီဝင်တို့ကို ကြည့်ရ၊ တွေ့ရသည်မှာ စိတ်မချမ်းမြေ့ဖွယ်အတိဖြစ်၏။ ထို့ကြောင့် ငါသည် သူတို့နှင့် မဆက်ဆံချင်။ သူတို့ကိုမြင်တွေ့ရတိုင်း စိတ်မချမ်းသာဖြစ်ရသည်။ အကြောင်းသော်ကား သူတို့မျက်နှာတိုင်းတွင် ငါတို့သည်သာ ကြီးမြတ်၏ဟူသော မာနကန့်လန့်ကာကို လွှမ်းကာ၍ထားကြသည်။ သူတို့မျက်နှာနှင့် ဟန်အမူအရာတိုင်းသည် မာနတံခွန်လွှင့်ထားဘိသို့ ရှိချေ၏။ အစစ်အမှန်ကို မတွေ့ရချေ။

ငါသည် ဤပတ်ဝန်းကျင်မှ ရုန်းထွက်ဖို့ရန် ကြံစည်ကြိုးစားခဲ့သည်မှာ အကြိမ်များစွာရှိပေပြီ။ မအောင်မြင်ခဲ့သေး။ အခြားနှောင်ကြိုးများထက် ယသော်၏နှောင်ကြိုးသည် ကြီးမားလှချေ၏။ ယသော်သည် ငါ့အပေါ်၌ သံယောဇဉ်အနှောင်အဖွဲ့ ကြီးမားလှပေစွ။ ဤပတ်ဝန်းကျင်မှ ရုန်းထွက်မည်ကြံလေတိုင်း ယသော်ကို ငဲ့ခဲ့ရသည်။

ယနေ့သော် ယသော့်တွင်သာမက ရင်သွေးသံယောဇဉ်ကြိုးပါ ထပ်မံတုပ်နှောင်ချေတော့အံ့။ ရင်သွေးနှင့်ရင်ဆိုင်မိလျှင် ရုန်းထွက်နိုင်ဖို့ ခက်သည်ထက် ခက်ချိမ့်မည်။ မည်သည့်နည်းနှင့်မဆို မတွေ့အောင် ကြိုးစားရမည်။ ယနေ့ ငါ့ကြိုးစားချက်အောင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ဥယျာဉ်မှအပြန်တွင် ကိသာဂေါတမီထံမှ "နိဗ္ဗုတ"ဟူသော မင်္ဂလာစကားကိုလည်း ကြားရချေသည်။ ထိုဝေါဟာရ ထိုစကားကို ငါသည် ရှေးက မကြားဖူးချေ။ ထိုစကားကြောင့် ငါ့အဖို့ အားရနှစ်ခြိုက်ရှိလှစွာ၏။

**"နိဗ္ဗုတ" ငြိမ်းချမ်းရေး...၊ ငြိမ်းချမ်းရေး...။**

[ ၂ ]

**"နိဗ္ဗုတ"**ဟူသောစကားကို သတိရလိုက်သောအခါ အားအင်တိုးတက်လာ၏။ သလွန်ညောင်စောင်းထက်တွင် ငြိမ်သက်စွာတွေးတောနေရာမှ ရုတ်တရက် မတ်တတ်ရပ်မိလျက်သား ဖြစ်သွားသည်။ ထိုအား ထိုအင်နှင့်အတူ ကျစ်လျစ်သော အဝတ်တို့ကို လျင်မြန်စွာဝတ်ဆင်မိလျက်သား ဖြစ်သွားသည်။ ထို့နောက် တစ်ဖက်အဆောင်တွင် အိပ်လျက်ရှိသော ဆန္နအမတ်ထံသို့ သွား၏။

ဆန္နထံသို့ သွားရာ၌မူ ခြေလှမ်းတို့သည် တုံ့နှေးလျက်ရှိချေ၏။ ယခုအချိန်၌ ယသော်လည်း သီးသန့်အဆောင်တွင် အိပ်ပျော်လျက်ရှိချေမည်။ ယသော်၏ရင်ခွင်၌ ရင်သွေးငယ်ကလေးသည်လည်း အိပ်ပျော်လျက်ရှိပေမည်ဟူသော တွေးကွက်ဝင်လာသောကြောင့် ဖြစ်ပေ၏။ သံယောဇဉ်ကြိုးသည် နောက်ဆုံးအနေအားဖြင့် ယသော်၏အိပ်ခန်းဝသို့ တုံ့ဆွဲလိုက်ပြန်ချေပြီ။

ထင်သည့်အတိုင်းပင် ရင်သွေးငယ်ကလေးသည် ယသော်၏ရင်ခွင်၌ ကယုကယင် အိပ်ပျော်လျက်ရှိသည်ကို တွေ့ရချေသည်။ အရှိန်ဖြင့်ဝင်သွားပြီး ရင်သွေးကလေးကို တအားပွေ့ဖက် နမ်းရှုပ်လိုက်ချင်လှ၏။ သို့သော် ယသော်နိုးလျှင် ရည်မှန်းချက် ပျက်ရချေတော့အံ့ဟူသော အသိတရား ရုတ်တရက်ဝင်လာ၏။ သည်တစ်ချီမှ မအောင်မြင်လျှင် နောင်ကို အောင်မြင်ဖို့ ခက်ချေတော့မည်။

သို့ဖြစ်၍ မျက်နှာကို ယသော်တို့ထံမှ အတင်းလွှဲဖယ်ကာ ဆန္နအမတ်၏အဆောင်သို့ ကူးခဲ့၏။

တစ်နေရာတွင် သိမ်မွေ့စွာအိပ်လျက်ရှိသော ဆန္န၏ကိုယ်ကို အသာအယာလက်ဖြင့်ပုတ်ကာ ညင်သာသောအသံဖြင့် ပြောလိုက်၏။

"ထလော့ ဆန္န၊ ကဏ္ဍကကို ပြင်ချေလော့။ ငါတို့ အနော်မာသို့ သွားကြစို့"။ ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



# အမှန်းတော်မြေ

[ ၁ ]

ရုပ်နာမ်ခန္ဓာနှင့် မကင်းသေးသမျှ ရည်မှန်းချက်ကြီးလျှင် ကြီးသလောက် အပင်ပန်းခံကြရခြင်းမှာ လောကတံတွာ ဓမ္မတာဖြစ်၏။ ဖြစ်နိုင်ခဲ့လျှင် တစ်လောက လုံးကို ကယ်တင်ရန်အထိ ရည်မှန်းချက်ကြီးမားလှစွာသော ဘုရားရှင်အဖို့ကား နှိုင်းယှဉ်ဘက်မရှိအောင် စိတ်ရောကိုယ်ပါ ပင်ပန်းတော်မူခဲ့ရရှာသည်။ ဗောဓိပင်နှင့် ရွှေပလ္လင်တွင် ဘုရားဖြစ်တော်မူသည့်အခါမှ ပင်ပန်းမှုကင်းလွတ်သည်။ သို့ရာတွင် ဘုရားဖြစ်ရန် ကြိုးပမ်းချက်ကြီး အောင်မြင်သောကြောင့် စိတ်တော်ပင်ပန်းမှုမှ ကင်းလွတ်ခြင်းမျှဖြစ်၍ ရုပ်ခန္ဓာမှုကား ချုံး၍ကျန်နေခဲ့သည်။ ပန်းတိုင်သို့ဝင်သော အားကစားသမားသည် အောင်မြင်မှုကြောင့် ဝမ်းမြောက်ရသော်လည်း အားထုတ်မှု အရှိန်အဟုန်ကြောင့် ခန္ဓာကိုယ်နွမ်းနယ်မှု ကျန်နေသကဲ့သို့တည်း။

ပါရမီဖြည့်ကျင့်စဉ် ဘဝသံသရာတစ်လျှောက် အရိုးကြေကြေ အရေခန်းခန်း အားထုတ်မှုများကို အပထားဦး၍ ဘုရားဖြစ်ရတော့မည့် နောက်ဆုံးဘဝတွင်ပင် အရိုးပေါ်တွင် အရေတင်မျှ၊ ဝမ်းရေသည် ကျောရိုးနှင့်ထိမျှ၊ ပြည့်ဖြိုးသောဦးခေါင်း သည် နေလှန်းအပ်သော ဘူးသီးခြောက်နယ်တမျှ၊ ကြည်ဝင်းသောမျက်လုံးတို့သည် ရေတွင်းတွင်မြင်ရသော ကြယ်များတမျှ၊ ပြေပြစ်သောအရိုးတို့သည် တောင်သူတို့ စွန့်ပစ်အပ်သော တဲပျက်မျှ ဖြစ်ကျန်သည်အထိ ခြောက်နှစ်တိုင်တိုင် အသက်ကိုပင် စွန့်၍ အားထုတ်ခဲ့ရသည်။ အားထုတ်ရလွန်းသဖြင့် တစ်ချိတွင် ခန္ဓာကိုယ် လဲပြို၍ သွားခဲ့ရာတွင် ကွယ်လွန်ပြီဟူ၍ အထင်မှားခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားအဖြစ် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်သောအခါ ဝမ်းမြောက်တော်မူလွန်းလှသဖြင့် တဇ္ဈာရန်သူအား ကြိမ်းဝါးကာ အောင်မြင်မှုလက်ရုံးတော် ဆန့်တန်းခဲ့ရသော်လည်း ခန္ဓာကိုယ်မှုကား အနွမ်းနယ်ကြီး နွမ်းနယ်၍ ကျန်ရစ်ခဲ့၏။

ထို့ကြောင့် လုံလောက်သောနားနေမှုဖြင့် အပန်းတော်ဖြေဖို့လိုသည်။

ရည်မှန်းချက်အတိုင်း ဘုရားအဖြစ်တည်းဟူသော ပန်းတိုင်သို့ ရောက်ပြီဆိုသမင့်လည်း ဗုဒ္ဓတ္ထစရိယာ ကိုယ်တော်ကျိုးပြီးစီးရုံမျှဖြစ်၍ လောကတ္ထစရိယာ လောကကျိုးဆောင်ရွက်ရန်ကိစ္စများ မပြီးပြတ်သေးပေ။ သာသနာတော်အကျိုး၊ လောကအကျိုး ဆက်လက်အားထုတ်ရမည့် တာဝန်များစွာ ကျန်ရှိပေသေးသည်။ အကြောင်းမှုကား ဘုရားအဖြစ်သို့ ကြိုးပမ်းခြင်းမှာ မိမိကိုယ်ကျိုး ဘုရားဖြစ်ရုံမျှ သက်သက်မဟုတ်၊ သံသရာဝဋ်ဆင်းရဲ၊ ဝဲသြဃပင်လယ်မှ ကယ်ချွတ်နိုင်သမျှ သတ္တဝါတို့အား ကယ်ချွတ်ရန်နှင့် မိမိ၏ သာသနာတော် တည်ကျန်စေမှုအတွက် ဖြစ်ပေရာ ဆက်လက်အားထုတ်ရဦးမည့် ဗုဒ္ဓကိစ္စတော် အမြောက်အမြား ကျန်ရှိနေပေသေးသည်။

ယင်းကိစ္စများအတွက်လည်း နောင်အခါဆိုလျှင် ဗုဒ္ဓကိစ္စတော်များ အဆက်မပြတ် ပေါ်ပေါက်လာတော့မည်ဖြစ်၍ နားနေနိုင်ရန် အချိန်ရဖို့ များစွာခက်မည်။ သို့ဖြစ်၍ လူ့လောကဝန်းကျင် တပည့်တပန်းဒါယကာ၊ ဒါယိကာမတို့နှင့် ကင်းဝေးချိန်ဖြစ်သော ယခုချိန်၌ပင်လျှင် အားရပါးရ အားတော်မွေးကာ အပန်းတော်ဖြေထားဖို့ လိုသည်။

နောက်တစ်ကြောင်းမှာလည်း နွမ်းနယ်သော ရုပ်ခန္ဓာကို အနားပေးရင်း နောင်အခါတွင် အကြောင်းဆိုက်သည့်အားလျော်စွာ ဟောကြားညွှန်ပြ အသုံးချမည့် ဘဝသံသရာတစ်လျှောက်လုံး ဖြည့်ဆည်းရရှိခဲ့တော်မူခဲ့သော ပညာပိုင်းဆိုင်ရာ အသိအမြင်များ၊ ဘုန်းတော် တန်ခိုးတော်ဆိုင်ရာ အစွမ်းသတ္တိများကိုလည်း အစီအစဉ်ကျကျရှိစေရန် သုံးသပ်ဆင်ခြင်ထားဖို့ အချိန်လိုပေသေး၏။ ထိုအချိန်သည်လည်း ပတ်ဝန်းကျင်နှောင့်ယှက် ဟန့်တားမှုတို့ ကင်းပြတ်သော ယခုအချိန်သည်သာ အသင့်လျော်ဆုံး ဖြစ်ပေသည်။

ထို့ကြောင့် ခန္ဓာကိုယ်နွမ်းနယ်မှုကို အပန်းတော်ဖြေရေး၊ သိရှိ ရရှိထားအပ်သော ဒေသနာမဏ္ဍအဝဝကို အစီအစဉ်ကျကျ သုံးသပ်ရေးအတွက် ဘုရားဖြစ်တော်

www.burmeseclassic.com

www.burmeseclassic.com



မူရာ မဟာဗောဓိအနီး၌ပင် သတ္တသတ္တာဟ ခုနစ်ရက် ခုနစ်လီ ၄၉ ရက် နားနေတော်မူမည်ဟု ဆုံးဖြတ်တော်မူရန်ဖြစ်၏။

ရှေးဦးစွာကား ဘုရားဖြစ်တော်မူရာ ရွှေပလ္လင်တွင်ပင် ခုနစ်ရက် စံနေတော်မူရန် ဖြစ်၏။

ဤရွှေပလ္လင်တော်၌ ပထမ စံနေခြင်းကား ဘုရားဖြစ်တော်မူရန် ကျင့်ဖွယ်ကျင့်အပ် တရားမြတ်အဆင့်ဆင့်ကို ဉာဏ်တော်သုံးပါး ပြီးပြည့်စုံသည်အထိ အားထုတ်တော်မူခြင်းဖြစ်၍ ယခု စံနေခြင်းကား ရရှိအပ်ပြီးသော သန္တိသုခနိဗ္ဗာန အငြိမ်းဓာတ်ကြီးကို အနီးကပ်ဆုံးသောနေရာမှ တစ်ဖန်ပြန်၍ ခံစားနိုင်ရန် ဖလသမာပတ် ဝင်စားတော်မူခြင်းဖြစ်သည်။ တစ်နည်းဆိုသော် ဤလိုအငြိမ်းဓာတ်၊ ဤလို ချမ်းသာမြတ်ကို ခံစားရယူနိုင်ရန် ဘဝအသချေ၊ ဘဝအနန္တ ကြိုးပမ်းခဲ့ရာတွင် ရရှိလာသည့်အချိန်၌ အားရပါးရ တစ်ဝကြီး ခံစားတော်မူလိုက်ခြင်းဖြစ်သည်။

ဖလသမာပတ်မဝင်စားမီ ဘဝသံသရာတွင် မျက်စိအလည်ကြီး လည်စေခဲ့သော ဘဝဇာတ်ဆရာကြီး၏ သံသရာစက် အကန့်တို့ကို တစ်ကန့်စီ တစ်ကန့်စီ ဖြည်ဖြေတွေ့ရှိရသော ပဋိစ္စသမုပ္ပာဒ်တရားအစဉ်ကို ဆင်ခြင်သုံးသပ်တော်မူလိုက်နိုင်သေး၏။ ဤကား ရှေးဦးပထမ အပန်းတော်ဖြေရာ ပလ္လင် သတ္တာဟ ဖြစ်သတည်း။

[ ၂ ]

အပန်းတော်ဖြေခြင်း၏ အခြားအဓိပ္ပာယ်တစ်ရပ်မှာ ဣရိယာပထ မျှတရန်ဖြစ်၏။ သွားခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ လျောင်းခြင်းဟူသော ဣရိယာပုတ်လေးပါးတွင် သွားခြင်းကား တမင်မလုပ်နှင့်ဦးတော့ အကြောင်းအားလျော်စွာ လှုပ်ရှားသွားလာမှု များစွာရှိသည်။ လှုပ်ရှားသွားလာရမှု နည်းလျှင်သာ မျှတစေရန် လမ်းလျှောက်ခြင်း စသည် ပြုလုပ်ပေးရသည်။

လျောင်းခြင်း၊ အိပ်ခြင်းကား ပျင်းရိမှု၊ ကာမဂုဏ်စည်းစိမ်ခံစားမှုတို့နှင့် ဆက်စပ်၍နေသောကြောင့် ပုထုဇဉ်တို့အဖို့ လိုအပ်သည်ထက် အမြဲတမ်း ပို၍နေသောကိစ္စဖြစ်၏။ ဘုရားရဟန္တာ၊ အရိယာသူတော်ကောင်းတို့အဖို့ကား လဲလျောင်းခြင်း၊ အိပ်စက်ခြင်းကို သတိဖြင့်ဆင်ခြင်၍ ခန္ဓာကိုယ်အပန်းပြေရေးအတွက် လိုအပ်သမျှသာ ပြုလုပ်မြဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဣရိယာပထ မျှတရန်ဆိုသော်လည်း လျှောင်းခြင်း၊ အိပ်ခြင်းမှာ ပုထုဇဉ်တို့ အလွန်မွေ့သော ဓလေ့ဆိုး ဓလေ့ညွှန့်နှယ်ဖြစ်၍နေသောကြောင့် နောင်အခါ၌ လျှောင်းစက်မှုမှန်သမျှကို လုံးဝပယ်သော ရှင်မဟာကဿပ စသည့် သာသနာ့ အာဇာနည်သားတော်ကြီး အမြောက်အမြားပင် ပေါ်ပေါက်၍လာခဲ့သည်။ ထို့ကြောင့် လျှောင်းစက်မှုဟူသည် သူတော်ကောင်းအရိယာတို့ဘက်မှ ကြည့်သောအခါ အရေးပါသော ဣရိယာပုတ်မဟုတ်လေ့။

ထိုင်ခြင်းသည်လည်း ပုထုဇဉ်တို့အတွက် မျက်စိလည်စေတတ်သော ဣရိယာပုတ် ဖြစ်သည်။ မလိုအပ်သောနေရာတွင် မလိုအပ်သောကိစ္စတို့ဖြင့်သာ ထိုင်မှုများပြားနေတတ်သည်။

ဘုရားရှင်အဖို့ကား ဘုရားဖြစ်ရန်ဟူသော အဓိကဆန္ဒကြောင့် ဥရုဝေလတွင် ခြောက်နှစ်ပတ်လုံး တရားကျင့်သုံးခဲ့ရာတွင် ဣရိယာပထ မျှတမှုဘက်မှ ကြည့်သော် ထိုင်မှုများပြားခဲ့သည်ဟု ဆိုရန်ရှိ၏။ ဘုရားဖြစ်တော်မူပြီးနောက် ယခုပင်လျှင် ရွှေပလ္လင်တော်ထက်၌ ခုနစ်ရက်တိုင်တိုင် မထသောထိုင်ခြင်းဖြင့် ထိုင်၍ ဖလသမာပတ် ဝင်စားတော်မူခဲ့သေးသည် မဟုတ်ပါလော။

ထို့ကြောင့် အပန်းတော်ဖြေ၊ အနေတော်ညီရေးအတွက် ရပ်တော်မူဖို့လိုပေရာ ပလ္လင်တော်၏ အရှေ့မြောက်ယံ တစ်ဆယ့်လေးလံကွာသောအရပ်မှနေကာ ရပ် တော်မူရင်း ပလ္လင်တော်အား မမှိတ်သောမျက်စိဖြင့် အကြိမ်ကြိမ် အထပ်ထပ် သုံးသပ်ရှုကြည့်တော်မူသည်။

ယင်းသို့ရှုကြည့်ရာ၌ အနေတော် မျှတရေးသာမက အခြားဆန္ဒတော်တစ်ရပ် လည်း ပါရှိပေသည်။ ယင်းဆန္ဒတော်ကား ဘုရားအဖြစ်တော်သို့ရောက်ရန် ကျေးဇူး ကြီးမားခဲ့ပေသည့် ဤပလ္လင်တော်၏ ကျေးဇူးကို သုံးသပ်တော်မူခြင်း ဖြစ်ပေသည်။ ဤတွင် မမျှော်လင့်သောအနှောင့်အယှက်တစ်ရပ် ပေါ်လာ၏။

ဥရုဝေလတွင် ဓမ္မမိတ်ဆွေ ပဉ္စဝဂ္ဂီတို့က သိဒ္ဓတ္ထ၏ တရားကျင့်စဉ်အပေါ်၌ သံသယရှိလာကြ၍ သိဒ္ဓတ္ထအားစွန့်ပယ်ကာ ဗာရာဏသီ မိဂဒါဝုန်သို့ ထွက်ခွာ သွားကြသဖြင့် တစ်ပါးတည်းကျန်ရစ်သည်။

သို့ရာတွင် ပဉ္စဝဂ္ဂီတို့နှင့် တရားအတူအားထုတ်စဉ်ကပင် သူတို့အစုအအုပ်သာ မဟုတ်၊ ဥရုဝေလသည် ဘုရားရှင်တို့၏ ကွန်းခိုရိပ်သာဖြစ်သည့်အလျောက် ဥရု

www.burmeseclassic.com

www.burmeseclassic.com



ဝေလ၏ နေရာများစွာတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တရားကျင့်သုံးဖော် ကျင့်သုံးဖက်များစွာ ရှိကြရုံမျှမက ရံဖန် ဥရုဝေလသို့ ဖြတ်သန်းသွားလာကြသောသူများစွာရှိသည်။ အနည်းဆုံးအားဖြင့် ဥရုဝေလ၏ စားကျက်တောကို အမှီပြုကာ ဆိုင်ရာအလုပ်ကို လုပ်ကိုင်လျက်ရှိကြသော သောတ္တိယတို့လို ဆိတ်ကျောင်းသား၊ နွားကျောင်းသားများရှိသည်။ ဤရွှေပလ္လင်တော်သည်ပင်လျှင် အလိုက်သိစွာ ပေးလှူအပ်သော သောတ္တိယ မြက်ရိတ်သမား၏ မြက်ရှစ်ဆုပ်မျှဖြင့် ပေါ်ပေါက်ခဲ့ရသည် မဟုတ်ပါလော။

သူတို့သည် အမျိုးအနွယ် အရည်အသွေးသာမက ကျင့်ပုံကျင့်နည်းအားဖြင့် ထူးခြားကျစ်လျစ်လှသော သိဒ္ဓတ္ထအား မပြတ်သတိပြုကာ စောင့်ကြည့်နေသူများ ဖြစ်ကြ၏။ ဤရဟန်းသည် အဘယ်အချိန်၌ တရားပေါက်၍ မြင့်မြောက် ထူးခြားလာပေမည်နည်း။ သူ့ကျင့်ပုံကို ထောက်၍ မြင့်မြောက် ပေါက်ရောက်မည့်သူကား အမှန်ပင်ဖြစ်ပေ၏ဟု စောင့်ကြည့် သတိပြုနေသူများ ဖြစ်ကြပေသည်။ အထူးသဖြင့် သူတော်ကောင်းတို့အား စောင့်ကြပ်၍ လိုအပ်သမျှကို ဖေးမကူညီရင်း ဤရဟန်း၏ ပန်းတိုင်အရောက်ကို စောင့်မျှော်သတိပြုနေသူများကား နတ်ဗြဟ္မာအများပင် ဖြစ်ကြလေသည်။

သူတို့သည် ဘုရားရှင်၏ ကျင့်ပုံကျင့်ဟန် လှုပ်ရှားနေထိုင်မှုမျှကိုသာ သိကြသော်လည်း ဘုရားအဖြစ်တည်းဟူသော ပန်းတိုင်သို့ ရောက်လေပြီကိုကား မသိနိုင်ကြ။ ထို့ကြောင့် ဘုရားရှင်သည် ပလ္လင်တော်အား စူးစိုက်သောအာရုံစိတ် မမှိတ်သောမျက်စိဖြင့် ယင်းကဲ့သို့ အကြိမ်ကြိမ် အထပ်ထပ် ကြည့်ရှုလျက်ရှိသည်ကို တွေ့ကြရသောအခါ "ဤရဟန်းကား တရားပန်းတိုင်သို့ ရောက်ဖို့ဝေးသေးစွ။ ထိုင်တော်မူသော ပလ္လင်ကိုပင် တမျှင်မျှင် တမျှမျှ၊ အာလျတန်းလန်း ရှိနေချေပေသေး၏တကား"ဟု ဖွင့်ထုတ်၍ ပြောသူကလည်း ပြောလာကြသည်။ ဖွင့်ထုတ်၍ပင် မပြောစေကာမူ စိတ်နှလုံးထဲမှ ကဲ့ရဲ့သူကလည်း ကဲ့ရဲ့ကြသည်။

ဤတွင် ဘုရားဖြစ်တော်မူစဉ်၌ အစကောင်းမှ အနှောင်းသေချာဖို့ ရှိတော့သည်ကို ဆင်ခြင်တော်မူ၍လည်းကောင်း၊ ရရှိအပ်ပြီးသော တန်ခိုးတော်ကို ဝသီဘော်အဆင့်ဆင့် အလေ့အကျင့်ရှိစေရန်လည်းကောင်း သံသယရှိလာသော လူနတ်ဗြဟ္မာတို့အား ဘုရားအဖြစ် ထင်ရှားသိကြစေရန် ဘုရားရှင်တို့နှင့်သာ ဆက်ဆံသည့် တုဘက်ကင်းသော ရေအစုံ မီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူရသည်။ ဤတွင်မှ

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားလာသော သံသယတို့ ကင်းငြိမ်း၏။ ဤသည်ကား ဒုတိယအကြိမ်အဖြစ် ခုနစ်ရက်စံနေတော်မူသော အနိမိသသတ္တာဟပေတည်း။

[ ၃ ]

ရပ်တော်မူရင်း ခုနစ်ရက် အပန်းတော်ဖြေပြီးနောက် စင်္ကြံလျှောက်တော်မူလို လာ၏။

ဥရုဝေလတွင် ခြောက်နှစ်ကျော် ခုနစ်နှစ်အတွင်းအထိ ပြင်းပြင်းထန်ထန် တရားအားထုတ်ခဲ့ရာ၌ စင်္ကြံလျှောက်မှုဟူ၍ အလွန်နည်းပါးခဲ့သည်။ တရားအား ထုတ်မှု နောက်ပိုင်းအချိန်တွင် ဥရုဝေလ၏ အနီးအပါး ရံဖန် သေနနိဂုံးစသော ဂေါစရဂါမ်ဒေသများသို့ ဆွမ်းခံကြွတော်မူခြင်း၊ ရံဖန် နေရဥ္စရာမြစ်ကမ်းသာဆီသို့ ရေမိုးသုံးသပ်ရန် ကြွတော်မူခြင်းတို့မျှလောက်မှတစ်ပါး လမ်းလျှောက်မှု နည်းပါးခဲ့ သဖြင့် ဣရိယာပထ မျှတသည်မရှိခဲ့ပေ။

သို့ဖြစ်၍ လုံလောက်သောကိုယ်နေတော် မျှတမှုရရှိစေနိုင်ရန်ပင် ဗောဓိပန်းတုံး တိုင်ကို မဏ္ဍိုင်ထားတော်မူကာ အတောင်ခြောက်ဆယ်မျှ ရှည်လျားသော ရတနာ စင်္ကြံတော်ကို ကိုယ်တော်တိုင် ဖန်ဆင်းတော်မူ၍ ခုနစ်ရက်ပတ်လုံး စင်္ကြံလျှောက် ခြင်းအမှု ပြုတော်မူသည်။ ဤကား ရတနာစင်္ကြံမနသတ္တာဟပေတည်း။

[ ၄ ]

ခုနစ်ရက် စင်္ကြံလျှောက်ပြီးနောက် ထိုင်တော်မူလိုပြန်၏။ ထိုင်တော်မူခြင်းကား ဖော်ပြခဲ့ပြီးသည့်အတိုင်း အပန်းတော်ဖြေသည့်အချိန်တော်အတွင်း၌ သိအပ်ပြီးသော တရားအားလုံးကို အစီအစဉ်ကျကျ သုံးသပ်တော်မူရန် ကိစ္စများကျန်ရှိနေပေသေးရာ ရှေးဦးစွာ အဘိဓမ္မာဒေသနာတော်ကို သုံးသပ်တော်မူလို၍ ဖြစ်သည်။

ဤတစ်ချိတွင်မူ နတ်ဗြဟ္မာတို့က ဘုရားရှင်အပေါ်၌ တင်ရှိခဲ့သော သံသယ ကင်းရှင်းကြပြီဖြစ်သဖြင့် အလိုက်သိစွာ မဟာဗောဓိ၏ အနောက်မြောက် အတောင် လေးဆယ်ကွာခန့်အရပ်တွင် ဘုရားရှင် သီတင်းသုံးတော်မူနိုင်ရန် ရတနာခုနစ်ပါး အတိပြီးစွာဖြင့် တညီးညီးထိန်ပြောင်လှစွာသော ကျောင်းဆောင်တော်ကြီးကို ဖန်ဆင်း ၍ ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကျောင်းတော်တွင် ဓမ္မသင်္ဂဏီအစ၊ ယမိုက်အဆုံး ခြောက်ဆူသော အဘိဓမ္မာပိဋကကို အစဉ်အတိုင်း သုံးသပ်တော်မူပြီးနောက် အကြောင်းတရား အကျိုးတရား နှစ်ပါးဖြင့်သာ ဖွဲ့စပ်တည်ထောင်၍ထားအပ်သော လူနတ်ဗြဟ္မာ သတ္တဝါ ဟူသမျှတို့ အပါအဝင် ဤကမ္ဘာတစ်ခွင်လုံးအား မည်သည့်အကြောင်းကား ဤသို့ မည်သည့်အကျိုးကား ဤနှယ်ဟု အသွယ်သွယ် အရပ်ရပ် သိအပ်သမျှသော အကြောင်းအကျိုးတရားတို့ကို စေ့စပ်ပီပြင်စွာ ခွဲခြားစိတ်ပိုင်း၍ထားအပ်သော ပဋ္ဌာန်း ဒေသနာတော်ကြီးကို သုံးသပ်တော်မူလိုက်သည့်အခါတွင်မူ သိအပ်သမျှသော ဉာဏ် စခန်းကုန်စင်တော့ပြီဖြစ်သဖြင့် ကြည်လင်သန့်ရှင်းပြီးသော အဆင်းတော်မှ ဉာဏ် ညွှန့်ဉာဏ်ဖူးတို့ ကွန့်မြူးသည့်သဘောဖြင့် ရောင်ခြည်တော်ခြောက်ဆိုင်တို့ တစ်ပြိုင် နက် ထွက်တော်မူလာကြသတည်း။

ဤတွင် ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်တွင် ချက်ရိုင်ပြည့်စုံ၊ နဝဂုဏ်မျှဖြင့် ဘုရား ဖြစ်တော်မူခဲ့ရာ၌ ဤကျောင်းတော်တွင် အဘိဓမ္မာခုနစ်ကျမ်းကို သုံးသပ်တော်မူသည့် အခါတွင် သိအပ်သမျှ၊ ရအပ်သမျှ၊ မြင်အပ်သမျှ၊ တရားအာလုံး ကုန်ဆုံးကာ ရတနာဃရ ရေအိမ်မ,ထက်၊ ချက်ရိုင်ပြည့်စုံ သဗ္ဗဉ်ဂုဏ်သို့ ရောက်တော်မူသတည်း။

ဤကား စတုတ္ထအကြိမ် ခုနစ်ရက်အပန်းဖြေတော်မူအပ်သော ရတနာဃရ သတ္တာဟပင်ဖြစ်၏။

[ ၅ ]

ပဉ္စမအကြိမ်၌မူ ဆိတ်ကျောင်းသား၊ နွားကျောင်းသားတို့ ကွန်းခိုရိပ်သာ အဇပါလညောင်ရိပ်၌ပင် အလိုက်သင့် သက်သက်သာသာ စံနေတော်မူ၏။ ဤ ညောင်ပင်သည် ဆိတ်ကျောင်းသားတို့ နားနေပျော်မွေ့ရာ ဖြစ်သည့်အတိုင်း လှည်း ကျင်း၍ ထားအပ်သောကြောင့် သာယာပြန့်ပြူး၏။ အရိပ်ကောင်း၏။ ဆိတ် ကျောင်းသားတို့က ကြည်ညိုဖွယ်အတိပြီးသော ဘုရားရှင်သည် မိမိတို့ရိပ်သာတွင် ကွန်းခိုတော်မူလိုအံ့သော အရိပ် နိမိတ်တော်ကိုသိ၍ အေးငြိမ်းသက်သာစွာ စံနေ တော်မူနိုင်ရန် ရှောင်ဖယ်၍ပေးကြသည်။

ဘုရားသခင်အဖို့ကား စံနေတော်မူရန် နေရာကောင်းများစွာ ရရှိနိုင်ပါလျက် ဤနေရာ၌ သီတင်းသုံးတော်မူခြင်းမှာ အကြောင်းနှစ်ရပ်ရှိ၍ဖြစ်သည်။ အကြောင်း တစ်ရပ်မှာ ဘုရားရှင်အား ချော့မြှူရေးဖြင့် ချဉ်းကပ်လာကြမည်ဖြစ်သော မာရ်နတ်

www.burmeseclassic.com



၏ သမီးပျိုသုံးယောက်အား တရားဟောတော်မူရန်ဖြစ်၍ အခြားအကြောင်းတစ်ရပ်ကား ဇာတိမာန်၊ အမျိုးမာန် ခက်ထန်လှသော ဗြာဟ္မဏပုဏ္ဏားတစ်ယောက်အား ဆုံးမရန်ဖြစ်သည်။

တပ်မက်မှု၊ မာန၊ အယူအစွဲတည်းဟူသော တရားသုံးပါးဖြင့် ရစ်ပတ်တည်ဆောက်အပ်သော ဤလောကတွင် အမျိုးမာန်၊ ဇာတိမာန်ဟူသည် မိမိတို့၏ အမျိုးအလျောက် ရှိကြစမြဲဖြစ်၏။ ဤတွင် အမျိုးကြီးသလောက် မာနကြီးတတ်ကြသော်လည်း ဗြာဟ္မဏတို့ကား သူတစ်ပါးထက် ပို၍ကြီးသည်။ အကြောင်းကား မဇ္ဈိမတိုက်၏ လူမျိုးပေါင်းများစွာအနက် ဗြာဟ္မဏတို့သည်သာ မဟာဗြဟ္မာမင်း၏ ခံတွင်းမှ ရှေးဦးစွာ ဆင်းသက်လာခဲ့သော လူမြင့် လူမြတ် ဗြဟ္မာဇာတ် ဗြဟ္မာနွယ် အရိယာဂိုဏ်းဝင် လူစင်ကြယ်များဖြစ်သည်ဟု စွဲယူထားကြသောကြောင့် ဖြစ်သည်။

အမျိုးဇာတ် ပြဿနာသည် မဇ္ဈိမတိုက်တွင် မှိုင်းမှုန်ပြာရီ ပဝေဏီသမိုင်းနှင့်ချီ၍ ကြီးမားခဲ့၏။ သို့ရာတွင် ယေဘုယျအနေဖြင့် မင်း၊ ဗြာဟ္မဏ၊ ကုန်သည်၊ အလုပ်သမားဟူ၍ အမျိုးလေးပါး ခွဲခြားထားရာတွင် အုပ်ချုပ်ရမှု အထက်စီးမာန်ဖြင့် အပေါ်ယံကသာ နေချင်သောမင်းနှင့် သမိုင်းရှည် လူမျိုးကြီးဗြာဟ္မဏတို့သည် တစ်ချိန်သောအခါက သူမြတ်သည် ငါမြတ်သည်ဟူ၍ ပြဿနာဖြစ်ခဲ့ရာတွင် အုပ်စိုးသူတို့၏ အထက်စီးယူမြဲ ဓမ္မတာအတိုင်း မင်းကို ပထမထားခဲ့သည်။ ဤသည်ကို ဗြာဟ္မဏတို့က မကျေနပ်သော်လည်း ဖြစ်နိုင် နေနိုင်သမျှသော မိမိတို့ ဘောင်အတွင်း၌ အခြားသူများနှင့် မဆက်ဆံဘဲ သီးသန့်စားသည်၊ သီးသန့်သောကက်သုံးသည်၊ သီးသန့်နေထိုင်သည်။

ယင်းသို့ ပင်ကိုအားဖြင့် ဇာတိမာန်ကြီးသည့်အပြင် သီးခြားစရိုက်အားဖြင့်လည်း အမျိုးမာန် သည်းလှသဖြင့် လူအများကပင် ဦးမာနကြီး၊ ဦးဟုန်းဟုန်းတောက် ဟူသော အမည်များဖြင့် အသိအမှတ်ပြုထားကြသော ဒိဋ္ဌမင်္ဂလိကဗြာဟ္မဏကြီးသည် ဆိတ်ကျောင်းသြောင်ပင်အောက်ဝယ် ဘုရားရှင် အပန်းဖြေတော်မူခိုက် ထံတော်ပါးသို့ ရောက်လာ၏။

အကြောင်းကား ဟုံဟုံကခေါ်သော ဒိဋ္ဌမင်္ဂလိကဗြာဟ္မဏကြီးသည် တစ်ဖက်တွင် အမျိုးမာန်သည်းသော်လည်း တစ်ဖက်တွင်မူ တရားရှာလိုသော အသိဉာဏ်ရှိသူဖြစ်သည်။ ဇာတိမာန်၊ ရာထူးမာန်၊ ပစ္စည်းမာန်ကြီးသူတို့အဖို့ မိမိတို့နှင့် ထိုက်တန်သည်ထင်သော ကိုးကွယ်ရာရှာရခြင်းမှာ ကြီးစွာသော အခက်အခဲတစ်ရပ်

www.burmeseclassic.com



ဖြစ်သည်။ ဘုရားရှင်အားမူ ဥရုဝေလတွင် သူ အကဲခတ်ခဲ့ရသမျှသော အကျင့်သီလကြောင့်လည်းကောင်း၊ ရှုမြင်လိုက်လျှင် ကြည်ညိုဖွယ်အတိ၊ ချဉ်းကပ်လာသူတို့အား ဆွဲဆောင်မှုအပြည့်ရှိသော ဘုရားရှင်၏ အဆင်းလက္ခဏာတော်ကြောင့်လည်းကောင်း ဘုရားရှင်ထံတော်သို့ ချဉ်းကပ်ဝပ်တွားကာ သူ့စရိုက်၏ အရိုန်အဟုန်ဖြစ်သော အကြောင်းရပ်စကားဖြင့်ပင် ထောက်ထားမေးမြန်းသည်။

မေးခွန်းမှာ မိမိအမျိုးမာန်တံခွန်ကို လွှင့်ထူလိုသည့်သဘောလည်းပါ၍ ဘုရားရှင်အား ပညာစမ်းလိုသည့်သဘောလည်း ပါသည်။

"အရှင်ရဟန်း။ ။အဘယ်မည်သော အကြောင်းတရားတို့ကြောင့် ဗြာဟ္မဏအဖြစ်ကို ပြုတတ်သော တရားတို့ကား အဘယ်တရားတို့ပါနည်း"

ဤမန္တမတိုက်၌ ဗြာဟ္မဏတို့၏ နယ်ပယ်သည် ကျယ်ပြန့်လှစွာ၏။ ဗြာဟ္မဏတို့၏ အစီးအပွားသည် ကြီးမားလှစွာ၏။ ဗြာဟ္မဏတို့၏ အတ္တဝါဒတရားသဘောသည် ပြန့်ပြောခိုင်မာလှစွာ၏။ သို့ရာတွင် နီးမယောင်နှင့် ဝေး၊ တူမယောင်နှင့် ကွာလှသော ဤဗြာဟ္မဏတို့ဖြင့်ပင် ယှဉ်တွဲနေထိုင်ကာ မိမိသာသနာတော်ကို တည်ထောင်မည်ဟု အရှည်မြင်တော်မူသော ဘုရားရှင်အဖို့ ဘုရားဖြစ်ပြီးနောက် ရှေးဦးစွာ ရောက်လာသော ဗြာဟ္မဏကြီးကို တရားမြတ် ရှင်းရှင်းဖြင့် အထင်းသားသိသာ အောင် ဟောကြားဖြေဆိုတော်မူသည်။

"ဇာတိမာန် မီးလုံးဖြင့် တဟုန်း တဟုန်း တက်ကြွလျက်ရှိပေသော ဒါယကာ ဗြာဟ္မဏကြီး။ ။ဗြာဟ္မဏဟူသောအမည်သည် အရိယာတို့၏ အမည်တည်း။ သို့ရာတွင် အရိယာဟူသည် တဏှာ၊ မာန၊ ဒေါသ စသော မကောင်းညစ်ကျူ အကုသိုလ်တရားစုကို ပယ်စွန့်ပြီးသူဖြစ်သည်။ အရိယာတို့၏ မဂ်စခန်းတွင် တစ်ဖက်ကမ်းဆိုက်၍ အမြိုက်ဓာတ်နိဗ္ဗူကို စိတ်ဖြူဖြူနှင့် အာရုံကပ်နိုင်သူ ဖြစ်သည်။ ကျင့်သုံးအပ်ပြီးသော မဂ်အကျင့်ကြောင့် ဘဝဂ်နှင့်ပင် မနှိုင်းသာအောင် မြင့်မြတ်သူဖြစ်သည်၊ ဗြာဟ္မဏဟု အမည်ခံထားပြီး ဒေါသမီး တဏှာမီး၊ တညီးညီး တောက်လောင်နေလျှင် ဗြာဟ္မဏမမည်ပေ။ ဆိုအပ်ခဲ့သော အရိယာဗြာဟ္မဏတို့ကသာလျှင် ဗြာဟ္မဏအစစ် ဇကန်ဖြစ်ပေသည် ပုဏ္ဏားကြီး"

ဇာတိမာန်ပြင်းထန်လှသော ဗြာဟ္မဏကြီးအဖို့ ဘုရားရှင်၏ တရားတော်တွင် ဘဝင်မကျလှသော်လည်း မငြင်းသာသောကြောင့် ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်းဖြင့်ပင် ဘုရားရှင်အပါးတော်မှ ခပ်မဆိတ် ထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချီကား မာရ်နတ်၏သမီးချောသုံးယောက်တို့သည် အဖျက်သမား ဖခင်ကြီး၏ အစီအစဉ်ဖြင့် ဘုရားရှင်အား သွေးဆောင်ဖြားယောင်းရန် ရောက်လာကြခြင်း ဖြစ်ပေသည်။ အဖျက်သမား မာရ်နတ်ကြီးသည် ဗောဓိပင်နှင့် ရွှေပလ္လင်တွင် အတုမရှိ လက်နက်များဖြင့်ပင် ဘုရားရှင်အား ရှုံးခဲ့ပြီးဖြစ်ပါလျက် အခဲမကျေနိုင်သေးပေ။ အကြမ်းနည်းဖြင့် မရသော် အနုနည်းဖြင့် အောင်မြင်နိုင်ရာ၏ဟု တွေးထင်သည်။ သို့ဖြစ်၍ ဗောဓိစစ်မြေတွင် ရှုံးခဲ့ရမှုကြောင့် ရှက်စိတ်ဖြင့် ကိုယ်ရောင်ဖျောက်ကာ သမီးချောသုံးယောက်အား အစီအစဉ်ကျကျဖြင့် တဏှာစစ်ခင်းရန် စေလွှတ်သည်။ ယောက်ျားတို့သဘောကို နောကျေအောင်သိပြီးဖြစ်သည့်အတိုင်း တဏှာစစ်ပွဲအတွက် လက်နက်ပြင်ဆင် စီစဉ်ခင်းကျင်းလိုက်ပုံမှာလည်း သင်းလှပေ၏။

စီစဉ်ဟန်ကား ယောက်ျားတို့မည်သည် နုနုငယ်ငယ် ကျောင်းသူလေးတို့အရွယ်ကို ကြိုက်တတ်ကြသည်။ အထူးသဖြင့် ရွှေနန်းမ သုံးသွယ်နှင့် အမျိုးသမီးပေါင်းသောင်းခြောက်ထောင်တို့အလယ်တွင် စံပယ်ချင်တိုင်း စံပယ်၊ မွေ့လျော်ချင်သလို မွေ့လျော်၍ အပျော်မှန်သမျှကို နားလည်ခဲ့ပြီးသော သိဒ္ဓတ္ထတို့လို အမျိုးသမီးကျမ်းကျေပြီးသူတို့အတွက် စက်စက်ဝင်းဝင်း တင်းတင်းနှင့်နုနုကလေးများကိုသာ တပ်မက်တတ်ကြသည်။ ထို့ကြောင့် သမီးချောတစ်ယောက်အား ဖျတ်ပတ်ရွယ်သစ် ဆယ့်သုံးနှစ်ကလေးအဟန် ဖန်ဆင်းစေလိုက်၏။

နောက်တစ်ကြောင်းမှာကား ယောက်ျားများသည် ရွှေရင်သိမ်းသစ် ဆယ့်သုံးလေးနှစ်အရွယ်ကို တွယ်တာမက်မောလေ့ရှိသည် ဆိုသမင့်လည်း တစ်ဖက်တွင် အလှဂုဏ်, အလှဆီ အရည်အသွေးအနှစ်ဖြင့် စွင့်စွင့်ကားကား ဖွံ့ဖွံ့ထွားထွား အပျိုရည် အပျိုသွေးကြွစ ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်အရွယ် အလှပန်းပွင့်ပန်းဆိုင်ကြီးများကိုလည်း နှစ်သက်တတ်ကြသည်။ ထို့ကြောင့် သမီးချောတစ်ယောက်က ဆယ့်ခုနစ်နှစ်အရွယ် ဖန်ဆင်းလိုက်၏။

နောက်တစ်ကြောင်းမှာလည်း အရည်ဝပြီးသော ယောက်ျားတို့မည်သည် ရွယ်ရွယ်ပုပု နုနုကင်းကင်း ဝင်းဝင်းသွက်သွက်တို့ကိုသာ နှစ်သက်ကြသည်မဟုတ်။ တစ်ကြိမ်မျှ သားမွေးပြီး၍ အမျိုးသမီးပါးဝလာသည့်အရွယ် အနွဲ့အပျောင်း အလှုပ်အရှား ဣန္ဒြေသားပါပါနှင့် ယောက်ျားတို့နှစ်သက်မှုအထာကို သိတတ်လှစွာသော သက်နှစ်ဆယ်ခန့်အရွယ် ခပ်ကြီးကြီးပုံစံဖြင့် သမီးချောတစ်ယောက်က ဖန်ဆင်း

www.burmeseclassic.com



သည်။ ဘုရားရှင်အား ဆွဲဆောင်မှုကိစ္စတွင် ခြေမမြဲလက်မြဲစေမည့် သီးသန့်အစီအစဉ်ဖြစ်၏။

သမီးချောသုံးယောက်ကလည်း ဤနည်းဤပုံစံဖြင့်ဆိုလျှင် မိမိတို့ဆွဲဆောင်မှုဒဏ်အားကို ယောကျာ်းသားမှန်လျှင် ခံနိုင်ရိုးလားဟု ဖခင်ကြီးအား အာမဝန်ခံ၍ သွားကြသည်။

ဤနည်း ဤပုံစံဖြင့် လူသူကင်းဆိတ်သောအချိန်တွင် ဘုရားရှင်၏အထံတော်မှောက်သို့ တစ်ယောက်ပြီးတစ်ယောက် မတော်တဆရောက်လာသော ခိုကိုးရာမဲ့တို့သွင်ပြင်ဖြင့် ဝင်ရောက်လာကြသည်။ အငယ်တစ်ယောက်က တောကြီးမျက်မည်းအလယ်တွင် အားကိုးရာမဲ့ တွေ့သည့်ဟန်ဖြင့် ဘုရားရှင်ထံတော်အပါး အနီးကပ်နိုင်ဆုံး ချဉ်းကပ်သည်။ အလယ်တစ်ယောက်က ဘုရားရှင်ပြုသမျှ နုရမည့်ပုံစံ ရွှင်ရွှင်ပြုံးပြုံးဖြင့် အလိုက်သင့် ဝန်းရံသည်။ အကြီးတစ်ယောက်ကမူ အချစ်သဘောကိုနောကျေသည့်အသွင် ရှက်သယောင်ယောင် မူသလိုလိုဟန်ပန်ဖြင့် ဘုရားရှင်အနီးသို့ချဉ်းကပ်လာသည်။

ချဉ်းကပ်ကြရုံမျှမက "အရှင်ရဟန်းလေး။ ။ ကျွန်တော်မတို့သည် တောကြီးအလယ်တွင် အတွယ်အတာမဲ့လာသူများ ဖြစ်ကြပါသည်။ မောင်တော်ရဟန်းမှတစ်ပါး အားထားစရာမရှိကြပါ။ ကျွန်မတို့မှာ အားနွဲ့သူ အမျိုးသမီးတို့သဘာဝအတွယ်အတာမဲ့သော်လည်း ရှင်ရဟန်းလေး မြင်သည့်အတိုင်းပင် ဝတ်စားတန်ဆာဒွါဒယာတို့မှာ စားသုံး၍ မကုန်နိုင်ပါ။ သို့ပါ၍ ကျွန်တော်မတို့အား သိမ်းပိုက်ပြီးကျွန်တော်မတို့၏ ခိုကိုးရာ အရှင်သခင်လင်အဖြစ် ဆောင်ကြဉ်းတော်မူပါ မောင်တော် ရဟန်းလေး"ဟုပင် လင်းလင်းပွင့်ပွင့်နှင့် လိုရင်းကိုဖွင့်၍ ပြောကြားလိုက်ကြသည်။

ဤတွင် ဘုရားရှင်က မပြတ်ရှုမှတ်တော်မူအပ်သော သတိတရားတွင် ချထားအပ်သော မျက်လွှာတော်ကိုမျှ ပင့်တော်မမူဘဲ "အဘယ်အမျိုးသမီး မာရ်နတ်၏သမီးတို့"ဟူ၍ အာလုပ်ပြုလိုက်သောအခါ မာရ်နတ်သမီးများအဖို့ ငါတို့၏စိတ်အတွင်းကို အစင်းသားသိနေပါတကားဟု ခိုးထုပ်ခိုးထည်နှင့် မိသောသူကဲ့သို့လန့်ဖျပ်၍သွားကြကာ ရှိခိုးတော့မယောင်၊ နောက်ဆုတ်ရတော့မယောင်နှင့် ကြောင်တောင်တောင်ဖြစ်နေခိုက် ဘုရားရှင်က...

www.burmeseclassic.com

www.burmeseclassic.com



"ငါဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင်တွင် သင်တို့ဖခင်ကို အောင်မြင်ပြီးသည့် အချိန်ကပင် တဏှာတည်းဟူသော ကွန်ရက်မှ ဖြတ်ထွက်ခဲ့ပြီးပေပြီ။ သင်တို့၏ တဏှာပရိယာယ်မှန်သမျှသည် ငါဘုရားအတွက် အချည်းနှီးမျှသာဖြစ်ပေ၏။ သင်တို့၏ တဏှာကျော့ကွင်းများဖြင့် ကိလေသာကင်းရှင်းပြီးသော ငါဘုရားအား ဖမ်းထောင်၍မရနိုင်။ သင်တို့ကဲ့သို့ လှပချောမွေ့၍ သဘောတွေ့လောက်သောရုပ်အဆင်းများကို တဏှာမကင်းသော လူဖျင်း လူညံ့တို့သာ နှစ်သက်ကြကုန်လတ္တံ့။ ငါဘုရားမှုကား သင်တို့ကဲ့သို့သော အကောင်ပုပ်များကို စက်ဆုပ်ရွံရှာတော်မူလှပေသည်"

တဏှာလျှင် တဏှာချင်း ရင်းနှီးရစ်ပတ် ငြိတွယ်ဆက်စပ်လာအပ်သောအခါမျိုး၌ အကြောင်းတဏှာသမားကလည်း သိ၍ အကျိုးတဏှာသမားကလည်း အချင်းချင်း တဏှာဇာတ်ကို သိတတ်ကြသည်သာဖြစ်သည်။ ယခုသော် မိမိတို့ဖွဲ့ထောင်အပ်သော အကျိုးတဏှာ အခိုးအငွေ့များမှာ အကြောင်းခံ ဘုရားရှင်ထံသို့မြူမှုန်မျှမဝေ့သည်ကို တွေ့ရှိကြသော မာရ်နတ်၏ သမီးသုံးယောက်အဖို့ တဏှာစစ်တလင်းတွင် အရှုံးနှင့်ပင် လက်လျှော့ကာ ဘုရားရှင်၏ တရားတော်ကို ရိုသေစွာနာယူရင်း "ဤရဟန်းကား ဘုံလောကတစ်လွှားတွင် မြင့်မားထူးချွန်လှစွာသောပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တကား"ဟု ချီးကျူးစကားများပင် ပြောကြားရင်း ကွယ်ပျောက်သွားကြသည်။ ဤနေရာ၌ မာရ်နတ်၏ သမီများသည် အမျိုးသမီးပင်ဖြစ်လင့်ကစား ဖခင်ထက် အမြင်သာသည်ဟု ဆိုနိုင်ရာ၏။

ဤကား ပဌမမြောက် အပန်းတော်ဖြေအဖြစ် ဆိတ်ကျောင်းညောင်ပင်ရင်း၌ စံနေတော်မူသော အဇပေါလ သတ္တာဟပေတည်း။

## [ ၆ ]

မဇ္ဈိမတိုက်၏ ရာသီဥတုသည် ကြမ်းတမ်း၏။ အထူးသဖြင့် တောတောင်စိမ့်စမ်း ထူထပ်လှစွာသော ဘုရားရှင်ပွင့်ထွန်းတော်မူရာ မဇ္ဈိမတိုက်၏ မြောက်ပိုင်းတစ်ခွင်သည် မိုးရာသီဆိုလျှင် ပို၍ကြမ်းတမ်းတတ်၏။

ဘုရားရှင် ပွင့်ထွန်းတော်မူသည့် ကဆုန်လပြည့် နောက်ပိုင်းအချိန်မှာ မိုးရာသီဘက်သို့ လှည့်ခဲ့ပြီဖြစ်၍ ဘုရားရှင် အပန်းတော်ဖြေတော်မူချိန်အတွင်း၌ပင် မိုးရိပ်

www.burmeseclassic.com



မိုးဆင်များကို မြင်လာရ၏။ ထို့ကြောင့် အခိဋ္ဌာန်ချက်ရှိသည့်အတိုင်း ဤအကြိမ် အပန်းတော်ဖြေဖို့ရာ၌ မိုးဒဏ်လေဒဏ် ကင်းလွတ်ဖို့လိုသည်။

မိုးဒဏ်ကင်းလွတ်ဖို့ရန် မိမိ၏တန်ခိုးတော်ဖြင့်ပင် အကောင်းဆုံးသော ကျောင်းတော်ကို ဖန်ဆင်း၍ သီတင်းသုံးနိုင်ပါ၏။ သို့ရာတွင် ယင်းသို့ သီတင်းသုံးရန် မလျော်ကန်သော အကြောင်းနှစ်ရပ်ကို ထိုအခိုက်၌ သုံးသပ်တော်မူမိသည်။

ရဟန်းအတွက် အကောင်းဆုံးသော ကျောင်းဟူသည် သစ်ပင်ပင် ဖြစ်၏။ ယင်းသို့ဖြစ်ကြောင်းကို မိမိသာသနာတော်တွင် သက်ဝင်လာကြမည့် နောင်လာနောက်သား တပည့်ရဟန်းအများကို နမူနာပြဖို့လိုပေသည်။ အခက်အခဲတွေ့တိုင်း တန်ခိုးဖန်ဆင်းနိုင်သူက တန်ခိုးဖြင့်သာ အဖြေရှာကြစတမ်းဆိုလျှင် တန်ခိုးရှင် မဟုတ်သော ရဟန်းအများတို့ အားငယ်ဖွယ်ရာဖြစ်ပေလိမ့်မည်။ ဤကား ပထမ အကြောင်းဖြစ်၍ ဒုတိယအကြောင်းကား မုစလိန္ဒာ နဂါးမင်းအား အကြောင်းအားလျော်စွာ တရားဟောကြားရမည့် ကိစ္စရပ်ပင် ဖြစ်ပေ၏။

ထို့ကြောင့် မဟာဗောဓိ၏ အရှေ့တောင်အရပ် အလံငါးဆယ်ကွာ ဥရုဝေလ၏ ကျော်ကြားသော မုစလိန္ဒာရေအိုင်ကြီးအနီးရှိ ကျည်းပင်ကြီးအရင်းသို့ ချဉ်းကပ်တော်မူ၏။ ကျည်းပင်သည် ခိုင်မြဲသော အရွက်ငယ်တို့စိပ်၍ သိပ်သိပ်သည်းသည်း ရှိသည်။ အရပ်ရှစ်မျက်နှာစလုံး ရေသောက်မြစ်တို့ ယှက်ဖြာ၍ ခိုင်မာသည်။ ထို့ကြောင့် မိုးခိုရင်း အပန်းတော်ဖြေရန် ကျည်းပင်ကို ရွေးချယ်တော်မူခြင်း ဖြစ်ပေသည်။

ခန့်မှန်းတော်မူသည့်အတိုင်းပင်လျှင် ကျည်းပင်ရင်းသို့ ချဉ်းကပ်တော်မူမိသည်နှင့် တစ်ပြိုင်နက် ကြီးစွာသောမိုးကြီး ရွာချလေတော့သည်။ ဤတွင် ဘုရားရှင်ကဲ့သို့သော ထိပ်တန်းအရိယာများအတွက် တစ်ဖက်တွင် မိုးကြောင့်ဖြစ်ပေါ်လာလတ္တံ့သော ကာယိကဒုက္ခ အထွေထွေကို သည်းခံနိုင်ရန်လည်းကောင်း၊ တစ်ဖက်တွင်လည်း ထိပ်တန်းအရိယာတို့ အလိုလားဆုံး နိဗ္ဗုတအရသာကို အခွင့်သာခိုက် ခံစားနိုင်စေရန်လည်းကောင်း အကောင်းဆုံးသော အပန်းတော်ဖြေနည်းမှာ ဖလသမာပတ်ဝင်စားတော်မူခြင်းဖြစ်ပေရာ ကျည်းပင်ရင်းတွင် ခုနစ်ရက်အခိဋ္ဌာန်ဖြင့် သမာပတ်ဝင်စားတော်မူလိုက်၏။

ဤတွင် မုစလိန္ဒာအိုင်ကို ပိုင်ဆိုင်သော မုစလိန္ဒာနဂါးမင်း၏ အရေးအခင်း ပေါ်ပေါက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မိမိနယ်မြေအနီး ဥရုဝေလ၏ တစ်နေရာတွင် သိဒ္ဓတ်မင်းသား တရားကျင့်သုံးလာစဉ်ကပင် နဂါးမင်း သိခဲ့သည်သာဖြစ်၏။ သိဒ္ဓတ်မင်းသား၏ သူမတူအောင် ကျင့်နိုင်စွမ်းသော အကျင့်မြတ်အကြောင်းကိုလည်းကောင်း၊ ဘုရားအဖြစ်သို့ ရောက်လာသည့်အကြောင်းကိုလည်းကောင်း အခြားသောနတ်ဒေဝတာများနည်းတူ ကြားခဲ့၊ သိခဲ့သည်သာဖြစ်၏။

သို့သော် မိမိပိုင်နက်အတွင်း၌သာ ကြောင့်ကြမဲ့နေခဲ့မိရာက ယခုသော် နတ်ဖြဟ္မာတို့သခင် ဘုရားရှင်သည် မိမိဥပစာအတွင်းသို့ ချဉ်းနင်းခိုလှုံ သီတင်းသုံးတော်မူလာရုံမက ယင်းသို့ သီတင်းသုံးခိုက်တွင်မှ မိုးမိုက်၏ဒဏ်ကို ခံနေတော်မူရရှာသည်မှာ ထိုမိုး၏ အန္တရာယ်ကို မကာကွယ်လျှင် မိမိတွင် တာဝန်မကင်းဖြစ်တော့သည်တကားဟု သဘောထားရှိသည်တစ်ချက်၊ ပင်ကို၌ကပင် ဘုရားရှင်အား ကြည်ညိုရင်းစွဲရှိပြီးသည်လည်း တစ်ကြောင်းတို့ကြောင့် သဒ္ဓါစိတ် ယိုဖိတ်ထက်သန်လာကာ မိမိ၏ နဂါးမျိုး ကိုယ်ခန္ဓာအား ကြီးစွာဖန်ဆင်းလျက် ဘုရားရှင်အား မိုး၏အဆွယ်အပွားများဖြစ်ကြသော မှက်၊ ခြင်၊ လေ...စသည်တို့ မထိပါးစေရန် ခန္ဓာကိုယ် အခွေခွေတို့ဖြင့် ရစ်ပတ်ကြီး ကြီးစွာသောပါးပျဉ်းကိုမူ သစ်ရွက်မိုးရေတို့ တစ်ရွက်တစ်စက်မျှပင် ဘုရားရှင်ကိုယ်ပေါ်သို့ မကျရောက်စေရန် ကျောင်းတော် အမိုးအလား ခုနစ်ရက်ပတ်လုံး မိုးထားပေးလှူလေသည်။

ခုနစ်ရက်စေ့၍ သမာပတ်မှ ထတော်မူသောအခါ မိုးလည်းစဲ၍ ဥရုဝေလတောအလုံးသည် သာယာ၏။ နွေရာသီတွင် လေပြည်လေရူးတို့ကြောင့် ချေးညှော်တင်ရှိ၍နေအပ်သော သစ်ပင်တောတောင်တို့သည် ရေဆေး၍ထားဘိအလား သန့်စင်သည်။ တောပန်းတောင်ပန်းတို့လည်း မိုးဓာတ်အရှိန်ကြောင့် တလန်းလန်း တစွင့်စွင့်ပွင့်ဖူးကြသည်။

ထိုအခါ မိမိ၏ လှူဒါန်းမှုကိစ္စကြီး ပြီးစီးသောကြောင့် ဝမ်းမြောက်လျက်ရှိရသော မုဉ္စလိန္ဒာ နဂါးမင်းအဖို့ အပြင်အဆင်မလှသော မိမိ၏ခန္ဓာကိုယ်ကို စွန့်ပယ်ကာ လုလင်ပျိုအသွင် ဖန်ဆင်း၍ ဘုရားရှင်ရှေ့တော်မှောက်၌ အလှူ့ဒါယကာအဖြစ် ဝပ်စင်းဦးတိုက်မိသောအခါ ပုဂ္ဂိုလ်နှင့်ဆီလျော်စွာ ဟောကြားတော်မူလေ့ရှိသော ဘုရားရှင်က နဂါးတို့သဘာဝ ဒေါသမာန်ဟုန်များ၍ ကာမဂုဏ်ခံစားမှုတွင်လည်း လွန်ကဲမှုစရိုက်ရှိတတ်သော မုဉ္စလိန္ဒာ နဂါးလုလင်အား အောက်ပါတရားကို အလှူ၏ အနုမောဒနာအဖြစ် ဟောကြားပြသ ဆုံးမတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



"နဂါးမင်း...သတ္တဝါအပေါင်းတို့၌ တိုက်ခိုက်ထိပါးတတ်သော ဒေါသ၏ ကင်းခြင်းသည် ချမ်းသာ၏။ ငါးပါးအာရုံ ကာမဂုဏ်တို့၌ ခုံမင်ကပ်ငြိတတ်သော ရာဂကင်းခြင်းသည်လည်း ချမ်းသာ၏။ ငါတကားဟူ၍ မာန်ပွားခြင်းကို ပယ်ခွာ၍ သတ္တဝါတို့အား မညှဉ်းဆဲဘဲ သည်းခံခြင်းသည်လည်း ချမ်းသာ၏။ လေးပါးသော မဂ်ဉာဏ်ဖြင့် ရဟန္တာဖြစ်သည်ကား အချမ်းသာဆုံးဖြစ်ပေ၏။ အဟိတ်တိရစ္ဆာန် ဖြစ်တပြီးလည်း ယင်းချမ်းသာမှု သုခအဝဝကို ရရှိအောင် ကြိုးစားပါလော့..."

ယင်းသို့ ဆဋ္ဌမအကြိမ် အပန်းတော်ဖြေအဖြစ် ကျည်းပင်ရင်း သို့မဟုတ် နဂါးမင်း၏ ခွေရစ်ပူဇော် မုစ္ဆလိန္ဒာကျောင်းတော်၌ ဖလသမာပတ်ဝင်စားခြင်း၊ တရားဟောခြင်းဖြင့် ခုနစ်ရက် သီတင်းသုံးတော်မူချိန်သည် မုစ္ဆလိန္ဒာ သတ္တာဟဖြစ်သတည်း။

## [ ၇ ]

အပန်းတော်ဖြေ အဓိဋ္ဌာန် ခုနစ်ရက် ခုနစ်လီစေ့ရန် ရက်သတ္တပတ်မျှသာ လိုပေတော့၏။ ယင်းသတ္တပတ်အတွက်လည်း မဟာဗောဓိလောင်းရိပ်မှ မစွန့်ခွာ လိုသေးသောကြောင့် မဟာဗောဓိ၏ တောင်မျက်နှာ တစ်ဆယ့်တစ်လံကွာအရပ်ရှိ လင်းလွန်းပင်ရင်းသို့ ရွေ့ပြောင်း သီတင်းသုံးတော်မူသည်။

ပြီးခဲ့သော ခြောက်ပတ်၊ ခြောက်လီ အပန်းဖြေတော်မူခဲ့ရာ၌ လူသာမန်တို့နှင့် မဆက်ဆံသော အပရာဇိတပလ္လင်တော်လိုနေရာ၊ ကိုယ်တိုင်ဖန်ဆင်းအပ်သော စင်္ကြံကျောင်းတော်၊ နတ်ဗြဟ္မာတို့ ဖန်ဆင်းလှူဒါန်းအပ်သော ရတနာဃရ ရွှေကျောင်းတော်တို့လို သီးခြားနေရာမျိုး၌ မစံနေဘဲ လူသာမန်တို့နှင့် ဆက်ဆံသော အဇပါလ ညောင်ပင်ရင်းလို နေရာမျိုးတွင် သီတင်းသုံးခဲ့ရာ၌ ဒိဋ္ဌမင်္ဂလိက ဗြာဟ္မဏ ကြီး စသည်တို့ကို တရားဟောရန် အကြောင်းရှိ၍ဟု ဖော်ပြခဲ့သည်။

ယခု လင်းလွန်းပင်ရိပ်ကျောင်းတော်၌ တန်ခိုးအဆန်းအပြားမပါဘဲ ရိုးရိုးသားသားပင် စံနေတော်မူခြင်း၌လည်း ကြီးစွာသောအကြောင်းရှိနေ၍ ဖြစ်သည်။ ယင်းအကြောင်းကား မိမိ အနာဂတ် သာသနာတော်အတွက် အခြေတည်ရန် ပြင်ဆင်အပ်သော အကြောင်းဖြစ်ပေသတည်း။

လင်းလွန်းပင်ရိပ်၌ ဖလသမာပတ် ချမ်းသာမြတ်ဖြင့်ပင် ခုနစ်ရက် သီတင်းသုံးတော်မူပြီးနောက် သတ္တ သတ္တာဟ အဓိဋ္ဌာန်တော်မှ အထတွင် အိပ်ရာမှနိုးထသည့် အလား မျက်နှာတော်သစ်လိုသောဆန္ဒ ဖြစ်ပေါ်လာရာတွင် သိကြားမင်းကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



အနဝတတ်ရေအိုင်မှရေကို သယ်ဆောင်၍ ဆက်ကပ်သည်။ နတ်၌ဖြစ်သော ကြစုသီး၊ ကွမ်းရိုး၊ တံပူတို့ကိုလည်း ခံတွင်းတော်ရှင်းရန် ဆက်ကပ်သည်။ ထိုစဉ်ကြိုက်ဟွင်ပင် ပေါက္ခရဝတီမြို့သား ဥပါသကာညီနောင်တို့ ဘုရားရှင်တော်ထံသို့ ဆိုက်ရောက်လာသတည်း။

လာဟန်ကား ရာမညတိုင်း၊ ဥက္ကလာပ ဇနပုဒ်၊ ပေါက္ခရဝတီမြို့မှ တဖုဿနှင့် ဘလ္လိကမည်သော ကုန်သည်ညီနောင်တို့သည် သူတို့၏လုပ်ငန်းအရ ဥရုဝေလတောကို ကုန်စည်လှည်းပေါင်းများစွာဖြင့် ဖြတ်သန်းသွားလာနေကျဖြစ်သည်။ တဖုဿနှင့် ဘလ္လိကညီနောင်တို့သည် သူတော်ကောင်းစရိုက်ရှိသူများ ဖြစ်ကြသည့်အတိုင်း သူတော်ကောင်းတို့ ကိန်းအောင်းမွေ့လျော် စံပျော်ရာဖြစ်သည့် ဤတောအုပ်ကို ဖြတ်သန်းသွားလာရသည့်အခါတိုင်း ရိုကျိုးသောမနောဖြင့် ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို သတိထားသည်။ တောအုပ်ကိုဖြတ်ရင်း သူတော်ကောင်း ရသေ့ ရဟန်းတို့နှင့် တွေ့ဆုံသည့်အခါ ပေးလှူသင့်သည့်အရာကို ရံခါပေးလှူလေ့ရှိသည်။

ယခုတစ်ခေါက် ဖြတ်သန်း၍ တောအုပ်တစ်နေရာတွင် အာဟာရအတွက် နားနေကြရန် ပြင်ဆင်ခိုက် ထူးခြားသောခရီးဖော် မိတ်ဆွေတစ်ဦး ပေါ်လာ၏။ ထူးခြားသော ကိုယ်ဟန်အသွင်အပြင်ကြောင့် နတ်ဒေဝတာတစ်ပါးဖြစ်ဟန်ရှိသည်ဟုပင် တဖုဿတို့ အကဲဖြတ်မိသည်။ အမှန်မှာလည်း သံသရာဘဝတစ်ဆစ်တွင် ဓမ္မမိတ်ဆွေဖြစ်ခဲ့ဖူးသော နတ်ဒေဝတာတစ်ပါးပင် ဖြစ်ပေသည်။

ယင်း ဓမ္မမိတ်ဆွေဟောင်းက "အချင်းတို့။ ။ယခုအခါ လောကသုံးပါး၌ အတုမရှိသော ဗုဒ္ဓရှင်တော်ဘုရားသည် ထင်ရှားပွင့်တော်မူနေချေပြီ။ ထိုရှင်တော်ဘုရားသည် ဤနေရာမှ အတန်ကွာသော လင်းလွန်းပင်ရင်း၌ သီတင်းသုံးတော်မူနေသည်။ ကြုံတောင့်ကြုံခဲလှစွာသော ထိုဘုရားရှင်အား သင်တို့ သွားရောက်၍ လှူဒါန်းပူဇော် ဖူးမြော်ကန်တော့ကြကုန်လော့"ဟု လမ်းညွှန်ပြ၍ တိုက်တွန်းသောအခါ တဖုဿနှင့် ဘလ္လိက ညီနောင်အဖို့ စားသုံးဆဲ အာဟာရကိုပင် မစားသုံးသေးဘဲ ဓမ္မမိတ်ဆွေညွှန်ပြရာ လင်းလွန်းပင်ဆီသို့ ရုတ်ခြည်းထ၍ လာကြသည်။

သူတော်ကောင်း ရသေ့ရဟန်းတို့ ပေါများလှစွာသော ဤတောအုပ်အတွင်း၌ ယခင်က တစ်ကြိမ်တစ်ခါမျှ မဖူးတွေ့ခဲ့ရဖူးသေးသော ကြည်ညိုဖွယ်အတိ အံ့ဖွယ်အဆင်းတော်ရှင် ဘုရားရှင်အား လင်းလွန်းပင်ရင်းတွင် ဖူးတွေ့ရသောအခါ ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ဧကန်ဖြစ်ချေသည်တကားဟူသော အသိဖြင့် မိမိတို့ထံတွင် အဆင်သင့်ပါရှိလာသော ခရီးဆောင် ပျားမုန့်ဆုပ်နှင့် မုန့်ကြွက်ကျစ်တို့ကို အချိန်သင့် အခါသင့် အလိုက်သင့် ပေးလှူသည်။ အကြောင်းမူကား ထိုအချိန်သည် ဆွမ်းကပ်ရန်လျော်သော နံနက်ချိန်ဖြစ်၏။

ဤတွင် ဘုရားရှင်အဖို့ ရတ်ခြည်း အခက်တော်တွေ့ရ၏။ အကြောင်းသော်ကား တဖုဿဒကာတို့ ပေးလှူအပ်သော မုန့်ဆွမ်းကိုခံဖို့ရန် သပိတ်တော် လိုလျက်ရှိနေခြင်းပင်တည်း။

"ရဟန်း"ဟူသော အနက်တစ်ပါးသည် "တောင်းခံသူ"ဟူသော အနက်တစ်ပါးကို ဆောင်သူဖြစ်၍ ရဟန်းမှန်လျှင် တောင်းခံခွက်ဖြစ်သော သပိတ်အပါအဝင် ပရိက္ခရာရှစ်ပါးရှိထားရမြဲဖြစ်သည်။ ရှေးရှေးဘုရားရှင်၊ ရှေးရှေးသောသာသနာ့ဝင် အစဉ်အလာအားဖြင့်လည်း ရဟန်းတို့မည်သည် သပိတ်မပါသောလက်ချည်းစည်းဖြင့် အလှူပစ္စည်းကို ခံလှူရိုးမရှိခဲ့သည်ကို သိတော်မူပြီးဖြစ်၏။

တဖုဿဒါယကာတို့ ယခုပေးလှူဆဲအချိန်၌ မိမိထံတော်တွင် သပိတ်မရှိဖြစ်နေရချေ၏။ တောထွက်တော်မူစက ဃဋိကာရ ဗြဟ္မာ လှူဒါန်းအပ်သော ပရိက္ခရာ အပါအဝင် သပိတ်တော်သည်လည်း ဘုရားအဖြစ် ဖြည့်ကျင့်တော်မူသည့်နေ့ကပင် နေရဉ္ဇရာမြစ်ကမ်းသာ၌ အဓိဋ္ဌာန်သဘောဖြင့် မျှောတော်မူခဲ့မိပြီ။ ယခု အဘယ်သပိတ်ဖြင့် ခံယူပါအံ့နည်း။

ဘုရားရှင်၏ အခက်တော်ကို နတ်ဒေဝါတို့က အလိုက်သိစွာဖြင့် ရတ်ခြည်းဖန်တီးပေးကြသည်။ အကြောင်းကား စတုမဟာရာဇ် နတ်မင်းကြီးလေးဦးတို့ကတစ်ဦးလျှင် တစ်လုံးစီဖြင့် သပိတ်လေးလုံး ပေးလှူကြ၏။ ရမည့်ရတော့လည်းလေးလုံးဖြစ်နေရုံမက ပေးလှူအပ်သော သပိတ်များမှာ ဣန္ဒနီလာ ကျောက်မျက်ရတနာတို့ဖြင့် ဖန်ဆင်းထားအပ်သော တောက်တောက်ဖိတ်ဖိတ် ဖြစ်နေပြန်၏။

ဤတွင် ရဟန်းတို့ မပြတ်ဆောင်အပ်သော အလုပ်နှင့် မသင့်လျော်လှသောကြောင့် ဣန္ဒနီလာသပိတ်များကို မြစ်တားလိုက်သောအခါမှ ဘုရားရှင်၏ အလိုတော်အရ ကျောက်သပိတ်များကို ထပ်မံပေးလှူပြန်သည်။ ဤတွင် သပိတ်လေးလုံးဖြစ်နေတော့သည်။ နတ်ဒါယကာတို့၏ သဒ္ဓါစိတ်ကို စောင့်ထိန်းသောအားဖြင့် လေးလုံးစလုံးကိုပင် အလှူခံ၍ တစ်လုံးပေါ်တစ်လုံးဆင့်ပြီး အဓိဋ္ဌာန်တော်ဖြင့် ဖိနှိပ်လိုက်သောအခါ အနားရစ်လေးဆင့်ဖြင့် လျော်ကန်လှသောသပိတ်တော် ဖြစ်လာသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤသပိတ်ဖြင့် တဖုဿဒါယကာတို့၏ ပျားမုန့်ဆုပ်ဆွမ်းကို အလှူခံတော်မူ၍ ဘုဉ်းပေးသုံးဆောင်တော်မူသည်။ ထို့နောက်တွင်ကား တဖုဿညီနောင်တို့အား သင့်လျော်သော တရားစကားကို ဟောကြားတော်မူပြီးလျှင် သာသနာတော်၏ အရင်းအမြစ် အုတ်မြေချရာဖြစ်သော ဘုရားရှင်အား မပြတ်ကိုးကွယ်ဆည်းကပ်မှု၊ ဟောကြားအပ်သော တရားတော်အား လိုက်နာကျင့်သုံးမှုတည်းဟူသော ဒွေဝါစိက သရဏဂုံတော် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ"ကို ကိုယ်တော်တိုင် ချပေးတော်မူသည်။ ထို့ကြောင့် တဖုဿနှင့် ဘလ္လိက ညီနောင်တို့သည် ဘုရားရှင် သာသနာတော်၌ ရှေးဦးစွာသော သရဏဂုံတည်လာသူများဖြစ်၍ နောင်အခါတွင် သရဏဂုံ ဧတဒဂ်အရာထားခြင်းပင် ခံကြရသူများ ဖြစ်လာကြ၏။ ထိုအချိန်၌ သံဃာတော် မပေါ်ပေါက်သေး၍ သရဏဂုံသုံးပါးသို့ကား မရောက်သေးပေ။

သပိတ်မရှိသည့်အဖြစ်မှ သပိတ်တော်ပေါ်ပေါက်လာခြင်း၊ သပိတ်လေးလုံးသည် တစ်လုံးတည်းဖြစ်၍သွားခြင်းတည်းဟူသော ဘုရားရှင် ဘုန်းတန်ခိုးတော်ကို တဖုဿတို့ အံ့သြဘနန်း မျက်မြင်တွေ့ကြုံရသောအခါ ဘုရားရှင်အပေါ်၌ သဒ္ဓါထန်ပြင်း ဆင့်ကဲကြည်ညိုလာခြင်းနှင့်အတူ တဖုဿတို့အဖို့ ဘုရားရှင်အား တောင်းပန်လိုသော အကြောင်းတစ်ရပ် ပေါ်ပေါက်လာသည်။ ယင်းအကြောင်းကား ဘုရားရှင်အား မပြတ်ပူဇော်နိုင်ရန် အထိမ်းအမှတ် တစ်စုံတစ်ရာ ပေးသနားတော်မူပါဟု လျှောက်ထားလိုခြင်းဖြစ်သည်။

ယင်းဆန္ဒအရ ဘုရားရှင်ထံ တောင်းခံလျှောက်ထားလိုက်သောအခါ ဘုရားရှင်က တဖုဿ ဒါယကာတို့၏ သဒ္ဓါဆန္ဒ ပြည့်ဝစေရုံသာမက ဤအထိမ်းအမှတ် ပစ္စည်းကြောင့် မိမိ၏ အနာဂတ်သာသနာတော် အရှည်ပွင့်လင်းလာမည်ကို သိတော်မူသည့်အတိုင်း အဓိဋ္ဌာန်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်လိုက်သောအခါ လက်တော်အတွင်း ဆံတော်ရှစ်ဆူ ပါရှိလာသည်။ ယင်းဆံတော်များကို ဒါယကာ တဖုဿတို့အား စွန့်ကြဲလိုက်၏။

ယင်းသို့ အပန်းတော်ဖြေချိန် နောက်ဆုံးပိုင်း၌ တွေ့ကြုံလာရသော တဖုဿနှင့် ဘလ္လိကညီနောင် ဒါယကာတို့ကို အကြောင်းပြုကာ ယနေ့ အကျွန်ုပ်တို့ မြန်မာနိုင်ငံ သာသနာတော်၌ လေးဆူဓာတ်ပုံ **"ရွှေတိဂုံစေတီတော်"** မြတ်ကြီးသည် တလန်းလန်း တလွင့်လွင့် ပွင့်ထွန်းတော်မူလျက်ရှိသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# တရားဦး

## [ ၁ ]

မိုးရာသီပင်ဖြစ်သော်လည်း ကောင်းကင်တွင် မြူတိမ်ကင်းစင်လျက်ရှိ၏။ မိုးရာသီပန်းတို့ကလည်း အစွမ်းကုန် လန်းပွင့်နေကြဟန်ရှိသည်။ လေမိုးကင်းကွာ ဥတုသာယာလျက်ရှိသောကြောင့် သမင်ကလေးတို့လည်း ပြေးခုန်မြူးထူးလျက် ရှိကြသည်။

မိဂဒါဝုန်တောသည် ယနေ့အဖို့ အခါတိုင်းနေ့များထက် သာတောင့်သာယာ ရှိလှပါဘိသည်။

ရသေ့တို့သည် ကမ္မဋ္ဌာန်းကျောင်းမှ ထွက်ကြသည့် အချိန်အခါတိုင်း ညနေခင်းများမှာဆိုလျှင် သတ်မှတ်ထားသောနေရာ၌ တွေ့ဆုံကြမြဲ၊ မိမိတို့အားထုတ်ခဲ့သော တရားဓမ္မကို ဆွေးနွေးကြမြဲ၊ ကိုယ်ရေးကိုယ်တာ သာကြောင်း နာကြောင်း ကျန်းမာရေးအခြေအနေကို မေးမြန်းကြမြဲဖြစ်သည်။

လွန်ခဲ့သော တစ်ရက်နှစ်ရက်ခန့်ကမူ မိုးမစဲသောကြောင့် မတွေ့ဆုံ မဆွေးနွေးနိုင်ခဲ့ကြ။ ကိုယ့်သခ်မ်းနှင့်ကိုယ်သာ တရားအာရုံတွင် ထုံ၍နေကြရသည်။ ဤသည်မှာ မိုးရာသီတွင် ဖြစ်မြဲဓမ္မတာတည်း။

ယနေ့ကား ရာသီဥတု အထူးသာယာလှ၏။ မိဂဒါဝုန် ရဂုံမြိုင်တွင်း တောလုံးလင်းလျက်ပင်ရှိလေရာ တစ်နေ့လုံးအားထုတ်ခဲ့သော ကမ္မဋ္ဌာန်းအာရုံမှ ထတော်မူကြသည့် ညနေစောင်းအချိန်တွင် သတ်မှတ်ထားသော တွေ့ဆုံဆွေးနွေးရာ ညောင်ပင်ရင်းသို့ တစ်ပါးပြီးတစ်ပါး ကြွလာကြကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင်တို့။ ။ယနေ့ ငါတို့၏ မိဂဒါဝုန်သည် ခါတိုင်းနှင့်မတူ သာယာလှပေသည်"ဟု ကောဏ္ဍညရသေ့ကြီးက ပဉ္စဝဂ္ဂီရသေ့များအား စတင်မိန့်ကြားသည်။

"မှန်ပါအရှင်။ ။ဥတုသာယာသဖြင့် သိဒ္ဓတ္ထကုမာရကို သတိရတော့သည်"ဟု ရသေ့တစ်ပါးက ပြန်လည်လျှောက်ထားသည်။

သတိရတန်ပေသည်ပင်။ ရာသီဥတု သာယာသောအခါမျိုး၌ မေတ္တာရေးရှိသူတို့အား သတိရတတ်ခြင်းသည် လူသတ္တဝါတို့၏ ဓလေ့ထုံးစံမဟုတ်ပါလော။ ဥတုသည် လူနှင့် လူ၏စိတ်ဓာတ်ကို ပြုပြင်တတ်သော အကြောင်းတစ်ရပ် မဟုတ်ပါလော။ သိဒ္ဓတ္ထကုမာရတည်းဟူသော ဦးတည်ချက်ဖြင့်ပင် သူတို့သည် မိဂဒါဝုန်သို့ တောထွက်ခဲ့ကြခြင်း မဟုတ်ပါလော။ ထိုမျှသာမဟုတ်၊ သိဒ္ဓတ္ထကုမာရသည် ထိုအရှင်တို့နှင့် ခြောက်နှစ်တိုင်တိုင် အေးအတူ ပူအမျှ၊ အရိုးကျေကျေ အရေခန်းခန်း တရားအားထုတ်ဖော် အားထုတ်ဖက်လည်း မဟုတ်ပါလော။

"သတိရသည်ကား ဟုတ်ပါ၏။ သို့ရာတွင် သိဒ္ဓတ္ထကုမာရသည် သေနနိဂုံးဖြင့် ယစ်မူးလျက်ရှိသည်ကား ခက်လှတော့သည်"ဟု အခြားရသေ့တစ်ပါးက အမိန့်ရှိလိုက်သည်။

ထီးနန်းစည်းစိမ်ကိုစွန့်ခဲ့သော သိဒ္ဓတ္ထကုမာရသည် ပထမသော် အနော်မာကိုဖြတ်၍ နောင်သော် မိဂဒါဝုန်သို့ ဝင်ခဲ့သည်။ မိဂဒါဝုန်တွင် ရသေ့တို့ထံဝင်၍ တရားနည်းနာ နာယူသည်။

ထို့နောက် ရသေ့တို့ ကမ္ဗဋ္ဌာန်းလမ်းစဉ်အတိုင်း အရိုးပေါ် အရေကျန်မျှ၊ ဝမ်းရေသည် ကျောရိုးနှင့်ထိမျှ၊ ကြည်ဝန်းသောမျက်လုံးတို့သည် ရေတွင်းတွင်မြင်ရသော ကြယ်တမျှ၊ ပြေပြစ်သောအရိုးတို့သည် တောင်သူတို့ စွန့်ပစ်အပ်သော တံပျက်မျှ ဖြစ်ကျန်ထိ မလျှော့သော လုံ့လဖြင့် အားသစ်ခဲ့သည်။

သို့ရာတွင် ခြောက်နှစ်တိုင်မျှ အားထုတ်ပါလျက်ကို လိုအပ်သော နိဗ္ဗူတာဓမ္မသည် ရေးရေးမျှ မထင်လာသောအခါ ရသေ့တို့လမ်းစဉ်ကို စွန့်ခွာလျက် သေနနိဂုံးတွင် ဆွမ်းခံ၍ ခန္ဓာကိုယ်ကို မျှစေကာ ကိုယ်ပိုင်လမ်းစဉ်ကို တီထွင်ခြင်းဖြင့် နိဗ္ဗူတာဓမ္မကို ရှာသည်။ ဤသည်ကို ရသေ့တို့သိ၍ အပြင်းအထန် ခြိုးခြံစွာကျင့်လျက် တရားမရပါသည်ကို အာဟာရတွင် ယစ်မူးလျက် တရားရှာခြင်းဖြင့် အဘယ်ပုံရနိုင်အံ့နည်းဟု ရသေ့တို့ ရှုတ်ချပြောဆိုခြင်းဖြစ်သည်။

သို့ရာတွင် အကြီးအကဲဖြစ်သော ကောဏ္ဍညရသေ့ကြီးကမူ "ငါ့ရှင်တို့။ ။

www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓတ္ထကုမာရသည် သေနနိဂုံးမှ အစာအာဟာရတို့ဖြင့် ယစ်မူးသည်ပင်ဖြစ်စေ၊ ဘုရားဖြစ်ရမည့်သူကား အမှန်ဖြစ်ပေသည်။ ငါတို့ကား အချိန်အခါကိုသာ စောင့်ကြည့်ရဖို့ရှိသည်”ဟု နှိုင်းနှိုင်းဆဆ မိန့်တော်မူသည်။

ထိုအခိုက် ရသေ့တစ်ပါးက “အရှင်ဘုရားတို့။ ။သိဒ္ဓတ္ထကုမာရသည် ပြောတွင်းဆိုတွင်း၌ပင် ငါတို့ထံသို့ လာနေပြန်ချေပြီ။ ရှုကြကုန်လော့”ဟုဆိုကာ ရှေးတူရူသို့ လက်ဆန့်တန်းပြသည်။

ရသေ့တို့သည် အံ့အားသင့်ဟန်ဖြင့် ညွှန်ပြရာသို့ တစ်ပြိုင်နက် ရှုကြည့်ကြ၏။ ဇရာထောင်းလျက်ရှိပြီဖြစ်သော ကောဏ္ဍညရသေ့ကြီးကမူ မျက်စိမှုန်၍ မျက်လုံးတို့တွင် လက်ဖြင့်ကာ၍ ကြည့်သည်။

မှန်၏။ ဗုဒ္ဓသည် ကျေးဇူးရှင်ရသေ့ငါးဦးတို့ စုဝေးရာသို့ ရှေးရှုလာလျက်ရှိချေပြီ။

“အရှင်ဘုရားတို့။ ။သိဒ္ဓတ္ထကုမာရသည် ငါတို့ထံသို့ နှောင့်ယှက်ရန် လာပြန်ချေပြီ။ အရိုးကျေကျေ အရေခန်းခန်း ခြောက်နှစ်ပတ်လုံး အားထုတ်လျက်ပင် တရားမရဘဲလျက် ဆွမ်းခံစားမှု လောလုပ္ပတဏှာနောက်သို့လိုက်ခြင်းဖြင့် အဘယ်ပုံ တရားထူးရနိုင်စကောင်းအံ့နည်း။

“ရှုလော့အရှင်တို့။ ။သိဒ္ဓတ္ထကုမာရသည် ခန္ဓာကိုယ်၏ အလိုသို့လိုက်သောကြောင့် သူ့အရည်အဆင်းသည် ကြည်လင်လျက်ပင် ရှိနေပေပြီ။ ယခင်ကကဲ့သို့ပင် ငါတို့က ဖက်လဲဟကင်း အရေးတယူပြုနေလျှင် သိဒ္ဓတ္ထကုမာရသည် မိမိအလုပ်ကို အဟုတ်ကြီးထင်၍ ယစ်မူးမြဲ ယစ်မူးနေချေတော့အံ့။

ထို့ကြောင့် သိဒ္ဓတ္ထကုမာရ သတိသံဝေဂ ရစိမ့်သောငှာ ငါတို့က အရေးတယူ မလုပ်ကြစတမ်း၊ ခပ်တည်တည် ခပ်တန်းတန်းနေကြစတမ်း၊ ညော့ဝတ်ထုံးတမ်း သက်န်းသပိတ်ကိုမျှ မလှမ်းမယူကြစတမ်း”ဟု ရသေ့တစ်ပါးက အဆိုပြုလိုက်ရာ ထိုအဆိုမှာ သိဒ္ဓတ္ထကုမာရ အကျိုးအတွက် နည်းလမ်းကျလှသည်ဟု ယူဆသောကြောင့် သဘောတူလိုက်ကြသည်။

ကောဏ္ဍညရသေ့ကြီးအဖို့မူ နန်းတော်၌ကပင် သံယောဇဉ်မကင်းခဲ့သူ ဖြစ်ကြောင်း သဘောပင်မတူလှစေကာမူ အများဆန္ဒဖြစ်၍ ခပ်မဆိတ် နေတော်မူလိုက်ရချေသည်။

ပြောတွင်း ဆိုတွင်း၌ပင် ဘုရားရှင်သည် ပဥ္စဝဂ္ဂီတို့အနီးသို့ ချဉ်းကပ်မိပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရှုလော့...သိဒ္ဓတ္ထကုမာရ၏အဆင်းသည် ယခင်နှင့် လုံးဝမတူ ကြည်ဝင်း သန့်စင်လှ၏။ ကာယိန္ဒြေသည် ရင့်ကျက်နက်ရှိုင်းလှ၏။ ဘုရားရှင်၏ အတုမရှိသော မဟာကရုဏာတော်နှင့် မေတ္တာစာတ်တော်တို့သည် ပဉ္စဝဂ္ဂီတို့အား လွှမ်းခြုံ ရစ်ပတ်မိချေပြီတကား။

ထို့ကြောင့် ယခုကလေးတွင်ပင် မိမိတို့ထားခဲ့သော ကတိကဝတ်ကို အားလုံးပင် မေ့လျော့သွားကြကာ သပိတ်ကိုလှမ်းယူသူက ယူသည်။ သင်္ကန်းကို လက်ကမ်းသူက ကမ်းသည်။ ကျန်းမာရေးမေးသူက မေးသည်။

ဘုရားရှင်သည် ရသေ့တို့၏ ပြုမူချက်ကို ရင့်ကျက်သောဣန္ဒြေဖြင့် ခံယူတော်မူ၍ အနီးရှိ ညောင်ပင်ခြေရင်းမှ သဘာဝ၏ ခင်းကျင်းအပ်သောနေရာတွင် ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် “ငါ၏ချစ်သား ရဟန်းများတို့”ဟု အာလုပ်စကား စတင်မိန့်ကြားတော်မူသည်။

ဘုရားရှင်၏ ထိုအာလုပ်သံသည် ထူးခြားလှပေ၏။ သိဒ္ဓတ္ထကုမာရ၏ ပင်ကိုသံ မဟုတ်ပေ။

ထိုအသံ၏ထူးခြားချက် အဓိပ္ပာယ်ပြည့်ဝချက်ကို ရှေးဦးစွာသိသူကား ကောဏ္ဍည ရသေ့ကြီးပင် ဖြစ်ပေ၏။ သူကား သိဒ္ဓတ္ထကုမာရအား ‘ဘုရားစင်စစ် ဧကန်ဖြစ်အံ့” ဟူသော ဧကန်ဧစကားဖြင့် ပြောကြားခဲ့သော ပညာစွမ်းထက်လှသူ မဟုတ်ပါလော။

ဘုရားရှင်၏ အသံတော်ဟူသည် လူသာမန်တို့ကဲ့သို့ ဖြစ်ဆန်းကာမျှမဟုတ်၊ သာယာခြင်း၊ သန့်စင်ခြင်း၊ သိလွယ်ခြင်း၊ နာပျော်ဖွယ်ရှိခြင်း၊ ဖရိုဖရဲကင်းခြင်း၊ စည်းလုံးခြင်း၊ နက်နဲခြင်း၊ ပဲ့တင်ထပ်ခြင်းတည်းဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံရသည်။ သိဒ္ဓတ္ထကုမာရသည်ကား ဧကန္တ တရားထူးရလာချေပြီတမုံ့ဟု ကောဏ္ဍည၏ နှလုံး၌ သိမ်းပိုက်လိုက်သည်။

ထို့ကြောင့် သူ၏ဒူးသည် အလိုလိုညွတ်ကွေး၍ ဘုရားရှင်၏ရှေ့တော်တွင် အရိုအသေပြုရင်း ထိုင်မိလျက်သား ဖြစ်သွားရသည်။ ကောဏ္ဍညဦးညွတ်သော် ကျန်ရသေ့လေးပါးတို့အဖို့ အရင်းလဲသောကြောင့် အဖျားထင်းဖြစ်ကြရတော့သည်။

ထိုအချိန်၌ အနောက်လောကဓာတ်တွင် နေလုံးသည် တစ်ဝက်ဝင်ဆဲဖြစ်၏။ အရှေ့လောကဓာတ်မှ လဝန်းသည် တစ်ဝက်ထွက်ဆဲဖြစ်၏။ မိဂဒါဝုန်တောသည် နေရောင်နှင့် လရောင်တို့ပေါင်းစပ်၍ ပတ္တမြားရည်တဖိတ်ဖိတ် ဖျန်းပက်ထား

www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ရှိသည်။ သဘာဝသည် ဘုရားရှင်၏ အလိုတော်ကို သိသကဲ့သို့ ဆိတ်ငြိမ်လျက်ရှိ၏။

ထိုအချိန်တွင် ဘုရားရှင်သည် လက်တော်နှစ်ချောင်းကို ထောင်ကာ ပဥ္စဝဂ္ဂီတို့အား ဆက်လက်မိန့်ကြားတော်မူလေသည်။

"ရဟန်းတို့။ ။အယုတ်တရား အလွန်တရား နှစ်ပါးကို မမှီဝဲအပ် မပြုအပ်ပေ။ ထိုအယုတ်တရား အလွန်တရားနှစ်ပါးဟူသည်ကား ကာမဂုဏ်၌သာ ကပ်ငြိတွယ်တာ လိုက်စားခြင်းတစ်ပါး၊ မိမိခန္ဓာကိုယ်နှင့် စိတ်ကို ပင်ပန်းဆင်းရဲအောင် ပြုလုပ်ခြင်းတစ်ပါး၊ ယင်းနှစ်ပါးသည် ပညာမျက်စိမရှိသော လူသာမန်တို့၏ အကျင့်ဖြစ်သည်။ စင်ကြယ်သန့်ရှင်း မြင့်မြတ်သောအကျင့်မဟုတ်။ သူတော်စင်တို့ လိုက်နာပြုအပ်သော အကျင့်မဟုတ်။

"ရဟန်းတို့။ ။ကာမချမ်းသာ ခံစားမှုနောက်သို့လည်း မလိုက်၊ ခန္ဓာကိုယ်ကို အလွန်ညှဉ်းဆဲသော လမ်းစဉ်နောက်သို့လည်း မလိုက်ဘဲ အလယ်အလတ်ကျကျ ကျင့်ကြံလိုက်နာရသော လမ်းစဉ်သည်သာ ဘုရားရှင်တို့ လမ်းစဉ်ဖြစ်သည်။

"ရဟန်းတို့။ ။ထိုလမ်းစဉ်၏ လုပ်ငန်းများသည်ကား ကောင်းစွာမြင်ခြင်း၊ ကောင်းစွာကြံခြင်း၊ ကောင်းစွာပြောဆိုခြင်း၊ ကောင်းစွာပြုလုပ်ခြင်း၊ ကောင်းစွာအသက်မွေးခြင်း၊ ကောင်းစွာအားထုတ်ခြင်း၊ ကောင်းစွာအောက်မေ့ခြင်း၊ ကောင်းစွာတည်ကြည်ခြင်းဟုဆိုအပ်သော မဂ္ဂင်ရှစ်ပါးတည်း"စသည်ဖြင့် ဟောတော်မူသည်။

ထိုဒေသနာတော်သည်ကား ဘုရားရှင် ဦးစွာပထမ ပဥ္စဝဂ္ဂီ ပရိသတ်အား မြွက်ဖော်ဟောကြားတော်မူအပ်သော ဓမ္မစကြာဒေသနာတော်ဖြစ်သတည်း။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# ရဲတော်သုံးကျိပ်

[ ၁ ]

မိမိတစ်ကိုယ်ရည်း ကောင်းကျိုးအတွက်သာ ကြိုးပမ်းကြစတမ်းဆိုလျှင် ဤလောကသည် အဘက်ဘက်တွင် တိုးတက်မှုမရှိ အချည်းအနှီးသာ ဖြစ်လေရာ၏။ မိမိတစ်ကိုယ်တည်း ကောင်းကျိုးမျှသာမဟုတ် လောကအကျိုး၊ အများအကျိုးကိုလည်း ဆောင်ကြဉ်းသူ၊ ကြိုးပမ်းသူ စေတနာရှင်များကြောင့်သာ ဤလောကသည် အဘက်ဘက်တွင် ကြီးပွားတိုးတက်ရသည်။ ရံဖန်ရံခါ၌မူ မိမိကိုယ်ကျိုးဆိုသည်ကို လုံးဝမငဲ့ဘဲ အများအကျိုး၊ လောကအကျိုးအတွက် ရက်ရက်ရဲရဲ စွန့်လွှတ်လုပ်ကိုင်သော အာဇာနည်ခေါင်းဆောင်များ ပေါ်ပေါက်လာတတ်သည်။ ထိုအခါ၌ လောကသည် တိုးတက်ရုံမျှမက စည်ပင်၏။ ညီညွတ်၏။ သာယာ၏။ ဗုဒ္ဓကဲ့သို့သော မဟာအာ ဇာနည်ပုဂ္ဂိုလ်ထူးကြီးများအဖို့ကား အတုမရှိတည်း။

ဘုရားရှင်အဖို့ မိမိလွတ်မြောက် ငြိမ်းချမ်းလျှင် ပြီးစတမ်းဆိုလျှင် သုမေဓာရှင်ရသေ့ဘဝကပင် ချမ်းသာမှုတကာတို့၏ ပန်းတိုင်ဖြစ်သော သန္တိသုခ နိဗ္ဗာနဘုံခွင်သို့ အလွယ်တကူပင် ဝင်ရောက်နိုင်၏။ လူတိုင်းနားမလည်နိုင်သည့် နိဗ္ဗာန်ချမ်းသာမဟုတ်စေဦးတော့၊ လူတိုင်းနားလည်ထားကြသော လောကီချမ်းသာ လောကီစည်းစိမ်မျိုးစုံကို အကယ်၍ မိမိတစ်ဦးတည်းကောင်းကျိုးအတွက် အလိုရှိသည်ဆိုဦးတော့၊ လောကီချမ်းသာတကာတို့၏ ထိပ်ဆုံးဖြစ်သော စကြဝတေး မန္ဓာတ်ပဒေသရာဇ် ဧကရာဇ်တို့၏ စည်းစိမ်မျိုးကို ဘဝမခြား ခံစားနိုင်လေရာ၏။

သို့ရာတွင် ဒုက္ခခပ်သိမ်းတို့ ဖြေသိပ်ရာ မည်သည့်လိုအင်ဆန္ဒမျှ မပြည့်ဝနိုင်သော နေရာ၊ ငြိမ်းချမ်းတော့မယောင်၊ ဟုတ်တော့မယောင်နှင့် မည်သည့်အဆင့်မည်သည့်အခြေတွင်မှ မငြိမ်းချမ်းနိုင်သော လောကမျက်လှည့်ရုံကြီးများကို တပ်

www.burmeseclassic.com



ဆောင်ထားသည့် သံသရာကရွတ်ကင်းလျှောက် ရထားကြီးအတွင်းမှ ဒုက္ခခရီးသည် သတ္တဝါတို့အား ကယ်တင်လိုသည့် ဘုရားရှင်ကဲ့သို့သော မဟာအာဇာနည်ကြီးအဖို့မူ လောကအကျိုး ပရဟိတအကျိုးအတွက် မိမိကိုယ်ကျိုးမျိုးစုံကို သာမန်လူတို့ မတွေးရဲ မကြံရဲလောက်အောင်ပင် စွန့်ပစ်ကြိုးပမ်းခဲ့သည်။

လောကီကောင်းကျိုးဆိုသော ဘဝည်းစိမ်မျိုးစုံကို စွန့်ပစ်၍ တောထွက်ခဲ့သည်လည်း အထပ်ထပ်၊ ဒီပင်္ကရာဘုရားရှင်လက်ထက် သုမေဓာဘဝကပင် မိမိတစ်ဦးတည်း လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကျိုးကြီးကို စွန့်ပစ်ခဲ့ရုံမက ဘုရားအဆူဆူ ဆရာအသီးသီးတို့နှင့် တွေ့ကြုံရာ၌ ယင်းကဲ့သို့ တစ်ကိုယ်ရေ နိဗ္ဗာန်ချမ်းသာကြီးများကို စွန့်ပစ်ခဲ့သည်အကြိမ်ကြိမ်၊ ချမ်းသာကိုစွန့်ပစ်ရုံမဟုတ်၊ အကြီးဆုံးသော ဆန္ဒဟူသည် အကြီးဆုံးသော စွန့်လွှတ်ကြိုးပမ်းမှုဖြင့် ရင်းနှီးရသော သဘာဝအတိုင်း မိမိ၏သားမယား စသည့် သံယောဇဉ်အသိုင်းအဝိုင်းကို စွန့်ပစ်ခြင်းဖြင့် လည်းကောင်း၊ မိမိ၏ကိုယ်လက်အင်္ဂါတို့သာမက အသက်အထိပင် စွန့်လှူခြင်းဖြင့် လည်းကောင်း ကြိုးပမ်းခဲ့ပေသည်။

နောက်ဆုံးတွင် သိဒ္ဓတ္ထကုမာရဘဝသို့ရောက်ကာ အမြင့်ဆုံးသော ဘုရင့်စည်းစိမ်ကို ခံစားလိုလျှင် ခံစားနိုင်ပေသေး၏။ သို့ရာတွင် နန်းစည်းစိမ်မှုကို အပထား၍ အချစ်ဆုံးသော မယားနှင့်သားကိုပင် စွန့်ပစ်ကာ ဥရုဝေလနှင့် မဟာဗောဓိကို အရင်းတည်ကာ မိမိရည်မှန်းချက်ခရီး၏ အဆုံးစွန်ပန်းတိုင်ဖြစ်သော ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဘုရားရှင်အဖြစ်သို့ရောက်၍ တစ်ဖက်မှ မဟာကရုဏာ အတုမရှိစေတနာကို အကောင်အထည်ဖော်ရန် ဒုက္ခိတ သတ္တဝါတို့ကို ကယ်ချွတ်ရမည့် လုပ်ငန်းသို့ ကာယကံမြောက် ဝင်ရောက်သုံးသပ်လိုက်သောအခါ၌ မိမိတစ်ပါးတည်းဖြင့် လိုအပ်သမျှ အကျိုးမပြီး ခရီးမရောက်နိုင်သည်ကို တွေ့ရှိလာရ၏။ သို့ဖြစ်၍ မိမိ၏စေတနာနှင့် မိမိ၏တရားကို အရင်းတည်ကာ မိမိလုပ်ငန်းကြီး၏ အတွင်းသားကူညီသူများအဖြစ် သံဃာ့အဖွဲ့ကို ဖွဲ့စည်းခဲ့ရသည်။

ရှေးဦးစွာကား ဥရုဝေလတွင် ခြောက်နှစ်တိုင်တိုင် အလုပ်အကျွေး တိုင်ပင်ဖော်တိုင်ပင်ဘက်၊ ရဲဘော်ရဲဘက် ပဉ္စဝဂ္ဂီငါးဦးတည်း။ ထို့နောက် မောနေယျနာဋက မထေရ်၊ ထို့နောက် ဘုရားအဖြစ်တွင် ရှေးဦးစွာ နို့ဆွမ်းလှူသော သုဇာတာ ဒါယိကာမကြီး၏သား အရှင်ယသ၊ ထို့နောက် အရှင်ယသကို အကြောင်းပြု၍

www.burmeseclassic.com

www.burmeseclassic.com



သာသနာတော်သို့ သဒ္ဓါအလျောက် ဝင်ရောက်လာကြသော အရှင်ယသ၏ အသိုင်းအဝန်းများ၊ ယင်းသို့ဖြင့် အားထားလောက်သော အတွင်းသား သံဃာ့အဖွဲ့အစည်းအင်အား ခြောက်ကျိပ်ကျော်မျှ စုစည်းမိပေပြီ။

သို့သော် ဤမျှနှင့် မပြည့်စုံသေး။ မိမိကိုယ်စား အနယ်နယ်အရပ်ရပ်သို့ခွဲ၍ စေလွှတ်ကယ်ချွတ်ဖို့ရန်အတွက် သံဃာအင်အား အတန်များများ လိုနေပေသေးသည်။ လိုသောသံဃာအတွက် အင်အားများများရနိုင်ဖို့နေရာမှာ ဥရုဝေလကဿပရသေ့ညီနောင်သုံးယောက်တို့၏ တိတ္ထိစခန်းကြီးများတည်း။

ဥရုဝေလကဿပတို့သည် ဘုရားရှင်ပွင့်တော်မမူမီကပင် တရားရှာများစွာတို့၏ ပုန်းအောင်းရာ၊ လဲလျောင်းရာဖြစ်သော ဥရုဝေလတောတွင် ကျော်ကြားတည်ရှိခဲ့သော တရားဂိုဏ်းကြီးများဖြစ်သည်။ ယင်းတရားဂိုဏ်းကြီးများတွင် ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပဟု အကြီးအကဲညီနောင်သုံးယောက်ရှိသည်။ ဥရုဝေလတော၏ အကောင်းဆုံးသော မြစ်ကွေ့နေရာကြီးသုံးခုအနက် တစ်ခုလျှင် တစ်ဦးစီနေကြသော အစ်ကိုအကြီးဆုံးဖြစ်သော ဥရုဝေလကဿပတွင် တပည့်အသိုင်းအဝိုင်းအင်အားငါးရာရှိသည်။ အလတ် နဒီကဿပတွင် တပည့်သုံးရာရှိသည်။ ညီငယ်ဂယာကဿပတွင် နှစ်ရာရှိသည်။ သို့နှင့် သူတို့သုံးဦးပေါင်းတွင် တပည့်တပန်းအင်အား တစ်ထောင်ရှိသည်။

ဥရုဝေလတွင် အင်အားအကြီးဆုံးသော တရားဂိုဏ်းဖြစ်သောကြောင့် ဥရုဝေလဂိုဏ်းဟုပင် အမည်တွင်သည်။ သူတို့အမည်ရင်းများကို အစွဲပြု၍ ကဿပဂိုဏ်းဟုလည်း ခေါ်ကြသည်။ တပည့်အသိုင်းဝိုင်းအင်အားကြီးရုံမျှမဟုတ်၊ ရာဇဂြိုဟ်နှင့် သာဝတ္ထိတည်းဟူသော တိုင်းကြီးနှစ်တိုင်းမှ ကိုးကွယ်ဆည်းကပ်သူ ဒါယကာ၊ ဒါယိကာမတို့ အင်အားကြီးမားသူများလည်း ဖြစ်သည်။

ယင်းဥရုဝေလတွင် သိဒ္ဓတ္ထကုမာရသည် ဘုရားဖြစ်တော်မမူရန် ခြောက်နှစ်တိုင်တိုင် တရားကျင့်သုံးနေထိုင်ခဲ့ရာ၌ ရံဖန်ရံခါ ကဿပညီနောင် ရသေ့ကြီးများနှင့်လည်းကောင်း၊ တပည့်တပန်းများနှင့်လည်းကောင်း တွေ့ဆုံခဲ့ကြဖူးသည်။ ဂိုဏ်းသဘော၊ တရားကျင့်မှုသဘောအားဖြင့် မိမိတို့လုပ်ငန်းစဉ်အရ ကွဲပြားကြသော်လည်း မင်းသားဘဝမှ တောထွက်တော်မူစကပင် ကျော်ကြားသော သိဒ္ဓတ္ထကုမာရအပေါ်တွင် ကြီးမားသောစည်းစိမ်ကို စွန့်လွှတ်နိုင်သူအဖြစ်လည်းကောင်း၊ သိဒ္ဓတ္ထ၏ သိမ်မွေ့ပြေပြစ်လှသော ဆက်ဆံမှုများကြောင့်လည်းကောင်း မျက်မှန်းတန်းမိခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရင်းနှီးကျွမ်းဝင်ခဲ့ကြသည်။

ဤညီနောင်တို့သည် မိမိတို့၏ အစဉ်အလာ အယူအစွဲတွင် သည်းထန်စည်းကြီးကြသော်လည်း ပင်ကိုစရိုက်အားဖြင့်မူ အစဉ်အလာ အယူအဆစွဲ ထုထည်၏ အောက်တွင် သိမ်မွေ့နူးညံ့သော သဘောထားများ ရှိကြပေသည်တကားဟု သိဒ္ဓတ္ထကုမာရအဖို့ ရှေ့မဆွကပင် အကဲဖြတ်ခဲ့မိပြီး ဖြစ်သည်။ မိမိကိုယ်တိုင်ပင်လျှင် မိဖွားမ၏ အစဉ်အလာ အယူအစွဲတရားများကို ဟုတ်အံ့နိုးနိုးဖြင့် ခြောက်နှစ်တိုင်တိုင် လွဲမှားစွာ ကျင့်သုံးခဲ့ပြီးနောက်မှ ကိုယ်ပိုင်သစ္စာလမ်းစဉ်ဖြင့် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူလာသောအခါ မိမိ၏ ဓမ္မရောင်းရင်းများဖြစ်သည့် ပဥ္စဝဂ္ဂီတို့၏ လွဲမှားသောအကျင့်ကိုလည်းကောင်း၊ ယင်းကဿပညီနောင်တို့၏ အကျင့်များ လမ်းစဉ်မှားတို့ကိုလည်းကောင်း တွေ့ရှိလာရသည့်အလျောက် ပဥ္စဝဂ္ဂီငါးဦးတို့ကိုကား မိမိ၏ မဇ္ဈိမပဋိပဒါ၊ သစ္စာမီးရှူးဖြင့် ချေချွတ်ခဲ့ပေပြီ။ ရသေ့ညီနောင်တို့ကို ချေချွတ်ရန် ကျန်ပေသေးသည်ဟု အားသစ်တော်မူခဲ့သည်။

ယင်းသို့ဖြင့် သူတို့အတွက်လည်း အကျိုးရှိ၍ မိမိတည်ဆောက်မည့် သာသနာတော်အတွက်လည်း ကြီးမားသောအင်အားစုတစ်ရပ်ဖြစ်လာမည်ဟု မြင်တော်မူသည့်အတိုင်း ပဥ္စဝဂ္ဂီနှင့် သူဌေးသား ယသတို့၏ကိစ္စ အပြီးတွင် ကဿပရသေ့များ ရှိရာဘက်သို့ ခြေဦးလှည့်တော်မူခဲ့သည်။

ဤတွင် ဘဒ္ဒဝဂ္ဂီမင်းသားညီနောင်သုံးကျိပ်၊ သို့မဟုတ် ကောင်းအတူ ဆိုးအတူ တစ်စိတ်တည်း တစ်ဝမ်းတည်း ပူးတွဲလုပ်ဆောင်လေ့ရှိကြသော ရဲဘော်သုံးကျိပ်နှင့် လမ်းခရီးတွင် အလိုက်သင့် တွေ့ဆုံတော်မူရသည်။

[ ၂ ]

တွေ့ပုံကား ခပ်ဆန်းဆန်းတည်း။ သို့ရာတွင် ယင်းခပ်ဆန်းဆန်း အတွေ့သည်ပင် သူတို့အတွက် နေအရုဏ်သင့် ကြာငုံပွင့်ဟု ဆိုရလောက်အောင် တရားထူး အတွေးအခေါ်ထူးကို ရရှိအောင် ဖန်တီးလာသကဲ့သို့ ဖြစ်နေ၍လည်းကောင်း၊ မိမိ၏ နောက်ပိုင်းသာသနာတော်အတွက် ကြီးစွာသောအထောက်အကူတွင် မြစ်ဖျားခံလာသည်ကို သိရှိရသဖြင့်လည်းကောင်း နှစ်သိမ့်တော်မူရသည်။ အကြောင်းမူကား ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်ဟူသည် ကောသလဘုရင်၏ ရင်သွေးများပေတည်း။

ဘုန်းကြီးသော ကောသလဘုရင်တွင် တောင်ညာစံ မလ္လိကာဒေဝီမှအစ

www.burmeseclassic.com



တရားဝင်မိဖုရား ငါးရာရှိသည်။ ယင်းမိဖုရားငါးရာမှ သားတော် သမီးတော်တို့ကား အမြောက်အမြားတည်း။ ယင်းသားတော် သမီးတော်များအနက် သက်ညီရွယ်ညီ စရိုက်ညီဟုဆိုလောက်သော ယခုညီညောင်သုံးကျိပ်တို့သည် တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်ကြသည်။ နေရာတကာတွင်ပင် သူတို့အား ပူးတွဲညီညွတ်ကြသည်ကို တွေ့ရသောကြောင့် "ဘဒ္ဒဝဂ္ဂီသုံးကျိပ်၊ ရဲဘော်သုံးကျိပ်"ဟု ခေါ်ကြသည်။

နေရာတကာတွင် ညီညွတ်သကဲ့သို့ပင် မယားယူသည့်ကိစ္စတွင်လည်း ညီညွတ်ကြပြန်တူသည်။ သူတို့အား သူတို့ဖခင် ဘုရင်က တစ်ချိန်တည်းတွင် တညီတညွတ်တည်း သူတို့နှစ်သက်ရာ မင်းသမီးများနှင့် လက်ဆက်ပေးလိုက်သည်။ သို့ရာတွင် မင်းသားတစ်ယောက်အဖို့မူကား မယားကံ ကွက်ကျား ဖြစ်နေရသည်။

ဤတွင် မယားရစ မင်းသားများအဖို့ လွတ်လွတ်လပ်လပ် ပျားရည်ဆမ်းခရီး အပျော်ခရီးထွက်လိုကြသောအခါ သာဝတ္ထိနှင့် ရာဇဂြိုဟ်၊ တိုင်းကြီးနှစ်တိုင်းအကြား ရှိ သာယာဆိတ်ငြိမ်သောတောတွင် သင့်တင့်သောအစီအမံဖြင့် ချစ်သူကိုယ်စီခေါ်ကာ ခရီးထွက်ခဲ့ကြသည်။ နေရာတကာတွင် မခွဲနိုင်သော ချစ်သူမဲ့မင်းသားအဖို့လည်း အများနည်းတူ ပျော်ပိုက်နိုင်ရန် သူ့စိတ်ကြိုက် အမျိုးသမီးတစ်ယောက်ကို အငှားအဖြစ် ခေါ်လာခဲ့သည်။

ဤတွင် ယင်းအငှားအမျိုးသမီးမှ ပြဿနာပေါ်လာ၏။

ခေါ်ခဲ့စဉ်ကပင် ဆင်ကြံကြံလာခဲ့သော အငှားအမျိုးသမီးက မင်းသားများ ကာမဂုဏ်ယစ်၍ အိပ်ပျော်နေကြခိုက်တွင် မင်းသားများ၏ အဖိုးတန် ကိုယ်ဝတ်ရတနာများကို ခိုးပြေးလာရာ မင်းသားများနိုးလာ၍ အကြောင်းစုံသိရသောအခါ အငှားအမျိုးသမီးနောက် သူသွားမည်ထင်ရာသို့ တရကြမ်းလိုက်ကြသည်။ မင်းသားများအဖို့ ပစ္စည်းသည် ပဓာနမဟုတ်၊ သူတို့အဖို့ မကြံရွယ်ဘဲ ဖြစ်ပေါ်လာသကဲ့သို့ အမျိုးသမီးတစ်ယောက်နောက်သို့ အမဲလိုက်သည့်ပမာ လိုက်လံရှာဖွေရသည်မှာ ပျော်စရာကောင်းသည်ဟု ယူဆကြသည်။ ဤတွင် တောတန်းတစ်ခုအကွေ့ရှိ နေပြောက်မှမထိုးအောင် ထီးဝန်းပမာမိုးကာ အုပ်ဆိုင်းထားသော သရက်ပင်ကြီး တစ်ပင်အောက်တွင် ခရီးအပန်းဖြေ နားနေတော်မူသော ဘုရားရှင်နှင့် ဘွားခနဲ တွေ့ကြသည်။

ရသေ့ ရဟန်းများစွာတို့ သီတင်းသုံးပျော်ပိုက်ရာ ဥရုဝေလတော၌ ရဟန်းတစ်ပါးအား တွေ့ကြုံရခြင်းသည် အဆန်းမဟုတ်ပေ။ သို့သော် ဤရဟန်းအား

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြုံရခြင်းမှာကား ဆန်း၏။ ဆန်းဟန်ကား ရဟန်းသည် သူတို့ကဲ့သို့ပင် နုပျို၏။ ကြည်လင်သန့်ရှင်း၏။ တည်ငြိမ်၏။ မင်းသွေးမင်းဟန်ဖြင့် အထက်တန်းကျသော ရုပ်ရည်တွင် သေသပ်သောအဝတ်အဆင်ဖြင့် ရင့်ကျက်သောသိက္ခာကို ထိန်းကွပ်ထားဟန်ရှိသော်လည်း သူတို့အား ချိုသာစွာ ဖိတ်ခေါ်နေဘိသို့ ရှိသည်။

ကပိလဝတ်ဘုရင် သုဒ္ဓေါဒန၏သား သိဒ္ဓတ္ထကုမာရသည် လက်တွင်းသို့ ရောက်ဆဲ ထီးနန်းစည်းစိမ်ကိုစွန့်၍ ဉာဥရဝေလသို့ တောထွက်ပြီး တရားအားထုတ်နေသည်ဟု ရှေးမဆွကပင် မင်းသားတို့ ကြားသိခဲ့ပြီးဖြစ်သည်။ ကေန္တ ဤရဟန်းသည် သိဒ္ဓတ္ထကုမာရဖြစ်ချေမည်တမုံ့ဟု မင်းသားတို့ အကဲခတ် ဆုံးဖြတ်လိုက်မိကြသည်။

မိမိတို့မှာ မင်းသားများဖြစ်သမင့်လည်း ထီးနန်းစည်းစိမ်ဆိုသည်မှာ ဝေးလှစွာသေး၏။ သိဒ္ဓတ္ထကုမာရသည်ကား လက်တွင်းရောက်ပြီး ထီးနန်းစည်းစိမ်ကိုပင် စွန့်ပစ်နိုင်ခဲ့သူ ဖြစ်ပေသည်တကားဟူသော လေးစားမှုအတွေးကိုယ်စီလည်း ပေါ်လျက်ရှိကြသည်။ ထို့အပြင် ထိုအချိန်က တရားအားထုတ်မှု၊ တောထွက်မှုဆိုသည်မှာ အရွယ်ရောက်၍ အတွေးအခေါ်ရှိသူတိုင်း လိုလားကြသောအလုပ်ဖြစ်ပေရာ မိမိတို့မှာ လောကီအာရုံ ကာမဂုဏ်တွင်သာ နစ်မွန်းနေကြသူများဖြစ်၍ သိဒ္ဓတ္ထမှုကား အမြင့်ဆုံးသော ထီးနန်းအာရုံ ကာမဂုဏ်ကိုပင် ငယ်ငယ်ရွယ်ရွယ်နှင့် စွန့်ပစ်နိုင်သူဖြစ်ပေသည်တကားဟူသော အထင်ကြီးမှုကလည်း တစ်ဖက်တွင် ပေါ်ပေါက်လျက်ရှိကြသည်။

ယင်းသို့ဖြင့် နေအရဏ်နှင့် အချိန်မသင့်သေးသောကြောင့် မပွင့်ရသေးသော်လည်း အတွေးအခေါ် အခြေခံရှိပြီးကြသူ မင်းသားများအဖို့ ဘုရားရှင်နှင့် ရင်ဆိုင်တိုးမိကြသောအခါ ပင်ကိုအားဖြင့် အရေးမကြီးလှသော မိန်းမကိစ္စနှင့် လက်ဝတ်ရတနာများကိစ္စကိုပင် မေ့ပျောက်သွားသလိုဖြစ်ကြကာ ခံစားမှုကိုယ်စီ အသိကိုယ်စီဖြင့် လက်အုပ်ချီ အရိုအသေပြုရင်း ဘုရားရှင်အနီးသို့ ချဉ်းကပ်သွားမိကြသည်။

အကြီးအကဲဖြစ်သော မင်းသားက "ကပိလဝတ်ထီးနန်းကို စွန့်ပစ်၍ တောထွက်ခဲ့သော သိဒ္ဓတ္ထကုမာရ ရဟန်းတော်ဟု ထင်မိကြပါသည်။ မှန်ပါရဲ့လား အရှင်မြတ်"ဟု ပဋိသန္ဓာရစကား စတင်လျှောက်ထားသောအခါ ဘုရားရှင်က "မှန်ပေသည်မင်းသားတို့။ ။အဘယ်ကိစ္စနှင့် အဘယ်ကလာ၍ ဘယ်ကိုသွားကြမည်နည်း"ဟု ပြန်လည်မိန့်ကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်တို့ လက်ဝတ်ရတနာများကို ယူ၍ ထွက်ပြေးသော မိန်းမတစ်ယောက်ကို လိုက်၍ရှာကြခြင်းဖြစ်ပါသည် အရှင်မြတ်"

"မင်းသားတို့။ ။ရှာဖွေခြင်းဟူသည် သူတစ်ပါးကိုရှာဖွေခြင်း၊ သို့မဟုတ် မိမိမှအပ ဗဟိဒ္ဓကို ရှာဖွေခြင်းနှင့် မိမိကိုယ်ကိုမိမိ ရှာဖွေခြင်းဟူ၍ နှစ်မျိုးရှိပေသည်။ ယင်းနှစ်မျိုးအနက် ပုထုဇဉ် သတ္တဝါတို့သည် သူတစ်ပါးကိုရှာဖွေခြင်း၊ ဗဟိဒ္ဓကို ရှာဖွေခြင်းအလုပ်ကို သံသရာတစ်လျှောက်လုံး ပြုလုပ်ခဲ့ကြသည်။ ပစ္စုပ္ပန်တွင်လည်း ပြုလုပ်ကြဆဲဖြစ်သည်။ ထို့ကြောင့် သူတစ်ပါးကို ရှာဖွေခြင်းဟူသည် လူသာမန်တို့ ပြုလေ့ပြုထရှိကြသော ပုထုဇဉ်တို့အစဉ်အလာ အလေ့အကျင့်တစ်ရပ်မျှ ဖြစ်ပေသည်။ မိမိကိုယ်ကိုမိမိ ရှာဖွေခြင်းဟူသည်ကား လူသာမန်တို့ ပြုလုပ်နိုင်ခဲသော လူတော်လူကောင်းတို့၏ အလုပ်ဖြစ်သည်။ သို့ဖြစ်၍ လူတော်လူကောင်းတို့ ထုံး နှလုံးမူကာ သူတစ်ပါးကိုရှာဖွေသည်ထက် မိမိကိုယ်ကိုမိမိ ရှာဖွေခြင်းအလုပ်ကို မလုပ်သင့်ပေဘူးလား မင်းသားတို့"

"လုပ်သင့်ပါသည် အရှင်ဘုရား..."

တရားအလုပ်၊ အေးငြိမ်းရာသို့ ထွက်မြောက်ရာ အလုပ်ဟူသည် ပြင်ပအာရုံများကို ဖြတ်တောက်၍ မိမိအဇ္ဈတ္တ အတွင်းပိုင်းသို့ ရှုပွားဆင်ခြင် ဆောက်တည်ကြိုးပမ်းရသောအလုပ်ဖြစ်၏။ ဤအသိ ဤသဘောတရားသည် ဘုရားရှင် သာသနာတော် ထွန်းကားလာသော နောင်အခါ၌ သူတော်ကောင်းအများ သိမြင်ကြသော သဘောတရားဖြစ်သော်လည်း သာသနာတော်အစပျိုးစ ထိုအချိန်ကမူ ကြားရခေါင်းကြားရခဲဖြင့် ထူးခြားလေးနက်လှသော အတွေးအခေါ်ထူးတစ်ရပ်ဖြစ်ပေရာ မကြားစဖူး ထူးထူးခြားခြား ဘုရားရှင်အထံတော်မှ ကြားနာကြရသောအခါ တွေးခေါ်မှုအခြေခံရင့်သန်ပြီးသူ မင်းသားညီနောင်တို့အဖို့ ဆက်လက်ဟောကြားမည့် တရားထူး တရားမြတ်ကို နာခံလိုသည့်ဖော့ဖြင့် ဘုရားရှင်ရှေ့တော်မှောက်တွင် လက်အုပ်ကိုယ်စီချီကာ ကိုင်းညွတ်ဝပ်စင်းပြီး ဖြစ်သွားကြသည်။

"မင်းသားတို့။ ။ပြင်ပအာရုံများဖြစ်သည့် အဆင်း၊ အသံ၊ အနံ့၊ အရသာ အထိအတွေ့နှင့် တွေးခေါ်မှုတည်းဟူသော အာရုံခြောက်ပါးသို့ တိမ်းညွတ်ခြင်း၊ ရှာဖွေခြင်းဟူသည် ဒုက္ခမျိုးစုံကို ဖိတ်ခေါ်ခြင်းပေသည်။ အာရုံခြောက်ပါးဟူသည် ဆင်းရဲခပ်သိမ်းတို့၏ တည်ရာဌာနများတည်း။ ငြိမ်းချမ်းမှု၏ ဆန့်ကျင်ဘက်တည်း။ သတိကင်းလွတ်သော လူသတ္တဝါတို့သည် ယင်းဗဟိဒ္ဓအာရုံ ဒုက္ခတွင်းများတွင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကျင်းမှတစ်ကျင်းသို့ ကူးခုန်ကာ ဒုက္ခတည်းဟူသော အညစ်အကြေးများဖြင့် အခါမပြတ် ရစ်ပတ်ပေရေနေကြရသည်။

"မင်းသားတို့။ ။ဝေနေယျသတ္တဝါတို့မည်သည် စိတ်၏ငြိမ်းချမ်းမှု၊ ကိုယ်၏ ငြိမ်းချမ်းမှုဟုဆိုအပ်သော ငြိမ်းချမ်းမှုကို လိုချင်မြဲဓမ္မတာတည်း။ အညံ့ဆုံးသော သတ္တဝါသော်မှ ဆင်းရဲနှင့် တွေ့ကြုံသောအခါ ငြိမ်းချမ်းမှုကို လိုချင်လာတတ်သည်။ သို့ဖြစ်၍ ငြိမ်းချမ်းလာ နိုင်မည်ထင်သည့် အရာများကို မှောက်မှောက်မှားမှား ရှာဖွေသိမ်းပိုက်တတ်ကြသည်။ ထိုရှာဖွေခြင်းကား ပျားရည်လူးသော ဓားပမာ ဆင်းရဲခပ်သိမ်းကို ဖိတ်ခေါ်ရာဖြစ်သော ပြင်ပအာရုံများကို ရှာဖွေခြင်းတည်း။

"မင်းသားတို့။ ။ဆင်းရဲခပ်သိမ်းကို ဖြစ်ပွားစေသော အခြေခံအရင်းအမြစ် တရားခံအားလုံးသည် မိမိကိုယ်တွင်းမှာသာရှိသည်။ ထိုနည်းတူစွာပင် တကယ့်ငြိမ်းချမ်းမှုကို ပေးစွမ်းနိုင်သော အခြေခံတရားဟူသည်လည်း မိမိကိုယ်တွင်းမှာသာ ရှိသည်။ ထိုအခြေခံတို့ဟူသည်ကား မိမိ၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ခန္ဓာ နှင့် စိတ်တည်းဟူသော ဒွါရခြောက်ပါး တံခါးခြောက်ပေါက်ပေတည်း။

"မင်းသားတို့။ ။ဒွါရခြောက်ပါး တံခါးခြောက်ပေါက်တို့သည် မျက်လှည့်ဆရာ နှင့် မျက်လှည့်ပြရာဌာနများ ဖြစ်ကုန်၏။ အဆင်းအသံ စသော ပြင်ပအာရုံတို့ ဟူသည်ကား မျက်လှည့်ပစ္စည်းများ ဖြစ်ကြသည်။ မျက်လှည့်ဆရာသည် မျက်လှည့် ပစ္စည်းမျိုးစုံဖြင့် လူသတ္တဝါအား မျက်လှည့်ပြသည်။ အတုကို အစစ်ဟု ထင်စေ သည်။ ဆင်းရဲကို ချမ်းသာဟုမြင်စေသည်။ တကယ့်ချမ်းသာကို မတွေ့သောအခါ တခြားနည်းဖြင့် ချမ်းသာအတုကို ရှာပြန်သည်။ ဤနည်းဖြင့် မိမိကိုယ်တွင်းမှ တရားခံခြောက်ဦးတို့သည် ပြင်ပမှ လူလိမ်လူဆိုးခြောက်ဦးနှင့် ပူးပေါင်းကာ ဆင်းရဲမှု မျိုးစုံကို တစ်မျိုးပြီးတစ်မျိုး မပြတ်ဖိတ်ခေါ်သည်။ ထို့ကြောင့် စဉ်းစားဆင်ခြင် ဉာဏ်ရှိသော ပညာရှိသည် မိမိရန်သူအစစ်ကို မိမိခန္ဓာကိုယ်အတွင်းမှာပင် ရှာဖွေရ သည်"

မိဂဒါဝုန်နှင့် ဥရုဝေလတောကြီးများသည် နက်ရှိုင်းစွာ ဆိတ်ငြိမ်၏။ ကြီးမား သော သစ်ပင်တို့ဖြင့် အုံ့ဆိုင်းထားသော်လည်း ဥယျာဉ်မှူးတို့ ပြုပြင်ထားသည့်ပမာ သဘာဝပြုပြင်မှုကြောင့် နေရာတကာတွင် ပြန့်ပြူးသာယာ၏။ ရာသီအလိုက် စားသုံးဖွယ်ဖြစ်သော သစ်သီးဝလံတို့ ပြည့်စုံ၏။ နေရဥ္စရာမြစ်မကြီးမှ စီးဖြာ သွယ်ဆင်းအပ်သော စမ်းချောင်းရေတံခွန်တို့က လိုအပ်သောနေရာများတွင် အလှဆင်

www.burmeseclassic.com



သင့် တည်ရှိ၏။ ထို့ကြောင့် မိဂဒါဝုန်သည်လည်းကောင်း၊ ဥရုဝေလသည်လည်းကောင်း တရားကိုမင်၍ တောကိုခင်လိုသော ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ကပိလဝတ် နေပြည်တော်သူ နေပြည်တော်သားတို့၏ စိတ်ညွတ်နူးရာဌာနဖြစ်သည်။ တရားရှာရာ သူတော်စင်တို့၏ လဲလျောင်းရာ ပုန်းအောင်းရာဒေသဖြစ်သည်။

ဘုရားရှင်ကိုယ်တော်တိုင်ပင်လျှင် တောထွက်တော်မမူမီ သိဒ္ဓတ္ထမင်းသားဘဝက ဤတောဤတောင်၏ သာယာပုံကို ကြိမ်ဖန်များစွာ ရော်ရမ်းတမ်းတပြီးမှ တောထွက်တော်မူခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဤတောဤတောင်ကို အရင်းပြု၍ ဘုရားဖြစ်လာရာ၌ ကိုယ်တော်၏ ပင်ကိုနိက္ခမဓာတ်ခံ ပါရမီရင့်သန်တော်မူသောကြောင့်လည်း ဖြစ်၏။ ဆိတ်ငြိမ်သာယာလှသော ဤတောဤတောင်၏ ဖိတ်ခေါ်မှုအဆွဲဓာတ်ကျေးဇူးကြောင့်လည်း ဖြစ်၏။

သို့ဖြစ်၍ ဤတောဤတောင်၏ ကျေးဇူးကိုသိသော ဘုရားရှင်အဖို့ တောကိုကျေးဇူးဆပ်သော အနေဖြင့်လည်းကောင်း၊ ဘဝသံသရာအဆက်ဆက်ကပင် တောကိုသာ ခင်တွယ်လွန်းခဲ့သည့် ချင်ခြင်းစိတ်ဓာတ်ကို ပြည့်ဝစေရန်အတွက် လည်းကောင်း ခြောက်နှစ်တိုင်တိုင် တောပျော်ကြီးဖြစ်ပါလျက်ကို ဤတောဤတောင်၏ နေရာကောင်း ခုနစ်နေရာကို ရွေးချယ်ပျော်ပိုက် သီတင်းသုံးတော်မူခဲ့ပေသေးသည်။

တရားဓာတ်ခံရှိပြီးသော ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ကပိလဝတ် စသည့် ဝန်းကျင်အားလုံးရှိ ပြည်တော်သူ ပြည်တော်သားများကလည်း ဤတောဤတောင်များကို သူတော်စင်တို့၏ ဓမ္မရိပ်မြုံအဖြစ် လေးစားအသိအမှတ်ပြုထားကြသည်။ ဤတောဤတောင်တွင် မကောင်းမှုဒုစရိုက်ကို ရှောင်နိုင်သမျှ ရှောင်သည်။ တောလိုက်ခြင်း၊ ပျော်ပါးခြင်း စသော စိတ်လွတ်ကိုယ်လွတ် အလုပ်များကို အပထား၍ ဤတောဤတောင်သို့ ဝင်မိလျှင် တရားရှင် တရားရှာ သူတော်စင်တို့နှင့် ဆန့်ကျင်ဘက် မဖြစ်စေရအောင် ကိုယ်အမူအရာ နှုတ်အမူအရာများကိုပင် ထိန်းသိမ်းလေ့ရှိကြသည်။

ယခု ညီနောင်သုံးကျိပ်တို့ကိစ္စတွင်လည်း ပျိုရွယ်သူတို့၏ သဘာဝတွင် မင်းသားဟူသော အပေါ်စီးမာန်ကလေးဖုံး၍ ဤတောနှင့်မလျော်သောအလုပ်ကို လုပ်မိခဲ့ကြသော်လည်း အသိအမြင်ဓာတ်ခံ မသေးသူများဖြစ်သောကြောင့် မိမိတို့ကိစ္စအတွက် မလုံမလဲရှိခဲ့ကြရသည်ကား အမှန်ပင်ဖြစ်ပေသည်။ ဤအခြေတွင် ဤတော၏ အမြင့်ဆုံး အထူးခြားဆုံးသော ဘုရားရှင်နှင့်တွေ့၍ တစ်သက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ပင် မစမ်းဝါး မတွေးခေါ်မိခဲ့ဖူးသည့် ထူးခြားသောတရားတော်ကို ကြားနာရသော အခါ ခရီးပန်းယောကျ်ားတို့အဖို့ သာယာသောရေကန်ကြီးကို တွေ့လိုက်ရသကဲ့သို့ ကြည်နူးစွာ ချိုးသောက်လိုက်မိသား ဖြစ်သွားကြသည်။

သို့ရာတွင် မင်းသားတို့သည် ပျိုရွယ်၏။ ပျိုရွယ်သူတို့၏ သဘာဝသည် မိန်းမအာရုံ ကာမဂုဏ်၌ နစ်မျောလေ့ရှိသည်။ ဘုရားရှင်နှင့် ယခုတွေ့ကြသည့် ကိစ္စတွင်လည်း မိန်းမအာရုံ ကာမဂုဏ်ဖြင့်ပင် အရင်းခံ၍ မိန်းမအရှာထွက်ရင်း တွေ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်က အခြေခံရှိပြီးသော မင်းသားတို့၏ စိတ်ထားကို အတွေးမှန် အမြင်မှန်ဘက်သို့ ပြောင်းလှည့်လိုက်ပြီးနောက် ဖြစ်ပေါ်ဆဲ အကြောင်းရင်းတရားဖြင့် ဆက်လက်ဟောကြားတော်မူသည်။

"မင်းသားတို့။ ။ပြင်ပ သူတစ်ပါးကိုရှာဖွေသည်ဆိုရာ၌လည်း မိန်းမကို ရှာဖွေခြင်းသည် အဆိုးရွားဆုံးတည်း။ အကြောင်းသော်ကား မိန်းမဟူသည် အာသာ ဝတ်ဝတ် ရေဟုမှတ်၍ စွဲကပ်လိုက်လံ နှိပ်နှံရိုနွမ်း ပင်ပန်းစေတတ်သော တံလျှပ်နှင့် တူ၏။ စိုးရိမ်ပူပန်ရခြင်းမျိုးစုံတို့၏ အကြောင်းခံလည်းဖြစ်၏။ ကိုးဆယ့်ခြောက် ဖြာ အနာဟူသမျှတို့ကို ဖိတ်ခေါ်ခြင်း၏ အရင်းခံလည်းဖြစ်၏။ မင်း၊ မနှစ်လိုသူ စသူတို့၏ ဘေးအပေါင်းကျရောက်ရာလည်း ဖြစ်၏။

"မင်းသားတို့။ ။မိန်းမဟူသည် ကွန်အုပ်သည့်ငှက်၊ မြှုံးချက်ဝင်ငါး၊ ပိုက်တွင် မိသောသားကဲ့သို့ သူ့အလိုလိုက်မိလျှင် မထွက်သွားနိုင်အောင် ချည်နှောင်ဖွဲ့ယှက် တတ်သော သတ္တိရှိ၏။ သူ့နောက်သို့ပါပြီဆိုလျှင် ကြမ်းတမ်းခက်ထန် စောင်းမာန် ငြိုးထား စိတ်ဓာတ်ပျက်ပြားအောင်လည်း ညှဉ်းဆဲတတ်၏။

"မင်းသားတို့။ ။မိန်းမဟူသည် အိပ်မက်နှင့်တူ၏။ အကြောင်းမူကား ငြိမ်းအေး ချမ်းသာသယောင် အစစ်အမှန်မဟုတ်သော အကြောင်းတို့ဖြင့် လှည့်စားတတ်သည်။ မိန်းမဟူသည် လဆုတ်ပက္ခနှင့်တူ၏။ အကြောင်းမူကား လဆုတ်ပက္ခတွင် လမင်း သည် တစ်နေ့တခြား ဆုတ်ယုတ်ဘိသကဲ့သို့ မိန်းမအာရုံသို့ လိုက်ပါရခြင်းဟူသည် ကား ငြိမ်းချမ်းမှုမှန်သမျှ တစ်နေ့တခြား ဆုတ်ယုတ်ရခြင်း၏ အကြောင်းသာတည်း။ ထို့ကြောင့် မိန်းမအလိုသို့လိုက်ပါခြင်း၊ ကာမဂုဏ်ခံစားရခြင်းတည်းဟူသော မျက် လှည့်မှ ပြေပျောက်ကြကုန်လော့။ ကာမဂုဏ်အိပ်မက်မှ နိုးထကြကုန်လော့။ လဆုတ် ပက္ခမှ ထွက်မြောက်၍ အသိဉာဏ်ပွင့်လင်းမှုတည်းဟူသော လဆန်းပက္ခသို့ ကူး ပြောင်းကြကုန်လော့"

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ငြိမ်လှသော တောအုပ်တွင် တရားစာတ်ခံရှိပြီးသော ရဲဘော်သုံးကျိပ်တို့အဖို့ တရားရှင်၏ ထူးခြားလှသော တရား၊ ထူးခြားလှသော အသံတော်ဖြင့် အသည်းနှလုံးသို့ စူးဝင်သည်အထိ ကြားနာကြရသောအခါ အချို့မှာ ဟောဆဲခဏပင် အသိဉာဏ်ပွင့်၍ အမြင့်ဆုံးတရားအဆင့်သို့ ရောက်သွားကြသည်။ အချို့မှာ တရားဆုံးသည်နှင့် တစ်ပြိုင်နက် အေးငြိမ်းမှုသစ္စာပန်းခိုင်ကို လှမ်းကိုင်မိကြပြီး သာသနာတော်၏ အတွင်းသားဖြစ်ကြပေပြီ။ သူတို့အတွက် ငြိမ်းအေး၍ မိမိသာသနာတော်အတွက် အားထားလောက်သူများကို ရရှိလေပြီ။

သို့ဖြစ်၍ ရည်မှန်းတော်မူရင်းဖြစ်သော ကဿပရသေ့ညီနောင်တို့ထံသို့ ဒေသစာရီ ကြွချီရန်အတွက် ပျိုမျစ်သော်လည်း ငြိမ်ဝပ်လှစွာသော ဣန္ဒြေကိုယ်စီဖြင့် တရားအရသာ ခံယူလျက်ရနေကြသော မင်းသားများအား မဟာကရုဏာတော်မျက်လုံးဖြင့် လွှမ်းဖုံး၍ ကြည့်တော်မူပြီး ရသေ့ညီနောင်တို့ထံသို့ ခရီးဆန့်တော်မူသည်။

ယင်းသို့လျှင် တည်ထောင်တော်မူမည့် မိမိအနာဂတ် သာသနာတော် ဗိမာန်အတွက် အရေးပါလှသော သာဝတ္ထိ၏ မင်းသားသုံးကျိပ်တို့ဖြင့် ဘုရားရှင်အဖို့ ခိုင်ခံ့သော အုတ်ချပ်များကို ချမှတ်ပြီး ဖြစ်ခဲ့လေပြီ။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# စည်းရုံးရေးမှူး

[ ၁ ]

တစ်ကိုယ်တော်ချမ်းသာမှု၊ တစ်ကိုယ်ရေ လွတ်မြောက်မှုအတွက်ကိုသာဖြင့် နိဗ္ဗာန်တည်းဟူသော ဆုလာဘ်ကို ရယူဖို့ရန်မှာ အလွယ်ကလေးသာဖြစ်၏။ ဘဝ သံသရာတစ်လျှောက်၌ အကြိမ်ကြိမ်ရောက်လာ, ပွင့်လာသော နိဗ္ဗာန်ရွှေတံခါးကို လောကကောင်းကျိုး သယ်ပိုးလိုမှုတည်းဟူသော လောကတ္ထစရိယာ၊ ဘုရားအဖြစ်သို့ ရောက်မှုတည်းဟူသော ဗုဒ္ဓတ္ထစရိယာ ယင်းအကြောင်းနှစ်ပါးတည်းဟူသော အဓိဋ္ဌာန်ရွှေလက်ဖြင့် တားဆီး၍ထားခဲ့ရလေသည်။

သို့နှင့် ဘုရားဖြစ်လာသည့်အခါတွင် ဘဝတည်းဟူသော သားရဲတွင်းမှ သတ္တဝါ ဟိန္ဒူဂူ များဗိုလ်လူတို့ကို သယ်ယူရမည့်ကိစ္စကြီးတွင် မိမိတစ်ပါးတည်း အင်အားဖြင့် ခရီးရောက်သင့်သလောက် ရောက်လုမည်မဟုတ်သည်ကို သိလာရသည့်အတိုင်း ဘုရားဖြစ်ပြီးသည်နှင့် တစ်ပြိုင်နက် ကယ်ချွတ်သင့်သူကို ကယ်ချွတ်ခြင်းနှင့်အတူ အနာဂတ်သာသနာတော်အတွက် ငါးကြင်းဆီဖြင့် ငါးကြင်းသားကြော်သည်ဆိုသကဲ့သို့ တစ်ဖက်တွင်လည်း စည်းရုံးရေးသတိဖြင့် လုပ်ဆောင်တော်မူခဲ့ရပေသည်။

တစ်သံသရာလုံး ကြိုးပမ်းလာခဲ့ရသော ဘဝအမောကို ဖြေလျှော့သည့်အနေဖြင့် ဘုရားဖြစ်ပြီးနောက် ခုနစ်ရက်ခုနစ်လီ အနားယူခဲ့ရသော နောက်ဆုံး သတ္တာဟတွင် တွေ့ခဲ့ရသည့် ရာမညတိုင်းသား တဖုဿနှင့် ဘလ္လိကညီနောင်အား အပါယ် လွတ်မြောက်မှု ဒွေဝါစိက သရဏဂုဏ်ကို ပေးတော်မူနိုင်ခဲ့သည်။ ဥပကအား ကယ်ချွတ်မှုမှာ အတွင်းသားဖြစ်လာစေရန် အချိန်ကိုစောင့်ရပေဦးမည်။ သို့ဖြစ်၍ အနန္တဇိနတည်းဟူသော အသိစိတ်မြားဖြင့်သာ ဥပက၏ နှလုံးသားသို့ ပစ်သွင်းကာ မျက်နှာလွှဲခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားအားထုတ်မှုတွင် မိမိ၏ ရှေးဦးဆရာတစ်ဦးလည်းဖြစ်၊ တရားကျေးဇူးရှင်လည်းဖြစ်သော အာဠာရ,ရသေ့သည် အဟောကောင်း အပြောကောင်းဖြစ်သောကြောင့် အနာဂတ်သာသနာတော်အတွက် အားထားလောက်သော လက်ရုံးတပည့်ကြီး ဖြစ်နိုင်၏။ သို့ဖြစ်၍ အာဠာရကို စည်းရုံးသိမ်းသွင်းရန် ကြံစည်လိုက်သောအခါ မိမိ ဘုရားမဖြစ်မီကလေးပင် အာဠာရ,ရသေ့ ကွယ်လွန်ခဲ့ရှာပြီကို သိရသည့်အတွက် တရားကျေးဇူးပင် မဆပ်လိုက်ရသောကြောင့် ရွှေရင်တော်ကို မ,ကိုင်လိုက်မိသည်အထိ ကရုဏာသက်လိုက်ရသည်။ အလားတူပင် အခြားတရားဆရာတစ်ဦးဖြစ်ခဲ့ဖူးသော ဥဒကရသေ့သည်လည်း မိမိဘုရားမဖြစ်မီကလေးတွင်ပင် ကွယ်လွန်ခဲ့ရပြီးဖြစ်ကြောင်း သိရှိရပြန်သည်။

ပဉ္စဝဂ္ဂီတို့အတွက်ကား အထူးဆောင်ရွက်ဖွယ်မလို။ နှစ်,လရှည်ကြာ အတူနေပြီးဖြစ်၍ ရင်းနှီးအကြောင်းသိပြီးသော သပိတ်ဝင် အိတ်ဝင် စည်းရုံးရေးသမားများဖြစ်လာကြသည်။ ယသသူဌေး သားအဖနှင့် အသိုက်အဝန်းများ၊ ဘဒ္ဒဝဂ္ဂီ မင်းသားညီနောင်သုံးကျိပ် စသည်ဖြင့် သာသနာ့စည်းရုံးရေးမှူး အင်အားများ တိုးတက်လာခဲ့သည်လည်း မှန်ပါ၏။ သို့ရာတွင် အနည်းဆုံးအားဖြင့် မဇ္ဈိမနိုင်ငံအလုံးအတွက် သာသနာ့စည်းရုံးရေး ပြန့်ကျယ်ဖို့ရန်မှာ အင်အားနည်းလွန်းနေပေသေးသည်။

သို့နှင့် ဘဒ္ဒဝဂ္ဂီညီနောင်တို့အား ကယ်ချွန်အပြီးတွင် ရှေးမဆွကပင် အနာဂတ်သာသနာတော်အတွက် ကြီးစွာသောရည်မှန်းချက်ဖြင့် ကြိုတင်ပြင်ဆင်ထားခဲ့သော ကိစ္စကြီးနှစ်ရပ်ကို စတင်ဆောင်ရွက်ရန် ဥရုဝေလ၏ ဂယာမြစ်ဆီသို့ ခရီးဦးတည်ခဲ့ရ၏။

ဘုရားမဖြစ်မီ ရာဇဂြိုဟ်သို့ ဆွမ်းခံဝင်ခဲ့သည်မှာ စည်းရုံးရေးရည်မှန်းချက်ဖြင့် လုပ်ဆောင်ခဲ့ခြင်းပင် ဖြစ်ပေ၏။ မိမိ၏သာသနာ့လုပ်ငန်းများသည် ပြည်သူလူထုအတွင်းသို့ နက်ရှိုင်းစွာ စူးဝင်ဖို့ရန်၌ မဇ္ဈိမ၏ ကြီးမားသော နိုင်ငံတစ်ခုဖြစ်သော ရာဇဂြိုဟ်ကို ဦးကျိုးစေဖို့လိုသည်။ ရည်မှန်းချက်အတိုင်းလည်း စည်းရုံးရေးလုပ်ငန်းအောင်မြင်ခဲ့ပေသည်။ အကြောင်းမှာ ရာဇဂြိုဟ်သို့ ဆွမ်းခံဝင်ရာတွင် ဘုရင်ကိုယ်တိုင်နှင့် တွေ့ရှိရကာ ဘုရားဖြစ်လျှင် မိမိနိုင်ငံသို့ ဦးစားပေး ကြွရောက်ပါရန် လျှောက်ထားခဲ့သည်။ မိမိကလည်း ဆိတ်ဆိတ်နေ၍ ပဋိညာဉ်ပေးခဲ့သည်။

လူမှုရေးအရကြည့်လျှင် မိမိသည် ဘုရားဖြစ်ပြီးသည်နှင့် တစ်ပြိုင်နက် နှစ်,လ များစွာ ခွဲခွာနေရသဖြင့် ပရိဒေဝနှင့် တမ်းတမှု ရှေ့ပူအိုင်တွင် နစ်မွန်းလျက်ရှိကြ

www.burmeseclassic.com

www.burmeseclassic.com



သော အိုမင်းမစွမ်း ခမည်းတော်ကြီးနှင့် ဆွေတော်မျိုးတော်တို့ထံ ရှေးဦးစွာ ရောက်သင့်သည်မှန်ပါ၏။ သို့ရာတွင် ကိုယ်ရေးကိုယ်တာထက် သာသနာတော် အရေးကိုသာ ဦးစားပေးရမည်ဖြစ်လေရာ ကပိလဝတ်ထက် ရာဇဂြိုဟ်ကို ဦးစားပေး ခဲ့လေသည်။ ဤကား စည်းရုံးရေး ရည်မှန်းချက်ကြီးတစ်ချက် ဖြစ်ပေ၏။

ဒုတိယရည်မှန်းချက်ကား ဥရုဝေလ၏ သာသယာသော မြစ်ဆိပ်များတွင် တည်ထောင်ထားခဲ့သော ကဿပညီနောင် ရသေ့တို့၏ တရားဂိုဏ်းကြီးကို ဖြိုဖျက် သိမ်းသွင်းရန် ဖြစ်ပေသည်။ ရာဇဂြိုဟ်တွင် ဤရသေ့ညီနောင်ဂိုဏ်း၏ အင်အား သည် ကြီးမားလှ၏။ ရာဇဂြိုဟ်ကို အမှီပြုသော ဥရုဝေလတော၏ ရသေ့ဂိုဏ်း ရသေ့ဆရာ များစွာအနက် ကဿပညီနောင်ဂိုဏ်းသည် ထင်ရှား၏။ ရာဇဂြိုဟ်ပြည် ၏ အရေးပါသော မင်းပိုင်း စိုးပိုင်း ပညာရှိပိုင်း မျက်နှာကြီးအသိုင်းအဝိုင်းတို့ ကိုးကွယ်သည်အထိ ဂိုဏ်းအရှိန်မြင့်သည်။

သို့ဖြစ်၍ ယင်းကဿပညီနောင်ဂိုဏ်းကို စည်းရုံးနိုင်လျှင် မိမိသာသနာသည် နေအရဏ်တွင် ပွင့်လာသော ကြာပန်းကဲ့သို့ ရာဇဂြိုဟ်တွင် လန်းလန်းစွင့်စွင့် ရှိမည်ဟု ရည်မှန်းချက်ရှိခဲ့သည်။ ရှိသည့်အတိုင်းလည်း ဥရုဝေလတွင် ခြောက်နှစ် တိုင်တိုင် တရားကျင့်သုံးခဲ့ရာ၌ ရံဖန်ရံခါတွင် ကဿပညီနောင်တို့အတွက် အစ်ကို အကြီးဆုံးဖြစ်သော ဥရုဝေလကဿပထံသို့ ရောက်ရှိကာ တရားသမားချင်း မျက် မှန်းတန်း အကျွမ်းဝင်အောင်ပြု၍ ထားခဲ့သည်။

"ဥရုဝေလ"ဟူသော တော၏အမည်ပင်လျှင် ဤကဿပ ရသေ့ဂိုဏ်းကြီးကို အမှီပြု၍ ခေါ်တွင်လာသည်ဟု အဆိုရှိသည်။ အကြောင်းမှုကား ဥရုဝေလဂိုဏ်းသည် နှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သော ဂိုဏ်းကြီးဖြစ်ပေသည်။

ယနေ့အချိန်တွင်မူ ဥရုဝေလကဿပအမည်ခံ အစ်ကိုရသေ့ကြီးက ဦးစီး၍ ဥရုဝေလကဿပထံတွင် ရသေ့အပါး ၅၀၀၊ သူတို့အောက်နား အကြေမြစ်ဆိပ်တွင် ညီလတ် နဒီကဿပဦးစီးသော ရသေ့အပါး ၃၀၀၊ သူ့အောက်နားတွင် ညီငယ် ဂယာကဿပဦးစီးသော ရသေ့အပါး ၂၀၀၊ စုစုပေါင်း ရသေ့တစ်ထောင်ရှိသော ဂိုဏ်းကြီးဖြစ်သည်။

ဘုရားရှင်သည် ဤရသေ့များအား ရှေးမဆွကပင် တရားနှလုံးပိုင်ရှင်များအဖြစ် သိရှိခဲ့ပြီးဖြစ်၏။ ဤရသေ့များသည် အစဉ်အလာစွဲကြောင့် တရားလမ်းလွဲ၍နေကြ သေးစေကာမူ တရားစစ် တရားမှန်ကို ရန်လိုမှုတည်းဟူသော အမြဲတေစိတ်ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



သည် ဣရသေ့တို့၏ နှလုံးသားအောက်လွှာတွင် ရှိနေသည်ကို အကဲဖြတ်မိပြီးသော ကြောင့် ဖြစ်သည်။ ထို့ကြောင့် မိမိဘုရားဖြစ်လာသည့်အခါ၌ ဣရသေ့များ သံသရာဒုက္ခမှ ကျွတ်လွတ်စေမှုတည်းဟူသော သူ့အကျိုး၊ မိမိအနာဂတ် သာသနာ တော်အတွက် စည်းရုံးစည်ပင်စေမှုတည်းဟူသော ကိုယ့်အကျိုးအတွက် ကယ်ချွတ် မည်ဟူ၍ ရည်မှန်းချက်ထားရှိခဲ့ပေသည်။

"ခက်သည်မှာကား တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော တရားမှန်၏ ဆန့်ကျင် ဘက် သုံးမျိုးရှိရာ၌ တရားစစ် တရားမှန်ကို ရယူလိုမှုတည်းဟူသော ဣရသေ့များ ၏ အမြုတေနှလုံးသားအပေါ်တွင် ဖိ၍ထားအပ်သော အစဉ်အလာစွဲ သည်းထန် ကြီးမားမှု ဒိဋ္ဌိ၊ အောင်မြင်သောတရားဂိုဏ်းကြီးဖြစ်သည့်အတိုင်း ငါတို့သာအမှန်၊ ငါတို့သာ ရဟန္တာဟူသော မာနဖြင့် တရားလွဲ ငါစွဲ အယူအစွဲ ကြီးမားနေခြင်း ပင် ဖြစ်ပေသည်။ ထို့ကြောင့် ဣရသေ့များကို ကယ်ချွတ်ဖို့ရာ၌ ပဉ္စဝဂ္ဂီတို့လို၊ ဘဒ္ဒဝဂ္ဂီတို့လို တရားတစ်ကွက် အမြင်တစ်ချက် ထွန်းပြရုံလောက်မျှဖြင့် မအောင် မြင်နိုင်၊ သူတို့၏ နှလုံးသားကို တူးဖြိုသောနည်းမျိုးစုံဖြင့်သာ သည်းခံ၍ စည်းရုံး ရပေတော့မည်ဟု ဆုံးဖြတ်တော်မူလိုက်ရသည်။

[ ၂ ]

တန်ခိုးအလုပ်ဆိုသည်မှာ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကိုအပထား၍ လွတ်မြောက် ပြီးသော ဘက်စုံတရားရှင်များအဖို့ပင်လျှင် အသေးအမွှားကိစ္စမျှ ဖြစ်ပေ၏။ တန်ခိုး သည် တရားကြောင့် ရရောက်လာသော တရားရှင်၏ အရည်အသွေး လာဘ်လာဘ တစ်ခုဖြစ်သော်လည်း တရားရှင်အဖို့ အကျိုးသက်ရောက်မှုမရှိလှ။ တန်ခိုးသည် အသုံးမတည့်လျှင် သို့မဟုတ် မှန်ကန်စွာ အသုံးမပြုတတ်လျှင် တရားရှင်အဖို့ အကျိုးထက် အပြစ်ပင် ဖြစ်နိုင်ပေသေး၏။ သို့ဖြစ်၍ ဘုရားရှင်သည် ဘုရားမဖြစ်မီ အာဠာရနှင့် ဥဒကရသေ့တို့ထံ နည်းခံစဉ်ကပင် အဆင့်ဆင့် ရရှိရောက်လာသော တန်ခိုးလုပ်ငန်းများကို ယဲ့ယဲ့သောအပြုံးမျှဖြင့် လျစ်လျူရှုထားခဲ့ပေသည်။

တန်ခိုး၏ အခြေခံဖြစ်သော သမထလုပ်ငန်းကို အာဠာရနှင့် ဥဒကရသေ့တို့ထံ လမ်းကုန်အောင် နည်းခံပြီးစဉ်ကပင် တန်ခိုးကိစ္စသည် ပြီးစီးခဲ့ပြီးဖြစ်၏။ တရား မှန်သမျှတို့၏ အထွတ်အထိပ်တည်းဟူသော သစ္စာတရားဖြင့် ဘုရားအဖြစ်သို့ ရောက်သော် အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အတ္တနယ်မှ မလွတ်မြောက်သေးသူမှန်သမျှသည် တန်ခိုးကို အထင်ကြီးမြဲဖြစ်၏။ တန်ခိုးသမားကို အထင်ကြီးသည်။ တန်ခိုးရအောင်ရှာသည်။ မဇ္ဈိမနိုင်ငံ အားလုံးသည် တန်ခိုးကို အထင်ကြီးမားလှသူများ ဖြစ်၏။ အကြောင်းမူကား မဇ္ဈိမသည် အတ္တဝါဒီ ထွန်းကားကြီးစိုးရာဒေသဖြစ်၏။ အတ္တဝါဒီတို့၏ ထိပ်သီးအဖွဲ့တစ်ဖွဲ့ဖြစ်သော ဤရသေ့ညီနောင်ဂိုဏ်းကြီးသည်လည်း တန်ခိုးကို အထင်ကြီးလှသူများ ဖြစ်ကြသည်။ သို့ဖြစ်လေရာ အစဉ်အလာစွဲဖြင့် မာနသိပ်သည်းလျက်ရှိသော ဤရသေ့များအား ဖြိုဖျက်ကယ်ချွတ်ဖို့ရန်မှာ အသုံးမပြုလိုလှသော်လည်း အသုံးပြုရတော့မည့် တန်ခိုးတည်းဟူသော လက်နက်သာဖြစ်သည်ဟု ဆုံးဖြတ်တော်မူလိုက်ရသည်။

သို့ဖြစ်၍ အချိန်အခါကို တွက်ချက်ချိန်ဆပြီး ဉရုဝေလကဿပ ရသေ့ကြီး၏ထံသို့ ညဥ့်ဦးပိုင်းအချိန်တွင် ချဉ်းကပ်ခဲ့ရာ၌ ရသေ့ကြီးက “သြော်…သိဒ္ဓတ္ထပါတကား၊ ဘယ်ကလာ၍ ဘယ်ကိုသွားမှာတုံး၊ အချိန် ညဥ့်နက်လှပြီကော”ဟု ပဋိသန္ထာရပြုသည်။

ရသေ့တို့သည် ဘုရားရှင်ကို ရှေးမဆွကပင် လေးစားခဲ့ပြီးဖြစ်သည်။ အကြောင်းမှာ ဘုရားရှင်အား ထီးနန်းစည်းစိမ်ကို စွန့်ပစ်ခဲ့သော မင်းသားတစ်ပါးဟု သိသည့်အပြင် ဘုရားရှင်၏ နှုတ်ပျိုလန်းဆတ်သော တန်းမြင့်အဆင်းနှင့် ပြေပြစ်သောဆက်ဆံမှုကို ထိတွေ့ခဲ့ကြရသောကြောင့် ဖြစ်သည်။

“သင်တို့ကဲ့သို့ပင် မြစ်ဆိပ်ကိုနှစ်သက်သောကြောင့် သင်တို့နှင့်အတူနေလို၍ လာခဲ့ပေသည် ဉရုဝေလ၊ တာဝန်မကြီးလျှင် ငါ့အား နေရာတစ်ခုပေးပါဘိ”

မမျှော်လင့်သောစကားကြောင့် ကဿပကြီးက ဘုရားရှင်အား ဖျတ်ခနဲ မော်၍ကြည့်လိုက်သည်။ သူ့အသိုင်းအဝိုင်းတွင် ဘုရားရှင်အား လက်ခံနိုင်ဖို့ခက်သည်။ အကြောင်းမှာ သူ့ဂိုဏ်းတွင် ပြင်ပပုဂ္ဂိုလ်တစ်ယောက်အား သာမန်အားဖြင့် လက်မခံနိုင်သော စည်းကမ်းများ ရှိနေသည်။ လက်ခံနိုင်သည်ဆိုဦးတော့ မင်းသားချောတစ်ပါးဖြစ်သောကြောင့် သူ့ကို လွှမ်းသွားမှာစိုးသည်။

သို့ရာတွင် နူးညံ့ပြေပြစ်လှသော ဤလူငယ် မင်းသားလေးအပေါ်၌ ငြိမှန်းမသိငြိတွယ်နေသော သံယောဇဉ်ကလေးကလည်း မသိမသာရှိနေခဲ့သည် ဖြစ်ပေရာလုံးလုံးကြီးလည်း မငြင်းပယ်လို၊ ညဥ့်အချိန်မတော်လည်း ဖြစ်နေသဖြင့် လက်ခံရာလည်း မရောက်၊ ငြင်းပယ်ရာလည်း မကျလေအောင် “ငါတို့ဆီမှာတော့ နေရာ

www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ မရှိပေဘူး ရဟန်းလေး။ သင်နေလိုခဲ့သော် တင်းကုပ်ဟောင်းတစ်ခုတော့ ဟောဟိုအောက် ချိုင့်နားမှာရှိပေသည်။ သို့သော် ဤတင်းကုပ်တွင် နဂါးတစ်ကောင်တော့ ရှိနေပေသည်။ ထိုနဂါး၏ရန်ကို သတိထားဖို့လိုသည်"ဟု ပြောလိုက်သည်။

"နဂါးအတွက် ကိစ္စမရှိပါဘူး ဥရုဝေလ။ ။နေရာပေးသည်ကိုပင် ဝမ်းမြောက်လှပါပြီ။ ငါ့ကို သွားခွင့်ပြုပါတော့"

အောက်ချိုင့်နားတွင်ရှိနေသည့် တင်းကုပ်ဟောင်းဆီသို့ ဘုရားရှင် ထွက်လာခဲ့သည့်အခါတွင် ကဿပသည် ဦးခေါင်းကို လက်ဖြင့်ပွတ်ရင်း မကျေမလည်ဖြင့် ကျန်ရစ်ခဲ့ရ၏။ အကြောင်းမှာ နဂါးအန္တရာယ်ကြောင့် တင်းကုပ်တွင် ဤရဟန်းလေး မနေပေဘူးဟု မျှော်လင့်ခဲ့ရာတွင် နေမည်ဟု တင်းကုပ်ဆီသို့ ထွက်သွားသောကြောင့်ဖြစ်၏။ ဘုရားရှင်အပေါ်၌ သံယောဇဉ်မကင်းသော ဥရုဝေလ၏စိတ်တွင် သဘောကောင်းကောင်း အရွယ်ငယ်ငယ် ဤရဟန်းလေးအား နဂါးအန္တရာယ်ကြောင့် ကွယ်လွန်သွားမည်ကို စိုးမိရှာသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။

ဘုရားရှင်အဖို့မူ မိမိထင်မြင် ပြင်ဆင်ခဲ့သည့်အတိုင်း ဖြစ်လာသဖြင့် ဝမ်းမြောက်ရသည်။ အကြောင်းမှာ တောတောင်လျှိုမြောင် ထူထပ်သဖြင့် မြွေပေါသော ဤမဇ္ဈိမတိုင်းသားတို့သည် မြွေကို ကြောက်ရွံ့ကြသည်။ မြွေကို အထင်ကြီးကြသည်။ အချို့က မြွေကို တစ်ဆောင်တစ်ယောင်ပင် ကိုးကွယ်ကြသည်။ ယင်းအထွေ့အသက် မကင်းသော ကဿပတို့လည်း ဝပ်ကျင်းကောင်းသမြင့် မှီခိုလာသော ဤမြွေကို မသိမသာ ကိုးကွယ်ချီးပင့်ထားကြသူများဖြစ်ပေရာ ဤမြွေနှင့် ရင်ဆိုင်ရမည့်အခွင့် ကြုံလာသောကြောင့်ဖြစ်၏။

ဤမြွေကလည်း လေးစားလောက်အောင် အဟန့်ကြီးသည်။ အကောင်အထည်ကြီးသည်။ ခန့်ထည်သောအသွင်ကိုဆောင်သည်။ ထို့ကြောင့် ကဿပတို့က နဂါးဟုပင်ဆိုသည်။ သို့ရာတွင် အဟိတ်တိရစ္ဆာန်မျှဖြစ်သော ဤမြွေသည် ဘုရားရှင်၏ တေဇောကသိုဏ်းတည်းဟူသော သမထတန်ခိုးလက်နက်၊ မဟာကရုဏာတော်လက်နက်အောက်တွင် အဆိပ်မဲ့သော မြက်လျှော်လေးတစ်ကောင်ကဲ့သို့ ပြားပြားဝပ်ရတော့သည်။

နောက်နေ့နံနက်တွင် ကဿပတို့၏ ပထမဆုံးအလုပ်မှာ ရဟန်းကလေးသည် ရုပ်ကလေးက ချောပါဘိနှင့် နဂါးအန္တရာယ်ကြောင့် အသက်မှရှိပါသေး၏လောဟု စောကြောစုံစမ်းရန် ဘုရားရှိရာ တင်းကုပ်သို့ စုဝေးရောက်လာကြခြင်းပင် ဖြစ်ပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘုရားရှင်ကို အဆင်သင့်တွေ့ရုံမျှမက လူတို့မျက်မှောက်မှာပင် တန်ခိုးမျက်လှည့်ဖြင့် သပိတ်တွင်းသို့ထည့်ထားသော သူတို့မြွေကို ဖွင့်ပြလိုက်သောအခါ ကဿပကြီးနှင့်တကွ ရသေ့အားလုံးပင် ရင်သပ်ရှုမော အံ့ဩကုန်ကြသည်။

အကျိုးကား သူတို့ထံတွင် လက်ခံဖို့ ခက်ခဲခဲ့သော ခေါင်းဆောင် ဥရုဝေလရသေ့ကြီးကိုယ်တိုင်က ဘုရားရှင်အား ဤတင်းကုပ်တွင် အလိုရှိသလောက်နေဖို့ အကြောင်းနှင့် အချိန်တန်လျှင် သူတို့ခံလာ ရလာသော ဆွမ်းကို အဆင်သင့် ကြွရောက်ဘုဉ်းပေးဖို့အကြောင်း ပင့်ဖိတ်လာခြင်းပင် ဖြစ်သည်။

သို့ရာတွင် မိမိတို့ထက်သာသည်ကို အသာမခံနိုင်သော ကြီးမြင့်သူတို့၏ မာနအခိုးဖြင့် ကဿပကြီးက ချီးမွမ်းခြေကျောက် ဆိုသကဲ့သို့ စကားတစ်လုံးတော့ ပြောလိုက်ပေသေးသည်။ ထိုစကားကား "ရဟန်းလေး တန်ခိုးတော့ ကြီးပါပေရဲ့ ငါတို့ကဲ့သို့ ရဟန္တာမဟုတ်ရုံ တစ်မယ်ပဲ"ဟူ၏။

ထိုစကားကြောင့် ဘုရားရှင်အဖို့ ကဿပတို့အပေါ်တွင် သည်းခံကယ်ချွတ်ရဦးမည့် အလားအလာကို မြင်တော်မူသဖြင့် မျက်ဝန်းကလေးလှုပ်ရုံမျှ ပြုံးတော်မူလိုက်ရသည်။ အကြောင်းမှာ ကဿပတို့၏ အယူစွဲ, ဂိုဏ်းစွဲမာန၊ ပညာမာနသည် ကြီးမားလှပေရာ ကြီးမားသော ယင်းမာနကို မကျိုးမချင်း အချိန်အတန်ကြာ အကြိမ်ဖန်တစ်ရာ တိုက်ဖျက်ကယ်ချွတ်ရပေဦးမည်ဟု သိလိုက်ရသောကြောင့် ဖြစ်သည်။

မှန်၏။ ဥရုဝေလတို့အား ကယ်ချွတ်ရာ၌ ဘုရားရှင်သည် မိမိ၏ ဗုဒ္ဓုပ္ပတ္တိ တစ်သက်တာလုံးတွင် အချိန်အားဖြင့်လည်း အကြာမြင့်ဆုံးယူခဲ့ရ၏။ ကယ်ချွတ်မှု၊ တန်ခိုးပြမှု အကြိမ်အားဖြင့်ဆိုလျှင်မူ အကြိမ်ပေါင်း ထောင့်ငါးရာနှင့် ခြောက်ကြိမ်မျှအထိပင် ရှိခဲ့ပေသည်။

ဘုရားရှင်၏ ကယ်ချွတ်မှုများနှင့် ပတ်သက်၍ ဗုဒ္ဓသာသနာတော်တွင် ခက်ခဲသော ကယ်ချွတ်မှု ရှစ်ကြိမ် အောင်ခြင်းရှစ်ပါးဟု အသိအမှတ်ပြုထားသည်။ ယင်းကယ်ချွတ်မှုများသည် နာဠာဂီရိတို့လို အလွန်ကြမ်းတမ်းသော အဟိတ်တိရစ္ဆာန် ဆင်ဆိုးကြီးမျိုးကိုပင် ယဉ်ပါးစေခဲ့သောကြောင့် ခက်ခဲကြသည်မှန်ပါ၏။ သို့ရာတွင် အကြိမ်အား အချိန်အားဖြင့်မူ ဥရုဝေလတို့လောက် မများပြား မကြာရှည်ခဲ့ပေ။

သို့ရာတွင် ဘုရားရှင်အဖို့ အတွက်မရှိပါ။ အကြောင်းမှာ အရေအတွက်များပြားသော ဥရုဝေလတို့အား ဂိုဏ်းလုံးကျွတ် မျှော်လင့်ထားသည့်အပြင် သူတို့

www.burmeseclassic.com



ပြီးလျှင် ရာဇဂြိုဟ်သည်လည်း အလိုအလျောက် သာသနာတော်အောက်သို့ ရောက်ရှိလာမည်ကို သိရှိခဲ့သောကြောင့် ဖြစ်သည်။

အခြားအကြောင်းတစ်ရပ်လည်း ရှိပေသေး၏။ ယင်းအကြောင်းကား ပြကတိအားဖြင့် ရေမြေတောတောင်ကို နှစ်သက်သော ဘုရားရှင်အဖို့ တရားအားထုတ်မှုကြောင့် ခြောက်နှစ်ကျော်တိုင်တိုင် ပင်ပန်းနွမ်းနယ်တော်မူခဲ့ရာတွင် အနာဂတ်သာသနာတော်အတွက် အားမွေးရင်း နှစ်သက်ဖွယ်ကောင်းသော ဤကဿပတို့နှင့်အတူ ဥရုဝေလမြစ်ဆိပ်တွင် ချွေးသိပ်နားနေတော်မူလိုသေးသည့် အကြောင်းရပ်ပင် ဖြစ်ပေသည်။

ဥရုဝေလတို့အား ယင်းသို့ ကယ်ချွတ်ခဲ့သည့် တန်ခိုးပြာဋိဟာပေါင်း မြောက်မြားစွာတို့အနက် သူတို့အထင်ကြီးလှစွာသော နတ်ဗြဟ္မာတို့ဆိုင်ရာ အကြောင်းရပ်များစွာအပြင် အခြားအံ့ဘနန်း အကြောင်းရပ်များစွာ ပါဝင်၏။ ယင်းသို့ ကယ်ချွတ်မှုများကြောင်း တန်ခိုးတစ်ကြိမ်လျှင် သူတို့၏ မာနအရှိန် တစ်ဖွဲ့မျှပွဲ၍ကျကာ ဘုရားရှင်အား ဦးခေါင်းမော်၍မျှ မကြည့်ဝံ့ကြတော့လောက်အောင် ချိုးနှိမ်လာသည်လည်း မှန်ပါ၏။ သို့ရာတွင် ငါတို့သာ ရဟန္တာဟူသော မာနအကြိတ်အခဲမှာကား တင်းခံလျက်ပင် ရှိနေသေးသည်။

ယင်းတန်ခိုးပြာဋိဟာများအနက် သုံးခုသောအကြောင်းရပ်များကိုတော့ ဖော်ပြလိုသည်။ တစ်ခုမှာ ကြားရသူ မြင်ရသူတို့အဖို့ ပြုံးစရာ ပျော်စရာကောင်း၍ နောက်တစ်ခုမှာ မမြင်ရ မကြားရသော စိတ်ဓာတ်ရေးရာနှင့် သက်ဆိုင်သည်။ ကျန်တစ်ခုကား သူတို့အား ကျွတ်တမ်းဝင်စေခဲ့သော နောက်ဆုံးပြာဋိဟာဖြစ်ပေသည်။

[ ၃ ]

တောတောင် ရေမြေတို့ သိပ်သည်း၍ ဥတု ရာသီ အခြေခံမမျှသော မဇ္ဈိမတိုင်းသည် နှစ်စဉ်လိုလို ဆိုးရွားကြီးမားသော မိုးကြီးများ ရွာချတတ်၏။ မိုးရာသီမဟုတ်ဘဲနှင့် ရေကြီးလာတတ်၏။ ထိုအခါမျိုးတွင် မြေ၏သားပျို၊ လဟာပြင်၏သားပျို သမီးပျိုများဖြစ်ကြသော ရသေ့ရဟန်းနှင့် ဆင်းရဲသားများအဖို့ ဒုက္ခပင်လယ်ဝေကြရတတ်သည်။

ဘုရားရှင်အဖို့ ယခု ဥရုဝေလမြစ်ဆိပ်၌ ချွေးသိပ်နေခိုက် ယင်းသို့ မိုးဒုက္ခအဖြစ်ကြီးမျိုးနှင့် နှစ်ကြိမ်ကြုံခဲ့ရသည်။ တစ်ကြိမ်တွင် မိုးကြီးကြောင့် ဗြဟ္မာအား

www.burmeseclassic.com

www.burmeseclassic.com



သူတို့ မီးပူဇော်နေကျ မီးဖိုများ စိုရွဲကုန်သည်။ ထင်းများလည်း စိုရွဲကုန်သည်။ မီးမပြတ်အောင် ဖိုထားသော မီးဖိုအားလုံး ငြိမ်းကုန်သည်။

ဤကိစ္စသည် ဥရုဝေလတို့အဖို့ အရေးကြီးလှ၏။ အကြောင်းမှာ ဗြဟ္မာအား မပြတ်သောမီးဖြင့် ပူဇော်ရခြင်းသည် သူတို့တရား သူတို့အလုပ်တွင် လွှဲရှောင်မရသော နိဗဒ္ဓဝတ်ဖြစ်သည်။ ထို့ကြောင့် ရသေ့အားလုံးသည် ချက်ချင်းပင် ကွယ်လွန်သွားရတော့မလောက် အရေးကြီးကာ ပျာယာခတ်ကုန်ကြသည်။

စိုနေသောမီးဖိုတွင် မီးလောင်စေသော မီးသိမီးပွတ် ပစ္စည်းများဖြင့် အတင်းမွှေကြသည်။ စိုသောထင်းတုံးများအလယ်တွင် ထင်းခြောက်ကလေးများ ရစကောင်းစေဖြင့် ထင်းစိုတုံးများကို အတင်းခွဲကြသည်။ နတ်ဗြဟ္မာတို့ထံမှ ထင်းမီးမပြတ်စေမှု အကူအညီ ရစကောင်းစေဖြင့် ဂါထာမန္တန်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ သို့ရာတွင် မီးတောက်စေဖို့ အပထား၍ စိုသောထင်းတုံးများကိုပင် ကွဲအက်လာစေဖို့ မတတ်နိုင်အောင် ဖြစ်နေကြသည်ကို ဘုရားရှင်အဖို့ တစ်ထောင့်တစ်နားမှ ထိုင်ရင်း မြင်နေရ၏။ ရသေ့တို့အဖို့ ထင်းမီးကိစ္စကြောင့် စိုးရွံတတ်သောရာသီအောက်တွင်ပင် ချွေးပြန်နေကြသည်ကို တွေ့နေရသည်။

"ဥရုဝေလ။ ။မီးထင်းကိစ္စ သင်တို့မတတ်နိုင်လျှင် ငါ့တာဝန်ရှိပါစေ"

ဘုရားရှင်ထံမှ မမျှော်လင့်သောအသံကြောင့် ရသေ့များ အံ့အားသင့်ကာ ဘုရားရှင်သို့ ငေးစိုက်ကြည့်နေခိုက် ဘုရားရှင်က ထင်းများကွဲစေသတည်း၊ မီးတောက်စေသတည်းဟု မိဋ္ဌာန်လိုက်ကာမျှဖြင့် သူတို့မီးဖိုအသီးသီးတွင် မီးတောက်မီးလျှံများ အဆင်သင့်ဖြစ်လာသည်ကို မြင်တွေ့ရသောအခါ ယခင်အကြိမ်များကဲ့သို့ပင် အံ့သြဘနန်းနှင့် ဘုရားရှင်အား မဝံ့မရဲကြည့်ကြရင်း "တန်ခိုးကတော့ တကယ်ပဲ ကြီးပါပေရဲ့၊ ငါတို့လို ရဟန္တာဖြစ်ဖို့အဆင့်ပဲ လိုတော့တယ်တမင့်"ဟု ပြောမြဲစကားကို ပြောလိုက်ချေသေးသည်။

[ ၄ ]

ထိုရက်ပိုင်းအတွင်းက ဥရုဝေလရသေ့ကြီးအဖို့ ဗျာပါဒများလျက် ရှိရချေသည်။ အကြောင်းမှာ လာတော့မည့် ရက်ပိုင်းအတွင်း၌ မိမိတို့ဂိုဏ်းအား ရာဇဂြိုဟ်ပြည်သူပြည်သားများက လာဘ်လာဘမျိုးစုံတို့ဖြင့် ခင်းကျင်းပူဇော်မည့် ပွဲတော်ကြီးရက်သို့ ဆိုက်ရောက်လာတော့မည်ဖြစ်ရာ ယင်းပွဲတော်ရက်တွင် ချောသော လှသော အမျိုး

www.burmeseclassic.com

www.burmeseclassic.com



မြတ်သော တန်ခိုးကြီးသော သိဒ္ဓတ္ထရဟန်းရှိနေပါက မိမိ၏ဒါယကာ ဒါယိကာမများသည် သိဒ္ဓတ္ထဆီသို့ ယိမ်းယိုင်သွားပေမည်ကို စိုးရိမ်သော ကုလမစ္ဆေရ ဖြောင့်စူးနေသည့် သဘောထားကြောင့် ဖြစ်ပေသည်။

ပုထုဇဉ်တို့သဘာဝ စိုးရိမ်လောက်စရာလည်း ဖြစ်ပါပေ၏။ အကြောင်းမှာ ရာဇဂြိုဟ်ပြည်၏ ထိပ်သီး ဗိမ္ဗိသာရဘုရင်ကိုယ်တိုင်ပင်လျှင် သိဒ္ဓတ္ထအား ခ,ရမ်းကိုးကွယ်လိုက်သည်ကို သိရှိကြပြီးသောကြောင့် ဖြစ်သည်။ သို့ရာတွင် ပွဲတော်ရက် ရောက်လာသောနေ့၌ ဘုရားရှင်မှာ နံနက်စောစောမှသည် နေကုန်သည်အထိ ခါတိုင်းလို သူတို့ဆီလည်းမရောက်လာ၊ ကျောင်းသခ်မ်းတွင် မရှိသည်ကိုလည်း သိရသောကြောင့် စိုးရိမ်စိတ် ပပျောက်ရသည်။

ပြောရန်ရှိသည်ကား ဥရုဝေလ၏ စိုးရိမ်စိတ်ကိုသိ၍ ထိုနေ့က တခြားအရပ်သို့ ဘုရားရှင် ရှောင်ထွက်တော်မူရာ၌ သာမန်ရှောင်ဖယ်ပေးရုံမျှမဟုတ်ဘဲ အနာဂတ်သာသနာတော်တွင် တပည့်ရဟန်းတို့ ကြက်သီးထခမန်း မှတ်တမ်းတင် သိမှတ်လိုက်နာဖွယ်ရာ ရဟန်းကိစ္စကြီးတစ်ရပ်ကိုလည်း ဆောင်ရွက်တော်မူခဲ့ပေသည်။

ဆောင်ရွက်ဟန်ကား...ဘုရားရဟန္တာတို့၏ အရိယာဝံသထုံးကို နှလုံးမူ၍ သေနနိဂုံး သုသာန်တွင် စွန့်ပစ်၍ထားအပ်သော ကျွန်မတစ်ဦး၏ ရုပ်အလောင်းမှ လောက်ကောင်တွေ တထွေးထွေး တဖွားဖွားနှင့် ရှိနေသော လူသေဝတ် အဝတ်ကြမ်း အဝတ်ဟောင်းကြီးကို ပံ့သကူသင်္ကန်းတော်အဖြစ် ဝတ်ရုံတော်မူရန် ကိုယ်တော်တိုင် ခွာယူကောက်တော်မူရုံမျှမက ကိုယ်တော်တိုင်လျှော်ဖွပ်၊ ကိုယ်တော်တိုင် နေလှန်းချုပ်လုပ်သည်အထိ ပြီးစီးခဲ့ပေသည်။

ဘုရားရှင်၏ ယင်းဆောင်ရွက်ချက်နှင့် ကြမ်းတမ်းသလောက် တန်ဖိုးရှိလှသော ဤသင်္ကန်းတော်သည် ဘုရားရှင် ရည်မှန်းတော်မူသကဲ့သို့ပင် နောင်အခါ၌ ကြီးမားသော အဓိပ္ပာယ်ကို သယ်ဆောင်ခဲ့ပေသည်။ အကြောင်းသော်ကား နောင်အခါ ပေါ်ပေါက်လာသည့် လက်ယာတော်ရံ မဟာသာဝက ရှင်မဟာကဿပကိုယ်တော်ကြီးသို့ ဤသင်္ကန်းကိုပင် ကြီးစွာသောဆုလာဘ်အဖြစ် ဓမ္မလက်ဆောင် ပေးစွန့်ခဲ့ရာ၌ ရှင်မဟာကဿပသည် ဤသင်္ကန်း၏လေးနက်မှုကို အပြည့်အဝခံယူကာ သာသနာတော်၏ ထိပ်တန်းအကျင့်ဖြစ်သော ဓုတင် ၁၃ ပါးစလုံးကို ရာသက်ပန် ကျင့်ဆောင်သူအဖြစ်သို့ ရောက်ခဲ့သောကြောင့် ဖြစ်ပေသည်။

နောက်တစ်နေ့တွင် ရသေ့တို့သခ်မ်းသို့ ဘုရားရှင် ပြန်ရောက်လာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ဥရုဝေလကဿပကြီးက "သိဒ္ဓတ္ထ။ ။မနေ့က ငါတို့ပွဲတော်နေ့ဖြစ်၍ သင့်ကိုမျှော်နေကြသည်။ အသင် ဘယ်သွားနေပါသနည်း"ဟု လောကွတ်စကားဆိုလာသောအခါ ဘုရားရှင်က "ဥရုဝေလ။ ။သင်သည် သင်တို့ပွဲတော်တွင် ငါရှိမည်ကို စိုးရိမ်နေခဲ့သည်မဟုတ်ပါလော။ ထို့ကြောင့် တခြားသို့ ငါရှောင်ဖယ်ပေးခဲ့သည်"ဟု ခပ်ဘွင်းဘွင်း မိန့်တော်မူလိုက်သောအခါ သူခိုး လူမိ ဆိုသကဲ့သို့ ဥရုဝေလအဖို့ မဝံ့မရဲနှင့် ဘုရားရှင်သို့ကြည့်ရင်း "သိဒ္ဓတ္ထ။ ။သင်ကား ရုပ်ပစ္စည်းကိုမျှမက သူတစ်ပါး စိတ်,နာမ်ကိုပင်သိသော တကယ့်တန်ခိုးရှင်ပါတကား၊ ငါတို့လို ရဟန္တာမဟုတ်သေးသည်သာ တစ်မုံ့"ဟု ဆိုမြဲဆိုပြန်သည်။

[ ၅ ]

သို့နှင့် နောက်ဆုံးပြာဋိဟာ အခွင့်အရေးသို့ ဆိုက်ရောက်သည်။ ယင်းအခွင့်အရေးကား တမြန်တလောကကဲ့သို့ပင် ဆောင်းရာသီပင် ဖြစ်လင့်ကစား အခါမဲ့မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းဖြစ်၏။ ရွာသောအချိန်မှာ ညဦးပိုင်းဖြစ်၍ ယခင်မိုးထက် အဆများစွာ ပို၍ကြီးမားသည်။ သို့ဖြစ်၍ ဥရုဝေလမြစ်သည် ရေလျှံလာရုံမျှမက ရသေ့တို့သင်္ခမ်းဝန်းကျင်သည် ရေပြင်အတိ ဖြစ်လာသည်။

ကဿပတို့ သီတင်းသုံးသော ကျောင်းသင်္ခမ်းများသည် မြင့်သောကုန်းတွင်းပိုင်းဖြစ်၍ ရေလွတ်ရုံမျှရှိသည်။ အလားတူမိုးကြီးမျိုး ယခင်က ကြုံခဲ့ဖူးပြီးဖြစ်၍ သွားရေးလာရေး လွယ်ကူစေရန် ရသေ့များသည် လှေငယ် လှော်ကားများကို ဆောင်ထားကြရ၏။

ဘုရားရှင်သီတင်းသုံးသော တင်းကုပ်သင်္ခမ်းသည် အတန်နိမ့်သော မြေနိမ့်ပိုင်းတွင်ရှိသည်။ ထို့ကြောင့်လည်း အရေးကြုံလျှင် မလုံသော ယင်းတင်းကုပ်ကို ရသေ့တို့ စွန့်ပစ်ထားခဲ့ခြင်းဖြစ်ပေသည်။ ယခုသော် ဤမိုးကြောင့် သိဒ္ဓတ္ထရဟန်း၏ သင်္ခမ်းကလေး ရေမြုပ်ချေတော့မည်။ သို့ရာတွင် အသက်အန္တရာယ်ဖြစ်သောကြောင့် သိဒ္ဓတ္ထအဖို့ ကုန်းတစ်နေရာသို့ တက်ရောက်ခိုလှုံနေတန်ကောင်းပါ၏ဟု သံယောဇဉ်စိတ်ကလေးဖြင့် ဥရုဝေလရသေ့ကြီး တွေးသည်။

မိုးလင်းပိုင်းရောက်သောအခါ မိုးမရွာသော်လည်း ကြီးမားသောမိုးအရှိန်ကြောင့် ရေများသည် လျော့သွားသည် မရှိလှသေးဘဲ ကုန်းမြင့်ကျောင်းသင်္ခမ်းတို့ ဝန်းကျင်တွင် ရေပြင်ထုကြီးသည် သိပ်သည်းလှုပ်ရှားလျက်ရှိနေသေးသည်ကို တွေ့ကြရ

www.burmeseclassic.com



သည်။ သို့ဖြစ်၍ ရဟန်းလေး သိဒ္ဓတ္ထ၏သတင်းကို အချင်းချင်း မေးကြမြန်းကြသောအခါ ညဥ့်ပိုင်းက မည်သည့်သခ်မ်းသို့မျှ ရောက်လာသည်ကို မတွေ့ကြရသဖြင့် ရဟန်းကလေး ရေနစ်မွန်း၍ ကွယ်လွန်သွားရှာပြီလား၊ ရေအန္တရာယ်မှ လွတ်ပါလေမည်လားမသိ၊ ငါတို့ သွား၍ကြည့်ကြရအောင်ဟု တိုင်ပင်ကာ လေကလေးများဖြင့် ဘုရားရှင်ရှိရာ သခ်မ်းတင်းကုပ်သို့ သွားရောက်ကြည့်ရှုကြသောအခါ ယခင်အကြိမ်များစွာကထက် အံ့ဩ၍မကုန်နိုင်လောက်သော မြင်ကွင်းဖြစ်ရပ်ကြီးတစ်ရပ်ကို ရင်သပ်ရှုမော တွေ့မြင်ကြရသည်။

ယင်းအတွေ့အမြင်ကြီးသည်ကား ဘုရားရှင်သည် အရှိန်အဟုန်ပြင်းပြင်းဖြင့် မြင့်သောနေရာများမှ အနိမ့်ပိုင်းသို့ တဝုန်းဝုန်း တရှန်းရှန်း စီးဆင်းနေသော ရေပြင်ကြီးအလယ်ရှိ ဘုရားရှင်သီတင်းသုံးတော်မူရာ သခ်မ်းတင်းကုပ်တစ်ဝိုက်သို့ ရေတစ်စက်မျှ ရောက်မလာဘဲ အရှိန်အဟုန်ကြီးကြီးတစ်ခုက တွန်းကန်၍ထားသကဲ့သို့ လေးဘက်လေးတန် ရေနံရံကြီးများထောင်တက်၍နေပြီးလျှင် ယင်းရေနံရံကြီးအတွင်း သဲခုံမြင့်သွေ့သွေ့ခြောက်ခြောက်အပေါ်တွင် ဘုရားရှင် စင်္ကြံလျှောက်နေသည်ကို တွေ့မြင်ရခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် ရသေ့များက ဘုရားရှင်အား ကိုယ်လက်လှုပ်ရှား မြူးခုန်သည်အထိ ဟစ်ကြွေးချီးကျူးကြခိုက်တွင်ပင် ဘုရားရှင်သည် တန်ခိုးတော်ဖြင့် ရသေ့တို့လှော်ကားထက်သို့ တက်ရောက်ခဲ့ရာတွင် ရသေ့များက သူတို့သခ်မ်းဆီသို့ ဘုရားရှင်အား တင်ဆောင်သွားကြသည်။

သခ်မ်းကုန်းမြင့်သို့ ရောက်သောအခါ ရသေ့တို့အဖို့ ဤတစ်ချီတွင်မူ မအောင့်အည်းနိုင်တော့သည့်အဟန်ဖြင့် ဥရုဝေလရသေ့ကြီးကပင် စတင်ကာ"သိဒ္ဓတ္ထ။ ။ ငါတို့လိုရဟန္တာမဟုတ်သည်ကလွဲ၍ တန်ခိုးအရာမှာဖြင့် ငါတို့ထက် အဆ ရာ, ထောင်မက အမှန်ပင် သာပါပေသည်။ သို့ဖြစ်၍ ငါတို့၏ ဂိုဏ်းသားအဖြစ် ငါတို့၏အထံတွင် ရာသက်ပန်နေထိုင်ပြီးလျှင် ငါတို့အား သင်ကဲ့သို့ တန်ခိုးရရှိစေမှုအတတ်ကို သင်ကြားပေးပါ"ဟု ပထမဆုံးအကြိမ် မာနအနည်းငယ် လျှော့လိုက်သည့်အနေဖြင့် လျှောက်ထားသည်။

ဘုရားရှင်က ဤအချိန်ကား မာနရှင်ရသေ့ကို ကျွတ်ချိန်တန်ပေပြီဟု တရားတော်ဟောရန်အတွက် ဥရုဝေလရသေ့ကြီးအား မဟာကရုဏာတော်မျက်လုံးဖြင့် ရွှန်းရွှန်းစားစားကြည့်လိုက်သောအခါ ကိုယ်တွင်းမလုံသော ရသေ့ကြီးအဖို့ မာနအိုး

www.burmeseclassic.com

www.burmeseclassic.com



ပြယ်ကာ မျက်လွှာချ၍ ဦးခေါင်းညွတ်လိုက်ရာတွင် လှုပ်လှုပ်ရှားရှားဖြစ်လျက် ရှိသော ရသေ့များအဖို့ ဘုရားရှင်ရှေ့တော်မှောက်၌ တရားနာတော့မည့်ပုံစံဖြင့် အသီးသီး ဦးညွတ်လိုက်ကြသည်။

"ဥရုဝေလ။ ။သင့်မာနကား ကြီးမားလှပါဘိ၏။ နေလတို့၏ အရောင်သည် ငါ့ကိုယ်ရောင်ကဲ့သို့ မလင်းဟု နေမင်းကိုဂုဏ်ပြိုင်သော ပိုးမြေမြှုးမိုက်ကဲ့သို့ မိမိ သန္တာန်၌ရှိသော ဉာဏ်အာနုဘော်ကိုလည်း မချင့်၊ ကိုယ်၏အကျင့်ကိုလည်း မတွက်၊ မဂ်ဖိုလ်၏အကြောင်းကိုလည်း မမြင်၊ သို့စင်လျက် ငါကဲ့သို့ ရဟန္တာ မဟုတ်ဟု ယုတ်သောအကြံဖြင့်သာ သင်နေဘိ၏။

"ဥရုဝေလ။ ။စင်စစ်အားဖြင့် အေးငြိမ်းမှုရသူအရှင် ရဟန္တာအဖြစ်ဟူသည် ရေချိုး,မီးလှူ တုံးခုန်,ဇယ်ခုပ် စသော သင်တို့၏အကျင့်များဖြင့် မရယူနိုင်၊ ရယူနိုင်သောအကျင့်တရားဟူသည်ကား မိမိနှင့်တကွ ပတ်ဝန်းကျင်ကို တရစပ် တပ်မက်မှုတည်းဟူသော တဏှာ၊ ငါမှငါသာ ငါပါပါဟု ထောင်လွှားသော မာန၊ ငါ့အယူ၊ ငါ့ဝါဒ၊ ငါ့အစွဲဟု မြဲမြဲကြီးဆုပ်ကိုင်ထားသော ဒိဋ္ဌိ၊ ယင်းတရားသုံးပါး ကြောင့် မငြိမ်းချမ်းနိုင်သော သတ္တဝါတို့ကို ငြိမ်းချမ်းစေနိုင်သော မဂ္ဂင်ရှစ်ပါးတည်း။ မဂ္ဂင်ရှစ်ပါးကြောင့် ရလာအပ်သော နိဗ္ဗူတအရှင်အဖို့ သင်တို့ အထင်ကြီးလှသော တန်ခိုးဟူသည်ကား အသေးအမွှားမျှသာတည်း" စသည်ဖြင့် မဂ္ဂင်ရွှေစားဖြင့် တရားပြလိုက်သောအခါ မာနအခုအခံကြောင့် ဟန်လုပ်၍သာနေခဲ့သော ဥရုဝေလ အဖို့ ဘုရားရှင်ရှေ့တော်မှောက်တွင် ပြားပြားဝပ် ရှိခိုးလိုက်ပြီး "တပည့်တော် သဘောပေါက်ပါပြီ။ တပည့်တော်၏ အမှုအကျင့်မှန်သမျှကို စွန့်လွှတ်ပါပြီ။ တပည့်တော်အား အရှင်၏ တပည့်အဖြစ် ရဟန်းပြု၍ပေးတော်မူပါတော့"ဟု လျှောက်ထားသည်။

ဆရာရသေ့ကြီး၏ အဆီးအတားကြောင့် ဟန်လုပ်၍ နေခဲ့ကြရသော်လည်း ရှေးမဆွ မဆွတ်ခင်ကပင် ညွတ်ချင်လျက်ရှိကြသော တပည့်ရသေ့များအဖို့လည်း ဘုရားရှင်၏ တရားဓမ္မစက်အောက်တွင် ဆရာရသေ့နှင့်အတူ ကျွတ်တမ်းဝင်ကုန် ကြသည်။ သို့နှင့် ကဿပတို့ ကျွတ်တမ်းဝင်ပွဲကြီးသည် ဥရုဝေလ မြစ်ဆိပ်အောက် ပိုင်းမှ နဒီကဿပ၊ ဂယာကဿပ ရသေ့များဆီသို့ပါ အချိန်ပိုင်းအတွင်း ကူးစက် ကာ အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူအပြီးတွင် ဥရုဝေလဂိုဏ်းရှင်တစ်ထောင် လုံး ကျွတ်တမ်းဝင်ပွဲကြီး ပြီးမြောက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

ဘုရားဖြစ်သည့်အခါ ရာဇဂြိုဟ်သို့ ဦးစားပေးကြွလာမည်ဟူသော ပဋိညာဉ်အရ ဘုရားရှင် ကြွရောက်လာခဲ့ပြီမှာ မှန်ပါ၏။ သို့ရာတွင် ယင်းသို့ ကြွရောက်ရာ၌ ဘုရင် ဗိမ္ဗိသာရနှင့်တကွ ရာဇဂြိုဟ် ပြည်သူပြည်သားတို့အဖို့ ဘုရားရှင် သီတင်းသုံးသော ရာဇဂြိုဟ်ပြည်အပ ထန်းတောဥယျာဉ်သို့ လာရောက်ဖူးတွေ့ကြသောအခါ ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်တွေ့နေကြရသည်။ ယင်းပြဿနာကား ရာဇဂြိုဟ် မှူးပိုင်း မတ်ပိုင်းမှစ၍ ပြည်သူပြည်သားများစွာ ဘုရားရှင်အလား အားထားကိုးကွယ်ခဲ့ကြသော ဥရုဝေလဂိုဏ်းဝင် ကဿပညီနောင်သုံးဦးအား ဘုရားရှင်နှင့်အတူ တွေ့ရှိရခြင်းပင် ဖြစ်ပေသည်။

သာသနာတော်အစ ထိုအချိန်အခါက လောကထွတ်ထား ဘုရားဟူသည် ထူးထူးခြားခြား မထင်ရှားလှသေး။ မဇ္ဈိမတိုက်အလုံးတွင် ဂိုဏ်းကြီးဂိုဏ်းငယ် အသွယ်သွယ်တို့ဖြင့် သူသူငါငါအစ ဂိုဏ်းဆရာကြီးအဖြစ် ထင်ရှားသူ မြောက်မြားစွာ ရှိခဲ့ပေရာ ဘုရားရှင်နှင့်အတူ ပါလာကြသော ဥရုဝေလဂိုဏ်းဆရာကြီး ညီနောင်တို့အား ဘုရားထက်ပင် အကြီးအကဲဖြစ်လေသလော၊ ဘုရားရှင်ကပင် အကြီးအကဲ ဖြစ်လေသလော၊ အတူတကွ ကြွလာကြခြင်းဖြစ်သောကြောင့် မည်သူမျှ မကြီး မည်သူမျှမငယ် တန်းတူရည်တူပင် ဖြစ်လေသလောဟူသော အတွေးမှာ ရာဇဂြိုဟ်ပြည်သားတို့အဖို့ ပြဿနာဖြစ်နေရပေ၏။

ဤသည့်အတွေးပြဿနာကို သိလာပြီဖြစ်သော ရသေ့ဂိုဏ်းခေါင်းဆောင် ဥရုဝေလကဿပ ရဟန္တာအရှင်က ဘုရားရှင်ရှေ့တော်မှောက်တွင် အများမြင်သာအောင် ရှိသေစွာရှိခိုး၍ "သုံးလောကထွတ်ထား အရှင်မြတ်ဘုရား။ ။အရှင်မြတ်သည် တပည့်တော်တို့အား မှားသောအကျင့်မှ ကယ်တင်တော်မူသော ကျေးဇူးရှင်ဖြစ်ပါပေသည်။ တပည့်တော်တို့သည် အရှင်မြတ်၏ တပည့်များဖြစ်ကြပါကုန်သည်။ အရှင်မြတ်သည် တပည့်တော်တို့၏ အကြီးအမှူးဖြစ်တော်မူပါပေသည်"ဟု ဘုရားရှင်အား တိုက်ရိုက်လျှောက်ထားပြီးနောက် ပရိသတ်ရှေ့မှောက်တွင် မိမိလျှောက်ထား ဝန်ခံစကားပြောကြားသည့်အနေဖြင့်...

"ငါသည် ကျော်စောခြင်းရှိတော်မူသော ဂေါတမမြတ်စွာဘုရား၏ တန်ခိုးပြာဋိဟာတို့ကို မြင်သော်လည်း မြတ်စွာဘုရားက ငါ့အား မဟာကရုဏာဖြင့် မခြိမ်းခြောက်သေးသမျှ ကာလပတ်လုံး ဘုရားရှင်အပေါ်၌ ငြူစူမှုတည်းဟူသော

www.burmeseclassic.com

www.burmeseclassic.com



ဣဿာ၊ ထောင်လွှားမှုတည်းဟူသော မာနတရားဆိုးတို့၏ လှည့်ပတ်မှု ခံရနေသေးသောကြောင့် အရှိအသေ ကိုးကွယ်မှုကို မပြုမိသေး။

"ဘုရားရှင်က ငါ၏မှားယွင်းသော သဘောထားများကို သိတော်မူ၍ ခြိမ်းခြောက် လှုံ့ဆော်တိုက်တွန်းတော်မူသည့်အခါမှ ငါ့အား ရှေးအခါက မဖြစ်စဖူးသော ထိတ်လန့်မှု သံဝေဂတရားသည်လည်းကောင်း၊ ရှေးအခါက တစ်ရံတစ်ဆစ် မဖြစ်စဖူးခဲ့သော ကြက်သီးမွေးညင်းထခြင်းတို့သည်လည်းကောင်း ဖြစ်ပေါ်၍လာခဲ့ကြပါကုန်၏။

"ထို့ကြောင့် ဘုရားရှင်ထံတော်၌ မှားမိခဲ့သမျှတို့ကို ဝန်ချကာ အရှင်ဂေါတမ သာသနာတော်တွင် ရဟန်းပြုခဲ့ပြီ။ ငါသည် ရှေးအခါက အမြင်မှား အထင်မှားဖြင့် ကာမလောကသို့သာ ရှေးရှုဦးတည်ကာ ယဇ်ပူဇော်ခြင်းဖြင့် နှစ်သက်ရောင့်ရဲခဲ့မိသည် မှန်သော်လည်း ယခုမူကား တပ်မက်မှုရာဂကို လည်းကောင်း၊ အမျက်ထွက်မှု ဒေါသကိုလည်းကောင်း၊ တွေဝေမှု မောဟကိုလည်းကောင်း အကြွင်းမဲ့ ပယ်နုတ်ဖျက်ဆီးပြီးခဲ့ပါပြီ"ဟု ပရိသတ်အများ ထင်ရှားအောင် မြွက်ကြားပြောဆိုလိုက်သဖြင့် အံ့အားသင့်ကြရ၏။

ဥရုဝေလဂိုဏ်း၏ ပထမခေါင်းဆောင် ဥရုဝေလကဿပ ရဟန်းတော်က ယင်းသို့လျှောက်ထား မြွက်ကြားအပြီးတွင် ဒုတိယခေါင်းဆောင်ဖြစ်သော နဒီကဿပထေရ်က မိမိတွင်လည်း လျှောက်ထားမြွက်ကြားရန် တာဝန်ရှိသေးသည့်အနေဖြင့် ဘုရားရှင်အား ရှိခိုးပြီးနောက်...

"အရှင်မြတ်ဘုရား။ ။အရှင်မြတ်သည် တောထွက်တော်မူရာ၌ အခြားနေရာသို့ မထွက်ဘဲ နေရဉ္ဇရာသို့ ကြွလာတော်မူခြင်းမှာ တပည့်တော်တို့၏ အကျိုးအတွက် ကြွလာတော်မူခြင်းဖြစ်ပါသည်ဟု မှတ်ယူပါသည်။

"ရှေးအခါက တပည့်တော်တို့အဖို့ ယဇ်ပူဇော်ခြင်းသည် သံသရာမှ ထွက်မြောက်သောအကျင့်၊ စင်ကြယ်ကြောင်းအကျင့်ဟု မှတ်ယူကာ ယဇ်မီးကို မပြတ်သော ပူဇော်ခြင်းဖြင့် မိုက်မှားစွာလုပ်ကျွေးပူဇော်ခဲ့ပါသည်။ ယခုသော် အရှင်မြတ်၏ မဂ္ဂင်ရှစ်ပါး တရားအထူးကြောင့် မိစ္ဆာအယူမှန်သမျှကို ပယ်အပ်ပြီးပါပြီ။ ဘဝအားလုံးကို လောင်ကျွမ်းစေသည့် အမြတ်ဆုံးသောမီး ဒက္ခိနေယျ ပုဂ္ဂိုလ်ကြီးဖြစ်သော အရှင်မြတ်အား ရှိခိုးပါ၏ဘုရား"ဟု လျှောက်ထားသည်။

တတိယခေါင်းဆောင် ဂယာကဿပထေရ်ကလည်း "တပည့်တော်သည်

www.burmeseclassic.com



ရှေးအခါက မကောင်းမှုဒုစရိုက်တို့ကို မျှောမည်ဟူသော လွဲမှားသောယုံကြည်ချက်ဖြင့် နံနက်တစ်ကြိမ်၊ မွန်းတည့်တစ်ကြိမ်၊ ညနေချမ်းတစ်ကြိမ်အားဖြင့် တစ်နေ့လျှင် သုံးကြိမ်ပုံမှန် ဝတ်ထား၍ ဂယာရေဆိပ်သို့ ဆင်းသက်ခဲ့ပါသည်။

"ထိုလွဲမှားသောအကျင့်သည် ဘုရားရှင်၏ မှန်ကန်သောတရားတော်ကို နာကြား ခံယူပြီးသောအချိန်မှစ၍ ငါ့တွင်ရှိသော မကောင်းမှု အညစ်အကြေးတို့ကို ဘုရားရှင်၏ တရားတည်းဟူသောရေတွင် အကယ်ဆေးလျှော်ပြီးသား ဖြစ်ခဲ့ပြီ။ စင်ကြယ်သန့်ရှင်းသူ ဖြစ်ခဲ့ရပြီ။ ထို့ကြောင့် တပည့်တော်သည် အရှင်ဘုရား၏ တရားအမွေခံဖြစ်ပါ၏။ အရှင်မြတ်၏ ဓမ္မရင်နှစ် သားတော်စစ်ဖြစ်ပါ၏ဘုရား" ဟု ရှိခိုးလျှောက်ထားသည်။

ဘုရားရှင်က ဥရုဝေးကဿပ ရဟန်းရှင်တစ်ထောင်တို့အား ယခုမှသာ ကယ်ချွတ်ခဲ့သည်မဟုတ်။ ရှေးအခါ ငါဘုရား နာရဒရသေ့ဘဝတွင်လည်း ကယ်ချွတ်ခဲ့ဖူးလေပြီဟု ဇာတ်ကြီးဆယ်ဘွဲ့တွင် အပါအဝင်ဖြစ်သော မဟာနာရဒဇာတ်တော်ကို ဟောကြားတော်မူသောအခါ ရာဇဂြိုဟ်ပရိသတ်တို့ ဘဝင်ကျသည့်သဘောဖြင့် ကြီးစွာသော သာဓုအနုမောဒနာပြုကာ ကောင်းချီးပေးကြသည်။

ပရိသတ်အကြီးအမှူး ဗိမ္ဗိသာရဘုရင်ကမူ "အရှင်မြတ်ဘုရား။ ။တပည့်တော်သည် အိမ်ရှေ့မင်းသားဘဝကပင် ချင်ခြင်းငါးပါး ဖြစ်ပွားပေါ်ပေါက်ခဲ့ပါသည်။ ယင်းငါးပါးကား ငါသည် ထီးနန်းစိုးအုပ် မင်းလုပ်ရပါမူကား ကောင်းလေစွ၊ မင်းဖြစ်သည့်အခါတွင် ငါ့နိုင်ငံတော်သို့ ဘုရားသခင် ကြွလာတော်မူပါက ကောင်းလေစွ၊ ဘုရားကြွလာ၍ ဘုရားရှင်၏ တရားတော်ကို ကြားနာရပါမူ ကောင်းလေစွ၊ တရားတော်ကို နာရသည့်အတိုင်း တရားကိုသိရပါမူကား ကောင်းလေစွ၊ ဘုရားရှင်၏ ဒါယကာဖြစ်ရပါမူကား ကောင်းလေစွဟူ၍ ဖြစ်ပါသည်။ ယခုအခါ ယင်းငါးပါးစလုံး ပြည့်စုံသဖြင့် နှစ်ထောင်းအားရ ဖြစ်လှပါသည်။ တပည့်တော်အား ယနေ့မှစ၍ အရှင်မြတ်တို့၏ ဥပါသကာအဖြစ် မှတ်တော်မူပါဘုရား"ဟု အားရပါးရ လျှောက်ထားလိုက်သောအခါတွင်မူ ပရိသတ်၏ ကောင်းချီးသာဓုသံတို့သည် ဘဝဂ်လျှံကာ တစ်တောလုံးဆူညံ၍သွားလေ၏။ ။

✪ ✪ ✪

www.burmeseclassic.com

www.burmeseclassic.com



# ဒိုးစရည်းနှင့်လက်ဝင်းဒိုး

[ ၁ ]

အခါတိုင်းနေ့ဆိုလျှင် သူငယ်ချင်းသည် ဆွမ်းခံရာမှ ကျွန်ုပ်နှင့် မရှေးမနှောင်းပင် ကျောင်းသို့ပြန်ရောက်မြဲဖြစ်သည်။ ယနေ့အဖို့မူ သူငယ်ချင်းသည် ဆွမ်းခံပြန်မှ အတန်ပင်နောက်ကျ၏။

ဆွမ်းခံမှ ပြန်ရောက်ကြသည်ဆိုလျှင် ကျွန်ုပ်တို့သူငယ်ချင်းနှစ်ယောက်သည် ဆွမ်းစားကျောင်း၌ဖြစ်စေ၊ သင့်ရာတစ်နေရာ၌ဖြစ်စေ အတူဆွမ်းစားကြမြဲဖြစ်သည်။ ချစ်ကျွမ်းဝင်သူတို့နှင့်အတူ စားရသော အာဟာရဟူသည် မွန်မြတ်သည်မဟုတ်ပါလော။

ဆွမ်းခံပြန်နောက်ကျနေသော သူငယ်ချင်းကို ကျွန်ုပ်သည် ကျောင်းဝမှ စောင့်ကြိုလင့်၏။ မကြာမီအတွင်းမှာပင် ဆွမ်းခံမှပြန်လာသော သူငယ်ချင်းကို တွေ့ရသည်။ သို့ရာတွင် သူငယ်ချင်းကို ဤတစ်ကြိမ်တွေ့ရသည်မှာ အခါတိုင်းနှင့် မတူ။ လုံးဝပင်မတူ။

သူငယ်ချင်း၏ ဣန္ဒြေသည် သိမ်မွေ့နူးညံ့လှပါဘိ၏။ သူငယ်ချင်း၏ မျက်နှာသည် ကြည်သာလန်းဆန်းလှပါဘိ၏။ လပြည့်ဝန်းနှယ်တည်း။

ကေန္တသူငယ်ချင်းသည် ထူးခြားသော အမြင်အသိတစ်ခုခုကို ရရှိခဲ့ဟန်တူသည်။ သူငယ်ချင်း၏ သိမ်မွေ့သောဣန္ဒြေနှင့် လန်းကြည်သောမျက်နှာအမူအရာသည် ကျွန်ုပ်သို့ ကူးစက်၏။ ထို့ကြောင့် ကျွန်ုပ်၏ ဖရိုဖရဲဖြစ်နေသော သက်န်းစကို ရှက်စနိုးဖြင့် ရုတ်တရက် သိမ်းဆည်းရင်း သူငယ်ချင်း၏ သပိတ်ကို ကြိုဆိုလှမ်းလင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခါတိုင်းနှင့်မတူ ထူးခြားလှပါကလား သူငယ်ချင်း ဥပတိဿ။ ကေန္တ အကြောင်းထူးတစ်ခု တွေ့သိခဲ့ရဟန်တူသည်။

သူငယ်ချင်းသည် ကျွန်ုပ်သို့ မျက်နှာတူရူကြည့်လိုက်၏။ ထိုအကြည့်သည် အခါတိုင်းကဲ့သို့ မျက်ကွင်းကို အကုန်ဖွင့်၍ ရွှန်းရွှန်းစားစားကြည့်ခြင်းမျိုးမဟုတ်။ မျက်ဝန်းကို သတိဖြင့်ထိန်းချုပ်၍ကြည့်သော အကြည့်မျိုးဖြစ်သည်။ ထိုအကြည့် သည် ကျွန်ုပ်တစ်ကိုယ်လုံးကို စိမ့်၍သွားစေသည်။ သူငယ်ချင်းသည် ကျွန်ုပ်အား ထိုအကြည့်မျိုးဖြင့် တစ်ကြိမ်တစ်ခါမျှ မကြည့်ခဲ့စဖူး။

"မှန်ပေသည် သူငယ်ချင်း ကောလိတ။ ။ယနေ့အဖို့ ထူးခြားသောအမြင်အသိ ကို ငါမြင်ခဲ့ သိခဲ့ပေသည်"။

ကျွန်ုပ်တို့သည် ဆွမ်းစားကျောင်းသို့ အတူသွားကြရင်း ဥပတိဿကပြော၏။

"ယနေ့ ငါ့ဆွမ်းခံလမ်း၌ ထူးခြားသောအရှင်တစ်ပါးကို တွေ့ရသည်။ ထိုအရှင် ၏ ဝတ်ရုံမှုသည် သေသပ်၏။ ထိုအရှင်၏လှုပ်ရှားမှုသည် သိမ်မွေ့ငြိမ်ဆိတ်၏။ ထိုအရှင်၏ ခြေလှမ်းများသည် လှမ်းသည်ဟူ၍ပင် မသိရအောင် ထွေရလှစွာ၏။ ပို၍ထူးခြားသည်ကား သူ့မျက်နှာတည်း။

"အသို့နည်း ကောလိတ။ ။ငါတို့သည် လူသတ္တဝါတို့၏ မျက်နှာများ အကြောင်းကို ကြိမ်ဖန်များစွာ ဝေဖန်ဆွေးနွေးခဲ့ကြဖူးပြီ မဟုတ်လော။ မျက်နှာ ဟူသည် လူသတ္တဝါတို့၏ စိတ်ဓာတ်ကိုဖော်ပြသော ကြေးမုံပင် မဟုတ်ပါလော။

"အချို့မျက်နှာတို့သည် ပစ္စည်းမာန်၊ ရာထူးမာန်၊ ပညာမာန်တို့ဖြင့် မာနခိုး ဝင့်လျက်ရှိကြ၏။ အချို့မျက်နှာတို့သည် ဒေါသခိုးတထောင်းထောင်းထလျက် ရှိကြ၏။ အချို့မျက်နှာတို့သည် ဒေါသခိုးတစ်ထောင်းထောင်းထလျက်ရှိကြ၏။ အချို့မျက်နှာတို့သည် လျှို့ဝှက်ပြုအပ်သော မကောင်းမှုကြောင့် မလုံမလဲရှိကြ၏။ အချို့မျက်နှာတို့ကား မပြည့်စုံမှုကြောင့် မျှော်တလင့်လင့်ရှိ၏။ အချို့မျက်နှာတို့မှာ တွေဝေမှုကြောင့် ကျောက်ရုပ်ပမာဖြစ်ကြ၏။ အချို့မျက်နှာတို့မှာ ရာဂအခိုးရိုက်၍ ထုအမ်းပြောင်ချောလျက်ရှိကြ၏။ အချို့မျက်နှာတို့သည် သောကငွေ့ကြောင့် မှိုင် တဝေဝေရှိကြသည်။ အချို့မျက်နှာတို့မှာ အလိုပြည့်၍ ကြည်ရွှင်သည်ထင်ရသော်လည်း ထိုကြည်ရွှင်မှု၏ နောက်ကွယ်တွင် အပြစ်မကင်းသော အရောင်အခိုးလေးများသမ်း လျက်ရှိကြသည်ကိုတွေ့ရသည်။ အခြားသူတွေထားဦး၍ သင်နှင့်ငါတို့ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်၍ ဝေဖန်ကြရာ၌ပင် အပြစ်ကင်းစင်ခဲ့ကြပါ၏လော။

www.burmeseclassic.com

www.burmeseclassic.com



"ကောလိတ...ထိုအရှင်၏မျက်နှာကား အမှန်ပင် ထူးခြားလှပေ၏။ ဖြူစင်သော လပြည့်ဝန်းနှယ်တည်း။

"ငါသည် ထူးခြားသောထိုအရှင်ကို တွေ့ရသောအခါ၌ ငါ၏ဆွမ်းခံအလုပ်ကို ရပ်၍ ထိုအရှင်နောက်သို့ မနီးမဝေးမှ မျက်ခြည်မပြတ်လိုက်သည်။ အကြောင်းမူကား ထိုအရှင်သည် ထူးခြားသောစိတ်ဓာတ်၏အရှင်၊ တရား၏အရှင်ဖြစ်ဖို့ရှိရာ ထိုအရှင်သို့ ချဉ်းကပ်လျှင် ထူးခြားသောတရားကိုရမည်ဟု ယုံကြည်သောကြောင့် ဖြစ်၏။

"အထိုအရှင်သည် ဆွမ်းစားရန်အလို့ငှာ တစ်ခုသောဇရပ်သို့ ဝင်သောအခါ ငါသည် ရှေ့သို့ရောက်အောင်သွား၍ ထိုအရှင့်အတွက် နေရာကို ခင်းလင့်သည်။ ရေခပ်ပေးသည်။ ဆွမ်းစားမှုအတွက် လိုအပ်သောပရိက္ခမ်ကို ပြုသည်။

"အရှင်သည် ငါ၏ကူညီမှုကိုလက်ခံ၍ ငါ့အား အကဲခတ်သည့်အနေဖြင့် မျက်လွှာတစ်ချက်မျှပင့်ကြည့်ပြီးနောက် ဆွမ်းဘုဉ်းပေးသည်။ ငါသည် အရှင်ဆွမ်းဘုဉ်းပေးသည့်အနီး၌ ပျပ်ဝပ်ရိုသေစွာထိုင်၏။ အမှန်သော် အရှင်မြတ် ဆွမ်းစားချိန်သည် ငါ့အတွက်လည်း ဆွမ်းစားချိန်ပင်ဖြစ်၏။ သို့ရာတွင် ထိုအရှင်နှင့်တွေ့ရသော ပီတိကြောင့် ငါ့ဆွမ်းစားချိန်ကို မေ့၍ပင်နေသည်။ အရှင်မြတ် ဆွမ်းကိစ္စပြီးသောအခါ ငါ၏ဆန္ဒကို ရိုသေစွာ မေးလျှောက်လိုက်၏။

"အရှင်မြတ်ကား ထူးခြားလှပါပေသည်။ အရှင်မြတ်ကဲ့သို့ ထူးခြားသောပုဂ္ဂိုလ်ကို တပည့်တော်သည် ရှေးက တစ်ကြိမ်မျှမတွေ့ခဲ့ဖူးပါ။ တပည့်တော်သိလို၍ မေးလျှောက်ပါရစေ။ အရှင်မြတ်၏ ဘွဲ့တော်ကို မည်သို့ခေါ်ပါသနည်း။ အဘယ်အရပ်တွင် သီတင်းသုံးပါသနည်း။ အရှင်မြတ်၏ဆရာကား ဘယ်သူပါနည်း။ အရှင်မြတ်ကျင့်သုံးသောတရားမှာ အဘယ်သို့ပါနည်း"

"ငါ့အမည်ကို အဿဇိဟု ခေါ်ကြသည်။ ဝေဠုဝန်ကျောင်းမှာနေသည်။ ငါ့ဆရာကား ဂုဏ်ကိုးပါးနှင့်ပြည့်စုံသော ဘုရားရှင်ဖြစ်သည်"

"အရှင်သည် ငါ့အမေးကို ကောင်းစွာဖြေပေ၏။ သို့ရာတွင် အဘယ်တရားကျင့်သုံးသည်ဟူသော အမေးကိုကား ချန်ထားသည်။ အရှင်သည် အသွင်မတူလှသော ငါ့အား တရားစကားပြောဖို့ရန် သတိထားဟန်တူသည်။ ငါထပ်လျှောက်၏။

"အရှင်မြတ်ကျင့်သုံးအပ်သော တရားတော်ကို တပည့်တော်အား သနားသောအားဖြင့် အနည်းအကျဉ်းမျှဖြစ်စေ၊ ဟောကြားတော်မူပါ အရှင်မြတ်"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မြတ်သည် ယင်းသို့ ငါထပ်၍ တောင်းပန်သောအခါ တရားဟောအံ့ဟု ကာယိန္ဒြေကို အနည်းငယ်ပြင်လိုက်သည်။ ခန္ဓာကိုယ်ကို ပို၍တည့်မတ်လိုက်သည်။ သတိဘက်သို့ ရေးရှုသည့်အသွင်ဖြင့် မျက်တောင်ကိုပိတ်လိုက်သည်။ ခြေထောက်များကို ပလ္လင်ကဲ့သို့ ထက်ဝယ်ဖွဲ့ခွေ ပြင်လိုက်သည်။ သင်္ကန်းစ အနည်းငယ် ထွက်နေသည်ကိုပင် သေသပ်အောင် သိမ်းသွင်းပြီးနောက် လက်ရုံးနှစ်ချောင်းကို အတွင်းသို့ သိမ်းပိုက်လိုက်သည်။ ထို့နောက် စကားအနည်းငယ်ဖြင့် စ၍ ငါ့အား တရားဟော၏"

"ဘုရားရှင်၏ တရားတော်သည် နက်ရှိုင်းသကဲ့သို့ ကျယ်ပြန့်လည်း ကျယ်ပြန့်လှပေသည်။ ဘုရားရှင်၏ တပည့်များတွင် ယင်းသို့နက်ရှိုင်းကျယ်ပြန့်သော တရားတော်ကို ဟောပြနိုင်စွမ်းသော ဓမ္မကထိကတို့ မြောက်မြားစွာရှိကြပေသည်။ ငါသည်ကား အဟောသမားမဟုတ်၊ အကျင့်သမားသာဖြစ်သည်။ သို့ရာတွင် သင့်ဆန္ဒအရ အနည်းအကျဉ်းမျှ ဟောပြပေအံ့။ သတိယှဉ်၍ ဆင်ခြင်နာယူလော့။

**"ယေ ဓမ္မာ ဟေတုပ္ပဘဝါ**
**တေသံ ဟေတုံ တထာဂတော**
**အာဟ တေသဉ္စ ယော နိရောဓော**
**ဧဝံဝါဒီ မဟာ သမဏော။**

ယေဓမ္မာ–အကြင် ဒုက္ခသစ္စာတရားတို့သည်။ ဟေတုပ္ပဘဝါ–တဏှာဟူသော သမုဒယသစ္စာသာလျှင် အကြောင်းရှိကုန်၏။ တေသံ–ထိုဒုက္ခ၊ သမုဒယသစ္စာ နှစ်ပါးတို့၏။ ဟေတုံ–ဖြစ်ကြောင်း၊ ချုပ်ကြောင်းဖြစ်သော မဂ္ဂသစ္စာကိုလည်း။ တထာဂတော–ငါတို့ဆရာဘုရားသည်။ အာဟ–ဟောတော်မူ၏။ တေသဉ္စ–ထိုအလုံးစုံသော တရားတို့၏လည်း။ နိရောဓော–ချုပ်ရာဓကေန် နိဗ္ဗာန်တရားကို။ အာဟ–ဟောတော်မူ၏။ မဟာသမဏော–ရဟန်းမြတ်စွာတို့ဆရာသည်။ ဧဝံဝါဒီ–ဤသို့ အယူတော်ရှိ၏။

"အသို့နည်းကောလိတ...ငါ့အရှင်၏တရားတော်သည် ထူးခြားပါ၏လော။ ငါ့အဖို့ကား ပထမဆုံးသော ပါဒဝက်ကို ကြားနာလိုက်ရသည်နှင့် တစ်ပြိုင်နက်ပင် အကြိမ်တစ်ထောင် စစ်အပ်သော ဆီကြည်တွင် အကြိမ်တစ်ထောင်ဖန်အပ်သော ဝါဂွမ်းကိုနှစ်လိုက်ဘိသို့ ငါ၏စိတ်ဓာတ်တစ်ခုလုံးသည် ဓမ္မပီတိအရသာကို ခံစား

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ မှောက်ထားသောအရာကို လှန်လိုက်ဘိအလား အပွင့်လင်းကြီး ပွင့်လင်း၍ အပြောင်းလဲကြီးပြောင်းလဲသွားချေသည်။ မှောင်ကြီးမည်းမည်းအတွင်း၌ အချိန်များစွာနေခဲ့ရသော သူ့အဖို့ အလင်းရောင်ကြီး ဘွားခနဲပွင့်သွားဘိသကဲ့သို့ ရှိဘိသည်။

“သို့ရာတွင် ယင်းသို့အမှောင်ပျောက်၍ အလင်းရောက်သည်နှင့် တစ်ချိန်တည်းလိုလိုမှာပင် သင့်ကို ငါ သတိရလိုက်ပေသည် ကောလိတ။ ။သင်နှင့် ငါသည် တစ်စိတ်တစ်ဝမ်းတည်းဖြင့် တရားစစ် တရားမှန်ကို အတူရှာခဲ့ကြသည် မဟုတ်ပါလော။ ငါသည် ထူးခြားမွန်မြတ်သော တရားကို တစ်ယောက်တည်းမခံစားလို၊ သင်နှင့်အတူသာ ခံစားလိုပေသည်။ ထို့ကြောင့် အရှင်မြတ်တရားဟောစဉ်မှာပင် ငါသည် ကြားဖြတ်၍ လျှောက်ထားလိုက်မိ၏။”

“သည်းခံတော်မူပါဦး အရှင်မြတ်။ ။အရှင်မြတ်၏ တရားတော်သည် တပည့်တော်အဖို့ ပထမ ပါဒဝက်မျှနှင့်ပင် ထူးခြားလှပါပေ၏။ တပည့်တော်၌ အရှင်မြတ်၏ ကျေးဇူးသည် ကြီးမားလှပါပေ၏။ သို့ရာတွင် တပည့်တော်၌ တရားရှာဘက်ခမ္မမိတ်ဆွေတစ်ယောက် ရှိပါသေးသည်။ ထိုမိတ်ဆွေနှင့်အတူ အရှင်၏ တရားတော်ကိုလည်းကောင်း၊ နာခွင့်ရခဲ့ပါလျှင် အကျွန်ုပ်တို့၏ ဆရာဗုဒ္ဓအရှင်မြတ်ဟောကြားချက်ကိုလည်းကောင်း နာယူလိုလှပါသည်။ အရှင်မြတ်သည် ဝေဠုဝန်သို့ အလျင်ကြွတော်မူပါဘိ။ တပည့်တော်သည် ထိုမိတ်ဆွေကိုခေါ်၍ မိတ်ဆွေနှင့်အတူ ဘုရားရှင်၏ ခြေတော်ရင်းသို့ လာခဲ့ပါမည်ဘုရား”

“အသို့နည်းကောလိတ။ ။ယနေ့ ငါဆွမ်းခံမှပြန်လာခြင်းသည် သင့်ကို ဝေဠုဝန်သို့ ခေါ်ဆောင်ရန်အတွက် ပြန်လာခြင်းဖြစ်သည်။ ငါတို့သည် ဘုရားရှင်ထံတော်သို့ သွားကြကုန်အံ့...”

အမှန်အားဖြင့် ကျွန်ုပ်သည် သူငယ်ချင်း၏စကားကို ပထမ၌ နားစိုက်၍ ထောင်ခဲ့သည်မှန်သော်လည်း အဿဇိအရှင်၏ တရားပါဒဝက်မျှကို သူငယ်ချင်းထံမှ တစ်ဆင့် ကြားနာလိုက်မိသည့်အချိန်မှစ၍ သူငယ်ချင်းဆက်၍ ပြောနေသောစကားများကို အလျင်ပြတ်မသွားအောင် မနည်းကြိုးစား၍ နားထောင်ရချေသည်။

ထိုတရားကို ကြားနာရပြီးနောက်ပိုင်း၌ သူငယ်ချင်း၏ စကားသံသည် ချိုသာအောင်မြင်လှသည် မှန်သော်လည်း ခရီးဝေးမှပြောနေသော အသံကဲ့သို့ သဲ့သဲ့မျှသာ ကြားရတော့သည်။ အကြောင်းမူကား ကျွန်ုပ်သည်လည်း သူငယ်ချင်းထံမှတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



ဟောသော ယင်းခမ္မရသဥ္ဉ် နှစ်မျှောစိမ့်ထုံ၍ သွားသောကြောင့်တည်း။

ကျွန်ုပ်တို့ အပန်းကြီးစွာ ရှာဖွေခဲ့ရသော တရားစစ် တရားမှန်ကို တွေ့ရချေပြီ မဟုတ်ပါလော။

[ ၂ ]

ထို့နောက် ကျွန်ုပ်တို့သည် ဆွမ်းစားကြ၏။ ယနေ့ ဆွမ်းစားရာ၌ ကျွန်ုပ်တို့သည် တိုင်ပင်ထားကြသည့်အလား နှစ်ဦးစလုံးပင် မြန်ဆန်နေကြသည်။ အကြောင်းမူကား ဆွမ်းစားပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် လက်ရှိ ဆရာထံ ခွင့်ပန်၍ ဝေဠုဝန်ရှိ ဘုရားရှင်အထံတော်သို့သွားကြရန် စိတ်စောနေကြသော ကြောင့်တည်း။

ကျွန်ုပ်တို့သည် ဆွမ်းစားပြီးသည်နှင့် တစ်ပြိုင်နက် သပိတ်၊ သင်္ကန်းတို့ကို ကျစ်လျစ်စွာပြင်ဆင်၍ ခွင့်ပန်ရန်အတွက် ဂိုဏ်းဆရာဖြစ်သော ဆရာသိဥ္စည်း၏ စံကျောင်းသို့ သွားကြသည်။

အမှန်အားဖြင့် ဤအချိန်သည် ဂိုဏ်းဆရာထံ၌ ပရိဗိုဇ်အများ စုဝေးရာအချိန် မဟုတ်ပေ။ သို့ရာတွင် ပရိဗိုဇ်အများသည် စောစောကပင် ကျွန်ုပ်တို့၏ ထူးခြားသော အမူအရာကို အကဲခတ်လျက်ရှိကြသည်။

ဥပတိဿသည် ဂိုဏ်းဆရာတစ်ယောက် မဟုတ်သော်လည်း ပညာဂုဏ်၊ ဓနဂုဏ်ပြည့်ဝ၍ စိတ်ထားကောင်းသူတစ်ယောက် ဖြစ်သည့်အလျောက် လူ့ဘဝကပင် သူ့အခြွေအရံ ပရိသတ်မှာ များပြားလှပေရာ ပရိဗိုဇ်ဘဝသို့ ကူးပြောင်းလာသည့်အခါတွင်လည်း သူ့ပရိသတ်မှာ များပြားလျက်ပင် ဖြစ်၏။ ထို့အတူ ကျွန်ုပ်၏ ပရိသတ်မှာလည်း မနည်းလှပါချေ။

သူတို့သည် ကျွန်ုပ်တို့နှင့်အတူ ဆရာသိဥ္စည်း၏ဂိုဏ်းသို့ ဝင်ရောက်လာကြသည် မှန်သော်လည်း အမှန်အားဖြင့်သော် ကျွန်ုပ်တို့လက်အောက်တွင်သာ ရှိကြ၏။ ကျွန်ုပ်တို့ မည်သို့ကျင့်သနည်း မည်သို့နေသနည်း မည်သို့လုပ်သနည်းဆိုသည်ကိုသာ အကဲခတ် စောင့်ကြည့်၍ ကျွန်ုပ်တို့နည်းတူ ကျင့်ကြံနေထိုင်ကြသည်။

ယနေ့ ကျွန်ုပ်တို့၏ အမူအရာ ထူးခြားနေသည်ကို သူတို့ အကဲခတ်ပြီး ဖြစ်ကြသည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့ ဂိုဏ်းဆရာထံ သွားသောအခါ၌ တပည့်များစုဝေးရာအချိန် မဟုတ်စေကာမူ သူတို့သည် ကျွန်ုပ်တို့၏နောက်သို့ စုဝေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလာကြလေသည်။

ဆရာသိဥ္စည်းသည် ပရိဗိုဇ်ပရိသတ်နှင့်တကွ ကျွန်ုပ်တို့ဝင်လာကြသည်ကို အဝေးမှပင်မြင်၍ စောင့်မျှော်လျက်ရှိ၏။ ကျွန်ုပ်တို့လာပုံ သွင်ပြင်မူရာ ထူးခြားသောကြောင့်လည်း ကျွန်ုပ်တို့နှစ်ယောက်အား တူရူစိမ်းစိမ်းကြည့်ကာ အကဲခတ်လျက်ရှိသည်။

စင်စစ်အားဖြင့် ဆရာသိဥ္စည်းသည် ကျွန်ုပ်တို့နှစ်ယောက်အား အရာရာတွင် အရေးထားကာ ဦးစားပေးခဲ့၏။ ကျွန်ုပ်ထက် ဥပတိဿကို ပို၍အရေးပေးသည်။ ဂိုဏ်းဆရာတစ်ယောက်ဖြစ်သော သူ့ဘက်မှကြည့်လျှင် အရေးမထား ဦးစားပေး၍လည်း မဖြစ်ပေ။ အကြောင်းမူကား ဆရာသိဥ္စည်း၏ ဂိုဏ်း ဤမျှကြီးပွားနေခြင်းမှာ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ တပည့်များကြောင့် ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် ဆရာသိဥ္စည်းရှေ့တွင် ဝိုင်းရံထိုင်ကြ၏။ သို့ရာတွင် ဥပတိဿကား မထိုင်ပေ။ သပိတ်ပရိက္ခရာကို ကျစ်လျစ်စွာလွယ်ရင်း မတ်တတ်ရပ်လျက်ပင် ဆရာသိဥ္စည်းအား မျက်နှာမူလျက်ရှိ၏။

ဆရာသိဥ္စည်းအဖို့ ကျွန်ုပ်တို့၏ ထူးခြားသောအမူအရာကို အကဲခတ်ရုံမျှမဟုတ်တော့ဘဲ မလုံမလဲဖြစ်လျက်ရှိသည်ကိုပင် တွေ့ရသည်။ ဆရာသိဥ္စည်းအဖို့ မလုံမလဲဖြစ်စရာ အကြောင်းကြီးကလည်း ရှိနေချေသည်။ ထိုအကြောင်းကား ယခုရက်ပိုင်းအတွင်း၌ ဝေဠုဝန်သို့ သကျကုမာရဗုဒ္ဓ ရောက်လာခြင်းပင်တည်း။

မဇ္ဈိမနိုင်ငံအားလုံး၌ တရားစစ်တရားမှန်ကို ရှာဖွေကျင့်ကြံသူတို့ ပေါများလှစွာ၏။ လူသာမန်တို့ကိုအပထား၍ ဓနစည်းစိမ် ပြည့်စုံသူတို့သည်ပင် ဓနစည်းစိမ်ကို စွန့်ပစ်၍လည်းကောင်း၊ သားမယားရှိသူတို့သည် သားမယားနှင့်တကွ ဆွေမျိုးရပ်ရွာကို စွန့်ပစ်၍လည်းကောင်း ဆိတ်ငြိမ်ရာတောတောင်တို့သို့ သွား၍ဖြစ်စေ၊ ဆရာသိဥ္စည်းဂိုဏ်း စသော တရားဂိုဏ်းကြီးများသို့ဝင်၍ဖြစ်စေ တရားစစ် တရားမှန်ကို ရှာကြံကျင့်သုံးလျက်ရှိကြသည်။

ယင်းတရားဂိုဏ်းကြီးများအဖို့ ဝေဠုဝန်သို့ သကျကုမာရဗုဒ္ဓ ရောက်လာသည်ဟူသော သတင်းသည် နေရောင်ခြည်ကြောင့် တုန်လှုပ်ယိမ်းယိုင်ရသော ဆီးနှင်းများကဲ့သို့ လှုပ်ရှားဟန်ပျက်လျက် ရှိကြကုန်သည်။

အထူးသဖြင့် ဘုရားရှင်သည် ရာဇဂြိုဟ်သို့ သာမန်အားဖြင့် ကြွရောက်လာခြင်း မဟုတ်ပေ။ ဘုရင်ဗိမ္ဗိသာရ၏ ပင့်ဆောင်ချက်ဖြင့် ကြွရောက်လာခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ရာဇဂြိုဟ်သို့ ဘုရားရှင် ကြွရောက်လာသောအခါ ဘုရင်ဗိမ္ဗိသာရ ကိုယ်တိုင် ခမ်းနားသောဝေဠုဝန်ကိုလှူသည်။ ထို့ကြောင့် ဘုရားရှင်၏ဂိုဏ်းသည် ဘုရင်ကိုယ်တိုင် ရှေ့ဆောင်ရှေ့ရွက်ပြုသော ဂိုဏ်းဖြစ်သည်။

ဘုရားရှင်ကိုယ်တော်တိုင်သည်လည်း အမျိုးအားဖြင့် ကြီးမြတ်သော သကျ သာကီဝင်ဖြစ်သည်။ ယင်းသို့ ဂုဏ်ထူးအင်အားကြီးမားလှသော ဂိုဏ်းဆရာကြီး တစ်ယောက် ရာဇဂြိုဟ်သို့ ကြွရောက်လာခြင်းမှာ ဆရာသိဉ္စည်း စသော ဂိုဏ်း ဆရာတို့အဖို့ အဘယ်သို့လျှင် တုန်လှုပ်ဖွယ်မဖြစ်ဘဲ ရှိချေမည်နည်း။

သူတို့သည် သူတို့၏ ဒါယကာ ဒါယိကာမများအားလည်းကောင်း၊ အထူး သဖြင့် သူတို့၏ တပည့်များအားလည်းကောင်း ဘုရားရှင်ဘက်သို့ ယိမ်းယိုင်သွား မည်ကို စိုးရိမ်လျက်ရှိကြသည်။ ထိုစိုးရိမ်ချက်အကြောင်းခံသည် ယခုရောက်လာ သော ကျွန်ုပ်တို့၏ အမူအရာများကိုမြင်ရ၍ ဆရာသိဉ္စည်း တုန်လှုပ်ရခြင်း၏ အကြောင်းခံဖြစ်သည်။

ဥပတိဿသည် မတ်ရပ်ပင် တည်ငြိမ်စွာဖြင့် "လျှောက်ထားခွင့်ပြုပါဆရာ" ဟု လျှောက်၏။

"ဥပတိဿ...ခွင့်ပန်ဖွယ်လိုသေးသလော။ တပည့်ကြီးဖြစ်သော သင့်အား ငါသည် အရာရာ၌ပင် ခွင့်ပြုခဲ့ပြီးမဟုတ်လော"

ဆရာသိဉ္စည်းက ချိုသာသောအသံဖြင့် ပြန်ပြောသည်။

အမှန်အားဖြင့် ဥပတိဿသည် ဆရာသိဉ္စည်းထံ၌ လိုအပ်သမျှကိုသာ ခွင့်ပန် လိမ့်မည်ဟု ကျွန်ုပ်ထင်ခဲ့မိသည်။ ကျွန်ုပ်၏ထင်မြင်ချက် မမှန်ပေ။

ဥပတိဿသည် ရဲရင့်လှစွာ၏။ ကရုဏာကြီးလှစွာ၏။ အကျိုးကိုကြည့်သော မိတ်ဆွေကောင်း ပီသလှစွာ၏။ အကြောင်းသော်ကား ဥပတိဿသည် ဆရာ သိဉ္စည်းအား အောက်ပါအတိုင်း လျှောက်ထားသောကြောင့်ပေတည်း။

"ဆရာအရှင်...ဆရာတို့သည် တရားစစ်တရားမှန်ကို ရှာရန်အလို့ငှာ လောက ကို စွန့်၍ ကျင့်ကြံအားထုတ်ခဲ့ကြသည်။ သို့ရာတွင် ဆရာတို့ခံယူကျင့်သုံးသော တရားဆိုသည်ကား အချည်းနှီးသာတည်း။ ယခုအခါ၌ တပည့်တော်တို့သည် တရားစစ်တရားမှန်ကိုလည်းကောင်း၊ ထိုတရားစစ်တရားမှန်ကို လမ်းညွှန်ပြသနိုင် သော ဆရာကိုလည်းကောင်း တွေ့ရချေပြီ။ ထိုဆရာသည်ကား ဗုဒ္ဓဖြစ်၍ ဗုဒ္ဓသည် ယခုအခါ၌ ဝေဠုဝန်သို့ ရောက်ရှိနေပါချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာအရှင်...တပည့်တော်တို့သည် တွေဝေနေရန်အချိန် မဟုတ်တော့။ အချည်းနှီးသာဖြစ်သော၊ အနှစ်သာရမရှိသော အယူဝါဒများကိုစွန့်၍ ဗုဒ္ဓဘုရားရှင်ထံတော်သို့ သွားကြပါကုန်စို့"

ဥပတိဿ၏ လျှောက်ထားချက်ကြောင့် ဆရာသိဉ္စည်းသည် ကိုယ်ဟန်အမူအရာပင် ပျက်သွားသည်။ ရုတ်တရက်ပင် စကားပြန်၍မပြောနိုင်။ အတန်ကြာမှ မလုံမလဲသောမျက်နှာဖြင့် ဥပတိဿအား မှုန်မှုန်ကြည့်၍ မေးလိုက်သည်။

"ဥပတိဿ...သင့်စကားသည် ရဲရင့်လှချေသည်။ ဗုဒ္ဓ၏တရားသည် တရားစစ် တရားမှန် ဟုတ်၏ မဟုတ်၏ကို သင်ကိုယ်တိုင် စုံစမ်းပြီးသည်မို့လား"

"ဆရာအရှင်...တပည့်တော်သည် ဗုဒ္ဓ၏ တရားစစ်တရားမှန်ကို စုံစမ်းပြီးသည်မျှမဟုတ်၊ ခံယူကျင့်သုံးပြီး ကျင့်သုံးဆဲပင်ဖြစ်ချေပြီ။ ဆရာသည် တပည့်တော်အတွက် ကျေးဇူးမကင်းသူဖြစ်သည့်အလျောက် တရားစစ် တရားမှန်ကို တပည့်တော်ကဲ့သို့ပင် ခံယူကျင့်သုံးစေလိုသော စေတနာရင်းဖြင့် လျှောက်ထားခြင်းဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်ထံ သွားကြပါကုန်စို့"

ဆရာသိဉ္စည်းသည် ဦးခေါင်းကို လက်ဖြင့် အထပ်ထပ်ပွတ်၏။ လက်သည် ဦးခေါင်းမှ မှီအုံးသို့ ပြောင်း၍ပွတ်၏။ သက်န်းကို ပြင်ဝတ်၏။ တောင်ဝှေးကို ဆွဲသယောင်ပြု၏။ ဆရာသိဉ္စည်း၏ အမူအရာသည် မတည်ငြိမ်နိုင်။

ဥပတိဿစကားသည် ဆရာသိဉ္စည်းသို့ စူးဝင်သည်။ သို့ရာတွင် ဂိုဏ်းဆရာကြီး တစ်ယောက်ဖြစ်သည့်အတိုင်း ဆန့်ကျင်လာသော တပည့်တစ်ယောက်၏ စကားကို သာမန်အားဖြင့် အလျှော့ပေးလိမ့်မည်မဟုတ်ပေ။

"ငါပြောမည် ဥပတိဿ စေ့စေ့နားထောင်။ ငါတို့ဂိုဏ်းသည် မနေ့တစ်နေ့ကမှ တော်စွလျော်စွ ပေါ်ပေါက်လာခဲ့သော ဂိုဏ်းမဟုတ်။ နှစ်ပေါင်းများစွာမှစ၍ ဆရာစဉ်ဆက် တည်ထောင်ကျင့်သုံးလာခဲ့သော ဂိုဏ်းကြီးဖြစ်သည်။

"သင်သည် ငါ့တပည့်များအနက် အလားအလာရှိသော တပည့်ကြီးဖြစ်သည်။ ထိုအလားအလာကား ငါမရှိခဲ့သော် ငါ့နေရာတွင် ဂိုဏ်းဆရာအဖြစ် သင့်ကိုလွှဲအပ်ရန် ရည်မှန်းထားခြင်းကို ဆိုလိုသည်။ တောရမ်းမယ်ဖွဲ့စကားတို့ဖြင့် စိတ်ကူးမလွဲနှင့် ငါ့တပည့်"

"ဆရာ့ရည်မှန်းချက်နှင့် အမိန့်ရှိချက်ကို ကျေးဇူးတင်လှပါသည်။ သို့ရာတွင် တပည့်တော်သည် ဂိုဏ်းဆရာကြီးလုပ်ရန် ရည်မှန်းချက်ဖြင့် အရှင့်ထံ ရောက်လာ

www.burmeseclassic.com



ခြင်းမဟုတ်ပါ။ တပည့်တော်သည် တရားမှန်ကိုရှာသူ ဖြစ်ပါသည်။ အရှင်သည်လည်း တရားမှန်ကို ရှာသူဖြစ်သည်ဟု တပည့်တော် နားလည်ထားပါသည်။

"သို့ဖြစ်၍ ဆရာ့ကျေးဇူးကို ထောက်ထား၍လည်းကောင်း၊ တပည့်တော်၏ စေတနာကြောင့်လည်းကောင်း ဆရာ့အား ယခုကဲ့သို့ ရဲရဲဝံ့ဝံ့လျှောက်ထားနေခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်ထံသို့ သွားကြပါစို့ဆရာ။ သပိတ်သက်န်းကို ပြင်ဆင်ပါလော့"

ဤအကြိမ်တွင်မူ ဆရာသိဥ္စည်းသည် ဒေါသထွက်လာပုံရသည်။ တွေဝေသော မျက်နှာတွင် ဒေါသရောင်လွှမ်းလာ၏။ ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။ လက်နှစ်ဖက်ကို နောက်သို့ပစ်၍ သွားချည်ပြန်ချည် လျှောက်၏။ ဖရိုဖရဲဖြစ်နေသော သက်န်းစကိုမျှ မသိမ်းနိုင်။

ကျွန်ုပ်တို့သည် ဆရာသိဥ္စည်းထံ နေစဉ်အတွင်း ဆရာသိဥ္စည်း၏ ယင်းကဲ့သို့သော ဒေါသကိုလည်းကောင်း၊ မာနကိုလည်းကောင်း၊ ပျင်းရိခြင်းကို လည်းကောင်း၊ လျှပ်ပေါ်ခြင်းကိုလည်းကောင်း ကြိမ်ဖန်များစွာတွေ့ခဲ့ရဖူးပေပြီ။ ယင်းသို့သော စိတ်ယုတ်စိတ်ဆိုးများသည် တရားစစ် တရားမှန်၏ ဆန့်ကျင်ဘက်များ ဖြစ်ကြသည်ကို ကျွန်ုပ်တို့ နားလည်၏။ တရားစစ် တရားမှန်ရှိသူတို့ထံတွင် ယင်းသို့သော စိတ်ယုတ် အမူအရာယုတ်များ မရှိနိုင်သည်ကိုလည်း ကျွန်ုပ်တို့ နားလည်ပါ၏။

သို့ရာတွင် တရားစစ် တရားမှန်ဟူသည် အဘယ်သို့ဖြစ်သည်ဟု ညွှန်ပြနိုင်သူ မရှိသေး၍သာ တရားမှန်ရလိမ့်နိုးဖြင့် မျှော်ကိုး၍ ဆရာသိဥ္စည်းထံ ဆည်းကပ်နေခဲ့ကြရခြင်းဖြစ်သည်။ စင်စစ်သော်ကား တရားမှန်ရှိသယောင် ဟန်လုပ်ထားခြင်းမျှ ဖြစ်၍ ယခုကဲ့သို့ အလိုမကျသောအခါ၌ ဆောင်းထားသော မင်းသားခေါင်းပြုတ်၍ ပင်ကိုဘီလူးရုပ်ပေါ်လာသည်ကို အထင်အရှားတွေ့ရ၏။

ဆရာသိဥ္စည်းသည် နှစ်ခေါက်သုံးခေါက်မျှ ဦးခေါင်းကိုငိုက်၍ ခပ်မြန်မြန် လမ်းလျှောက်ပြီးနောက် ရုတ်တရက် ဦးခေါင်းကိုထောင်ကာ ဒေါသခိုးထွက်နေသော်လည်း အတန်ကြီးချုပ်တည်းထားသော အသံဖြင့် ဥပတိဿသို့ အမိန့်ရှိလိုက်သည်။

"ဥပတိဿ။ ။ငါ့ကို ဘုရားရှင်ထံသို့ချည်း ခေါ်နေသည်။ သင်သိထားဖို့က ငါသည် ဂိုဏ်းဆရာကြီးဖြစ်သည်။ သင်က ငါ့ကို သင်တို့လို တရားမှန်ရှာသူဟု ဆိုသည်။ ငါသည် တရားမှန်ရှိ၍ ထိုတရားမှန်ကို သူတစ်ပါးအားပေးသော ဂိုဏ်း

www.burmeseclassic.com



ဆရာကြီး ဖြစ်သည်။

ဂိုဏ်းဆရာဟူသည် ရေတည် အိုးစရည်းကြီးဖြစ်သည်။ သင်တို့ကဲ့သို့ လက်ငင် အိုး မဟုတ်ဘူး။ အိုးစရည်းဆိုသည် ဟိုအရာကောင်းနိုးနိုး၊ သည်အရာ ကောင်း နိုးနိုးနှင့် လှုပ်ရှားရရိုး ထုံးစံမရှိဘူး။ သင်တို့ လက်ငင်အိုးတွေသာ သွားချင်ကြရင် သွားချင်ရာကို သွားကြ၊ ဒီစကားမျိုး ငါ့ကို ထပ်ပြီးမလျှောက်ကြနဲ့တော့ ဥပတိဿ"

"ဆရာအရှင်။ ။တပည့်တော်တို့သွားကြမည်ကား အမှန်ပင်ဖြစ်ပါသည်။ သွား ကြရန်ပင် အားလုံးပြင်ဆင်ပြီး ဆရာ့ထံ ယခုလာ၍ ဝတ္တရားအလျှောက် ခွင့်ပန် ကြခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဆရာ့ကျေးဇူးကြောင့် ဆရာ့အားလည်း တရားမှန် ကို ရစေလို၍ စစ်မှန်သောစေတနာဖြင့် ယခုကဲ့သို့ လျှောက်ထားခေါ်ယူခြင်းဖြစ်ပါ သည်။ ယခုကား တပည့်တော် ဝတ္တရားကျေပွန်ပါပြီ။

"ဆရာ့အား နောက်ဆုံးအနေဖြင့် လျှောက်ထားလိုသည်မှာ တပည့်တော်တို့ သွားလျှင် တပည့်အားလုံးလိုလို လိုက်ပါကြပါလိမ့်မည်။ အကြောင်းမူကား သူတို့ သည် တရားမှန်ကိုရှာသော လက်ငင်အိုးများဖြစ်ကြပါကုန်သည်။

"ယင်းသို့ဖြစ်လျှင် ဆရာ၌ တစ်ယောက်တည်းဖြင့် အဘယ်အကျိုးရှိပါတော့အံ့ နည်း။ သို့ဖြစ်၍ နောက်ဆုံးအကြိမ်အဖြစ် လျှောက်ထားပါသည်ဆရာ၊ ဆရာသည် ပညာဉာဏ် အခြေခံကြီးသူ အမြော်အမြင်ကြီးသူဖြစ်ကြောင်း တပည့်တော် နားလည် ပါသည်။ တိမ်သလာလွှမ်းသကဲ့သို့သော ဆရာ၏မာနနှင့် ဒေါသတို့ကို ပယ်ခွာ၍ တရားမှန်ရှိရာ ဝေဠုဝန်ကျောင်းတော်သို့ တပည့်တော်တို့နှင့်အတူ ကြွချီတော်မူပါ လော့"

ဆရာသိဉ္စည်းသည် ဥပတိဿသို့ လက်ညှိုးငေါက်ငေါက်ထိုးလိုက်၏။ ဒေါသ အခိုးသည် တဟူးဟူးထွက်နေသကဲ့သို့ ထင်ရ၏။ ထွက်လာသောစကားလုံးများ သည် ဒေါသကြောင့် အထစ်ထစ်အငေါ့ငေါ့ပင် ဖြစ်လျက်ရှိသည်။

"တော်ဟေ့...ဥပတိဿ၊ ထပ်မလျှောက်နဲ့ ဆိုလျက်နှင့် သည်စကား ထပ် လျှောက်ပြန်ပြီလား။ သင်တို့အကုန်လုံး သွားရုံမကလို့ ကျောင်းတွေပါ ယူသွား နိုင်လျှင် ယူသွားကြ"

"ဒီမှာဟေ့...ဥပတိဿ၊ သင်က ဆရာရယ် သမားရယ်လို့ နောက်ကြောင်း ပြန်မငဲ့တော့ သင့်ကို ငါ ရှင်းရှင်းပြောလိုက်မယ်၊ နားထောင်။ ငါ့ဆီမှာ တပည့် တပန်းမရှိလို့ ငါ့အဖို့ နည်းနည်းမှ ပူလိမ့်မယ်မထင်နှင့်။ လောကမှာ လူတွေများ

www.burmeseclassic.com

www.burmeseclassic.com



လှသည်။ လူတွေဆိုသည်မှာ လူမိုက်နှင့် လူလိမ္မာ ဘယ်သူက များသနည်း။ သင်သိသည်မဟုတ်လော။ အေး...မသေမချင်း မှတ်ထား။ လူမိုက်တွေ ငါ့ဆီလာ လိမ့်မည်။ သင်တို့လူလိမ္မာတွေ ဘုရားရှင်ထံ သွားကြ သွားကြ"

ဆရာသိဥ္စည်း၏ ဒေါသသည် ပြင်းသည်ထက် ပြင်းထန်လာ၍ နောက်ဆုံး စကားကိုမူ အော်၍ပင်ပြောလိုက်သည်။ ပြောပြီးနောက် တောင်ဝှေးကြီးကိုဆွဲကာ ရုတ်တရက် ကျွန်ုပ်တို့ကို ကျောခိုင်း၍ ကျောင်းခန်းတွင်းသို့ ဝင်သွားသည်။

ကျွန်ုပ်တို့ ပရိဗိုဇ်တစ်ထောင်ကျော်ခန့်သည် ဆရာသိဥ္စည်း၏ ဒေါသမှ ထင်ဟပ်သော ဓမ္မသံဝေဂကြောင့်လည်းကောင်း၊ ဥပတိဿ၏ ရင့်ကျက်သော သိက္ခာကို ကြည်ညိုလှ၍လည်းကောင်း နေ့လယ်ပင်ဖြစ်လင့်ကစား ညဥ့်သန်းခေါင် တွင် ဆိတ်ငြိမ်လှသော တောအုပ်ကျောက်ဂူကြီးအတွင်း၌ တရားကျင့်သုံးနေကြ သူများကဲ့သို့ အပ်ကျသံ ကြားရမတတ်ပင် ဆိတ်ငြိမ်လျက်ရှိသည်။

ကျွန်ုပ်သည် ဥပတိဿ၏ တည်ငြိမ်မှု၊ ရင့်ကျက်မှု၊ ပညာကြီးမားမှု၊ စိတ်ထား ကြီးမားမှုများအပေါ်တွင် အမှီပြု၍ ကြည်ညိုလေးစားခဲ့ရပေါင်း များလှပါချေပြီ။ ယနေ့ ဥပတိဿအား ကြည်ညိုလိုက်ပုံမှာ ကြက်သီးပင် တဖြန်းဖြန်းထသည်။

အကြောင်းကား ဥပတိဿသည် ဆင်ခြင်တုံတရား ကြီးမားစေကာမူ အမျိုး ဂုဏ်၊ ပညာဂုဏ်ကြီးသူဖြစ်သည့်အလျောက် ဤမျှတုန်လှုပ်ဖွယ်ရှိသော စကားမျိုး အမူအရာမျိုးနှင့် ရင်ဆိုင်ရသည့်အခါ အခါတိုင်းလိုဆိုလျှင် ကိုယ်နှုတ်အမူအရာ သိသိသာသာ မလှုပ်ရှားသည့်တိုင် မျက်ဝန်းလေးတစ်ချက်၊ မျက်တောင်ကလေး တစ်ခတ်မျှ လှုပ်ရှားဖို့ရှိ၏။

ယခုမူကား ဒေါသခိုး လွှတ်လျက်ရှိသော ဆရာသိဥ္စည်း၏ရှေ့တွင် ဥပတိဿ သည် အရပ်လေးမျက်နှာမှ တိုက်ခတ်သောလေကြောင့် မလှုပ်ရှားသော ကျောက် တိုင်ကဲ့သို့ ကိုယ်ဟန်အမူအရာ နည်းနည်းကလေးမျှ မလှုပ်ရှားဘဲ ကြီးမားသော သိက္ခာဖြင့် ရပ်လျက်ရှိ၏။ လပြည့်ဝန်းနှယ် ကြည်လင်သောမျက်နှာသည်လည်း မျက်တောင်ကလေးခတ်ရုံမျှပင် မလှုပ်ရှားဘဲ ပကတိ ကြည်လင်လျက်ရှိချေ၏။ ကြည်ညိုဖွယ်အတိ ဖြစ်ပါဘိသည်။

ဆရာသိဥ္စည်း မျက်နှာလွှဲပြီးနောက် တအောင့်မျှအကြာတွင် ဥပတိဿသည် တည်ကြည်ငြိမ်သက်သော ကိုယ်ဟန်ဖြင့် နောက်သို့လှည့်ပြီး ထွက်ကြွသည်။ ကျွန်ုပ်သည် သူ့နောက်မှလိုက်၏။ ကျွန်ုပ်တို့နောက်မှ ပရိဗိုဇ်များ လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားစစ် တရားမှန်ဆိုသည့်တိုင် ဆရာသိဋ္ဌည်းအပေါ် သံယောဇဉ်ကြီးမကင်းသူ တပည့်များ ရှိကြဦးမည်ဖြစ်၍ ဝေဠုဝန်သို့ အကုန်လုံးလိုက်ပါလာကြမည် မထင်ခဲ့။ သို့ရာတွင် ပရိဗိုဇ်အားလုံးပင် လိုက်ပါလာကြသည်ကို တွေ့ရ၍ ဝမ်းမြောက်ရ၏။

ကျောင်းဝအထွက်သို့ရောက်၍ ဆရာသိဋ္ဌည်း ကျောင်းဆီမှ လှုပ်ရှားသံများကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ ကျောင်းအပြင် ညောင်စောင်း၌ ဆရာသိဋ္ဌည်း လူးလိမ့်လျက်ရှိသည်ကို လှမ်းမြင်ရသည်။ ပရိဗိုဇ်အချို့ အပြေးအလွှားပြန်သွားပြီး ပြုစုကြသည်။ ဆရာသိဋ္ဌည်းသည် သွေးအန်သည်ဟု ကြားရ၏။ သို့ရာတွင် ဘုရားရှင်ထံတော်သို့ ရည်ညွှတ်သော ကျွန်ုပ်တို့၏ တစ်ခုတည်းသောဆန္ဒသည် နောက်သို့ ပြန်မလှည့်တော့ပြီ။

[ ၃ ]

ဝေဠုဝန်သည် ဆိတ်ငြိမ်၏။ ကျောင်းအသွင်ကပင် ကျွန်ုပ်တို့ ပရိဗိုဇ်ကျောင်းများနှင့် ကွာခြားလှဘိသည်။ ကျွန်ုပ်တို့ရောက်သွားချိန်၌ အဆင်သင့်ပင် ဘုရားရှင်သည် တပည့် ရဟန်းများခြံရံကာ တရားဟောလျက်ရှိသည်ကို တွေ့ရ၏။ ဘုရားရှင်အား ဖူးတွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့၏ လက်များသည် တစ်ပြိုင်တည်းပင် လက်အုပ်ချီပြီး ဖြစ်သွားကြ၏။

ထူးခြားပါပေသည်။ ဘုရားရှင်ကား တကယ်ပင် အံ့ဖွယ်ထူးခြားလှသော ပုဂ္ဂိုလ်မြတ်ပါပေတည်း။

ဘုရားရှင်၏ မျက်နှာတော်အား တိမ်မြူကင်းစင်သော လပြည့်ဝန်းနှယ်ဟု ဥပမာပေးလိုသော် ပေးနိုင်ပါ၏။ စွင့်ကားစွာ ပွင့်အပ်သော ပန်းနှင့် ဥပမာဆောင်လိုသော် ဆောင်နိုင်၏။ သို့ရာတွင် ဥပမာများသည် ဘုရားရှင်၏ မျက်နှာတော်အတွက် ပြည့်စုံလုံလောက်လိမ့်မည်ကား မဟုတ်သေးပေ။

ကျွန်ုပ်တို့တွေ့မြင်ဖူးသမျှသော မျက်နှာတို့တွင် အကြင်မျက်နှာတစ်ခုသည် အဘယ်မျှ ရှုချင့်ဖွယ်ရှိသည်ဆိုစေ နှစ်ကြိမ်ထပ်၍ အကြည့်ခံသော မျက်နှာမျိုးဟူ၍ ဤလောက၌ ရှားပါးလှသည်။ ဘုရားရှင်၏ မယက်နှာတော်ကား အကြိမ်ရာထောင် ရှုကြည့်၍လည်း တင်းတိမ်နိုင်ဖွယ်ရှိမည်မဟုတ်။

ဤမျှထူးခြားပြည့်စုံသော မျက်နှာပိုင်ရှင်၊ ဤမျှသိမ်မွေ့ပြည့်ဝသော ကိုယ်ဟန်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်သည် ထူးခြားသောတရားရှင်၊ စိတ်ဓာတ်အရှင်ဖြစ်မည်ကို ကျွန်ုပ်သည် ခြွင်းချက်မရှိ လက်ခံလိုက်ပါ၏။

ကျွန်ုပ်တို့နှစ်ယောက်သည် ရဟန်းပရိသတ် အစသို့ရောက်သည်နှင့် တစ်ပြိုင်နက် ဘုရားရှင်သည် မျက်လွှာတော်ကိုပင့်၍ ကျွန်ုပ်တို့အား တူရူကြည့်တော်မူလိုက်သည်။

ငယ်ရွယ်စဉ်အချိန်က ကျွန်ုပ်၏မိခင် ခရီးဝေးထွက်၍ ရက်အတန်ကြာမျှ မိခင်နှင့် ကွဲကွာနေခဲ့ဖူးသည်။ မိခင်ပြန်ရောက်လာသည့်အချိန်၌ မိခင်၏ရင်ခွင်သို့ ကျွန်ုပ်ပြေးဝင်သောအခါ မိခင်က ဆီးပွေ့ပိုက်ယူသဖြင့် မိခင်၏မေတ္တာအရသာကို ကျွန်ုပ်အဖို့ မမေ့နိုင်အောင် ခံစားခဲ့ရသည်။ ထိုအရသာမျိုးကို မိခင်ထံမှ တစ်ပါး အခြားသူများထံမှ မခံစားခဲ့ရဖူးချေ။ ထိုအရသာ ထိုအထိအတွေ့မျိုးကို ယခု ဗုဒ္ဓက ကျွန်ုပ်တို့အား တူရူရူကြည့်လိုက်တော်မူလိုက်သောအခါ၌ ခံစားရသော အရသာနှင့် အနီးကပ်ဆုံးအဖြစ်မျှသာ ဥပမာဆောင်နိုင်ပေလိမ့်မည်။

ဘုရားရှင်သည် ရှုကြည့်တော်မူလိုက်ရုံမျှမဟုတ်၊ သင်္ကန်းတော်အတွင်းမှ ပြည့်ဖြိုးသော ယာဘက်လက်တော်ကိုထုတ်၍ ကျွန်ုပ်တို့ထံသို့ တူရူဆန့်တန်းသည်။ ထို့နောက် ထူးခြားသောအသံတော်ဖြင့် မိန့်တော်မူ၏။

"ချစ်သား ရဟန်းတို့။ ။ငါ၏သာသနာတော်တွင် ငါ၏ကိုယ်စား အားထားရ၍ ငါ၏လက်ယာရံ လက်ဝဲရံဖြစ်လတ္တံ့သော သာရိပုတ္တရာနှင့် မောဂ္ဂလာန်ထေရ်တို့သည် ယခု လာရောက်ကြကုန်ပြီ"

ဘုရားရှင်၏ ထိုစကားသည် ကျွန်ုပ်အား ပီတိအိမ်တွင် စိမ်လိုက်သကဲ့သို့ ဖြစ်သွားစေသည်။ မှန်လှ၏။ ဥပတိဿသည် သာရီမိခင်၏ ရင်သွေးဖြစ်၍ သာရိပုတ္တရာဖြစ်သကဲ့သို့၊ ကျွန်ုပ်သည် မောဂ္ဂလီမိခင်၏ ရင်သွေးဖြစ်၍ မောဂ္ဂလာန် ဖြစ်ရပေမည်။

"လာကြလော့ ငါ၏ချစ်သား ရဟန်းများဖြစ်ကြသော သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့။ ။ငါ၏ထံပါး ငါ၏သာသနာ၌ ကောင်းစွာနေကြလော့၊ ကောင်းစွာ ကျင့်ကြလော့"

ဘုရားရှင်၏ ရဟန်းပရိသတ်သည် ကျွန်ုပ်တို့ကိုလှည့်ကြည့်ကြပြီးနောက် လမ်းဖယ်ပေးကြသည်။ နေရာဖယ်ပေးကြသည်။ သာရိပုတ္တရာသည် ဦးညွှတ်ရှိခိုးကာ ရဟန်းပရိသတ်အလယ်သို့ဝင်၏။ သူ၏ဆရာတစ်ဦးဖြစ်သော အဿဇိထေရ်

www.burmeseclassic.com



အား တွေ့သောအခါ လက်အုပ်ကိုလှည့်၍ ဦးညွှတ်အရိုအသေပြု၏။ အသဃဇိထေရ်သည် ကျွန်ုပ်တို့နှစ်ဦးအား နှစ်သိမ့်လှသောမျက်နှာဖြင့် ကြိုဆိုကြည့်ရှုသည်။

ကျွန်ုပ်တို့သည် ဘုရားရှင်၏ ထံတော်ပါး၌ ဦးညွှတ်၍ထိုင်ကြ၏။ ဘုရားရှင်သည် တရားကို ဆက်လက်ဟောတော်မူသည်။

ယနေ့သည်ကား ကျွန်ုပ်တို့ဘဝတွင် အထူးခြားဆုံးသော နေ့တစ်နေ့ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



# လင်းအရှက်

[ ၁ ]

**အစ်ကို...**

ရာဇဂြိုဟ်သို့ မနှစ်က အစ်ကိုရောက်မလာ၍ မိသားစုအားလုံးနှင့် အစ်ကို့ မိတ်ဆွေတစ်ဖွဲ့လုံးက လွမ်းဆွတ်တောင့်တနေကြပါသည်။ အရင်တုန်းကလို တစ်နှစ် နှစ်ခေါက် သုံးခေါက်မဟုတ်တောင်မှ ခြေခင်းလက်ခင်းသာသည့် နွေရာသီလောက်တွင် တစ်နှစ်တစ်ခေါက်တော့ အစ်ကို ရောက်သင့်ပါသည်။ အဘိုးကြီး အဘွားကြီးများက သမီးနှင့် မြေးများကို အထူးလွမ်းဆွတ်နေကြပါသည်။ ဒါကြောင့် နွေမှာတော့ အစ်ကိုနှင့် မိသားစု ရာဇဂြိုဟ်သို့ မုချရောက်လာလိမ့်မည်ဟု ယုံကြည်ပါသည်။

အစ်ကို့ကို အထူးပြောကြားရန်မှာ ဒီတစ်ခေါက် ရာဇဂြိုဟ်သို့ အစ်ကိုရောက်လာသည့်အခါ အစ်ကို အထူးကြားချင်၊ သိချင်သောကိစ္စတစ်ရပ် ရာဇဂြိုဟ်တွင် ရှိနေပါသည်။ ထို့ကြောင့် အစ်ကို မုချလာဖို့ ဆန္ဒပြုလိုက်ပါသည်။

**ဝိလာသ**

သုဒတ္တသည် ရာဇဂြိုဟ်မှ ချစ်ယောက်ဖ ဝိလာသ၏စာကို တပြုံးပြုံး ဖတ်ပြီးနောက် ရာဇဂြိုဟ်မှ သဝဏ်လွှာပါလာသည်ဆို၍ အနီးတွင်စောင့်လျက်ရှိကြသော ချစ်ဇနီးသီရိသုမနနှင့် သားသမီးများထံသို့ လက်ကမ်းလိုက်၏။

www.burmeseclassic.com



အလုပ်ကိစ္စ များပြားသောကြောင့် ရာဇဂြိုဟ်သို့ မနှစ်က မရောက်ခဲ့ပေ။ အလုပ်ကိစ္စများသောကြောင့်သာမဟုတ်၊ အသက်အရွယ် အတန်ငယ်ထောက်လာသောအခါ တတ်နိုင်သမျှ အေးအေးငြိမ်ငြိမ် နေလိုတော့သော ဆန္ဒကြောင့်လည်း ဖြစ်၏။

သာဝတ္ထိနှင့် ရာဇဂြိုဟ်သည် အုပ်ချုပ်သူတို့ အလိုအားဖြင့် အင်အားပြိုင်နိုင်ငံကြီးနှစ်ခုဖြစ်သော်လည်း ကုန်သည်များအဖို့မူ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းဖြင့် အခါခပ်သိမ်း ရွှေလမ်းငွေလမ်းဖောက်ထားသော နိုင်ငံကြီးများ ဖြစ်ကြပေသည်။

သာဝတ္ထိမှ ကုန်သည်ကြီးများအနက် သုဒတ္တတို့အုပ်စုမှာ အထင်ရှားဆုံး ဖြစ်သည်။ အကြောင်းကား သုဒတ္တတို့သည် မျိုးရိုးစဉ်ဆက် ကြွယ်ဝချမ်းသာ၍ ဓနအင်အားကောင်းရုံမျှသာမက လောဘအစွန်းမထွက်လွန်းဘဲ မျှမျှတတ လုပ်ကိုင်တတ်သောကြောင့် လုပ်ငန်းအင်အား ကြီးမားသလောက် အသိုင်းအဝိုင်းကြီးမားသည်။

ယခု သုဒတ္တလက်ထက်သို့ရောက်သောအခါ သာ၍ကြီးမားလာ၏။ အကြောင်းမှာ သုဒတ္တသည် ရာဇဂြိုဟ်မှ ကုန်သည်ကြီးဝိလာသ၏ နှမ သိရိသုမနနှင့် လက်ဆက်မိကြသောကြောင့် ဖြစ်သည်။ ဤနည်းဖြင့် သာဝတ္ထိနှင့် ရာဇဂြိုဟ်သည် ကုန်သည်လောကအနေဖြင့် ပို၍ကျယ်ပြန့်ကာ ရွှေနှစ်ပြား တစ်ပြားပမာ ဖြစ်လာသည်။

ဤမျှသာမက သုဒတ္တ၏ ထူးခြားသောအရည်အချင်းများကြောင့်လည်း ကုန်စည်လုပ်ငန်းရော အသိုင်းအဝိုင်းပါ ကျယ်ပြန့်ရပြန်သည်။

စည်းစိမ်ရှင်တစ်ယောက် ဖြစ်လာပြီဆိုလျှင် မိန်းမလိုက်စားခြင်း၊ အရက်သေစာ သောက်စားခြင်း၊ လောင်းကစားကြူးခြင်း စသည်ဖြင့် ဒုစရိုက်ဆန်ဆန် အလုပ်များတွင် အနည်းနှင့်အများ ပျော်မွေ့တတ်ကြသည်မှာ ယောကျ်ားတို့တံတွာ ဓမ္မတာလိုလိုဖြစ်ရာက မျိုးရိုးအစဉ်အဆက်ကပင် သုံးမကုန်အောင် ကြွယ်ဝခဲ့သော သုဒတ္တအဖို့မူ ဤလိုအမူအကျင့်များ ကင်းရှင်းရုံမျှမက မိမိကြွယ်ဝသော စည်းစိမ်ချမ်းသာကို မရှိဆင်းရဲသားများအား မပြတ်လိုလို ဝေငှလှူဒါန်းလေ့ရှိသူ ဖြစ်သောကြောင့် ကိုးကွယ်ရာမဲ့သူတို့၏ အားထားရာ၊ မရှိဆင်းရဲသားများအား ထမင်းပေးသူ "အနာထပိဏ်"ဟူသောဘွဲ့ကို အများပြည်သူတို့၏ နှုတ်ဖျားတွင် ရောက်ရှိလာကာ

www.burmeseclassic.com

www.burmeseclassic.com



သုဒတ္တဟူသောငယ်မည်ပင် ပျောက်ခဲ့ရသူဖြစ်ပေသည်။

သုဒတ္တ၏ အခြားထူးခြားချက်တစ်ရပ်မှာ တရားရှာဖွေမှု၊ တရားဆွေးနွေးမှုဌ မွေ့လျော်ခြင်းဖြစ်၏။ သူ့အစဉ်အလာ သူ့ဝန်းကျင်တွင်ရှိနေသော ဆရာများ၊ တပည့်များကို လွယ်လွယ်နှင့် လက်မခံတတ်ဘဲ ကိုယ်ပိုင်တွေးခေါ်မှုဖြင့် စိစစ် ဝေဖန်တတ်သူဖြစ်သည်။ ထို့ကြောင့် လူတို့တွင် အကောင်းဆုံးစရိုက်မျိုးစုံရှိသည့် အနက် သုဒတ္တအဖို့မူ သဒ္ဓါစရိုက် ပညာစရိုက်ကြီးသူဟု ဆိုရမည်ဖြစ်၏။

သို့ရှိရာက သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ ဆိုသကဲ့သို့ ရာဇဂြိုဟ်မှ ဝိလာသသည်လည်း သုဒတ္တကဲ့သို့ပင် စရိုက်တူညီ၍ ရာဇဂြိုဟ်သို့ သုဒတ္တရောက်လာသည်ဆိုလျှင် ဝိလာသနှင့် ဓမ္မမိတ်ဆွေများက ဝမ်းမြောက် ဝမ်းသာ ကြိုဆိုကာ တရားဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် ပျော်မွေ့ကြသည်။

ဤနည်းဖြင့် ငယ်စဉ်ကပင် သုဒတ္တကိုယ်တိုင် ကုန်စည်လုပ်ငန်းကို ခေါင်း ဆောင်ကာ ရာဇဂြိုဟ်သို့ တစ်နှစ်လျှင် အနည်းဆုံး နှစ်ခေါက်မှ သုံးခေါက်အထိပင် ရောက်ခဲ့သည်။ ယနေ့ အသက်အတန်ငယ် ထောက်လာသည့်အခါတွင်မူ ငယ်စဉ် ကလို လှုပ်ရှားတက်ကြွမှု နည်းပါးလာသည်တစ်ကြောင်း၊ လုပ်ငန်းတွင် မျက်နှာလွှဲ နိုင်သည့် အသိုက်အဝန်း များပြားလာသည် တစ်ကြောင်းကြောင့် ရာဇဂြိုဟ်သို့ တစ်နှစ်ထက်တစ်နှစ် အရောက်အပေါက်နည်းကာ မနှစ်ကမူ တစ်ခေါက်မျှ မရောက် ခဲ့သောကြောင့် ချစ်ယောက်ဖထံမှ ယခုကဲ့သို့ နှိုးဆော်စာရောက်လာခြင်း ဖြစ်ပေ သည်။

စာမရောက်စေကာမူ သည်နှစ်တော့ သုဒတ္တအဖို့ လမ်းခရီး ခြေခင်းလက်ခင်း သာသည်နှင့် တစ်ပြိုင်နက် ရာဇဂြိုဟ်သို့သွားရန် စီစဉ်ထားပြီးဖြစ်သည်။ သို့အတွက် ချစ်ယောက်ဖ၏စာမှ မိမိ၏ အထူးကြားချင် သိချင်သော ကိစ္စတစ်ရပ်ဟူသော ရေးသားချက်ကို စဉ်းစားရ၏။ မိမိ၏သဘော မိမိ၏အကြောင်းကို ဝိလာသ သိပြီး ဖြစ်သည်။ သူ့စာတွင် ဖွင့်ထုတ်၍ပင် မရေးလိုက်စေကာမူ မိမိမရောက်သည့်အခိုက် ရာဇဂြိုဟ်တွင် ထူးခြားသောဓမ္မဆရာ၊ ထူးခြားသော အတွေးအမြင်များ ပေါ်ပေါက် နေပြီလားဟု တွေးလိုက်ရ၏။ သို့နှင့် ခြေခင်းလက်ခင်းသာသော ဆောင်းဦးပေါက် ရာသီ၏ နေ့ရက်တစ်ရက်တွင် မိမိတို့လာကြမည်ဟု ရက်သတ်မှတ်၍ သဝဏ်လွှာ ပြန်ကြားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ရာဇဂြိုဟ်သို့သွားတိုင်း မည်သည့်နေ့ရက်တွင် ရောက်လာမည်ဟု အတိအကျ ရက်သတ်မှတ် သတင်းပို့ပေးရမြဲဖြစ်သည်။ ရက်မသတ်မှတ်ဘဲ ရှောင်တခင် ရောက်လာမည်ဆိုလျှင် ချစ်ယောက်ဖက မကြိုက်၊ အပြစ်တင်ခံရသည်။ အကြောင်းမှာ သုဒတ္တ လာသည်ဆိုတိုင်း နေ့ဝက်ခရီးလောက် ဒေသမှနေ၍ ဝိလာသနှင့် အသိုင်းအဝိုင်း ချစ်မိတ်ဆွေများက သုဒတ္တကို ကြိုဆိုကြသည်မှာ ထုံးစံတစ်ခုလို ဖြစ်နေ၏။ ချစ်မိတ်ဆွေများကို ကြိုဆိုရခြင်း၊ ချစ်မိတ်ဆွေများနှင့်အတူ ခရီးသွားရခြင်း၊ ခရီးသွားရင်း ချစ်မိတ်ဆွေများနှင့် စားရသောက်ရခြင်းဟူသည် ပျော်မွေ့ဖွယ်တစ်ရပ် မဟုတ်ပါလော။

သို့ရာတွင် ဤတစ်ခေါက် ရာဇဂြိုဟ်သို့လာခဲ့ရာတွင်မူ သူလုပ်ခဲ့သော စည်းကမ်းကို သူစ၍ဖောက်လေပြီဟု သုဒတ္တအဖို့ ကျွဲမြီးတိုဖွယ် ကြုံတွေ့ရ၏။ အကြောင်းမှာ လာမည့်ရက်ကို သဝဏ်လွှာဖြင့်ပင် အသေအချာသတ်မှတ်ပေးလိုက်ပါလျက် သူသာမက မည်သည့်မိတ်ဆွေသင်္ဂဟမျှ လာရောက်မကြိုကြသောကြောင့် ဖြစ်၏။ တစ်ယောက်တည်းလာသည့်အခါထက် ဇနီးနှင့် သားသမီး၊ သူ့နှမ၊ သူ့တူမတွေ တစ်အိမ်သားလုံးပင် လာသည့်အခေါက်တွင်မှ အကြိုအဆို ရောက်မလာသည်မှာ ဝိလာသတစ်ယောက် ကျန်းကျန်းမာမာမှ ရှိပါလေစဟု တွေးရသည်။ ကုန်သည်စခန်းများ၌ ဝိလာသ၏သတင်းကို မေးမြန်းသည့်အခါတွင် မကျန်းမာသည့်သတင်း မကြားသိရပေ။

သို့နှင့် ရှေ့တစ်စခန်းတွင် ကြိုနိုးနိုးနှင့် ဝိလာသတို့အိမ်ဝင်းသို့ ရောက်လာသည်အထိ ကြိုမည့်သူ မတွေ့ရပေ။ အိမ်ဝင်းအတွင်းတွင် မဏ္ဍပ်ထိုး၍ မဏ္ဍပ်အတွင်း၌ တလှုပ်လှုပ်တရွရွ လှုပ်ရှားလုပ်ကိုင်နေကြသော လူများကို တွေ့ရသည်။ ကိစ္စတစ်စုံတစ်ရာအတွက် ကျွေးမွေးရန် ဆောင်ရွက်နေကြဟန်ရှိ၏။

အတန်ကြာမှ သုဒတ္တတို့ ရောက်လာသံကြား၍ အတွင်းပိုင်းမှ အလုပ်အကိုင်တန်းလန်းနှင့် ကပိုကရိုထွက်လာသော ဝိလာသနှင့် ဆုံမိကြသောအခါ ဝိလာသက နက်ဖြန်နံနက် ဆွမ်းကျွေးကိစ္စအတွက် အလုပ်များလျက်ရှိသောကြောင့် မကြိုဆိုနိုင်သည်ကို ခွင့်လွှတ်ရန် တောင်းပန်၏။ ဝိလာသ၏အလှူတွင် ဝိုင်းကူလျက်ရှိကြသော မိတ်ဆွေများကလည်း ထိုအခါတွင်မှ ရောက်လာ၍ ဝိုင်းဝန်းတောင်းပန်ရင်း နှုတ်ဆက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိလာသ၏ ထူးခြားသောအပြုအမူကိုကြည့်၍ သုဒတ္တ အံ့အားသင့်နေသည်။ ဤမျှကြီးမားသော အလှူမျိုး၊ ဤမျှစိတ်အားထက်သန်သော အလှူမျိုး ဝိလာသ ယခင်က ပေးလှူဖူးသည်ဟု မကြုံဖူး မကြားဖူးသောကြောင့်ဖြစ်သည်။ ဆွမ်းကျွေး အလှူခံများအတွက် ပြင်ဆင်ထားသောနေရာပေါင်းမှာ ထောင်ကျော်ခန့်ရှိမည်ဟု သုဒတ္တ ခန့်မှန်းသည်။ များပြားသလောက် ပြင်ဆင်ထားသည်မှာလည်း ခမ်းနားလှသည်။ သားရေး သမီးရေး မင်္ဂလာကိစ္စဆိုလျှင်လည်း မိမိတို့ ကြိုတင်သိရမည်သာ ဖြစ်သည်။ ဤမျှ ခမ်းခမ်းနားနားအလှူမျိုး ဘာကိစ္စအတွက် ဘယ်သူ့ကို ပေးလှူမှာပါလိမ့်ဟု သုဒတ္တ စဉ်းစားမရ ဖြစ်နေသည်။

"ဘာအလှူတုံး ဝိလာသရဲ့၊ ခမ်းနားလှချည်လား"

"ဆွမ်းကျွေးအလှူ ရိုးရိုးပါပဲ"

"ဘယ်ဂိုဏ်း၊ ဘယ်ဆရာ၊ ဘယ်သူ့ကို ကျွေးမှာမို့လဲ"

"ဘုရားရှင်နဲ့ တပည့်သံဃာ တစ်ထောင်ကျော်ကိုပါ"

"ဘာတဲ့ဗျာ...ဘုရားရှင်တဲ့လား"

**"ဘုရားရှင်..."**ဟူသောအသံကို ကြားရသောအခါ သုဒတ္တအဖို့ နှလုံးသွေးပင် ရပ်သွားလုမတတ် အံ့အားသင့်သွားသည်။

ဝိလာသသည် စဉ်းစားဉာဏ်ကြီးသူဖြစ်သည်။ "ဆရာ" "ဂုရု"ဆိုသော ပုဂ္ဂိုလ်များကို ဝိလာသသည် ရှေးအခါက အကြောင်းအားလျော်စွာ ချဉ်းကပ်ခဲ့ဖူးသည်မှန်၏။ သို့ရာတွင် သာမန်မျှဖြစ်သည်။ ယခုသော် ဝိလာသကိုယ်တိုင်က "ဗုဒ္ဓ" "ဘုရားရှင်"ဟု သုံးလာသည်မှာ ထူးခြားသည်။ ဘုရားရှင်အတွက် ဝိလာသတို့ လှုပ်ရှားလုပ်ကိုင်သည်မှာလည်း တက်တက်ကြွကြွရှိလွန်းလှသည်။

ထို့ကြောင့် သုဒတ္တအဖို့ "ဘုရားရှင်"ဟူသောအသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် နှလုံးသွေးပီတိဟုန် တရှိန်ရှိန်တက်လာသဖြင့် ဝိလာသ၏လက်ကို တုန်တုန်လှုပ်လှုပ်နှင့် ကိုင်ဆွဲကာ "နေပါဦးညီမောင်ရဲ့ ညီမောင်တို့ ရာဇဂြိုဟ်မှာ ဘုရားရှင်ပွင့်တော်မူနေပြီလား၊ အကျိုးအကြောင်းသိသာအောင် အစ်ကို့ကိုပြောပြပါဦး"ဟု မေးလိုက်သောအခါ ဝိလာသက ပြုံးရွှင်စွာဖြင့် "အစ်ကို့ကိုပြောရမှာပေါ့၊ သို့ပေမယ့် အစ်ကို့မှာ ခရီးရောက်မဆိုက်ကြီးနဲ့၊ နားနားနေနေ အမောအပန်းဖြေပါဦး၊ ညဉ့်ဦးကျမှ အစ်ကို့ကို သေသေချာချာပြောပြပါ့မယ်။ အစ်ကို့ ခမ္မမိတ်ဆွေတွေလည်း မြင်တဲ့အတိုင်းပဲ အလုပ်များနေကြသေးတယ်။ ညဉ့်ဦးပိုင်းကျမှ စကားဝိုင်းဖွဲ့

www.burmeseclassic.com



ကြတာပေါ့”ဟု ပြောသည်။

သိလိုစိတ်ကြောင့် မတင်မကျဖြစ်နေသော သုဒတ္တ၏ အမူအရာကိုကြည့်ကာ ဝိလာသတို့ သဘောကျနေ၏။ အကြောင်းကား သုဒတ္တအဖို့ ယင်းသို့ အံ့အားသင့်သွားစေရန်ပင် ဝိလာသတို့က အကွက်ဆင်ကာ သူလာမည့်နေ့ရက်တွင်မှ တိုက်ဆိုင်၍ ဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းကျွေးသည့်ကိစ္စကို စီစဉ်ထားခြင်းဖြစ်ပေသည်။

ဘုရားရှင်ကိုဖူးတွေ့လျှင် သုဒတ္တအဖို့ ဇကန်မုချ အလိုင်းတကြီး ကိုးကွယ်ဆည်းကပ်မည်ကို ဝိလာသတို့ နားလည်ထားကြပြီးဖြစ်သည်။ အကြောင်းမူကား သုဒတ္တ၊ ဝိလာသ စသော စဉ်းစားဉာဏ်ရှိသော ဓမ္မမိတ်ဆွေများ၏ တရားစစ်တရားမှန် ရှာပုံတော်တွင် အဆင်သင့်ဖူးပွင့်လာသော ဘုရားရှင်သည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ၏ အစီအစဉ်ဖြင့် ယခုအခါ ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးနေတော်မူပြီဖြစ်၏။ ဤသတင်းကို သုဒတ္တအဖို့ မသိသေးပေရာ ဝိလာသက အစ်ကိုချစ်သုဒတ္တကို အလန့်တကြား ဝမ်းမြောက်ဝမ်းသာဖြစ်ရလေအောင် စီစဉ်ပေးလိုက်ခြင်းဖြစ်သည်။

သုဒတ္တအဖို့ကား သိလိုစိတ်ကြီးစွာဖြင့် ညဦးပိုင်းရောက်အောင် စောင့်စားနေရသောကြောင့် ချစ်မိတ်ဆွေအများနှင့် ပျော်ပျော်ပါးပါးစားသင့်သော ညစာထမင်းကိုပင် ပြည့်စုံအောင်မစားနိုင်ရှာပေ။ သို့နှင့် ထမင်းဝိုင်းပြီးသည်နှင့် တစ်ပြိုင်နက်သုဒတ္တက “သိပ်လည်း အချိန်ဆွဲမနေကြပါနဲ့တော့ဗျာရို့၊ မိတ်ဆွေတို့တရားကို ကြားနာချင်လှပါပြီ”ဟု တောင်းဆိုရင်း အိမ်ဦးခန်းလေသာဆောင်တွင် ထိုင်မိကြသောအခါ ဝိလာသက “နက်ဖြန်မနက်ဆိုရင် ဘုရားရှင်ကို ဖူးတွေ့ရတော့မှာပါ အစ်ကိုရယ်၊ သိပ်ပြီး မလောပါနဲ့။ အမှန်ကတော့ အစ်ကို့ဆန္ဒကိုသိလို့ ဘုရားရှင်ကို ဖူးတွေ့ရအောင် နက်ဖြန်ဆွမ်းအလှူပွဲဟာ အစ်ကိုလာမယ့်ရက်ကို ချိန်ကိုက်ပြီး စီစဉ်ထားတာပါ”ဟု ပြောသည်။

“ဘုရားရှင်က ဘယ်ဇာတိ ဘယ်အမျိုးနွယ်လဲ”

ဟိမဝန္တာတောင်ခြေမှာရှိတဲ့ ကပိလဝတ်နိုင်ငံဘုရင် သုဒ္ဓေါဒနရဲ့သား၊ သာကီနွယ်မျိုးပါ၊ အမည်က သိဒ္ဓတ္ထပါတဲ့။ ဘုရားရှင်ဘွဲ့တော်က ဂေါတမလို့ခေါ်တယ်။ တထာဂတလို့လည်း ခေါ်ကြပါတယ်”

“ဩော်...လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်လောက်က သိဒ္ဓတ္ထမင်းသားဟာ ထီးနန်း

www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်ကို စွန့်လွှတ်တော်မူပြီး တောထွက်တော်မူတယ်လို့ ကြားခဲ့ရဖူးတယ်။ အခု ဘုရားဖြစ်လာပြီတဲ့လား"

"မှန်ပါသည်၊ အဲဒီ သိဒ္ဓတ္ထမင်းသားပါပဲ။ ဥရုဝေလမှာ ခြောက်နှစ်တိုင်တိုင် တရားအားထုတ်ပြီးလို့ ဘုရားဖြစ်လာပါတယ်။ ဘုရားမဖြစ်မီ ကျွန်တော်တို့ တော်ကြီးဘုရားနဲ့ တွေ့ပါတယ်။ တော်ကြီးဘုရားက ဘုရားဖြစ်တော်မူတဲ့အခါ ရာဇဂြိုဟ်ကို ရှေးဦးစွာ ကြွရောက်သီတင်းသုံးဖို့ လျှောက်ထားခဲ့တဲ့အတိုင်း ယခုအခါ ဘုရားရှင်ဟာ တော်ကြီးဘုရား လှူဒါန်းတဲ့ ဝေဠုဝန်တောကျောင်းမှာ သီတင်းသုံးနေပါတယ်"

"ဘုရားလို့ ဝန်ခံနိုင်တဲ့အကြောင်းကို ဘယ်လိုသိရပါသလဲ"

"ဒါကတော့ အထူးဝန်ခံနေဖို့ မလိုပါဘူး။ အစ်ကိုကိုယ်တိုင် ဘုရားရှင်ကို ဖူးတွေ့ရတာနဲ့ တစ်ပြိုင်နက် ဂုဏ်တော်ကိုးပါးသခင် ဘုရားရှင်ဖြစ်ကြောင်း အစ်ကိုဝန်ခံရပါလိမ့်မယ်။ အစ်ကိုကိုယ်တိုင် ဘုရားရှင်တရားတော်ကို ကြားနာလိုက်ရတာနဲ့ တစ်ပြိုင်နက် ဂုဏ်တော်ကိုးပါး ဘုရားစင်စစ် ဧကန်ဖြစ်ကြောင်း ဝန်ခံပါလိမ့်မယ်"

"ဂုဏ်တော်ကိုးပါးတဲ့လား"ဟု သုဒတ္တက မေးလိုက်သောအခါ မိတ်ဆွေတစ်ယောက်က "ဂုဏ်တော် ၁၀ ပါးပါ"ဟု ထပ်ဖြည့်ပြောလိုက်သောကြောင့် ဝိလာသက "ဒါကတော့ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တလို့တောင် ဆိုနိုင်တာပဲ။ နို့ပေမယ့် သတ်မှတ်ထားတဲ့အတိုင်းသာ ကိုးပါးလို့ ဆိုရခြင်းဖြစ်ပါတယ်"

"ဘယ်လိုဂုဏ်တော်တွေပါလိမ့်ဗျာ၊ ကြားနာပါရစေ"

"လူနတ်ဗြဟ္မာ သတ္တဝါဟူသမျှ ဦးခိုက်ရာဖြစ်တော်မူတဲ့ အရဟံဂုဏ်တော်၊ မကောင်းမှုအဖြာဖြာ ကိလေသာစက်မှန်သမျှကို ပယ်ဖျက်တော်မူတဲ့ အရဟံဂုဏ်တော်၊ ပုထုဇဉ်တို့ တံတွာ ဆိတ်ကွယ်ရာရှိတော်မမူတဲ့ အရဟံဂုဏ်တော်"

"ရှေ့နှစ်ပါးကို နားလည်ပါတယ်။ ဆိတ်ကွယ်ရာရှိတော်မမူဆိုတာက ဘယ်လိုအဓိပ္ပာယ်ပါလဲ"

လူသတ္တဝါတွေဟာ ရှေ့တွင်တစ်မျိုး နောက်ကွယ်မှာတစ်ဖုံ လုပ်တတ် ကိုင်တတ် နေထိုင်တတ်ကြပါတယ်။ လူရှေ့သူရှေ့မှာ လူကောင်းသူကောင်းယောင်ဟန်ဆောင်ပြီး ဆိတ်ကွယ်ရာ ရတာနဲ့တစ်ပြိုင်နက် မကောင်းမှုဒုစရိုက်တွေကို ပြုတတ်ကြပါတယ်။ သာမန်လူတွေ အပထားပြီး သူတော်ကောင်းအမည်ခံ ပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com



များတောင်မှ ဆိတ်ကွယ်ရာရခဲ့ရင် မကောင်းမှုကို ပြုကျင့်တတ်ကြပါတယ်။ ဘုရားရှင်အဖို့တော့ ဆိတ်ကွယ်ရာ မရှိပါဘူး။ တောထဲမှာနေနေ၊ မြို့ထဲမှာနေနေ မကောင်းမှုမရှိပါဘူး။ အဲဒီလို ဆိတ်ကွယ်ရာမရှိမှုကို ဂုဏ်တော်တစ်ခုအဖြစ် သတ်မှတ်ရပါတယ်"

"ဆိတ်ကွယ်ရာဆိုတာ မမြင်ရ၊ မကြားရတာမို့ မကောင်းမှု မလုပ်ဘူးလို့ ဘယ်ဝန်ခံနိုင်မှာလဲ"

"ဒါကတော့ အစ်ကိုကိုယ်တိုင် ဘုရားရှင်ကို ဖူးတွေ့ရတာနဲ့ တစ်ပြိုင်နက် ဝန်ခံနိုင်ပါလိမ့်မယ်"

"ကျန်တဲ့ဂုဏ်တော်တွေကရော"

"အဲဒီအရဟံဂုဏ်တော်သုံးပါးကို အမည်တစ်မျိုးတည်းမို့ တစ်ပါးလို့ သတ်မှတ်ရပါတယ်။ နောက်ဂုဏ်တော်တွေကတော့ သိအပ်သိဖွယ်တရားမှန်သမျှကို သိတော်မူတဲ့ဂုဏ် ဝိဇ္ဇာနဲ့ စရဏဆိုတဲ့ အသိရော အကျင့်ပါ ပြည့်စုံတော်မူတဲ့ဂုဏ်၊ အကျင့်ဆိုးအကျင့်လွဲတွေ ဖယ်ရှားပြီး အကျင့်ကောင်းအကျင့်မှန်တည်းဟူသော လမ်းစဉ် လမ်းကောင်းသို့သာ ကြွသွားတော်မူသော ဂုဏ်၊ သိဖွယ် သိအပ် လောကဓာတ် ဘုံတစ်ခွင်ကို သိမြင်တော်မူတဲ့ဂုဏ်။ ချွေချွတ်ဆုံးမသင့်သော သတ္တဝါမှန်လျှင် တရားရှင်ဖြစ်လာအောင် နည်းပရိယာယ်အမျိုးမျိုးဖြင့် ချွေချွတ်ဆုံးမတတ်သောဂုဏ်၊ ယင်းသို့ဆုံးမခြင်းဖြင့် လူနတ်ပြဟ္မာ သတ္တဝါတို့၏ ဆရာအဖြစ်သို့ ရောက်တော်မူသောဂုဏ်၊ သိဖွယ်သိရာ သစ္စာဓမ္မ မဂ္ဂင်ရှစ်ပါး တရားမျိုးမှန်သမျှကို သိတော်မူသောဂုဏ်၊ အလိုတော်ရှိသမျှ ရောက်လာရ ပြည့်စုံရသော ဘုန်းတော်ဂုဏ်၊ အဲဒီဂုဏ်တော်ကိုးပါး ဖြစ်ပါတယ်"

"အဲဒီဂုဏ်တွေနဲ့ ပြည့်စုံတယ်ရယ်လို့ ဘယ်လိုဝန်ခံနိုင်တာလဲ"

"ဘုရားရှင်ကို ဖူးတွေ့ရတာနဲ့ တစ်ပြိုင်နက် အစ်ကိုကိုယ်တိုင် ဝန်ခံနိုင်ပါလိမ့်မယ်။ ဖူးတွေ့ရုံမျှမက တရားတော်ကို နာကြားရတဲ့အခါ သာ၍ ဝန်ခံနိုင်ပါလိမ့်မယ်"

"ဒါလောက်တောင် ထူးခြားရိုး အမှန်ပဲလား"

"ဘုရားရှင်...သို့မဟုတ် စကြဝတေးမင်းလို့ ဆိုအပ်တဲ့ ယောကျ်ားထူး ယောကျ်ားမြတ် မဟာပုရိသတို့ရဲ့ လက္ခဏာတော် ကြီးငယ်များအကြောင်းကို အစ်ကိုတို့၊ ကျွန်တော်တို့ဟာ ကျမ်းဂန်မှာသာ အစဉ်အဆက် သင်ကြားလာခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



တယ် မဟုတ်လား။ ဘုရားရှင်ကို ဖူးတွေ့ရရင် အဲဒီလက္ခဏာတော် ကြီး,ငယ် အသွယ်သွယ်နဲ့ ကိုက်ညီတဲ့ တကယ့် မဟာပုရိသ ယောကျာ်းထူး ယောကျာ်းမြတ် ဖြစ်ပါပေတကားဆိုတာ အစ်ကိုကိုယ်တိုင် ဘဝင်ကျလာပါလိမ့်မယ်"

"ဒီမှာ ညီမောင် ဝိလာသနဲ့ မိတ်ဆွေများခင်ဗျား။ ။ညီမောင်နဲ့ မိတ်ဆွေများရဲ့ အသိဉာဏ်အရည်အသွေးကို ကျွန်တော်နားလည်ပြီး ဖြစ်ပါတယ်။ စူးစမ်းတတ်တဲ့ ဓလေ့ကြောင့်သာ ညီမောင်တို့ကို စူးစမ်းမေးမြန်းနေပေမယ့် ဘုရားရှင်ဆိုတဲ့အသံကို ညီမောင်တို့ပါးစပ်က ကြားလိုက်ရကတည်းက ကျွန်တော့်မှာ ပီတိရနဲ့ တဝေဝေနဲ့ ကျေနပ်ခဲ့ပြီး ဖြစ်ပါတယ်။ တစ်ဖန် ညီမောင့်ဆီက ဘုရားရှင်ရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေကို ကြားရတဲ့အခါ ကျွန်တော့်တစ်ကိုယ်လုံးဟာ ဆီထဲကိုနှစ်လိုက်တဲ့ လဲဝါဂွမ်းလို စိမ့်ထုံအေးမြလျက် ရှိနေပါတယ်။ ဒါကြောင့်မို့ မနက်ဖြန်ထိအောင် စောင့်မနေတော့ဘဲ ဘုရားရှင်ထံ အခုပဲ သွားရောက်ဖူးတွေ့ရအောင်လားဗျာရို့..."

သုဒတ္တက ဘုရားရှင်သို့ ရည်မှန်းကန်တော့သည့်အနေဖြင့် လက်အုပ်နှစ်ဖက်ကို ပီတိအရှိန်ကြောင့် တွန်တုန်ခိုက်ခိုက် ပူးယှက်ရှိခိုးရင်း ပြောကြားလိုက်သောအခါ ဝိလာသက–

"အစ်ကို။ ။အစ်ကို့ရဲ့သဒ္ဓါ၊ အစ်ကို့ရဲ့ဆန္ဒ၊ အစ်ကို့ရဲ့အရည်အသွေးကို ကျွန်တော်တို့ နားလည်ကြပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း အစ်ကိုရောက်လာတဲ့အခါ ဘုရားရှင်ကို အမြန်ဆုံးဖူးတွေ့နိုင်ရအောင် နက်ဖြန်ဆွမ်းကျွေးအလှူဟာ အစ်ကို့အတွက် စီစဉ်ထားခြင်းသာ ဖြစ်ပါတယ်။ ဘုရားရှင်ထံ အခုသွားဖို့ရာကတော့ အချိန်မသင့်တော့ပါဘူး။ ပြီးတော့ ဘုရားရှင်ဟာ ကနေ့ညအဖို့ ဝေဠုဝန်မှာ သီတင်းမသုံးဘဲ ယင်းတိုက်တော သုသာန်မှာ သုသာန်စူတင် ဆောက်တည်ရင်း တစ်ပါးတည်း တရားအားထုတ်တော်မူမယ်လို့ ကြားသိရပါတယ်။ ကျွန်တော်တို့သွားရင် ဘုရားရှင်အဖို့ အနှောင့်အယှက် ဖြစ်ကောင်းဖြစ်နေပါလိမ့်မယ်။ ဒါကြောင့်မို့ ဒီတစ်ညတာအဖို့ သည်းခံလိုက်ပါတော့"

ဗုဒ္ဓပီတိရှင် အနာထပိဏ်အဖို့ ဝိလာသ၏စကားကို ကြားမှကြားပါလေစမသိ။ ဂုဏ်တော်ကိုးပါးတရားတော်ကို ကြားနာရသည့်အချိန်မှစ၍ လက်နှစ်စုံကို ကြာငုံအသွင် ယှက်တင်ထားခဲ့သော အသွင်သည် ပျက်၍မသွားတော့ဘဲ ပါးစပ်မှလည်း "ဗုဒ္ဓေါ...ဗုဒ္ဓေါ၊ ဘုရားရှင်...ဘုရားရှင်"ဟူ၍ တိုးတိုးတရစပ် မပြတ်ရွတ်လျက်သော

www.burmeseclassic.com

www.burmeseclassic.com



ရှိနေရုံမက အနာထပိဏ်၏ မျက်လုံးများမှာလည်း စကားဝိုင်း တရားဝိုင်းတွင် ရှိနေတော့ဟန်မတူဘဲ မှေးတစ်လီ၊ ပွင့်ချီတစ်လှည့်ဖြင့် ဘုရားရှင်ထံတော်သို့သာ ရည်မှန်းကန်တော့နေသည်ကို တွေ့ကြရသည်။

ဤမျှသာမက ဘုရားအာရုံကို အပျက်မခံနိုင်သည့်သဘောဖြင့် အိပ်မက်ထဲတွင် လမ်းလျှောက်သူကဲ့သို့ လက်ကြားငုံမပျက် "ဘုရားရှင်"ဟု ရွတ်ဆိုသံ မပြတ်ဘဲနှင့်ပင် တစ်ကိုယ်တည်း အာရုံယူတော့မည့်အဟန်ဖြင့် သူ အိပ်ရာတိုက်ခန်းဆီသို့ ထသွားလေသောကြောင့် ဝိလာသတို့အဖို့ ခေါင်းတညိတ်ညိတ် လည်တဆတ်ဆတ်ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း စကားဝိုင်းကို ဖျက်လိုက်ကြရတော့သည်။

## [ ၃ ]

အိပ်ရာတိုက်ခန်းသို့ ဝင်ခဲ့သော်လည်း အိပ်ဖို့ကား မဟုတ်၊ အိပ်ချင်စိတ်မရှိ၊ ဘုရားရှင်ကျောင်းတော်သို့သာ ရည်မှန်းလျက် ဘုရားရှင်သို့သာ စိတ်ကူးမျက်စိတွင် မပြတ်ဖူးတွေ့ရလျက် ရှိနေသည်။ သို့နှင့် ညဥ့်နက်ပိုင်းအချိန်သို့ ရောက်လာရာတွင် အိပ်ချိန်ပါတကားဟူသော အသိလေးဖြင့် ကြိုးစား၍ အိပ်ကြည့်သော်လည်း အိပ်၍မရ၊ ဘုရားရှင်တည်းဟူသော ပီတိအရှိန်အဟုန်များသည် ရေပြင်ပေါ်သို့ ကျရောက်အပ်သော မိုးရေပေါက်များကဲ့သို့လည်းကောင်း၊ တစ်ကိုယ်လုံးသို့ ပိုးရွခြပုန်းကလေးများ တစိမ့်စိမ့်တက်နေကြသကဲ့သို့လည်းကောင်း ဗုဒ္ဓပီတိအရှိန်အဟုန်တွင်သာ နစ်မျောလျက်ရှိနေသည်။

ယင်းပီတိအဟုန်၏ နှိုးဆော်ချက်အရ အနာထပိဏ်အဖို့ ဆန္ဒဓာတ်တစ်ရပ် ပေါ်ပေါက်လာသည်။ ယင်းဆန္ဒသည်ကား မိမိထံသို့ ဘုရားရှင်ရောက်မလာမီ အရုဏ်တက်သည်နှင့်တစ်ပြိုင်နက် ဘုရားရှင်အထံတော်သို့ မိမိက အရင်သွားရောက်ဖူးမြော်မည်ဟူသော ဆန္ဒပင် ဖြစ်ပေသည်။

ထက်သန်သောစိတ်ဓာတ်ဟူသည်မှာ အစွမ်းရှိမြဲဖြစ်သည်။ သာမန်လူတို့အဖို့ အလွယ်တကူနားလည်နိုင်သော အများဆိုင်စိတ်ဓာတ်တစ်ရပ်မှာ ယောကျ်ားနှင့် မိန်းမ ချစ်သူနှစ်ဦး ကွဲကွာနေသောအချိန်တွင် အကြင်ယောကျ်ား၏ ကြိုးပမ်းမှုစိတ်ဓာတ် ဖြစ်သည်။ ချစ်သူထံရောက်ဖို့ရန် တုံးတိုက်တိုက် ကျားကိုက်ကိုက် ဆိုသကဲ့သို့ ရွှေမြင်းမိုရ်တောင်တော်လုံးကိုပင် တုံးမှတ်လို့ခုန်သည့်စိတ်မျိုး၊ နိုပါwww.burmeseclassic.com

www.burmeseclassic.com



တော် ဇာတ်တော်များတွင် မီးပင်လယ်၊ ရေပင်လယ်၊ ဆူးပင်လယ်တို့ကိုပင် ကျော်ဖြတ်သည့် စိတ်ဓာတ်မျိုးဖြစ်သည်။

အနာထပိဏ်သည် ပင်ကိုအားဖြင့် သဒ္ဓါစရိုက်ကြီးမားသူဖြစ်၏။ သဒ္ဓါစရိုက်ကြီးမားရာ၌ နောင်ခါတွင် ဧတဒဂ်ရသူပင် ဖြစ်သည်။ အနာထပိဏ်၏ သဒ္ဓါစရိုက်သည် သူ့သဒ္ဓါကိုခံယူမည့်သူနှင့် တိုးလာသောအခါ လန်းစွင့်တက်ကြွလာ၏။ ဘုရားရှင်ကို တိုက်ရိုက်မဖူးတွေ့ရသေးဘဲ ဘုရားရှင်၏ဂုဏ်တော် ကျေးဇူးတော်ကို ကြားနာရရုံမျှဖြင့်ပင် အနာထပိဏ်၏ သဒ္ဓါစိတ်အဟုန်သည် ထန်ထန်စူးစူး ထူးထူးခြားခြား ဖြစ်ပေါ်လျက်ရှိနေသည်။

ညဉ့်ဦးပိုင်းက မိတ်ဆွေများနှင့် ခွဲခွာပြီးနောက် အိပ်ရာတိုက်ခန်းသို့ ဝင်ခဲ့သည့်အချိန်မှစ၍ သုဒတ္တအဖို့ မျက်လုံးအစုံကို မဖွင့်တော့ဘဲ မေးချည်တစ်လှည့် မိုတ်ချည်တစ်ခါဖြင့်သာ ဘုရားရှင်ထံတော်သို့ ရှိညွှတ်ဦးတိုက်လျက် ရှိနေခဲ့သည်။

အိပ်ချိန်ရောက်သော်လည်း ပီတိအဟုန်ကြောင့် အိပ်ချင်စိတ် လုံးဝပျောက်ပြီး ယခုညဉ့်နက်ပိုင်းသို့ ရောက်ချိန်ဝယ် ဘုရားရှင်ထံတော်သို့ ကြိုတင်သွားရောက်ဖို့ အာရုံသစ်ကပ်ရောက်လာ၍ အချိန်ကို ခန့်မှန်းရန် မျက်လုံးအစုံကို ဖွင့်လိုက်သောအခါ တစ်ခန်းလုံး လင်းထိန်လျက်ရှိသည်ကို တွေ့ရသောကြောင့် နံနက်မိုးသောက် အရုဏ်တက်အချိန်သို့ ရောက်ရုံမျှမက လင်းရောင်ခြည်ပင် လာနေပါပေါ့တကားဟု ဘုရားရှင်အထံတော်သို့ အလျင်သွားရောက်နိုင်ရန် ရုတ်ခြည်းပင် နေရာမှထလိုက်သည်။

အမှန်အားဖြင့် အရုဏ်ချိန်သို့ ရောက်ခြင်းမဟုတ်။ ညဉ့်နက်ပိုင်းမျှသာ ရှိပေသေးသည်။ လင်းထိန်၍နေခြင်းမှာ အနာထပိဏ်၏ ထက်သန်စူးရှလှသော ဩဘာသ ပီတိအရှိန်အဟုန်ကြောင့်သာ ဖြစ်ပေသည်။

ထက်သန်သောစိတ်ဓာတ်၏ အဟုန်သည် သက်ဆိုင်ရာအကျိုးကို ပေးမြဲဖြစ်၏။ သဒ္ဓါဓာတ်ရစ်ပတ်ကြည်လင်လှသော နှစ်သိမ့်မှုပီတိ၏ အရှိန်အဟုန်သည် အလင်းရောင်ကိုဖြစ်စေကြောင်းမှာ တရားကို လက်တွေ့ကျင့်သုံးသူတို့အဖို့ ရိုး၍နေသော လမ်းစဉ်ဖြစ်သည်။ သို့ရာတွင် မိမိပီတိအရှိန်အဟုန်၏ အလင်းရောင်အကြောင်းကို မသိရှာသေးသော အနာထပိဏ်အဖို့ နံနက်မိုးသောက်ကြောင့် လင်းရောင်ခြည်ရောက်လာချေပြီဟု ယူဆကာ အိပ်ရာစက်ခန်းမှ ဘုရားရှင်သီတင်းသုံးတော်မူရာဆီသို့ ရည်မှန်း၍ တစ်လှမ်းချင်း ထွက်ခွာ၍လာခဲ့ပေသည်။ ဘုရားရှင်နှင့် သံဃာတော်

www.burmeseclassic.com

www.burmeseclassic.com



များသည် ဝေဠုဝန်ဥယျာဉ်ကျောင်းတော်၌ သီတင်းသုံးကြသည်ဟုဆိုသည်။ ကုန်ကူးသန်း ရောင်းဝယ်ခြင်းဖြင့် ရာဇဂြိုဟ်သို့ အကြိမ်ကြိမ် အခေါက်ခေါက် ရောက်ခဲ့ဖူးသော သုဒတ္တအဖို့ ရာဇဂြိုဟ်၏ ကျော်ကြားသော ဝေဠုဝန်သို့ ရောက်ခဲ့ဖူးရာတွင် ဝေဠုဝန်ခရီးသို့ ဖြောင့်ဖြောင့်တန်းတန်း ရည်မှန်းနိုင်ခဲ့သည်။ သို့ရာတွင် ယနေ့ည အဖို့ ဘုရားရှင် သီတင်းတော်မူသည်ဟု ဝိလာသပြောသော ယင်းတိုက်တော သုသာန်ကိုကား သုဒတ္တ မသိပေ။ ဝေဠုဝန်အနီးတစ်ဝိုက်တွင် ရှိရမည်ဟု တွက်ဆ၍ ဝေဠုဝန်ဆီသို့သာ ရည်မှန်းလာရောက်ခဲ့သည်။

ခရီးတစ်လျှောက်လုံးပင် မိမိ၏ ပီတိအဟုန်ဖြင့် လင်းထိန်လျက်ရှိ၏။ ရှင်းလင်းလျက်ရှိ၏။ မည်သည့်အရာကိုမျှ သတိမရ။ မည်သည့်ကိစ္စကိုမျှ မစဉ်းစား။ အနာထပိဏ်၏ စိတ်ဓာတ်တစ်ခုလုံးကို ဘုရားရှင်–ဘုရားရှင်ဟူသော စိတ်ဓာတ်အာရုံကသာ လွှမ်းခြုံ၍ ထုံထားသည်။

ရာဇဂြိုဟ်မြို့တံခါးအလွန် သုသာန်နယ်နိမိတ်သို့ ရောက်သောအခါ လူသေတို့စွန့်ပစ်ရာ သုသာန်၏ အမှတ်သညာအနေဖြင့် လူကောင်ပုပ်နံ့များ နံ၍လာသောကြောင့် သာမန်လူသားတစ်ဦးမျှဖြစ်သော အနာထပိတ်အဖို့ ကြောက်စိတ်ဝင်လာသည်။ ကြောက်စိတ်သည် ပီတိစိတ်ကို ပျက်ပြယ်စေသဖြင့် ပီတိအရှိန်ကြောင့် လင်းထိန်နေသောအရောင်သည် မှောင်သွား၏။ သို့ရာတွင် ဘုရားရှင်ဟူသော အားတင်းစိတ်ဖြင့် ရှေ့သို့တိုး၍သာသွားသောအခါ စွန့်ပစ်ထားသော လူသေအလောင်းတစ်လောင်းကို တိုက်မိ၍ လဲရာတွင် ကြောက်စိတ်သည် ပို၍ကြီးမားလာသောကြောင့် အပျက်စိတ် အဖျက်စိတ်တို့၏ သဘာဝအတိုင်း နောက်သို့ပြန်လှည့်တော့ရန် ဟန်ပြင်လိုက်သောအခါ မိမိနံဘေး မနီးမဝေးမှ ထူးခြားသော အသံတစ်သံ ပေါ်ထွက်လာ၏။

"သူဌေးမင်း။ ။ဘာကိုကြောက်တာလဲ ကြောက်စရာမဟုတ်ပါ၊ ကြောက်စိတ်ကို ဖျောက်ပစ်ပါဘိ၊ သူဌေးမင်း၏လာခြင်းကား ကောင်းသောလာခြင်းတည်း။ ခြေတစ်လှမ်း တစ်သန်းတန်သည်ဟု ဆိုရိုးစကားရှိသော်လည်း ဘုရားရှင်ထံတော်သို့ သွားလျက်ရှိသော သူဌေးမင်း၏ ခြေလှမ်းများမှာကား အလှမ်းတိုင်း အလှမ်းတိုင်းသည် တစ်သန်းမက အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိလှပါသည်။ ကြောက်စိတ်ကို ဖျောက်၍ ရှေ့သို့သာ ဆက်လက်ချီတက်ပါဘိ..."

ထိုအသံ ထိုစကားကြောင့် အနာထပိဏ်အဖို့ အားတက်ရသည်။ ဤအချိန်

www.burmeseclassic.com

www.burmeseclassic.com



၌ ဘုရားရှင်ထံသို့သွားသူမှာ ငါတစ်ယောက်တည်း ထင်မှတ်ခဲ့သည်။ ငါတစ်ယောက်တည်းမဟုတ်၊ အဖော်နှင့်ပါတကား။ ရာဇဂြိုဟ်သား ဓမ္မမိတ်ဆွေများသည် ဘုရားရှင်အား ဦးစွာဖူးတွေ့၍ ဘုရားရှင်၏ တရားတော်ကို ဦးစွာကြားနာကြရ၏။

မိတ်ဆွေများသည် ဘုရားရှင်၏တန်ဖိုးကို ငါ့ထက်ပို၍ သိသောကြောင့် ဤအချိန်တွင်ပင် ငါ့ကို အားပေးစကားပြောကြားလာကြသည်။ ကျေးဇူးကြီးမားပေစွဟု ပြောလာသော ဓမ္မမိတ်ဆွေအား ကျေးဇူးတင် ဝမ်းမြောက်ရင်းဖြင့် ဘုရားရှင်အာရုံကို ပြန်၍ထုံလိုက်သောအခါ ပီတိအရောင် ထွက်လာပြန်သဖြင့် ရှေ့သို့သာ တိုးခဲ့လေသည်။

သို့နှင့် ဝေဠုဝန်အနီးတစ်နေရာသို့ရောက်၍ လမ်းကွေ့တစ်ခုကို တွေ့လိုက်သောအခါ ထူးထူးခြားခြား လင်းထိန်လျက်ရှိသော အရောင်တစ်ခုကို မလှမ်းမကမ်းတွင် တွေ့မြင်ရသဖြင့် ထိုအရောင်ဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်ရာတွင် လင်းထိန်သောအရောင်၏ အလယ်၌ ရဟန်းတော်တစ်ပါး စင်္ကြံသွားလျက်ရှိသည်ကို တွေ့ရသည်။ ရဟန်းတော် လှုပ်ရှားရာသို့ အရောင်က လိုက်ပါလျက်ရှိသည်ကို တွေ့ရသဖြင့် ဧကန္တ ရဟန်းတော်မှထွက်သော ကိုယ်ရောင်တော်ပေပဲဟု သိရ၏။

ထိုရဟန်းတော်သည် မိမိဖူးမြော်ဆည်းကပ်ရန် လာခဲ့သော သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်တန်ရာ၏ဟု အနာထပိဏ် စဉ်းစားသည်။ သို့ရာတွင် အရောင်အလင်းဟူသည် ထူးဆန်းလှသည်မဟုတ်။ တရားရှင် ရသေ့ရဟန်းတို့မည်သည် တရား၏ အရှိန်အဟုန် သမာဓိ၏တန်ခိုးကြောင့် ထွက်နိုင်ကြသည်။ ဤရဟန်းသည် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်ခဲ့ချေသော် မိမိဆန္ဒကိုသိ၍ မိမိကိုခေါ်ယူပေမှာပဲ။ အထူးသဖြင့် ဘုရားရှင်အား ကပိလဝတ်နိုင်ငံမှ သိဒ္ဓတ္ထမင်းသားဟု သတင်းကြားစဉ်ကပင် "သိဒ္ဓတ္ထ"ဟူသောအမည်မှာ မိမိ၏ငယ်မည် "သုဒတ္တ"နှင့် ကပ်ယှဉ်၍နေသောကြောင့် ဘုရားရှင်အပေါ်တွင် သံယောဇဉ်ငြိတွယ်မှန်းမသိ ငြိတွယ်နေခဲ့ရာက ယခုကဲ့သို့ နှစ်ဦးနှစ်ဝ တွေ့ကြုံကြရတော့မည် ရှိသောအခါ မိမိအား "အနာထပိဏ်"ဟုသာ သိကြ၍ အတွင်းသားများသာလျှင် သိကြသော မိမိ၏ "သုဒတ္တ" ကို ထုတ်ဖော်၍ ခေါ်နိုင်လျှင် ဘုရားစင်စစ် ဧကန်ဖြစ်ပေမှာပဲဟု စဉ်းစားခိုက်ဝယ် ဘုရားရှင်သည် စင်္ကြံလျှောက်ရာမှ အနီးသစ်ပင်ရင်းဝယ် ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူ၍ "ဒကာ သုဒတ္တ...ငါဘုရားထံသို့လာလော့"ဟူသော မိန့်ခေါ်သံကို ကြားလိုက်ရသောအခါ သုဒတ္တအဖို့ ဝမ်းမြောက်လှစွာဖြင့် ဘုရားရှင်ခြေတော်ရင်းသို့

www.burmeseclassic.com

www.burmeseclassic.com



ချဉ်းကပ်သည်။

ခြေတော်ရင်းသို့ ချဉ်းကပ်လိုက်မိသည်နှင့် တစ်ပြိုင်နက် သုဒတ္တ၏ ပီတိကိုယ်ရောင်သည် ကွယ်ပျောက်သွား၏။ အကြောင်းမူကား ဘုရားရှင်၏ ရောင်ခြည်တော်ကွန်ရက်အောက်တွင် နေရောင် လရောင်မှအစ မည်သည့်အရောင်မျှ နှိုင်းခိုင်းတုပြိုင်နိုင်ရိုး မရှိသောကြောင့်ဖြစ်သည်။

အကြင်သူနှစ်ဦးတို့ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံသည့်အခါ အထူးသဖြင့် ယခင်က မတွေ့ဆုံခဲ့ဖူးသေးသော အကြင်သူစိမ်းနှစ်ဦးတို့ တွေ့ဆုံကြသည့်အခါ မျက်နှာကိုသာ ကြည့်ရှု အကဲဖြတ်တတ်သည့် သဘာဝအတိုင်း သုဒ္ဓတ္တသည် ဘုရားရှင်၏ မျက်နှာတော်ကို တည့်တည့်စူးစူးဖူး၏။ ထိုအခါ အေးမြကြည်လင်သန့်စင်ထူးခြားလှသော မျက်နှာတော်ကို ဖူးတွေ့ရသဖြင့် ဧကန္တ ဘုရားရှင်ပေပဲဟုဘဝင်ကျသွား၏။ "ဘုရားရှင်ကို အစ်ကိုကိုယ်တိုင် ဖူးတွေ့ရတဲ့အခါ ဘဝင်ကျပါလိမ့်မည်"ဟု မနေ့ညနေ တရားဆွေးနွေးစဉ်က ညီမောင် ဝိလာသ အထပ်ထပ်ပြောလိုက်သောစကားကိုလည်း သတိရ၏။

အနာထပိဏ်၏ မျက်လုံးများသည် ဘုရားရှင်မျက်နှာတော်မှ ရောင်ခြည်တော်သို့ ကူးသည်။ ဘုရားရှင်ဝန်းကျင်မှ ရောင်ခြည်တော်တို့သည် အရောင်အလင်းပင်ဖြစ်သော်လည်း မျက်စိတွင်လည်းကောင်း၊ စိတ်နှလုံးတွင်လည်းကောင်း ပူလောင်သည့် ခံစားချက်ဟူ၍ တစိုးတစဉ်းမျှမရှိဘဲ ရှု၍မဝ၊ ကြည့်၍အားမရနိုင်လောက်အောင် ရောင်မျိုးစုံဝေဖြာလျက်ရှိသည်ကို ဖူးတွေ့ရသည်။

ထို့ကြောင့် အနာထပိဏ်သည် ဘုရားရှင်အား သာမန်ဖူးတွေ့ရုံမျှမကတော့ဘုရားရှင်၏ သလုံးတော် ဒူးဝန်းတော်တို့ကို အားပါးတရ ဆုပ်ကိုင်ပွတ်သပ်ကာ "အရှင်မြတ်ဘုရား...တပည့်တော် သုဒတ္တပါဘုရား၊ ယနေ့ယခုအချိန်မှာစ၍ တပည့်တော်သည် အရှင့်အား ဆည်းကပ်ကိုးကွယ်ခွင့်ပေးတော်မူပါဘုရား။ တပည့်တော်အား အရှင်၏ တပည့်သားတစ်ယောက်ကဲ့သို့ မှတ်ယူတော်မူပါဘုရား"ဟု နှလုံးသည်းပွတ်မှ အလေးအနက်ထွက်လာသော အသံဖြင့် လျှောက်ထားသည်။

ထိုအချိန်၌ အရှေ့ဥဒည်မှ လင်းရောင်ခြည်တက်လာသည်ကို မြင်ရသဖြင့် သုဒတ္တအဖို့ အံ့အားသင့်မိ၏။ အကြောင်းမှာ မိမိသည် ထူးခြားသောအလင်းကြောင့် အရုဏ်တက်ပြီဟုယူဆကာ ဘုရားရှင်ထံတော်သို့ လာခဲ့ရာတွင် ယခုမှ လင်းအရုဏ်လာနေသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ မိမိသည် တစ်ညလုံး တစ်မှေးမျှ မအိပ်စက်ရသေးသည်ကို သတိရသည်။ မအိပ်စက်ရသော်လည်း ကိုယ်ရောစိတ်ပါ အနည်းငယ်မျှ ညှိုးနွမ်းမှုမရှိဘဲ လန်းဆန်းလျက်ပင် ရှိနေသည်ကိုလည်း သတိပြုမိသည်။

ဤမှဆက်၍ ဘုရားရှင်သည် ဤယင်းတိုက်တောသုသာန်တွင် မနေ့ညက တရားအားထုတ်ရင်း သီတင်းသုံးတော်မူမည်ဟူ၍ ဝိလာသတို့ထံမှ မနေ့က ကြားသိရသော သတင်းကိုလည်း ဆက်၍ စဉ်းစားမိ၏။

အိပ်ခြင်းဟူသည် လောကီလူသားတို့အတွက် အရေးကြီးလှ၏။ လောကီလူသားတို့အဖို့ အိပ်ခြင်းဟူသည် နွမ်းနယ်သောခန္ဓာကိုယ်ကို အနားပေးစေရုံမျှမဟုတ်၊ လောကီစည်းစိမ်ခံ အလုပ်မျိုးစုံတို့အနက် အလေးပေးအရေးပါလှသော ကိစ္စတစ်ရပ်ဖြစ်သည်။ သို့ဖြစ်၍ လောကီလူသားတစ်ဦးအဖြစ်မျှသာ ရှိသေးသော အနာထပိဏ်အဖို့ ဘုရားရှင်အားလည်း မိမိနှင့်အတူ နှိုင်းခိုင်း၍ စဉ်းစားမိသည်။

ထိုအချိန်၌ အရှေ့ဥဒည်မှ လင်းရောင်ခြည်တက်လာသည်ကို မြင်ရသဖြင့် သုဒတ္တအဖို့ အံ့အားသင့်မိ၏။ အကြောင်းမှာ မိမိသည် ထူးခြားသောအလင်းရောင်ကြောင့် အရုဏ်တက်ပြီဟု ယူဆကာ ဘုရားရှင်ထံတော်သို့ လာခဲ့ရာတွင် ယခုမှလာနေသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။

ထို့ကြောင့် အိပ်ခြင်းကို သတိရနေသော သုဒတ္တက–

"အရှင်မြတ်ဘုရား။ ။ညက ကောင်းမွန်စွာကျိန်းစက်ရပါ၏လော"ဟု ပဋိသန္ထာရစကား စတင်လျှောက်ထားသောအခါ ဘုရားရှင်က–

"သုဒတ္တ။ ။ကိလေသာမကုန်ဆုံးသေး၍ နှလုံးသောက ဗျာပါဒများလျက်ရှိကြသော ပုထုဇဉ်တို့အဖို့ အိပ်စက်ခြင်းမှန်သမျှသည် ကောင်းစွာအိပ်စက်ခြင်းမမည်။ ကိလေသာကုန်ဆုံး၍ နှလုံးအေးလျက်ရှိသော သူတို့အဖို့ကား မည်သည့်ဌာန မည်သည့် အခြေအနေ၌ဖြစ်စေ ကောင်းစွာအိပ်စက်ရမြဲဖြစ်၏"ဟူသော တရားတော်မှ ဆက်၍ မဂ္ဂင်ရှစ်ပါး တရားလမ်းစဉ်ကိုခင်းကာ သစ္စာလေးပါးတရားမြတ်ဖြင့် အချောသတ် ဟောကြားသည်ကို နာယူရသောအခါ အနာထပိဏ်အဖို့ မကြားဖူး မနာဖူးခဲ့သော တရားအာရုံတွင် စိမ့်ထုံနစ်မျောပြီး သောတာပတ္တိဖိုလ်တည်းဟူသော အရိယာဂိုဏ်းဝင် သူတော်စင်အဆင့်သို့ တစ်ထိုင်တည်းဖြင့် ရောက်ရှိသွားသည်။

သဒ္ဒါစရိက်ကြီးမားခဲ့သော သုဒတ္တအဖို့ ဘုရားရှင်နှင့် မတွေ့မီကပင်လျှင် လှူဒါန်းပေးကမ်းမှု ကြီးမားလှသောကြောင့် "အနာထပိဏ်"ဟုပင် အများပြည်သူ

www.burmeseclassic.com



ပေးသောဘွဲ့ကို ရရှိခဲ့ရာ အနာထပိဏ်၏ သဒ္ဓါနှလုံး တစ်ခုလုံးကို သိမ်းကျုံးနိုင်သည့် ဘုရားရှင်နှင့် ယခုကဲ့သို့ တွေ့ဆုံကြုံကြိုက်ရသည့်အခါဝယ် တရားတော်ကြောင့် အရိယာဂိုဏ်းဝင် သူတော်စင်ဖြစ်သွားရုံမျှမက အနာထပိဏ်၏ သဒ္ဓါတံခါး ပီတိတံခါးကြီးများသည် အဆီးအတားမရှိ ဟင်းလင်းပွင့်သွားလေတော့သည်။

ထို့ကြောင့် စွန့်လွှတ်လှူဒါန်းမှုတို့ကိုသာ စဉ်းစားလျက်ရှိသော အနာထပိဏ်က–

"အရှင်မြတ်ဘုရား။ ။အရှင်မြတ်၏ တရားတော်သည် တပည့်တော်အဖို့ ဖုံးအုပ်ထားသောအရာကို ဖွင့်လှစ်ပြလိုက်သကဲ့သို့လည်းကောင်း၊ သန်းခေါင်လကွယ် တောအုပ်အလယ် အမိုက်တိုက်သို့ရောက်နေသူကို မီးရှူးထွန်းပြလိုက်သကဲ့သို့ လည်းကောင်း ရှိပါတော့သည်။ တပည့်တော်အား ယနေ့ ယခုအချိန်မှစ၍ အသက်ရှည်သမျှ ကာလပတ်လုံး အရှင်မြတ်အား မပြတ်ဆည်းကပ်သော ဥပါသကာရင်း တစ်ယောက်ကဲ့သို့ မှတ်ယူတော်မူပါဘုရား။

"အထူးလျှောက်ထားလိုသည်မှာကား တပည့်တော်သည် အရှင်မြတ်အား မပြတ်ဆည်းကပ်ပူဇော်လိုသောကြောင့် အရှင်မြတ်သည် တပည့်တော်များ၏ သာဝတ္ထိပြည်သို့ ကြွရောက်သီတင်းသုံးတော်မူပါဘုရား။ အရှင်ဘုရား ကြွရောက်ခဲ့ပါလျှင် တပည့်တော်က ပစ္စည်းလေးပါး ဒါယကာအဖြစ် မပြတ်လှူဒါန်းလိုပါသည်။ ယခုလောလောဆယ်အနေဖြင့်လည်း နက်ဖြန် နံနက်ဆွမ်းအတွက် တပည့်တော်၏ အလှူကို ကြွရောက်ခံယူတော်မူပါဘုရား"ဟု လျှောက်ထားသောအခါ သာဝတ္ထိတွင် အနာဂတ်သာသနာတော် စည်ပင်ပြန့်ပွားမည့်အရေးကို မျှော်တွေးတော်မူပြီးသည့်အတိုင်း ဘုရားရှင်က သည်းခံတော်မူ၏။

## [ ၄ ]

ယင်းကဲ့သို့ ဘုရားရှင်နှင့် သံဃာတော်များအား နက်ဖြန်နံနက် ဆွမ်းကျွေးရန် ရုတ်ခြည်း သဒ္ဓါပေါက်၍ ပင့်လျှောက်ရရှိခဲ့ခြင်းမှာ လုပ်ရိုးလုပ်စဉ် သာမန်မျှ ထင်မှတ်မိသော်လည်း ထိုကိစ္စမှာ ကြီးကျယ်သွား၏။ အကြောင်းမှာကား နက်ဖြန် နံနက် ဆွမ်းလှူဒါန်းရန် ဗိမ္ဗိသာရဘုရင်ကိုယ်တိုင်က ရည်မှန်းထားခဲ့ရာတွင် ဧည့်သည် တစ်ဦးမျှဖြစ်သော အနာထပိဏ်က ဘုရားရှင်ထံ ဦးစွာရောက်၍ ပင့်လျှောက်နိုင်ခဲ့သောကြောင့် ဖြစ်သည်။ ဤအကြောင်းကို နံနက်မိုးသောက်တွင် ဘုရားရှင်အထံ

www.burmeseclassic.com

www.burmeseclassic.com



တော်သို့ ဝိလာသတို့ ဆွမ်းစားပင့်လျှောက်လာ၍ အနာထပိဏ်နှင့် ဆုံစည်းမိကြသောအခါ သိရှိရသည်။

ထို့ကြောင့် ဝိလာသတို့က ဘုရင့်ရည်မှန်းချက်ဖြစ်နေ၍ ဆွမ်းကျွေးရက်ရွှေ့ပေးဖို့ ဆွေးနွေးကြသောအခါ သဒ္ဓါရှင် အနာထပိဏ်က အလျှော့မပေး၊ အလျှော့ပေးဖို့ အပထား၍ ခရီးသွားဧည့်သည် တစ်ဦးမျှဖြစ်သော အနာထပိဏ်အဖို့ အခက်အခဲမရှိစေရန် ဆွမ်း၊ကွမ်းစရိတ် ကူညီခွင့်ပြုပါဘိဆိုသည့်မျှကိုပင် လက်မခံ။ ကိုယ်ပိုင်ပစ္စည်း ကိုယ်ပိုင်အင်အားဖြင့်ပင် ဆွမ်းလုပ်ကျွေးသည်။

ထိုမျှသာမက ဆွမ်းအလှူကိစ္စမှဆက်၍ အနာထပိဏ်၏ သဒ္ဓါတရားမှာ ရာဇဂြိုဟ်သားတိုင်းပင် အံ့အားသင့်စေလောက်သော အစီအစဉ်များကို တစ်ဆက်တည်း ပြုလုပ်လေတော့သည်။

ပြုလုပ်ဟန်ကား ၄၅ ယူဇနာအကွာအဝေးရှိသော ရာဇဂြိုဟ်နှင့် သာဝတ္ထိနှစ်နိုင်ငံတို့အကြားရှိ လမ်းခရီးရွာတို့၌ ဘုရားရှင်နှင့် သံဃာတော်များ ကြွလာသည့်အခါ သက်သက်သာသာနှင့် နားနေ သီတင်းသုံးနိုင်ရန် တစ်ယူဇနာ အကွာအဝေးတိုင်း စံကျောင်းတော်များ ဆောက်စေသည်။ စံကျောင်းတော် တစ်ကျောင်းတွင် အလှူငွေ တစ်သိန်းစီ ထုတ်ပေးသည်။ သစ်,ဝါးများကိုလည်း ထုတ်ပေးသည်။ ဤကိစ္စအတွက် အချို့က အနာထပိဏ်၏ အလှူငွေကိုလက်ခံ၍ အချို့ကမူ အနာထပိဏ်ဒါနတွင် ပူးပေါင်းကာ ကိုယ်တိုင်စိုက်ထုတ် လှူဒါန်းကြသည်။ ယင်းစံကျောင်းတော်များ တစ်ကျောင်းနှင့်တစ်ကျောင်း အကြားတွင်လည်း ဆွမ်း,ကွမ်းကိစ္စ လိုအပ်သောဌာနများ၌ အဆင်သင့်ရှိစေရန် စီစဉ်ပေးသည်။

ယင်းသို့လျှင် သာဝတ္ထိပြည်တွင် ဘုရားရှင်သာသနာတော်တစ်လျှောက်လုံး ကျော်ကြားသော ပင်မဇေတဝန်ကျောင်းတော် ဆောက်လုပ်ပြီးစီး၍ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ ကျောင်းအလှူခံရန် တပည့်သံဃာအများနှင့် ကြွချီတော်မူသော အစီအစဉ်မှာ အနာထပိဏ်၏ ထူးခြားသောဒါနကြောင့် ကြီးမားကျယ်ပြန့်လှသည်။

အကယ်ဆိုသော် ရာဇဂြိုဟ်နှင့် သာဝတ္ထိတည်းဟူသော နိုင်ငံကြီးနှစ်နိုင်ငံအဖို့ ဂုဏ်တုဂုဏ်ပြိုင်နှင့် သူနိုင်ငါနိုင် စစ်ခင်းသည့်အခါခင်း၊ ရွှေလမ်း ငွေလမ်းဖောက်သည်ဆိုကာ ချစ်ကြည်သည့်အခါ ချစ်ကြည်နှင့် ရန်သူလိုလို မိတ်ဆွေလိုလိုမရေမရာရှိနေခဲ့သည့်အခြေမှ ဘုရားရှင်၏ သာသနာတော်တည်းဟူသော အရှိန်

www.burmeseclassic.com



အဝါ၊ ယခုကဲ့သို့ အနာထပိဏ်၏ သဒ္ဒါတည်းဟူသော ဒါနမျိုးစေ့၊ မေတ္တာမျိုးစေ့များ ကြဲဖြန့်ချလိုက်သည့် ကျေးဇူးကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံမှာ ထိုနေ့က လင်းအရုဏ်တွင် ဘုရားရှင်နှင့် အနာထပိဏ်တို့ တွေ့ဆုံရာမှ ပွင့်လင်းလာခဲ့သော ကုသိုလ်စိတ် လင်းအရုဏ်ကြောင့် တကယ့်ရွှေလမ်းငွေလမ်း၊ ရတနာလမ်း ခင်းမိကြပြီး ဖြစ်သတည်း။

သာဝတ္ထိတွင် ဇေတဝန်ကျောင်းတော်ဆောက်လုပ်ရာ၌ အနာထပိဏ်၏ ကြိုးပမ်းမှု၊ စွန့်လွှတ်မှု အစီအစဉ် အခမ်းအနားမှာမူကား ကြီးမားကျယ်ပြန့်လှစွာ၏။ ။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# ၇

[ ၁ ]

ကဆုန်လပြည့်ည၏ လရောင်သည် တဖိတ်ဖိတ်တောက်ပနေ၏။ ခမည်းတော်ကြီး၏ နန်းမဆောင်နှင့်တကွ နန်းတော်ဝင်းတစ်ခုလုံးသည် ဖိတ်ဖိတ်တောက်သော လရောင်အောက်တွင် ငြိမ်သက်လျက်ရှိသည်။ တာဝန်ကျသော အိပ်ဖန်စောင့်များမှ အပ တစ်နန်းတော်လုံး အိပ်ဆောင်ဝင်ကြလေပြီ။

ကဆုန်နေ့၏ အပူဒဏ်ကို တစ်နေ့ခင်းလုံး ရှိ၍ ခံခဲ့ကြရသော ပန်းပွင့်ပန်းရွက်များသည် ညဥ့်နက်ပိုင်း၏ လေပြည်လေညင်းအကူအညီဖြင့် ဝင်းဝင်းဖြာသော လရောင်အောက်တွင် ဝင့်ကြွားနေကြဟန်ရှိသည်။ သားကြီးသည် အကယ်၍ နန်းတော်သို့ကြွလာခဲ့လျှင် အကြိုအဆိုဖြစ်စေရန် လှလှပပ ပြင်ဆင်ထွန်းညှိ၍ ထားခဲ့သော မီးပုံ မီးအိမ်များသည်လည်း ငြိမ်းကုန်ကြပြီး ဖြစ်၏။

ထိုအချိန်တွင် နန်းတွင်းသူတစ်ဦးသည် ညဥ့်လေပြည်ကြောင့် ယိမ်းနွဲ့လှုပ်ရှားလျက်ရှိသော ပန်းရုံပန်းပင်များကို ဖြတ်သန်းကာ ဂိမ္ဘန္တနန်းဆောင်ဆီသို့ ခပ်သွက်သွက်ကလေး လျှောက်လာ၏။ နန်းတွင်းသူသည် သော်ကရုံအကွေ့ကို ချိုးလိုက်မိသောအခါ သော်ကရုံအရိပ် ခုံတန်းဆီမှ "ဟဲ့...ဟဲ့ မာလာရဲ့၊ ငါ ဒီမှာပါဟဲ့"ဟူသော ခပ်အုပ်အုပ်အသံကို ကြားလိုက်ရသဖြင့် နန်းဆောင်လှေကားဆီသို့ ဦးတည်နေသော ခြေလှမ်းကို ဖျတ်ခနဲ ကိုယ်ရှိန်သတ်လိုက်ပြီးလျှင် အသံလာရာ ပန်းရုံဆီသို့ ဦးလှည့်၍ ဝင်လာသည်။

"တွေ့ခဲ့ရဲ့လား၊ တွေ့ခဲ့ရဲ့လား...သူ့ကို တွေ့ခဲ့ရဲ့လား"

"တွေ့ခဲ့တာပေါ့ သခင်မရဲ့၊ နီးနီးကပ်ကပ်တွေ့အောင် စောင့်နေရလို့ ဘုရားကျွန်မ နောက်ကျနေတာပေါ့။ စောစောပိုင်းက တော်ကြီးဘုရားနဲ့ နန်းတွင်းသူ

www.burmeseclassic.com



နန်းတွင်းသားတွေ ရှေ့ပိုင်းမှာပြည့်နေလို့ နောက်ပိုင်းက ကိုယ်ရှောင်ဖျောက်ပြီး စောင့်နေရသေးတယ်။ တော်ကြီးဘုရားတို့ ပြန်သွားမှ နောက်ပိုင်းလူအုပ်နဲ့ မယောင်မလည် ရောပြီး သခင်လေးအနားကို ကပ်ရတယ်"

"အေး…အေး၊ ပြောစမ်းပါဦး၊ အနားရောက်တော့ ညည်းသခင်လေးက ညည်းကို မှတ်မိရဲ့လား၊ ညည်းကို နှုတ်ခွန်းကလေးဘာလေးများရော မဟလိုက်ဘူးလား"

"မြင်ရင်တော့ ဟချင် ဟမှာပေါ့၊ မမြင်တာက ခက်တယ်"

"မမြင်ရအောင် ညည်းက ဘယ်ရှောင်သွားကုပ်နေလို့လဲ မာလာရဲ့"

"မကုပ်ရပေါင်ပါ၊ သခင်ကလေး မြင်အောင်လို့ အချိန်စောင့်ပြီး မြင်လောက်တဲ့နေရာရောက်အောင် ကြိုးစားပမ်းစား သွားနေရုံမကဘူး ဘုရားကျွန်မကို မြင်ရင် သခင်မကို သတိရပါစေတော့လို့ မြင်လောက်အောင် လှုပ်ရှားပြပါသေးတယ် သခင်မ"

"ဒါနဲ့တောင် တစ်ချက်ကလေးမှ လှမ်းမကြည့်ဘူးလား"

"ကြည့်ဖို့နေနေသာ စက္ခုက္ကန္ဒြေတော်ကြီးက ကြီးမားတော်မူလိုက်တာ၊ မျက်ဝန်းကလေး တစ်ချက်တောင် လှုပ်ဖော်မရပါဘူး သခင်မ"

"သူ…သူ…ဘယ်လိုများ ဖြစ်လာပါလိမ့်နော်"

"စက္ခုက္ကန္ဒြေတွင်မကဘူး၊ ကာယိက္ကန္ဒြေဆိုတာလည်း တစ်ချက်ကလေးမှ လှုပ်ရှားတော်မူတာ မတွေ့ရဘူး"

"နို့ ညည်းကရော စကားကလေး ဘာလေးတောင် မလျှောက်ထားဘူးလား"

"လျှောက်ထားဝံ့ဖို့ နေနေသာသာ၊ သခင်မကိစ္စမို့ ရှေ့နားရောက်အောင်တောင် မနည်းစွန့်စားပြီး သွားရပါတယ်"

"သူ့ကို စေ့စေ့စပ်စပ်ရော ကြည့်ခဲ့ရဲ့လား"

"ကြည့်တာပေါ့သခင်မရယ်…သခင်ကလေးလိုပဲ ရဟန်းပရိသတ်ကြီးကလည်း မနည်းပါဘူး။ မဏ္ဍပ်ထဲတွင်မကဘူး၊ နိကြောဓာရုံ တစ်ခုလုံးလိုလို ပြည့်လျှံနေတာပဲ။ မနည်းပေမယ့် သူ့လိုပဲ ဣန္ဒြေကောင်းလိုက်ကြတာ ချောင်းဟန့်သံလေး တစ်ချက်တောင် မကြားရဘူး။ အဲဒီရဟန်းပရိသတ်ကြီးအလယ်မှာ သခင်ကလေးက ဟောဒီလို လမင်းကြီးထွက်နေသလို ထင်းထင်းကြီးပဲ"

"တောထဲမှာ ခြောက်နှစ်ကျော် ခုနစ်နှစ် အစားဆင်းရဲ အနေဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com



နေလာခဲ့လို့ သူ့ကိုယ်ဟန်တွေကတော့ နဂိုအတိုင်းရှိတော့မှာ မဟုတ်ပါဘူးနော်။ အသားတွေ အရေတွေ လျော့ပါးနေတော့မှာပေါ့"

"အဲဒီလိုမဟုတ်ဘူးသခင်မ၊ ဘုရားကျွန်မလည်း အစက အဲဒီလိုပဲထင်ခဲ့တာပဲ။ လက်တွေ့ကျတော့ အသားတော်အရေတော်တွေက ပြည့်ဖြိုးဝင်းဝါနေလိုက်တာ အရောင်တလက်လက် ထွက်နေသလားတောင် ထင်ရပါတယ်။ နဂိုထက် ပိုလှလာပါတယ်။ အေးလေ လှတယ်လို့ဆိုဖို့လည်း အခက်သားဘုရား၊ အလှပေါ်မှာ ဣန္ဒြေ ရင့်ရင့်ကြီးဆင့်ထားလို့ ကျက်သရေရှိတယ်လို့ ဆိုရမှာပဲ။ ပြောစရာတော့ နှစ်ချက်ရှိရဲ့ သခင်လေး အဲဒီအလှပေါ်မှာ သင်္ကန်းဆိုတဲ့ ဝါညိုညိုအဝတ်ကြီးက ထိန်းလိုက်တော့ ရင့်သွားသလိုပဲ။ ပြီးတော့ အင်မတန် လှခဲ့ နွဲ့ခဲ့တဲ့ သျှောင်ထုံးတော်လည်း မရှိတော့ဘူးဘုရား"

"သူက...သူက...အခု ခေါင်းတုံးကြီးနဲ့ပေါ့လေ"

"ခေါင်းတုံးကြီးလို့လည်း မဆိုနိုင်ဘူး သခင်မရဲ့၊ ဆံရှည်မဟုတ်ပေမယ့် သခင်ကလေးခေါင်းပေါ်မှာ လက်နှစ်သစ်လောက်တော့ ရှိမလားမသိဘူး။ အဲဒီ ဆံကြွင်း ဆံကျန်ကလေးတွေဟာ အလိုသင့်ရစ်ပြီး ညိုမှောင်နေလို့ တစ်မျိုးတော့ ကျက်သရေရှိသားဘုရာ့"

"အနော်မာသောင်ယံကတည်းက ဆံတော်ကိုဖြတ်ပစ်လိုက်ပြီဆိုတာ ကြားခဲ့ပါရဲ့။ နို့ပေမယ့် ဆံဟောင်းကိုပယ်ပြီး သူ့ဘဝသစ်အတွက် တို့နန်းတော်ကို ကြွကြွလာကြတဲ့ ရသေ့ကြီးများလို ဆံသစ်ထားလိမ့်မယ်လို့ ထင်ခဲ့မိတယ်။ အခုလိုပုံတော့ သူ့အဝတ်အဆင်၊ သူ့ဣန္ဒြေ၊ သူ့လုပ်ပုံတွေကို ကြည့်ရတာ ဝေးကြပြီထင်ပါရဲ့ မာလာရယ်"

ဘဒ္ဒကစ္စနာသည် အသံနှင့်အတူ ပင့်သက်တစ်ချက် ရှိုက်လိုက်ရာက စို့လာသော မျက်ရည်ကို မြတဘက်ဖြင့် တို့လိုက်သည်။ ဘဒ္ဒကစ္စနာ၏ အတွင်းရေး အပြင်ရေးမှန်သမျှ အကုန်သိ၍ တိုးတိုးဖော် တိုင်ပင်ဖက်ဖြစ်သော ကိုယ်ရံတော်လေး မာလာက ဘဒ္ဒကစ္စနာ၏ ခြေသလုံးဆီသို့ အားပေးသည့်သဘောဖြင့် အသာအယာကိုင်လိုက်ပြီးလျှင် "အားမငယ်ပါနဲ့ သခင်မရယ်၊ အချိန်တွေ အများကြီးရှိပါသေးတယ်"ဟု လျှောက်ထားသည်။

"သူဟာလေ ငါ့အပေါ်မှာ စိမ်းကားလွန်း ရက်စက်လွန်းပါတယ် မာလာရယ်။ ညည်းတို့မသိဘူးနော် ညည်းတို့မသိဘူး။ ညည်းတို့လည်း မသိဘူး၊ သူ့ခမည်းတော်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လည်း မသိဘူး။ သူ့အကြောင်းကို ငါ့ထက် ဘယ်သူပိုသိဦးမှာလဲအေ။ သူ့သွင်ပြင် သူ့ဟန်ပန်တွေက စိုးရိမ်စရာကောင်းလွန်းလို့ သူ့ခမည်းတော် အလို လိုက်တယ်ဆိုတာက တော်တော်ပါ၊ ငါက သူ့ခမည်းတော်ထက် ဆယ်ဆပိုပြီး အလိုကျအောင် ပြုစုခဲ့ပါတယ်အေ။ နို့ပေမယ့် သဋ္ဌာလီထဲမှာ ကြည်ကြည်နူးနူး နေကြတုန်းမှာပဲ သူ့အမူအရာတွေက လူတခြား စိတ်တခြားဆိုတာလို ဖောက်ဖောက် လာတတ်လို့ ဟန်မရတော့ဘူးဆိုတာ အစောကြီးကတည်းက ငါသိခဲ့ပါတယ် မာလာရယ်၊ တစ်နေ့မဟုတ် တစ်နေ့ဆိုသလို ဒီနန်းတော်က ခွာတော့မယ်ဆိုတာ ငါသိပါတယ်အေ"

"ဒီလိုသွားရမှ သူစိတ်တိုင်းကျမယ်ဆိုရင် ဥရုဝေလတော မကလို့ စကြဝဠာ ကမ္ဘာရေမြေဆုံးအောင်တောင် သွားနိုင်ပါတယ်။ သူသွားရင် ပုဆိုးစကိုဆွဲပြီး နောက်တော်ပါးက တစ်ဖဝါးမကွာ ရေပူရေချမ်း ကမ်းလှမ်းပြီး လိုက်ပါရစေလို့ သူ့ကို သခင်မ အကြိမ်ကြိမ်တောင်းပန်ခဲ့ပါတယ်။ ကိုယ့်ချစ်သူသွားတဲ့ဆီကို ကိုယ်ဘာပြုလို့ မလိုက်နိုင်ရမှာလဲ။ အေးအတူ ပူအမျှပေါ့။ အခုတော့ ညည်းတို့ သခင်လေး စိမ်းကားရက်စက်ပုံက ညဥ့်ကြီးသန်းခေါင် တိတ်တိတ်ကလေး ထွက် တော်မူသွားတယ်"

"သွားပါစေ သွားပါစေ၊ သူက ဒီလိုလုပ်ရမှ ကျေနပ်နိုင်မယ်ဆိုရင် ဒီလိုပဲ လုပ်ပါစေ။ ငါက အောင့်အည်းပြီး သည်းခံနိုင်ပါသေးတယ်။ အခုတော့ သားတော် လေး မွေးကင်းစအရွယ် သူ့တစ်မျက်နှာကို တစ်ရှာထင်ပြီး အားတင်းနေတုန်း အချိန်ကိုမှရွေးပြီး ရက်စက်သွားပုံက ငါဘယ်လိုလုပ်ပြီး ဖြေနိုင်ပါ့မလဲ မာလာရဲ့"

ဘဒ္ဒကဉ္စနာသည် ပင့်သက်ရှိုက်သောအသံဖြင့် မျက်ရည်ကို တို့လိုက်ပြန်၏။ သည်အခါတွင်တော့ ကိုယ်ရံတော်လေး မာလာက ခပ်လှမ်းလှမ်းတွင် နန်းတော် ထုပိကာ မှန်ကင်းဆီသို့ ရွှေလရောင်ဖြင့် ဆေးခြယ်ထားသည်ကို ငေးမော၍ ကြည့်နေသည်။ ဘဒ္ဒကဉ္စနာ စကားအရပ်တွင်မှ မာလာက ဆက်လက်လျှောက်၏။

"ဒါတွေက ဘုရားကျွန်မတို့ သိပြီးသားတွေပဲ သခင်မရဲ့။ သခင်လေးဟာ ရက်စက်လွန်းပါတယ်။ တကယ်ဆိုတော့ မိန်းမဆိုတာ သူတို့ယောကျ်ားတွေကို အလိုလိုက်ရတဲ့နေရာ၊ သည်းခံအောင့်အည်းရတဲ့ နေရာကချည်းပါပဲ။ ပြီးခဲ့တာတွေ ပြီးပါစေတော့ သခင်မရယ်၊ အရေးကြီးတာက ကိုယ့်ဘက်ကို သခင်ကလေး ပါလာအောင်လုပ်ဖို့ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ဘူး မလုပ်ဘူး၊ သခင်မအပေါ်မှာ သူ ဘယ်လောက်စိမ်းကားနိုင်မလဲ၊ စိမ်းကားစမ်းပါစေ။ သူ ဘယ်လောက်ရက်စက်မလဲ၊ ရက်စက်စမ်းပါစေ။ သခင်မက ကိုယ့်အသည်းကိုခွဲပြီး ရဲရဲကြီးခံပြသွားပါ့မယ် မာလာရယ်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ သခင်မရယ်၊ ယောကျ်ားဆိုတာ မိန်းမက နူးရင် နူးရရိုးဓမ္မတာပါ။ မိန်းမကဆောင်ရင် အောင်ရရိုးဓမ္မတာပါ။ နက်ဖြန်ဆိုရင် သခင်ကလေးဟာ နန်းတော်ကို မုချကြွလာမှာပါ။ ကြွလာလို့ သခင်မက ကိုယ်ရောင်တစ်ချက် ထွက်ပြလိုက်ရင် သူ ခံနိုင်မှာတဲ့လား သခင်မရဲ့"

"မပြဘူး...မပြဘူး...ပြလည်းမပြဘူး၊ တွေ့လည်းမတွေ့ဘူး။ သခင်မအပေါ်မှာ ဒီကလောက် ရက်စက်သွားတာကို သခင်မ ဘယ်လိုမှ အခဲမကျေနိုင်ဘူး။ သူ့မှာသာအပြစ်ရှိတာ သခင်မမှာ ဘာအပြစ်မှမရှိဘူး။ မိဘမောင်ဖွားတွေကိုစွန့်ပြီး သူ့နောက်လိုက်လာတဲ့အချိန်ကစပြီး သခင်မမှာ ဘာအပြစ်မှမရှိဘူး။ မရှိအောင်လည်း ကြိုးစားပြီးနေခဲ့တယ်။ ဒီကြားထဲက ဒီလောက်ရက်စက်စိမ်းကားတဲ့သူကို ဘယ့်နှယ်အခဲကျေနိုင်မလဲ။ သူ့ဟာသူ လာချင်လာ, မလာချင်နေ၊ သခင်မကတော့ သူ့ကို ထွက်ပြီးမတွေ့တော့ဘူး"

"အင်း...သခင်မကလည်း တယ်ပြီး အသည်းကြီးပါလား၊ ဒါတွေ ထားပါဦးလေ၊ အခု ညဥ့်နက်လှပြီသခင်မရဲ့၊ တော်ကြာ အအေးပတ်လို့ တစ်ပူပေါ် နှစ်ပူဆင့်နေဦးမယ်။ ပြီးတော့ သခင်ကလေးက မနက်ကို ဆွမ်းခံကြွမယ်ဆိုလား၊ ဘုရားကျွန်မ တစ်စွန်းတစ်စကြားခဲ့ရတယ်။ တော်ကြာ နန်းတော်ကို အစောကြီးကြွလာလို့ သခင်မကလည်း အိပ်ဖန်တော်နောက်ကျလို့ မထနိုင်ရင် လွဲကုန်ဦးမယ်။ ကဲ...သခင်မ အိပ်ခန်းဆောင် ဝင်ဖို့တော်ပြီ"

ညဥ့်နက်ပိုင်းရောက်လေ၊ တိုး၍ တိုး၍ အေးလာလေသော လေပြည်လေညင်းကြောင့် မြတဘက်ကိုပင် စကားပြောရင်း မသိမသာ ခြုံထားမိလေရာတွင် မာလာ၏ အလိုက်သင့် လျှောက်ထားသောစကားကြောင့် ဘဒ္ဒကစ္စနာသည် ပန်းခုံတော်မှ ထလိုက်ရင်း "တော်စမ်းပါ မာလာရယ်၊ ညည်းကလည်း သူနဲ့တွေ့ဖို့ချည်း အတွင်သာ ပြောနေတော့တယ်။ မတွေ့ပါဘူးလို့ ပြောနေတဲ့ဟာပဲ။ နန်းတော်ကို သူလာရင် သခင်မက နန်းဆောင်ထဲက ထွက်ကိုမထွက်ဘူးအေရဲ့"ဟု ပြောကာ ဂိမ္ဗတ္တနန်းဆောင် လှေကားဦးဆီသို့ လျှောက်သွားသည်။

ကိုယ်ရံတော် ခင်မာလာက နောက်ကလိုက်ရင်း "သခင်မကလဲနော်၊ တော်

www.burmeseclassic.com

www.burmeseclassic.com



ကြာ စကားကျွံရင် နုတ်လို့မရဘူးဆိုတာတွေ ဖြစ်ကုန်ဦးမယ်။ ကဲ...သခင်မက ထွက်မတွေ့ဘူးဘဲထားပါတော့၊ တော်ကြာ သခင်လေးက သခင်မ ခန်းဆောင်ထဲ ရောက်အောင် ကြွလာရင်ရောဘုရား"

"တော်စမ်းပါ မာလာရယ်၊ ဒီအခန်းဆောင်ကိုမုန်းလို့ ရက်ရက်စက်စက် စွန့်ပစ်သွားတဲ့သူက ဒီအခန်းဆောင်ထဲကို ဘယ်လိုလုပ်ပြီး လာဦးမှာလဲ..."

"မပြောနိုင်ဘူးနော် သခင်မရဲ့၊ မိန်းမမာယာ သဲကိုးဖြာ ယောကျ်ားမာယာ သောင်ကိုးရာတဲ့။ သခင်မက တင်းလွန်းနေရင် တော်ကြာ သခင်မနန်းဆောင်ထဲကို ရောက်ချင် ရောက်လာမှာ"

"တော်စမ်းပါ မာလာရယ်၊ ညည်းက ယောကျ်ားတွေအကြောင်း ဘာများသိလို့လဲ။ အထင်ကြီးနဲ့ ခုတင်ကြီးပေါ် အိပ်မနေပါနဲ့။ ကဲ...ကဲ...ညဥ့်နက်လှပြီ၊ သခင်မလည်း စိတ်မော လူမော မောလှပြီ၊ အိပ်ချည်ပေတော့..."

အိပ်ခန်းဆောင်သို့ ရောက်သောအခါ သားတော်လေး ရာဟုလာသည် ကတ္တီပါ အိပ်ရာ တစ်ဖက်ခြမ်းတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကို တွေ့ရသည်။ စောင်ကလေးကွာနေသဖြင့် မာလာက ရာဟုလာ၏ ရင်ဘတ်ဆီသို့ရောက်အောင် ဆွဲခြုံပေးသည်။ ထို့နောက် ဘဒ္ဒကဥ္စနာအတွက် အိပ်ရာကို နေသားတကျဖြစ်အောင် ပြုပြင်ပေးပြီး လက်အုပ်ချီကာ အခန်းဝဆီသို့ ဆုတ်ရင်း မိမိနေရာသို့ လာခဲ့သည်။

[ ၂ ]

"သခင်မကလေး...သခင်မကလေး ထတော်မူပါဦး၊ ခပ်မြန်မြန်ကလေး ထ, တော်မူပါ၊ တော်ကြာ လွန်သွားဦးမယ်ဘုရာ့..."

ညက ပန်းခုံတော်တွင် အထိန်းတော်ကလေးမာလာနှင့် အတန်ပင် ညဥ့်နက် ခဲ့သည်ထင့်။ ဘဒ္ဒကဥ္စနာသည် မိုးစင်စင်လင်းသည့်တိုင် အိပ်မောကျနေခဲ့မိသည်။ မာလာက သုတ်သီးသုတ်ပျာ အသံကလေးဖြင့် နိုးလာသောအခါ မျက်လုံးကို ဖွင့်ကြည့်ရင်း "ဘယ်လိုဖြစ်လာတာတုံး မာလာရဲ့။ ဘာများ အရေးကြီးလာလို့လဲ" ဟု မေးလိုက်သည်။

"ထပါ သခင်မရဲ့။ သခင်ကလေး ကြွလာနေပြီ။ တော်ကြာ လွန်သွားလို့ မတွေ့လိုက်ရဘဲ လွတ်သွားဦးမယ်ဘုရာ့"

ချစ်သည်းနာသဘောဖြင့် စိတ်ထဲက အဘယ်မျှတင်းမာထားခဲ့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာကနိုးစမို့ ယီးတီးယောင်တောင်အချိန်တွင် "သခင်ကလေး ကြွလာပြီ" ဟူသောအသံကို ရုတ်တရက်ကြားလိုက်ရသောအခါ သောကတောင်ထုအောက်တွင် အတင်းဖိ၍ထားခဲ့သော အချစ်စိတ်က အသစ်တွင် စူးခနဲ ထွက်ပေါ်လာသည့် အလျောက် ကတ္တီပါခြံစောင်ကို ဖျတ်ခနဲဖယ်၍ ရုတ်တရက် ထလိုက်မိသည်။

ထို့နောက်မှ ချက်ချင်းပင် သတိရကာ လက်သုံးတော်မာလာကိုပင် ရှက်လေမိသယောင်နှင့် ကိုယ်ဟန်ကိုဆည်လိုက်ရင်း "ဘယ်ကိုကြွလာတာလဲ မာလာရဲ့၊ နန်းတော်ပေါ်ရောက်နေပြီလား၊ ငါထွက်ပြီးမတွေ့ပါဘူးလို့ ပြောထားပြီးသားဟာကို"ဟု စကားမှမဆုံးမီတွင် ခင်မာလာက ဘဒ္ဒကစ္စနာ၏လက်ကိုဆွဲရင်း "လာ... လာ သခင်မ၊ အခွင့်ကြုံတုန်းမို့ သခင်မကို အတင်းနှိုးပြီးပြရတာ၊ နန်းတော်ကို ကြွသလား။ ဘယ်ကိုကြွသလဲတော့ ဘုရားကျွန်မ မသိဘူး။ နိဂြောဓာရုံကနေပြီး သူ့ရဟန်းတွေ တစ်တန်းကြီးနဲ့ မြို့ထဲဆီကို ကြွလာနေပြီ။ ဟောဒီပြတင်းပေါက်ကနေကြည့်ရင် အနေတော်ပဲ။ ဟောဟိုမှာ...ဟောဟိုမှာ ရှေ့ဆုံးကဟာ သခင်ကလေးပေါ့ သခင်မရဲ့"ဟုဆိုကာ နန်းတော်ဝင်းအပြင်လမ်းမဆီသို့ မြင်ရသော ပြတင်းပေါက်သို့ ခေါ်သွားသည်။

"ဟဲ့...ပြတင်းပေါက်က အကုန်မဖွင့်ပါနဲ့။ မပွင့်တပွင့် မြင်လောက်ရုံဖွင့်ရင် တော်ရောပေါ့၊ တော်ကြာ လှမ်းကြည့်လို့ သူမြင်သွားရင် ရှက်စရာကြီးဖြစ်နေပါဦးမယ် မာလာရဲ့"

မတွေ့ချင်၊ မမြင်ချင်ရက်သား ဆိုသကဲ့သို့ အချစ်စိတ်တို့၏ သဘာဝအတိုင်း စိမ်းကားနိုင်ရက်လေသော သူ့အပေါ်တွင် စိမ်းကားနိုင်သော်ကောဟု အဘယ်မျှ ချစ်စိတ်နာပါသည်ဆိုစေ၊ ခုနစ်နှစ်တိုင်တိုင် ကွဲကွာနေသဖြင့် ယခုကဲ့သို့ တကယ် တွေ့ရတော့မည် ဆိုလေသောအခါ မတွေ့ဘူး၊ မကြည့်ဘူးဟု တင်းထားခဲ့သမျှ စိတ်ထားတွေ ပြိုပျက်၍ ခင်မာလာက အကုန်ဖွင့်ပေးထားသော ပြတင်းတံခါးကို ဟန်လုပ်တတ်သော မိန်းမသားတို့၏ သဘာဝအရ မရဲတရဲ မပွင့်တပွင့်ဖြစ်အောင် ပြန်စေ့ပြီး အိပ်ရာမှထစမို့ ဆံထုံးတော် ပြို့တပြို ဝတ်လဲတော် ကသီကရီနှင့်ပင် မမြင်ရသည်မှာ ကြာပြီဖြစ်ခဲ့သော မောင်တော့်ရုပ်ပုံ ရွှေကြေးမုံဆီသို့ အာရုံဦးတိုက်လျက် စူးစူးစိုက်စိုက်ပင် ကြည့်မိလေရာတော့သည်။

"ဩော်...မောင်တော်၊ မောင်တော်၊ ဝတ်ဆင်ထားတာကြီးကလည်း ရင့်ရင့် ကျက်ကျက်၊ ဣန္ဒြေတော်ကြီးကလည်း ကဲကဲလွန်လွန်နဲ့ ငါသိပါပြီ မာလာရယ်

www.burmeseclassic.com

www.burmeseclassic.com



ပေးကြပြီ၊ တကယ့်ကို ပေးကြပါပြီ”ဟု တုန်တုန်ယင်ယင် အသံတိမ်ကလေးဖြင့် တစ်ချက်ရှိုက်လိုက်မိသောအခါ ခင်မာလာက ထုံးစံအတိုင်းပင် “သတိထားပါ သခင်မ၊ အားမလျှော့ပါနဲ့၊ အချိန်တွေအများကြီးရှိပါသေးတယ်”ဟု ဘဒ္ဒကဉ္စနာကို မဝံ့တဝံ့ကိုင်ရင်း သတိပေးရသည်။

“ညည်းပြောတဲ့အတိုင်းပဲ အသားတွေ အရေတွေကတော့ ပြည့်ပြည့်ဖြိုးဖြိုးနဲ့ သူ့မျက်နှာတော်ဟာ ပိုလို့တောင် ကျက်သရေရှိတာ အမှန်ပဲ။ ဟဲ့...ဟဲ့ အခုမှ သတိရတယ်၊ သားတော်လေးရော၊ သားတော်လေးကို မြန်မြန်သွားခေါ်စမ်း၊ သူ့ခမျာ မွေးကတည်းက အဖေရယ်လို့ ခေါ်စရာမရှိခဲ့ဘူး။ တစ်နေ့တခြား ကြီးပြင်းလာလို့ အသိကလေးကြွယ်လာပြီး အဖေကိုမေးလေ၊ ငါ့မှာ အဖြေခက်လေပဲ။ ကြုံတုန်းပြရအောင် မြန်မြန်သွားခေါ်စမ်းဟဲ့”

ခင်မာလာက အပြေးကလေးထွက်သွား၍ အပြင်တစ်နေရာတွင် အထိန်းတော်တစ်ဦးနှင့် ဆော့ကစားနေသော သားတော်လေး ရာဟုလာကို အပြေးကလေးပင် ဆွဲခေါ်လာသည်။ ရောက်သည်နှင့် တစ်ပြိုင်နက် ပြတင်းဆီသို့ အရပ်ကလေး မမှီတမီမို့ မိခင် ဘဒ္ဒကဉ္စနာကိုယ်တိုင် ခါးထစ်ခွင်ချီလိုက်ပြီးလျှင် ပြတင်းနှင့် တည့်တည့်ဆီသို့ နီး၍နီး၍လာသော ဖခင်ဖြစ်သူအား လက်ညှိုးညွှန်ကာ မိခင်မှန်း ဖခင်မှန်း သိတတ်သည့်အရွယ်မှစ၍ ဖခင်ကိုမေးလေတိုင်း လက်ညှိုးထိုးပြစရာ မရှိခဲ့သော ဖတဆိုးကလေးအား ကရားရေလွှတ် တတွတ်တွတ်ပြောဆိုရင်းပြသည်။

မိခင်တို့မည်သည် သားစိတ်နှင့် လင်စိတ်မှာ မတူ။ လင်အတွက် ပူရသည်ဆိုလျှင် အချစ်စိတ် အချစ်မာန်ကလေး ခဏခံကာနှင့် ဟန်လုပ်၍ ရနိုင်သေးသည်။ သားအတွက်ဆိုလျှင် ဟန်မလုပ်နိုင်။ ရင်ထဲတွင်ရှိသမျှ ပွင့်အန်၍ကျလာတတ်မြဲအတိုင်း ဘဒ္ဒကဉ္စနာအဖို့ ဖစိမ်းကားကြီးဆီသို့ လက်ညှိုးညွှန်ရင်းညွှန်ရင်း စကားလုံးများပင် မပီသနိုင်တော့။ မျက်ရည်ကို တသွင်သွင်သွန်ရင်း ပြသည်။

ဘုရားရှင်နှင့် သံဃာတန်းကြီး ပြတင်းဆီက အတန်လွန်သွားသည့်အခါမှာ ဘဒ္ဒကဉ္စနာသည် မျက်ရည်ကိုသိမ်းဆည်းရင်း တစ်စုံတစ်ခုကို သတိရလာသည့် အဟန်ဖြင့် ခင်မာလာဆီသို့ လှည့်လိုက်ကာ “နေစမ်းပါဦးဟဲ့ မာလာရဲ့။ ဆံတော်ကို ဖြတ် ညိုဝါဝါသင်္ကန်းကြီးဝတ်၊ ဣန္ဒြေတခွဲသားနဲ့ သူကြိုက်သလို လုပ်လာတာထားပါဦးတော့၊ သူ့လက်ထဲမှာ ကိုင်ထားတဲ့ ခွက်မည်းမည်းကြီးက ဘာလုပ်ဖို့တဲ့တုံး”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သပိတ်လို့ခေါ်တာပေါ့ သခင်မရဲ့၊ သပိတ်ဆိုတာ ထမင်းတောင်းတဲ့ ခွက်ပေါ့"

"ဟဲ့…ဟဲ့ အဲဒီခွက်ကြီးတွေကိုင်ပြီး မြို့ထဲမှာ ထမင်းတောင်းဖို့များ ထွက်လာကြတာလား"

"ဒါပဲရှိမှာပေါ့ သခင်မရဲ့"

"အဲဒါမှ ဒုက္ခပဲ မာလာရေ…ဒီလိုလုပ်တာကတော့ သူဟာ တမင်ခွတိုက်တာပဲ။ ထမင်းဆိုတာ တောင်းမှစားရမှာတဲ့လား။ တို့နန်းတော်မှာ ထမင်းမရှိတော့ဘူးလား။ သူ့ပရိသတ်ကို တို့နန်းတော်က မကျွေးနိုင်ဘူးလို့ သူက ယူဆသလား။ ဒါမှမဟုတ်ရင်လည်း ဒီနန်းတော်နဲ့၊ ဒီသာကီဝင်တွေနဲ့၊ ငါနဲ့ မဆိုင်တော့ဘူးရယ်လို့ ငါတစ်ယောက်ကိုသာမက တစ်နန်းတော်လုံး၊ တစ်မျိုးလုံးကို စိမ်းကားလိုက်ပြီလား။ မဖြစ်ဘူး…မဖြစ်ဘူး၊ သူလုပ်ပုံတွေက ငါတစ်ယောက်ကိစ္စသာမကဘူး၊ အမျိုးကိုပါ ထိခိုက်ကုန်ပြီ။ ဒီကိစ္စကတော့ သူ့ခမည်းတော်ကြီးနဲ့ ပိုင်ဆိုင်တယ်၊ သူ ဒီလိုလုပ်တာ သူ့ခမည်းတော်ကြီးသိမှာမဟုတ်သေးဘူး၊ အချိန်မီ ငါသွားလျှောက်ထားဦးမှ၊ အချိန်မီ တားဆီးခိုင်းဦးမှဖြစ်မှာ"

ဘဒ္ဒကစ္စနာအဖို့ ပြောရင်း ပြောရင်းနှင့်ပင် အရေးကြီး၍လာကာ သုတ်သီးသုတ်ပျာနှင့် မျက်နှာသစ်ရေကိုသုံးသည်။ ထို့နောက် အဝတ်အဆင်ကို သေသေသပ်သပ်ဖြစ်အောင် ပြင်ဆင်ကာ ခမည်းတော်ရှိရာ နန်းတော်ကြီးဆီသို့ အသော့ကလေး သွားသည်။ ခင်မာလာအဖို့ မိမိထက်ကြီးမြင့်သော အရေးအခင်းဖြစ်နေသည်မို့ တစ်စုံတစ်ရာမစွက်ဖက်နိုင်တော့ဘဲ သူ့သခင်မ လှုပ်ရှားလေသမျှကိုသာငေး၍ ကြည့်နေခဲ့ရာမှ ဘဒ္ဒကစ္စနာနောက်သို့ လိုက်ပါခဲ့ရသည်။

ခမည်းတော်ကြီးအဖို့ သား၏အစွမ်းကိုလည်းသိ၊ သား၏သဘောထားကိုလည်း နားလည်သူဖြစ်သည့်အတိုင်း နန်းတော်တွင် တဖူးဖူးမှတ်ထားခဲ့ရာမှ တောထွက်သွားသည်ဆိုတုန်းကလည်း ဣန္ဒြေပျက်လောက်အောင် မတုန်လှုပ်ခဲ့။ ဥရုဝေလတွင် ဖွဲနပဲကြီးကြီးနှင့် ဆင်းရဲကြီးခံကာ အရိုးကြေကြေ အရေခန်းခန်း သေလုဘနန်းကျင့်နေသည်ဆိုတုန်းကလည်း မလှုပ်ရှားခဲ့။ ကပိလဝတ်သို့ရောက်လာ၍ တစ်ညဥ့်ကူးသည်ဆိုရုံမျှတွင် ခွက်မည်းကြီးကိုကိုင်၍ ထမင်းတောင်းထွက်သည်ဟူသော ဘဒ္ဒကစ္စနာ၏ လျှောက်ထားချက်ကို ကြားရသောအခါတွင်မူ အမျိုးဂုဏ်ကိုမှ မထိန်းနိုင်လောက်အောင် သည်သားကြီး ဆိုးရွားလိုက်ပလေသည်ဟု သာကီသွေး

www.burmeseclassic.com

www.burmeseclassic.com



သာကီမာန်ဖြင့် ရာဇဗ္ဗြွေကိုမှ မထောက်မညှာနိုင်တော့ဘဲ အနီးတွင်ရနိုင်သမျှသော အခြွေအရံကလေးမျှကိုသာခေါ်၍ သားဆိုးကြီးကို ဆုံးမရန် နန်းတော်မှ သုတ်သီး သုတ်ပျာ ထွက်သွားသည်ကို ဘဒ္ဒကဥ္စနာကိုယ်တိုင် မြင်လိုက်ရ၏။

သို့ရာတွင် မကြာပါလေ၊ သည်သားနှင့် သည်အဖေတို့ မြို့လယ်လမ်းမတွင် မည်သို့ဖြစ်ခဲ့လေသည်မသိ။ ဖခင်ကြီးကိုယ်တိုင် ဦးဆောင်၍ သားဖြစ်သူနှင့် အခြွေအရံ သံဃာအားလုံးပါ နန်းတော်သို့ ကြည်ကြည်သာသာ လိုက်ပါလာသည်ကို မြင်ရကြားရ၏။ နန်းတော်သို့ သားဖြစ်သူရောက်လာချိန်မှာ ဆွမ်းစားချိန်ဖြစ်၍ နန်းတော်တွင် အဘယ်မျှပြည့်စုံသည်ဆိုစေ၊ သားဖြစ်သူ၏ ကြီးမားလှသော ပရိသတ်အတွက် ဆွမ်းကွမ်းကိစ္စ စီစဉ်ကြရာတွင် တစ်နန်းတော်လုံး လှုပ်လှုပ်ရွရွ ဖြစ်ကြရသည်။

လင်ပူသားပူ သောကမယ်တို့၏ ထုံးတမ်းစဉ်လာအတိုင်း မတွေ့ပါဘူး၊ မခေါ်ပါဘူးဟူ၍ အဘယ်မျှပြောခဲ့စေကာမူ လက်တွေ့တွင်မူ မဟုတ်နိုင်ဟု ခင်မာလာတို့လို ရင်းရင်းနှီးနှီး အနီးကပ်ဆက်ဆံရသူများက အထင်ရှိခဲ့၏။ သို့ရာတွင် ဘဒ္ဒကဥ္စနာသည်ကား သူပြောခဲ့သည့်အတိုင်းပင် တကယ်လုပ်လေတော့သည်ကို ကိုယ်တွေ့ကြုံလာသောအခါ အံ့အားသင့်ကြရ၏။ သနားကြရ၏။ အကြောင်းသော်ကား နန်းတော်ဆီသို့ သူလာနေပြီဟူသော သတင်းရသည်နှင့် တစ်ပြိုင်နက် ဘဒ္ဒကဥ္စနာသည် မိမိ၏နန်းတော်တံခါးကို ပိတ်၏။ သူလာပြီဆိုကတည်းက ယသော်၏လှသောမျက်နှာသည် ချစ်သောကကြောင့် ခုနစ်နှစ်လုံးလုံးလိုလို ညှိုးနွမ်းမှုန်ရီနေခဲ့ရာမှ အချစ်မာန်ဖြင့် တင်းမာသွား၏။ သို့ရာတွင် သူလာနေပြီ၊ သူ နန်းတော်ပေါ်သို့ ရောက်ပြီ၊ သူ ဘယ်နေရာမှာထိုင်သည်၊ သူဘယ်သူနှင့် ဘာစကားပြောသည်၊ သူ ဆွမ်းစားနေပြီ၊ သူဆွမ်းစားပြီးပြီ...စသော သတင်းများသည်ကား ယသော့်ဆီသို့ အချိန်မခြား ရောက်ရှိနေသည်။

ထိုသို့ရောက်နေရာမှ နောက်ဆုံးသတင်းကြောင့် ယသော် လန့်ဖျပ်သွား၏။ ငါတင်းမာခဲ့သမျှ ပြိုကျရတော့မှာပါလားဟု သိသွား၏။ ထိုသတင်းသည်ကား သူနှင့် သူ့တပည့်ကြီးနှစ်ပါးကို ခမည်းတော်ကြီးကိုယ်တိုင် ဦးဆောင်၍ သူ့အဆောင်ဆီသို့ တန်းတန်းမတ်မတ် လာနေကြပြီဟူသော သတင်းပင်ဖြစ်ပေ၏။

သည်တော့လည်း မတတ်နိုင်တော့ပြီ၊ ခမည်းတော်ကြီးကိုယ်တိုင် ခေါ်င်းဆောင်လာ၍ ရိုရိုသေသေကြိုဆိုရပေတော့မည်။ သို့ရာတွင် သူ့အပေါ်တွင် အခဲမကျေနိုင်

www.burmeseclassic.com



လွှန်းသဖြင့် နောက်ဆုံးအခြေအထိ မာန်ခတ်လိုက်သေးသည်။ အကြောင်းကား သူ့ကို အပြင်ဧည့်ဆောင်တွင်မကြို၊ လေးစားအပ်သူတို့အား ဧည့်ခံမြဲဖြစ်သော အဆောင်တော်ဦးတွင်မကြို၊ ပြီးတော့ အဆောင်တော်သို့ထွက်၍လည်း ခရီးဦးမကြို၊ သူနှင့် သူတို့၏ စက်ရာခန်းဆောင်တွင်သာ နေရာကို သင့်တင့်အောင်ပြင်ဆင်စေ၍ စက်ရာခန်းဆောင်တွင်းမှပင် စောင့်ကြိုသည်။ ပြီးတော့ သူရှိတုန်းကသာ မင်းယောကျ်ားတစ်ယောက်ရှိနေစဉ် အမြင်မသင့်လှ၍ လိုအပ်သည့်အခါများတွင် ပိတ်ခဲ့ပြီး သူ့မရှိပြီဆိုကတည်းက အဆောင်တစ်ခုလုံး မိန်းမသားချည်းမို့ အမြဲတမ်း လိုလို ဖွင့်၍ထားခဲ့သော အုံးစက်ရာ ကတ္တီပါခန်းဆီးကြီးကို အလုံပိတ်လိုက်စေသည်။ ဘဒ္ဒကဉ္စနာသည် ထိုအခန်းဆီးကြီးအတွင်းမှ စောင့်ကြိုခြင်းဖြစ်၏။

[ ၃ ]

အခိုက်အတန့်အတွင်းလောက်မှာပင် သူ့ကို ခမည်းတော်ကိုယ်တိုင် ဦးဆောင်၍ ခန်းဆီးကြီးအနီးသို့ ရောက်လာ၏။ ယသော်၏နန်းဆောင်သူများက သူတို့နေရာတွင် စနစ်တကျနေ၍ ခမည်းတော်ကြီးကိုကျော်ပြီး သူတို့သခင်ကိုယ်တော်လေးကို အသက်ရှူမှားမတတ် ရှိခိုးရင်း ကြည့်ကြသည်။ နန်းဆောင်တစ်ခုလုံး အပ်ကျလျှင်ပင် ကြားရမတတ် ငြိမ်ဝပ်၍နေသည်။

ခန်းဆီးကြီးအစပ်သို့အရောက်တွင် ခမည်းတော်ကြီးက နန်းဆောင်အတွင်းမှာ ဘဒ္ဒကဉ္စနာရှိရဲ့လားဟု မေးလိုက်သည့်အဟန်ဖြင့် ခန်းဆီးအစပ်မှ ခင်မာလာဆီသို့ ကြည့်လိုက်သောအခါ ခင်မာလာက ရှိခိုးဆဲလက်အုပ်ဖြင့် အတွင်းဆီသို့ ရှိပါကြောင်း ညွှန်ပြသည်။ ခမည်းတော်ကြီးက ခန်းဆီးကိုဖွင့်ရန် လက်ဟန်ဖြင့်ပြလိုက်ပြီး နောက်သို့ အနည်းငယ်ဆုတ်ပေးလိုက်သည်။ ခင်မာလာက အမိန့်အရ ခန်းဆီးဖွင့်ပိုးကြိုးကို အလိုက်သင့် ဆွဲလိုက်သောအခါ ခန်းဆီးကြီးသည် တရွေ့ရွေ့ပွင့်သွားသည်။

ခန်းဆီးပွင့်သည်နှင့် တစ်ပြိုင်နက် ယောဂီရောင်တဘက်အရှည်ကို ပခုံးတစ်ဖက်တွင် သိုင်းပတ်ကာ ကြမ်းပြင်တွင် ဦးညွှတ်ဝပ်စားလျက်ရှိနေသော ဘဒ္ဒကဉ္စနာ ပေါ်လာ၏။ သဉ္ဇာလီထက်တွင် ကော်ဇောကြီးတစ်ချပ်ဖြင့် ထပ်၍ဖုံးအုပ်ထား၏။ တပည့်ကြီးနှစ်ပါးအတွက် ထိုင်ခုံနှစ်ခုံကို အလိုက်သင့် ခင်းထားသည်။

ဘုရားရှင်သည် ခန်းဆီးကြီးအပွင့်တွင် အတွင်းဘက်သို့ ခြေတစ်လှမ်း၍

www.burmeseclassic.com

www.burmeseclassic.com



ကြွလိုက်သည်နှင့် တစ်ပြိုင်နက် ဘဒ္ဒကဥ္စနာသည် လက်နှစ်ဖက်ဖြင့် ဘုရားရှင်၏ ခြေဖမိုးတော်အစုံအား သိုင်းဖက်လိုက်သည်။

ဘဒ္ဒကဥ္စနာအဖို့ အဘယ်မျှ ချစ်မာန်ကြီးသည်ဖြစ်စေ၊ မိမိရှေ့မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသောအခါတွင် အချစ်ရေတံခါးကြီး ပွင့်အန်၍ ကျလာလေတော့သည်။ ထို့ကြောင့် ဘဒ္ဒကဥ္စနာ၏ လက်နှစ်ဖက်သည် ခြေဖမိုးတော်နှစ်စုံသို့ ထိတွေ့ရာမှ ခြေချင်းဝတ်တော်နှစ်စုံဆီသို့ ရွှေ့၍ အားရပါးရ သိုင်းဖက်သည်။ မျက်နှာဖြင့် ခြေဖမိုးတော်နှစ်စုံကို အထပ်ထပ်ပွတ်တိုက်သည်။ ဤမျှသာမက ယသော့်လက်နှစ်ဖက်သည် ခြေချင်းဝတ်များတွင်ပင် မရဘဲ ခြေသလုံးတော်ဆီသို့ တိုးပွေ့တော့မလိုဖြင့် တရွရွလှုပ်ရှားသည်။ ဝပ်စင်းသော ကိုယ်လုံးကလေးသည် သောက၏ တိုးဝှေ့မှုကြောင့် တသိမ့်သိမ့်ခါ၏။ မျက်ရည်ထွက်၍ စကားတစ်လုံးမျှ ထွက်မလာ။ လေးစားအပ်သည့်သူများရှေ့၌ လေးစားအပ်သော အဝတ်အဆင်နှင့် ဣန္ဒြေရှင်ကြီးဖြစ်လာ၍ အင်မတန်ကြီး ချုပ်တည်းထားရဟန် ရှိသည်။ ခြေတော်နှစ်ဖက်ကိုသာ လက်နှစ်ဖက်ဖြင့် အထပ်ထပ်ပွေ့သည်။ ပွတ်သပ်သည်။ မျက်ရည်ဖြင့် အထပ်ထပ်လူးစေသည်။ ဘုရားရှင်က မလှုပ်မရှား ရပ်မြဲရပ်၍ သည်းခံတော်မူ၏။

ခမည်းတော်ကြီးက ယသော့်အပြုအမူမှာ များလွန်းနေပြီဟု ယူဆ၍ တားမြစ်ရန် လက်ဟန်ပြင်သောအခါ ဘုရားရှင်က ခမည်းတော်ကြီးကိုတားသည်။ ယသော် ကြိုက်သလောက် ပြုမူပါစေဟု ခွင့်ပြုတော်မူသည်။

ယသော့်အပူကို ငြိမ်းအေးစေရန်ပင် ဤခန်းမဆောင်သို့တိုင် ကြွလာတော်မူခြင်းဖြစ်သည်။ ဘဒ္ဒကဥ္စနာ၏ ကျေးဇူးသည် ကြီးမား၏၊ သစ္စာရှိ၏၊ သိမ်မွေ့၏။ ပြီးတော့ သာမန်အမျိုးသမီးမဟုတ် ရင့်ကျက်၏။ အမျိုးသမီးပီပီ လင်ရေးသားရေးမို့ ဤမျှပူဆွေးလေသော်လည်း ဘဒ္ဒကဥ္စနာ၏ ရင့်ကျက်သောအလားအလာကို ဘုရားရှင် သိတော်မူသည်။

သတ္တဝါအများစုအတွက် ပြုလုပ်ခဲ့သော မိမိ၏အပြုအမူမှာ ဘဒ္ဒကဥ္စနာဘက်မှ ကြည့်လျှင် သောကတောင်ထု ဖြစ်လောက်သည်။ သောကအစိုင်အခဲကို ရင်တွင်းမှာ သိုလှောင်၍ထားသည်ထက် ဖွင့်အန်လိုက်သည်က သက်သာစေနိုင်သည်။ ထို့ကြောင့် ယသော့်သောကလျော့၍ တည်ငြိမ်သည်အထိ သည်းခံခွင့်ပြုတော်မူခြင်းဖြစ်သည်။

ဘုရားရှင်၏အသံတော်ကို ကြားသောအခါ ဘဒ္ဒကဥ္စနာသည် ဦးခေါင်းကို

www.burmeseclassic.com

www.burmeseclassic.com



ငုံ့ထားရာမှ မော်၍ ဘုရားရှင်၏မျက်နှာတော်ကို ဖူးသည်။ ထိုအခါ ဘုရားရှင်၏ မျက်နှာတော်မှ မဟာကရုဏာ၏ အနှစ်သာရဖြစ်သော အေးငြိမ်းမှု မေတ္တာစာတ်သည် ဘဒ္ဒကဥ္စနာသို့ ကူး၏။ ထို့ကြောင့် ဘဒ္ဒကဥ္စနာ၏ လက်များသည် ဘုရားရှင်ခြေတော်မှ လျော့ပါးသွားသည်။ ထို့နောက် ဘဒ္ဒကဥ္စနာ၏ လက်နှစ်ဖက် လွတ်လိုက်သောအခါ ဘုရားရှင်သည် ခင်းထားသောနေရာဆီသို့ ကြွ၍ ထိုင်တော်မူ၏။

ဘုရားရှင်က ဘဒ္ဒကဥ္စနာ၏ ချစ်မေတ္တာကြီးပုံနှင့် ကျေးဇူးတရားကို ဖော်ပြရင်း စန္ဒကိန္နရီဇာတ်တော်ကို ဟောတော်မူသည်။ ထို့နောက် ဘဝအထွေထွေသံသရာအထပ်ထပ်တွင် မျက်လှည့်ပမာ လှည့်စားလာခဲ့သော ဇာတိဇရာ စသည့် မီး ၁၁ ပါးတို့ကို ညွှန်ပြတော်မူသည်။ ထို့နောက် အပူမီးမှန်သမျှတို့၏ အေးငြိမ်းရာဖြစ်သော မဂ္ဂင်ရှစ်ပါး တရားလမ်းစဉ်ကို ဟောကြားတော်မူသည်။

ဘဒ္ဒကဥ္စနာသည် ဦးညွှတ်၍နာယူ၏။ တရားဆုံး၍ မျက်နှာကိုမော့လိုက်သောအခါ နှစ်လများစွာ ရစ်သမ်းနေခဲ့သော သောကမြူခိုးတို့သည် ဘဒ္ဒကဥ္စနာ၏ မျက်နှာတွင်မရှိတော့။ ချစ်မာန်ဝင်ခဲ့မိသော မကျေနပ်မှု၊ တင်းမာမှုများသည်လည်း ကင်းစင်၏။ ဤမျှသာမဟုတ် ဘဒ္ဒကဥ္စနာ၏ ကြည်လင်သောအသံ၊ ဖြူစင်သော အသံဖြင့် ဖွင့်ထုတ်၍ပင် လျှောက်ထား၏။

"အရှင်မြတ်ဘုရား...တပည့်တော်မသည် အမှားကိုအမှန်ထင်၍ မကြည်မလင်ဖြစ်ခဲ့မိပါသည်။ ယနေ့အဖို့တွင်မူ အရှင်မြတ်၏ ထူးခြားသော တရားတော်ကို နာယူရပါသောကြောင့် အအေးကြီးအေး၊ အငြိမ်းကြီး ငြိမ်းပါပြီဘုရား..."

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# ကျောင်းမြတ်အမွန်ဇေတဝန်

[ ၁ ]

ရာဇဂြိုဟ်နိုင်ငံ ယင်းတိုက်တောသုသာန်တွင် အနာထပိဏ်သည် ဘုရားရှင်နှင့် ထူးထူးခြားခြား စတင်တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် သောတာပန်ဖြစ်လာ၏။ သောတာပန်ဖြစ်သည်နှင့် တစ်ပြိုင်နက် ပထမဆုံးပေါ်ပေါက်လာသော သဒ္ဓါတရားမှာ ဘုရားရှင်အား ကျောင်းဆောက်လှူဒါန်းရန်ဖြစ်၏။ ကျောင်းဆောက်လှူဒါန်းဖို့ သဒ္ဓါဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ဇေတဝန်ကို သတိရ၏။ ဇေတဝန်ကို သတိရသည်နှင့်တစ်ပြိုင်နက် ဓမ္မမိတ်ဆွေကြီး ဇေတမင်းသားကိုသတိရ၏။

အလှူမျိုးစုံရှိသည့်အနက် ကျောင်းဆောက်လှူဒါန်းလိုသော သဒ္ဓါတရား ပေါ်ပေါက်လာရသည့် အကြောင်းသုံးရပ်ရှိသည်။ ပထမအကြောင်းမှာ သူ့အဖို့ ရှေးဦးတွေ့အမြင်အရ ယင်းတိုက်တောသုသာန် လူသေကောင်တို့အကြားတွင် ဆင်းရဲငြိုငြင်စွာ သီတင်းသုံးလျက်ရှိသော ဘုရားရှင်အား ကြည်ညိုလှသဖြင့် ကျောင်းကောင်း ကျောင်းမွန် နေရာကောင်း နေရာမွန်ဖြင့် ချီးမြှောက်လှူဒါန်းလိုခြင်းဖြစ်၏။ ဒုတိယအကြောင်းကား ဘုရားရှင်နှင့် နီးနီးကပ်ကပ် ကိုးကွယ်နေထိုင်လိုခြင်းဖြစ်၍ တတိယအကြောင်းမှာ သာဝတ္ထိတွင် မိမိကဲ့သို့ အတွေးအခေါ် ပင်ကိုဓာတ်ခံကောင်းရှိကြပါလျက် ဆရာကောင်းမတွေ့သေးသောကြောင့် လွဲမှား၍နေကြကုန်သော ဆွေမျိုးမိတ်သင်္ဂဟ ဇေတမင်းသားစသော မြို့သူမြို့သား နယ်သူနယ်သားများအား တရားအမြင် ရစေလိုခြင်းဖြစ်သည်။

ထို့ကြောင့် ကြွမှကြွပါလေမည်လားဟူသော သံသယစိတ်ကလေးဖြင့် သာဝတ္ထိတွင် ကျောင်းဆောက်လှူဒါန်းလိုသည့်အကြောင်း၊ ကြွရောက်အလှူခံတော်မူပါမည့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ဘုရားရှင်အား လျှောက်ထားသောအခါ ကွဲတော်မူမည့်အကြောင်း သိလိုက်ရသည်နှင့် တစ်ပြိုင်နက် ချက်ချင်းပင် သာဝတ္ထိသို့ အပြေးပြန်သွားကာ ကျောင်းဆောက်လိုသည့် သဒ္ဓါစိတ်မြင့်မား တဖွားဖွားဖြစ်ပေါ်လာခဲ့သည်။ အဘယ်နေရာတွင် အဘယ်လိုစီမံ၍ အဘယ်ပုံဆောက်မည်ဟု စိတ်ကူးပုံစံချမှတ်ပြီး ဖြစ်သွားသည်။

ဘုရားရှင်ထံမှ ကြွတော်မူမည်ဟု ဝန်ခံစကား ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဇေတမင်းသား၏ ဥယျာဉ်သည် အနာထပိဏ်၏ စိတ်ကူးမျက်စိထဲတွင် ထင်းခနဲပေါ်လာသည်။

ကောသလဘုရင်တွင် ကိုယ်ပိုင်ဥယျာဉ်တော်ရှိသကဲ့သို့ မင်းညီမင်းသား မှူးကြီးမတ်ရာ သူဌေးသူကြွယ် စသော အထက်တန်းလွှာအများတွင် ကိုယ်ပိုင်ဥယျာဉ်များရှိကြသည်။ ဥယျာဉ်ခြံမြေတစ်ခုကို ပိုင်ဆိုင်ခြင်းသည် ထိုခေတ်,ထိုအခါက အထက်တန်းလွှာတို့၏ ဂုဏ်ထူးဆောင်တစ်ရပ်ဖြစ်သည့်အလျောက် အနာထပိဏ်တွင်လည်း ကိုယ်ပိုင်ဥယျာဉ်ရှိပါ၏။ သို့ရာတွင် ဘုရားရှင်ကျောင်းတော်အတွက်မူ ဇေတမင်းသား၏ ဥယျာဉ်ကိုသာ သတိရသည်။

ဇေတမင်းသား၏ဥယျာဉ် သို့မဟုတ် ဇေတဝန်သည် သာဝတ္ထိမျက်နှာကြီးပိုင်းတွင် ကျော်ကြားလှ၏။ ဘုရင့်ဥယျာဉ်တော်ထက်ပင် သာသည်ဟု ဆိုကြသည်။ ဆိုလောက်ပါပေ၏။ အကြောင်းမူကား ဇေတဝန်သည် ဘုရင့်ဥယျာဉ်တော်လောက် မကျယ်ဝန်း၊ အသိုင်းအဝိုင်း မများစေကာမူ မြေအပြင်သည် စည်မျက်နှာကဲ့သို့ ညီညာပြန့်ပြူးသည်။ မြေပြင်ညီသကဲ့သို့ သရက်၊ ပိန္နဲ...စသော အပင်ကြီးများသည်လည်း ပြုပြင်၍စိုက်ထားအပ်သော ပန်းပင်များကဲ့သို့ ညီညာလှပသည်။ ဥယျာဉ်တော်အတွင်းသို့ ရောက်ဖူးသူတို့ကို မဆိုထားဘိ၊ အဝေးမှ မြင်ရသည်ပင်လျှင် လှပစွာဆောက်လုပ်၍ထားအပ်သော အဆောက်အုံတစ်ခုပမာရှိသောကြောင့် အံ့သြချီးကျူးကြရသည်။ မြင်ရသူတိုင်း ကြည်နူးစိတ်ဖြစ်ပေါ်လာကြရသည်။ ဇေတဝန်၏ ထူးခြားသော အခြားအရည်အချင်းတစ်ရပ်မှာကား သာဝတ္ထိမြို့တော်နှင့် မဝေးလွန်း မနီးလွန်း အနေတော်အရပ်တွင် တည်ရှိခြင်းပင်ဖြစ်ပေသည်။

အထက်တန်းလွှာများ သို့မဟုတ် တည်ထောင်နိုင်သူတို့က ကိုယ်ပိုင်ဥယျာဉ်တည်ထောင်ရာ၌ ရည်မှန်းချက်သုံးရပ်ရှိသည်။ တစ်ရပ်မှာ ကျပ်တည်းရှုပ်ထွေးသော မြို့တော်မှ ရံဖန်ရံခါ အပန်းဖြေ လွတ်လွတ်လပ်လပ်နေထိုင်နိုင်ရန်ဖြစ်၍ နောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်မှာ အစိုက်အပျိုးဝါသနာပါသူတို့က စီးပွားရေးနှင့်တွဲဖက်၍ သစ်သီးဝလံ ပန်းပင်များ စိုက်ပျိုးရန်ဖြစ်သည်။ အခြားရည်ရွယ်ချက်မှာကား ဥယျာဉ်ပိုင်ရှင်သည် အသက်အရွယ်ကြီးရင့်လာ၍ တောထွက် တရားအားထုတ်လိုခဲ့သော် ကိုယ်ပိုင် ဥယျာဉ်တွင် လွတ်လပ်အေးချမ်းစွာ အားထုတ်နိုင်ရန်ဖြစ်သည်။ အကြောင်းသော်ကား ပထမအရွယ်တွင် ပညာ၊ ဒုတိယအရွယ်တွင် ဥစ္စာ၊ တတိယအရွယ်တွင် ဘာဝနာဟူသော စကားအရ ထိုခေတ် ထိုအခါက မဇ္ဈိမတိုင်းသူတိုင်းသားများသည် မလုပ်ဖြစ်ကာမှရှိစေ၊ တတိယအရွယ်ရောက်လာသည်ဆိုလျှင် ဗြဟ္မာသို့ ဦးညွတ် သောစိတ်ဖြင့် အဖော်မမီး ရိပ်ကြီးခိုလိုကြသည့်စရိုက်မှာ ထုံးစံလိုပင် ဖြစ်နေခဲ့သည်။

အနာထပိဏ်အဖို့ ကောသလဘုရင်၏ အသိုင်းအဝိုင်းတစ်ဦးဖြစ်သော ဇေတ မင်းသားသည် ငယ်စဉ် သုဒတ္တဘဝကပင် မိတ်ရင်းဆွေဖော် ရောင်းရင်းတစ်ဦး ဖြစ်ခဲ့၏။ မိမိတို့နှစ်ဦးသာမဟုတ်၊ မိသားစုအားလုံးပင် ကျွမ်းဝင်ရင်းနှီးခဲ့ကြသည်။ ထို့ကြောင့် မိမိဥယျာဉ်ပင် ရှိစေကာမူ အားလပ်သောအချိန်များ၌ သာယာသော ဇေတဝန်သို့သာ အရောက်များခဲ့သည်။ မိမိက မသွားလျှင်ပင် အချိန်ပိုများ၍ အမြဲလိုလို အားလပ်လျက်ရှိသော ဇေတမင်းသားက သူ့ဥယျာဉ်သို့ မပြတ်လိုလို ဖိတ်ခေါ်လေ့ရှိခဲ့သည်။

ထို့ကြောင့် ငယ်စဉ်ကမှ ငယ်စဉ်အလျောက် ဇေတဝန်တွင် ပျော်ပျော်ပါးပါး စားသောက်နေထိုင်မှုများ ရှိခဲ့သည်။ ကြီးလာသောအခါ ဓမ္မအရေးတွင် တဖြည်း ဖြည်း ဆွေးနွေးမှုများ တိုးတက်လာသည်။ သို့နှင့် ဇေတဝန်သည် မိမိ၏ ကိုယ်ပိုင် ဥယျာဉ်ကဲ့သို့ပင် အပန်းဖြေရာ၊ ဘဝကွန်းထောက်ရာ၊ ဇေတမင်းသား စသော ခင်မင်သော မိတ်ဆွေစုနှင့် အားလပ်ချိန်ရတိုင်း စုဝေးဆွေးနွေးရာ ဖြစ်လာခဲ့သည်။

ဇေတမင်းသား၏ အသိုင်းအဝိုင်းဆိုတော့ အနာထပိဏ်တို့အုပ်စုသည် သာဝတ္ထိ ၏ အထက်တန်းမိတ်ဆွေများ ဖြစ်ကြသည်။ အချိန်အရွယ်ရောက်လာကြသောအခါ သုဒတ္တသည် မိမိဖခင်၏ လုပ်ငန်းတာဝန်များကို ဆက်ခံကာ အနာထပိဏ်သူဌေး ဖြစ်လာသကဲ့သို့ အချို့က စစ်ဗိုလ်စစ်မှူးများ ဖြစ်လာကြသည်။ အချို့က တရားသူ ကြီး၊ အချို့က ရုံးဝန်ထမ်း စသည်ဖြင့် ဆိုင်ရာဆိုင်ရာတွင် တာဝန်ရှိသူများ ဖြစ်လာကြသည်။ သို့ရာတွင် ဇေတဝန်၏ ယင်းမိတ်ဆွေအုပ်စုသည် ကွဲပြား၍ သွားသည်မရှိကြ။ သဘောကောင်းသော ဇေတမင်းသား၏ အပြုအစုကြောင့် လည်း ကောင်း၊ ဇေတဝန်၏ ဖမ်းစားမှုကြောင့်လည်းကောင်း အစဉ်မပြတ် သိုက်သိုက်

www.burmeseclassic.com

www.burmeseclassic.com



ဝန်းဝန်းပင် ရှိနေခဲ့သည်။

ဇေတမင်းသားသည် သဘောကောင်းသလောက် ဗဟုသုတကြွယ်၍ ကျမ်းဂန်နှံ့စပ်သူဖြစ်၏။ သို့ရာတွင် ဗဟုသုတကြွယ်သလောက် စကားအကော်အကပ်များသူလည်း ဖြစ်၏။ အယူအဆရေးရာတွင် အစဉ်အလာ အများအယူအဆနှင့် မတူသူဖြစ်၏။ ဇေတမင်းသား၏ ယင်းဗဟုသုတ၊ အယူအဆ၊ အကော်အကပ်များကြောင့်ပင် ဇေတဝန်သည် ထင်ရှားသကဲ့သို့ ဇေတမင်းသားသည်လည်း သူ့မိတ်ဆွေအုပ်စုတွင် ထင်ရှားသူဖြစ်ခဲ့သည်။

အနာထပိဏ်သည် ကျောင်းတော်ဆောက်ရန်အတွက် ဇေတဝန်ကို သတိရသကဲ့သို့ ဇေတမင်းသားနှင့် သူ့မိတ်ဆွေအုပ်စုကို သတိရလိုက်သောအခါ ပျော်သွား၏။ သို့ရာတွင် ဇေတဝန်ကို ဝယ်ယူဖို့ရန်မှာ ဇေတမင်းသားက ရောင်းမှရောင်းပါမည်လားဟု သံသယရှိ၏။ မည်သို့ဆိုစေ ဇေတဝန်ကိုတော့ မရအရ ဝယ်ယူရမည်ဟု သန္နိဋ္ဌာန်ချလိုက်မိသည်။ အကြောင်းကား ဘုရားရှင်အတွက် သာဝတ္ထိတွင် ဇေတဝန်ထက် သင့်လျော်သောနေရာမရှိဟု စေတနာထက်သန်ထားသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ရာဇဂြိုဟ်သို့ ဘုရားလည်းဖူး၊ လိပ်ဥလည်းတူး ဆိုသကဲ့သို့ အရောင်းအဝယ်လည်းလုပ်ရင်း၊ ကာလအတန်ကြာ ကွဲကွာနေသော ယောက်ဖဝိလာသတို့ ဆွေမျိုးအုပ်စုနှင့် ရက်များများ အတူနေထိုင်ရင်းနှင့် ရာဇဂြိုဟ်တွင် အေးအေးဆေးဆေးနေထိုင်ဖို့ရန် ရည်ရွယ်ခဲ့သည်။ ရာဇဂြိုဟ်သို့ရောက်၍ နောက်တစ်နေ့တွင်ပင် ဘုရားရှင်အား ဖူးတွေ့ရ၍ ကျောင်းဆောက်ဖို့ရန် ဆန္ဒကြီးဖြစ်ပေါ်လာသောအခါ သာဝတ္ထိသို့ ချက်ချင်းပင် ပြန်သွားရန် စီစဉ်လေတော့သည်။ ဝိလာသနှင့် နမဖြစ်သူတို့က တားဆီး၍ပင် မရတော့ပေ။ ပါလာသောလုပ်ငန်းတာဝန်များကို ယောက်ဖ ဝိလာသသို့ လွှဲအပ်ခဲ့၏။

သာဝတ္ထိသို့ ဆောတလျင်ပြန်မည်ဆိုရာ၌ တောက်လျှောက်ပြန်ရန်ကား မဟုတ်ခဲ့ပေ။ လမ်းတစ်လျှောက်တွင် ဘုရားရှင်အတွက် လုပ်ဆောင်စိတ်ကူးအစီအစဉ်များရှိနေပေသေးသည်။ ယင်းစိတ်ကူးအစီအစဉ်ကား ရာဇဂြိုဟ်မှ သာဝတ္ထိသို့ လေးဆယ့်ငါး ယူဇနာအကွာအဝေးရှိရာတွင် ဘုရားရှင်နှင့် သံဃာတော်များ ကြွရောက်လာသောအခါ နားနားနေနေ သီတင်းသုံးရင်း ကြွရောက်နိုင်ရန်အတွက် တစ်ယူဇနာခန့်တွင် ကျောင်းကြီးတစ်ဆောင်စီဆောက်၍ လှူဒါန်းဖို့ပင် ဖြစ်ပေသည်။ ယင်းကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



အတွက် လမ်းခရီးတစ်လျှောက်မှ မိမိ၏လုပ်ငန်းကိုယ်စားလှယ် သူကြွယ်ကုန်သည် မိတ်ဆွေများအား အခကံကြေးတစ်သိန်းစီပေး၍ အဆောက်ခိုင်းဖို့ ရည်မှန်းထားသည်။

"အစ်ကို သဒ္ဓါထက်သန်ပုံကတော့ အံ့သြလောက်စရာပါပဲ။ နို့ပေမယ့် အစ်ကို့အစီအစဉ်တွေက များပြားလှချည့်လား"ဟု ယောက်ဖဝိလာသက ဆွေးနွေးသောအခါ "ငွေဆိုတာ ဘာလုပ်ဖို့ရှာတာလဲကွ၊ ပထမတော့ မိမိစားသုံးဖို့ပဲ။ ဒုတိယကတော့ ပိုသမျှငွေတွေကို လှူဒါန်းစွန့်ကြဲဖို့ပေါ့။ မလှူရက် မတန်းရက်ဘဲနဲ့ ငွေတွေ စုထားပြီးသေတော့ ကိုယ့်အဖို့ အလကားဖြစ်သွားတာတွေ မင်းမတွေ့ချင်အဆုံးမဟုတ်လား။ ပြီးတော့ လှူဒါန်းတဲ့အခါ တစ်ပါးသူစားသုံးတာတွေ တွေ့ရလို့ မိမိမှာဖြစ်ပေါ်လာတဲ့ အရသာကို မင်းလည်း အသိသားမဟုတ်လား။ အထူးသဖြင့် ကိုယ်တကယ်ကြည်ညိုတဲ့ အခုလို ဘုရားရှင်လိုပုဂ္ဂိုလ်မျိုးကို လှူရတန်းရတဲ့အခါမျိုးမှာ ခံစားရတဲ့ ပီတိဆိုတာ နှိုင်းယှဉ်စရာ ဘယ်ရှိတော့မလဲ။ ငါ့အဖို့တော့ ဒီနေ့ ဒီအချိန်ကစပြီး ဘုရားရှင်ကို ရက်ရက်ရဲရဲကြီး စွန့်လွှတ်လှူဒါန်းသွားတော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားရှင်ထက် မြင့်မြတ်စင်ကြယ်တဲ့ အလှူခံပုဂ္ဂိုလ်မျိုး မရနိုင်တော့လို့ပဲ"ဟု ပြန်ပြောသည်။

"အစ်ကို့စေတနာကို သာဓုခေါ်ပါတယ်။ အမြဲတမ်းလည်းပဲ ချီးကျူးနေရပါတယ်။ ဒါကြောင့်လည်း ငယ်မည်တောင်ပျောက်ပြီး အနာထပိဏ်ရယ်လို့ ကျော်ကြားနေရတာမဟုတ်လား၊ နို့ပေမယ့် သာဝတ္ထိမှာ ဆောက်မယ့်ကျောင်းကိုတော့ ဘုရားရှင် အမြဲသီတင်းသုံးမှာမို့ ထားပါတော့။ အခုလမ်းခရီးမှာ တစ်ရက်တလေ သီတင်းသုံးဖို့အတွက် တစ်သိန်းတန်ကျောင်းကြီးတွေ တစ်ယူဇနာမှာ တစ်ကျောင်းစီ ဆောက်သွားမယ်ဆိုတာကျတော့ နောက်ပိုင်းမှာ အချည်းနှီးများ ဖြစ်ကုန်မလားလို့"

"ဟ...ညီမောင်ရ၊ လှူတယ်ဆိုတာဟာ တစ်ရက်သုံးသုံး၊ တစ်သက်လုံးပဲသုံးသုံး စေတနာမြောက်ဖို့က အဓိကပဲ။ ပြီးတော့ ဘုရားရှင်နဲ့ သံဃာတော်အများ တစ်ရက်တည်း သုံးမယ်လို့သာ မင်းကမြင်တာကိုးကွ၊ နောက်ပိုင်းမှာ သာသနာတော်ပြန့်ပွားလာတဲ့အခါ ဒီကျောင်းတွေဟာ ဘုရားရှင်ရော၊ သံဃာတော်တွေအဖို့ပါ အဆင်သင့် အသုံးဝင်သွားမှာပေါ့ကွ၊ ပြီးတော့ ငါ့အဖို့ တခြားရည်မှန်းချက်ကြီး တစ်ချက်လည်း ရှိနေတယ်"

"ဘာများပါလိမ့် အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"သာဝတ္ထိနဲ့ ရာဇဂြိုဟ်ဟာ မင်းလည်းသိတဲ့အတိုင်းပဲ၊ မင်းတို့ ငါတို့ ကုန်သည်တွေသာ ရွှေလမ်းငွေလမ်းဖောက်နေကြပေမယ့် မင်းရေးစိုးရေးကျတော့ အမြဲတမ်းတကျက်ကျက်ပဲမဟုတ်လား။ သာဝတ္ထိက ရာဇဂြိုဟ်လာတိုက်လိုက်၊ ရာဇဂြိုဟ်က သာဝတ္ထိသွားတိုက်လိုက်နဲ့ စစ်သည်တော်အများနဲ့ ဆင်းရဲသားတွေအဖို့ ဘယ်တော့မှ အေးရတယ်မရှိဘူး။ ငါ့အဖို့ သာဝတ္ထိမှာ ဇေတမင်းသား စတဲ့ မင်းပိုင်းစိုးပိုင်းမိတ်ဆွေတွေနဲ့ အမြဲပေါင်းသင်းနေလေတော့ ဒီစစ်သတင်း၊ ရန်သတင်း၊ မာန်သတင်းတွေ ကြားရတိုင်း စိတ်မချမ်းသာခဲ့ရဘူး။ အခုဆိုရင် ငါ့အစီအမံ သာသနာရေး နည်းလမ်းနဲ့ တစ်ပြည်နဲ့တစ်ပြည် ရွှေလမ်းငွေလမ်း၊ မေတ္တာလမ်း၊ စေတနာလမ်းကြီး ဖောက်ပေးဖို့ပဲ။ မင်းစောင့်ကြည့်နေပါ။ ဘုရားရှင် သာဝတ္ထိကိုရောက်မယ့် အချိန်ကစပြီး သာဝတ္ထိနဲ့ ရာဇဂြိုဟ်ဟာ ရန်မီးတွေငြိမ်းပြီး အစိုးရရော ငါတို့ဆင်းရဲသားတွေပါ ရေးကထက် ချစ်ကြည်လာပါလိမ့်မယ်"

"ရည်မှန်းချက် ကြီးမားပါပေ့အစ်ကို။ ကျွန်တော် ဒီလိုမမြင်မိလို့ ပြောမိတာကို တောင်းပန်ပါတယ်။ အစ်ကို့အလှူလုပ်ငန်းမှာ ကျွန်တော်လည်း အစွမ်းကုန်ကူညီပါ့မယ်"

"ဝမ်းသာသကွာ၊ နို့ပေမယ့် ငွေကြေးအကူတော့ မလိုပါဘူး။ မင်းတတ်နိုင်ရင် လမ်းတစ်လျှောက် ကျောင်းဆောက်တဲ့ကိစ္စတွေမှာ လိုက်လံကြီးကြပ်ပေးပေါ့"

"တတ်နိုင်ရမှာပေါ့ အစ်ကို၊ ကျွန်တော် အစွမ်းကုန်ကူညီပါ့မယ်။ သာသနာပြုတိုင်းပြုပြည်ပြု အလှူကြီးပဲဟာ"

အနာထပိဏ်သည် ယောက်ဖဖြစ်သူ ဝိလာသအိမ်၌ ဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းအလှူပေးပြီးသည့် နောက်တစ်နေ့၌ပင် ရာဇဂြိုဟ်မှထွက်၍ လမ်းခရီးတစ်လျှောက် ကျောင်းဆောက်ရန် အစီအစဉ်များကို နားနားနေနေ ခရီးသွားရင်းဖြင့် စတင်လုပ်ကိုင်သွားသည်။ လမ်းခရီးတစ်လျှောက်ရှိ သူ့ကိုယ်စားလှယ်ရောင်းရင်းသူကြွယ်များသည် သူ့အစီအစဉ်ကို ဝမ်းမြောက်တက်ကြွစွာပင် ကူညီကြသည်။ အချို့က အမှုဆောင်အင်အားမျှသာမက ငွေကြေးအင်အားနှင့်ပင် ကူညီကြမည်ဖြစ်၍ အချို့ကျောင်းများမှာ တစ်သိန်းမက တန်သော ကျောင်းများဖြစ်လာကြမည်။

ယင်းသို့ လူရောငွေပါ ကူညီကြရာ၌ အကြောင်းရှိသည်။ မိမိတို့ရောင်းရင်းကြီး အနာထပိဏ်ရည်ညွှန်းသော ဘုရားရှင်အတွက်ဖြစ်စေ၊ မည်သူ့အတွက်ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် မန္တလေးမတိုင်း၌ ပစ္စည်းပြည့်စုံသူတို့က ကျောင်းကန်နတ်ကွန်းဆောက်ခြင်း၊ ဓမ္မသာလာများဆောက်လုပ်ခြင်းမှာ အဆန်းမဟုတ်တော့ပေ။ ဘုရားရှင်အတွက် ယခုကျောင်းများကို ဆောက်လုပ်မည်ဆိုရာ၌ ဘုရားရှင်၏ တရားတော်အရည်အသွေးကို အနာထပိဏ်ကဲ့သို့ မသိသေးကြစေကာမူ ထီးနန်းစည်းစိမ်ကိုပင် ငယ်ငယ်ရွယ်ရွယ်နှင့် စွန့်လွှတ်၍ တောထွက်ခဲ့သော သိဒ္ဓတ္ထ၏ မွေးလှသောသတင်းကိုကား သူတို့သိခဲ့ကြပြီးဖြစ်သည်။ ထို့ထက် ကျေနပ်ဖွယ်ကောင်းသော သတင်းမှာကား ယင်းသိဒ္ဓတ္ထရဟန်းကို ဘုရင်ဗိမ္ဗိသာရကိုယ်တိုင် ပင့်ခေါ် ကိုးကွယ်သည်ဟူသော သတင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် အနာထပိဏ်၏ လမ်းခရီးတစ်လျှောက် ကျောင်းဆောက်သော အစီအစဉ်သည် အထူးပင် အောင်မြင်၏။

[ ၂ ]

သာဝတ္ထိသို့ရောက်သည်ဆိုလျှင် ဇေတမင်းသားနှင့် ဇေတဝန်တွင်တွေ့ဆုံနေကျမိတ်ဆွေများထံသို့ ရာဇဂြိုဟ်လက်ဆောင်ပစ္စည်းများ အပို့လွှတ်ရင်း မိမိပြန်လည်ရောက်ရှိလာသည့်အကြောင်း ရာဇဂြိုဟ်မှ ဝမ်းမြောက်ဖွယ်သတင်းဆန်းများ ပြောကြားလိုသောကြောင့် နက်ဖြန်ညနေပိုင်း၌ မိတ်ဆွေများနှင့် ဇေတဝန်တွင် ဆုံတွေ့လိုသည့်အကြောင်း သတင်းပို့လိုက်သည်။ ပို့သည့်အတိုင်းပင် နောက်တစ်နေ့ညနေ၌ ဆုံတွေ့နေကျမိတ်ဆွေအားလုံးလိုလို ဇေတဝန်သို့ ရောက်ရှိလာကြသည်။

"ဘယ့်နှယ်လဲသူဌေးမင်း။ ။သွားတုန်းက ရာဇဂြိုဟ်မှာ ဒီတစ်ခေါက်နှစ်ပေါက်အောင်ပဲ နေတော့မလိုလို ပြောသွားပြီးတော့ ပြန်လာတာ မြန်လှချည်လား"ဟု ဇေတမင်းသားက အနာထပိဏ်ကို စတင်နှုတ်ဆက်သည်။

"မှန်ပါတယ်အရှင်မင်းသား။ ။ဆွေမျိုးမိတ်သင်္ဂဟတွေနဲ့ မတွေ့ရတာကြာလေတော့ ဒီတစ်ခေါက် အေးအေးဆေးဆေး နေမလို့ပါပဲ။ နို့ပေမယ့် အစားကောင်းစားရတဲ့အခါ ချစ်မိတ်ဆွေများကို သတိရတယ်ဆိုတာလို သတင်းကောင်းကြားရတော့ မိတ်ဆွေများကိုလည်း ကြားသိစေချင်လွန်းလို့ ရာဇဂြိုဟ်ရောက်ပြီး သုံးရက်မြောက်တဲ့နေ့မှာပဲ ပြန်လာခဲ့တယ်ဆိုပါတော့"

"ဒီတစ်ခါ သူဌေးမင်းကြည့်ရတာ ကြည်ကြည်လင်လင်ရှိလိုက်တာ ခရီးအလွန်ပန်းလာတာနဲ့တောင် မတူဘူး။ သတင်းကောင်းဆိုတာ သေချာတာပဲ။ ဘယ်လိုသတင်းကောင်းများပါလိမ့်ခင်ဗျာ"ဟု တရားသူကြီး သီရိဇေယျက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အနာထပိဏ်က ထိုင်ရာမှထကာ ရာဇဂြိုဟ်ရှိရာဘက်သို့ ကိုယ်ကို လှည့်လိုက်ပြီး နဖူးပေါ်သို့ လက်အုပ်တင်၍ အသည်းနှလုံးမှလာသော လေသံဖြင့် "လောကသုံးပါးမှာ ဂေါတမဘုရား၊ သိဒ္ဓတ္ထဘုရား ထင်ရှားပွင့်နေပါပြီမိတ်ဆွေ တို့"ဟု ပြောလိုက်သောအခါ အခြားမိတ်ဆွေများက အနာထပိဏ်၏ ထက်သန်သော အမူအရာနှင့် သတင်းစကားကြောင့် အံ့အားသင့်ဟန် ဝမ်းမြောက်ဟန်နှင့် လက်ခံ နားထောင်ကြသော်လည်း မည်သည့်အကြောင်းရပ်မဆို အလိုက်သင့်မတွေးတတ်၊ မပြောတတ်၊ ကော်ကော်ကပ်ကပ်လုပ်တတ်သူ ဇေတမင်းသားကမူ "တောတွေ တောင်တွေ ဝိုင်းနေတဲ့ ရာဇဂြိုဟ်မှာ ဒီလိုသတင်းမျိုးတွေ ထွက်ပေါ်လာတာဟာ ဆန်းတယ်လို့ မဆိုနိုင်ပါ။ အခုတွင်ပဲ ရာဇဂြိုဟ်မှာ ဘုရားအဆူဆူ ဂိုဏ်းအသီးသီး နဲ့ များပြားလှပါပြီ။ ကျွန်တော်တို့နာဠပုတ္တအရှင်ထက် ဘာများသာနိုင်ဦးမှာမို့လဲ သူဌေးမင်းရဲ့"ဟု ကန့်ကွက်သံနှောလိုက်သည်။

"အရှင်မင်းသားစကားက မမှားပါဘူး၊ နို့ပေမယ့် ကျွန်တော်တို့ဟာ ဘုရား အဆူဆူ တရားဂိုဏ်းအထွေထွေရဲ့ တရားတွေကို ဆွေးနွေးခဲ့ကြပေါင်းများခဲ့ပြီ။ အစဉ်အလာကိုးကွယ်လာကြပေမယ့် ဘယ်ဘုရား ဘယ်တရားပေါ်မှာမှ ဘဝင် မကျနိုင်ခဲ့ကြဘူးမဟုတ်လား။ အခုဆိုရင် ဘဝင်ကျတဲ့ဘုရား၊ ဘဝင်ကျတဲ့တရားကို ကျွန်တော်ကိုယ်တိုင် ဖူးတွေ့ကြားနာခဲ့ရပါပြီ"

"အနို့ သူဌေးမင်း ဖူးတွေ့ခဲ့ရတဲ့ သိဒ္ဓတ္ထဘုရားဆိုတာက ဟိုတစ်လောက ထီးနန်းစည်းစိမ်ကိုတောင်စွန့်ပစ်ပြီး တောထွက်ခဲ့တဲ့ သုဒ္ဓေါဒနဘုရင်ရဲ့သားတော် ထင်ပါရဲ့"ဟု စစ်မှူးကြီး မဟာသူရက ဝင်၍ထောက်လိုက်သောအခါ အနာထပိဏ် က "မှန်လှပေသပေါ့ စစ်မှူးခင်ဗျာ၊ အဲဒီသိဒ္ဓတ္ထမင်းသားဘုရားပါပဲ။ အသက် အရွယ်က ၃၀ ကျော်၊ ပျိုပျိုရွယ်ရွယ်ရှိပါသေးတယ်။ နို့ပေမယ့် ပျိုရွယ်သလောက် ခန့်ထည်ကြည်ညိုဖွယ်ကောင်းလှပါတယ်။ သိဒ္ဓတ္ထဘုရားရှင်ကို အခုဆိုရင် ဘုရင် ဗိမ္ဗိသာရကိုယ်တိုင် ရာဇဂြိုဟ်ကို ပင့်ဖိတ်ကိုးကွယ်ထားလို့ ကျွန်တော်ဖူးတွေ့ခဲ့ရ ခြင်းပါ"

"သြော်...ရာဇဂြိုဟ်ဘုရင်ကိုယ်တော်တိုင်တောင် ကိုးကွယ်သတဲ့လား"ဟု တရားသူကြီး သီရိဇေယျာက အံ့အားသင့်ဟန်ဖြင့် မေးလိုက်သောအခါ ဇေတ မင်းသားက ဒါကတော့ ဘုရားအသစ်အဆန်း၊ တရားအသစ်အဆန်းပေါ်တယ်ဆိုရင် ဝိုင်းဝန်းကိုးကွယ်ကြတာဟာ ရာဇဂြိုဟ်သားတွေအဖို့ အဆန်းမဟုတ်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဝင်၍ ကန့်ကွက်သံနှောသည်။

"ယေဘုယျ ရာဇဂြိုဟ်သားတွေအဖို့ အဆန်းမဟုတ်ပေမယ့် ဘုရင်ကိုယ်တိုင် ကိုးကွယ်တယ်ဆိုတော့ အလေးအနက်စဉ်းစားရလိမ့်မယ်။ ဘုရင်ဆိုတာ ကိုယ်ရေးကိုယ်တာသာ မဟုတ်ဘူး၊ တိုင်းပြည်အတွက် တာဝန်ရှိတဲ့သူဖြစ်လေတော့ သာမန်ယုံကြည်မှုနဲ့ ကိုးကွယ်မှာမဟုတ်ဘူး"ဟု သီရိဇေယျာက ပြောသည်။

ဇေတမင်းသားက "ထားပါတော့လေ၊ နို့ပေမယ့် ဘုရင်ကိုယ်တိုင် ကိုးကွယ်လောက်အောင်ဖြစ်ရတဲ့ သူဌေးမင်းရဲ့ဘုရား၊ သူဌေးမင်းရဲ့တရားကိုလည်း သိသာအောင် ပြောဦးမှပေါ့"ဟု တောင်းဆိုလိုက်သောအခါ အနာထပိဏ်က ပထမအတိုင်းပင် မတ်တတ်ရပ်ကာ ရာဇဂြိုဟ်ဘက်သို့ ဦးညွှတ် လက်အုပ်ချီ၍ ဘုရားရှင်၏ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုရှိခိုးသည်။ ထို့နောက် "တရားတော်ကတော့ မဂ္ဂင်ရှစ်ပါး အနတ္တတရားတော်ပဲ၊ မိတ်ဆွေတို့ကိုယ်တိုင် ဖူးတွေ့ရတဲ့အခါ ဘုရားရှင်ကို ကျွန်တော့်လိုပဲ ကြည်ညိုကြရပါလိမ့်မယ်၊ နာကြားကြရပါလိမ့်မယ်"

"အလို...ကျွန်တော်တို့က ရာဇဂြိုဟ်ကိုတောင် သွားကြရဦးမှာတဲ့လား"

"မသွားရပါဘူး အရှင်မင်းသား၊ ဘုရားရှင်ကိုယ်တိုင် သာဝတ္ထိကို ကြွရောက်တော်မူလာပါလိမ့်မယ်"

"သူဌေးမင်းက သာဝတ္ထိကိုတောင် ပင့်ခေါ်လာခဲ့ပြီဆိုပါတော့"

"မှန်ပါတယ် ပင့်ခေါ်လာခဲ့ပါပြီ။ အဲဒီကိစ္စအတွက်ပဲ အရှင်မင်းသားနဲ့ ဆွေးနွေးချင်လို့ မိတ်ဆွေများကို ဒီနေ့ဖိတ်ကြားလိုက်ရတာပါ"

"ဘယ်လိုများပါလိမ့်ဗျာ"

"ဘုရားရှင် သီတင်းသုံးဖို့အတွက် ဇေတဝန်မှာ ကျောင်းဆောက်ချင်လို့ပါ"

"အလို...ဘုန်းကြီးအမှု ရှာလာပတ်ဦးမလို့ဆိုပါတော့"

"ကျွန်တော်ဟာ မိတ်ဆွေများရဲ့အကျိုး၊ နိုင်ငံတော်ရဲ့အကျိုးကို ရည်မှန်းပြီး ဘုရားရှင်ကို ပင့်ဖိတ်လာခဲ့ခြင်းဖြစ်ပါတယ်။ ဇေတဝန်ဟာ အများပူဇော်နိုင်ဖို့အတွက် သင့်လျော်တဲ့နေရာပါ"

"သူဌေးမင်းရဲ့ အမြော်အမြင်ကို ကျွန်တော်တို့ ယုံကြည်ပြီးသားပါ။ သူဌေးမင်းရဲ့ စေတနာကိုလည်း ကျွန်တော်တို့ သိကြပြီးသားပဲ။ ဇေတဝန်ထဲမှာ ဂေါတမဘုရားအတွက် ကျောင်းတစ်ဆောင် ဆောက်ချင်တယ်ဆိုပါတော့"

"ဇေတဝန်ထဲမှာမဟုတ်ပါဘူး။ ဇေတဝန်တစ်ခုလုံးကို ဆောက်ချင်တာပါ

www.burmeseclassic.com

www.burmeseclassic.com



အရှင်မင်းသား”

“ခုပုံဆိုတော့ သူဌေးမင်းက ဇေတဝန်တစ်ခုလုံးကိုတောင် ဝယ်ယူချင်တယ် ဆိုပါတော့။ ဒီမှာ သူဌေးမင်း၊ သူဌေးမင်း ဘယ်လောက်ချမ်းသာတယ်ဆိုတာ တစ်နိုင်ငံလုံးသိကြပါရဲ့။ နို့ပေမယ့် ဇေတဝန်တန်ဖိုးကလည်း သူဌေးမင်း ချမ်းသာတဲ့ တန်ဖိုးထက် မသေးဘူးနော်”

“ဇေတဝန်ရဲ့တန်ဖိုး အဘယ်မျှပင်ရှိသည်ကို ကျွန်တော် မပြောမဆိုရပါ။ ကျောင်းတော်ဆောက်ဖို့ ဇေတဝန်ရယူရေးကိုသာ ပြောဆိုပါသည်”

“ဒီတစ်ခါ သူဌေးမင်း စေတနာထက်သန်ပုံကတော့ အံ့လောက်စရာပေပဲ။ နို့ပေမယ့် ဇေတဝန်ရဲ့မြေဟာ ရွှေပဲ။ ဒီတော့ သူဌေးမင်း အလိုရှိတယ်ဆိုရင် ဇေတဝန်ရဲ့ မြေရှိသလောက် ရွှေဒင်္ဂါးချင်းဆက်ခင်းပြီး ပေးရပေလိမ့်မယ်”

“တန်ဖိုးအကြောင်းပြောပြီးပါပြီ အရှင်မင်းသား၊ မည်သည့်တန်ဖိုးကိုမျှ ကျွန်တော် မငြင်းပါ”

အနာထပိဏ်၏ စကားကြောင့် မိတ်ဆွေအားလုံးပင် ပါးစပ်ဟ၍ အံ့အားသင့်သွားကြ၏။ ဇေတမင်းသားအဖို့လည်း ဘာဆက်ပြောရမှန်း မသိအောင်ပင် အံ့အားသင့်သွား၏။ သူ့အဖို့ ဇေတဝန်တွင် ကျောင်းဆောက်မည်ဆိုသည့်အရေးကို သာမန်မျှသာတွေး၍ စကားအကော်အကပ် ပြောတတ်သူဖြစ်သည့်အတိုင်း အနာထပိဏ် ပေးလိမ့်မည်မထင်သည့် တန်ဖိုးကို တမင်ကော်ကပ်၍ ပြောလိုက်ခြင်းမျှဖြစ်ရာ ယင်းတန်ဖိုးကိုပင် အနာထပိဏ်က မငြင်းသောအခါ အပျက်အပျက်နှင့် ဇေတဝန်ကို လက်လွှတ်လိုက်ရတော့မည်ကြောင့် ဝမ်းနည်းရတော့မလိုလို၊ တကယ်သာ ပေးမည်ဆိုလျှင် ရွှေဒင်္ဂါးတွေ တစ်နင့်တစ်ပိုးရတော့မည်ကြောင့် ဝမ်းသာရတော့ မလိုလို ဖြစ်သွားရသည်။

သို့ရာတွင် စကားကပ်ချင်သူ ဖြစ်သည့်အတိုင်း “သူဌေးမင်း သဒ္ဓါထက်သန်ပုံကတော့ ရွှေအနာထပိဏ်လို့တောင် ဘွဲ့သတ်ရတော့မလို ဖြစ်နေပြီ။ နို့ပေမယ့် ကျွန်တော်တို့က သူဌေးမင်းရဲ့ဘုရားကို သူဌေးမင်းလို စေတနာ မထက်သန်နိုင်သေးပါဘူး။ ဒီတော့ နောင်ခါ ဖူးတွေ့ရလို့ သူဌေးမင်းလိုပဲ သဒ္ဓါထက်သန်လာရင် ဇေတဝန်ကို အလကားပဲလှူရလှူရ အရေးမကြီးပါဘူး။ အခုတော့ ဘယ့်ကလောက်ပဲ ပေးပေး မရောင်းနိုင်သေးဘူးဆိုပါတော့ဗျာ”ဟု ပြောလိုက်သည်။

အနာထပိဏ်က တရားသူကြီး သိရိဗေယျသို့ ဖျတ်ခနဲ တစ်ချက်မျှလှမ်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး "အရောင်းအဝယ်ကိစ္စ ပြီးစီးနေပါပြီ အရှင်မင်းသား။ ပစ္စည်းတန်ဖိုးတောင် ဆုံးဖြတ်ပြီးနေပါပြီ။ တန်ဖိုးပေးချေဖို့ပဲ ရှိပါတော့သည်"ဟု ပြောလိုက်သောအခါ သီရိဇေယျက ပြုံးနေသည်။

"ဒါကတော့ အပျော်အပြက်စကား ပြောကြတာပဲလေ။ အရောင်းအဝယ်စကားလို့ မဆိုနိုင်သေးပါဘူး"

"ကျွန်တော့်အဖို့ အပျော်အပြက်ကိစ္စမဟုတ်ရပါ။ ကျွန်တော့်ဘဝတွင် သည့်ထက် လေးနက်သောကိစ္စ မရှိခဲ့ဖူးသေးပါ။ ဘုရားရှင်ကြွလာသောအခါ ကျောင်းတော်အဆင်သင့်ဖြစ်နေဖို့ အဆောတလျင် စီစဉ်ရပါဦးမည်။ တန်ဖိုးပေးချေဖို့သာ ရှိပါတော့သည်"

"မရောင်းနိုင်သေးပါဘူး သူဌေးမင်း"

"မင်းမှာသစ္စာ လူမှာကတိ ဆိုတဲ့စကားကို ပြောရမှာ ကျွန်တော် အားနာလှပါတယ် အရှင်မင်းသား။ အရှင်မင်းသားက အလျှော့မပေးရင်တော့ တရားရုံးတော်မှာ ရင်ဆိုင်ကြရဖို့ ရှိတော့တာပဲ"

"ဒါကတော့ သူဌေးမင်း သဘောပဲလေ"

## [ ၃ ]

တရားပြိုင်ကိစ္စဟူသည် တစ်ဖက်နှင့်တစ်ဖက် စိတ်ဝမ်းကွဲ၍ ဆက်လက်၍လည်း စိတ်ဝမ်းကွဲစေတတ်သော ကိစ္စမျိုးဖြစ်သည်။ သို့ရာတွင် အနာထပိဏ်နှင့် ဇေတမင်းသားတို့၏ ယခုတရားပြိုင်ကိစ္စသည်ကား တရားလိုနှင့် တရားခံတို့အား စိတ်ဝမ်းကွဲစေခဲ့သော ကိစ္စမဟုတ်။ သာဝတ္ထိ၏ အထက်တန်းလောကတွင် ပျော်ရွှင်ဖွယ်ကောင်းသော စကားရည်လုပွဲ၊ တရားမင်္ဂလာပွဲတစ်ရပ်သာ ဖြစ်ခဲ့ပေသည်။ အကြောင်းမူကား ဇေတမင်းသားအဖို့ ဇေတဝန်ကို လက်လွှတ်ဖို့ရန် အရေးမကြီး၊ မိမိဝါသနာအလျောက် တမင် ကော်ပွဲကပ်ပွဲ ပြုလုပ်စေခြင်းမျှသာ ဖြစ်ပေသည်။

အကယ်၍ အနာထပိဏ်က ဇေတဝန်ကို မိမိအတွက်သာ ဝယ်ယူမည်ဆိုလျှင် ဇေတမင်းသားက သင့်တင့်သောနှုန်းထားဖြင့် လက်လွှတ်လိုက်မည်သာ ဖြစ်သည်။ ယခုသော် မဖူးတွေ့ရဖူးသေးသည့် ဘုရားရှင်အတွက်ဟူသော ဘာသာရပ်ရေးကိစ္စ ပါလာသောကြောင့် ဝါသနာအတိုင်း အကပ်ကိုင်လိုက်ခြင်းမျှဖြစ်ပေသည်။ ယင်းသို့ ဇေတမင်းသားက အကပ်ကိုင်လိုက်ခြင်းကြောင့်ပင်လျှင် ဘုရားရှင် ကျောင်းတော်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဇေတဝန်ကိုရရှိရေးတွင် သာသနာ့သမိုင်း၌ ထူးခြားထင်ရှားသော အကြောင်းရပ်များ မှတ်တမ်းတင်နိုင်ခဲ့ရခြင်း ဖြစ်ပေသည်။

ဖြစ်ဟန်ကား ဤကိစ္စ ဤတရားစီရင်ရေးအတွက် ဖြစ်ရပ်ခြင်းရာကိုသိပြီးဖြစ်သော တရားသူကြီး သီရိဓေယျ၏ရုံးတော်မှာပင် တရားဆိုင်ရန် နိုင်ငံတော်က ခွင့်ပြုသည်။ ရုံးတော်တွင် ဖြစ်ရပ်ခြင်းရာကိုသိသော မိတ်ဆွေသက်သေအားလုံးကို တရားဝင် စစ်ဆေးသည်။ ဇေတမင်းသားကလည်း စကားအကော်အကပ်မျိုးစုံဖြင့် ခုခံချေပသည်။ သို့ရာတွင် မိမိပစ္စည်းကို မရောင်းလိုသည့် ယတိပြတ်စကားမရှိ။ ရွှေဒင်္ဂါးဖြင့်တိုင်း၍ တန်ဖိုးဖြတ်ထားသော ကတိစကားကြောင့် ဇေတမင်းသားအဖို့ မလှုပ်သာအောင်ရှိသည်။ ထို့ကြောင့် တရားရုံးတော်က ဇေတဝန်ကို ကတိစကားအတိုင်း ရွှေဒင်္ဂါးဖြင့် နှိုင်းစက်၍ အနာထပိဏ် ရယူပိုင်စေဟု ဆုံးဖြတ်သည်။

သို့ရာတွင် ဇေတမင်းသားစကားကပ်လိုက်ပုံမှာ ဇေတဝန်မြေပြင်ကို ရွှေဒင်္ဂါးများဖြင့် အထိအစပ်ခင်း၍ ယူရမည်ဟူသော ကတိစကားအတိုင်း ရွှေဒင်္ဂါးများကို ဇေတဝန်မြေပြင်တွင် ကာယကံမြောက် အထိအစပ်ခင်း၍ပေးရမည်ဟု တောင်းဆိုသောကြောင့် ရုံးတော်က ခွင့်ပြုလိုက်ရသည်။ ထို့ကြောင့် အနာထပိဏ်၏ ဘဏ္ဍာတိုက်မှ ရွှေဒင်္ဂါးများကို လှည်းဖြင့်တိုက်ကာ ဇေတဝန်မြေပြင်ကို အထိအစပ်ခင်းသောပွဲသည် သာဝတ္ထိသမိုင်းတွင် ထူးခြားသောပွဲကြီးတစ်ရပ် ဖြစ်ခဲ့ရပေ၏။

ယင်းသို့ ဇေတမင်းသား၏ ကော်မှုကပ်မှုကြောင့်ပင် အနာထပိဏ်၏ ရည်မှန်းချက်များမှာ ပို၍အကျိုးသက်ရောက်ခဲ့ရသည်။ အကြောင်းမူကား ရုံးတော်တွင် တရားဆိုင်ရခြင်း၊ ရွှေဒင်္ဂါးများကို အုတ်အော်သောင်းတင်းခင်းပွဲကြီးကျင်းပရခြင်းတို့ကြောင့် သာဝတ္ထိ၏ အထက်ပိုင်းလောကတွင် ဘုရားရှင်၏ အမည်တော်ကို ပို၍ လူသိများလာခဲ့သည်။ အနာထပိဏ်က ဤမျှသဒ္ဓါထက်သန်ရလောက်အောင် ထူးခြားသောပုဂ္ဂိုလ်ကား အဘယ်လိုပုဂ္ဂိုလ်နည်းဟု သိမြင်လိုသည့်ဆန္ဒများ တိုးပွားလာခဲ့ကြရသည်။

ရွှေဒင်္ဂါးခင်းပွဲကြီး တစ်ဝက်ကျော်ကျော် သုံးပုံနှစ်ပုံခန့်အပြီးတွင် ဇေတမင်းသားကိုယ်တိုင်ကပင် သဒ္ဓါတရားဖြစ်ပွားလာတော့သည့် အပြင်ဖြင့် "အကျိုးကြီးကြီးတွေ့ရင် အရင်းကြီးကြီး စိုက်ထုတ်မြှုပ်နှံလေ့ရှိတဲ့ သူဌေးမင်းတို့ ကုန်သည်သဘောကို ကျွန်တော်ရိပ်စားမိပါပြီ။ ဒီကိစ္စမှာ မိတ်ဆွေသူဌေးမင်း ဒါလောက်စိတ်ထက်သန်ပြီး အရင်းအနှီးတွေ မြှုပ်နှံစွန့်လွှတ်တာဟာ အကျိုးကြီးကြီးတွေ့လို့ ဖြစ်ပါလိမ့်မယ်။

www.burmeseclassic.com



ဒီအကျိုးကို ကျွန်တော်လည်း ပါဝင်ခံစားလိုတဲ့ဆန္ဒ ပေါ်ပေါက်လာပါတယ်။ သူဌေးမင်းခွင့်ပြုမယ်ဆိုရင် ရွှေဒင်္ဂါးခင်းတဲ့ကိစ္စ ဒီမျှနဲ့ပဲရပ်ဆိုင်းပြီး ကျန်တဲ့အပိုင်းကို ကျွန်တော်ကပဲ လှူဒါန်းပါဝင်လိုပါတယ်”ဟု ပြောလာသည်။

စေတနာမဆိုးသော်လည်း စကားတင်စီးမှုကလေး၊ အကော်အကပ်ကလေးနှင့်မှ ပြောတတ်ရှာသော ဇေတမင်းသားကို မိတ်ဆွေများကပင် သည်းခံကြရသည်မှာ ရိုး၍ပင်နေပေပြီ။ သောတာပန်ဖြစ်လာသော အနာထပိဏ်အဖို့မူ မည်သို့ အကြောင်းထူးပါအံ့နည်း။ အကျိုးသက်ရောက်မှု ရည်မှန်းချက်လုပ်ငန်းပြီးစေဖို့အား ပဓာနဖြစ်ချေသည်။ မိမိကုသိုလ်တွင်ပါဝင်လာသည်ကိုသာ ဝမ်းမြောက်ရပေသေးသည်။

ထို့ကြောင့် ဇေတမင်းသားစကားအလာကို ပြုံးရုံမျှသာပြုံး၍ “သာဓုပါ အရှင်မင်းသား။ ။အကျိုးကြီးကြီးမြော်မြင်လို့ အရင်းကြီးကြီး စိုက်တယ်ဆိုတာ မှန်ပါတယ်။ အဲဒီအကျိုးဟာဖြင့် ကျွန်တော်တို့ ဘယ်တုန်းကမှ မကြားဖူးခဲ့တဲ့ နိဗ္ဗာန်မဂ်ဖိုလ်အကျိုးပါပဲ။ အဲဒီအကျိုးကို မကြာမီ ကြွရောက်လာမယ့် ဘုရားရှင်က ပေးပါလိမ့်မယ်။ အဲဒီအကျိုးမှာ အရှင်မင်းသားပါဝင်လာမယ်ဆိုတော့ ကုသိုလ်ရေးမှာလည်း မကွဲမကွာတဲ့ မိတ်ဆွေအဖြစ်နဲ့ ဝမ်းမြောက်လှပါတယ်”

“နို့ပေမယ့် ဆောက်လုပ်မယ့် ကျောင်းဦးပြာသာဒ်နေရာကိုတော့ ကျွန်တော့်အလှူနေရာလို့ သတ်မှတ်ခွင့်ပေးပါ သူဌေးမင်း”

“အရှင်မင်းသားဆန္ဒအတိုင်း ဖြစ်စေရပါ့မယ်၊ ကျောင်းဦးမြေနေရာဟာဖြင့် အရှင်မင်းသားရဲ့ ကုသိုလ်ဖြစ်တဲ့အကြောင်း ကြေညာပေးပါ့မယ်။ ဒါတွင်မကသေးပါဘူး၊ အရှင်မင်းသား ပါဝင်လာတဲ့ ကုသိုလ်ကို ဝမ်းမြောက်အသိအမှတ်ပြုတဲ့အထိမ်းအမှတ်နဲ့ အရှင်မင်းသား ဝမ်းမြောက်အောင် ကျေးဇူးတစ်ရပ် ပြုပါဦးမယ်”

“ဘယ်လိုများပါလိမ့်ခင်ဗျာ”

“ကျောင်းတော်ကြီးပြီးစီးတဲ့အခါ ‘ဇေတဝန်ကျောင်းတော်’လို့ အမည်ပေးကမ္ပည်းထိုးပါ့မယ်”ဟု ပြောလိုက်သောအခါ သဘောကျလှသဖြင့် ဇေတမင်းသား ပြုံးသွားသည်။

နောင်အခါ သာသနာ့သမိုင်း၌ အနာထပိဏ်၏ ကျောင်းတော်ကို ဇေတမင်းသား၏ ဥယျာဉ်ကို ဝယ်ယူဆောက်လုပ်သောကြောင့် “ဇေတဝန်ကျောင်းတော်” ဟု အလိုက်သင့် အမည်တွင်ခဲ့သော်လည်း အမှန်အားဖြင့်သော် ငွေကြေးအလုံးအရင်းစိုက်ထုတ်လှူဒါန်းအပ်သော ကျောင်းဒကာကြီးအဖို့ ‘အနာထပိဏ်ကျောင်းတော်’

www.burmeseclassic.com



သို့မဟုတ် အခြားသင့်လျော်ရာ အမည်တစ်ခုပေးခဲ့လျှင်လည်း ထိုအမည်သည် သာသနာ့သမိုင်းဝင်ခဲ့မည်သာ ဖြစ်ပေ၏။ သို့ရာတွင် အနာထပိဏ်သည် ကျောင်းတော် အလှူကြီးပေးသကဲ့သို့ အမည်အလှူကိုလည်း ပေးခဲ့သည်ဟု ဆိုရပေမည်။

မြေကိစ္စပြီးပြတ်၍ ဇေတဝန်ကျောင်းတော် ဆောက်လုပ်လိုက်သည်မှာ ကြီးကျယ် ခမ်းနားလှပါပေ၏။ သာသနာ့သမိုင်းတွင် အတုမရှိကျောင်းတော်ဖြစ်သည်။ ဇေတဝန်မြေနေရာကို ရွှေဒင်္ဂါးချင်းဆက်၍ ဝယ်ယူခဲ့ရသည်မှာ ရွှေဒင်္ဂါးတစ်ဆယ့်ရှစ်ကုဋေ (သန်းပေါင်းတစ်ရာ့ရှစ်ဆယ်) စာရင်းပေါက်သည်။ အလားတူပင် ကျောင်းတော်အဆောက်အအုံများ ဆောက်လုပ်ရာ၌ရွှေဒင်္ဂါး သန်းပေါင်းတစ်ရာ့ရှစ်ဆယ်ပင် အကုန်အကျခံသည်။ အလားတူပင် ဘုရားရှင်ကြွရောက်တော်မူလာ၍ ကျောင်းလွှတ်ပွဲတော်ကြီး ဝှဲချီးကျင်းပရာ၌လည်း ရွှေဒင်္ဂါးသန်းပေါင်း တစ်ရာ့ရှစ်ဆယ်မျှကိုပင် စွန့်လွှတ်သည်။ ဤသည်ကား အရေးပါသောကိစ္စများတွင် ငွေလုံးငွေရင်း စွန့်လွှတ်ခြင်းဖြစ်၍ ရာဇဂြိုဟ်နှင့် သာဝတ္ထိခရီးတစ်လျှောက်တွင် တည်းကျောင်းများဆောက်လုပ်စေခြင်း စသည့်အခြားသောစွန့်လွှတ်မှုများ မပါသေးပေ။

ယင်းသို့စွန့်လွှတ်လှူဒါန်းခြင်းမှာ စွန့်လွှတ်နိုင်သောပစ္စည်းစွမ်းအားနှင့် ကြီးမားသော သဒ္ဓါတရားအပြင် အခြားအကြောင်းရပ်များလည်း ရှိခဲ့သည်။ ယင်းအကြောင်းရပ်များအနက် မင်းရေး စိုးရေး နိုင်ငံရေးအရ တစ်ကျက်ကျက်ဖြစ်နေခဲ့သော သာဝတ္ထိနှင့် ရာဇဂြိုဟ်အား ဘုရားရှင်နှင့် ဘုရားရှင်၏ တရားတော်တည်းဟူသော ရွှေလမ်း၊ ငွေလမ်း၊ မေတ္တာလမ်း ဖွင့်ပေးသည့် ရည်မှန်းချက်အကြောင်းရပ်ကို အထက်တွင် ဖော်ပြခဲ့ပြီ။

နောက်အကြောင်းတစ်ရပ်ကား–မင်းဝတ်တန်ဆာဝတ်သည်ဆိုလျှင် မကိုဋ်ဆောင်းမှ တင့်တယ်လိုက်ဖက်သကဲ့သို့၊ တောင်ရှည်ပုဆိုးဝတ်သည်ဆိုလျှင် ခေါင်းပေါင်း ပေါင်းမှ ဆီလျော်သကဲ့သို့ မြေနေရာမျှကိုပင် ရွှေဒင်္ဂါးခင်းပွဲကြီး ကျင်းပ၍ ဝယ်ခဲ့ရသောကြောင့် သာဝတ္ထိတစ်ပြည်လုံး ကျော်ကြားကြီးကျယ်လှသည်ကို သာမန်ကျောင်းမျိုးသာ ဆောက်လုပ်မည်ဆိုလျှင် လိုက်ဖက်လိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ဂုဏ်နှင့်ဒြပ် အပ်စပ်လိုက်ဖက်စေရန် အတုမရှိ ကျောင်းတော်ကြီးကို သွန်၍ဆောက်လုပ်သည်။

ဆောက်လုပ်ဟန်ကား–အဆောက်အအုံတစ်ခုသည် အဘယ်မျှ ခမ်းနား ကြီးကျယ်သည်ဆိုစေ၊ သောက်သုံးရေ ပြည့်စုံဖို့ရန်မှာ အဓိကလိုအပ်ချက်ဖြစ်သည်

www.burmeseclassic.com



အတိုင်း ဇေတဝန်၏ ထောင့်လေးထောင့်တွင် ရေကန်ကြီးလေးခု စတင်တည်ဆောက်သည်။ သူတော်ကောင်းတို့ သီတင်းသုံးမည့်နေရာဖြစ်သောကြောင့် ဇေတဝန်ပတ်လည် အကာအရံကို နွားကျွဲစသည် မဝင်စေရုံမျှ လုလုပပ အရံအတားပြု၍ အရပ်လေးမျက်နှာစလုံးမှ ကျောင်းတော်ကို မြင်စေသည်။ သာဝတ္ထိ၏ ထိပ်တန်း ဗိသုကာများဖြင့် ပင်မကျောင်းတော်ကြီးကို တည်ဆောက်သည်။ ဘုရားရှင်ကဲ့သို့သော အကြီးအကဲများသည် လွတ်လပ်စွာ သီးသန့်နေလိုက်တတ်ကြသည့်သဘောကို သိပြီးဖြစ်သည့်အတိုင်း ဂန္ဓကုဋိတိုက်တော်ကို သီးသန့်ဆောက်လုပ်သည်။ ကျောင်းမကြီးဝန်းကျင်မှ အရံကျောင်းပေါင်းများစွာကို ဆောက်လုပ်သည်။ မလိုအပ်သော အပင်များကို ခုတ်ပယ်၍ လမ်းများကို စနစ်တကျ ဖောက်သွယ်သည်။ အလွယ်တကူအသုံးပြုနိုင်ရန် ရေတွင်းငယ်များကို တူးဆောက်သည်။ ပန်းတန်းပန်းခင်းများကို လှပစွာတည်ခင်းသည်။ ကျောင်းမကြီးကဲ့သို့ ခမ်းခမ်းနားနား ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်သော အခြားအဆောက်အအုံတစ်ခုကား ဘုရားရှင် တရားဟောရာ၊ သံဃာတော်အများစုဝေးရာ၊ လူဒါယကာတို့ တရားနာရာ တရားမဏ္ဍပ်ကျောင်းတော်ဖြစ်၏။

ယင်းသို့ စည်မျက်နှာကဲ့သို့ မြေနေရာပြန့်ပြူးညီညွတ်၍ လှပသော သစ်ပင်ပန်းမန်တို့ကြောင့် ကျော်ကြားခဲ့သော ဇေတဝန်သည် ယခင်က အသုံးပြုသူနည်းပါးသောကြောင့် မြေနေရာများစွာပိုနေခဲ့သော်လည်း နတ်ဘုံ နတ်နန်းကြီးတစ်ခု မြေပြင်မှ ထွက်ပေါ်လာသည်တမျှ တွေ့မြင်ရသူတိုင်း ရင်သပ်ရှုမောရလောက်သည့် ကျောင်းတော်အဝန်းအဝိုင်းကြီး ဖြစ်ပေါ်လာခဲ့သည်။ ဘုရားရှင်အား ပင့်ဆောင်လှူဒါန်းရန်သာ ကျန်တော့၏။

ပင့်ဆောင်ပုံကလည်း အစီအစဉ်အတိုင်း ခမ်းနားလှပါပေ၏။ ကျောင်းတော်ကြီး ပြီးလုလုတွင် ရာဇဂြိုဟ်မှ နားနားနေနေနှင့် ဘုရားရှင် ကြွလာတော်မူမည့် ရက်ပိုင်းနှင့်ချိန်ကိုက်၍ အလျှောက်အတင် လိမ္မာသော ကိုယ်စားလှယ် သူကြွယ်တစ်ဦး ခေါင်းဆောင်သောအဖွဲ့တစ်ဖွဲ့ကို ပင့်ဆောင်ရန် စေလွှတ်သည်။ ဘုရားရှင်နှင့် တစ်ထောင်ကျော်မျှသော သံဃာများ ကျောင်းလွှတ်ပွဲတော်ကြီးအတွက် ရာဇဂြိုဟ်မှ အထူးပင့်ဖိတ်အပ်သော လူဒါယကာ မိတ်ဆွေများသည် ဘုရားရှင်၏ ကြီးစွာသော အခြံအရံအဖြစ် လိုက်ပါ၍ ခရီးတစ်လျှောက် ဆောက်လုပ်အပ်သော တည်းကျောင်းတော်များတွင် လိုအပ်သလို နားနေကာ အေးချမ်းစွာ ကြွရောက်တော်

www.burmeseclassic.com



မူလာသည်။ ခရီးတစ်လျှောက် မြို့ရွာတည်းကျောင်းများစွာတွင် ဆွမ်းလှူပွဲများ ရှိခဲ့သည်။ ကြိုဆိုပွဲကြီးများရှိခဲ့သည်။ တရားပွဲကြီးများရှိခဲ့သည်။ တစ်မြို့လျှင် တစ်ရက်မျှ နားနေရန် သတ်မှတ်ထားသော်လည်း အချို့မြို့ရွာတို့၏ဆန္ဒအရ တစ်ရက်ထက်ပိုလွန်၍ သီတင်းသုံးနားနေခဲ့ရသည်များလည်း ရှိခဲ့သည်။ သို့နှင့် သာဝတ္ထိမြို့တော်အဝင်သို့ ရောက်လာခဲ့၏။ သာဝတ္ထိမြို့တော်သို့ ဘုရားရှင် ဝင်တော်မူခန်းမှာ ခမ်းနားကြီးကျယ်လှစွာ၏။ ခမ်းနားကြီးကျယ်အောင်လည်း အနာထပိဏ်က စီစဉ်သည်။

သာဝတ္ထိသို့ ဝင်တော်မူခန်း ကျောင်းဆောက်စဉ်ကပင် ထူးခြားသော အပြင်အဆင် စွန့်လွှတ်မှုများကြောင့် ထူးခြားသောအလှူခံပုဂ္ဂိုလ်အား မြင်လိုတွေ့လို ဖူးမြော်လိုကြသည့် မြို့လုံးကျွတ်မျှသော သာဝတ္ထိပြည်သူပြည်သားများ၊ ဇေတမင်းသားမှ ဆက်နွယ်ကာ စိတ်ဝင်စားလျက်ရှိကြသော မင်းစိုးရာဇာများ စသည်ဖြင့် ကြိုဆိုရေးအခမ်းအနားမှာ တစ်ပြည်လုံး မီးခိုးတိတ်မျှဟုပင် ဆိုနိုင်သည်။ အကယ်ပင် မီးခိုးတိတ်စေခဲ့သည်ဖြစ်ပေ၏။ အကြောင်းကား ဘုရားရှင်သာဝတ္ထိပြည်တော်ဝင်သည့်အချိန်မှစ၍ ကျောင်းလွှတ်အလှူပွဲတော်ကြီးကျင်းပရန် အလှူတော်မင်္ဂလာအစီအစဉ်မျိုးစုံကို တစ်ပြည်လုံး မီးခိုးတိတ်စေအောင်ပင် အနာထပိဏ်က ပြင်ဆင်၍ပေးထားခဲ့သည်။

အနာထပိဏ်ကိုယ်တိုင် ကြိုဆိုရေးအစီအစဉ်တွင် မိတ်ဆွေသူကြွယ် ကုန်သည်အသိုင်းအဝန်းတို့ ပါရှိသည်ကိုကား အထူးဖော်ပြဖွယ် မလို။ သို့သော် ထို့ထက်အရေးတကြီး ကြိုဆိုမှုသည်ကား ဇနီးနှင့် သမီးများ သားများကို ပွဲထုတ် ကြိုဆိုစေခြင်းပင် ဖြစ်ပေသည်။

မဇ္ဈိမတိုင်းသားတို့အဖို့ မိန်းမသားဖြစ်သော ဇနီးနှင့် သမီးများအား ပွဲထုတ်ခင်းကျင်းရေးဆိုသည်မှာ သာမန်အားဖြင့် ပြုလုပ်လေ့မရှိပေ။ အဆင့်အတန်းမြင့်လျှင် မြင့်သလောက် ဇနီးနှင့် သမီးများကို မိမိတို့ တိုက်ခန်း အိပ်ခန်းတွင်ပင် လျှို့ဝှက်ထိန်းသိမ်းထားတတ်ကြသည်မှာ မဇ္ဈိမတိုင်းသားတို့၏ အစဉ်အလာထုံးတမ်းတစ်ရပ်ပင် ဖြစ်ပေသည်။ ယခု ဘုရားရှင်ကြိုဆိုရေးတွင်မူ အနာထပိဏ်၏ဇနီးဖြစ်သူ သီရိသုမနနှင့် မဟာသုဘဒ္ဒါ၊ စူလသုဘဒ္ဒါ သမီးချောနှစ်ယောက်ကို အခြံအရံများစွာဖြင့် ခမ်းနားစွာ ပွဲထုတ်ကြိုဆိုစေသည်။

ဘာသာရေးအယူအဆရေးတွင် အမှတ်မဲ့နေတတ်သော်လည်း လူမှုရေးတွင်မူ

www.burmeseclassic.com



အသိုင်းအဝိုင်းများလှစွာသော သားကြီး မဟာကာလအား ကြီးစွာသော လှုငယ်မိတ်ဆွေ အသိုင်းအဝိုင်းဖြင့် ရှေးဦးစွာကြိုဆိုဖို့ အခွင့်အရေးပေးသည်။ အကြောင်းမူကား လှုငယ်ဟူသည် အနာဂတ်၏အသီးအပွင့်များ မဟုတ်ပါလော။ မဟာကာလတို့အဖွဲ့နောက်တွင်ကား ရွှေမြူတာအိုးများ ကိုယ်စီကိုင်ကာ အလှဆုံးသော ဝတ်စားတန်ဆာများဖြင့် ဦးညွှတ်ကြိုဆိုသော မဟာသုဘဒ္ဒါ၊ စူလသုဘဒ္ဒါ သမီးနှစ်ယောက်နှင့် သာဝတ္ထိ၏ ပန်းတောင်ကိုင်အဖွဲ့ ဖြစ်၏။ ကြိုဆိုပွဲ ပို၍ခမ်းနားစေရန် အနာထပိဏ်နှင့် သီရိသုမနတို့ အလှူရှင်ဇနီးမောင်နှံက တွဲ၍မကြိုဆို။ ကွမ်းတောင်ကိုင်သမီးတို့၏ ကြိုဆိုမှုအဖွဲ့ပြီးလျှင် သူဌေးကတော် သီရိသုမန ဦးဆောင်သော အမျိုးသမီးကြီးတို့ အဖွဲ့ဖြစ်၏။ ထို့နောက်တွင်မှ အဖြူရောင်ဝတ်စုံ တူညီကိုဝတ်ဆင်ကာ တညီတည်းသော ပန်းစည်းခက်များကို ကိုယ်စီကိုင်လျက် ကျောင်းဒါယကာကြီး ဦးဆောင်သော အခြံအရံငါးရာတို့ဖြစ်၍ ကျောင်းတော်အဝမှ ကြိုဆိုသည်။

ဤသည်ကား အနာထပိဏ်ဘက်မှ ကြိုဆိုရေးအစီအစဉ်ဖြစ်၍ မြို့သူမြို့သားများ အဖို့ကား ကြွရောက်တော်မူရာ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်တွင် မြို့လုံးညွှတ်မျှဖြစ်သည်။ မြို့လုံးညွှတ်ဟူသောစကားသည် ချီးပပြောဆိုခြင်းမဟုတ်၊ ကြိုဆိုပွဲအခမ်းအနားတွင် တစ်ဆင့်စကားတစ်ဆင့်နား အံ့သြဘနန်း ပြောဆိုခြင်းဖြင့် မြို့သူမြို့သား ပရိသတ်သည် များသည်ထက်များလာသည်။ ရှေ့နေရာများသို့ သူ့ထက်ငါရောက် တိုးဝင်၍လာကြသည်။ ဤသို့ဖြစ်ရခြင်း၌ ကြီးစွာသော အကြောင်းရှိ၏။ ယင်းအကြောင်းသည်ကား အနာဂတ်သာသနာတော်၏ ဘုမ္မိနက်သန် မှန်လှစွာသော သာဝတ္ထိသို့ ဝင်တော်မူရာ၌ ဘုရားရှင်တို့၏ ကြီးစွာသော အသရေကို ဆောင်တော်မူကာ ရောင်ခြည်တော်ခြောက်ဆိုင်ကို တစ်ပြိုင်နက် ဖွင့်လွှတ်၍ ဝင်တော်မူသောကြောင့်ပေတည်း။

ကျောင်းလွှတ်ပွဲတော်ကြီးကို အစီအစဉ်မျိုးစုံဖြင့် ကိုးလတိုင်တိုင် ကျင်းပသည်။ ယင်းသို့ဖြင့် အနာထပိဏ် ကြိုးပမ်းစတင်ခဲ့သော သာဝတ္ထိသာသနာတော်သည် နေနှယ် လနှယ် ထွန်းကားထင်ရှားလာခဲ့သည်။ နောက်ပိုင်းတွင် သာဝတ္ထိဘုရင် ကောသလ ကိုယ်တော်တိုင်ပင် ဘုရားရှင်နှင့် ရင်းနှီးသော ကျောင်းဒကာ၊ ဘုရားဒကာကြီးတစ်ယောက် ဖြစ်လာခဲ့သည်။

အနာထပိဏ်၏ ကြိုးပမ်းမှုသည် အောင်မြင်လှပါပေ၏။ အကြောင်းသော်ကား ကျောင်းမြတ်အမွန် ဇေတဝန်ကို အခြေတည်ကား တစ်ဖက်တွင် သာသနာတော်

www.burmeseclassic.com

www.burmeseclassic.com



ထွန်းကားလာသကဲ့သို့ တစ်ဖက်တွင်လည်း ရန်စောင်မာန်တင်း၍ အခွင့်သာတိုင်း စစ်အင်အားခင်းကျင်းခဲ့ကြသော ရာဇဂြိုဟ်နှင့် သာဝတ္ထိဘုရင်များကိုယ်တိုင် ကျောင်းဒါယကာ၊ ကျောင်းဒါယိကာကြီးများ ဖြစ်လာကြပေရာ သာဝတ္ထိနှင့် ရာဇဂြိုဟ်တို့သည် ဘုရားရှင်၏ သာသနာတော်တစ်ခေတ်တွင် တရားတည်းဟူသော မေတ္တာနှောင်ကြိုး ရစ်ပတ်ခြင်းဖြင့် ပြည်သူအများအဖို့ ငြိမ်းချမ်းသာယာခဲ့သောကြောင့် ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



# စိန်ဖေါင်းပျံ

[ ၁ ]

သတ္တဝါတို့မည်သည် အဘယ်မျှခိုင်မာသောသူ ဖြစ်စေကာမူ နှလုံးသည်းပွတ်သို့ ခိုက်အောင် ခံစားချက်ပြင်းပြလာသောအခါ ထိုသူ့အသံသည် ထွက်လာမြဲဖြစ်၏။ ထိုအသံကို ပူဆွေးမှုပရိဒေဝနှင့်ယှဉ်လျှင် ငိုကြွေးသံဟုခေါ်သည်။ ရယူလိုမှု ဆန္ဒစာတ်နှင့်ဆိုင်သည်ကို ကြွေးကြော်သံဟုခေါ်၏။ ရတ်တရက် အလန့်တကြား ထိခိုက်လာမှုကို အာမေဍိတ်ဟုခေါ်၏။ နှလုံးဝမ်းမြူး ကြည်နူးပျော်ရွှင်မှုနှင့် ကြုံသောအခါ ဂီတသံဟုခေါ်၏။ ဘုရားရဟန္တာတို့အဖို့ ပရမသုခ နိဗ္ဗာနအငြိမ်းဓာတ်၊ အအေးဓာတ်ကြီး ဟင်းလင်းပွင့်သည်နှင့် ကြုံရ၍ ဝမ်းမြောက်လှသောကြောင့် မိန့်ဆိုမြွက်ကြားသောအသံကို ဥဒါနကထာ ဥဒါန်းစကားဟု ခေါ်၏။

နိဗ္ဗာန်ချမ်းသာကြီးရ၍ ဝမ်းမြောက်လှသောကြောင့် ထေရာ ထေရီ ရဟန္တာကြီးငယ်တို့ ဟစ်ကျူးကြွေးကြော်ကြသော ယင်း ဥဒါနကထာအသံများ တရားများကို သင်္ဂါယနာတင် စုပေါင်းလိုက်သောအခါ ဗုဒ္ဓပိဋကတ်တော်တွင် ကဏ္ဍကြီးတစ်ရပ်ပင် ဖြစ်လာခဲ့သည်။

ဘဝအသချေ အနန္တ အရှိးကြေကြေ အရေခန်းခန်း အဓိကဆန္ဒဖြင့် ကြိုးပမ်းခဲ့ရာမှ ဘုရားဖြစ်တော်မူလာသည့်အခါ ဝမ်းမြောက်တော်မူလွန်းလှသဖြင့် ဘဝခန္ဓာ တည်ဆောက်မှုတွင် ကျွမ်းကျင်လိမ္မာလှသော တဏှာလက်သမားအား "ဟယ်... တဏှာယောကျ်ား လက်သမား။ သင့်ကို ငါအောင်လေပြီ၊ ငါ့ကို သင် ဘဝသစ်တစ်ဖန် မတည်ဆောက်နိုင်တော့ပြီ"ဟူသော သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်၏ "အနေကဇာတိ သံသာရံ"စသော ရင်ဖွင့်ကြွေးကြော်မှု ဥဒါနကထာ အသံတော်သည်ကား ဗုဒ္ဓသာသနာတော်တွင် အထင်ရှားဆုံးအသံဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ကိုယ်တော်တိုင်သော်မှ ယင်းသို့သောအသံ ထွက်လာသေးသည် ဆိုလျှင် ဝိသာခါမျှလောက်သော သောတာပန် ဒါယိကာမကြီးက သူ့ကုသိုလ်ဒါန တစ်ခုကြောင့် မအောင့်နိုင် မဆည်းနိုင်၊ လက်နှစ်ဖက်ကိုမြှောက်ကာမြှောက်ကာ လက်ဝါးနှစ်ဖက်တို့ဖြင့် ရင်ဘတ် ဝမ်းဗိုက်တို့ကို ပုတ်ကာ ပုတ်ကာဖြင့် က,တော့ မလို ခုန်တော့မလိုအထိ မြူးထူးဟစ်ကြွေးသည်ဆိုလျှင် ဆန်းတော့သည်မဟုတ်။ ယင်းသို့ သိက္ခာရှင် ဒါယိကာမကြီးအဖို့ မအောင့်နိုင်မဆည်းနိုင် ဣန္ဒြေပျက်လောက်အောင် လှုပ်ရှားယိမ်းယိုင်စေသည်အထိ ပီတိဖြစ်ပွားခဲ့သောအကြောင်းကား **"စိန်ဒေါင်းပျံဝတ်ရုံ"**က စတင်သတည်း။

သူ့ကို "မဟလ္လတာဝတ်ရုံ"ဟုလည်းခေါ်၍ "မဟာလတာတန်ဆာ"ဟုလည်း ခေါ်၏။

အလှကိုကြိုက်သော၊ သို့မဟုတ် အလှဖြင့် ဂုဏ်တည်စေအပ်သော၊ သို့မဟုတ် အလှကို လှစေအပ်သော အကြင်အမျိုးသမီးတစ်ယောက်အတွက် ခြေဖျားမှသည် ဦးထိပ်ဆံယဉ်ဖျားအထိ ဖုံးအုပ်လွှမ်းဆင်အပ်သော တန်ဆာတစ်ခုကို ပြုလုပ်စေရာ၌ မဇ္ဈိမတိုက်၏ စိတ်ကူးအဆန်းကြွယ်ဆုံးသော ပန်းချီဆရာ၊ ပန်းထိမ်ဆရာ၊ ဂန္ဓာခန်ဆရာတို့၏ စိတ်ကူးရုပ်ဖြစ်ပုံစံတွင် ဤမျှလောက်သော ပတ္တမြား၊ ဤမျှလောက်သော ကြက္ခနီလာ၊ ဤမျှလောက်သော ပုလဲ၊ ဤမျှလောက်သော စိန်... စသည်တို့ဖြင့် အကန့်အသတ်မရှိဘဲ နဝရတ်ကိုးပါးလုံးကို ပြည်တောင်းနှင့် ခြင်ကာ အလှကို ရှုတတ် မြင်တတ်သူတို့မျက်စိတွင် လိုလေသေးမရှိအောင် ပြုလုပ်စေအပ်သော အတုမရှိတန်ဆာဖြစ်သောကြောင့် မဟလ္လတာတန်ဆာဟု ခေါ်၏။

နဝရတ်ကိုးပါးလုံး အကန့်အသတ်မရှိ ပြုလုပ်စေသည်ဆိုရာ၌ ပတ္တမြားသည် "ပတ္တမြားဆန်ကျိုးအဖိုးပြည်တန်"ဟု ဆိုရလောက်အောင် သိမ်းပိုက်ရှုမြင်သူတို့အား တန်ဖိုးရှိစေမှု ပုလဲသည် အခြားရတနာများ ကြွားရရှားလေသမျှ ဖြူစင်သော ပြေပြစ်သောအသွင်ဖြင့် ဣန္ဒြေရအောင် ထိန်းထားနိုင်မှု စသည်ဖြင့် ဆိုင်ရာဆိုင်ရာ ဂုဏ်အသီးသီးရှိကြရာဝယ် အနီးမြင် အဝေးမြင် ရှုမြင်သူတို့အား ထည်ဝါကြွရွှားလှပစေမှုတွင်မူ စိန်ကို မည်သည့်ရတနာမျှ လိုက်၍မမီ။ ထို့ကြောင့် အေးမြတည်ငြိမ်သော ပုလဲ ပတ္တမြား စသည်တို့အကြားမှ တဖျတ်ဖျတ် တလက်လက် မြူးထွက်တောက်ပစေသော စိန်၊ စိန်အမျိုးအစားတွင်လည်း အရောင်အသွေးအကောင်းဆုံး တန်ဖိုးအမြင့်ဆုံးသော ဝဇီရစိန်တို့၏ အလေးကဲပြုလုပ်အပ်သော တန်ဆာဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စိန်၊ မဇ္ဈိမတိုက်၏ အမှတ်တံဆိပ်သည် ဒေါင်းဖြစ်၏။ မဇ္ဈိမတိုက်၏ ဘာသာရေး၊ လူမှုရေး၊ ထီးရေး၊ နန်းရေး၊ အဆောက်အအုံများ၊ အမျိုးသမီး အမျိုးသားတို့၏ အလှဖြင့် ပစ္စည်းများတွင် ဆင်ယင်အပ်သော၊ လှသော၊ သိမ်မွေ့ သော၊ ပြေပြစ်သော ဒေါင်းသည် သရဖူဖြစ်၏။ အခြားပစ္စည်းများကိုထားဦး စစ်ရေး၊ အမျိုးသားရေး၊ ပစ္စည်းများ၌ပင် ဒေါင်းကို ဦးစားပေး၍သုံးသည်။ ထို့ ကြောင့် လောကီမျက်စိမှန်သမျှကို ဦးညွှတ်စေရန် ရည်ညွှန်းအပ်သော မဟာလှုတာ တန်ဆာကိုလည်း တစ်မျိုးသားလုံး နှလုံးနူးညွှတ်ရာဖြစ်သော "ဒေါင်း"ရုပ်ကိုပင် အခြေခံထား၍ ပြုလုပ်သည်။

ဤကား **"ဒေါင်း..."**

ခြေဖျားမှ ခါးလယ်အထိသော အဆင်တန်ဆာသည် စိန်ဒေါင်းကွက်၊ မြဒေါင်း ကွက်၊ ပတ္တမြားဒေါင်းကွက်များကို ဆက်၍ထားသည့်နှယ် သို့မဟုတ် ဝဇီရစိန်ရောင် တို့က သူတို့စွမ်းအားရှိသလောက် မြူးပျံ၍ ထွက်လိုရာတွင် ပုလဲသန္တာ၊ နီလာ၊ ဂေါ်မုတ်စသော အခြားရတနာတို့အား မြူး၍ထွက်ပေါ်ခွင့်မပေး ရောင်ချင်းယှက်ကာ ထိန်းချုပ်၍ထားလိုက်ရာ၌ စိန်ဒေါင်းကွက်ဟုလည်းမဆိုသာ၊ မြဒေါင်းကွက်ဟုလည်း မဆိုရက်၊ ပတ္တမြားဒေါင်းကွက်၊ ပုလဲဒေါင်းကွက်ဟုလည်း မဆိုသင့်သော ရောင်မျိုးစုံ ဖြာသည့် ရတနာတို့သည် ဖြူဝင်းတစ်ဖြာ၊ စိမ်းပြာပြာတစ်ပြေး၊ နီထွေးထွေးတစ်ဖုံ၊ အရောင်စုံ ဒေါင်းမြီးကွက်လှိုင်းဂယက်များ လှုပ်အိဖြာဆင်းနေဘိသို့ ရှိသည်။

အကြင်အမျိုးသမီးတို့၏ တစ်ကိုယ်လုံးကို အလှဆင်ရာ၌ ခါးဝတ်ကိုယ်ထည် နှင့် ခန္ဓာကိုယ်အောက်ပိုင်းဆိုင်ရာ အလှဆိုသည်မှာ အဘယ်မျှပင် မှုန်းခြယ်ဆင်ယင် ထားစေကာမူ တစ်ကြိမ်ကြည့်ထက် ပိုနိုင်ခဲသည်။ တစ်နည်းဆိုသော် အောက်ပိုင်း အလှဟူသည် အထက်ပိုင်းအလှကို ထောက်ကူပေးသော အထောက်အကူမျှ ဖြစ် သည်။

အမျိုးသမီးတို့၏ တကယ့်အလှတို့ စုဝေးရာသည်ကား ခန္ဓာကိုယ်အထက်ပိုင်း ရင်ဘတ်တွင်ရှိ၏။ လက်ရုံးတွင်ရှိ၏။ လက်ဖျားတွင်ရှိ၏။ ဦးခေါင်းသည်ကား အလှမှန်ကင်း သရဖူစိုက်ထူရာတည်း။

ခါးလယ် တန်ဆာ ဆရာတို့သည် ရတနာဒေါင်းမြီးကွက်များကို တရိပ်ရိပ် တအိအိဖြင့် လှိုင်းထစေသည့်နှယ် ပြုလုပ်ကြရာမှ ခါးပိုင်းသို့ရောက်သောအခါ လှိုင်းဒေါင်းရွက်များသည် စိပ်၍ သိပ်၍သွားသည်။ ဤရွက်စိတ်များနှင့်ဆက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ရင်ပိုင်းဆရာတို့က ရင်ပိုင်း၏ အမို့အမောက်၊ အနက်အရှိုင်း အလှသဘာဝအတိုင်း ဒေါင်းမြီးရွက်များကို ဖြန့်ကား၍မထုတ်ဘဲ ရောင်စုံထွက်လျက်ရှိသော ဒေါင်းမြီး အစွန်းကလေးများကို တစ်ပြေးညီစွာ တစ်ရွက်ကျင်း စုံစီထပ်၍ ပြုလုပ်သည်။ လက်ရုံးနှစ်ဖက်မှ အချွန် အကော့များသည်ကား ဤအပိုင်း အနုပညာသည်များ၏ လက်စွမ်းပြနေရာဖြစ်၏။ အကြောင်းမှာ တန်ဆာကို ဝတ်ရုံ၍ လှုပ်ရှားလိုက်သည့် အခါတိုင်း ပျံဖို့ရန် အားယူသော ဥဒေါင်းငှက်၏ အတောင်များကဲ့သို့ မြူးကြွ ဝင့်ကြွား၍နေသောကြောင့် ဖြစ်သည်။

ဦးခေါင်းပိုင်း ဆရာတို့၏ အနုပညာလက်ရာကိုကား တစ်ခွန်းသာ ပြောရန်ရှိ သည်။ တစ်ကိုယ်လုံးမှ လှလေ ကြွလေသမျှသော အနုပညာအင်အားကို ဦးခေါင်းမှ ထိန်းချုပ်၍ တာဝတိံသာနတ်ပြည်ရှိ နန္ဒဝန်ဥယျာဉ်မှ ဆင်းသက်လာသော နတ် ဒေါင်းယာဉ်ပမာ သူ့ကိုကြည့်လိုက်သည့်အခါတိုင်း လူတို့လက်ဖြင့် စီစဉ်ပြုအပ်သော အရုပ်ဟု မထင်ရဘဲ ကောင်းကင်သို့ လွင့်ပျံမြူးတက်တော့မည့် တကယ့် သက်ရှိ ရတနာ ဒေါင်းကဲ့သို့ အခါခပ်သိမ်း ထင်မှတ်ရခြင်းပင် ဖြစ်ပေသည်။

ဤကား "ပျံ"

ထို့ကြောင့် ရတနာမျိုးစုံပါဝင်သော်လည်း ဝင့်ကြွားမြူးကြွသော စိန်ရတနာ သာလျှင် အလေးကဲထားသော ရတနာဒေါင်း တန်ဆာဖြစ်၍ "စိန်ဒေါင်းပျံဝတ်ရုံ" ဟုလည်း ခေါ်သတည်း။

[ ၂ ]

ကောသလဘုရင်မင်းမြတ် ကိုယ်တော်တိုင်နှင့် မိဖုရားကြီးအပါအဝင် မင်းညီ မင်းသားများ အသိုင်းအဝိုင်းကြီးတစ်ခုလုံး ကြွရောက်ချီးမြှင့်မည့် မင်္ဂလာပွဲဖြစ်သော ကြောင့် ဂုဏ်မြင့်မှု ဂုဏ်တင့်မှုကိစ္စတွင်ဖြင့် အတုမရှိဆိုနိုင်သော်လည်း ဘယ်လိုမျှ တု၍မရသည့် သဘာဝက ဖန်တီးထားသော အားနည်းချက်ကတော့ မိမိဘက်တွင် ရှိနေပေသည်။ ယင်းအားနည်းချက်ကား မိမိသည် သမီးရှင်ဖြစ်နေခြင်းပင် ဖြစ်၏။

ဖြစ်ပါစေ၊ ယင်းအားနည်းချက်ကို ပျောက်ကွယ်သွားအောင် မိမိ၏ ပစ္စည်းထု၊ ရတနာထု၊ ဂုဏ်ပကာသနထု၊ အသိုင်းအဝိုင်းထု၊ ထူးခြားသော လုပ်ဆောင်ချက် အထုအထည်များဖြင့် ဖိုပစ်လိုက်မည်၊ ဖိပစ်လိုက်မည်ဟု ဖခင်သူဌေးကြီး ဓနဉ္စယ

www.burmeseclassic.com



ဖွင့်မပြောသော်လည်း သိန္ဒွာန်ချထားသည်။

ယင်းသို့ဖို့ပစ်ရန် အခြားသောအကြောင်းတစ်ရပ်ကလည်း ပေါ်ပေါက်လာပေသေးသည်။ ထိုအကြောင်းရပ်ကား မိမိမျှော်လင့်သော ဘုရင်မင်းတရားနှင့် မိဖုရားတို့ ကိုယ်တော်တိုင် မိမိသမီး မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်မည့်အကြောင်းဖြစ်၏။

ကောသလဘုရင်သည် ဓနဥ္စယကို ချစ်၏၊ လေးစား၏။ အကြောင်းမှာ ဇောတိက ဇဋိလ...စသော အတုမဲ့သူဌေးတို့ ပေါများလှသော ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရထံမှ ဓနဥ္စယကို မိမိကိုယ်တိုင် တောင်းယူဖိတ်ခေါ် ဆောင်ကြဉ်းလာခဲ့ရသူဖြစ်သည်။ နေစရာကျဉ်းသော သာဝတ္ထိနေပြည်တော်အတွင်းတွင် မိမိပစ္စည်း အသိုင်းအဝိုင်းနှင့် မနေလောက်နေလိုဟုဆိုသဖြင့် ဓနဥ္စယအတွက် ဤသာကေတမြို့ကို မိမိကိုယ်တိုင် ကြပ်မတ်တည်ထောင်ပေးခဲ့ခြင်းဖြစ်သည်။

ယခု သမီးကလေး ဝိသာခါ၏ မင်္ဂလာကိစ္စ ပေါ်လာသောအခါတွင် ဘုရင်ကိုယ်တိုင် ကြွရောက်ချီးမြှင့်မည်ဆိုရာ၌ ရိုးရိုးမကြွ။ မကြွမီ သူဌေးဓနဥ္စယအား ချစ်မြတ်စနိုးဖြင့် လှမ်း၍ ခန့်လိုက်သေးသည်။ ခန့်ဟန်ကား ငါသည် မောင်မင်း၏ သမီး မင်္ဂလာပွဲသို့ မင်းမိဖုရား အသိုင်းအဝိုင်းနှင့်တကွ ကြွရောက်ချီးမြှင့်မည်။ ငါတို့အား လျော်ကန်အောင် ဧည့်ခံပြုစုနိုင်ပါမည်လောဟု မေးလိုက်ခြင်းဖြစ်သည်။

ထိုအခါ ဓနဥ္စယက အရှင်မင်းမြတ်ကဲ့သို့ မင်းပေါင်းဆယ်ပါးပင် ကြွရောက်လာပါစေ၊ ဂုဏ်နှင့်အညီ ဧည့်ခံပြုစုရန်မှာ ကျွန်တော်မျိုး၏ တာဝန်ဖြစ်ပါသည်။ တစ်ခုပဲလျှောက်ထားလိုပါသည်။ သမီး၏ မင်္ဂလာရက်ကို သတ်မှတ်၍မထားပါ။ မင်္ဂလာပွဲတွင် သမီးကလေး ဆင်မြန်းရန်အတွက် စိန်ဒေါင်းပျံဝတ်ရုံကို ပြုလုပ်နေဆဲဖြစ်ပါသည်။ စိန်ဒေါင်းပျံဝတ်ရုံ ပြီးစီးသည့်အခါမှ အနီးဆုံးမင်္ဂလာရက်မြတ်ကို သတ်မှတ်ပါမည်။ အရှင်မင်းမြတ်သည် ယင်းမင်္ဂလာရက်မြတ် သတ်မှတ်၍ မင်္ဂလာပွဲ ပြီးစီးသည့်အချိန်တွင်မှ ကျွန်တော်မျိုး၏ ဧည့်သည်တော်အဖြစ်မှ ကင်းလွတ်ခွင့်ပြုပါရန် တောင်းပန်လျှောက်ထားလိုပါသည်ဟု ပြန်၍လျှောက်ထားလိုက်၏။

ယင်းသို့လျှင် ကောသလဘုရင်နှင့်တကွ ပါရှိလေသမျှ မင်းညီမင်းသား မောင်းမမိသံ အသိုင်းအဝိုင်းကို ဂုဏ်နှင့်အညီမျှမက ရွှင်ရွှင်လန်းလန်း မြူးမြူးကြွကြွဖြစ်အောင် ဧည့်ခံခြင်း၊ မင်္ဂလာအခမ်းအနား အချိန်အတွင်း သာကေတတစ်မြို့လုံးအား ပွဲတော်ကြီးနှင့် ဖုံးလွှမ်းထားသည့်ပမာ တာဝန်ယူပြုစုခြင်း စသည်တို့မှာ ဓနဥ္စယအဖို့ သာမန်ကိစ္စမျှဖြစ်၍ အဓိကရည်မှန်းချက်ကိစ္စသည်ကား မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



ပွဲ၏ အခေါင်အဖျားဖြစ်သော သမီးကလေးအား ဂုဏ်အတင့်နိုင်ဆုံး၊ အဝင့်နိုင်ဆုံး ဖြစ်စေရန် အတုမရှိ စိန်ဒေါင်းပျံဝတ်ရုံကို ပြုလုပ်စေခြင်းပင်ဖြစ်၏။

"အတုမရှိ"ဟူသောစကားကို သုံးရသည်မှာ ထုံးတမ်းစဉ်လာ မဟာလ္လတာ တန်ဆာလုပ်နည်းလုပ်ဟန်ကို ချိုးဖောက်၍ အကြွင်အနုပညာရှင် အကျော်အမော် တို့၏ ဉာဏ်စွမ်းရှိသမျှ အဆီးအတား အပိတ်အပင်မရှိ ပြုလုပ်စေသောကြောင့် "အတုမရှိ"ဟု ပြောရခြင်းဖြစ်၏။

ယင်းသို့ ရွှေ,ငွေ,စိန်,ကျောက် စသော ရတနာတို့ကို စုသွန်၍ ပြုလုပ်ရာ၌ အဘယ်မျှ ချွန်မွန်လှပဝင့်ထည်သည်ဆိုစေ၊ ရတနာတည်းဟူသော ရုပ်ဝတ္ထု၏ အလေးချိန်တို့ များပြားလာသလောက် ယင်းအလေးချိန်ကို ဟန်မပျက် ဝတ်ဆင် နိုင်ဖို့ လိုအပ်ပေရာ ဖခင် ဓနဉ္စယအဖို့ ရုပ်အဆင်းနုနယ်ပျိုပျစ်သလောက် ခွန်အား ကြီးမားလှသော ပါရမီရှင် သမီးကလေးဝိသာခါ၏ အစွမ်းကို သိပြီးဖြစ်သည်။ ထို့ကြောင့် ပစ္စည်းတတ်နိုင်၍ အလားတူဝတ်ရုံမျိုး လုပ်ကိုင်နိုင်သည်ဆိုဦးတော့ ယင်းတန်ဆာကို ဝတ်ရုံနိုင်ဖို့ အခက်ကြီးရှိနေသောကြောင့် "အတုမရှိ"ဟု ဆိုရခြင်း ဖြစ်၏။

သို့ရာတွင် ကြို၍ပြောရန်ရှိသည်ကား ဤစိန်ဒေါင်းပျံ မဟာလ္လတာဝတ်ရုံ ပြုလုပ်မှုသည် စံတစ်ခုဖြစ်၍သွားပေရာ နောင်အခါ၌ ယင်းအဝတ်မျိုး ပြုလုပ် ဝတ်ဆင်နိုင်သော အမျိုးသမီးနှစ်ယောက် ပေါ်ပေါက်လာခဲ့ပေသေးသည်။ ယင်းတို့ သည်ကား ကောသလဘုရင်၏ စစ်သူကြီး မဟာဗန္ဓုလ၏ ဇနီး မလ္လိကာနှင့် ဗာရာဏသီမှ သူဌေးသမီး သုမနတို့ဖြစ်ကြပေသည်။ ယင်း မဟာလ္လတာတန်ဆာကို ပြုလုပ်ရာ၌ စိန် ကြောင် နီလာ၊ သန္တာ၊ ပတ္တမြား၊ ရွှေသား၊ ငွေသား...စသော ပစ္စည်းအစုကို အတိုင်းအဆ အကန့်အသတ်မထားဘဲ ဖခင်ဓနဉ္စယသူဌေးကြီး ၏ ရတနာတိုက်ကို အမြဲဖွင့်ထုတ်ပေးခဲ့သော်လည်း ပြုလုပ်အပ်သော ပန်းထိမ်၊ ပန်းချီ၊ အနုပညာသည်တို့ကိုမူ အကန့်အသတ်ထားသည်။

ကောသလတိုင်းမှ ဘုရင့်အသုံးတော်ခံ ပန်းထိမ်ပညာသည်ကြီးကို ဘုရင့်အမိန့် အရ ငှားရမ်းခေါ်ယူခဲ့ပြီးနောက် သူ့လက်အောက်တွင် အကူအညီအဖြစ် လိုအပ်လေ သမျှ ပြုလုပ်ရန် ပန်းချီအနုပညာသည်၊ ပန်းထိမ်အနုပညာသည်နှင့် ဂန္ဓာခန်အနုပညာ သည် သုံးမျိုးပေါင်း အနုပညာသည် ငါးရာအထိ ပေးအပ်ထားသည်။

ယင်းအနုပညာသည်တို့သည် သာဝတ္ထိနှင့် သာကေတတို့မှ ထိပ်တန်းပညာ

www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့ချည်းဖြစ်သော်လည်း ဘုရင့်အသုံးတော်ခံ ဆရာကြီး၏ လက်အောက်တွင် ထိပ်တန်းလက်ရာရှင် ၂၀၀ တစ်စု၊ နောက်ထပ် ၂၀၀ တစ်စုနှင့် ကျန် ၁၀၀ စု ဟူ၍ သုံးစုခွဲလိုက်၏။ မဟာလ္လတာ ခါးဝတ်အောက်ပိုင်းနေရာမှ ခါးအထိ ဒေါင်းမြီး ကွက်ချင်းဆက်နေသော စိန်လှိုင်းကွက်၊ မြလှိုင်းကွက်၊ ပတ္တမြားလှိုင်းကွက် တန်ဆာ ပိုင်းကို ပြုလုပ်သူများမှာ တစ်ရာစုအနုပညာသည်များ ဖြစ်သည်။

ထိပ်တန်းပညာရှင်ငါးရာထဲမှ လက်ရွေးစင်အဖြစ် ကန့်သတ်အပ်သော ကျန် သော အနုပညာသည် လေးရာအနက် ခါးအထက်ပိုင်းမှ လက်နှစ်ဖက်အပါအဝင် လည်ပင်းအထိကို ၂၀၀ စုအား လည်းကောင်း၊ ကျန်သောဦးခေါင်းတန်ဆာ တစ်ခုတည်းအတွက် ၂၀၀ စုတစ်စုအား လည်းကောင်း ဆရာကြီးက တာဝန်ပေး သည်။

ပန်းချီဆရာ၊ ပုံဆွဲဆရာတို့က ဉာဏ်ရှိသမျှ လှအောင် ညွန့်အောင် ပုံစံထုတ်ရ သည်။ ယင်းပုံစံကို ပန်းထိမ်ဆရာတို့က အကောင်အထည်ဖော်သည်။ ယင်းသို့ အကောင်အထည်ဖော်ရာ၌ ရွှေ၊ ငွေ၊ စိန်၊ ကျောက်၊ ရတနာမျိုးစုံတို့၏ အကွေး အချိုးတို့သာမက ပန်းထိမ်ပညာနှင့်ဆိုင်သယောင်နှင့် မဆိုင်သောတန်ဆာပြုလုပ်မှု ပညာရပ်တစ်ခု ရှိပေသေးသည်။ ယင်းပညာရပ်ကား ရတနာတို့ကို ကပ်ရ၊ မြှောင်ရ၊ ကူးရ ဆက်သော ဂုဏ္ဍာန်ပညာရှင်တို့၏ လုပ်ငန်းအတွက် ဂုဏ္ဍာန်ပညာရှင်တို့ကို တွဲဖက်ပေးထားခြင်းဖြစ်၏။

သူဌေးပေါင်းများစွာနှင့် ရတနာမျိုးစုံတို့ ပေါများမှု၌ နာမည်ကြီးလှသော ဉာဏ်မဇ္ဈိမတိုင်း၌ အမျိုးသမီးများအတွက် ဤဝတ်ရုံမျိုး ပြုလုပ်ဖို့ရန် မင်းအဆက် ဆက် သူဌေးအဆက်ဆက်ကပင် အစဉ်အလာ လုပ်နည်းလုပ်ထုံး ရှိခဲ့သည်မှန်၏။ ထိုအစဉ်အလာ လုပ်ထုံးမှတ်တမ်းတွင် စိန်က ဘယ်နှစ်လုံး၊ ပတ္တမြား ဘယ်နှစ်လုံး၊ မည်သို့လုပ်၊ မည်သို့ဆင်ဟု သတ်မှတ်ထားသည်။

နန်းတွင်းပုရပိုက်မှ အကျယ်လုပ်ထုံးကို အတိအကျဖော်ပြရလျှင်–

**မဟာလ္လတာ တန်ဆာတော်လုပ်ဟန်ကား...**

အထူးထူးသော ရွှေယက် ငွေယက်၊ ရွှေပုစွန်ဆီ ငွေပုစွန်ဆီတို့ကို
သင့်ရာ ဆုတ်ဖြတ်ခြယ်လှယ် ချုပ်လုပ်ရသည်မှာ–

www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားအပြည့်စီသော ဦးခေါင်းတော်စွပ် ဆံထုံးပုံတွင် ဥဒေါင်းရုပ်၏ မျက်လုံးကဲ့သို့ ပတ္တမြားကြီးကား တစ်ဖက်တစ်လုံးစီသည်။

ဥဒေါင်း၏နှုတ်သီးကဲ့သို့ တစ်မိုက်ခန့်ရှိသော သန္တာကို ဥဒေါင်းနှုတ်သီးသဏ္ဍာန်တပ်သည်။

ဦးခေါင်းတော်စွပ် ထိပ်တွင်လည်း ဥဒေါင်း၏ ဦးစွန်းကဲ့သို့ မြ၊ ပတ္တမြားခြယ်လုပ်သော စိုက်ပန်းကို စိုက်သည်။

ဆံမြိတ်တော်ကိုလည်း ဥဒေါင်းလည်ကဲ့သို့ ညွတ်ညွတ်ခွေခွေလုပ်၍ မြနှင့် ပတ္တမြားအပြည့် ခြယ်လှယ်သည်။

ရင်လွှမ်းတော်မှာလည်း ဥဒေါင်းလည်ကဲ့သို့ မြစိမ်း၊ ပတ္တမြား၊ ပုလဲ၊ သန္တာတို့ဖြင့် ခြယ်လှယ်၍ အဆွဲအချိတ်နှင့်တကွ ဆန်းကြယ်စွာ လုပ်ကြသည်။

ပတ္တမြား၊ မြ အပြည့်စီသော ရွှေစက်ကြိုးကိုလည်း လက်ဝဲ လက်ယာ ချိတ်ဆွဲသည်။

လက်ဝဲ,လက်ယာ နားတောင်းတော်မှာလည်း မြ၊ ပတ္တမြား၊ စိန် ခြယ်လှယ်၍လုပ်သည်။

ဥဒေါင်း၏ကိုယ်သဏ္ဍာန် အင်္ကျီတော်ကိုလည်း လက်ရင်းကသည် လက်ဖျားဖွင့်လျက် ဥဒေါင်းအတောင်ကဲ့သို့ ရွှေ ငွေ ပတ္တမြားတို့ဖြင့် ဝေဖန်ခြယ်လှယ် ချုပ်လုပ်၍ လက်ဝဲ,လက်ယာ ဥဒေါင်းကဲ့သို့ချသည်။

လက်ကျပ်အင်္ကျီတော်မှာလည်း ခါး ရန်သုံးဆင့်နှင့်တကွ အထက်ခါး ရန်ဆင့်တွင် ပုလဲ၊ သန္တာ၊ မြ၊ နီလာ၊ ရွှေခြူညောင်ရွက် ဆွဲသည်။ ဒုတိယအဆင့်၊ တတိယအဆင့်တွင်လည်း ထိုနည်းတူ ဆွဲသည်။

ထိုမှတစ်ပါး ဒွါဒသရာသီ ခါးကြိုးတော် ဒွါဒရာမှာလည်း မြ၊ ပတ္တမြား၊ ရွှေ၊ ငွေ၊ သန္တာ၊ ပုလဲတို့ဖြင့် ဝေဖန်ခြယ်လှယ်ချုပ်လုပ်သည်။

လက်ဝဲတော်ခါးကြိုးမြိတ် ၁၀၈၊ လက်ယာတော်ခါးကြိုးမြိတ် ၁၀၈ တွင် ပတ္တမြားပန်းဖွားဖြင့် လက်ဝဲ လက်ယာ စေ့နှံ့ဆွဲသည်။ ဒွါဒသရာသီ ၁၂ ခန်းမှာလည်း လုပ်ရိုးဖြစ်သော ဆိတ်စသော ၁၂ ရုပ်တို့ကိုစီ၍ အစီအစဉ်ထုလုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေထဘီတော်စက်နားမှာလည်း အထူးထူးသော ရွှေပြောက် ငွေပြောက်တို့ဖြင့် တင့်တယ်စွာ ခြယ်လှယ်ချုပ်လုပ်ရသည်။

ရွှေစုလျားလည်း ရွှေတိအဖြင့်ခြယ်လှယ်၍ လက်ဝဲသုံးဆင့်၊ လက်ယာ သုံးဆင့်တွင် ရွှေခြုံညောင်ရွက်ဆွဲသည်။

ရတနာဘယက်တော်ကိုခံသော ရင်လွှမ်းတန်ဆာကိုလည်း မြအတိစီခြယ်ချုပ်လုပ်၍ ရင်လွှမ်းဘယက်ခံ လုပ်သည်။

ရတနာဘယက်တော်လည်း စိန်၊ မြ၊ ဥဿဖယား၊ ပတ္တမြားတို့ဖြင့် ခြယ်လှယ်သော စဉ်ဘောင်ကို လက်ဝဲမွှာ၊ လက်ယာမွှာစီလျက် ဘယက်တော်ကြီးကို ရွှေနန်းကွင်းနှင့် ချိတ်ဆွဲသည်။

ထိုမှတစ်ပါး ပတ္တမြားအပြည့်စီသော ရွှေခြေနင်းတော်နှစ်ဖက်နှင့် နောက်တော်ကသည် ဥဒေါင်းမြီးကဲ့သို့ ရွှေရောင်ဖျားစိမ်းတွင် ပုစွန်ဆီ ဝတ်ဆံကျဲ၍ ကနေသော ဥဒေါင်း၏အမြီးကဲ့သို့ ရွှေစုလျားဖြင့် ပတ်၍ ဆွဲသည်။ အောက်အနားမှာလည်း ရွှေခြုံ ရွှေညောင်ရွက် အပြည့်ဆွဲသည်။

ထိုမဟာလွှတာ တန်ဆာတော် ဥဒေါင်းရုပ်တွင် အဖိုးကြီးသော နဝရတ်ကား ဦးခေါင်းလယ်၌တစ်စုံ၊ နားနှစ်ဖက်ဝယ် နှစ်စုံ၊ ကျောဝယ် နှစ်စုံ၊ ရင်တွင် နှစ်စုံ၊ ခါးဝယ် နှစ်စုံ၊ ခြေဝယ် နှစ်စုံ၊ ဒူးဝယ် နှစ်စုံ နဝရတ်ပေါင်း ၁၃ စုံ။

ရွှေပေါင်း ၂၈ဝိ တစ်မတ်၊ ငွေကျော ၃၂ ကျပ်၊ ပတ္တမြား ၇၆၈၆၊ စိန် ၁၅၄၃၊ မြ ၂၆၇၈ လုံး၊ သင့်ရာသင့်ရာ၌ ဝတ်ဆံကျဲသော ပုလဲ ၁၅ဝ ရှိသည်။ ထိုရတနာဘယက် စက်တော်ကို မဆင်ဘဲ ဖြန့်၍ ထားသည်ရှိသော် အချိတ်အဆက် စဉ်ဘောင်နှင့်တကွ ရေးထားသော စုံနန်းကွက်ကဲ့သို့ ရှိသတည်း။

ရတနာဘယက်တော်ဝင်သည့် ရွှေပေါင်းကား ၉၁ိ၊ ပတ္တမြား ၂၇၂၈၊ စိန်ပေါင်း ၁ဝ၅၊ မြပေါင်း ၂ဝဝ၊ နဝရတ်ပေါင်းစုံ ၂ဝ ဝင်သတည်း။

**မဟာလွှတာ တန်ဆာတော်လုပ်နည်း ပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ဇာတိက၊ ဇင္ဗိုလ စသည်တို့ကို မရွှိမတစ်တိုက်လုံး ဂုဏ်သတင်းလွှမ်းသော သူဌေးပေါင်းများစွာတို့ စုဝေးရာဖြစ်၏။ သို့ရာတွင် "သူဌေး"ဟူသော ဂုဏ်ထူးသည် ကြီးမြတ်သော မင်းပေးဘွဲ့တံဆိပ်တစ်ရပ်ဖြစ်သည်။ ယင်းတံဆိပ်ကို လိုချင်သော်လည်း ဘွဲ့ရလိုမှုအတွက် မိမိ၏ရှိသောပစ္စည်းကို မင်းရော, ပြည်သူတို့ပါ သိမည်၊ ထိပါးမည်စိုးသော တွန့်တိုမှုကြောင့် ဘွဲ့တံဆိပ်နှင့် ဝေးနေသူများရှိသကဲ့သို့ ပစ္စည်းပင်ပြည့်စုံစေကာမူ မင်းပိုင်းစိုးခွင် မဝင်ဆံ့ မနီးကပ်သောကြောင့် သူဌေးဘွဲ့နှင့် ဝေးနေရသူများလည်း ရှိသည်။ ယင်းသို့ဖြင့် သူဌေးဟူသောဘွဲ့မှာ ချမ်းသာသူတိုင်း ရနိုင်သော ဘွဲ့တံဆိပ်မဟုတ်စေကာမူ နိုင်ငံတော်နှင့် ဘုရင့်အစိုးရတွင် တိုင်းသိပြည်သိ သူဌေးများရှိနေစေဖို့မှာလည်း တိုင်းကားပြည်ရွာတို့၏ အရေးပါသော အင်္ဂါတစ်ရပ်ဖြစ်၏။

မည်သို့ဆိုစေ ကောသလတည်းဟူသော နိုင်ငံကြီးတစ်နိုင်ငံက မိမိ၏ပြိုင်ဘက်ဖြစ်သော ရာဇဂြိုဟ်သို့ သူဌေးသွားတောင်းရသည်ဆိုသော ကောသလဘုရင်၏ အတွေးအခေါ်ကို ဖွင့်၍ပင် မပြောဝံ့ကြစေကာမူ သာဝတ္ထိ၏ မျက်နှာကြီးပိုင်းလောကဩ များစွာမကျေမလည် ဖြစ်ကြရသည်။

ယင်း မကျေမလည် မပြေလည်မှုကို ရာဇဂြိုဟ်မှ နာမည်ကျော်သူဌေးကြီးငါးဦးအနက် တစ်ဦးအပါအဝင်ဖြစ်သော မေဏ္ဍကသူဌေး၏သား ယခု သာဝတ္ထိသို့ သူဌေးအမည်ခံဖြင့် လိုက်ပါလာရသူ ဓနဉ္စယသည် သိသည်သာဖြစ်၏။ ကောသလဘုရင်က ဤမျှအရေးပေးရလောက်သော ဓနဉ္စယဆိုသူက ဘယ်လိုသူဌေးမို့တုံးဟူသော သာဝတ္ထိအထက်ပိုင်းလောက၏ မကျေလည်မှုကို ဓနဉ္စယဟူသည် ဤလိုသူဌေးတည်းဟူ၍ မပြောသော်လည်း ပြောဘိအလား အခွင့်အရေးရသလောက် ထုတ်ဖော်ပြဖို့ရန်မှာ ဓနဉ္စယ၏ ဖွင့်မပြောသော သဘောထားဖြစ်သည်။

သို့ဖြစ်၍ ကောသလဘုရင်က ဓနဉ္စယအား သဝတ္ထိသို့ ခေါ်ခဲ့ရာတွင် ဓနဉ္စယသည် သာဝတ္ထိသို့ ရောက်အောင်မလာဘဲ မိမိ၏ပစ္စည်းနှင့် အသိုက်အဝန်းသည် သာဝတ္ထိမြို့တော်အတွင်းတွင် မနေလောက်ဟု ဆိုစေကာ ခုနစ်ယူဇနာဝေးကွာသော မြို့ပြင်တွင် "သာကေတ"ဟူသော သီးခြားမြို့သစ်တည်၍ နေပြလိုက်သည်။ ယခု သမီးကလေး၏ မင်္ဂလာကိစ္စ ပေါ်ပေါက်လာသောအခါတွင်ကား မင်္ဂလာ

www.burmeseclassic.com



ကိစ္စဟူသည် စွမ်းဆောင်နိုင်သော အကြင်သူ တစ်ဦးအဖို့ ဇာချဲ့လိုလျှင် ချဲ့ချင်တိုင်း ချဲ့နိုင်သောကိစ္စမျိုး ဖြစ်သောကြောင့် သာဝတ္ထိသားတို့အား မိမိ၏ပစ္စည်းအင်အား ကို အစွမ်းကုန်ပြနိုင်သော အခွင့်အရေးမျိုး ပေါ်ပေါက်လာခြင်းဖြစ်သည်။ သာဝတ္ထိ ၏ သူဌေးတစ်ဦးဟု ကျော်ကြားသော မိဂါရသူဌေးနှင့် ခမည်းခမက်တော်ရမည့် အရေးအခင်းဖြစ်သောကြောင့်လည်း ဂုဏ်ပြိုင်ဂုဏ်ပြသဘောမှာ ပို၍အင်အားကောင်း လာသည်။

ဤတွင် သာဝတ္ထိ၏ ထိပ်သီး တိုင်းကြီး ကောသလ၏အရှင် ဘုရင်မင်းတရား ကိုယ်တိုင်က ဝိသာခါ၏ကိစ္စ ခနဥ္စယဦးဆောင်သော မင်္ဂလာပွဲတွင် လေးလ တိုင်တိုင်ပင် နိုင်ငံတော် ရွှေနန်းကိုစွန့်ခွာ၍ သာကေတတွင် ပြောင်းရွှေ့စံတော်မူ သည်အထိ ကြီးစွာသော ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်လိုက်သောအခါ မိဂါရသူဌေး ၏သား ပုဏ္ဏဝဒ္ဓန သတို့သားနှင့် ဝိသာခါတို့၏ မင်္ဂလာပွဲမှာ မဇ္ဈိမသမိုင်းတွင် ပြိုင်စံရှားသော မင်္ဂလာပွဲကြီးတစ်ပွဲအဖြစ်သို့ပင် ရောက်လာသတည်း။

ထို့ကြောင့် သမီးကလေး မင်္ဂလာသဘင်တွင် ဝတ်ဆင်ရန် ဝတ်ရုံတစ်ခုအတွက် ပင်လျှင် အထက်ဖော်ပြပါအတိုင်း အဘယ်မျှ ဇာချဲ့သည်ကို သဘောပေါက်လောက် ကြပေပြီ။ သာကေတတွင် ဘုရင်နှင့် ဘုရင့်အသိုက်အဝန်း၊ မိဂါရသူဌေးနှင့် ယင်း၏ အသိုက်အဝန်းမျှမက သာကေတတစ်မြို့လုံးကို မီးခိုးတိတ်စေကာ လေးလ တိုင်တိုင် မင်္ဂလာအကြိုပွဲကြီး ဆင်နွှဲခဲ့ရာ၌ လူ့ကိစ္စအရေးပါမှုတွင် စိန်ရွှေရတနာ ထက် အရေးကြီးသော ထင်းပြတ်လပ်သွားမှုကြောင့် ဆင်တင်းကုပ်၊ မြင်းတင်းကုပ် တို့ကို ဖျက်ဆီး၍ ထင်းလုပ်ခဲ့သောကိစ္စ၊ ဤမျှနှင့်လည်း မလုံလောက်သောကြောင့် အဝတ်,အထည်ဂိုဒေါင်များမှ အဝတ်အထည်များကို ထုတ်ယူ ဆီစိမ်ပြီး ထင်းလုပ် ရသော ကိစ္စများမှာ ဝိသာခါ မင်္ဂလာပွဲ၏ သမိုင်းအစဉ်တွင် စာတင်ရသောကိစ္စများ ဖြစ်ကြပေသည်။

ယင်းသို့လျှင် မင်္ဂလာလက်ထပ်ပွဲကြီး ဝှဲချီးကျင်းပအပြီး သတို့သမီးအဖို့ ထုံးစံအတိုင်း ယောက္ခမအိမ်သို့လိုက်ပါရ၍ သာဝတ္ထိတွင်းသို့ ဝင်သောအခါ စိန် ဒေါင်းပျံ ဝတ်ရုံသည် မင်္ဂလာပွဲတွင် သတို့သားနှင့်ယှဉ်တွဲ ပွဲထုတ်ရာ၌ ဝတ်ဆင်ရုံ မျှ မကဘဲ အရှေ့ ဥဒည်းတောင်စွန်းမှ မြူးကြွဲပျံ၍လာသော ဒေါင်းပျိုမလေးကဲ့သို့ ကြီးစွာသောအခြံအရံတို့ ဝိုင်းဝန်းအပ်သော အမိုးဖွင့် မင်္ဂလာရထားအထက်၌ စိန်ဒေါင်းပျံဝတ်ရုံကို ဝတ်ဆင်ကာ သာဝတ္ထိတစ်မြို့လုံး မြင်စေ,သိစေသော မင်း

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးဖြင့် ဝင်ရောက်ခဲ့လေရာတွင် 'ဝိသာခါ'ဟူသော ဂုဏ်သတင်းသည် တစ်မြို့လုံးကို လင်းချင်းစေခဲ့ပေသည်။

ထိုမျှသာမဟုတ် ဝိသာခါ၏ ပင်ကိုစွမ်းရည်ကြောင့်လည်းကောင်း၊ ဘဝအကျိုးပေး ထက်သန်လှသော အခြေခံအကြောင်းအချက်များကြောင့်လည်းကောင်း မပြေလည်သော လူမှုရေးကိစ္စ၊ ဘာသာရေးကိစ္စမျိုးစုံတို့ ပြေလည်ခဲ့ရုံမျှမက သာဝတ္ထိပြည်သူ မဟုတ်ပါဘဲနှင့် ဘုရားရှင်၏ သာသနာရေးကိစ္စများတွင် နာမည်ကျော်ကြားလှသော သာဝတ္ထိပြည်သား အနာထပိဏ်သူဌေးနှင့်ပင် နှိုင်းယှဉ်ကာ "အနာထပိဏ်သော မောင်ပိဏ်သော၊ ဝိသာခါသော မယ်ခါသော"ဟု သာဝတ္ထိပြည်သားတို့က စောကြောပြောဆိုရလောက်အောင် အရေးပါ အရာရောက်သူလည်း ဖြစ်လာခဲ့ပေသည်။

[ ၃ ]

ပုဏ္ဏဝဍ္ဎနသူဌေးနှင့် ဝိသာခါတို့ ပေါက်ဖွားလေသမျှ သား,မြေးတို့ စည်ပင်များပြားလှသောကြောင့် သာဝတ္ထိရှိ အိမ်ထောင်ရှင်အားလုံးတို့၏ ကျက်သရေဆောင်ကြီး ဝိသာခါ။

သား,မြေး,မြစ်တို့ အဘယ်မျှတိုးပွား၍ 'မယ်တော်ကြီး ဝိသာခါ၊ အဘွားဝိသာခါ'ဟု ခေါ်လောက်သည့်အရွယ်သို့ ရောက်လာစေကာမူ သမီးများ၊ မြေးများနှင့် တန်းတူပင် အရွယ်မကျ ပျိုမျစ် လှပမြဲ လှပလျက်ပင်ရှိသောကြောင့် အလှကျက်သရေပိုင်ရှင် ဝိသာခါ။

မိမိအိမ်တွင် အချိန်မရွေး သီတင်းသုံးနိုင်အောင် ရဟန်းငါးရာအတွက် သံဃာ့နေရာများ စီစဉ်ထားရှိသူဖြစ်သောကြောင့် ရဟန်းမယ်တော်ကြီး ဝိသာခါ။

ဘုရားရှင် သာသနာတော်၌ အဘယ်သူတို့က အဘယ်မျှပင် စွန့်လွှတ်လှူဒါန်းကြစေကာမူ အလှူဒါနအရာ၌ အခါမလပ် မပြတ်သော သဒ္ဓါတရားတွင် တုဖက်ကင်းသောကြောင့် ဘုရားရှင်ကိုယ်တော်တိုင်ကပင် အလှူအတန်း၌ မွေ့လျော်သူအဖြစ် ဧတဒဂ်ထားရသော စေတနာရှင်ကြီး ဝိသာခါ၊ ဤဝိသာခါ၊ အနီဝိသာခါစသော ဂုဏ်ထု, ဂုဏ်ထည်များမှာ ဝိသာခါအဖို့ ထပ်လျက်ရှိ၏။

မဟာလ္လတာတန်ဆာပိုင်ရှင်၊ စိန်ဒေါင်းပျံဝတ်ရုံပိုင်ရှင်ဟူသော ဂုဏ်မှာကားရှိး၍ပင်နေခဲ့ပေပြီ။ ရှိးရုံမျှမဟုတ် လှလို, ပလို ဂုဏ်ထည်လိုသော ငယ်ရွယ်စဉ်ကနှ

www.burmeseclassic.com



ဤဝတ်ရုံကြောင့် ပရိသတ် ဗိုလ်ပုံအလယ်တွင် တင့်တယ်ပြီးရင်း တင့်တယ်ရင်း ဖြင့် နှစ်သိမ့်ရွှင်လန်းမှု အကြိမ်ကြိမ်ဖြစ်ခဲ့ရသည်မှန်သော်လည်း သက်ကြီးပိုင်းရောက် ၍ ဇရာထောက်လာသော ယနေ့အချိန်၌မူ စိန်ဒေါင်းပျံ၏ အကျိုးသက်ရောက်မှု အရှိန်မှာ မပြေမပျောက်နိုင်သေးသောကြောင့် တစ်ခါတစ်ရံတော့လည်း တယ်ပြီး ဒုက္ခပွားစေတဲ့ ဝတ်ရုံကြီးပါလားဟူသော အတွေးထင်များပင် ဝင်ရောက်လာခဲ့ပေ သည်။

အကြောင်းသော်ကား အိမ်သူ မင်္ဂလာတို့၏ အရှင်ဖြစ်သော ဝိသာခါဟု သိမှတ်ထားကြသောကြောင့် ပတ်ဝန်းကျင်တွင် မင်္ဂလာပွဲဆင်နွှဲသည်ဆိုတိုင်း အရှင်မ ဝိသာခါ မပါ မရှိစေရ၊ မပါ ပါအောင်၊ မလာ လာအောင် ပင့်ဖိတ်၍ မပြတ်လိုလို သွားရောက်ချီးမြှင့်ရရာ၌ သာမန်မင်္ဂလာပွဲသို့ သာမန်အဆင်အပြင်ဖြင့် သွားရောက် နိုင်သော်လည်း အရေးပါလှသော ဂုဏ်ကြီးရှင်တို့၏ မင်္ဂလာပွဲများသို့မူ ရှုမြင်တိုင်း မရိုးသော စိန်ဒေါင်းပျံ မဟာလ္လတာ ဝတ်ရုံအပြည့်နှင့် တက်ရောက်ရဖန်များလာ သောအခါ ဝတ်ရုံရသူအဖို့ ငြီးငွေ့ဖွယ် ဖြစ်လာရတော့သည်။

အမျိုးသမီးတို့၏ အလှအပကို ဆင်သခြယ်မှုန်းရာ၌ အဆင့်မြင့်လျှင် မြင့် သလောက် ဆင်ပြင် ခြယ်မှုန်းစရာကိစ္စ များပြားလှရကား စိန်ဒေါင်းပျံဝတ်ရုံမှာ ပို၍များပြားသည်။ စိန်ဒေါင်းပျံကြီးကို ခြေဖျားကအစ ဦးထိပ်အထိ ဆင်သရာ၌ သူ့နေရာနှင့်သူ ချပ်ချပ်ရပ်ရပ် သေသေသပ်သပ်ဖြစ်အောင် တစ်ယောက်တည်းဖြင့် မပြီးနိုင်သောကြောင့် အခြွေအရံတို့၏ အကူအညီကို ယူရမြဲဖြစ်သည်။ ဝတ်ဆင်ပြီး လျှင် အခြားအဝတ်အစားတန်ဆာများ ဝတ်ဆင်ထားသကဲ့သို့ လွတ်လပ်သွက်လက် စွာ လှုပ်ရှားခွင့်မရ၊ ဆင်မယဉ်သာကဲ့သို့ လှုပ်သည် ရွေ့သည်ဆိုရုံမျှ သိမ်သိမ်မွေ့မွေ့ ကလေးသာ လှုပ်ရှားရသည်။ စိန်ဒေါင်းပျံ၏ ဂုဏ်ကျက်သရေကို ထိန်းသိမ်းရသော ကြောင့်လည်း ဖြစ်၏။ စိန်ဒေါင်းပျံ၏ မလွတ်လပ် ကျဉ်းကျပ်မှုကြောင့်လည်း ဖြစ်၏။

အဝတ်တန်ဆာကြောင့် အဘယ်မျှ ချုပ်ချယ်ကျဉ်းကျပ် မလွတ်လပ်စေကာမူ အလှဆိုလျှင် တပ်မက်ချင်သော ငယ်စဉ်ကမူ နှစ်သိမ့်ကြည်နူးခဲ့သည်သာဖြစ်၏။ ယခုလို သက်ကြီးရွယ်ရင့်ပိုင်း ရောက်လာသောအခါ၌မူ အလှဂုဏ်၊ ပစ္စည်းဂုဏ် တွေနှင့် ထပ်လှ၍၊ ဝသလို၊ ရိုးသလိုဖြစ်လာသောကြောင့်တစ်ကြောင်း၊ သက်ကြီး ရွယ်တို့ ဓမ္မတာ ကျဉ်းကျပ်ချုပ်ချယ်မှုကို မလိုလားတော့သည် တစ်ကြောင်း၊ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



စိန်ဒေါင်းပျံကြီးအား ဝတ်ဆင်ရသည်ကို ကြောက်သလိုလို ရွံ့သလိုလိုအထိ ရှိလာခဲ့ရသည်။

ယင်းသို့ဖြင့် ယခုတလောတွင် နှစ်ပိုင်းနှင့်ချီ၍ပင် စိန်ဒေါင်းပျံကြီးကိစ္စ ပေါ်ပေါက်မလာသောကြောင့် မေ့သလိုလိုပင် ရှိနေခဲ့ရာက ဘုရင်မင်းမြတ် အသိုင်းအဝန်းမှ မင်းသမီးတစ်ပါး၏ မင်္ဂလာသဘင်နှင့် ယနေ့ကြုံကြိုက်လာသောကြောင့် စိန်ဒေါင်းပျံကြီးကို ဝတ်ဆင်ရပေဦးတော့မည်ဟု စိတ်လေးလေးနှင့်ပင် စဉ်းစားလိုက်ရ၏။

"ငါတို့ ရိုးရိုးသွားရင်လည်း ဖြစ်မှာပါပဲဟယ်၊ ငါဖြင့် စိန်ဒေါင်းပျံကြီးကို ဝတ်ရမှာ ဝန်လေးလိုက်တာ လွန်ရော"ဟု အနီးရှိ သမီးတစ်ယောက်အား အဖော်ညှိသည့်အနေဖြင့် စကားသွေးတိုးစမ်းကြည့်လိုက်သောအခါ–

"ဘယ်ဖြစ်မလဲ အမေရဲ့၊ ဖိတ်တာက ရိုးရိုးဖိတ်တာမဟုတ်ဘူး၊ စိန်ဒေါင်းပျံဝတ်ရုံအပြည့်နဲ့ ကြွပါလို့ အထူးတလည် လာဖိတ်သွားတာ အမေရဲ့၊ အထူးတလည် မဖိတ်နဲ့ဦးတော့ ဒီပွဲက အမေဝတ်မှပြီးမယ့် ပွဲမျိုးဟာပဲ"ဟု သမီးက ပြန်ပြောသည်။

"ဟုတ်တော့ ဟုတ်ပါရဲ့ဟယ်၊ ဒါပေမယ့် ဘုရားရှင်ကျောင်းတော်ကိုလည်း အရေးတကြီးကိစ္စတစ်ခုရှိလို့ တစ်ပါတည်းသွားရဦးမယ်ဆိုတော့ ဒီဝတ်ရုံကြီး ဝတ်သွားရမှာက တာဝန်ကြီးလိုက်တာ လွန်ရော"

"ဒါလည်း အခက်အခဲမဟုတ်ပါဘူး အမေရဲ့၊ ကျောင်းတော်ဝင်တော့ ဝတ်ရုံကြီး ချွတ်ထားလိုက်ရင် ပြီးတဲ့ဟာ"

"အေးပေါ့အေ ဝတ်ရပေဦးမှာပေါ့၊ အမေဖြင့် ဒီဟာကြီးအပေါ် စိတ်ကုန်နေတာ အတော်ကြာပြီ၊ သမီးတို့ကလည်း ဒါကြီးဝတ်နိုင်တဲ့သူ တစ်ယောက်မှ မရှိဘူး။ ဒါကြောင့်မို့ ဒီဝတ်ရုံကြီးကိစ္စပြီးအောင် တစ်ခါတစ်ခါတော့ ရောင်းပစ်လိုက်ဖို့တောင် စိတ်ကူးမိသေးတယ်"

"ဘယ်ဖြစ်မလဲ အမေရယ်၊ ဒီဝတ်ရုံကြီးက ရိုးရိုး စိန်ဖိုး မြဖိုး ရတနာဖိုး တန်ဖိုးရှိတဲ့အနေမျိုးနဲ့မှ မဟုတ်ဘဲဟာ၊ ဘဘကိုယ်တိုင် အထူးတလည်လုပ်ပေးခဲ့တဲ့ အမွေတန်ဖိုး၊ မေတ္တာတန်ဖိုးရှိတယ်။ အဲဒီတန်ဖိုးကို ဘယ်လိုအဖိုးဖြတ်လို့ရမှာလဲ။ ပြီးတော့ ဒီထက်ကြီးမားပြီး ဘယ်လိုမှ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးတစ်ရပ်လည်း ရှိသေးတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုများပါလိမ့်အေ"

"အမေကလည်း သိရက်သားနဲ့ မေးနေပြန်ပြီ။ ဒီဝတ်ရုံကြီးရဲ့ လက်ရာဟာ ထိပ်တန်းအနုပညာသည်ပေါင်းများစွာရဲ့ ဦးနှောက်တွေနဲ့ အစွမ်းကုန် စုပေါင်းထားတဲ့ လက်ရာမဟုတ်လား။ ဒီလိုအခွင့်အရေးမျိုးကို အမေမို့လို့ ခွင့်ကြီးသာလို့ ရခဲ့တာမဟုတ်လား။ ဘုရင်မင်းမြတ်ကိုယ်တိုင်ကလည်း အင်မတန် လိုလားတော်မူတဲ့အချိန်၊ ဘဘကိုယ်တိုင်ကလည်း အင်မတန်တက်ကြွနေတဲ့အချိန်၊ ထိပ်သီး အနုပညာသည်တွေကလည်း အဆင်သင့်ရှိနေသေးတဲ့အချိန်မို့ အမေရခဲ့တာမဟုတ်လား။ ဒီလိုအခွင့်အရေး ဒီလိုလက်ရာမျိုးကို ပစ္စည်းဘယ်လောက်ချမ်းသာချမ်းသာ ဘယ်လိုလုပ်ပြီး ရနိုင်ဦးမှာလဲ။ ဒါကြီးကိုပဲ ရောင်းပစ်ဖို့ စိတ်ကူးတယ်ဆိုတော့"

"တော်ပါသမီးရယ်၊ အမေသဘောပေါက်ပါတယ်။ နို့ပေမယ့် ဒါတွေက စိတ်ကူးထဲမှာရှိတဲ့ အတွေးအထင်တွေပဲ။ တကယ်လက်တွေ့မှာတော့ ဒါကြီးက အမေ့ကို ငြီးငွေ့စေရုံး အမှန်ပဲ။ ကဲ...ဒါတွေ ဆွေးနွေးမနေပါနဲ့တော့ သမီးတို့ ဆန္ဒအတိုင်း အမေဝတ်သွားပါ့မယ်"

[ ၅ ]

သောတာပန်တရားရှင်လည်းဖြစ်၊ မော်ကြွားပလွှား ဂုဏ်ထည်လိုမှုတည်း ဟူသော ပြင်ပကိစ္စကို အတွေးနည်း၍ အေးငြိမ်းလိုမှုအတွင်းပိုင်းသို့ အတွေးများ လာသော အဘွားကြီးဝိသာခါ၏ ပစ္စည်းတွင် မက်မောမှုသဘောထားကို ငယ်ရွယ် သူများက သဘောပေါက်ကြဟန်မတူပေ။

သို့နှင့် ထုံးစံအတိုင်းပင် ဖိတ်ကြားထားသော မင်္ဂလာပွဲသို့ ထိုနေ့လယ်ပိုင်းက စိန်ဒေါင်းပျံဝတ်ရုံကို တခမ်းတနား ဝတ်ရုံသွားရောက်၍ မင်္ဂလာပွဲအတွက် လုပ် ဆောင်ကူညီရန် ရှိသမျှကို ကူညီပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ သွားရောက်ခဲ့ သည်။ ကျောင်းတော်အဝင်တွင် ဤအဝတ်အဆင်ကြီးနှင့် ဘုရားရှင်နှင့် သံဃာတော် များ ရှေ့တော်မှောက်၌ မလျော်လှသောကြောင့် ကျောင်းဝတွင်ချွတ်ပြီးလျှင် ဤ ဝတ်ရုံကြီး ထိန်းသိမ်းကိုင်ဆောင်နိုင်မှုအတွက် သီးသန့်ရှာဖွေထားရှိခဲ့သော အခြွေ အရံ အမျိုးသမီးလက်သို့ အပ်လိုက်ရ၏။

ခါတိုင်းဆိုလျှင် အိမ်သို့ပြန်၍ ဝတ်ရုံကြီးကို သိမ်းဆည်းပြီးမှ ကျောင်းတော်သို့ သီးသန့်သွားလေ့ရှိသော်လည်း ယနေ့အဖို့မူ မင်္ဂလာကိစ္စကလည်း ကျောင်းတော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



နီးရာတွင် ကျောင်းသို့ရောက်လိုဇောက ခါတိုင်းထက် ထက်ထက်သန်သန် ကပ်လျက်ရှိသောကြောင့် အိမ်မပြန်တော့ဘဲ ကျောင်းတော်သို့ လာရောက်ခဲ့ခြင်း ဖြစ်သည်။

မိုးဦးရာသီတွင် ဇေတဝန်ကျောင်းတော်တစ်ဝိုက်၊ အထူးသဖြင့် ဘုရားရှင်၏ ဂန္ဓကုဋီတိုက်တော်တစ်ဝိုက်မှ ပန်းရုံပန်းခက်များ ပြန့်ပွားကြွတက်လာသဖြင့် ပြေပြစ်အောင် ရှင်းလင်းပြုပြင်ရမည်ကို မနေ့က ကျောင်းတော်သို့ရောက်ခဲ့ရာတွင် အာရုံကပ်လာခဲ့၏။ သံဃာတော်များ အသုံးပြုသည့် ကျောင်းပစ္စည်းအချို့မှာ မိုးဦးရာသီ၏ အစိုဓာတ်ကြောင့် အတန်ငယ် မသန့်မရှင်းဖြစ်နေသည်ကိုလည်း ရှင်းလင်းသုတ်သင်ပစ်ခိုင်းဖို့ရန် မနေ့က အာရုံကပ်ထားခဲ့၏။ ထို့ထက် အရေးကြီးသည်မှာကား ယခုတလော၌ တရားဘက်သို့ ထက်သန်သော သက်ရွယ်ကြီးရင့်လာသူတို့၏ ဓမ္မတာအတိုင်း ဘုရားရှင်၏ တရားတော်ကို နာကြားရသည်မှာ နာ၍ မဝနိုင်အောင် ဆန္ဒအင်အားထက်သန်လျက်ရှိရာတွင် ဘုရားရှင်၏ ညဦးပိုင်း တရားပွဲတော်သို့သာ အာရုံကပ်လျက်ရှိသည်။ ကျောင်းတွင်းဝေယျာဝစ္စများ ဆောင်ရွက်ရင်းနှင့် ဘုရားရှင် သို့မဟုတ် ရှင်သာရိပုတ္တရာ၊ ရှင်အာနန္ဒာ စသော ရဟန်းတော်တစ်ပါးပါးနှင့် စကားဆုံစည်းပါက ထူးခြားသောစကားတစ်ရပ်ရပ်ကိုလည်း ကြားနာရတတ်သည်။ ထိုအတွေ့အကြုံကိုလည်း ရနိုင်စကောင်းဟု ဝိသာခါ မျှော်လင့်သည်။

သို့နှင့် ကျောင်းအမကြီးနှင့် အသိုက်အဝန်းများသည် ထုံးစံအတိုင်း ဘုရားရှင်အထံတော်သို့ ဝင်ရောက်ဖူးမြော်ကြပြီးလျှင် မနေ့က အာရုံကပ်ခဲ့သော ဖော်ပြပါ ကျောင်းဝေယျာဝစ္စများကို ဒါယိကာမကြီးက ဦးဆောင်၍ လုပ်ကိုင်ကြသည်။ လုပ်ရင်းကိုင်ရင်းဖြင့် ကိစ္စများသောကြောင့် ညဦးပိုင်းသို့ ရောက်ခဲ့ရာမှ ဘုရားရှင်တရားပွဲတော်သို့ ဆက်လက်ဝင်ရောက်နာယူကြသည်။ ယင်းသို့လျှင် နေ့လယ်မှသည် ညဦးပိုင်းတရားပွဲ ပြီးသည်အထိ ဒါယိကာမကြီး၏ ရတနာသုံးပါးတွင် ဆန္ဒစောမှု၊ အရေးအခင်းက မပြီးပြတ်ခဲ့သောအခါ အခြွေအရံများအတွက် ပေါ်ပေါက်လာသော ပြဿနာတစ်ရပ်မှာ ဆာလောင်လာကြခြင်းပင်ဖြစ်၏။ ဒါယိကာမကြီးအဖို့မှာ သူ့ဆန္ဒနှင့်သူ ဇောကပ်နေသူဖြစ်သောကြောင့် စားချိန်သောက်ချိန်ကိုပင် သတိရဟန်မတူသော်လည်း အခြွေအရံများအဖို့မူ တရားကိုမှ ဖြောင့်ဖြောင့်မနာနိုင်လောက်အောင် ရှိကြသည်။

သို့ရာတွင် တရားပွဲပြီးသောအချိန်တွင်မူ ဒါယိကာမကြီးကိုယ်တိုင် ထိုနေ့

www.burmeseclassic.com



အတွက် ဆန္ဒပြည့်ဝ၍ ဆာလောင်သည့်အသွင် ပေါ်လာကာ "တစ်နေ့လုံး ဘာမှ မစားကြရသေးဘူး၊ ညည်းတို့လည်း မောမောပန်းပန်းနဲ့ ဆာကြရောပေါ့"ဟုပင် ပြောဆိုကာ အိမ်သို့ ကသုတ်ကရက် ပြန်ခဲ့ကြသည်။

အိမ်သို့ရောက်မှ သိရသည်ကား ဘုရားရှင် ဂန္ဓကုဋီတိုက်အဝတွင် နေ့လယ်က ဝတ်ခဲ့သော စိန်ဒေါင်းပျံဝတ်ရုံကြီး စုပုံထားရာမှ မေ့လျော့ခဲ့ကြခြင်းဖြစ်၏။ သို့ရာတွင် အာဟာရကိစ္စကြောင့် အချိန်မရှိတော့သည်ဖြစ်၍ မနက်ဖြန်မှပဲ ယူတော့မည်ဟု အာရုံဖြတ်လိုက်ကြသည်။

ဒါယိကာမကြီးအဖို့မူ စိန်ဒေါင်းပျံကြီးသည် မိမိဆန္ဒအတိုင်း ဆောင်ရွက်နိုင်ရန် အခြေအနေက ပေးခဲ့လေပြီတကားဟု စဉ်းစားမိ၍ ပြုံးလိုက်ရ၏။ အကြောင်းမှာ ကျောင်းတော်ရှိ ဂန္ဓကုဋီတိုက်တွင်လည်းကောင်း၊ တရားမဏ္ဍပ်တွင် လည်းကောင်း ဘုရားဖူးရင်း၊ တရားနာရင်းမှ ဒါယကာ ဒါယိကာမတို့ မေ့ကျန်သော ပစ္စည်းတစ်စုံတစ်ရာကို သိမ်းဆည်းသူမှာ အရှင်အာနန္ဒာဖြစ်၏။ စိန်ဒေါင်းပျံကြီးကိုလည်း အရှင်အာနန္ဒာပင် သိမ်းဆည်းဖို့ရှိသည်။ သို့ဆိုလျှင် မိမိရည်မှန်းချက် အထမြောက်ပေတော့မည်တကားဟု ဝမ်းမြောက်စိတ်ဖြင့် ပြုံးမိခြင်းဖြစ်၏။

သို့ဖြစ်၍ နောက်တစ်နေ့တွင် စိန်ဒေါင်းပျံကို ထိန်းသိမ်းမြဲ အခြွေအရံအမျိုးသမီးအား စိန်ဒေါင်းပျံကြီးကို ကျောင်းတော်သို့သွားရောက်ယူစေသောအခါ အမှတ်မဲ့အားဖြင့် စေလွှတ်ခြင်းမဟုတ်ဘဲ အတွေ့အမြင်ကို အသေအချာမေးမြန်း၍ ယူခဲ့ရန် မှာကြားလိုက်သည်။

အခြွေအရံ အမျိုးသမီးသည် ကျောင်းတော်သို့ရောက်၍ မနေ့ကထားခဲ့သော နေရာတွင် စိန်ဒေါင်းပျံကြီးကို ကြည့်ရှုလိုက်သောအခါ မမြင်မတွေ့ရတော့ဘဲ ကျောင်းနံရံတွင် အလိုက်သင့် ချိတ်တင်သိမ်းဆည်းထားသည်ကို တွေ့ရသောကြောင့် လျှောက်ထားကြည့်သောအခါ ထုံးစံအတိုင်း အရှင်အာနန္ဒာကပင် သိမ်းဆည်းကြောင်း သိရှိရသည်။

စိန်ဒေါင်းပျံကိုယူ၍ အိမ်သို့ရောက်သောအခါ ဒါယိကာမကြီးက စူးစမ်းသော မျက်စိဖြင့် စိန်ဒေါင်းပျံကိုကြည့်၍ သိမ်းဆည်းနေကျတံတင်းတွင် မထည့်သွင်း မသိမ်းဆည်းစေဘဲ မိမိထင်မြင်ချက်အတိုင်း တွက်ကိန်းမိပြီးသည့်အနေဖြင့် ခေါင်းရင်းခန်း ဘုရားရှင်သီတင်းသုံးနေကျ နေရာရှေ့ရှိ ရွှေကလပ်ကြီးတစ်ခုပေါ်သို့ တင်ထားစေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ပြောစမ်း၊ ဒီပစ္စည်းကို ဘယ်နေရာမှာတွေ့ခဲ့တာလဲ"

"ကျောင်းနံရံမှာ ချိတ်ထားတာ တွေ့ရပါတယ် အရှင်မ"

"ဘယ်သူ သိမ်းထားတာတဲ့လဲ"

"ရှင်အာနန္ဒာပါတဲ့ အရှင်မ"

"အေး...ဟုတ်ကပြီ၊ ရှင်အာနန္ဒာလက်တော်နဲ့ သုံးသပ်ကိုင်တွယ်ပြီးတဲ့ ပစ္စည်းကို ငါမသုံးဝံ့တော့ဘူး။ မသုံးတော့ဘူး။ ငါ့အဖို့ ဒီပစ္စည်း အာလျှပြတ်ပြီ၊ ငါ့ပစ္စည်းမဟုတ်တော့ဘူး၊ သံဃာ့ပစ္စည်းဖြစ်သွားပြီ။ နို့ပေမယ့် ပစ္စည်းက ဒီအတိုင်းပေးလှူလို့ သံဃာ့အဖို့ ဘာမျှအသုံးဝင်မှာမဟုတ်ဘူး။ ရောင်းပစ်ပြီးမှ အသုံးဝင်တဲ့ပစ္စည်းပေးလှူရတော့မှာပဲ"

သို့နှင့် စိန်ဒေါင်းပျံကြီးကို ရောင်းချပစ်ရေးကိစ္စ ပေါ်ပေါက်လာရတော့သည်။ ပေါ်ပေါက်လာသည့်အတိုင်း ဝယ်ယူနိုင်မည့်ပစ္စည်းရှင်များသို့ သတင်းလွှင့်လိုက်သောအခါ မက်မောဖွယ်သော ဤပစ္စည်းကြီး ဝယ်ယူလိုသူတို့ ပေါများပါ၏။ တပ်မက်သောစိတ်ဖြင့် တစ်ဦးပြီးတစ်ဦး လာရောက်ကြည့်ရှုကြပါ၏။ ဒါယိကာမကြီး၏ ဆန္ဒကို ဖြည့်တင်းလိုကြပါ၏။ သို့ရာတွင် အလှအပ ပစ္စည်း၊ စံမတူအနုပညာမြောက် ပစ္စည်းအဖြစ်သာ အသုံးဝင်၍ အဘယ်သူသည် ဝတ်ရုံသုံးစွဲနိုင်ပါအံ့နည်း။

သို့နှင့် စိန်ဒေါင်းပျံကြီး ရောင်းချရေးကိစ္စတွင် ရက်အတန်ကြာမျှ လိပ်ခဲတည်းလည်း ဖြစ်နေခဲ့ရာမှ ဒါယိကာမကြီးအဖို့ ထပ်ဆင့်စိတ်ကူးပြီး ထပ်ဆင့်သဒ္ဓါတရားတစ်ရပ် ပေါ်ပေါက်၍လာသည်။ ယင်းသဒ္ဓါတရားသည်ကား စိန်ဒေါင်းပျံကြီးကို တန်ဖိုးဖြတ်၍ ကိုယ်တိုင်ပင် ပြန်လည်ဝယ်ယူပြီးလျှင် တန်ဖိုးငွေဖြင့် ကျောင်းတော်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းရန်ဟူသော ထပ်ဆင့်သဒ္ဓါပင်ဖြစ်ပေသည်။ ယင်းကျောင်းတော်ကြီးကို "စိန်ဒေါင်းပျံ ပြာသာဒ်ကျောင်းတော်" ဟု အမည်ပေးမည်ဟုလည်း စိတ်ကူးယဉ်လိုက်မိ၏။

ဘုရားရှင် အမြင့်အကြာဆုံး သီတင်းသုံးတော်မူရာ သာဝတ္ထိတစ်မြို့လုံးကို သက်န်းတော်ရောင်တို့ဖြင့် ဖုံးလွှမ်းလုမတတ် သံဃာတော်တို့ တိုးပွားစည်ပင်လာခဲ့သည်။ တိုးပွားစည်ပင်သလောက်လည်း အနာထပိဏ်၏ ဇေတဝန်ကျောင်းတော် ကောသလဘုရင်မင်း၏ ကျောင်းတော် စသည်နှင့် နာမည်ကျော် ကျောင်းတော်ကြီးများအပြင် သာဝတ္ထိဝန်းကျင်တွင် အရံကျောင်းပေါင်း မြောက်မြားစွာ တိုးတက်လာခဲ့သည်လည်း မှန်ပါ၏။ သို့ရာတွင် သံဃာအင်အားနှင့် နှိုင်းစာလျှင် ကျောင်း

www.burmeseclassic.com



အင်အားက နည်းနေသေးသည်ဟု ကျောင်းအမကြီး တွက်ဆမိသည်။ ကျောင်းနေရာ ချို့ချို့တဲ့တဲ့နှင့် သီတင်းသုံးကြရသော သံဃာအများရှိနေသည်ကိုလည်း ကျောင်းအမကြီး အသိပင်ဖြစ်၏။ ယင်းအခြေအနေမှ စိန်ဒေါင်းပုံကြီးကို အရင်းတည်ကာ ကျောင်းတော်ကြီးတစ်ဆောင် ထပ်မံဆောက်လုပ်လှူဒါန်းရန် သဒ္ဓါစိတ်ကူးပေါ်ပေါက်လာခြင်းဖြစ်သည်။

စိန်ဒေါင်းပုံကြီးကို တန်ဖိုးဖြတ်၍ မိမိပင် ပြန်၍ဝယ်မည်။ စိန်ဒေါင်းပုံကြီးကိုမူ လေးစားအပ်သော အရှင်အာနန္ဒာလက်တော်နှင့် သုံးသပ်ပြီးဖြစ်သည် တစ်ကြောင်း၊ သံဃာ့ပစ္စည်းအဖြစ် ဆုံးဖြတ်ပြီးဖြစ်လေသည် တစ်ကြောင်းကြောင့် ယနေ့မှစ၍ မည်သည့်အကြောင်းနှင့်မျှ အသုံးမပြုတော့ဘဲ သားသမီး မြေးမြစ်တို့၏ ဆန္ဒအတိုင်းပင် အဘိုးဖြစ်သူ ဓနဥယျ၏ မေတ္တာစံပြ အမွေခံပစ္စည်းအနေဖြင့်လည်းကောင်း၊ ထိပ်သီးပညာရှင် ငါးရာတို့၏ စုပေါင်းလက်ရာဖြစ်သောကြောင့် ပန်းထိမ်၊ ပန်းချီ၊ ဂုန္တဝန် အနုပညာစံပြ ပစ္စည်းတစ်ရပ်အနေဖြင့်လည်းကောင်း ဧည့်ခန်းဆောင် အထက်ပိုင်းတွင်ပင် ထားရှိရန် ဆုံးဖြတ်လိုက်သည်။

ကိုယ့်ပစ္စည်းကို ကိုယ်ဝယ်ဖို့ဆိုရာ၌ ပစ္စည်း၏တန်ဖိုးကို သိသည်မှန်ပါ၏။ သို့ရာတွင် အများ၏ နား, မျက်စိတွင် အခိုင်အခံ့ဖြစ်လေအောင် စိန်ဒေါင်းပုံကြီးကို အကဲဖြတ်ရန် ရာဖြတ်အဖွဲ့တစ်ရပ်ကို ဖိတ်ခေါ်ဖွဲ့စည်းလိုက်သည်။ ယင်းအဖွဲ့တွင် စိန်ဒေါင်းပုံကြီးပြုလုပ်စဉ်က ပါဝင်ခဲ့သော လက်ကျန်အနုပညာသည်ကြီးအချို့လည်း ပါဝင်သဖြင့် တန်ဖိုးဖြတ်ရသည်မှာ တိကျသည်။ ဤပစ္စည်းကြီးပြုလုပ်စဉ်အခါက ရတနာမျိုးစုံတို့၏ တန်ဖိုးသည် ကိုးကုဋေရှိ၍ အနုပညာလက်ခမှာ တစ်သိန်းဖြစ်သည်။ သို့ဖြစ်၍ ကိုးကုဋေနှင့် တစ်သိန်းဖြစ်သည်ဟု ဆုံးဖြတ်သည်။

ယင်းသို့ဖြင့် စိန်ဒေါင်းပုံ ပြာသာဒ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ဘုရားရှင်အား လျှောက်ထားတိုင်ပင်သောအခါ ဘုရားရှင်က သာဝတ္ထိ၏ အရှေ့တံခါးတွင် ဆောက်လုပ်ရန် ညွှန်ကြားတော်မူသည်။ ညွှန်ကြားတော်မူသည့်အတိုင်း မြေနေရာရွေးချယ်သောအခါ မိမိနှစ်သက်နေသော မြေနေရာကပင် ကိုးကုဋေတန်ဖိုးရှိနေလေရာ ထပ်ဆင့်သဒ္ဓါတိုးပွားလာရပြန်၏။ တိုးပွားဟန်ကား ကိုးကုဋေဖြင့် မြေနေရာဝယ်ယူ၍ နောက်ထပ်ကိုးကုဋေဖြင့် ပင်မကျောင်းတော်ကြီးကို ဆောက်လုပ်ပြင်ဆင်ရန် ဆုံးဖြတ်လိုက်သည်။ ဤမျှသာမက ထပ်ဆင့်သဒ္ဓါတိုးတက်လာပုံမှာ ကျောင်းဆောက်မည့်ပညာရှင်တို့၏ ကျောင်းပုံစံကို ကြည့်လိုက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



စိန်ဒေါင်းပုံ ကျောင်းတော်ကြီးပုံစံမှာ နှစ်သက်ဖွယ်ဖြစ်သော်လည်း စိန်ဒေါင်းပုံကြီးချည့် ထီးတည်းဖြစ်နေပြန်သောကြောင့် စိန်ဒေါင်းပုံကြီးကို ဝိုင်းရံထားသော ကမ္မဋ္ဌာန်းကျောင်းပေါင်းငါးရာနှင့် ဇရပ်တန်ဆောင်း ငါးရာတို့ကိုလည်း တိုးပြီးရင်း တိုးရင်းနှင့် ထပ်ဆင့်စီစဉ်ပြန်သည်။

ဤမျှ သဒ္ဓါထက်သန်လာရာ၌ ကျောင်းအမကြီးအဖို့ အကြောင်းနှစ်ရပ်ရှိသည်။ တစ်ကြောင်းမှာ တရားကိုသိသော၊ ဘဝကိုနားလည်သော ကျောင်းအမကြီးအဖို့ သက်ရှယ်ကြီးရင့်လာရာ၌ ချမ်းသာလေသမျှ မိမိပစ္စည်းများကို ကုသိုလ်အထုပ်အထည်အဖြစ် ကူးပြောင်းယူငင်ရန်ဖြစ်၍ နောက်တစ်ကြောင်းမှာကား ကျောင်းဆောက်ဖို့စီစဉ်ရာ၌ မိမိမျှော်လင့်သော အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီး၏ အကူအညီကို ဘုရားရှင်ထံတော်မှ ရရှိခဲ့သောကြောင့် ဖြစ်ပေ၏။

စိန်ဒေါင်းပုံကျောင်းတော်ကို ဆောက်လုပ်စီစဉ်ရာ၌ မိမိသဘော၊ အနုပညာသည်တို့၏ သဘောမျှမကဘဲ ဘုရားရှင်၏ ဆန္ဒတော်နှင့် သံဃာတော်များ၏ ဆန္ဒနှင့် ညှိနှိုင်းဆောက်လုပ်ရန် ရည်ရွယ်ထားခိုက်တွင် ဘုရားရှင်သည် ရက်ရှည်ဒေသစာရီကြွချီဖို့ရန် အကြောင်းပေါ်ပေါက်လာသောကြောင့် မိမိလျှောက်ထားချက်အရ ဘုရားရှင်က အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးအား ဤကျောင်းကိစ္စတွင် စီမံခန့်ခွဲရန် လွှဲအပ်ပေးတော်မူခဲ့လေသည်။

ထို့ကြောင့် ဤကျောင်းတော်ကြီး ဆောက်လုပ်ရသည်မှာ တန်ခိုးတော်ရှင် အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီး၏ အင်အား၊ သံဃာ့အင်အားပါလာသောကြောင့် သဒ္ဓါအဆင့်ဆင့် နှစ်ထောင်းအားရရှိလှသည်။ အစစတွင် ဆောင်ရွက်ရသည်မှာ လွယ်ကူသည်၊ မြန်ဆန်သည်၊ စိတ်တိုင်းကျသည်၊ ရည်မှန်းထားသမျှ ကျောင်းတိုက်ကျောင်းဆောင်များနှင့် အဆင်အပြင်အားလုံးသည် ကိုးလမျှဖြင့် ပြီးစီးသည်။ ဘုံခုနစ်ဆင့်ရှိ၍ တိုက်ခန်းပေါင်း တစ်ထောင်ပါဝင်သော ကျောင်းကြီးနှင့် အရံကျောင်းအားလုံးကို ကိုးလမျှဖြင့် ပြီးစီးမှုဟူသည် အရှင်မောဂ္ဂလာန်၏ အကူအညီကြောင့် ဖြစ်သည်။

တစ်ခုပဲကျန်တော့သည်။ ယင်းတစ်ခုဟူသည်ကား ပင့်လျှောက်ထားခဲ့သည့်အတိုင်း ဝါဆိုဦးအချိန်တွင် ဘုရားရှင်ကြွရောက်တော်မူလာသောအခါ၌ အစွမ်းကုန် ဖြန့်ကြဲပေးလှူလိုက်ဦးမည်ဖြစ်သော ကျောင်းရေစက်ချပွဲကြီး ဝှဲချီးကျင်းပရန်ဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

သာဝတ္ထိတွင် ဘုရားရှင်နှင့် သာသနာတော်အား ပူဇော်စွန့်လွှတ် ကြည်ညိုရာ၌ ဝိသာခါနှင့် အနာထပိဏ်တို့မှာ အပြိုင်စေတနာရှင်များဟု သိမှတ်ထားကြသည်။ မိမိတို့ရှိသမျှစည်းစိမ်ကို သာသနာတော်အတွက်သာဟု စုပုံထားသည့်ပမာ မိမိတို့ အိမ်များကိုပင် ကျောင်းကဲ့သို့ ပြုလုပ်ထားကြသည်။ အလှူဒါနတွင် မွေ့လျော်ခြင်း နှင့်ပတ်သက်၍ အနာထပိဏ်သည်လည်း ဧတဒဂ်ဘွဲ့ထူး ရ,ထားသူပင်ဖြစ်သည်။ ဝိသာခါသည်လည်း အလားတူ ဧတဒဂ်ဘွဲ့ထူး ရ,ထားသူပင်ဖြစ်သည်။ သို့ရာတွင် ဝိသာခါက အနာထပိဏ်အား မပြိုင်နိုင်ခဲ့သေးသောကိစ္စတစ်ရပ်မှာ အနာထပိဏ် ကဲ့သို့ ကျောင်းဒါယကာ မဖြစ်လာသေးခြင်းပင်ဖြစ်သည်။

ယခုသော် မဟာလ္လတာ စိန်ဒေါင်းပျံကြီးမှ အခွင့်သာလာမှုကြောင့် ပုဗ္ဗာရုံ စိန်ဒေါင်းပျံကျောင်းအမကြီး ဖြစ်လာရသဖြင့် ယခင်က အနာထပိဏ်၏ ဇေတဝန် သို့သာ သွားရောက်ပူဇော်ခဲ့ရာမှ ယခုသော် ကိုယ့်ကျောင်းနှင့်ကိုယ် စိတ်တိုင်းကျ ပူဇော်ခွင့်ရလာပေတော့သည်။

ဘုရားရှင်၏ ဆန္ဒအရ သာဝတ္ထိ၏ အရှေ့တံခါးပြင်၊ ဤနေရာတွင် ယခု ပုဗ္ဗာရုံကျောင်းတော်ကို ဆောက်လုပ်ရာ၌ မြေနေရာအနေအထားအရ အနာထပိဏ် ၏ ဇေတဝန်ကဲ့သို့ ချဲ့ချင်တိုင်း မချဲ့နိုင်၍ အကျယ်အဝန်းမမီသော်လည်း ရနိုင် သမျှသော ကျောင်းတော်အနေအထားကို ကွပ်ကွပ်ရှပ်ရှပ်နှင့် အစွမ်းကုန်သာယာ အောင် ကြိုးပမ်းမည်ဟု ဒါယိကာမကြီး အားသစ်ထားသည်။ နောက်တစ်ကြောင်း မှာလည်း သာဝတ္ထိတွင် ဇေတဝန်နှင့် မိမိ၏ ပုဗ္ဗာရုံတို့ ကျောင်းတော်ကြီးနှစ်ဆောင် အပြိုင်ပေါ်ပေါက်လာရာ၌ ဘုရားရှင်အဖို့ အလှည့်ပေး၍ သီတင်းသုံးရတော့မည်မှာ သေချာသည်။ ထိုအခါ မိမိ၏ စိန်ဒေါင်းပျံတွင် ဘုရားရှင်အဖို့ ပို၍ အလှည့်ပေးချင် လာအောင်၊ ပို၍ ပျော်ပိုက်မွေ့လျော်အောင်၊ အစွမ်းကုန်ပြင်ဆင်ပြုစုမည်ဟုလည်း ကျောင်းအမကြီး အားသစ်ထားသည်။ နောက်တစ်ကြောင်းမှာလည်း ဘုရားရှင် သည် သက်တော် ဝါတော် ရင့်ကျက်၍ သက်ကြီးပိုင်းသို့ ရောက်လာပြီဖြစ်သော ယနေ့အချိန်၌ သက်ကြီးတို့သဘာဝအတိုင်း ပို၍အေးချမ်း ရိပ်ငြိမ်သောနေရာကို လိုမည်ဟု စိတ်ကူး၍ ပုဗ္ဗာရုံကို ဇေတဝန်ထက်ပို၍ မွေ့လျော်ဖွယ်ဖြစ်အောင် ဖန်တီးမည်ဟုလည်း ကျောင်းအမကြီး အားသစ်ထားသည်။

ထို့ကြောင့် ဘုရားရှင်သီတင်းသုံးသည့် ဂန္ဓကုဋီနှင့် ဂန္ဓကုဋီ ဝန်းကျင်ကို

www.burmeseclassic.com

www.burmeseclassic.com



သတိအထူးဖြင့် စီစဉ်ဆောက်လုပ်၏။ အလှဆုံး အမွှေးဆုံး ပန်းမန်သစ်ပင်များကို စိုက်၏။ ဘုရားရှင် တရားဟောတော်မူသည့်နေရာ၊ ဘုရားရှင်နေ့စဉ်ကြွမည့် သံဃာ့ရိပ်သာ စသည့်နေရာတို့ကို အထူးအစီအစဉ်ဖြင့် ဆောက်လုပ်စေသည်။ ယင်းသို့ဖြင့် ဒါယိကာမကြီးအဖို့ သူ့ကျောင်းတော်မှခွာသည်မရှိဘဲ စိတ်တိုင်းကျ ပြင်ဆင်လုပ်ကိုင်နေခဲ့ရာမှ ဘုရားရှင်သည် ဒေသစာရီကြွချီတော်မူရာ ဘဒ္ဒိယမြို့မှ ဝါတော်ဝင်ချိန်၌ ကြွလာ၍ ပုဗ္ဗာရုံသို့ ကြွရောက်လာသောအခါ ကျောင်းရေစက်ချပွဲကြီး ဝှဲချီးပြုလုပ်ဖို့ရန် ရှိပေတော့သည်။

ဝါဆိုလဆန်းရက်တွင် သာဝတ္ထိသို့ ဘုရားရှင် ကြွရောက်တော်မူလာသည်နှင့် တစ်ပြိုင်နက် သီတင်းသုံးရန် အဆင်သင့်ဖြစ်နေပြီဖြစ်သော မိမိ၏စိန်ဒေါင်းပျံ ပုဗ္ဗာရုံကျောင်းတော်သို့ ကြွရောက်သီတင်းသုံးတော်မူရန် လျှောက်ထားပြီး ဘုရားရှင်နှင့် သာသနာတော်အား ကျောင်းလှူ၊ ကျောင်းလွှတ်၊ ကျောင်းအပ်ပွဲ စတင်သည်။ ဘုရားရှင်အဖို့ ကျောင်းအလှူခံရုံ မတ္တမျှမဟုတ်ဘဲ ဝါတော်ဝင် ရာသီသို့ရောက်လာပြီဖြစ်သော ယနေ့အချိန်မှစ၍ သီတင်းဝါလကျွတ်သည်အထိ ဤတစ်ဝါတွင်းလုံး ကျောင်းတွင်ပင် မပြတ်သီတင်းသုံးစေရန် ကျောင်းအမကြီး ဆန္ဒစောထားသည်။ အကြောင်းမှာ ဇေတဝန်သည် ဘုရားရှင် အချိန်များစွာသီတင်းသုံးခဲ့ရာဖြစ်၍ မပြီးပြတ်သော သာသနာတော်ကိစ္စ၊ သံဃာ့ကိစ္စများရှိတန်ရာသည်။ ဇေတဝန်ကျောင်းဒကာကြီးသည် ဘုရားရှင် သူ့ကျောင်းကိစ္စတွင် သံယောဇဉ် သည်းလှသူဖြစ်သည့်အတိုင်း သူ့ကျောင်းသို့မသွားသောရက်ဟူ၍ မရှိ၊ ဘုရားရှင်ရှိနေလျှင် တစ်နေ့ နှစ်ခေါက် သုံးခေါက်ပင် ရောက်တတ်သည်။ အလားတူပင် ကောသလဘုရင်သည်လည်း နေ့စဉ်ပင် မဟုတ်စေကာမူ ဘုရားရှင်ထံတော်သို့ မပြတ်ဆည်းကပ်သူ ဖြစ်ပေသည်။ ဤအကြောင်းများကြောင့် ဘုရားရှင်သည် ပုဗ္ဗာရုံကို အလှူခံရုံသာခံ၍ ဇေတဝန်ကို ငဲ့ညှာတန်ရာ၏ဟု ကျောင်းအမကြီး စဉ်းစားသည်။

ဤနေရာတွင် ကျောင်းအမကြီးသည် ဖခင်ဖြစ်သူ၏ နည်းပရိယာယ်ကိုသုံး၏။ သာကေတတွင် မိမိနှင့် ပုဏ္ဏဝမုနတို့ လက်ထပ်ပွဲသဘင် ကျင်းပစဉ်က ဖခင်သည် မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်သော ကောသလဘုရင် လေးလတိုင်တိုင် မပြန်နိုင်အောင် မဟာလတာ စိန်ဒေါင်းပျံကြီးကို အချိန်ဆွဲ၍ ပြုလုပ်ခဲ့သည် မဟုတ်ပါလော။

သို့ဖြစ်၍ ပုဗ္ဗာရုံသို့ ဘုရားရှင်ရောက်တော်မူသည်နှင့် တစ်ပြိုင်နက် ကျောင်းလွှတ်ပွဲကြီးကို စတင်စေကာ ဝါတွင်းသုံးလ သို့မဟုတ် မိုးရာသီလေးလတိုင်တိုင်

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ထားသော အစီအစဉ်များဖြင့် ကျောင်းလွှတ်ပွဲတော်ကြီး ပြုလုပ်ရန်၊ မိုးလေးလကုန်ကာမှ ရေစက်ချ အပြီးသတ်ရန် ရည်မှန်းထားသည်။ ဘုရားရှင်က လည်း အနာဂတ်သာသနာတော်အတွက် အကျိုးပွားများလှမည် ဖြစ်သောကြောင့် ဤကျောင်းနှင့် ဤဒါယိကာမကြီး အလိုဆန္ဒအတိုင်း သည်းခံတော်မူသည်။

ဤတွင် မိုးရာသီပင် ဖြစ်စေကာမူ ပုဗ္ဗာရုံကျောင်းလွှတ်ပွဲတော်ကြီးကို ကျောင်းမြေ ဝယ်ယူရာ ကျောင်းဆောက်ရာတို့၌ ကိုးကုဋေစီ ကုန်ကျခံသကဲ့သို့ပင် ကိုးကုဋေ အကုန်အကျခံ၍ လေးလတိုင်တိုင် ဆင်နွှဲသည်။

ကျောင်းလွှတ်ပွဲတော်သို့ တစ်မြို့လုံးကိုပင့်ဖိတ်ထားရာ၌ ကျောင်းအမနှင့် ကျောင်းဆောက်ပညာရှင်တို့၏ စိတ်ကူးမှုမကဘဲ အရှင်မောဂ္ဂလာန်၏ အကူအညီပါသော ဤကျောင်းတော်အား အလှူသို့လာရင်းဖြင့် လာရောက်ကြည့်ရှုကြသည်မှာ တစ်မိုးတွင်းလုံးလုံး သဲသဲရတ်ရတ်မျှဖြစ်သည်။ အရင်းလဲသော် အဖျားထင်းဖြစ်ဆိုသကဲ့သို့ ဘုရားရှင်ကိုယ်တိုင်ရှိနေသော ပုဗ္ဗာရုံသို့ ကောသလဘုရင်နှင့် အနာထပိဏ်တို့လည်း မပြတ်လာရောက်ကြလေရာ ရောက်လာသမျှသော ပရိသတ်အား ကျောင်းအမကြီးတို့ မိသားစုက မပြတ်ဆီးလျော်အောင် ပြုစုလှူဒါန်းရ၏။ သို့နှင့် ကျောင်းအမကြီး၏ ကြီးမားသော အတုမရှိသော သား၊ မြေး၊ မြစ် အသိုက်အဝန်း အားလုံးလိုလိုသည် ဤလေးလတွင်တော့ အိမ်မှာထက် ကျောင်းမှာအနေများသည်။

အမျိုးသမီးဦးဆောင်သော ပွဲတော်ဖြစ်၍ အမျိုးသမီးမိတ်ဆွေအသိုက်အဝန်းတို့ များပြားလှရာတွင် ထူးခြားသူနှစ်ယောက်ကို ဖော်ပြရန်ရှိ၏။ တစ်ဦးမှာ သုပ္ပိယာဒါယိကာမဖြစ်၍ ကျန်တစ်ဦးမှာ ကျောင်းအမကြီးအလှူတွင် တစ်စိတ်တစ်ဒေသအဖြစ် ကုသိုလ်ပါဝင်လိုလှသော အမျိုးသမီးကြီးဖြစ်သည်။

သုပ္ပိယာဒါယိကာမသည် ဗာရာဏသီမှဖြစ်၍ မကျန်းမမာသော သံဃာများအား ပြုစုလုပ်ကျွေးရာ၌ သူမတူအောင် ထူးချွန်လှသောကြောင့် ဘုရားရှင်ထံမှ ဧတဒဂ်ဘွဲ့ထူးရ ထင်ရှားသော ဒါယိကာမကြီးဖြစ်သည်။ သာသနာတော်တွင် ထင်ရှားသော စေတနာရှင်အမျိုးသမီးနှစ်ဦးအား အလှူပွဲတွင် ယှဉ်တွဲတွေ့ရသဖြင့် ကျက်သရေအပြည့်ရှိသည်။

ကျောင်းအမကြီး၏ မိတ်ဆွေအမျိုးသမီးတစ်ဦးက သူ့စိတ်ကူးနှင့်သူ ဤကျောင်းအလှူတွင် ပါဝင်နိုင်ရန်အတွက် ကမ္ဗလာကြီးတစ်ချပ် ယူဆောင်လာသည်။ ကမ္ဗလာမှာ နှယ်နှယ်ရရမဟုတ်။ အဖိုးတန်ဖြစ်သည်။ သူ့ကမ္ဗလာကြီးကို သင့်လျော်

www.burmeseclassic.com



ရာတွင် ဆင်ယင်ခင်းကျင်းရန် ဝိသာခါလက်သို့ ပေးအပ်လိုက်သောအခါ ကျောင်းအမကြီးက အားနာလှစွာဖြင့် အမျိုးသမီးကြီးကိုကြည့်၍ ကိုယ့်ကျောင်းလိုသဘောထားပြီး သင့်လျော်ရာနေရာမှာ ခင်းပါတော့ဟု ပြန်၍လွှဲအပ်လိုက်သည်။ အားနာရခြင်းမှာ ပုဗ္ဗာရုံတွင် ဤကမ္ဗလာခင်းဖို့ရန် တစ်လက်မမျှ နေရာလွတ်မရှိတော့သည်ကို သိသောကြောင့်ဖြစ်၏။

အမျိုးသမီးကြီးသည် သူ့ကမ္ဗလာကိုကိုင်၍ ခင်းဖို့နေရာ ဆင်ယင်ချိတ်ဆွဲဖို့နေရာကို ရှာသောအခါ ကျောင်းတော်တစ်ခုလုံးတွင် နေရာလပ်မတွေ့ရသောကြောင့် အားငယ်တတ်သော အမျိုးသမီးပီပီ ထိုင်၍ငိုပါလေ၏။

ထိုစဉ် အမျိုးသမီးကြီးအဖို့ ကံကောင်းသည်မှာ ငိုခိုက်တွင် အရှင်အာနန္ဒာနှင့် သွား၍တိုးမိခြင်းဖြစ်၏။ အရှင်အာနန္ဒာက အကျိုးအကြောင်းကိုမေး၍ အမျိုးသမီးကြီးက သူ့ကြိုပမ်းမှုဒါနအတွက် နေရာရှာမတွေ့ကြောင်း လျှောက်ထားသောအခါ တစ်ကျောင်းလုံးကို စေ့စပ်သေချာစွာကြည့်ထားပြီးသော အရှင်အာနန္ဒာက အမျိုးသမီးကြီးကိုခေါ်၍ ကျောင်းခြေရင်း တံခါးခုံတွင် အမှုလုပ်တို့ မေ့လျော့ခဲ့ဟန်တူသော နေရာကို ညွှန်ပြသောကြောင့် ထိုနေရာတွင်ခင်းရသည်။ ထိုနေရာသည် သံဃာတော်များ ကျောင်းပေါ်သို့တက်သည့်အခါ ခြေသုတ်ပုဆိုးအဖြစ် တိုက်ရိုက်အသုံးဝင်သောနေရာဖြစ်၍ ဒါယိကာမကြီးအဖို့ အကျိုးများလှသည်ဟု အရှင်အာနန္ဒာက ရည်ညွှန်းမိန့်ကြားလိုက်သောကြောင့်လည်း ဒါယိကာမကြီး ဝမ်းမြောက်ရသည်း

ပုဗ္ဗာရုံအလှူတွင် သံဃာတော်များအဖို့ကား အထူးပြောဖွယ်မရှိ။ သံဃာတော်များအတွက် လိုအပ်သောအလှူခံပစ္စည်းလေးရပ်မှာ အလျှံပယ်ဖြစ်သည်။ သီတင်းကျွတ်၍ အလှူတော်နောက်ဆုံးရက်သို့ ရောက်သောအချိန်တွင်မှု သက်န်းလျာအတွက် အငယ်ဆုံးသော သာမဏေကလေးအဖို့ပင်လျှင် တစ်ထောင်တန်သင်္ကန်းကို ကပ်လှူသည်။ ဆေးပစ္စည်းဆိုသည်မှာ သံဃာတိုင်းအဖို့ သပိတ်ပြည့်မျှဖြစ်၏။

## [ ၇ ]

အမျိုးသမီးတို့ဦးဆောင်သော အလှူမင်္ဂလာ ပွဲလမ်းသဘင်ဟူသည်မှာ စည်ကားသိုက်မြိုက်တတ်စမြဲဖြစ်၏။ အကြောင်းမှာ အမျိုးသမီးတို့နောက်တွင် အမျိုးသားများသည် ပါစမြဲဖြစ်သောကြောင့်ဖြစ်သည်။ ပင်ကိုအားဖြင့်ပင် သား၊ မြေး၊ မြစ်၊

www.burmeseclassic.com

www.burmeseclassic.com



အခြေအရံ အသိုက်အဝန်းကြီးမားလှသော ဝိသာခါ၊ ပစ္စည်းရှင် ဝိသာခါ၊ ဂုဏ်ကြီးရှင် ဝိသာခါ၊ သား,မြေး,မြစ် ရာထောင်ကို အဖိတ်အစင်မရှိအောင် ပေါက်ဖွားထားရုံမက ပျိုပျိုရွယ်ရွယ်သမီးများ၊ မြေးများနှင့်အတူနေလျှင် ဘယ်သူ ဝိသာခါဟု ရွေးမရလောက်အောင် အဆင်းပါရမီ ထူးခြားပြည့်စုံလှသူက ပေါက်ဖွားထားသောကြောင့် သားချော, မြေးချောတို့ ပိုင်ရှင် ဝိသာခါ၏ မင်္ဂလာပွဲကြီးဖြစ်သောကြောင့် ကျောင်းလွှတ်ရေစက်ချပွဲ၌ ဝိသာခါနှင့် ရေစက်ဆုံရန်ဟု သံဃာတော်များအတွက် ပဒေသာပင်သီးစုံ၊ သီးခြားအလှူမျိုးစုံ၊ အတီးအမှုတ် အဆိုအကဝိုင်းမျိုးစုံတို့ဖြင့် သောင်းသောင်းဖြဖြ ရှိလိုက်ပုံမှာ စည်ကားမှုတွင် အညီမရှိဟု ဆိုနိုင်လောက်သည်။

ယင်းအကူအညီများအနက် ထူးခြားလှသော အကူအညီတစ်ရပ်မှာ ကောသလဘုရင်မင်းမြတ်၏ လက်သုံးတော်ယဉ်ကျေးမှုဆိုင်ရာ မင်္ဂလာတီးဝိုင်းတော်ပင် ဖြစ်ပေသည်။ မိုးတွင်းလေးလပတ်လုံး ခင်းကျင်းလှူဒါန်းအပ်သော ကျောင်းအမကြီး၏ အလှူတော်မင်္ဂလာ ထူးခြားသိုက်မြိုက်လှပုံကို ပုဗ္ဗာရုံသို့ ကြိမ်ဖန်များစွာ ရောက်ခဲ့သော ဘုရင်မင်းမြတ်ကိုယ်တွေ့ မျက်မြင်တွေ့ခဲ့ရာ၌ ကျောင်းအမကြီး အလှူတွင် ကူညီရာလည်းရောက်စေ၊ အထက်တန်းစား တိုင်းသားပြည်သူများကို ဖျော်ဖြေရာလည်း ရောက်စေဟူသောအမြင်ဖြင့် ကူညီခြင်းဖြစ်သည်။ မင်္ဂလာဝိုင်းတော်သည် ကျောင်းလွှတ် ရေစက်ချပွဲ၏ နောက်သုံးရက်များဖြစ်သော ရေစက်မချမီ ညဉ့်ဘက်တွင် တစ်ကြိမ်၊ ဧည့်ခံ၍ ရေစက်ချအပြီးတွင် ရေစက်ချအနုမောဒနာအဖြစ်နှင့် တစ်ကြိမ် တီးမှုတ်ဧည့်ခံမည်ဖြစ်သည်။

ဘုရင့်ဝိုင်းတော်ဖြစ်သောကြောင့် သာဝတ္ထိ၏ အကျော်အမော် ပညာရှင်တို့ပါဝင်သည်မှာ အတူးပြောဖယ်မလို၊ ဘုရင့်ဝိုင်းတော်ဖြစ်သည့်အတိုင်း မဇ္ဈိမအမျိုးသားတီးမှုတ်ကိရိယာဖြစ်သော စောင်း၊ စည်း၊၊ ဗုံတို့ဖြင့် အခြေခံဖွဲ့စည်းထားသည့်အကြောင်းကိုလည်း အထူးပြောဖွယ်မရှိ။ တောက်တောက်တက်တက်နှင့် ဖလတက်သံလို လှုပ်ခါမြူးကြွသော ဗုံတို ဗုံသေးများမှအစ မိုးချုန်းသံကဲ့သို့ ဟိန်းမြည်၍ထွက်သော စည်ကြီးများအထိ ကြီးစဉ်ငယ်လိုက် ဗုံပေါင်းများစွာ ပါဝင်သည်။ ရွှေရောင် ကျောက်ရောင် တဝင်းဝင်းဖြင့် ကြွေ့ရရ ဝင်းလျက်ရှိသော ရင်ပိုက်စောင်း၊ မြေချစောင်း၊ စောင်းငယ် စောင်းလတ်၊ စောင်းကြီးများစွာ ပါဝင်သည်။ အလားတူပင် သံသွက်သံကြွမျိုးစုံတို့ထွက်သော ဗုံကလေးများမှအစ မိုးချုန်းသံ ဗုံကြီးများနှင့်တွဲသော သံကြီးသံဝါ ဗုံကြီးများအထိ ဗုံပေါင်းများစွာ ပါဝင်သည်။ ဤတူရိယာသည်

www.burmeseclassic.com

www.burmeseclassic.com



များကို သီချင်းအလိုက် တီးမှုတ်လိုက်သောအခါ မိုးသားတိမ်ပြင် ထက်ကောင်းကင်မှ ထိုးဖောက်ထွက်ပေါ်လာသော နတ်ပဉ္စင်တူရိယာသံအသွင် ထင်မှတ်နားထောင်ကြရသည်။

ဤဘုရင့်ဝိုင်းတော်သံသည် သတ်မှတ်ထားသည့်အတိုင်း ဝမ်းမြောက်လွန်းလှသောကြောင့် တုန်တုန်ခါခါဖြင့် အမှုပေးဝေလိုက်သော ကျောင်းအမကြီး၏ ကျောင်းလွှတ်ရေစက်ချပွဲတော်အဆုံး၊ အမှုပေးသံ၏ နောက် ပရိသတ်အားလုံး၏ ဘဝဂ်ညံလုမတတ်သော သာဓုခေါ်သံအဆုံးတွင် နတ်သိကြားများကပါ သီတင်းကျွတ်လ၏ မရှင်းလင်းလှသေးသော မိုးတိမ်များကို ခွဲဖောက်ကာ သာဓုခေါ်ကြသည့်အလား ငြိမ့်ငြိမ့်ညောင်းညောင်း ထွက်ပေါ်လာသည်။

ဤတွင် ထူးခြားသော တူရိယာသံကြောင့် ပရိသတ်ကြီးတစ်ခုလုံး နတ်ပြည်နတ်ရွာသို့ ရောက်နေရသည့်အသွင်ဖြင့် ရွှင်မြူးတက်ကြွနေချိန်တွင် ထူးခြားသော လှုပ်ရှားမှုတစ်ရပ် ပေါ်ပေါက်လာ၏။ ယင်းလှုပ်ရှားမှုသည်ကား ဂုဏ်သတင်းကြီးမားသလောက် ဣန္ဒြေသိက္ခာ ကြီးမားလှသော ကျောင်းအမကြီးသည် ပုဗ္ဗာရုံ စိန်ဒေါင်းပျံကျောင်းလွှတ်ပွဲတော် အောင်မြင်မှုကြောင့် ဝမ်းမြောက်တက်ကြွလွန်းလှသော သဒ္ဓါဟုန် ပီတိဟုန်ကို မထိန်းသိမ်းနိုင်တော့သည့်အနေဖြင့် အနုမောဒနာ တူရိယာသံနှင့်အတူ လည်တိုင်တွင် ရစ်သိုင်းဆွဲချထားသော ပဝါစကြီးနှစ်ဖက်ကို တမြောက်မြောက် တချီချီပြုကာ ပါးစပ်မှလည်း အသံမျိုးစုံကိုရွတ်ဆိုပြီး ထ၍က,ခြင်းပင် ဖြစ်သတည်း။

မိမိ၏ မြူးကြွမှုမှာ ဘုရားရှင်နှင့် သံဃာတော်များရှေ့တော်တွင် မလျော်လှသည်ကို သတိပြုမိသည့်ဟန်ဖြင့် ကျောင်းအမကြီးသည် ပရိသတ်ရှေ့ပိုင်းမှ နောက်ပိုင်းသို့ မြူးကြွရွတ်ဆိုရင်းနှင့်ပင် ထွက်ခွာလိုက်သည်။ ဤမြူးကြွလှုပ်ရှားမှုကို မမြင်ဖူး မကြားဖူးခဲ့သော သားသမီး မြေး မြစ် အသိုက်အဝန်းများနှင့် ပရိသတ်ကြီးအဖို့ ပထမတွင် အံ့အားသင့်ကာ ခေတ္တမျှ ငိုင်၍ကြည့်နေလိုက်မိကြပြီးနောက် သဘောပေါက်ကြသဖြင့် ကျောင်းအမကြီးနောက်သို့ ကျောင်းအမကြီး အလားတူပင် လက်မြှောက်ခြေကြွ ပြုလုပ်ကြရင်း လိုက်ပါလာကြသည်။

ပထမသော် တူရိယာအဖွဲ့သားများကိုယ်တိုင် အံ့အားသင့်နေမိကြရာက သဒ္ဓါပီတိ ပေါက်ကွဲမှုဖြစ်ရပ်ကို ပရိသတ်အလားတူ သဘောပေါက်မိကြသောအခါ ကိုင်တွယ်မချီ၍ ဖြစ်နိုင်သမျှသော တူရိယာသမားများသည် ကျောင်းအမကြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



သို့ စနစ်တကျဝိုင်းရံ၍ တီးမှုတ်ပေးကြသည်။ ယင်းမြူးကြွလှုပ်ရှားမှုသည် သာမန်အားဖြင့် ပြီးဆုံးမသွားဘဲ ကျောင်းအမကြီးသည် ပဝါကြီးတကားကားနှင့် ရှေ့ဆောင်ကာ ကျောင်းကို တစ်ပတ်ပတ်မိအောင်ပင် လှည့်သည်။

မြူးကြွလှုပ်ရှားရင်းဖြင့် ကျောင်းအမကြီးပါးစပ်မှထွက်လာသော ပီတိသံများမှာ သီချင်းဂီတပမာ အစီအစဉ်ကျကျ မဟုတ်သော်လည်း အဓိပ္ပာယ်စုပေါင်းလိုက်သောအခါ အောက်ပါအတိုင်းပင် ဖြစ်သည်။

ဘယ်သောအခါ၌ ငါသည် နှလုံးမွေ့လျော်ဖွယ်ရှိသော ပြာသာဒ်ကျောင်းအလှူကို ပေးလှူရပါမည်နည်းဟု တောင့်တခဲ့သော အကြံသည် ယနေ့ပြည့်လေပြီ။

ဘယ်သောအခါ၌ ငါသည် ညောင်စောင်းအင်းပျဉ်တို့ဖြင့် လိုအပ်သမျှ အဆင်သင့် ပြည့်စုံသော ကျောင်းဘဏ္ဍာကို ပေးလှူရပါမည်နည်းဟု တောင့်တခဲ့သော အကြံသည် ယနေ့ပြည့်လေပြီ။

ဘယ်သောအခါ၌ ငါသည် မွန်မြတ်သော အမဲ သား ငါး အစရှိသော ဆွမ်းဘောဇဉ်အလှူကို ပေးလှူရပါမည်နည်းဟု တောင့်တခဲ့သောအကြံသည် ယနေ့ပြည့်လေပြီ။

ဘယ်သောအခါ၌ ငါသည် ကာသိ, ခေါမတိုင်းဖြစ် ထိပ်တန်းသင်္ကန်းများကို ပေးလှူရပါမည်နည်းဟု တောင့်တခဲ့သောအကြံသည် ယနေ့ပြည့်လေပြီ။

ဘယ်သောအခါ၌ ငါသည် ထောပတ်၊ ဆီဦး၊ ပျား၊ တင်လဲဟူသော ဆေးအလှူကို ပေးလှူရပါမည်နည်းဟု တောင့်တခဲ့သော အကြံသည် ယနေ့ပြည့်လေပြီ။

မမျှော်လင့်သော ယင်းဖြစ်ရပ်များအတွက် ပေါ်ပေါက်လာသည့် မမျှော်လင့်သော ပြဿနာရှင်ကား အရှင်အာနန္ဒာပင်ဖြစ်ပေ၏။ အရှင်အာနန္ဒာက ကျောင်းအမကြီး၏ ရှေးကမဖြစ်ဖူးမြဲ ထူးကဲသောလှုပ်ရှားတက်ကြွမှုကို မြင်သောအခါ ဒါယိကာမကြီးအား အံ့အားသင့်စွာကြည့်မိရင်း စိုးရိမ်သွားရှာ၏။ သည်းခြေပျက်သွားရှာလေပြီလား၊ ရူးသွပ်သွားရှာလေပြီလားဟုပင် စိုးရိမ်လိုက်မိ၏။ အကြောင်းမှာ ဤဒါယိကာမကြီးနှင့် အရှင်အာနန္ဒာတို့သည် ကြည်ညိုသဒ္ဓါ စေတနာမျှမကဘဲ မောင်ရင်း ဖွားရင်းကဲ့သို့လည်း သံယောဇဉ်ကြီးရှာသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ကျောင်းအလှူ တရားမဏ္ဍပ်၌ပင် ရှိသေး၍ သိတော်မူ မြင်တော်မူသော ဘုရားရှင်သို့ ရှင်အာနန္ဒာက...

"အရှင်မြတ်ဘုရား။ ။ဒါယိကာမကြီး၏ အပြုအမူကို မြင်ရသည်မှာ သည်းခြေ

www.burmeseclassic.com



ပျက်သွားရှာပြီလား၊ ရှုံးသွပ်သွားရှာလေပြီလားဟုပင် ထင်မှတ်မိပါသည်ဘုရား"ဟု လျှောက်ထားသောအခါ ဘုရားရှင်က သတ္တဝါတို့၏ လိုအပ်ချက်တည်းဟူသော ဆန္ဒပန်းတုံးတိုင်နှင့် စပ်လျဉ်းသော တရားကို ဟောတော်မူသည်။

ထိုအခိုက်၌ပင် ဒါယိကာမကြီးနှင့် ပရိသတ်များတို့၏ လှူပ်ရှားမှုသည် ပြီးဆုံး၍ မူလနေရာသို့ ရောက်ကြသဖြင့် ဘုရားရှင်၏ တရားတော်ကို နာယူကြသည်။

"အာနန္ဒာ။ ။လူသတ္တဝါတို့မည်သည် မိမိတို့အခြေခံ၊ မိမိတို့ဆန္ဒအရ လိုအပ်ချက် အမျိုးမျိုးရှိကြသည်။ ငါသည် ဘုရားဖြစ်လိုသူဖြစ်၏။ သာရိပုတ္တရာ မောဂ္ဂလာန်တို့ သည် ငါ၏ လက်ယာရံ လက်ဝဲရံအတွက် ဆန္ဒစောသူများ ဖြစ်ကြ၏။ ဝက္ကလိ သည် ငါ့ကို မပြတ်ရှုနေရန် ဆန္ဒရှိသူဖြစ်၏။ ဝိသာခါ ဥပါသိကာမအဖို့ မပြတ် တောင့်တအပ်သော ဆန္ဒသည်ကား သံဃာတော်တို့အတွက် လိုအပ်သမျှ ပြုစု လုပ်ကျွေးနိုင်သော ဆန္ဒရှစ်မျိုးတည်း။

"အာနန္ဒာ။ ။သဒ္ဓါမပြတ် နိုးကြားသော ဝိသာခါ ဥပါသိကာမသည် ယင်း သံဃာအလုပ်အကျွေး အလှူရှစ်မျိုးတွင် ခုနစ်မျိုးကိုသာ လှူဒါန်းခဲ့ရရာမှ ယနေ့သော် ဤပုဗ္ဗာရုံ အလှူထမြောက်၍ သူ့ဆန္ဒအားလုံး ပြည့်စုံသောကြောင့် တက်ကြွသော ပီတိအဟုန်ဖြင့် မြူးကြွလှုပ်ရှားခြင်းမျှ ဖြစ်ပေသည်။

"အာနန္ဒာ။ ။သတ္တဝါတို့သည် ဆန္ဒဓာတ် အကျိတ်အခဲကြီးလျှင် ကြီး သလောက် မိမိတို့ဆန္ဒပန်းတုံးတိုင်သို့ ရောက်လာသောအခါ ဝမ်းမြောက်စွာ လှုပ်ရှားကြမြဲဖြစ်လေသည်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ဆန္ဒဓာတ် ပြင်းပြစွာဖြင့် ဘုရားဖြစ်လိုလှသော ငါဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင်တွင် ဘုရားဖြစ်လာသောအခါ၌ အနေကဇာတိသံသာရံ စသည်ဖြင့် ငါဘုရားကိုယ်တိုင် ဝမ်းမြောက်လှသောကြောင့် ကြွေးကြော်ခဲ့ပေသည်။ အလားတူပင် သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့အစ ငါဘုရားသားတော် ရဟန္တာများတို့သည် မိမိတို့ ရဟန္တာဖြစ်လာ သောအခါ၌ ဝမ်းမြောက်စိတ်ဖြင့် ဥဒါန်းစကား မြွက်ကြား ကြွေးကြော်ခဲ့ကြသည်။ အောက်မဂ်အဆင့်မျှသာရှိသေးသော ငါ့သမီး ဝိသာခါသည်ကား ကိုယ်လက်လှုပ်ရှား သည်အထိ မြူးကြွ ကြွေးကြော်ခြင်း ဖြစ်ပေသည်။ သည်းခြေပျက်ခြင်းမဟုတ်"

ဖြစ်ပေါ်လာသော အကြောင်းရပ်ကို အခြေခံ၍ ဟောတော်မူလေ့ရှိသော ဘုရားရှင်က ဤဒေသနာတော်နှင့်ဆက်၍ ပန်းတရားတော်ကိုလည်း နိဂုံးချုပ်အဖြစ် ဟောတော်မူသည်။ ပန်းတရားတော်၏ အခြေခံအကြောင်းကား ဤသို့တည်း။

www.burmeseclassic.com

www.burmeseclassic.com



[ ၈ ]

စိန်ဒေါင်းပျံဝတ်ရုံကြီးကို အရင်းတည်ကာ သာသနာတော်သို့ စွန့်လွှတ်ရန် ဘုရားရှင်သို့ လျှောက်ထားသောအခါ၌ ဘုရားရှင်က သာဝတ္ထိအရှေ့တံခါးတွင် ကျောင်းဆောက်ရန်ဟု သာမန်မျှသာ ညွှန်ကြားတော်မူလိုက်ခြင်း ဖြစ်ပေသည်။ ယင်းညွှန်ကြားချက်အရ ဒါယိကာမကြီးက ကျောင်းမြေနေရာ ရှာသောအခါ၌ ပုဗ္ဗာရုံနေရာထက် ကျယ်ဝန်းသောနေရာလွတ် မြေကွက်များကို တွေ့ရှိခဲ့သည်မှန်၏။ သို့ရာတွင် ဤပုဗ္ဗာရုံမြေနေရာကို တွေ့ရှိသောအခါ ဒါယိကာမကြီးအဖို့ လက်မလွှတ်နိုင်လောက်အောင် စွဲမက်သွားသည်။ စွဲမက်သည့်အကြောင်းကား ပုဗ္ဗာရုံမြေနေရာသည် ပန်းဥယျာဉ်ကြီး ဖြစ်သောကြောင့်တည်း။

ယင်းပန်းဥယျာဉ် မြေနေရာစွဲမက်ရာ၌ အမျိုးသမီးပီပီ ပန်းကြိုက်သောကြောင့်ဟု ဆိုနိုင်ရာ၏။ သို့ရာတွင် ထို့ထက်ကြီးမြင့်သော ရည်မှန်းချက်တစ်ခုသည် ဤပန်းဥယျာဉ်မြေနေရာကို တွေ့ရှိသည်နှင့်တစ်ပြိုင်နက် ဖျတ်ခနဲပေါ်ပေါက်လာသောကြောင့်ဖြစ်၏။ ယင်းရည်မှန်းချက်ကား သက်တော် ဝါတော် ထောက်လာပြီဖြစ်သော ဘုရားရှင်နှင့် ရှင်အာနန္ဒာ စသော ထေရ်ကြီး ဝါကြီးများကား ဤပန်းကျောင်း ဤပန်းမြေတွင် သက်သက်သာသာ ကြည်ကြည်နူးနူးနှင့် ဘဝကွန်းထောက် သီတင်းသုံးစေလိုသော ရည်မှန်းချက်စေတနာဖြစ်ပေသည်။

ဤပန်းဥယျာဉ်မြေက ဒါယိကာမကြီးအား ဆွဲအားကြီးလိုက်သည့် အခြားတစ်ချက်လည်း ရှိပေသေးသည်။ ယင်းအချက်ကား ဒေါင်းအသွင်ဖြင့် အလှပြင်ထားသော စိန်ဒေါင်းပျံကြီးဖြင့် အရင်းတည်မည့်နေရာသို့ ဝင်ရောက်ကြည့်ရှုလိုက်သည်နှင့် တစ်ပြိုင်နက် ဒေါင်းငယ်ကလေးများ လှုပ်ရှားနေသည့်ပမာ ဒေါင်းနွယ်ဒေါင်းခက်တို့ဖြင့် တလှုပ်လှုပ် တယိမ်းယိမ်းရှိနေသော ဒေါင်းဂမုန်းခေါ် ဒေါင်းပန်းတို့ကို ဤမြေချာတွင် ဝေဝေဆာဆာ ပေါဟေမျာများများ တွေ့လိုက်ရခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် ဤပန်းဥယျာဉ်မြေကိုသာ ရွေးချယ်၍ ပုဗ္ဗာရုံကြီးကို ဆောက်ရာ၌ ရှိနေပြီး ပန်းခင်း ပန်းပင် ပန်းနွယ်များကို သတိထား၍ ဆောက်လုပ်စေခဲ့သည်။ ရှိနေပြီး ပန်းခင်းများအား ကျောင်း၏အဆောင်အယောင်ပမာ ဖြစ်စေသည်။

ပန်းမျိုးကလည်း စုံလင်လှ၏။ ၁၂ ရာသီပွင့်၍ မျိုးအားခိုင်မာသော နှင်းဆီသည် ဤမြေ၏ အခြေခံပန်းဖြစ်၏။ မြေပတ်လည် စည်းရိုးတစ်ခုလုံးကို နှင်းဆီပင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးများဖြင့် ကာရံထားသည်။ နှင်းဆီပင်ကြီးတို့ ကြိုကြားတွင် ကံ့ကော်၊ ဆိတ်ဖလူး၊ စိန်ပန်း၊ ငုရွှေဝါ စသော ပင်ကြီး ပင်လတ်များကို အကွက်ကျကျ စိုက်ပျိုးထားသည်။ ပင်စည်ကြီး၍ အရိပ်ကောင်းသော ခရေပင်ကြီးများကိုလည်း အကွက်ကျကျ စိုက်ပျိုးထားသည်။

ဤမြေနေရာတွင် နှစ်သက်ဖွယ်ကောင်းလှသော ပန်းတစ်မျိုးသည်ကား မြေယာတစ်ခုလုံးကို ပန်းကော်ဇော၊ ပန်းကမ္ဗလာပြင်ကြီး ခင်းထားသကဲ့သို့ စောမေတ္တေပန်းများက နေရာမလပ် အပြည့်အသိပ်ရှိနေခြင်းပင် ဖြစ်ပေသည်။ ခရမ်း ကြက်သွေးနှင့် အဝါရောင်ရောစပ်ပြီး ငါးပွင့်ဆိုင် ပူးကပ်ကာ ရွက်ဝိုင်းရွက်စိပ်ကလေးများနှင့် ပူးတွဲ၍ လှလှပပကလေးပွင့်တတ်မြဲဖြစ်သော ဤပန်းကလေးများသည် တစ်ပင်တလေ တွေ့မြင်ရသောအခါ၌ အမြင်နုပ်မှုကြောင့် အမှတ်မဲ့ရှိတတ်ကြသော်လည်း ယခု ပုဗ္ဗာရုံမြေမှာကဲ့သို့ ဂရုတစိုက်ပျိုးထောင်၍ အပြည့်အသိပ် မြင်ရသောအခါ ပန်းကမ္ဗလာကြီးပမာ ဖြစ်စေသည်။ သူ့ကို နေရာတကာတွင် တွေ့ရတတ်သောကြောင့် ပေါ့ပေါ့တန်တန် သဘောထားသူတို့က "လမ်းလျှောက်ပန်း"ဟု ခေါ်ဆို၍ ပွင့်ဆိုင်ငါးခုကို သဒ္ဓါစိတ်ကူးဖြင့် ကြည့်မြင်သူတို့က ပန်းလေးပွင့်ကို ဘုရားလေးဆူဖြင့် ထင်ဟပ်ကာ ဤကမ္ဘာ၌ ပွင့်တော်မူမည်ဖြစ်သော မေတ္တေယျဘုရားရှင်ကိုပါ ရည်ညွှန်း၍ "မေတ္တေယျပန်း" "စောမေတ္တေပန်း"ဟု ခမ်းခမ်းနားနား အမည်ပေးကြသည်။

ယင်းစောမေတ္တေပန်းကမ္ဗလာကြီးအကြား၌ ပန်းဝန်းခုံး မျက်နှာကြက်ကြီးကို လုန်ထားသည့်ပမာ ရွှဲလုံးနီနီကြီးများ အလိုက်သင့်ချထားသကဲ့သို့ အလိုက်သင့်ပေါက်ရောက်နေသော ပန်းသည်ကား ပန်းခြင်းလုံးများပင်ဖြစ်၏။ သို့ရာတွင် သူကတော့ ၁၂ ရာသီပန်းကား မဟုတ်။ မိုးရာသီတွင်မှ မိုးရိုန်မိုးငွေ့ဖြင့် မြေပြင်ကို ခွဲထွက်လာသည့်ပမာ ပေါ်ပေါက်၍ အခြားရာသီများတွင်မူ မြေတွင်းမှာပင် ငုပ်ပျောက်နေတတ်သည်။ သူကဲ့သို့ပင် ရာသီနှင့်ပွင့်ကြသည့် ပန်းပေါင်းများစွာ ရှိသည် မှန်ပါ၏။ သို့ရာတွင် ပန်းအများစုမှာ မိုးရာသီတွင် ပွင့်ကြ ဖူးကြသည့်အတိုင်း ယခု ကျောင်းရေစက်ချပွဲတော်ကြီးမှာလည်း မိုးရာသီပင်ဖြစ်သောကြောင့် ပုဗ္ဗာရုံဝင်းတွင်း ရှိလေသမျှ ပန်းအားလုံးသည် ကျောင်းလွှတ်မင်္ဂလာပွဲတွင် ယှဉ်တွဲကူညီကြသည့်ပမာ ဖြာဖြာဝေလျက်ရှိကြ၏။

ကျောင်းလွှတ်ပွဲတော်ကို လေးလတိုင်တိုင် ဆင်နွှဲရာ၌ အမျိုးသမီးဦးဆော

www.burmeseclassic.com



သော ပွဲတော်ဖြစ်သည့်အတိုင်း အမျိုးသမီးပရိသတ်အများစုသာ ကျောင်းတော် အလှူပွဲအတွင်း တသဲသဲ တရုတ်ရုတ်ရှိနေရာက သံဃာအများအား ဆွမ်းကပ်ချိန်၊ ပရိသတ်အား ကျွေးမွေးပြုစုချိန်မှလွဲလျှင် ကျန်သောအချိန်များ၌ အမျိုးသမီးများအဖို့ အဘယ်ကိစ္စတွင် အာရုံစိုက်ကြမည်ကို ဤမျှလောက်ဆိုလျှင် သိသာနိုင်လောက် ပေပြီ။

ပုဗ္ဗာရုံတွင် ပွင့်လေ ဖူးလေသမျှ ပန်းမျိုးစုံကိုရွေးဆွတ်၍ ပန်းကုံးသီသည်။ ပန်းကုံးသီရာ၌ အပြိုင်အဆိုင်ပြုလုပ်ကြသည်။ ပန်းသီကုံးမှု၌ အလေ့အထလည်းများ၊ ဝါသနာလည်းပိုကြသော မဇ္ဈိမအမျိုးသမီးများဖြစ်ကြသည့်အတိုင်း ပန်းကုံး ပန်းဆိုင် အလှအပမျိုးစုံတို့ ဝေလျှံ၍နေသည်။ ပြီးစီးသမျှသော ပန်းကုံး ပန်းဆိုင်များကို ပုဗ္ဗာရုံတွင် ဆင်သင့်လေသမျှသောနေရာတိုင်း၌ ဆင်ယှက်ချိတ်ဆွဲသည်။ ဘုရားရှင်၏ ဂန္ဓကုဋိတော်တစ်ဝိုက်ကိုမူ ကျောင်းအမကြီးကိုယ်တိုင် ဦးဆောင်၍ စိတ်ကူးရှိလေ သမျှ ပြင်ဆင်သည်။ မူလရှိပြီးသော ပန်းပင်များကို လှသည်ထက် လှစေကြောင်းဖြင့် ရွှေ့ပြောင်းပြင်ဆင်သည်။

ယင်းသို့ဖြင့် အမျိုးသမီးနှင့်ပန်း၊ ပန်းနှင့်ပုဗ္ဗာရုံတို့မှာ အလှူရက်များအတွင်း ချာချာလည်၍နေကာ အလှူတော် နောက်ဆုံးရက်တွင်မူ ပုဗ္ဗာရုံအတွင်းမှသာမက ပြင်ပပန်းဈေးများမှ ရနိုင်သမျှသော ပန်းမျိုးစုံကို စုပြုံ၍ဝယ်ကာ အလှူမဏ်လာ ဝန်းကျင်ကို အစွမ်းကုန် ဆင်သကြသည်။

ကျောင်းအမကြီး၏ ဆန္ဒအရ မဟာလ္လတာ ဒေါင်းတန်ဆာ သို့မဟုတ် စိန် ဒေါင်းပျံ အလှူတော်သရုပ်ကို ပေါ်လွင်လေအောင် သီကုံးလေသမျှသော ပန်းကုံး ပန်းဆိုင်များ၏ အနားကွပ်တို့တွင် ဖော်ပြပါ ဒေါင်းဂမုန်းပန်း သို့မဟုတ် ဒေါင်းရုပ် ပန်းကလေးများဖြင့် အနားကွပ် ဆင်ယင်ပေးထားကြသည်များမှာ ရှုလေသမျှတွင် ဒေါင်းရုပ်ပန်းကလေးတွေဖြင့်သာ ဝေဝေဆာလျက်ရှိပေတော့သည်။

စိန်ဒေါင်းပျံ ကျောင်းတော်သည် သာဝတ္ထိအရှေ့ဘက်တွင် ရှိသောကြောင့် အနွတ္တသညာဖြင့် ရှေးလူကြီးများ အလွယ်တကူခေါ်ဝေါ်တတ်ကြသော "ပုဗ္ဗာရုံ ကျောင်းတော်"ဟုသာ အခေါ်များခဲ့ရာမှ ပန်းဆိုင်ပန်းရုံတို့ဖြင့် ဖို့အပ်သော ကျောင်း ဖြစ်သောကြောင့် ပန်းအနွတ္တသို့ လိုက်ကာ "ပုဗ္ဗာရုံကျောင်းတော်"ဟုလည်း တွင်၍ လာခဲ့သည်။

ဤသည်ကား အကြောင်းဆိုက်လာသလို အလိုက်သင့် တင်စား၍ ဟောတော်

www.burmeseclassic.com

www.burmeseclassic.com



မှုလေ့ရှိသော ဘုရားရှင်၏ ပုပ္ဖာရုံ ကျောင်းလွှတ်ပွဲတော်တွင် ပန်းတရားဟောတော်မူခြင်း၏ အခြေခံအကြောင်းပေတည်း။

"ချစ်သားတို့။ ။အလှူဒါနပြုလုပ်ခြင်းဟူသည် ပန်းသီကုံးခြင်းနှင့် ပမာတူ၏။ ပန်းသီကုံးခြင်း၌ အင်္ဂါရပ်သုံးပါးရှိသည်။ ပန်း၏ပြည့်စုံခြင်း၊ သီကုံးမှုအတတ်ပြည့်စုံခြင်းနှင့် သီကုံးဖို့ရန် အားထုတ်ခြင်းတို့ ဖြစ်ပေသည်။

"ချစ်သားတို့။ ။သီကုံးဖို့ အားထုတ်လိုသော်လည်း ပန်းမပြည့်စုံလျှင် မပြီးမြောက်နိုင်။ ပန်းပြည့်စုံသော်လည်း သီကုံးမှုမတတ်လျှင် မလှပနိုင်။

"ချစ်သားတို့။ ။ပန်းသီကုံးဖို့ အားထုတ်လိုသော ဆန္ဒကား အလှူဒါနပြုလိုသူ၏ စေတနာတည်း။ ပန်း၏ပြည့်စုံခြင်းကား လှူဖွယ်ဝတ္ထု၏ ပြည့်စုံမှုတည်း။ စေတနာပြည့်စုံမှု၊ ဝတ္ထုပြည့်စုံမှုကြောင့် လှသောအလှူ၊ ပြည့်စုံသောအလှူ ဖြစ်လာရသည်။

"ချစ်သားတို့။ ။ငါ့သမီး ဝိသာခါ၏အလှူသည် လှပစွာသီကုံးအပ်သော ပန်းကဲ့သို့ ပြည့်စုံသောအလှူတည်း။ အိုမှု၊ နာမှု၊ သေမှု စသော ဆင်းရဲမျိုးစုံတို့ မပြတ်ဝိုင်းရံလျက်ရှိသော လူ့ဘဝ၌ ပညာရှိသောသူသည် မပြတ်သတိကိုဆောင်၍ ဒါနကုသိုလ်အမှုကို ပြုကြရာသည်။

တရားတော်အဆုံး၌ သာဓုသံ သုံးကြိမ်ထွက်ပေါ်လာပြန်၏။ သို့သော် ယင်းသာဓုသံမှာ ကျောင်းလွှတ်ရေစက်ချ အမှုဝေစဉ်က တက်ကြွသော သဒ္ဓါလျှင် အရင်းခံအပ်သော မြူးမြူးကြွကြွအသံမျိုးမဟုတ်။ တရားတော်၏ အနက်အဓိပ္ပာယ်တွင် ဓမ္မသံဝေဂဖြင့် လေးလေးနက်နက် ဆွဲဆောင်အပ်သော သာဓုသံဖြစ်သည်။

ထို့ကြောင့် ဤတစ်ချီ သာဓုသံအဆုံးတွင် အလိုက်သိသော ဘုရင့်မင်္ဂလာဝိုင်းတော်မှ အနုမောဒနာပြု ဗြောသံ စည်သံများ ထွက်ပေါ်၍မလာ။ အကြောင်းသော်ကား တရားတော်၏ အနက်အဓိပ္ပာယ်တွင် ပရိသတ်အားလုံး နစ်ထုံ၍သွားကြသောကြောင့် ဖြစ်သတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



# ဝတ်ရုံတော်

[ ၁ ]

ရုပ်၊ နာမ်၊ ခန္ဓာနှင့် မကင်းသေးသမျှ လူသတ္တဝါတို့အတွက် အရေးတကြီး လိုအပ်သော အခြေအချက်များမှာ စားရေး၊ ဝတ်ရေး၊ နေရေးဖြစ်၍ ယင်း စားမှု၊ နေမှု၊ ဝတ်မှုတည်းဟူသော အကြောင်းတရားများကြောင့်ပင်လျှင် ဆင်းရဲဒုက္ခမျိုးစုံ နှင့် တွေ့ဆုံကြရပေသည်။ သို့ဖြစ်၍ ဘုရားရှင်သည် ရုပ်၊ နာမ်၊ ခန္ဓာ ကင်းပြတ်မှု အေးငြိမ်းရာသို့ ရည်ညွှတ်သော မိမိ သားတော် သမီးတော်များအား ဆင်းရဲဒုက္ခပင် ဖြစ်စေကာမူ ဘေးအကင်းဆုံး၊ အလွတ်လပ်ဆုံး၊ စိတ်ချမ်းသာမှု အပေးနိုင်ဆုံးသော စားမှု၊ ဝတ်မှု၊ နေမှု နည်းလမ်းများကို ညွှန်ပြတော်မူ၏။

စားရေးအတွက် ခွက်မည်းတစ်လုံးကို အရင်းတည်ကာ ကိုယ်ပိုင်သလုံး မြင်း ခေါင်းဖြင့် ရင်းနှီး၍ အိမ်ပေါက်စေ့ တောင်းစားမှုကို ရည်ညွှန်း၏။ ဝတ်ရေးအတွက် အမှိုက်ပုံ၊ သင်္ချိုင်း စသည်တို့တွင် လူတို့စွန့်ပစ်အပ်သော အသုံးမဝင် အဝတ်စုတ် အဝတ်နွမ်းများကို လျှော်ဖွပ်စပ်ဖာ၍ အသုံးပြုရန် ရည်ညွှန်း၍ နေရေးအတွက်မူ ကောင်းကင်တည်းဟူသော အမိုး တောတောင် လဟာပြင်တည်းဟူသော ကျောင်း ကို ရည်ညွှန်းတော်မူသည်။

ရည်ညွှန်းသည်မျှမဟုတ်၊ ဦးဆောင်ပုဂ္ဂိုလ်ဖြစ်သည့် အားလျော်စွာ ရရောက် လာသော တန်ခိုး၊ ဘုန်းကံ ပစ္စည်းများကို အခါအားလျော်စွာ ဖယ်ရှား၍ ခေါင်းပါး စွာ ခြိုးခြံတတ်သောအကျင့်များကို စံနမူနာအဖြစ် ကိုယ်တော်တိုင်လည်း ကျင့်သုံး ၍ ပြသည်။ တပည့်သာဝကကြီးများကိုလည်း ကျင့်သုံး၍ ပြစေသည်။

အဘယ်မျှ ဘုန်းကံကြီးမားစေကာမူ စားရေးအတွက် ကိုယ်တော်တိုင် ဆွမ်းခံ မှုကို အချိန်ရနိုင်သမျှ ကျင့်သုံးတော်မူသည်။ ဝေရဉ္စာတိုင်းတွင် ရဟန်းအားလုံး

www.burmeseclassic.com



အငတ်ဘေးကြုံ၍ သရောကြီးအခိုင်းခံရသည့် အချိန်ကမူ စားရေးအတွက် ကြီးစွာသောသရုပ်ကို ဆောင်၍ပြတော်မူခဲ့သည်။ ပြဟန်ကား ဝမ်းမီးတစ်ကြိမ် ငြိမ်းအေးစေရုံမျှအတွက်ပင် အခက်အခဲဖြစ်လျက်ရှိသော ထိုအချိန်က မြင်းကုန်သည်တို့၏ မုယောကြမ်း မြင်းစာကိုပင် အာနန္ဒာက ထောင်းထုချေမွ၍ ကပ်သည်ကို ဝါတွင်းသုံးလပတ်လုံး သည်းခံမျှတတော် မူခဲ့ပေသည်။

နေရေးအတွက်မှာ ဘုရားအဖြစ် ကျင့်တော်မူစဉ်က ဥရုဝေလတွင် ခြောက်နှစ်ကျော်တိုင်တိုင် ဧကစာ တောပျော်ကြီးအဖြစ် နေတော်မူခဲ့သည်ကို အပထားဦး၊ အနာ ထပိဏ်, ဝိသာခါ စသူတို့၏ ရွှေကျောင်းတော်ကြီးများတွင် နေသည်ဆိုသမင့်လည်း တော၏ ဆိတ်ငြိမ်မှုနှင့်တူသော ဂန္ဓကုဋိတွင်သာ တစ်ပါးတည်း တစ်သီးတခြား စံနေတော်မူကာ ဗာဟိရကိစ္စတို့မှ ကင်းလွတ်သည်ဆိုသည်နှင့် တစ်ပြိုင်နက်ဂိစ္ဆကုဋ္ဌ စသော တောင်တောမျိုးစုံသို့ ဒေသစာရီ ကြွချီ၍ ဧကစာသီတင်းသုံးမှုဆိုသည်မှာ ရိုး၍ပင်နေခဲ့ပေပြီ။ တောတောင် သစ်ပင်ရိပ်တို့တွင် အခွင့်ရသောသာမန်အချိန်ကလေးများတွင် သီတင်းသုံးနေထိုင်မှုကို အပထား၍ ဆယ်ကြိမ်မြောက် ဝါတော်တွင် အာနန္ဒာစသော ပတ်ဝန်းကျင် တပည့်ရဟန်းများကိုပင် အလုပ်အကျွေးမဲ့စေသော ဧကစာနည်းဖြင့် ပလလဲတော၌ ဝါတွင်းသုံးလတိုင်တိုင် မှီခိုသီတင်းသုံး၍ ပြတော်မူခဲ့ပေသည်။

ဝတ်ရေးအတွက်မှာကား ဘုရားရှင် မပြတ်ဆောင်တော်မူသော မြင်မိသူတိုင်း ကြက်သီးမွေးညင်း ထလောက်အောင် ကျော်ကြားတော်မူသည့် ဒုကုဋ္ဌ ဝတ်ရုံသင်္ကန်းတော်ကြီး၏ အကြောင်းမှာ ကြီးစွာသော စံနမူနာ ဖြစ်နေပေသည်။

ဤဝတ်ရုံတော်သင်္ကန်းကြီးကို ရယူရာ၌ ဘုရားရှင်သည် ကိုယ်တော်တိုင် ပံ့သကူသင်္ကန်းအဖြစ် ကောက်ယူတော်မူခဲ့သည်။ ကောက်ယူရာ၌ သာမန်မျှမဟုတ်ဘဲ ဆင်းရဲနွမ်းပါးလှသော ကျွန်ဖြစ်သူ၏ အလောင်းကောင်တွင် ရစ်ပတ်၍ထားအပ်သော သူကောင်ထုပ်အဝတ်ကြမ်းကြီးအား ပိုးလောက်တို့ဖြင့် တဖွဖွ တထွေးထွေးရှိနေသည်ကို ကိုယ်တော်တိုင် ဆွဲယူ ပံ့သကူကောက်တော်မူခဲ့သည်။

စားဝတ်နေရေးတည်းဟူသော အခြေခံအကြောင်းသုံးရပ်တွင် အနာဂတ်သာသနာမှ မိမိတပည့်တပန်း ရဟန်းသံဃာများအဖို့ အဝတ်တည်းဟူသော သင်္ကန်းကိစ္စအတွက် ပို၍ တာဝန်ကြီးကြရဖို့ရှိကြောင်း မြင်တော်မူသည်။ အကြောင်းမှာ မိမိသာသနာပျံ့နှံ့မည့် မဇ္ဈိမတိုင်းနှင့် ဝန်းကျင်ဒေသများသည် ဆင်းရဲသားအများစုတို့

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရာဒေသဖြစ်ပေရာ စားရေးအတွက် အဘယ်မျှ ဆင်းရဲသည်ဆိုစေ၊ ဆွမ်းခံခြင်းဖြင့် တစ်ဇွန်းတစ်ယောက်မမျှသောဆွမ်းကို အလွယ်တကူရနိုင်ပေသေးသည်။ နေရေးအတွက် သစ်ပင်တောတောင်တို့သည် သဘာဝအားဖြင့်ပင် ပေါများရုံမက မဇ္ဈိမ၏ ယဉ်ကျေးမှုအစဉ်အလာဖြင့် ပစ္စည်းရှိသူတို့ ဆောက်လုပ်လှူဒါန်းအပ်သော ဂူကျောင်းပြာသာဒ် စသည့် အဆောက်အအုံတို့ အမြောက်အမြားရှိနေပေသည်။

ဝတ်ရေးအတွက်မှာကား ပင်ကိုက အခြေခံနည်းပါးသူ ဘုန်းကံမဲ့သူဖြစ်ခဲ့ပါမူ ဆင်းရဲသောပြည်သူတို့ထံမှ သင်္ကန်းတစ်ထည်မျှ ရဖို့ကိစ္စမှာ မလွယ်ကူလှသော ကိစ္စဖြစ်သည်။ ထို့ကြောင့်လည်း ဝတ်ဆင်ရေးကိစ္စတွင် အလေးအနက် သတိပြုမိကြစေရန် သာသနာတော်သို့ ဝင်လာစ ပုဂ္ဂိုလ်တိုင်းအား နေ့စဉ်ဆင်ခြင်သုံးဆောင်ကြရန် ရည်ညွှန်းတော်မူသည့် သင်္ကန်းတည်းဟူသော စီဝရ၊ အစာအာဟာရတည်းဟူသော ပိဏ္ဍပါတ၊ ကျောင်းတည်းဟူသော သေနာသန၊ ဆေးဝါးတည်းဟူသော ဘေသဇ္ဇ၊ ဤလေးမျိုးတွင် သင်္ကန်းကိစ္စကို ထိပ်ဆုံးမှထား၍ ဟောကြားတော်မူခဲ့သည်။

တပည့်များတွင် ကျော်ကြားသော ဗာဟီရဒါရုစိယသည် ကြီးစွာသော ဉာဏ်စွမ်းဖြင့် ချက်တဖြုတ် ရဟန္တာဖြစ်နိုင်ခဲ့သူဖြစ်၏။ သို့ပါလျက် အဝတ်ကိစ္စ သင်္ကန်းရှာဖွေရင်းဖြင့် သက်တော်တိုခဲ့ရသည်။ ပုက္ကုသာတိသည် ဘုရင်ကြီးဖြစ်ပါလျက် အဝတ်ကိစ္စကြောင့်ပင် သာသနာ့မုခ်ဦးတွင် ကွယ်ကွန်ခဲ့ရသည်။

ထို့ကြောင့် အဝတ်ကိစ္စတွင် ကြီးစွာသောနမူနာပြရန် လိုအပ်သည့်အတိုင်း ဥရုဝေလတောမှ ကဿပညီနောင်ဂိုဏ်းကြီးအား တရားတည်းဟူသော လက်နက်နှင့် ဖြိုဖျက်နေခိုက် အခွင့်သာသောတစ်နေ့တွင် ဘုရားရှင်သည် သေနနိဂုံးရှိ လူသေကောင်တို့စွန့်ပစ်ရာ ရွာသချိုင်းသို့ ပိုင်ရှင်မဲ့ အပြစ်မဲ့ သင်္ကန်းအဖြစ် ပံ့သကူကောက်ယူရန် ကိုယ်တော်တိုင် ကြွရောက်တော်မူခဲ့သည်။ အခွင့်သာသော တစ်နေ့ဟူသည်ကား ဥရုဝေလတို့ထံတွင် သီတင်းသုံးစဉ် ဥရုဝေလတို့ထံမှ ဖဲ့ထွက်ခဲ့သောနေ့ပင် ဖြစ်၏။

သေနနိဂုံးကျေးရွာသုသာန်တွင် ကွယ်လွန်သူအစေခံပုဏ္ဏာ၏ အလောင်းကို စွန့်ပစ်ထားခဲ့သည်မှာ ရက်အတန်ကြာခဲ့ပြီ။ ဤရွာ ဤသချိုင်းသည် ဘုရားရှင်အဖို့ ဥရုဝေလတွင် ဘုရားအဖြစ် တရားကျင့် သီတင်းသုံးစဉ်ကပင် ဆွမ်းခံရွာအဖြစ် ရင်းနှီးခဲ့သောဒေသဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသုသာန်သို့ ထိုနေ့က ဘုရားရှင် ရောက်ရှိလာသောအခါ ဂုန်လျှော်ပုဆိုးကြမ်း အဝတ်ကြီးဖြင့် ရစ်ပတ်စွန့်ပစ်ထားအပ်သော ပုဏ္ဏာ၏အလောင်းကောင်သည် ပုပ်ပွရိရွဲ၍ ပိုးလောက်တို့ တဖွားဖွားဖြစ်လျက်ရှိနေခဲ့ပေပြီ။

အဝတ်ကြမ်းကြီးအတွင်းမှ ပုပ်ပွနေသော ပုဏ္ဏာ၏အလောင်းကောင်ကို ရှေးဦးစွာ ဖြည်ဆွဲဖယ်ထုတ်ရ၏။ ဂုန်လျှော်ကြမ်းတွင် အလိပ်လိပ်တက်လျက်ရှိသော ပိုးလောက်များကို အလိုက်သင့် ခါတွက်ထုတ်ပယ်ပစ်ရသည်။ တွယ်ကပ်ကျန်ရှိနေသေးသော ပိုးလောက်များကို လက်တော်ဖြင့် တစ်ကောင်ချင်း ကောက်ယူပစ်ရ၏။ ထို့နောက်တွင်ကား အလောင်းကောင်မှ ပုပ်ဟောင်သော အနံ့ဆိုးကြီးကိုလည်းကောင်း၊ ပိုးလောက် အရိအရွဲတို့ဖြင့် မသန့်ရှင်းမှုကိုလည်းကောင်း သည်းခံတော်မူကာ အပုပ်ရည်တို့ဖြင့် လူးပေးအပ်သော ဂုန်လျှော်အဝတ်ကြီးကို အလိုက်သင့်ကိုင်ယူတော်မူ၍ မိမိသီတင်းသုံးရာ သင်္ချိုင်းအနီးရှိ ခံတက်ပင် ရေအိုင်တွင် ကိုယ်တော်တိုင် လျှော်ဖွပ်တော်မူ၏။ အရိယာတို့၏ ထုံးတမ်း သင်္ကန်းရှာဖွေမှုအတွက် အမြင့်ဆုံးသော ယင်းလုပ်ဆောင်ချက်ကို ထိုအခိုက်က အများမသိသေးသော်လည်း သိသော မဟာပထဝီမြေကြီးက တသိမ့်သိမ့်တုန် ကောင်းချီးပေးသတည်း။

ထိုအချိန်မှစ၍ ဘုန်းတော်ကံတော်ကြောင့် ပေါ်ပေါက်လာသမျှသော ပိုးဖဲကတ္တီပါ ဒုကုဋ်သင်္ကန်းများကို တပည့်ရဟန်းများအား မျှဝေစွန့်ကြဲတော်မူကာ စံတင်အပ်သော ယင်းဂုန်လျှော် သင်္ကန်းကြမ်းကြီးအား ဘုရားရှင်သည် စကြဝတေးမင်း၏ ကတ္တီပါဝတ်ရုံတော်ကဲ့သို့ပင် အလေးထား၍ အရိယာတို့၏ အောင်လံတံခွန်ကိုယ်ရုံ ဒုကုဋ်သင်္ကန်းကြီးအဖြစ် မပြတ် အသုံးပြုတော်မူသည်။

ရှေးဦးစွာကား အတောင်သာလျှင် ဥစ္စာရှိသော ငှက်ကဲ့သို့ အသက်မွေးနေထိုင်မှု ပေါ့ပါးစေရန် စာရေးအတွက် သပိတ်တစ်လုံးမျှ ခွင့်ပြုတော်မူရာ ဝတ်ရေးအတွက် ခါးဝတ်တစ်ထည်နှင့် ကိုယ်ရုံတစ်ထည်မျှ ခွင့်ပြုတော်မူခဲ့၏။ သို့ရာတွင် ရာသီဥတုနှင့် ကျန်းမာရေးအတွက် ခြုံထည်တစ်ထည် လိုအပ်သည်ကို သိရှိသောအခါ ဒုကုဋ်သင်္ကန်းကြီးကို ခွင့်ပြုတော်မူရပြန်၏။ ခြုံထည်သင်္ကန်းကြီးကို ခွင့်ပြုတော်မူရာ၌ လွယ်လွယ်စဉ်းစား၍ လွယ်လွယ်ခွင့်ပြုခဲ့သည်ကား မဟုတ်ပေ။

မဇ္ဈိမတိုက်၏ ရာသီဥတုအရ ဆောင်းဥတုမကုန်မီ နွေဥတုသို့အကူး တပို့တွဲလပြည့်ကျော် ၄ ရက်မှ တပေါင်းလဆန်း ၄ ရက်အထိ ၁၅ ရက်သည် အအေးဆုံးအချိန်ဖြစ်၏။ အအေးလွန်ကဲသော ဆောင်းနှင့် နွေအကူး အန္တရကပ်၊ အန္တရအချိန်

www.burmeseclassic.com



ဟု မန္တြီမတိုက်သားများက အသိအမှတ် ဝေါဟာရပြုထားသောအချိန် ဖြစ်သည်။

ထိုအချိန်၏ အအေးဆုံးသော တစ်ညဌ ဘုရားရှင်သည် လွင်တီးခေါင် စံကျောင်းတစ်ခုတွင် ကိုယ်တော်တိုင် ဝတ်ရုံဆဲသင်္ကန်းနှစ်ထည်မျှဖြင့် သီတင်းသုံး တော်မူကာ ရာသီဥတုဒဏ်ကို စမ်းသပ်တော်မူသည်။ ယင်းသို့ ကိုယ်တွေ့စမ်းသပ် မှုဖြင့် တပည့်ရဟန်းများအဖို့ ခြုံထည်သင်္ကန်း လိုအပ်ကြောင်း ကိုယ်တွေ့ဆတ်ဆတ် သိရှိတော်မူကာ ညဥ့်အချိန်တွင် ခြုံထည်အဖြစ်လည်းကောင်း၊ နေ့အချိန်တွင် ခင်း ထည်အဖြစ်လည်းကောင်း အသုံးပြုနိုင်သော ဒုကုဋ္ဌခေါ် နှစ်ထပ်သင်္ကန်းကြီးကို ခွင့်ပြုတော်မူခဲ့ပေသည်။ ဤနည်းဖြင့် အကြင်ရဟန်းတစ်ပါးအတွက် မရှိလျှင် မဖြစ်၊ လိုအပ်သော ပရိက္ခရာရှစ်ပါးကို ခွင့်ပြုတော်မူခဲ့ရသည်။

ယင်းသို့လျှင် ဤဝတ်ရုံတော် ဒုကုဋ္ဌသင်္ကန်းတော်ကြီး၏ အကျိုးသက်ရောက် မှုသည် တပည့်များအား ခေါင်းပါးခြိုးခြံစွာ ကျင့်သုံးစေရန်အတွက် စံနမူနာ ဖြစ်စေ ရုံမျှမကသေး အနာဂတ်သာသနာတော်အတွက် ကြီးစွာသော အခြားအကျိုးသက် ရောက်မှုတစ်ရပ်ဆီသို့လည်း ပို့ဆောင်တော်မူခဲ့ပေသေးသည်။

[ ၂ ]

တောထွက်တော်မူရာ၌ သာသနာတော်နောက်ပိုင်းတွင် စံတင်လောက်သည့် တပည့်တို့ ပြည့်သိပ် ပေါများလှသော်လည်း သာသနာတော်အစ စောစောပိုင်း ကာလက ပိပ္ပလိမောင်နှံတို့၏ တောထွက်မှုမှာ ထူးခြားလှပေ၏။ ဒုက္ခလူ့ဘောင်မှ လွတ်မြောက်ရေးအတွေးအခေါ်များ ထွန်းကားသော ထိုခေတ် ထိုအချိန်က ဗြဟ္မာတို့ ရည်မှန်းသော အတ္တဝါဒီတို့၏ ကြိုးပမ်းမှုပင် ဖြစ်စေဦးတော့ ရသေ့ရဟန်းအဖြစ်ဖြင့် တောထွက်မှုအလုပ်ဆိုသည်မှာ လူပေါင်းများစွာတို့ လုပ်ကိုင်ကြသော အလုပ်တစ်ခု ဖြစ်သည်။ သို့ရာတွင် ယေဘုယျအတွေးအခေါ်မှာ လူဟူသည် အချိန်အရွယ်ရှိခိုက် တွင် ခံစားခွင့်ရှိသမျှသော ကာမရသဟူသမျှကို အစွမ်းကုန်ခံစား၍ ဒုတိယအရွယ် တတိယအရွယ်…စသည်ဖြင့် အချိန်အရွယ်လွန်လျှင်မူ မိမိတို့ဆိုင်ရာတရားကို ကျင့်သုံး အားထုတ်ရမည်ဟူသော ယေဘုယျတွေးခေါ် အားထုတ်မှုများသာ ဖြစ်ပေသည်။

ပဋိသန္ဓေကပင် သဒ္ဓါစရိုက်၊ ပညာစရိုက်၊ နိက္ခမစရိုက် ကြီးမားလှသော ပိပ္ပလိမောင်နှံတို့ကမူ ယင်းယေဘုယျ ပြုလုပ်မှုများကို ဆန့်ကျင်၍ ပျိုရွယ်စဉ်ကပင် ထူးခြားသော တောထွက်မှုကို ပြုလုပ်ခဲ့ပေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားဟန်ကား ဇနီးမောင်နှံနှစ်ဖက်မှ ကျိကျိတက်ချမ်းသာသောစီးပွားကို ဆန့်ကျင်သည်။ ပျို့ရွယ်သူတို့၏ သဘာဝစရိုက် အလိုက်သင့်ရောက်လာသော ကာမဂုဏ်အားလုံးကို ဆန့်ကျင်သည်။ မိဘကို ဆန့်ကျင်သည်။ ခြွေရံသင်းပင်း၊ အလုပ်တာဝန် ပတ်ဝန်းကျင်အားလုံးကို ဆန့်ကျင်သည်။ သာမန်လူသားတို့အဖို့ ကောင်းသည်ဆိုသမျှ ယင်းအားလုံးကို ဆန့်ကျင်၍ တောထွက်ခဲ့ကြသူများဖြစ်သည်။

ပိပ္ပလိအဖို့ လူ့သဘာဝ မျိုးရိုးအစဉ်အလာ မိဘနှစ်ပါးတို့၏ အစီအစဉ်အောက်တွင် အခြေအနေမပေးသောကြောင့် ဘဒ္ဒကာပိလာနီနှင့် လက်ထပ်ခဲ့ရသေးသည် မှန်ပါ၏။ သို့ရာတွင် ကံကောင်းအကြောင်းသင့်လာချင်တော့ ဇနီးဘဝရောက်လာသော ယင်းမယ်ဘဒ္ဒါသည်ပင်လျှင် မိမိ၏စရိုက်ကို ပံ့တိုက်၍ ကူညီအားပေးသော ဓမ္မမိတ်ဆွေကြီးဖြစ်လာကာ အကြင်လင်မယားဘဝတွင် မိမိတို့၏သန့်ရှင်းမှုကို မိမိတို့သာသိသော ခန်းတွင်းရေးသန့်ရှင်းမှုဖြင့် စိတ်တူသဘောတူ တိုင်ပင်ကာ နှစ်ဦးစလုံးပင် တောထွက်ခဲ့ကြပေသည်။

တောထွက်ရာ၌ မည်သည့်ဆရာ၊ မည်သည့်တရားဟု ထူးထူးခြားခြား ရည်မှန်းချက်ဟူ၍ မရှိ။ ကြီးစွာသော နိက္ခမဓာတ်ဖြင့် တောရိပ် တောင်တန်းတွင် ရဟန်းအဖြစ် အေးချမ်းစွာနေလိုမှု၊ အေးချမ်းစွာနေရင်း တရားစစ် တရားမှန်ကို ရှာမှုသာ အဓိကဖြစ်သည်။ ဤအချက်သည် ပိပ္ပလိ၏ တောထွက်ရာ၌ ထူးခြားသောအချက်ဖြစ်သည်။

မိမိ၏အနာဂတ်သာသနာတော်တွင် တပည့်ရဟန်းများ၊ သူတော်ကောင်းများ၏ စားရေး၊ နေရေး၊ ဝတ်ရေး အခြေခံအချက်များအတွက် ဤတပည့်ကြီး ပိပ္ပလိသည် ကြီးစွာသော စံပြပုဂ္ဂိုလ်ကြီး ဖြစ်လာမည်ကို ဘုရားရှင် မြင်တော်မူသည်။ ထို့ပြင် မဟာကရုဏာတော်ဖြင့် ပိပ္ပလိအပေါ်တွင် အလေးကဲကာ စဉ်းစားတော်မူရသည့်အကြောင်းများလည်း ရှိပေသေးသည်။

မိမိသည် ကြီးစွာသော အဓိဆန္ဒ၊အဓိပညာဖြင့် အချိန်အရွယ်ရောက်လာသည့်အခါတွင်မှ တောထွက် တရားရှာကာ ဘုရားဖြစ်လာခဲ့သော်လည်း တောမထွက်မီတွင် မောင်းမများစွာ ယသော်ဓရာတို့ဖြင့် ကာမဂုဏ်ညွှတ်ကွင်း သက်ဆင်းသာယာမိခဲ့ပေသေးသည်။ ပိပ္ပလိကား ကာမဂုဏ်အရေးအခင်းတွင် သန့်ရှင်းစင်ကြယ်၍ အရွယ်ရောက်သည်နှင့် တစ်ပြိုင်နက် တောသို့ ရှန်းထွက်ခဲ့သူဖြစ်ပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအခြေတွင် ပိပ္ပလိအတွက် အခက်အခဲတစ်ခုသာရှိနေ၏။ ယင်းအခက်အခဲကား ဧကစာသဘော တောသို့ရည်မှန်း ရဟန်းပြုခဲ့သည်မှန်စေကာမူလည်း မိမိကဲ့သို့ပင် တရားစစ် တရားမှန်ကို ရှာကြံရမည့် အခက်အခဲပင်ဖြစ်ပေသည်။

ကိုယ်ပိုင်တရားဖြင့် ဘုရားမဖြစ်မီအချိန်က မိမိသည် တရားသီး တရားပွင့် တရားရနံ့ကို သီးပွင့် မွှေးထုံရာ ဥရုဝေလ၌ တရားစစ် တရားမှန်ကို ရှာဖွေရင်း အာဠာရလမ်းစဉ်ဖြင့် အချိန်ကုန်ခဲ့ရသည်။ ဥဒကထံတွင် နည်းနာခံခဲ့ရသည်။ သူတို့တရားလမ်းစဉ်သို့ အစဉ်လိုက်ရင်း ခြောက်နှစ်ပတ်လုံးပင် ကုန်းကာ,ရုန်းကာ အချိန်ဖြုန်းခဲ့ရပေသည်။

မိမိအလား ဆန္ဒတော်ကြီးမားသော အခု ပိပ္ပလိလုလင် တောထွက်ရာ၌လည်း မိမိအလား လမ်းမှား အချိန်ကုန်မည်ကို စိုးတော်မူသည်။ ဤသည်ကား ဘုရားရှင်က ပိပ္ပလိအပေါ်၌ ထားအပ်သော စေတနာနှင့် အနာဂတ်သာသနာတော်အတွက် စည်းရုံးရေးအမြင်ဖြစ်၏။

ထို့ကြောင့် ထိုနေ့က ပိပ္ပလိ ဇနီးမောင်နှံတို့သည် သူတော်ကောင်းတို့ ခြေဦးတည့်ရာ ဥရုဝေလတောအုပ်ဆီသို့ အတူတောထွက်၍ လာရာ၌ သူတော်စင်များပင်ဖြစ်စေကာမူ အသွင်မတူသော ယောကျာ်းနှင့်မိန်းမ ဖြစ်နေ၍ အခြားသူများ အမြင်တွင် အဆင်မပြေဖြစ်မည်ကြောင့် လမ်းဆုံလမ်းခွတစ်နေရာမှ ပိပ္ပလိနှင့် ဘဒ္ဒကာပိလာနီတို့ ကိုယ့်လမ်းနှင့်ကိုယ် ခွဲခွာ၍လာခဲ့ရာတွင် ဘုရားရှင်သည် ပိပ္ပလိလာရာ တူရူလမ်းခရီးရှိ အဝန်းအဝိုင်းကောင်းလှသော ညောင်ပင်ကြီးအောက် မြေမို့ပလ္လင်ခုံတွင် ထိုင်တော်မူကာ ရောက်လာမည့် ပိပ္ပလိအား ငံ့မျှော်ကြိုဆိုတော်မူ၏။

သာဝတ္ထိ၊ ရာဇဂြိုဟ် စသော မြို့များ၊ အရပ်များ၌ ရဟန်းအချို့နှင့် ရောနှောကာ သာမန်ရဟန်းတစ်ပါးပုံစံကဲ့သို့ပင် အမှတ်မထင် ဆွမ်းခံထွက်သောအခါများမှလွဲ၍ ယခုကဲ့သို့ တသီးတခြား နေရာမျိုး၌ ထူးခြားသော ဣန္ဒြေအရှင်၊ ထူးခြားသော အဆင်းတော်အရှင်ဖြစ်သော ဘုရားရှင်အား ရင်ဆိုင်ကြုံတွေ့ရသည်ဆိုလျှင် သာမန်ပုဂ္ဂိုလ်များကို အပထား၍ သာသနာတော်နှင့်ဆန့်ကျင်ဘက် ပုဂ္ဂိုလ်များကပင်လျှင် မတွေ့ဆုံ မဆွေးနွေး ဦးမလျှိုးသောသူဟူ၍ အလွန်ရှားပါးလှပေသည်။ တောသို့ရည်ညွှတ်၍ တရားပေးမည့် ဆရာသူတော်ကောင်းသို့ ရှိညွှတ်ပြီးသော ပိပ္ပလိအဖို့မူ မိမိတူရူခရီးရှိ ညောင်ပင်အောက်တွင် ဘုရားရှင်အား မြင်တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက်ပင် ဤကား ငါ့ဆရာတည်းဟု ပိုင်ပိုင်နိုင်နိုင် တစ်ပြိုင်

www.burmeseclassic.com

www.burmeseclassic.com



နက် ဆုံးဖြတ်ချက်ချလိုက်ကာ လက်ကြာင့် ရှေ့တင်၍ ဘုရားရှင်၏ ခြေတော်ရင်းသို့ ဝပ်စင်းပြီး "အရှင်သူမြတ်။ ။တပည့်တော်သည် ငြိမ်းအေးမှုအတွက် တရားရှာရန် တောထွက်လာခဲ့သူ ဖြစ်ပါသည်။ အရှင်မြတ်သည် ငြိမ်းအေးမှုတရားရှင်ဖြစ်ကြောင်း အမြင်နှင့်ပင် ဆုံးဖြတ်နိုင်ခဲ့ပါသည်။ တပည့်တော်အား အရှင်မြတ်၏ တရားဖြင့် ကယ်တင်တော်မူပါ၊ ဟောတော်မူပါဘုရား"ဟု လျှောက်ထားလိုက်လေသည်။

ဘုရားရှင်က "ကဿပ"ဟု ပထမဆုံးအာလုပ်စကားဖြင့် ခေါ်တော်မူလိုက်သောအခါ ပိပ္ပလိလုလင်အဖို့ ကိုယ်ဟန်ပင် ယို့၍သွားလောက်အောင် ပီတိထုံကာ နှစ်ခြိုက်လာသဖြင့် ဘုရားရှင်မျက်နှာတော်ကိုပင် ခင်မင်ရင်းနှီးသည့် ပီတိမျက်လုံးတို့ဖြင့် မော်၍ဖူးလိုက်မိသည်။ အကြောင်းမူကား လူတို့မည်သည် ကြီးပြင်းလာသောအခါ၌ အမည်တစ်မျိုးမှည့်တတ်သော်လည်း ငယ်စဉ်ကဘဝနှင့် ရင်းနှီးသောအမည်၊ မျိုးရိုးအမည်များ ရှိနေတတ်ကြသည်ဖြစ်ရာ ယင်းငယ်မည်ကို ရင်းနှီးစိုးမိုးသော လူကြီးသူမ အကြီးအကဲများက ချစ်ကြည်ရင်းနှီးစွာ ထုတ်ဖော်ခေါ်ဝေါ်လိုက်သည့်အခါမျိုး၌ ပီတိဖြစ်ကြမြဲ ဓမ္မတာဖြစ်ပေသည်။ "ကဿပ"ဟူသည် ပိပ္ပလိလုလင်၏ မျိုးရိုးအမည်ဖြစ်ပေ၏။

"ကဿပ။ ။သင်၏လာခြင်းကား ကောင်းသောလာခြင်းတည်း။ ငါဘုရားနှင့်တွေ့ဆုံခြင်းကား ကောင်းသောတွေ့ဆုံခြင်းတည်း။ ငါသည်လည်း တစ်ချိန်သောအခါက သင်ကဲ့သို့ပင် ငြိမ်းအေးမှုတရားကို ရော်ယမ်းမှန်းဆ၍ ဥရုဝေလတောသို့ထွက်ခဲ့သူဖြစ်သည်။ သို့ရာတွင် ငါ့မှာ သင်ကဲ့သို့ ကိုယ်လိုချင်သော တရားရှင်ဆရာနှင့် မတွေ့ရသောကြောင့် ဥရုဝေလတွင် ပင်ပန်းကြီးစွာ ခြောက်နှစ်တိုင်တိုင်အားထုတ်ပြီးကာမှ ငြိမ်းအေးမှု ကိုယ်ပိုင်တရားလမ်းစဉ်ကို ရှာဖွေတွေ့ရှိခဲ့ရသည်။

"ထိုတရားကို သင့်အား ငါဟောမည်။ သင်သည် မပင်ပန်းဘဲနှင့် တရားရှင်နှင့် အဆင်သင့်တွေ့ရပေသည်။ ထို့ကြောင့် သင်၏ တောထွက်ခြင်းကား လာခြင်းကောင်းသော တောထွက်ခြင်းပေတည်း"ဟု မိန့်တော်မူကာ "ယနေ့မှစ၍ ငါ၏သာသနာတော်၌ ကောင်းစွာနေလော့၊ ကောင်းစွာကျင့်လော့"ဟူသော ဩဝါဒသမ္ပဒါဖြင့်ပင် တပည့်ရဟန်းအဖြစ်သို့ ပို့ဆောင်ပြီး ထိုင်တော်မူရာက ထ၍ ကြွသွားသောအခါ ကဿပက နောက်တော်မှ ရိုကျိုး၍လိုက်သည်။

တစ်နေရာတည်း တစ်ထိုင်တည်းတွင် တရားမဟောသေးဘဲ ထသွားတော်မူ

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၌ အကြောင်းရှိ၏။ ယင်းအကြောင်းကား မိမိ၏ အနာဂတ်သာသနာတော် အစီအစဉ်တွင် အောင်လံတလူလူလွှင့်ထူမည့် ဝတ်ရုံတော်အကြောင်းတည်း။

[ ၃ ]

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းဆီသို့ ဆရာတပည့်နှစ်ယောက် ဦးတည်၍ လျှောက်ခဲ့ကြရာ၌ အတန်သွားမိ၍ လမ်းခရီးတစ်နေရာရှိ အဝန်းအဝိုင်းကောင်းသော သစ်ပင်ရိပ်တစ်ခုသို့ ရောက်သောအခါ ဘုရားရှင်က နားနေထိုင်တော်မူလိုသည့် အမူအရာပြသဖြင့် ကဿပရဟန်းက မိမိပခုံးတွင် တင်လာသော သင်္ကန်းကြီးကို လေးထပ်ခေါက်ကာ ဘုရားရှင်ထိုင်တော်မူရန် ခင်း၍ပေးသည်။ ပိပ္ပလိသူကြွယ် သုံးဖြစ်ခဲ့သော ယင်းသင်္ကန်းကား နှယ်နှယ်ရရမဟုတ်၊ အလွန်နူးညံ့၍ အဖိုးများစွာ ထိုက်တန်သော ကတ္တီပါသင်္ကန်းတည်း။

ဘုရားရှင်က ယင်းသင်္ကန်းအခင်းပေါ်တွင် နားနေထိုင်တော်မူရင်း အစွန်းထွက်လျက်ရှိသော ကတ္တီပါသင်္ကန်းစကို လက်တော်ဖြင့် သုံးသပ်ဟော်မူ၍ "ကဿပ၊ သင့်သင်္ကန်းကား နူးညံ့ချောမွတ်လှပါဘိ"ဟု မိန့်တော်မူလိုက်သောအခါ ကဿပ ဝမ်းမြောက်သွား၏။ အကြောင်းမှာ ဘုရားရှင်သည် ငါ၏သင်္ကန်းကို သုံးဆောင်တော်မူလို၏ဟု ခန့်မှန်းနားလည်ကာ ပေးလှူဖို့ရန် အကြောင်းပေါ်လာသောကြောင့် ဖြစ်သည်။

စင်စစ်သော်ကား အသားလို၍ အရိုးတောင်းသည်ဆိုသကဲ့သို့ တပည့်သင်္ကန်းကို ယူလိုသောကြောင့်မဟုတ်။ ဆရာ့သင်္ကန်းကို ပေးလိုသောကြောင့် နိဒါန်းဆင်လာသည်ကို ကဿပ မသိရှာပေ။

ထို့ကြောင့် ကဿပက "ဤသင်္ကန်းကို အရှင်မြတ်အား ပေးလှူပါ၏။ အရှင်မြတ်သည် တပည့်တော်အား သနားသောအားဖြင့် ခံယူတော်မူပါဘုရား"ဟု လျှောက်ထားလိုက်သောအခါ ဘုရားရှင်က "သင့်သင်္ကန်းကို ငါ အလှူခံလိုက်သော် သင့်အဖို့ ကိုယ်ရုံသင်္ကန်းရှိတော့မည်မဟုတ်၊ သင် အဘယ်သို့ သုံးဆောင်မည်နည်း ကဿပ"ဟု မိန့်ကြားလိုက်သောအခါ ကဿပဘုရားရှင်၏ ပခုံးတော်မှ သင်္ကန်းကြီးကို ဖျတ်ခနဲ တစ်ချက်မျှကြည့်လိုက်မိသည်။

ငါ့သင်္ကန်းကို ဘုရားရှင် သုံးဆောင်တော်မူခဲ့သော် ဆရာဘုရားထံတွင်ရှိသော သင်္ကန်းသည် ပို၍နေတန်ရာ၏။ ထို့ပြင် ဆရာဘုရား၏ သင်္ကန်းကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



အမြင်အားဖြင့်ပင် ကြမ်းတမ်းလှသော ဂုန်လျှော်သင်္ကန်းဖြစ်သည်။ နူးညံ့သိမ်မွေ့လှသော ဆရာဘုရားနှင့် လားလားမျှမထိုက်၊ ယင်းအပိုသင်္ကန်းကို ငါ့အားစွန့်ခဲ့သော် ကောင်းလေစွ"ဟု စဉ်းစား၍ "အရှင်မြတ်၏သင်္ကန်းကြီးကို စွန့်ကြဲခဲ့သော် သုံးဆောင်ရပါမည်ဘုရား..."ဟု အရဲစွန့်၍ လျှောက်ထားလိုက်သောအခါ မိမိပုံစံချသည့်အတိုင်း ဖြစ်မြောက်လာသဖြင့် ဘုရားရှင် ပြုံးတော်မူကာ ပခုံးတော်မှ သင်္ကန်းကို ဆွဲယူကိုင်မ၍...

"ကဿပ။ ။ဤသင်္ကန်းသည်ကား သေနနိဂုံးသုသာန်တွင် ပိုးလောက် အထွေးထွေးသော အစေခံပုဏ္ဏအလောင်းမှ ငါဘုရားကိုယ်တိုင် ပံ့သကူအဖြစ် ခွာယူ၍ ငါဘုရားကိုယ်တိုင် လျှော်ဖွပ်၍၊ ငါဘုရားကိုယ်တိုင် စပ်ဖာချုပ်လုပ်၍၊ ငါဘုရားကိုယ်တိုင် သင်္ကန်းရောင်ဆိုး၍ မပြတ်ဝတ်ရုံအပ်သော သင်္ကန်းတည်း။ ဤသင်္ကန်းသည် ကြမ်းတမ်းလှသည်မှန်ပါ၏။ သို့ရာတွင် အရိယာတို့၏ သီလအငွေ့အသက်တို့ဖြင့် မွှမ်းထုံအပ်သော သင်္ကန်းဖြစ်သည်။ ဤသင်္ကန်းကို သင့်အား ယခု စွန့်ကြဲမည်။ ငါ့သား ကဿပသည် ဤသင်္ကန်းလျှင် အရင်းတည်အပ်သော မပြတ်သော အရိယာသတိဖြင့် ငါ့သာသနာ၌ ကောင်းစွာနေလော့၊ ကောင်းစွာကျင့်လော့"

ဘုရားရှင်၏ ဤစကားရပ်အလုံးတိုင်း အလုံးတိုင်းသည် ကဿပ၏ နှလုံးသို့ ပီတိမြားအသွင် စူးဝင်၏။ မိမိကတ္တိပါသင်္ကန်း၏ ဘာမဟုတ်သော နူးညံ့မှုကလေးအား အထင်ကြီးခဲ့မိသည်ကိုပင် ရှက်မိသည်။ ဆရာဘုရားက မိမိအား ကြီးမားသော ဂုဏ်ပြုမှုအနေဖြင့် ကိုယ်သုံးသင်္ကန်းတော်ကြီး စွန့်ကြဲသည်ကို ခံယူရာ၌ သာမန်ပေးစွန့်မှု၊ သာမန်ခံယူမှုမျှမက ကြီးစွာသောအဓိပ္ပာယ်ဆောင်လျက်ရှိသည်ကို သိရသည်။ သို့ဖြစ်ရာ ဘုရားရှင်စွန့်အပ်သော ဝတ်ရုံသင်္ကန်းတော်ကို ခံယူရာ၌ တစ်ကိုယ်လုံး မွှမ်းထုံ၍ထားအပ်သော ပီတိ၊ ဖိ၍ထားအပ်သော အဓိပ္ပာယ်လေးနက်မှုတို့ကြောင့် အရှင်ကဿပ၏လက်များမှာ တုန်ယင်လျက်ရှိသည်။

ဤဝတ်ရုံတော်သင်္ကန်းသည် ဘုရားရှင်သာသနာတော်တွင် ကြီးမားစွာ လွှင့်ထူအပ်သော အရိယာတံခွန်ဖြစ်၍ မိမိသည် ယင်းတံခွန်ကို လွှင့်ထူရာ တံခွန်တိုင်ပမာဖြစ်တော့သည်။ သို့ဖြစ်၍ မိမိအသက်နှင့်အမျှ ဤအရိယာတံခွန်ကြီးသည် မိမိနှင့်အတူရှိ၍ ဤအရိယာ အောင်လံတံခွန်နှင့် ဆီလျော်အောင် မိမိ၏ကိုယ်အသက်ပဓာနမထားဘဲ အကောင်းဆုံး အမွန်ဆုံး ကျင့်သုံးသွားတော့မည်ဟုလည်း သင်္ကန်း

www.burmeseclassic.com

www.burmeseclassic.com



ခံယူခိုက်တွင် သန္နိဋ္ဌာန်ချမှတ်လိုက်သည်။

သို့ရာတွင် ဘုရားကိုယ်တော်တိုင် လူကောင်ပုပ်တွင်ထုပ်အပ်သော အဝတ်ကို သင်္ကန်းအဖြစ် ကောက်ယူရသည်ဟူရာ၌ ဘုရားရှင်ကဲ့သို့ ဘုန်းတော်ရှင်၊ ကံတော်ရှင် သခင်အဖို့ လိုအပ်ပါသလောဟု စေတနာအလေးကဲ၍ တွေးလိုက်မိရာတွင် ထိုအတွေးကိုသိသော ဘုရားရှင်က…

"ကဿပ။ ။သူတော်ကောင်းတရားရှင်တို့မည်သည် မလွဲသာ၍ ထမ်းဆောင်နေရသော ခန္ဓာဝန်အတွက် စားရေး ဝတ်ရေး နေရေးကိစ္စများတွင် စွမ်းနိုင်သမျှ ခေါင်းပါးစွာကျင့်သုံးကြကုန်၏။ ငါဘုရားသည် ယင်းသို့ခေါင်းပါးသော အကျင့်ကို ကိုယ်တိုင်လည်း ကျင့်သုံး၍ ကျင့်သုံးဆဲတပည့်ရဟန်းများ အတုယူနိုင်ကြရန် ဦးဆောင်ညွှန်ပြရမည့် တာဝန်လည်းရှိသည်။

"ကဿပ။ ။ခေါင်းပါးစွာကျင့်သုံးမှုကြောင့် အပြစ်ဒေါသကင်းသည်။ တရားကိုလွတ်ကျွတ်စွာအားထုတ်နိုင်သည်၊ အကြင်မျှလောက်ခေါင်းပါးစွာကျင့်၏။ ထိုမျှလောက် နိဗ္ဗာန်နှင့်နီးသည်။

"ကဿပ။ ။ငြိမ်းအေးမှုသို့ ရည်ညွှတ်သော ရဟန်းတစ်ပါးအတွက် ကျင့်လိုခဲ့လျှင် ကျင့်နိုင်သော ခေါင်းပါးမှု အကောင်းဆုံးတရား ဆယ့်သုံးပါးရှိပေသည်။ ယင်းဆယ့်သုံးပါးကား…

၁။ ဒါယကာ ဒါယိကာမတို့ ပေးလှူအပ်သော သင်္ကန်းကို ပယ်၍ ဤသင်္ကန်းကို ငါဘုရား ကောက်ယူသကဲ့သို့ သချိုင်းအမှိုက်ပုံ စသည်တို့မှ ရတတ်သမျှသော အဝတ်တို့သာ ကောက်ယူချုပ်ဆိုး ဝတ်ရုံခြင်း။ အကြောင်းမူကား အဝတ်နှင့်ပတ်သက်၍ သူတစ်ပါးနှင့်စပ်သော ကိစ္စမှန်သမျှ ကင်းငြိမ်းသည်။

၂။ မိုးရေခံသင်္ကန်း ကထိန်သင်္ကန်း စသည်ဖြင့် ကျောင်းနေရဟန်းတို့အတွက် အကြောင်းအားလျော်စွာ ခွင့်ပြုထားရသော်လည်း ဒုကုဋ်ဝတ် သင်းပိုင် ကိုယ်ဝတ်သင်္ကန်းနှင့် ကိုယ်ရုံသင်္ကန်းကြီးတည်းဟူသော သင်္ကန်းသုံးထည်ကိုသာ သုံးဆောင်ခြင်း။ အကြောင်းမူကား ပစ္စည်းနည်းပါးသဖြင့် အတောင်သာလျှင် ဥစ္စာရှိသော ငှက်ကဲ့သို့ သွားလာနေထိုင်မှုပေါ့ပါးသည်။

၃။ ဒါယကာ ဒါယိကာမတို့ ဖိတ်ကျွေးသောဆွမ်းကိုပယ်၍ မိမိ၏

www.burmeseclassic.com

www.burmeseclassic.com



သလုံးမြင်းခေါင်းကို အရင်းတည်ကာ ခံအပ်သော ဆွမ်းကိုသာ စားခြင်း။ အကြောင်းမူကား ဝမ်းနှင့်စပ်သော သူတစ်ပါးကိစ္စမှ ကင်းငြိမ်းသည်။

၄။ ဆွမ်းခံရာ၌လည်း ဆွမ်းရလိမ့်မည်ထင်သည့်အိမ်များသို့ ကူးကျော်ခံယူခြင်းမပြုဘဲ တစ်အိမ်မပြတ် ဆက်စပ်ခံယူခြင်း။ အကြောင်းမူကား ရန်းနိုးဖြင့် ကပ်ငြိအပ်သော လောလုပ္ပတဏှာ ကင်းစင်သည်။

၅။ ရလာအပ်သောဆွမ်းကို တစ်ထိုင်တည်းသောနေရာ၌သာ သုံးဆောင်ခြင်း။ အကြောင်းမူကား ရသတဏှာနှင့်စပ်သော ဆွမ်းစားမှုတွင် ဣန္ဒြေကို ထိန်းချုပ်ရာရောက်သည်။

၆။ ဆွမ်းစားရာ၌လည်း သပိတ်တည်းဟူသော ခွက်တစ်ခုတည်းဖြင့်သာ သုံးဆောင်ခြင်း။ အကြောင်းမူကား သီးခြား ရသတဏှာအစွမ်းကို ပယ်ရှားရာရောက်သည်။

၇။ ဆွမ်းစားဆဲရောက်လာသော အာဟာရကိုပယ်ခြင်း။ အကြောင်းမူကား ရသတဏှာ အခိုးသတ်မှု ယတိပြတ် ဆုံးဖြတ်ပြီးစေသည်။

၈။ ရွာကျောင်း၌နေထိုင်မှုကိုပယ်ခြင်း။ အကြောင်းမူကား ကျောင်းကန်ပတ်ဝန်းကျင်နှင့်စပ်သမျှ ဒုက္ခကင်းငြိမ်းသည်။

၉။ သစ်ပင်ရင်း၌ နေထိုင်ခြင်း။ အကြောင်းမူကား ပုံ့သကူအဝတ်သည် အကောင်းဆုံးသော သင်္ကန်းဖြစ်သကဲ့သို့ သစ်ပင်ရင်းသည် အကောင်းဆုံးသော ကျောင်းဖြစ်သည်။

၁၀။ အမိုးအရံမှန်သမျှကို ပယ်၍ လွင်တီးခေါင်၌ နေထိုင်ခြင်း။ အကြောင်းမူကား နေထိုင်မှုနှင့်စပ်သမျှ သံယောဇဉ်အမျှင်ပြတ်စေသည်။

၁၁။ သုသာန်၌နေခြင်း။ အကြောင်းမူကား တရားအာရုံကမ္မဋ္ဌာန်းအရာ၌ အမြင့်ဆုံးသော သတိမပြတ်ရှိစေသည်။

၁၂။ အကြောင်းအားလျော်စွာ သံဃာအများနှင့် ဆက်ဆံနေထိုင်ရသော အခါများ၌ အိပ်ရာနေရာအတွက် အခြားရဟန်းတစ်ပါးအား ထိပါး နေထိုင်မှုကိုပယ်ခြင်း။ အကြောင်းမူကား နေရေးအတွက် အာလယ ကင်းပြတ်မှု၊ ပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်မှုမှ ကင်းစေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၃။ ကျောခင်း ခေါင်းချ၍ အိပ်ခြင်းကိုပယ်ခြင်း။ အကြောင်းမူကား တရားအာရုံကို ထုံစေခြင်း၌ မကင်းသောသတိ ရှိစေသည်။

"ကဿပ…ဤတရားဆယ့်သုံးပါးကား ငါဘုရားသာသနာ၌ တရားရှာသော သူတော်ကောင်းတို့၏ ခေါင်းပါးစွာကျင့်အပ်သော အမြင့်ဆုံး အမြတ်ဆုံးအကျင့် ဓုတင်တရား ဆယ့်သုံးပါးတည်း"

ဘုရားရှင်က ဓုတင်တစ်ပါးတစ်ပါး ဟောလိုက်တိုင်း အရှင်ကဿပက ငါကျင့်မည် ငါကျင့်မည်ဟု သန္နိဋ္ဌာန်ချမှတ်တော်မူသည်။

ထို့နောက် ဝေဠုဝန်ကျောင်းတော်သို့ ရောက်သောအခါ အရှင်ကဿပအား သစ္စာလေးပါး တရားမဂ္ဂင် မြတ်လမ်းစဉ်တွင် ကမ္မဋ္ဌာန်းအလုပ်ခွင်သို့ဝင်၍ မုချ ဆတ်ဆတ် ကျင့်အပ်သော တရားနည်းလမ်းကို ညွှန်ကြားလိုက်သောအခါ အခြေခံ ပါရမီ ရင့်သန်ပြီးသူဖြစ်သည့်အလျောက် ခုနစ်ရက်မြောက်သော နေ့၌ပင် ပညာ တန်ခိုး ပြည့်ဖြိုးစုံလင်သည့် ရဟန္တာအရှင်မြတ် ဖြစ်လာသည်။

ဝတ်ရုံတော်စွန့်ကြဲခဲ့သည့်အကျိုးကား အရှင်ကဿပသည် တရားကိစ္စပြီးစီး၍ ရဟန္တာဖြစ်လာသည့်အချိန်မှစ၍ သက်တော်ရှိသမျှ ကာလပတ်လုံး သာသနာတော်၏ စံပြပုဂ္ဂိုလ်ကြီးအဖြစ် ဓုတင်တစ်ဆယ့်သုံးပါးလုံးကို ဆောင်ယူကျင့်သုံးတော်မူ သည်။ ပိဋကတ်တော်တွင် ကဿပသုတ္တန်ဟူ၍ တစ်ခန်းတစ်ကဏ္ဍ ဖြစ်လာသည်။ ထို့ကြောင့်လည်း ဘုရားရှင်၏ တပည့်များတွင် ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ၊ ကုမာရကဿပ၊ ဤအရှင်ကဿပဟု ကဿပငါးပါးရှိသည့်အနက် အရှင်ကဿပကိုဂုဏ်ပြုသောအားဖြင့် "အရှင်ကဿပ"ဟု ဂုဏ်မြှင့်၍ ဝင့်ထည်စွာ ခေါ်တွင်စေကြသည်။

သာသနာတော်အနေဖြင့် အကြီးဆုံးသော အကျိုးသက်ရောက်မှု၊ အရှင်မဟာ ကဿပအနေဖြင့် ပံ့သကူဝတ်ရုံတော်ကြောင့် ဘုရားရှင်အား ကြီးစွာသော ကျေးဇူး ဆပ်မှုမှာကား ဘုရားရှင် မျက်နှာလွှဲတော်မူသည့်အချိန်၌ ကြီးမားသော အဓိကရုဏ်း တို့ကြားမှ ဘုရားရှင်သာသနာတော် အရှည်ခိုင်မြဲစေရန် ပထမသင်္ဂါယနာကို ဦးဆောင်၍ သန့်စင်တင်မြှောက်ခဲ့သူမှာ အရှင်မဟာကဿပပင် ဖြစ်ပါသတည်း။ ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



# ရက်ကန်းသည်

[ ၁ ]

သုမာလာ၏ သွယ်ပျောင်းသော လက်ကလေးနှစ်ဖက်သည် ဒိုးပတ်ကို လှပစွာ လွှယ်တီး၍က,သော ကချေသည်၏ လက်ကလေးများကဲ့သို့ ယင်းတိုက်နှစ်ဖြင့် ချောမွတ်လှပစွာပြုလုပ်ထားသော လွန်းကလေးကို ချည်ခင်တန်းနှစ်ခု၏အကြား တစ်ဖက်မှတစ်ဖက်သို့ စည်းချက်ကျစွာ ပစ်သွင်းလျက်ရှိလေ၏။

အမျိုးသမီးကလေးများ၏ လှပသောမြင်ကွင်းများအနက် ရက်ကန်းစင်တည်းဟူသော အလုပ်ခွင်၌ထိုင်လျက် မြင်ရခြင်းမှာ လှပရုံမျှမက ကျက်သရေလည်းရှိ၏။ ဣန္ဒြေလည်းရ၏။ အထူးသဖြင့် သုမာလာကလေးနှင့် သူ၏ရက်ကန်းစင်မှာ ပို၍လှသည်။ ပို၍ကျက်သရေရှိသည်ဟု ဆိုကြသည်။ အကြောင်းသော်ကား သုမာလာကလေးမှာ ပင်ကိုချော ပင်ကိုလှဖြစ်ရုံမျှမက ရက်ကန်းအတတ်တွင် ကျွမ်းကျင်လှသော ရက်ကန်းပညာသည်ကလေး ဖြစ်လေရာ လှပသော ပိုးဖဲရောင်စုံတို့ကိုသာ ရက်လုပ်ရသောကြောင့် ဖြစ်လေ၏။

သူ့ရက်ကန်းစင်မှာလည်း မည်ကာမတ္တမျှမဟုတ်ဘဲ လှပစွာဆင်ယင်ထားသော ရက်ကန်းစင်ဖြစ်၏။ ကျွန်းသား ကျွန်းနှစ်ဖြင့် ပြောင်လက်စွာ စိုက်ထောင်ထားသော စင်တိုင်များကို အဝေးမှပင် မြင်နိုင်၏။ လက်ဆွဲလက်ခတ်မှာ ကျွန်းဖိုးသား ဝါကျင်ကျင်တွင် ယိုးဒယားပန်းပြောက် အတွန့်အလိမ်တို့ဖြင့် တန်ဆာဆင်ထားသည်။ အထက်မှ ချည်ဆွဲတန်း တစ်ဖက်တစ်ချက်တွင် ရောင်စုံပန်းဖွားများ တပ်ဆင်ထားရုံမျှမက ခြေနင်းကြိုးနှစ်ချောင်း၏ အဆုံး ခြေနင်းခွက်တွင်လည်း ပန်းဖွားနှစ်ခု တပ်ဆင်ထားသည်။ လှပသောလက်ခွက်တွင် ခြူကလေး အထော်

www.burmeseclassic.com



များများ ဆွဲဆင်ထား၍ ခြေနင်းတစ်ဖက်တစ်ချက်တွင်လည်း သာယာသော ခြူကလေး တစ်လုံးစီ ဆွဲဆင်ထားသည်။

ချည်လမ်းပြောင်းရန်အတွက် ခြေနင်းတစ်ဖက်ကို နင်းလိုက်သောအခါ၌ ချွင်ခနဲ ထွက်ပေါ်လာသော ခြူသံကလေးသည် အတိုင်သံနှင့်တူ၍ လွန်းကလေးကို ရှဲခနဲထိုးလိုက်ပြီး၍ လက်ခတ်ကိုဆွဲလိုက်သောအခါ တချွင်ချွင် တသဲသဲ ထွက်ပေါ်လာသော ခြူသံကလေးများမှာ အဖောက်သံနှင့်တူ၏။

သို့ဖြစ်၍ ခြေနင်းတစ်ဖက်တစ်ချက်မှ အတိုင်ခြူသံ၊ လက်ခတ်မှခြူများ၏ အဖောက်သံ၊ လက်ခတ်ရိုက်သံတို့မှာ အချိန်ရှိသမျှဆိုသလို စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်လျက်ရှိလေရာ ရက်ကန်းသည်မကလေး သုမာလာ၏ မရိုးနိုင်သော ဂီတသံကဲ့သို့ ဖြစ်၍နေကာ သွယ်ပျောင်းကျင်လည်လှသော လက်ကလေးနှစ်ဖက်၏ အကူအညီတွင် လက်၏လှုပ်ရှားမှု၊ လွန်းကလေး၏ လှုပ်ရှားမှု၊ ပန်းဖွားကလေးများ၏ လှုပ်ရှားမှုတို့မှာ ဣန္ဒြေရရနှင့် ညက်ညောစွာ က,လျက်ရှိသော ကချေသည်ကလေး၏ အသွင်ကဲ့သို့ ဖြစ်၍နေလေ၏။

သို့ရာတွင် ကျွမ်းကျင်သော ရက်ကန်းပညာရှင်ကလေးဖြစ်သည်နှင့်အညီ သူ့ခမျာ အားလပ်သည်ဟူ၍မရှိ၊ အချိန်နှင့်ပြိုင်စီးရမည့် အပ်ထည်များထပ်၍နေကာ နေထွက်မှနေဝင်၊ တစ်ခါတစ်ရံ ညဥ့်ဦးပိုင်းအချိန်များကိုပင် နားရသည်မရှိဘဲ တစ်ပတ်လျှင် ဥပုသ်သီတင်းကလေး တစ်ရက်မျှစောင့်ဖို့ရန် အချိန်ကိုပင် မနည်းလု၍ ယူရလေ၏။ ဥပုသ်စောင့်သောရက်ကိုပင် နားရက်ဟူ၍ သဘောထားရလေတော့သည်။

ရက်ကန်းသည်မလေးမှာ အလှပေါ်တွင် ပညာဆင့်ရုံမျှမဟုတ်၊ အကျင့်စာရိတ္တအနေဖြင့်လည်း မြို့၏စံပြမယ်ကလေးအဖြစ် ထင်ရှားသူဖြစ်လေရာ၊ ရပ်ရေးရွာရေး အမျိုးသမီးကလေးတို့နှင့်ဆိုင်သောကိစ္စ၊ ရတနာသုံးပါးနှင့် ဆိုင်သောကိစ္စများ၌ အခြားသော ရက်ကန်းသည်မကလေးများနှင့် အပျိုဖော် အမျိုးသမီးကလေးများ အပေါ်၌ အလိုအလျောက် တင်မြှောက်ထားသော ခေါင်းဆောင်ပမာလည်း ဖြစ်လေ၏။

ပညာတတ်သည်၊ မိဘကိုလုပ်ကျွေးသည်၊ လှသည်၊ ယဉ်သည်၊ ဣန္ဒြေသိက္ခာရှိသည်၊ အကြောင်းရှိ၍ ပြောမှုဆိုမှု စီမံခန့်ခွဲမှုတို့တွင် ရင့်ကျက်တည်ငြိမ်၍ လေးစားအပ်သည် စသော အရည်အချင်းမှာ သုမာလာ၏ ထင်ရှားသော အရည်

www.burmeseclassic.com

www.burmeseclassic.com



အချင်းများ ဖြစ်ကြလေ၏။

ပစ္စည်းဥစ္စာအနေအားဖြင့် ချမ်းသာသည်ဟုမဆိုသာ၊ ဆင်းရဲလှသည်လည်း မဟုတ်၊ ရက်ကန်းအလုပ်ကို လက်နှင့်မပြတ်ခြင်းသည်ပင် သုမာလာကလေး၏ အရည်အသွေးတစ်ရပ်လို ဖြစ်နေခဲ့လေ၏။

အထူးသဖြင့် ရတနာသုံးပါး၊ ဘုရားကျောင်းကန်ကိစ္စများတွင် ပို၍ ထထ ကြွကြွ ရှိတတ်သည်မှာ သုမာလာ၏ အကြီးဆုံးသော အရည်အသွေးဖြစ်၏။ ဥပုသ်သီတင်းမပြတ်စောင့်၏။ ရတနာသုံးပါးနှင့်ပတ်သက်သော ကိစ္စများတွင် သုမာလာကလေးအား အမြဲတမ်းလို မြင်တွေ့ကြရ၏။ ယခုတလော၌ မကြာခဏ ပေါ်ပေါက်တတ်၍ မြို့ရွာတို့၏ အလေ့အထတစ်ခုလို ဖြစ်လာသော တရားပွဲ တရားမဏ္ဍပ်များမှာဆိုလျှင် သုမာလာကလေးအား အမျိုးသမီးကလေးတို့၏ ခေါင်းဆောင် ရှေ့ရှုက်သဖွယ် အမြဲတမ်း တွေ့တွေ့နေကြရသည်။

တရားဓမ္မအမြင်၊ လောကသဘာဝအမြင်အားဖြင့်လည်း နုနယ်သော အမျိုးသမီးကလေးပင် ဖြစ်စေကာမူ ရင့်ကျက်သောလူကြီးများကပင် လေးစားလောက်သော အရည်အသွေးရှိသူကလေးဖြစ်၏။ သို့ဖြစ်၍လည်း လေးစားလောက်သော လူကြီးများ၏ ပါးစပ်ဖျား၌ သမီး,သမီးနှင့် ရင်းရင်းနှီးနှီး ခေါ်ဝေါ်ဆက်ဆံခြင်းကို ခံရသူကလေးဖြစ်၏။

သို့ရာတွင် ယခုတလော၌မူ သုမာလာကလေးမှာ အလုပ်ခွင်တွင် မချင့်မရဲနှင့် မိမိအဖြစ် မိမိကိုယ်ကို မကျေနပ်သလိုဖြစ်နေရရှာသည်။

အကြောင်းကား ရောက်တောင့်ရောက်ခဲလှသော ဘုရားရှင်ကိုယ်တော်မြတ်သည် ဒေသစာရီလှည့်လည်ရင်း မိမိတို့ အာဠဝီပြည်သို့ ဆိုက်ရောက်လာပြီး မနေ့ညကပင် စတင်၍ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားသည့် ဓမ္မသဘင် ဆင်ယင်ကျင်းပလျက်ရှိ၍တည်း။

ဘုရားရှင်ပွင့်တော်မူသည်ဟူသော သတင်းကို ကြားရသည့်အချိန်မှစ၍ အာဠဝီပြည်သူ,ပြည်သားတို့သည် နေ့,လကို တောင့်တသော ကမ္ဘာဦးသူ, ကမ္ဘာဦးသား တို့ကဲ့သို့ ဘုရားရှင်အား တောင့်တမျှော်ခေါ်၍ နေခဲ့ကြသည်ဖြစ်ရာ သုမာလာကလေးအဖို့မူ အမျှော်ဆုံးသောပုဂ္ဂိုလ်တို့တွင် တစ်ယောက်အပါအဝင် ဖြစ်ခဲ့လေ၏။ သို့ရာတွင် ဘုရားရှင်သည် အပြည်ပြည် အနယ်နယ်သို့ ဒေသစာရီ ကြွချီတော်မူသည်ဟူသော သတင်းကိုသာ ကြားသိနေရသော မြို့သူ,မြို့သားတို့အဖို့ ကြိုတင်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိနေကြသော သာသနာ့ဝန်ထမ်း ရဟန်းတို့ဖြင့်သာ တင်းတိမ်၍ ဘုရားရှင်အား မျှော်လင့်နေကြရာမှ ဘုရားရှင်သည် ယမန်နေ့ကပင် ဒေသစာရီ ခရီးလှည့်ကြွ၍ ဤမြို့သို့ ဆိုက်ရောက်တော်မူလာသည်။

ရောက်သည့်ညတွင်ပင် မြို့လယ်၌ မဏ္ဍပ်ထိုး၍ တရားပွဲကြီး ဝှဲချီးကျင်းပလေသည်။ သို့ရာတွင် ရက်ကန်းသည်မကလေးအဖို့ အချိန်ကလေး နည်းနည်းမျှ မလှုပ်သာ မရှားသာအောင် အလုပ်ဖြင့်ပိလျက် အကျပ်အတည်းတွေ့ရရှာသည်။ ထိုအလုပ်မှာ ဘုရားရှင်ပြန်မကြွမီ ရက်ပိုင်းအတွင်း ပြီးစီးအောင် အဖိုးအခ အဆများစွာပေး၍ ကုန်သည်ကြီးတစ်ဦးက အပ်နှံလာသော ဘုရားရှင်အတွက် ပိုးသင်္ကန်းကို လက်ခံလိုက်မိခြင်းဖြစ်လေ၏။

ဘုရားရှင်သည် ဤမြို့တွင် သုံးရက်မျှသာ သီတင်းသုံး၍ ခရီးဒေသစာရီ ဆက်လက်ကြွချီတော်မူမည်ဟုဆိုသည်။ ဘုရားရှင်မကြွမီအတွင်း သင်္ကန်းပြီးစီးဖို့လိုရာ မနေ့ညကလည်း ညဥ့်လုံးပေါက်မျှ ရက်ကန်းစင်တွင် ထိုင်ခဲ့ရ၏။ ယနေ့လည်း မိုးလင်းသည်ဆိုကတည်းက ရက်ကန်းစင်တွင် စွဲမြဲသောဝီရိယဖြင့် ထိုင်သည်။

မနေ့ညက ဘုရားရှင်၏ တရားပွဲကို မချင့်မရဲဖြင့်ပင် လက်လွှတ်ခဲ့ရရှာသည်။ လူကသာ ရက်ကန်းစင်တွင်ရှိ၍ စိတ်ကမူ ဘုရားရှင်တရားပွဲသို့ ရောက်လျက်ရှိသောကြောင့် စည်းချက်ကျကျ ခြုံသံကလေးတို့ဖြင့် ချည်ငင်အခုန်အကျော်အပြတ်အတောက် အရှုပ်အထွေးဟူ၍ မရှိသလောက် မိမိလုပ်ငန်းတွင် ကျွမ်းကျင်လှသော သုမာလာကလေးမှာ အာရုံတခြားနှင့် ရက်ကန်းစည်းချက်များ၍ ချည်ငင်တို့ မကြာခဏ အရှုပ်ရှုပ်အထွေးထွေးဖြစ်ကာ ကိုယ့်ဟာကိုယ်ပင် စိတ်မရှည်နိုင်ဖြစ်ခဲ့ရသေးသည်။

သင်္ကန်းသည် ယနေ့ညဦးပိုင်း စောစောလောက်တွင်ပင် ပြီးစီးမည်ဟု ခန့်မှန်းရ၏။ ပြီးလျှင် ဘုရားရှင်အား တစ်ပါတည်းကပ်လှူရန်အတွက် တရားမဏ္ဍပ်သို့ပင် ယူခဲ့ပါဟု သင်္ကန်းရှင်ကုန်သည်ဦးကြီးက မှာကြားထားသည်။ သင်္ကန်းစောစောပြီး၍ သင်္ကန်းတော်ကိုပွေ့ပြီး မဏ္ဍပ်သို့ဝင်ကာ တရားနာဖို့ရန်မှာ အလုပ်လည်းဖြစ်၊ အလိုလည်းပြည့်ဝမည်ဖြစ်သောကြောင့် တရေးရေးတွေးကာ ဝမ်းမြောက်ဝမ်းသာဖြစ်ရင်း ကြိုးစား၍ရက်သည်။

သို့ရာတွင် ရက်ကန်းသည်မကလေး၏ အာရုံမှာ ဘုရားရှင်ထံသို့ အစောကြီး

www.burmeseclassic.com



စောလျက်ရှိသောကြောင့် မနေ့ကကဲ့သို့ပင် အာရုံတခြား အလုပ်တခြားဖြစ်ကာ ချည်ငင်တို့ အရှုပ်ရှုပ်အထွေးထွေးဖြစ်လွန်း၍ စိတ်မရှည်နိုင်ဖြစ်ရပြန်သည်။ ဤနည်း ဖြင့်သာဆိုလျှင် အဘယ်မျှကျွမ်းကျင်၍ အဘယ်မျှ ကြိုးစားစေကာမူ ညဥ့်ဦးပိုင်း တွင် ပြီးဖို့ခက်မည်။ အာရုံကိုမခုန်ကျော်စေဘဲ အလုပ်တွင် တည့်တည့်ထား၍လုပ်မှ ရည်မှန်းချက်ကိုက်ဖို့ရှိသည်။

မှန်၏။ အာရုံကို ပစ္စုပ္ပန်တည့်တည့်တွင်မထားဘဲ ခုန်ကျော်၍တွေးခြင်း၊ ပူပန်ခြင်း၊ ကြောင့်ကြခြင်းတို့မည်သည် လူသတ္တဝါတို့၏ ဆင်းရဲကြသော အကြောင်း ရင်းကြီးတစ်ပါးဖြစ်၏။ ဖြစ်ခဲ့ပြီးသောအတိတ်ကို တွေးယူပူပန်ခြင်းသည်လည်း လူသတ္တဝါတို့၏ ဆင်းရဲကြသော အကြောင်းရင်းကြီးတစ်ပါးပင် ဖြစ်၏။ ပစ္စုပ္ပန်၌ အလုပ်ကို အကျိုးရှိအောင်လုပ်ခြင်းသည်သာ လိုအပ်သောလမ်းမှန်ဖြစ်သည်။

ရက်ကန်းသည်မလေးသည် ယင်းသို့သတိရရင်း ကြိုတင်တွေးကြံမှုအနာဂတ်ကို ဖြတ်တောက်၍ ပစ္စုပ္ပန်အလုပ်အပေါ်တွင်သာ စိတ်အာရုံကို ထိန်းချုပ်ယူလိုက်သည်။ ထိုအခါ စည်းချက်ကျသော ရက်ကန်းသံကလေးသည် အချိန်ကြာမြင့်စွာ တစ်ဖြောင့် တည်း ထွက်ပေါ်၍လာလေ၏။

တစ်ဖက်မှ လက်ယာလက်ညှိုးကလေး၏ထိပ်ဖြင့် တွန်းပို့လိုက်သော လွန်း ကလေး၏ အရှိန်သည် တစ်ဖက်သို့ အလောတော်ပင် ရောက်၍သွားကာ လက်ဝဲ လက်ဖျားကလေးဖြင့် ဆီး၍ဖမ်းလိုက်ပြီး တစ်ဖက်သို့ပြန်ပို့လိုက်၏။ သို့နှင့် အဝါ ရောင်သက်န်း ချည်ငင်တို့အကြား၌ နက်ပြောင်ချောမွတ်လျက်ရှိသော ယင်းတိုက် နှစ်လွန်းကလေးမှာ ကျူပြင်ကြို ကျူပြင်ကြားသို့ လှုပသော လောင်းလှေကလေး ဖြတ်သန်းသွားလာနေသကဲ့သို့ မှန်မှန်ကြီးသွားလာလျက်ရှိလေ၏။ လက်ကလေးနှင့် လွန်းကလေး သွက်သကဲ့သို့ပင် ရက်ပြီးသောသက်န်းသားမှာလည်း အညာဆန် သဘော်ကြီး ရေပန်းစားကာ တရွေ့ရွေ့တက်လာသကဲ့သို့ ချည်ငင် တစ်တန်းပြီး တစ်တန်း တရွေ့ရွေ့ အသားတက်လာလေ၏။

ထွေပြားသောစိတ်ကို အခိုးသတ်ခြင်း၊ တလန်းလန်းဖြစ်လျက်ရှိသော အာရုံကို ထိန်းချုပ်ခြင်းသည် ဘုရားရှင်၏ အခြေခံဓမ္မလမ်းစဉ်ဖြစ်၏။ ထို့အတူ အတိတ် အနာဂတ်တို့ကို တလန်းလန်းရှိတတ်သော အာရုံကို ထိန်းချုပ်၍ ပစ္စုပ္ပန်တည့်တည့်၌ ထားခြင်း စောင့်ခြင်းသည်လည်း ဘုရားရှင်၏ အခြေခံလုပ်ငန်းစဉ်တစ်ရပ်ဖြစ်၏။

ယင်းသို့လျှင် ဘုရားတည်းဟူသော အာရုံမှန် အာရုံမြတ်ကို အခြေခံကာ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်၏ အခြေခံတရားတွင် နစ်မှန်းမသိ နစ်လျက်ရှိသော သုမာလာကလေး အဖို့ စိတ်နှုးလုံးသည် မနေ့က မနက်ကကဲ့သို့ ဗျာပါဒမများတော့ဘဲ ကြည်ရွှင်လန်းဆန်း၍လာ၏။ အခြေခံကောင်းသူတို့အဖို့ စိတ်နှလုံးကြည်အေး ငြိမ်ဆိတ်လာသောအခါ၌ ရင့်ကျက်သောအတွေးများ ပေါ်ပေါက်၍လာတတ်သည်။

အာရုံစူးစိုက်လိုက်သောအခါ ရက်ကန်းသည်မကလေး၏ အမြင်၌ အလုပ်တွင် ဘယ်မှညာသို့ ညာမှဘယ်သို့ လူပ်ရှားသွားလာလျက်ရှိသော လွန်းကလေးကို လူကလေးတစ်ယောက်သဖွယ် မြင်၍လာသည်။ ရက်ကန်းစင်တွင် အခါအားလျော်စွာ ဆင်ယင်အပ်သော ချည်ငင်တို့သည် လောကနှင့်တူ၏။ လွန်းကလေးသည် လူသတ္တဝါနှင့်တူ၏။ တချွင်ချွင်လူပ်ရှားခြင်းသည်ကား မိမိသဘောကို မိမိအလိုလိုဆောင်သော ဓာတ်သဘာဝနှင့်တူ၏။

ရက်ကန်းချည်ငင်သည် ပိုးသို့လည်းကောင်း၊ ဖဲသို့လည်းကောင်း၊ ရုံဖန်ချည်ရိုးရိုးသို့လည်းကောင်း ပြောင်းလဲသကဲ့သို့ အစိမ်းသို့လည်းကောင်း၊ အနီသို့လည်းကောင်း၊ ဖြူပြာဝါ စသည်တို့သို့လည်းကောင်း အကြောင်းအားလျော်စွာ အရောင်အဆင်းပြောင်းလဲသကဲ့သို့ ဤလောကသည်လည်း ပြောင်းလဲ၏။ လွန်းကလေးသည်ကား မပြောင်းလဲပေ။ ခြေနင်းဖြင့် လူပ်ရှားကူးပြောင်းပေးအပ်သော ချည်ငင်ကြောင်ကျားတို့အကြားတွင် ဤမှထိုသို့၊ ထိုမှဤသို့ လူးလာစုန်ဆန်ကူးခတ်လျက်ရှိ၏။ လွန်းကလေးသည် မထူးသောချည်ငင်လောက၌ ကရွတ်ကင်းလျှောက်သကဲ့သို့ ထပ်ပြန်တလဲလဲ ကူးခတ်လျက်ရှိရသည်။

လွန်းကလေးသည် လှပချောမွတ်သော်လည်း ကူးခတ်ရလွန်း၍ ပွန်းကာပဲ့ကာ မစွန့်ပစ်လိုက်မီကြား၌ ယင်းသို့လျှင် နေ့ရှိသမျှ၊ အချိန်ရှိသမျှ သံသရာလည်၍ နေရသည်။ လူ့ဘဝသည် အသို့ထူးသနည်း။ လွန်းကလေးဘဝသည် မထူးခြားသကဲ့သို့ပင် လူ့ဘဝသည်လည်း အသို့ထူးသနည်း။

လွန်းကလေး၏ဘဝသည် ဤဘက်မှ ဟိုဘက်၊ ဟိုဘက်မှ ဤဘက် လူးလာကူးသန်းနေသကဲ့သို့ လူ့ဘဝသည်လည်း နေထွက်မှနေဝင်၊ နေဝင်မှနေထွက် လူးလာကူးသန်းလျက်ပင် ရှိရ၏။ ဝတ်မြဲဝတ်၏။ စားမြဲစား၏။ မြင်မြဲမြင်၏။ တွေ့မြဲတွေ့၏။ ဘဝတည်မြဲရေးအတွက် မပြတ်ကြိုးပမ်းရ၏။ ကြိုးပမ်းလျက်ပင် စားဝတ်နေရေးမှျ မပြည့်စုံသူတို့ တင်းကြမ်းဖြစ်လျက် ရှိရချေသည်။

လွန်းကလေး၏ ဘဝသည် မထူးသကဲ့သို့ လူ့ဘဝသည်လည်း မထူး။

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်ကို တွေးခေါ်၍လည်းကောင်း၊ အတိတ်ကိုတွေးကြံ၍လည်းကောင်း မဟုတ်သည်ကို အဟုတ်ထင်ခြင်းဖြင့်လည်းကောင်း၊ အဟုတ်ကို မဟုတ်ထင်ခြင်းဖြင့်လည်းကောင်း၊ ပိုက်ထွေးခြင်းဖြင့်လည်းကောင်း၊ လိုက်တွေးခြင်းဖြင့်လည်းကောင်း လောကကို ထူးသည်၊ ထူးလိမ့်မည်ဟု ထင်ရခြင်းသဘောမျှဖြစ်သည်။

ဘုရားရှင်အာရုံကို အခြေပြုသော ရက်ကန်းသည်မကလေး၏ အတွေးတို့သည် ယနေ့အဖို့ ထူးခြားလျက်ရှိ၏။ လွန်းကလေးသည်ကား မှန်မှန်ကြီးပင် သွားလာလျက်ရှိနေပေသည်။

သို့ဖြင့် ညနေပိုင်းသို့ ရောက်လာသောအခါ အတွေးပို ဝီရိယပိုကာ ချည်ကျော် ချည်ပျက်တို့ကြောင့် ညဦးပိုင်းတရားပွဲအမီ သင်္ကန်းရက်၍ မပြီးနိုင်တော့သည်ကို ခန့်မှန်းမိလာသည်။ သို့ရာတွင် မပူပန်တော့။ ဘုရားရှင်အတွက် အလုပ်လုပ်ရင်း ဘုရားရှင်အာရုံတွင် ထုံရင်းဖြင့်သာ နှစ်သိမ့်၏။ နက်ဖြန်မှာ အားရပါးရ တရားနာတော့မည်ဟု စိတ်နှလုံး ဒုံးဒုံးချလိုက်သည်။

သို့ရာတွင် သူငယ်အိပ်ဆိတ်သာသာ အချိန်၌ သင်္ကန်းတော်ရက်လုပ်၍ ပြီးစီးသွားရုံမျှမဟုတ် စင်မှဖြုတ်ပြီး အမြိတ်အနားတို့ဖြတ်ပြီး ဖြစ်သွားသည်။ လမ်းမဘက်သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ တရားပွဲမှ ပြန်သူတို့၏ အရိပ်အယောင်မျှ မတွေ့ရ။ မနေ့က ဤအချိန်တွင် တရားပွဲပြန်တို့ဖြင့် လမ်းပေါ်တွင် တလှုပ်လှုပ် တရှုရှုဖြစ်လျက်ရှိသည်။ ဘုရားရှင်၏ တရားပွဲသည် ယနေ့ည အသိမ်းနောက်ကျဟန်ရှိသည်။

သုမာလာကလေးသည် မပြီးသေးသော တရားပွဲသို့ တစ်ပိုင်းတစ်စမျှဖြစ်စေ မီလိုမီငြား အာရုံသက်ရောက်လာပြန်သဖြင့် သင်္ကန်းများပို့ခြင်းဖြင့် အလုပ်ကိစ္စလည်း ပြီးစီးနိုင်သောကြောင့် သင်္ကန်းတော်ကို သေသပ်စွာ ခေါက်သိမ်းပွေ့ပိုက်ပြီး တရားမဏ္ဍပ်ရှိရာသို့ ဦးတည်ထွက်ခဲ့သည်။

အတန်ငယ်သွားမိ၍ တရားမဏ္ဍပ်ကို လှမ်းမြင်ရသောအခါ ဆီမီးထိန်ထိန်ဖြင့် ငြိမ်ဝပ်လျက်ရှိသည်ကို တွေ့ရသောကြောင့် တရားပွဲမပြီးသေးကြောင်း သိရသည်နှင့် ခြေလှမ်းကလေးတွေ ပိုသွက်လာသည်။ သို့ရာတွင် တရားပွဲမဏ္ဍပ်အဝသို့ အဝင်တွင်မူ ဘုရားရှင်၏ အသံတော်ကို မကြားရတော့သဖြင့် ယခုကလေးတွင်ပင် တရားပွဲပြီးဆုံးသွားဟန်တူသည်ဟု ခန့်မှန်းရတော့သည်။

တရားတော်ကိုမမီလျှင်လည်း သင်္ကန်းဒါယကာအဖို့ ဘုရားရှင်သို့ သင်္ကန်း

www.burmeseclassic.com



တော် ကပ်လှူဖို့ရန် အချိန်တော်ဖြစ်သဖြင့် သက်န်းရှင်သို့ သက်န်းအပ်ရန်နှင့် ဘုရားအား ဦးညွတ်ရန် မဏ္ဍပ်အတွင်းသို့ ဝင်လိုက်သည်။

ဘုရားရှင်သည် သားနားစွာခင်းအပ်သော တရားပလ္လင်တွင် ရဟန်းပရိသတ် ခြံရံလျက် ကျက်သရေရှိစွာ ထိုင်နေတော်မူလျက်ပင် ရှိသေး၏။ ပရိသတ်ငြိမ်ဝပ်စွာ ဖြင့် ဘုရားရှင်အား ဦးညွတ်လျက်ပင် ရှိသေး၏။ ဤငြိမ်ဝပ်သော ပရိသတ်ကို ဖြတ်၍ ရှေ့ပိုင်းနားတွင်ရှိအံ့ထင်သော သက်န်းဒါယကာထံသို့ သက်န်းကို သွား၍ အပ်ဖို့ရန်မှာ မလွယ်လှ။

တရားအာရုံတွင်ထုံ၍ ငြိမ်ဝပ်သောပရိသတ်ကို ဖြတ်သွားဖို့ရန်မှာ မဝံ့မရဲရှိလှ သဖြင့် ပရိသတ်အစွန်းအစတွင် သက်န်းထုပ်ကို ပိုက်ရင်း သက်န်းဒါယကာ ရှိမည်ထင်သည့်နေရာသို့ လှမ်းမျှော်ကြည့်နေဆဲမှာပင်–

"သုမာလာ ရက်ကန်းသည် ဒါယိကာမကလေး"

ခန့်ညားသာယာလှသောအသံဖြင့် မိမိအား ခေါ်လိုက်သံက ပြတ်သားစွာ ကြား လိုက်ရသည်။

ရက်ကန်းသည်မကလေးမှာ ဤခေါ်သံမျိုးကို ရှေးက မကြားခဲ့ရစဖူး။ ဤ ခေါ်သံမျိုးကိုဝေး၍ ဤကဲ့သို့ အောင်မြင်နက်ရှိုင်းသော အသံမျိုးကို မိမိဘဝတွင် တစ်ရံတစ်ဆစ်မျှ မကြားခဲ့ရစဖူးသဖြင့် အံ့အားကလေးသင့်ရင်းဖြင့် ရတ်တရက် ငေးမောလျက်ရှိမိစဉ်တွင်ပင် ရှေ့ပိုင်းမှ ဦးကြီးတစ်ယောက်၏ အသံဖြင့်...

"ဟဲ့...သမီး၊ ဘုရားရှင် ခေါ်တော်မူတယ်လေ၊ ဘာဖြစ်လို့ ငြိမ်နေရသလဲ၊ ပြန်ပြီး လျှောက်ထားလေ"

ဟု ပြောသံကြားပြန်သဖြင့် အံ့အားသင့်သည်ထက် သင့်သွားရုံမက အံ့အားသင့် မှု၏ နောက်တွင် ပီတိဝေဖြာရင်း ချက်ချင်းပင် ဒူးတုပ်ဝပ်တွားကာ...

"မှန်လှပါ အရှင်မြတ်ဘုရား"

ဟု လျှောက်ထားလိုက်ရသည်။

ဘုရားရှင်ကိုယ်တော်မြတ်က ငါ့ကိုသိသည်။ ဘုရားရှင်က ငါ့နာမည်ကို ခေါ်သည်။ ငါ့ကို စကားပြောသည်ဟူသော အတွေးပီတိသည် သုမာလာကလေး၏ တစ်ကိုယ်လုံးတွင် လွှမ်းခြုံလျက်ရှိသည်။ ဘုရားရှင်သည် ခေါ်တော်မူခြင်းဖြင့် ငါ့အား ဆက်၍မိန့်တော်မူဦးမည်။ ဘုရားရှင်သည် ငါ့အား သိတော်မူသည်။ ငါကား လူ့ဘဝ အရတော်လေစွဟု ပီတိတစိမ့်စိမ့် ရှိဆဲတွင်ပင်...

www.burmeseclassic.com

www.burmeseclassic.com



ရက်ကန်းသည်မကလေး...သင် ဘယ်ကလာသနည်း"ဟု ဘုရားရှင်၏ ဆက်လက်မေးသံ ထွက်ပေါ်လာသည်ကို ကြားရပြန်သည်။ ပီတိအဟုန်ကြောင့်...

"တပည့်တော်မ အိမ်ကပင် ဘုရားရှင် ခြေတော်ရင်းသို့ လာခဲ့ပါသည်ဘုရား"

ဟု သွက်လက်စွာ လျှောက်ထားလိုက်မည် ကြံလိုက်၏။ သို့ရာတွင် သတိမလွတ်သော ရက်ကန်းသည်မကလေးအဖို့ မိမိနှင့် မတန်မရာ ကြီးကျယ်မြင့်မားလွန်းလှသော ဘုရားရှင်က ပရိသတ်ဗိုလ်ပုံအလယ်တွင် မိမိအား အရေးတယူခေါ်တော်မူခြင်း၊ မေးတော်မူခြင်းမှာ သာမန်မျှမဟုတ်။ လေးနက်သော အဓိပ္ပာယ်ရှိမည်ကို သတိရလိုက်သည်။

"နေ့စဉ်ပြော၍ မတတ်သောစကား"ဟူသကဲ့သို့ စကားဟူသည် သာမန်ပုဂ္ဂိုလ်တို့နှင့် ပြောဆိုရာ၌ပင် ခက်ခဲလှချေသည်။ အတုမရှိသော ဘုရားရှင်နှင့် ပြောဆိုရာ၌ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော ဘုရားရှင်သည် အတိတ်ပစ္စုပ္ပန် အနာဂတ်ကိုသိသူဟု ကျော်ကြားသည်။ ငါ့ကိုသိခြင်းသည်ပင် ဘုရားရှင်၏ ထူးခြားသောအမြင်ဖြစ်ပေသည်။ ပရိသတ်ဗိုလ်ပုံအလယ်၌ ယင်းသို့ ဘုရားရှင်၏ ခေါ်တော်မူခြင်း၊ မေးတော်မူခြင်းသည် လေးနက်ထူးခြားသော အဓိပ္ပာယ်ရှိရာ၏။

လူသတ္တဝါတို့သည် မိမိကိုယ်ကိုမိမိ ဗြဟ္မာဘဝမှလာသည်။ နတ်ဘဝ၊ လူ့ဘဝတို့မှ လာသည်ဟု ထင်မှတ်ပြောဆိုတတ်ကြ၏။ စရိုက်ကြမ်းသော လူအချို့တို့ကိုမူ အပါယ်လေးဘုံမှလာသည်ဟု ရှုမှတ်ပြောဆိုလေ့ ရှိတတ်ကြသည်။

သတ္တဝါတစ်ဦးသည် ဘယ်ဘဝကလာသည်ကို အဘယ်ပုံ သိနိုင်ပါအံ့နည်း။ စင်စစ်သော်ကား ဘဝတစ်ခုဖြစ်လာသည်နှင့် တစ်ပြိုင်နက် ကိုယ့်လောက ကိုယ့်သံယောဇဉ် ကိုယ့်အသိုင်းအဝိုင်း ကိုယ့်ပတ်ဝန်းကျင်နှင့် ကိုယ် ဖြစ်တော့သည်။

ယခုဘဝ သုမာလာသည် ယခင်ဘဝ သုမာလာ မဖြစ်နိုင်ပေ။ အကြောင်းကား ယခုဘဝ သုမာလာ၏ ရုပ်ရှာမိဘ ဆွေမျိုးအပေါင်းအသင်း အလုပ်အကိုင်သည် ယခင်ဘဝက သုမာလာနှင့် ထပ်တူမဖြစ်နိုင်သောကြောင့် ဖြစ်၏။ ပတ်ဝန်းကျင်သည် ဘဝကိုပြုပြင်၏။ လူသည် ဘဝနှင့်ပတ်ဝန်းကျင်ကို ခင်တွယ်၏။ ဘဝသည် လူကိုလှည့်စား၏။ ယခင်ဘဝ၌ သုမာလာဖြစ်လတ္တံ့သော သူတစ်ယောက် ရှိသည်ဆိုလျှင် ထိုသူသည် ယခုဘဝ၌ သုမာလာ လာ၍မဖြစ်နိုင်။ အများဆုံးဖြစ်နိုင်သည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် ဆီမီးကူးစက်ညှိထွန်းသကဲ့သို့ အကြောင်းအကျိုး ဆက်စပ်ရုံမျှ ဖြစ်နိုင်မည်။ သို့ဖြစ်လျှင် ဘယ်ဘဝကလာသည်ကို အဘယ်ပုံ သိနိုင်ပါအံ့နည်း။

သုမာလာကလေးသည် ဘုရားရှင်၏ အမေး၌ အတွေးဝင်လျက်ရှိစဉ်မှာပင်–

"ဟဲ့...သမီး၊ ဘာငိုင်နေရတာလဲ။ ဘုရားရှင် မေးတော်မူနေတယ်လေ။ ဖြေပါတော့လား"

ဟူသော ယခင်ဦးကြီး၏ စကားနှိုးဆော်သံကို ကြားရပြန်၏။ သို့ဖြစ်၍ သုမာလာကလေးက နဖူးတွင် လက်ယှက်တင်ပြီးလျှင်–

"ဘုရား အရှင်မြတ်ဘုရား၊ တပည့်တော် ဘယ်ကလာသည်ဟု မသိပါဘုရား" ဟု ကြည်ကြည်လင်လင်ကလေး လျှောက်ထားလိုက်ရာ ပရိသတ်အကုန်လုံးလိုလို ထံမှပင်...

"ဟင်...သည်အမျိုးသမီးနှယ် ဘုရားရှင်ကိုယ်တော်ကြီးကို ကရော်ကမယ်နဲ့ ဘယ်လိုနဲ့ ဘယ်လိုများ လျှောက်ထားလိုက်ပါလိမ့်"ဟူသော ကဲ့ရဲ့သံ ပေါ်ထွက်လာသည်ကို ကြားရလေ၏။

ထိုအခိုက် ဘုရားရှင်၏ ကြည်လင်သောအသံဖြင့်–

"သုမာလာ ရက်ကန်းသည်မကလေး...သင်ဘယ်ကိုသွားမလို့နည်း"

ဟု အမေးစကား ထပ်မံပေါ်ထွက်လာပြန်ရာ ဤတစ်ကြိမ်၌မူ ဆုတ်ဆိုင်း တွေးခေါ်မနေတော့ဘဲ–

"မှန်လှပါ ဘုရားရှင် အရှင်မြတ်ဘုရား၊ တပည့်တော် ဘယ်ကိုသွားမည်ကို မသိပါဘုရား"

ရဲရဲဝံ့ဝံ့ လျှောက်ထားလိုက်သည်။

ဒုတိယမေးခွန်း၌မူ ရက်ကန်းသည်မကလေး ဘုရားရှင်၏ မေးတော်မူလိုရင်း အာဘော်ကို ရိပ်စားမိပြီးဖြစ်၏။

လူသတ္တဝါတို့သည် အတ္တ၏အစွမ်းဖြင့် မိမိတို့ဘဝကိုယ်စီကို တပ်မက်လွန်း ကြသည်။ သို့သော် လူသတ္တဝါတို့သည် ထိုတပ်မက်ခင်တွယ်လှသောအခါ ဘဝကို ခိုင်မြဲအောင်မလုပ်နိုင်။ မသေချင်ဘဲနှင့် သေရ၏။ မအိုချင်ဘဲနှင့် အိုရ၏။ မွေးခြင်း၊ အိုခြင်း၊ သေခြင်းတို့သည် ခိုင်မြဲသောနိယာမတရားဖြစ်သည်။

လူသတ္တဝါသည် အိုခြင်းကို ခြယ်သခြင်းဖြင့်လည်းကောင်း၊ ဆေးဝါးဖြင့် လည်းကောင်း အစွမ်းကုန်တားမြစ်၏။ သို့သော် မရ။ သေခြင်းကိုကား သာ၍မရ။

www.burmeseclassic.com



ထိုအခါ လူသတ္တဝါ၏ အတ္တသည် သေခြင်းကို မနိုင်နင်းသောအခါ ဘဝအသစ်ဖြင့် အစားထိုးနှစ်သိမ့်၏၊ တွေဝေ၏၊ လောဘဖြင့် ရင်းစားပြု၏။ နတ်ဘဝ၊ ဗြဟ္မာဘဝ ဆိုသည်တို့သို့ ကိုယ်တိုင်ရောက်မည့်အယောင်ဖြင့် တပ်မက်၏။ ယင်းသို့ဖြင့်လာခဲ့ပြီး သည်ဆိုသော ဘဝထက် ရောက်မည်ဟု မက်လုံးပေးထားသော ဘဝကောင်း ဘဝမွန်များကို ပို၍စွဲလမ်းသည်။ စင်စစ်သော်ကား ဘယ်ဘဝကလာမှန်းမသိသူသည် ဘယ်ဘဝသို့ သွားရ လာရမည်ကို အဘယ်ပုံ သိနိုင်ပါအံ့နည်း။

သေခြင်းသည် ဘဝတစ်ခုကို နိဂုံးချုပ်ခြင်းဖြစ်၏။ ပတ်ဝန်းကျင်တစ်ခုကို အဆုံးသတ်ခြင်းဖြစ်၏။ သူချစ်ခင်စွဲလမ်းသည်ဆိုသောသူ၏ ကိုယ်တိုင်နှင့်တကွ သူ၏ချစ်သူ မိဘဆွေမျိုး မိတ်သင်္ဂဟကို စွန့်ပစ်ရ၏။ သူဟုတ်လှပြီထင်သော စည်းစိမ်ဥစ္စာကိုလည်းကောင်း၊ ရာထူးဂုဏ်သိန်ကို လည်းကောင်း သေခြင်းဖြင့် စွန့်ပစ်ခဲ့ရ၏။ ကင်းပြတ်ခဲ့ရ၏။

လူ့ဘဝ တိရစ္ဆာန်ဘဝတို့ကဲ့သို့ပင် ဘဝအထွေထွေသည် ရှိ၏။ ထိုဘဝအထွေ ထွေသည် အတိတ်နှင့် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကြောင်းကျိုးဆက်စပ်၍ ဆီမီးလျှံကဲ့သို့လည်းကောင်း၊ မြစ်ရေအလျဉ်ကဲ့သို့လည်းကောင်း မပြတ်ဖြစ်နေသည်။ သုမာလာသည် ထိုဘဝအထွေထွေတွင် ဘယ်ဘဝ ဘယ်ဌာန၌ ဖြစ်မည်ကိုမသိနိုင်။ သိဖို့ရန်လည်း ခဲယဉ်းဘိသည်။ ကံအားလျော်စွာ ကပ်ရောက်ရသည့် ဘဝဌာနမည် သည်ကို သိသောအရာမှာ ထူးသောအသိဉာဏ်ပိုင်ရှင်တို့၏ အရာသာဖြစ်သည်။

သို့ဖြစ်လျှင် သုမာလာ ဘယ်ဘဝသွားမည်ဟု အဘယ်ပုံ ဆိုနိုင်ပါအံ့နည်း။ ဘယ်ဘဝသွားသည်ဟု အဘယ်ပုံသိနိုင်ပါအံ့နည်း။ အတ္တ၏အစွမ်းဖြင့် ဘဝထိုထိုကို တပ်မက်စိတ်ကူးယဉ်လွန်းသူတို့အား ဆုံးမလိုသောကြောင့်သာ ဘုရားရှင်သည် ထိုမေးခွန်းများကို မေးတော်မူခြင်းဖြစ်တန်ရာ၏။

သို့ရာတွင် ပရိသတ်ကား ဘုရားရှင်၏ အာဘော်ကို ရိပ်စားမိကြဟန်မတူ။ ရက်ကန်းသည်မကလေး၏ အဖြေကိုလည်း နားလည်ကြဟန်မတူ။

အကြောင်းမှုကား သုမာလာကလေးက "မသိပါဘုရား"ဟူသော ဖြေသံကို ကြားသည်နှင့်တစ်ပြိုင်နက် ဤကလေးမသည် ဘုရားရှင်၏ အမေးကို ကောင်းစွာ မဖြေ။ ဘုရားရှင်ကို မရိုမသေပြုသည်။ လိမ္မာရေးခြားရှိသည်ဟု မိမိတို့ ချီးမွမ်းခဲ့ သည်မှာ မှားသည် စသည်ဖြင့် ဝိုင်းဝန်းကဲ့ရဲ့ကြသောကြောင့် ဖြစ်လေ၏။

ပရိသတ်၏ ကဲ့ရဲ့သံမဆုံးမီမှာပင် "ဒါယကာတို့..."ဟူသော ဘုရားရှင်၏

www.burmeseclassic.com

www.burmeseclassic.com



အသံ ထွက်ပေါ်လာသဖြင့် ပရိသတ် အသံတိတ်သွားသည်။

"သုမာလာသည် ငါ့အား မရှိမသေပြုခြင်းမဟုတ်ပေ။ သုမာလာသည် ငါ၏အမေးကို ကောင်းစွာဖြေ၏။ သုမာလာ၏ အဖြေသည် မှန်၏"

ဟု မိန့်တော်မူလိုက်ရာ ပရိသတ်ကြီးသည် ကြီးမြတ်လှသော ဘုရားရှင်၌ ရှိညွတ်ခြင်းဖြင့်လည်းကောင်း၊ ဓမ္မသံဝေဂရခြင်းဖြင့်လည်းကောင်း ငြိမ်သက်စွာ နာယူကြသည်။

သုမာလာရက်ကန်းသည်မကလေးအဖို့မှာကား နေရောင်ကြောင့် ပွင့်အပ်သော ပဒုမ္မာကြာကဲ့သို့ အသိဉာဏ်တည်းဟူသော ပွင့်လွှာချပ်များသည် ဘုရားရှင်၏ အဆုံးအဖြတ် ဓမ္မကြောင့် လန်းလန်းစွင့်စွင့် ပွင့်လေပြီတည်း။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



# ရွှေချည်ငွေချည်တန်းပါလို့

[ ၁ ]

"ညီမတို့အာဠဝီကို ဘုရားရှင်ကြွလာစဉ်တုန်းက သင်္ကန်းရက်ပြီး လှူလိုက်တာ ညီမပဲမဟုတ်ပါလား"

"မှန်ပါတယ်အစ်မကြီးရှင်၊ သို့သော် ပေးလှူသူ သင်္ကန်းဒါယကာမှာ ကုန်သည်ဦးကြီးတစ်ယောက်ဖြစ်၍ ကျွန်မကတော့ အခဖြင့် ရက်ပေးရသူမျှသာပါ"

"အစ်မကြီးသိသပေါ့ ညီမ၊ သို့သော် အခဖြင့်ရက်လုပ်ပေးသည်ပင်ဖြစ်စေ၊ ရက်လုပ်သူသည် စေတနာဖြင့် ရက်လုပ်ခဲ့သော် စေတနာဒါနပေးလှူရာရောက်သောကြောင့် အလှူ့ရှင် မမည်နိုင်ပေဘူးလား ညီမ"

"ဒီအတိုင်း ကောက်ချက်ချရင်တော့ မှန်ပါတယ် အစ်မကြီး"

"ဘုရားရှင်အဖို့ သင်္ကန်းတော်ကိုတောင် ရက်ဖူးတယ်ဆိုတော့ သံဃာတော်များအဖို့ သင်္ကန်းဆိုလျှင်လည်း ငါ့ညီမ နားလည်တော့မှာပေါ့နော်"

"နားလည်ပါတယ် အစ်မကြီး၊ ဘုရားရှင်ကြွလာတော်မူတုန်းက ဘုရားရှင်အတွက် အဲဒီသင်္ကန်းတော် ရက်ပေးခဲ့ရတဲ့အချိန်ကစပြီး အဆက်မပြတ်ဆိုသလိုပဲ သံဃာတော်များအတွက်လည်း သင်္ကန်းအမြောက်အမြား ရက်ပေးခဲ့ရပါတယ်"

"သင်္ကန်းရက်လုပ်မှုနဲ့ပတ်သက်ပြီး ညီမရဲ့သတင်းကျော်ကြားခြင်းကြောင့်ပဲ ညီမဆီ အစ်မကြီး ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တာပါ။ ဒါထက် ဘုရားရှင်ရဲ့ သင်္ကန်းတော်နဲ့ သံဃာတော်များအဖို့ သင်္ကန်းဟာ အတိုင်းအတာ ကွာခြားမှုရှိပါသေးသလား"

"အရန်တုန်းကတော့ ရှိခဲ့ဟန်မတူပါဘူး။ အခုတလောမှာတော့ သံဃာတော်များအတွက် အပ်ထည်ဆိုလျှင် အရင်ထက်လျော့ပါးလာတာ တွေ့ရပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်ပါလိမ့် ညီမ"

"ဘုရားရှင်ရဲ့အရပ်တော်ဟာ သာမန်အားဖြင့် သံဃာတော်အများထက် မြင့်မားပါပေတယ်။ နို့ပေမယ့် ဘုရားရှင်နဲ့ အရပ်တော်အားဖြင့်ရော အလုံးအထည်အားဖြင့်ပါ မတိမ်းမယိမ်း တူညီသူကတော့ ဘုရားရှင်ရဲ့ညီတော် နန္ဒရဟန်းပါပဲ။ အရှင်နန္ဒဟာ ဘုရားရှင်ရဲ့သင်္ကန်းနဲ့ တူညီသင်္ကန်းမျိုးကို ဝတ်ရုံလေတော့ သံဃာများဟာ ဘုရားရှင်နဲ့ အရှင်နန္ဒကို မှားယွင်းပြီး အရိုအသေပေးမိကြသတဲ့။ အဲဒါနဲ့ပဲ ဘုရားရှင်က ဒီပြဿနာပြေရှင်းအောင် သိက္ခာပုဒ်ပညတ်လိုက်တယ်ဆိုပဲ။ သိက္ခာပုဒ်ရဲ့သဘောကတော့ ရဟန်းများဝတ်ရုံတဲ့သင်္ကန်းဟာ ဘုရားရှင်ဝတ်ရုံတဲ့ သင်္ကန်းနဲ့ အတိုင်းအတာအားဖြင့် မတူ ကွဲပြားခြားနားမှု ရှိစေရန်ပါပဲ"

"ဟုတ်ပေတာပေါ့လေ၊ ဘုရားရှင်နဲ့ တူနေတယ်ဆိုရင် ဘယ်မှာသင့်လျော်ပါ့မလဲ"

"ဒါကတော့ သင်္ကန်းဖြတ်တဲ့ ချုပ်တဲ့နေရာမှာ သံဃာတော်များ လိုက်နာကျင့်ဆောင်ကြရမယ့် သံဃာတော်များရဲ့ အလုပ်ပါ။ သင်္ကန်းအဖြစ် အဝတ်အထည်လှူသူများနဲ့ ကျွန်မတို့ ရက်လုပ်ပေးရသူများအဖို့ကတော့ သံဃာတော်များဖြတ်တဲ့ ချုပ်တဲ့အခါမှာ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်ရှိအောင် ပိုပိုမိုမို ရက်လုပ်လှူဒါန်းကြလေ့ရှိပါတယ်"

"အဲဒီလို ပိုပိုမိုမိုရက်လုပ်တဲ့ သင်္ကန်းသုံးထည်၊ သံဃာတော်တစ်ပါးအတွက် သင်္ကန်းတစ်စုံစာဆိုပါတော့၊ ညီမဆီမှာ အပ်လိုပါတယ်"

"အပ်နိုင်ပါတယ်ရှင်၊ ဘယ်သံဃာတော်အတွက်ပါလဲ"

ရက်ကန်းသည်မလေး သုမာလာက စေတနာဖြင့် ရိုးရိုးကလေး မေးလိုက်မိသော မေးခွန်းမျှဖြစ်၏။ သို့ရာတွင် ကိုယ်တွင်းမလုံလှသော အမျိုးသမီးကြီးအဖို့မူ အကြောင်းသိ၍ တမင်မေးလိုက်သော မေးခွန်းပမာ ဖြစ်သွားရသောကြောင့် မလုံမလဲ မျက်တောင်ပုတ်ခတ်ဖြင့် ကိုယ်ဟန်ကိုပင်ပြင်၍ ထိုင်လိုက်ရသည်။ အကြောင်းမှာ မိမိအပ်သည့် သင်္ကန်းမှာ ရည်မှန်းထားသော သံဃာတော်တစ်ပါးအတွက် ဖြစ်ပေရာ ထိုသံဃာတော်၏အမည်ကို ဖွင့်၍ပြောလိုက်ခြင်းအားဖြင့်လည်း ရက်ကန်းသည်မကလေးအဖို့ တစ်စုံတစ်ရာ ထူးခြားဖို့မရှိသော်လည်း အမျိုးသမီးကြီးအဖို့မူ ဖွင့်၍ပြောရမည်ကိုပင် မလုံသော အတွင်းစိတ်ကြောင့် မလုံမလဲဖြစ်ရ၏။

အကြောင်းမူကား သင်္ကန်းအတွက် ရည်မှန်းအပ်သော သံဃာဟူသည် ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ရှင် ညီတော်တစ်ဦးဖြစ်သော နာမည်ကျော် အရှင်အနုရုဒ္ဓါပင်ဖြစ်၏။ အရှင်အနုရုဒ္ဓါသည် အနုရုဒ္ဓါဖြစ်မလာမီ ဘဝသံသရာတစ်ကွေ့တွင် အမျိုးသမီးကြီး၏ လင်သားတော်စပ်ခဲ့ဖူးသူဖြစ်ရာ ယင်းလင်သားဟူသော မေတ္တာအမျှင်ကြောင့်ပင်လျှင် အရှင်အနုရုဒ္ဓါအား သင်္ကန်းလှူရန် ရည်မှန်းချက်ရှိပေသောကြောင့် ဖြစ်၏။

သံဃာတော်များ၏ သင်္ကန်းကြီးငယ်မျိုးစုံကို မပြတ်ဆိုသလို ရက်လုပ်ပေးနေရသော ရက်ကန်းသည်မကလေးကမူ သာမန်သံဃာတော်များကိုထားဦး၍ လက်ရွေးစင် အဂ္ဂသာဝက၊ မဟာသာဝက သံဃာကြီးအများတွင် ဖော်ပြပါ အရှင်နန္ဒတို့လို အလုံးအရပ်မြင့်မြင့်မားမား သံဃာမျိုးကိုလည်းကောင်း၊ လကုဏ္ဍက ဘဒ္ဒိယတို့လို ကိုရင်လေးတမျှ သေးသေးငယ်ငယ် သံဃာမျိုးကိုလည်းကောင်း သိရှိနားလည်ထားသူဖြစ်ပေရာ သံဃာတစ်ပါးအတွက် သင်္ကန်းအပ်မည်ဆိုရာ၌ ချည်ထည် အကုန်အကျနည်းတန်လျှင် နည်းရလေအောင် စေတနာဖြင့် မေးလိုက်ခြင်းမျှဖြစ်၏။

သို့ဖြစ်ရာ ရည်မှန်းချက်ရှိသော်လည်း ကိုယ့်စိတ်ထားနှင့်ကိုယ် ဖွင့်မပြောရဲသော အမျိုးသမီးကြီးက သံဃိကအလှူ၊ ရည်မှန်းချက်မရှိလေသယောင်ဖြင့်"ဘယ်သံဃာတော်အတွက်ရယ်လို့တော့ မဟုတ်ပါဘူး ညီမရယ်၊ သို့သော် ပိုနေတယ်ဆိုရင်လည်း အချည်းနှီးမဖြစ်ပါဘူး။ ဒီတော့ အကြီးဆုံးသင်္ကန်းသုံးထည် ဖြတ်လို့ ချုပ်လို့ရအောင် ပိုပိုမိုမိုကြီး ရက်ပေးဖို့ပါပဲ"ဟု ပြောလိုက်သည်။

"နားလည်ပါပြီ အစ်မကြီး၊ ချည်ကိုကော ကျွန်မက စိုက်ရမှာလား၊ အစ်မကြီးက ပေးမှာလား"

"အစ်မကြီးက ပေးပါ့မယ်။ အခုပြန်သွားရင် ချည်အပို့လွှတ်လိုက်ပါ့မယ်။ သင်္ကန်းကိုတော့ အခု တန်ဆောင်မုန်းလထဲမှာပဲ ခပ်မြန်မြန်ကလေး လိုချင်ပါတယ် ညီမ"

ရက်ကန်းသည်မကလေး သုမာလာအဖို့ ဤစကားကြောင့် ပြန်အပြောရခက်သယောင်နှင့် အတန်ငေးငိုင်သွားသည်။ အိမ်ဘေးရှိ ရက်ကန်းရုံအတွင်းမှ ရက်ကန်းသံကလေးများသည် အမျိုးသမီးကြီးနှင့် စကားပြောနေသော ဧည့်ဆောင်သို့ တဝေ့ဝေ့ တစီစီ တက်လာနေကြသည်။ ရက်ကန်းသံကလေးများအကြားတွင်လည်း ရက်ကန်းမယ်ကလေးများ၏ သာယာသောဂီတသံကလေးများ ထိုးဖောက်ထွက်လာသည်ကို ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ညှော်ဆောင်တွင် ဤအမျိုးသမီးကြီးနှင့် စတင်တွေ့လိုက်စဉ်ကပင် သုမာလာ အဖို့ အတွေးတစ်မျိုးဖြစ်ခဲ့ရ၏။ မိမိအဖို့ မိဖုရားကြီးတစ်ပါးရှေ့တော်သို့ဝင်သော အပျိုတော်ကလေးကဲ့သို့ ကိုယ်ဟန်အကျုံ့ယုံ့သွားခဲ့ရသည်။ အမျိုးသမီးကြီးသည် အရပ်အမောင်း၊ အသားအရည်၊ အဝတ်အဆင် မြင့်မြင့်မားမား စင်စင်ကြယ်ကြယ် နှင့် ကျက်သရေအပြည့်ဆောင်သော ရုပ်ရည်ပိုင်ရှင် ဖြစ်ရုံမက စကားသံမှာလည်း မောက်မာဝင့်ဝါခြင်းမရှိပါဘဲလျက် လေးလေးပိုင်ပိုင်နှင့် သြဇာသံအပြည့်ဖြစ်၏။ ထိုမျှမက သုမာလာ ယခင်က မတွေ့ကြုံ မခံစားဖူးခဲ့သော ရနံ့တစ်မျိုးကလည်း အမျိုးသမီးကြီးကိုယ်မှ တသင်းသင်းထွက်ကာ မွှေးကြိုင်လျက်ရှိ၏။ အထူးခြားဆုံး မှာကား ဤအမျိုးသမီးကြီးနှင့် စကားပြောနေစဉ်အတွင်း မိမိအဖို့ ယခင်က တစ်ကြိမ်မျှ မဖြစ်ဖူးခဲ့သော ကြက်သီးတဖြန်းဖြန်း ထမိနေခြင်းပင် ဖြစ်လေ၏။

ထို့ကြောင့် မိမိထံသို့ ကိုယ်ယောင်ဖျောက်၍လာသော မိဖုရားကြီးတစ်ပါးပေ များလားဟုပင် ထင်မှတ်မိကာ မျက်နှာကိုမျှ စေ့စေ့မကြည့်ဝံ့ဘဲ စကားကိုလည်း သတိထား၍ ပြောခဲ့ရ၏။

"တန်ဆောင်မုန်းလက သင်္ကန်းရာသီဆိုတာ အစ်မကြီးသိပြီးသားပါ။ ဒီရာသီ ရောက်တယ်ဆိုရင် သင်္ကန်းအပ်ထည်တွေ တစ်ပြုံတစ်ခေါင်း ရောက်လာတတ်စမြဲ ပါ။ အခုလည်း သင်္ကန်းအပ်ထည်တွေ များလွန်းလို့ တခြားအထည်တွေရပ်ဆိုင်းပြီး ရှိသမျှစင်တွေမှာ သင်္ကန်းကိုချည်း ရက်နေကြရတာ နေ့မနား ညမနားပါပဲ။ လူ သာ လဲပြီး စင်ကတော့ မနားရပါဘူး။ အစ်မကြီးရောက်လာတာက အတန် နောက်ကျတော့"

"အစ်မကြီးနားလည်ပါပြီ ညီမ၊ အလာနောက်ကျတာကိုလည်း အစ်မကြီး ဝန်ခံပါတယ်။ နို့ပေမယ့် အစ်မကြီးအဖို့ အချိန်မီမပြီးရင် မဖြစ်တဲ့အကြောင်း ရှိနေလို့ အစ်မကြီးကိစ္စကို အထူးကိစ္စအဖြစ် သဘောထားပြီး ဆောင်ရွက်ပေးပါညီမ။ ပြီးတော့ ညီမက ဘုရားရှင်အတွက် သင်္ကန်းတော်ကိုတောင်မှ ရက်လုပ်ပေးခဲ့ရတဲ့ လက်ရာရှင်ဖြစ်လေတော့ အစ်မကြီးသင်္ကန်းကို ညီမကိုယ်တိုင်ပဲ"

"တောင်းပန်ပါရစေ အစ်မကြီးရှင့်..."

ဤတွင် အမျိုးသမီးကြီးက သုမာလာသို့ ရွှန်းရွှန်းစားစားဖြင့် ပြုံးပြုံးရွှင်ရွှင် ကြည့်လိုက်ပြီးနောက် နံဘေးသို့ချထားသောလက်ကို ရှေ့သို့ဆန့်တန်းလိုက်သော အခါ ကတ္တီပါအထုပ်ငယ်တစ်ခု ပါရှိလာသည်ကို တွေ့ရသည်။ ယင်းအထုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



တည်ခင်းထားသော ကွမ်းကလပ်မှ ကွမ်းအစ်ကိုဖယ်ပြီး ကလပ်ပေါ်သို့ မှောက်သွန်ချလိုက်သောအခါ ရတနာတုံး ရတနာခဲကလေးများ တဝိုးဝိုး တဝင်းဝင်း ထွက်ကျလာသည်ကို တွေ့မြင်ရ၏။ ဖြူဖြူနီနီ၊ ပြာပြာမှိုင်းမှိုင်း အရောင်မျိုးစုံဖြစ်၍ ရတနာမျိုးစုံ ဖြစ်ဟန်ရှိ၏။

ရက်ကန်းသည်မကလေးအဖို့ မကြုံစဖူး အမြင်ဆန်း အတွေ့ဆန်းကြောင့် အံ့အားသင့်နေဆဲမှာပင် အမျိုးသမီးကြီးက "အဲဒါ ညီမအဖို့ ရက်ကန်းရက်ခပဲ၊ ညီမအလုပ်က ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုတဲ့ သမ္မာအာဇီဝအလုပ်ဆိုတော့ ဝမ်းလည်း ဝစေရမပေါ့။ ကဲ...ညီမ ဘာမှငြင်းပယ်မနေပါနဲ့တော့။ ဒီနေ့ တန်ဆောင်မုန်းလဆန်း တစ်ရက်ဆိုတော့ လပြည့်အဖိတ်နေ့ညနေကို အစ်မကြီး လာခဲ့မယ်။ ချည်ကို အခုပဲ အပို့လွှတ်လိုက်မယ်။ ဒီပစ္စည်းလောက်ဆိုရင် ညီမအဖို့ အာဠဝီမှာ ကြွယ်ပိုးကြွယ်ဝ ဖြစ်လောက်ပါပြီ။ နို့ပေမယ့် ကြွယ်ဝပြီဆိုပြီး ရက်ကန်းအလုပ်ကိုတော့ လက်မလွှတ်လိုက်ပါနဲ့ဦးနော်။ ညီမအဖို့ ဘုရားရှင်ကိုယ်တော်တိုင်က 'ရက်ကန်းသည်မလေး'လို့ ဘွဲ့တပ်ပြီး မိန့်ခေါ်ခံရသူလည်း ဖြစ်တယ်။ ပြီးတော့ ရက်ကန်းအလုပ်ဆိုတာ အမျိုးသမီးများအတွက် ဘယ်တော့မှ ကျက်သရေမဆုံးတဲ့ တိုင်းပြုပြည်ပြု သာသနာပြုအလုပ်လည်း ဖြစ်ပေတယ်။ ကဲ...အစ်မကြီး သွားပြီ"

သုမာလာအဖို့ အံ့သြစိတ် ဝမ်းမြောက်စိတ် အပြည့်ဖြင့် ငေးငိုင်၍သာ ကျန်ရစ်ခဲ့ရ၏။

[ ၂ ]

လူမမယ် ငယ်ရွယ်စဉ်ဘဝကပင် မရှိဟူသောစကား မကြားသိခဲ့ရဖူးသော ပါရမီထူးရှင်လည်းဖြစ်၏။ မင်းသားလည်းဖြစ်၏။ ရဟန်းဖြစ်လာသောအခါ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ဘွဲ့ထူးသတ်ခံရသော တန်ခိုးရှင်လည်းဖြစ်၏။ သို့ဆိုသော် အရှင်အနုရုဒ္ဓါအဖို့ သင်္ကန်းတစ်စုံမျှ ရဖို့အရေးသည် စာဖွဲ့လောက်စရာအကြောင်း မဟုတ်ဟု ဆိုရဖို့ရှိသည်။ သို့ရာတွင် စာဖွဲ့လောက်စရာအကြောင်းကြီး ရှိနေပေသည်။ ယင်းအကြောင်းကား အတုမရှိ တန်ခိုးတော်ရှင် ဖြစ်ပေသော ဘုရားရှင်ကိုယ်တော်တိုင်ပင်လျှင် အတုမရှိ သန့်စင်မွန်မြတ်လှသော ပုံသကူသင်္ကန်းတော်ကို ကောက်ယူ ဝတ်ဆင်တော်မူခဲ့သောအကြောင်းကြီး ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအကြောင်းအပြင် ယခုတလောတလတ်မှာပင် သင်္ကန်းကိစ္စနှင့် ပတ်သက်၍ ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ တိုင်ပင်ကာ သံဃာတော်များ သင်္ကန်းချုပ်ရာတွင် ပြုပြင်စီမံပေးထားအပ်သော အကြောင်းတစ်ရပ်ကလည်း ရှိပေသေး၏။ အရှင်အနုရုဒ္ဓါအဖို့ ယင်းစီမံချက်အတိုင်း ကိုယ်တိုင် ပံ့သကူသင်္ကန်း ရှာဖွေ ကောက်ယူကာ ကိုယ်တိုင်ချုပ်လုပ်လိုသည့် ဆန္ဒတစ်ရပ်လည်း ရှိနေပေ၏။ သို့ဖြစ်ရာ သင့်လျော်သော တစ်နေ့၌ ရာဇဂြိုဟ်၏ သုသာန်သချိုင်း အမှိုက်ပုံ စသည်တို့၌ ဘုရားရှင်၏ထုံး နှလုံးမူ၍ ပံ့သကူသင်္ကန်း အရှာထွက်ရန် အာရုံကပ်ထားခဲ့၏။

အကြောင်းမူကား မန္တိမ၏ ပြင်းထန်သော ရာသီဥတုအောက်တွင် မိုးမရှောင် နေမရှောင် ဆွမ်းခံခြင်း၊ တရားအားထုတ်ခြင်း၊ သံဃကိစ္စများကို ဆောင်ရွက်ခြင်းဖြင့် အရှင်အနုရုဒ္ဓါ၏ ဝတ်ရုံနေဆဲ ရှိရင်းသင်္ကန်းမှာ နွမ်းရိလျက်ရှိပြီဖြစ်၍ သင်္ကန်းသစ်လဲရန် လိုအပ်လျက်ရှိနေပေပြီ။

ယင်းသို့သော အခြေတွင် အရှင်အနုရုဒ္ဓါက တစ်စုံတစ်ရာ သတိမထားသော်လည်း အရှင်အနုရုဒ္ဓါ၏သင်္ကန်း ညှိုးနွမ်းနေမှုကို သိရှိ၍ အရှင်အနုရုဒ္ဓါအား သင်္ကန်း လှူနိုင်ခွင့်ရစေရန် မပြတ်သတိပြု စောင့်မျှော်နေခဲ့သူသည်ကား ဖော်ပြပါ အမျိုးသမီးကြီးပင် ဖြစ်ပေ၏။ ယင်းအမျိုးသမီးကြီးဟူသည်ကား သာမန်အားဖြင့် လူသားမဟုတ်၊ ဇာလိနီအမည်ခံ နတ်သမီးပေတည်း။

ဤအမျိုးသမီးကြီးက အရှင်အနုရုဒ္ဓါအား အဘယ့်ကြောင့် ဤမျှ ဂရုစိုက်ရပါသနည်း။ အဘယ့်ကြောင့် အရှင်အနုရုဒ္ဓါကိုမှ ရွေး၍ သင်္ကန်းလှူချင်နေရပါသနည်း။

အကြောင်းကား...ဤအမျိုးသမီးကြီးသည် အရှင်အနုရုဒ္ဓါ၏ ပုဗ္ဗေဝသန္နိဝါသေနဟူသော ဘုရားရှင်ဒေသနာတော်အရ အကြောင်းအဆက် နီးခဲ့သူဖြစ်သည်။ တည့်တည့်ဆိုသော် အရှင်အနုရုဒ္ဓါ၏ မဝေးလှသေးသော သုံးဘဝမြောက်ကပင်လျှင် ဤအမျိုးသမီးကြီးသည် အရှင်အနုရုဒ္ဓါ၏ မယားတော်စပ်ခဲ့ရဖူးသူ ဖြစ်သည်။ ပါရမီထူးရှင် အရှင်အနုရုဒ္ဓါအား မယားတော်စပ်ခဲ့ရဖူးသည်ပင်လျှင် ယခုဘဝ၌ ထူးခြားသော ရဟန္တာတစ်ပါးဖြစ်လာသည်ကို တွေ့ရသောအခါ တဏှာပေမဟုပင် မဆိုနိုင်စေကာမူ မေတ္တာအမျှင် သဒ္ဓါအမျှင် မပြတ်နိုင်အောင် ရှိခဲ့ရပေ၏။

သို့ရာတွင် ယင်းသို့ အကြင်လင်မယား တော်စပ်ခဲ့ရဖူးခြင်းသည်ပင်လျှင် ယခုသင်္ကန်းလှူလိုသည့်ကိစ္စ၌ မိမိအဖို့ မလုံမလဲနှင့် အခက်အခဲယောင်ယောင် ဖြစ်၍နေရ၏။ မိခင်တော်စပ်ခဲ့သော် ကောင်းလေစွ။ မိကြီးမိထွေး တော်စပ်ခဲ့သော်

www.burmeseclassic.com



ကောင်းလေစွ။ သားအဖြစ် တော်စပ်ခဲ့ပါသော် ကောင်းလေစွ။ ယခုသော် မယားဆိုတော့ အရှင်မြတ်အဖို့ ပသို့မျှရှိလေမည်မဟုတ်သော်လည်း မိမိအဖို့မူ မသန့်မရှင်းသယောင်နှင့် မဝံ့မရဲရှိနေချေသည်။

သူ့သင်္ကန်းသည် ဟောင်းမြင်းနွမ်းရိလျက်ရှိနေပေပြီ။ အရှင်မြတ်အဖို့သင်္ကန်းလိုမည်မှာ ဧကန်ဖြစ်၏။ မိမိအဖို့ မွန်မွန်မြတ်မြတ် သင်္ကန်းတစ်စုံကို ကပ်လှူလိုက်ချင်ပါဘိသည်။ ကပ်လှူချင်လွန်းလှ၍လည်း သင်္ကန်းတစ်စုံ အဆင်သင့်ဖြစ်နေစေရန် နာမည်ကျော်အာဠဝီမှ ရက်ကန်းသည်မကလေးနှင့် စီစဉ်ထားခဲ့ရ၏။ သို့ရာတွင် အရှင်မြတ်ထံ အဘယ်ပုံချဉ်းကပ်၍ အဘယ်သို့ပေးလှူရပါမည်နည်းဟု မဝေခွဲနိုင်အောင် ရှိနေရချေ၏။ ဆွမ်းလောင်းသည့်ပုံမျိုးဖြင့် အရှင်မြတ်အား သည်အတိုင်း အလိုက်သင့် ကပ်လှူခဲ့ပါသော် အလွယ်တကူလက်ခံသုံးစွဲလျှင် တော်ပါသေး၏။ ဤသို့မဟုတ်ဘဲ အဘိညာဉ်တန်ခိုးရှင်ပီပီ မိမိမှန်းသိ၍ အလှူခံရုံသာခံပြီး မသုံးစွဲဘဲ သူတစ်ပါးသို့ ပေးလှူလိုက်မည်ကိုလည်း ဇာလိနီ စိုးရိမ်မိသည်။

ယင်းသို့လျှင် မိမိအတွေးနှင့်မိမိ မသိုးမသန့် မဝံ့မရဲဖြစ်နေရဆဲတွင်ပင် ပေးလှူဖို့ရန် အခွင့်အရေးတစ်ရပ် ပေါ်ပေါက်လာသည်ကို တွေ့ရသောကြောင့် ဇာလိနီအဖို့ အတိုင်းမသိ ဝမ်းမြောက်သွားရ၏။ ယင်းအခွင့်အရေးသည်ကား တန်ဆောင်မုန်းလပြည့်၏ နံနက်စောစောအချိန်တွင် အရှင်အနုရုဒ္ဓါသည် ဆွမ်းခံထွက်ခြင်းနှင့်အတူသင်္ကန်းအတွက် ပံ့သကူအဝတ်အထည် ရရှိလျှင်လည်း ကောက်ယူနိုင်ရန် ရည်မှန်းချက်ရှိသည့်ဟန်ဖြင့် ရာဇဗြိုဟ်၏ သင်္ချိုင်းတစ်ခုကိုဖြတ်ကာ အမှိုက်ပုံ လမ်းဘေး စသည်တို့သို့ ငုံ့မျှော်ဂရုပြုလာသည်ကို တွေ့ရှိရခြင်းပင် ဖြစ်ပေ၏။

သေနနိဂုံး၏ သုသာန်မှ ဘုရားရှင်ကိုယ်တော်တိုင် လူသေအလောင်းမှပင်ခွာယူ၍ ပံ့သကူအဝတ် ကောက်ယူတော်မူခဲ့သည့်ထုံးကို နှလုံးမူ၍ သံဃာအများသည် ပံ့သကူအဝတ် ရှာဖွေဝတ်ရုံလေ့ရှိခဲ့ကြသည်။ ပံ့သကူအဝတ်ဟူသည် သုသာန်ရှိ လူသားတွင် ရစ်ပတ်၍ စွန့်ပစ်ထားအပ်သော အဝတ်၊ သို့မဟုတ် လူတို့အသုံးမပြုတော့သဖြင့် အမှိုက်ပုံ လမ်းဘေး စသော ထိုထိုအရပ်တို့တွင် စွန့်ပစ်၍ထားသောကြောင့် ထုံးမှုန့်မြူမှုန့် အလိမ်းလိမ်းကပ်သော အဝတ်၊ စက်ဆုပ်ဖွယ်အဝတ် ဖြစ်သည်။

သို့ရာတွင် သံဃာတော်တို့က ယင်းသို့ ပံ့သကူအဝတ်ရှာဖွေသည်ကို သိလာကြသောအခါ လှူဒါယကာတို့က သံဃာတော်တို့အဖို့လည်း အလွယ်တကူရစေ

www.burmeseclassic.com



ကြီးမြတ်သောအလှူလည်းဖြစ်စေဟူသော စေတနာဖြင့် အဝတ်ကောင်းများနှင့် ချုပ်ပြီးဆိုးပြီး သင်္ကန်းကိုပင်ဖြစ်စေ၊ ပံ့သကူရာသော သံဃာတော်တို့တွေ့နိုင်သော နေရာများ၌ စွန့်ကြဲလှူဒါန်း၍ထားကြသည်။ အကြောင်းကား ဘုရားရှင်၏ ဒေသနာတော်အရ ပုဂ္ဂလိက အလှူထက် သံဃိကအလှူက ကြီးမြတ်ကြောင်းကို ငါဘုရားကို လှူသည်ထက် ရည်မှန်းချက်မရှိသော သံဃာကိုလှူသည်က ကြီးမြတ်သည်ဟူ၍ပင် မိထွေးတော်ဂေါတမီအား ဟောထားတော်မူချက်ရှိပေရာ ပံ့သကူသင်္ကန်းတည်းဟူသော အလှူဝတ္ထု၏ မွန်မြတ်မှု၊ မည်သည့်သံဃာကို ရည်မှန်းချက်မရှိသော သံဃိကအလှူ၏ မွန်မြတ်မှု၊ ရည်မှန်းချက်များဖြင့် ပံ့သကူစွန့်ပစ်လှူဒါန်းသောအလုပ်သည် ရာဇဂြိုဟ်၊ ကောသလ စသော ဘုရားရှင်သာသနာတော် ထွန်းကားရာနိုင်ငံများ၌ တစ်နေ့တခြား များပြား၍လာခဲ့၏။

အထူးသဖြင့် သင်္ကန်းရာသီ၊ ကထိန်ရာသီဟု သတ်မှတ်၍ထားသော သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ အတွင်းတွင် ပို၍များပြားသည်။ ထို့ကြောင့်လည်း ဤရာသီကိုပင် ရည်မှန်း၍ အခွင့်သာပါက လှူဒါန်းနိုင်ရန် ဓာလိနီအမျိုးသမီးကြီးက ရက်ကန်းသည်မကလေးထံ တိုက်တွန်းလောဆော်၍ စီမံထားခဲ့ခြင်းဖြစ်ပေသည်။

ယခုအရှင်အနုရုဒ္ဓါကိုယ်တော်တိုင် ပံ့သကူအဝတ်ရှာဖွေရန် ရည်မှန်းချက်ပုံဟန်ဖြင့် ထွက်ကြွလာသည်ကို ဓာလိနီ တွေ့ရသောအခါ အများနည်းတူ သံဃိကစေတနာပင် မမှန်လှသော်လည်း မိမိဆန္ဒအရင်းအတိုင်း သင်္ကန်းလှူနိုင်ခွင့် ကြုံလာလေပြီဟု ဝမ်းမြောက်ရ၏။ ထို့ကြောင့် အရှင်အနုရုဒ္ဓါကြွလာသည့် လမ်းတူရှုမလှမ်းမကမ်းရှိ အမှိုက်ပုံတစ်ပုံတွင် မိမိဆောင်ယူခဲ့သော အဝတ်များကို အရှင်အနုရုဒ္ဓါမြင်သာအောင် အဝတ်တစ်ပိုင်းတစ်စကိုသာ မြင်စေသောပုံစံဖြင့် လည်းကောင်း၊ မြင်နိုင်ဖို့ ပို၍သေချာစေရန် အဝတ်၏မြိတ်ဆာပန်းဖွားကို မသိမသာ ဖြန့်ကား၍လည်းကောင်း ပံ့သကူမစစ်တစစ်အဖြစ် စွန့်ပစ်ဖုံးဖိ၍ထားကာ အရှင်မြတ်အား မြင်သာသောတစ်နေရာမှ မျှော်လင့်ခြင်းကြီးစွာဖြင့် ငေးမျှော်၍ကြည့်နေ၏။

ဓာလိနီ၏ စီမံချက် အဆင်သင့်ပါပေ၏။ အရှင်မြတ်သည် အမှိုက်ပုံတွင် တစ်ပိုင်းတစ်စ ပေါ်လျက်ရှိသော အဝတ်အစကို ပံ့သကူဟူသော သတိဖြင့် ဆွဲကော်၍ ယူတော်မူသည်။ ဆွဲယူရာ၌ အဝတ်မှာ ခန့်မှန်းသည်ထက် များလည်းများ၊ ကြီးမားခံ့ထည်၍လည်း နေသောကြောင့် ရတ်တရက် ပိုင်ရှင်ပင်ရှိလေသလောဟု

www.burmeseclassic.com

www.burmeseclassic.com



ထင်မိရာက ပံ့သကူစွန့်ပစ်လေ့ရှိသော ဤရာသီကို သတိရကာ ပံ့သကူစစ်စစ် အမှန်ပင်ဖြစ်တော့သည်ဟူသော အသိဖြင့် အဝတ်တစ်ပုံးလုံးကို ကောက်ယူ သိမ်းပိုက်တော်မူသည်။

ထို့နောက်တွင်ကား ဤအဝတ်ပုံတစ်ဖက်နှင့် ဆွမ်းခံ ဆက်၍ထွက်ရဦးမည် ဆိုသော် မလျော်လှသည်တစ်ကြောင်း၊ ဆွမ်းခံဖို့ရန်မှာ နံနက်ပိုင်းအချိန်များစွာ ရှိနေသေးသည်လည်း တစ်ကြောင်းကြောင့် အဝတ်ကို သိမ်းဆည်းရန် ကျောင်းသို့ပင် တန်းတန်းမတ်မတ် ပြန်လာသောအခါ ဝေဠုဝန်ကျောင်းတော်အဝတွင် စကြံ လျှောက်လျက်ရှိသော ဘုရားရှင်နှင့် ရင်ဆိုင်ဖူးတွေ့နေရပေ၏။

"အနုရုဒ္ဓါ...သင့်သင်္ကန်းများ နွမ်းရိနေခဲ့သည်မှာ အတန်ကြာခဲ့ပြီ။ ယနေ့အဖို့ ပံ့သကူအဝတ် ရလာသည်ထင်၏။

"မှန်လှပါ။ သင်္ကန်းသုံးထည်စာမျှပင် လုံလောက်အံ့ဟုထင်ရသော ပံ့သကူ အဝတ်များ ကောက်ယူရရှိခဲ့ပါသည်ဘုရား"

"ကောင်းပေစွ အနုရုဒ္ဓါ။ သို့ဆိုလျှင် ယခုပင်လျှင် ငါဘုရားကိုယ်တော်တိုင် သင်္ကန်းအဖြစ် ဖြတ်ချုပ်၍ ပေးတော်မူမည်။ သံဃာများအဖို့ သင်္ကန်းဖြတ်ချုပ်ရန် နည်းလမ်းချပေးခဲ့ရာ၌ အစဖြစ်နေသေး၍ အခက်အခဲရှိနေကြသေးသည်ကို ငါဘုရားကိုယ်တော်တိုင် ချုပ်ဖြတ်၍ နည်းလမ်းပြပေးတော်မူမည်။ သင့်သင်္ကန်းချုပ်ဖို့ အစီအစဉ်ပြုရန် အာနန္ဒာအား အကြောင်းကြားလိုက်ပေတော့"

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား"

## [ ၃ ]

ပထမသော် သင်္ကန်းဟူသည် ချုပ်လုပ်စပ်ဖာမှုဟူ၍ အစီအစဉ် ကျလှသည် မဟုတ်ခဲ့သေး။ ဒါယကာ ဒါယိကာမများက ပေးလှူသည်ဖြစ်စေ၊ ပံ့သကူ ကောက်ယူ ရရှိသည်ဖြစ်စေ လျော်သလိုသာ စပ်ဖာ ဖြတ်တောက်၍ လျော်သလိုသာ ဝတ်ဆင် သုံးဆောင်ခဲ့ကြ၏။ သို့ဖြစ်ရာ သင်္ကန်းဟူသည် သစ်ခေါက်ဆိုးဆေးတို့၏ အစွမ်းဖြင့် ညိုဝါရောင်တစ်မျိုးတည်း ရှိသည်မှန်သော်လည်း ချုပ်ဖြတ် စပ်ဖာမှုနည်းလမ်း အထူးမရှိခဲ့သောကြောင့် အပ်ကြောင်းစပ်ကြောင်း အတွဲအစပ်များမှာမူ အမြင်မလှ အဆင်မလှသယောင်၊ ကြည်ညိုဖွယ်ကို မဆောင်တော့သယောင် ဖြစ်နေခဲ့ရ၏။ တစ်ကြောင်းမှာလည်း ရဟန်းသူတော်ကောင်းဖြစ်ပါလျက် တောနေရဟန်းအချို့

www.burmeseclassic.com

www.burmeseclassic.com



သည် လူဆိုးသူဆိုးတို့၏ သက်န်းအလုခံကြရတတ်သည့် ဆင်းရဲတစ်မျိုးကလည်း ရှိချေသေး၏။ ယင်းသို့ အလုခံရခြင်းမှာ ငယ်ငယ်တစ်မျိုး၊ ကြီးကြီးတစ်သွယ် ရအပ်သလိုသာ ချုပ်စပ်ထားကြသော သင်္ကန်းတွင် အဝတ်အထည်တစ်ခု ချုပ်လောက်ဖွယ်ရာ လူမိုက် လောဘသားတို့ မက်မောလောက်သော အဝတ်စကြီးများ ပါရှိနေသောကြောင့်လည်းဖြစ်၏။

ထို့ကြောင့် တပည့်သံဃာများအဖို့ လျော်သလိုသာ ချုပ်ဖြတ်ဝတ်ဆင်နေကြသည်ထက် ကြည်ညိုဖွယ်ကိုဆောင်စေရန် သင့်တင့်လျောက်ပတ်သော ချုပ်ဖြတ်စပ်ဖာမှုနည်းလမ်း စည်းကမ်းတစ်ရပ် ချမှတ်ပေးရသော် သင့်လျော်ဖို့ရှိသည်ဟု စဉ်းစားတော်မူခဲ့၏။ ဤပြဿနာကို မကြာမီကလေးကမှ ဘုရားရှင်သည် ရှင်အာနန္ဒာနှင့်အတူ လယ်တောတစ်ခုကို ဖြတ်လျှောက်ရင်း ဆုံးဖြတ်ချက်နမူနာတစ်ရပ် ချမှတ်တော်မူနိုင်ခဲ့သည်။

ယခုလို တန်ဆောင်မုန်းလ ရာသီများတွင် ဘုရားရှင်သည် လယ်တောများကို ဖြတ်၍ ခရီးထွက်ကြွတော်မူလေ့ရှိ၏။ ရံဖန်ရံခါ လယ်မှူး သုဒ္ဓတို့လို ကယ်ချွတ်ဖွယ်ရှိသော သတ္တဝါများကို ကယ်ချွတ်ရန်ကြွတော်မူခြင်းဖြစ်၏။ ရံဖန်ရံခါတွင်မူ အာနန္ဒာကို နောက်တော်ပါအဖြစ် ခေါ်၍ ခြေညောင်းလက်ဆန့် ကြွတော်မူခြင်းဖြစ်သည်။ အကြောင်းသော်ကား ဝါတွင်းသုံးလ တစ်မိုးတွင်းလုံး ကျောင်းအတွင်း၌သာ သီတင်းသုံးခဲ့ရာတွင် တန်ဆောင်မုန်းလဟူသည် ရာသီဥတု ခြေခင်း လက်ခင်း သာသောကာလဖြစ်သည်တစ်ကြောင်း၊ ကောက်စပါးတို့ ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း၏ ရှုမဆုံးသော စိမ်းစိမ်းညိုညို လယ်ကွင်းကြီးများကို ပင်ကိုယ်အားဖြင့် နှစ်လိုလေ့ရှိသည် တစ်ကြောင်းတို့ကြောင့်ဖြစ်၏။

ထို့ကြောင့် တမြန်တစ်နေ့က အကြောင်းတစ်ရပ်ဖြင့် ရာဇဂြိုဟ်မှ ဒက္ခိဏာဂီရိသို့ ရှင်အာနန္ဒာနှင့်အတူ လယ်တောကြီးများကိုဖြတ်၍ အသွားတွင် တောင်ကုန်းကလေးတစ်ခုအပေါ်သို့ ရောက်သောအခါ ရည်မှန်းထားခဲ့သော သင်္ကန်းချုပ်ဖြတ်မှုအတွက် အကောင်အထည် စိတ်ကူးပေါ်လာသောကြောင့် ရပ်တော်မူ၍ ရှင်အာနန္ဒာနှင့် တိုင်ပင်တော်မူသည်။

"ရှုစမ်းအာနန္ဒာ...မာဂဓလယ်သမားကြီးတို့၏ လယ်ယာကွက်များသည် သေးသေးတစ်သွယ်၊ ကျယ်ကျယ်တစ်မျိုး လိုအပ်သလို ဖြတ်ဖောက်ကာဆီး၍ လယ်ကွင်းများ ပြုလုပ်ထားကြသည်မှာ အဘယ်မျှ သာယာပေသနည်း။ အဘယ်မျှ

www.burmeseclassic.com

www.burmeseclassic.com



ရှုချင်စဖွယ်ရှိပါသနည်း။"

"သင်အပါအဝင် ငါ့သားရဟန်းများသည် သင်္ကန်းချုပ်လုပ်ကြရာ၌ ရသလို လွယ်သလိုသာ စပ်တွဲချုပ်လုပ်ကြသောကြောင့် ကြီးသည့်အကွက်က ကြီး၊ ငယ်သည့် အကွက်က ငယ်၊ ထောင့်ဖြတ်တစ်သွယ်၊ ကန့်လန့်တစ်မျိုးဖြင့် အမြင်မလှ အဆင် မလှ ဖြစ်ချင်တိုင်းဖြစ်နေကြသည်။ ယင်းသို့ချုပ်လုပ်ရာ၌ ကျယ်ပြန့်သော အဝတ်စ ကြီးများကို မက်မော၍ လူမိုက်တို့ လုယူကြသောကြောင့် ဇေတဝန် တောနေရဟန်း တို့ ဒုက္ခကြုံရသည်များလည်း ရှိပေသည်။ သို့ဖြစ်၍ သင်္ကန်းများကို ယခု မာဂဓ လယ်ကွက်များကဲ့သို့ အစီအစဉ်ကျကျ ချုပ်ဖြတ် ဝတ်ဆင်စေရသော် မသင့်လျော်ပါ လား အာနန္ဒာ"

"သင့်လျော်ကြောင်းပါ အရှင်ဘုရား"

"သို့ဆိုလျှင် ဤမာဂဓလယ်ကွက်များ ပုံစံအတိုင်း သင် ချုပ်လုပ်နိုင်ပါအံ့လော"

"ချုပ်လုပ်နိုင်ပါသည် အရှင်မြတ်"

"ကောင်းလှပေပြီ၊ ရာဇဂြိုဟ်သို့ ရောက်သောအခါ ဤပုံစံအတိုင်း သင်္ကန်း တစ်ထည် ချုပ်လုပ်၍ ငါ့အားပြပေလော့။ သင့်ချုပ်လုပ်မှု သင့်လျော်ခဲ့သော် သင့် ပုံစံအတိုင်း ရဟန်းများအား ချုပ်လုပ်ဝတ်ဆင်ကြရန် ညွှန်ကြားတော်မူမည်"

ယင်းသို့သော အမိန့်တော်အရ ဘုရားရှင်အလိုတော်ကျ ဖြစ်နိုင်စေရန် အရှင် အာနန္ဒာသည် မာဂဓတို့၏ လယ်ကွက်များကို သတိထင်ထင်ဖြင့် ရှုကြည့်၏။ အမြော်အမြင်ကြီးမားတော်မူလှသော ဘုရားရှင်၏ စိတ်ကူးအစီအစဉ်ကိုလည်း အလွန်နှစ်သိမ့်မိသည်။ အကြောင်းမူကား လယ်ယာကို အခြေတည်သော ဤ နိုင်ငံသားတို့အား အမှီသဟဲပြုကြရသော ရဟန်းတော်တို့အတွက် သင်္ကန်းကို ဝတ်ရုံတိုင်း ဝတ်ရုံတိုင်း လယ်လုပ်သားကြီးများနှင့် လယ်ယာမြေ၏ ကျေးဇူးကို မပြတ် သတိရစေနိုင်သောကြောင့်လည်း ဖြစ်ပေ၏။

ထို့ကြောင့် ဝေဠုဝန်သို့ ပြန်လည်ရောက်ရှိသည်နှင့် တစ်ပြိုင်နက် အမိန့်တော် အတိုင်း စိတ်တိုင်းကျစေရန် ရှိနေပြီးသော သင်္ကန်းစများကို မာဂဓလယ်ကွက်များ အတိုင်း အစီအစဉ်ကျကျ ချုပ်လုပ်သည်။

ချုပ်လုပ်ပုံမှာကား အကွက်ကြီးတစ်ကွက်၊ အကွက်ငယ်တစ်ကွက်ကို ရှေးဦးစွာ ဆက်စပ်သည်။ ယင်းသို့ အစပ်ငါးခုကို အကွက်ကြီးဘက်မှ အကွက်ငယ်၊ အကွက် ငယ်ဘက်မှ အကွက်ကြီး။ ယင်းသို့ဖြင့် ပြောင်းပြန်ငါးဆက် ဆက်စပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အစပ်တို့၏ အကြားအကြားတွင် ရေသွင်း ရေထုတ်မြောင်းကလေးများ ပုံစံအတိုင်း တရုတ်မြောင်းကလေးများ ထည့်ညှပ်လိုက်သေး၏။ ယင်းငါးစပ်၏ လေးဘက်ပတ်လည်တွင် သင်္ကန်းကို ခိုင်မာစေရန်လည်းကောင်း၊ ဝတ်ရုံအသုံးပြုရာ၌ အထိအတွေ့များသော ခြေဖျားခေါင်းဖျားတို့တွင် အဆွေးအမြည့်ခံနိုင်စေရန်လည်းကောင်း နှစ်ထပ်အနားပတ်များ တပ်ဆင်သည်။ ဝတ်ရုံသည့်အခါ၌ မလွင့်မကား ချပ်ချပ်ရပ်ရပ် ရှိစေရန် သင်္ကန်း၏ ထောင့်လေးဘက်တွင် အနားပတ်သီး ချည်တံကလေးများကို တပ်ဆင်သည်။

သို့ဖြင့် အမိန့်တော်အတိုင်း သင်္ကန်းချုပ်လုပ်ပြီးစီး၍ ဘုရားရှင်အား ဆက်ကပ်၏။ မိမိစိတ်ကူးရှိသမျှတွင် ဘုရားရှင်၏ အလိုတော်ကျပါစေဟုလည်း ဆန္ဒပြုမိ၏။

ဘုရားရှင်က ထိုသင်္ကန်းကို ဖြန့်ကြည့်ဆင်ခြင်ပြီးနောက် တစ်စုံတစ်ရာ မမိန့်ကြား၊ အလိုတော်ကျသည့်အသွင်ကိုသာပြ၍ ခေါက်သိမ်းထားလိုက်သည်။ ညဉ့်ဦးပိုင်း တရားမဏ္ဍပ်တွင် သံဃာအစည်းအဝေးသို့ ကြွရောက်သည့်အခါတွင်မှ ယင်းသင်္ကန်းကို ဘုရားရှင်ကိုယ်တော်တိုင် ယူလာပြီးလျှင် “ချစ်သားတို့...အာနန္ဒာသည် အရိပ်ပြလျှင် အကောင်ထင်၊ တစ်ထွာပြလျှင် တစ်တောင်မြင်ဆိုသကဲ့သို့ ဉာဏ်ပညာကြီးမားလှသူဖြစ်ပေသည်”ဟု ချီးမွမ်းတော်မူပြီးနောက် သင်္ကန်းကို ဖြန့်၍ပြကာ “ချစ်သားတို့၏ သင်္ကန်းများ အစီအစဉ်ကျကျ ချုပ်လုပ်ဝတ်ဆင်ကြရန်အတွက် တမြန်နေ့က ဒက္ခိဏာဂီရိသို့အသွားတွင် မာဂဓတိုင်းသားတို့၏ လယ်ကွက်များကိုပြ၍ ယင်းလယ်ကွက်များ နမူနာအတိုင်း ချုပ်လုပ်စေရန် အာနန္ဒာအား စေခိုင်းခဲ့ပေသည်။ ချုပ်လုပ်သော ငါဘုရားအလိုတော်ကျ သင်္ကန်းဖြစ်၍ သင်ချစ်သားတို့သည် ယနေ့မှစ၍ ဤနမူနာပုံစံအတိုင်း ချုပ်လုပ်ဝတ်ဆင်ကြရမည်”ဟု မိန့်ကြားတော်မူသည်။

ရဟန်းများက ရှင်အာနန္ဒာအား ချီးကျူးဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ဘုရားရှင်၏ အမိန့်တော်ကို နာခံသောအားဖြင့်လည်းကောင်း သာခုသုံးကြိမ် ခေါ်ကြပြီးလျှင် နောက်တစ်နေ့မှစ၍ ရှင်အာနန္ဒာ၏ နမူနာပုံစံအတိုင်း ပြင်ဆင်ချုပ်လုပ်ဝတ်ဆင်ကြသည်။ ဤကိစ္စတွင် ဘုရားရှင်ကိုယ်တော်တိုင် စံပြပြုလုပ်တော်မူလိုသည့်ဆန္ဒရှိနေခဲ့ပေရာ ယခု ရှင်အနုရုဒ္ဓါတွင် သင်္ကန်းချုပ်ရန် ပံ့သကူအဝတ်များ ရလာသည်ကို တွေ့ရသောအခါ ကိုယ်တော်တိုင် ချုပ်လုပ်ပေးရန်အတွက် အနုရုဒ္ဓါမှ တစ်ဆင့် အာနန္ဒာသို့ ညွှန်ကြားလိုက်ခြင်း ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

ဘုရားရှင်ကိုယ်တော်တိုင် သင်္ကန်းချုပ်မည်ဆိုတော့လည်း အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် စသည့် အဂ္ဂသာဝက၊ မဟာသာဝက၊ အသီတိ သာဝကကြီးများ အဖို့ ကြောင့်ကြမဲ့ မနေနိုင်မထိုင်နိုင်တော့ဘဲ ထထကြွကြွ လှုပ်လှုပ်ရှရှ ဖြစ်လာကြရသည်။ အကြောင်းမူကား ထိုအချိန်သည် ဝေဠုဝန်ကျောင်းတော်၌ သာဝကကြီး ရှစ်ကျိပ်စလုံး စုံညီဝါကပ်ခဲ့ကြသောအချိန် ဖြစ်ပေသည်။

အမှန်အားဖြင့် ထိုအချိန်သည် ဘုရားရှင်ကိုယ်တော်တိုင်နှင့် သံဃာအားလုံးပင် ဆွမ်းခံထွက်ကြွကြရမည့် နံနက်အချိန်ဖြစ်ပေ၏။ သို့ရာတွင် ဘုရားရှင်ကိုယ်တော်တိုင်ကပင် ဆွမ်းခံမှုကို လျစ်လျူရှု၍ သင်္ကန်းချုပ်ရန် ပြင်ဆင်သော ဘုရားရှင်၏ ဝန်းကျင်သို့ အကူအညီတစ်စုံတစ်ခု ပေးနိုင်ရန် ဝိုင်းဝန်းလာကြ၏။

သင်္ကန်းချုပ်ရန်ပြင်ဆင်သောနေရာကား သံဃာအများ စည်းဝေးနိုင်သော ဝေဠုဝန်၏ မြေပြန့်တစ်နေရာဖြစ်ပေ၏။ ချုပ်ဟန်ကား အရှင်အနုရုဒ္ဓါ၏ ပံ့သကူ အဝတ်ကို ဘုရားရှင်က ဖြန့်ကားလိုက်သောအခါ ရှင်မဟာကဿပသည် အဝတ်၏ တစ်ဖက်စွန်းကိုကိုင်၏။ အခြားတစ်ဖက်စွန်းမှ ကိုင်သူမှာ အရှင်အာနန္ဒာဖြစ်၍ မတွဲမကျစေရန် အလယ်မှကိုင်သူကား အရှင်သာရိပုတ္တရာဖြစ်၏။ အခြားသံဃာကြီးများက အပ်ချည်ကျစ်ကြသည်။ ယင်းအပ်ချည်ကို အပ်နဖားပေါက်များသို့ ထိုးသွင်းပေးသူက ဘုရားရှင်ကိုယ်တိုင် ဖြစ်သတည်း။

ထိုသို့ သံဃာတို့ ပရိက္ခရာအစုမှ ချည်ခင်ဆောင်ယူပေးခြင်း၊ ဓားငယ်ရှာဖွေပေးခြင်း စသည့် လိုအပ်သမျှအမှုကို လှုပ်ရှားဆောင်ရွက်ပေးသူမှာ အရှင်မောဂ္ဂလာန်ဖြစ်၏။ ရှစ်ကျိပ်သော မထေရ်ကြီးများနှင့် ကြွရောက်လာသမျှသော သံဃာတော်များအတွက် သန့်ရှင်းပြေပြစ်စေရန် အမှိုက်လှည်းခြင်း၊ မြေပြင်ကို ရတ်ခြည်းပြေပြစ်အောင်ပြုခြင်း၊ သောက်ရေတည်ခြင်း စသည်ဖြင့် သံဃာများအကြားတွင် လိုအပ်သမျှအမှုကို ကိုရင်လေးတစ်ပါးသဖွယ် ဆောင်ရွက်လျက်ရှိသော ဒါယကာတစ်ဦးကိုလည်း တွေ့ကြရ၏။ သိကြားမင်းတည်း။

ယင်းသို့လျှင် ချည်ကျစ်သူကကျစ်၊ အရှင်အာနန္ဒာ၏ အစီအစဉ်ဖြင့် သင်္ကန်းပုံစံ ဖြတ်သူကဖြတ်၊ ချုပ်သူကချုပ်၊ ဘုရားရှင်က အပ်နဖားထိုးပေးခြင်းဖြင့် သင်္ကန်းချုပ်ပွဲကြီး မြိုင်မြိုင်ဆိုင်ဆိုင်ပြုလုပ်နေကြသည့်အချိန်ဝယ် မမျှော်လင့်သော ယင်းသင်္ကန်းချုပ်ပွဲကြီးကို မမျှော်လင့်သောနည်းဖြင့် တွေ့ကြုံရလေသောကြောင့် ပီအော်

www.burmeseclassic.com

www.burmeseclassic.com



တဝေဝေ၊ စေတနာတဖွားဖွားဖြင့် မိမိဒါနအပေါ်တွင် ကုသိုလ်အထပ်ထပ် ပွားများလျက်ရှိသူကား နတ်မိမယ် ဇာလိနီ ဖြစ်လေတော့သည်။

စေတနာပွားရင်းမှ သတိပြုမိလာသော ကိစ္စမှာ ဘုရားရှင်နှင့် သံဃာတော်များအတွက် ယနေ့နံနက် ဆွမ်းကွမ်းပြည့်စုံရေးပင် ဖြစ်၏။ ဆွမ်းခံကြွမည့်အချိန်တွင် မိမိသင်္ကန်းကို ကြောင့်ကြစိုက်တော်မူနေကြရသောကြောင့် အဘယ်မှာ ဆွမ်းခံချိန် ရှိပါတော့မည်နည်း။

ဤကိစ္စတွင် မိမိတစ်ဦးတည်းဖြင့် ပြည့်စုံအောင် ဆောင်ရွက်နိုင်ပါ၏။ သို့ရာတွင် ပုံစံရိုးရိုးဖြင့်သာ ဖြစ်မြောက်လာသည့်ကိစ္စတွင် အဆန်းမဝင်စေလိုတော့သည် တစ်ကြောင်း၊ မိမိ၏အလှူနှင့် ရှုရခဲ မြင်ရခဲ ကြည်ညိုရခဲသော ဤလိုအလှူ ဤလိုပုံစံမျိုးကို ရာဇဂြိုဟ် ဒါယကာ ဒါယိကာမများတို့ မြင်တွေ့ကြည်နူးကြစေလိုသည်လည်း တစ်ကြောင်းတို့ကြောင့် ရုတ်ခြည်းပင် ရာဇဂြိုဟ်မြို့တွင်းရှိ ဘုရားရှင်ဒါယကာအိမ်များသို့ လှည့်လည်၍ ယနေ့နံနက် ဝေဠုဝန်မှ ဘုရားရှင်ကိုယ်တော်တိုင် သင်္ကန်းချုပ်သော ကြုံတောင့်ကြုံခဲ ရှုမြင်ကွင်းနှင့် အကျိုးအကြောင်းကို ပြောပြကာ ဝေဠုဝန်သို့ ဆွမ်းပို့လှူကြရန် ဖိတ်ကြားနှိုးဆော်လိုက်သောအခါ သင်္ကန်းချုပ်ပွဲတန်းလန်းအချိန်မှာပင် ဆွမ်းပွဲကိုယ်စီ လှူဖွယ်ကိုယ်စီဖြင့် တရုတ်ရုတ် တသဲသဲရောက်လာကြကာ ဆွမ်းလှူရင်း သင်္ကန်းချုပ်ပွဲကြီးကို ချီးကျူးမဆုံး ကြည့်ရှုကြည်ညိုကြသည်။

တစ်ဆင့်ပြီးတစ်ဆင့် သတင်းပြန့်ပွား၍ ရာဇဂြိုဟ်သားတို့ လာရောက်လှူဒါန်းကြပုံ၊ ကြည်ညိုကြပုံမှာ တစ်နံနက်လုံး အဆက်ပြတ်သည်မရှိတော့အောင် များပြားလှပေ၏။ ဆွမ်းကွမ်းစသော စားဖွယ်လှူဖွယ် အာဟာရပစ္စည်းများမှာ ဝေဠုဝန်သံဃာအားလုံး လုံလောက်ပြည့်စုံရုံမျှမက များစွာ ပိုလျှံလျက်ရှိပေ၏။ စွန့်ပစ်ထားသောနေရာတွင် တောင်ပုံရာပုံဟုပင် ဆိုရလောက်အောင် များပြားလျက်ရှိနေပေတော့သည်။ သင်္ကန်းချုပ်လုပ်မှုမှာလည်း ဘုရားရှင်အမှူးပြုသော သံဃာအင်အားနှင့် ဖြစ်သောကြောင့် နံနက်ပိုင်းဆွမ်းစားချိန်အမီပင် ပြီးစီး၏။

## [ ၅ ]

ယင်းသို့ဖြစ်ပုံ အလုံးစုံကို ထေရ်ကြီးရှစ်ကျိပ်အပါအဝင် ရဟန္တာအရှင်တို့အဖို့ ဝမ်းမြောက်ကြည်ညိုကြရုံမျှဖြစ်သော်လည်း ယင်းကိစ္စနောက်ပိုင်းတွင် မမျှော်လင့်

www.burmeseclassic.com

www.burmeseclassic.com



သော ပြဿနာတစ်ရပ် ပေါ်ပေါက်လာရချေသေး၏။ ပြဿနာရှင်ကား ပုထုဇဉ် ရဟန်းအချို့တို့တည်း။

ဆွမ်းစသော လှူဖွယ်ပစ္စည်းများကို အလှူခံရာ၌ လိုအပ်သမျှကိုသာ အလှူခံစေလိုသည့်ဆန္ဒမှာ ဘုရားရှင်၏ သဘောထားဆန္ဒတော် ဖြစ်ပေ၏။ အလားတူပင် လှူဒါယကာများဘက်ကလည်း သံဃာတော်များ လိုအပ်သမျှကိုသာ တိုင်းတိုင်းထွာထွာနှင့် လှူစေလိုသော ဆန္ဒတော်ရှိသည်။ ရည်ရွယ်ရင်းမှ အချည်းနှီး အလဟဿ မဖြစ်ဖို့နှင့် မကုန်တန်သည်ကို မကုန်၊ မကျတန်သည် မကျစေရန် ဖြစ်ပေ၏။ သို့ပါလျက် ယနေ့သင်္ကန်းချုပ်ပွဲတွင် ရောက်လာလှူဒါန်းကြသော ဆွမ်း,ကွမ်း စသည်တို့မှာ တောင်ပုံယာပုံ ပိုလျှံလျက်ရှိသောကြောင့် အရှင်အနုရုဒ္ဓါ အစီအစဉ် ညံ့လှသည်ဟူသော ပြဿနာ။

ဘုရားရှင်၏ညီတော် အရှင်အနုရုဒ္ဓါ၊ တန်ခိုးရှင် အဘိညာဉ်ရှင် ရဟန်းချောကလေး အရှင်အနုရုဒ္ဓါ၊ ကြည်ညိုသူ ချစ်ခင်သူ ပေါများလှသော အရှင်အနုရုဒ္ဓါက မိမိ၏ ပေါများသော ဒကာ,ဒကာမတို့အင်အားကို သံဃာအများ မြင်သိကြရလေအောင် သင်္ကန်းချုပ်မှုတည်းဟူသော ပရိယာယ်ဆင်မှုဖြင့် ပြလေတော့ယောင်တကားဟူသော ပြဿနာပင် ဖြစ်ပေ၏။

ယင်းပြဿနာအကြောင်းရပ်များကို ထုံးစံ ညဉ့်ဦးပိုင်း သံဃာ့အစည်းအဝေး၌ မကျေညက်ကြသော ပုထုဇဉ်ရဟန်းအချို့တို့ အချင်းချင်း တီးတိုးပြောဆိုလျက်ရှိကြ၏။ ဘုရားရှင်နှင့် သာဝကကြီးများအားပင်လျှင် ရှင်အနုရုဒ္ဓါသို့ မျက်နှာလိုက်၍ ရှေးအခါက မလုပ်စဖူး ကိုယ်တိုင်ကိုယ်ကျ သင်္ကန်းချုပ်ပေးကြသည်ဟူ၍လည်း ပြောလိုကြပေသေး၏။ သို့ရာတွင် ဘုရားရှင်ကိုယ်တော်တိုင် ပါဝင်နေ၍ မပြောဝံ့ကြ။

ထို့ကြောင့် သိတော်မူ မြင်တော်မူသော ဘုရားရှင်အဖို့ ထိုနေ့ည သံဃာ့အစည်းအဝေးတွင် တရားသစ်တစ်ပုဒ်အဖြစ် ပြုလုပ်ဟောကြားတော်မူရန် အခွင့်ကြုံလာပြန်သည့်အတိုင်း ဟောကြားရ၏။

"ချစ်သားတို့...ယနေ့နံနက် ဆွမ်းကိစ္စမှာ လှူဒါယကာတို့ လှူဒါန်းသောဆွမ်းသည် သာမန်မျှဖြစ်၍ သဒ္ဓါလွန်ကဲသော နတ်ဒေဝတာတို့ လှူဒါန်းအပ်သော ဆွမ်းဖြစ်သည်။ ငါ့သားတော် အနုရုဒ္ဓါ၏ အစီအစဉ်မဟုတ်"

"ချစ်သားတို့...ငါဘုရားနှင့် သာဝကများကိုယ်တိုင် သင်္ကန်းချုပ်ကြသည်

www.burmeseclassic.com



မှာလည်း သင်ချစ်သားတို့ သက်န်းချုပ်ရာ၌ နမူနာရစေရန်နှင့် အင်အားဖြစ်စေရန် ရှေ့ဆောင်ရှေ့ရွက်ပြုခြင်းမျှ ဖြစ်ပေသည်။ မျက်နှာလိုက်ခြင်းမဟုတ်"

"ချစ်သားတို့...ကောင်းကင်၌သွားသောငှက်တို့တွင် ခြေရာမထင်သကဲ့သို့ ရဟန္တာပုဂ္ဂိုလ်တို့၏ လှုပ်ရှားပြုမူမှုမှန်သမျှတွင်လည်း မျက်နှာလိုက်လိုမှု၊ ပလွှားလိုမှု စသော တရားဆိုးတို့ တစ်ရံတစ်ဆစ်မျှ မဖြစ်ကြလေတော့ကုန်။ ထို့ကြောင့် သင်ချစ်သားတို့သည် ငါဘုရား၏ သာသနာတော်တွင် သူတစ်ပါးအား ပြစ်တင်လိုမှု၊ ဗဟိဒ္ဓတရားတို့အပေါ်တွင် ကြောင့်ကြ စိုက်မှုကင်းရှင်းစေ၍ မိမိတို့ကိုယ်သာ မမေ့မလျော့သော သတိဖြင့် မပြတ်ရှုမှတ်မှု ပြည့်စုံကြစေကုန်လော့"

တရားတော်အဆုံးတွင် အမြင့်ထက်သော သံဃာတော်အများပင် အကျွတ်တရား ရသွားတော်မူကြ၏။ သံဃာတော်အားလုံးအဖို့မူ ကြီးစွာသောသံဝေဂဓမ္မဖြင့် သုံးကြိမ်သော သာဓုသံ ဘဝင်လျှံသွားသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဝါဝါဝင်း

[ ၁ ]

"ကာသိတိုင်းမှ ကုန်သည်ကြီး သုဘောဂပါဘုရား"ဟု နာခံတော်က ညီလာခံ ဧည့်စာရင်းကိုကြည့်၍ ဖတ်ကြားလျှောက်ထားသောအခါ မှူးကြီးမတ်ရာတို့အပိုင်းမှ ညီလာခံခန်းမဘံခါးဝဆီသို့ ထုံးစံအတိုင်း လှမ်းမျှော်ကြည့်ကြရုံမျှ လှုပ်ရှားသော်လည်း ဘုရင့်ဝဲယာမှ မိဖုရား၊ မောင်းမမိဿံတို့အပိုင်းတွင်မူ အတန်ပင် လှုပ်ရှားသွားသည်ကို တွေ့လိုက်ကြရသည်။

အကြောင်းကား ကာသိတိုင်းမှ ကုန်သည်အဖွဲ့၏ အထည်လက်ဆောင်သတင်းသည် နန်းတော်သို့ အထူးသဖြင့် မိဖုရားစသော နန်းတော်သူတို့အတွင်းသို့ ကြိုတင်ရောက်ရှိခဲ့ပြီးဖြစ်သောကြောင့် ဖြစ်သည်။

ဗာရာဏသီစသော ရှေးဟောင်းမြို့တော်များ တည်ရှိရာတိုင်းဖြစ်သောကြောင့်လည်းကောင်း၊ ဂင်္ဂါမြစ်ဝှမ်းကို အမှီပြု၍ ကုန်ပစ္စည်းနှင့် ရောင်းဝယ်ဖောက်ကားမှု ထွန်းကားရာ တိုင်းဖြစ်သောကြောင့်လည်းကောင်း အထူးသဖြင့် မဇ္ဈိမနိုင်ငံအလုံးတွင် မည်သည့်အခါကမျှ အခြားတိုင်းသို့ လိုက်၍မမီအောင် အဝတ်အထည်ကောင်းတို့ထွက်ရာ တိုင်းဖြစ်သောကြောင့်လည်းကောင်း ကာသိတိုင်းသည် နာမည်ကြီး၏။

ကောသလ၊ သက္က၊ မဂဓ၊ မလ္လ စသော မဇ္ဈိမ၏ တိုင်းနိုင်ငံကြီးများတွင်သာမက ဟိမဝန္တာတောင်ခြေဖြစ်သော ကပိလ၊ နေပါလ စသော နိုင်ငံများပါမကျန် ကာသိ၏ ထူးခြားသောအထည်များသည် ဘုရင့်နန်းတော်များနှင့် လူကုံထံ ရှေ့တန်းလောကတွင် သူ့ထက်ငါသာ နေရာယူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်သည် မိမိ၏ဘုရားရှင်အဖြစ်တော်ကို ဟောတော်မူရာ၌ အနော်မာ သောင်ယံတွင် သိဒ္ဓတ္ထမင်းသားအဖြစ်မှ ရဟန်းအဖြစ်သို့ကူးရန် မင်းသားအဝတ်မှ ရဟန်းအဝတ်သို့ လဲသောအခါ "ကာသိတိုင်းဖြစ် မင်းသားအဝတ်တို့ကိုချွတ်၍"ဟု ကာသိတိုင်းပြည်ဖြစ် အဝတ်အထည်ကို အထူးပြု ဟောတော်မူရသည်။

ယင်းသို့လျှင် ကာသိတိုင်းမှ အဝတ်အထည်များသည် မြို့တော်တို့၏ ကြီးမား သော အဝတ်အထည်ဆိုင်များတွင် နေရာယူထားကြရာက ယခုလည်း ကာသိမှ အထည်ကုန်သည် အဖွဲ့တစ်ဖွဲ့သည် သာဝတ္ထိသို့ ရောက်လာသည်။ ထိုအဖွဲ့တွင် နန်းတော်သို့ဆက်သရန် ထူးခြားသောအဝတ်အထည်ကောင်းများ ပါလာသည်။ နန်းတော်အတွက် လက်ဆောင်ပစ္စည်းဖြစ်၍ အထည်သေတ္တာတွင် နိုင်ငံတော်တံဆိပ် ခတ်နှိပ်ပြီး အကောက်အခွန်လွတ်လိုက်ရသည်ဟူသော သတင်းတစ်ရပ်သည် နန်းတော်သို့ အတွင်းလမ်းဖြင့် ရောက်ရှိလာသောအခါ ထိုသတင်းသည် အစိုးရ လုပ်ငန်း၏ ဖြစ်ရိုးဖြစ်စဉ် သတင်းတစ်ရပ်မျှဖြစ်သော်လည်း အဝတ်အထည်ဟု သာမန်အားဖြင့် ဆိုခြင်းမဟုတ်ဘဲ ထူးခြားသောအဝတ်အထည်ဟု ဆိုသဖြင့် နန်းမတော်ကြီး မလ္လိကာဒေဝီနှင့်တကွ နန်းတော်၏ အနောက်ဆောင်အမျိုးသမီး ပိုင်းက စိတ်ဝင်စားလျက်ရှိကြသည်။

သို့နှင့် ယနေ့ သံကြီး တမန်ကြီးတို့၏ ညီလာခံနောက်ပိုင်းတွင် ကာသိ ကုန်သည်များအား အဖူးအမြော်ဝင်စေမည်ဟူသော ညီလာခံဧည့်သည်တော်စာရင်းကို သိထားကြရာတွင် သံတမန်ကိစ္စတို့၌ အဘယ်မျှ အရေးကြီးသော တိုင်းရေးပြည်ရေး ပင်ဖြစ်စေ အမျိုးသမီးပိုင်းက စိတ်မဝင်စားခဲ့ကြသော်လည်း ကာသိကုန်သည်ကြီး၏ အမည်ကို အကြောသိသော နာခံတော်၍က အသံကခပ်မြင့်မြင့်ထား၍ ဖတ်ကြား လိုက်သောအခါတွင်မူ အမျိုးသမီးပိုင်းက လှုပ်ရှားသွားကြခြင်းဖြစ်၏။

နားခံတော်၏ အသံဆုံး၍ ထုံးစံအတိုင်း ညီလာခံခန်းမတံခါးကြီး ပွင့်ဟသွား သောအခါ တစ်ကိုယ်လုံး ဖွေးဖွေးဖြူသောအဝတ်ကို ဝတ်ဆင်ထားသူ ကာသိ ကုန်သည်ကြီး သုဘောဂသည် လက်အုပ်နှစ်ဖက်ကို ရင်တွင်ပူး၍ အရှိအသေပြုရင်း ညီလာခံမင်းလမ်းအတွင်းသို့ ဖြည်းညင်းစွာဝင်ရောက်လာသည်။ သူ့နောက်တွင်မူ ရွှေဇဝါကွပ်သေတ္တာတစ်လုံးစီကို ကိုယ်စီကိုင်ထားသော နောက်လိုက်နှစ်ယောက် ဖြစ်၏။

ကုန်သည်ကြီးသည် သူ့အတွက် သတ်မှတ်ထားသောနေရာသို့ ရောက်သော

www.burmeseclassic.com

www.burmeseclassic.com



အခါ သေတ္တာနှစ်လုံးကို ရှေ့တွင်ထား၍ ဘုရင်အား လျှောက်တင်ရန် လက်ကို မြှောက်လိုက်သောအခါ ကောသလဘုရင်သည် ရာဇပလ္လင်ဆည်ထားသော ခပ်ပြုံးပြုံး မျက်နှာဖြင့် ကုန်သည်ကြီးသို့ ကြည့်လိုက်၏။

ဘုန်းတော်ကြီးသော အရှင်မင်းမြတ်နှင့် မဟာဒေဝီတို့၏ ရွှေမေတ္တာကိုခိုလှုံ၍ ကျွန်တော်များသည် အလွန်ဖွံ့ဖြိုးစည်ကားလှစွာသော ကောသလတိုင်းပြည်ကြီး အတွင်း၌ အေးချမ်းစွာ ရောင်းဝယ်ဖောက်ကားနိုင်ကြပါသည်။ သမ္မာအာဇီဝအမှုကို ပြုနိုင်ခွင့်ရကြပါသည်။ ဤကျေးဇူးတရားကို ထောက်ထားပြီး ကျွန်တော်များသည် အရှင့်ခြေတော်ရင်း နိုင်ငံတော်သို့ နှစ်လတစ်ကြိမ် သုံးလတစ်ကြိမ်ဆိုသလို ရောက်ရှိကြ၍ ကာသိတိုင်းမှ ထူးမြတ်သောပစ္စည်းများ ပါလာတိုင်း ပါလာတိုင်း လက်ဆောင် ပဏ္ဏာအဖြစ် အရှင့်ရွှေနန်းသို့ ဆက်သခဲ့ကြပါသည်။

ယခုလည်း ထူးခြားသောအဝတ်အထည်များကို ရက်လုပ်ရာဖြစ်သော ကျွန်တော်တို့ ကာသိတိုင်းမှ–"

ဤနေရာတွင် ဘုရင်မင်းမြတ်၏ မျက်နှာတော်သည် အနည်းငယ် ပြုံးသွားသည်ကို တွေ့ကြရ၏။ မှူးကြီးမတ်ကြီးအချို့ကလည်း ပြုံး၍ အတန်ငယ် ကိုယ်ဟန်လှုပ်ရှားကြသည်ကို တွေ့ကြရသည်။ ကုန်သည်ကြီး၏အသံကလည်း ဤနေရာတွင် အတန်ငယ်မြင့်လာသည်ကို ကြားကြရ၏။ အကြောင်းကား ဤစကား ဤအသံ၏ နောက်ကွယ်တွင် ဖွင့်ထုတ်၍ မပြောကြသော်လည်း ကြီးမားသော အဓိပ္ပာယ် တစ်ရပ် ရှိနေသောကြောင့်ဖြစ်သည်။

မဇ္ဈိမနိုင်ငံအလုံးတွင် ကာသိတိုင်းသည် သူမတူသော အထည်ကောင်းတို့ ရက်လုပ်ရာ နိုင်ငံဖြစ်သည်။ မှန်၏။ အထည်အဝတ် ရက်လုပ်ရာတွင် မည်သည့် နိုင်ငံမျှ ကာသိနိုင်ငံကို မလွှမ်းမိုးနိုင်သေးသည် မှန်သော်လည်း ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်လုပ်ငန်းဟူသော ဇွဲနှင့်၊ မာန်နှင့်၊ မျိုးချစ်စိတ်နှင့် မမီ မီအောင် မသာ,သာအောင် နိုင်ငံတိုင်းက ကျိတ်၍ ကြိုးစားနေကြသည်မှာကား အမှန်ပင် ဖြစ်ပေသည်။

ကာသိတိုင်းဖြစ် အဝတ်အထည်များ အဘယ်မျှ ကောင်းမွန်စေကာမူ နိုင်ငံ့ဦးသျှောင် စံပြပုဂ္ဂိုလ်ဖြစ်သော ဘုရင်မင်းမြတ်သည် အများနှင့်ဆက်ဆံရသော ပွဲလမ်းသဘင်မှန်သမျှ၌ မည်သည့်အခါတွင်မျှ တိုင်းတစ်ပါးဖြစ် အဝတ်အထည်များကို ဝတ်ရုံ ဆင်မြန်းသည်ဟူ၍ မရှိပေ။ အလားတူပင် မျိုးချစ်စိတ်ရှိသော မှူးကြီး

www.burmeseclassic.com

www.burmeseclassic.com



မတ်ရာအချို့နှင့် ကောသလတိုင်းသားများစွာတို့လည်း မိမိတို့နိုင်ငံထွက် အဝတ်အထည်များကိုသာ ဝတ်ဆင်ကြသည်။ လောက၌ အခြားကိစ္စအားလုံးထက် လုပမှုကို ပဓာနထားသော အမျိုးသမီးများသည်သာ သူ့နိုင်ငံ ကိုယ့်နိုင်ငံဟု စဉ်းစားမနေဘဲ ကာသိတိုင်းထွက် အဝတ်ကောင်း အထည်ကောင်းများကို သူ့ထက်ငါသာ ဝတ်ဆင်ကြသည်။ ဤသည်ကို ကုန်သည်ကြီးက သိ၍ မိမိနိုင်ငံကို ဂုဏ်ယူသောအားဖြင့် စကားလုံးထွားထွား၊ လေသံကြွားကြွားဖြင့် လျှောက်တင်သံကို ပြုံးကြခြင်းဖြစ်သည်။

"...ကျွန်တော်တို့ ကာသိတိုင်းမှ နောက်ဆုံးပေါ် ထူးခြားသောအဝတ်အထည်များ ထွက်ရှိရာတွင် ကျွန်တော်တို့၏ လေးစားအပ်သော အရှင်များနှင့် နန်းတော်သူနန်းတော်သားများ ဦးဦးဖျားဖျား သုံးဆောင်ဝတ်ဆင်နိုင်ကြရန် လက်ဆောင်တော်အဖြစ် လာရောက်ဆက်သခြင်း ဖြစ်ပါသည်။ ဤသေတ္တာငယ်နှစ်လုံး၌ တစ်လုံးလျှင် အထည်ငါးရာစီ ပါရှိပါသည်။

ကုန်သည်ကြီး၏စကားကြောင့် ဘုရင်မင်းမြတ်နှင့်တကွ မိဖုရား မောင်းမမိဿံများအပါအဝင် ညီလာခံတစ်ခုလုံးရှိ မျက်လုံးအားလုံးသည် သေတ္တာကလေးများဆီသို့ ရောက်ရှိသွားကြသည်။ အချို့တွင် အံ့အားသင့်သောအမူအရာများပေါ်လွင်နေသည်။ အထည်ငါးရာပါရှိသည်ဆိုသော သေတ္တာသည် ထည့်ထားသောပစ္စည်းနှင့်နှိုင်းစာသော် သေးငယ်လှ၏။ ညီလာခံခန်းမသို့ ကုန်သည်ကြီး ဝင်လာစဉ်က သေတ္တာများကို သူ့ငယ်သားများ ကိုင်တွယ်လာပုံမှာလည်း ပေါ့ပေါ့ပါးပါးပင် ဖြစ်သည်။ လက်ကိုင်ပဝါ သို့မဟုတ် မျက်နှာသုတ်ပဝါကဲ့သို့ သေးငယ်သောအဝတ်များဖြင့်လည်း ကုန်သည်ကြီးသည် တခမ်းတနားလုပ်၍ ဆက်ဝံ့မည်မဟုတ်။ ထို့ကြောင့် ကုန်သည်ကြီး၏ စကားအရ သေတ္တာများဆီသို့ အံ့သြစွာကြည့်ကြခြင်းဖြစ်သည်။

ကုန်သည်ကြီးသည် မိမိပစ္စည်းအပေါ်တွင် ဘုရင်ကိုယ်တိုင် စိတ်ဝင်စားလာသည်ကို သိရ၍ ဝမ်းမြောက်၏။ မိမိထင်မြင်သည့်အတိုင်း မိမိပစ္စည်းအပေါ်တွင် အံ့အားသင့်ကြသည်ကို တွေ့ရ၍ ကျေနပ်၏။ သို့ရာတွင် ဘာမျှမသိလေဟန်ဖြင့် ဆက်၍ လျှောက်သည်။

"ကျွန်တော်သည် ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်နှင့် မဟာဒေဝီတို့အား ဆက်သမည့် ယခုအဝတ်အထည်များကို 'ထူးခြားသော' 'ထူးခြားသော'ဟု

www.burmeseclassic.com

www.burmeseclassic.com



ထပ်ကာထပ်ကာ လျှောက်တင်ခဲ့ပါသည်။ ယခု ဤအဝတ်အထည်များ၏ ထူးခြားကောင်းမွန်ပုံကို ကျွန်တော်ကိုယ်တိုင် လက်တွေ့ပြ၍ ဆက်သလိုပါသည်။ ပြခွင့်ပြုတော်မူပါ။ သေတ္တာများမှ နိုင်ငံတော်တံဆိပ်ကို ခွာခွင့်ပြုတော်မူပါ"

ထိုစကားအဆုံးတွင်မူ ကောသလဘုရင်က တစ်စုံတစ်ရာ အမိန့်မပေးရသေးမီပင် စိတ်စောလျက်ရှိသော နန်းမတော်ကြီး မလ္လိကာဒေဝီက သက်ဆိုင်ရာ အမတ်ကြီးသို့ လက်ရိပ်ပေး၍ ပြသခွင့်ပြုစေတော်မူလိုက်သည်။ ထို့ကြောင့် အမတ်ကြီးက နိုင်ငံတော်တံဆိပ်ကို ခွာစေ၍ သေတ္တာကို ဖွင့်သည်။

ကုန်သည်ကြီးသည် ဝမ်းမြောက်ဝမ်းသာနှင့် ထိုင်ရာမှ ထ၍ "ရှုတော်မူပါ"ဟု ဆိုကာ သေတ္တာတစ်လုံးအတွင်းသို့ အဝတ်ကိုယူဟန်ဖြင့် လက်ကိုနှိုက်လိုက်သောအခါ ကုန်သည်ကြီး၏ လက်ခုပ်အတွင်း၌ အဝတ်အထည်တစ်ခု ပါလာလေဟန်ဖြင့် လက်ခုပ်မှ အနည်းငယ်ပိုထွက်နေသော အဝတ်အထည်၏ အစအနကလေးကိုမျှ မြင်ကြရသည်။

သို့ရာတွင် ထိုအဝတ်နှင့်အတူ လက်ရုံးကိုဆန့်ရင်း လူလွတ်ရာ ညီလာခံမင်းလမ်းမဆီသို့ ဆန့်ခါ၍ ထုတ်လိုက်သောအခါတွင်မူကား တစ်ဝတ်စာကြီးမားကျယ်ပြန့်သော အဝတ်သည် တလူလူလွင့်၍ ထွက်သွားသည်။ ထိုအခါ ညီလာခံတစ်ခုလုံး နောက်ထပ်အံ့အားသင့်ကြရပြန်၏။ အရောင်မှာ နန်းမတော်ကြီး နှစ်သက်သည်ဟု အများကပင် နားလည်ထားကြသော ပန်းနုရောင်ဖြစ်၏။

ကုန်သည်ကြီးသည် လွင့်ပျံ့သွားသောအဝတ်ကို ကြမ်းပြင်သို့မကျမီမှာပင် လက်အရှိန်ဖြင့် ပြန်၍ ရုပ်သိမ်းလိုက်ပြီး လက်ခုပ်တွင် စုလိုက်သောအခါ လူတစ်ကိုယ်ဝတ် အထည်တစ်ခုလုံးသည် လက်တစ်ဆုပ်စာမျှ ရှိနေသည်။ ဤမျှကျစ်လျစ်ပျော့ပျောင်းသော အဝတ်သည် ဝတ်၍မဖြစ်နိုင်လောက်အောင်ပင် ပါးလွှာဖို့ရှိသည်။ ဤသို့တွေးကြလိမ့်မည်ဟု ရိပ်မိသော ကုန်သည်ကြီးက လက်ခုပ်အတွင်းမှ အဝတ်ကိုဖြန့်၍ သူ့ရှေ့ပိုင်းတွင် အဝတ်ဖြင့် ကွယ်ကပ်ပြလိုက်သည်။ ထိုအခါ ကုန်သည်ကြီးကို မမြင်ရ၊ ဤနည်းဖြင့် သူ့အဝတ်ကျစ်လျစ် ပျော့ပျောင်းသော်လည်း ပါးပါးလွှာလွှာ မဟုတ်သည့်အကြောင်းကို ပြသည်။

ထို့နောက် အခြားသေတ္တာတစ်လုံးမှ အဝတ်အထည်ကိုလည်း အလားတူထုတ်၍ပြသည်။ ထိုအရောင်သည်ကား ဖြူဖြူအိအိ အရောင်ဖြစ်၏။ အဖြူအတိုင်းလည်း ဝတ်နိုင်သည်။ နှစ်သက်သည့်အရောင်ဆိုး၍လည်း ဝတ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဤအဝတ်အထည်များ၏ အမည်ကို 'ရွှေတစ်ဆုပ်'ဟု သတ်မှတ်ပါသည်။ ကျွန်တော်တို့ ကာသိတိုင်း တန်ဖိုးအားဖြင့် တစ်ထည်လျှင် အသပြာတစ်ထောင် တန်ပါသည်။ သေတ္တာတစ်လုံးတွင် အထည်ငါးရာ ပါရှိပြီး နှစ်ရပ်ပေါင်း အထည် တစ်ထောင်ကို အရှင်မင်းမြတ်နှင့် မဟာဒေဝီအား ဆက်သပါသည်ဘုရား"

ဘုရင်နှင့် နန်းမတော်တို့က ကုန်သည်ကြီး၏ လက်ဆောင်ပစ္စည်းများကို နှစ်နှစ်လိုလို လက်ခံတော်မူသည်။ ကျေးဇူးစကားချီးကျူးပြောဆို၍ ကုန်သည်ကြီး အား ကျောက်မျက်ရတနာအချို့ဖြင့် ထိုက်ထိုက်တန်တန် ပြန်၍ လက်ဆောင်ပြု သည်။

[ ၂ ]

ကုန်သည်ကြီး၏ လက်ဆောင်ပစ္စည်းသည် ဘုရင်သို့ အမည်တပ်သော်လည်း မိဖုရားများအတွက်သာ ဖြစ်သည်မှာ ထင်ရှား၏။ သို့ရာတွင် ဘုရင်သည်လည်း ထိုလက်ဆောင်ပစ္စည်းကို အလွန်နှစ်သက်တော်မူသည်။ ညီလာခံတွင် ဟန်လုပ် နေရသော်လည်း ကုန်သည်ကြီးက သူ့အထည်၏ ချောမွတ်ကောင်းမွန်ပုံကို ပြ လိုက်စဉ်ကပင် ဘုရင်မင်းမြတ်သည် အလွန်ပီတိဖြစ်ခဲ့ပေသည်။ အကြောင်းသော် ကား နူးညံ့ပြေပြစ်လှသော ဤအဝတ်ကို ကောသလဘုရင်၏ စိတ်ကူးမျက်စိတွင် ချစ်စွာသော ဝါသဘခတ္တိယာမိဖုရားကလေး၏ ငါးရံ့ကိုယ် ကျစ်ကျစ်လျစ်လျစ် ကလေးတွင် ဟပ်၍ကြည့်လိုက်မိသောကြောင့် ဖြစ်၏။

ယခုတလော၌ တစ်နန်းတော်လုံးတွင် သာကီဝင်မင်းသမီးကလေး ဝါသဘ ခတ္တိယာသည် တာစားနေသည်။ ဤဘုရင်ကြီးသည် အခြားကိစ္စများစွာ၌ ဘုတ် ထိုင်းထိုင်း ဖြစ်လေ့ရှိသော်လည်း အချစ်မေတ္တာကိစ္စ၌ အားသန်သည့် ဓလေ့စရိုက် ရှိသည်။ ယနေ့ နန်းမတော် မဟာဒေဝီကြီးဖြစ်နေပြီဖြစ်သော မလ္လိကာဒေဝီသို့ ချစ်စဉ်တုန်းကလည်း တစ်နန်းတော်လုံး တိတ်တခိုး ပြက်ရယ်ပြုကြရလောက်အောင် အချစ်စိတ် ပြင်းထန်ခဲ့သည်။ ပြင်းထန်ပုံမှာ နန်းတော်တွင်မက ဘုရားရှင်ထံတော်သို့ ပင် မရှက်နိုင်မကြောက်နိုင် သူ့ချစ်ကိစ္စ ရောက်ခဲ့၏။ တစ်နန်းတော်လုံး မလ္လိကာ ဒေဝီ၏အမည်သည် လွှမ်းမိုးခဲ့သည်။ ယခုသော် တစ်ဝါတည်း ဝါနေပြန်ချေပြီ။

သာဝတ္ထိတွင် မိမိသည် ဘုရင်ဖြစ်ပါလျက် ဘုရားရှင်နှင့် သံဃာတော်များ အပေါ်တွင် အစွမ်းကုန် ဂရုစိုက်ပါလျက် သံဃာတော်များက ဝိသာခါနှင့် အနာ

www.burmeseclassic.com

www.burmeseclassic.com



ထပိဏ်တို့လောက် မိမိအပေါ်တွင် ဂရုမစိုက်သည်ကို မခံမရပ်နိုင်သော ကောသလ ဘုရင်အား သူ့အမတ်ကြီးများက ဘုရားရှင်နှင့် ဆွေမျိုးတော်လျှင် သံဃာများက ဂရုစိုက်လာကြပါလိမ့်မည်ဟု အကြံပေးသောကြောင့် ဘုရားရှင်နှင့် ဆွေမျိုးတော်စပ်ရန် ကပိလဝတ်သို့ သမီးတောင်း လွှတ်လိုက်သောအခါ သာကီဝင်မင်းသမီးကလေး ဝါသဘခတ္တိယာသည် ကောသလနန်းတော်သို့ ရောက်လာ၏။

ထိုမင်းသမီးကလေးသည် မင်းသမီးမည်ကာမတ္တမျှဖြင့် ရောက်လာခြင်းမဟုတ်။ လုံးလုံးကျစ်ကျစ် လှ၏၊ ငယ်၏၊ လိမ္မာ၏၊ အချစ်ပရိယာယ်၌ ကျွမ်းကျင်၏။ ထိုအခါ အချစ်အားကြီးတတ်သော ကောသလဘုရင်အဖို့ အရူးအမူးဖြစ်ရပြန်တော့သည်။ သို့ရာတွင် ဤနန်းတော်၏ အချစ်မဏ္ဍိုင် နန်းမတော်ကြီး မလ္လိကာဒေဝီ ရှိနေသောကြောင့် ဘုရင်ကြီးခမျာ မဝံ့မရဲသာ ချစ်ရရှာသည်။

သံဃာတော်များက မိမိသို့ ဂရုစိုက်လာစေရန် ဘုရားရှင်၏အမျိုး သာကီဝင် မင်းသမီးနှင့် လက်ဆက်စေခဲ့သော ဘုရင်၏စီမံကိန်းသည် မအောင်မြင်ခဲ့ပေ။ အကြောင်းကား သာကီဝင်တို့နှင့် အမျိုးတော်လာပြီဖြစ်သော်လည်း ရဟန်းတော်များသည် တစ်စုံတစ်ရာ ပြောင်းလဲမလာသောကြောင့်ဖြစ်၏။ သို့ရာတွင် နှစ်သိမ့်မှု တစ်ခုတော့ ရရှိသည်။ ထိုနှစ်သိမ့်မှုကား သာကီဝင်မင်းသမီးဖြစ်သော ဝါသဘခတ္တိယာ၏ အစီအစဉ်ဖြင့် ကောသလဘုရင်၏ မိဖုရားများ၊ တရားနာလို၊ ပါဠိ သင်လိုပါသည်ဆိုသောကြောင့် ကောသလဘုရင်၏ လျှောက်ထားချက်ဖြင့် ဘုရားရှင်က သာကီဝင်မင်းသား တစ်ဦးဖြစ်သော မိမိအလုပ်အကျွေး ညီတော်အာနန္ဒာကိုယ်တိုင်ကို မိဖုရားများအဆောင်သို့ နေ့စဉ်နေ့တိုင်းလိုလို တရားဟောရန်၊ ပါဠိသင်ပေးရန် စေလွှတ်ခွင့်ပြုတော်မူခြင်းဖြစ်၏။

တပည့်တပန်း ရဟန်းများရှိသည့်အနက်က ညီတော်အာနန္ဒာကို မိဖုရားများ အဆောင်သို့ ရွေး၍စေလွှတ်ရာ၌ ဘုရားရှင်တွင် တိကျသောရည်ရွယ်ချက် ရှိတော်မူ၏။

ရဟန္တာကြီးတစ်ပါးပါးကို စေလွှတ်တော်မူလျှင် ဝိသဘာဂ အာရုံတို့ ထုံလွှမ်းလှေ ရှိတတ်သော မိဖုရားများအဆောင်နှင့် အစပ်ကွာနေဖို့ရှိသည်။ ပုထုဇဉ် ရဟန်းတစ်ပါးပါးကို စေလွှတ်လျှင်လည်း ဝိသဘာဂအာရုံတို့ဒဏ်ကို ခံနိုင်ဖို့မရှိ။ ရှင်အာနန္ဒာမူကား ရဟန္တာပင်မဟုတ်သေးစေကာမူ ရှင်အာနန္ဒာ၏ သတိတည်းဟူသော တံတိုင်းမှာ ဝိသဘာဂအာရုံတို့ကို ကာဆိုင်းပြီးဖြစ်သည်ဟု ဘုရားရှင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချတော်မူသည်။ ဘုရင့်အချစ်တော် ဝါသဘခတ္တိယာမှာ ရှင်အာနန္ဒာနှင့် အမျိုးချင်း ဖြစ်၍လည်း အဆင်ပြေသည်။ ထို့ထက်ကြီးမားသော ရှင်အာနန္ဒာ၏ အရည်အချင်းတစ်ရပ်မှာကား ဒါယိကာမတို့ နှစ်လိုကြည်ညိုအောင် တရားသဖြင့် ဆက်ဆံနေထိုင်တတ်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ရှင်အာနန္ဒာသည် ဘုရင်၏အလို၊ မိဖုရားများ၏အလို၊ ဘုရားရှင်၏အမိန့်ဖြင့် နန်းတော်အနောက်ဆောင်သို့ နေ့စဉ်နေ့တိုင်းလိုလို တပည့်ရဟန်းတစ်ပါးနှင့်အတူ ကြွရောက်၍ တရားဟောသည့်အခါ ဟောရ၏။ ပါဠိသင်သည့်အခါ သင်ရ၏။ ဤနည်းဖြင့် ကောသလဘုရင်အလိုရှိသော သာသနာနှင့် သူ့နန်းတော်သည် ရွှေလမ်းငွေလမ်း ဖောက်ထားသည့်ပမာ ရှိနေခဲ့ပေသည်။

ထိုနေ့က ညီလာခံပြီး၍ အတွင်းဆောင်သို့ဝင်သောအခါ ထုံးစံအတိုင်း မိဖုရားကြီး မလ္လိကာဒေဝီနှင့်တကွ မိဖုရားအများသည် ဘုရင့်နောက်တော်ပါးက ကပ်၍ပါလာကြ၏။ မိဖုရားအများဆိုရာ၌ တိတိကျကျဆိုသော် မိဖုရားငါးရာဖြစ်၏။ ကောသလဘုရင်တွင် တရားဝင်မိဖုရား ငါးရာရှိသည်။ ကုန်သည်ကြီးသည် ယင်းမိဖုရား ငါးရာကိုပင် ရည်မှန်း၍ အထည်အဝတ်ငါးရာစီကို ဆက်သခြင်း ဖြစ်ပေသည်။

အိပ်ဆောင်တော်တံခါးဝသို့ ရောက်သောအခါ ကုန်သည်ကြီးဆက်သခဲ့သော အထည်သေတ္တာနှစ်လုံးကို အဆင်သင့်တွေ့ရသည်။ ဘုရင်၏ အလိုတော်အတိုင်းဆိုသော် ငါးရာလုံး၊ တစ်ထောင်လုံးကိုပင် အချစ်သစ်မိဖုရားကလေး ဝါသဘခတ္တိယာသို့ ပေးလိုက်ချင်သည်။ သို့ရာတွင် နန်းမတော်ကြီးကို ကျော်လွန်၍မဖြစ်သေးပေ။ ဘုရင့်စိတ်ကူး မျက်စိတွင် အဝတ်နုနုလွှာလွှာကလေးကို ထူးခြားသော ကိုယ်လုံးကလေးအတိုင်း ပေါ်အောင်ဝတ်ဆင်၍ထားသော ဝါသဘခတ္တိယာ၏ ကိုယ်လုံးကျစ်ကျစ် ကစ်ကစ်ကလေးကိုသာ မြင်ယောင်၍နေသည်။

ထို့ကြောင့် မိမိအလိုလည်းပြည့်အောင်၊ အများနှင့်လည်း မဆန့်ကျင်အောင် နက်ဖြန်နံနက် ပွဲတော်ချိန်ရောက်သောအခါ မိဖုရားငါးရာစလုံးသည် ယနေ့ ကုန်သည်ကြီးဆက်သသော ပန်းနုရောင်အဝတ်အထည်ကို ဝတ်၍လာကြရမည်ဟု အမိန့်ထုတ်ပြန်ကာ ပန်းနုရောင်ထည့်သော အထည်သေတ္တာကို မိဖုရားများအဆောင်သို့ ပို့စေလိုက်သည်။ အကြောင်းသော်ကား ဘုရင့်ပွဲတော်ချိန်၌ မိဖုရားအားလုံးပင် ခစားရသော ထုံးစံရှိသောကြောင့် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

သို့ရာတွင် နောက်နေ့နံနက် ပွဲတော်တော်ချိန်သို့ ရောက်သောအခါ နန်းမတော်ကြီးမှစ၍ မိမိမြင်လို ကြည့်လိုသော ဝါသဘခတ္တိယာ မိဖုရားကလေးအပါအဝင် မည်သည့်မိဖုရားမျှ မနေ့က အမိန့်ချမှတ်လိုက်သော အဝတ်အထည်ကို ဝတ်ဆင်လာသည်ကို မတွေ့ရသောအခါ ဘုရင်ကြီးသည် မျက်နှာညို၏။

"ဘယ့်နှယ်လဲ မိဖုရားတို့...ငါ၏အမိန့်ကိုလွန်ဆန်ကြသလော"ဟု ဘုရင်က အသံခပ်ပြတ်ပြတ်ဖြင့် မေးလိုက်သည်။

ထိုအခါ နန်းမတော်ကြီးက ဝါသဘခတ္တိယာသို့ ကြည့်လိုက်သည်။ မိဖုရားအများကလည်း ဝါသဘခတ္တိယာသို့ ကြည့်နေကြသည်။ အချို့ကမူ ဘုရင့်လေသံမာမာကို ကြောက်ရွံ့ကြသဖြင့် ခေါင်းငုံ့ထားကြသည်။

ထိုအခါ ဤကိစ္စတွင် ခေါင်းဆောင်ဖြစ်ဟန်တူသော ဝါသဘခတ္တိယာက "မောင်တော်အမိန့်ကို လွန်ဆန်သလိုဖြစ်သွားရပါသည် ရွှေနန်းရှင်ဘုရား"ဟု လျှောက်ထားလိုက်သည်။

"ဘယ်လိုဖြစ်ရတာလဲ လျှောက်စမ်းပါဦး"

"မှန်လှပါ...အဝတ်တွေက ပန်းနုရောင်ကလေးတွေဆိုတော့ သင်္ကန်းတော်ရောင်နှင့် မတိမ်းမယိမ်းပါဘုရား၊ ဘုရားကျွန်မတို့ ဝတ်ကြည့်ဖို့ ပြင်ဆင်နေတုန်းမှာ အာနန္ဒာကိုယ်တော်ကြီး ကြွလာလေတော့ သင်္ကန်းအဖြစ်နဲ့ ရှင်အာနန္ဒာကိုပေးလှူဖို့ တညီတညွတ်တည်း စေတနာပေါက်မိကြသည့်အတိုင်း အာနန္ဒာကိုယ်တော်ကြီးသို့ သင်္ကန်းအဖြစ် လှူလိုက်ကြပါသည်။ ဤသို့ပေးလှူရာတွင် ကုသိုလ်ရေးမို့ ရွှေနန်းရှင်ကိုယ်တိုင်လည်း သဘောတူနိုင်လိမ့်မည်ဟု ထင်မြင်ကြသဖြင့် ရဲရဲဝံ့ဝံ့ ပေးလှူလိုက်ကြခြင်း ဖြစ်ပါသည် ရွှေနန်းရှင်ဘုရား"

မိဖုရားတို့အဆောင်၌ ဤကိစ္စနှင့်ပတ်သက်၍ လျှို့ဝှက်သော သဘောထားနစ်ရပ် ရှိနေခဲ့သည်။ ဘုရင်ကြီးသည် မိဖုရားငါးရာလုံးကို ဤအဝတ်များကို ပေးလိုက်သော်လည်း သူတကယ်ပေးလို၊ ဝတ်စေလိုသူမှာ ဝါသဘခတ္တိယာသာ ဖြစ်သည်ကို နန်းမတော်ကြီး မလွှဲကာ ရိပ်စားမိပြီးဖြစ်သည်။ ညီလာခံတုန်းကပင် ကုန်သည်ကြီးက အဝတ်ကိုဖြန့်လွှင့်ပြလိုက်သောအခါ ဘုရင်ကြီးသည် ဝါသဘခတ္တိယာဆီသို့ မျက်လုံးတစ်ချက်ဝေ့လည်သွားသည်ကို ဤကိစ္စမျိုးတွင် အလွန်အကင်းပါးတတ်သော အမျိုးသမီးတို့ သဘာဝအတိုင်း မိဖုရားကြီး အကဲခတ်မိပြီး

www.burmeseclassic.com



ဖြစ်၏။ မိဖုရားကြီး ဤသို့ နားလည်သလို အခြားမိဖုရားများကလည်း နားလည်ထားကြသည်။ သို့ဖြစ်၍ ဝါသဘခတ္တိယာက ရှင်အာနန္ဒာသို့ပေးလှူရန် တရားစကားဖြင့် ဆွယ်လာသောအခါ မိမိတို့မဝတ်ရလျှင် ရှိစေ၊ ဝါသဘခတ္တိယာ မဝတ်ရလျှင် ကျေနပ်သောသဘောနှင့် တစ်ခွန်းတည်းဖြင့် သဘောတူလိုက်ကြသည်။

မိမိကို ဝတ်စေလိုသည့် ဘုရင်ကြီး၏ဆန္ဒကို အပါးအနပ်ကလေးဖြစ်သော ဝါသဘခတ္တိယာကလည်း သိသည်သာဖြစ်၏။ သို့ရာတွင် ရှေးက ကြိုတင်မကြံစည်ခဲ့သော်လည်း အာနန္ဒာကိုယ်တော်ကြီးကို ဖူးတွေ့ရသောအခါ ဘုရင်ကြီးအား အချစ်စမ်းလိုသည့်သဘောကလေး ပေါ်လာသည်။ မိမိအားချစ်သည်ဟု သိလာသော အချိန်၌ပင် ယင်းသို့ အချစ်စမ်းလိုတတ်ခြင်းမျိုးမှာ အမျိုးသမီးတို့၏ ပင်ကိုစရိုက်တစ်ခုဖြစ်သည်။ ဘုရင်ကြီးခမျာ မလ္လိကာဒေဝီတုန်းကလည်း ယင်းသို့ အချစ်စမ်းပုံ အမျိုးမျိုးကို ကော့နေအောင် ခံရဖူးလေပြီ။

ဝါသဘခတ္တိယာ၏ လျှောက်တင်ချက်ကြောင့် ဘုရင်၏ ညိုသောမျက်နှာသည် ပြောင်းလဲမသွား။ သို့သော် ဒေါသမည်သည်မှာ ရောက်စေသင့်သူကို မရောက်ဝံ့လျှင် ဘေးရောက်သွားတတ်သည်။ မယားအပေါ်သို့ မဝံ့သောဒေါသသည် အိုးခွက်သို့ ရောက်သွားတတ်၏။ သားသမီးတို့အပေါ်လည်း ရောက်သွားတတ်၏။

ထို့ကြောင့် ဘုရင်ကြီးက "လှူဒါကတော့ လှူပါတော့၊ ကုသိုလ်ရေးပေကိုးဗျ၊ သဘောတူရမှာပေါ့။ နို့ပေမယ့် ရှင်အာနန္ဒာကိုယ်တော်ကြီးက အထည်ငါးရာစလုံးကိုပဲ အလှူခံရှော့တဲ့လား"

"အလှူခံပါသည်အရှင်"

"နေစမ်းပါဦး၊ ဘုရားရှင်က ရဟန်းများကို သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ပဲ ခွင့်ပြုတော်မူထားတာကို အထည်ငါးရာတောင် အလှူခံတယ်ဆိုတော့ အာနန္ဒာကိုယ်တော်ကြီးက ဘာလုပ်ဖို့တဲ့တုံး"

"မသိပါအရှင်"

"ကောင်းပြီ၊ သည်ကနေ့ညနေ ကျောင်းတော်သို့သွားမည်။ ရှင်အာနန္ဒာနှင့် ငါတွေ့မည်။ ဘယ့်နှယ်ဗျာ...တစ်ထည်,နှစ်ထည်,သုံးထည်ဆို ဟုတ်ပါသေးရဲ့၊ အထည်ငါးရာစလုံး အလှူခံတယ်ဆိုတော့ ရှင်အာနန္ဒာက ကုန်သည်ကြီးလုပ်မလို့တဲ့လား"ဟု မကျေနပ်သံနှင့် တဗျစ်တောက်တောက်ပြောရင်း ဘုရင်၏ဒေါသသည် ဘေးသို့ရောက်သွားသည်။ မိဖုရားကြီးက တစ်ဖက်သို့ ဦးခေါင်းလှည့်၍ ပြုံး၏။

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားများက ဦးခေါင်းငုံ့၍ ပြုံးကြ၏။ ဝါသဘခတ္တိယာကမူ ပြုံးတုံ့မပြုံးတုံ့ အမူအရာကလေးဖြင့် ဘုရင့်ပွဲတော်ကို ကူညီဆက်၏။

[ ၄ ]

ကောသလဘုရင်သည် ထိုနေ့ညနေ ဇေတဝန်ကျောင်းတော်သို့ သွားသောအခါ ခါတိုင်းကဲ့သို့ မျက်နှာမရွှင်ပျ။ ရှင်အာနန္ဒာအား လောဘအစွန်းထွက်သူအဖြစ် အားရပါးရ ပြောပစ်လိုက်မည်ဟူသော ရည်မှန်းချက်ဖြင့် ဘုရားရှင်၏အထံတော်သို့ ပင် မသွားသေးဘဲ ရှင်အာနန္ဒာ၏ ခန်းဆောင်သို့ ဝင်လိုက်သောအခါ ညနေစောင်း ဖြစ်သဖြင့် အနားယူထိုင်နေဟန်တူသော ရှင်အာနန္ဒာကို အဆင်သင့်တွေ့ရသည်။

"အရှင်ဘုရား…မိဖုရားများက အထည်ငါးရာ ပေးလှူလိုက်သည်ဆိုသည်မှာ မှန်ပါသလား"

"မှန်သည် ဘုရင်မင်းမြတ်"

"ငါးရာစလုံးပဲ အလှူခံရောလား"

"ခံခဲ့ပါသည်"

"ဘယ်လိုတုံးအရှင်ဘုရား၊ ဘုရားရှင်က သင်္ကန်းသုံးထည်ကိုသာ သုံးစွဲဖို့ ခွင့်ပြုတော်မူသည်မဟုတ်ပါလား"

"မှန်သည် ဘုရင်မင်းမြတ်၊ ဘုရားရှင်က သင်္ကန်းသုံးထည်ကိုသာ သုံးစွဲဖို့ ခွင့်ပြုတော်မူသည်။ သို့ရာတွင် သင်္ကန်းသုံးထည်ကိုသာ အလှူခံရမည်ဟု တားမြစ် တော်မူချက်မရှိပါ"

"သင်္ကန်းတွေအများကြီး အလှူခံတော့ အရှင်ဘုရားတို့က ဘာများအသုံးချဖို့ တဲ့တုံး"

"သင်္ကန်းနွမ်းရှိသော ရဟန်းတို့ များစွာရှိကြပါကုန်သည်။ ထိုရဟန်းတို့ကို မျှတပေးလှူရပါသည်"

ထိုမိန့်တော်မူချက်ကြောင့် ဘုရင်သည် အတန်ပင် ဘဝင်ကျသွားသည်။ ဝါသဘခတ္တိယာတည်းဟူသော မောဟဖုံး၍ မိမိသည် ဤမျှလောက်ကို မမြင် မသိခဲ့ဟု စဉ်းစားမိသည်။ သို့ရာတွင် လျှောက်တင်လိုသည့် အရှိန်မပြေချင်သေး သောကြောင့် ဆက်၍ လျှောက်သည်။

"ရဟန်းတွေကို သင်္ကန်းအသစ်လှူတယ် ထားပါတော့၊ ရှိပြီးသားအဟောင်းတွေ

www.burmeseclassic.com



ဘာလုပ်သလဲ"

"ကိုယ်ဝတ်ကို သင်းပိုင်လုပ်ရပါသည်။ အချို့ကို ရေလဲလုပ်ရပါသည်"

"သင်းပိုင်ဟောင်း၊ ရေလဲဟောင်းမရှိတော့ဘူးလား၊ အဲဒီအဟောင်းကိုရော ဘာလုပ်သလဲ"

"အိပ်ရာခင်းလုပ်ပါသည်"

"အိပ်ရာခင်း အဟောင်းကိုရော"

"ခြေသုတ် လုပ်ရပါသည်"

"ခြေသုတ် အဟောင်းကိုရော"

"ဘုရင်မင်းမြတ်...ဒါယကာတို့က သဒ္ဓါသဖြင့် လှူအပ်သောပစ္စည်းမည်သည် အချည်းနှီးမဖြစ်စကောင်းပါ။ သို့ဖြစ်၍ ခြေသုတ်ပုဆိုးတို့ ဟောင်းလျှင် ပဲကွပ်ဖြင့် နုပ်နုပ်စဉ်း၍ မြေမှုန့်ပြုလုပ်ပြီးလျှင် ကျောင်းတွင်လိုအပ်သောနေရာတို့၌ သုတ်လိမ်းရပါသည်"

အရှင်အာနန္ဒာ၏ အဖြေများသည် ဘုရင်အား တစ်ဆင့်ပြီးတစ်ဆင့် အံ့အားသင့်စေသည်။ ကြည်နူးစေသည်။ ထို့ကြောင့် နောက်ပါမင်းချင်း နန်းတော်တွင် ကျန်နေသေးသော အထည်ငါးရာသေတ္တာကို ယူစေလိုက်သည်။ ရောက်လာသောအခါ ဘုရင်က "အရှင်ဘုရား...အရှင်ဘုရားတို့၏ ကောင်းမြတ်သောအမှုကိုမသိ၍ တပည့်တော် စိတ်ထားမှားခဲ့ပါသည်။ ယခု ဤအထည်ငါးရာကိုလည်း သင်္ကန်းအဖြစ် ထပ်၍လှူပါသည်။ အလှူခံတော်မူပါဘုရား"ဟုဆိုကာ အထည်သေတ္တာကို ပေးလှူသည်။

အရှင်အာနန္ဒာက "သာဓု...သာဓု...သာဓု..."ဟု အနုမောဒနာ ပြုတော်မူသည်။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာဝန်းဗွင့်

[ ၁ ]

ရမ္မာဝတီမြို့သူမြို့သားတို့သည် တလှုပ်လှုပ် တရှုရှု ဖြစ်လျက်ရှိကြသည်။ တူးရွင်း၊ ပေါက်ပြားတို့ဖြင့် မြေညှိသူက ညှိလျက်ရှိကြသည်။ လမ်းဘေး လမ်းပေါ်တို့မှ ပေါင်းမြက်တို့ကို သုတ်သင်သူက သုတ်သင်လျက်ရှိကြသည်။ မြေညှိသုတ်သင်ပြီး၍ သွေ့ခြောက်နေသောမြေပေါ်တွင် မြူမှုန်များ မထရန် ရေပန်း ရေပွားများလောင်းသူက လောင်းကြသည်။

လမ်းမြေပြုပြင်ပြီးသူများကမူ မဏ္ဍပ်ကနားထိုးသူထိုးလျက် ရှိကြ၍ မဏ္ဍပ်ကနားထိုးပြီးသူများကလည်း ရာဇမတ်များကာရံကာ စိမ်းစိုသော ငှက်ပျောလက်၊ အုန်းလက်များ စိုက်ထောင်၍ တံခွန်ကုက္ကား မုလေးပွားတို့ဖြင့် တန်ဆာဆင်နေကြသည်။

အမျိုးသမီးများကမူ မဏ္ဍပ်အတွင်း လမ်းဘေးတစ်ဖက်တစ်ချက်မှ ပန်းစိုက်အိုးများတွင် သပြေပန်း၊ အုန်းပန်းစသော ရရာပန်းများကို ထိုးစိုက်လျက်ရှိကြသည်။ ကြွယ်ဝချမ်းသာသူများကမူ မဏ္ဍပ်အတွင်း၌ ဒလီကော်ဇောများခင်းကြ၏။ မတတ်နိုင်သူများက သလဲဖြူနုများခင်း၍ လမ်းလျှောက်ကောင်းရုံ စိုထပ်ထပ်ရှိအောင် ရေအလောတော်လောင်းပေးကြသည်။ ယင်းသို့လျှင် ရမ္မာဝတီ (အမရဝတီ) မြို့သူမြို့သားတို့သည် လူကြီးလူငယ်မကျန်လောက်အောင်ပင် လမ်းခရီးကို အားစိုက်ခွန်စိုက် ပြင်ဆင်လျက်ရှိကြသည်။ အကြောင်းမှုကား နေမမြင့်မီကာလတွင် ဒီပင်္ကရာဘုရားရှင်သည် နောက်ပါသံဃာတော် ငါးရာနှင့်အတူ ရမ္မာဝတီမြို့တွင်းသို့ ဒေသစာရီ ကြွချီတော်မူလာမည် ဖြစ်သောကြောင့်တည်း။

www.burmeseclassic.com



ထိုအခိုက် ရသေ့ကလေးတစ်ပါးသည် ရမ္မာဝတီမြို့သားများအနီးသို့ ချဉ်းကပ်လာသည်။ ရသေ့ကလေးမှာ ရုပ်ရည်နုပျို ကြည်လင်၍ ကြည်ညိုချင်စဖွယ်ဖြစ်သည်။ မကောင်းမှုကင်းစင်၍ စိတ်ဓာတ်ကြည်လင်သော တရားရှင်ဖြစ်သောကြောင့် ကြည်ညိုဖွယ်ရုပ်သွင်ကိုဆောင်သည်။

"ဒါယကာတို့...တလှုပ်လှုပ် တရွရွနှင့် အားကြိုးမာန်တက် ရှိကြလှသည်။ ကောင်းမှုကုသိုလ်တစ်ခုအတွက် ပြင်ဆင်ကြဟန်တူသည်။ အဘယ်ကောင်းမှုအတွက်ပါနည်း"ဟု ရသေ့ကလေးက မေး၏။

"မကြာမီကာလတွင် ဒီပင်္ကရာဘုရားရှင်သည် နောက်ပါသံဃာတော်အပေါင်းနှင့်အတူ တပည့်တော်များ မြို့အတွင်းသို့ ကြွချီတော်မူလာပါချိမ့်မည်။ ဤကိစ္စအတွက် တပည့်တော်များ ပြင်ဆင်ကြပါသည်ဘုရား"ဟု ဒါယကာတစ်ယောက်က လျှောက်ထား၏။

"အို...အရတော်လေစွ၊ အချိန်ကောင်း အခါကောင်း ကြုံကြိုက်လေစွ ဒါယကာတို့။ ငါသည်လည်း ဒါယကာတို့နှင့်အတူ ကုသိုလ်ပါဝင်လိုလှပါသည်။ ငါ့အားလည်း လမ်းဖောက်ရန် နေရာတစ်ခုပေးကြပါကုန်"

ရသေ့ကလေး၏ တောင်းဆိုချက်ကြောင့် ရမ္မာဝတီ ဒါယကာတို့မှာ အကျပ်တွေ့သွားရသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားရှင် ကြွချီတော်မူမည့် လမ်းတစ်လျှောက်တွင် မြို့သူမြို့သားအားလုံးနီးနီးကပင် သူ့ထက်ငါသာ နေရာလု၍ ကုသိုလ်လုပ်နေကြသောကြောင့် ရသေ့ကလေးအတွက် နေရာပေးဖို့ရန်မှာ မရှိသလောက်ဖြစ်နေတော့သည်။

သို့ရာတွင် ရသေ့ကလေး၏ ကုသိုလ်ဆန္ဒကိုလည်း မငြင်းပယ်လိုသဖြင့် ကြွချီတော်မူမည့်လမ်း၏ အစွန်နားတွင် ကြွချီတော်မူချိန်အမီ မပြီးစီးမည်စိုးသောကြောင့် မြို့သူမြို့သားများ ခပ်ရှောင်ရှောင် ကွင်းချန်ထားသော ချိုင့်ခွက်နေရာတစ်ခုကိုသာ အားနာပါးနာဖြင့် ညွှန်ပြနိုင်တော့သည်။

သို့ရာတွင် ရသေ့ကလေးသည်ကား ထိုချိုင့်နေရာကိုပင် ဝမ်းမြောက်ဝမ်းသာ ဝေစုယူ၍ ပေါက်တူးတစ်လက်ကို ငှားယူပြီးလျှင် အစွမ်းနိုင်ဆုံးသော ဝီရိယဖြင့် ပိုသောမြေများကို ဖြိုယူကာ ချိုင့်ကိုဖို့လေတော့သည်။

ရသေ့ကလေးရောက်လာ၍ ဒါယကာများနှင့် ပြောဆိုနေစဉ်ကပင် ခမ်းနားသော မဏ္ဍပ်ကြီးတစ်ခု၏ အတွင်းမှ အမျိုးသမီးကလေးတစ်ယောက်မှာ ရသေ့

www.burmeseclassic.com



ကလေး၏ မွန်ရည်စင်ကြယ်သောရုပ်ရည်နှင့် ကြည်လင်သောအသံများကို ကြားရသဖြင့် ဣန္ဒြေမျှ မဆည်နိုင်အောင်ရှိသည်။ သို့ဖြစ်၍ ရသေ့ကလေးအား မကြာခဏ လှမ်းမျှော်ကြည့်ရှုလျက်ရှိ၏။

ရသေ့ကလေးသည်ကား ဣန္ဒြေရှင် တရားရှင်ပီပီ ဝိသဘာဂ အာရုံများကို မြူမှုန်မျှ စိတ်မကူးမိဘဲ မိမိတာဝန်ယူပြီးသည့်အချိန်မှစ၍ ပေါက်တူးကိုဆွဲကိုင်ကာ ထက်သန်သောဝီရိယဖြင့် ဘုရားရှင်ကြွလာချိန်အမီ ပြီးနိုင်ရန် ကြိုးစားပန်းစား မြေဖို့လေတော့သည်။

ချိုင့်ကြီးမှာ အတန်ပင်နက်သဖြင့် အင်မတန် ဝီရိယထားမှ ဘုရားရှင်ကြွလာတော်မူချိန်အမီ ဖို့၍ပြီးချိမ့်မည်။ ပြီးတန်ကောင်းပါ၏။ ပြီးစေရမည်ဟူသောစွဲဖြင့် ရသေ့ကလေးသည် မနေမနား ကြိုးစား၍ဖို့သည်။

အမျိုးသမီးတစ်သိုက်သည် လှည့်လည်ကြည့်ရှုကြသယောင်ဖြင့် ရသေ့ကလေး အနီးသို့ ရောက်လာကြ၏။ ခေါင်းဆောင်မှာ ခပ်စောစောက မဏ္ဍပ်ကြီးအတွင်းမှ ရသေ့ကလေးအား စူးစူးစိုက်စိုက်ကြည့်ခဲ့သော အမျိုးသမီးကလေးပင် ဖြစ်သည်။ အမျိုးသမီးကလေးမှာ ရသေ့ကလေး၏ သန့်စင်သော ရုပ်ပါရုံတွင် ငြိတွယ်နေဟန် ရှိ၏။

အမျိုးသမီးကလေးသည် တူးဆွမှုတွင် ဝီရိယထုတ်လျက်ရှိသော ရသေ့ကလေး အပေါ်၌ ကရုဏာပိုနေဟန်ရှိသည်။ သို့ရာတွင် ရသေ့ကလေး၏ ပင်ပန်းမှုမှာ ပရိယေသနအတွက်မဟုတ်၊ ကုသိုလ်ရေးအတွက် အားထုတ်မှုဖြစ်သောကြောင့် အမျိုးသမီးကလေးအဖို့ တစ်ဖက်တွင် ကရုဏာသက်မိသော်လည်း တစ်ဖက်တွင် အားတက်သည်။

အမျိုးသမီးကလေးသည် ရသေ့ကလေးအပေါ်၌ ဣန္ဒြေပျက်လုမတတ် စူးစိုက်ခဲ့သော်လည်း ဣန္ဒြေရင့်ကျက်လှသော ရသေ့ကလေးက မိမိသို့ တစ်ချက်ကလေးမျှ လှည့်၍မကြည့်ခဲ့။ မျက်လုံးကလေးမျှ ဆိုင်ခွင့်မရခဲ့။ သို့ဖြစ်၍ အမျိုးသမီးတို့၏ ပရိယာယ်ဖြင့် မျှော်ကြည့်ရုံမျှ ကြည့်စေတော့ဟု စကားသံကလေး စီစီညံညံဖြင့် အသံပြုကြည့်သည်။ သို့တိုင်အောင် လှည့်၍မျှ မကြည့်သဖြင့် လက်လျှော့ပြန်သွားရသည်။ ရသေ့ကလေးအဖို့ အချန်မိအလုပ်ပြီးဖို့သာ အရေးကြီးနေသည်။

ချိုင့်မှာကား ဖို့၍ပင် မပြည့်နိုင်သေးပေ။ ရသေ့ကလေးသည် ဝီရိယကို ပို၍ ထုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကလေး၏ဆန္ဒတွင် မိမိဝီရိယစိုက်ထုတ်မှုအပေါ်၌ ဒီပင်္ကရာဘုရားရှင်နှင့် သံဃာတော်များ၏ မွန်မြတ်လှသော ခြေတော်တို့ဖြင့် ထိတွေ့စေလိုလှသည်။ မိမိယူထားသောတာဝန်ကိုလည်း ပြီးပြည့်စုံလိုလှသည်။ ဘုရားရှင် ကြွလာတော်မူချိန် နီးပြီ။ အချိန်မီ ပြီးမှပြီးနိုင်ပါမည်လော။

သို့ဖြင့်ပင် ဥဒည်းတောင်စွန်းမှ ထွန်းသစ်သောတက်နေနှင့်အတူ ဘုရားရှင်ကြွတော်မူလာပြီဖြစ်ကြောင်းကို ခပ်လှမ်းလှမ်းတွင် ဦးနှိမ်ရိုကျိုးလျက်ရှိကြသော မြို့သူမြို့သားများ၏ လှုပ်ရှားပုံအမူအရာကို မြင်သဖြင့် သိရသည်။

ရမ္မာဝတီပရိသတ် ဒါယကာ–ဒါယိကာမတို့မှာ မိမိတို့လမ်းကိစ္စများ ပြီးစီးကုန်ကြပြီဖြစ်၍ ဘုရားရှင်ကို မဖူးတွေ့ရသေးသော်လည်း ကြွလာတော်မူပြီဟူသော အသံကြားသည်နှင့် တစ်ပြိုင်နက် အသီးသီး ဘုရားရှင်ကြွလာရာသို့ ရည်မှန်း၍ ဦးတိုက် ဝပ်တွားလျက်ရှိကြသည်။

ရသေ့ကလေးမှာကား မပြီးပြတ်သော မြေဖို့မှုကြောင့် စိတ်က ဦးတိုက်သော်လည်း လူမပါနိုင်ဘဲ မြေကိုသာ ကြိုးစား၍ဖို့ရှာသည်။

သို့ဖြင့် ဘုရားရှင်ဦးဆောင်သော သံဃာတော်အတန်းကြီးသည် ရသေ့ကလေး အနီးသို့ ရောက်လာလေတော့သည်။ မြို့သူမြို့သားတို့သည်လည်း ဘုရားရှင်နှင့် သံဃာတော်တို့ တစ်ဖက်တစ်ချက်နံပါးမှ ကပ်၍ လိုက်ပါကြည်ညိုလာကြသည်။

အများတကာမှာ လမ်းခင်းရုံမျှမဟုတ်ဘဲ သလဲဖြူ ရာဇမတ်ကာသူကာ၊ ဖျာရိုင်ကော်ဇောခင်းသူခင်းဖြင့် အမွန်အမြတ်ပြုလုပ်နိုင်ကြသည်။ မိမိမှာမူ သလဲဖြူ ရာဇမတ်ကာဖို့ဝေး၍ မြေညှိ၍ပင် မပြီးသေး။ ဟယ်…တတ်နိုင်ပါဘူး၊ သလဲဖြူ ဖျာရိုင်သင်ဖြူးတို့ထက် ခန္ဓာကိုယ်က ပို၍မြတ်သည်မဟုတ်ပါလော။

အချိန်မီအောင်ခင်းပါလျက်နှင့် မပြီးသောလမ်းကို ဖျာရိုင်သင်ဖြူး တို့ထက် မွန်မြတ်သော ငါ၏ခန္ဓာကိုယ်နှင့် အစားထိုးခင်းပေးတော့မည်ဟု သန္နိဋ္ဌာန်ချမှတ်ကာ ဖို့၍မပြီးသေးသော မြေပေါ်တွင် ခန္ဓာကိုယ်ကို ဝမ်းလျားထိုး၍ မှောက်ပြီး ဘုရားရှင်အား ရှိခိုး၍…

"တပည့်တော်၏ ကိုယ်ခန္ဓာကို တံတားအမှတ်ပြု၍ တက်နင်း ကြွချီတော်မူပါ အရှင်ဘုရား၊ ဤကောင်းမှုကြောင့် တပည့်တော်သည် အရှင်ဘုရားကဲ့သို့ ဘုရားစင်စစ် ဖြစ်ရပါလို၏ အရှင်ဘုရား"ဟု လျှောက်ထားလေသည်။

သို့ရာတွင် အစဉ်တစိုက်ကြွချီတော်မူလာသော ဘုရားရှင်သည် ရသေ့ကလေး

www.burmeseclassic.com

www.burmeseclassic.com



၏ လက်အစုံထိပ်တွင် တန့်ရပ်တော်မူနေသည်။ ရသေ့ကလေးသည် မိမိကိုယ် ပေါ်သို့ ဘုရားရှင်မကြွသဖြင့် မော်၍ဖူးလိုက်သောအခါ တားမြစ်သောအဟန်ဖြင့် လက်တော်ကို လှုပ်ကာ၍နေသော ဘုရားရှင်ကို ဖူးတွေ့ရသည်။

ထို့နောက် ဒီပင်္ကရာဘုရားရှင်က...

"သုမေဓာရှင်ရသေ့...လာလတ္တံ့သော ဘဒ္ဒကမ္ဘာ၌ သင်ကား ဂေါတမ ဟူသောအမည်ဖြင့် ဘုရားတစ်ဆူ ဖြစ်တော်မူချိမ့်မည်။ သည်းခံလော့ ရှင်သုမေဓာ" ဟု တားမြစ်တော်မူသည်။

ဘုရားရှင်၏ ယင်းဗျာဒိတ်သံ၊ မိန့်ခွန်းသံကြောင့် ရသေ့ကလေးအဖို့ ပီတိ တစိမ့်စိမ့် ထုံစေသည်။ ကြီးစွာသောအားဆေးကို ချိုးသောက်လိုက်ရဘိအလား တစ်လျှောက်လုံးပင်ပန်းခဲ့သမျှတို့ ပြေပျောက်၍သွားသည်။

ဘုရားရှင် နှုတ်ခွန်းခြွေခိုက်တွင် ဒါယကာ ဒါယိကာမများသည် နံဘေးမှ ဝပ်တွားလျက်ရှိကြရာ ရသေ့ကလေးအပေါ်သို့ အာရုံသက်ရင်းစွဲရှိသော အမျိုးသမီး ကလေးသည် အဘယ်အချိန်က အဘယ်သို့လျှင် ရောက်လာသည်မသိ။ ဘုရားရှင် နှင့် ရသေ့ကလေးတို့မြင်သာသော မျက်မှောက်သို့ရောက်နေသည်ကို တွေ့ရသည်။ အမျိုးသမီးကလေးသည် ပြားဝပ်စွာ ဦးညွှတ်ထိုင်ရင်း လက်ထဲတွင် ကြာပန်း ရှစ်ခိုင် ကိုင်ထားသည်ကိုလည်း တွေ့ရသည်။

ဘုရားရှင် ဗျာဒိတ်တော်ကြောင့် ရသေ့ကလေးအဖို့ ပီတိဖြာခိုက်တွင် အမျိုးသမီး ကလေး၏အသံ ထွက်ပေါ်လာ၏။

"အရှင်မြတ်ဘုရား...တပည့်တော်၏လက်မှ ကြာပန်းရှစ်ခိုင်အနက် ငါးခိုင်ကို အရှင်ဘုရားအား လှူပါသည်။ သုံးခိုင်ကို ရသေ့ကလေးအား လှူပါသည်။ ဤ ကောင်းမှုကြောင့် ဤရသေ့ကလေး ဘုရားမဖြစ်မီအကြား ဖြစ်လေရာဘဝတို့တွင် ရေပူရေချမ်းကမ်းလှမ်းလိုက်ပါသည့် ပါရမီဖြည့်ဖက် ဖြစ်ရပါလို၏ အရှင်ဘုရား"

ထိုအသံကိုကြားရသောအခါ ဝိသဘာဂအာရုံမှန်သမျှကို စွန့်ပယ်ထားသော ရသေ့ကလေးအဖို့ မနှစ်သက်လှသော အမူအရာဖြင့် အမျိုးသမီးကလေးအား လှမ်း၍ကြည့်လိုက်ရာ ရသေ့ကလေးအား ရိုကျိုးလှသောအသွင် မေတ္တာစေ့ဆော်မှု ကြောင့် ပရိသတ်အလယ်တွင် ဖြစ်လင့်ကစား မဆင်ခြင်နိုင်ခဲ့သဖြင့် ရှက်သယောင် ရွံ့သယောင် အမူအရာကလေးတို့ဖြင့် ရသေ့ကလေးသို့ မရဲတရဲဖြင့်ပင် ရွှန်းရွှန်း စားစား ကြည့်လျက်ရှိသော အမျိုးသမီးကလေးနှင့် မျက်လုံးချင်းဆိုင်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအမျိုးသမီးသည် သိမ်မွေ့လှပသော်လည်း ရဲရင့်လှချေ၏။ သို့ကြောင့်ပင် ငါ့ပီတိအရှိန် ပျက်သုဉ်းရသည်။ အမျိုးသမီးဟူသည် ဓမ္မ၏ဆန့်ကျင်ဘက်ဖြစ်၏။ သို့ဖြစ်၍ ဘုရားရှင်အဖြစ်တွင် ထက်သန်လျက်ရှိသော ရသေ့ကလေးက တစ်စုံတစ်ရာ ပြောလိုက်တော့အံ့ဆဲဆဲတွင် ဘုရားရှင်၏ မိန့်ခွန်းတော် ပေါ်ထွက်လာပြန်သည်။

"သုမေဓာရှင်ရသေ့...ဤအမျိုးသမီးကလေးသည်ကား ရှင်ရသေ့နှင့် ဘုရားဖြစ်အံ့သော သိဒ္ဓတ္ထကုမာရ ဘဝအထိ ဘဝများစွာ ပါရမီဖြည့်ဘက် ဖြစ်ချိမ့်မည်။ မငြင်းပယ်နှင့် ရှင်ရသေ့"

ဘုရားရှင်၏ မိန့်ခွန်းသံကြောင့် ရသေ့ကလေးအဖို့ ငြိမ်သွားရသည်။

ထိုသို့ သုမေဓာရှင်ရသေ့အား ဘုရားဖြစ်မည်ဟု ဗျာဒိတ်စကား ကြားတော်မူသောနေ့၊ တစ်နည်းအားဖြင့် သုမေဓာရသေ့ကလေးသို့ သုမိတ္တာအမျိုးသမီးကလေး၏ မေတ္တာပန်းပွင့်ရာ နေ့သည်ကား ကဆုန်လပြည့်နေ့ဖြစ်၏။

ထိုမျှသာမဟုတ်၊ ဂေါတမဗုဒ္ဓအလောင်းတော် ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်ရာ ဗောဓိညောင်ရွှေ ဗုဒ္ဓဟေ ပေါ်ပေါက်သောနေ့၊ ဘုရားစင်စစ် ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူသောနေ့၊ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသော နေ့များသည်ကား ကဆုန်လပြည့်နေ့ချည်းနှင်နှင် ဖြစ်သတည်း။ ။

✿ ✿ ✿

www.burmeseclassic.com



# သစ္စာအမွန်

[ ၁ ]

ပတ္တမြားလုံးကလေးများကို စီခြယ်၍ထားသည့် စိန်နားပန်း စိန်နားပွင့်ကဲ့သို့သော ဘိသိက်ပန်းခင်းကလေး၏ နံဘေးတစ်လျှောက်တွင် ယခုနှစ် မိုးရာသီ၌ ပန်းပင်လေလား၊ ကိုင်းမြက်ပင်လေလား မခွဲခြားနိုင်အောင် ထိုးထိုးထောင်ထောင်နှင့် အပင်ကလေးများ တန်းစီပေါ်ပေါက်လာသောကြောင့် ယင်းပန်းခင်းကလေးကို အာရုံစိုက်လျက်ရှိသော အသဿဇိရသေ့ငယ်က "မလိုအပ်တဲ့အပင်များကဖြင့် တယ်ပြီး ကြီးပွားလွယ်ကြ သကိုး"ဟု ပြောဆိုကာ ဖယ်ရှားပစ်တော့မယောင် ပြုသောအခါ မဟာနာမ်ရသေ့က "ပန်းခင်းကလေးနဲ့ ပနံအရသားပဲ ကိုယ်တော်၊ ကြည့်ကြသေးတာပေါ့"ဟု တားမြစ်လိုက်သည်။

"သည်နှစ်မှပဲ ထူးထူးခြားခြား ပေါက်ပွားလာတာ တွေ့ရပါတယ်။ ဘာပင်များပါလိမ့် အရှင်ဘုရား"

"တပည့်တော်လည်း သူတို့ကို သတိပြုမိတာ နှစ်ရက် သုံးရက် ရှိသွားပါပြီ။ ရှေးက မတွေ့ဖူးလေတော့ အမည်ပြောဖို့ ခက်နေပါတယ်"

"တပည့်တော်တော့ ကိုင်းပင်တွေပဲလို့ ထင်မိပါတယ်"

"ကိုင်းတော့ ကိုင်းမျိုးပါပဲ၊ နို့ပေမယ့် သူက နူးညံ့တယ်။ ညီညာသေသပ်တယ်။ အပွင့်တောင် မထွက်ရသေးဘူး။ အရွက်ကလေး၊ အဖူးကလေးတွေဟာကပဲ လူက တမင်ပြုပြင်ပေးထားသလို မကိုဋ်ဦးကင်းကလေးတွေနဲ့ မတူဘူးလား။ ပွင့်လာတဲ့ အခါမှာ ဘယ်လိုလှမယ်ဆိုတာ မသိရသေးဘူး"

"တောပန်း တောင်ပန်းလို့ပဲ ဆိုပါတော့ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ပြည်မသိဗာရာ၊ မင်းမသိ ဗြဟ္မဒတ်ဆိုသလို တောထဲတောင်ထဲ ပေါက်တဲ့ အမည်မသိပန်းဆိုတော့ တောပန်းလို့ပဲ မှည့်ထားရဦးမှာပေါ့လေ"

မဟာနာမ်ရသေ့၏ ကျိုးကြောင်းပြတားမြစ်ချက်အရ နုတ်ပယ်ပစ်တော့အံ့ဆဲဆဲ သော အပင်ကလေးများကို စူးစူးစိုက်စိုက် ကြည့်လိုက်မိတော့မှ မနုတ်မပယ်ရက်စရာ ဖြစ်နေသည်ကို တွေ့ရသည်။ အကြောင်းကား အပင်ကလေးများ၏ အရွက်ချွန်းချွန်း ကလေးများမှာ လက်အုပ်ချွန်ပမာ ညီညာဝိုင်းအုပ်စွာဖြင့် ကျွန်တော်ကျွန်မတို့အား နုတ်ပယ်မပစ်ပါနှင့်ဟု တောင်းပန်နေသယောင် အသွင်သဏ္ဌာန်ကို တွေ့ရသော ကြောင့် ဖြစ်သည်။ ရိုးရိုးတောင်းပန်ရုံမျှမဟုတ်၊ လက်အုပ်ချွန် ရွက်စိမ်းကလေးများ အကြားမှ ပွင့်တော့အံ့ဆဲဆဲ အဖူးကလေးများမှာ ကြာဖူးကြာငုံကလေးများပမာ ပြူထွက်လျက်ရှိပေရာ ယင်း အငုံအဖူးကလေးများဖြင့် ကန်တော့ပန်းပမာ တောင်းပန် နေသယောင် ဖြစ်လေတော့သည်။

ထိုမျှသာမက ကျွန်တော် ကျွန်မတို့သည် မျက်နှာစိမ်း၊ အပင်စိမ်းဖြစ်သော်လည်း တောရမ်းမယ်ဘွဲ့ အရမ်းမဲ့ပေါ်ပေါက်လာခြင်း မဟုတ်ရပါ။ အရှင်တို့၏ တရား အလုပ်ကို ကူညီရန် စည်းကမ်းတကျ ပေါက်ပွားလာကြခြင်း ဖြစ်ပါသည်ဟု ဆိုလေတော့သယောင် ရှိနေသည်ကိုလည်း အရှင်အဿဇိ ယခုမှ သတိပြုမိသည်။ အကြောင်းကား...ခြေသွားလမ်းကလေး နံဘေးရှိ လှပစွာခင်းကျင်းထားအပ်သော ဘိသိက်ပန်းခင်းကလေး၏ အစပ်တွင် တမင်စိုက်ပျိုးထားသည့်ပမာ တညီတညာ ပေါက်ရောက်လျက်ရှိကြခြင်း ဖြစ်ပေရာ ကတ္တီပါကော်ဇောနီကြီးကို အစိမ်းရောင် ကတ္တီပါ ပန်းကြိုးပန်းခက်များဖြင့် အနားကွပ်ထားသယောင် ရှိနေသောကြောင့် ဖြစ်သည်။

သို့နှင့် အဿဇိရသေ့ငယ်သည် ယင်းအမည်မဲ့ အပင်ကလေးပေါ်သို့ ကိုင်းညွတ် ထားသော ခါးကိုဆန့်လိုက်ကာ မဟာနာမ်ရသေ့နှင့်အတူ ကောဏ္ဍည ကုန်းမြင့် ကလေးဆီသို့ လျှောက်လာခဲ့ကြသည်။

[ ၂ ]

ဆိတ်ငြိမ်အေးချမ်းမှုကိုပေးသော ဤတော ဤတောင်၊ အာဟာရအတွက် သစ်သီးမျိုးစုံသာမက စိမ့်စမ်းရေအိုင် နေထိုင်ချင့်ဖွယ်ရာ ပန်းမျိုးစုံကိုလည်းပေးသော ယခင်က ဥရုဝေလ၊ ယခု မိဂဒါဝုန် သမင်တောင်ကို အမှီပြုကာ တရားအားထုတ်

www.burmeseclassic.com



လျက်ရှိကြရာ၌ တောတောင်ရေမြေ၏ သဘာဝအသီးအနှံ ပန်းမန်သစ်ပင်တို့နှင့် ပတ်သက်လာလျှင် မဟာနာမ်ရသေ့၏ သုံးသပ်ချက်ကို ကျန်ရသေ့လေးပါးလုံးက အလေးထားမြဲဖြစ်သည်။ အကြောင်းကား မဟာနာမ်သည် ဝတ်ကြောင်ဘဝတွင် ရှိခဲ့စဉ်က တောတောင်ရေမြေ အပင်,အသီးတို့တွင် ကျွမ်းကျင်တတ်သိသော နာမည်ကျော်ဆရာတစ်ဆူ ဖြစ်ခဲ့သောကြောင့် ဖြစ်သည်။

ခြောက်နှစ်တိုင်တိုင် အတူတကွ တရားအားထုတ်ခဲ့ကြသော ဉရုဝေလမှ လှပသာယာသော နေရာကလေးနှင့် တရားအတွက် အားအကိုးကြီး ကိုးခဲ့မိသော အရှင့်သား သိဒ္ဓတ္ထကို တော်လှန်ကာ ယခု မိဂဒါဝုန်သို့ ပြောင်းရွှေ့ခဲ့ကြရာ၌ မိဂဒါဝုန်တွင်လည်း ကံကောင်းကံမဟု ဆိုရမည့်ပမာ သာယာလှသော နေရာကလေးကိုပင် ရရှိကြသည်။

ဂိဇ္ဈကုဋ်တောင်၊ ဟိမဝန္တာတောင် စသော တောင်စဉ်တောင်တန်းကြီးများဖြင့် အနားသတ်ထားအပ်သော မဇ္ဈိမမြောက်ပိုင်းတခိုသည် တရားရှာလိုသူတို့အတွက် ကွန်းခိုဖွယ်ရာ တောတောင်ရေမြေတို့ ပေါများလှစွာ၏။ ယင်းတောတောင်များ အနက် သမင်တောဟုခေါ်သော မိဂဒါဝုန်သည် နာမည်ကြီး၏။ ရသေ့ရဟန်းတို့ ပျော်ရာမြေဟုပင် သီးသန့်အမည်ထွက်သည်။ အာဟာရနှင့် နေရာထိုင်ခင်းအတွက် သစ်သီးဝလံနှင့် စိမ့်စမ်းကုန်းမြေတို့သည် ပြကတိအားဖြင့် အဆင်ပြေ ပြည့်စုံလှသောကြောင့်ဖြစ်သည်။ သို့ရာတွင် အရှင့်သား သိဒ္ဓတ္ထသည်ကား ဇေကစာသဘောဖြင့် ဉရုဝေလတောင်ကိုသာ ရွေးချယ်သီတင်းသုံးခဲ့သည်။

ပထမသော် အရှင့်သားသည် တောထွက်လာသည်ဆိုသမင့်လည်း နေရာထိုင်ခင်းအတွက် အတည်တကျမပြုသေးပေ။ နေရင်းရာကို ဖြတ်ကျော်ကာ ရဟန်းပြုပြီးနောက် အာဠာရ၊ ဥဒက စသော နာမည်ကျော်ရသေ့ကြီးများအထံသို့ ချဉ်းကပ်သည်။ တရားနည်းနာခံသည်။ ထို့နောက် ရာဇဂြိုဟ်အနီးရှိ အနုပီယတောအုပ်သို့ ကူးသည်။ တရားလည်းရှာရင်း၊ တရားလည်းအားထုတ်ရင်း ဆိုသကဲ့သို့ အခြေမကျနိုင်သေးပေ။

ယင်းအနုပီယတောအုပ်တွင် သီတင်းသုံးခိုက် အရှင့်သား သိဒ္ဓတ္ထအဖို့ စွန့်စားခန်းတစ်ရပ်ကို စတင်ပြုလုပ်သည်။ ရာဇဂြိုဟ်သို့ ဆွမ်းခံဝင်ခြင်းပေတည်း။

သာသနာမျိုးစုံတို့ ထွန်းကားရာ၊ ရသေ့ရဟန်းတို့ပေါများရာ မဇ္ဈိမအဖို့ကား စွန့်စားခန်း အသစ်အဆန်းတစ်ရပ်ပါပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းခံသည် ဆွမ်းလောင်းသည်ဟူသော ဝေါဟာရများကို သာသနာတောင်နှင့် စပ်၍ လုပခန့်ညားစွာ အသုံးပြုထားသော်လည်း စင်စစ်သော်ကား မျက်နှာကို အောက်ချကာ ခွက်မည်းကိုကိုင်ဆောင်၍ အိမ်တကာရှေ့တွင် ထမင်းတောင်းခြင်း၊ ထမင်းပေးခြင်းပေတည်း။

အမျိုးစိတ်၊ အမျိုးမာန် သည်းထန်ကြီးမားလှစွာသော အရှင်မင်းသားကဲ့သို့သော ထိပ်သီးသာကီဝင်ကို အပထားဦး၍ သာမန်သာကီဝင်တစ်ယောက်အဖို့ပင် လျှင် ထမင်းတစ်လုတ်အတွက် ခွက်လက်ဆွဲကာ တောင်းခံရမည့်အလုပ်မှာ အခက် အခဲကြီး ခက်ခဲလှစွာ၏။ အမျိုးဂုဏ် ရာထူးဂုဏ်ကြီးသော အကြင်သူတစ်ယောက် အဖို့ တရားအလုပ်ကို လုပ်သည်ဆိုစေကာမူ ရပ်ထဲရွာထဲတွင် ခွက်လက်ဆွဲကာ မျက်နှာမွဲကလေးနှင့် တောင်းခံရမည့်အလုပ်မှာ အကယ်တွင်မူ မလွယ်ကူသော အလုပ်ဖြစ်သည်။

သို့ရာတွင် အတုမရှိသော ဘုရားအဖြစ်သို့တိုင် ရည်မှန်းချက်ကြီးမားသူဖြစ်ပေရာ တရား၏ဆန့်ကျင်ဘက်ဖြစ်သော မာန၊ လောဘအစွန်းများကို အစွမ်းကုန် ချိုးနှိမ်၍ ရဟန်းသူတော်ကောင်းတို့၏ ထုံးတမ်းစဉ်လာအတိုင်း ဆွမ်းခံထွက်ခဲ့ပေ သည်။

ထွက်သောနေရာမှာလည်း လူမသိ သူမသိ တောရွာဇနပုဒ် သာမန်နေရာ မဟုတ်၊ ရာဇဂြိုဟ်မြို့တော်ဖြစ်၏။ သူတော်ကောင်းတို့၏ လမ်းစဉ်ဟူသည် အောင်မြင် မြဲ ဓမ္မတာအတိုင်း ရာဇဂြိုဟ်သို့ ဆွမ်းခံဝင်ခြင်းမှာ များစွာအောင်မြင်သည်။ အကြောင်းကား သူတော်ကောင်းဓာတ်ခံရှိပြီးသော ရာဇဂြိုဟ်ဘုရင်နှင့်တွေ့ဆုံကာ အနာဂတ်သာသနာတော်အတွက် တရားလမ်းခင်းထားနိုင်ခဲ့သောကြောင့်ဖြစ်သည်။

အနုပိယတောအုပ်မှ ဥရုဝေလသို့ကူး၏။ သည်တစ်ချီတွင်မူ နည်းယူခဲ့သမျှ သော တရားလမ်းစဉ်များအတိုင်း ကျင့်သုံးဖို့သာရှိတော့သဖြင့် ဥရုဝေလ၏ သာယာ သော တစ်နေရာတွင် ကျားကုတ်ကျားခဲ ကျင့်၏။ ဤတွင် ဤအခွင့်အလမ်းကိုပင် ရည်မှန်းစောင့်မျှော်ခဲ့ကြသော ပညာရှိ ကောဏ္ဍည ခေါင်းဆောင်သည့် ရသေ့ငါးဦး အစုတို့ အရှင့်သားအထံသို့ ရောက်ရှိလာကြသည်။

ပညာရှိကောဏ္ဍညသည် သူ့ပညာကို သူ ယုံကြည်သူဖြစ်၏။ အရှင့်သား သိဒ္ဓတ္ထအား လောကသုံးပါးတွင် ဘုရားဖြစ်မည့်သူဟု ဧကန်ဧကေ ကောက်ချက်ချ ခဲ့သူ မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



မဇ္ဈိမတိုက်တစ်လွှား၌ ဘုရားတစ်ဆူ ပွင့်တော်မူတော့မည်ဟူသော ဗုဒ္ဓကောလာဟလကလည်း ပျံ့နှံ့၍နေခဲ့သည်မှာ အတန်ကြာခဲ့ပြီ။ ဤဘဒ္ဒကမ္ဘာ၌ ဘုရားငါးဆူပွင့်တော်မူမည်။ ယင်း ငါးပါးအနက် စတုတ္ထမြောက်ဘုရားသည် မကြာမတင် ပွင့်တော်မူတော့မည်ဟူသော ဗုဒ္ဓကောလာဟလဖြစ်၏။ ယင်းကောလာဟလအရ ဘုရားဖြစ်ရန် ရည်သန်ကြိုးပမ်းသူတို့ ပေါ်ပေါက်လာခဲ့သည်။ ပညာရှိကောဏ္ဍည၏ အမြင်တွင်ကား အရှင့်သား သိဒ္ဓတ္ထသည်သာ ဘုရားစင်စစ် ဖြစ်မည့်သူတည်း။

ယင်းအမြင်အရ ပညာရှိကောဏ္ဍည ကပိလဝတ်နန်းတော်မှ အရှင့်သား သိဒ္ဓတ္ထ၏ လှုပ်ရှားမှုမှန်သမျှကို စောင့်ကြည့်နေခဲ့ရာ တောထွက်တော်မူပြီဟု သိရသည်နှင့် တစ်ပြိုင်နက် စိတ်တူသဘောတူ ဓမ္မမိတ်ဆွေလေးဦးကို လက်တို့ကာ အရှင့်သားနောက်သို့ လိုက်ခဲ့ကြရာမှ ဥရုဝေလတွင် ဆုံစည်းမိကြခြင်းဖြစ်၏။

ရည်မှျော်ထင်မှန်းချက်အတိုင်းပင် ဥရုဝေလ၌ အရှင့်သား တရားကျင့်ပုံများမှာ အားရလောက်စရာပင် ဖြစ်၏။ အစာရေစာကို ပဓာနမထား၊ နေရာကို ပဓာနမထား၊ အသွေးအသားကိုလည်း ပဓာနမထား၊ အသက်ကိုပင် ပဓာနထားဟန်မတူဘဲ သဲသဲမဲမဲကြီး အရှင့်သားကျင့်သုံးပုံများကိုကြည့်၍ ပီတိဖြစ်နေကြရသည်။

မိမိတို့သည်လည်း အရှင့်သား နည်းလမ်းညွှန်သည့်အတိုင်း ကျင့်သုံးကြသည်မှန်ပါ၏။ သို့ရာတွင် ဘုရားဖြစ်လတ္တံ့ဟူသော အရှင့်သားအပေါ်တွင် ရေသာခိုသည့် စိတ်ကလေးများဖြင့်သာ ကျင့်သုံးခဲ့ကြပါသည်ဟု ရိုးရိုးပင် ဝန်ခံကြရပေမည်။

တစ်နည်းအားဖြင့် တရားဟူသည် ကျားကုတ်ကျားခဲကျင့်အပ်သည် မှန်ပါ၏။ သို့ရာတွင် ထိုးမည့်ဆင် နောက်ဆုတ်ဟူ၏သို့ ဝီရိယမဲတင်းနိုင်ရေးအတွက် တစ်နေ့တာအတွင်း ခန္ဓာကိုယ်ကို အအားပေးကာ စားချိန်၊ သောက်ချိန်၊ နားနေချိန်ကလေးများတော့ ရှိအပ်သည်ဟု ရသေ့တို့ ယူဆသည်။

ယူဆသည့်အလျောက်လည်း တရားအားထုတ်၍ သစ်သီးတစ်လုံး၊ ဆွမ်းတစ်လုတ်မျှ ခြိုးခြိုးခြံခြံပင် ဖြစ်စေကာမူ စားချိန်တွင်စားသည်။ အနားယူဖွယ်ကောင်းသည့် ညနေစောင်းအချိန်ကလေးတစ်ချိန်ကို သတ်မှတ်ကာ နားချိန်တွင် နားကြသည်။

နားနေရန်အတွက် ကျောင်းသင်္ခမ်းအဝန်းအဝိုင်း၏ အစွန်တစ်နေရာမှ မြေပြင်ကုန်းမြင့်ကလေးတစ်ခုကို အနားယူရာ၊ တရားဆွေးနွေးရာဌာနအဖြစ် သတ်

www.burmeseclassic.com



မှတ်ထားသည်။ သိဒ္ဓတ္ထကုန်းမြင့်ဟု အမည်ပေး၏။

ယင်းနေရာကလေးကို ရသေ့ငယ်နှစ်ဦးဖြစ်သော မဟာနာမ်နှင့် အဿဇိတို့က သေနာသနဝတ် တပည့်ဝတ်အဖြစ် တာဝန်ယူသည်။ သောက်ရေသုံးရေထည့်သည်။ တံမြက်လှည်းသည်။ သဘာဝအလျောက် ပေါ်ပေါက်ဖြစ်ထွန်းလျက်ရှိသော တောပန်း တောင်ပန်း၊ သစ်ပင်ပန်းမန်ကလေးများကို အရှင့်သားနှင့် မထေရ်ကြီးတို့ နှစ်လိုဖွယ် ဖြစ်အောင် မဟာနာမ်၊ အဿဇိတို့က အချိန်ကလေးရနိုင်သမျှ ပြုပြင်သည်။

ဤမျှသာမက အလိုက်သိလှစွာသော အားလုံး၏ဆန္ဒအရ အနားယူရာ မြေပြင် ကုန်းမြင့်ကလေး၏ အကောင်းဆုံးနေရာကို အရှင့်သား နားနေရန်အတွက်ဟူ၍ တသီးတခြားပြုပြင်ကာ တသီးတခြား ထားလိုက်ပေသေး၏။ အကြောင်းကား အရှင့်သား သိဒ္ဓတ္ထဟူသည် မိမိတို့အောက် အသက်ပင် ငယ်စေကာမူ မိမိတို့ ချစ်ကြည်လေးစားအပ်သော မင်းသားတစ်ပါးဖြစ်ရုံမက တရားခေါင်းဆောင်လည်း မဟုတ်ပါလော။

သို့ရာတွင် မိမိတို့က အလိုက်သိစွာ စေတနာဖြင့် ထားလို့သာထားရသည်။ အရှင်မင်းသားမူကား နားနေရန်ဟူ၍ ဤနေရာသို့ရောက်လာခဲ့သည်။ အချိန်ရှိသမျှ နေ့ညမဟူ တရားခွင်၌ တရားအာရုံဖြင့်သာ ထုံနေသည်က များသည်။

အရှင့်သားသည် မနားမနေရုံသာမက တရားအာရုံတွင် အထုံအလေ့လွန်လာ သည်ကို တွေ့ကြရသောကြောင့် ကိုယ်ခန္ဓာကျန်းခံ့ရေးမျှသာမက အသက်ဘေး အတွက်ပင် စိုးရိမ်လာကြရပြန်၏။

လွန်ဟန်ကား…ပုံမှန်တရားကျင့်သုံးရာမှ သစ်သီးတစ်လုံး၊ ပဲနောက် တစ်လက် ဆွန်း၊ ဆွမ်းခြောက် တစ်လုတ်စာမျှကိုသာ တစ်နေ့အတွက် စားသုံးကာ အာဟာရ ကို အလျှော့ကြီးလျှော့၍ ကျင့်သုံးသည်။ အိပ်ချိန်ကို အဘယ်ပုံယူသည်ဟု မသိရ လောက်အောင်ပင် မေးမှိတ်ချိန်နည်းပါးသည်။ အကြောင်းမူကား…စားချိန်၊ အိပ်ချိန် များအတွက် အချိန်ယူရသည်မှာ တရားအလုပ်အတွက် အချိန်လျော့ပါးရသည်ဟု ယူဆသောကြောင့်လည်း ဖြစ်၏။ စားမှုနှင့် အိပ်မှုဟူသည် တပ်မက်မှုနှင့် မွေ့လျော် မှုတို့၏ အဖော်များ ဖြစ်ကြပေရာ တရားအလုပ်၏ ဆန့်ကျင်ဘက်ဟု ယူဆသော ကြောင့်လည်း ဖြစ်၏။

ဤမျှလောက် ကျင့်သုံးမှုအထိမူ ရသေ့တို့လည်း အဓိဋ္ဌာန်ဖြင့် မြိုးခြ၍ ရုံဖန်ကျင့်သုံးကြသောကြောင့် သင့်လျော်သေးသည်ဟု ဆိုနိုင်ပါ၏။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



အရှင့်သားသည် ဤမျှသော အဆင့်သာမက တစ်လုတ်၊ တစ်လုံး၊ တစ်လက်ဆွန်း စာမျှသာ အာဟာရမျှကိုသော်လည်းကောင်း၊ ဤမျှပင်မကသေး၊ ရေကိုပင်သော် လည်းကောင်း လုံးဝဖြတ်တောက်လိုက်သည်ကို တွေ့လာကြရသောအခါတွင်မူကား အသက်အန္တရာယ် ထိခိုက်လာနိုင်ဖွယ် ရှိသောကြောင့် စိုးရိမ်လာကြရသည်။

စိုးရိမ်သောကြောင့် တောင်းပန်၍လည်းမရပေ။ အမြင်အားဖြင့် ဆင်းရဲစွာ ခံစားနေရှာပုံရှိသော အရှင့်သား၏ ရုပ်အဆင်းကိုကြည့်၍ ကရုဏာရှေ့သွား ကြောင့် တောင်းပန်၍သာ တောင်းပန်ရသော်လည်း တစ်ဖက်တွင်မူ ရသေ့တို့အဖို့ ဝမ်းမြောက်စိတ်ကလေးများ လွှမ်းမိုးလျက်ရှိသည်။ အကြောင်းမူကား အာဇာနည် အရှင့်သားသည် သူတစ်ပါးတို့ မကျင့်သုံးနိုင်သောအကျင့်ကို ကျင့်သုံးနေပြီဖြစ်၍ ဘုရားစင်စစ် ဧကန်ဖြစ်ချိန်နီးလာပြီဟု ယူဆကြသောကြောင့်ဖြစ်၏။

တစ်ကြောင်းအားဖြင့်လည်း အတ္တကို ဗန်းတင်လွှန်းသော အစဉ်အလာ ဆရာ့ ဆရာကြီးများ၏ တရားလုပ်ငန်းအရ အကြင်မျှလောက် အတ္တကိန်းရာ ကိုယ်ခန္ဓာကို ညှဉ်းဆဲနှိပ်နယ်နိုင်၏။ ထိုမျှလောက် အဆုံးစွန်သော တရားပန်းတုံးတိုင်နှင့် နီး၏ ဟူသော အစွဲအမြင်ကြီးရှိနေခဲ့ပေရာ ခန္ဓာကိုယ်ကို နှိပ်နယ်ညှဉ်းပန်းရုံမက အစာ ရေစာကိုပင် ဖြတ်၍ ကျင့်ပြီဆိုသောအခါ တရားပန်းတုံးတိုင်သို့ ရောက်လုနီးပြီ၊ ဘုရားဖြစ်ချိန်နီးပြီဟု ယူဆကြသောကြောင့်ဖြစ်၏။

အစာရေစာဖြတ်ရုံမက ထွက်သက်ဝင်သက်ကိုပင် ဖြတ်၍ ကျင့်သောအခါ ဘုရားမဖြစ်သမျှ မသေနိုင်သေးဟူ၍ ယုံကြည်ချက်ကြီးသော ကောဏ္ဍညရသေ့ကြီး ပင် သံသယစိတ်၊ စိုးရိမ်စိတ်ကလေး ဝင်၍လာရသည်။ အကြောင်းသော်ကား ထွက်သက်ဝင်သက်ကို ဖြတ်လိုက်သောအခါ အရှင့်သားသည် တရားကျင့်ရာ ညောင်ပင်ခြေရင်းတွင် မိန်းမူး၍ လဲကျသွားသည်ကို တွေ့ကြရသောကြောင့်ဖြစ်၏။ ထိုအခါ ရေကြည်ကလေးများဖြင့် ပက်ဖျန်းပေးခြင်း၊ ပွေ့ပိုက်ယုယပေးခြင်းဖြင့် ကူညီကြရသည်။

သို့ရာတွင် အရှင့်သားသည် ဤနည်း၊ ထိုနည်းတို့ဖြင့် ခြောက်နှစ်တိုင်တိုင် သဲသဲခဲခဲကြီး ကျင့်သုံးနေခဲ့ရာမှ မကြာမီသောအချိန်ကာလ တစ်ချိန်သောအခါတွင်မူ ရသေ့တို့အဖို့ အားတရှိရှိ ပီတိတစိမ့်စိမ့်ဖြင့် ကြည့်ရှုစောင့်မျှော်နေခဲ့ကြရသော အကျင့်ကို ပြောင်းပြန်လှန်ပစ်လိုက်သလို ကျင့်လာသည်ကို တွေ့ကြရသဖြင့် ပထမသော် အံ့အားသင့်ရုံမျှ သင့်မိကြရာက နောင်သော် စိတ်အပျက်ကြီးပျက်လာ

www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။

အကြောင်းသော်တစ်မူကား အရှင့်သား သိဒ္ဓတ္ထသည် ဥရုဝေလ၏ အနီးချုပ်စပ် ရှိသော တောလက်ကျေးရွာများတွင် ဆွမ်းခံ၍စားခြင်း၊ ဆွမ်းမခံမီသော် လည်း ကောင်း၊ ဆွမ်းခံအပြန်တွင်သော်လည်းကောင်း စည်းစိမ်ခံသည့်ပမာ နေရဋ္ဌရာတွင် အေးချမ်းစွာ ရေသုံးသပ်ခြင်း၊ ရလာသောဆွမ်းများကို ယခင်ကလို တစ်လက်ခုပ် တစ်လက် ဆွမ်းမျှမက အားရနှစ်သက်လောက်အောင် စားသုံးခြင်း၊ တရားအလုပ်ကို ပင် ပစ်ပယ်ထားတော့သည့်ပမာ ယခင်ကထက် အချိန်များစွာ အနားယူ လဲလျောင်း ခြင်း စသော အမူအကျင့်များကို တွေ့ရှိလာကြရသောကြောင့်ပေတည်း။

တစ်လုတ်စာ၊ တစ်လက်ဆွမ်းမျှသော အာဟာရအတွက်သော်လည်းကောင်း၊ ခန္ဓာကိုယ်တည်မြဲရုံမျှ အထောက်အကူအတွက် ချဉ်–ဆားအလို့ငှာသော် လည်း ကောင်း၊ ယခင်ကသော် ဥရုဝေလအနီးချုပ်စပ် ကျေးရွာများသို့ ရံဖန်ဆွမ်းခံထွက်ခဲ့ ဖူးကြသည် မှန်ပါ၏။ သို့ရာတွင် ဆွမ်းခံအလုပ်ကို ဖြုတ်ပယ်ထားခဲ့သည်မှာ ကြာလှပြီ။ အကြောင်းကား တစ်ဆင့်စကား တစ်ဆင့်နားဖြင့် အရှင်မင်းသားသိဒ္ဓတ္ထ ပေတကားဟု ဇနပုဒ်သူ ဇနပုဒ်သားတို့ သိလာကြသောကြောင့်သော်လည်းကောင်း အရှင့်သား ခေါင်းဆောင်သော ရသေ့တို့ ဆွမ်းခံထွက်ပြီဆိုလျှင် သူတကာထက် ဂရုတစိုက် လောင်းလှူကြပေရာ ယင်းသို့ လောင်းလှူရာမှ ရရှိလာသည့် ဆွမ်း စသော လာဘ်လာဘများသည်ပင်လျှင် တရားခွင်အတွက် အနှောင့်အယှက်ဖြစ်၍ လာသောကြောင့် ဆွမ်းခံအလုပ်ကို ဖြတ်လိုက်ကြသည်။ အာဟာရကို အလျှော့ ကြီး လျှော့၍ ရံဖန် ဆန်တစ်ဆုပ်၊ ပဲနောက်တစ်ဆုပ်မျှကိုပြုတ်၍ တစ်နေ့အတွက် ခန္ဓာကိုယ်တည်မြဲနိုင်ရုံမျှ တစ်လုတ်စာ, တစ်လက်ဆွမ်းစာမျှဖြင့်သော်လည်းကောင်း၊ ရံဖန်တွင်မူ သစ်သီးတစ်လုံး, နှစ်လုံးမျှဖြင့်သော်လည်းကောင်း မြိုးမြိုမျှတနေခဲ့ကြ သည်။

ဤအခြေမှတစ်ဆင့်တက်ကာ အရှင့်သားသည် အာဟာရဟူသမျှကို လုံးဝ ဖြတ်တောက် ကျင့်ဆောင်ခဲ့ရာမှ ကိုယ်ခန္ဓာအတွက် စိုးရိမ်မိသော်လည်း တရားဘက် သို့မူ အဆင့်တက်လာပြီဟု ယူဆရသောကြောင့် ဝမ်းမြောက်ကြရ၏။

ယခုသော် မည်သို့သောအကြံ ပေါ်လာပြန်လေသည်မသိ။ ဆွမ်းခံသည့် တပ်မက်မှုဘက်သို့ လှည့်သွားပြန်လေပြီ။ ဆင်းရဲမှုဒဏ်ကို မခံနိုင်သောကြောင့် ဝီရိယကို လျှော့ချလိုက်လေပြီလား။ တရားခွဲ၊ တရားသတ္တိများ မရှိတော့ပြီလား။

www.burmeseclassic.com

www.burmeseclassic.com



ရေဆန် လေဆန်တွင် တရားလှေအရှိန်ကောင်းတုန်း တက်ကျိုးလေရော့ပြီလား။

မိမိတို့က အသက်ပင်ကြီးစေကာမူ တစ်သက်လုံး လေးစားခဲ့ရသော အရှင်မင်းသားလည်းဖြစ်၊ တရားရေးရာတွင် ဆရာလည်းဖြစ်သောကြောင့် ဖွင့်၍လည်း မဆွေးနွေးဝံ့ကြ။

ထိုနေ့နံနက်ပိုင်း အစက အရှင့်သားသည် ခါတိုင်းလို တရားခွင်သို့ မဝင်တော့ဘဲ သစ်မ်ိးကလေး တစ်နေရာတွင် ဆွဲချိတ်ပစ်ပယ်ထားသော သပိတ်ကို ဆွဲယူပြင်ဆင်ကာ ကျေးရွာများဘက်သို့ ထွက်ခွာသွားသည်ကို တွေ့ကြရသောအခါ ရသေ့တို့သည် တစ်ပါးမှတစ်ပါးသို့ ကြည့်ရင်း အံ့အားသင့်ကြရသည်။ ရသေ့တို့အဖို့ မိန်းမူး၍ လဲပြိုသည်အထိ အားထုတ်လျက်ရှိသော ဆရာ၏ကျန်းမာရေးကို ဂရုပြုလျက် ရှိကြရသောကြောင့် မိမိတို့တရားခွင်ကိုပင် ပုံမှန်မဝင်နိုင်အောင် ရှိကြရသည်။

ပထမနေ့သော် အရှင့်သား၏ ဆွမ်းခံအလုပ်ကို ရသေ့တို့ မသိကျိုးကျွန်ဖြင့် အကဲခတ်ရုံမျှခတ်ကာ ခတ်မဆိပ်နေလိုက်ကြသည်။ ယခင်ကလို နေ့ညဉ့်မဟူ အချိန်အားမပေး အနားမယူဘဲ ကျင့်သုံးရာမှ နားနားနေနေဖြင့် ကျင့်သုံးလာသည်ကိုလည်း မသိမသာ အကဲခတ်ရုံမျှ ခတ်၍နေခဲ့ကြသည်။

သို့ရာတွင် နောက်ရက် နောက်ရက်များတွင်လည်း အချိန်ကျလျှင် သပိတ်ကိုဆွဲကာ ကျေးရွာများဆီသို့ ထွက်ခွာသွားသည်ကို တွေ့ကြရသောအခါ ရသေ့ငယ်အဿဇိက အရှင့်သားနောက်သို့ မသိမသာ လိုက်လံစူးစမ်းသည်။ ထိုအခါနေရဥ္စရာတွင် အေးချမ်းစွာရေချိုးခြင်း၊ ချေးညှော်များကို ပွတ်တိုက်ခြင်း၊ တောစပ်တောင်ခြေတွင် ဣန္ဒြေရရထိုင်၍ ရလာသောဆွမ်းများကို ယခင်ကလို တစ်လုတ်စာ၊ နှစ်လုတ်စာမျှမက ပြည့်ပြည့်ဝဝ စားသုံးခြင်း စသော အပြုအမူများကို တွေ့လာရသောကြောင့် ငါတို့အားထားရာဆရာသည်ကား ဖောက်ပြန်လာလေပြီကောဟု ရသေ့တို့ အားငယ်ကြရ၏။

သို့ဖြင့် မအောင့်နိုင်တော့သော ရသေ့လေးဦးတို့၏ ဆရာကောဏ္ဍညရသေ့ကြီးက အရှင့်သားအနီးသို့ မသိမသာချဉ်းကပ်ကာ "တရားအလုပ်ကို လက်လွှတ်လိုက်ပါပြီလား အရှင့်သား"ဟု မေးမြန်းလိုက်သောအခါ "လက်မလွှတ်ပါဘူး ကောဏ္ဍည၊ သို့ရာတွင် အစာကိုဖြတ်ခြင်း၊ မအိပ်မနေ ခန္ဓာကိုယ်ကို ညှဉ်းပန်းခြင်းဖြင့် ကျင့်သုံးသောနည်းလမ်းသည် မှန်ကန်သောနည်းလမ်းမဟုတ်သည်ကိုကား

www.burmeseclassic.com

www.burmeseclassic.com



သိလာရပေပြီ ကောဏ္ဍည”ဟု ပြန်၍မိန့်ကြားသည်။

ဆရာက မမှန်ဟု အဆုံးအဖြတ်ပေးလိုက်ပြီကို ပြင့်၍ အတွန့်မတက်ဝံ့ပေ။ သို့ရာတွင် ကောဏ္ဍညတို့အဖို့မူကား ဘဝင်မကျနိုင်ခဲ့ပေ။ အကြောင်းမူကား...မဇ္ဈိမ ရှိ ဆရာ့ဆရာတို့၏ တရားလမ်းစဉ်ဟူသည် အကြင်မျှလောက်ကိုယ်ခန္ဓာကို နှိပ်နယ် ညှဉ်းပန်း၍ ကျင့်နိုင်၏။ ထိုမျှလောက် တရားပန်းတိုင်သို့ရောက်၏ဟူသော အစဉ် အလာစွဲကြီး ရှိနေခဲ့သောကြောင့်ပေတည်း။

ထို့ကြောင့် တရားလမ်းစဉ် တရားအလုပ်မှ အရှင့်သား သွေဖည်လေပြီတကား ဟု ယူမှားကြသော ရသေ့တို့အဖို့ ဆရာမင်းသားအပေါ်၌ ဘဝင်မကျနိုင် ဖြစ်လာ ကြရသည်။ အရှင့်သားနှင့် တွေ့တွေ့တင်တင် မဆွေးနွေးဝံ့ကြသော်လည်း ကွယ်ရာ ထောင့်ရာတွင် ခေါင်းချင်းရိုက်လာကြသည်။ ဝေဖန်လာကြသည်။ ပြောင်းလဲလာ သော အရှင့်သား၏ အပြုအမူ အနေအထိုင်များကို မျက်စိတစ်မျိုးဖြင့် ကြည့်လာကြ သည်။ ကြဉ်ဖယ်ဖယ်ပြုလာကြသည်။

“ကျားကုတ်ကျားခဲ ကျင့်လို့တောင် ဘုရားမဖြစ်နိုင်တာ သည်နည်းသည်ပုံ နဲ့သာ ဆိုရင်တော့ ဝေးပါလေရော”ဟု အရှင်ဝပ္ပကပြောသောအခါ ကောဏ္ဍည ရသေ့ကြီးက “ဘယ်လောက်ပဲ ဖွဲ့နပဲကြီးတယ်၊ ရည်မှန်းချက်ရှိတယ်ဆိုပေမယ့် လူငယ်လူရွယ်ဆိုသဟာ ရုံဖန်ရုံခါ ဖောက်ပြန်လာတတ်ကြတာဟာ လောကဓမ္မတာ ပေပဲ။ ငါတို့ သည်းခံစောင့်ကြိုကြရပေမပေါ့”ဟု အရှင်မင်းသားအပေါ်၌ သံယောဇဉ် လည်းကြီး၊ ဘုရားဧကန်ဖြစ်ရမည့်သူဟု ယုံကြည်ချက်လည်း ကြီးသူဖြစ်သည့် အတိုင်း နှိုင်းနှိုင်းဆဆ မိန့်ကြားသည်။

“သည်းခံစောင့်ကြိုနေဖို့ မဖြစ်နိုင်တော့ပါ အရှင်။ အဘယ်ကြောင့်ဆိုသော် အရှင့်သားကိုယ်တိုင်က သည်လမ်းစဉ်ဟာ မှားယွင်းနေသည်ဟု အဆုံးအဖြတ်ပေး လိုက်ပြီမဟုတ်ပါလား”ဟု အရှင်ဘဒ္ဒိယက ကန့်ကွက်သည်။

“သူ့ဟာသူ သတိလည် ကျင့်သုံးလို့ ဘုရားဖြစ်လာမယ်ဆိုရင်လည်း နောင်ခါ မှ လျှောက်လျှားဘာသာ လုပ်ကြသေးတာပေါ့။ အခုလောလောဆယ်မှာတော့ သူ့ အတွက်ကြောင့် တပည့်တော်တို့ ကိုယ်ရေးကိုယ်တာ အပျက်ခံရမှာ ခက်လှပါ တယ်”ဟု မဟာနာမ်ရသေ့က ဆွေးနွေးသည်။

“တရားသံယောဇဉ်၊ ပုဂ္ဂိုလ်သံယောဇဉ်ရှိပေမယ့် အရှင်မင်းသားရဲ့ အမူအကျင့် တွေကို တပည့်တော်တို့ မနှစ်သက်နိုင်ကြတော့ပါဘူး။ မနှစ်သက်ဘဲနဲ့ အတူနေမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်လည်း အတွင်းတစ်မျိုး၊ အပြင်တစ်မျိုး တီးတိုးတီးတိုးလုပ်နေရတာနဲ့ပဲ အရှင့်သားအတွက်ရော တပည့်တော်တို့အတွက်ပါ တရားအခြေပျက် အနေအထိုင် ခက်ကြရပါတော့မယ်။ သည်တော့ တပည့်တော်တို့ဘာသာ တစ်နေရာရာမှာ ကိုယ့်အားကိုယ်ကိုးပြီး သီးခြားနေကြမယ်ဆိုရင် အကောင်းဆုံးဖြစ်ပါလိမ့်မယ် ဘုရား"ဟု အဿဇိရသေ့က လူငယ်ပီပီ ပြတ်ပြတ်သားသားလျှောက်ထားလိုက်သောအခါ ကောဏ္ဍညရသေ့ကြီးက "ဟုတ်တော့လည်း ဟုတ်ပေတာပဲ။ အရှင်ဘုရားတို့ သဘောပေါ့လေ"ဟု အဆုံးအဖြတ်ပေးလိုက်ရသည်။

သို့နှင့် အရှင့်သားကို လျှောက်ထား စွန့်ပယ်ကာ မိဂဒါဝုန်ဘက်သို့ ထွက်ခွာလာခဲ့ကြသည်။

ရသေ့တို့ဆိုက်ရောက်လာကြခြင်းသည်လည်းကောင်း၊ ယခုကဲ့သို့ ထွက်ခွာသွားခြင်းသည်လည်းကောင်း အရှင့်သားအဖို့ အကြောင်းမဟုတ်ခဲ့ပေ။ ထီးနန်းစည်းစိမ်ကြီးကိုပင်လျှင် ခေါက်ခေါက်ရက်ရက် သစ်စိမ်းချိုး ချိုးလာနိုင်ခဲ့သော အရှင့်သားအတွက် ရသေ့တို့အပေါ် သံယောဇဉ်ဟူသည်ကို အဘယ်ပုံ ရေတွက်နိုင်စကောင်းအံ့နည်း။

နဂိုကပင် အဖော်မမှီး ကေစာတစ်ယောက်တည်း ထွက်လာခဲ့သူမဟုတ်ပါလော။ အကယ်၍သာ အဖော်လိုခဲ့သော် အနော်မာသောင်ယံမှ မပြန်လိုဘဲ ပြန်သွားခဲ့ရရှာသော ငယ်ကျွန်ကြီး မောင်ဆန်သည် အဖော်ဖြစ်လာခဲ့ရာ၏။ အဖော်မလိုသောကြောင့်ပင် ကောဏ္ဍညတို့ထက် ရင်းနှီးသော မောင်ဆန်အား ဖဝါးမကွာ လိုက်ပါစေလိုကြောင်း တောင်းပန်သည့်တန်းလန်း နှင်ထုတ်ပစ်ခဲ့သည် မဟုတ်ပါလော။

[ ၃ ]

ရသေ့တို့အဖို့ မိဂဒါဝုန်သို့ ရောက်ရှိသည့်အခါတွင်လည်း ယခင်က ဖယ်ခွာသွားကြသော တရားရှင်ရသေ့အဖွဲ့တစ်ခု၏ နေရာကောင်းလေးကိုပင် ရရှိသည်။ မိဂဒါဝုန်ဟူသည်မှာ တရားရှင်ရသေ့တို့ မွေ့လျော်စုပြုရာဖြစ်သောကြောင့် နေရာကောင်း နေရာသန့်ကို ရည်ရွယ်၍ တောထွက်လာကြခြင်း မဟုတ်သော်လည်း နေရာကောင်းရလျှင် တရားလုပ်ငန်းအတွက် အဆင်ပြေသည်။ အာဝါသ သပ္ပါယဟု ဆိုရမည်ဖြစ်၏။

ကောဏ္ဍညတို့ရရှိသော ကုန်းမြင့်ကလေးမှာ အဆင်ပြေလှပေ၏။ ရသေ့ငါးပါး

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ပါးမှုအတွက် ကျောင်းသခ်မ်းကလေးများကလည်း အဆင်သင့်ရှိနေပေသည်။ ကျောင်းသခ်မ်းဟူ၍ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်မျှကိုသာ ပဓာနထားသော်လည်း မိုးရာသီများအတွက်မူ မိုးခိုကျင့်သုံးရန်အတွက် သခ်မ်းကလေးများ လိုအပ်သည်။ အကြောင်းမူကား...မဇ္ဈိမ၏ မိုးရာသီမှာ ပြင်းထန်သည်။ အထူးသဖြင့် တောင်စွယ်တောင်ရိပ်တို့ သိပ်သည်းလှသော မိဂဒါဝုန်တို့လို မဇ္ဈိမမြောက်ပိုင်း တခိုမှာ ပို၍ မိုးပြင်းထန်သည်။ တစ်ခါတစ်ရံ နေ့ညမစဲ သဲသဲမဲမဲနှင့် မိုးကြီးစွေနေတတ်သေးသည်။

ဥရုဝေလမှ မိဂဒါဝုန်သို့ ရသေ့တို့ ကူးပြောင်းလာသောအချိန်မှာ နွေရာသီကုန်လုလု၊ မိုးသို့ရောက်လုလု နွေနှောင်းရက်ကျန် ဝသန်အကြိုရာသီ ဖြစ်ပေရာ သခ်မ်းကလေးများအတွက် ဝါယမ မစိုက်ရတော့သဖြင့် ဝမ်းမြောက်ကြရသည်။ သခ်မ်းကလေးများမျှသာမဟုတ်၊ တောင်ကုန်းကလေးဝန်းကျင်တွင် ရေမိုးသစ်ပင်ပန်းမန် စသည်ဖြင့် အဘက်ဘက်မှ ပြည့်စုံလှသော နေရာကလေးဖြစ်ပေသည်။

ကုန်းမြင့်ကလေး၏ တစ်ဖက်တွင် နေရဋ္ဌရာမှ သွယ်ဖြာစီးဆင်းလာဟန်ရှိသော ချောင်းကလေးသည် ကုန်းမြေကိုဝိုက်ပတ်လျက်ရှိပေရာ ကုန်းမြင့်ကလေးပေါ်မှ လှမ်းမျှော်၍ ကြည့်လိုက်လျှင် ဘဝင်အေးဖွယ်ရာ တသွင်သွင်လှုပ်ခတ်စီးဆင်းနေသည်ကို မြင်ကြရ၏။ ကုန်းမြင့်မှ ရေဆိပ်သို့ ရေခပ်ဆင်းရန်အတွက် တံတားကလေးမှာလည်း ယခင် သီတင်းသုံးသွားကြသော ရသေ့တို့၏ ကောင်းမှုကြောင့် အဆင်သင့်ပင်ဖြစ်၏။

မိုးကြိုရာသီဖြစ်၍ ကြာပန်းများကလည်း ထိုးထိုးထောင်ထောင်နှင့် အားယူလာကြပြီဖြစ်ရာ ချောင်းစပ်နံဘေးတစ်လျှောက်မှာ ပေါင်ကွပ်ထားသော ပန်းချီကားတစ်ချပ်ကဲ့သို့ တည်ရှိနေကြသည်။

ညနေ ညဦးပိုင်း တွေ့ဆုံစည်းဝေးချိန်များ၌ ဖွင့်၍ပင်မပြောကြသော်လည်း အရှင့်သားကို ကိုယ်စီ သတိရကြသည်။ သူတို့ ရိပ်သာကလေးဆီသို့ နေ့ဘက်တွင် ပေါ်လာနိုးနိုး၊ ညဥ့်ဘက်တွင် ပေါ်လာနိုးနိုးဖြင့် မသိမသာ လှမ်းမျှော်၍ ကြည့်ကြမြဲဖြစ်သည်။

လွန်ခဲ့သော လေးငါးရက်ကမူ မိုးမပြတ်ရွာလျက်ရှိသောကြောင့် ရသေ့တို့အဖို့ သခ်မ်းကလေးများမှ အပြင်သို့မထွက်နိုင်ကြ။ တရားကိုသာ ဖိ၍ ရှုမှတ်နေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့အဖို့မူ နံနက်လင်းသည်နှင့်တစ်ပြိုင်နက် နေသည် ကျဲကျဲတောက် ထွက်ပေါ်လာကာ တောတောင်ဝန်းကျင် တစ်ခုလုံး လင်းထိန်လျက်ရှိသည်ကို တွေ့ကြရသည်။ ညီညာစွာ ခုံးမောက်လျက်ရှိသော တောင်ကုန်းပြင်ကလေးမှာ လေးငါးရက်ဆက်၍ ရွာသောမိုးကြောင့် တောင်ကုန်းတစ်ခုလုံး ဆေးကြောသန့်စင် ထားဘိသို့ ရှိနေသည်။ နှစ်သက်ဖွယ်ကောင်းသည်ကား ကဆုန်အကျော် မိုးသံ လေသံကြားသည်နှင့် ပွင့်လုလု အားယူလျက်ရှိသော တောင်ကုန်းပေါ်နှင့် တောင်ကုန်း ဝန်းကျင်ရှိ ပန်းမျိုးစုံတို့သည် စုံစုံညီညီ ပွင့်လာကြခြင်းပင် ဖြစ်ပေသည်။

ပွင့်သည်မှ စွင့်စွင့်ကားကား အင်အားရှိသမျှ ပွင့်ကြသည်။ ပန်းဟူသည် ပင်လုံးကျွတ် တညီတညာ စွင့်စွင့်ကားကား ပွင့်ခဲ့သည်။ အချို့က ဖူးစ ငုံစ၊ အချို့က ပွင့်စ၊ အချို့ တစ်ဝက်ပွင့်၊ အချို့ စွင့်စွင့်ကားကား၊ အချို့ စွင့်ကားပြီးစီး၍ ညှိုးရော်ရော်နှင့် အခြေအနေမျိုးစုံ ရှိမြဲဖြစ်သည်။ ယခုသော်ကား အပင်အသေးအမွှား၊ လမ်းလျှောက်ပန်း၊ ဘိသိက်ပန်း၊ စောမတွေ့ ပန်းကလေးများကအစ အပင်ကြီးကြီး ပုန်းညက် ချရားတို့အထိ ပန်းပင်မှန်သမျှတို့မှာ ကြည့်လိုက်သည့်အပင်တိုင်း ကားကားစွင့်စွင့် ပွင့်နေကြသည်ချည်း ဖြစ်၏။

တောင်ကုန်းပေါ်မှ ကြည့်လိုက်သောအခါ ချောင်းကလေးမှာ ယခင်က ရေ အနေတော်မျှရှိခဲ့သော်လည်း လေးငါးရက်ဆက်၍ ရွာလိုက်သောမိုးကြောင့် ရေခပ် တံတားကလေး ထိပ်နှင့်အညီ ပြည့်မောက်လာသည်ကို တွေ့ရ၏။ မိုးကြောင့် တိုးလာသောရေဟူသည် နောက်ကျုတတ်မြဲဖြစ်သည်။ သို့ရာတွင် ချောင်းကလေးမှာ မူ နောက်ကျု၍မနေ၊ ကြည်လင်မြဲ ကြည်လင်လျက်ရှိသည်။ ချောင်းကလေး ကမ်းစပ်တစ်လျှောက်တွင် ပေါင်းကွပ်ထားသည်ကဲ့သို့ရှိသော ကြာပင်ကြာလက် များမှာ ယခင်က အဖူးတစ်သွယ် အငုံတစ်မျိုး အပွင့်အချို့သာ ရှိခဲ့ရာမှ အဖူးအငုံပင် မကျန်တော့လောက်အောင် စွင့်စွင့်မားမား ပွင့်ပွင့်ကားကား တညီတညာ ပွင့်အာ လျက်ရှိကြသည်ကို တွေ့ရသည်မှာ ချောင်းကလေး မှန်ကြည်ကြည်ကြီးကို ညိုပြာ နီမောင်းသော ပန်းခက်ကြီးများဖြင့် အနားသတ်ပေးထားဘိသို့ ဖြစ်တော့သည်။

ချောင်းကလေး တံတားဆီမှ မော်ကြည့်လိုက်လျှင် တောင်ကုန်းစောင်း တစ် လျှောက်၌ တညီတညာ ဝိုင်းပတ်ပေါက်ရောက်လျက်ရှိသော ချရားခေါ် ခရေပင် ကြီးများကို တွေ့ရသည်။ တစ်နည်းဆိုသော် ဤချရားပင်ကြီးများသည် တောင် ကုန်း ရိပ်သာကလေးကို ဝိုင်းပတ်ထားသည့် တံတိုင်းပမာ တည်ရှိနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

မိုးကြောင့် ရသေ့တို့သည် သင်္ခမ်းဆောင်မှ မထွက်ကြရသည်မှာ ငါးရက်ခန့် ရှိသွားပေပြီ။ နံနက်က ဆွမ်းစားချိန်တွင် သင်္ခမ်းအပြင်သို့ထွက်သောအခါ ကောင်းကင်တစ်ခုလုံး မိုးသားတိမ်လိပ်ကို ကင်းစင်ကာ နေအရှိန်ကြောင့် တောင်ကုန်းရိပ်ကလေးမှူသာမက မျက်စိတစ်ဆုံးရှိ မြင်မြင်သမျှ မိဒင်္ဂါဝှန်တစ်ခုလုံး လင်းကျင်းလျက်ရှိနေသည်ကို သတိပြုမိလိုက်ကြ၏။

ညနေပိုင်းတွင် တရားထိုင်ရာမှထ၍ ခြေညောင်းလက်ဆန့်လည်းပြုရင်း ထုံးစံအတိုင်း တရားလည်း ဆွေးနွေးရန်အတွက် တွေ့ဆုံရာနေရာ ကုန်းမြင့်ကလေးဆီသို့ တစ်ပါးပြီးတစ်ပါး ထွက်ကြွလာကြသည်။ ထိုအခါ မဟာနာမ် ရသေ့နှင့်အတူ လျှောက်လာသော အသဃိရသေ့က "ယနေ့ ရာသီဥတုက သာယာပါဘိသနှင့်။ အရှင့်သား သိဒ္ဓတ္ထကို အထူးသတိရမိပါတော့သည်"ဟု ဖွင့်၍ပြောလိုက်သည်။

"မလွှဲသာလို့သာ ခွဲလာကြရပေမယ့် အရှင့်သားကို အများကပဲ အစဉ်သတိရကြမှာပါပဲ"ဟု မဟာနာမ်က ပြောပြန်သည်။ ပြောသည်နှင့်အတူ ထုံးစံအတိုင်းပင် သူတို့ဆီသို့ အရှင့်သား ကြွလာကောင်း ကြွလာလေမည်လားဟု တောင်ကုန်းရိပ်သာရှိ လာရာလမ်းကလေးဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်မိကြသည်။

ထိုအခိုက်မှာပင် တယုတယပြုပြင်ထားသော လမ်းကလေးနံဘေးရှိ ဘိသိက်ပန်း၊ စောမတ္တေပန်းခင်းကလေး အစပ်တစ်လျှောက်တွင် မိုးကြောင့် ပေါက်လာကြရှာ့ထင့်။ ယခင်က မမြင်ဖူးသော ကိုင်းမြက်ယောင်ယောင် ပန်းယောင်ယောင်နှင့် ထိုးထိုးထောင်ထောင် အပင်တန်းကလေးများကို တွေ့ရသောကြောင့် အရှင်အသဃိက နုတ်ပယ်ပစ်တော့မယောင် ပြုသောအခါ အရှင်မဟာနာမ်က တားမြစ်ထားလိုက်ရ၏။

တွေ့ဆုံနေရာ ကွက်လပ်ကလေးသို့ရောက်၍ ထိုင်ကြတော့အံ့ဆဲဆဲတွင် လမ်းကလေးဆီသို့ လှမ်းမျှော်ကြည့်လိုက်မိသော အရှင်အသဃိကထံမှ "ဟော…အရှင်တို့…"ဟူသော အာမေဋိတ်သံနှင့်အတူ "အရှင့်သား ကြွလာနေပါပြီကော"ဟု ပြောသံကို ကြားလိုက်ရသောကြောင့် အားလုံးပင် လမ်းကလေးဆီသို့ ကြည့်လိုက်ကြသောအခါ မှန်လှပါပေ၏။ ဖွင့်၍ပင် မပြောကြသော်လည်း မေတ္တာအမျှင် သံယောဇဉ်ကြောင့် သူတို့ အစဉ်တောင့်တလျက်ရှိခဲ့သော အရှင့်သားသည် သူတို့ဆီသို့ တူရူကြွလာလျက် ရှိနေလေပြီ။

www.burmeseclassic.com



မေတ္တာရှေးရှုပြီး သူတို့အဖို့ အကြောင်းတစ်ခုခုကြောင့် ခွဲခွာကွဲကွာနေကြသော အခါ၌ မတွေ့ချင် မြင်ချင်လျက်သားဆိုသကဲ့သို့ သူ့ဘက်က ရောက်လာနိုးနိုး၊ ငါ့ဘက်က သွားရနိုးနိုးဖြင့် အစဉ်သတိရ နှိုးဆွလျက်ရှိသည်မှာ လူတို့ဓမ္မတာ ဖြစ်ပါပေ၏။ ကွဲကွာခိုက်၌ အဆင်မပြေခဲ့မှုကြောင့် ပါးစပ်ဖြင့်မူ ဆန့်ကျင်စကား များကို ပြောချင်ပြောမည်။ စိတ်နှလုံးကမူ ချဉ်းကပ် နီးစပ်လာစေချင်သည်မှာ ဓမ္မတာပင် ဖြစ်ပါပေ၏။

အသက်ကြီး၍ မျက်စိမှုန်သယောင်ရှိလာသော ကောဏ္ဍညမထေရ်ကြီးက ယာလက်ဖြင့် မျက်လုံးများကို အုပ်မိုးစုံမှုန်ကာ ကြည့်လိုက်သောအခါ အကယ်ပင် အရှင့်သားကြွလာပြီကို တွေ့ရသောကြောင့် ပြုံးယောင်သမ်းသွားသည်။ "တပည့် တော်တို့ကို နှောင့်ယှက်ရအောင် လာတာပဲ။ သူ့ကြောင့် တပည့်တော်တို့မှာ အနှောင့်အယှက် ဖြစ်ကြရဦးတော့မှာပဲ။ ကြည့်လိုက်ကြပါဦး။ တပ်မက်မှုတဏှာ နောက် လိုက်ထားလို့ တစ်ကိုယ်လုံးကို ပြည့်လို့၊ ဖြိုးလို့၊ ရွှင်လို့၊ ကြည်လို့"ဟု အရှင်ဘဒ္ဒိယက မပွင့်တပွင့်ပြောသည်။

အရှင်မဟာနာမ်က "ဒီတစ်ခါ ထပ်ရွှေ့ရဦးမယ်ဆိုရင် ရွှေ့နေရတာနဲ့ပဲ တရားအလုပ်ပျက်လှတယ်"ဟု တိုးတိုးပြောသည်။

မိဂဒါဝုန်သို့ရွှေ့ရန် အဆိုပြုခဲ့သောလူငယ် အရှင်အဿဇိကမူ "တပည့်တော် တို့က သူ့ကို ကြည်ကြည်သာသာနဲ့ လက်ခံထားရင် သူ့ပုံစံ၊ သူ့အကျင့်နဲ့ တပည့် တော်တို့မှာ အနှောင့်အယှက်ဖြစ်နေဦးမှာ အမှန်ပဲ။ မနေပါနဲ့လို့ ပြောလို့လည်း မကောင်းဘူး။ ဒီတော့ တပည့်တော်တို့က သူ့ကို မလိုလားတဲ့အကြောင်းသိအောင် ဆန္ဒပြတဲ့အနေနဲ့ သပိတ် သင်္ကန်း လှမ်းပြီးမယူကြစတမ်း၊ ခရီးဦးမကြိုဆိုကြစတမ်း၊ ရွှင်ရွှင်လန်းလန်း မလုပ်ကြစတမ်း၊ လိုက်လိုက်လျောလျော မပြောကြစတမ်း"ဟု အကယ်ပင် သရုပ်ဆောင်သည့်ပမာ မျက်နှာခပ်အိုအိုနှင့် အလိုမကျသည့်အလား အဆိုပြုလိုက်ရုံမျှမက အကယ်ပင်လည်း ဆန့်ကျင်တော့မည့်ပုံစံဖြင့် တစ်လှမ်းပြီး တစ်လှမ်း နီးကပ်လာသော အရှင့်သားသို့ တေ့တေ့တင်တင်ပင် မကြည့်၊ မမြင်ချင် ပြုကာ ကိုယ်ဟန်ခပ်စောင်းစောင်းကလေး နေပြလိုက်ပေသေးသည်။

အခြား ရသေ့များကလည်း အရှင်အဿဇိတမျှ အမူအရာမပြကြစေကာမူ အရှင်အဿဇိ၏ အဆိုကို သဘောတူသည့်ပမာနှင့် မျက်လွှာကလေးများချ၍ နေကြသည်။ ခေါင်းဆောင်လူကြီးလည်းဖြစ်၊ အရှင့်သားအပေါ် သံယောဇဉ်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကြီး၊ လူငယ်လူရွယ်သဘာဝ ခေတ္တမျှ ဖောက်ပြန်ချိန်တွင် ဖောက်ပြန်သော်လည်း တစ်နေ့တစ်ချိန်တွင်မူ ဧကန်ဧကေ ဘုရားဖြစ်ရမည့်သူဟု ယုံကြည်ချက်လည်းရှိသော အရှင်ကောဏ္ဍညကမူ တစ်လှမ်းပြီးတစ်လှမ်း နီးကပ်လာသော အရှင့်သားအား ထ၍ပင် ကြိုရတော့မယောင်၊ ထိုင်၍ပင် နေရတော့မယောင် မျက်လုံးပုတ်ခတ်ဖြင့် ခတ်မဆိတ် ကြည့်ရှုလျက်ရှိသည်။

ပြောလို့သာ ပြောရသည်။ မိမိတို့ထံပါးသို့ အရှင့်သား ရောက်လာသည်နှင့် တစ်ပြိုင်နက် ဟန်ပြင်တင်းမာထားသမျှတို့ ပြိုကျကာ ရှေးဦးစွာ သပိတ်ကိုလှမ်းယူသူကား အရှင်အဿဇိပင် ဖြစ်ပါပေ၏။ သင်္ကန်းကို လှမ်းယူသူမှာ အရှင်မဟာနာမ် ဖြစ်၏။ အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယတို့က လက်အုပ်ကိုယ်စီဖြင့် ကြိုဆိုသည်။ တင်းသယောင် ဟန်လုပ်ထားသော မျက်နှာများသည်လည်း အပြုံး ကိုယ်စီ ဖြစ်လာကြ၏။ အရှင်ကောဏ္ဍညမထေရ်ကြီးကမူ ဥရုဝေလတုန်းကကဲ့သို့ပင် ခေါင်းဆောင်ဆရာအတွက် အရှင်အဿဇိ ပြင်ဆင်ထားသော သီးသန့်နေရာသို့ အရှင့်သား ထိုင်တော်မူရန် ညွှန်ပြသည်။

စင်စစ်သော်ကား...မေတ္တာအပြည့်ရှိပြီးကြပြီးအပေါ်တွင် ဘုရားရှင်၏ မဟာ ကရုဏာတော်က တပည့်လည်းဖြစ်၊ အားကိုးခံများလည်းဖြစ်၊ ဓမ္မမိတ်ဆွေများ လည်းဖြစ်သော သူတို့အပေါ်၌ သိပ်သိပ်သည်းသည်း ဖွဲ့စည်းရစ်ပတ်ထားပြီး ဖြစ်သည်။

ထို့ထက် ထူးခြားဟန်ကား...အနီးသို့ရောက်လာသည်နှင့် တစ်ပြိုင်နက် အမူ အရာ ရုပ်ရည်သာမက သင်္ကန်း၊ သပိတ်၊ ပရိက္ခရာတို့ပင်လျှင် ရှေးကနှင့် လားလားမျှ မတူ အပြောင်းလဲကြီး ပြောင်းလဲလာတော့သည်ကို အံ့သြသောမျက်လုံးကိုယ်စီဖြင့် စူးစူးပြည့်ပြည့် ကြည့်မိကြရခြင်းဖြစ်၏။

ကြည့်ပါ။ တဏှာရှေ့သွား ဆွမ်းခံ၍စားသောကြောင့် အရည်အသားများ ပြောင်း လဲလာသည်ဆိုလျှင် ပြည့်ဖြိုးရုံမျှ ပြည့်ဖြိုးမည်။ ယခုသော် ပြည့်ဖြိုးရုံမျှမက ကိုယ်ရောင်တော်များပင် ထွက်နေသည့်ပမာ ဝင်းကြည်ရွှန်းပလျက် ရှိနေသည်။ အရှင်အဿဇိ လှမ်းယူလိုက်သော သပိတ်ကလည်း ရှေးအခါက သပိတ်ခွက်မည်း နှင့် လားလားမျှမတူ၊ မဟူရာရောင် တဖိတ်ဖိတ်နှင့် ခန့်ထည်ကြွားရွားလှပါပေ့ တကား။ ဝတ်ရုံထားသော သင်္ကန်းမှာလည်း ရှေးအခါကလို မြူအလိမ်းလိမ်း ဖုန်အထပ်ထပ်နှင့် မွဲညစ်လှသော သင်္ကန်းမဟုတ်တော့။ ကောဇ္ဇမွှရာဇ်၊ ကာသိတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တို့ထက်ပင် သာလွန်၍ တဖိတ်ဖိတ် တအိအိရှိနေပေသည်။ ဧကန္တ၊ အရှင့်သား သည် ဘုရားဖြစ်ဖို့ဝေးစွ၊ တရားနှင့်ပင် အကွာကြီးကွာဟလျက် ရှိနေပါပြီကောဟု တွေ့လိုက်မိကြသည်။

သို့ရာတွင် ထိုအတွေ့အမြင်၊ ထိုအမူအရာအားလုံးကို ထိန်းကွပ်ကာ ရသေ့တို့ နှလုံးကို သိမ်းကျုံးဆွဲဆောင်ထားသည်မှာကား သဗ္ဗညုတ ရွှေဉာဏ်တော်မှ ပေါ် ပေါက်လာအပ်သော ဘုရားရှင်၏ အတုမဲ့ ဣန္ဒြေတော်ပင် ဖြစ်ပေ၏။ သို့ဖြစ်ရာ ရှေးအခါက မမြင်ကြ မတွေ့ကြစဖူး ထူးကဲလှသော ကိုယ်ဟန်တော်တို့ကြောင့် မထီမဲ့ကား မပြုဝံ့ကြ။ ရှေ့တော်တွင် အလိုက်သင့်ထိုင်ကြသည်။ သို့ရာတွင် သံသယစိတ်ကလေးများကြောင့် တညီတညာ အလိုက်သင့် ထိုင်ကြခြင်းကား မဟုတ်။

အရှင်ကောဏ္ဍညမထေရ်ကြီးက ကုန်းမြင့်ကလေး၏အစွန်း ဘုရားရှင်၏ တင်ပျဉ်ခွေ ဒူးတော်နားတွင်ထိုင်ကာ မျက်နှာတပြုံးပြုံးနှင့် ဘုရားရှင်၏ ရွှေမျက်နှာ တော်ကို မျက်တောင်မခတ် ဆိုရလောက်အောင်ပင် စူးစူးစိုက်စိုက်ကြည့်သည်။ အရှင်ဝပ္ပက အရှင်ကောဏ္ဍညနံဘေးတွင် ခပ်ယို့ယို့ထိုင်၏။ အလားတူပင် ဘုရား ရှင်၏ လက်ဝဲဒူးတော်အစွန်း၌ အရှင်ဘဒ္ဒိယထိုင်၍ သူ့အနီးတွင် အရှင်မဟာနာမ် က ခပ်ကွယ်ကွယ်ထိုင်သည်။ သူတကာထက် ပြေလည်ဟန်မတူသော အရှင် အဿဇိကမူ အရှင်မဟာနာမ် နောက်ပိုင်းနားတွင် ခပ်ကွယ်ကွယ် ခပ်စောင်းစောင်း ထိုင်သည်။

ထိုအခါမှ ဘုရားရှင်က **"ရဟန်းတို့"**ဟူ၍ ပထမဆုံးသောအာလုတ်စကားကို မိန့်ကြားခေါ်ငင်တော်မူကာ **"ကျန်းခံ့သာ၍ မာကြပါ၏လော၊ တရားမပြတ် ရှုနိုင်ကြပါ၏လော၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါ၏လော"**ဟု ပဋိသန္ထာရစကား ပြောကြားလိုက်သောအခါ ရသေ့အားလုံးပင် အံ့အားသင့်ကြရပြန်လေသည်။ အကြောင်းမူကား...အရှင့်သား၏ ရုပ်အဆင်းမျှသာမဟုတ်၊ အသံသည်လည်း ယမန်ကနှင့် မတူတော့ဘဲ အထူးကွဲကြီး ထူးကွဲလာတော့သည်ကို ကြားကြရသော ကြောင့်တည်း။

မှန်လှပေ၏။ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိပြီးသည့်အချိန်မှစ၍ အဆင်း တော်သာမဟုတ်၊ အသံတော်သည်လည်း အပြောင်းလဲကြီး ပြောင်းလဲခဲ့ပေပြီ။ ကြည်လင်လှ၏၊ သာယာလှ၏၊ လုံလဲလှ၏၊ ဟိန်းပွင့်သိပ်သည်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အဆင်းရောင် အသံပါ ထူးခြားလာသည်ကတော့ အမှန်ပဲဟု သံသယ ကိုယ်စီဖြင့် မလုံမလဲ ရှုကြည့်ဖူးမြော်နေကြသည့် အခိုက်မှာပင် **"ရဟန်းတို့… ငါသည်ကား လောကသုံးပါးတွင် ဘုရားစင်စစ် ကေန်ဖြစ်ခဲ့ပေပြီ။ တဏှာတည်းဟူသော ဥစ္စအတွင်းမှ ဖောက်ထွင်းလွတ်မြောက် ပြီးခဲ့ပေပြီ။ သင်တို့နှင့်အတူ ခြောက်နှစ်တိုင်တိုင် ကျင့်သုံးအပ်သော လမ်းမှားလမ်းလွဲမှ သွေဖည်၍ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်တရားဖြင့် ဘုရားအဖြစ်သို့ ရောက်ခဲ့ပေပြီ"** ဟု မိန့်ကြားလိုက်သော အခါ ဘုရားဖြစ်မည့်သူဟု မျှော်လင့်ထားခဲ့သူက ဘုရားဖြစ်လာပြီဟူသော ဝန်ခံစကား ကြားရသောအခါ ဝမ်းသာဝမ်းမြောက်ကြရဖို့ ဖြစ်သော်လည်း သံသယ တန်းလန်းနှင့်ပင် ရှိနေကြပေသေးသည်။

အကြောင်းသော်ကား လောက၌ ငါဘုရား၊ ငါဆရာဟု ဝန်ခံသူတွေ ပေါ်များလှစွာ၏။ ငါဘုရား ဝန်ခံစကား မြွက်ကြားကာမျှဖြင့် ဘုရားဟူစကောင်းအံ့လော။ ဘုရား၏ မှတ်ကျောက်ကား တရားပေတည့်။ အရှင့်သားသည် အဘယ်တရားတွေကို သိလာခဲ့ပါသနည်း။ အဘယ်တရားဖြင့် ဘုရားဖြစ်လာခဲ့ပါသနည်းဟူသော သံသယပင် ဖြစ်ပေ၏။

ထိုစဉ်ခိုက်မှာပင် **"ရဟန်းတို့"** ငါ သိပ်အပ် ရောက်အပ်သော တရားကို သင်တို့အား ဟောကြားရန် ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။ ထိုတရားကို ယခု ဟောကြားမည်။ ကောင်းစွာနာယူကြကုန်။ စူးစူးစိုက်စိုက် နာယူကြကုန်။ **ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ…"** အစရှိသော ဓမ္မစကြာတရားတော်ကို စတင် ဟောကြားလိုက်သောအခါ အရှင်ကောဏ္ဍညသည် ချက်ချင်းပင် ဦးခေါင်းစိုက်သွား၏။ အရှင်ဝပ္ပနှင့် အရှင်မဟာနာမ်တို့က တရားတော် တစ်လုံးချင်း၏ အနှစ်သာရကို စူးစမ်းနာယူသည့်အဟန်ဖြင့် သူတို့၏ မှတ်ဆိတ်ရှည်များကို ဖြည်းညင်းစွာ သုံးသပ်ကာ နာယူ၏။ အရှင်မဟာနာမ်နှင့် အရှင်အဿဇိ တို့ကမူ မကျေမလည်သည့်ပုံစံနှင့် ဘုရားရှင်သို့ မျက်လုံးပုတ်ခတ်ဖြင့် မရဲတရဲ ကြည့်ကာ နာယူ၏။

ယင်းသို့ ဓမ္မစကြာတရား ဟောကြားချိန်၌ တရားတော် ထူးခြားသည်နှင့်အတူ တောတောင်ဝန်းကျင် တစ်ခုလုံးမှာလည်း အထူးခြားကြီး ထူးခြား၊ အပြောင်းအလဲကြီး ပြောင်းလဲလျက် ရှိနေပေသည်။

ပြောင်းလဲပုံကား ဘုရားရှင်၏ တရားတော်အသံသည် ရသေ့ငါးပါးတို့ကို

www.burmeseclassic.com

www.burmeseclassic.com



မှုသာမက တစ်တောလုံး၊ တစ်တောင်လုံးသို့ ဖုံးလွှမ်း ဟိန်းကြည်၍ ထွက်သည်။ အကြောင်းမူကား...တရားနာပရိသတ်မှာ လူပုဂ္ဂိုလ် အနေအားဖြင့် ရသေ့ငါးဦးတို့သာ ရှိသော်လည်း အခြားပရိသတ်များအနေဖြင့်မူ တစ်တောလုံး၊ တစ်တောင်လုံးမှုသာမက စကြဝဠာတစ်ခုလုံး ဆိုရလောက်အောင်ပင် နတ်ဗြဟ္မာတို့ဖြင့် တင်းကျမ်းပြည့်နေသည်။ ဗုဒ္ဓ ကောလာဟလ ထွက်ပေါ်လာပြီးသည့်နောက်၌ အသက်ရှည်သော နတ်ဗြဟ္မာတို့သည် ဤတရားတော်ကိုနာယူရန် ဤဘုရားရှင်ကို ဖူးမြော်ရန် တစောင့်စောင့် တကြိုကြိုနှင့် စောင့်မျှော်နေခဲ့ကြသူများ မဟုတ်ပါလော။

ဘုရားရှင်၏ အသံတော်သည် ယင်းလူနတ်ဗြဟ္မာတို့ကိုသာမက တောတောင်ရေမြေတို့ကိုလည်း ရိုက်ခတ်သည်။ အကြောင်းသော်တစ်မူကား ဘုရားရှင်အသံတော်ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဟောတော်မူရာ ရိပ်သာတော်တန်းကလေးမှုသာမက မပွင့်မလန်းသေးသမျှ တောပန်းတောင်ပန်းမှန်သမျှတို့သည် ငွားငွားစွင့်စွင့် တစ်ပွင့်မကျန် ပွင့်ကုန်ကြပြီတည်း။

တစ်တောလုံး၊ တစ်တောင်လုံးကိုလည်း စိန်ရည် မြရည် ပတ္တမြားရည်တို့ဖြင့် ပက်ဖျန်းလွှမ်းခြုံထားဘိသို့ ရောင်စုံလွှမ်းကာ အလှကြီးလှလျက်ရှိသည်။ အကြောင်းမူကား...ဓမ္မစကြာတရား စတင်ဟောကြားတော်မူသောအချိန်မှာ နေမင်းသည် တစ်နေ့လုံး လင်းကြည်စွာ သာယာလျက်ရှိခဲ့ရာမှ အနောက်လောကဓာတ်သို့ နီမြန်းသောအရောင်စက်ဝိုင်း တစ်ဝက်ဝင်ချိန်၊ အရှေ့လောကဓာတ်မှလည်း လမင်းသည် နေမင်း၏တာဝန်ကို ဆက်လက်ယူတော့မည့်အဟန်ဖြင့် ဝင်းထိန်သော စက်ဝိုင်းကြီးတစ်ဝက် ထွက်ပေါ်လာချိန်ဖြစ်ပေရာ နေရောင်နှင့် လရောင်တို့ ပေါင်းစပ်မိသောကြောင့် တစ်တောလုံး၊ တစ်တောင်လုံး ရောင်စုံလွှမ်းနေခြင်း ဖြစ်ပေသည်။

ဤအတွေ့၊ ဤအမြင်သည် ကြုံရခဲ ဆုံရခဲလှသော အတွေ့အမြင် ဖြစ်ပေသည်။ မဇ္ဈိမ၏ အံသာစက်နာရီအရ ဝါဆိုလသည် နေ့နာရီ ညဥ့်နာရီတို့ ထက်ဝက်စီရှိသော ရာသီဖြစ်ပေရာ တရားဓမ္မစက် ဟောမြွက်တော်မူသည့် အချိန်ဖြစ်သော ဝါဆိုလပြည့် ညဥ့်ဦးပိုင်းသည် နေတစ်ဝက်ဝင်၍ လတစ်ဝက်ထွက်သောအချိန် ဖြစ်၏။ သို့ရာတွင် ဝါဆိုလဟူသည် မိုးများသော မဇ္ဈိမအဖို့ မိုးသားတိမ်လိပ်တို့ဖြင့် ဖုံးအုပ်ထားမြဲဖြစ်ရာ တရားရှင်နှင့် ဓမ္မစကြာတန်ခိုးကြောင့် ကြည်လင်နေသော ယခုလိုနေ့မျိုးကို တွေ့ရခဲ၊ ကြုံရခဲ တွေ့ကြုံလိုက်ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်၏ လက်ထက်တော်တွင် ဤလိုနေ့မျိုး နှစ်ကြိမ်ကြုံရဖူးသည်ကို တွေ့ရ၏။ ယခုအကြိမ်နှင့် ကောသလဘုရင်အား "ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ"တရားဟောကြားတော်မူချိန် တစ်ချိန် ဖြစ်ပေ၏။

ယနေ့ပင်လျှင် သူတို့အချိန် သူတို့ရာသီသော်ကောဟု မော်ကြွားသည့်အဟန် ဖြင့် တိမ်မိုက် တိမ်လွှာ တိမ်ပြာမို့မို့လွင်တို့က နေမင်းကိုပင် အန်တုသည့်ပမာ ရံဖန်ရံခါ ပေါ်ပေါက်လာကြပေသေးသည်။ သို့ရာတွင် ထူးခြားသော ဤနေ့အဖို့ လောကဓာတ်တစ်ခုလုံးကို လှပစွာ တန်ဆာဆင်ဖို့ လိုအပ်သည်ဖြစ်ပေရာ ပေါ်လာ လေတိုင်း နေမင်းနှင့် လမင်းတို့က သူတို့ကို ပုတ်ထုတ်ပစ်ခဲ့သည်။

တရားပွဲမှအပြန် ကျောင်းသခ်မ်းကလေးများဆီသို့ ကြွလာကြသောအခါ တရားရှုမှတ်ရင်းဖြင့် တစ်လှမ်းချင်း ဖြည်းညင်းစွာ လှမ်းလာကြသော ပဥ္စဝဂ္ဂီတို့၏ ခြေတော်များကို ခြေလမ်းကလေး တစ်ဖက်တစ်ချက်ရှိ ဘိသိက်ပန်း၊ စောမေတ္တာ ပန်းကလေးများက ထိနမ်းပူဇော်ကြသည်။

ဤတွင် ထူးခြားစွာတွေ့ရသည်ကား စောစောပိုင်းက တောပန်း တောင်ပန်းဟု အမည်ပေးခဲ့သော ကိုင်းပင်လိုလို ပေါင်းမြက်လိုလို အပင်ကလေးများသည် ညီညာ လှပစွာ တသီတသန်းကြီး ပွင့်နေကြခြင်းတို့ပင် ဖြစ်၏။

အပင်ကလေးများအားလုံး၏ ပင်ချွန် ပင်ဖျားကလေးများသည် တရားဟော တော်မူရာ တောင်ကုန်းသို့ ဦးညွတ်လျက်ရှိ၏။ ဘုရားရှင်နှင့် တရားတော်ကို ပူဇော်ကြသည့်အဟန်ဖြစ်သည်။ အပင်ကလေးများအလယ်မှ ပွင့်တံ တစ်ခက် တစ်ခက်တွင် တစ်ပွင့်ပေါ် တစ်ပွင့်ဆင့်နှင့် ပန်းပွင့်ပန်းခုံးကလေးများ ရှစ်ပွင့် ရှစ်ပွင့်စီ ပွင့်သည်။ ပန်းပွင့်ကလေးအားလုံးကလည်း တောင်ကုန်းကလေးများသို့ လက်စုံဖူး၍ ပူဇော်နေကြသကဲ့သို့ ကိုင်းညွတ်လျက်ရှိသည်။ အဆင်းအရောင်က လည်း စုံလင်လှ၏။ အနီ၊ အဖြူ၊ ပန်းရောင်၊ ခရမ်းရောင်၊ မရမ်းရောင်၊ လိမ္မော် ရောင်၊ အပြာ၊ အဝါ ရှစ်မျိုး။

"အရှင်ဘုရား နုတ်ပယ်ပစ်ဖို့ ကြံရွယ်ခဲ့တဲ့ ဟောဒီပန်းကလေးတွေကို ရှုပါဦး အရှင်အသဃဇိ။ မထူးခြားဘူးလား၊ အပွင့်ရော အပင်ပါ ဘုရားရှင်ဆီကို ပူဇော် နေကြပေတယ်။ တပည့်တော်တော့ ဒီအမည်မဲ့ပန်းကလေးတွေကို အမည်ပေးလိုက် မိပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုများပါလဲ အရှင်ဘုရား"

"ဘုရားရှင် ကြွရောက်လာတဲ့နေ့မှာ ထူးခြားစွာပေါ်ပေါက်လာတဲ့ပန်း၊ မဂ္ဂင်ရှစ်ဖြာ၊ ရွှေသစ္စာကို သရုပ်ဖော်တဲ့ပန်း၊ ဦးညွတ်ကော်ရော် ပူဇော်တဲ့ပန်းမို့လို့ သစ္စာပန်း၊ ရွှေသစ္စာပန်းလို့ပါ အရှင်"။ ။

www.burmeseclassic.com

www.burmeseclassic.com



# လယ်မှုးကြီးဗုဒ္ဓ

[ ၁ ]

နွေးဦးအစ တပေါင်းလရာသီကို သာယာသည်၊ လှပသည်ဟု ဆိုကြ၏။ တောကိုချစ်သော သူကောင်း ပညာရှိတို့အမြင်အားဖြင့် ဆိုလောက်ပါပေသည်။

စာဆိုပညာရှိကြီး ကာဠုဒါယီသည် တပေါင်းတော၏ သာယာပုံကို ဘုရားရှင်သို့ အမြင်စိပ်စိပ်ဖြင့် ဖွဲ့ဆိုလျှောက်တင်ခဲ့သည်။ ဘုရားရှင်သည် တပေါင်း၏ လှသောတောကိုဖြတ်၍ ရာဇဂြိုဟ်မှ ကပိလသို့ ခြေကျင်ခရီးဖြင့် ကြွချီတော်မူသည်မှာ စာဆိုကြီး ကာဠုဒါယီ၏ အလျှောက်အဆိုကောင်းသောကြောင့်ဟုပင် ဆိုနိုင်သည်။

ကာဠုဒါယီ၏ အနွယ်ကိုလိုက်၍ ရှေးပညာရှိ စာဆိုတို့သည် ဓမ္မ၏ ရသကိုပင် တပေါင်း၏သာယာပုံ "ဝနပ္ပဂုမ္ဗေ ယထာဖုဿိတဂ္ဂေ" စသည်ဖြင့် ဖွဲ့ဆိုကြသည်။ ထို့အတူ ရှင်ဥတ္တမကျော်၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်အုန်းညိုတို့မှစ၍ ယခုခေတ်စာဆိုတို့တိုင် တပေါင်း၏ သာယာပုံကို အလေးပြုကြသည်။ တောကိုချစ်တတ်သော ပညာရှိတို့၏ အမြင်တည်း။

တောနေ သူတော်ကောင်းတို့အဖို့ တပေါင်းသည် သာယာရိုး၊ လှရိုး အမှန်ဖြစ်သော်လည်း လုပ်သားပြည်သူတို့အဖို့မူ တပေါင်း၊ တန်ခူး နွေခေါင်ခေါင် ရာသီသည် ပူ၏၊ ခြောက်သွေ့၏၊ ချွေးတပြိုက်ပြိုက်ရှိ၏။ ပူလွန်းသောကြောင့် အေးသောမိုးကို တောင့်တကြ၏။ အေးသောနေရာကိုရှာ၍ ကွန်းခိုကြရ၏။

ကဆုန်နောက်ပိုင်းနှင့် နယုန်သို့ရောက်သောအခါ မိုးရိပ်မိုးဆင်ကလေးများကြောင့် လောကသည် သာယာလာသယောင် ထင်ရ၏။ သို့သော် တကယ်သာယာ

www.burmeseclassic.com



ခြင်း မဟုတ်သေး။ နွေသည် မိမိ၏အပူဖြင့် ကင်းပြတ်ရတော့မည်ကြောင့် ငြိမ်းခါနီး ဆီမီးသည် အစွမ်းကုန် လင်းသကဲ့သို့ အစွမ်းကုန်ပူသည်။ မြစ်ချောင်း အင်းအိုင်တို့ ခန်းခြောက်၏။ နယုန်တွင် မိုးသက်မိုးငွေ့တို့ အစပြုပြီဖြစ်သော်လည်း အပူကြောင့် ခြောက်သွေ့နေသော လောကကို မကယ်နိုင်သေး။ မိုးဦး မိုးဆမ်း ရေကလေးကြောင့် သစ်ပင်တောတောင်တို့သည် အညှောင့်အကင်းကလေးများ ထွက်ပြူနိုင်ရုံမျှ အားယူစရှိသေးသည်။ အမွေးအတောင်မစုံသေးသော ငှက်ပမာမျှသာတည်း။

မိုးဦး, မိုးလယ်, မိုးနှောင်းကောင်းမည်လော၊ စပါး ဆန်ရေ ဖွံ့ဖြိုးပါမည်လောဟူသော သံသယဖြင့် လယ်သမားသည် လယ်လုပ်ပစ္စည်းထွန်တုံး ထွန်းသန်ကို ပြင်ဆင်၏။ ကျွဲ, နွားတို့သည် မိုးရိပ်မိုးဆင်ကိုမြင်၍ တစ်မိုးလုံး ပခုံးပွန်းအောင် ရုန်းရဦးမည့် ဆင်းရဲမှုကိုကြောက်ကာ ပုန်းလျှိုး၍ပင် နေတတ်ကြ၏။

ဝါဆို ဝါခေါင်တွင် မိုးသည် လောကအလုံးကို ရေပြင်အတိဖြစ်အောင်ကြိုးစား၏။ သစ်ပင်တို့သည် စိမ်းလန်း စိုပြည်ရုံမျှမဟုတ်၊ မိုး၏ဒဏ်ကို လူးလွန့်လှုပ်ရှားခွင့်မျှ မရအောင်ပင် ကုန်း၍ခံကြရ၏။ လယ်သမားသည် နေမထွက်မီမှ နေဝင်အထိ မိုးသည်းသည်း ရေဖွေးဖွေးထဲတွင် ကျွဲနွားကိုသာ အဖော်ပြု၍ အပန်းကြီးစွာ အလုပ်,လုပ်ရသည်။ မြစ်ချောင်းအင်းအိုင်တို့သည် ရေဖြည့်ပြည့်ရုံမဟုတ်၊ မောက်လျှံ၍ထွက်သည်။ ရံဖန် လယ်သမား၊ လုပ်သားပြည်သူကိုပင် ဒုက္ခရောက်စေသည်။

တော်သလင်း၊ သီတင်းကျွတ်တွင် နွေနှင့် ဆောင်းသည် မိုးကိုလု၏။ မိုးသားတိမ်လိပ်တို့အကြားမှ နေသည် ကျဲကျဲပူ၍ ဆောင်းသက်လေကလေးက အချမ်းဘက်သို့လုသည်။ သို့ရာတွင် လောကသည် မိုး၏ဒဏ်ကြောင့် လွတ်လွတ် ကျွတ်ကျွတ် ခြေဆန့်လက်ဆန့်မရှိနိုင်သေး။ မိုးကြောင့် ဖောင်းပွနေသော လောကဓာတ်ကို အနာကျစ်လျစ်အောင် ပြုပြင်နေရဆဲဖြစ်သည်။

အပူအအေး ညီညွတ်၍ လွတ်ကျွတ်သာယာဆဲခဏမှာပင် ပြာသို၊ တပို့တွဲသို့ ရောက်လာကာ အချမ်းဓာတ်သည် စိုးမိုးလာ၏။ အချမ်းဓာတ်သည် လုပ်သားပြည်သူ ဆင်းရဲသူ ဆင်းရဲသားတို့ကို အိပ်ရာထဲ၌ အေးဆေးစွာမအိပ်နိုင်အောင်ပင် ဆွဲထူနှောင့်ယှက်၏။ အလုပ်ခွင်တွင် တစ်နေ့လုံးပင်ပန်း၍ ညဘက်တွင် အိပ်ခြင်းဖြင့် အနားယူလိုက်သော်လည်း မယူနိုင်။ အချမ်းဓာတ် တိုက်ခိုက်လာ၍ မီးဖိုသို့ ထ၍ပြေးရသည်။ ဆင်းရဲသားသည် ဤရာသီ၌ အချမ်း၏နှိပ်စက်မှုကို ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာစွာ နေရသော နေ့တာသည် တို၏။ ချမ်းသောညဥ့်တာသည် ရှည်၏။ သို့နှင့်ပင် ခွေးတလုံးလုံးဖြင့် အပူလွန်ကဲသော တပေါင်း၊ တန်ခူးသို့ ရောက်လာရပြန်သည်။

တန်ဆောင်မုန်းကား အလှဆုံးတည်း၊ အသာယာဆုံးတည်း။ အဘယ့်ကြောင့် လှသနည်း၊ သာယာသနည်း။

ဥတုသည် အပူအအေးညီညွတ်၏။ ကောင်းကင်၌ တစ်မိုးတွင်းလုံး ဟိန်းဟောက် စစ်ဆင်ခဲ့သော မိုးသားတိမ်လိပ်တို့သည် မောင်ပြီဖြစ်၍ ကွယ်ပျောက်အနားယူ၏။ ထို့ကြောင့် ကောင်းကင်သည် မြူခိုးမြူငွေ့ အနည်အမှုန့်တို့မှ မကျန်အောင် ဟင်းလင်းပွင့်၏။ ကောင်းကင်သို့ မော်ကြည့်လိုက်လျှင် အခြားသော စကြဝဠာ ထိုထိုကိုပင် မြင်ရအံ့ပမာ လင်းလျက်ရှိသည်။

သစ်ရွက်ပင်စည်တို့သည် တစ်မိုးတွင်းလုံး မိုး၏ဒဏ်ကို ရွက်ချင်းဆက်ကာ ယို့၍ခံခဲ့ရာမှ တန်ဆောင်မုန်းတွင်မူ ရေချိုးပြီးစပမာ လန်းဆတ်ကြည်ရွှင်လာ၏။ ရေချိုးပြီးစ ဝတ်ကောင်းစားလှ ဝတ်ဆင်သည့်ပမာ အဖူးအငုံတို့ စွင့်စွင့်ကားကား ပွင့်၏။

မြစ် ချောင်းအင်းအိုင်တို့သည် နွေကဲ့သို့လည်း မခန်းခြောက်၊ မိုးကဲ့သို့လည်း မပြည့်မောက်။ မိုးသက်လေတို့ မရှိပြီဖြစ်သောကြောင့် လှိုင်းတံပိုးတို့ မလှုပ်ရှား။ ရေပိုရေလျှံတို့သည် ဆန်တုတ်တိုက်ထားသည့်ပမာ ညီညွတ်သာယာ၏။

ထို့ထက်အလှဆုံးကား မိခင်မြေအပြင်တွင် လုပ်သားပြည်သူတို့၏ ဝီရိယဖြင့် တစ်မိုးတွင်းလုံး ရင်းနှီးခဲ့သမျှ ရအပ်သော ရွှေဝါရောင်လယ်ကွင်းပြင်ကြီးများတည်း။

မိုးရာသီ၌ လုပ်သားပြည်သူတို့၏ လယ်ကွင်းပြင်ကြီးများ ညိုညိုစိမ်း၏။ ထိုလယ်ကွင်းတို့၏ အလှကို ဗြဟ္မာလာနှင့် ပမာထား၍ စာဆိုတို့ဖွဲ့ဆိုတတ်ကြသည်။ မြကမ္ဗလာသည် လှပါ၏။ သို့ရာတွင် ရွှေဝါရောင်က ပို၍လှသည်။ ပို၍ ကျက်သရေရှိသည်။ အကြောင်းမူကား ဘုရားရှင်သည် မိမိ၏ သာသနာအတွက် အရောင်မျိုးစုံအနက်မှ ရွှေဝါရောင်ကို ရွေးချယ်တော်မူသည်။

တန်ဆောင်မုန်းလတွင် ရွှေဝါရောင် လယ်ကွင်းပြင်ကြီးတို့သည် မြေအပြင် လွှမ်းခြုံလျက်ရှိ၏။ သည်နွေရာသီကဲ့သို့ မတင်းမာ၊ မခက်တရော်၊ မိုးရာသီကဲ့သို့ လည်း ရွှံ့နွံတို့ဖြင့် မပြည့်။ လယ်ကွင်းပြင်ကြီးများကို အနီးကပ်ကြည့်လိုက်သော အခါ ပြည့်ဖြိုးသော အသီးတို့ကြောင့် ညွတ်ကိုင်းလျက်ရှိသော ကွင်းစပ်မှ စပါးသီး

www.burmeseclassic.com

www.burmeseclassic.com



စပါးနှံ စပါးဆုပ်ကြီးတို့မှာ ရွှေဝါရောင်ကမ္ဗလာကြီးက ရွှေသီးရွှေခြူ ရွှေပန်းပွားတို့ဖြင့် အနားကွပ်ထားဘိသို့ ရှိသည်။

[ ၂ ]

ယင်းသို့ သာယာလှသော တန်ဆောင်မုန်းလ၏ တစ်နံနက်ခင်း ဆွမ်းခံပြန်ချိန်၌ ဘုရားရှင်သည် ဒက္ခိဏာဂီရိသို့ ပြန်ရိုးပြန်စဉ် လမ်းဖြင့် မပြန်ဘဲ ဆွမ်းခံလမ်းမှ မြို့အပြင် လယ်ကွင်းပြင်သို့ ဖဲ၍ထွက်ခဲ့သည်။

ဘုရားရှင်သည် လယ်ကန်သင်းအတိုင်း ကြွတော်မူသောအခါ ပြည့်ဖြိုးသော ကောက်ပင် ကောက်ဆုပ်တို့သည် ဘုရားရှင်၏ ရင်ခွင် ဒူးဝန်းတို့သို့ သားကို ဆီးပွေ့သော မိခင်ကဲ့သို့ တစ်ဆုပ်ပြီးတစ်ဆုပ် ဆီးပွေ့ နမ်းရှုပ်ကြ၏။ ကောက်ပင်ကဲ့သို့ မမြင့်မား မကြွားရွားနိုင်သော မြေဇာမြက်တို့သည်ကား သူတို့လက်လှမ်းမီရာ ဘုရားရှင်၏ ခြေဖမိုးတော်အစုံကို ထိနမ်းပူဇော်ကြသည်။

ဘုရားရှင်၏ ရှေ့တူရူ မလှမ်းမကမ်းတွင် လယ်သူကြီး သုဒ္ဓသည် ပေါက်တူးတစ်လက်ဖြင့် လယ်ကန်သင်းကို ပြုပြင်လျက်ရှိ၏။ သူသည် လယ်ကွင်းပြင်သို့ ဘုရားရှင် ဝင်လာစကပင် ဘုရားရှင်ကို လှမ်းမြင်သည်။ သို့ရာတွင် ဘုရားရှင်သည် လယ်ကွင်းပြင်ကိုဖြတ်၍ ဒက္ခိဏာဂီရိသို့ ပြန်ခြင်းမျှဖြစ်၍ မိမိထံသို့လာသည်ဟု မမျှော်လင့်။ မျှော်လင့်ဖွယ်ရာ အကြောင်းမရှိ။ အဘယ့်ကြောင့်ဆိုသော် သုဒ္ဓသည် ဘုရားရှင်ကို ယုံကြည်ကိုးကွယ်သော ဘုရားရှင်၏ ဒါယကာမဟုတ်သောကြောင့် ဖြစ်၏။

ဘုရားရှင်သည် လယ်သူကြီးသုဒ္ဓအား ရာဇဂြိုဟ်အတွင်း၌ တွေ့ဖူးစဉ်ကပင် သုဒ္ဓ၏ ရင့်ကျက်မှုကို အကဲခတ်မိပြီးဖြစ်သည်။ သုဒ္ဓသည် မိတ်ကောင်းဆွေကောင်း ဆရာကောင်းနှင့် မတွေ့သောကြောင့်သာ လွဲမှားနေရသူဖြစ်သည်။ သူ့အား လိမ္မာစွာ ချဉ်းကပ်လျှင် သာသနာအတွက် အကျိုးရှိမည့်သူဖြစ်ကြောင်း ဘုရားရှင် သိတော်မူသည်။ ထို့ကြောင့် ယနေ့အဖို့ သူ့အတွက် လယ်ကွင်းသို့ ဆင်းတော်မူခဲ့ခြင်းဖြစ်၏။

လယ်သူကြီးသုဒ္ဓသည် မိမိထံသို့ ဘုရားရှင်လာခြင်းဖြစ်သည်ဟု မမျှော်လင့်သော်လည်း ယခု တူရူလာနေသည်ကို တွေ့ရသောအခါ အံ့အားသင့်၏။ မိမိတူရူသို့ ဘုရားရှင်လာနေသည်ကို မနှစ်သက်။ ဘုရားရှင်နှင့် သူ့တပည့် သံဃာများသည် အလှူခံရဲရင့်သည်၊ အပြောအဟောရဲရင့်သည်ဟု ကြားရဖူး၏။ လယ်ကွင်းထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ငါ့ထံသို့ အလှူခံလာမည်ကား မဟုတ်။ သို့ဆိုလျှင် မကြားမနာလိုသော ငါ့အား တရားဟောကောင်း ဟောချေအံ့၊ သို့မဟုတ် လယ်ကန်းသင်းတွင် ခရီးဆုံးခြင်းမျှသာဖြစ်၍ ငါ့ထံသို့လာခြင်း ဟုတ်ကောင်းမှ ဟုတ်မည်။ မဟုတ်ခဲ့သော် ဘုရားရှင်သည် သူ့အလိုအလျောက် ငါ့ကိုကျော်၍ သွားလိမ့်မည်။

လယ်သူကြီးသုဒ္ဓသည် သူ့ထံသို့ ဘုရားရှင် တူရူကြွလာသည်ကို တစ်ကိုယ်တည်း အတွေးဖြင့် တုန်လှုပ်လျက်ရှိသည်။ ထို့နောက် ဘုရားရှင် ကျော်၍သွားနိုင်ရန် လယ်ကန်သင်းဘေးသို့ ခပ်ဖယ်ဖယ် ဆင်း၍ ဘုရားရှင်ကို လုံးဝပင် မမြင်ဟန်ပြုကာ ကျောခိုင်းရင်း ပေါက်တူးဖြင့် ရေမြောင်းကို ပေါက်နေသည်။ ထိုအခိုက်–

"ကောက်ပင်တို့ သန်မာဟန်ရှိသည် ဒါယကာသုဒ္ဓ"ဟူသော အောင်မြင်ထူးဆန်းလှသည့် ဘုရားရှင်၏ ပဋိသန္ဓာရပြုသံကို အံ့အားသင့်စွာ ကြားရ၏။

လယ်သူကြီးသုဒ္ဓသည် ဘုရားရှင်၏အသံကို တစ်ကြိမ်မျှ မကြားစဖူးခဲ့ပေ။ တစ်ကြိမ်မျှလည်း အနီးကပ် မတွေ့ မမြင်ခဲ့ဖူးပေ။ မိမိသည် ဘာသာတစ်ပါး၊ ကိုးကွယ်မှုတစ်ပါးဖြစ်၍ ဘုရားရှင်အပေါ်တွင် အမှတ်မဲ့သာ နေခဲ့သည်။ ယခုထူးခြားသောအသံကို ကြားရသောအခါ ကျောခိုင်းထားသော ဘုရားရှင်ဘက်သို့ ဖျတ်ခနဲလှည့်ကာ ဘုရားရှင်၏ မျက်နှာတော်ကို မော်ကြည့်၏။

ထို့နောက် ယခုမှ မြင်လေဟန်ဖြင့်–

"ဩော်...ဘုရားရှင်ပါကလား၊ ဒက္ခိဏာဂီရိသို့ သွားရိုးလမ်းဖြင့်မသွားဘဲ လယ်ကွင်းသို့ ဖြတ်ခဲ့ဟန်ရှိသည်"ဟု စကားပြန်သည်။ စကားဆိုရင်း အနီးကပ်တွေ့မြင်ရသော ဘုရားရှင်၏ မျက်နှာတော်နှင့် ခန္ဓာကိုယ်ကို ပေါက်တူးရိုးတွင် လက်တင်ကာ စိမ်းစိမ်းကြည့်သည်။ အထူးသဖြင့် ကြည်ညိုဖွယ် အတိပြီးသော ဘုရားရှင်၏ မျက်နှာတော်မှ လွှဲဖယ်၍ မရနိုင်အောင် စိမ်းစိမ်းကြည့်သည်။

ဘုရားရှင်က မိန့်၏။

"မှန်ပေသည် ဒါယကာ လယ်သမားကြီး သုဒ္ဓ၊ ရဟန်းတို့တွင် သလုံးမြင်းခေါင်းဖြင့် ရှာမှီး၍ရအပ်သော ဆွမ်းသည် မြတ်သကဲ့သို့ လယ်သမားကြီးတို့၏ အားထုတ်အပ်သော ဝီရိယဖြင့် ရအပ်သော ကောက်ပင်စပါးသည် မင်္ဂလာရှိ၏။ မင်္ဂလာရှိသောအမှုကို ကြည့်ရှုတွေ့လို၍ လယ်ကွင်းပြင်သို့ ဆင်းခဲ့ပေသည် ဒါယကာသုဒ္ဓ"ဟု မိန့်တော်မူကာ ဘုရားရှင်သည် ဒက္ခိဏာဂီရိသို့ ဆက်လက်ကြွသွားတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



လယ်သူကြီးသုဒ္ဓသည် အံ့အားသင့်ရပြန်၏။ မိမိထင်သကဲ့သို့ ဘုရားရှင်သည် အလှူမခံပေ။ တရားလည်းမဟောပေ။ အသိလွဲမှားခဲ့သောကြောင့် မတွေ့မီက မတွေ့လိုခဲ့သော်လည်း ရင်ဆိုင်တွေ့ရသောအခါ ထူးခြားသောမျက်နှာ၊ ထူးခြားသော ခန္ဓာကိုယ်၊ ထူးခြားသောအသံနှင့် ထူးခြားသောစကားကို အားရအောင်မျှ မတွေ့ရမီ၊ မကြားရမီ ထွက်ကြွတော်မူသွားသည်။

အထူးသဖြင့် ဘုရားရှင်၏ ထူးခြားသောမျက်နှာတော်ကို သတိပြုလိုက်မိ၏။ သတိပြုရုံမျှမဟုတ်၊ သုဒ္ဓ၏ စိတ်ကူးမျက်စိတွင် စွဲဝေ့၍ ကျန်ရစ်သည်။ သုဒ္ဓသည် ကန်သင်းအတိုင်း ဘုရားရှင်ကြွသွားတော်မူသည်ကို ပေါက်တူးတွင် လက်တင်ရင်း မျက်စိတစ်ဆုံး ငေးမျှော်၍ ကျန်ရစ်၏။

ရာဇဂြိုဟ်တွင် မိမိကိုးကွယ်သော ဆရာနှင့်တကွ ဂိုဏ်းဆရာများစွာကို တွေ့ခဲ့ရဖူးသည်။ တရားရှင် ပညာရှိဆိုသူတို့ကိုလည်း တွေ့ခဲ့ရသည်။ ထိုသူတို့၏ မျက်နှာနှင့် ဟန်အမူအရာတို့အနက် အချို့တွင် မာနအဆီဝေ့လျက်ရှိ၏။ ငါနှင့် ငါသာ နိုင်းစရာဟူသော မာန်ခိုးမာန်ငွေ့ ထွက်လျက်ရှိသည်။ အချို့တွင် အစားကောင်း အနေကောင်းဖြင့် မောဟအဆီယစ်လျက်ရှိသည်ကို တွေ့ရသည်။ အချို့တွင်ကား မိမိရဖို့ကိုသာ အားထုတ်ရင်း လောဘအစွယ် ငေါငေါပေါ်လျက်ရှိသည်။ ရှုတ်ချသောလေသံဖြင့်လည်းကောင်း၊ ရှုတ်ချသောမျက်နှာဖြင့်လည်းကောင်း ဣဿ မစ္ဆရိယ အစွန်းထင်းထင်းကြီး ထွက်လျက်ရှိသော မျက်နှာများကိုလည်း တွေ့ရ၏။

ဘုရားရှင်၏ မျက်နှာတွင် ဤအရာအားလုံးဖြင့် ကင်းရှင်း၏။ ပွင့်ပွင့်ရှင်းရှင်း ကြည်လင်၏။ ခန္ဓာကိုယ်သည်လည်း တစ်နေရာ တစ်ကွက်ကလေးမျှ ထော်ထော် ငန်းငန်းမရှိ၊ ပြေပြစ်၏။ ဘုရင်သုဒ္ဓေါဒန၏ ရင်သွေးမင်းသားတစ်ယောက် ဆို စလောက်ပါပေသည်။

သို့ရာတွင် သူများတကာ ဂိုဏ်းဆရာဆိုသည်မှာ ယေဘုယျအားဖြင့် သက်ကြီး ရွယ်အိုတို့ ဖြစ်ကြသည်။ ဘုရားရှင်သည်ကား ငယ်ရွယ်နုပျိုလှသေး၏။ ဤရုပ် ဤရည်ဖြင့် လောကအလယ်တွင် တင့်တယ်စွာနေခဲ့လျှင် အဘယ်မျှဖွယ်ရာမည် နည်း။ ယခုသော် နုပျိုလန်းဆတ်သော ရုပ်အဆင်းတွင် နုတ်ခမ်းတို ရေအိုးကဲ့သို့ သော မဖွယ်မရာသော ခွက်ကိုပိုက်၍လည်းကောင်း၊ ချုပ်စပ်ဖာထေးအပ်သော အဝတ်ကိုဝတ်၍လည်းကောင်း၊ ဖြတ်အပ်သော ဦးပြည်းဆံတို့ဖြင့် မြင်ရတွေ့ရသည် မှာ မဖွယ်မရာရှိလှပေစွဟု သုဒ္ဓတွေးသည်။ နောက်တစ်နေ့ ဆွမ်းခံပြန်ချိန်တွင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်သည် လယ်ကွင်းကိုဖြတ်၍ လယ်သူကြီးသုဒ္ဓအထံသို့ တူရူကြွလာပြန်သည်။ ယနေ့မူ သုဒ္ဓသည် ဘုရားရှင်အား မမြင်ဟန်ပြု၍မနေ၊ သင်္ကန်းတော်ရွှေဝါရောင်နှင့် စပါးရွှေဝါရောင်တို့ ရောစပ်ကာ လယ်ကွင်းသို့ ဘုရားရှင်ဝင်လာသည်ကို မြင်ကတည်းက လယ်သူကြီးသုဒ္ဓသည် လည်ဆန့်၍ မျှော်ကြည့်နေမိသည်။

အမှန်အားဖြင့် သုဒ္ဓသည် ဆွမ်းခံပြန်ချိန် ရောက်ကတည်းက မိမိထံသို့ မနေ့ကကဲ့သို့ပင် ဘုရားရှင် ကြွလာကောင်း ကြွလာလေဦးမည်လားဟု မနေ့က လာရာလမ်းခရီးဆီသို့ တမျှော်မျှော် တကြည့်ကြည့် ဖြစ်နေမိသည်။ လယ်သူကြီးသုဒ္ဓသည် ဘုရားရှင်အား ခင်မင်မှန်းမသိ ခင်မင်လျက်ရှိနေပေပြီ။

သုဒ္ဓသည် ဘုရားရှင်နှင့် စကားကြာကြာပြောလိုသည်။ ဘုရားရှင်ကို ကြာကြာဖူးတွေ့လိုသည်။ သို့ရာတွင် မိမိမှာ ဘုရားရှင်၏ ဒါယကာမဟုတ်၊ ဆရာတခြားဖြစ်၍ ဘုရားရှင်အား နှစ်လိုကြည်ညိုစိတ် ရှိပါလျက် ထိုစိတ်ကိုဖော်ပြ၍ မတော်သေး၊ ရှက်စနိုးရှိသည်။ သို့ဖြစ်၍ ပရိယာယ်ဆင်ကာ လယ်ကန်သင်းပြုပြင်ဟန်ဖြင့် ဘုရားရှင်ကြွလာသော လယ်ကန်းသင်းပေါ်တွင် မနေ့ကကဲ့သို့ပင် လမ်းဘေးသို့ မဖယ်ဘဲ လမ်းကိုပိတ်၍ ပေါက်တူးပေါက်နေ၏။

အနီးသို့ ဘုရားရှင်ရောက်လာသောအခါ ယခုမှမြင်လေဟန်ဖြင့် မော်၍–

"ဩော်...ဘုရားရှင် ကြွလာပြန်သကိုး"ဟု ဆိုသည်။

"မှန်ပေသည် ဒါယကာသုဒ္ဓ၊ မြို့တွင်း၌ သွားလာရသည်ကား မျက်စိကိုချုပ်တည်းရသည်၊ နားကိုချုပ်တည်းရသည်၊ ကာယိန္ဒြေကို စောင့်ထိန်းရသည်။ လယ်ကွင်းသည်ကား လွတ်လပ်မှုကိုပေး၏။ ဝိသဘာဂအမြင်တို့မှ ဆိတ်သုဉ်း၍ ကျက်သရေရှိသော ရွှေသီးရွှေရောင်ကို ကြည့်ရှုနိုင်၏။ ဝိသဘာဂအသံတို့မှ ဆိတ်သုဉ်း၍ လေကောင်းလေသန့်ကို ရှူရှိုက်နိုင်ပေသည် ဒါယကာ သုဒ္ဓ"

"အရှင်ဘုရားသည် မနေ့ကလည်း လယ်ကိုချီးကျူး၏။ ယနေ့လည်း လယ်ကိုချီးကျူးပြန်၏။ ချီးကျူးရုံမျှဖြင့် အသို့အကျိုးရှိပါအံ့နည်း။ အရှင်ဘုရားသည် ငယ်ရွယ်နုပျိုလှပေသေး၏။ ငယ်ရွယ်နုအံ့အချိန်၌ အရှင်ချီးကျူးသော လယ်အလုပ်ကို လုပ်၍ လောက၌ တင့်တောင့်တင့်တယ်နေရန် မသင့်ပါလော။ ယခုသော် ငယ်ငယ်ရွယ်ရွယ်နှင့် အိုးတိုပြတ်ကိုပိုက်လျက်၊ အစပ်အဖာကိုဝတ်လျက် တွေ့ရသည်မှာ မတင့်တယ်လှပါ"

"အသို့ဆိုသနည်း ဒါယကာ သုဒ္ဓ၊ ငါသည်လည်း သင်ကဲ့သို့ပင် လယ်လုပ်

www.burmeseclassic.com



သည်သာတည်း။ ထို့ကြောင့် ငါသည်လည်း သင်ကဲ့သို့ပင် လယ်သမားတည်း"

ထိုအခါ၌ သုဒ္ဓသည် အသံထွက်အောင် ဟားတိုက်ရယ်လိုက်၏။ ပွင့်လင်းသော မျက်နှာ၊ သာယာသောအသံ၊ ကျစ်လျစ်သော ဟန်ပန်အသွင်ကို ကြည့်၍ အထင်ကြီးခဲ့မိသည်။ အမှန်စင်စစ် ဂိုဏ်းဆရာကြီးဘုရားရှင်သည် မုသားပြောတတ်သည်သာတည်း။ မိပြီ။ မုသာဝါဒဖြင့် စွပ်စွဲအံ့ဟူသောအကြံဖြင့် ရယ်လိုက်ခြင်းဖြစ်၏။

ထို့ကြောင့်...

"အသို့နည်း ဘုရားရှင်...ရဟန်းဖြစ်လျက် မုသားဆိုရာသလော"ဟု ဘုရားရှင်အား မျက်မှောင်စင်း၍ စွပ်စွဲလိုက်သည်။

"ဒါယကာ လယ်သူကြီးသုဒ္ဓ...ငါသည် မုသားမဆို၊ အမှန်ကိုသာဆိုခြင်းဖြစ်ပေသည်"

အမှန်ဆိုရအောင် ရဟန်းမည်သည် လယ်လုပ်သည်ဟု တစ်ရံတစ်ဆစ်မျှ မမြင်ဖူး၊ ကြားပင်မကြားဖူးခဲ့။ သို့စင်လျက် ငါသည်လည်း သင်ကဲ့သို့ပင် လယ်သမားတည်းဟု ဘုရားရှင် ဆိုပေသည်။

"အို...ဘုရားရှင်...လယ်သမားဟူသည် လယ်မြေရှိရသည်။ နွားရှိရသည်။ ထွန်တုံးထွန်သန်ရှိရသည်။ သို့ဆိုလျှင် အရှင်၏ လယ်မြေသည် အဘယ်မှာနည်း။ အရှင်၏နွားများကို အဘယ်နေရာ၌ ချည်နှောင်ထိန်းကျောင်းပါသနည်း။ အရှင်၏ ထွန်တုံးထွန်သန်တို့ကို ဒက္ခိဏဂီရိ၌ ထားသလော၊ ပြောပါဦး ဘုရားရှင်"

"ဒါယကာသုဒ္ဓ...အကျင့်သီလသည်ကား ငါ၏လယ်မြေတည်း။ သီလတည်းဟူသော လယ်မြေတွင် ကောင်းစွာဆင်ခြင် စောင့်စည်းခြင်းဟူသော ထွန်တုံးထွန်သန်တို့ကို ဆင်ယင်၍ ကောင်းစွာစူးစိုက်တည်ကြည်စွာဖြင့် ငန်းချင်းဆက်၍ သမန်းနှံ့ကြေအောင် ထွန်ယက်၏။ ကောင်းစွာအားထုတ်ခြင်းသည်ကား ငါ၏ နွားများတည်း။ ကောင်းစွာမြင်အပ်သောအသိဖြင့် နှင်တံကြိမ်တုတ်ပမာ နွားတို့ကို ဖြောင့်ဖြောင့်သွားအောင် မပြတ်သောအားထုတ်မှုဖြင့် မောင်းနှင်အပ်၏။ ထို့နောက်မှ ကောင်းစွာယုံကြည်မှုတည်းဟူသော စပါးစေ့တို့ကို ကြဲစိုက်သည်။ ယင်းသို့လျှင် အရိယာမဂ်ဖိုလ်တည်းဟူသော အသီးတို့ကို စားသုံးရသည်။ ထိုအသီးတို့သည် မပြတ်အားထုတ် လေ့လာခြင်းတည်းဟူသော ရသဓာတ်ဖြင့် ပြည့်၏။ ထိုအသီး၊ ထိုရသကား ဤလောက၌ အတုမရှိသော ရသတည်း။

www.burmeseclassic.com

www.burmeseclassic.com



"ဒါယကာ သုဒ္ဓ...ယင်းကဲ့သို့ သီလတည်းဟူသော လယ်မြေ၊ သမ္မာသတိ, သမ္မာသမာဓိ တည်းဟူသော ထွန်တုံးထွန်သန်၊ သမ္မာဝါယာမ, သမ္မာသင်္ကပ္ပ တည်းဟူသော နွား၊ သမ္မာဒိဋ္ဌိတည်းဟူသော နှင်တံ၊ သဒ္ဓါတည်းဟူသော မျိုးစေ့တို့ ငါ့မှာရှိသည်ကို ရည်၍ ငါသည်လည်း သင်ကဲ့သို့ပင် လယ်သမားတည်းဟု ငါ ဆိုပေသည်"

ဘုရားရှင်၏စကား ထက်ဝက်ခန့်ဉပင်လျှင် မုသာဝါဒဖြင့် စွပ်စွဲအံ့ဟု ဘုရားရှင်၏ မျက်နှာတော်ကို သံသယတန်းလန်းဖြင့် ကြည့်လျက်ရှိသော လယ်သူကြီးသုဒ္ဓ၏ မျက်လုံးတို့သည် မေးမှိန်လွဲဖယ်၍သွား၏။ မတ်ထောင်လျက်ရှိသော သုဒ္ဓ၏ ဦးခေါင်းသည် ရှေ့သို့ ငိုက်စိုက်ကျသွား၏။ ထိုမျှသာမဟုတ်၊ သုဒ္ဓ၏ဒူးသည် ကွေးညွတ်၍ မြေကြီးသို့ ထောက်လျက်သားဖြစ်သွား၏။ သုဒ္ဓ၏တစ်ကိုယ်လုံးသည် ဘုရားရှင်ထံသို့ ညွတ်ကိုင်းကာ ပျော့ပျောင်းသိမ်မွေ့၍သွားသည်။

ဘုရားရှင်၏ လယ်လုပ်သား တရားဆုံးသည်နှင့်တစ်ပြိုင်နက် လက်ငါးစုံကို ဦးထိပ်မိုး၍ ရှိခိုးသည်။ ဘုရားရှင်၏ ခြေဖမိုးတော်ကို လက်နှစ်ဖက်ဖြင့် ပွတ်သပ်သည်။ ဦးခေါင်းဖြင့် ဘုရားရှင်၏ခြေတော်ကို အကြိမ်ကြိမ်ထိသည်။

ထို့နောက် "အရှင်မြတ်ဘုရား...တပည့်တော်သည် အရှင်မြတ်ကဲ့သို့ လမ်းမှန်လမ်းကောင်းကိုပြသူ ဆရာနှင့် မတွေ့ခဲ့ရသောကြောင့် ယနေ့အထိ ကိုးကွယ်မှု၊ ယုံကြည်မှု၊ ခံယူမှု လွဲမှားခဲ့ရပါသည်။ ယနေ့မှစ၍ တပည့်တော်အား တပည့် ဒါယကာအဖြစ် မှတ်ယူတော်မူပါဘုရား"ဟု လျှောက်ထား၏။

ဘုရားရှင်သည် ဒက္ခိဏာဂီရိ ခရီးတူရှုသို့သွားရန် ဟန်ပြင်လိုက်သောအခါ သုဒ္ဓက လမ်းဘေးသို့ လျင်မြန်စွာဖယ်ပေး၏။ ဘုရားရှင်သည် လယ်သူကြီးသုဒ္ဓ၏ ဦးခေါင်းကို ကိုင်၍–

"အပ္ပမာဒေန သမ္ပာဒေထ"

ဟု မိန့်တော်မူကာ ဆက်လက်ကြွသွားသည်။ သုဒ္ဓသည် ဘုရားရှင်အား မျက်စိတစ်ဆုံးအထိ ရှုမျှော်၍ ကျန်ရစ်ရင်း သာယာသောလယ်ကွင်းပြင်၊ ပျံ့မွှေးသော စပါးနံ့၊ မပူလွန်း မအေးလွန်းသော တန်ဆောင်မုန်း၏ ရာသီဥတုနှင့်အတူ ကြည်ရွှင်သောနှလုံးဖြင့် လောကတစ်ခုလုံး သာယာ၍ ကျန်ရစ်သတည်း။

❂❂❂

www.burmeseclassic.com

www.burmeseclassic.com



# ထွန်တုံးရှင်

[ ၁ ]

သူ့ကို သူနှင့်သက်ဆိုင်သူများက 'ကိုထွန်တုံး'ဟုပင် လွယ်လွယ်ခေါ်ကြသည်။ သူ့ကိုတွေ့လျှင် ထွန်တုံးနှင့် အမြဲတမ်းတွဲ၍ တွေ့ရလေ့ရှိသောကြောင့် ခေါ်ကြခြင်းလည်း ဖြစ်တန်ရာ၏။ ထွန်တုံးဖြင့်သာ အသက်မွေးရ၍ ထွန်တုံးကိုသာ အားကိုးရာရှိသော ဆင်းရဲသားမို့ မလေးစားသောသဘောဖြင့် ပြက်ရယ်ပြုခေါ်ကြခြင်းလည်း ဖြစ်တန်ရာ၏။ မည်သို့ခေါ်ကြစေ။ သူကတော့ အရေးမကြီး။ ထွန်တုံးကိုထမ်း၍သာ စိုက်စိုက် စိုက်စိုက်နှင့် သွားမြဲတည်း။

တစ်နေ့တာလုံး ထွန်တုံးနှင့်အသက်မွေးရသူဖြစ်၍ ပင်ပန်းနွမ်းနယ်သောကြောင့် ပေလား၊ တွေးချင်ရာတွေးတတ်သည့် အတွေးသမား၊ အငေးသမားဖြစ်သောကြောင့် ပေလားမသိ၊ ထွန်တုံးကိုထမ်းကာ စိုက်စိုက် စိုက်စိုက်နှင့် မြေကြီးကိုသာ ကြည့်၍ သွားတတ်ခြင်းသည် သူ့ပင်ကိုဟန်ဖြစ်၏။

မိုးတွင်လည်းကောင်း၊ နွေတွင်လည်းကောင်း နံနက်စောစောဆိုလျှင် ထွန်တုံးကို ထမ်း၍ မြို့ပြင်သို့ ထွက်သွားသည်ကိုလည်းကောင်း၊ ညနေခင်း နေဝင်မိုးချုပ်ခါနီး ဆိုလျှင် ထွန်တုံးကိုထမ်း၍ မြို့တွင်းသို့ ဝင်လာသည်ကိုလည်းကောင်း သူနှင့်စပ်ဆိုင်သမျှ သာဝတ္ထိမြို့သူမြို့သားများက မြင်ကြရသည်။ သူသည် မိုးရာသီဆိုလျှင် သူ့ကို ငှားရမ်းသော မြို့အနီးရှိ လယ်များတွင် အငှားထွန်၍ နွေရာသီဆိုလျှင် မြို့နီးချုပ်စပ်တွင် လုပ်ကိုင်ကြသော ဟင်းသီးဟင်းရွက်ခြံများသို့ အငှားထွန်သည်။

သူ့အား ငှားမည့်သူ မရှိမည်ကို မပူရ။ အကြောင်းကား ကိုထွန်တုံးသည် ကျန်းခံ့သည်၊ ဖျတ်လတ်သည်၊ ဝီရိယရှိသည်၊ သူ့အလုပ်ကို နိုင်နင်းသည်။ အလုပ်ကိုသာ ကြိုးစားလုပ်သူဖြစ်၍ နှုတ်နည်းသည်။ အထူးသဖြင့် သူ့ကို လယ်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



ရှင်၊ ယာပိုင်ရှင်တိုင်းက နှစ်သက်သည်မှာ သူ့ကိုငှားလျှင် သူ့ထွန်တုံးပါ ပါလာသောကြောင့်ဖြစ်သည်။

ထွန်တုံးတစ်ခု တည်ဆောက်ရသည်ကလည်း အခက်ကြီးမဟုတ်စေကာမူ မလွယ်လှ။ နှစ်စဉ်လိုလို ထွန်သွားလဲရသည်။ ထွန်သွားကို နေ့စဉ်လိုလို သွေးရ၊ သ,ရသည်။ ထွန်သွားတုံးလျှင် သွေးရ၊ သ,ရမည်ကို ဝီရိယနည်းသော သူရင်းငှားလယ်လုပ်သားတို့သည် ပျင်းတတ်သောကြောင့် နှိုးဆော်ပေးရသည်ကပင် လယ်သူကြီးများအဖို့ အလုပ်တစ်ခုဖြစ်၏။

တစ်ခါတစ်ရံ ညပိုင်း တစ်နေ့တာလယ်ထွန်ကိစ္စပြီးလျှင် ထွန်တုံးကိုထမ်း၍ ယူလာရမည်ကို သူရင်းငှားက ပျင်းလျှင် နောက်နေ့နံနက်တွင်လည်း သယ်လာရမည့်အတူတူ လယ်ထဲတွင်ပင် ထား၍ပစ်ခဲ့တတ်၏။ ထိုအခါ ညဘက် သားငါးရှာသော လူမသမာတို့နှင့်တွေ့လျှင် ထမ်း၍ယူကာ ထင်းအဖြစ်သို့ ပြောင်းလဲပစ်လိုက်တတ်ကြသည်။ ထိုအခါ ထွန်တုံးအသစ်တစ်ခု ထူထောင်ပေးရသည်မှာလည်း လယ်သူကြီးများအဖို့ တာဝန်တစ်ခုဖြစ်၏။

ထို့ကြောင့် ကိုထွန်တုံးကို ငှားလျှင် သူ့ထွန်တုံးအတွက် ဉာလိုဒုက္ခများမှ ကင်းလွတ်သောကြောင့် သူ့ကိုငှားလိုသူများမှာ တစ်နှစ်နှင့်တစ်နှစ် ဆက်၍နေကာ လက်နှင့်အလျှိုဖြစ်၏။

သူသည် ဝီရိယကောင်း၊ အလုပ်ကောင်းရုံမျှသာမဟုတ်၊ သဘောထားလည်း ကောင်းသူဖြစ်၏။ မည်သူနှင့်မျှ ပြဿနာကြီးငယ် ဖြစ်သည်ဟု မကြားရ။ သူ့ဘာသာ အေးအေးနေတတ်သည်။ သူ့ကို လယ်ထဲယာထဲမှာတွေ့လျှင် ထွန်တုံးကို နှင်း၍ အလုပ်လုပ်နေသည်ကိုလည်းကောင်း၊ မြို့ထဲ ရွာထဲမှာတွေ့လျှင် ထွန်တုံးကို ထမ်း၍ စိုက်စိုက် စိုက်စိုက်နှင့် သွားလာနေတတ်သည်ကိုလည်းကောင်း၊ ထွန်တုံးမှ နားနေသည့်အခါများတွင်မူလည်း အတွေးသမားပုံစံဖြင့် တစ်ယောက်တည်းသာ ငေးမောနေတတ်သည်ကိုလည်းကောင်း တွေ့ကြရသည်။

သို့ရာတွင် ကိုထွန်တုံးတို့လို ပစ္စည်းမဲ့များအဖို့ တွေးတောငေးမောခြင်းဟူသည် မလေးနက်။ ပစ္စည်းမဲ့နှင့် တွေးတော ငေးမောခြင်းကို တွဲစပ်လိုက်သောအခါ ဝမ်းတွင်းရူးဟုလည်းကောင်း၊ ပေါတော့တော့ဟုလည်းကောင်း အပြောအဆို ခံရတတ်သည်။ သူ့အား အပြောအဆို အယူအဆမည်သို့ခံရစေ ကိုထွန်တုံးတို့အဖို့ အရေးမကြီး။ ပို၍ပင် ကောင်းသည်ဟုပင် ကိုထွန်တုံး ထင်သည်။ အကြောင်းကား

www.burmeseclassic.com



တကယ်ရှုးသောကြောင့် အထင်အပြောခံရသည်ဖြစ်စေ၊ အများတကာနှင့် အမြင်အသိမတူ အမူကွဲသောကြောင့် အထင်အပြောခံရသည်ဖြစ်စေ ဝမ်းတွင်းရှူးဆိုသည်များသည် များသောအားဖြင့် ပတ်ဝန်းကျင်ကို ရှင်ပျစေတတ်သောသူများ ဖြစ်ကြပေရာ သူ့အဖို့ ပတ်ဝန်းကျင်သာယာသောကြောင့် ဖြစ်၏။

ကိုထွန်တုံးသည် သာဝတ္ထိမြို့အစပ်မှ လယ်သူကြီးတစ်ဦး၏ လုပ်သားတန်းလျားတစ်ခုတွင် နေသည်။

ယခုတလောတွင် သူသည် ဇေတဝန်ကျောင်းတော်ဦးအနီးမှ လယ်ကိုထွန်ရ၍ ကျောင်းတော်ဝင်းနံဘေးရှိ လမ်းမှ သွားရ ပြန်ရသည်။

[ ၂ ]

မိုးခေါင်ခေါင်ပင် ဖြစ်သော်လည်း မိုးပြတ်၍နေသည်မှာ သုံးရက်ခန့်ရှိပြီ။ သုံးရက်ခန့်အတွင်း မိုးသားတွေအုံ့လိုက်၊ နေကလေးပျပျ ထွက်လိုက်နှင့်သာ ရှိခဲ့သည်။ မိုးသည် ကိုထွန်တုံးတို့၏ မိတ်ဆွေဆိုသော်လည်း တစ်ခါတစ်ရံ ဤသို့ သွေ့၍ပူ၍ နေတတ်သည်။

လယ်ပိုင်ရှင် လယ်သူကြီးတို့က စပါးဆန်ရေ ကောင်းမွန်ရေးအတွက် မိုးကို မျှော်၏။ ကိုထွန်တုံးတို့လို လယ်လုပ်သားများကမူ လုပ်ငန်းခွင် သက်သာရေးအတွက် မိုးကိုမျှော်၏။ အကြောင်းမူကား မိုးရွာခြင်းသည် တစ်နေ့လုံး ပင်ပင်ပန်းပန်း အလုပ်လုပ်ရသော လယ်လုပ်သားနှင့် နွားတို့ကို ထွေးပိုက်ခြင်းမည်၏။ မိုးမရွာလျှင် ပင်ပန်းသည်။

ယခုတလောတွင်မူ မိုးသုံးရက်ခန့် ပြတ်နေသောကြောင့် ပို၍ပင်ပန်းသည်။ လယ်ထွန်၍ထွက်လာသော ချွေးကို သုတ်ပေးမည့် မိုးမရှိ။ လူလည်းပင်ပန်း၊ နွားလည်းပင်ပန်းသည်။ မြေနှင့်သမရန် လယ်ကွင်းထဲတွင် တင်နေသော ရေများသည် မိုးပြတ်သောကြောင့် လျော့ကျသွားသောအခါ မြေသည် စေးထန်း၏။ စေးထန်းသောမြေတွင် ထွန်ယက်ရသောအခါ လူရော နွားပါ ပို၍ပင်ပန်း၏။ ထို့ကြောင့် ကိုထွန်တုံးသည် ယနေ့အဖို့ ခပ်စောစောပင် အလုပ်ဖြုတ်၍ ပြန်ခဲ့သည်။

ခပ်စောစော အလုပ်ခွင်ဖြုတ်၍ ပြန်ရသည့် အခြားအကြောင်းနှစ်ရပ်လည်း ရှိပေသေးသည်။

ယခုတလော၌ ဇေတဝန်ကျောင်းတော်ဘေးမှပြန်ရပေရာ နေဝင်မိုးချုပ်မှ

www.burmeseclassic.com

www.burmeseclassic.com



ပြန်လျှင် နေဝင်မိုးချုပ်၌ ဇေတဝန်ကျောင်းတော်သို့ လာကြသော ဘုရားရှင်၏ ပရိသတ်နှင့်တိုးလျှင် ပရိသတ်မှာလည်း အနှောင့်အယှက်ဖြစ်၍ မိမိအဖို့လည်း အနှောင့်အယှက်ဖြစ်၏။ နောက်တစ်ကြောင်းမှာလည်း ဇေတဝန်ကျောင်းဘေးရှိ ဥယျာဉ်မြေစပ်လမ်းသည် မိုးချုပ်ချိန်တွင် မိုးရိပ်သမ်းရိပ်ကြောင့် မှောင်နေလျှင် မြွေပါး ကင်းပါး စိုးရိမ်မှုလည်းရှိသည်။

ထို့ကြောင့် ယနေ့အဖို့ စောစောပင် ထွန်တုံးဖြုတ်ခဲ့သည်။ နောက်နေ့များတွင်လည်း ဇေတဝန်ကျောင်းတော်ဘေးမှ ပြန်ရသမျှ ရက်များအတွင်း စောစောပင် ထွန်တုံးဖြုတ်မည်ဟု စိတ်ကူးထားသည်။

အလုပ်သိမ်းရန် ထမ်းပိုးမှဖြုတ်လိုက်သည်နှင့် တစ်ပြိုင်နက် နွားနှစ်ကောင်မှာ မြူးမြူးကြွကြွနှင့် ချည်တိုင်နွားခြံသို့ ပြန်ဖို့ရန် အဆင်သင့်ဖြစ်၏။ နံနက်ပိုင်းတွင် ထမ်းပိုးကို ပခုံးပေါ်သို့တင်လိုက်သည်နှင့် တစ်ပြိုင်နက် တစ်နေ့တာလုပ်ငန်းခွင်သို့ ဝင်ရတော့မည်ကို သူတို့သိ၏။ ညနေပိုင်းတွင် ထမ်းပိုးမှဖြုတ်လျှင် တစ်နေ့တာ လုပ်ငန်းခွင် ပြီးပြီဟု သိရ၍ မြူးမြူးကြွကြွရှိကြသည်။

အကြောင်းမူကား-ပင်ပန်းသောအလုပ်မှ အနားယူဖို့သာမဟုတ်၊ လုပ်ငန်းတစ်ဖက်ကြောင့် တစ်နေ့လုံး ဖြစ်သလိုအစာစားခဲ့ရာမှ နွားခြံ စားခွက်တွင် အဝစားရတော့မည်ကို သိသောကြောင့်ဖြစ်၏။

ကိုထွန်တုံးသည် နွားများကို မြို့ပြင်ရှိ လုပ်ငန်းရှင်၏ နွားခြံသို့ ပို့ခဲ့ပြီးနောက် ဇေတဝန်ကျောင်းတော် ဘေးလမ်းမှ ထွန်တုံးထမ်းကာ ထုံးစံအတိုင်း စိုက်စိုက်စိုက်စိုက်နှင့် ပြန်ခဲ့သည်။ အေးအေးဆေးဆေး ပြန်ခဲ့ခြင်းဖြစ်သော်လည်း ကျောင်းတော်နှင့် တည့်တည့်သို့ ရောက်သောအခါ မိမိ၏ ကိုယ်ဟန်အမူအရာကို ပို၍ သတိထားလိုက်သည်။

အကြောင်းမူကား-ဘုရားရှင်သည် ဆိတ်ငြိမ်မှုကို ကြိုက်သူဖြစ်သည်ဟု သိရသည့်ပြင် လက်တွေ့အားဖြင့်လည်း ဇေတဝန်ကျောင်းတော်သည် ရဟန်းအများပင်ရှိသော်လည်း အခြားဆိတ်ငြိမ်သော နေရာများစွာတို့ထက်ပို၍ ဆိတ်ငြိမ်သည်ကို တွေ့ရသောကြောင့်ဖြစ်၏။

ကိုထွန်တုံးအဖို့ စိတ်ရင်းကောင်းရှိသူဖြစ်သောကြောင့် အလိုက်သိမှုဖြင့် အနေကျုံ့သွားခြင်းလည်း ဖြစ်တန်ရာ၏။ ဇေတဝန်ကျောင်းတော်၏ ဆိတ်ငြိမ်မှု တရားငွေ့ ဝိဝေကအဟုန်က ကိုထွန်တုံးဆီသို့ အရှိန်ဟပ်၍ ထွေးပိုက်ခြင်းကြောင့်

www.burmeseclassic.com



လည်း ဖြစ်တန်ရာ၏။

ထို့ကြောင့် ကိုထွန်တုံး၏ ခြေလှမ်းများသည် ကျောင်းတော်တည့်တည့်သို့ ရောက်သောအခါ အတန်ငယ် တုံ့နှေးသွား၏။ ရိုသေလေးစားသောသဘောဖြင့် သူ့ဦးခေါင်းသည် ပို၍စိုက်၏။ အေးချမ်းသောစိတ်ကူးအမျှင်ဖြင့် ဇေတဝန်ကျောင်းတော်အတွင်းဆီသို့ ဖြူးခနဲဖျတ်ခနဲ လှမ်း၍ကြည့်လိုက်မိသောအခါ ညင်သာနှေးကွေးစွာ လမ်းလျှောက်နေသော ရဟန်းအချို့ကို တွေ့ရသည်။ သစ်ပင်ရိပ်တွင် အချို့ရဟန်းများ ဆိတ်ငြိမ်စွာ ထိုင်လျက်ရှိသည်ကိုလည်း တွေ့ရသည်။

ထိုအတွင်း ခန့်ညားတည်ငြိမ်သော စာရွတ်သံတစ်ခုသည် ကိုထွန်တုံးဆီသို့ ဝေ့၍ ရောက်လာ၏။ ခပ်လှမ်းလှမ်းမှလာသော အသံဖြစ်၍ အဓိပ္ပာယ် မကွဲပြားသော်လည်း ဘုရားရှင်၏ ဓမ္မစာပေတစ်ခုခု ဖြစ်သည်ကိုမူ ကိုထွန်တုံး နားလည်၏။

ယင်းသို့ဖြင့် မိမိခြေထောက်ကိုကြည့်၍ လျှောက်သကဲ့သို့ တစိုက်စိုက်လျှောက်လာစဉ် "သည်ကနေ့စောစော အလုပ်သိမ်းခဲ့ပြီလား ဒါယကာ ကိုထွန်တုံး"ဟူ၍ ရှေ့တူရူဆီမှ ထူးခြားအောင်မြင်လှသော အသံတစ်ရပ်ကို ကြားလိုက်ရသဖြင့် ကိုထွန်တုံး၏ ခြေနှစ်ချောင်းသည် တန့်ခနဲရပ်သွား၏။

အသံလာရာဆီသို့ မော်ကြည့်လိုက်သောအခါ မိမိအား အကျွမ်းဝင်မှုအပြည့်ဖြင့် ကြည့်နေသော ဘုရားရှင်အား တွေ့လိုက်ရသောကြောင့် အံ့အားသင့်စွာဖြင့် အား၍နေသော ဘယ်လက်သည် ထွန်တုံးကိုထမ်းထားသဖြင့် မြောက်၍နေသော ညာလက်ဆီသို့ ရုတ်တရက် ရောက်သွားကာ လက်အုပ်နှစ်ဖက်ကို ပူးယှက်လိုက်မိရင်း "မှန်လှပါ၊ မိုးမရွာ၍ လူရော နွားပါ ပင်ပန်းသောကြောင့် စောစောသိမ်းခဲ့ပါသည် ဘုရား"ဟု လျှောက်ထားလိုက်သည်။

ကိုထွန်တုံးအဖို့ ဘုရားရှင်နှင့် စကားပြောဖို့ဝေး၍ အနီးကပ်သော်မှ မဖူးတွေ့ရဖူးပေ။ ယခု ရင်ဆိုင်အနီးကပ် ဖူးတွေ့ပြောဆိုရသောအခါ ဘုရားရှင်၏ ထူးခြားသော အဆင်းတော်၊ အသံတော်ကြောင့် ဝမ်းမြောက်လှသဖြင့် တုန်တုန်လှုပ်လှုပ်နှင့် ထိုင်ရတော့မလို၊ ထရတော့မလို ဖြစ်နေမိ၏။ ဘုရားရှင်၏ အသံတော်ကြောင့် ခပ်ကုန်းကုန်းနှင့်ပင် တန့်သွားကာ ရှိခိုးမိလျက်သား ဖြစ်နေသည်။

"ဒါယကာ ထွန်တုံးဟာ ထွန်တုံးကြီးတကားကားနဲ့ အင်မတန် ကြိုးစားတယ်လို့ ကြားရတယ်။ ကျွေးမွေးရမယ့် အိမ်ရှင်မနဲ့ သားသမီးတွေ များလို့လား"

တပည့်တော်မှာ အိမ်ရှင်မဟူ၍ မရှိခဲ့ပါ။ အိမ်ရှင်မ မရှိလျှင် သားသမီးဟူ၍

www.burmeseclassic.com

www.burmeseclassic.com



အဘယ်မှာ ရှိနိုင်ပါမည်လဲ အရှင်ဘုရား”

“သည်လိုဆိုလျှင် တစ်ကိုယ်ရေတစ်ကာယအတွက် ဘာဖြစ်လို့ သည့်ကလောက် ကြိုးစားနေရတာတုံး”

“တစ်ကိုယ်ရေ တစ်ကာယပေမင့် အဲသည် တစ်ကိုယ်ရေဝမ်းအတွက်ပဲ ကြိုးစားနေရပါတယ် ဘုရား”

“တစ်ကိုယ်ရေအတွက် မပင်ပန်းဘဲနဲ့ ချမ်းချမ်းသာသာများ မနေချင်ဘူးလား ဒါယကာ ကိုထွန်တုံး”

“နေချင်ပါသော်ကော အရှင်မြတ်ဘုရား၊ ချမ်းချမ်းသာသာနေနိုင်တဲ့နည်းလမ်း မတွေ့လို့သာ အပင်ပန်းခံနေရပါတယ်”

“ချမ်းချမ်းသာသာ နေနိုင်တဲ့နည်းလမ်းကို ညွှန်ပြလျှင် လိုက်နာနိုင်ပါ့မလား”

“ဦးလည်မသုန် အချိန်မရွေး လိုက်နာဖို့ အသင့်ပါပဲ။ နည်းလမ်းကိုသာ ညွှန်ပြတော်မူပါဘုရား”

“ရဟန်းအလုပ်ပေါ့၊ ရဟန်းဘဝထက် ချမ်းသာတာ ဘယ်မှာရှိနိုင်ပါတော့မလဲ”

“အင်မတန်ကောင်းမွန်တဲ့ နည်းလမ်းပါပဲဘုရား၊ ရဟန်းဘဝရဲ့ ချမ်းသာပုံဟာ ဖြင့် တပည့်တော်အမြင်အတွေ့ပါပဲ။ တပည့်တော်ဟာ ရဟန်းတော်များရဲ့ အေးချမ်းပုံကိုကြည့်ပြီး အကြိမ်များစွာ ရဟန်းဘဝကို တောင့်တမိခဲ့ပါတယ်။ နို့ပေမယ့် တပည့်တော်လို မျက်နှာမွဲတစ်ယောက်ကို ဘယ်သူကများ ရဟန်းပြုပေးမှာလဲ ဘုရား”

“သည်အတွက်တော့ မပူပါနဲ့ ဒါယကာ ကိုထွန်တုံး၊ ငါဘုရားတစ်ယောက်လုံး နှင့် တွေ့နေရပြီပဲ၊ ရဟန်းပြုပေးမှာပေါ့”

ထိုစကားကြောင့် ကိုထွန်တုံးသည် ပခုံးပေါ်မှထွန်တုံးကို ဝုန်းခနဲ နံဘေးသို့ ချလိုက်သည်။ ထို့နောက် ဝမ်းမြောက်တက်ကြွစွာဖြင့် မျက်နှာတစ်ခုလုံး ဝင်းထိန်ကာ ရဲရဲမကြည့်ဝံ့ခဲ့သော ဘုရားရှင်၏ မျက်နှာတော်ကို ကျေးဇူးတင်လှသော အသွင်ဖြင့် အားရပါးရကြည့်ရှုရင်း ဘုရားရှင်၏ ရှေ့တော်၌ ဒူးထောက်ချလိုက်သည်။

ဘုရားရှင်က ကိုထွန်တုံး၏ပခုံးကို လက်တော်ဖြင့်သပ်ရင်း “ရဟန်းပြုပေးဖို့ကတော့ ဟုတ်ပါပြီ၊ သို့သော် သင့်မှာ ရဟန်းပြုဖို့ ခွင့်တောင်းရမယ့် တခြား

www.burmeseclassic.com

www.burmeseclassic.com



အနှောင်အဖွဲ့များ ရှိသေးသလား။ အနှောင်အဖွဲ့မကင်းရင် ရဟန်းပြုပြီးမှ အနှောင့်အယှက် ဖြစ်နေတတ်တယ်"

"တပည့်တော်ဟာ အထီးကျန်ဘဝပါဘုရား၊ တပည့်တော် ငဲ့ကွက်စရာဆိုလို့ ဟောဒီထွန်တုံးနဲ့ ဝတ်ထားတဲ့ နံငယ်ပဲရှိပါတယ်။ ထွန်တုံးကိုလည်း အခုပဲ စွန့်ပစ်လိုက်ပါပြီ။ ဘယ်သူ့ကိုမှ ခွင့်တောင်းစရာ မရှိပါဘူး။ လွတ်လွတ်ကျွတ်ကျွတ်သာ ရဟန်းပြုပေးတော်မူပါဘုရား"

"ကောင်းပြီ၊ သည်လိုဆိုရင် ကျောင်းထဲကိုလိုက်ခဲ့ပေတော့"

## [ ၃ ]

ယခုသော် ရဟန်းတော် ဦးထွန်တုံးသည် နင်္ဂလထေရ် ဖြစ်လာပေပြီ။ "ဦးထွန်တုံး"ဟူသော အများသိအမည်ဖြင့် လိုက်ဖက်စွာပင် ဦးထွန်တုံး ဦးနင်္ဂလဟူ၍ ဘွဲ့အမည်ပေးတော်မူသည်။ ဦးနင်္ဂလသည် ရဟန်းဖြစ်ပြီးသောအခါ ဝတ်လာသော ပုဆိုးပိုင်းကို ယူချင်သူ ယူပေရော့ဟု စွန့်ပစ်ထားခဲ့သော ထွန်တုံးပေါ်တွင် သွား၍ တင်ထားလိုက်သည်။

မနေ့က တစ်နေ့လုံး လယ်ထွန်ရာမှ ပင်ပန်းလာခဲ့ရာတွင် အလေ့အကျင့်လည်း မရှိသောကြောင့် ရဟန်းဖြစ်ပြီးနောက် တစ်ညလုံး ထမင်းဆာသည်။ သို့ရာတွင် ထမင်းဆာ၍ မသေနိုင်။ နောက်နေ့နံနက်တွင် အများနှင့်အတူ ဆွမ်းခံထွက်သောအခါ ဘုရားရှင်၏ သာသနာ့ကျေးဇူးကြောင့် မပင်ပန်းဘဲ ဆွမ်းအပြည့်ရသည်။ ဩော်...ရဟန်းဘဝဟူသည် ချမ်းသာစွ၊ ချမ်းသာစွဟူ၍ ဦးထွန်တုံးတွေးသည်။ ငါ့အား ဘုရားရှင်၏ ကျေးဇူးတော်သည် ကြီးမားလေစွ...ကြီးမားလေစွဟု သတိရသည်။

ရဟန်းဘဝအနေဖြင့်လည်း ဦးထွန်တုံးအဖို့ ပုံစံကျပြီး ဖြစ်နေသည်။ အကြောင်းကား ဦးထွန်းတုံးအဖို့ လူ့ဘဝကပင် အတွေးသမားအဖြစ် စကျွန်ရွှေချကာ နေတတ်ခဲ့သောကြောင့် ဦးခေါင်းနှင့် မျက်စိအတွက် ရဟန်းပုံစံကျသည်။ ကိုယ်ဟန်ပုံစံအားဖြင့်လည်း လူ့ဘဝတွင် အေးအေးချမ်းချမ်း နေလေ့ရှိသောကြောင့် ရဟန်းဘဝတွင် ပုံစံကျသည်။ သို့ဖြစ်၍ ရဟန်းတော်ဦးထွန်တုံးအား အခြားထေရ်ကြီးဝါကြီး ရဟန်းတော်များက ထူးထူးထွေထွေ ကွပ်ညှပ်ဖွယ်ရာမတွေ့ရသဖြင့် ဝမ်းမြောက်ကြသည်။

သို့သော် ဦးထွန်တုံးအဖို့ တကယ်ပင် ငြိမ်းချမ်းပါပြီလော။ နေပူမိုးရွာမရှောင်

www.burmeseclassic.com

www.burmeseclassic.com



နွားနှင့်အတူ မရှိန်း၊ ထွန်တုံးမထမ်းရတော့သော ဦးထွန်တုံးအဖို့ ရဟန်းဘဝကို တကယ်ပင် နှစ်သက်ပါပြီလော။

ရဟန်းဘဝနှင့် ရက်အတန်ကြာလာသောအခါ ရဟန်းဘဝ၏ အေးအေးချမ်းချမ်းကလေးနေရသော ပူပန်ဆင်းရဲမှုကို တွေ့ကြုံလာရသည်။ ခံစားလာရသည်။ မိမိ ယခင်ကထင်ခဲ့သလို အေးအေးကလေး နေရခြင်းသည် လူတစ်ယောက်အဖို့ ချမ်းသာမှု တကယ်ဟုတ်၏လောဟု သံသယဝင်လာသည်၊ တုန်လှုပ်လာသည်။

အကြောင်းသော်ကား ရဟန်းဘဝသည် အပြင်ဘက်က အမြင်အားဖြင့် အေးအေးငြိမ်းငြိမ်းကလေး နေရသူများဖြစ်သည်ဟု အားကျဖွယ်ရာဖြစ်သော်လည်း သာသနာ့ဘောင် အဖွဲ့အစည်းတစ်ရပ်ဖြစ်သောကြောင့် ထိုအဖွဲ့အစည်းနှင့် ဆီလျော်သော သိက္ခာပုဒ် စည်းမျဉ်းများရှိနေသည်ကို အတွင်းသို့ရောက်သောအခါမှ ကိုယ်တွေ့ သိရှိလာရသည်။ တစ်နည်းဆိုသော် အေးအေးငြိမ်းငြိမ်းကလေး နေရခြင်း၌လည်း အေးအေးငြိမ်းငြိမ်းနှင့် ဆီလျော်သော ချုပ်တည်းမှုသိက္ခာပုဒ် စည်းကမ်းများ ရှိနေသည်ကို တွေ့ကြုံလာရသည်။ မိုးမလင်းမီ ရောင်နီလာသည်ဆိုလျှင် အိပ်ရာမှထရသည်။ မိုးလင်းအောင် မအိပ်ရ။ ထို့နောက် ထေရ်ကြီးများက သင်ကြားထားသော နည်းလမ်းအတိုင်း တရားအားထုတ်ရသည်။ တရားစာပေ ရွတ်ဖတ်ရသည်။ ပတ်ဝန်းကျင်သန့်ရှင်းရသည်၊ ထေရ်ကြီးဝါကြီးတို့ကို ပြုစုရသည်။ ရဟန်း၏ အကြီးဆုံးသော လှုပ်ရှားမှုမှာ စင်္ကြံလျှောက်ခြင်းမျှသာဖြစ်၏။ ထို့နောက် ကြီးစွာသောလုန္ဓြေဖြင့် ဆွမ်းခံထွက်ရသည်။

ဆွမ်းစားရာ၌လည်း ကြည်ညိုဖွယ်ဖြစ်အောင် စည်းကမ်းများစွာ ရှိနေပြန်၏။ နေ့လယ်ပိုင်း ညဦးပိုင်းတို့တွင်လည်း တရားအားထုတ်ရခြင်း၊ တရားစာပေ ရွတ်ဖတ်ရခြင်းဖြင့် သံသရာလည်ပြန်၏။ လွတ်လွတ်လပ်လပ်မလှုပ်ရှားရ၊ လွတ်လွတ်လပ်လပ် အသံမထွက်ရ၊ နေရာတကာတွင် သတိဖြင့် ချုပ်တည်းရသည်။

ထိုအခါ အေးချမ်းမှုဟူသည် ချုပ်တည်းရခြင်းပါတကားဟု စဉ်းစားလာသည်။

ရဟန်းတော်များ၏ တည်ငြိမ်မှုကိုကြည့်၍ ငြိမ်းချမ်းသူများဟု အထင်ရောက်ခဲ့ခြင်းသည် မိမိအဖို့မူ တကယ်ငြိမ်းချမ်းခြင်းမဟုတ်။ လှုပ်ရှားချင်သည်ကို ချိုးနှိမ်၍ ထားရသော ဆင်းရဲမှုတစ်မျိုးပေတကားဟု တွေးမိလာသည်။ ခန္ဓာကိုယ်ဆင်းရဲမှုထက် စိတ်ကို ချိုးနှိမ်ထားရသော ဆင်းရဲမှုက ပို၍ပင်ပန်းပါတကားဟု စဉ်းစားလာသည်။

ထိုအခါ လယ်ကွက်ထဲတွင် နွားနှစ်ကောင်ကို အော်ဟစ်မောင်းနှင်ရင်း လွတ်

www.burmeseclassic.com



လွတ်လပ်လပ် သီချင်းဆိုသည်ကို သတိရသည်။ ထိုအခါ မိမိပင် မဆိုနှင့်ဦးတော့၊ ညဉ့်ဦးပိုင်းတွင် ထွက်ပေါ်လာတတ်သော အရပ်ထဲမှ တေးဗုံသံများကို သတိရလာသည်။ ထိုအခါ ကျောင်းဝတွင် ပစ်ထားခဲ့သော ထွန်တုံးများကိုလည်း ကွက်ခနဲ သတိရလာတတ်၏။

ဇေတဝန်ကျောင်းတော်တွင် မိမိအလားတူ ရဟန်းမြောက်မြားစွာရှိသည်။ ထိုရဟန်းများတွင် မိမိကဲ့သို့ပင်လောဟု နှိုင်းယှဉ်စဉ်းစားမိသောအခါများတွင်မူ ရှက်စိတ်ကလေး ဝင်လာမိ၏။ မိမိလက်လှမ်းမီသော ပတ်ဝန်းကျင်မှ ရဟန်းများကို အပထား၍ ဘုရားရှင်၏ လက်ရင်းတပည့်ဖြစ်သော ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်အာနန္ဒာ စသော မထေရ်ကြီးများ၏ တက်ကြွပုံ၊ ရွှင်လန်းပုံ၊ ပျော်ပိုက်ပုံများကို တစ်ဆင့်တက်၍ စဉ်းစားလိုက်သောအခါများတွင်ကား လူချင်းတူပါလျက် အသက်ရှူချင်း ကွဲနေရသော မိမိ၏ခံစားချက် ငြီးငွေ့မှုများကို မစဉ်းစားဝံ့လောက်အောင်ပင် ရှက်မိသည်။

ထိုအခါ ငါသည် သူတို့လို ရဟန်းဘဝနှင့် ထိုက်တန်သောသူ ဟုတ်ဟန်မတူ။ သူတို့မှာ ရဟန်းဘဝနှင့် အနေကြာခဲ့၍ အသားကျနေပေပြီ။ ရဟန်းဘဝနှင့် အထုံပါလာသူများလည်း ဖြစ်ဟန်တူသည်။ ငါ့မှာတော့ မနေ့တစ်နေ့ကမှ ရဟန်းဖြစ်ရသူဖြစ်သည်။ အမြင်အားဖြင့် အေးချမ်းပါသည်ဆိုသမင့်လည်း ထိုအေးချမ်းမှုမှာ မျက်စိလည်း မလွတ်လပ်၊ နားလည်းမလွတ်လပ်၊ ပါးစပ်ကလည်း မလွတ်လပ်၊ ခြောက်ကပ်လေစွတကား။ ငါ့ဟာငါ ထွန်တုံးတစ်လက်နှင့် အမြင်အသွင်အားဖြင့် ဆင်းရဲသည်ဆိုသမင့်လည်း အချုပ်အတည်းမရှိ။ လွတ်လွတ်ကျွတ်ကျွတ်နေနိုင်သည်။ ငါ့မှာ ရဟန်းဇာတာပါဟန်မရှိ။ ကိုထွန်တုံးဘဝသည်ပင် ငါ့အဖို့ သင့်လျော်ပေလိမ့်မည်ဟု စဉ်းစားသည်။

သည်ကြိမ်တွင်မူ ပစ်ထားခဲ့သောထွန်တုံးကို သတိရရုံမျှမဟုတ်၊ ရှိများရှိလေဦးမည်လားဟု ပစ်ထားခဲ့သော ကျောင်းဝနေရာသို့ အမှတ်မဲ့သွား၍ပင် ကြည့်လိုက်မိသည်။ ထိုအခါတွင် ထွန်တုံးကိုသာမဟုတ် ထွန်တုံးပေါ်တွင် ပစ်တင်ထားသော ပုဆိုးပိုင်းကလေးသည်လည်း တလှုပ်လှုပ်နှင့် အဆင်သင့်ရှိနေသည်ကို တွေ့ရသောကြောင့် အားတက်၍သွားမိ၏။

ထွန်တုံးအနီးသို့ ရောက်၍ မိမိနှင့် ဘုရားရှင်တို့ တွေ့ခဲ့ပုံကို သတိရမိသောအခါ မိမိအပေါ်၌ ကြီးစွာသော မဟာကရုဏာဖြင့် ဘုရားရှင်က ကယ်တင်ပေးခဲ့ပုံ

www.burmeseclassic.com

www.burmeseclassic.com



မိမိက စိတ်အားထက်သန်စွာဖြင့် ရဟန်းဘ၀ကို ပဋိညာဉ်ပေးခဲ့ပုံတို့ကို သတိရသောကြောင့် ရှက်နိုးစွာဖြင့် လှည့်ပြန်ခဲ့၏။

သို့ရာတွင် ထွန်းတုံးနှင့် ပုဆိုးကလေးကို ထားခဲ့သောနေရာတွင် တွေ့လာရသည့်အတွက် ပို၍ဆိုး၏။ ရဟန်းဘ၀၌ မိမိမနေလိုတော့သည့်အချိန်တွင် ထွန်းတုံးနှင့် ပိုဆိုးပိုင်းကလေးကိုဝတ်၍ ထွန်းတုံးကိုထမ်းလိုက်လျှင် ရှေးက မိမိပုံစံအတိုင်းပင် ပြန်ဖြစ်သွားနိုင်သည်ဟူသော အားကိုးအားထား ဧကန်ရှိနေသောကြောင့်ဖြစ်၏။ ယခင်ကမူ စိတ်ကူးဖြင့် တွေးခဲ့ရသည်။ ထွန်းတုံးကိုလည်းကောင်း၊ ပုဆိုးကိုလည်းကောင်း တွေ့ရှိသူ တစ်စုံတစ်ယောက် ယူသွားလိမ့်မည်ဟု ထင်ခဲ့ရသည်။

ယခု ထင်ရှားရှိနေသည်ကို တွေ့ရသောအခါ ရဟန်းဘ၀ကို ငြီးငွေ့တိုင်း အားကိုးအားထားဖြစ်သော ထွန်းတုံးနှင့် ပုဆိုးပိုင်းကို နေ့တိုင်းလိုလို အမှတ်မဲ့ သွား၍ကြည့်၏။

[ ၄ ]

ယနေ့အဖို့ လူထွက်တော့အံ့ဟု အပြီးအပိုင် ဆုံးဖြတ်လိုက်သည်။ ရဟန်းဘ၀တွင် မနေနိုင်တော့သည့်အတူတူ ထွန်းတုံးနှင့် ပုဆိုးပိုင်းကို သူတစ်ပါးမယူမီ လူထွက်လိုက်ရသည်က ကောင်းမည်။ သူတစ်ပါးယူသွားလျှင် လူထွက်ချင်ပါလျက် အားကိုးရ ခက်နေချေဦးမည်။ ရဟန်းဘ၀သည် ငါ့အတွက် ဟုတ်ဟန်မတူ။ သာသနာမှာလည်း ငါ့အတွက် ဝန်လေးနေရှာမည်။ ဘုရားရှင်အား ရှက်ဖို့ကောင်းသော်လည်း မတတ်နိုင်၊ အထင်မှား၍ ဤဘ၀ကို ရောက်လာခဲ့ခြင်းဖြစ်သည်။ ငါ့အဖို့ ထွန်းတုံးရှင်ဘ၀သည်သာ အကောင်းဆုံးဖြစ်သည်။

ထို့ကြောင့် ထွန်းတုံးအနီးသို့ ခါတိုင်းလို မယောင်မလည် မသွားတော့ဘဲ ဘုရားရှင်နှင့် အခြားရဟန်းများ မမြင်မသိနိုင်သောအချိန်ဟု မိမိယူဆသော ညဥ့်ဦးပိုင်း မှောင်ရီပိုးတ၀ါးအချိန်တွင် လူထွက်ဖို့ရန် တစ်ချောင်းတည်းသောစိတ်ဖြင့် ထွန်းတုံးအနီးသို့ ချဉ်းကပ်လာခဲ့မိသည်။

သို့ရာတွင် ထိုနေ့တွင်မှ ထွန်းတုံးအနီးတွင် စင်္ကြံလျှောက်၍နေသော ဘုရားရှင်ကို တွေ့မြင်လိုက်ရသဖြင့် ရဟန်းတော် ဦးထွန်းတုံးအဖို့ အံ့အားသင့်သွားရာက ဘုရားရှင်သည် မိမိအကြံကို သိလေပြီဟု ရှက်စနိုးသောကြောင့် ကျောင်းသို့ လှည့်ပြန်ရန် ဟန်အပြင်လိုက်တွင် "ရဟန်းတော် ဦးထွန်းတုံး"ဟု ဘုရားရှင်က

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်သဖြင့် ဘုရားရှင်အနီးသို့ ရောက်လာကာ ဝပ်တွားလိုက်ရသည်။

"ရဟန်းဘ၀ကို ငြီးငွေ့နေပြီလား ဦးထွန်တုံး"

"ငြီးငွေ့သည်မှာ ကြာလှပါပြီဘုရား"

"ဒါနဲ့ ရဟန်းဘ၀ကို နှစ်သက်လှပါတယ်လို့ လျှောက်ထားခဲ့တယ်မဟုတ်လား"

"ရဟန်းဘ၀ဟာ အေးအေးချမ်းချမ်း နေရလိမ့်မယ်လားလို့ အထင်မှားခဲ့မိပါတယ် ဘုရား"

"မမှားပါဘူး၊ ရဟန်းဘ၀ကို အေးအေးချမ်းချမ်း နေရလိမ့်မယ်လို့ ထင်မှတ်ခြင်းဟာ အထင်မှန်ဖြစ်ပါတယ်။ ရဟန်းဘ၀ရောက်ပြီး စိတ်အနေအထား မပြောင်းလို့သာ ငြီးငွေ့ခြင်း ဖြစ်ပါတယ်။

"ရဟန်းဆိုတာဟာ ပြင်ပ ဗဟိဒ္ဓကို မတွေးရဘူး၊ မကြည့်ရဘူး၊ သတိတရားအမြဲရှေ့ထားပြီး အတွင်းအဇ္ဈတ္တကိုသာ တွေးရမယ်၊ ကြည့်ရမယ်။ ကိုယ့်ကိုယ်ကိုယ်ကြည့်ရမယ်၊ မြင်ရမယ်၊ ဝေဖန်ရမယ်။ သူတစ်ပါးကို မကြည့်ရဘူး။ လူသတ္တဝါတွေဟာ ပြင်ပကိုသာကြည့်ပြီး သူတစ်ပါးကိုသာ မြင်ခဲ့ကြလို့ သံသရာမဆုံးနိုင်ဘဲဆင်းရဲဒုက္ခမျိုးစုံနဲ့ ရင်ဆိုင်နေကြရတယ်။

"တကယ်အေးချမ်းတဲ့အဖြစ်ကို လိုချင်တယ်ဆိုရင် ပြင်ပဗဟိဒ္ဓအာရုံတွေကို မတွေးနဲ့၊ ကိုယ့်ကိုယ်ကိုယ်သာ သိအောင်တွေးရမယ်။ အဲဒီလိုအဇ္ဈတ္တကို စူးစမ်းတဲ့အလေ့အထ၊ ကိုယ့်ကိုယ်ကိုယ် ရှာဖွေကြည့်တဲ့ အလေ့အထ များလာပြီဆိုရင် ငြိမ်းချမ်းမှုဆိုတာ အလိုလိုရောက်လာတာပါပဲ။ အဲဒါဟာ ရဟန်းဘ၀မှာ ပျော်ပိုက်နိုင်တဲ့ ရဟန်းအလုပ်ဖြစ်တယ်။ ဘယ့်နှယ်လဲ၊ ရဟန်းဘ၀ကို ငြီးငွေ့တုန်းပဲလား"

"မငြီးငွေ့တော့ပါဘုရား။ တပည့်တော် နားလည်ပါပြီဘုရား။ သဘောပေါက်ပါပြီ ဘုရား"

မှန်လှ၏။ အခြေခံရှိပြီးသော ဦးထွန်တုံးအဖို့ မှောက်ထားသောအိုးကို လှန်ပြလိုက်သကဲ့သို့ ဟင်းလင်းပွင့်သွားသည်။ လှုပ်ရှားသောနှလုံးသည် တည်ငြိမ်သွားသည်။

ဘုရားရှင်သည် ရှေ့မှကျောင်းတော်သို့ကြွ၏။ ဦးထွန်တုံးသည် ငြိမ်းအေးသောနှလုံး၊ ငြိမ်းအေးသော ကိုယ်ဟန်ဖြင့် ဘုရားရှင်နောက်တော်မှ ရှိခိုး၍ လိုက်ပါသွားသည်။ ။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာရေစင်

[ ၁ ]

သူတော်ကောင်းတို့၏ ကောင်းသောနေထိုင်မှုနှင့် ပတ်သက်၍ ငြိမ်းချမ်းမှု တံခွန်ထူကာ ဆိတ်ငြိမ်မှု သရဖူဆောင်းရာအရပ်ဖြစ်သော တောတွင်နေထိုင်မှုသည် ကောင်း၏။ ဘုရားရှင်အဆူဆူ၊ သူတော်ကောင်းအဆက်ဆက်တို့သည် တောကို နှစ်သက်ကြသည်။ တောဖြင့် မိမိတို့၏ဓမ္မရသကို ရှာဖွေကြသည်။

ယင်းသူတော်ကောင်းကြီးတို့၏ လမ်းစဉ်အတိုင်းပင် နောင်တော်ဘုရားသည်လည်း ဆိတ်ငြိမ်သော ဉရုဝေလတောဖြင့် အရင်းတည်၍ပင်လျှင် မိမိ၏ ဘုရားအဖြစ်ကို ထူထောင်တော်မူနိုင်ခဲ့ခြင်းဖြစ်သည်။ ဘုရားဖြစ်လာသည့်အခါတွင်လည်း အခွင့်သာသည့်အခါတိုင်းလိုလိုပင် တောဖြင့်သာ အချိန်ကုန်တော်မူလေ့ရှိသည်။

ဉပမာအားဖြင့် ဉရုဝေလတွင် ခြောက်နှစ်တိုင်တိုင် နေပြီးပါလျက်ကို ဘုရားဖြစ်တော်မူပြီးနောက် သတ္တသတ္တာဟ ခုနစ်ရက် ခုနစ်လီတိုင်တိုင် တော၌သာ ဆိတ်ငြိမ်မှု ရသကို ဆက်လက်ခံစားတော်မူခြင်း၊ နောင်တော်၏ ဘဝခရီးတွင် တစ်ဝါတွင်းလုံးတိုင်တိုင် ပါလိလေယျကတော၌ တစ်ပါးတည်း စံနေတော်မူခြင်း၊ အားလပ်ခွင့်ကြုံတိုင်း သူတော်ကောင်းတို့သာ နှစ်ခြိုက်လေ့ရှိသော ဂိဇ္ဈကုဋ်တောင်၊ တောပျော်တပည့်တို့တွင် တေဒဂ်ထူ၍ သရဖူဆောင်းတော်မူသော အရှင်ရေဝတမထေရ်၏ နာမည်ကျော် ရှားငုတ် ခယောင်းတော စသည်တို့တွင် ရက်သတ္တတစ်ပတ်ဖြစ်စေ ကေစာနေတော်မူခြင်းတို့ကို ထုတ်ပြနိုင်သည်။

ယင်းသို့ဖြင့် တောနှစ်သက်ခြင်း၊ တောကိုပျော်ခြင်းဟူသည် သူတော်ကောင်းတို့အလုပ်၊ သူတော်ကောင်းတို့ လမ်းစဉ်တစ်ရပ်ဖြစ်သည်။ မှန်ပါ၏။ သူတော်ကောင်းပညာရှိတို့ ချီးကျူးအပ်သည်လည်း မှန်ပါ၏။ သို့ရာတွင် မိမိတစ်ဦးတည်း

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းမှုဟု ဆိုအပ်သော မိမိကိုယ်ကျိုးထက် သူတစ်ပါးအကျိုး၊ သာသနာတော် အကျိုး၊ လောကအကျိုး၊ တပည့်တပန်း ဒကာ,ဒကာမအကျိုး၊ အများအကျိုးတည်း ဟူသော ပရဟိတ ချိန်ခွင်တွင်တင်၍ ကြည့်လိုက်သောအခါတွင်မူ ဧကစာအလုပ်၊ တောနေအလုပ်ဟူသည်မှာ အတ္တဟု မဆိုနိုင်စေကာမူ ဝေါဟာရအားဖြင့် အတ္တ ဘက်သို့ ယိုင်သယောင် တွက်ဆ အဆိုပြုနိုင်လေသည်။

ထို့ကြောင့်လည်း နောင်တော်ဘုရားသည် တပည့်ရဟန်းများအား အရညဝါသီ တောကျောင်းတွင်သာ နေကြပါစေဟူသော ယောက်ဖတော် ရှင်ဒေဝဒတ်၏ တောင်းဆိုချက်ကို တောင်းဆိုသည့်စေတနာ မှန်သည် မမှန်သည် အပထား၍ အကြောင်းမသင့်သောကြောင့် ငြင်းပယ်တော်မူခဲ့ခြင်း ဖြစ်ပေ၏။ အကြင်ရဟန်း သည် သာသနာတော်၏ အဓိကပန်းတုံးတိုင်ဟု ဆိုအပ်သော နိဗ္ဗာန်အတွက် တောတွင်ဖြစ်စေ၊ ဆိတ်ငြိမ်ရာတွင်ဖြစ်စေ နေနိုင်၏။ ထိုရဟန်းအား ချီးကျူးတော် မူ၏။ သို့မဟုတ် အကြင်ရဟန်းသည် မိမိအကျိုးကိုလည်း ပြီးစေ၍ သူတစ်ပါး အကျိုးကိုလည်း ပြီးစေသော မြို့ကျောင်း၊ ရွာကျောင်းတို့တွင်လည်း နေနိုင်၏။ ထိုရဟန်းကိုလည်း ချီးကျူးတော်မူ၏။ တောတွင်ဖြစ်စေ၊ မြို့ရွာတွင်ဖြစ်စေ ကောင်း သောနေခြင်းဖြင့် နေဖို့ရန်သာ အဓိကဖြစ်သည်။

ဤအကြောင်းကို ဤမျှချဲ့ထွင်ပြောဆိုနေရခြင်းမှာ တောဖြင့် မိမိ၏ဘဝကို အရင်းတည်၍ ပကတိအားဖြင့် တောပျော်ကြီးဖြစ်တော်မူသော နောင်တော်ဘုရား သည် မိမိထက် တောကိုချစ်နိုင်စွမ်းကြသော အရှင်မဟာကဿပ၊ အရှင်ရေဝတ စသူတို့ကို အလွန်ချီးကျူးသော်လည်း မိမိကိုယ်တော်တိုင်မှာမူ အများအတွက်ပင် ဘုရားဖြစ်တော်မူ၍ အများအကျိုးအတွက်ပင်လျှင် ရာဇဂြိုဟ်၊ သာဝတ္ထိ စသော မြို့ကျောင်း၊ ရွာကျောင်းတို့၌ သီတင်းသုံးတော်မူသည်ကို ဖော်ပြလိုသောကြောင့် ဖြစ်ပေသည်။

မိမိတည်ထောင်တော်မူသော သာသနာတော်ကို စည်ပင်ခိုင်မြဲအောင် ကြိုးပမ်း ရသည်။ ကျွတ်ထိုက်သူတို့ကို နေ့ညအချိန်မရွေး ကယ်ချွတ်ရသည်။ ဝိနည်းသိက္ခာ ပုဒ်တို့ကို အကြောင်းသင့်တိုင်း ပညတ်ရသည်။ မိမိနှင့် မိမိသာသနာကို အမှီပြု၍ ကုသိုလ်ရေးကို တိုးပွားစေရသည်။

သို့ရာတွင် အများနှင့်ဆက်စပ်သော နေထိုင်မှုဟူသည်မှာ အဘယ်မျှ သန့်စင် အပြစ်ကင်းသောသူပင် ဖြစ်စေကာမူ ရံဖန်ရံခါ၌ အခက်အခဲရှိတတ်သည်။ လောက

www.burmeseclassic.com

www.burmeseclassic.com



ဟူသည် အပြစ်အနာအဆာတို့ စုဝေးရာဖြစ်၏။ အိုမှု၊ နာမှု စသော ပင်မအလို မကျမှု ဆင်းရဲမှုကြီးများကို အပထားဦး၍ တောထဲတွင် တစ်ကိုယ်တည်းနေထိုင် ပါလျက် ပူမှု, အေးမှု စသော အလိုမကျနိုင်မှု စသော ဆင်းရဲမျိုး ရှိနိုင်ပေသေး လေရာ အများနှင့်ဆက်စပ်ရသောအခါ၌မူ ထိုအများမှ သက်ရောက်လာသော အခက်အခဲမျိုးစုံတို့သည် သာမန် သူသူငါငါတို့ကို ထား၍ အလွန်စင်ကြယ်သော ဘုရားရှင်ကိုယ်တော်၌သော်လည်း ဆုံတွေ့ရ၏။

ဥပမာအားဖြင့် အသားထဲက လောက်ထွက် ဆိုသကဲ့သို့ ဘာမဟုတ်သော သန့်သက်ရေကလေးကိစ္စမျှဖြင့် ကောသမ္ဗီပြည်၌ မိမိ၏ တပည့်ရဟန်းတို့ နှစ်ခြမ်း ကွဲကြသည့်ကိစ္စတွင် ဘုန်းကြီးသရဲကို သမ္ဗုဒ္ဓေဖြင့် မနိုင်ဆိုသော စကားပမာ အာဠဝက၊ အင်္ဂုလိမာလတို့လို လူကြမ်းလူသွမ်းကြီးများကိုပင်လျှင် တရားရေအေး တစ်ခွက်စာမျှဖြင့် နိုင်နင်းခဲ့ပါလျက် ထိုတပည့်တို့ကိုမူ တရားရေအေးတစ်အိုးလုံး တိုက်ပါလျက်နှင့် မနိုင်နင်းသောကြောင့် လက်လျှော့ကာ ပါလိလေယျက တောသို့ ထွက်သွားရသည်များကို နောင်တော်ဘုရား၏ ဘဝအခက်အခဲအဖြစ် ထုတ်ပြနိုင် ပေ၏။ ထိုအခက်အခဲကြောင့် "သံဃာအား ဘုရားမဆန်သော"ဟူသော ဂုဏ်မဲ့ စကားတစ်ရပ်ပင် ထွက်ပေါ်ခဲ့ရသည်။

ရာဇဂြိုဟ်တွင် သီတင်းသုံးစဉ်က ကြုံတွေ့ခဲ့ရသော အခက်အခဲတစ်ရပ်ကို လည်း နောက်ထပ်ဥပမာအဖြစ် ထုတ်ပြနိုင်ပေသည်။ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် အဇာတသတ်သည် မင်းတို့၏လောဘဖြင့် ဝေသာလီနိုင်ငံအား တိုက်ခိုက်သိမ်းယူ လိုသည့်ကိစ္စ၌ တရားရှင်နောင်တော်ဘုရားမှာ မဆီမဆိုင် ဘုရင့်အကြံပေးပုဂ္ဂိုလ်ကြီး ပမာ အတိုင်ပင်ခံခဲ့ရသည်။ ယင်းသို့ တိုင်ပင်လာသောအခါ သာသနာတော်အတွက် ကျေးဇူးများသော ကျောင်းဒကာကြီးတစ်ယောက်လုံး၏ ကိစ္စဖြစ်နေ၍ ငြင်းပယ် လိုက်၍လည်းမဖြစ်၊ မည်သို့စီစဉ် မည်သို့လုပ်ဟု အကြံပေး၍လည်း မဖြစ်သော ကြောင့် နောင်တော်ဘုရားသည် ကျွန်ုပ်ကို အနီးသို့ခေါ်ကာ တရားနှင့်လျော်သော ဆိုဆုံးမစကားများဖြင့် သွယ်ဝိုက်၍ ပြောဟောခဲ့ရပေသည်။

ယခု သာဝတ္ထိတွင်လည်း တရားရှင်တို့နှင့် မပတ်သက်သော တိုင်းရေးပြည်ရေး ကိစ္စတစ်ရပ်နှင့် စပ်လျဉ်း၍ နောင်တော်ဘုရားတွင် အခက်အခဲတစ်ရပ် တွေ့ရ ပြန်ပြီဖြစ်၏။ နောင်တော်က မည်သို့သဘောထားသည် မသိရသော်လည်း ကျွန်ုပ် အမြင်အားမှု ခက်ခဲသောကိစ္စတစ်ရပ်ပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ကျောင်းတော်သို့၊ သို့မဟုတ် နောင်တော်ဘုရားရှင်ထံတော်သို့ အချိန်အခါမရွေး ကောသလဘုရင် ရောက်လာဖူးမြော်ခြင်းမှာ အဆန်းမဟုတ်တော့ချေ။ ဟင်းအိုးအနီးမှ ယောက်မကဲ့သို့ ဤဘုရင်သည် ပင်ကိုအတွေးအခေါ်အားဖြင့် နေးကွေး၍ တရားနှင့် ဝေးသယောင်ရှိသော်လည်း နောင်တော်ဘုရားအပေါ်တွင်မူ လောကုတ္တရာအကျိုး၊ သာသနာတော်အကျိုးသက်သက်မျှ မဟုတ်ဘဲ ကျွန်ုပ်ကဲ့သို့ပင် သွေးရင်းသားရင်းပမာ ခင်တွယ်စိတ်ရှိသည်ကို အများအသိပင် ဖြစ်ပေသည်။

ကျောင်းတော်နှင့် နန်းတော်သည် အိမ်ဦးနှင့်ကြမ်းပြင်ဆိုသော ဥပမာကဲ့သို့ပင် ဖြစ်၏။ တိုင်းရေးပြည်ရေး သာသနာတော်အရေး ရေးကြီးခွင်ကျယ်ကိစ္စမျိုးကို အပထား၍ ကိုယ်ရေးကိုယ်တာကိစ္စ အသေးအမွှားကလေးများကိုလည်း ဘုရားရှင်အား လျှောက်ထားသည့်အကြောင်း ဖော်ပြခဲ့ဖူးပြီ။ ထို့ကြောင့်လည်း ယင်းသို့ကိစ္စမျိုးစုံကို စုပေါင်း၍ နောင်တော်၏ ပိဋကတ်တွင် ကောသလသံယုတ်ဟူသော အမည်ဖြင့် တစ်နေရာရခဲ့ခြင်းဖြစ်ပေသည်။

သို့ရာတွင် ဘုရားရှင်ထံတော်သို့ ကောသလဘုရင် လာပုံလာနည်း နှစ်မျိုးရှိသည်။ တစ်မျိုးမှာ လာရိုးလာစဉ် ထုံးစံအတိုင်း တစ်စုံတစ်ရာ ကြိုတင်အကြောင်းမကြားဘဲ ရောက်လာခြင်းဖြစ်၍ နောက်တစ်မျိုးမှာ မိမိမည်သည့်အချိန်တွင် လာမည့်အကြောင်းကို ကြိုတင်အသိပေးပြီးမှ ရောက်လာခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ အကြောင်းထူးမရှိသည့်အခါတွင် လာချင်သလိုလာ၍ လျှောက်ထားရန် အကြောင်းထူးရှိသည့်အခါ သို့မဟုတ် ဘုရင်နှင့် နောင်တော်ဘုရား နှစ်ကိုယ်ကြားသာ လျှောက်ထားလိုသည့်အခါ ကြိုတင်အကြောင်းကြားခြင်းဖြစ်၏။ ကြိုတင်အကြောင်းကြားခြင်းအားဖြင့် ဘုရားရှင်နှင့် နှစ်ဦးတည်းတွေ့ဆုံဖို့ အခွင့်အရေးတောင်းသည့်သဘောမျိုး ဖြစ်၏။

သို့ရာတွင် ဘုရားရှင်က အခါခပ်သိမ်း ကောသလဘုရင်၏ အလိုသို့လိုက်သည် မဟုတ်ဘဲ အကြောင်းအားလျော်စွာ နှစ်ကိုယ်ကြား တွေ့ရသည်လည်းရှိ၏။ သို့မဟုတ် သူလာသည့်အချိန်တွင် နောင်တော်ဘုရားထံ၌ ပရိသတ် တစ်ဦးဦးသို့မဟုတ် အများရှိနေနှင့်သောကြောင့် အလိုမကျနိုင်ဘဲ အထပ်ထပ် ချိန်းဆိုလာရောက်ရသည်လည်းရှိ၏။ ဥပမာအားဖြင့် သူအလွန်ချစ်သော မိဖုရားကြီးမလ္လိကာဒေဝီ ကွယ်လွန်သည့်အချိန်တွင် ဘုရင်သည် ဘုရားရှင်နှင့် နှစ်ကိုယ်တည်း

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုလှသောကြောင့် ခုနစ်ရက် ခုနစ်လီ ချိန်းဆိုခဲ့ရသည်။ ထိုအချိန်က အလွမ်းမင်းသားကြီးဖြစ်နေသော ဘုရင်သည် ဘုရားရှင်ရှေ့တော်တွင် သူ့အပူမီးကို ရင်ဖွင့်လိုဟန်တူသည်။ သို့ရာတွင် ဘုရားရှင်ကမူ အကြောင်းကြောင်းကိုထောက်၍ အလွယ်တကူဖြင့် တွေ့ခွင့်မပေးခဲ့ပေ။

ယခုတလောတွင်လည်း အကြောင်းထူးထွေရှိနေဟန်ဖြင့် ဘုရင်သည် နောင်တော်ဘုရားနှင့် တွေ့လိုနေဟန်ရှိသည်။ ကြိုတင်ချိန်းဆိုပြီးနောက် ဘုရင်ကြွရောက်လာသောအခါတွင် ဘုရားရှင်ရှေ့တော်၌ တစ်ဦးမဟုတ် တစ်ဦးဆိုသလို ရှိနေသည်သာ ဖြစ်၏။ ဤကိစ္စအတွက် ဘုရင်သည် အလိုကျဟန်မတူလှပေ။ ရောက်လာလျှင် ရိုးရိုးရောက်လာသကဲ့သို့ တရားရေးရာ ဆွေးနွေးနာကြား၍သာ ပြန်သွားရသည်။

ယနေ့ညနေတွင်လည်း အမတ်တစ်ယောက်ကို လွှတ်၍ ညနေဘက်တွင် ဘုရင်ရောက်လာမည့်အကြောင်း ကြိုတင်ချိန်းဆိုပြန်၏။ သို့ရာတွင် ညနေဘက်ရောက်၍ ဖူးမြော်သူပရိသတ် ပြတ်စဲသောအခါ ဘုရားရှင်က "အာနန္ဒာ ငါတို့မောရဏ္ဍနတ်ကွန်းသို့ သွားကြရအောင်"ဟု မိန့်ဆိုသောကြောင့် ကျွန်ုပ်က ဘုရားရှင်သည် သက်ရွယ်ကြီးရင့်တော်မူလာ၍ သတိတော်များ လစ်လေရော့သလားဟု အလုပ်အကျွေးတို့၏ ဝတ္တရားအတိုင်း "မှန်လှပါ၊ ကျောင်းဒကာဘုရင်ကြီး အဖူးအမြော် လာရောက်ရန် ချိန်းဆိုထားပါသည်ဘုရား"ဟု လျှောက်သောအခါ နောင်တော်ဘုရားက "ငါသိသည် အာနန္ဒာ၊ ဘုရင်သည် နတ်ကွန်းသို့လိုက်လာလိမ့်မည်၊ ငါတို့သွားကြစို့"ဟု မိန့်တော်မူသဖြင့် ဘုရားရှင်နှင့် ကျွန်ုပ်တို့သည် ဇေတဝန်ကျောင်းတော်နှင့် အတန်လှမ်းသော မြစ်ကမ်းနဖူးရှိ မောရဏ္ဍနတ်ကွန်းသို့ ထွက်လာခဲ့ကြ၏။

အစီရဝတီမြစ်ကမ်းရှိ ထိုနတ်ကွန်းသို့ ကျွန်ုပ်သည် ဘုရားရှင်နှင့်အတူ ပင်ရှေးက နှစ်ကြိမ်သုံးကြိမ်မျှ ရောက်ဖူး၏။ နောင်တော်ဘုရားပွင့်တော်မမူမီ နှစ်ပေါင်းများစွာကပင် ရှိနေသော မောရဏ္ဍနတ်ကွန်းသည် အတန်ကြီးမား၍ လှပသောအဆောက်အအုံတစ်ခုဖြစ်၏။ သစ်ပင်မျိုးစုံတို့ဖြင့် ပတ်ဝန်းကျင် စိုပြည်၏။ ဆိတ်ငြိမ်၏။ သာယာ၏။ ကိုးကွယ်သူတို့၏ ဂရုစိုက်မှုကြောင့် သန့်ရှင်း၏။ မြစ်ကမ်းနဖူးတွင်ရှိသောကြောင့် ရေပြင်ရှုကွင်းရှုကွက်ကောင်း၏။ ယခုအချိန်မှာ မိုးဥတုကုန်ဆုံး၍ ဆောင်းဥတုသို့ ကူးပြောင်းရောက်ဆဲအချိန်ဖြစ်ရာ ဥတုကောင်းမွန်သော

www.burmeseclassic.com



ကြောင့် ပို၍သာယာဖို့ရှိသည်။

ကျွန်ုပ်ခန့်မှန်းချက်မှန်ကန်ပေ၏။ နတ်ကွန်းသို့ ရောက်သောအခါ မြစ်ရေသည် မိုးရာသီကဲ့သို့လည်း မပြည့်မောက်၊ နွေရာသီကဲ့သို့လည်း မယုတ်လျော့လွန်းသေးဘဲ ညနေစောင်းအချိန် တိုက်ခတ်အပ်သော လေပြည်လေညင်း၏အောက်တွင် လှိုင်းနုကလေးများ တဖျတ်ဖျတ်ဖြင့် မြေပြင်ပေါ်တွင် ကမ္ဗလာကြီးတစ်ချပ်ခင်းထားဘိသို့ရှိသည်ကို တွေ့ရသည်။ တစ်ဖန် လှိုင်းနုပက်ထားသောအခါ ဆေးရောင်နုနုစိုစိုနှင့် လှသောပန်းချီကားချပ်ကြီးသဖွယ် ဖြစ်နေသည်။ နတ်ကွန်းမှဆည်းလည်းသံကလေးတို့ကလည်း ဓမ္မတေးသံဖြင့် ပတ်ဝန်းကျင်သာယာမှုကိုကူညီသယောင်ရှိသည်။

ကျွန်ုပ်တို့သည် နတ်ကွန်းသို့ရောက်သောအခါ ဘုရားရှင်အလိုတော်ရှိကသီတင်းသုံးနိုင်ရန် နတ်ကွန်းရှေ့ရှိ ကြီးမားအုပ်ဆိုင်းသော ညောင်ပင်ကြီးအောက်မှထိုင်ခုံတစ်ခုံတွင် ကျွန်ုပ်၏ ဒုကုဋ်သင်္ကန်းကိုခင်း၏။ ကျွန်ုပ်သင်္ကန်းခင်းနေစဉ်မှာပင် နောင်တော်ဘုရားက "အာနန္ဒာဘုရင်သည် သူ၏ တိုင်းရေး၊ ပြည်ရေး၊ အတွင်းရေးကိစ္စတစ်ခုကို လျှောက်ထား တိုင်ပင်လိုသောကြောင့် ငါ့အား နှစ်ဦးချင်းဖူးတွေ့နေလိုသည်မှာ ရက်အတန်ကြာခဲ့ပြီ"ဟု မိန့်တော်မူ၏။

"မည်သည့်ကိစ္စဖြစ်ပါသနည်း အရှင်ဘုရား"ဟု ကျွန်ုပ်က လျှောက်ထားသည်။

"ဘုရင်၏ တပ်မတော်မှ တပ်မှူးအမတ်နှစ်ယောက်တို့ မသင့်မမြတ်ဖြစ်နေကြသည်မှာ ရက်,လ အတန်ကြာခဲ့ပြီ။ တပ်မှူးတို့သည် ဘုရင်၏ သွေးသားဖြစ်၍တပ်မတော်တွင် အရေးပါသူများဖြစ်ကြ၏။ ဘုရင်သည် သူ့တပ်မှူးများကိစ္စတွင်သူကိုယ်တိုင် နည်းအမျိုးမျိုးဖြင့် စေ့စပ်ပြေလည်ဖို့ ကြိုးစားသော်လည်း မအောင်မြင်ခဲ့။ မပြေလည်သော သာဝတ္ထိနှင့် ရာဇဂြိုဟ်တို့၏ တိုင်းရေးပြည်ရေး ပြဿနာကြောင့် ယခုနှစ် နွေရာသီတွင် စစ်အင် ခင်းကျင်းကြဖို့ရှိနေရာ သူ့စစ်မှူးတို့မသင့်မပြတ်ဖြစ်နေကြသည်ကို ဘုရင်က ငါ့အား ဖြေရှင်းပေးရန် လျှောက်ထားလိုနေပေသည် အာနန္ဒာ"

ထိုအခါ ကျွန်ုပ်က "ဤပြဿနာတွင် နောင်တော်၏ တရားကြောင့် စစ်မှူးတို့ မသင့်မြတ်မှု ပြေငြိမ်းနိုင်ပါမည်လားဘုရား"ဟု စိုးရိမ်စိတ်ဖြင့် လျှောက်ထားကြည့်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဤကိစ္စအတွက်ပင်လျှင် ဘုရင်မလျှောက်ထားနိုင်ရန် ငါသည် အချိန်ကို ရွှေ့ဆိုင်းခဲ့ပေသည် အာနန္ဒာ၊ အပြင်းဖျားစ သူနာတို့အဖို့ ဆေးချက်သွင်းရန် ခဲကတ်ဘိသကဲ့သို့ အကြင်သူအား စိတ်ဝမ်းကွဲစေမှု၊ လှုပ်ရှားစေမှု၊ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာသည့်အခါမျိုးတွင်လည်း လတ်တလောအားဖြင့် တရား တည်းဟူသော ဆေးချက်သွင်းဖို့ ခဲကတ်တတ်ပေသည်။ သို့ရာတွင် ဆင်ခြင်တုံ တရား စဉ်းစားဉာဏ်ရှိသူများအဖို့ လတ်တလောပြဿနာကြောင့် စိတ်လှုပ်ရှားမှု မတည်ငြိမ်မှုရှိသော်လည်း မိမိတို့၏ ယင်းစိတ်လှုပ်ရှားမှု အခြေအနေမှန်ကို စဉ်းစား နိုင်တတ်ကြမြဲတည်း။ မိမိတို့အမှားကို သိလာတတ်ကြမြဲတည်း။

"သစ္စကပရိဗိုဇ်သည် စဉ်းစားဉာဏ်ရှိသူတည်း။ သို့ရာတွင် ဂိုဏ်းဆရာကြီး တည်းဟူသော မာနအရှိန်ဖြင့် တစ်ဖက်စွန်းရောက် ကိလေသာရောဂါကြီးမားသော ကြောင့် အမှားကို အမှန်ထင်စေခဲ့သည်။ ငါဘုရားနှင့်တွေ့ပြီး စဉ်းစားဉာဏ်ကို ဖွင့်ပေးလိုက်သောအခါ အကျွတ်တရားရခဲ့သည်။

"ငါ့သားတော် အင်္ဂုလိမာလသည် မိခင်ကိုပင် သတ်တော့အံ့ဆဲဆဲအထိ တစ်ဖက်စွန်းရောက် စိတ်အမှောင်ကျခဲ့သူတည်း။ သို့သော် အင်္ဂုလိမာလသည် စဉ်းစားတတ်မှု၊ သိမြင်တတ်မှု အခြေခံကြီးသူဖြစ်၏။ သူ့ကိုလည်း ကိလေသာ ရောဂါကျအောင်ပြုလုပ်၍ ငါဘုရား၏ ဆေးချက်ဝင်သောအခါ အဝိဇ္ဇာမှောင်မှ ဝိဇ္ဇာတည်းဟူသော အလင်းသို့ ကျွတ်တမ်းဝင်ခဲ့စေသည်။

"အာဠဝကသည် ရန့်ရင်းကြမ်းတမ်းသူတကာတို့၏ ထိပ်ခေါင်ဖြစ်၏။ ကြမ်း တမ်းသလောက်လည်း တန်ခိုးကြီးမားသူဖြစ်၏။ သို့ရာတွင် ထိုကြမ်းတမ်းမှု ကျောက်တော်နှင့် ကြမ်းတမ်းမှုကို ပင့်မြှောက်ထားအပ်သော တန်ခိုးကြီးမားမှု အမှောင်ထုအောက်ခြေတွင် စဉ်းစားသိမြင်တတ်မှုတည်းဟူသော အမြုတေကလည်း ကိန်းဝပ်လျက်ရှိနေခဲ့ပေသည်။ ထိုအမြုတေကို ငါဘုရား၏ တရားတည်းဟူသော ဓမ္မစက်ဖြင့် ထုတ်ဖော်နိုင်သောအခါ အာဠဝကသည်လည်း အကျွတ်တရားရခဲ့ ပေသည်။

"သစ္စကပရိဗိုဇ်၊ အင်္ဂုလိမာလ၊ အာဠဝက စသော အမြင့်တန်းစား လူဇာတ် လူနွယ်ရှိသူတို့ကို အပထား၍ လူဇာတ်လူနွယ် မဟုတ်ရှာသော နာဠာဂီရိ ဆင်ဆိုးဆင်ကြမ်းကြီး၌ပင် ကြည်လင်မွန်မြတ်သော စဉ်းစားတတ်မှု အသိတရား ကလေးသည် တွဲခိုလျက်ရှိ၍ ထိုသိတတ်မှုကလေးကို ငါဘုရား ထုတ်ဖော်ပေး

www.burmeseclassic.com



လိုက်နိုင်သောအခါ ဆင်ဆိုးဆင်ကြမ်းကြီးဘဝမှ ဆင်သူတော် ဆင်ကောင်းကြီး အဖြစ်သို့ ကူးပြောင်းခဲ့ပေသည်။ သူ့ခမျာ တိရစ္ဆာန်ဇာတ် ဖြစ်နေသောကြောင့်သာ တရားမရရှာနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

"အာနန္ဒာ...ကောသလဘုရင်၏ စစ်မှူးကြီးများသည် အာဠဝက၊ အင်္ဂုလိမာလ တို့လောက် ဆိုးသွမ်းခက်ထန်သူများ မဟုတ်ကြပါ။ လူတို့သဘာဝ နေထိုင်ဆက်ဆံ ကြရာတွင် ရံဖန်ရံခါ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာတတ်သော အာဃာတ အရေးအခင်းများကြောင့်သာ အာဃာတပြဿနာပေါ်ပေါက်လာရခြင်းမျှဖြစ်သည်။ စင်စစ်အားဖြင့် စစ်မှူးများသည် အကျိုးအကြောင်း သင့် မသင့် တော် မတော်ကို စဉ်းစားနှိုင်းချိန်နိုင်သူများ ဖြစ်ကြသည်။ ယင်းအာဃာတ ပြဿနာကလေးများကို ဖြေရှင်းဖို့ရန် ရောဂါကျသည့်အချိန်ကိုသာ စောင့်ဖို့လိုပေသည် အာနန္ဒာ။

ထို့ပြင် ညီညွတ်စေနိုင်မှုအတွက် သူတို့ပြဿနာကို ဖြေရှင်းစေနိုင်ဖို့ရန် သူတို့ တွင် တူညီသောခံယူချက်တစ်ခု ကိုယ်စီရှိနေကြပေသည်။ ထိုခံယူချက်ကား ကိုယ့် တိုင်းပြည် ကိုယ့်ဘုရင်ဟူသော မျိုးချစ်စိတ်၊ တိုင်းချစ်စိတ် ခံယူချက်ပင်ဖြစ်ပေ သည်။ ထို့ကြောင့် စစ်မှူးတို့ပြဿနာမှာ လွယ်လွယ်နှင့်ပင် ဖြေရှင်းနိုင်ပါလိမ့်မည် အာနန္ဒာ"

ကျွန်ုပ်သည် တိုင်းရေးပြည်ရေးဟူသော စကားကို ကြားလိုက်ရသောအခါ တရားရှင်တို့နှင့် မလျော်သော ပြဿနာတစ်ရပ်ကို နောင်တော်တရားရှင်သည် အခက်အခဲတစ်ရပ်အနေဖြင့် ကိုင်တွယ်ရတော့မည်လောဟု စိုးရိမ်စိတ်ဖြင့် နာကြား နေခိုက် အလွန်ပြေလည်လှစွာသော တရားအချက်တို့ဖြင့် အကျိုးအကြောင်းစုံကို ကြားသိရသောကြောင့် စိတ်ချမ်းသာရ၏။ သိတော်မူ မြင်တော်မူသော နောင် တော်ဘုရားသည် စစ်မှူးတို့၏ ပြဿနာအဖျားကျမည့်အချိန်ကို စောင့်တော်မူရင်း ကောသလဘုရင်အား တွေ့ဆုံမှုမပေးခဲ့သည်ကိုလည်းကောင်း၊ ယနေ့အဖို့တွင်မူ စိတ်ဝမ်းကွဲမှု ရောဂါအတွက် အချိန်သင့်ရောက်ပြီကို သိတော်မူသဖြင့် တိုင်းပြည် အတွက် လျှို့ဝှက်သော ပြဿနာကို လွတ်လွတ်လပ်လပ် လျှောက်ထားနိုင်ရန် နတ်ကွန်းသို့ ထွက်ကြွတော်မူလာသည်ကိုလည်းကောင်း၊ ကျွန်ုပ်အဖို့ ယခုမှပင် ရှင်းလင်းတော့သဖြင့် ကောသလဘုရင် ကြွရောက်လာဖို့ကိုပင် ဆန္ဒစောစွာဖြင့် လှမ်းမျှော်ကြည့်လိုက်သောအခါ ဘုရင်သည် ကိုယ်ရံတော်နှစ်ဦးသုံးဦးမျှဖြင့် နတ်ကွန်း သို့ ဝင်ရောက်လာသည်ကို တွေ့ရပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကောသလဘုရင်သည် ဘုရားရှင်၏ ရှေ့မှောက်သို့ ဝပ်စင်းမိသောအခါ နိုင်ငံတော်၏ ထိပ်တန်းလျှို့ဝှက်ကိစ္စတစ်ခုခုကို လျှောက်ထားရမည့်အရေးတွင် ကျွန်ုပ်မှတစ်ပါး ပတ်ဝန်းကျင်ရှင်းလင်းလျက်ရှိသောကြောင့် နှစ်သိမ့်စွာဖြင့် ဘုရားရှင် မိန့်တော်မူခဲ့သည့်အတိုင်း သူ့စစ်မှူးနှစ်ဦးအကြောင်းရပ်ကိုပင် လျှောက်ထားသည်။ စစ်မှူးနှစ်ဦးစလုံးမှာ ဘုရားရှင်သို့သက်ဝင် ကြည်ညိုသူများဖြစ်၍ တရားဟောကြား စေ့စပ်ပေးတော်မူပါမည့်အကြောင်း တောင်းပန်သည်။ စစ်မှူးနှစ်ဦး၏အမည်မှာ မဟာသေနနှင့် ဇယသေနဖြစ်၍ မဟာသေန–က အကြီး၊ ဇယသေန–က အငယ် ဖြစ်သည်။ သို့ရာတွင် စစ်မှူးနှစ်ဦးစလုံးသည်ပင် တပ်မတော်တွင် အရေးပါသူတို့ ဖြစ်၍ ဘုရင်နှင့် သွေးသားမကင်းသူများလည်း ဖြစ်ကြသည်။

ဘုရားရှင်က ဤကိစ္စသည် နက်ဖြန်တွင် ပြီးပြတ်ပါလိမ့်မည်ဖြစ်ကြောင်း အမိန့်ရှိလိုက်သောအခါ ကောသလဘုရင်အဖို့ ဝမ်းမြောက်လှသဖြင့် မျက်နှာသည် သိသိသာသာ ကြည်လင်ရွှင်ပျသွားသည်ကို တွေ့လိုက်ရသည်။

## [ ၄ ]

နောက်နေ့နံနက်တွင် ဆွမ်းခံချိန်ရောက်သောအခါ နောင်တော်ဘုရားသည် ကျွန်ုပ်အား နောက်ပါအဖြစ်ခေါ်၍ သာဝတ္ထိမြို့တော်တွင်းသို့ ဆွမ်းခံကြွရန် သပိတ်သင်္ကန်းကို ပြင်ဆင်တော်မူ၏။

သလုံးမြင်းခေါင်းဖြင့် ရင်းနှီး၍ တောင်းခံရအပ်သော ဆွမ်းဟူသည် အပြစ်ကင်းစင်သဖြင့် ဆွမ်းခံခြင်းအလုပ်ကို အမြဲတမ်း ချီးကျူးတော်မူအပ်သည့်အတိုင်း ဘုရားရှင်ကိုယ်တော်တိုင် ဆွမ်းခံမှုအလုပ်တွင် အဘယ်မျှ ဝါယမစိုက်တော်မူခဲ့သည်ကို ရဟန်းအားလုံး အသိပင်ဖြစ်၏။ သို့ရာတွင် ဘုရားရှင်၏ သက်တော်သည် သာဝတ္ထိတွင် သီတင်းသုံးတော်မူခြင်းဖြင့် ဇရာပိုင်းသို့ တစ်နေ့တခြား ရောက်လာသောအခါ လှုပ်ရှားသွားလာမှုအတွက် စိုးရိမ်သောကြောင့် ဆွမ်းခံမှုလျှော့ရန် ကျွန်ုပ်တို့ ရဟန်းများကလည်း လျှောက်ထားသည်။ ဒါယကာ ဒါယိကာမများက လည်း လျှောက်ထားသည်။ လျှောက်ထားရုံမဟုတ် ဆွမ်းကိစ္စမှစ၍ ဘုရားရှင် သီတင်းသုံးနေထိုင် လှုပ်ရှားမှုမှန်သမျှ သက်သာလွယ်ကူမှုရှိအောင် သတိမပြတ် ကြပ်မတ်စီမံပေးကြသည်။ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာ၍သော် လည်းကောင်း၊ ရံဖန်ရံခါ ဘုရားရှင် ဆွမ်းခံထွက်ကြွသည် ဆိုလျှင်လည်း ရှေးကလို

www.burmeseclassic.com



တစ်ပါးတည်း မထွက်ကြွစေတော့ဘဲ လိုအပ်လျှင် အထောက်အကူရစေရန် ကျွန်ုပ်ကိုယ်တိုင် နောက်တော်ပါးက ဖဝါးမကွာ ကပ်၍လိုက်သည်။

ယနေ့အဖို့ ဘုရားရှင် ဆွမ်းခံထွက်ကြွတော်မူမည့်အရေးကိုမူ မနေ့ကပင် သိခဲ့ပြီးဖြစ်သည့်အတိုင်း ကျွန်ုပ်သည် စောစောကပင် ဘုရားရှင်အတွက် ပြင်ဆင်ပေးပြီးဖြစ်၍ ကျွန်ုပ်ကိုယ်တိုင်လည်း အသင့်ဖြစ်နေခဲ့ပေသည်။

စင်စစ်အားဖြင့် မဟာသေနစစ်သူကြီးသည် ကျွန်ုပ်တို့၏ ဆွမ်းဒကာ ကွမ်းဒကာတစ်ယောက် ဖြစ်ခဲ့ပေသည်။ သာဝတ္ထိသို့ ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့ လာရောက်သီတင်းသုံးကြစဉ် စောစောပိုင်းနှစ်များအတွင်းက မဟာသေန၏ အိမ်သို့ ဘုရားရှင်နှင့် ကျွန်ုပ်တို့ ဆွမ်းစား ကြွရောက်ခဲ့ကြဖူးပေသည်။ ထို့နောက်တွင်ကား တိုင်းပြည်တာဝန် များပြားလှသော မဟာသေနနှင့် အဆက်ဝေး၍ သူ၏ ကောင်းသတင်းများကိုသာ ရံဖန်ရံခါ ကြားနေခဲ့ရပေသည်။

ဤဒကာသည် စစ်မှူးဆိုသော်လည်း တည်ငြိမ်အေးချမ်းသော အသွင်ရှိသည်ကို ကျွန်ုပ် သတိပြုမိသည်။ ရုပ်ရည်သန့်ပြန့်၍ စဉ်းစားတွေးခေါ်တတ်သော မျက်နှာမျိုးရှိသည်။ ဇယသေနကိုကား ကျွန်ုပ်မသိပေ။ သာသနာကို ကြည်ညိုသူဆိုသောကြောင့် ဘုရားရှင် သိတော်မူကောင်း သိတော်မူမည်။ သို့ရာတွင် ကျော်ကြားသော စစ်သူကြီးတစ်ဦးဖြစ်ရာ ဇယသေန၏ စစ်အောင်ပွဲများနှင့် တရားမှုတမှု သတင်းများကိုကား ကြားသိခဲ့ရဖူးသည်။

ကျွန်ုပ်တို့သည် ဆွမ်းခံချိန်တွင် သပိတ်ကိုယ်စီဖြင့် မဟာသေန၏ အိမ်သို့ တိုက်ရိုက်ရောက်ရှိသွားကြသောအခါ စစ်သူကြီး မဟာသေနကို အဆင်သင့် တွေ့ရှိရ၏။

စစ်သူကြီးသည် ဘုရားရှင်ကို ဖူးတွေ့ရသောအခါ အံ့အားသင့်စွာဖြင့် သပိတ်ကို ဆီးယူ၏။ ပျာပျာသလဲ နေရာထိုင်ခင်းပြင်ဆင်၏။ "ဘုရားရှင်သည် မိမိအိမ်သို့ ကြွလာဖို့ရန် အလှည့်ပေးသည်မှာ ကြာမြင့်လှပါချည့်ဘုရား"ဟု အားမလို အားမရစကားဖြင့် လျှောက်ထား၏။ ဘုရားရှင်၏ကျန်းမာရေး နေထိုင်ရေး စသော သပ္ပာယမှုတမှု မမှုတမှု သတင်းစကားများ လျှောက်ထားမေးမြန်း၏။ ထို့နောက် ကျွန်ုပ်ကိုလည်း လျှောက်ထားသည်။ သူ့အိမ်သို့ ကျွန်ုပ်တို့ကို မခေါ်ပင့်ချေ။ ရောက်လာကြသည့်အတွက် အထူးဝမ်းမြောက် တက်ကြွလျက်ရှိကြောင်း ထင်ထင်ရှားရှား သိရသည်။ ကျွန်ုပ်တို့အား သူ့အိမ်တွင် ဆွမ်းခံကြွရုံမျှမဟုတ်၊ ဆွမ်းစားရန်

www.burmeseclassic.com



ကိုပါ ပင့်လျှောက်သည်။ အကြောင်းမှုကား သူ့အိမ်တွင် ထမင်းစားသောက်ရန် အတွက် ပြင်ဆင်နေချိန်ဖြစ်ရာ ကျွန်ုပ်တို့အဖို့ ဆွမ်းစားရန် အဆင်သင့်နေသော ကြောင့် ဖြစ်သည်။

သို့ရာတွင် ဘုရားရှင်က မဟာသေန၏ ဝမ်းမြောက်ဝမ်းသာ အခြားလျှောက် ထားချက် မေးမြန်းချက်များကို အလိုက်သင့် ဖြေကြားပြောဆိုတော်မူသော်လည်း ဆွမ်းစားဖို့ကိုမူ ဝန်မခံသေးဘဲ အစေ့အစပ် စကားများမှ ဆက်ကာ မေတ္တာတရား တော်ကို ဟောကြားတော်မူသည်။ ထို့နောက် ဘုရားအလောင်းတော် အတိတ် ဖြစ်စဉ်မှ ညီညွတ်ရေး တရားတော်တစ်ပုဒ်ဖြစ်သော ရသေ့ဘဝ ဥရုဂဇာတ်တော်ကို ဟောတော်မူသည်။ မေတ္တာနှင့်ညီညွတ်မှုတရားမှဆက်၍ မှန်ကန်မှုသစ္စာတရားတော် ကို ပြတော်မူသည်။

စစ်သူကြီး မဟာသေနသည် ဘုရားရှင် တရားတော်ကို ဦးခေါင်းငုံ့၍ မတုန် မလှုပ် နာယူ၏။ တရားဆုံးသောအခါမှ ဦးခေါင်းကိုမော့၍ "မှန်လှပါ၊ တပည့်တော် နားလည်ပါပြီဘုရား၊ ရှင်းလင်းပါပြီဘုရား၊ အရှင်ဘုရား တရားတော်၊ အရှင်ဘုရား အမိန့်တော်ကို တစ်သဝေမတိမ်း နာယူပါမည်ဘုရားဟု အနူးညွတ် လျှောက်ထား သည်။

ထိုအခါ ဘုရားရှင်က "မဟာသေန...ဤသို့ဆိုလျှင် ငါ၏သပိတ်ကို ယူခဲ့ လော့၊ ငါတို့ ဇယသေနအိမ်သို့ သွားကြကုန်အံ့"ဟု မိန့်ဆိုလိုက်သောအခါ မဟာ သေန၏ မျက်လုံးများသည် ဝင်းလက်၍ မဟာသေန၏ အမူအရာများသည် သွက်လက်ဖျတ်လတ်စွာဖြင့် လောင်းလှူမည့်ဆွမ်းတို့ကို သပိတ်တွင်ထည့်သွင်း ကာ ဘုရားရှင်၏ အမိန့်တော်အတိုင်း နောက်တော်မှ လိုက်ပါတော့မည်အဟန်ဖြင့် သပိတ်ကိုပိုက်ရင်း အဆင်သင့် ဖြစ်နေသည်။

ကျွန်ုပ်တို့သည် စစ်သူကြီး ဇယသေန၏အိမ်သို့ ရောက်ကြသောအခါ ဇယ သေနကို အဆင်သင့်ပင် တွေ့ရသည်။ ဘုရားရှင်ဦးဆောင်သော ကျွန်ုပ်တို့ကို ဇယသေနမြင်သောအခါ ဇယသေနတွင် ဖြစ်ပေါ်လာသော အမူအရာမှာ မမေ့နိုင် လောက်ပေ။

ပထမသော် အံ့အားသင့်လွန်းစွာဖြင့် ပါးစပ်ဟကာ အခိုက်အတန့်အားဖြင့် ကိုယ်ဟန်တောင့်တောင့်ဖြင့် မျက်တောင်မခတ်ကြည့်သည်။ ထို့နောက် ဇယသေန၏ မျက်လုံးအိမ်များမှ မျက်ရည်များ စီးယိုကျလာသည်။ ထို့နောက်တွင်မူ ဘုရားရှင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အတွက် အပြေးအလွှား နေရာခင်းကာ မဟာသေန၏လက်မှ ဘုရားရှင်၏ သပိတ်ကို လှမ်းယူပြီး နေရာချထားသည်။ ထို့နောက်တွင်ကား ထုံးစံအတိုင်း အရိုကျိုးဆုံးသော အမူအရာအဖြစ် မဟာသေန၏ ခြေအစုံကို ငုံ့၍ကိုင်သည်။

မဟာသေနက ဇယသေန၏လက်ကို ဆွဲယူလိုက်သောအခါ တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်၍ မျက်ရည်ကိုယ်စီကျသည်။ ထိုမျက်ရည်သည် မှားခဲ့မိသောအမှားအတွက် ဝမ်းနည်းမျက်ရည်ဖြစ်ရုံမက အမှားမှ အမှန်သို့ရောက်ကြသောကြောင့် ဝမ်းသာမျက်ရည်များလည်း ဖြစ်ပေလိမ့်မည်။ စစ်သူကြီးနှစ်ဦး၏ ညီညွတ်ရေးနှောင်ကြိုးခိုင်မြဲမှုသည် ဤဘဝမျှပင် က,လိမ့်မည်မဟုတ်ပေ။

ဘုရားရှင်က မေတ္တာတရားနှင့် ညီညွတ်မှုတရားကို အခြားနည်းဖြင့် ဆက်၍ ဟော၏။ ကျွန်ုပ်တို့သည် ဇယသေန၏ အိမ်တွင် ဆွမ်းစားကြ၏။ မဟာသေနသည်လည်း ဇယသေန၏အိမ်တွင် ထမင်းစားကြသည်။ ထို့နောက် ကျွန်ုပ်တို့အား နှစ်ဦးစလုံး ကျောင်းတော်အထိ လိုက်ပို့သည်။

ဆောင်ရွက်မှုတစ်ခု အောင်မြင်သောအခါ ဆောင်ရွက်မှု၏ အတိုင်းအဆကြီးလျှင်ကြီးသလောက် ဝမ်းမြောက်ပီတိ ဖြစ်ရမြဲဖြစ်၏။ ယခုစစ်သူကြီးနှစ်ဦး၏ ညီညွတ်မှုကိစ္စမှာ နောင်တော်ဘုရားရှင်အဖို့ သာမန်ကိစ္စတစ်ရပ်မျှ ဖြစ်နိုင်သော်လည်း ကျွန်ုပ်အဖို့မူကား စစ်သူကြီးတို့၏ ကြည်နူးမှုအမူအရာကိုကြည့်၍ ထူးခြားသော ဝမ်းမြောက်ရမှု၊ ပီတိပွားမှုတစ်ရပ် ဖြစ်ခဲ့ပါသတည်း။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# မာနရှင်

[ ၁ ]

ဘုရားရှင်သည် ၄၅ ဝါတို့ပတ်လုံး ပွင့်ထွန်းတည်ရှိခဲ့ရာ၌ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် ၂၅ ဝါတိုင်တိုင် သီတင်းသုံးတော်မူခြင်းမှာ ဘုရားရှင်တည်းဟူသော ရွှေလမင်းကြီးသည် သာသနာတည်းဟူသော ကောင်းကင်၌ အစည်ပင် အထွန်းတောက်ဆုံးသော အချိန်များဖြစ်သည်ဟု ဆိုရပေမည်။ အနာထပိဏ်၏ ဇေတဝန်ကျောင်းတော်၊ ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းတော်၊ ကောသလဘုရင်၏ မင်းကျောင်းတော်ကြီးတို့မှဖြင့် တစ်နေ့တခြား စည်ပင်တိုးပွားလာသော ရဟန်းသံဃာတို့အတွက် မလုံလောက်တော့သောကြောင့် သာဝတ္ထိဝန်းကျင်တွင် ကျောင်းပေါင်းများစွာကို တိုးချဲ့ခဲ့ရပေရာ သာသနာ့တံခွန် စုလစ်မွန်းချွန်တို့ဖြင့် တန်ဆာဆင်အပ်သော ကျောင်းများသည် သာဝတ္ထိအား သာသနာ့ကျက်သရေအတိဖြင့် သာသနာ့အလှကို ဖော်ပြနေဘိသို့ ရှိပေသည်။ ယင်းကျောင်းပေါင်းများစွာတို့မှ ရဟန်းတော်တို့သည်လည်း နံနက်ချိန်တွင် ဆွမ်းခံခြင်း၊ ဆွမ်းစားခြင်း၊ နေ့လယ်ပိုင်း၊ ညဉ့်ဦးပိုင်းတို့တွင် တစ်ကျောင်းမှ တစ်ကျောင်းသို့ စာသင်သွားခြင်း၊ တရားနာသွားခြင်း၊ ဘုရားရှင်နှင့် သာဝကကြီးများထံသို့ အဖူးအမြော်သွားခြင်းတို့ဖြင့် လှုပ်ရှားလျက်ရှိကြပေရာ သာဝတ္ထိမြို့တော်သည် အစဉ်သဖြင့် သာသနာ့ကျက်သရေတည်းဟူသော သင်္ကန်းရောင်တို့ဖြင့် လွှမ်းခြုံထားအပ်ဘိသို့ ရှိတော့သည်။

သာသနာတော်အင်အား တောင့်တင်းလိုက်ပုံမှာလည်း ဘုရားရှင်တည်းဟူသော ရွှေလမင်းကြီးအား ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်မဟာကဿပ စသော ထိပ်သီးသာဝက မြောက်မြားစွာတို့က သောက်ရှူးကြယ်ကြီးများပမာ ခြံရံလျက်ရှိ၏။ ယင်းသို့ သောက်ရှူးကြယ်ကြီးများပမာ ထွန်းတောက်သော ကြယ်ကြီးများလည်း ရှိကြသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ သာသနာတော် လပြည့်ချိန်၌ ပေါဋ္ဌိလရဟန်းသည် သာဝတ္ထိပြည်တွင် ထူးခြားစွာထွန်းတောက်သော ကြယ်ကြီးတစ်လုံးပေတည်း။

ဘဝဇာတ် အခြေခံကောင်း၍ သာသနာတော်တွင် ဆန္ဒဓာတ်ပြင်းသော ပေါဋ္ဌိလရဟန်းသည် ပိဋကတ်သုံးပုံလုံးကို ပေါ့ပေါ့ပါးပါးဖြင့် လွယ်ကူစွာ ဆောင်နိုင်သူဖြစ်၏။ သာဝတ္ထိ သာသနာတော်တွင် ပိဋကတ်သုံးပုံဆောင် ရဟန်းအဖြစ် ထင်ရှားကျော်ကြား၏။ ဘုရားရှင်၏ တပည့်သား သာဝကတို့တွင် ထက်ဝန်းကျင် ပြည့်စုံပြီးသော ရဟန္တာမထေရ်မြတ်များကို ထားဦး၍ သာမန်ပုထုဇဉ်ရဟန်းတို့၌ပင် ပိဋကတ်သုံးပုံဆောင်နိုင်သူတို့ ပေါများလှစွာ၏။ သို့ရာတွင် ပိဋကတ်သုံးပုံ ဆောင်နိုင်သည် ဆိုတိုင်း မထင်ရှား၊ မကျော်ကြား၊ သာမန်ပုထုဇဉ် ရဟန်းတစ်ပါးမျှသာဖြစ်သော ပေါဋ္ဌိလမထေရ် ကျော်ကြားရာ၌မူ အကြောင်းရှိသည်။

ပိဋကတ်သုံးပုံဆောင်သည်၊ ပညာရှိသည်၊ ပညာတတ်သည်ဆိုရာ၌ မိမိ၏ ပညာတည်းဟူသော တံတင်းကို ဖွင့်ထားသူ ပိတ်ထားသူဟူ၍ နှစ်မျိုးရှိသည်။

အကြင်ပညာရှိသည် မိမိ၌ရှိသောပညာကို သူတစ်ပါးတို့အား မဖြန့်ဖြူးနိုင်၊ မဟောကြားနိုင်၊ မရေးသားနိုင်။ ဖြန့်ဖြူး ဟောကြား ရေးသားနိုင်သော်လည်း ဖြန့်ဖြူးဟောကြားရေးသားလိုသော ဆန္ဒဓာတ်မရှိ။ ဖြန့်ဖြူး ဟောကြား ရေးသားလိုသော်လည်း အခြေအနေမပေး။ သို့ဖြစ်၍ ထိုပညာရှိ၏ ရှိသောပညာသည် သူ့အဖို့သာ ဖြစ်တော့၍ ပညာတည်းဟူသော တံတင်းကို ပိတ်ထားသည်နှင့် တူသည်။ အကြင်ပညာရှိသည်ကား မိမိ၏ ရှိသောပညာကို သူတစ်ပါးတို့အား ဖြန့်ဖြူး ဟောကြားနိုင်သည်။ သင်ကြားနိုင်သည်။ ရေးသားနိုင်သည်။ ဖြန့်ဖြူးနိုင်စွမ်းရှိ၍လည်း ဖြန့်ဖြူးသည်။ ဖြန့်ဖြူးနိုင်အောင်လည်း အခြေအနေကပေးသည်။ ထို့ကြောင့် ပညာတံတင်းကို ဖွင့်ထားသည်နှင့် တူသည်။

ပေါဋ္ဌိလမထေရ်ကား မိမိ၏ ပညာတံတင်းကို လှပစွာဖွင့်ထားသူတည်း။ ပညာပြည့်ဝရုံမက ဥပမိရုပ်ရည်ကလည်း ခန့်ထည်ပြည့်ဖြိုးသည်။ အသံသြဇာကောင်း၍ လျှာ–အာရှင်းသည်။ ပြည့်သောပညာတွင် ခန့်သောရုပ်ရည်နှင့် ကောင်းသော အသံတို့ ပေါင်းစပ်လိုက်သောအခါ ပညာသင် တပည့်တို့၏ စွဲမက်အပ်သော ဆရာကြီးအဖြစ်သို့ ရောက်လာသည်။

ထို့ကြောင့် သာဝတ္ထိ သာသနာတွင် ပေါဋ္ဌိလမထေရ်သည် စာပေကထိက ဆရာကြီးအဖြစ်လည်းကောင်း၊ အဘိဓမ္မာဆရာကြီးအဖြစ် လည်းကောင်း၊ စာသင်

www.burmeseclassic.com

www.burmeseclassic.com



ပျို့နှ တပည့်တပန်း မြောက်မြားစွာတို့၏ ပညာရည်သောက်စို့ရာ ပိဋကတ်ဆရာကြီး၊ စာပေဖခင်ကြီးအဖြစ်လည်းကောင်း ထင်ရှား၏။ စာပေပို့ချရာ တရားဓမ္မသင်ကြားချိန်ဆိုလျှင် သာဝတ္ထိတစ်မြို့လုံးမှ ရောက်လာကြသော ရဟန်းသံဃာများကို အပထား၍ နီးနီးကပ်ကပ်နှင့် ပညာရည်နို့ သောက်စို့ရင်း နည်းနိဿယ ခံယူနိုင်ရန် နေ့ညဉ့်မပြတ် ခြံရံလျက်ရှိသော တပည့်ရဟန်း ပရိသတ်ပင်လျှင် ငါးရာ ခြောက်ရာမျှ အမြဲတမ်းရှိနေလေရာ ပေါဋ္ဌိလမထေရ်အဖို့ စာပေပို့ချချိန်တို့၌သာ တပည့်သံဃာတို့အလယ်၌ ထင်ရှားရုံမက ဘုရားရှင်ထံတော်သို့ နိယံမပြတ်ဆိုသလို အဖူးအမြော် သွားရောက်သည့်အခါမျိုး၌ပင်လျှင် လမင်းကြီးအနီးတွင် လကလေးတစ်စင်း ထွန်းတောက်နေသကဲ့သို့လည်းကောင်း၊ ရွှေတောင်ကြီးအနီးတွင် ရွှေတောင်ကလေးတစ်ခုကဲ့သို့လည်းကောင်း ထင်ရှားသည်။

သို့သော် ထင်ရှားကျော်ကြားသူတို့တွင် ထင်ရှားကျော်ကြားခြင်းနှင့်အတူ တွဲခိုဆိုက်ရောက်လာသောအရာမှာ လာဘ်သပ်ပကာဖြစ်၏။ ကျော်ကြားမှု၊ လာဘ်သပ်ပကာပေါများမှုတို့နှင့် အတူမှီကပ်လာတတ်သော အခြားအရာတစ်ခုသည်ကား ငါမှငါဟူသော မာနတရားပင် ဖြစ်ပေသည်။

မိမိတို့အတွက် ကျေးဇူးများလှသော ဆရာအား တပည့်ရဟန်းတို့က လိုသည်မရှိရအောင် ဝတ်ကြီးဝတ်ငယ် အပြုခံရခြင်း၊ ရနိုင်စွမ်းသမျှသော ပစ္စည်းဖြင့်အပူဇော်ခံရခြင်း၊ ထို့ထက်ကား သာသနာတော်၌ ထင်ရှားလာသည်ဆိုလျှင် ဝိသာခါ၊ အနာထပိဏ်တို့လို စေတနာလွန်ကဲသူ ဒါယကာ ဒါယိကာမတို့၏ ဝိုင်းဝန်းချီးမြှောက်မှုကို ခံရခြင်းတို့မှာ ပေါဋ္ဌိလမထေရ်အဖို့ တစ်နေ့တခြား မာန်ယစ်ဖွယ်ရာများ ဖြစ်လာခဲ့ပေသည်။

ထို့ကြောင့် ပေါဋ္ဌိလမထေရ်အဖို့ အဖိုးများစွာထိုက်တန်သော ကာသိတိုင်းဖြစ်ပိုးဖဲကတ္တီပါ စသည့် သင်္ကန်းနှင့် ပရိက္ခရာမျိုးစုံကို သုံးစွဲကာ ပါမောက္ခဆရာကြီး၊ အဘိဓမ္မာဆရာကြီး၊ စာချဆရာကြီးအဖြစ် တစ်နေ့တခြား မာန်တက်လာပြီး မာနရှင်တို့၏ သဘာဝအတိုင်း ဦးခေါင်းသည် တစ်နေ့တခြား မတ်ထောင်၍လာသည်။ မျက်မှောင်သည် တစ်နေ့တခြား တင်းမာ၍လာသည်။ ရင်ဘတ်သည် တစ်နေ့တခြား ကော့၍တက်လာသည်။ ပျော့ပျောင်းအောင်မြင်သောအသံသည် တစ်နေ့တခြား တင်း၍လာသည်။ အချုပ်အားဖြင့်ဆိုသော် တပည့်သံဃာတို့အလယ်၌ ပေါဋ္ဌိလမထေရ်၏ အဝတ်အဆင်နှင့် လှုပ်ရှားမှုမှန်သမျှသည် တစ်နေ့တခြား

www.burmeseclassic.com

www.burmeseclassic.com



ဝင့်ကြွားတင်းမာ၍ လာခဲ့ပေသည်။

ဘဝကို ဇာချဲ့၍ သတ္တဝါတို့ကို မျက်လှည့်ပမာ လှည့်စားမှန်းမသိ လှည့်စား၊ ရစ်ပတ်မှန်းမသိ ရစ်ပတ်တတ်သော တရားသုံးပါးရှိသည်ဟု ဘုရားရှင် ဟောတော်မူ၏။ ယင်းသုံးပါးတွင် မာနရှိပါသည်။ ငြိတွယ်မှုတဏှာ၊ စွဲလမ်းယူဆမှု အယူဝါဒနှင့် ဝင့်ကြွားတက်ကြွမှု မာနတို့ဖြစ်သည်။

မာနဆိုရာ၌ ပစ္စည်းဂုဏ်၊ ရာထူးဂုဏ်၊ ပညာဂုဏ်၊ အဆင်းဂုဏ် စသည်တို့ကြောင့် ငါတကားဟူသော အပေါ်စီးမာန်၊ လူချင်းအတူတူဟူသော အလယ်အလတ်တန်းတူမာန်၊ ကိုယ့်ရှိမှ ကိုယ်စားရသည်ဟူသော အောက်တန်းမာန်ဟူ၍ သုံးမျိုးသုံးစား ခွဲခြားသော်လည်း ယင်းသုံးမျိုးတွင် မိမိတို့ အဆင့်အားလျော်စွာ ထွေးယှက်လည်ပတ်၍နေသော မာနအမျိုးစုံလှသည်။ နဖူးတွင် ဆံယဉ်ကလေးခွေနေသည်ကအစ၊ ပါးတွင် ကွေ့လိမ်လျက်ရှိသော ကြင်စွယ်ကလေး ရှိနေသည်ကအစ မာနသည် မသိမသာ ခိုအောင်းနေတတ်သည်။

မာနတကာတို့၏ သရဖူကား ပညာမာနတည်း။

ပစ္စည်းမာန်သမားသည် ပစ္စည်းကုန်ခန်းသောအခါ မာန်လျှော့ကျနိုင်သည်။ ရာထူးမာန်ရှင်သည် ရာထူးမရှိသောအခါ မာန အခိုးအငွေ့တို့ ပျက်ပြယ်နိုင်သည်။ အဆင်းသမားသည် အဆင်းကွယ်သောအခါ ဦးခေါင်းလျှိုး၏။ ပညာဟူသည်ကား မည်သည့်အခါမျှ လျှော့ကျသည်ဟူ၍ မရှိ။ လေ့လာရှာမှီးသလောက် တိုးတက်မှုသာ ရှိလေရာ ပညာရှင်ကိုယ်တိုင်က ငါးကြင်းဆီနှင့် ငါးကြင်းသားကြော်သည် ဆိုဘိသို့ ယင်းပညာတည်းဟူသော သတိဖြင့် ထိန်းကွပ်မှုရှိမှသာ မာန်ကင်းနိုင်သည်။ သတိမရှိလျှင်ကား သူမတူသော မာနရှင်တည်း။

ထို့ကြောင့် တပည့်များစွာတို့၏ အသိုင်းအဝိုင်း ဒါယကာ ဒါယိကာမတို့ ချီးမြှောက်မှုကြောင့် အသိခေါက်ခက် အဝင်နက်ဆိုသကဲ့သို့ ပညာရှင် ပေါဋ္ဌိလမထေရ်အဖို့ သတိကင်းလွတ်ကာ တစ်နေ့တခြား မာန်တက်လာသည်။ ကိုယ်ဟန်အနေအထား၊ သွားလာလှုပ်ရှားမှုတို့ တက်ကြွလာသည်။

သို့ရာတွင် ပေါဋ္ဌိလမထေရ် အဘယ်မျှ မာန်တက်သည်ဆိုစေ၊ သူ့ထက်အဆ ရာ,ထောင်မက မြင့်မားလှသည့် ဘုရားရှင်တည်းဟူသော ညောင်ပင်ထီးဝန်းအရိပ်အောက်၌သာ မှီခိုနေထိုင်ရသူဖြစ်လေရာ ပေါဋ္ဌိလမထေရ်အဖို့ ကံကောင်းသည်ဟု ဆိုရမည်ဖြစ်၏။ အကြောင်းမူကား ထိုနေ့က ဘုရားရှင်၏ မိန့်ခွန်းတော်

www.burmeseclassic.com



တစ်ခွန်းမျှဖြင့် ပေါဋ္ဌိလမထေရ်၏ အခြေအနေသည် အပြောင်းလဲကြီး ပြောင်းလဲခဲ့ပေပြီ။

[ ၂ ]

ဇေတဝန်ကျောင်းတော်၏ ညနေခင်းများသည် ရဟန်းတို့ စည်းဝေးရာအချိန်ဖြစ်၏။ တရားမဏ္ဍပ်၌ ရဟန်းတို့ စည်းဝေးမိသောအခါ ဘုရားရှင် ကြွလာတော်မူ၍ ပြဿနာကြီး,ငယ်ရှိလျှင် ဖြေရှင်းပေးတော်မူသည်။ တရားဟောရန်ရှိလျှင် ဟောတော်မူသည်။ ဘုရားရှင် ကြွလာတော်မမူမီ ရဟန်းအချင်းချင်းလည်း ချစ်ကြည်စွာ တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးရာအချိန်ဖြစ်၏။

ထိုအစည်းအဝေးသို့ ပေါဋ္ဌိလမထေရ်သည် ရံဖန်ရံခါရောက်လာ၏။ သို့သော် သူရောက်လာပုံမှာ တစ်နေ့တခြား ထူးခြားလာသည်။ ထူးခြားဟန်ကား အချိန်နောက်ကျ၍ ရောက်လာတတ်ခြင်း ဖြစ်ပေသည်။ အကြောင်းသော်ကား ထင်ရှားသူများသည် မိမိတို့၏ ထင်ရှားမှုကို ပို၍ထင်ရှားအောင် ပြုလုပ်တတ်ကြသည့် ဓမ္မတာအတိုင်း ရဟန်းပရိသတ်တို့ နောက်ချန်၍ ရောက်လာခြင်းဖြင့် တပည့်ပရိသတ် အခြံအရံနှင့် သူ၏ရောက်လာခြင်းကို ထင်ရှားစေသည်။

ထိုနေ့က သူရောက်လာသောအခါ ဘုရားရှင်သည် တရားပလ္လင်၌ အဆင်သင့်ရောက်ရှိနေပေပြီ။ ရဟန်းများအား တရားဟော၍ နေပေပြီ။ ထို့ကြောင့် တရားမဏ္ဍပ်တွင် ထွန်းညှိထားအပ်သော ဆီမီးအရောင်ဖြင့် ပြောင်ပြောင်လက်သော ဖဲသင်္ကန်းကို ဝတ်ဆင်ထားသော ပေါဋ္ဌိလမထေရ်သည် တပည့်ရဟန်း ပရိသတ်၏ လှုပ်ရှားမှုသင်္ကန်းသံတသဲသဲတို့၏ အလယ်မှ လက်အုပ်ချီ၍ ရဟန်းပရိသတ်သို့ ဝင်ကာ ဘုရားရှင်အား ရှိခိုးသည်။

ထိုအခါ ဘုရားရှင်တော်ထံမှ ဟောလက်စ တရားစကားကို ခေတ္တရပ်၍ မိုးကြိုးပစ်လိုက်သကဲ့သို့ နှုတ်ဆက်မိန့်ခွန်းသံကို ပေါဋ္ဌိလမထေရ် ကြားလိုက်ရသည်။ ထိုအမိန့်ကား "အချည်းနှီးသော ပေါဋ္ဌိလ၊ ရောက်ပြီးလား"ဟူ၍ဖြစ်၏။

ထိုအသံသည် တက်တက်ကြွကြွဝင်ရောက်လာသော ပေါဋ္ဌိလမထေရ်၏ ဦးထိပ်သို့ မိုးကြိုးရှစ်စိတ် ခွဲလိုက်သကဲ့သို့ တုန်လှုပ်နာကျင်စေသည်။ "အချည်းနှီးသော ပေါဋ္ဌိလ"ဟု ဘုရားရှင်က ခေါ်လိုက်ရာ၌ အဓိပ္ပာယ်များစွာရှိသည်။ ဝါးလုံးခေါင်းကဲ့သို့ အနှစ်သာရကင်းမဲ့သော ပေါဋ္ဌိလ၊ အလကား ပေါဋ္ဌိလဟု အဓိပ္ပာယ်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်သည်။

ဘုရားရှင်တော်ထံမှ ရှုတ်ချမှုအသံတော်ဟူသည် ကြားရခဲဘိခြင်းဖြစ်သည်။ ကြားရပြီဆိုလျှင်လည်း မိုးကြိုးပစ်သကဲ့သို့ ပြင်းထန်သည်။ လုံလောက်သော အကြောင်းကြီးငယ်ရှိ၍ မလွဲမရှောင်သာသည့် အခါမျိုးတွင်မှ ရှုတ်ချပြစ်တင်စကား မိန့်ကြားတတ်သည်။ ယခု ဘုရားရှင် မိမိအား ရှုတ်ချလေပြီ။ မိမိ၏အပြစ်သည် အဘယ်နည်း။

သတိလစ်သဖြင့် ပညာဂုဏ် မာန်ရှိန်တက်မိသော ပေါဋ္ဌိလမထေရ်သည် စဉ်းစားတတ်သူဖြစ်သည့်အတိုင်း စဉ်းစား၏။ အချည်းနှီးသောပေါဋ္ဌိလ”ဟုသာ ခေါ်တော်မူလိုက်သည်မှာ တော်လှပေသေး၏။ “မင်္ဂဖိုလ်မှ အချည်းနှီးသော ပေါဋ္ဌိလ” ဟု ခေါ်လိုက်လျှင် မိမိအဖို့ မြေကြီးထဲတွင် ခွဲဝင်ချင်လောက်အောင် ရှက်ဖို့ကောင်း ပေတော့မည်ဟုလည်း ဆက်၍ စဉ်းစား၏။ အကြောင်းသော်ကား–အကြင်ရဟန်း အား ‘မင်္ဂဖိုလ်မှ အချည်းနှီးသောယောက်ျား”ဟု ဘုရားသခင်က ရှုတ်ချခေါ်ဆိုတော် မူလိုက်လျှင် ထိုရှုတ်ချမှုသည် ဘုရားရှင်၏ အပြင်းထန်ဆုံးသော ရှုတ်ချမှုဖြစ်၍ ထိုရဟန်းအဖို့ မျှော်လင့်ချက်တည်းဟူသော နိဗ္ဗာန်တံခါးပိတ်ပြီဖြစ်သောကြောင့် တည်း။

သို့ရာတွင် “အချည်းနှီးသော ပေါဋ္ဌိလ”ဟူသော ရှုတ်ချခေါ်ဆိုသံဖြင့်ပင် ပေါဋ္ဌိလမထေရ်အဖို့ ရှက်လှသောကြောင့် ထောင်နေသော ဦးခေါင်းသည် ဇက်ကျိုး သည့်ပမာ ငုံ့လျှိုးငိုက်စိုက်ကျသွားသည်။ သိတော်မူ၊ မြင်တော်မူသော ဘုရားရှင် သည် မိမိတွင် အပြစ်မမြင်ဘဲနှင့် အဘယ်နည်းနှင့်မျှ ရှုတ်ချစကားဆိုတော်မူမည် မဟုတ်။ ထိုအပြစ်သည် အဘယ်ပါနည်းဟု သိလိုလှသဖြင့် ငုံ့လျှိုးသောမျက်နှာ ကို လျှို့ဝှက်စွာမော့၍ ဘုရားရှင်၏ မျက်နှာတော်ဆီသို့ ဖူးမြော်လိုက်သောအခါ မိမိအား မဟာကရုဏာတော်ဖြင့် ရှုကြည့်လျက်ရှိသည်ကို တွေ့ရသည်။

ထိုအခါ ဘုရားရှင်၏ မဟာကရုဏာမျက်လုံးတော်က မိမိအား ဆုံးမစကား များစွာပြောနေဘိသို့ ရှိသဖြင့် ပေါဋ္ဌိလမထေရ်အဖို့ မိမိ၏အပြစ်များ ထင်းခနဲ ပေါ်ပေါက်လာသည်။

ဘုရားရှင် သာသနာတော်၏ ပဓာနအလုပ်သည် မင်္ဂဖိုလ်သို့ရောက်ရေး၊ ရရေးပင် ဖြစ်ပေသည်။ မိမိသည် သံသရာတည်းဟူသော ဝဋ္ဋဆင်းရဲ ဝဲဩဃ ရေအလျဉ်မှ လွတ်မြောက်ပါရခြင်းအလို့ငှာ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါစေခြင်း

www.burmeseclassic.com

www.burmeseclassic.com



အလို့ငှာ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်မဟုတ်ပါလား။ သို့ပါလျက် မျက်စိလည်ကာ ပိဋကတ်သင်ကြားမှုအဆင့်၌သာ ရပ်တည်နေမိသည်။ ရိုးရိုးရပ်တည်နေခဲ့မိရုံမျှမဟုတ်၊ မာနတည်းဟူသော မာရ်နတ်ဆိုး၏ အလှည့်အပတ်ကို ခံနေခဲ့မိသည်။ မိမိသည် ဘုရားရှင်တည်းဟူသော၊ သာသနာတော်တည်းဟူသော၊ ပညာတည်းဟူသော ချိုမြိန်သောသီးပင်အောက်တွင် နေသူဖြစ်ပါလျက် အသီးကိုစားရသူမဟုတ်ပါတကားဟု သိမြင်လာသည်။

ထို့ကြောင့် ဘုရားရှင်၏ ယင်းသို့ ရှုတ်ချခေါ်ဆိုမှု မိန့်ခွန်းသံတစ်ခွန်းမျှသည် မိမိအဖို့ အမှောင်ထုအတွင်းဝယ် ပိတ်လှောင်ထားအပ်သော တံခါးကြီးကို ဖွင့်ပေးလိုက်သလို ဖြစ်၍သွားကာ "တပည့်တော် သိပါပြီဘုရား၊ မျက်စိအလည် ပျောက်ပါပြီဘုရား"ဟု သံဝေဂအတိပြည့်သော စိတ်ထားဖြင့် ဝမ်းထဲမှ လျှောက်ထားလိုက်သည်။

သိခဲ့လျှင် ပေါဋ္ဌိလမထေရ်အဖို့ မဂ်ဖိုလ်၏ တကယ့်အလုပ်စခန်းသို့သာ တက်လှမ်း ကူးပြောင်းဖို့သာ ရှိတော့သည်။ မဂ်ဖိုလ်၏အလုပ်ဟူသည် ပိဋကတ်တွင် ရှိသည်မှန်သော်လည်း တကယ့်အလုပ်၏ နည်းစနစ်မှာ တကယ်လုပ်ဖူးသူများထံတွင်သာ ရှိသည်။ စာဟူသည် အတွေးအသိတည်းဟူသော ဝိဇ္ဇာပိုင်းမျှဖြစ်၏။ စရဏတည်းဟူသော တကယ်ကျင့်သုံးသူတို့ထံတွင်သာ ရှိသည်။ ရှင်သာရိပုတ္တရာကဲ့သို့သော ပညာတောင်ထု ပုဂ္ဂိုလ်ကြီးများပင်လျှင် တကယ်အလုပ်စခန်းဝင်ရာ၌ ဘုရားရှင်ထံတော်မှ စနစ်ကျသော နည်းပေးလမ်းညွှန်မှုကို ရယူတော်မူရပေသည်။ ထို့ကြောင့် မိမိသည် တရားအလုပ်စခန်းသို့ ဝင်ဖို့ရန် တကယ့်တရားရှင်၊ လုပ်ငန်းရှင် တစ်ဦးဦးထံ၌ တရားတောင်းခံရမည်။ ကမ္မဋ္ဌာန်းကောင်းရမည်ဟု ပေါဋ္ဌိလမထေရ် ဆက်၍စဉ်းစား၏။

ဘုရားရှင်သည် မရေမတွက်နိုင်သော တပည့်ရဟန်းတို့အား တရားအားထုတ်မှု နည်းလမ်းများကို စရိုက်အားလျော်စွာ သုံးသပ်၍ပေးတော်မူခဲ့၏။ ပေးတော်မူမြဲဖြစ်သည်။ သို့ဆိုလျှင် မိမိသည်လည်း ဤအစည်းအဝေးပွဲအပြီး၌ ဘုရားရှင်ထံတော်တွင် လိုအပ်သောတရားနည်းလမ်းကို တောင်းခံမည်ဆိုက ရမည်သာဖြစ်၏။ သို့ရာတွင် တပည့်တပန်း အသိုက်အအုံကြီးသော ပေါဋ္ဌိလမထေရ်အဖို့ ဤသို့ကား မဖြစ်နိုင်ပေ။

တပည့်ရဟန်းအများရှေ့တွင်ပင် ဘုရားရှင်ထံတော်၌ တရားတောင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှင် တည်ရှိဆဲအခြေအနေကို အပြောင်းအလဲကြီး ပြောင်းလဲလိုက်သကဲ့သို့ ရှိမည်ကြောင့် အနှောင့်အယှက်များစွာဖြစ်လာဖို့ ရှိပေသည်။ တပည့်တို့အား ချုပို့နေဆဲစာပေကို ဖြတ်တောက်၍လည်းကောင်း၊ ဒကာ,ဒကာမတို့အတွက် ရောက်ဆဲအမှုကိစ္စများကိုလည်းကောင်း သစ်စိမ်းချိုး ချိုးသကဲ့သို့ ဖြတ်တောက်ပစ်လိုက်ခဲ့လျှင် အတားအဆီး အနှောင့်အယှက်မျိုးစုံ ဖြစ်ပေါ်လာမည်မှာ မုချဖြစ်၏။ သံယောဇဉ်ဟူသည် ကျယ်ပြန့်လျှင် ကျယ်ပြန့်သလောက် ဖြတ်ရတောက်ရ ခက်လှပါတကားဟုလည်း ပေါဋ္ဌိလမထေရ် ယခုမှ စဉ်းစားမိသည်။

ထို့ကြောင့် မိမိအဖို့ ဤနှောင်ကြိုးအသွယ်သွယ်မှ လွတ်မြောက်ဖို့ရန် အခြားနည်းလမ်းကို ရှာကြံရပေမည်။ ဤမျှ ပွင့်လင်းလျက်ရှိသော သာသနာတော်၌ မိမိလိုအပ်သော တရားနည်းလမ်းကို ပေးနိုင်စွမ်းသော သူတော်ကောင်းတို့သည် ပေါများလှစွာ၏။ မိမိသည် ဤကိစ္စရပ်ကို ရင်ဝတွင် လုံ့စူးနေသူကဲ့သို့ အဆောတလျင် ဆောင်ရွက်ရပေမည်။ ဘုရားရှင်၏ နောက်တစ်ကြိမ် ရှုတ်ချမှုကို မခံနိုင်။

ယင်းသို့လျှင် ပေါဋ္ဌိလမထေရ်အဖို့ ဘုရားရှင်၏ ဆုံးမချက်အောက်တွင် မိမိ၏ ပဓာနအလုပ်အတွက် စဉ်းစားရသောကြောင့် ယနေ့သံဃာ့အစည်းအဝေးတွင် ဘုရားရှင်၏ တရားတော်ကိုမျှ မနာကြားနိုင်တော့ဘဲ အစည်းအဝေးပြီးသောအခါ ဘုရားရှင်အား ရှိခိုးပြီးနောက်၊ အလာတုန်းကကဲ့သို့ ရင်ကော့ကော့ ဦးထောင်ထောင် မဟုတ်တော့ဘဲ ချအပ်သော ဦးခေါင်းတွင် ဓမ္မသံဝေဂအပြည့်ဖြင့် မိမိလုပ်ငန်းအတွက် ရှေ့ခြေလှမ်းအလုပ်ကို စဉ်းစားရင်း မိမိကျောင်းသို့ ပြန်ခဲ့သည်။ အခြံအရံ တပည့်ရဟန်းများသည် မိမိတို့ဆရာ၏ မသာယာသော အခြေကြောင့် တိတ်ဆိတ်စွာ လိုက်ပါလာကြသည်။

ပေါဋ္ဌိလမထေရ်၏ စဉ်းစားကွက်သည် ကျောင်းသို့မရောက်မီမှာပင် အချက်ပိုင်ပိုင် ရရှိပေပြီ။ ထိုစဉ်းစားချက်ကား သာဝတ္ထိမှ ယူဇနာ ၁၂၀ ခန့် ကွာဝေးသော မြကန်သာတောရစခန်းတွင် ရဟန်းသုံးဆယ်ခန့်သည် ပဓာနဖြစ်သော တရားအလုပ်ဖြင့် ပျော်မွေ့ သီတင်းသုံးနေကြသည်ဟူသော သတင်းတစ်ရပ်ကို ရှေးမဆွကကြားသိထားခဲ့ဖူးသည်။ ထိုအရပ်သည် ဝေးဝေးသောအရပ်သို့သွားမှ နောက်ပိုင်းသံယောဇဉ်များ ကင်းပြတ်ကြမည်။ ထို့ကြောင့် မြကန်သာတောရသို့ သွားမည်ဟူဆုံးဖြတ်ချက်ချနိုင်မှုပင် ဖြစ်ပေ၏။

နောက်တစ်နေ့ နံနက်ပိုင်း စာသင်ချိန်၌ ရောက်လာသော တပည့်သံဃာများကို

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ဟန်မပျက် စာပေပို့ချပေးသည်။ စာသင်ချိန်ပြီးသောအခါ မိမိ၏ အကြံအစည်အတိုင်း သင်္ကန်းပရိက္ခရာကို ရုတ်ခြည်းပြင်ဆင်ပြီးနောက် တရုတ်ရုတ် တသဲသဲထ၍ ပြန်ကြသော တပည့်သံဃာများအကြားသို့ ရောဝင်လိုက်သည်။ ထို့နောက် မိမိကျောင်းဆီသို့ ပြန်ကြသော သံဃာများနှင့်အတူရောခွ ကျောင်းဝင်းမှ အမှတ်မဲ့ထွက်သည်။ ထို့နောက်တွင်ကား ရည်မှန်းထားသော မြကန်သာတောရဆီသို့ တစ်ချောင်းတည်းသောစိတ်ဖြင့် ဦးတည်ထွက်ခွာသွားလေတော့သည်။

မြကန်သာတောရသည် ယူဇနာ ၁၂၀ ခန့်ဝေးသည်ဆို၏။ ဝေးပါစေ၊ ဘုရားရှင်သည် ဉာဏ်လိုအကြောင်းပေါ်လာလျှင် တပည့်ရဟန်း အတုယူနိုင်စိမ့်သောငှာ ယူဇနာ ၆၀ ဝေးကွာသော ရာဇဂြိုဟ်မှ ကပိလဝတ် နေပြည်တော်သို့ ခြေကျင်ခရီး ထွက်ကြွခြင်းဖြင့် နမူနာပြတော်မူခဲ့သည် မဟုတ်ပါလော။ ဘုရားရှင်ကဲ့သို့သော မင်းသား ရဟန်းသည် ယူဇနာ ၆၀ သွားနိုင်ခဲ့လျှင် မိမိသည် ယူဇနာ ၁၂၀ ကို အဘယ့်ကြောင့် မသွားနိုင်မည်နည်းဟု အားမာန်ကို တင်းလိုက်သည်။

[ ၃ ]

သို့နှင့် လမ်းခရီးတွင် မေးရင်းမြန်းရင်း သလုံးမြင်းခေါင်းကို အရင်းတည်ရင်းဖြင့် မြကန်သာတောရသို့ တောရနေ ရဟန်းတို့ နေ့ကမ္မဋ္ဌာန်းအလုပ်ပြီး၍ ညနေစောင်း နေ့သန့်နားနေကြသည့်အချိန်ကောင်းတွင်ပင် ပေါဋ္ဌိလမထေရ် ရောက်ရှိသွား၏။

တောရသို့ ပေါဋ္ဌိလမထေရ် ဝင်ရောက်လာစဉ်ကပင် တောရ ရဟန်းတော်တို့က လှမ်းမျှော်ကြည့်ရှုနေကြသည်။ အနီးသို့ရောက်၍ ပေါဋ္ဌိလမထေရ်မှန်း သိရသောအခါ အံ့အားသင့်ကြသည်။ အံ့အားသင့်ခြင်းနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုဆိုသည်။ သပိတ် ပရိက္ခရာကို လှမ်းယူကြသည်။ နေရာထိုင်ခင်း ပေးကြသည်။

မြင်စဉ်ကပင် ပေါဋ္ဌိလမထေရ်မှန်း သိကြခြင်းမှာ ပေါဋ္ဌိလမထေရ်သည် သာသနာ့လောကတွင် ပိဋကတ်သုံးပုံဆောင် ဓမ္မကထိက ပညာရှင်ကြီးအဖြစ် ထင်ရှားသောကြောင့်ဖြစ်သည်။ အံ့အားသင့်ကြခြင်းမှာ နေပြည်တော်၌ ဘုန်းတန်ခိုးကြီးစွာ အသိုင်းအဝိုင်းများစွာဖြင့် တမားမားရှိနေခဲ့သော ကိုယ်တော်ကြီးသည် ခရီးဝေးကွာ၍ လူသူတိတ်ဆိတ်သော မိမိတို့တောရသို့ ရောက်လာခြင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဝမ်းမြောက်ကြခြင်းမှာ မာနအခိုးအငွေ့ကင်း၍ နှိမ့်ချငြိမ်ဝပ်သော သွင်ပြင်ဖြင့် တပည့်တပန်း တစ်ဦးတလေမျှမပါဘဲ ဤတောရသို့ ရောက်လာခြင်းမှာ အခြားကိစ္စမရှိနိုင်။ ဇေကန္တပဓာနဖြစ်သော တရားအလုပ်အတွက် ရောက်လာခြင်း ဖြစ်ကြောင်း သိရသောကြောင့် ဖြစ်သည်။

ပေါဋ္ဌိလမထေရ်ကို တောရရဟန်းတို့ကသာ ကြည်ကြည်သာသာ ကြိုဆိုကြသည်မဟုတ်၊ မြကန်သာကလည်း မိမိ၏ ပတ်ဝန်းကျင်ဖြင့် ထွေးပိုက်ဆီးကြိုသည်။ အကြောင်းကား မြကန်သာသည် အမည်နှင့်လိုက်လျောအောင်ပင် ကြည်လင်သာယာလှသည်။ မြကန်သာ၏ စိမ်းညို့သောရေပြင်တွင် ကြာမျိုးစုံတို့သည် အလှကွန်ရက်ကိုခြယ်ထားသည်။ ကန်စပ်မြေပြန့်သည် ကျောက်ခဲတစ်ထပ် သဲတစ်ထပ်ဖြင့် ပြန့်ပြူးညီညာလှသည်။ ယင်းမြေပြန့်မှ မကြီးလွန်း မငယ်လွန်းသော တောသစ်ပင်တို့မှာလည်း ပြုပြင်စိုက်ပျိုးထားသည့်အလား ညီညာလှသည်။ ယင်းသစ်ပင်များအကြားတို့တွင် သန့်ရှင်းသော ကမ္မဋ္ဌာန်းကျောင်းများကို အစီအရီ တွေ့ရသည်။ ထို့ကြောင့် ပေါဋ္ဌိလမထေရ်အဖို့ တောရ ရဟန်းတို့၏ ငြိမ်းအေးသောအသွင်အပြင်ကို တွေ့ရ၍ စိတ်ငြိမ်းချမ်းရရုံသာမက မြကန်သာတောရပတ်ဝန်းကျင်ကလည်း မိမိ၏ စိတ်နှလုံးကို ငြိမ်းချမ်းမှု အပြည့်ဖြင့် ဆွဲဆောင်နေဘိသို့ ရှိပေသည်။

ပေါဋ္ဌိလမထေရ်အဖို့ ဘုရားရှင်၏ ရှေ့တော်၌ပင် တစ်ချောင်းတည်းသော နှလုံးဖြင့် စိတ်ထားထက်သန်ခဲ့သူ ဖြစ်သည့်အလျောက် ဓမ္မာရုံရှိ တောရမထေရ်ကြီးများထံ ဝပ်တွား၍ စကားပဋိသန္ထာရ အနည်းငယ်ပြောဆိုပြီးသည်နှင့် တစ်ပြိုင်နက် "တပည့်တော်အား သနားသဖြင့် သံသရာဝဋ်မှ ထွက်မြောက်ရာ တပည့်တော်နှင့် သင့်လျော်သောတရားကို ပေးသနားတော်မူပါကုန်ဘုရား"ဟု လျှောက်ထား တောင်းပန်လိုက်သည်။

ထိုအခါ အကြီးဆုံးတောရမထေရ်က "အလိုလေး–တပည့်တော်တို့က အရှင်ဘုရားကို တရားပေးရမှာတဲ့လား၊ သည်းခံတော်မူပါ အရှင်ဘုရား၊ အရှင်ဘုရားသည် ပိဋကတ်သုံးပုံကို ဆောင်သူဖြစ်ပါသည်။ ထင်ရှားသော ပါမောက္ခကြီးဖြစ်ပါသည်။ အဘိဓမ္မာဆရာကြီးလည်း ဖြစ်ပါသည်။ တကယ်ဆိုတော့ တပည့်တော်များကသာ အရှင်ဘုရားထံမှ ဒေသနာတော် တစ်စုံတစ်ရာကို ကြားနာသင်ယူကြဖို့ ရှိပါသည်။ သည်းခံတော်မူပါ"ဟု ပြန်လည်မိန့်ကြားလိုက်သဖြင့် သည်တစ်ကြိမ် အံ့အားသင့်ရသူမှာ ပေါဋ္ဌိလမထေရ် ဖြစ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ မထေရ်ကြီးက ငြင်းပယ်လိုက်သဖြင့် ပေါဋ္ဌိလမထေရ်အဖို့ အားကိုးရာမဲ့ ဖြစ်ရတော့မတတ် ပျာယာခတ်သွားကာ ကျန်သော အခြားမထေရ်များသို့ အလားတူ တရားလျှောက်တောင်းသောအခါ ကျန်သောမထေရ်တို့ကလည်း မထေရ်ကြီး အလားတူပင် ပေါဋ္ဌိလမထေရ်၏ ပညာဂုဏ်ကို ဖော်ပြရင်း ငြင်းပယ်တော်မူကြသည်။

တောရမထေရ်တို့ ငြင်းပယ်မှုကြောင့် ပေါဋ္ဌိလမထေရ်အဖို့ ဟန်ပျက်လောက်အောင်ပင် တုန်လှုပ်လာသည်။ မိမိအဖို့ ကိုးကွယ်အားထားရာ ရှိမှရှိပါတော့မည်လားဟု စိုးရိမ်၍လာသည်။

ထို့ကြောင့် "အရှင်ကောင်းတို့...တပည့်တော်အား သနားတော်မူကြပါ။ သနားသဖြင့် သံသရာဝဋ်မှ ကယ်တင်တော်မူကြပါ။ အရှင်ဘုရားတို့ကို အားကိုးကြီးစွာ တပည့်တော် ရောက်လာခဲ့ခြင်းဖြစ်ပါသည်။ တပည့်တော်အား ဖျက်ဆီးတော်မမူကြပါလင့် အရှင်ဘုရားတို့"ဟု တုန်လှုပ်စွာ လျှောက်ထားလိုက်သည်။ ထိုအသံတွင် အားကိုးရာ ရမှရပါတော့မည်လားဟု စိုးရိမ်သံ၊ ကြေကွဲသံပင် သိသိသာသာ ပါရှိလာသည်။

တောရ ရဟန်းများက ယင်းသို့ငြင်းပယ်နေရာ၌ လျှို့ဝှက်ချက်တစ်ရပ် ရှိပေသည်။ စင်စစ်အားဖြင့် မြကန်သာတောရ ရဟန်းအားလုံးသည် ရဟန္တာချည်း ဖြစ်ကြပေသည်။ ဖြစ်သည့်အလျောက် စေတနာအပြည့်၊ မေတ္တာအပြည့်၊ ကရုဏာအပြည့် ရှိကြပေသည်။ သို့ရာတွင် ရုတ်တရက် ငြင်းပယ်နေခြင်းအကြောင်းမှာ ပေါဋ္ဌိလမထေရ်သည် ခရီးရောက်မဆိုက် ပင်ပန်းနေသူဖြစ်သည်။ စိတ်အနေအထားမှာလည်း အလွန်ထက်သန် မြင့်ကြွလွန်းနေသည်။ ထို့အပြင် ပေါဋ္ဌိလမထေရ်သည် ပညာမာနကြီးခဲ့သူဖြစ်ရာ ကြီးမားသောမာနကို နှိမ်ချိုးလာပါသည်ဆိုသည့်အတိုင်းအောင် စိတ်ထားမှန်သို့ ရောက်စေ၊ ရှိစေလိုကြသေးသည်။

ဤလိုအခြေမျိုးဖြင့် စိတ်ထားမြင့်ကြွရင်း ခရီးပန်း၍လာသော ဗာဟိရဒါရုစိယသည် ဘုရားရှင်ထံတော်တွင် အလောတကြီး တရားတောင်းသောအခါ ဘုရားရှင်ကိုယ်တိုင် နှစ်ကြိမ်တိုင်တိုင် ငြင်းပယ်တော်မူပြီးနောက်မှ ဒိဋ္ဌေဒိဋ္ဌမတ္တံတရားပေးသည့်ထုံး ရှိခဲ့ဖူးသည်မဟုတ်ပါလော။ ယခု ပေါဋ္ဌိလမထေရ်က ဗာဟိရဒါရုစိယထက် ပညာမာနအခံပင် ပို၍ရှိနေခဲ့သူဖြစ်ပေသည်။

သို့နှင့် ပေါဋ္ဌိလမထေရ်က တောရရဟန်းတစ်ပါးပြီးတစ်ပါးသို့ အထပ်ထပ်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထားတောင်းပန်ရင်း တရားမပေးကြ၍ ဝမ်းနည်းကြေကွဲသံအထိ ဆိုက်ရောက်လာသောအခါမှ မထေရ်ကြီးက "ပေါဋ္ဌိလမထေရ်...အရှင်ဘုရား၏ ကြီးမားသောဆန္ဒကို တပည့်တော်တို့ သိရပါပြီ။ ယခုအခါ အရှင်ဘုရားအား တရားနည်းလမ်းကို ပေးနိုင်သောဆရာကို ညွှန်ကြားပါမည်၊ အရှင်ဘုရား စိတ်အေးချမ်းသာ ရှိပါစေလော၊ ထိုဆရာသည်ကား သည်ကကြည့်လျှင် အစွန်ဆုံးကျောင်းတွင် သီတင်းသုံးသူတည်း။ ထိုဆရာက အရှင်အား တရားပေးပါလိမ့်မည်၊ ကြွတော်မူပါ"ဟု ညွှန်ကြားလိုက်သည်။

ထို့ကြောင့် ပေါဋ္ဌိလမထေရ်အဖို့ ညှိုးငယ်သောအမူအရာမှ ရွှင်လန်းဝမ်းမြောက်သော အမူအရာသို့ ချက်ချင်းပြောင်းသွားကာ မထေရ်ကြီးညွှန်ကြားရာ အစွန်ကျောင်းဆီသို့ ချက်ချင်းသွားခဲ့သည်။ ကန်စပ်ရှိ ထိုကျောင်းကလေးရှေ့သို့ ရောက်သောအခါ ကမ္မဋ္ဌာန်းကျောင်းအတွင်းမှ ကိုရင်လေးတစ်ပါး ဆင်းကြွလာသည်ကို တွေ့ရသည်။

ပေါဋ္ဌိလမထေရ်အဖို့ ကိုရင်ငယ်ကလေးကို တွေ့ရသောကြောင့် ပထမသော် အံ့အားသင့်သလို ဖြစ်သွားမိသေးသည်။ သို့ရာတွင် တောရမထေရ်ကြီးက သေသေချာချာ ညွှန်ကြားလိုက်သူလည်းဖြစ်၊ သာသနာတော်၌ တရားရှင်ကိုယ်တိုင် ချီးကျူးရလောက်အောင် အစွမ်းထက်သော သာမဏေတို့ ရှိနေသည်ကိုလည်း သတိရသဖြင့် ထွက်ကြွလာသော သာမဏေငယ်အား ဦးခေါင်းငုံ့ကာ လက်အုပ်ချီ၍ အရိုအသေပြုလိုက်သည်။ စင်စစ်သော်ကား မြကန်သာတောရမှ ဤသာမဏေငယ်သည်လည်း ရဟန်းကိစ္စ ပြီးစီးနေပြီဖြစ်သော ရဟန္တာအရှင်မြတ်ပေတည်း။

ရဟန္တာကိုရင်လေးအဖို့ တောရမထေရ်ကြီးတို့က ပေါဋ္ဌိလမထေရ်အား မိမိထံ တရားတောင်း စေလွှတ်လိုက်သည်ကို သိသည်။ ထို့ကြောင့် တရားပေးအစီအစဉ်တွင် အဆင်သင့်ဖြစ်စေရန် ကျောင်းအပြင်သို့ အသင့်ထွက်ကြွနေခဲ့ခြင်း ဖြစ်သည်။

ပေါဋ္ဌိလမထေရ်က လက်အုပ်ချီ၍ မိမိအား အရိုအသေပြုသည်ကို တွေ့ရသောအခါ ကိုရင်လေးက "သည်းခံတော်မူပါအရှင်ဘုရား၊ အရှင်ဘုရားတို့သည် တပည့်တော်ထက် အသက်သိက္ခာလည်း ကြီးပါသည်။ ပညာလည်းကြီးပါသည်။ သည်းခံတော်မူပါ"ဟု လျှောက်ထားသောအခါ ပေါဋ္ဌိလမထေရ်က "အသက်သိက္ခာကြီးသည်မှန်ပါ၏။ သို့ရာတွင် တပည့်တော်သည် ကိုရင်လေး၏ ကြီးမြတ်သော

www.burmeseclassic.com



တရားကို ပူဇော်ခြင်းဖြစ်ပါပေသည်။ ထိုတရားကို သံသရာမှ ထွက်မြောက်လိုသော တပည့်တော်အား ချီးမြှင့်ပေးသနားတော်မူပါအရှင်ဘုရား"ဟု လျှောက်ထား တောင်းပန်လိုက်သည်။

"ကောင်းပါပြီအရှင်ဘုရား၊ အရှင်ဘုရားအား တရားပေးရန် တပည့်တော်၏ ဆရာမြတ်တို့က ညွှန်ကြားလိုက်သည်ဟု နားလည်ရပါသည်။ အရှင်ဘုရားအား တရားနည်းလမ်းပေးပါတော့မည်။ သို့ရာတွင် တရားအလုပ်၌ စည်းကမ်းတစ်ရပ် ရှိပါသည်။ ထိုစည်းကမ်းမှာ တရားပေးသောဆရာ၏ ညွှန်ကြားမှုကို တပည့်ဖြစ်သူက တစ်သဝေမတိမ်း လိုက်နာရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ အရှင်ဘုရားသည် တပည့်တော်၏ ညွှန်ကြားချက်ကို လိုက်နာနိုင်ပါက တရားပေးနိုင်ပါလိမ့်မည် ဘုရား"

"သူတော်ကောင်း ကိုရင်...ကိုရင်၏ ညွှန်ကြားသမျှကို ဦးလည်မသုန် လိုက်နာပါမည်။ ကိုရင်က မီးပုံသို့ ဝင်ရမည်ဆိုသော်ပင် တပည့်တော်သည် မဆိုင်းမတွ မီးသို့ဝင်ရန် အဆင်သင့်ဖြစ်ပါသည်"

"ကောင်းပါပြီ၊ အရှင်ဘုရားအား မီးသို့မူကား အဝင်မခိုင်းပါ။ သို့ရာတွင် ရေသို့မူ အဆင်းခိုင်းရပါလိမ့်မည်။ အရှင်ဘုရားသည် ဤဝတ်ရုံတိုင်းသောပုံစံဖြင့် ကိုယ်ဟန်မပျက်စေဘဲ ဤကန်အတွင်းသို့ သက်ဆင်းတော်မူပါလော့"

ဤကိစ္စအတွက်ပင်လျှင် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မထေရ်ကြီးတို့၏ အလိုကိုသိသော ကိုရင်လေးက ပေါဋ္ဌိလမထေရ်အား မြကန်သာကမ်းစပ်သို့ ဆင်း၍ ကြိုခြင်းဖြစ်သည်။

သာဝတ္ထိတွင် ပညာဉာဏ်ဝင့်မှု ကြီးမားခဲ့မိသော ပေါဋ္ဌိလမထေရ်အား တောရ မထေရ်တို့အဖို့ မရှင်းမလင်းဖြစ်စေသေးဟန်တူသည်။ မရှင်းမလင်းဖြစ်ဖို့ရန် သက်သေသက္ကာယ အကောင်အထည်ကလည်း ရှိနေပေသည်။ အကြောင်းကား ပေါဋ္ဌိလမထေရ်အဖို့ နေ့စဉ်ဝတ်ရုံမြဲသောအတိုင်း အဖိုးများစွာထိုက်တန်လှသော ကိုယ်ရုံပိုးသက်န်းတို့အပေါ်တွင် ကတ္တီပါ နှစ်ထပ်သင်္ကန်းကြီးတို့ဖြင့်ပင် ဤတောရ သို့ ရောက်လာခြင်းဖြစ်ပေရာ အဝတ်အဆင်ဖြင့် ပလွှားတက်ကြွ မာနအရှိန်သည် ဤတောရသို့ပင် ပါလာဘိသို့ ရှိပေတော့သည်။

သို့ရာတွင် ကမ္မဋ္ဌာန်းဆရာ ကိုရင်လေးက အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင် နက် ပေါဋ္ဌိလကိုယ်တော်ကြီးခမျာ အဖိုးတန်သင်္ကန်းများ ဝတ်ရုံလျက် တန်းလန်း

www.burmeseclassic.com



နှင့်ပင် အနီးရှိ မြကန်သာရေကန်အတွင်းသို့ မတွန့်မဆုတ် ဆင်းရာ၏။

တော်ပါသေး၏။ ရေကန်သို့ဆင်း၍ သက်န်းစပ်တို့ ရေထိလုလုအနေ၌ပင် ကိုရင်လေးထံမှ "အရှင်ဘုရား ပြန်ကြွခဲ့ပါလော့"ဟူသော အသံကို ကြားရသဖြင့် မြကန်သာမှ ပြန်တက်၍လာကာ ကိုရင်လေးရှေ့တွင် ကျိုးနွံသောအမူအရာဖြင့် ရပ်သည်။

တိုအခါ ကိုရင်လေးက အောက်ပါအတိုင်း တရားပေးအပ် ဟောကြားသည်။

"အရှင်ဘုရား...အရှင့်အား တစ်ခုသောဥပမာဖြင့် တရားပေးအပ်ပါမည်။ တစ်ခုသော တောင်ပို့ကြီးတွင် ဂယ်ပေါက်ခြောက်ခုရှိသည် ဆိုကြပါစို့။ ဖွတ်ကြီး တစ်ကောင်သည် ဂယ်ပေါက်တစ်ခုမှ တောင်ပို့အတွင်းသို့ ဝင်သွားသည်။ ယင်း ဖွတ်ကြီးကို ဖမ်းလိုသောသူသည် ဂယ်ပေါက်ငါးခုကို အလုံပိတ်ပြီးလျှင် ခြောက်ခု မြောက်သော ဂယ်ပေါက်ကို တူးဖြိုဖျက်ဆီး၍ ဖမ်းယူရပါလိမ့်မည်။

"အရှင်ဘုရား...ဤကိုယ်ခန္ဓာကား တောင်ပို့ကြီးတည်း။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဝိညာဉ်ဟုဆိုအပ်သော တံခါးခြောက်ခုတို့သည်ကား ဂယ်ပေါက် ခြောက်ပေါက်တို့တည်း။ စိတ်ဝိညာဉ်သည်ကား ဖွတ်ကြီးတည်း။ စိတ် ဝိညာဉ်သည် ကိုယ်ခန္ဓာ၏ တံခါးပေါက်လည်း ဖြစ်၏။ အဖမ်းရခက်လှစွာသော ဖွတ်ကြီးလည်း ဖြစ်၏။

"အရှင်ဘုရား...ထိုဖွတ်ကြီးကို ဖမ်းယူလိုသော ယောဂီသည် မျက်စိ၊ နား စသော တံခါးပေါက်များကို အလုံပိတ်ဆို့၍ စိတ်ဝိညာဉ် တံခါးပေါက်တစ်ခုကိုသာ ဖွင့်ထားကာ သတိတည်းဟူသော လက်နက်ဖြင့် တူးဖြိုဖမ်းယူရပါလိမ့်မည်။

"အရှင်ဘုရား...ဖွတ်အသွင်ဆောင်လျက်ရှိသည့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော ပြင်ပအာရုံဆိုး အမျိုးမျိုးတို့သည် စိတ်ဝိညာဉ် တည်းဟူသော ယာဉ်ကိုသာစီးကာ မျက်စိ၊ နား စသော ဂယ်ပေါက်မျိုးစုံမှ ဤခန္ဓာကိုယ် တောင်ပို့ကြီးအတွင်းသို့ ဝင်ရောက်ကြကုန်၏။ နှောင့်ယှက်ဖျက်ဆီး ကြကုန်၏။ ဘဝကို ချဲ့ထွင်ကြကုန်၏။ ယင်းတရားဆိုးတို့ မဝင်ရောက်နိုင်စိမ့် သောငှာ တားမြစ်ကာဆီးနိုင်သော လက်နက်ကောင်းဟူ၍ တစ်ခုသာရှိသည်။

ဤလက်နက်သည်ကား သတိတည်း။

"အရှင်ဘုရား...ဘုရားရှင်သည် သတိကိုသာလျှင် အထူးပြု၍ ဟောတော်မူ ၏။ မမေ့မလျော့သော သတိဖြင့် ပြည့်စုံကြကုန်လော့ဟူ၍ နိယံမပြတ် ဟောကြား

www.burmeseclassic.com

www.burmeseclassic.com



တော်မူသည်။ ထို့ကြောင့် သံသရာမှ ထွက်မြောက်လိုသော ယောဂီအဖို့ သတိသည် သာလျှင် ထွက်မြောက်ကြောင်း လက်နက်တည်း။ သတိသည်သာလျှင် မိမိကိုယ်ပိုင် ဥစ္စာတည်း။

ထို့ကြောင့် အရှင်ဘုရား...သတိကို လက်ကိုင်ပြုတော်မူပါဘိ။ အာရုံငါးပါး တို့၏ ဝင်ရောက်ရာ ဂယ်ပေါက်ငါးပေါက်တို့ကို သတိတည်းဟူသော လက်နက် ဖြင့် ပိတ်တော်မူပါဘိ ဖွင့်ထားသောစိတ်ဝိညာဉ်ဂယ်ပေါက်မှ သတိတည်းဟူသော လက်နက်ကို အစောင့်ထား၍ အဖမ်းရခက်လှစွာ လူပ်ရှားပြေးသွားတတ်သော စိတ်ဝိညာဉ်ဖွတ်ကြီးကို ဖမ်းတော်မူပါဘိ။ ဤကား အေးငြိမ်းမှုနိဗ္ဗာန်တံခါးသို့ ဝင်ရောက်ရာ တရားပါတည်း"

ပညာဉာဏ်အခြေခံကြီးပြီးသော ပေါဋ္ဌိလမထေရ်အဖို့ ကိုရင်လေး၏ တရား တစ်ဝက်၌ပင် လိုအပ်သောတရားလုပ်ငန်းအခြေသို့ သက်ဝင်နိုင်သဖြင့် တရားကို နာယူရင်းပင် တကယ့်အလုပ်စခန်းကို ထူထောင်ပြီး ဖြစ်ခဲ့ပေရာ တရားအဆုံးတွင် မည်သည့်အခါကမျှ မခံစား မတွေ့ကြုံခဲ့ရဖူးသော စိတ်ဓာတ်ငြိမ်းအေးမှု အရသာကို သိသိသာသာ ဆိုက်ရောက်ခံစားရသည်။

ထိုအခါ ပညာရှိဟူသည် မိမိ၌ရှိသော ပညာကို အသုံးဝင်အောင် ချတတ် ရမည်။ အသုံးချရာ၌လည်း ငြိမ်းအေးမှုအတွက် အခေါင်ဖြစ်သော ဘာဝနာလုပ်ငန်း ၌ အသုံးချနိုင်စေရမည်ဟု ဘုရားရှင် ဟောကြားတော်မူသော တရားတော်မှာ မှန်လှပါတကားဟု ယခုမှ လက်တွေ့သိရှိကာ ဘုရားရှင်သို့ ရည်မှန်း၍ အကြိမ် ကြိမ် ဦးညွှတ်တော်မူသည်။

ထို့နောက်တွင်မူ ငြိမ်းအေးသော ဆရာတပည့်နှစ်ယောက်တို့သည် မြကန်သာ တောရမ္မာရုံမှ စောင့်လင့်လျက်ရှိကြသည့် ငြိမ်းအေးသော တောရ ရဟန်းတော်များ နှင့်အတူ သွားရောက်ပူးပေါင်းလိုက်ကြလေ၏။ ။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# မဟာဝရုဏာရှင် ဗုဒ္ဓ

[ ၁]

ပထမသော် သံဃာငါးပါးမျှသာဖြစ်၍။ ရှင်တစ်ထောင်တို့ကို သိမ်းသွင်းမိ၍ ကျွတ်တမ်းဝင်လာကြသောအခါတွင်မူ ငါ့သာသနာသည် အခြေခိုင်လာပေပြီ။

ဂိုဏ်းစွဲ၊ ဝါဒစွဲ ပြင်းထန်လှသော ရှင်တစ်ထောင်တို့ကို အောင်နိုင်လိုက်ခြင်းမှာ ငါ့သာသနာအတွက် ကြီးစွာသော အောင်မြင်မှု၊ ကြီးစွာသော အလားအလာတစ်ရပ် ဖြစ်ခဲ့သည်မှန်၏။ သို့ရာတွင် သာသနာ့ရေး့ရေးအတွက် ဤမျှဖြင့် တင်းတိမ်နေ၍ကား မဖြစ်သေးပေ။

ဤလောကသည် မှောက်မှားမှု၊ ဖောက်ပြန်မှုမျိုးစုံတို့ဖြင့် အမိုက်တိုက်အတိမျှ ဖြစ်သည်မှန်သော်လည်း လရောင်ကင်းသည့် မှိုင်းမှန်သောကောင်းကင်ပြင်၌ အချို့သော ကြယ်ကလေးများ တလက်လက်ထွက်နေကြသကဲ့သို့ လမ်းမှန်သို့ ရောက်နိုင်သော သတ္တဝါများစွာ ရှိကြပေသေးသည်။

ထိုသတ္တဝါတို့အား လမ်းမှန်သို့ ဦးတည်ပေးရန်မှာ ငါ့တာဝန်ဖြစ်နေချေသည်။ သူတို့အား ငါ မကယ်လျှင် အဘယ်သူ ကယ်နိုင်စွမ်းပါအံ့နည်း။ ထို့ကြောင့် ထိုကြယ်ကလေးများကို ရှာဖွေကယ်ချွတ်ရန် ငါကိုယ်တိုင်သော်လည်းကောင်း၊ တပည့်သံဃာတို့ကိုသော်လည်းကောင်း ကြိုးပမ်းစေခဲ့ရသည်။ သို့ဖြင့် ငါ့သာသနာသည် တစ်နေ့တခြား စည်ပင်တိုးတက်၍ လာခဲ့ချေသည်။

သို့ရာတွင် တစ်ဖက်၌ စည်ပင်တိုးတက်လာသည်နှင့်အမျှ စည်ပင်တိုးတက်လာသော သံဃာ့ပရိသတ်ကို စည်းကမ်းတကျ သေသေဝပ်ဝပ်ရှိစေရန် ထိန်းကွပ်ရသော တာဝန်မှာ ငါ့တွင် ပို၍ကြီးမားလာခဲ့သည်။ ထို့ကြောင့်လည်း အကြောင်းကြုံတိုင်း ဝိနည်းသိက္ခာပုဒ်များကို ချမှတ်မျဉ်းသားပေးခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူနေမှုစည်းကမ်းစနစ်သည် လွယ်မယောင်နှင့် ခက်ခဲ၏။ ထိုထက် သံဃာတို့၏ စည်းစနစ်မှာ ပို၍ခက်ခဲသင့်သည်။ သေဝပ်သင့်သည်။ ပို၍တင်းကျပ်သင့်သည်။ ပို၍ သတိရှိသင့်သည်။ အကြောင်းကား ငါ့သာသနာသည် ဒါယကာတို့ သဒ္ဓါတရားပေါ်တွင် အမှီပြု၍ အရှည်ကို ရည်မှန်းရမည်ဖြစ်ရာ ဒါယကာတို့ ကြည်ညိုဖွယ် နှစ်လိုဖွယ်ကို ပို၍ ဆောင်စေရမည်ဖြစ်သောကြောင့်တည်း။

ငါ့တပည့် သံဃာတို့သည် နှလုံးကိုယ်နှုတ် ထိန်းချုပ်အကင်းသတ်ပြီးကြသည် မှန်၏။ သို့ရာတွင် ကုသိုလ်မှု၊ အကုသိုလ်မှုဟုပင် မဆိုနိုင်စေကာမူ လူနေမှုစနစ်တွင် အချိုးမကျနိုင်သော အချက်ကလေးများကား ငါ့တပည့်အချို့တွင် ရှိနေကြသေးသည်။

မကြာမီကပင် တရားအားထုတ်မှုတည်းဟူသော တစ်ဖက်စွန်းသို့ လွန်ကဲနေသောကြောင့် တစ်ဖက်တွင် အနေအထိုင် မသန့်ရှင်းလှသော သာရိပုတ္တရာကဲ့သို့သော ပုဂ္ဂိုလ်အားပင် ဆုံးမဖွယ်ရှိနေသေးလျှင် အခြားသံဃာတို့အဖို့ အဘယ်ဆိုဖွယ်ရှိတော့အံ့နည်း။ ကိုယ်နှုတ်နှလုံး မကင်းမသေကြသေးသော ပုထုဇဉ်ရဟန်းတို့လည်း အများအပြားရှိချေသေးသည်။

ထို့ကြောင့် ငါသည် နေ့စဉ်ပြုလုပ်နေကျ ဗုဒ္ဓကိစ္စများတွင် တရားဟောချိန်၌ တပည့်သံဃာတို့အား ဆိုဆုံးမသည့်အပြင် တပည့်သံဃာတို့ ကျောင်းများသို့ လှည့်လည်ကြည့်ရှုရသည့် တာဝန်တစ်ရပ်ကိုလည်း ထည့်သွင်းခဲ့ရသည်။ ယင်းသို့ လှည့်လည်ကြည့်ရှုရင်း ယမန်နေ့ကပင် မလျော်သည့်အခြင်းအရာတစ်ရပ်ကို တွေ့ရ၍ ဆုံးမကံမြစ်ခဲ့ရသေးသည်။ သြဝါဒပေးခဲ့ရသေးသည်။

ယမန်နေ့ ညနေပိုင်းက လှည့်လည်ကြည့်ရှုရင်း ကျောင်းတစ်ကျောင်းရှေ့သို့ ရောက်သောအခါ ထိုကျောင်းတွင်မှ ညည်းတွားသံတစ်ခုကို ကြားရသည်။ ထိုအသံသည် စာပေရွတ်ဖတ်သံမဟုတ်။ ဝေဒနာခံစားရသူ၏ ညည်းတွားသံမျိုးဖြစ်သည်။

ငါသည် အကြောင်းကိုသိလို၍ ထိုကျောင်းပေါ်သို့တက်သည်။ ကျောင်းပေါ်တွင် သံဃာတို့နေရာသည် ဖရိုဖရဲဖြစ်လျက်ရှိ၏။ ထိုကျောင်းနေသံဃာတို့လည်း အပြည့်အစုံမရှိကြ။ တခြားသို့ ရောင်တိမ်းနေကြဟန်တူသည်။ ရှိနေသော သံဃာများသည်လည်း ညောင်စောင်းတစ်ခုမှ ဝေးအောင် ကျောင်းနံရံများတွင် ကပ်နေကြသည်။ ထိုညောင်စောင်းတွင်ကား ရဟန်းတစ်ပါးသည် ဝေဒနာကပ်ရောက်၍ ထိုဝေဒနာ၏ဒဏ်ကို အပြင်းအထန်ခံစားနေရဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းသည် ဝေဒနာကြောင့် ညည်းညူရင်း ညောင်စောင်းတွင် လူးလိမ့်လျက် ရှိရှာ၏။ ဝမ်းသွန်ထားသောကြောင့် ကျင်ကြီးကျင်ငယ်တို့သည် ထိုရဟန်းကိုယ်နှင့် သင်္ကန်းတို့တွင် အလိမ်းလိမ်း ကပ်ငြိပေရေလျက်ရှိသည်။ ထိုဝေဒနာရှင်အနီးတွင် ပြုစုမည့်သူဟူ၍ တစ်ဦးမျှမရှိ။ သီတင်းသုံးဖော်တို့သည် ရှောင်ရှားနေကြသည်။ နေရက်ကြပါဘိ။

ငါသည် ဝေဒနာရှင်အနီးတွင် ရပ်လိုက်သည်။ ရဟန်းသည် ဝေဒနာပြင်းပြလှ၍ ငါလာသည်ကိုမျှ သိဟန်မတူ၊ လူးလိမ့်၍ ညည်းညူလျက်သာ ရှိရှာသည်။

ငါသည် ဝေဒနာရှင်ရဟန်း၏ နဖူးကို လက်ဖြင့် အသာဖိ၍ စမ်းသပ်ကြည့်လိုက်၏။ ငါ့လက်နှင့်ထိမိသောအခါ ရဟန်းသည် ငြိမ်သက်သွားသည်။ ငါသည် ရဟန်း၏ ဝေဒနာအတိုင်းအရှည်ကို မှန်းဆနိုင်သည်။ သင့်တင့်အောင် ပြုစုပေးလျှင် ရဟန်းသည် ဤဝေဒနာမှ ထမြောက် ပျောက်ကင်းရမည်မုချ။

ကောင်းပြီ။ ဤရဟန်းကိုအကြောင်းပြု၍ အချင်းချင်းအပေါ်၌ ကြောင့်ကြမဲ့နေနိုင်လွန်းကြသော အခြားရဟန်းတို့အား ဆုံးမစကားပြောကြားရန် အကြောင်းတစ်ခု ဆိုက်ရောက်လာချေပြီ။

ငါသည် အာနန္ဒာကို လျင်စွာဆင်းပြီး ရေအယူခိုင်း၍ ကိုယ်တိုင် ရေလောင်းပေးလျက် ထိုရဟန်းတွင် ကပ်ငြိနေသော အညစ်အကြေးများကို အာနန္ဒာအား ဆေးကြောသန့်စင်ပေးစေသည်။ ထို့နောက် အခြားသင်္ကန်းတစ်ခုကိုယူ၍ ဝေဒနာရှင်ရဟန်းအား ထွေးပတ်ကာ နွေးနွေးထွေးထွေးရှိစေသည်။

ရဟန်းသည် ငါကိုယ်တိုင်ပြုစုမှန်း သိသောအခါ များစွာ အားတက်လာဟန်ဖြင့် မျက်နှာလန်းဆန်းလာသည်ကို တွေ့ရသည်။ ငါသည် ဝေဒနာရှင်ရဟန်းအား ပြုစု၍ ငြိမ်သက်စွာနေစေပြီးသောအခါ နောက်ထပ် ရေတစ်အိုးကို ထမ်းဆောင်စေပြန်၍ ရဟန်း၏ ညစ်နွမ်းသောသင်္ကန်းကို စင်ကြယ်အောင် ဖွပ်လျှော်စေပြီးလျှင် ကြိုးတန်းတစ်ခု၌ လှန်းသည်။

ကျောင်းပေါ်သို့ ငါတက်လာစဉ်ကပင် အတူနေရဟန်းတို့သည် မိမိတို့၏ ချွတ်ယွင်းမှုကို သိသောကြောင့် မလုံသောမျက်နှာ၊ အောက်သို့ချအပ်သောမျက်နှာတို့ဖြင့် ငြိမ်ဝပ်စွာရှိကြသည်။ ချွတ်ယွင်းမှုရှိသောသူတို့၌ မျက်နှာမလုံမလဲဖြစ်ရခြင်းမှာ ဓမ္မတာပင်မဟုတ်ပါလော။

ငါကိုယ်တိုင် ကြပ်မတ်ကြိုးပမ်း ပြုစုသည်ကို မြင်ရသောအခါ၌မူ ရဟန်းတို့

www.burmeseclassic.com

www.burmeseclassic.com



သည် အားတုံ့အားနာ များစွာဖြစ်ကြဟန်ဖြင့် အနီးအနားသို့ ချဉ်းကပ်ဝိုင်းအုံ လာကြသည်။ မနေနိုင်သော ရဟန်းအချို့ကမူ ချအပ်သောမျက်နှာဖြင့်ပင် ငှါ့အား ဝင်ရောက်ကူညီ၏။

ဝေဒနာရှင်ရဟန်းသည် ရောဂါမှ ချမ်းသာသည့်အဟန်ဖြင့် ငြိမ်သက်စွာ လဲလျောင်းလျက်ရှိပေပြီ။ ထိုအချိန်တွင်မှ ငါသည်–

"ရဟန်းတို့"

ဟု ပထမဆုံး အာလုတ်စကားကို ပြောကြားလိုက်သည်။

ရဟန်းတို့သည် ငါ့ထံပါးသို့ စုဝေးရောက်ရှိလာကြ၏။ ငါ၏လုပ်ဆောင်မှု ကို စောင့်၍ အကဲခတ်နေကြသော အခြားကျောင်းမှ ရဟန်းများလည်း တဖွဲဖွဲ ရောက်လာကြသည်။

"ရဟန်းတို့...သင်တို့သည် မိဘဆွေမျိုးသံယောဇဉ်ကြိုးတို့ကို ဖြတ်တောက်၍ သာသနာ့အဖွဲ့အစည်းသို့ ဝင်ရောက်လာကြကုန်သည်။ သာသနာ့ဘောင်အတွင်း၌ သင်တို့အချင်းချင်းမျှ ရိုင်းပင်းအားထားမှုမရှိလျှင် အဘယ်သူကို အားထားကြ မည်နည်း။ အကြောင်းကိစ္စရှိ၍ သီတင်းသုံးဖော် သင်တို့အချင်းချင်းမှ မကြည့်ရှု လျှင် အဘယ်သူ လာ၍ကြည့်ရှုမည်နည်း။ သင်တို့အဖို့ အချင်းချင်းသာလျှင် အားထားရာရှိချေသည်။ ထို့ကြောင့် ဘဝတူသီတင်းသုံးဖော်ချင်းတို့သည် နာမကျန်းရှိ သည့်အခါ၌ ငါဘုရားက ပြုစုမည့်အစား မကျန်းမမာသူကိုသာ ပြုစုကြ"

ဟု ဩဝါဒ ပေးလိုက်ရသည်။

ထိုအဖြစ်၊ ထိုဩဝါဒ အချက်ကြောင့် သံဃာ့ပရိသတ်တစ်ခုလုံးသည် ဓမ္မ သံဝေဂရကြသည့်အနေဖြင့် များစွာငြိမ်ဝပ်တိတ်ဆိတ်လျက်ရှိသွားကြသည်။

ထိုအချိန်သည် ညချမ်းပိုင်းသို့ ရောက်ရှိပြီဖြစ်ရာ မြို့တွင်းမှ ဒါယကာ ဒါယိကာမ ပရိသတ်တို့သည် တရားနာရန်အတွက် ဆီမီး ဖယောင်းတိုင်ကိုယ်စီဖြင့် ကျောင်းတွင်းသို့ ဝင်ရောက်လာကြလေပြီ။ ။

❂❂❂

www.burmeseclassic.com

www.burmeseclassic.com



# အောင်နိုင်သူ

[ ၁ ]

ညနေစောင်း၍ နေကလေးညိုလာသည် ဆိုသည်နှင့် တစ်ပြိုင်နက် အအေးဓာတ်သည် သိသိသာသာဝင်လာ၏။ ညဥ့်အမှောင်ဘက် ရောက်လာလေ အအေးဓာတ် တိုးလာလေဖြစ်၏။ ဆောင်း၏သဘာဝတည်း။

နေ့လယ်ပိုင်းတွင်မူ ပူသည် အေးသည်ဆိုသော ရာသီဥတုကို သတိထားမနေနိုင်။ တစ်နေ့လုပ်မှ တစ်နေ့စားရသော ဆင်းရဲသား၊ အလုပ်သမားပီပီ အလုပ်ကို သာ ကြိုးစား၍ လုပ်ရလေရာ ပူသောဥတုတွင်လည်း ချွေးပြန်၏။ အေးသောဥတုတွင်လည်း ချွေးပြန်ရမြဲဖြစ်၏။

အိမ်ပြန်ရောက်၍ ရေမိုးချိုး ညနေစာ အာဟာရစားသောက်ပြီးသည့်အခါ နွေရာသီဆိုလျှင် အိပ်ချိန်မတိုင်မီ အိမ်တံခါးကိုဖွင့်၍ လေညင်းခံရင်း ဇနီးမောင်နှံနှစ်ယောက် အေးအေးလူလူ စကားစမြည်ပြောနိုင်သေး၏။ ဆောင်းရာသီဆိုလျှင်မူ နေညိုသည်နှင့်တစ်ပြိုင်နက် သိသိသာသာ ဝင်ရောက်လာသော အအေးဓာတ်ကြောင့် အာဟာရကိစ္စပြီးသည်နှင့် တစ်ပြိုင်နက် အိမ်တံခါးကို အလုံပိတ်ကာ အိပ်ရာသို့ တန်းဝင်ကြရသည်။ သို့မှ နွေးနွေးထွေးထွေးရှိမည်။ သူတို့ကို နွေးထွေးအောင် အိပ်ရာကသာ ကူညီနိုင်၏။ အကြောင်းသော်ကား အအေးကို ကာကွယ်ရန် အဝတ်အစားကလေးမျှ လုံလုံခြုံခြုံဝတ်စရာမရှိရှာကြသောကြောင့် ဖြစ်၏။

သူတို့လင်ကိုယ်မယားနှစ်ယောက်၌ ကိုယ်တွင်ဝတ်ထားကြသော ခါးဝတ်ကိုယ်စီမှအပ အပိုအမို အဝတ်ဟူ၍ ခြုံထည်ကလေးတစ်ထည်မျှသာ ရှိရှာသည်။ သည်တစ်ထည်မျှကိုပင် မနည်းကြီး ခြိုးခြံစုဆောင်း၍ ဝယ်ထားရသည်။

မထွက်မဖြစ်သော အကြောင်းကြီးငယ်ရှိ၍ အပြင်ထွက်ဖို့ကြုံလျှင် လင်အဖို့လည်း ဤခြုံထည်ကလေးကိုသာ ကိုယ်တွင်လွှမ်း၍၊ မယားအဖို့လည်း ဤအထည်

www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုသာ ခြံ၍ ထွက်ကြရသည်။ ဆောင်းရာသီရောက်သည့်အခါတွင်မူ ဤအထည်ကလေးမှာ လင်မယားနှစ်ယောက်လုံးအဖို့ တစ်ထည်တည်းသော ခြုံစောင်အဖြစ်သို့ ရောက်လာသည်။

ဆောင်းရာသီတွင် ညစာကိစ္စ ပြီးသည်နှင့်တစ်ပြိုင်နက် အအေးဒဏ်ကြောင့် အိမ်တံခါးစောစောပိတ်မြဲဖြစ်သော်လည်း ယခုတလောတွင်မူ ဆန္ဒသည် တံခါးကို မပိတ်ဘဲ တံခါးဝတွင်ထိုင်၍ ငိုင်နေသည်မှာ နှစ်ရက် သုံးရက်မျှ ရှိလေပြီ။ ယခုတလော ဆန္ဒ အမူအရာပျက်နေသည်။ ဆောင်းလေတသွေးသွေးဖြင့် အေးလှသည်ကို အေးသည်ဟုပင် ထင်ဟန်မတူ။ တံခါးဝတွင် ငုတ်တုတ်ထိုင်ကာ အိမ်ရှေ့မှ ဖြတ်သန်းသွားလာနေကြသူများကို ဆန္ဒသည် အဓိပ္ပာယ်မရှိ တစိမ့်စိမ့်ကြည့်ကာ ငေးငိုင်လျက်ရှိသည်။

သာဝတ္ထိသို့ ဘုရားရှင်ရောက်လာသည့်အချိန်မှစ၍ ဇေတဝန်သို့သွားရာ ဖြစ်သော ဆန္ဒတို့အိမ်ရှေ့မှ လမ်းသည် လူစည်ကားလျက်ရှိ၏။ အထူးသဖြင့် အလုပ်အကိုင်အားလပ်သော ညနေညဦးပိုင်းတွင် ပို၍စည်ကား၏။ ပွဲလမ်းသဘင်မရှိခဲ့လျှင် ဆောင်းရာသီညဦးပိုင်းများ၌ တိတ်ဆိတ်လျက်ရှိတတ်သော သာဝတ္ထိသည် ဇေတဝန်သို့ ဘုရားရှင်ရောက်လာသည့်အချိန်မှစ၍ ကျောင်းသွားကျောင်းပြန်တို့ဖြင့် တလှုပ်လှုပ် တရွရွဖြစ်လျက်ရှိသည်။ ညဦးပိုင်း၌ ဇေတဝန်သို့ တရားနာ သွားရောက်ကြသော အလုပ်မှာ ယခုတလော၌ သာဝတ္ထိသူ,သာဝတ္ထိသားတို့ ကြိုးစားနေကြသော အလုပ်ဖြစ်သည်။ များစွာသောသူတို့သည် တကယ့်စိတ်၊ တကယ့်စေတနာဖြင့် တရားနာသွားရောက်ကြခြင်း ဖြစ်သော်လည်း များစွာသောသူတို့အဖို့မှာကား တရားနာမှုကို အကြောင်းပြစေကာ အခြားသောအကြောင်းများ ရှိကြပေဦးမည်။ အကြောင်းသော်ကား ဇေတဝန်၏ ညဦးပိုင်းတရားပွဲများသည် ဘုရင်ကိုယ်တော်တိုင် နေ့စဉ်လိုလို တက်ရောက်နာယူသော တရားပွဲများ ဖြစ်ကြလေ၏။ ဘုရင်ကိုယ်တိုင် တက်ရောက်သောအခါ မှူးကြီးမတ်ရာ မင်းညီမင်းသား နန်းတွင်းသူ နန်းတွင်းသား အသိုင်းအဝိုင်းတို့ ပါရှိမြဲဖြစ်၏။

ဤလောက၌ ဂုဏ်ရှိသူတို့ တက်ရောက်သောပွဲဟူသည် ဂုဏ်လိုသူတို့ တက်ရောက်သောပွဲပင် မဟုတ်ပါလော။ ဂုဏ်ရှိသူတို့ အပြုအမူဟူသည် ဂုဏ်လိုသူတို့ ဝိုင်းဝန်းအားပေးသော အပြုအမူပင် မဟုတ်ပါလော။ ထို့ကြောင့် ဇေတဝန်၏ တရားပွဲများသည် ဘုရားရှင်၏ ဓမ္မရသကို တကယ်အလိုရှိသူများနှင့်အတူ နန်းတော်

www.burmeseclassic.com



အသိုင်းအဝိုင်းကြောင့် ရောယောင်နောက်လိုက်သမားတို့ဖြင့်လည်း စည်ကားလှ စွာ၏။

ယင်းသို့ တရားနာအလုပ် ထွန်းကားစည်ပင်လာသည်နှင့်အတူ တစ်ဖက်တွင် အစစ်အမှန်မဟုတ်သူ ဂုဏ်သမားတို့၏ အဝတ်အစား ပြိုင်ပွဲကြီးတစ်ရပ် ထွန်းကား လာသည်ကိုလည်း ဆန္ဒ သတိပြုမိ၏။ နိမ့်လှစွာသော တဲကုပ်အိမ်ကလေး အပေါက်ဝမှ ယခုတလော ဂရုတစိုက် ကြည့်ရှုနေမိသော ဆန္ဒအဖို့ ပိုး,ဖဲအပြိုင်၊ လက်ဝတ်လက်စားအပြိုင် အရောင်အဆင်း အဖိတ်ဖိတ်ဖြင့် လှူဖွယ်တန်းရာ ဝတ္ထု ပစ္စည်းကိုပင် အပြိုင်အဆိုင် ပြုလုပ်ကာ ဇေတဝန်သို့ စည်စည်ကားကား သွားလာ နေကြသော သာဝတ္ထိသူ သာဝတ္ထိသား ပရိသတ်တို့ကို ကြည့်၍မဆုံး ဖြစ်နေရ သည်။

ဆန္ဒအဖို့ ယင်းသို့ ထွေရာတွေး၍ ငေးငိုင်နေမိစဉ်အတွင်း–

“ကိုယ့်မလဲ ခုတလော လမ်းပေါ်ကလူတွေ ကြည့်ကြည့်ပြီး ငိုင်လှချည့်လား။ ဘယ်လိုဖြစ်နေတာလဲ၊ အေးက အေးပါဘိသနဲ့”

ဟူသော ဇနီးဖြစ်သူ၏ ပြောသံကို ကြားလိုက်ရ၏။

“ငါလည်း တရားသွားနာချင်တယ် ရှင်မ”

“တရားနာသွားတာများ ဒါလောက် စဉ်းစားနေရသလားရှင်။ သွားချင်ရင် သွားရုံပေါ့။ ဘယ်သူကများ တားမြစ်နေတာလိုက်လို့ပဲ”

“ဘယ်သူက တားမြစ်လို့မှတော့ မဟုတ်ပါဘူး၊ နို့ပေမယ့် ရှင်မကို ငဲ့နေလို့ပဲ”

“တရားနာတာနဲ့ပတ်သက်လို့ ကျွန်မက ဘာမှလည်း မပြောမိဖူးပါလားရှင်၊ ကျွန်မကို ဘာများငဲ့စရာရှိနေလို့လဲ”

“သြော်...ရှင်မနယ်၊ တရားနာသွားတယ်ဆိုတော့ သူများတကာ ဝတ်ကောင်း စားလှ ဝတ်ဆင်ထားကြတဲ့ ပရိသတ်အလယ်မှာ ကိုယ်က ကိုယ်လုံးတီးကြီးနဲ့သွား လို့ တင့်တယ်ပါ့မလား၊ ခြုံထည်အဝတ်ကလေးတော့ ပါဦးမှ ကောင်းတော့မပေါ့ ရှင်မရဲ့”

အိမ်ရှင်မသည် ငိုင်သွား၏။ ဟုတ်ပေသည်။ ဤအချက်ကို သူ မတွေးမိ။ မိမိ၏ခင်ပွန်းသည်သည် မိမိအပေါ်၌ ငဲ့ညှာလှပါပေသည်။ တရားနာသွားရာသို့ တစ်ခုတည်းသော ခြုံထည်ကလေးကို ယူသွားရမည်ဆိုလျှင် မိမိအဖို့ ချမ်းချမ်း တီးတီးနှင့် ရှိနေရှာမည်ကို သူ စိုးသည်။ ဤမျှ အလိုက်သိ၍ မိမိအပေါ်၌

www.burmeseclassic.com

www.burmeseclassic.com



စေတနာပိုရှာသော ခင်ပွန်းသည်အား မိမိကလည်း ပြန်၍ စေတနာထားရပေမည်။ ချမ်းသည် ဆိုသော်လည်း ညဥ့်ဦးပိုင်းမို့ တံခါးပိတ်ထားလျှင် နေသာထိုင်သာရှိပါသေး၏။ အိမ်ရှင်မ ပြုံးလိုက်သည်။

"ဒါမတော့ မောင်ရယ်...မောင်သွားချင်နေတာ သွားပေါ့။ ဒီနေ့ည သိပ်မချမ်းလှပါဘူး။ နေသာထိုင်သာရှိပါတယ်။ ဒါပေမယ့် မနက်ကို အလုပ်တစ်ဖက်၊ အကိုင်တစ်ဖက်နဲ့ သိပ်မိုးချုပ်အောင်တော့ မနေနဲ့နော်။ ပြီးတော့ ဘုရားရှင်က သိပ်ပြီးတရားဟောကောင်းတယ်လို့ ကြားရတယ်။ ဘုရားရှင် တရားနာရလို့ အကျွတ်တရားရပြီး အိမ်ပြန်မလာဘဲလည်း မနေနဲ့ဦးနော်"

ဟု ခင်ပွန်းသည် ကြည်ကြည်သာသာ သွားနိုင်ရန် ရယ်ရွှန်း ဖတ်ရွှန်းကလေး ပင် ထည့်၍ ပြောလိုက်ရာ ဆန္ဒအဖို့ နှစ်ရက် သုံးရက်ခန့်တိုင် ထမ်းဆောင်ထားခဲ့ရသော ဝန်ထုပ်ဝန်ပိုးကြီးကို လွှတ်ချလိုက်ရသကဲ့သို့ စိတ်လက်ပေါ့ပါးစွာဖြင့်ထ၍ ခြုံထည်ကလေးကို ပခုံးတွင်တင်ပြီးလျှင် လမ်းမသို့ ထွက်၍လာခဲ့သည်။

[ ၂ ]

တနုံ့နုံ့ဖြစ်ပေါ်လျက်ရှိခဲ့သော တရားနာလိုသည့်ဆန္ဒကို ဇနီးဖြစ်သူက ဖြည့်စွက်ပေးလိုက်၍သာ ပေါ့ပါးစွာထွက်ခဲ့ရသော်လည်း မိမိမှာ သူတကာနှင့်မတူ၊ အဝတ်အဆင် နွမ်းပါးလှသည်မို့ လမ်းမမှ ကျောင်းသွားပရိသတ်နှင့် ပူးပေါင်းမိသောအခါ ကြော့ကြော့မော့မော့ ဝတ်ဆင်လာကြသော ပရိသတ်အလယ်သို့ ကြွားကြွားရွှားရွှား မဝင်ဘဲ လမ်းဘေးမှ အမှောင်ရိပ်ကလေးများကို ခို၍ခို၍ ခပ်ယို့ယို့ လိုက်ပါခဲ့ရသည်။

တရားနာသွားပရိသတ်လူတိုင်းလိုလို၌ပင် ဖွယ်ဖွယ်ရာရာ လှူဖွယ်ပစ္စည်းများ ကိုယ်စီကိုင်၍လာကြသည်ကို တွေ့ရ၏။ အနည်းဆုံးအားဖြင့် ဖယောင်းတစ်တိုင် ပန်းတစ်ခိုင်မျှပင်ဖြစ်စေ ကိုင်ဆောင်လာကြလေရာ လက်ချည်းစီးသာဖြစ်သော မိမိအဖို့ အများနည်းတူ အမြင်မလှမည်ကြောင့် လမ်းဘေးမှ တွေ့ရာပန်းခက်ကလေးများကို ချူးဖြတ်၍ ကိုင်ဆောင်လိုက်ရသည်။

လမ်းတစ်လျှောက်လုံး စကားစပ်မိစပ်ရာ တဆူဆူတညံညံဖြင့် ပြောဆိုလာခဲ့ကြသော ပရိသတ်သည် ကျောင်းဝသို့ရောက်သည်နှင့် တစ်ပြိုင်နက် အလိုက်သိစွာဖြင့် ဆိတ်ငြိမ်၍သွားကြသည်။

www.burmeseclassic.com



ဘုရားရှင်သည် ဆိတ်ငြိမ်မှုကို အလွန်လိုလား၍ ဇေတဝန်သည် ရဟန်းတစ်ထောင်ကျော်ရှိသော ကျောင်းပင်ဖြစ်စေကာမူ အလွန်ဆိတ်ငြိမ်လှသည်ဟု ကြားရဖူး၏။ ဟုတ်မှန်လှပေသည်။ ဇေတဝန်သည် သာယာသလောက် ဆိတ်ငြိမ်၏။ တရားကျင့်သုံးသူတို့၏နေရာနှင့် အမှန်ပင် တူလှပါပေသည်။

တရားမဏ္ဍပ်၌ တရားနာပရိသတ်သည် များပြားလှ၏။ သို့ရာတွင် စည်းရှိလှသည်။ ပရိသတ်များသော်လည်း စကားပြောသံဟူ၍ တစ်ခွန်းတလေမျှ မကြားရ။ တစ်ခါတစ်ရံမှသာ ချောင်းသံကလေး သဲ့သဲ့မျှကြားရသည်။

ဆန္ဒသည် ပရိသတ်အစွန်ကျရာနေရာတစ်ခုတွင် ခပ်ကွယ်ကွယ်ထိုင်လိုက်၏။ အဝတ်အဆင် မပြည့်စုံသူအဖို့ ပရိသတ်အလယ်တွင် ထည်ထည်ဝါဝါထိုင်၍ တင့်တယ်မည်မဟုတ်၊ ပရိသတ်အလယ်တွင် ထိုင်ဖို့ရန်လည်း ရှက်စနိုးရှိ၏။ နောက်ထပ်ရောက်လာသော ပရိသတ်များ တိုး၍တိုး၍ လာသောအခါ ဆန္ဒက အစွန်းဘက်သို့ ရွှေ့၍ရွှေ့၍ပေး၏။ သို့ရာတွင် ဘုရားရှင်၏ မျက်နှာတော်ကိုလည်း ဖူးမြော်လိုသေးပေရာ ဝေးလွန်းလျှင် ဖူးမြော်ရန်ခက်မည်ကြောင့် တစ်ကြိမ်နှစ်ကြိမ်မျှ ရွှေ့ပေးပြီးသောအခါ မရွှေ့တော့ဘဲ တိုင်ကွယ်တစ်ခုတွင် နေရာကို အတည်တကျ ယူလိုက်ရသည်။

ဘုရားရှင်သည် တရားဟောကောင်းရုံမျှမဟုတ်၊ ကြည့်၍မငြီးနိုင်အောင် သပ္ပာယ်လှသည်။ ကျက်သရေရှိလှသည်ဟု ပြောကြသည်။ ဆန္ဒသည် သတင်းမွှေးလှသော ဘုရားရှင်၏ တရားကို နာရုံမျှမဟုတ် ဘုရားရှင်အားလည်း ဖူးတွေ့လိုလှသည်။ သို့ရာတွင် ဘုရားရှင်ကို ဖူးတွေ့ဖို့ရန်ဝေး၍ ဇေတဝန်သို့မျှ မရောက်ဖူးခဲ့။ ယနေ့ကား တောင့်တခဲ့သမျှသော အာသာဆန္ဒများ ပြည့်ဝပေတော့မည်။

ဆန္ဒအဖို့ ကြာကြာမစောင့်ရ။ အကြောင်းသော်ကား-တရားမဏ္ဍပ်သို့ရောက်၍ မကြာမီအတွင်းမှာပင် ငြိမ်ဝပ်သောပရိသတ်သည် လှုပ်ရှား၍လာကာ လက်အုပ်ပြိုင်တူချီကြသည်ကို တွေ့ရသဖြင့် တရားပလ္လင်သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ တရားပလ္လင်သို့ ရဟန်းပရိသတ်အခြံအရံဖြင့် ကြွတော်မူလာသော ဘုရားရှင်ကို ဖူးတွေ့ရသောကြောင့် ဖြစ်သည်။

ဆန္ဒသည် ဘုရားရှင်ကို ဖူးတွေ့လိုက်ရသောအခါ ညဉ့်အချိန်၌ပင် နေတစ်စင်းထွက်လာသည်ကို တွေ့ရသည့်ပမာ အံ့အားသင့်စွာဖြင့် မျက်တောင်မျှ မခတ်နိုင်အောင် စူးစူးစိုက်စိုက်ကြည့်၏။ အကြားနှင့်အမြင်သည် ကိုက်ညီလှပါပေ၏။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ်အားဖြင့် ဆန္ဒအဖို့ အကြားက နည်းပင်နည်းနေသည်။ ဘုရားရှင်သည် ဤလောက၌ အမှန်ပင် ထူးခြားလှသော ပုဂ္ဂိုလ်ပါပေတည်း။

လှသည်ဟူသောစကားသည် ဘုရားရှင်အတွက် မပြည့်စုံနိုင်။ အကြောင်းသော်ကား ဤလောက၌ လှသည်ဟု အခေါ်ခံနိုင်သူများစွာရှိသောကြောင့်ဖြစ်သည်။ ယဉ်သည်ဟူသော စကားသည် ဘုရားရှင်အတွက် မပြည့်စုံနိုင်။ အကြောင်းသော်ကား ဤလောက၌ ယဉ်သည်ဟု အခေါ်ခံသူ များစွာသောကြောင့် ဖြစ်သည်။ ကျက်သရေရှိသည်ဟူသော စကားသည်လည်း ဘုရားရှင်အတွက် ပြည့်စုံမည်မဟုတ်။ အကြောင်းမူကား–ဤလောက၌ ကျက်သရေရှိသူတွေ များစွာရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်အား အလှတကာတို့၏ဘုရင်၊ အယဉ်တကာတို့၏ အထက်၊ ကျက်သရေရှိသူတကာတို့၏ ထိပ်တန်းဟုဆိုမှ ပြည့်စုံနိုင်မည်ဟု ဆန္ဒ တွေး၏။

ဤမျှ ထူးခြားပြည့်စုံလှသော ဘုရားရှင်ကို အားရပါးရ ဖူးတွေ့နိုင်ရန် အဝတ်အဆင်နွမ်းပါးမှုကြောင့် မရှက်ရမည်ကို ရှက်ပြီး ပရိသတ်ရှေ့တန်းရှိ နေရာ မယူခဲ့မိသည်ကိုပင် မှားလေစွဟု ထင်မိ၏။

ဆန္ဒ၏ စိတ်ဓာတ်တစ်ခုလုံးသည် ဘုရားအပေါ်၌ အပြည့်အသိပ်ဖြစ်ပေါ်လျက် ရှိသည်။

ထိုအချိန်၌ ဘုရားရှင်သည် တရားစ၍ဟောသည်။ ဘုရားရှင်သည် မဂ္ဂင်ရှစ်ပါး တရားတော်ကိုဟော၏။ ထိုတရားသည် ဆန္ဒအဖို့ ဘယ်တုန်းကမှ မကြားဖူးခဲ့၊ မနာဖူးခဲ့သော တရားတော်ဖြစ်သည်။ သို့ရာတွင် ဆန္ဒအဖို့ တရားထက် ထူးခြားသောအရာမှာ ဘုရား၏ အသံတော်ပင် ဖြစ်ပေသည်။

ဘုရားရှင်၏အသံသည် သူမတူအောင် သာယာ၏။ သာယာသည်ဆိုရာ၌ သီချင်းအဆို ကောင်းလှသည်ဆိုသော သာချင်းသည်တို့၏ သာယာနည်းမဟုတ်၊ ခန့်ထည်စွာ သာယာ၏၊ လုံလဲ၏၊ ရှင်း၏။ စကားတစ်လုံးကို ကြားလိုက်ရပြီးသည့်အခါ နောက်တစ်လုံးကို ဆက်၍ကြားလိုသောဆန္ဒမျိုး အစဉ်မပြတ် ဖြစ်စေ၏။ ဆန္ဒအဖို့ ထိုသည်တို့ထက် အထူးခြားဆုံးမှာကား ဘုရားရှင်သည် ပရိသတ်ထောင်သောင်းအနက်မှ မိမိတစ်ဦးတည်းကိုသာ ဂရုစိုက်၍ ဟောတော်မူနေသည်ဟု ထင်ရခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် ဘုရားရှင်အပေါ်သို ဆန္ဒ၏ သဒ္ဓါစိတ်သည် မျိုသိပ်တားဆီး

www.burmeseclassic.com

www.burmeseclassic.com



မရအောင် တဖွားဖွားပေါ်ပေါက်လျက်ရှိလာသည်။ သဒ္ဓါစိတ်တို့မည်သည် သဒ္ဓါထားသူတို့အပေါ်သို့ စွန့်လွှတ်နိုင်သမျှကို စွန့်လွှတ်လိုသော သဘောရှိသည်။ ဆန္ဒ၏လက်တွင် လမ်းမှဆွတ်ခူးလာသော ပန်းကလေး တစ်ခိုင်,နှစ်ခိုင်မျှရှိ၏။ သို့ရာတွင် ထိုပန်းကလေးမျှသည် မိမိ၏ ထက်သန်သော သဒ္ဓါစိတ်အတွက် လုံလောက်သောလှူဖွယ်ပစ္စည်းမဟုတ်ဟု ဆန္ဒထင်သည်။ သို့ဖြစ်လျှင် ပစ္စည်းမဲ့ ဆန္ဒအဖို့ ဘုရားရှင်အား အဘယ်အရာကို လှူရပါမည်နည်း။

လှူအပ်သောပစ္စည်းမည်သည် အလှူခံအဖို့ လိုအပ်သောပစ္စည်းဖြစ်မှ ကောင်းမည်။ ဘုရားရှင်အဖို့ အဘယ်ပစ္စည်း လိုမည်နည်း။

ဘုရားရှင်သည် ဆွမ်း၊ ဆေး၊ ကျောင်းနှင့် သင်္ကန်းဟူသော ပစ္စည်းလေးမျိုးကိုသာ အလှူခံသည်ဟု ကြားဖူးသည်။ ဆွမ်းသည် ယခုအချိန်၌ လှူဖို့ရန် အချိန်မဟုတ်။ ရဟန်းပရိသတ် ကျန်းမာရေးအတွက် ဆေးလိုမည် မုချဖြစ်၏။ သို့ရာတွင် ငါ၌ ဆေးဝါး အဆင်သင့်မရှိ။ ကျောင်းသင်္ခမ်းကဲ့သို့သော ပစ္စည်းမျိုးကို ငါသို့သော ပစ္စည်းမဲ့အဖို့ အဘယ်မှာတတ်နိုင်ပါအံ့နည်း။ သင်္ကန်းသည် ဝတ်ရုံရန် ချက်ချင်းအသုံးဝင်သည်။ ဟုတ်ပြီ၊ သင်္ကန်း...သင်္ကန်း...။

## [ ၃ ]

သင်္ကန်းကို တွေးမိသည်နှင့် တစ်ပြိုင်နက် ဆန္ဒ၏လက်သည် ပခုံးတွင်တင်ထားသော ခြုံထည်ကလေးပေါ်သို့ ရောက်သွား၏။ ရောက်သွားရုံမျှမဟုတ်၊ ထက်သန်သော သဒ္ဓါစိတ်၏အဟုန်ဖြင့် လှူအံ့ဟု ပခုံးမှ ရင်ခွင်သို့ပင် ဖျတ်ခနဲ ဆွဲ၍ချလိုက်သည်။

သို့ရာတွင် ခြုံထည်ကလေးသည် ပခုံးထက်မှ ရင်ခွင်သို့ရောက်လာသည်နှင့် တစ်ပြိုင်နက် အနှောင့်အယှက်တစ်ခုသည် ရုတ်တရက် ပေါ်ပေါက်လာ၏။ ထိုအနှောင့်အယှက်မှာ ဇနီးသည် အိမ်ရှင်မ၏ မျက်နှာကလေးကို ကွက်ခနဲမြင်လိုက်မိခြင်း ဖြစ်ပေသည်။

မိမိတို့လင်မယားနှစ်ဦးပေါင်းတွင်မှ ဤခြုံထည်ကလေး တစ်ထည်သာရှိသည်။ အိမ်တွင်းမှ အိမ်ပြင်သို့ ထွက်စရာရှိလျှင် ဤခြုံထည်ကလေးတစ်ထည်ကိုသာ အလှည့်နှင့်ခြုံ၍ ထွက်ကြရသည်။ ဤခြုံထည်ကလေး တစ်ထည်ဖြစ်အောင်မျှကို အချိန်ကြာမြင့်စွာ ခြိုးခြံစုဆောင်းပြီးမှ ဝယ်နိုင်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းအေးသော ယခုကဲ့သို့ ဆောင်းရာသီမျိုးဆိုလျှင် အိပ်ရာ၌ ခြုံထည်ကလေး တစ်ထည်ကိုသာ ပုံးတွဲခြုံကြရ၏။ ဤခြုံထည်ကလေးကို ငုံခဲ့ရ၍ပင် တရားနာလာဖို့ နောက်ကျခဲ့ရသေးသည်။ လာခါနီး၌ပင် အိမ်ရှင်မက နက်ဖြန် အလုပ်သွားရမည်ကို အကြောင်းပြကာ စောစောပြန်လာဖို့ မှာလိုက်ရာပေသေး၏။ ထိုသို့မှာခြင်းမှာ လင်သား စိတ်မညစ်ညူးစေလိုသော ဇနီးကောင်းတို့၏ ဝတ္တရားအတိုင်း စကား ပရိယာယ်ဆင်၍ ပြောခြင်းမျှဖြစ်၍၊ စင်စစ်အားဖြင့် ညဥ့်နက်လေ အအေးဓာတ် ပိုလေဖြစ်သဖြင့် တရားနာမှ အပြန်နောက်ကျလျှင် အေးနေမည်စိုးသောကြောင့် ခြုံထည်ကလေးကို မျှော်ကိုးချက်ဖြင့် စောစောပြန်ရန်မှာကြားခြင်းဖြစ်သည်ကို နားလည်သည်။

သို့ဖြစ်၍ ဤခြုံထည်ကလေးသည် ငါတစ်ဦးတည်းပိုင် မဟုတ်။ လင်မယား နှစ်ဦးပိုင် ဖြစ်ပေသည်။ ဘုရားရှင်အပေါ်၌ သဒ္ဓါထက်သန်သော်လည်း ဤခြုံထည် ကလေးကို သင်္ကန်းအဖြစ် လှူလိုက်လျှင် သူတစ်ပါးပစ္စည်းကို လှူ၍လှူရာရောက်ချေ မည်လော။

ခြုံထည်ကလေးကိုကိုင်ထားသောလက်သည် တဖြည်းဖြည်း ပခုံးပေါ်သို့ ပြန်ရောက်သွားသည်။ ဆန္ဒ၏ ကြည်လင်လျက်ရှိသော သဒ္ဓါစိတ်သည် ဆင်းရဲမှု ကြောင့်လည်းကောင်း၊ မယားကြောင့်လည်းကောင်း ရှုပ်ပွေသွားရ၏။ သို့ရာတွင် ဘုရားရှင်အပေါ်၌ ထက်သန်လှသော သဒ္ဓါစိတ်သည်သာ လွှမ်းမိုးစိုးကဲလျက် ရှိနေသေးသည်။

ထိုအခိုက် ပရိသတ် လှုပ်လှုပ်ရွရွဖြစ်သွားသည်ကို တွေ့ရ၍ ဆန္ဒ အတွေး ရပ်သွားသည်။ ပရိသတ်သည် တီးတိုးပြောသံများနှင့်အတူ နောက်သို့လှည့်ကြည့် သည်ကို တွေ့ရ၏။ ဆန္ဒသည် ပရိသတ်ရှိရာသို့ လှည့်ကြည့်လိုက်သောအခါ ပသေနဒီကောသလဘုရင် တရားပွဲသို့ ကြွရောက်လာသည်ကို တွေ့ရလေ၏။

ဘုရင်သည် ညစဉ်ပင် တရားပွဲသို့ ရောက်လာသည်ဟု ဆိုသည်။ ဘုရားရှင်နှင့် ဘုရင်သည် အလွန်ချစ်ကျွမ်းဝင်ကြသည်။ ဘုရင်သည် ဘုရားမဖြစ်မီကပင် သတင်း စကားဖြင့် ဘုရားရှင်အား ကြည်ညိုခဲ့သူဖြစ်သည်။ ဘုရားမဖြစ်မီကပင် ဘုရားဖြစ် သည့်အခါ သာဝတ္ထိသို့ ရှေးဦးစွာ ကြွရောက်တော်မူရန် ကြိုတင်ပင့်လျှောက်ခဲ့သူ ဖြစ်သည်။

ဘုရင်သည် ဘုရားရှင်ကို အလွန်ဂရုစိုက်သည်။ ညဦးပိုင်း တရားပွဲများသို့

www.burmeseclassic.com



မှန်မှန်ရောက်ရုံမကဘဲ ရုံဖန် နေ့လယ်များ၌ပင် ဇေတဝန်သို့ ရောက်လာတတ်သည်။ ဘုရင်သည် ဘုရားရှင်ကို အလွန်လည်း အားကိုးတော်မူသည်။ နန်းတော်၌ ပြဿနာတစ်ရပ်ရပ် ပေါ်လာလျှင် သူ့မှူးကြီးမတ်ရာ သေနာပတိများကို ကျောခိုင်း၍ ဘုရားရှင်ထံတော်သို့သာ အပြေးအလွှားရောက်လာတတ်သူ ဖြစ်သည်။

ယနေ့လည်း စောစောကပင် တရားပွဲသို့ ဘုရင်ရောက်နေပြီဟု ဆန္ဒ ထင်ခဲ့၏။ ယခုမှ သူ့အထင်မှားကြောင်း သိရသည်။ ဘုရင်သည် ယနေ့ တရားပွဲသို့ အရောက် နောက်ကျ၏။

သို့ရာတွင် ဘုရင်ကို ဖူးတွေ့ရသည်မှာ တရားပွဲသို့လာသည်နှင့် မတူလှပေ။ အကြောင်းကား–ဘုရင်သည် ဘုရားကျောင်းကန်နှင့် မဆီလျော်လှသော စစ်ဝတ်တန်ဆာ ချပ်မိန်ညိုတို့ကို ဝတ်ဆင်ထားသောကြောင့် ဖြစ်၏။ ဘုရင့်နောက်ပါ မှူးကြီးမတ်ရာ အခြံအရံများသည်လည်း စစ်ဝတ်တန်ဆာတို့နှင့်ပင်ဖြစ်၏။ အကြောင်း ဘယ်သို့ရှိသနည်း။

ထိုအကြောင်းသည် ပရိသတ်သတင်းကြောင့် ရှင်းသွား၏။ သာဝတ္ထိ၏ တောလက်အစွန်အဖျားတစ်နေရာတွင် အတန်အင်အားကြီးသော ခိုးသားသူပုန်တို့ ထကြွရာ ဘုရင်ကိုယ်တိုင်ထွက်၍ နှိမ်နင်းရသည်။ ထိုကိစ္စမှအပြန်တွင် ဘုရင်သည် နန်းတော်သို့မပြန်တော့ဘဲ တရားပွဲသို့ ဦးတိုက်ဝင်လာခဲ့သည်။ ဘုရင်သည် ခိုးသားသူပုန်တို့ကို ကောင်းစွာနှိမ်နင်း အောင်မြင်ခဲ့သည်မှာ သေချာ၏။ ဘုရင်နှင့် မှူးမတ်၊ ဗိုလ်ချုပ် ဗိုလ်မှူးတို့၏ အသွင်သည် ကြည်ရွှင်လန်းဆန်းလျက်ပင် ရှိကြ၏။

ဘုရင်သည် မဏ္ဍပ်အလယ်လမ်းမမှ လက်အုပ်ချီ၍ ပရိသတ်ထဲသို့ ဝင်၏။ ဘုရားရှင်၏ တရားပလ္လင်အနီး ဘုရင်အတွက် ခင်းထားအပ်သောနေရာသို့ ရောက်သောအခါ ပျပ်ဝပ်စွာထိုင်သည်။ ဘုရားရှင်၏ တရားသံသည် ဘုရင်ရောက်လာမှုကြောင့် အနည်းငယ်တန့်သယောင် ရှိသွားပြီးနောက် ဆက်လက်၍ ဟောသည်။ ဆန္ဒသည်လည်း သူ၏အတွေးကို ဆက်၍တွေးသည်။

ဘုရင် စသော လူများစွာတို့သည် အဖိုးများစွာထိုက်တန်သော ကျောင်း၊ သင်္ကန်း၊ ဆွမ်း စသည့်ပစ္စည်းများကို ဘုရားရှင်အား စွန့်လွှတ်လှူဒါန်းကြသည်။ မိမိမှာမူ ဘာမဟုတ်သော ခြုံထည်ကလေးမျှကိုပင် မယားကိုငဲ့၍ တွန့်တိုနေမိသည်။ ရှက်ဖွယ်ပင်ဖြစ်၏။ အဘယ်ကြောင့် မလှူနိုင်ရမည်နည်း။ လှူမည်။

ခြုံထည်ကလေးသည် ပခုံးမှ ရင်ခွင်သို့ ဖျတ်ခနဲရောက်ပြန်၏။ ပေးလှူတော့

www.burmeseclassic.com

www.burmeseclassic.com



အံ့ဟု ခြုံထည်ကလေးကို မြှောက်ယူလိုက်စဉ်မှာပင် အတွေးတစ်ခု ဝင်ရောက်လာပြန်သည်။

မိမိတို့မှာ တစ်နေ့လုပ်မှ တစ်နေ့စားရသူများ ဖြစ်ကြသည်။ အိမ်ရှင်မသည် နားရသည်မရှိ။ အငှား ဆန်ဖွပ်ရ၏။ အငှား အဝတ်လျှော်ရ၏။ မိမိသည် ထင်းခွဲ၊ မြက်ရိတ်၊ ကူလီထမ်း စသော ရရာအလုပ်ကို နားရက်ပင်မရှိ နေ့စဉ်လုပ်ရသည်။

သို့ပါလျက် နှစ်ယောက်ပေါင်း၍ရသော အခကြေးငွေမှာ စားရရုံထက် ပိုလှသည် မရှိခဲ့။ စားဖို့သာရ၍ ဝတ်ဖို့မရ။ စားရသည်ဆိုသမင့်လည်း ဖွယ်ဖွယ်ရာရာ မဟုတ်။ မသေထမင်း မသေဟင်းမျှဖြစ်သည်။

သို့ရာတွင် ခြုံထည်ကလေးတစ်ထည်မျှမရှိလျှင် မဖြစ်နိုင်သောကြောင့် ထိုမသေထမင်း မသေဟင်းဖိုးကလေးများမှ ရက်ရှည်လများ ဖဲ့၍ ခြိုးခြံ၍ စုဆောင်းခဲ့ရသည်။ ဤတစ်ထည်မရှိလျှင် နောက်တစ်ထည်ဖြစ်အောင် ပျိုးထောင်ဖို့ရန်မှာ မလွယ်။ ဤမျှရက်ရှည်လများ ကြိုးပမ်းခဲ့ရသော ဤခြုံထည်ကို ယခု တစ်ထိုင်တည်း တစ်မုဟုတ်အတွင်း၌ စွန့်လွှတ်ပစ်ဖို့ရန်မှာ သင့်နိုးပါအံ့လော။

ခြုံထည်ကလေးသည် လက်မှ ပခုံးပေါ်သို့ ရောက်သွားပြန်၏။ သို့ရာတွင် ဘုရားရှင်ကို ကြည်ညိုစိတ်မှာမူ တစိမ့်စိမ့် ကြီးမားလျက်ပင်ရှိသည်။

ဆန္ဒသည် ကြည်ညိုစိတ်ကြောင့် ခြုံထည်ကလေးကို ပေးလှူလိုစိတ် ပေါ်လာသည့်အချိန်မှစ၍ တရားကိုပင် ကောင်းစွာမနာကြားနိုင်၊ ကြည်ညိုစိတ်နှင့် တွန့်တိုစိတ်တို့သည် ဆန္ဒ၏ရင်တွင်း၌ သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ပွဲကြီးဆင်နွှဲလျက်ရှိကြသည်။ ပဋိပက္ခစိတ်၏ အစွမ်းကြောင့် ဆောင်းလေချိုကလေး တသွေးသွေးဖြင့် အေးသယောင်ယောင် ရှိစေကာမူ ချွေးပေါက်ကလေးများပင် စို့လျက်ရှိရ၏။

သို့ဖြင့် ညဉ့်နက်ပိုင်းသို့ ရောက်လာ၏။ တရားပွဲသည် ပြီးတော့အံ့ထင်သည်။ ဆန္ဒ၏ ရင်တွင်းတိုက်ပွဲမှာကား အပြီးမသတ်သေးပေ။ အကယ်၍ တရားပွဲပြီးသွားခဲ့လျှင် ဆန္ဒ၏ ရင်တွင်းတိုက်ပွဲသည် မပြီးပြတ်ဘဲ တန်းလန်းကြီး ကျန်နေရစ်ဖို့ရှိသည်။ ထို့ကြောင့် ဆန္ဒသည် ဦးညွှတ်ခွေ၍ တွေဝေစဉ်းစားနေခဲ့ရာမှ အားတင်းသည့်သဘောဖြင့် ရင်ကို အနည်းငယ် မတ်လိုက်၏။

ငါသည် ဆင်းရဲ၏။ အစွမ်းကုန် ဝီရိယထုတ်ပါလျက် ဆင်းရဲလျက်ပင်ရှိရသည်။ အလှူဒါန နည်းခဲ့ယောင်တကား။

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲခြင်းသည် တွန့်တိုရခြင်း၏ တရားခံဖြစ်၏။ မရှိ၍ မလှူ၊ မလှူ၍ မရှိဟူသော စကားသည် မှန်ပေမည်။ ကောင်းပြီ...မည်သည့်အကြောင်း၊ မည်သည့်အရာ၊ မည်သူ့ကိုမျှမငဲ့၊ စဉ်းစားမနေ၊ ဆင်ခြေမဝင်၊ လွတ်လွတ်ကျွတ်ကျွတ်ပင် ပေးလှူတော့မည်။

ဆန္ဒသည် တစ်ဟုန်တည်းသော အားထုတ်မှု၊ ကြည်ညိုမှုအရှိန်ဖြင့် တစ်ချက်တည်း ဆုံးဖြတ်၍ တစ်ပြိုင်တည်းပင် ခြုံထည်ကို ကိုင်မြှောက်ကာ 'ဘုရားရှင်အား သက်န်းအဖြစ် ပေးလှူပါ၏ အရှင်ဘုရား'ဟု ဆိုပြီးလျှင် ခြုံထည်ကို ရှေ့တွင်ချထားလိုက်သည်။

တစ်ညလုံးတိုက်ခဲ့ရသော ကြည်ညိုစိတ်နှင့် တွန့်တိုစိတ်တို့ စစ်ပွဲတွင် ကြည်ညိုစိတ်က အောင်နိုင်သောအလှူဒါန ပြီးမြောက်သွားသောကြောင့် ဆန္ဒ၏ စိတ်ရောကိုယ်ပါ အထူးပေါ့ပါးသွားသည်။ ပေါ့ပါးခြင်းမှာ သာမန်မျှမဟုတ်၊ ဆန္ဒအဖို့ လောကအလုံးသည် ဟင်းလင်းပွင့်သွားသယောင် ထင်လိုက်ရသည်။ ဆန္ဒ၏ ခန္ဓာကိုယ်တစ်ခုလုံးသည် လေဟုန်စီး၍ အာကာပြင်တွင် လူးလာပျံသန်းနေရသယောင် ထင်၏။

သူသည် ပေါ့ပါးသောစိတ်၊ ရွှင်လန်းသောစိတ်၊ တက်ကြွသော စိတ်အဟုန်ကြောင့် ဘာကိုမျှ သတိမရ။ ပရိသတ်ကိုလည်း သတိမရ။ ဘုရင်ကိုလည်း သတိမရ။ ဘုရားရှင်ကို ကြည်ညိုခြင်းနှင့် မိမိ၏အလှူ အောင်မြင်ခြင်းမျှကိုသာ သတိရသည်။

တက်ကြွရွှင်လန်းသောစိတ်သည် တက်ကြွရွှင်လန်းသောအသံကို ဖြစ်ပေါ်စေတတ်သည် မဟုတ်ပါလော။ ထို့ကြောင့် ဘုရားရှင်မှတစ်ပါး လောကအလုံးကို မေ့လောက်အောင် ပေါ့ပါးတက်ကြွလျက်ရှိသော ဆန္ဒ၏နှုတ်မှ အသံတစ်ခုသည် ရုတ်တရက် ထွက်ပေါ်လာသည်။

**"အောင်ပြီ...အောင်ပြီ..."**

## [ ၄ ]

ယင်းသို့ သူရူးပမာ ဆန္ဒ၏အော်ဟစ်လိုက်သောအသံကြောင့် ပရိသတ်အဖို့ လန့်၍သွားကာ ဆန္ဒဆီသို့ လှည့်၍ကြည့်ကြရင်း ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ သို့ရာတွင် တရားတော်ကိုကား အနှောင့်အယှက်ဖြစ်စေသည်ဟု မဆိုနိုင်။ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သော်ကား ထိုအခိုက်တွင်ပင် ဘုရားရှင်၏ တရားဟောမှုသည် ပြီးဆုံးသောကြောင့် ဖြစ်၏။

သို့ရာတွင် ဆန္ဒသည် ငြိမ်သက်သော တရားနာပရိသတ်ကို နှောင့်ယှက်သူ ဖြစ်၏။ တည့်တည့်ဆိုရလျှင် ဘုရင်မင်းမြတ်ကို တိုက်ရိုက်အနှောင့်အယှက်ပေးသူ ဖြစ်သည်။ အကြောင်းကား ဘုရင်သည် သူပုန်အောင်မြင်ရေးအတွက် ယနေ့ ကြိုးပမ်းလာခဲ့ရသူဖြစ်သည်။ ဘုရင်သည် သူပုန်ကို အောင်နိုင်သူဖြစ်၏။ ဤ သူဆင်းရဲသည် အဘယ်အရာကို အောင်နိုင်သနည်း။ ဘုရင့်ကို ပြက်ရယ်သမှု ပြုသလော။ သူပုန်ဘက်သားတစ်ယောက်လော။

ဘုရင်သည် ဆန္ဒအား ခေါ်ဆောင်၍ ရှေ့တော်သို့သွင်းစေလိုက်သည်။ ရိုးရိုး အချိန်ဆိုလျှင် ဆန္ဒအဖို့ သက်သာလှမည်မဟုတ်ဟု တွေးရသည်။ ယခုသော် မဟာကရုဏာအရှင် ဘုရားရှင်၏ ရှေ့တော်မှောက်တွင်ဖြစ်၍ အပြုအမူအားလုံးမှာ ညင်သာသိမ်မွေ့၏။

ဘုရင်သည် ထူးခြားသောသူတစ်ယောက်ဟု ထင်လိုက်သော ဆန္ဒကို မိမိရှေ့သို့ ရောက်လာသောအခါ စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ လုပ်သားပြည်သူ ဆင်းရဲ သား တစ်ယောက်မျှသာတည်း။

သို့ရာတွင် ဆန္ဒ၏ အမူအရာသည် ရွှင်လန်း၏။ ရဲရင့်၏။ ဘုရင်အား မရိုမသေ မထီမဲ့မြင်လည်း မပြု၊ ကြောက်ရွံ့ပုံလည်းမပေါ်၊ ဆန္ဒ၏ သဒ္ဓါစိတ်နှင့် အောင်နိုင်စိတ်သည် ဆန္ဒအား ပင့်မြှောက်ထားသည်။ ဆန္ဒသည် ဘုရင့်ရှေ့သို့ ရောက်သောအခါ ယူလာခဲ့သော ခြုံထည်ကလေးကို ဘုရားရှင်၏ ခြေတော်ရင်း သို့ချ၍ ဘုရားရှင်ကို ရှိခိုးပြီး ဘုရင်အား ဝပ်တွား၍နေသည်။

ဘုရင်သည် အသံခပ်မာမာဖြင့် ဆန္ဒကို တူရူကြည့်၍ အမိန့်ရှိ၏။

"အောင်ပြီ၊ အောင်ပြီဟူသော သင့်အော်သံကို ငါကြားရသည်။ ယခုအချိန်သည် အောင်ပြီဟု အော်ဖွယ်အကြောင်း တစ်စုံတစ်ရာမရှိ။ သင် အဘယ်အကြောင်းကြောင့် အောင်ပြီဟု အော်သနည်း။ သင် ဘယ်အရာကို အောင်သနည်း။ ပရိသတ်ကို နှောင့်ယှက်သလော။ ငါ့အား မထီမဲ့မြင်ပြုသလော"

"အရှင်မင်းကြီး...ကျွန်တော်သည် ပရိသတ်ကို နှောင့်ယှက်လိုစိတ်မရှိပါ။ အရှင်မင်းကြီးအားလည်း မထီမဲ့ မပြုဝံ့ပါ။ အမှန်ဆိုသော် ကျွန်တော်သည် အောင် နိုင်သူဖြစ်၍ ဝမ်းမြောက်လှသဖြင့် အောင်ပြီဟု စိတ်နောက် အသံပါ အော်လိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ အောင်နိုင်ခြင်းကား ကျွန်တော်၏ တွန့်တိုစိတ်ကို ကျွန်တော်၏ သဒ္ဓါစိတ်က အောင်နိုင်ခြင်းပါတည်း"

ဘုရင်သည် ဆန္ဒကဲ့သို့သော သာမန်လူတစ်ယောက်ထံမှ မမျှော်လင့်သော ခမ်းနားကြီးကျယ်လှသည့်စကားကို နားစိုက်၍ဆင်၏။ ဆန္ဒ ဆက်လျှောက်သည်။

"အရှင်မင်းကြီး...ကျွန်တော်သည် ယနေ့ညနေ ဘုရားရှင်ကို ဖူးတွေ့ဖူး၍ ဘုရားရှင်၏တရားကို နာရဖူးပါသည်။ ဘုရားရှင်ကို ဖူးတွေ့ရသည့်အချိန်မှ စ၍ ကြည်ညိုစိတ်ထက်သန်ကာ လှူဒါန်းလိုစိတ်ပေါ်၍ ကျွန်တော့်တွင်ရှိသော ဤခြုံ ထည်ကလေးကို စွန့်လှူရန် အကြံပေါ်ပါသည်။ သို့ရာတွင် ကျွန်တော်တို့မှာ ဆင်းရဲလှ၍ တစ်ထည်တည်းသာရှိသော ဤခြုံထည်ကို စွန့်လှူဖို့ရာ၌ တွန့်တိုစိတ် ဖြစ်ပေါ်ခဲ့မိပါသည်။ ယင်းသို့လျှင် သဒ္ဓါစိတ်နှင့် တွန့်တိုစိတ်တို့သည် ကျွန်တော့် တွင် တစ်လှည့်စီပေါ်၍ တိုက်ခိုက်ခဲ့ကြသဖြင့် ဘုရားရှင်၏ တရားတော်ကိုပင် ဖြောင့်စွာ မနာကြားနိုင်ခဲ့ပါ။ နောက်ဆုံး သဒ္ဓါစိတ်က နိုင်သဖြင့် ဝမ်းမြောက်စွာ အောင်ပြီဟု အော်လိုက်မိခြင်း ဖြစ်ပါသည်"

ဘုရင်သည် ဆန္ဒ၏ အကြောင်းသင့်သော လျှောက်ထားချက်ကို ကြားရသော အခါ နှစ်သိမ့်လှသဖြင့် ဆန္ဒအပေါ်တွင် အမျက်ထွက်ခဲ့သယောင်ရှိသော အမူအရာ မှ ကျေနပ်နှစ်သိမ့်သော အမူအရာသို့ ပြောင်းသွားသည်။

ထိုခဏ၌ပင် "မြတ်သောမင်းကြီး"ဟု အာလုတ်ပြုလိုက်သော ဘုရားရှင်၏ မိန့်ခွန်းသံ ထွက်ပေါ်လာသဖြင့် ဘုရင်သည် ဘုရားရှင်သို့ ဦးညွှတ်လိုက်သည်။

"သင်မင်းကြီးအား ဆန္ဒဒါယကာ၏ လျှောက်တင်ချက်သည် မှန်သော လျှောက်တင်ချက်တည်း။ ဆန္ဒဒါယကာသည် မြတ်သောအောင်နိုင်သူဖြစ်၏။ အကြောင်းသော်ကား–ဤလောက၌ အောင်ခြင်းတကာတို့တွင် မိမိစိတ်ကို အောင် နိုင်ခြင်းသည်သာ မြတ်သောအောင်ခြင်း ဖြစ်သောကြောင့်တည်း။"

ဘုရားရှင်၏စကားတစ်ခွန်းသည် ဆန္ဒအဖို့ ရတနာသိုက်ကြီး ပွင့်သွားသည့် နယ် ဖြစ်စေသည်။ အကြောင်းမူကား–ဘုရင်သည် ဘုရားရှင်၏ စကားဆုံးသည် နှင့် တစ်ပြိုင်နက် ဆန္ဒအား ကြည်နူးနှစ်သိမ့်စွာ ကြည့်လျက် အမတ်တို့ကို ခေါ်၍ အမိန့်ပေးသည်။

"အမတ်တို့...ဘုရားရှင် ချီးကျူးရလောက်အောင် အရည်အချင်းရှိသော ဤသူအဖို့ ဆင်းရဲနေခြင်းငှာ မသင့်လျော်။ သို့ဖြစ်၍ ယခုပင် ငါ့ဘဏ္ဍာတော်

www.burmeseclassic.com



တိုက်မှ ရွှေ၊ ငွေ၊ ရတနာတို့ကိုယူ၍ ဘုရားရှင်ရှေ့မှောက်၌ပင် ချီးမြှောက်ရမည်။ အထူးသဖြင့် အဝတ်လှူခြင်းနှင့်ပတ်သက်၍ ဘုရားရှင် ချီးကျူးချက်ဖြစ်သောကြောင့် ဤသူအဖို့ ပိုးဖဲကတ္တီပါတို့ဖြင့်ပြီးသော အဝတ်တန်ဆာတို့ကို သုံး၍မကုန်နိုင်အောင် ပုံ၍ချီးမြှောက်ရမည်။ ယခုပင် ဆောင်ရွက်ကြကုန်လော့"

အမတ်တို့သည် ဘုရင့်အမိန့်ကို ဆောင်ရွက်ရန် နေရာမှ ဆောလျင်စွာ ထ၊ သွားကြကုန်သည်။ ဆန္ဒသည် ဘုရားရှင်၏ ခြေတော်ရင်းတွင် ကြီးစွာတုန်လှုပ်ခြင်းဖြင့် ဝပ်စင်းလိုက်၏။ ဘုရားရှင်အား ကြည်ညိုမှုကြောင့် မျက်လှည့်ကဲ့သို့ အကျိုးပေးလျင်မြန်ပုံ၊ ပြောင်းလဲချက် မြန်ဆန်လှပုံမှာ ဆန္ဒအဖို့ အဘယ်မှာလျှင် မတုန်လှုပ်ဘဲ ရှိနိုင်ပါအံ့နည်း။ ဘုရားရှင် ကျေးဇူးသည် ကြီးမားလှပါဘိ။

သဒ္ဓါကြီးမားသော ဆန္ဒသည် ဘုရားရှင်အား လှူချင်သမျှ လှူနိုင်ပေတော့မည်။ ထိုမျှသာမဟုတ်၊ နောက်တစ်နေ့မှစ၍ ဆန္ဒအဖို့ ဇေတဝန်သို့ ခန့်ထည် သားနားစွာ တရားနာ လာရောက်နိုင်ပေတော့မည်။ ။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# ကြာပန်းသခင်

[ ၁ ]

ဉယျာဉ်မှူးသည် မျက်နှာသစ်ရန် လေသာပြတင်းကို ဖွင့်လိုက်လာသောအခါ လင်းရောင်ဝိုးတဝါးတွင် ကြာကန်ရေစပ်သာသာ၌ ငွေလင်ပန်းတစ်ချပ်ကဲ့သို့ ဖွေးဖွေးဝိုင်းဝိုင်းသဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသောကြောင့် အံ့အားသင့်သွား၏။ နဖူးတွင် လက်ဖြင့်ကာပြီးလျှင် မျက်စိကို စုံမှုန်၍ကြည့်၏။ ဦးခေါင်းကို ဘယ်,ညာ စောင်းငဲ့၍ ကြည့်၏။

ကြာကန်အလယ်တွင် ငွေလင်ပန်းတစ်ချပ် ကျနေသလားဟု စဉ်းစား၏။ ကျရန်အကြောင်းကလည်း မရှိ။ ကြာကန်တွင်းဖြစ်သောကြောင့် ကြာပွင့်ကြီးများ ဖြစ်လေမလားဟုလည်း စဉ်းစား၏။ ကြာပွင့်ဖြစ်ရအောင်ကလည်း ဤမျှကြီးမား သော ကြာမျိုးဝေ့ မိမိဉယျာဉ်တွင်မရှိ။ ဤမျှကြီးမားသော ကြာမျိုးစေ့မျိုးရှိသည်ဟု လည်း မိမိဉယျာဉ်တွင်မရှိ။ ဤမျှ ကြီးမားသော ကြာမျိုးစေ့မျိုး ရှိသည်ဟုလည်း မိမိဉယျာဉ်မှူးတစ်သက်တွင် မကြားခဲ့စဖူး။ ကြာပန်းမဟုတ်ခဲ့လျှင် ကြာကန်အလယ် ၌ ဤမျှ ဖြူဖြူဖွေးဖွေး ဝိုင်းဝိုင်းသဏ္ဌာန်သည် အဘယ်အရာပါနည်း။

ဉယျာဉ်မှူးသည် ကြာကန်ကို မနေ့က မိမိကိုယ်တိုင် ကြပ်မတ်ပြုပြင်နေခဲ့ သည်။ ဝါဆိုသို့မရောက်မီ စောစောပိုင်းကပင် ဉယျာဉ်မှူးသည် ကြာကန်ကို ရှုချင်စဖွယ်ရှိသည်ထက်ရှိအောင်၊ ကြာပန်းဝယ်လာသူတို့ လိုလေသေးမရှိရအောင် ဂရုတစိုက် ကြပ်မတ်ပြုပြင်လာခဲ့သည်။ မနေ့ကမှ ကြာပန်းဝယ်သူတို့ တစ်နေ့လုံး လိုလို အဆက်မပြတ်ရှိနေ၍ ဉယျာဉ်မှူးသည် ကြာကန်အနီးမှခွာရသည်မရှိခဲ့။ နှင်းဆီခြံနှင့် ဆတ်သွားဖူးခြံကို တပည့်ငယ်သားများနှင့်သာ လွှဲထားရသည်။ မနေ့က ဝါဆိုလပြည့်နေ့ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝါတော်ဦးရာသီတွင် လူတို့သည် ကြာကိုအာရုံစိုက်ကြ၏။ မိုးလအခါ၏ ရာသီဦးဖြစ်သောကြောင့် ကြာသည် ရှားပါးသေးသည်။ ရှားလျှင် တန်ဖိုးရှိသည်။ ရှား၍ တန်ဖိုးရှိသောအရာကို မျက်နှာကြီးတို့သည် အလုအယက် ဝယ်ယူကြမြဲဖြစ်သည်။

နှင်းဆီ၊ ပုန်းညက်၊ ဆတ်သွားဖူး စသည်တို့ကို ကြာ၏ အတွဲအဖက်အဖြစ်သာ သဘောထားကြသည်။ ဝါဆိုလပြည့်နှင့် လပြည့်ကျော်တစ်ရက်၊ ဝါတော်ဝင်နေ့တွင်မူ ကြာပန်းကို နှစ်သက်မှုရေချိန်သည် အမြင့်တက်ဆုံးဖြစ်၏။ တစ်မြို့လုံးတွင် ကြာရနံ့ လွှမ်းထုံ၏။ ကလေးများပင် ကြာပန်းကြာစွယ်တို့ဖြင့် ဆော့ကစားကြသည်။

ဘုရားရှင်ကျောင်းတော်သို့ သွားကြရာ၌ မျက်နှာကြီးများသည် ကြာပန်းကို ဂုဏ်ယူ၍ကိုင်ကြ၏။ ဥယျာဉ်မှူး၏ ပန်းဥယျာဉ်သည် ဘုရားရှင်ကျောင်းတော်သို့ အသွားလမ်းတွင် တည်ရှိလေရာ ကြာပန်းမပါခဲ့သူ၊ သို့မဟုတ် ပါလာသမျှပန်းဖြင့် မတင်းတိမ် အားမရသူတို့သည် ဥယျာဉ်မှူး၏ ပန်းဥယျာဉ်သို့ ဝင်ကြသည်။

ထို့ကြောင့် ဥယျာဉ်မှူးသည် မနေ့က တစ်နေ့လုံး နေထွက်မှ နေဝင်ထိ မအားလပ်ခဲ့။ ကြာကန်တွင် မိမိကိုယ်တိုင် ကြီးကြပ်၍ ရောင်းချသည်။

ကြာကန်ကို မိမိကိုယ်တိုင် မကြီးကြပ်၍ မဖြစ်။ နှင်းဆီဆိုလျှင် ပွင့်မှ၊ ဆတ်သွားဖူးဆိုလျှင် အဖူးအပွင့်အာ၍ မွှေးရနံ့ထွက်မှ အလိုရှိကြသော်လည်း ကြာကိုမူ ပွင့်မှသာမဟုတ်၊ အဖူးကိုလည်း အလိုရှိကြသော်လည်း ကြာကိုမူ ပွင့်မှသာမဟုတ်၊ အဖူးကိုလည်း မက်မော၏။ အဖူးကို အပွင့်ထက် မက်မောတတ်ကြသေး၏။ သို့ရာတွင် အဖူး၏အတိုင်းအရှည်ကို မသိတတ်ကြ။ ကြာကန်တွင် မြင်မြင်သမျှ ပွင့်လေသမျှ ဖူးလေသမျှကို သိမ်းကျုံး၍ ရယူလိုကြသည်။ ထို့ပြင် တင့်တယ်လှပသော ရေနှင့်ကြာကို တွဲဖက်၍တွေ့လျှင် လုလင်ပျို လုံမပျိုတို့က မြူးထူးကြည်ရွှင်လိုကြသည်လည်း ရှိသေး၏။ ထို့ကြောင့် ဥယျာဉ်မှူးသည် မိမိကြာကန်၏ အလှမပျက်ရလေအောင် လိုအပ်သော မလိုအပ်သော ကြာဖူးကြာငုံများကို ခွဲခြားပေးရန် ကြာကန်ကို ကိုယ်တိုင်ကြပ်မတ်ခဲ့ရသည်။

ထို့ကြောင့် မနေ့ကတစ်နေ့လုံး ပင်ပန်းခဲ့ရသော ဥယျာဉ်မှူးသည် ညဉ့်ပိုင်းတွင် စောစောအိပ်ရာဝင်သည်။ နက်ဖြန်သည် ဝါတော်ဝင်နေ့ဖြစ်သောကြောင့် ဝါဆိုပန်း အလိုရှိ၍ လာရောက်ကြမည့်သူများအတွက် ပို၍ ပင်ပန်းရဖို့ရှိသည်။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နည်းနှင့်မဆို နေ့လယ်ပိုင်း၊ နေ့လယ်သာသာပိုင်း၌ မိမိပန်းဥယျာဉ်တွင် ရနိုင်သမျှသော ပန်းများသည် ကုန်ခန်းသွားကြမည်ဖြစ်ပေရာ ထိုအချိန်တွင် ဥယျာဉ်မှူးသည် ဘုရားရှင်ကျောင်းတော်သို့ ဝါဆိုပန်းကပ်သွားရန် ရည်မှန်းထားသည်။

ယနေ့နံနက်စောစော အိပ်ရာမှနိုးသောအခါ ကြာကန်အလယ်၌ ထူးဆန်းသော ကြာဖြူပွင့်ကြီးလိုလိုသဏ္ဌာန်ကို တွေ့ရသောကြောင့် ဥယျာဉ်မှူးသည် မျက်နှာကို ဆောတလျင်သစ်ပြီးလျှင် ကိုင်နေကျ ပန်းဖြတ်ကတ်ကြေးကိုယူ၍ ကြာကန်ဆီသို့ ဆင်းခဲ့သည်။

ကြာကန်တွင် ကန့်သတ်ထားသော "ဝါဆိုလပြည့်" ကြိုးတန်းကို လွန်သောအခါ "ဝါတော်ဝင်"ဘက်သို့ ရောက်၏။

စောစောကပင် ပြုပြင်ခဲ့သောကြောင့် ကြာပန်းကြာငုံတို့ဖြင့် ပြည့်လျက်ရှိသော ကြာကန်တစ်ခုလုံးကို ဝါဆိုလပြည့်နေ့ တစ်နေ့တည်းဖြင့် ဖွင့်ပေး၍မဖြစ်။ ကြာကန်တစ်ခုလုံးကို ဖွင့်ပေးလိုက်လျှင် ကြာကန်တစ်ခုလုံးကို အလုအယက် ဝယ်ယူကြပေလိမ့်မည်။ ဝါတော်ဝင်နေ့တွင်လည်း ထိုသူများပင် ကြာပန်းလိုချင်ကြဦးမည်ဖြစ်ရာ ကြာကန်တစ်ခုလုံး သင့်ရာမှ ကြိုးဖြင့်ပိုင်းထား၍ တစ်ဖက်တွင် "ဝါဆိုလပြည့်" ဟု လည်းကောင်း၊ အခြားတစ်ဖက်တွင် "ဝါတော်ဝင်"ဟုလည်းကောင်း ကမ္ပည်းသတ်မှတ်ပေးခဲ့ရ၏။ ဝါဆိုလပြည့်ဘက်တွင် မနေ့ကတစ်နေ့လုံး ခူးဖြတ်ရောင်းချခဲ့သောကြောင့် မျိုးအတွက် ကြွင်းကျန်သော ကြာဖူးအငုံအချို့သာ ရှိတော့သည်။

လင်းရောင်မှုန်တရီကြောင့် ခပ်လှမ်းလှမ်းမှ မကွဲပြားခဲ့သော်လည်း နီးလာလေ ကွဲပြားလာလေဖြစ်၏။ ဥယျာဉ်မှူးအဖို့ ကွဲပြားလာလေလေ၊ အံ့အားသင့်လာလေလေ ဖြစ်၏။ ကြာဖြူပွင့်ကြီးမှ တကယ့်ကြာဖြူပွင့်ကြီး အစစ်အမှန်ပေတည်း။

ကြာဖြူပွင့်ကြီးမှန်း သိရသောအခါ ဥယျာဉ်မှူးသည် အံ့သြလှ၍လည်းကောင်း၊ ဝမ်းမြောက်လှ၍လည်းကောင်း တုန်လှုပ်စွာဖြင့် ထူးခြားမှုကိုပြရန် အိမ်သူအိမ်သားများနှင့် ဥယျာဉ်လုပ်သား တပည့်တပန်းများကို လှမ်းနှိုး၍ ခေါ်လိုက်သည်။ ထို့နောက် ဥယျာဉ်မှူးသည် အနီးသို့ မိမိရောက်လျှင် ကြာဖြူပွင့်ကြီး ပျောက်၍များ သွားလေမည်လားဟု ရေစပ်သို့ ဖြည်းညင်းစွာဆင်း၏။

ကြာပွင့်ကြီးအနားသို့ရောက်လေ အဖြူရောင်မှာ ထင်ရှားလေဖြစ်၏။ ထမင်းစား ငွေလင်ပန်းငယ်တစ်ချပ်စာမျှ ကြီးမားသည်။ ကြာကန်တွင်းရှိ မည်သည့် ကြာပန်းနှင့် အသွင်အပြင်မတူ။ ဥယျာဉ်မှူးသည် ကြာဖြူပွင့်ကြီးကို ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်မယူရက်သေးဘဲ ကြာပွင့်ကြီးအနီးတွင်ရပ်၍ တွေတွေစူးစူး ကြည့်သည်။

ဤလောက၌ နှစ်ကြိမ် သုံးကြိမ်ထပ်၍ အကြည့်ခံသောအရာသည် ရှားပါး၏။ ပန်း၏သဘာဝမှာ အကြိမ်ကြိမ် အထပ်ထပ် အကြည့်ခံခြင်းဖြစ်သည်။ ဉယျာဉ်မှူးသည် ကြာဖြူပန်းကြီးကို အကြိမ်ကြိမ် အထပ်ထပ်ကြည့်၍လည်း အားမရနိုင်၊ စူးစူးစိုက်စိုက်ကြည့်နေဆဲမှာပင် ကြည့်လိုသောဆန္ဒသည် ဆင့်ကဲဆင့်ကဲ တိုးတက် ထက်သန်လျက်ရှိသည်။

ဤကြာပွင့်ကြီးမျိုး မတွေ့ခဲ့ရဖူးသော်လည်း မိမိကြာကန်၌ ကြာပန်းမျိုးစုံလှ၏။ ကြာနီဆိုသော်လည်း အနီသာကဲ၍ အညိုရောင်ကလေးစွက်ဖက်စမြဲဖြစ်သည်။ ကြာညိုဆိုရာ၌လည်း အနီရောင်တွဲဖက်မြဲဖြစ်သည်။ ကြာဖြူဟု သတ်မှတ်ရာ၌လည်း ပန်းရောင်နှင့် မှိုင်းပျပျအရောင်ကလေးများ ရောစွက်မြဲဖြစ်သည်။ ယခု ကြာဖြူပွင့်ကြီးကတော့မူ လွတ်လွတ်ကျွတ်ကျွတ်ဖြူ၏။ ဖွေးဖွေးလွှင်လွှင်ဖြူ၏။

မိမိသည် ဤကြာမျိုးကို မစိုက်။ ဤကြာမျိုးရှိသည်ဟုပင် မသိခဲ့ရဖူး။ သို့ရာတွင် နှစ်ပေါင်းများစွာ စိုက်ပျိုးပြုစုလာခဲ့သော ကြာကန်၌ ကြာမျိုးတို့ ထူးခြားစွာဆက်စပ်မိပြီး ဤကြာဖြူပန်းကြီး ဖြစ်ပေါ်လာဟန်တူသည်ဟု တွေးသည်။ သို့မဟုတ် မိမိသည် ယနေ့ ဘုရားရှင်ကျောင်းတော်သို့ သွားမည်ဟု စိတ်ညွတ်ထားရာ၌ ဘုရားရှင်၏ဘုန်းကံကြောင့် ဤကြာပန်းကြီး ဖြစ်ပေါ်လာလေသလားဟုလည်း တွေး၏။

[ ၂ ]

ဘုရားရှင်ဟု သတိရလိုက်သည်နှင့် တစ်ပြိုင်နက် ကြာဖြူပွင့်ကြီး၏ အလယ်တွင် ဘုရားရှင်၏သဏ္ဌာန်တော်သည် ဉယျာဉ်မှူး၏ စိတ်ကူးမျက်စိ၌ ထင်းခနဲပေါ်လာ၏။ ထိုအာရုံသည် ရုတ်တရက် ပျောက်၍မသွား။ ဘုရားရှင်ကိုယ်တော်တိုင်ကို ဖူးတွေ့ရဘိသို့ အာရုံထင်သည်။ ဉယျာဉ်မှူး၏ လက်နှစ်ဖက်သည် တဖြည်းဖြည်း ပင့်မြှောက်လာ၍ ကြာဖူးသဏ္ဌာန်လက်အုပ်ဖြင့် ဘုရားရှင်အသွင် ထင်လျက်ရှိသော ကြာပွင့်ကြီးကို ကန်တော့သည်။ ထို့နောက် မျက်စိနှစ်လုံးကို မှေးမှိတ်လိုက်ကာ ကိုယ်တော်တိုင်ရှိသော ကျောင်းတော်မှ ဘုရားရှင်သို့ အာရုံပြုလိုက်သည်။

ဉယျာဉ်မှူးသည် ဘုရားရှင်နှင့် ဖူးတွေ့ရဖူးသည့်အချိန်မှစ၍ ဘုရားရှင်၏

www.burmeseclassic.com

www.burmeseclassic.com



အဆင်းတော်၌ အာရုံလွှန်ကဲသူ ဖြစ်၏။

လူတို့သည် ပန်းကို မက်မောကြ၏။ ပန်းကို မနှစ်သက်သူဟူ၍ မတွေ့ခဲ့စဖူး။ လူ၏အလှသည် သန့်စင်ခဲသည်။ အလှဆုံးသော အမျိုးသမီးကလေးများတွင်သော်မှ အဖိုးတန်ကျောက်မှန်လျှင် အပြစ်အနာမကင်းတတ်သကဲ့သို့ လွတ်လွတ် ကျွတ်ကျွတ် လှခဲသည်။

ပန်းဟူသည်ကား ကိုယ့်အသွင်နှင့်ကိုယ် လွတ်လွတ်ကျွတ်ကျွတ် လှစမြဲဖြစ်သည်။ ထို့ကြောင့် လောကတွင် ပန်းသည်သာ အလှဆုံးဟု ဥယျာဉ်မှူး ယူဆခဲ့၏။ ပန်းပေါင်းစုံကို နေ့စဉ်ပြုပြင် ထိတွေ့နေရသော ဥယျာဉ်မှူးအဖို့ အလှတကာတို့နှင့် နေ့စဉ် ထိတွေ့နေရသူဖြစ်၏။

သို့ရာတွင် ဘုရားရှင်နှင့် စတင်တွေ့ရှိသည်နှင့်တစ်ပြိုင်နက် ဥယျာဉ်မှူး အံ့ဩသည်။ ဘုရားရှင်၏ အဆင်းတော်တွင် ဥယျာဉ်မှူး၏ ပီတိသည် နစ်၏။ ထို့နောက် "ပန်းတကာတို့၏ အရှင်သခင်၊ အလှတကာတို့၏ဘုရင်"ဟု ဘုရားရှင်အား ဖွင့်ဟကြေညာမိသည်အထိ ဖြစ်၏။ ယခု အလှလွှန်ကဲသော ကြာဖြူပွင့်ကို ထူးခြားစွာတွေ့ရလေသောအခါ ပန်းတို့ဘုရင် ဘုရားရှင်နှင့် ချက်ချင်း အာရုံယှဉ်တွဲလိုက်မိ၏။ အဆင်သင့်လှပေသည်။ ဟုတ်လှပေပြီ။ ညနေစောင်း ဓမ္မဒေသနာတော် အချိန်တွင် ဘုရားအား ထူးခြားသော ဤကြာပန်းဖြင့် ဝင့်ကြွားစွာ ပူဇော်ရပေမည်ဟု ဥယျာဉ်မှူး အာရုံကပ်လိုက်၏။

နေထွက်ချိန်နီးပေပြီ။ နေထွက်သာသာတွင် ရောက်လာကြမည်ဖြစ်သော ပန်းဝယ်တို့၏ အနှောင့်အယှက်မှ ကင်းလွတ်စေရန် ဥယျာဉ်မှူးသည် ကြာဖြူပွင့်ကြီးကို အလောတော်နေရာမှ သတိဖြင့် ကိုက်ဖြတ်လိုက်၏။ ထို့နောက် တယုတယ ကိုင်ပြီးလျှင် အိမ်ပေါ်သို့ယူခဲ့ကာ ပန်းစိုက်အိုးတစ်လုံးတွင်ထည့်ထားရန် ရည်ရွယ်သည်။ သို့ရာတွင် ကြာဖြူပွင့်မှာ ကြီးမားသဖြင့် အရိုးနှင့် အပွင့် အင်အားမမျှသည်ကို သတိပြုမိသောအခါ အင်အားမျှဖို့ အခြားပန်းများဖြင့် အတွဲအဖက်လုပ်ပေးရန် လိုသေးကြောင်း သတိရ၏။

ကြာ၏အင်အားသည် ရေဖြစ်၏။ ကြာဖူး၊ ကြာပွင့် အဘယ်မျှ လှစေကာမူ အင်အားအနေဖြင့်မူ ရေပေါ်တွင်ရပ်တည်ရ၏။ ကြာရိုးသည် ကြာပွင့်ကိုမနိုင် ကြာဖူးကိုလည်းမနိုင်။ ရေပေါ်တွင် ရေ၏အင်အားဖြင့် ရပ်တည်ပေးရသည်။ ရေမှထုတ်သောအခါ ကြာကို တစ်ပွင့်ချင်းကိုင်လျှင် ပျက်စီးလွယ်သည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကြာကို အခြားပန်းများဖြင့် သို့မဟုတ် သူတို့အချင်းချင်း အတွဲအဖက်ပြု၍ ကိုင်တွယ်ရသည်။

ဥယျာဉ်မှူးသည် ကြာဖြူပွင့်ကြီးအား အတွဲအဖက်ပြုပေးရမည့် ပန်းရွေးရန်အတွက် ဥယျာဉ်သို့ပြန်၍ဆင်းခဲ့၏။

ရှေးဦးစွာ နှင်းဆီရုံသို့ ချဉ်းကပ်မိ၏။ များသောအားဖြင့် အရိုးမာသောနှင်းဆီကို ကြာ၏အတွဲအဖက်အဖြစ် အသုံးပြုကြသည်။ ပန်းအနေဖြင့် နှင်းဆီကလည်း လှရက်နိုင်ပါပေ၏။ အနံ့ကလည်း တသီးတခြားမွှေးသည်။ လှနိုင်ရက်၊ မွှေးနိုင်ရက်သောကြောင့်ပင် နှင်းဆီသည် ဆယ့်နှစ်ရာသီပတ်လုံး အများကြိုက်ပန်းအဖြစ် ထင်ရှားသည်။ အခြားပန်းများကို ရာသီနှင့် ဂရုစိုက်ကြသည်။ သူ့ကိုမူ ဆယ့်နှစ်ရာသီပတ်လုံး ဂရုတစိုက်ပြုပြင်ရသောကြောင့် နှင်းဆီပင်၊ နှင်းဆီခြုံကြီးများမှာ ဥယျာဉ်တွင် ကြွားကြွားရွားရွား ရှိလှသည်။

သို့ရာတွင် ဥယျာဉ်မှူးသည် ကားကားစွင့်စွင့်ပွင့်လျက်ရှိသော နှင်းဆီပန်းခိုင်ကြီးကို ခူးရန် ပန်းကိုင်းသို့ လက်တင်လိုက်သောအခါ အတွေးတစ်ခု ဝင်ရောက်လာသည်။

နှင်းဆီသည် လှပါ၏။ သို့ရာတွင် ကြာ၏အလှနှင့် ယှဉ်လိုက်သောအခါ လှပုံရဲရင့်လွန်းသည်။ နှင်းဆီအနီသည် လွင်၏။ လွင့်၏။ ထို့ကြောင့် နှင်းဆီ၏ အလှသည် မတည်ငြိမ်သောသဘောရှိသည်ဟု ဥယျာဉ်မှူး ယူဆသည်။

နှင်းဆီ၏ရနံ့သည်လည်း မွှေးပါ၏။ သို့ရာတွင် စူးစူးလွင်လွင်မွှေးသည်။ မငြိမ်သက်။ သို့ဖြစ်၍ တည်တည်သန့်သန့်လှသော၊ နုနုပြေပြေမွှေးသော ကြာပန်းနှင့် ယှဉ်တွဲလိုက်လျှင် ကြာပန်းကို လွှမ်းသွားဖို့ရှိသည်။ အကြောင်းကား လူတို့သည် တည်ငြိမ်နုပြေသော ကြာ၏အလှထက် လှုပ်ရှားမြူးကြွသော နှင်းဆီ၏အလှကို ပို၍မြင်တတ်သည်။

ထို့ကြောင့် ဥယျာဉ်မှူးသည် နှင်းဆီနှင့် တွဲဖက်ရန် စိတ်ကူးကို ပယ်ဖျက်ပြီး ကိုင်ထားသော နှင်းဆီကိုင်းမှ လက်ကိုရုပ်လိုက်သည်။။

နှင်းဆီမှလွန်သော ဆတ်သွားဖူးတန်းသို့ရောက်သဖြင့် ဆတ်သွားဖူးကိုလည်း ကြာနှင့်တွဲဖက်ရ ကောင်းအံ့လောဟု ရုတ်ခြည်းပင် အာရုံကပ်လိုက်မိသေးသည်။ သို့ရာတွင် ရုတ်ခြည်းပင် ထိုအာရုံကိုဖျက်ပြီး ဆတ်သွားဖူးတန်းကိုလွန်၍ လျှောက်ခဲ့သည်။ အကြောင်းသည်ကား ဆတ်သွားဖူး၏အလှသည် နေရာယူလွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖူးက အရွက်နှင့်တွဲ၍ ထိုးထိုးထောင်ထောင်နိုင်လှသည်။ ခွေးသွားစိတ်ကဲ့သို့ ဆူးကလေးများဖြင့်ရံကာ ထားလိုက်သေးသည်။

ဖူးငုံအတွင်းမှ ဆတ်သွားဖူးပန်း၏အလှသည် မဝံ့မရဲနှင့် လှသည်ဟု ဆိုနိုင်ရုံမျှဖြစ်သည်။ ဆတ်သွားဖူးသည် အလှထက် အနံ့က အလေးကဲသည်။ သူ့အနံ့သည် မွှေးသည်ဟု ဆိုရသော်လည်း စူးစူးရဲရဲနိုင်၏။ သူ့အနံ့သည် ကြာ၏ရနံ့ကို သိသိသာသာလွှမ်းမိုးပေမည်။ ထို့ကြောင့် ကြာပန်းသည် ငိုများငိုလေမည်လားဟုပင် ဥယျာဉ်မှူးထင်၏။ ထို့ကြောင့် ဥယျာဉ်မှူးသည် ဆတ်သွားဖူးတန်းကို ဆောတလျင် ကျော်ခိုင်းလိုက်၏။

ဆတ်သွားဖူးတန်းကို ကျော်ခိုင်းသည်နှင့် တစ်ပြိုင်နက် ဆင်စွယ်တန်းကို ဖျတ်ခနဲမြင်၏။ ဆင်စွယ်ပန်း၏အလှသည် တည်ငြိမ်ပါ၏။ သို့ရာတွင် သေးနုပ်လွန်းသည်။ ထို့ပြင် ကြာဖြူကို ဆင်စွယ်ပန်းအဖြူဖြင့် တွဲဖက်ပေးဖို့ရန်မှာ မလိုက်ဖက်လှ။ ထို့ကြောင့် ဆင်စွယ်ကိုလည်း အာလျဖြတ်လိုက်သည်။

ဤသို့ဖြင့် ဥယျာဉ်တွင်းရှိ ပန်းဟူသမျှကို ကြာနှင့်တွဲဖက်ပေးဖို့ရန် ဥယျာဉ်မှူး ဘဝင်မကျနိုင်။ နောက်ဆုံးတွင်မူ သန့်စင်သော ကြာဖူးကြာငုံတို့ဖြင့် တွဲဖက်ပေးခြင်းသည်သာ အလိုက်ဖက်ဆုံးဟု ဆုံးဖြတ်၍ ကြာကန်မှ အနီအညိုရောသော ကြာငုံငါးဖူးကို ခူးဖြတ်ခဲ့သည်။ ကြာဖြူပွင့်ကြီးတွင် ယင်းကြာငုံငါးဖူးဖြင့် ဝိုင်းရံပေါင်းစပ်လိုက်သောအခါ အိအိဖြူနုသော ပုလဲလုံးကြီးကို ရောင်စုံကျောက်တို့ဖြင့် ဖေးကူဝိုင်းရံလိုက်သကဲ့သို့ ကျက်သရေအတိ ပြည့်သည်။

## [ ၃ ]

ညနေစောင်းတွင် ဥယျာဉ်မှူးသည် ဘုရားရှင်သို့ ရည်ညွှတ်ထားသည့် ဖြူစင်သောစိတ်ကို အထောက်အကူဖြစ်စေရန်လည်းကောင်း၊ ထူးခြားသော ကြာဖြူပွင့်ပန်းစည်းနှင့် လိုက်ဖက်ရန်လည်းကောင်း၊ တစ်ကိုယ်လုံးတွင် ဖြူဖွေးသန့်စင်သော အဝတ်တို့ကိုဝတ်၍ ဘုရားရှင် ကျောင်းတော်သို့သွားရန် ဥယျာဉ်မှ ထွက်ခဲ့သောအခါ ဥယျာဉ်အဝလမ်းတွင် “မိမိကဲ့သို့ပင် ဘုရားရှင်ကျောင်းတော်ကိုသွားမည့် သူဌေးကြီးတို့အုပ်စုနှင့် ပက်ပင်းတွေ့သည်။ သူဌေးကြီးနှင့် အသိုင်းအဝိုင်းလက်တွင်လည်း ကြာပန်းနှင့် ပန်းပေါင်းစုံကိုယ်စီကိုင်လာကြသည်။ သို့ရာတွင် သူတို့ပန်းများသည် ဥယျာဉ်မှူးလက်မှ ကြာဖြူစည်းနှင့် နှိုင်းယှဉ်လိုက်သောအခါ လမင်းအနီးမှ

www.burmeseclassic.com

www.burmeseclassic.com



ကြယ်တာရာများပမာမျှသာ ဖြစ်သည်။

သူဌေးကြီးနှင့် ပက်ပင်းတိုးမိသည်နှင့် တစ်ပြိုင်နက် သူဌေးကြီး၏ မျက်လုံးအစုံသည် ဥယျာဉ်မှူးရင်ခွင်မှ ကြာဖြူစည်းဆီသို့သာ စူးစိုက်လျက်ရှိသည်ကို တွေ့ရသည်။ သူဌေးကြီး၏ အသိုင်းအဝိုင်းတို့ကလည်း ဥယျာဉ်မှူးလက်မှ ထူးခြားသောကြာဖြူပွင့်ကြီးကိုကြည့်၍ အံ့သြနေကြသည်။

"သင့်လက်ကပန်းဟာ ထူးခြားလှပါကလား ဥယျာဉ်မှူး၊ ကြာပန်းမှ ဟုတ်ပါလေစ"

"ကြာပန်းစင်စစ် ဖြစ်ပါသည် အရှင်သူဌေးမင်း"

"အံ့ဖွယ်ပါပေ၊ ထူးခြားသောပန်းဖြစ်၍ ထူးခြားသောနှုန်းကို ပေးရပေမည်။ ကျွန်ုပ်ကို ရောင်းပေတော့"

"ဘုရားရှင်သို့ ရည်ညွှတ်ပြီးဖြစ်ပါသည် အရှင်၊ မရောင်းလိုပါ"

ဤအချိန်၌ ဘုရားရှင်သို့ ရည်ညွှတ်ပြီးကြသူချည်း ဖြစ်သည်။ သို့ရာတွင် သင်ကား ပန်းရောင်းသူဖြစ်သည်။ ငါတို့ကား ပန်းဝယ်သူဖြစ်သည်။ ထိုက်တန်သော ပစ္စည်းအတွက် ထိုက်တန်သောနှုန်းကို ရစေရမည်။ ငါ့ကိုရောင်းပါလော့"

"ကျွန်တော်ကား ပန်းရောင်းသူမှန်ပါသည် အရှင်။ ပန်းရောင်းသူ၌ အသပြာလိုသကဲ့သို့ ကောင်းမှုကုသိုလ်လည်း လိုပါသည်။ မရောင်းလိုပါ အရှင်"

"ပေးမည့်အသပြာကို မသိ၍ ငြင်းနေဟန်ရှိသည်။ ဆယ်အသပြာပေးမည် ဥယျာဉ်မှူး၊ ရောင်းပါ"

ဝေဝေဆာဆာ စည်းနှောင်ပြုပြင်ထားအပ်သော ပန်းပေါင်းစုံတစ်စည်း၏ အမြင့်ဆုံးတန်ဖိုးမှာ တစ်သပြာမျှဖြစ်သည်။ ယခု ဆယ်သပြာအထိ ပေးလိုက်သောကြောင့် အလွယ်တကူရောင်းလိမ့်မည်ဟု သူဌေးကြီး မျှော်လင့်သည်။

"မရောင်းလိုပါ အရှင်"

သူဌေးကြီးသည် ဥယျာဉ်မှူး၏ ပြန်ကြားချက်ကြောင့် ပင့်သက်ရှူလိုက်မိသည်။ သူဌေးကြီး၏အာရုံသည် ကြာဖြူပွင့်မှ ခွာ၍မရ။ သူဌေးကြီးသည် ဥယျာဉ်မှူး၏ မျက်နှာကို တစ်ချက်မျှ အကဲခတ်လိုက်ပြီးနောက် "သည်တစ်ကြိမ်တွင်တော့ ကုသိုလ်ရေးဖြစ်၍ ဥယျာဉ်မှူး မငြင်းနိုင်သောနှုန်းကို ပေးလိုက်မည်။ အသပြာတစ်ရာပေးမည် ဥယျာဉ်မှူး"

"မရောင်းပါ အရှင်"

www.burmeseclassic.com



သူဌေးကြီးသည် အလိုမပြည့်သောကြောင့် ဥယျာဉ်မှူး၏မျက်နှာကို ခပ်တင်းတင်း ကြည့်လိုက်သည်။ ဥယျာဉ်မှူးသည် ခပ်စောစောက သူဌေးကြီး၏မျက်နှာကို ကြည့်၍ စကားပြောသော်လည်း နောက်ဆုံးစကားကိုမူ သူ့အလိုနှင့် ဆန့်ကျင်ရသောကြောင့် မျက်နှာအောက်ငုံ့၍ ပြောသည်။

သူဌေးကြီးက ဤမျှ အကဲရောက်လွန်းသော ဥယျာဉ်မှူးအား သူဌေး၏ မာန်၊ ဈေးဝယ်သူ၏ ဟန် ပြင်ဆဲမှာပင် လမ်းပေါ်တွင် သွားလာနေသူများသည် လမ်းဘေးသို့ရှဲ၍ အတန်ပင် ရုတ်ရုတ်သဲသဲဖြစ်သွားသည်ကို တွေ့သောကြောင့် လှည့်၍ကြည့်လိုက်သောအခါ ဘုရင်မင်းမြတ် ထွက်ကြွလာသည်ကို မြင်ရသည်။ ထို့ကြောင့် မိမိကိုယ်တိုင် လမ်းဘေးသို့ အတန်ရှဲ၍ ဘုရင်ထွက်ကြွလာသည်ကို အရိုအသေပြုနေလိုက်ရသည်။ ဘုရင်သည် ဘုရားရှင်ကျောင်းတော်သို့ ရံဖန်ရံခါ ထွက်တော်မူတတ်သည်။ ယနေ့သည် ရက်ကြီးရက်မြတ်ဖြစ်၍ ဘုရင်ထွက်တော်မူလာဟန်ရှိသည်။

ဖြည်းညင်းစွာ မောင်းနှင်လာသော ဘုရင်၏ ရထားသည် သူဌေးကြီးနှင့် ဥယျာဉ်မှူးတို့ရှေ့ရောက်သောအခါ ရပ်၍ ဘုရင်က သူဌေးကြီးအား နှုတ်ဆက်စကား ပြောကြားသည်။ တစ်ဆက်တည်းမှာပင် ဘုရင်သည် ဥယျာဉ်မှူးလက်မှ ကြာပန်းကြီးကို မြင်သဖြင့် "အလို...ဥယျာဉ်မှူးလက်က ကြာပန်းကြီးက ထူးထူးခြားခြား ကြီးမားဆန်းကြယ်လှချည့်၊ ကြာပန်းစင်စစ်မှ ဟုတ်ပါစေ"ဟု မိန့်ကြားလိုက်သည်။

ဘုရင့်မိန့်သံကြောင့် ဥယျာဉ်မှူး တုန်လှုပ်သွားသည်။ အကြောင်းကား ဘုရင်သည်လည်း မိမိ၏ကြာပန်းကို ရယူလိုဟန်ရှိသည်။ ထို့ကြောင့် မပေးလိုသည့်သဘောဖြင့် ဘုရင်အား ခစားနေသော ဦးခေါင်းကို ပို၍ငုံ့လိုက်သည်။

ဘုရင်အမေးစကားကြောင့် မိမိက တစ်စုံတစ်ရာ ပြန်၍လျှောက်ထားအံ့ရတော့ဆဲဆဲတွင် သူဌေးကြီးက "မှန်လှပါ၊ ထူးခြားလှသော ကြာပန်းစင်စစ်အမှန်ဖြစ်ပါသည်။ ဤကြာပန်းကြီးအတွက် ဥယျာဉ်မှူးနှင့် ကျွန်တော်တို့ အရောင်းအဝယ် စကားပြောဆဲမှာပင် ဘုရင်မင်းမြတ် ကြွရောက်လာခြင်းဖြစ်ပါသည် အရှင်" ဟု လျှောက်ထားလိုက်သည်။

သူဌေးကြီး၏ လျှောက်တင်ချက်ကြောင့် ဘုရင် အတန်ငယ် ပြုံးလိုက်သည်။ အကြောင်းမှာ သူဌေးကြီး၏စကားတွင် သူတို့ အရောင်းအဝယ်လုပ်နေဆဲအတွင်း

www.burmeseclassic.com

www.burmeseclassic.com



မိမိဝင်ရောက်လာမည်ကို ဟန့်တားလိုသည့်စကားရပ် ပါလာသောကြောင့်ဖြစ်သည်။ သို့ရာတွင် ဘုရင်သည် ထူးခြားလှသော ကြာပန်းကြီး မြင်လိုက်စဉ်ခဏ၌ပင် ကြာပန်းရှင်အား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်၍ ဘုရားအား ပူဇော်ရန်အတွက် ကြာပန်းကြီးကို ရယူရန် ကြံစည်လိုက်ပြီးဖြစ်သည်။

ဘုရင်၏မိန့်သံထွက်လာသည်နှင့် တစ်ပြိုင်နက် မိမိ ကြာပန်းအတွက် နှောက်ထပ် အနှောင့်အယှက်တစ်ခု ပေါ်လာပြန်ပြီဟု ဥယျာဉ်မှူး ချက်ချင်းသိလိုက်၏။ ထို့ကြောင့် သူဌေးကြီး၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် ဥယျာဉ်မှူးက သွက်လက်စွာဖြင့် မှန်လှပါ၊ အရောင်းအဝယ်စကား ပြောကြားကြရခြင်း မဟုတ်ပါ။ သူဌေးကြီးက အဝယ်စကားသာပြော၍ ဘုရားကျွန်တော်က အရောင်းစကား မပြောရပါ အရှင်မင်းမြတ်”ဟု လျှောက်ထားလိုက်သည်။

“မှန်လှပါ၊ အရောင်းအဝယ်စကားဟု ထုံးစံအတိုင်း လျှောက်ထားလိုက်မိခြင်းသာ ဖြစ်ပါသည်။ ဤကြာပန်းကို ပန်းတစ်ပွင့်၏ ထုံးစံ ဈေးနှုန်းမဟုတ်သော အသပြာတစ်ရာအထိပေး၍ ဝယ်ပါသည်။ ဥယျာဉ်မှူးကမူ အရောင်းသမားတို့ထုံးစံအတိုင်း လိုချင်မှန်းသိ၍ ဈေးကိုင်ဟန်တူပါသည်။ မရောင်းသေးပါ”ဟု သူဌေးကြီးက လျှောက်ထားသည်။

“ထုံးစံဈေးနှုန်းဆိုတာ ထုံးစံပစ္စည်းအပေါ်မှာတော့ မှန်ပေလိမ့်မည်။ ဤကြာပန်းမှာ ထုံးစံပစ္စည်းမဟုတ်၊ မမြင်စဖူး ထူးထူးကဲကဲပစ္စည်းဖြစ်ပေသည်။ ထူးကဲသော ပစ္စည်းကိုလိုလျှင် ထူးကဲသောတန်ဖိုးဖြင့် ဖလှယ်ရပေလိမ့်မည်။ ထို့ကြောင့် ဤကြာပန်းကို ငါ့အားဆက်သပါက အသပြာတစ်ထောင် ဆုချီးမြှင့်တော်မူမည်။ ထို့ပြင် ဤကြာပန်းကို ငါပိုင်ဆိုင်ခွင့်ရပါက စိုက်ပျိုးမှုအစွမ်းထက်သော ဥယျာဉ်မှူးအား ငါ၏ဥယျာဉ်တွင် အကြီးအချုပ်အဖြစ် ခန့်ထားရန်လည်း ရည်ရွယ်တော်မူသည်။ အဘယ်သို့နည်း ဥယျာဉ်မှူး၊ သင် ကြာပန်းကို ပေးဆက်နိုင်မည်လော”

“မှန်လှပါ အရှင်မင်းမြတ်...အရှင်ချီးမြှောက်အံ့သော လာဘ်လာဘများအတွက် အထူးပင် ဝမ်းမြောက်အားတက်မိပါသည်။ သို့ရာတွင် မပေးဆက်သည့်အတွက် ထားလျှင်လည်းနေ၊ သတ်လျှင်လည်း သေရပါမည်။ ဘုရားကျွန်တော်သည် ဤလောက၌ မည်သူမျှ မပေးစွမ်းနိုင်သော ထူးခြားသောအကျိုးခံစားခွင့်ကို ဘုရားရှင်ထံမှ ရယူနိုင်ရန် ရည်မှန်းဆုံးဖြတ်ထားမှုကြောင့် အရှင့်အား မပေးဆပ်နိုင် ဖြစ်ရသည်ကို ခွင့်သနားတော်မူပါ အရှင်မင်းမြတ်”

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

ဉယျာဉ်မှူး၏ လျှောက်တင်ချက်ကြောင့် ဘုရင်သည် မသိမသာ ပင့်သက်တစ်ချက်ရှူလိုက်သည်။ အခြားအချိန် အခြားကိစ္စသာဆိုလျှင် ဘုရင်သည် အမိန့်အာဏာဖြင့် အနိုင့်အထက်ပြုမိကောင်း ပြုမိမည်။ ယခုသော် ဝတ်လဲတော် အဖြူအစင်တို့ဖြင့် စိတ်ကောင်းစိတ်မွန်ကိုမွေးမြူကာ ဘုရားရှင်ကျောင်းတော်သို့ ကုသိုလ်ရေးအတွက် ထွက်ကြွခိုက်ဖြစ်သောကြောင့် ကြာပန်းအတွက် ဘုရားရှင်၏အပေါ်တွင် သဒ္ဓါထက်သန်လျက်ရှိသော ဉယျာဉ်မှူးအပေါ်တွင် မတင်းမာလို။ ထို့ပြင်နှုတ်ကပင် ဖွင့်ထုတ်သော်လည်း ဤမျှလောက်သောရာထူးနှင့် လာဘ်လာဘကိုစွန့်လွှတ်နိုင်စွမ်းသော ဉယျာဉ်မှူး၏ သဒ္ဓါစိတ်ကိုလည်း ကျိတ်၍ ချီးကျူးလိုက်မိသည်။

ထို့ကြောင့် တစ်စုံတစ်ရာ ထပ်ဆင့်မမိန့်ကြားတော့ဘဲ ထူးခြားလှသော ကြာပန်းကြီးနှင့် ဉယျာဉ်မှူးအား တစ်ချက်မျှ စူးစူးစိုက်စိုက်ကြည့်ပြီးလျှင် အသာအယာထွက်ကြွတော်မူသည်။ သူဌေးကြီးအဖို့လည်း မိမိထက် ဆယ်ဆသာသော အသပြာတစ်ထောင်နှင့် ဉယျာဉ်အကြီးအချုပ် ရာထူးကိုပင် စွန့်လွှတ်လိုက်သော ဉယျာဉ်မှူး၏ တင်းမာမှုကို အမြင်အကြားဖြစ်၍ တစ်စုံတစ်ရာ ကွန့်စရာမလို၊ ဘုရင့်ပရိသတ်နောက်နားမှဆက်၍ ကျောင်းတော်သို့ထွက်သည်။

ဘုရင့်နောက်တော်မှ အခြွေအရံများ၊ ဘုရင်လှူရန် ပန်းစိုက်အိုးကိုင်ဆောင်သော နန်းတွင်းသူများက ငုံ့လျှိုးလျက်ရှိနေသေးသော ဉယျာဉ်မှူးနှင့် ကြာပန်းကြီးအား တအံ့တဩ ကြည့်ရှုကြကာ ဖြတ်ကျော်သွားကြသည်။

ဉယျာဉ်မှူးသည် အတန်ကြာပင် လမ်းဘေးတွင် ဦးခေါင်းငုံ့ ရပ်ဆိုင်းလျက်ရှိသေး၏။ အကြောင်းကား ဘုရားရှင်အတွက် ဆောက်တည်ထားခဲ့သော မိမိ၏သဒ္ဓါစိတ်မှာ သူဌေးနှင့် ဘုရင်တို့ကြောင့် အနှောင့်အယှက်ဖြစ်ခဲ့ရပေရာ မူရင်းသို့ရောက်အောင် ပြန်လည်သုံးသပ်ရသည်။ ဆောက်တည်ရသည်။ လမ်းပေါ်မှ ဖြတ်ကျော်သွားကြသူများအနက် မိတ်ဆွေအချို့၏ နှုတ်ဆက်သံ၊ ချီးကျူးသံများကိုပင်မကြားမိ။ အတန်ကြာမှ ဖြည်းညင်းသောခြေလှမ်းများဖြင့် ကြာပန်းခိုင်ကြီး တယုတယပိုက်ကာ ကျောင်းတော်ဆီသို့ ဦးတည်သည်။

ကျောင်းတော်တရားမဏ္ဍပ်သို့ ရောက်သောအခါ မိမိမှာ အတန်ပင် နောက်ကျနေပြီး မဏ္ဍပ်ကြီးတစ်ခုလုံးတွင် ပရိသတ်ပြည့်သိပ်လျက်ရှိပေပြီ။ ဘုရားရှင်

www.burmeseclassic.com

www.burmeseclassic.com



သည်ပင်လျှင် မဏ္ဍပ်၏ တရားပလ္လင်တော်သို့ ကြွရောက်သီတင်းသုံးတော်မူလျက် ရှိနေပေပြီ။

ယခင်အခါများကဆိုလျှင် ဘုရားရှင်အတွက် အဘယ်မျှ ကောင်းမွန်သော လှူဖွယ်ပစ္စည်း ပါရှိခဲ့သည်ဖြစ်စေ၊ ဘုရင်အစရှိသော ရှေ့ပိုင်းမှ ဂုဏ်ကြီးရှင်ပရိသတ်ကို ကျော်ဖြတ်၍ ဘုရားရှင်သို့ တိုက်ရိုက်မပေးလှူဝံ့။ အလှူပစ္စည်း သိမ်းဆည်းစီမံသော ဥပါသကာများမှတစ်ဆင့်သာလျှင် လှူဒါန်းရသည်။ ယခုသော် ထူးခြားလှသော ကြာပန်းခိုင်ကြီးက ပင့်မြှောက်ထားအပ်သော စိတ်ဓာတ်ဖြင့် ဥယျာဉ်မှူးသည် တရားမဏ္ဍပ်ထိပ်မှနေပြီး ကြီးမားလှသော်လည်း ငြိမ်သက်သော ပရိသတ်ကိုဖြတ်၍ ဘုရားရှင်အား ဖူးမြော်လိုက်ပြီးလျှင် မဏ္ဍပ်၏အလယ် မင်းလမ်းကြီးအတိုင်း ကြာပန်းခိုင်ကြီးကို ဦးထိပ်တင်၍ ဘုရားရှင်အထံတော်သို့ တရွေ့ရွေ့လျှောက်သွားသည်။

ဘုရားရှင်၏ တရားပလ္လင်သို့ ရောက်သောအခါ သာမာန်အားဖြင့်ဆိုလျှင် ဘုရားရှင်၏ ရှေ့တော်ရှိ ပန်းစိုက်အိုးများတွင်သာ စိုက်ထိုးကပ်လှူရမည်ဖြစ်သော်လည်း ဥယျာဉ်မှူးအဖို့ ထူးခြားသော ကြာပန်းကြောင့် ပင်ကိုအားဖြင့် သဒ္ဓါစိတ်တက်ကြွလျက်ရှိရာတွင် လမ်းတွင် ဘုရင်နှင့် တွေ့ခဲ့ရသောအဖြစ်က ပင့်မြှောက်လျက်ရှိသောကြောင့် ကြာပန်းခိုင်ကြီးအား ဘုရားရှင်၏လက်တော်အရောက် ဆက်ကပ် လှူဒါန်းပြီးလျှင် တင်းမတိမ် အားမရနိုင်သောအသွင်ဖြင့် ဘုရားရှင်အား အကြိမ်ကြိမ်ဦးနှိမ်သည်။

ဘုရားရှင်က ဥယျာဉ်မှူး၏ သဒ္ဓါစိတ်ကို ကူညီချီးမြှင့်သည့် ဆန္ဒတော်ဖြင့် ကြာပန်းခိုင်ကြီးကို ပွေ့ပိုက် အလှူခံတော်မူပြီးလျှင် အကြိမ်ကြိမ်ဦးနှိမ်လျက်ရှိသော ဥယျာဉ်မှူးအား မဟာကရုဏာတော်မျက်လုံးဖြင့် ရှုကြည့်တော်မူသောအခါ ဘုရင်အမှူးပြုသော အနီးဝန်းကျင် ပရိသတ်ကလည်း ဥယျာဉ်မှူးအား ချီးကျူးသည့်မျက်လုံးများနှင့် ဝိုင်း၍ ကြည့်ကြသည်။

ထိုအခိုက်"ထူးခြားတဲ့ကြာပန်းနဲ့ ထူးခြားတဲ့ သဒ္ဓါတရားရှင်ပဲ အရှင်ဘုရား"ဟု ဘုရင်၏ လျှောက်တင်ချက်အသံ ထွက်ပေါ်လာသည်ကို ကြားကြရသည်။

"ဘယ်လိုထူးခြားပါသလဲ ဒါယကာမင်းမြတ်"ဟု ဘုရားရှင်က မေးကြားတော်မူသည်။

"မှန်လှပါ၊ ကြာပန်း၏ ထူးခြားချက်ကတော့ ရှုမြင်တော်မူရသည့်အတိုင်းပါ

www.burmeseclassic.com

www.burmeseclassic.com



ပဲ ဘုရား။ ကြာပန်းရှင် ဒကာ၏ သဒ္ဓါထူးခြားချက်ကတော့ တပည့်တော်သည် အရှင့်ကျောင်းတော်သို့လာရင်း လမ်းတွင် ဤကြာပန်းရှင်နှင့် တွေ့ခဲ့ရာ အသပြာ တစ်ထောင်နှင့် ဘုရင့်ဥယျာဉ် အကြီးအချုပ်ရာထူးကိုပင် ပေး၍ ဤကြာပန်းကို တောင်းခံခဲ့ရာ မရရှိခဲ့ပါ။ ကြာပန်းရှင်ဒကာက ဤလောက၌ မည်သူမျှ မပေးစွမ်း နိုင်သော ထူးခြားသော အကျိုးခံစားခွင့်ကို ဘုရားရှင်ထံမှ ရယူလို၍ မစွန့်လွှတ်နိုင် ကြောင်း ပြောကြားခဲ့ပါသည်ဘုရား"

"ဒါယကာ ဥယျာဉ်မှူး...ဘုရင်မင်းမြတ်အမိန့်ရှိသည့်အတိုင်း မှန်ပါရဲ့လား"

"မှန်လှပါသည် အရှင်ဘုရား"

"ငါဘုရားအထံတော်၌ ဘုရင်မင်းမြတ်တို့ကဲ့သို့ ပစ္စည်းလာဘ်လာဘဖြင့် သင့်အား ချီးမြှောက်နိုင်ဖို့ရန် ပစ္စည်းဟူ၍ တစိုးတစိမရှိ။ ရာထူးဂုဏ်ထူးဖြင့် ချီးမြှောက်နိုင်ဖို့ရန်မှာလည်း အရာမဟုတ်ခဲ့။ သို့ဆိုလျှင် ငါဘုရားအထံမှ အသင် ဘာများ မျှော်လင့်ချက်ထားပါသနည်း ဒကာဥယျာဉ်မှူး"

"မှန်လှပါ၊ တပည့်တော်သည် အရှင်ဘုရားထံမှ ကြီးစွာသောမျှော်လင့်ချက် ထားပါသည်။ ထိုမျှော်လင့်ချက်ထားသော အရာသည်လည်း အရှင်ဘုရားထံတော် တွင် ရှိပါသည်။ ထိုအရာသည်ကား အရှင်ဘုရား၏ ခြေဖဝါးတော်မှ ခြေမှုန့် ကလေး တစ်မှုန့်မျှဖြစ်ပါသည် အရှင်မြတ်ဘုရား"။

❂❂❂

www.burmeseclassic.com



# ကြောပန်းအရှင်

[ ၁ ]

ပြဿနာမျိုးစုံတို့ စုပြုံရာလောကနှင့် မကင်းနိုင်သေးသမျှ သဗ္ဗညုတရွှေဉာဏ်တော်သခင် ရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်တိုင်လျှင် သုနက္ခတ်တို့လို အလုပ်အကျွေးတပည့်၏ တော်လှန်ခံရခြင်း၊ ကောသမ္ဗီတပည့်ရဟန်းတို့၏ တော်လှန်ခံရခြင်း စသည်ဖြင့် ပြဿနာအဖုံဖုံကို တွေ့ကြုံရသေးသည်ဆိုလျှင် လက်ယာတော်ရံမှူသာဖြစ်သော အရှင်သာရိပုတ္တရာလို ပုဂ္ဂိုလ်မျိုးအဖို့မူ အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

တစ်ကြိမ်တွင် တပည့်မိုက် သာမဏေတစ်ပါး၏ တော်လှန်ခံရသည်။

အရှင်သာရိပုတ္တရာသည် တစ်ချိန်သောအခါက တောတွင်းတစ်နေရာ၌ သီတင်းသုံးရာတွင် အလုပ်အကျွေးသာမဏေနှစ်ပါး အတူပါရှိသည်။ တစ်ပါးက တရားအားထုတ်မှုတွင်လည်းကောင်း၊ ဆရာ့ဝတ် ပြုစုရာတွင်လည်းကောင်း ဝတ္တရားကျေ၍ တစ်ပါးကမူ ပေါ့ပေါ့တန်တန်နေသည်။ ဆရာဟူသည် မိမိဆိုင်ရာ ပညာသင်ကြားမှု တရားအားထုတ်မှုအလုပ်တွင် ကြိုးစား၍ ဆရာ့ဝတ်ကျေပွန်သော တပည့်များအပေါ်၌ လေးစားဂရုပြုမြဲ ဖြစ်သည့်အတိုင်း ပေါ့တန်သောတပည့်အဖို့ တပည့်အချင်းချင်းသော်လည်းကောင်း၊ ဆရာနှင့်သော်လည်းကောင်း သဘောထားနှင့် အပြုအမူများ ကွာဟလာသည်။

တပည့်မိုက်တို့၏ ထုံးစံအတိုင်း မိမိအပြစ်ကိုကား မမြင်၊ တပည့်ချင်းအတူတူ မျက်နှာလိုက်သည်ဟု ယူဆလာသည်။ ပထမသော် သာမန်မျှထင်မှတ်ခဲ့သော်လည်း မခံမရပ်နိုင်တော့သော တပည့်မိုက်သည် အတူနေတပည့်ချင်းကို ရန်မူလာရုံသာမက အရှင်သာရိပုတ္တရာဆရာအရှင်ကိုပင်လျှင် မျက်နှာလိုက်ရာသော်ကောဟူ၍ အရှင်

www.burmeseclassic.com

www.burmeseclassic.com



သာရိပုတ္တရာ ဆွမ်းခံကြွခိုက်တွင် ရေအိုး ရေခွက် ပရိက္ခရာ စသည်တို့ကို ရိုက်ခွဲပစ်ရုံမက ကျောင်းကလေးကိုပင် မီးရှို့၍ ထွက်ခွာသွားသည်။

တစ်ကြိမ်တွင်လည်း တပည့်များကြောင့်ပင်လျှင် ဘုရားရှင်၏ ဆိုမြည် ရှုတ်ချမှုကို ခံရရုံမက ကျောင်းမှ နှင်ထုတ်ပစ်ခံရသည်။

တစ်ခုသောဝါတွင် ဘုရားရှင်နှင့် တစ်နေရာစီ ဝါကပ်ကြပြီးနောက် ဝါကျွတ်၍ ဇေတဝန်သို့ ဘုရားဖူးရန် တပည့်ရဟန်းများနှင့်အတူ လာရောက်ကြသောအခါ ဘုရားရှင်ထံတော်အနီးတွင် မိမိတို့အရင် ဘုရားဖူးရောက်ရှိနေကြသော အခြားရဟန်းပရိသတ်တို့ ရှိနေသောကြောင့် ကျောင်းတော်အောက်ထပ်တွင်ပင် မိမိတို့အလှည့် ရောက်ရန် ဆိုင်းငံ့၍နေရသည်။

ဘုရားရှင်သီတင်းသုံးရာ၌ အတူရှိနေကြသော တပည့်ရဟန်းများအား ညစဉ်တရားမဏ္ဍပ်၌ တွေ့ဆုံဟောပြောနေကျ ကိစ္စအပြင် ဟိုမှ သည်မှ ဘုရားဖူးရောက်လာကြသော တပည့်များအား လက်ခံတွေ့ဆုံဟောပြောရသော သီးသန့်အချိန်များလည်းရှိ၏။ အထူးသဖြင့် ယခုလို ဝါကျွတ်ချိန်ဆိုလျှင် အဝေးနေ တပည့်တို့ စုပြုံရောက်လာကြကာ တစ်ဝါတွင်းလုံး မိမိတို့၏ တရားအတွေ့၊ အခြားအတွေ့အကြုံများကို ဘုရားဖူးရင်း လျှောက်ထားကြသူများ ပို၍များပြားသည်။ ထိုအခါ ဘုရားရှင်ထံတော်မှောက်တွင် တပည့်ရဟန်းတို့ တစ်ပါးပြီးတစ်ပါး၊ တစ်သုတ်ပြီးတစ်သုတ် ရောက်ရှိလာလျက်ရှိသောကြောင့် အလှည့်ကိုစောင့်ကြရမြဲဖြစ်သည်။ သို့ဖြစ်ရာ အရောက်နောက်ကျသော အရှင်သာရိပုတ္တရာအဖို့လည်း အခြားရဟန်းများအလားတူ ကျောင်းအောက်မှ စောင့်ဆိုင်းနေရခြင်း ဖြစ်သည်။

ခက်သည်ကား-တိတ်ဆိတ်ငြိမ်သက်မှုကို ဘုရားရှင်လည်း လိုလား၊ မိမိတို့လည်း လိုလားသူများဖြစ်ပါလျက် ထိုအချိန်တွင် စောင့်ဆိုင်းနေကြသော ရဟန်းများအနက် မိမိတပည့်များအုပ်စုမှ တစ်ယောက်တစ်ခွန်းနှင့် ဆူညံသောစကားသံများ ထွက်ပေါ်နေခြင်းပင် ဖြစ်ပေသည်။ တစ်ဝါတွင်းလုံးသော်လည်းကောင်း၊ ထို့ထက်အလွန်သော်လည်းကောင်း ကွဲကွာ၍နေကြသော တပည့်ရဟန်းအချင်းချင်း တွေ့ဆုံကြရာ၌ အယ်လဲဝမ်းသာ နှုတ်ဆက်ပြောဆိုနေကြဟန်ရှိသည်။

နှုတ်ဆက်သည်က အရေးမကြီး၊ ကျောင်းတော်ပေါ်မှ ဘုရားရှင်အားသော်လည်းကောင်း၊ အခြားရဟန်းများအားလည်းကောင်း ဆူညံမှုကြောင့် အနှောင့်အယှက်ဖြစ်တော့မည်ကို မိမိတပည့်များအား ဆုံးမစကားပြောကြားလေဦးမှပဲ

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ခိုက်မှာပင် အရှင်သာရိပုတ္တရာအနီးသို့ အရှင်အာနန္ဒာ ကြွရောက် ဝပ်တွား လာသည်။

"ဘုရားရှင်က အရှင်ဘုရားကို လျှောက်ထားရန် မိန့်ကြားလိုက်ပါသည်ဘုရား"

"ဘယ်လိုများ မိန့်ကြားလိုက်သလဲ ငါ့ရှင်"

"ရှင်သာရိပုတ္တရာသည် မိမိ၏တပည့်များကို နိုင်နင်းအောင် မဆုံးမ၊ သာရိ ပုတ္တရာ တပည့်များသည် ရဟန်းတို့နှင့် မလျော်အောင် ဆူညံလျက်ရှိသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ရှင်သာရိပုတ္တရာနှင့် သူ့တပည့်များသည် ဇေတဝန်ပြင်ပသို့ သွားရောက်၍ စောင့်ဆိုင်းနေရမည်ဟု မိန့်ကြားလိုက်ပါသည်ဘုရား"

"အမိန့်တော်အတိုင်းပါဟု လျှောက်ထားပါလေ ငါ့ရှင်"

သို့နှင့် တပည့်များကိုခေါ်ကာ ကျောင်းတော်ပြင်ပသို့ ထွက်ခွာခဲ့ရ၏။ ပုထုဇဉ် တို့ အမြင်ဖြင့်သာကြည့်လျှင် ပရိသတ်အကြား၌ ဆုံးမဆိုမြည်ခံရခြင်းမျှမက နှင်ထုတ်ပင် ခံရလေသောကြောင့် ရှက်ဖွယ်ရာဖြစ်၏။ အရှင်သာရိပုတ္တရာအဖို့ကား လာဘ်ကြီးတစ်ပါး ဆိုက်ရောက်ရရှိလာခြင်းပေတည်း။

အလှည့်ရောက်သောအခါ ဘုရားရှင်အမိန့်ဖြင့် အရှင်အာနန္ဒာပင် လာရောက် ခေါ်ငင်သည်။ နှင်ထုတ်မှုအတွက် အရှင်သာရိပုတ္တရာ၏ ခံယူချက်ကို ဘုရားရှင် သိတော်မူပြီးဖြစ်၏။သို့ရာတွင် ရှေ့တော်မှောက်သို့ရောက်သောအခါ တပည့်ရဟန်း တို့အတွက် ဘုရားရှင်က "သာရိပုတ္တရာ...ငါနှင်ထုတ်လိုက်စဉ်က သင့်ခံယူချက် ဘယ်သို့ရှိသနည်း"ဟု မေးတော်မူလိုက်သောအခါ "မှန်လှပါ အရှင်မြတ်၏ ဆိုဆုံးမမှုဟူသည် ခံယူရခဲဘိခြင်းဖြစ်၍ အကြောင်းအားလျော်စွာ ရရှိလာသော လာဘ်ကြီးတစ်ပါးဟု ခံယူပါသည်။ ဤသို့ပင် အခွင့်သာခဲ့ပါသော် တစ်နေ့လျှင် အကြိမ်ပေါင်း ရာထောင်မကပင် အရှင်မြတ်၏ ဆိုဆုံးမမှုကို ခံယူလိုလှပါသည် ဘုရား"ဟု လျှောက်ထားသဖြင့် ဘုရားရှင်က သာခုသုံးကြိမ်ခေါ်၍ ကောင်းချီး ပေးတော်မူသည်။

မှန်လှပေ၏။ ဆရာသူတော်ကောင်းတို့၏ ဆိုဆုံးမမှုကို ဝမ်းမြောက်စွာ ခံယူရခြင်းတည်းဟူသော သောဝစဿတာ မင်္ဂလာတစ်ပါးနှင့် ပြည့်စုံရမှုဆိုသည်မှာ ရခဲဘိခြင်းဖြစ်သည်။ အကြောင်းမူကား အခြားမင်္ဂလာများမှာ မိမိကိုယ်တိုင်က အားထုတ်လျှင် ရနိုင်ခွင့်ရှိသော်လည်း သောဝစဿတာ မင်္ဂလာမူကား ဆိုဆုံးမဖို့ရန် ယခုလို အကြောင်းအခွင့်ကလည်း ကြုံဦးမှ၊ အကြောင်းအခွင့် ကြုံလာသည့်တိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ဆရာကလည်း ဆိုဆုံးမဦးမှသာ ရရှိနိုင်သောကြောင့်ဖြစ်သည်။

အရှင်သာရိပုတ္တရာအဖို့ အလားတူ အဆုံးအမမျိုးကို ဘုရားရှင်ထံမှ တစ်ကြိမ် ခံယူခဲ့ဖူးသေးသည်။ အရှင်သာရိပုတ္တရာ၏ အနေအထိုင်မသန့်ရှင်းမှုနှင့် ပတ်သက်၍ ဖြစ်၏။

ဘုရားရှင်သည် ဆိတ်ငြိမ်မှုကိုသာမက အနေအထိုင် အဝတ်အဆင် ပတ်ဝန်းကျင် သန့်ရှင်းမှုကိုလည်း လိုလားတော်မူ၍ တပည့်ရဟန်းများအား အနေအထိုင် အဝတ်အဆင် သန့်ရှင်းကြရန် အခွင့်ကြုံတိုင်း ညွှန်ကြားဆုံးမတော်မူလေ့ရှိရုံမျှမက အချို့ကိစ္စများတွင် ဝိနည်းသိက္ခာပုဒ် အနေဖြင့်ပင် စည်းကမ်းပြုလုပ် ပညတ်တော်မူလေ့ရှိသည်။

အထက်မဂ် အထက်ဖိုလ်သို့ ရောက်ပြီးသော ရဟန်းအရိယာများအဖို့ အလိုလားဆုံးသော ကိစ္စတစ်ရပ်မှာ နိဗ္ဗာန်၏နယ်ပယ်သို့ အနီးကပ်ဆုံး ချဉ်းကပ်ရာ အလုပ်ဖြစ်သော ဖလသမာပတ် ဝင်စားမှုပင် ဖြစ်ပေသည်။

နိဗ္ဗာန်တည်းဟူသော ရသာမွန်ကို စားသုံးနိုင်ရန် ကြိုးပမ်းခဲ့သော အကြင်သူတစ်ဦးအဖို့၊ သို့မဟုတ် နိဗ္ဗာန်တည်းဟူသော သန္တိသုခအငြိမ်းဓာတ် နယ်မြေသို့ ရောက်ရှိရန်အားထုတ်ခဲ့သော အကြင်သူတစ်ဦးအဖို့ အထက်မဂ် အထက်ဖိုလ်တည်းဟူသော နိဗ္ဗာန်မြေသို့ ရောက်ရှိ၍ ချမ်းသာသီး ချမ်းသာပွင့်များကို စားသုံးမိသောအခါ ဖြစ်နိုင်ခဲ့ပါလျှင် ယင်းနိဗ္ဗာန်နယ်မြေမှ တစ်နာရီ တစ်မိနစ်မျှ မခွာလိုတော့သည်မှာ အရိယာတို့၏ သဘာဝဆန္ဒဓာတ် အခြေခံဖြစ်၏။

ယင်းနိဗ္ဗာန်နယ်မြေသို့ သွားရောက်နိုင်သော အရိယာတို့အဖို့ သွားရောက်ရာ ခရီးသည်ကား တစ်လမ်းတည်းသာရှိ၏။ ယင်းသည်ကား တရားရှုမှတ်မှု အခေါင်အထွတ်ဖြင့် မိမိခန္ဓာကိုယ်ရှိသမျှသော စိတ္တဇရုပ်များကို ချုပ်ငြိမ်းစေကာ ဖလသမာပတ် ဝင်စားခြင်းဖြင့်သာ ရောက်ရှိနိုင်သောလမ်းဖြစ်သည်။

ဤသည်ကား အထက်မဂ် အထက်ဖိုလ်တည်းဟူသော အခေါင်အထွတ်သို့ ရောက်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်လေပြီးသော အရိယာမှန်သမျှတို့၏ အထူးအခွင့်အရေးပင် ဖြစ်ပေ၏။ သို့ရာတွင် အခွင့်အရေးရှိတိုင်း မစားသုံး မခံစားနိုင်သော အရိယာကြီးများ ရှိနေကြသည်။ ယင်းအရိယာကြီးများဟူသည်ကား ဘုရားရှင်ကိုယ်တော်တိုင်နှင့် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် စသော သာသနာ့ဝန်ဆောင် အရိယာကြီးများပင် ဖြစ်ကြပေသည်။ အကြောင်းတမူကား

www.burmeseclassic.com

www.burmeseclassic.com



ယင်းပုဂ္ဂိုလ်ကြီးများသည် သာသနာတော်အကျိုး ဝေနေယျသတ္တဝါတို့အကျိုး၊ ပရဟိတအကျိုးများကို အချိန်နှင့်မပြတ် တရစပ်ဆိုရလောက်အောင်ပင် ဆောင်ရွက်ဖွယ် ရှိနေကြပေရာ ကိုယ်ရေးကိုယ်တာ အတ္တဟိတအကျိုးကို လျစ်လျူရှုတော်မူကြရသည်။

ယင်းသို့လျှင် တရားဟောခြင်း၊ တရားပြခြင်း၊ ဆရာဝတ်၊ သာသနာဝတ် စသော ဝတ်ကြီးဝတ်ငယ်ကို ဆောင်ရွက်ရင်းဖြင့်ပင် အားလပ်သောအချိန်ကလေးများအကြား၌သာ တရားရှုမှတ်မှုတည်းဟူသော ကိုယ်ရေးကိုယ်တာ ဖလသမာပတ်ဝင်စားမှုကို ပြုလုပ်တော်မူကြရသည်။

နေ့ရောညပါဆိုသလို ဗုဒ္ဓကိစ္စတော်များနှင့် တရစပ် ဆက်စပ်လျက်ရှိသော ဘုရားရှင်အဖို့လည်း တရားဟောရင်း အဖူးမြော်ခံရင်းဆိုသကဲ့သို့ အကြားအကြားသော အချိန်ကလေးများကိုပင်လျှင် အချိန်လုကာ ဖလသမာပတ် ရှုမှတ်ခံစားရသည်။ ဤနည်းဖြင့် မလုံလောက်သောအခါတွင်မူ ရှိလေသမျှကိစ္စများကို ကျောခိုင်း၍ထားခဲ့ကာ အာနန္ဒာ၊ စုန္ဒစသော တပည့်ရဟန်းတစ်ဦးတစ်ယောက်သို့မဟုတ် ရှံဖန် တစ်ပါးတည်းပင်ဖြစ်စေ ဂိဇ္ဈကုဋ် စသော လူသူကင်းဆိတ်ရာ တောတောင် လိုဏ်ဂူတို့သို့ ကြွသွား၍ တရားအရသာကို ခံစားတော်မူရသည်။ ရံဖန်တွင်လည်း သီတင်းသုံးတော်မူရာ ဂန္ဓကုဋီတိုက်တွင်ပင် မည်သွေ့မည်မျှ ရက်ပိုင်းအတွင်း ဝတ်ကြီးဝတ်ငယ် ဆောင်ရွက်ရန် အရှင်အာနန္ဒာလို တပည့်တပန်းတစ်ဦးမှတစ်ပါး အခြားသောရဟန်းများနှင့် ဗြဟ္မာနတ်လူ မည်သူမျှ မလာရဟုစည်းကမ်းတံခါးဖြင့် ပိတ်ဆို့ချမှတ်၍ အငြိမ်းဓာတ်တရားကို ခံစားတော်မူရသည်။

ဘုရားရှင်အဖို့မူ သာသနာဦးကိုင် သာသနာပိုင်ကြီးလည်းဖြစ်၊ ရနိုင်လေသမျှသော အချိန်တိုကလေးများအတွင်း၌ပင် နိဗ္ဗာန်သီး၊ နိဗ္ဗာန်ပွင့်များကို ခံစားနိုင်လောက်အောင် ပညာဉာဏ်အင်အားနှင့် ဝသီဘော်ကြီးမားသူလည်း ဖြစ်သောကြောင့်အခွင့်အရေးသာသည်ဟု ဆိုနိုင်ပါ၏။ ဆရာ့ကိစ္စနှင့် အခြားသာသနာရေးကိစ္စများကို သတိမချ ကြောင့်ကြမပြတ် စိုက်လျက်ရှိနေရသော အရှင်သာရိပုတ္တရာတို့အဖို့ကား ကိုယ်ပိုင်အချိန်ကလေးရအောင် လုရသည်မှာ အခက်တစ်ရပ် ဖြစ်နေရသည်။

ဤသို့သောအခြေတွင် အရှင်သာရိပုတ္တရာသည် ယနေ့အဖို့ အားလပ်ခွင့်ကလေး သာလာသောကြောင့် ဆွမ်းစားပြီးချိန်၌ ကျောင်းတော်ပြင်ပ တစ်နေရာရှိ လွတ်လပ်ဆိတ်ငြိမ်သော သစ်တစ်ပင်ရင်းတွင် ထုံးစံအတိုင်း ရှေးဦးအစီအစဉ်များ

www.burmeseclassic.com

www.burmeseclassic.com



ကို အဓိဋ္ဌာန်ပြုလုပ်ပြီးနောက် ဖလသမာပတ်ဝင်စား တရားရှုမှတ်တော်မူသည်။ ဤတွင်ပင် ဘုရားရှင်၏ အဆုံးအမကို ခံရဖို့ရန် ပြဿနာနှင့် တိုးရ၏။

ပါရမီအခံ ပညာဉာဏ်အနုအရင့်အရ တရားရှုမှတ် ဝင်စားရာ၌ နှေးမှု မြန်မှု ကွာခြားသော်လည်း ဖလသမာပတ် ဝင်စားကာ နိဗ္ဗာန်၏အရသာတည်း ဟူသော ပန်းတုံးတိုင်သို့ ရှေးရှုရာလမ်းစဉ်မှာကား ဘုရားရဟန္တာ အရိယာတို့အဖို့ အတူတူပင်ဖြစ်၏။ သို့ရာတွင် ဘုရားရှင်နှင့် တပည့်သံဃာ အရိယာတို့အဖို့ လွတ်လပ်မှု မလွတ်လပ်မှုဟု ဆိုအပ်သော ကွာခြားချက်ကလေးများတော့ရှိ၏။

သာသနာ့ဦးကင်း တရားသခင်ဖြစ်သော ဘုရားရှင်အဖို့ ဖလသမာပတ် ဝင်စားသည်ဆိုလျှင် ထမင်းအသက်ခုနစ်ရက်ဟုဆိုအပ်သော ခုနစ်ရက်ပြည့်တော်မူလျှင် တရားမှ နိုးကြားလာပါစေဟူသည့် အဓိဋ္ဌာန်မျိုးမှတစ်ပါး အခြား ထူးထူးထွေထွေ အဓိဋ္ဌာန်ဆောက်တည်ထားရသည်မရှိ။ လွတ်လပ်သည်။ တပည့်အရိယာများအဖို့မူ တရားထိုင်နေသည့်အချိန်အတွင်း၌ ခုနစ်ရက်ပင် မပြည့်သေးစေကာမူ ဆရာသခင် ဘုရားရှင်က အလိုရှိ၍ ခေါ်တော်မူလျှင်သော်လည်းကောင်း၊ သာသနာတော်ရေး တစ်စုံတစ်ရာအတွက် သံဃာအများက မိမိကို အလိုရှိလျှင်သော် လည်းကောင်း နိုးကြားလာပါစေဟူသော မလွတ်လပ်မှု ရှေးဦးပရိကမ်အဓိဋ္ဌာန်များ ပြုလုပ်ရမြဲဖြစ်သည်။

အရှင်သာရိပုတ္တရာသည်လည်း လက်ယာတော်ရံ တပည့်တစ်ဦးမျှဖြစ်လေရာ ထုံးစံအတိုင်း ယင်းအဓိဋ္ဌာန် ရှေးဦးပရိကမ်ကို ကြိုတင်ပြုလုပ်ပြီးမှ တရားရှုမှတ် သမာပတ်စခန်းသို့ ဝင်ခြင်းဖြစ်သည်။ သို့ရာတွင် တရားအလုပ်သို့ စိတ်စောလွန်းသောကြောင့် ယခုတစ်ကြိမ် သမာပတ်၌ အရှင်သာရိပုတ္တရာ သတိမချပ်မိသော ရှေးဦးပရိကမ်တစ်ရပ် လစ်လပ်မှုဖြစ်သွားရသည်။ ယင်းသည်ကား မိမိတရားထိုင်မည့် သစ်ပင်ရင်းသည် သန့်ရှင်းလေသည် မသန့်ရှင်းလေသည်ကို သတိမထားတော့ဘဲ အမှတ်တမဲ့ ဝင်၍ထိုင်လိုက်မိခြင်းပင် ဖြစ်၏။

ထိုအချိန်၌ ဘုရားရှင်သည် ဂန္ဓကုဋီတွင်ပင် သီတင်းသုံးရင်းမှ ရှင်သာရိပုတ္တရာကို သတိရ၍ ရွှေဉာဏ်တော်ဖြင့် ကြည့်ရှုလိုက်သောအခါ လစ်လပ်ခိုက်အချိန်ကလေးကိုလှု၍ ကျောင်းပြင်ဥယျာဉ်ရှိ သစ်ပင်တစ်ပင်ခြေရင်းတွင် တရားထိုင်လျက်ရှိသည်ကို သိရသောကြောင့် ရှင်သာရိပုတ္တရာ၏ အနီးရှိ သစ်ပင်ရင်းတစ်ခု၌ပင် ဖလသမာပတ် ဝင်စားတော်မူသည်။ ဤတွင် သမာပတ် မဝင်စားမီ မသန့်မရှင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျက်ရှိသော အရှင်သာရိပုတ္တရာ၏ နေရာကို တွေ့ရသောကြောင့် ဆိုဆုံးမရန် အတွက် မိမိရောက်လာကြောင်း သိရှိရန် ရှင်သာရိပုတ္တရာ မြင်သာသောနေရာ တွင် အထိမ်းအမှတ်အဖြစ် ခြေတော်ရာ ချပစ်ခဲ့ကာ ရှင်သာရိပုတ္တရာ အရှင် သမာပတ်မှ ထပြီးလျှင် ကျောင်းတော်သို့ပြန်သည်။

အရှင်သာရိပုတ္တရာ သမာပတ်မှထ၍ ဘုရားရှင်၏ ခြေတော်ရာကို တွေ့မြင် ရသောအခါ မိမိအနီးသို့ ဘုရားရှင် ကြွရောက်လာသည်ကို သိခြင်းနှင့်အတူ မိမိကို ဘုရားရှင်က တွေ့မြင်ရန်အလိုရှိကြောင်း၊ အဘယ့်ကြောင့် တွေ့မြင်လို ကြောင်းကိုပါ သိလိုက်ပြီးဖြစ်သည်။ ထို့ကြောင့် ရုတ်ခြည်းပင် ကျောင်းတော်ရှိရာ ဘုရားရှင်အထံတော်သို့ ဦးလျှိုး၍ ဝင်၏။ စာလာပေလာစကားအတိုင်းဆိုရသော် မိမိအပြစ်ကို မိမိသိပြီးဖြစ်သောကြောင့် ခိုးထုပ်ခိုးထည်နှင့်မိသောသူကဲ့သို့ ဦးလျှိုး၍ ဝင်သည်။ သို့ရာတွင် ဆုံးမပြစ်တင်တော့မည်ကို စိုးရွံ့သောကြောင့်ကား မဟုတ်။ ရနိုင်ခဲသော အဆုံးအမကို ဝမ်းမြောက်စွာ ခံယူရန်ဖြစ်ပေသည်။

"သာရိပုတ္တရာ...မိမိနေရာကို မသန့်ရှင်းဘဲ ရှုပ်ပွေစွာနှင့် တရားထိုင်လျက် ရှိသော သင့်ကို ငါတွေ့ခဲ့ရသည်။ သန့်ရှင်းမှုကို ငါဘုရား အလိုရှိခြင်းမှာ မြင့်မြတ် သော သာသနာအတွက် လိုအပ်သောကြောင့်ဖြစ်သည်။ ငါဘုရားမျက်မှောက်ရှိစဉ် တွင်ပင် သင်ကဲ့သို့သော ထိပ်တန်းတပည့်ကြီးက သန့်ရှင်းမှုကို လျစ်လျူပြုခဲ့ပါ သော် နောင်အခါတွင် ပသို့ပြုအံ့နည်း"

"အရှင်မြတ်ဘုရား...တပည့်တော် သတိကင်းလွတ်ခဲ့မှုကို ခွင့်ပြုတော်မူပါ။ နောင်အခါတွင် မည်သည့်ကိစ္စ၌မဆို မကင်းလွတ်အောင် သတိချပ်ပါမည်ဘုရား"

"သာရိပုတ္တရာ...သာဓု...သာဓု...သာဓု"။

မှန်လှပေ၏။ ယင်းအဆုံးအမကို ခံယူပြီးသည့်အချိန်မှစ၍ အရှင်သာရိ ပုတ္တရာသည် အနည်းဆုံးအားဖြင့် ဆွမ်းခံကြွရန် သင်္ကန်းဝတ်ရုံသည့်အချိန်အခိုက် ကလေးများ၌ပင် ခြေရင်း၌ အမှိုက်သရိုက်ကလေးများကို တွေ့ရှိပါက သင်္ကန်းရုံ ရင်းမှ ခြေထောက်ဖြင့် ဖယ်ရှားရှင်းလင်းပစ်နေသည်ကို တွေ့ကြရသည်။

တစ်ကြောင်းမှာလည်း ဘုရားရှင်ကဲ့သို့သော အတုမရှိ ဆရာအရှင်၏ ဆိုဆုံးမ ခံယူမှုကို အပထားဦး၍ သာမန်ကိုရင်လေးတစ်ပါးကပင်ဖြစ်စေ မိမိချွတ်ချော်မှု ကို တွေ့၍ ဆိုဆုံးမလာသည်ဆိုလျှင် ဝမ်းမြောက်စွာခံယူလေ့ရှိသော အရှင်သာရိ ပုတ္တရာအဖို့ ဘုရားရှင်၏ အဆုံးအမဟူသည် အဘယ်မှာလျှင် လာဘ်ကြီးတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တုန်ဘဲ ရှိပါအံ့နည်း။

သက်န်းရုံသည်ဆိုသောအခါ သင်္ကန်းဝတ်ရုံရင်းဖြင့် ပေါ်ပေါက်ခဲ့သော အရှင်သာရိပုတ္တရာ၏ ကျိုးနွံမှုတစ်ရပ်ကို ဖော်ပြရန် ကျန်ပေသေးသည်။

မှန်၏။ အရှင်သာရိပုတ္တရာသည် သာမန်ကိုရင်လေးတစ်ပါး၏ အဆုံးအမကို ဝမ်းမြောက်ကျိုးနွံစွာ ခံယူခဲ့ဖူးသည်။

မြို့တွင်းသို့ ဆွမ်းခံကြွချိန်ရောက်လျှင် ဘုရားရှင်နှင့် ရဟန်းများသည် ကျောင်းတော်ဝ၌ သင်္ကန်းရုံကြမြဲဖြစ်သည်။ ဇေတဝန်တွင် သီတင်းသုံးစဉ် တစ်ချိန်သော အခါက ဆွမ်းခံထွက်ရန်အတွက် ဇေတဝန်အဝတွင် သင်္ကန်းရုံကြသောအခါ ရှင်သာရိပုတ္တရာ ဝတ်ရုံထားသော သင်္ကန်းစသည် မညီမညာဖြစ်နေသောကြောင့် အဝန်းညီစွာ ဝတ်ရုံရမည်ဟူသော ပရိမဏ္ဍလ သိက္ခာပုဒ်နှင့်မလျော် ဆန့်ကျင်နေသည်ကို မြင်တွေ့ရသော ကိုရင်လေးက "အရှင်မြတ်ဘုရား...အရှင်မြတ်၏သင်္ကန်းစ မညီမညာဖြစ်နေပါသည်ဘုရား"ဟု လျှောက်ထားပါသည်။

ထိုအခါ အရှင်သာရိပုတ္တရာသည် မိမိ၏သင်္ကန်းစကို ငုံ့ကြည့်ပြီးလျှင် ဝမ်းမြောက်ဝမ်းသာနှင့် "မှန်လှပေသည်ကိုရင်...နောင်အခါများတွင် ငါ့အပေါ်၌ ဤကဲ့သို့ မလျော်သည်များကိုတွေ့လျှင် ဆုံးမပါဘိ၊ သာဓု...သာဓု"ဟု မိန့်ကြား၍ သင်္ကန်းကိုပြင်၍ ရုံသည်။

ဤသည်တို့ကား ပြဿနာများ၊ ချွတ်ယွင်းချက်များကို ဖော်ပြလို၍မဟုတ်၊ ဒုတိယအကြီးမြင့်ဆုံးဖြစ်သော အရှင်သာရိပုတ္တရာလို ပုဂ္ဂိုလ်ကြီးမျိုးပင်လျှင် ချွတ်ယွင်းမှုနှင့် မကင်းနိုင်ပုံကို ဖော်ပြလို၍ဖြစ်၏။ ယခုလည်း အရှင်သာရိပုတ္တရာအဖို့ ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်နေရပြန်၏။ တပည့်တစ်ယောက်ကို တရားပေးသည့်ကိစ္စတည်း။

သာသနာ့လုပ်ငန်းတာဝန်များအနက် တပည့်များအား တရားပေး၊ ကမ္မဋ္ဌာန်းပေး၊ နည်းပေးလမ်းပြရသော တရားဆရာ၊ ကမ္မဋ္ဌာန်းဆရာတို့၏ အလုပ်သည် အခက်ဆုံးအလုပ်တစ်ခုဖြစ်၏။ အကြောင်းကား–တပည့်ဖြစ်သူ၏ စရိုက်သဘာဝနှင့် စိတ်ဓာတ်အခြေအနေကို ဆရာဖြစ်သူက စေတနာနှင့် ကရုဏာလျှင် အရင်းတည်ကာ မိမိ၏ အသိဉာဏ်ဖြင့် မှန်းဆနည်းပေးရုံမျှဖြစ်၍ လွယ်မယောင်နှင့် ခက်သည်လည်းရှိ၏။ ခက်မယောင်နှင့် လွယ်သည်လည်းရှိ၏။ ဆိုလိုသည်ကား မှန်းဆချက် တွက်ကိန်းမမီလျှင် လိုရင်းမရောက်နိုင်ဘဲ လွဲချော်နေတတ်ခြင်းကိုပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ဤကိစ္စ၌ ဘုရားရှင်၏ တရားပေးပုံနည်းများကိုပင် နမူနာအဖြစ် ထုတ်ယူတင်ပြနိုင်၏။ တစ်နည်းအားဖြင့် ဘုရားရှင်ပင်လျှင် တရားပေး၍ အဆင်မပြေနိုင်သော သာဓကများကို ထုတ်ပြနိုင်သည်။

ဓမ္မစကြာနှင့် ပဋိစ္စသမုပ္ပါဒ်တို့ကို ဟောသော မိဂါဝုန်တရားပွဲကြီးများလို တစ်ကြိမ်ဟောရုံမျှနှင့် ပရိသတ်မြောက်မြားစွာ အလိုက်သင့် အကျွတ်တရားရသွားကြသော တရားပွဲကြီးများ ရှိသကဲ့သို့ အင်္ဂုလိမာလတို့လို၊ အာဠဝကတို့လို တစ်ယောက်ချင်းကို ခဲရာခဲဆစ် ကယ်ချွတ်ဟောပြောရသည်လည်းရှိ၏။ တစ်ဖန်တုံ ပိဋကတ်အရည်ဝ အတူနေတပည့်များဖြစ်သော သုနက္ခတ္တ၊ သာတိ၊ ကောသမ္ဗီရဟန်းများ စသည်တို့ကို တရားအကြိမ်ကြိမ်ဟောပါလျက်နှင့်ပင် မကျွတ်နိုင်ဘဲရှိပြန်သလို မစင်တွင်းမှာနေ၍ မစင်ကိုသာစားသော လူ့အောက်တန်းစား အစေလက ရဟန်းမျိုးကိုလည်း တစ်ညခင်းမျှဖြင့် ကျွတ်အောင် ကယ်ချွတ်နိုင်ပြန်သည်လည်း ရှိ၏။ ဆိုလိုသည်ကား ကမ္မဋ္ဌာန်းဆရာ၊ တရားဟောဆရာတို့အတွက် ခက်ခဲလှစွာသော အကြင်တပည့်ဝေနေယျတို့၏ စရိုက်နှင့် လိုက်ဖက်သော တရားနည်းပရိယာယ် ကြွယ်ဝလှပုံများကိုပင် ဖြစ်၏။

ကျမ်းဂန်များတွင် သတ္တဝါဝေနေယျတို့၏ စရိုက်မျိုးစုံကို စစ်ဆေး၍ တရားအလုပ် ထိရောက်ရေးအတွက် သူ့စရိုက်နှင့်လိုက်ဖက်သော တရားပေးပုံပေးနည်းများကို ဖော်ပြထားသည် မှန်ပါ၏။ သို့ရာတွင် ယင်းသည်လည်း မှန်းဆချက်မျှသာ ဖြစ်၍ အဝိုင်းလုံးနှင့် အဝိုင်းပေါက်ကဲ့သို့ တည့်ချင်မှ တည့်မည်။ အဝိုင်းလုံးနှင့် လေးထောင့်ပေါက်ကဲ့သို့ လွဲချော်ချင်လည်း လွဲချော်နေမည်။

တစ်ဖန်တုံ တရားအားထုတ်သူတို့တွင် ရှိထားရမည့် (၁) ရတနာသုံးပါး၌ သဒ္ဓါတရားသက်ဝင်ယုံကြည်မှု (၂) ကျန်းမာသန်စွမ်းမှု (၃) မိမိကိုယ်ကိုလည်း မလိမ်၊ ဆရာကိုလည်း မလိမ်သော တော်တည့်ဖြောင့်စင်းမှု (၄) အကျင့်သီလနှင့် ပြည့်စုံကာ ပြင်းထန်စွာ ကြိုးပမ်းအားထုတ်မှု (၅) ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို သိမြင်နိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံမှုတည်းဟူသော ပဓာနိယင် အခြေခံအကြောင်းအချက်ငါးပါးဟူ၍ရှိ၏။ သို့ရာတွင် ယင်းအချက်ငါးပါးနှင့် ပြည့်စုံစေကာမူ သူ့စရိုက်နှင့် တရားအမြိုက်တို့ မကိုက်ညီလျှင် လွဲချော်နေပြန်သည်။

စောင်းသမား သောဏမထေရ်သည် သုသာန်တွင် ခြေဖဝါးတို့မှ သွေးအလိမ်း

www.burmeseclassic.com



လိမ်းထွက်အောင်ပင် ကြီးမားစွာ အားထုတ်မှုဖြင့် တရားကျင့်ရာ တရားလမ်းစဉ် မမြင်နိုင်သောကြောင့် လက်လျှော့တော့အံ့ဆဲဆဲ၌ မလျော့မတင်း စောင်းကြိုးညင်း တည်းဟူသော သူ့စရိုက်စောင်းဥပမာ မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ဘုရားရှင်က တရားတစ်ခွန်းမျှ နည်းလမ်းပြလိုက်သည့်အခါမှ ကျွတ်တမ်းဝင်သည်။ တစ်ဝါတွင်း လုံး ကျက်မှတ်၍မျှ ဂါထာကလေး တစ်ပုဒ်မျှကိုပင် မရနိုင်လောက်အောင် ဉာဏ် ထုံထိုင်းသော အရှင်စူဠပန်ကို ဘုရားရှင်က သူ့စရိုက်သဘာဝ ဖျင်စကလေးကို ပေးလိုက်သည့်အခါမှ ဉာဏ်တံခါးပွင့်ရသည်။ အထာမသိ၊ အညာကိုမမိလျှင် တရားပရိယာယ်ဟူသည် ခက်ခဲလှပါပေ၏။

မိမိ ဒကာ ရွှေပန်းထိမ်ဆရာကြီး၏သား ဤသူငယ်၊ ဤဦးပဥ္စင်းကလေး၏ စရိုက်အထာနှင့် ဓာတ်ခံအညာကို မိမိသိသည်ဟု အရှင်သာရိပုတ္တရာအထင်ရှိသည်။ အကြောင်းကား ဤသူငယ်သည် နုပျို၏၊ သန့်ရှင်းကြည်လင်၏၊ ရုပ်ချော၏။ ဤသူငယ်၏ အခြေခံစရိုက်သည် ရာဂစရိုက်သာဖြစ်ရမည်ဟု အရှင်သာရိပုတ္တရာ ခန့်မှန်းသည်။

ဤသူငယ်သည် ပဥ္စင်းခံရန် အသက်အရွယ်ပြည့်၍ ပြီးခဲ့သော ဝါတော်ဝင်ချိန် က သာသနာတော်၌ သဒ္ဓါတရားပေါက်ကာ မိမိအထံတွင် ပဥ္စင်းအဖြစ်သို့ ရောက် လာသောအခါ လူငယ်တို့ဘာဝ ရာဂစရိုက်နှင့် လိုက်ဖက်သော အသုဘကမ္မဋ္ဌာန်းကို ပေး၍ တရားအားထုတ်စေသည်။

ဦးပဥ္စင်းကလေးသည် လူငယ်ပင်ဖြစ်ကပြီး ပေါ့ပေါ့တန်တန်မဟုတ်၊ မိမိ နည်းပေးလမ်းညွှန်သည့်အတိုင်း ဝီရိယမြဲမြဲနှင့် ပြင်းစွာအားထုတ်သည်။ တရားအား ထုတ်ချိန်တွင်လည်းကောင်း၊ တရားအားမထုတ်သော ပြင်ပအချိန်များတွင် လည်း ကောင်း ကျိုးနွံပိရိ၍ စည်းကမ်းရှိသည်။ ထို့ကြောင့် ဦးပဥ္စင်းကလေး၏ သဒ္ဓါမှာ သာသနာအပေါ်၌ သာမန်သဒ္ဓါမဟုတ်၊ တကယ့်သဒ္ဓါဖြစ်ကြောင်း သိရသည်။ တစ်ထွာပြ တစ်တောင်မြင်၊ အရိပ်ပြ အကောင်ထင်ဟူသကဲ့သို့ မိမိဟောပြော သင်ပြသမျှအပေါ်၌ ပညာဉာဏ်လည်း အကင်းပါးလှသူဖြစ်သည်။ ဆိုလိုသည်မှာ ဤဦးပဥ္စင်းကလေးသည် တရားအလုပ် ပေါက်မြောက်ရေးအတွက် အခြေခံအချက် များနှင့် ပြည့်စုံနေသူဖြစ်သည်။

သို့ရာတွင် တရားစစ်ဆေးသည့်အခါများ၌ ဝါတွင်းသုံးလတိုင်တိုင် မိမိဩဝါဒ အတိုင်း အဆက်မပြတ် အားထုတ်ပါလျက် တရားပေါက်ရောက်မှုအထာကလေး၊

www.burmeseclassic.com

www.burmeseclassic.com



ရေးရေးမျှ မပေါ်လာသည်ကို တွေ့နေရသောကြောင့် အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးအဖို့ အားမလိုအားမရ ဖြစ်နေရသည်။

တရားပေါက်ရောက်မှုဟူသည်ကား အားထုတ်သူ၏ အနုအရင့်ကို လိုက်ကာ မြန်သည်လည်းရှိ၍ နှေးသည်လည်းရှိသည်ကို အရှင်သာရိပုတ္တရာ သိပါ၏။ သို့ရာတွင် သဒ္ဓါ ပညာ ဝီရိယပါ အဘက်ဘက်တွင် ထက်သန်လှသော ဤတပည့်လေးအဖို့ ဝါတွင်းသုံးလတိုင်တိုင် မဆုတ်မနစ် အားထုတ်ပါလျက် တရားအဆင့်တရားအရည်အသွေး ရေးရေးမျှ ပေါ်မလာသောကြောင့် မကျေနပ်။

သို့ဖြစ်၍ ဝါကျွတ်ချိန်ရောက်သောအခါ ဦးပဥ္စင်းကလေးအား အခြားယောဘုယျ ရဟန်းများကဲ့သို့ တရားအရှိန်မပျက်စေဘဲ ပေးထားသော အသုဘကမ္မဋ္ဌာန်းကိုပင် ရှုနည်းရှုဟန် တစ်မျိုးတစ်ဖုံပြုပြင်၍ ဆက်လက်အားထုတ်စေ၏။ သို့နှင့်လည်း ရက်အတန်ကြာ၍မျှ တရားအစအန အရိပ်အယောင်မျှ မြင့်တက်မှုရှိလာသည်ကို မတွေ့ရသောအခါ တပည့်လည်း ပင်ပန်းလှပေပြီ။ မိမိပေးသော တရားလမ်းညွှန်ချက်သည် တိမ်းချော်၍ နေလေပြီလားဟု အားထားရာ ရွှေတောင်ကြီးသဖွယ် မိမိတို့အနီးတွင်ပင်ရှိနေသော ဘုရားရှင်အား လျှောက်ထားအကူအညီတောင်းရန် သတိရလာသည်။

[ ၂ ]

ထို့ကြောင့် တန်ဆောင်မုန်းလ၏ နေ့လယ်တစ်ချိန်တွင် ဆွမ်းစားပြီး၍ နေ့သန့်တော်မူရန် ဂန္ဓကုဋီ၌ သီတင်းသုံးလျက်ရှိသော ဘုရားရှင်အထံတော်သို့ တပည့်ရဟန်းကိုခေါ်၍ ဝင်ရောက်ကန်တော့သောအခါ ဘုရားရှင်က 'လျှောက်ထားရန်ကိစ္စရှိလေသလား သာရိပုတ္တရာ'ဟု မေးတော်မူ၏။

"မှန်လှပါ...တပည့်တော်၏တပည့် ဤရဟန်းငယ်သည် သာသနာတော်၌ စေတနာသဒ္ဓါထက်သန်သူ ဖြစ်ပါ၏။ မဆုတ်မနစ်သော ဝီရိယနှင့် ပြည့်စုံသူလည်း ဖြစ်ပါ၏။ သို့ပါလျက် ဝါတွင်းသုံးလမျှမက ယနေ့တိုင်အောင် စွဲစွဲမြဲမြဲ အားထုတ်ခဲ့သော်လည်း စိတ်၏တည်ငြိမ်မှုကလေးမျှ မရသည့်အတွက် နည်းပေးလမ်းညွှန်တော်မူပါရန် အရှင်မြတ်ထံ ခေါ်ဆောင်အပ်နှံပါသည်ဘုရား"

"မည်သည့်တရားများ ပေးထားသနည်း သာရိပုတ္တရာ"

"မှန်လှပါ၊ လူငယ်စရိုက်နှင့် ထိုက်သင့်သည်ထင်သော အသုဘကမ္မဋ္ဌာန်း

www.burmeseclassic.com



စီးဖြန်းရန် နည်းပေးလမ်းညွှန်ခဲ့ပါသည်ဘုရား”

ထိုအခါ သိတော်မူ မြင်တော်မူသော ဘုရားရှင်က လူငယ်တို့စရိုက်နှင့် လိုက်ဖက်အံ့ဟု ခန့်မှန်း၍ပေးခဲ့သော အရှင်သာရိပုတ္တရာ၏ တရားပေးလွဲချော်နေမှုကို ပြုံးတော်မူကာ “သာရိပုတ္တရာ…လူငယ်တိုင်းသည် ရာဂစရိုက်ရှိကြသည် မဟုတ်ပါ။ သင့်တရားပေး လွဲချော်နေမှုကြောင့် ဤရဟန်းငယ်အဖို့ လေးလတိုင်တိုင် ပင်ပန်းခဲ့ရ၏။ သို့ရာတွင် သင်တို့ ယခုရောက်လာခြင်းမှာလည်း အချိန်အခါ သင့်ပင် ဖြစ်ပါ၏။ ကောင်းပြီ သင့်တပည့်အား ငါဘုရားထံတော်တွင် ထားခဲ့လော့။ သင့်တပည့်အား ယနေ့ညနေပိုင်းတွင်ပင် သင်တို့လိုအပ်သော တရားရှင် အဖြစ် မြင်တွေ့ရပါလိမ့်မည်”ဟု မိန့်ကြားလိုက်သောကြောင့် အရှင်သာရိပုတ္တရာ အဖို့ တပည့်ရဟန်းကို ဘုရားရှင်အထံတော်၌ ထားခဲ့ကာ ဝမ်းမြောက်ဝမ်းသာနှင့် ဖဲကွာလာခဲ့သည်။

အချိန်သင့် အခါသင့်သည် မှန်လှပါပေ၏။ အကြောင်းကား တပည့်ငယ် အား ဘုရားရှင်ထံတော်သို့ ရောက်လာလွှဲအပ်သောအချိန်သည် ကြာမျိုးစုံတို့ ဝေဆာဖူးပွင့်ကြသော တန်ဆောင်မုန်းလ အချိန်အခါပေတည်း။ တန်ဆောင်မုန်း သည် သို့မဟုတ် ကြာပန်းသည် ဤရဟန်းငယ်နှင့် အဘယ်ပုံ အချိန်သင့် အခါသင့် ပါသနည်း။

ဤပဥ္စင်းငယ်သည် ရွှေပန်းထိမ်သည်၏ သားဖြစ်သည်။ ရွှေပန်းထိမ်ပညာရှင် ဖြစ်သည်။ ရွှေပန်းထိမ်တွင်လည်း ပညာရပ်အမျိုးမျိုးရှိသည့်အနက် ဖခင်၏တာဝန် ပေးချက်အရ မဟာလေ့ကားပန်းပုံစံ၊ ပဒုမ္မာကြာပန်းပုံစံ ပန်းထိမ်ပစ္စည်းများကို မပြတ်ထုလုပ်ရသူဖြစ်၏။

ပန်းထိမ်ဟူသည် ပန်းဆယ်မျိုးဟု သတ်မှတ်ထားသော အနုပညာတစ်ရပ် ဖြစ်၏။ အနုပညာဟူသည် ‘အနု’ဟူသော စကားနှင့်အညီ မိမိပြုလုပ်သော ပညာ ပစ္စည်းအပေါ်တွင် အနုစိတ် စူးစိုက်ပြုလုပ်ခြယ်မှုန်းရသော ပညာဖြစ်၏။ ပန်းချီ ဆရာသည် မျဉ်းမတ်မျဉ်းကွေ့နှင့် ဆေးရောင်မျိုးစုံတို့ကိုသာ စူးစူးစိုက်စိုက်နှင့် အနုစိတ်မြင်၏။ ပန်းပုဆရာသည် မိမိထုလုပ်သော အနုပညာပစ္စည်း၏ အကွေ့ အဝိုက် အမို့အမောက်တို့ကိုသာ စူးစူးစိုက်စိုက်နှင့် အနုစိတ်မြင်၏။ ပန်းထိမ်ပညာရှင် အဖို့မူ မိမိပြုလုပ်သော ပညာပစ္စည်းအပေါ်တွင် ပို၍ အာရုံစူးစိုက်ရသည်ဟု ရယူနိုင်သည်။ အကြောင်းကား–ပန်းထိမ်ပညာရှင် ကိုင်တွယ်မိသော ပစ္စည်းဟူသည်

www.burmeseclassic.com

www.burmeseclassic.com



အဖိုးတန်ရတနာတို့ ဖြစ်သောကြောင့်တည်း။

ဆိုလိုသည်ကား-အနုပညာရှင်၏ အနုပညာအလုပ်ဟူသည် ကမ္မဋ္ဌာန်းဟု အမည်မတပ်သော်လည်း ကမ္မဋ္ဌာန်းသမားတရားရှင်တို့နှင့် အနုစိတ်နိုင်စွမ်းသမျှ စိတ်ကာ စူးစိုက်ရှုမှတ်ရမှုချင်း တူသောကြောင့် ကမ္မဋ္ဌာန်းအလုပ်တစ်မျိုးပင် ဖြစ်သည်။ ထို့ကြောင့် ပန်းထိမ်ပညာရှင်ဖြစ်သော ဦးပဥ္စင်းကလေးသည် မိမိ မပြတ်ပြုလုပ်ခဲ့ရသော အနုပစ္စည်း ပဒုမ္မာကြာပန်းသဏ္ဌာန်တွင် မပြတ်ရှုမှတ် စူးစိုက်ခဲ့ရသူဖြစ်၏။ ပဒုမ္မာကြာပန်းပြုလုပ်သော ရွှေရောင်၊ အနီရောင်တွင် အာရုံမပြတ်ရှုမှတ်စူးစိုက်ခဲ့ရသူဖြစ်၏။ ထို့ကြောင့် ဤဦးပဥ္စင်းလေးသည် ဘုရားရှင်သတ်မှတ်ထားသော ကမ္မဋ္ဌာန်းနည်းပေါင်း လေးဆယ်တို့အနက် အလိုက်သင့်ပင် အခြေခံရရှိလာခဲ့သော အနီရောင် လောဟိတ ကမ္မဋ္ဌာန်းရှင်တည်း။

တစ်ဘဝတွင် တစ်ခါမျှသာ အလေ့အထုံရှိသော သာမန်လောဟိတ ကမ္မဋ္ဌာန်းရှင်မဟုတ်၊ ဘဝငါးရာတိုင်တိုင် အဆက်မပြတ် ရွှေပန်းထိမ်သည် ဘဝတွင်သာ ဖြစ်ခဲ့ပြီးနောက် အနုပစ္စည်း ပဒုမ္မာကြာပန်းဖြင့်သော်လည်းကောင်း၊ လောဟိတ အနီရောင်ရွှေဖြင့်လည်းကောင်း စူးစိုက်လေ့လာထုံခဲ့ပြီးသူတည်း။

ဤပါရမီ၊ ဤဓာတ်ခံကို သိတော်မူ မြင်တော်မူပြီးသော ဘုရားရှင်က အရှင်သာရိပုတ္တရာ ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် ရဲရဲနီသော ပဒုမ္မာကြာပန်းကြီးတစ်ပွင့်ကို တန်ခိုးတော်ဖြင့်ပင် လက်တော်အရောက် ဖန်ဆင်းတော်မူလိုက်ကာ ဦးခိုက်ဝပ်တွားလျက်ရှိသော ရဟန်းငယ်အား "ချစ်သားရဟန်း...ရှုလော့၊ ဤသည်ကား သင့်အတွက် ကမ္မဋ္ဌာန်းပစ္စည်း ကသိဏ်းဝန်းပေတည်း။ ဤဇေတဝန်၏ အနောက်တောင်ထောင့် ရေကန်အနီး သဲပုံတွင် သင့်အတွက် ဆိတ်ငြိမ်လှသော ကမ္မဋ္ဌာန်းထိုင်စရာ နေရာတစ်ခုရှိသည်။ ထိုနေရာသို့သွားပြီးလျှင် ဤကြာပန်းကို သဲပုံတွင်စိုက်၍ "နီသောအရောင်-နီသောအရောင်"ဟု လောဟိတကမ္မဋ္ဌာန်းကို ရှုပွားလေလော့ ချစ်သား"ဟု ကြာပန်းကိုပေးရင်း မိန့်ကြားလိုက်သောအခါ ရဟန်းငယ်အဖို့ ဘုရားရှင်လက်တော်မှ ကြာပန်းကို လှမ်းယူလိုက်စဉ်ကပင် မိမိ၏ အခြေခံစရိုက်ဓာတ်နှင့် တိုက်ခတ်မိလိုက်ပြီဖြစ်သည့်အတိုင်း ရွှင်သောမျက်နှာ၊ ကြည်သာသောနှလုံး၊ ပြုံးသောဣန္ဒြေတို့ဖြင့် နှလုံးအိမ်ကို ဝွမ်းစိမ်လိုက်ဘိသကဲ့သို့ ပီတိတဝေဝေ ဖြစ်ရသည်။

ဦးပဥ္စင်းကလေးသည် ဘုရားရှင်အား ဝပ်တွားရှိခိုးပြီးနောက် ဇေတဝန်သို့

www.burmeseclassic.com

www.burmeseclassic.com



အနောက်တောင်ထောင့်ရှိ ရေကန်ဆီသို့ ထွက်ခဲ့သည်။

ဇေတဝန်ကျောင်းတော် တည်ဆောက်စဉ်ကပင် လေးဘက်လေးတန်တွင် ရေကန်ကြီးများပါရှိခဲ့၏။ သို့ရာတွင် အနောက်တောင်ထောင့်ရှိ ရေကန်မှာ လူနေနီးသောကြောင့် ရဟန်းတော်တို့ အသုံးပြုနည်းသည်။ သို့ဖြစ်၍ အခါခပ်သိမ်း လိုလို ဆိတ်ငြိမ်လျက်ရှိသည်။ ယခုလို တန်ဆောင်မုန်းလလို ရာသီမျိုးဆိုလျှင် ရေကန်အနီးသို့ ရဟန်းတော်တို့ အရောက်အပြုနည်းသည်။ အကြောင်းကား ကြာမျိုးစုံပွင့်သော ရာသီဖြစ်သည့်အလျောက် လူငယ်လူရွယ်တို့သည် ဤရေကန်သို့ ကြာပန်းကြွာစွယ် ဆွတ်ခူးရန်ရောက်လာတတ်သောကြောင့် ဖြစ်သည်။

သို့ရာတွင် ဘုရားရှင်အမိန့်တော်အရ ဦးပဥ္စင်းကလေးသည် ဤရေကန်သို့ ရောက်လာသောအခါ တိတ်ဆိတ်လျက်ရှိသည်ကို တွေ့ရသည်။ ရေကန်တစ်ခုလုံးသည် ကြာဖူးကြာငုံတို့ဖြင့် လှပလျက်ရှိသကဲ့သို့ ကန်ပတ်လည်တွင် ခင်းဖြန့်ထားသော သဲပြင်ကို တွေ့ရသည်မှာလည်း ဘုရားရှင် တောထွက်တော်မူစက ရောက်ခဲ့သော အနော်မာသောင်ယံဟူသည် ဤပုံစံပင်ဖြစ်လိမ့်မည်တကားဟု ဦးပဥ္စင်းလေး စဉ်းစားမိရင်း သစ်ပင်ရိပ်တစ်ခုရှိ သဲစပ်တစ်နေရာတွင် ဘုရားရှင်ပေးလိုက်သော ကြာပန်းကြီးကို စိုက်ထောင်ကာ တစိမ့်စိမ့် တဖိမ့်ဖိမ့် တိုးတက်ဖြစ်ပေါ်လျက်ရှိသော ပီတိအရှိန်ကို အဟုန်မလျော့စေဘဲ လောဟိတ ကမ္မဋ္ဌာန်းကို စီးဖြန်းသည်။

ယင်းသို့လျှင် ကမ္မဋ္ဌာန်းအရှိန်ကို မယုတ်လျော့စေဘဲ မပြတ်ရှုပွားရင်းဖြင့် ယခင်က မခံစားဖူးသောအာရုံ၊ မတွေ့ကြုံဖူးသော တရားအရသာများကို တစ်ဆင့်ပြီး တစ်ဆင့်တက်၍ ခံစားရကာ ကမ္မဋ္ဌာန်းအာရုံ၌ အထုံကြီးထုံ အနစ်ကြီးနစ်၍ နေခဲ့ရာတွင် ရေကန်သို့ ကလေးသူငယ်တို့ ဆော့ကစားလာသည်ကိုပင် မသိလိုက်၊ ညနေ အတန်စောင်း၍ ကမ္မဋ္ဌာန်းအာရုံမှ ထတော့အံ့ဆဲဆဲတွင်မှ ဘုရားရှင်ပေးလိုက်သော ကြာပွင့်ကြီးသည်လည်းကောင်း၊ ရေကန်တွင် သာယာလျက်ရှိသော ကြာဖူးကြာပွင့်တို့မှာလည်း ကလေးသူငယ်တို့ ဆော့ကစားသွားသောကြောင့် လည်းကောင်း တစ်နေ့တာလုံး ဝင့်ကြွား ထွန်းတောက်ခဲ့သော နေမင်းကြီးသည်ပင်လျှင် ညနေချမ်းအခါ၌ ညှိုးညှိုးလျော်လျော်နှင့် နီရဲရဲအရောင်သို့ပြောင်းကာ ကွယ်ပျောက်ချုပ်ဆုံးရတော့အံ့သည်ကို ရှုမြင်သုံးသပ်ရသောကြောင့်လည်းကောင်း၊ ညှိုးသည်က ညှိုး၊ ပြတ်သည်ကပြတ်၊ ပျက်စီးသည်က ပျက်စီးနှင့် ဖြစ်နေကြရာတွင် ဖြစ်မှု ပျက်မှု သဘာဝအပေါ်တွင် သင်္ခါရအမြင်၊ ဝိပဿနာအမြင်ဖြင့် ဆင်ခြင်သုံးသပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ ထိုင်ရာမှ မထမီပင် လေးလတိုင်တိုင် ကြိုးစား၍မျှ စိတ်တည်ငြိမ်မှုကလေးမျှ မရခဲ့သော ဦးပဥ္စင်းလေးအဖို့ နိဗ္ဗာန်စခန်းသို့ တက်လှမ်း၍သွားလေတော့သည်။

[ ၃ ]

အရိယာဟူသည် ကိလေသာတို့ကို စွန့်ပယ်သူဖြစ်သော်လည်း ဝါသနာနှင့်တကွ ပယ်စွန့်ခြင်းမှာမူကား ဘုရားရှင်တို့သာလျှင် သီးသန့်ရရှိတော်မူကြသောဂုဏ်ထူးတစ်ရပ်ဖြစ်ပေ၏။ ဆိုလိုသည်မှာ အရိယာတို့သည် ကိလေသာကင်းပသောနောက်ဆုံးဘဝသို့ ရောက်ရှိသူများဖြစ်စေကာမူ သံသရာတစ်ခွင် ကျင်လည်ခဲ့သမျှသော ဘဝအဆက်ဆက်မှ ဝါသနာစရိုက်များသည် အရိယာဘဝအထိ အရှိန်အဟုန်မကုန်သေးဘဲ ရှိနေတတ်ကြခြင်းပင် ဖြစ်၏။

အချို့မှာ နှုတ်ထွက်ကြမ်းသည်။ အချို့မှာ မွန်ရည်သေသပ်ခြင်း၊ အချို့မှာကပျစ်ကညစ် ဖြစ်သလိုနေတတ်ခြင်း စသည်ဖြင့် စရိုက်ဝါသနာ၏ အစွန်းအစကလေးများကို တွေ့ကြရသည်။ စာလာပေလာပင် မဟုတ်စေကာမူ စရိုက်ဝါသနာနှင့် ပတ်သက်၍ အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးအကြောင်းကိုပင် စကားတစ်ရပ်လုပ်ကာ ပြောကြဆိုကြ၏။

ဒါယကာတစ်ယောက်က အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးကို မိမိအိမ်သို့ဆွမ်းစားပင့်၍ ကျောင်းမှ အတူသွားကြသည်။ အိမ်တွင် အရှင်မောဂ္ဂလာန်အားလှူရန်အတွက် သင်္ကန်းသုံးထည် ပြင်ထားသည်။ လမ်းတွင် ရေအိုင်ကလေးတစ်ခုတွေ့သောအခါ အရှင်မောဂ္ဂလာန်က ကွေ့ရှောင်၍မသွားဘဲ မျောက်ဘဝကပါလာသော ဝါသနာကြောင့် ခုန်ကျော်၍သွားသည်ဆို၏။ ထိုအခါ နောက်ပါဒကာကရဟန်းဖြစ်ပါလျက် ဣန္ဒြေမစောင့်ရန်ကောဟု သင်္ကန်းနှစ်ထည်ကိုသာ လှူတော့မည်ဟု စေတနာတစ်ထစ်လျှော့လိုက်သည်။

နောက်ရေအိုင်ကလေးတစ်ခုတွေ့ရသောအခါ အလားတူပင် ခုန်၍ စေတနာတစ်ထစ်လျော့သွားကာ တစ်ထည်ပဲလှူတော့မည်ဟု ကြံသည်။ တတိယအကြိမ်ရေကန်ကလေးတစ်ခုကို တွေ့သောအခါတွင်မူ အရှင်မောဂ္ဂလာန်က မခုန်တော့ဘဲကွေ့ရှောင်၍သွားသဖြင့် "အရှင်ဘုရား...အဘယ့်ကြောင့် ကွေ့ရှောင်၍သွားပါသနည်း၊ ခုန်ပါဦးတော့လား"ဟု အငေါ်ကလေးနှင့် လျှောက်ထားသောအခါ အရှင်

www.burmeseclassic.com

www.burmeseclassic.com



မောဂ္ဂလာန်က "ဒါယကာသည် တစ်ခါခုန်လျှင် သက်န်းသုံးထည်စလုံး လက်လွတ်ရတော့မည်ကြောင့် မခုန်တော့ပါ"ဟု ပြောသည်ဆို၏။ ထိုအခါတွင်မှ အရှင်မောဂ္ဂလာန်ကို ဒါယကာက မိမိစိတ်အကြံကိုသိသော ရဟန္တာဖြစ်မှန်း သိ၍သွားကာ ရှိခိုးတောင်းပန်သည်ဆို၏။

ပုံပြင်မှာ လုပ်ကြံပုံပြင်ကလေးမျှဖြစ်သော်လည်း ဝါသနာစရိုက်နှင့်ပတ်သက်၍ လိုက်ဖက်လှသောကြောင့် မဆိုးလှပါ။ မဆိုး၍လည်း စာမတင်ပေမတင်ပင်ဖြစ်စေကာမူ ဝါသနာနှင့်ပတ်သက်လာလျှင် သာသနာတော်အစဉ်အဆက် နှုတ်ချင်းဆက်ကာ ပြောဆိုလာခဲ့ကြခြင်း ဖြစ်ပေသည်။

ပြောလိုသည်ကား-ကြာပန်းဝါသနာရှင်၊ ရွှေရောင်စရိုက်ရှင် ဦးပဋ္ဌင်းလေးအကြောင်းပင် ဖြစ်ပေ၏။ လောဟိတကမ္ဗဋ္ဌာန်းဖြင့် ရဟန်းကိစ္စပြီးစီး၍ ဘုရားရှင်သို့ သွားရောက်ကန်တော့သောအခါ ဘုရားရှင်က သာခုသုံးကြိမ်ခေါ်၍ ကောင်းချီးပေးသည်။ ဉပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာသို့ သွားရောက်ကန်တော့သောအခါ သိတော်မူ မြင်တော်မူသော ဘုရားရှင်အား ချီးကျူးရင်း တပည့်ဖြစ်သူအား ကောင်းချီးပေးသည်။

ဇေတဝန်အနောက်တောင်ရှိ ကျောင်းစပ်ရေကန်သည် လူတို့နှင့်နီးစပ်သောကြောင့် ရဟန်းတော်တို့ တရားအားထုတ်ဖို့ဝေး၍ အရောက်အပေါက်ပင်နည်းကြောင်း အထက်တွင် ပြဆိုခဲ့ပြီ။ သို့ရာတွင် ထိုနေ့ကမူ ကန်စပ်သဲပြင်တွင် ရဟန်းကလေးတစ်ပါး တရားအားထုတ်လျက်ရှိသည်ကို တွေ့ကြရသောကြောင့် ကလေးသူငယ်များပင် ငြိမ်ငြိမ်သက်သက်နှင့် ရေကန်သို့ ချဉ်းကပ်ကြသည်။

ဤမှုဆက်၍ ယင်းကိုယ်တော်ကလေးအား ဤရေအိုင်ရှိ ကြာပန်းများအနီးတွင်လည်းကောင်း၊ အချို့က တောရိပ်တောင်စွယ်ရှိ ကြီးမားသောရေအိုင်၏အလယ် ကြာပွင့်များအကြားတွင်လည်းကောင်း ကြာပန်းကြာပွင့်နှင့်ဆက်စပ်ကာ မကြာခဏ ဤကိုယ်တော်ကလေးကို ဖူးတွေ့၍နေရသောကြောင့် မူလဘွဲ့အမည်ရင်းကပင် ကင်းပျောက်ကာ "ကြာပန်းကိုယ်တော်လေး၊ ကြာပန်းအရှင်ကလေး"ဟူသော သတင်းမှာ မြို့ထဲ ရွာထဲတွင်လည်းကောင်း၊ ဇေတဝန်တွင်လည်းကောင်း တသင်းသင်း မွှေးပျံ့လျက်ရှိသတည်း။ ။

❂❂❂

www.burmeseclassic.com

www.burmeseclassic.com



# ရဟန်း

[ ၁ ]

မာနကိုပန်းခင်း၍ အနိမ့်အမြင့်ကိုပိုင်းခြားသော လောကီလူနတို့အမြင်ဖြင့် ကြည့်လျှင် ရဟန်းဟူသည်ကို နှစ်မျိုးမြင်တတ်၏။ မြင်ရုံမျှမဟုတ်၊ စာနှင့်ပေနှင့် ပိုင်းခြား၍ပင် ပေးတတ်ကြသည်။ ယင်းနှစ်မျိုးကား–လောကီစည်းစိမ်ရှင် ဖြစ်ပါလျက်နှင့် ယင်းစည်းစိမ်အားလုံးကို စွန့်လွှတ်ကာ ရဟန်းပြုလုပ်သူကို သဒ္ဓါပဗ္ဗဇိတ သဒ္ဓါရဟန်း၊ ဒုက္ခမျိုးစုံတွေ့ကြုံ၍ ရဟန်းဘဝသို့ ရောက်လာသူကို ဘယာပဗ္ဗဇိတ ဘယာရဟန်း ဟူသတည်း။

စည်းစိမ်ဟူသည် လူသတ္တဝါတို့၏ မှောက်မှားသော အမြင်သာဖြစ်၍ ယင်းစည်းစိမ်ကို စွန့်လွှတ်စရာရှိ၍ စွန့်လွှထ်သည်ဖြစ်စေ၊ ဘေးဒုက္ခကြောင့် ရဟန်းဘဝသို့ ခိုလှုံလာသည်ဖြစ်စေ လောကီအငြိအစွန်း အတွယ်အတာ အနှောင့်အယှက်ကင်းအောင် သာမန်အားဖြင့် သတ်မှတ်ထားအပ်သော စည်းကမ်းဘောင်အတွင်း၌ ရဟန်းဘဝကို ရှိညွတ်သော တရားရှေ့ဆောင်စိတ်၊ သံဝေဂစိတ်ဖြင့်သာ လာပါစေ၊ ဆင်းရဲချမ်းသာမရွေး ယင်းပုဂ္ဂိုလ်ကို ရဟန်းပြုပေးအပ်၏။ တရားရှေ့ဆောင်စိတ်ဖြင့် သာသနာတော်သို့ ဝင်လာသူမှန်သမျှသည် သဒ္ဓါပဗ္ဗဇိတ သဒ္ဓါရဟန်းချည်းတည်းဟု ဘုရားရှင် ဟောတော်မူသည်။ အဘယ့်ကြောင့်ဆိုသော် ကာမဂုဏ်ဟူသည် ဘုရင့်ရွှေနန်းဆောင် ကာမဂုဏ်ဖြစ်စေ၊ တဲကုပ်မှ ဆင်းရဲသား၏ ကာမဂုဏ်ဖြစ်စေ အတူတူသာဖြစ်၍ ရဟန်းဘဝသို့ ရောက်လာသူသည် ယင်းကာမဂုဏ်ကို စွန့်လွှတ်ရသူချည်း ဖြစ်သောကြောင့်တည်း။

ယင်းသို့လျှင် ဘုရားရှင်အလိုရှိတော်မူအပ်သော ရဟန်း၊ မာနမြူငွေ့ကင်းသော ရဟန်း၊ အေးငြိမ်းတည်ငြိမ်သောရဟန်း၊ လူတန်းစားမရှိသော ရဟန်း၏သရုပ်ကို

www.burmeseclassic.com



ပြသသူများအနက် ရှင်ရဋ္ဌပါလတစ်ပါးလည်း အပါအဝင်ဖြစ်သည်။ ရွှေပုံငွေပုံများ အကြားတွင် စိန်ကို ဖယ်တောက်၍ ကစားကာ လောကစည်းစိမ် အထွတ်အထိပ်ဖြင့် ချမ်းသာခဲ့သော ရဋ္ဌပါလလုလင်သည် လယ်ယာမိုးမြေ ရွှေငွေစိန်ကျောက်ဆိုသည်တို့ကို အပထား၍ မယားချောမယားလှ မယားများစွာကိုပင် စွန့်လွှတ်ခဲ့သော ရဟန်းတည်း။

ဘုရားရှင်၏ တရားတော်ကို နာယူရသောအခါ တစ်ချောင်းတည်းသော ဓမ္မသံဝေဂစိတ်ဖြင့် ရဟန်းဘဝသို့ လွယ်လွယ်ကူကူပင် တန်း၍ဝင်ရောက်လိုခဲ့သော်လည်း မိဘခွင့်မပြုလျှင် ရဟန်းဘဝသို့ မရောက်နိုင်ဟူသော စည်းကမ်းကြီးတစ်ရပ်ရှိနေသောကြောင့် လွယ်လွယ်ဖြင့် ရဟန်းဖြစ်ခဲ့ရသည်ကား မဟုတ်။ ရှင်သုဒိန်၊ ရှင်သုန္ဒရာ နန္ဒ စသော မိဘအနှောင်အဖွဲ့မကင်းသူတို့၏ ထုံးတမ်းစဉ်လာအတိုင်းပင် အသက်နှင့်လဲ၍ အစာငတ် ဆန္ဒပြကာ ရဟန်းဘဝသို့ ရောက်လာခဲ့ရသူဖြစ်၏။ ငါတို့သား အစားမစား၍ အသက်သေဆုံးသွားရသည်ထက် ရဟန်းဘဝဖြင့် မြင်ရသေးသည်ကပင် တော်သေး၏ဟူသော အတွေးဖြင့် ခွင့်ပြုချက်ရခဲ့သည်။ သို့သော် ရှင်သုဒိန်၊ ရှင်သုန္ဒရာနန္ဒ စသူတို့လို လွတ်လွတ်ကျွတ်ကျွတ်ရခဲ့သည်ကား မဟုတ်။ ရဟန်းဘဝရောက်လျှင် သားချစ်၏မျက်နှာကိုမြင်ရသော မိဘများထံသို့ မကြာခဏ လာရောက်ပါမည်ဟူသော ကတိအချုပ်အတည်းကလေးဖြင့် ခွင့်ပြုချက်ရခဲ့ရသူဖြစ်သည်။

မိဘများအဖို့ သားဖြစ်သူကို မကြာခဏ တွေ့မြင်လိုသည်လည်း မှန်၏။ အခြားရည်ရွယ်တစ်ရပ်လည်း ရှိသည်။

လူဟူသည် ပတ်ဝန်းကျင်သို့ လိုက်ပါတတ်မြဲဖြစ်သည်။ ပတ်ဝန်းကျင်သည် ဘဝကိုပြုပြင်၏။ ငါတို့သားသည် အဆွဲကောင်း၊ အချွတ်ကောင်း၊ အဟောကောင်း ဆရာကြီး ဘုရားရှင်နှင့်တွေ့၍သာ ရဟန်းပြုလိုခြင်းဖြစ်သည်။ ဒီအကောင်း စည်းစိမ်အင်မတန်ခံတတ်သည်။ အထူးသဖြင့် သူ့ချစ်ဇနီးကလေးများဖြင့် ဆွဲဆောင်လျှင် ငါတို့ထံ ပြန်လည်ရောက်ရှိလာနိုင်သည်ဟူသော ဖခင်ကြီး၏ ရည်ရွယ်ချက်ဖြစ်၏။

ဘုရားရှင်သည် ဒေသစာရီလှည့်လည်ခြင်းဖြင့် ကုရုတိုင်း ကောရဗျမင်း၏ နိုင်ငံတော်အနီးရှိ စည်ပင်သာယာရွာကြီးသို့ရောက်၍ တရားပွဲကျင်းပချိန်တွင် စည်ပင်သာယာ ထိပ်သီးသတို့သား ရဋ္ဌပါလ ရဟန်းပြုသည့်ကိစ္စ ပေါ်လာ၏။ စင်စစ်အားဖြင့် ဘုရားရှင်အဖို့ ဉာဏ်ယုန်ကိုမြင်၍ ဉာဏ်ချုံကိုထွင်သည်ဆိုသောစကား

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ သားကောင်းတစ်ယောက် ပေါ်ပေါက်လာမည့် ရဋ္ဌပါလအကြောင်းကြောင့်ပင် စည်ပင်သာယာရွာသို့ ကြွရောက်လာခဲ့ခြင်းဖြစ်၏။ သာမန်ကြွရောက်လာရုံမျှမဟုတ်၊ ရဋ္ဌပါလ ရဟန်းဘဝရောက်လာသည်အထိ စည်ပင်သာယာတွင် ဆိုင်းငံ့သီတင်းသုံး တော်မူသည်။

စည်ပင်သာယာရွာအနီးရှိ ကောရဗျမင်း၏ သမင်တောဥယျာဉ်ကလည်း သူ တော်ကောင်းတို့ နှလုံးမွေ့လျော် ပျော်ဖွယ်အလွန်ကောင်း၍ ဘုရားဖြစ်စ ဓမ္မစကြာ တရား ဟောတော်မူခဲ့သည့် သမင်တောအုပ်ကဲ့သို့ပင် အလွန်အေးချမ်း ဆိတ်ငြိမ် သည်။ ဤဥယျာဉ်ကို အကြောင်းပြု၍ပင် ဤအရပ်၌ သာသနာတော် စည်ပင် တိုးပွားလာဦးမည်ကိုလည်း မြင်တော်မူ၏။

ရဋ္ဌပါလလုလင်ကို ရဟန်းပြုပေးပြီးသည့်အခါမှ ရှင်ရဋ္ဌပါလအား နောက်ပါ ရဟန်းတစ်ပါးအဖြစ် ခေါ်ဆောင်ကာ အစဉ်အတိုင်း ဒေသစာရီလှည့်လည်ရင်းဖြင့် သီတင်းသုံးတော်မူရင်း ဒေသ သာဝတ္ထိသို့ ရောက်တော်မူ၏။

အစာမစား၍ သေမည့်ဘေးကြောင့် စွန့်လွှတ်လိုက်ရသော်လည်း မိဘများ အဖို့ နည်းနည်းကလေးမျှ မကျေနပ်။ အကြောင်းမှာ–တစ်ဦးတည်းသော သား ဖြစ်ရုံမက စည်းစိမ်ဥစ္စာ အမွေအားလုံးကို ဆက်ခံမည့်သူလည်း ဖြစ်သည်။ အစာ ငတ်ခံ၍ ဆန္ဒပြသောအခါ ချော့၍မရ၊ ချောက်၍မရ၊ စည်းစိမ်မျိုးစုံကို ဗန်းပြ မျှား၍လည်း မရသောကြောင့် ကြွက်မနိုင် ကျီမီးရှို့ဆိုသကဲ့သို့ ဘုရားရှင်နှင့် ရဟန်းဆိုသူအားလုံးအပေါ် စိတ်နာစွာဖြင့် သားကိုစွန့်လွှတ်လိုက်ရသည်။ သား ရဟန်း ဤရွာမှ ကြွသွားသည်ကိုပင် ရဟန်းတို့အပေါ် စိတ်နာသောကြောင့် နှုတ်မဆက်၊ မိဘနှစ်ဦး မျက်ရည်လည်ရွဲနှင့် အိမ်မှာနေ၍ မျှော်လိုက်ကြသည်။

သာမန်မျှော်ရုံမဟုတ်၊ ငါတို့သားသည် ငါတို့ရင်ခွင်သို့ မုချပြန်ရောက်လာရ မည်ကို မျှော်လင့်ချက်ကြီးစွာထားသည်။ အကြောင်းမှာ–ကိုယ့်သားအကြောင်း ကိုယ်သိသည်ဟုထင်သည်။ ဒီကောင် စည်းစိမ်အင်မတန်ခံတတ်သည်ဟူသော ဖော်ပြပါအတွေးမှာ အကြောင်းမဲ့အတွေးမဟုတ်၊ ဓာတ်သိ နှမ်းဘတ်ချဉ်အတွေး ဖြစ်သည်။

အသက်က ငယ်ငယ်၊ စည်းစိမ်က သုံးမကုန်နှင့် နည်းမျိုးစုံအောင် ရဋ္ဌပါလ ဇိမ်ခံတတ်သည်ကို မိမိတို့အသိဖြစ်သည်။ မှောက်မှောက်မှားမှားဖြစ်မည့်ကိစ္စမျိုး မှလွဲ၍ တစ်ဦးတည်းသောသားမို့ လုပ်ချင်ရာလုပ် ကြည့်နေကြသည်။ ယူလိုက်သည့်

www.burmeseclassic.com

www.burmeseclassic.com



မယားတွေမှာလည်း သောက်သောက်လဲ ဆိုရမလောက်ဖြစ်၏။ စည်ပင်သာယာနှင့် ဝန်းကျင်ရှိသမျှ၊ ကွမ်းတောင်ကိုင်မှန်သမျှ ရဌပါလမယားချည်း ဆိုရမလောက်ဖြစ်၏။

ဤမျှ ကာမဂုဏ်ဝဲဂယက်တွင် နှစ်မြှုပ်ထားပါလျက် ဤဘုရားရှင် ရဟန်းကြီးနှင့် တစ်ကြိမ်တွေ့ရုံမျှဖြင့် ဤမျှ ပြောင်းလဲသွားရသည်ကို အံ့သြကြသည်။

ဘုရားရှင်၏ တရားတော်ကို မနာရ၍ ဝိမုတ္တိရသကို သဘောမပေါက်သေးသမျှ မဈွိမတိုက်၏ ရှိရင်းစွဲဝါဒများ၊ သို့မဟုတ် တမလွန်မျှော်ကိုးမှုများသည် ယေဘုယျအားဖြင့် ဗြဟ္မာနှင့် နတ်ဒေဝတာတို့ ဘဝဖြစ်၏။ စည်းစိမ်ကြိုက်သော ငါတို့သားသည် ဤမျှအဖြစ်သည်းကာ ရဟန်းလုပ်ချင်သည်ဆိုရာ၌ နတ်ဒေဝတာဘဝသို့ ရောက်ကာ လူ့ဘဝထက်သာလွန်သော နတ်သမီးကလေးများနှင့် စည်းစိမ်ခံရန်ဟု သူတို့အမြင်ဖြင့် မိဘများတွေး၏။ ထို့ကြောင့် ငါတို့ထံ မကြာခဏလာမည်ဟု ကတိခံသွားသည်။ လာသောအခါ ချွေးမချောများ၏ အစွမ်းဖြင့် ငါတို့ထံ ပြန်ရောက်အောင်ဆွဲရမည်ဟု တွေးထားကြသည်။

ရှင်ရဌပါလအဖို့မှာမူ သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတော်သို့ရောက်၍ ရဟန်းအများနှင့် နေရသည်ဆိုသမင့်လည်း ဆိတ်ငြိမ်မှု၏ အရသာကိုသိသော တရားရှင်တို့၏ ထုံးတမ်းစဉ်လာအတိုင်း ဘုရားရှင်ထံမှ တရားနည်းယူခွင့်တောင်းကာ တောတွင်းမှာနေသကဲ့သို့ တစ်ပါးတည်းနေ၍ အစွမ်းကုန်ကျင့်သည်။ သို့နှင့် ရဟန္တာဖြစ်လာသည့်အချိန်၌ မိဘများထံတွင် ထားခဲ့သောကတိကို သတိရကာ ဘုရားရှင်ထံ ခွင့်ပန်၍ မိဘများရှိရာ ကုရုတိုင်း စည်ပင်သာယာရွာသို့ ခရီးထွက်ခဲ့သည်။

[ ၂ ]

မိဘများရွာသို့ ရည်ညွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ရွာရောက်လျှင် တည်းခိုစရာ နေရာအဖြစ် သတ်မှတ်ထားသော နေရာမှာ ရွာအနီးရှိ ဘုရင့်သမင်တော ဥယျာဉ်ပင်ဖြစ်သည်။ သာယာဆိတ်ငြိမ်ရုံမက ဘုရားရှင် သီတင်းသုံးတော်မူသွားသည့် လက်စလည်းရှိသည်။

ရွာသို့ ညဦးပိုင်းတွင် ရောက်ရှိပြီးနောက် နောက်တစ်နေ့ နံနက်တွင် ရွာတွင်းသို့ အိမ်စဉ်အတိုင်း ဆွမ်းခံရင်း မိမိနေထိုင်ရာ မိဘများအိမ်ရှေ့သို့ ရောက်

www.burmeseclassic.com



သောအခါ ရဟန်းတို့ထုံးစံအတိုင်း စက္ကူခြွက်ကိုချကာ ဆွမ်းရပ်သည်။

မိဘဆွေမျိုးအိမ်ပင်ဖြစ်စေ၊ ရဟန်းများအတွက် လူဒါယကာတို့ထံသို့ ချဉ်းကပ်သော အကောင်းဆုံးနည်းမှာ ဆွမ်းခံရင်း၊ သို့မဟုတ် ဆွမ်းခံပုံစံဖြင့် ချဉ်းကပ်ခြင်းသာ ဖြစ်သည်။ ဤနည်းကို ဘုရားရှင် နှစ်ခြိုက်ချီးကျူးတော်မူ၏။ အကြောင်းမှာကား–ဤနည်းသည် အန္တရာယ်ကင်း၍ ရဟန်းတို့အတွက် မလိုလားအပ်သော ဖြစ်ပေါ်မှုအရပ်ရပ်မှလည်း ကင်းရှင်းသည်။ ထို့ကြောင့် ရှင်ရဋ္ဌပါလသည်လည်း မိဘအိမ်သို့ပင် ဖြစ်စေကာမူ ဆွမ်းခံရင်းဖြင့်သာ ချဉ်းကပ်သည်။

ရွာလမ်းတစ်လျှောက် အိမ်စဉ်မပျက် ဆွမ်းခံခဲ့သော်လည်း ဆွမ်းတစ်စေ့မျှ မရ။ ဆွမ်းမလောင်းရုံမျှမဟုတ်၊ အချို့အိမ်က မလိုတမာပင် ပြောလိုက်ကြသေးသည်။ အကြောင်းမှာ–ရွာ၏ ကျက်သရေဆောင် သတို့သား ရဋ္ဌပါလတစ်ယောက် ဆုံးရှုံးခဲ့ရမှုတွင် ရဟန်းများ၏ ပယောဂဟု မြင်ထားကြသည်။ ရဋ္ဌပါလလို စည်းစိမ်ရှင်ကိုပင် ဆွဲဆောင်နိုင်သေးလျှင် မိမိတို့လင်သားများအတွက် ပို၍စိုးရိမ်ဖွယ်ဖြစ်သည်ဟု မြင်ကြသည်။ ရှင်ရဋ္ဌပါလ၏ မိဘများက သားကိစ္စကို အကြောင်းပြုကာ ရဟန်းတော်များအပေါ်တွင် မလိုတမာ ဝါဒဖြန့်ထားသောကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့် ဆွမ်း တစ်ယောက်မျှ လောင်းလှူမည့်သူ မရှိ။

သို့နှင့် အိမ်စဉ်လျှောက်၍ ဆွမ်းရပ်ခဲ့ရာမှ မိဘများ အိမ်ရှေ့တွင်မူ မိမိရောက်လာသည်ကို သိစေလိုသည့်သဘောဖြင့် အတန်ငယ် အချိန်ပို၍ ရပ်သည်။ အိမ်ရှေ့တွင် ရဟန်းတစ်ပါး ဆွမ်းရပ်လာသည်ကို ဖခင်ကြီး မြင်ပါ၏။ သို့ရာတွင် မိမိသားဟူ၍ကား မသိ။ ရဟန်းတစ်ပါးဟူ၍သာ သိရှိကာ သားအတွက် ဒေါသထွက်နေသူဖြစ်သည့်အတိုင်း "ဦးပြည်းရဟန်းတွေ၊ လာမရပ်ကြနှင့်၊ ငါ့သားကို သွေးဆောင်သွားတဲ့ ရဟန်းယုတ်တွေ၊ ဒီအိမ်ရှေ့ကို ဘယ်တော့မှ လာမရပ်ကြနှင့်" ဟု ကြိမ်းမောင်း၍လွှတ်၏။

မိမိသားဖြစ်ပါလျက် သားဟု မသိနိုင်လောက်သော အကြောင်းရပ်ကလည်း ရှိနေ၏။ မိဘအိမ်တွင်နေစဉ်အချိန်က ရွှင်မြူးတက်ကြွသော ရဋ္ဌပါလနှင့် အရှင်ရဟန်း ရဋ္ဌပါလတို့၏ ဟန်ပန်သွင်ပြင်တို့မှာ လုံးဝမတူသောကြောင့်ပင် ဖြစ်ပေသည်။ ဤသည်ကို ဖခင်ကြီး သတိမပြုမိ။ ရဟန်းဆိုလျှင် မျက်နှာကိုမျှ မကြည့်ချင်။ ထို့ကြောင့်ပင် သားမှန်းမသိခြင်းဖြစ်ပေသည်။

သို့နှင့် မိဘတို့အိမ်ရှေ့မှ ဖဲထွက်ခဲ့ရာမှ အိမ်ဝင်းအလွန် လမ်းကွေ့သို့ရောက်

www.burmeseclassic.com

www.burmeseclassic.com



၍ ချိုးဝင်လှမ်းကြွလိုက်သောအခါ အိမ်ဝင်းနောက်ဖေးဘက်ဆီမှ ဆွမ်းလောင်းမည့် အဟန်ဖြင့် ခွက်တစ်ခုကိုကိုင်ကာ ထွက်လာသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသဖြင့် အလိုက်သင့် ဆွမ်းရပ်ပေးလိုက်သည်။ ထိုအမျိုးသမီးကား–မိဘများအိမ်မှ အိမ်ဖော်တစ်ဦးပင်ဖြစ်၍ ရဟန်းအား ဆွမ်းလောင်းရန် ထွက်လာခြင်း မဟုတ်၊ မနေ့ကကြွင်းကျန်သော မုယောမုန့် အသိုးများကို အိမ်နောက်ဖေး အမှိုက်ပုံးတွင် စွန့်ပစ်ရန် ထွက်လာခြင်းမျှ ဖြစ်သည်။

မိမိရှေ့တွင်ရပ်လိုက်သော ရဟန်းကို တွေ့ရသောအခါ အိမ်ဖော်မ အံ့အားသင့်၏။ ဒေါသင္ဘေ့လွှမ်းနေသောဖခင်ကြီး မသိသော်လည်း တစ်အိမ်တည်းတွင် နှစ်ရှည်လများ လက်ပွန်းတတီးနေခဲ့ဖူးသော အိမ်ဖော်အမျိုးသမီးက မိမိ၏ သခင်လေးမှန်း ချက်ချင်းသိလိုက်သောကြောင့် ဖြစ်သည်။ ဤမျှမက စကားတစ်ခွန်းနှစ်ခွန်း ပြောလိုက်မိသောအခါ ပို၍ အံ့အားသင့်ရပြန်၏။

“ရှင်ရဟန်းကိုလောင်းလှူဖို့ဆွမ်း မဟုတ်ပါ။ မနေ့ကကြွင်းကျန်သော မုယောမုန့်အသိုးများကို စွန့်ပစ်ရန် ထွက်လာခဲ့ခြင်းမျှ ဖြစ်ပါသည်”

“အဘယ်နှမ...မုယောမုန့် အပုပ်အသိုးတို့ပင်ဖြစ်စေ၊ စွန့်ပစ်ဖို့ရန်ဖြစ်ပါက ငါ၏သပိတ်ထဲသို့သာ စွန့်ပစ်ပါလော့”

အဘယ်မျှပင် ဣန္ဒြေပြောင်းလဲနေစေကာမူ ရပ်မျှမက အသံကိုပါ ကြားလိုက်ရသောအခါ သခင်ကလေးရှင်ပါလမှန်း သေချာသွားပေပြီ။ သခင်ကြီး သခင်မကြီးများသည် သခင်လေးကိုလွမ်းဆွတ်၍ နေ့စဉ်နှင့်အမျှ ပူပန် တမ်းတနေကြသည်။ ယခု သခင်လေးရောက်လာသည်ကို သိကြဟန်မတူဟု စဉ်းစားမိကာ မုန့်သိုးများကို ရဟန်း၏တောင်းခံချက်အရ ယောင်ယောင်မှားမှားနှင့် သပိတ်တွင်းသို့ ဆတ်ခနဲလောင်းထည့်ကာ အိမ်တွင်းသို့ အသော့ကလေး ပြေးဝင်သွားသည်။

“သခင်ကြီး...သခင်ကြီး...သခင်လေးရောက်လာပြီ၊ သခင်လေးရောက်လာပြီ”ဟု အိမ်ဖော်မကလေး အသံကျယ်ကျယ်လောင်လောင်နှင့် အိမ်တွင်းသို့ရောက်၍ မျက်နှာလုပ်လိုက်သောအခါ အဘိုးကြီးရော အဘွားကြီးပါ ရုတ်ခြည်း ထလာကြကာ “ဘယ်မှာရောက်လာတာလဲဟဲ့၊ ဘယ်မှာတုံး ငါ့သား”ဟု အဘိုးကြီးနှင့် အဘွားကြီးတို့က မယုံသင်္ကာအသံနှင့် ပြန်၍မေးသည်။

“အခုပဲ အိမ်နောက်ဖေးလမ်းဘက်က ကြွသွားတယ်။ ကျွန်မကိုယ်တိုင် အမှိုက်ပုံးမှာ စွန့်ပစ်မယ့် မုန့်သိုးတွေကို လှူပါဆိုလို့ သူ့ခွက်ကြီးထဲ လောင်းထည့်လိုက်ာ

www.burmeseclassic.com



ရတယ်”

“မဟုတ်နိုင်လိုက်တာဟယ်...”

“ဟုတ်ပါတယ် သခင်မကြီး...သခင်ကလေးကို ကျွန်မကိုယ်တိုင် သေသေချာချာ မြင်လိုက်ရပါတယ်။ အသံကိုလည်း ကြားလိုက်ရပါတယ်”

“ညည်း မြင်တယ် ကြားတယ်ဆိုတာ ထားပါဦးတော့။ ငါတို့သားက မုန့်သိုးတွေကို အလှူခံသတဲ့လား”

“ဟုတ်ပါတယ် သခင်မကြီး”

“မဖြစ်နိုင်တာဘဲဟယ်၊ ဒီကိုရောက်ရင် ငါတို့သားက ကိုယ့်အိမ်ကိုယ့်ရာ တန်းလာမှာပေါ့”

“ဒါတော့ မပြောတတ်ပါဘူး သခင်မကြီး”

“ဘယ်ဒင်းတွေ ဘယ်လိုတွေ တွေးမနေနဲ့တော့ ရှင်မ၊ ဒီကောင်က ဘယ်လိုဖြစ်သွားမှန်းကို မသိဘူး။ စည်းစိမ်ရော မိဘကိုပါ စွန့်ပစ်ထားတာကို ကြည့်ပါလား။ ဒီတော့ သခင်မှန်း ရှင်မှန်း ကွဲအောင် တို့လိုက်ကြည့်မယ်။ မြန်မြန်လုပ်ကြ။ တော်ကြာ တခြားထွက်သွားလို့ ဝေးသထက် ဝေးသွားဦးမယ်”ဟု အဘိုးကြီးက အဆုံးအဖြတ်ပေးကာ သားရဟန်းရှိနိုင်မည်ထင်သော လမ်းစဉ်အတိုင်း အဘိုးကြီးနှင့် အဘွားကြီးတို့ သားနောက်သို့ လိုက်ကြသောအခါ ဘုရားရှင် သီတင်းသုံးခဲ့သော သမင်တောဥယျာဉ်အတွင်း သစ်ပင်ရင်းတစ်ခုတွင် အိမ်ဖော်မ လောင်းလှူလိုက်သော မုန့်သိုးများကိုပင် မတွန့်မယို့ စားသုံးလျက်ရှိသော သားရဟန်းကို တွေ့ရသဖြင့် သား၏အဖြစ်ကို မိမိတို့အမြင်ဖြင့် ဆို့နင့်စွာကြည့်ရင်း သားဘေးတွင် ထိုင်လိုက်မိကြသည်။

“ဘယ်လိုဖြစ်တာလဲ သားရယ်”

“ဘယ်လိုမှ မဖြစ်ပါဘူး ဒကာကြီး”

“မုန့်သိုးတွေကို စားနေရသလား သားရဲ့”

“ရဟန်းဟူသည် ရသမျှသော အာဟာရဖြင့် တင်းတိမ်ရပါ၏။ အာဟာရအတွက် ဇာမချဲ့ရပါ။ တစ်နေ့အတွက် မည်သည့်အာဟာရမျှ မရလျှင် သပိတ်ကိုပင် ရေဆေး၍ သောက်သုံးတင်းတိမ်ရပါ၏။ ငါတို့ဆရာ ဘုရားရှင်သည် မဟာဇနကမင်းကြီးဘဝတွင် တောထွက်သောအခါ ခွေးပါးစပ်မှ စွန့်ပစ်အပ်သော အမဲကင် တစ်ဖဲ့မျှဖြင့် သုံးဆောင်တင်းတိမ်ခဲ့ဖူးပါ၏။ ဤမုယောမုန့်သိုးသည်

www.burmeseclassic.com

www.burmeseclassic.com



ခွေးပါးစပ်မှ အာဟာရထက်ပင် မွန်မြတ်ပါသေးသည်”

“ကိုယ့်အိမ်ကိုယ့်ရာရှိနေပြီးဟာပဲ သားရယ်၊ ကိုယ့်အိမ်ကို လာခဲ့ရောပေါ့”

“ရဟန်းဟူသည် ကိုယ့်အိမ်ကိုယ့်ရာဟူ၍ မရှိပါ။ ပင့်ဖိတ်မှုမရှိလျှင် မည်သည့်အိမ်သို့မျှလည်း မသွားကောင်းပါ”

“စောစောက အိမ်ရှေ့မှာ ဆွမ်းရပ်တဲ့ရဟန်းဟာ ငါ့သားလား”

“ဟုတ်ပါတယ် ဒကာကြီး”

“ဖြစ်မှဖြစ်ရလေသားရယ်၊ သားမှန်းမသိလို့ပါ၊ ဖိတ်ခေါ်မှ လာမယ့်ကိုရင် အခုဖိတ်ခေါ်ပါတယ်။ အခုကြွပြီး အိမ်မှာ ကောင်းကောင်းမွန်မွန်စားသုံးလှည့်ပါ ငါ့သား”

“ဒီနေ့အဖို့တော့ ပြည့်စုံပါပြီ ဒကာကြီး၊ သည်းခံပါတော့”

မိခင်ကြီးအဖို့ သားကိုမြင်တွေ့ရသည်မှာ ဆို့နင့်လှသဖြင့် သူ့အဖေနှင့် စကားပြောနေသည်ကိုသာ မျက်ရည်တဝဲဝဲဖြင့် မမိုတ်မသုန် ကြည့်နေမိသည်။ နောက်ဆုံးစကားတွင် ဖခင်ကြီးအဖို့ စိတ်ကူးတစ်ခု ပေါ်လာရာ အဘိုးကြီးက တက်ကြွသောအသံဖြင့် ဒီလိုဆိုရင် နက်ဖြန်တော့ အိမ်ကိုကြွပြီး ဆွမ်းစားပါ ငါ့သား”ဟု ပင့်ဖိတ်လိုက်သောအခါ ရှင်ရဋ္ဌပါလက–

“ကောင်းပါပြီ ဒကာကြီး...”ဟု ပဋိညာဉ်ပေးလိုက်၏။

ဤတွင် အဘွားကြီးက နက်ဖြန်မှကြွမည်ဆိုသည်ကို အားမလိုအားမရဟန်ဖြင့်–

“တော့်မလဲ နက်ဖြန်တွေ သန်ဘက်တွေ လုပ်နေရသေးသလား၊ ကိုယ့်သားပဲဟာ၊ အခု တစ်ခါတည်းခေါ်ခဲ့ပေါ့”ဟု ပြောခိုက် အဘိုးကြီးက သူ့အကြံနှင့်သူမို့ အဘွားကြီးကို အသာလက်ကုတ်လိုက်သဖြင့် အဘွားကြီး ငြိမ်သွားရ၏။

“နက်ဖြန်တော့ ဆက်ဆက်လာပါနော် သား၊ သားမလာရင် အမေ ရင်ကွဲရပါလိမ့်မယ်”ဟု အဘွားကြီးက ပြောလိုက်သောအခါ “စိတ်ချပါ ဒါယိကာမကြီး”ဟု ရှင်ရဋ္ဌပါလက ထပ်၍ ပဋိညာဉ်ပေးလိုက်၏။

## [ ၃ ]

“ဒီကောင့်ကို တို့ဆီပါအောင် နက်ဖြန်မှ အရဆွဲပြလိုက်မယ် ရှင်မ၊ အဲဒါအတွက် ပြင်စရာ ဆင်စရာလိုလို့ နက်ဖြန်အထိ ဆိုင်းငံ့ထားခဲ့တာ။ ရှင်မ အသwww.burmeseclassic.com

www.burmeseclassic.com



နေ၊ ဒီကိစ္စ ငါစီစဉ်မယ်”ဟု အပြန်လမ်းတွင် အဘွားကြီးအား မိမိစိတ်ကူးကို ပြောပြကာ အိမ်ရောက်သည်နှင့် တစ်ပြိုင်နက် ချွေးမများကို စုရုံး၍ ခေါ်လိုက်သည်။

“ညီမတို့...ဒီတစ်ခါတော့ ငါ့သား ငါတို့ဆီပြန်ရောက်ဖို့ ညည်းတို့တာဝန်ပဲ။ ငါတို့တော့ နည်းလမ်းရှိသမျှနဲ့ ဆွဲဆောင်ပြီးလို့ အစွမ်းကုန်နေပြီ။ တစ်ခုပဲရှိတယ်။ ဒီကောင်ဟာ သူဆက်ခံရမယ့် စည်းစိမ်ရွှေငွေရတနာတွေ သုံးမကုန်နိုင်အောင်ရှိမှန်း သိပေမယ့် အစုလိုက် အပုံလိုက်တော့ တစ်ခါမှ မမြင်ဖူးသေးဘူး။ စိန်ရွှေရတနာတွေ အစုလိုက်အပုံလိုက် တွေ့ရရင် ဒီကောင် ပြန်လည်လာဖို့ရှိတယ်။ ဒါကြောင့်မို့ နက်ဖြန် ငါ့သားလာတဲ့အချိန်မှာ အိမ်ပေါ်မှာ ရွှေပုံကြီးတစ်ပုံ၊ ငွေပုံကြီးတစ်ပုံ၊ စိန်ကျောက် ရတနာ တစ်ပုံ သူမြင်အောင်စုပုံထားမယ်။ ဒါကတော့ ငါတို့အလုပ်ပဲ။ ညည်းတို့က ဘယ်လိုနည်း၊ ဘယ်လိုပုံနဲ့ ဆွဲဆောင်ရမယ်ဆိုတာ ငါ အထူးပြောဖို့ မလိုဘူး၊ နားလည်ကြရဲ့မဟုတ်လား”

“လည်ပါတယ် အဖေ”ဟု ချွေးမအများက စိတ်အားထက်သန်စွာဖြင့် ပြန်ကြားကြ၏။

“အေး...ငါတို့သား ငါတို့ဆီ ပြန်ရောက်ဖို့လိုသလို ညည်းတို့လင်လည်း ညည်းတို့ဆီ ပြန်ရောက်ဖို့ လိုတယ်မဟုတ်လား။ ကိုယ့်လင်ပဲဟာ လူစိမ်းမှမဟုတ်ဘဲ၊ ဘာမှရှက်နေစရာမလိုဘူး။ ဒီကိစ္စကို ညည်းတို့နားလည်ကြရဲ့ မဟုတ်လား”

“စိတ်ချပါ အဖေကြီး၊ ကျွန်မတို့ နားလည်ပါတယ်၊ ကျွန်မတို့ အစွမ်းကုန် ကြိုးစားပါ့မယ်”

ဤအစီအစဉ်ဖြင့် နောက်တစ်နေ့တွင် သားရဟန်း ကြွလာသောအခါ သီတင်းသုံးရန် အတွင်းဘက်ကျကျ အခန်းကို ပြင်ထားသည်။ ပေါမျှားလှသော ရွှေပုံကြီးတစ်ပုံ၊ ငွေပုံကြီးတစ်ပုံကို အခန်းတွင်း ကြမ်းပြင်၌ စုပုံ၍ အဝတ်ဖုံးထားသည်။ စိန်ကျောက်ရတနာများကိုမူ ကလပ်ကြီးတစ်ခုပေါ်တွင် စုပြုံတင်ထားသည်။

နောက်တစ်နေ့နံနက် ရှင်ရဋ္ဌပါလ ကြွလာသောအခါ အဘိုးကြီးနှင့် အဘွားကြီးတို့က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပြီး ရှေးဟောင်းနှောင်းဖြစ်ကို သတိရစေရန် သားဖြစ်သူရှိစဉ်က သူ့မယားချောကလေးများနှင့် လွတ်လွတ်လပ်လပ်နေဖို့ စီစဉ်ပေးထားသော အခန်းတွင်းသို့ သားကို ပင့်ခေါ်သွားသည်။

ဒီတစ်ချီတော့ ငါတို့ပိုင်ပြီဟု အဘိုးကြီး တွက်ကိန်းချထားသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရှင်လန်းတက်ကြွလျက်ရှိသည်။ ထို့ကြောင့် ခင်းထားအပ်သောနေရာတွင် သားဖြစ်သူ ထိုင်မိသည်နှင့် တစ်ပြိုင်နက် အဘိုးကြီးက ရွှေပုံကြီးပေါ်မှအဝတ်ကို ဆွဲလှန်လိုက်ကာ "ဒီမှာကြည့်စမ်းဟေ့ ငါ့သား၊ ဟောဒါ ရွှေတွေကွ" နောက်တစ်ချီ ငွေပုံမှအဝတ်ကို ဆွဲလှန်ကာ "ဟောဒါ ငွေတွေကွ" နောက်တစ်ချီ ငွေပုံမှအဝတ်ကို ဆွဲလှန်ကာ "ဟောဒါက ငွေတွေကွ" ကလပ်ကြီးပေါ်မှအဝတ်ကို ဆွဲလှန်ကာ "ဟောဒါက ကျောက်သံပတ္တမြားတွေကွ၊ ငါ့သားက ကိုယ့်ကိုယ်ကိုယ် ငါတို့ပြောပြလို့ ချမ်းသာမှန်းသိပေမယ့် အခုလို အစုလိုက်အပုံလိုက် တစ်ခါမှ မမြင်ဖူးလို့ ထုတ်ပြရတာ။ အခုမြင်ရတာက မင်းအမေဘက်က ငါ့သားအတွက် နို့ဖိုးရတဲ့ လက်ဆောင်ပစ္စည်းမျှဖြစ်တယ်။ အဖေ့ဘက်က ရထားတဲ့နို့ဖိုးက ဒီ့ထက် များသေးတယ်။ တစ်ခါ အဖေတို့ အမေတို့မှာရှိတဲ့ ဥစ္စာရင်းပွားနဲ့ ပေါင်းလိုက် ရင်တော့ ငါ့သားတစ်သက်မဟုတ်ဘူး။ ဆယ်သက်စားလို့လည်း မကုန်ဘူး၊ ဆယ်သက် ဖြုန်းလို့လည်းမကုန်ဘူး၊ ဒီပစ္စည်းတွေကို ငါတို့ ဘယ်လိုလုပ်ရမှာလဲ၊ စွန့်ပစ်သွားနိုင်ရက်သလား ငါ့သားရယ်"

ဖခင်၏စကား၊ ဖခင်ကြီး၏ဟန်ပန်ကို ကြည့်၍ အရှင်ရဋ္ဌပါလ ပြုံး၏။ ဖခင်ကြီးကို ရွတ်ချသောလှောင်ပြုံးမဟုတ်၊ ပစ္စည်း၏ဒုက္ခကို မသိရှာလေသော ဖခင်ကြီးအတွက် ကရုဏာပြုံးဖြစ်သည်။ သားဖြစ်သူ တရားရှင်၏ သဘောထား အနက်အရှိုင်းကို မသိရှာသော ဖခင်ကြီးအဖို့ သားဖြစ်သူ၏မျက်နှာ ရွှင်ပျပုံကို ကြည့်၍ ငါတို့သားတော့ ငါတို့ဘက်ပါလေပြီဟူသော အတွေးဖြင့် အကောင်းဆုံးသော ချိုချဉ်ခဲဖွယ်တို့နှင့် ဆွမ်းကပ်ရင်း သားဖြစ်သူထံမှ မည်သို့တုံ့ပြန်လာမည်ကို စောင့်မျှော်လျက်ရှိသည်။

ဆွမ်းစား၍အပြီးတွင် အရှင်ရဋ္ဌပါလက "ဒကာကြီးတို့၊ ဒကာမကြီးတို့မှာ ဤပစ္စည်းဥစ္စာတွေအတွက် သောကဗျာပါဒ များလွန်းလှချေသည်။ ဗျာပါဒမများရန် သားဖြစ်သူက အကြံပေးလိုပါသည်။ လိုက်နာနိုင်ပါမည်လား"ဟု စကားစတင်လိုက်သောအခါ ဖခင်ကြီးက "မှန်လိုက်လေ သားရယ်၊ အဖေတို့ အမေတို့ဟာ အိုမင်းပါပြီ၊ ဒီပစ္စည်းတွေ ဆက်ခံမည့်သူအတွက် ဗျာပါဒများနေရိုး မှန်ပါသည်။ ဒီကိစ္စအတွက် အကောင်းဆုံးကူညီနိုင်သူ၊ အကြံဉာဏ်ပေးနိုင်သူကတော့ ငါ့သားပါပဲ။ ဘယ်လိုလုပ်မှာတုံး ပြောပါဦး"

"ဒါယကာကြီး၊ ဒါယကာမကြီးတို့...ပစ္စည်းဥစ္စာဟူသည် ပူပန်မှု သောက

www.burmeseclassic.com



ဗျာပါဒအဖုံဖုံ ဆင်းရဲဒုက္ခမျိုးစုံကို ဖြစ်ပေါ်စေသော အခြေခံအကြောင်းရပ်များ ဖြစ်တော့သည်။ ဤဒုက္ခမျိုးစုံမှ ကင်းဝေးလေအောင် အကောင်းဆုံးသော လုပ်ဆောင်နည်းမှာ ဤပစ္စည်းများကို လှည်းဖြင့်တိုက်၍ ဂင်္ဂါမြစ်ဆီသို့ သယ်သွားပါ၊ ရောက်လျှင် ဂင်္ဂါမြစ်ထဲသို့ သွန်ချစွန့်ပစ်လိုက်ကြပါဘိ”

ထိုအခါ သားဖြစ်သူကတော့ဖြင့် ကန့်လန့်ပြောလေပြီဟု ယူဆကာ ဤနည်းဖြင့်တော့ ငါတို့တိုက်စစ် ဟန်ပုံမပေါ်ဟု သဘောရလာသည့်အတိုင်း အဘိုးကြီးနှင့် အဘွားကြီးတို့က သားရှေ့မှ ခပ်မဆိတ်ပုံစံဖြင့် မသိမသာ ရှောင်ထွက်ခဲ့ရာတွင် နောက်ဆုံးတိုက်စစ်မှူးများဖြစ်ကြသော ချစ်ဇနီးဟောင်းကလေးများသည် အခန်းတွင်းသို့ တန်းစီ၍ ဝင်ရောက်လာကြသည်။

ဝင်လာကြသည့်ပုံစံမှာ–ဖခင်ကြီး၏ မနေ့က လမ်းခင်းပေးလိုက်သော အကြံဉာဏ်အရလည်းကောင်း၊ မိမိတို့ကိုယ်တိုင်၏ နားလည်မှုအရလည်းကောင်း အကောင်းဆုံးသော အဝတ်အဆင်၊ အလှဆုံးသော ဆင်ပြင်ခြယ်သမှုများဖြင့် ယောကျ်ားတို့ကြိုက်တတ်ကြသော ကပိုကယိုပုံစံတစ်မျိုး၊ မျက်နှာထားဟန်ပန် အသွယ်သွယ်ဖြင့် အခန်းတွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရှေးဦးစွာသော တိုက်ကွက်မှာ အရှင်ရဋ္ဌပါလ၏ ခြေရင်းတွင် ဝပ်စင်း၍ ငိုကြွေးကြခြင်းဖြစ်၏။

သို့ရာတွင် မည်သို့ပြုမူ၍မျှ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်မာရင့်ကျက်လှသော အရှင့်သားကို တွေ့ရလေသောအခါ တစ်ယောက်က “အရှင့်သားဟာ နတ်ဒေဝီတွေကို လိုလားလို့ နတ်ဒေဝတာဖြစ်အောင် ရဟန်းလုပ်နေရတာလား။ နတ်ဒေဝီတို့က ကျွန်မတို့ထက် ဘယ်လိုများ အကြောင်းပိုထူးမှာမို့လဲ။ နတ်ဒေဝီပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် အရှင့်သားအလိုကျအောင် ကျွန်မတို့ထက် ပြုစုနိုင်မှာမို့လား”ဟု မေးလိုက်၏။

“အဘယ်နှမတို့...ငါသည် နတ်ဒေဝီတို့ကို လိုလား၍ ရဟန်းပြုခြင်းမဟုတ်ပါ။ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝ အားလုံးသည် ဒုက္ခမျိုးစုံတို့ စုပြုံရာဘဝများပေတည်း။ ယင်းဒုက္ခမျိုးစုံမှ လွတ်မြောက်ရန်သာ ရဟန်းပြုခြင်း ဖြစ်ပါသည်။ ဘုရားရှင်သာသနာတော်၌ ယင်းဒုက္ခမျိုးစုံကို သိမြင်၍ ရဟန်းပြုကြသော အမျိုးသမီးများစွာ ရှိကြပါသည်။ အဘယ်နှမတို့သည်လည်း ယင်းဒုက္ခမျိုးစုံကို သိမြင်ကာ ရဟန်းဘဝကူးနိုင်အောင် ကြိုးစားကြပါကုန်”ဟု မိန့်ကြားကာ ပုံစံမပျက် ထိုင်နေခဲ့လျှင် သည့်ထက်ပင် ဣန္ဒြေပျက်ယွင်းတော့မည်ကို သိမြင်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှ ထလိုက်သည်။

မိမိတို့ ပစ်မှတ်စက်ကွင်းသို့ ဝင်လာဖို့ အပထား၍ မိမိတို့အပေါ်တွင် သူစိမ်းဆန်လှစွာသော မိမိတို့မျှော်လင့်သည့်အခြေမျိုး ကင်းပြတ်လှစွာသော "အဘယ်နှမတို့"ဟူသော အခေါ်နှင့် မြူမှုန်ကလေးလောက်မျှ အပြောင်းအလဲမရှိသော သိက္ခာ ဣန္ဒြေကို တွေ့ရှိကြရသောအခါ အားငယ်စွာဖြင့် အံ့အားသင့်ရင်း ကြည့်နေခိုက်တွင်ပင် အရှင်ရဋ္ဌပါလက နောက်ဆုံးသော စကားတစ်ခွန်း တရားတစ်ပုဒ်ကို ဟောပြပြောဆိုရင်း အခန်းတွင်းမှ ဖဲကြဉ်ရန်းထွက်လာခဲ့ပေသည်။

ယင်းတရားသည်ကား–"မုဆိုးသည် သားကောင်တိုင်းကို ထောင်၍မရနိုင်။ မုဆိုးသည် သားကောင်ကိုဖမ်းရန် ပိုက်ဖြင့်ထောင်၏။ သို့ရာတွင် လိမ္မာသော သားကောင်သည် ပိုက်ကိုမထိပါးစေဘဲ အစာကိုစားကာ သားမုဆိုး မြည်တမ်းနေစဉ် ဖဲခွာ၍သွားနိုင်ပေ၏"ဟူသတည်း။

အရှင်ရဋ္ဌပါလသည်ကား ဘုရားရှင်သာသနာတော်သို့ သဒ္ဓါတရားဖြင့် ဝင်ရောက်လာကြသော သဒ္ဓါပဗ္ဗဇိတ ရဟန်းအားလုံးတွင် အမြင့်အမြတ်ဆုံးတည်းဟု ဘုရားရှင်ကိုယ်တော်တိုင် ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးသတ်မှတ်ခံရသော လက်ဝဲတော်ရံ အရှင်တစ်ပါးပေတည်း။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# ဖွေးညိုနှောင်

[ ၁ ]

ရွှေကြာပန်း အသွင်
လန်းလန်း ရွှင်၍
ရှင်နေမင်းအလား
ရှင်တော်ဘုရားကို
ဝပ်တွား ကော်ရော်
ကျွန်ပူဇော်၏။ ။

"ဘုရားရှင်သာသနာတော်ဆိုတာ စားရကာ ဟောတိ၊ သောက်ရကာ ဟောတိနဲ့ အချောင်နေချင်တဲ့သူတွေရဲ့ နေရာမဟုတ်ဘူး။ မင်းကို တော်ပေလိမ့်မလားလို့ ဘုရားရှင် သာသနာတော်ကို သွတ်သွင်းခဲ့မိတာ။ အခုတော့ မင်းဟာက ဘယ်နေရာ တစ်ကွက်ကမှ စမ်းဝါးလို့မမိဘူး။

"ဘုရားရှင်သာသနာတော်မှာ နေချင်သပဆိုရင် ကမ္မဋ္ဌာန်းဘာဝနာတစ်ခုခုကို အားထုတ်ခြင်း၊ စာပေပရိယတ္တိ သင်အံခြင်းဆိုတဲ့ အလုပ်တစ်ခုခုကို လုပ်ရမယ်။ အခုတော့ မင်းဟာ ကမ္မဋ္ဌာန်းဘာဝနာတရား အားထုတ်မှုဆိုတာကိုလည်း ဟုတ်တိပတ်တိ မတွေ့ရဘူး။ စာပေပရိယတ္တိသင်အံမှုဆိုတဲ့အလုပ်နဲ့လည်း နည်းနည်းကလေးမှ ထိုက်တန်တဲ့သူမဟုတ်ဘူး။

"ဗုဒ္ဓါနုဿတိ ဘာဝနာကိုလည်း ပွားများရင်း စာပေပရိယတ္တိကိုလည်း သင်အံရင်းနဲ့ ရဟန်းတာဝန်နှစ်ရပ်ကို ပြီးစီးအောင်ဆိုပြီး မင်းကို "ရွှေကြာပန်း အသွင်၊ လန်းလန်းရွှင်၍"ဆိုတဲ့ လင်္ကာတိုကလေးတစ်ပုဒ်ကိုတောင်မှ မင်းဟာက ဝါတွင်းသုံးလပတ်လုံးကျက်မှတ်လို့ မရနိုင်ခဲ့ဘူး။ မင်းရဲ့ဉာဏ်ဟာ ဒါလောက်ပဲ

www.burmeseclassic.com



တုံးရသလား။ မင်းရဲ့ဝီရိယဟာ ဒါလောက်ပဲနည်းပါးရသလား။

"ငါ အကဲဖြတ်ရသလောက်တော့ မင်းဟာ သာသနာတော်နဲ့ နည်းနည်းကလေးမှ လျော်တဲ့သူ မဟုတ်တော့ဘူး။

"ဘုရားရှင်သာသနာတော်ကိုဝင်လာတဲ့ ပုဂ္ဂိုလ်မှန်သမျှရဲ့ ရည်မှန်းချက် ပန်းတိုင်ဟာ နိဗ္ဗာန်မဂ်ဖိုလ် ဖြစ်ပေတယ်။ အဲဒီနိဗ္ဗာန်မဂ်ဖိုလ်ကို ရောက်အောင်ဟာ (၁) သဒ္ဓါတရားထက်သန်ခြင်း (၂) အနာရောဂါကင်းခြင်း (၃) ကောက်ကျစ်စဉ်းလဲမှုမရှိခြင်း (၄) ကုသိုလ်ကိစ္စမှန်သမျှမှာ ထက်သန်သောဝီရိယရှိခြင်း (၅) သစ္စာလေးပါးတရားတော်ကို မြင်နိုင်စွမ်းတဲ့ပညာနှင့် ပြည့်စုံခြင်းဆိုတဲ့ ပဓာနိယင်္ဂတရားငါးပါးနဲ့ ပြည့်စုံရတယ်။ အဲဒီငါးပါးစလုံးကို ပြည့်စုံအောင်ကြိုးစားရတယ်။ အဲဒီငါးပါး မပြည့်စုံရင် ရည်မှန်းချက်ဖြစ်တဲ့ နိဗ္ဗာန်မဂ်ဖိုလ်နဲ့ ဝေးပါလေရော။

"မင်းမှာ သဒ္ဓါတရား ရှိကောင်းရှိပါလိမ့်မယ်။ အနာရောဂါကင်းလို့ ကျန်းမာခြင်းနဲ့ ပြည့်စုံတာလည်းမှန်တယ်။ ကောက်ကျစ်စဉ်းလဲမှု မရှိပါဘူး။ နို့ပေမယ့် ဝီရိယနည်းပါးတာကတော့ ငါ့ကိုယ်တွေ့ပဲ။ ပညာနဲ့ပြည့်စုံဖို့ဆိုတာမှာလည်း သစ္စာလေးပါး တရားတော်မြတ်ကို ထားပါဦးတော့ "ရွှေကြာပန်းအသွင်၊ လန်းလန်းရွှင်၍"ဆိုတဲ့ ဘုရားရှိခိုး လင်္ကာတိုကလေးမျှကိုတောင်မှ မင်းရဲ့ဉာဏ်က တစ်ဝါတွင်းလုံး ကျက်မှတ်လို့ မရနိုင်ခဲ့ဘူး။

"ဒီတော့ မင်းဟာ ဘုရားရှင်သာသနာတော်နဲ့ ထိုက်တန်တဲ့သူမဟုတ်တော့ဘူးဆိုတာ သေချာနေပြီ။ သာသနာတော်မှာ တာဝန်အလေးခံပြီး မနေနဲ့တော့။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာဆိုသလို ဖြစ်နေပေလိမ့်မယ်။ မင်းမှာ အားကိုးရာမဲ့ မဟုတ်ပါဘူး။ အဘိုးသူဌေးတစ်ယောက်လုံး ရှိနေသေးသဟာကပဲ။ ဒီတော့ မိမိအတွက် ဘုရားရှင်သာသနာတော်ကို တာဝန်မလေးစေနဲ့တော့။ နက်ဖြန်နံနက်မှာပဲ လူဝတ်လဲပြီး အဘိုးသူဌေးအိမ်ပြန်ပေရော့"

နောင်တော် မဟာပန်မထေရ်၏ ဩဝါဒကို ညှိုးငယ်စွာဖြင့် နာခံနေရသော စူဠပန်ကိုယ်တော်လေးအဖို့ မျက်ရည်မကျမိရန် အားတင်း၍ထားရရှာသည်။ နောင်တော်၏ ဆိုဆုံးမချက်များသည် အားလုံးမှန်ကန်ပါ၏။ သို့ရာတွင် ပင်ကိုအားဖြင့် မစွမ်းနိုင်သော မိမိအဖို့ အဘယ်ပုံပြုလုပ်ရပါအံ့နည်း။ နောင်တော်ပေးသော တရားကို ကြိုးစားအားထုတ်သည် မှန်ပါ၏။ မရ။ နောင်တော်ပေးသော ဂါထာလင်္ကာလေးကို ဝါတွင်းသုံးလတိုင်တိုင်ပင် ကြိုးစား၍ကျက်မှတ်ခဲ့ရိုး မှန်ပါသည်။ မရ။

www.burmeseclassic.com



အဘယ်သို့ပြုရပါအံ့နည်း။ မိမိသည် ဘုရားရှင်သာသနာတော်နှင့် ထိုက်တန်တော့သူ မဟုတ်ဟူသော နောင်တော်၏ မိန့်ကြားချက်မှာ မှန်လေရော့ပြီလား။

မိမိသည် ဘုရားရှင်သာသနာတော်သို့ ဝင်ရောက်လာခဲ့သည်မှာ ဘုရားရှင်အား ကြည်ညိုသကဲ့သို့ သာသနာတော်ကိုလည်း ချစ်မြတ်နိုးသည်မှန်ပါ၏။ သို့သော် နောင်တော်ကိုလည်း ချစ်မြတ်နိုး၍ ရွှေတောင်အလား အားထားမှီခိုကာ သာသနာတော်သို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်ပါ၏။ ယခုသော် မိမိမှီခိုရာ နောင်တော်က သာသနာတော်မှ မိမိအား နှင်ထုတ်လျက်ရှိပါလေပြီ။

လူ့ဘဝတွင် မှီခိုဖွယ်ရာ အဘိုးသူဌေး ရှိနေသည်မှန်ပါ၏။ သို့ရာတွင် မိမိအဖို့ အဘိုးသူဌေးထက် လူ့ဘဝတွင် မျက်နှာလုခဲ့ရသော ကံတူ၊ ကြမ္မာတူ၊ ဘဝတူ နောင်တော်ကိုသာ အားကိုးအားထားခဲ့ရိုး မှန်ပါသည်။ ယခုသော် နောင်တော်က မိမိအား နှင်ထုတ်လျက်ရှိနေပါလေပြီ။

မိမိသည် သာသနာ့ဝန်ထမ်း ရဟန်းတို့၏ လုပ်ငန်းနှစ်ရပ်ကို သိပါ၏။ သိသည့်အလျောက်လည်း သာသနာတော်အတွင်းသို့ ရောက်လာသည်ဆိုကတည်းက နောင်တော်ညွှန်ပြသမျှသော တရားအားထုတ်မှု လုပ်ငန်းများကို ကြိုးစား၍လုပ်ခဲ့ပါ၏။ သို့ရာတွင် ကြိုးစားသမျှသော ကမ္မဋ္ဌာန်းများသည် မိမိနှင့်မကိုက်၊ အံချော်လျက်သာ ရှိခဲ့ရသောကြောင့် ကြိုးစားသလောက် အရာမရောက် ရှိခဲ့ရသည်။

တရားအားထုတ်မှု မပေါက်ရောက်၍ ဂန္ထဓုရဖြစ်သော စာပေပရိယတ္တိ ကျက်မှတ် သင်ကြားမှုကိုလည်း အစွမ်းရှိသမျှ အားထုတ်ခဲ့ရိုး မှန်ပါ၏။ သို့ရာတွင် မိမိပင်ကိုဉာဏ်မှာ ထိုင်းမှိုင်းလေးလံလှပါဘိသည်။ ရှေ့တစ်လုံးကို ကျက်မှတ်လျှင် နောက်တစ်လုံးကိုမေ့သည်။ သို့ဖြစ်၍ နောင်တော်ပေးသော ဂါထာလင်္ကာကလေး တစ်ပုဒ်ကိုမျှ တစ်ဝါတွင်းလုံး ကျက်မှတ်၍ မရနိုင်ခဲ့သည်မှာ အမှန်ပင်ဖြစ်ကြောင်း ရှက်ရှက်နှင့်ပင် ဝန်ခံရပေမည်။ မိမိအဖို့ သာသနာတော်နှင့်ထိုက်တန်သူမဟုတ်တော့ဟူသော နောင်တော်၏စကားမှာ ဟုတ်မှန်တန်ရာ၏။

သို့ဖြစ်၍ နောင်တော်နှင့် ဘဝတူချင်းအဖြစ်မှ ခွဲခွာရတော့မည်ကို ဝမ်းပင်နည်းလင့်ကစား နောင်တော်၏ အကြောင်းပြချက်များမှာ ဟုတ်မှန်၍နေသောကြောင့် နောင်တော့်အမိန့်အတိုင်း ဘုရားရှင်သာသနာတော်မှ ခွဲခွာရန် စိတ်အားလျှော့မိတော့သည်။

ယင်းသို့ စိတ်လျှော့မိစဉ်အတွင်းမှာပင် မိမိအပေါ်၌ နောင်တော်၏ အာဃာ

www.burmeseclassic.com

www.burmeseclassic.com



ကင်းပြတ်သော အပြုအမူကို ထပ်မံတွေ့ကြုံရလေသောကြောင့် သာသနာတော်မှ ဆုတ်ခွာရန် သေချာသွားပါ၏။ အကြောင်းမူကား–နောင်တော်က မိမိအား ဆုံးမနှင်ထုတ်စကားကို ပြောကြားနေစဉ်အတွင်းမှာပင် ဒါယကာ ဆရာဇီဝကသည် နောင်တော့်ထံပါးသို့ ချဉ်းကပ်ရောက်ရှိလာ၏။ နောင်တော်သည် ယနေ့အချိန်၌ ဆွမ်းကွမ်းကိစ္စ သံဃာ့တာဝန်ကို ယူထားရသော ဝေဠုဝန်ကျောင်းတော်၏ သံဃာ့အကျိုးတော်ဆောင်မထေရ်ဖြစ်ပေသည်။ ဆရာဇီဝက လျှောက်၏။

"ဘုရားရှင်အမှူးရှိသော ဝေဠုဝန်သံဃာတော်အားလုံးကို တပည့်တော်အိမ်တွင် နက်ဖြန်နံနက် ဆွမ်းကပ်လှူလိုပါသဖြင့် ညွှန်ကြားပေးတော်မူပါရန် လျှောက်ထားပါသည်။ ဝေဠုဝန်တွင် သံဃာတော် အဘယ်မျှရှိပါသနည်းဘုရား"

"လေးရာကိုးဆယ့်ကိုးပါး ရှိပေသည် ဒါယကာဇီဝက"

"သံဃာတော် အပါးငါးရာရှိသည်ဟု ကြားသိထားရပါသည်။ တစ်ပါးမှာ မကျန်းမမာလေရော့သလားဘုရား"

"ငါးရာရှိသည် မှန်ပါ၏။ သံဃာတော်အားလုံးလည်း ကျန်းမာကြပါသည်။ သို့သော် သံဃာတစ်ပါးမှာ သာသနာတော်နှင့် မထိုက်တန်တော့သဖြင့် နက်ဖြန်နံနက်ပင် သာသနာတော်မှ စွန့်ခွာတော့မည်ဖြစ်၍ လေးရာကိုးဆယ့်ကိုးပါးသာ ရှိပေသည် ဆရာဇီဝက"

"ကောင်းပါပြီဘုရား၊ ရှိသမျှ သံဃာအကုန်ကိုသာ ညွှန်ကြားတော်မူပါဘိ"

သေချာသွားပေပြီ။ နက်ဖြန်နံနက်စောစောပင်လျှင် မိမိအဖို့ သာသနာတော်မှ စွန့်လွှတ်ထွက်ခွာသွားရပေတော့မည်။ ဆရာဇီဝကအဖို့ နောင်တော်၏ ခပ်ဆန်းဆန်းစကားအပေါ်တွင် နောင်တော်၏အနီး၌ ညှိုးငယ်စွာဝပ်တွားလျက်ရှိသော မိမိအား အကဲခတ်မိလေဟန်ဖြင့် တစ်ချက်မျှကြည့်ရှုကာ ထွက်ခွာသွားသည်။ နောင်တော်သည်လည်း မိမိအနီးမှ တခြားတစ်နေရာသို့ ထွက်ခွာသွားသည်။

## [ ၂ ]

စူဠပန်ကိုယ်တော်လေးအဖို့ ယခုမှပင် လွတ်လတ်ကျွတ်ကျွတ် မျက်ရည်ကျရှာရတော့သည်။ မိမိချစ်သောသာသနာတော်နှင့် ခွဲခွာရပေတော့မည်။ မှိုခိုရာဘဝရွှေတောင်ကြီး ပြိုလဲခဲ့ရလေပြီ။

ဘဝရွှေတောင်ကြီး ပြိုလဲရုံမျှမဟုတ်၊ သာသနာ့ဝန်ထမ်းဘဝမှ လူထွက်ရမည့်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကလည်း တွေးမိတိုင်း ရက်ဖွယ်ရာကောင်းလှပါဘိသည်။ မတတ်နိုင်။ နောင်တော်လည်း မိမိအနီးမှလည်းကောင်း၊ သာသနာတော်မှလည်းကောင်း ရက်ရက်ရဲရဲ ဖဲခွာစွန့်ပစ်လိုက်တော့သည်မှာ အမှန်ပင်ဖြစ်ပေပြီ။

မွေးလာစဉ်ကပင် မိဝေးဖဝေး၊ မိမဲ့ဖမဲ့နှင့် အဆင်မလှခဲ့သော မိမိ၏ဘဝ၊ ယနေ့တိုင်အောင်လည်း အမြင်မလှ အကြားမလှတော့ပြီဖြစ်သော မိမိ၏ဘဝအကျိုးပေးမှာ ရက်ဖွယ်လည်းကောင်း၍ ရင်နာဖွယ်လည်း ကောင်းလှသည်။ တွေးမိတိုင်း တစ်ညဥ့်ပတ်လုံးပင် ကျိန်းစက်၍မျှ မပျော်နိုင်ခဲ့။

မလှသော မိမိဘဝကို လူမမြင် သူမမြင် သိုသိုသိပ်သိပ်နှင့် ဆွမ်းစားကြွကြမည့် ရဟန်းတော်များမမြင်မီ နံနက်စောစောပင်ထ၍ ဝေဠုဝန်ကျောင်းတော်မှ ထွက်ခွာပေတော့မည်။

သို့ဖြစ်၍ နံနက်စောစော လူလုံးမကွဲမီအချိန်တွင်ပင် မိမိချစ်သော သာသနာတော်နှင့်ခွဲခွာရန် ရှေ့ခြေတစ်လှမ်း၊ နောက်သို့ ခြေနှစ်လှမ်းဆိုသကဲ့သို့ တွေးမိတိုင်း ကျလာသော မျက်ရည်စများကို သင်္ကန်းစွန်းဖြင့်သုတ်ရင်း တလှုပ်လှုပ်တနှေးနှေးဖြင့် ကျောင်းတော်တံခါးဝဆီသို့ ထွက်လာသောအခါ ကျောင်းတော်တံခါးဝတွင် နံနက်ပိုင်းအမှောင်ကိုခွင်း၍ ရောင်ခြည်တော်တည်းဟူသောအလင်းဖြင့် ထွင်းဖောက်ကာ မျှော်လင့်မထားသူကို ဘွားခနဲတွေ့လိုက်ရ၏။ ဘုရားရှင်ပေတည်း။

ဘုရားရှင်လည်းဖြစ်၊ တံခါးဝတွင် ဆီးကာနေသယောင်လည်းရှိသောကြောင့် ရက်စဖွယ်မျက်ရည်စများကို သင်္ကန်းစွန်းဖြင့် ရုတ်ခြည်းသုတ်လိမ်းကာ ဘုရားခြေတော်ရင်းတွင် ဝပ်စင်းဦးခိုက်ရ၏။

"ငါ့သားတော် စူဠပန်...ကျောင်းမှထွက်ရန် စောလှချည့်၊ ဘယ်လိုအရေးကြီးကိစ္စများ ရှိနေလို့တုံး"

အလျှောက်ခက်လှပါချည့်။ သို့သော် မတတ်နိုင်၊ ပက်ပင်းတိုးနေပြီဖြစ်၍ အမှန်အတိုင်းသာ လျှောက်ထားရပေတော့မည်။ "မှန်လှပါ၊ နောင်တော်မထေရ်က အရှင်မြတ်သာသနာတော်မှ နှင်ထုတ်လိုက်ပါသဖြင့် လူမြင်သူမြင်မည် ရက်စနိုးကြောင့် လူထွက်ရန် စောစောစီးစီးထွက်လာခဲ့ရကြောင်းပါဘုရား"

"နောင်တော်က ဘာအကြောင်းကြောင့်များ နှင်ထုတ်ရပါသတဲ့တုံး"

"မှန်လှပါ...တပည့်တော်သည် ပညာဉာဏ်မထက်သန်၊ ဝီရိယမမှန်လှန်၊

www.burmeseclassic.com

www.burmeseclassic.com



သာသနာတော်နှင့် မထိုက်တန်တော့သူဟုဆိုကာ နှင်ထုတ်လိုက်ကြောင်းပါဘုရား"

"ငါဘုရားသာသနာတော်မှာနေပြီးတော့ ငါဘုရားလည်း ရှိနေပါလျက်သားနှင့် ငါဘုရားကို အသိမပေးဘဲ ထွက်ခွာသွားလျှင် သင့်လျော်ပါ့မလား"

"မသင့်လျော်ပါဘုရား၊ နောင်တော့်ကိုကြောက်၍ ထွက်ခွာလာရခြင်းပါ"ဟု အရှင်စူဠပန် မပွင့်တပွင့်လျှောက်၏။

ဘုရားရှင်သည် အရှင်စူဠပန်အနီးသို့ တိုးလာပြီးလျှင် ဦးခိုက်ငုံ့လျှိုးလျက်ရှိသော အရှင်စူဠပန်၏ ဦးခေါင်းကို လက်တော်ဖြင့်ကိုင်လိုက်သည်။

"ငါ့သားစူဠပန်...ထလော့၊ ငါဘုရားတစ်ယောက်လုံး အားကိုးရာရှိပါလျက်နဲ့ အဘယ့်ကြောင့် အားငယ်ရပါသလဲ"ဟု မိန့်တော်မူရင်း အရှင်စူဠပန် ထိုင်ရာမှ ထလာသောအခါ လက်တော်ကို ဦးခေါင်းမှ ပခုံးသို့ပြောင်း၍ သုံးသပ်လိုက်သည်။

"စူဠပန်...သာသနာတော်ဟူသည်ကား ရခဲရောက်ခဲဘိခြင်းဖြစ်ပေသည်။ သင့်အဖို့ အခွင့်တော်၍ ရောက်လာပြီးသည်ကို သဒ္ဓါတရားလည်းရှိပါလျက် အဘယ့်ကြောင့် ထွက်ခွာရမည်နည်း။ သာသနာတော်တွင် ပျော်နိုင်ရန် ငါဘုရား နည်းလမ်းညွှန်ပြပါမည်။ ငါဘုရားညွှန်ပြသည့်အတိုင်းသာ အားထုတ်ပါလေတော့"

"အားထုတ်ပါမည် အရှင်ဘုရား"

အရှင်စူဠပန်အဖို့ မိမိဦးခေါင်းကို ဘုရားရှင်က လက်တော်ဖြင့်ကိုင်လိုက်သောအခါ ပူပန်ညှိုးနွမ်းလျက်ရှိသော သောကဟူသမျှ ကင်းပျောက်၍သွားသည်။ ဦးခေါင်းမှ ပခုံးသို့ရွှေ့၍ ကိုင်တွယ်သုံးသပ်လိုက်သောအခါတွင်မူကား အငြိမ်းဓာတ်ကြီး တစ်ခုသည် ဦးထိပ်မှ ခြေဖျားအထိ တစ်ကိုယ်လုံးသို့ စိမ့်ထုံ၍သွားသကဲ့သို့ ခံစားရသည်။

ဘုရားရှင်အား သမားတော်ကြီးအဖြစ် ဥပမာခိုင်းနှိုင်းကြ၏။ မှန်လှပေသည်။ သတ္တဝါဗိုလ်လူ ဟိန္ဒုဂူတို့၏ သောကအဖြာဖြာ ကိလေသာမျိုးစုံတို့ကို တရားတည်းဟူသော ဆေးတော်ဖြင့်လည်းကောင်း၊ ပရိယာယ်အဖုံဖုံ လုပ်ပုံလုပ်ဟန်မျိုးစုံတို့ဖြင့်လည်းကောင်း ကုစားသူမဟုတ်ပါလော။ အင်္ဂုလိမာလတို့လို၊ အာဠဝကတို့လို လူကြမ်း နတ်ကြမ်းကြီးများကိုပင်လျှင် အလွယ်တကူ ဆုံးမကုသတော်မူနိုင်သည်ဆိုလျှင် ပျော့ပျောင်းလေပြီးသော အရှင်စူဠပန်၏ သောကကို ဖြေဖျောက်ပေးဖို့ရန်မှာ လွယ်ကူလှစွာ၏။

ထို့ပြင် ဘုရားရှင်ကိုယ်တော်တိုင် လက်တော်ဖြင့်သုံးသပ်ချီးမြှောက်မှု အခွင့်

www.burmeseclassic.com



အရေးဆိုသည်မှာ ရတောင့်ရခဲကြီး ဖြစ်ပေ၏။ သာသနာတော်အတွက် ကြီးမားသော အလားအလာရှိသူများသည်သာ ဤအခွင့်အရေးမျိုး ရရှိတတ်ကြသည်။ အရှင်စူဠပန်ကား အနာနှင့်ဆေး တည့်အောင်ပေးတတ်သူနှင့် မတွေ့ရသေး၍သာ ထုံသယောင် ထိုင်းသယောင်နှင့် အစွမ်းသတ္တိများ ငုပ်ကွယ်နေရသူဖြစ်ပေသည်။ ယခုသော် အနာနှင့်ဆေး တည့်အောင်ပေးတတ်သော သမားထူးသမားကျော် ဘုရားကိုယ်တော်နှင့် တွေ့ကြုံလေပြီ။ အရှင်စူဠပန်၏ ငုပ်လျှိုးလျက်ရှိသော အစွမ်းသတ္တိများကား အဘယ်သို့ပါနည်း။

"ဤအဝတ်ပိုင်းလေးကို ရှုလော့စူဠပန်"ဟု မိန့်ကြား၍ လက်တော်ကိုမြှောက်လိုက်သောအခါ ဘုရားရှင်၏လက်တော်တွင် ရတ်ခြည်း တန်ခိုးဖြင့်ဖန်တီးအပ်သော အဝတ်ပိုင်း ဖြူဖွေးဖွေးကလေးကို တွေ့ရှိရသည်။

"ဤအဝတ်ပိုင်းကလေးကို ယူ၍ တစ်နေရာရာတွင် စွဲစွဲမြဲမြဲထိုင်ကာ 'ရဇောဟရဏံ ရဇောဟရဏံ–မြူကိုဆောင်သောအဝတ်၊ မြူကိုဆောင်သောအဝတ်'ဟု ပါးစပ်မှ တတွတ်တွတ်ရွတ်ဆိုရင်း လက်ဖြင့် အထပ်ထပ်ပွတ်သပ်၍ နေလေတော့ စူဠပန်"

"အမိန့်တော်အတိုင်း ဆောင်ရွက်ပါမည် အရှင်ဘုရား"

ဘုရားရှင်လက်တော်မှ ဖြူဖွေးသောအဝတ်စကို လက်ခံရရှိလိုက်စဉ်ကပင် အရှင်စူဠပန်အဖို့ နှစ်သက်ကြည်နူးသောစိတ် ဖြစ်ပေါ်လာ၏။ အဝတ်ဖြူစကို တွေ့ရုံမျှဖြင့် အဘယ့်ကြောင့် ယင်းသို့ နှစ်သက်ကြည်နူးစိတ် ပေါ်ပေါက်လာရပါသနည်း။ ကြီးစွာသောအကြောင်း ရှိပေသည်။

သတ္တဝါတစ်ဦးအဖို့ နာမ်တရား၏ အစဉ်သည် နိဗ္ဗာန်သို့မရောက်သေးသမျှကာလပတ်လုံး ယခုဘဝတွင်လည်းကောင်း၊ ဘဝစဉ်ဆက်လိုက်၍သော် လည်းကောင်း ဥပါဒ်–ဋ္ဌီ–ဘင် အစဉ်မပျက် အကြောင်းအကျိုးဆက်၍သာ လိုက်ပါဖြစ်ပေါ်လျက်ရှိသည်။ ဥပမာအားဖြင့် ငယ်စဉ်က ချစ်ခင်ခဲ့၍ နှစ်ပေါင်းများစွာကွဲကွာလျက်ရှိသူတစ်ယောက်ကို ပြန်တွေ့ရသည့်အခါ ရတ်ခြည်းပင် ခင်မင်နှစ်သက်စိတ် ပြန်လည်ပေါ်ပေါက်လာသကဲ့သို့ပင် ဖြစ်၏။ အကြင်သူနှစ်ဦးတို့ တွေ့ဆုံချစ်ခင်ခြင်းကို ပုဗ္ဗေဝ သန္နိဝါသေန ရှေးဘဝ ရှေးအခါက ချစ်ခင်ခဲ့ကြဖူးသူဖြစ်ရာ ပစ္စုပ္ပန်တွင် ဆက်ဆံမှုနှင့် အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်လာရသည်ဟု ဟောတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်ဖြူစကိုတွေ့ရ၍ အရှင်စူဠပန် နှစ်သက်လာသည်မှာလည်း ဤအကြောင်းပင် ဖြစ်ပေသည်။ ယင်းအကြောင်းသည်ကား အရှင်စူဠပန်သည် ဝေးကွာလှစွာသော တစ်ခုသောဘဝတွင် ဘုရင်ဖြစ်ခဲ့၍ ဆင်ဖြင့် တိုင်းခန်းလှည့်လည်ရာ၌ နေပူ၍ ချွေးထွက်လာသောနဖူးကို မိမိ၏ ဖွေးဖွေးဖြူသော ဝတ်လဲတော်ဖြင့် သုတ်ခဲ့သည်။ ဘုရားရှင်၏ ပိတ်ဖြူစသည် ယင်းဝတ်လဲတော်အသိအစဉ်ကို ကြောင်းကျိုးဆက်နွှယ်ပေးလိုက်ခြင်းပင် ဖြစ်ပေ၏။

ဘုရားရှင်နှင့် သံဃာတော်များသည် မနေ့က ပင့်ဖိတ်ခဲ့သော ဆရာဇီဝက၏ ကျွေးအလှူသို့ အချိန်ရောက်၍ ကြွသွားကြသောအခါ အရှင်စူဠပန်သည်ကား ဘုရားရှင်၏ အမိန့်တော်အတိုင်း ကမ္ဗဋ္ဌာန်းအားထုတ်ရာ ကျောင်းခန်းတစ်နေရာတွင် စွဲမြဲစွာထိုင်ရင်း ယင်းပိတ်ဖြူစကို "မြူကိုဆောင်သောအဝတ်၊ မြူကိုဆောင်သာ အဝတ်ပါတကား"ဟု မပြတ်ရွတ်ဆိုကာ လက်ဖြင့် အထပ်ထပ်သုံးသပ်ပွတ်နယ်လျက် ရှိနေခဲ့သည်။

ထိုအခါ မြူကိုဆောင်သောအဝတ်ဟု ရွတ်ဆိုသည့်အတိုင်းပင် အထပ်ထပ် ပွတ်သပ်မှုကြောင့် ဖွေးဖွေးဖြူသော အဝတ်ပိုင်းသည် မြူတင်ညစ်နွမ်း၍လာခဲ့၏။ ထိုအခါ အရှင်စူဠပန်အဖို့ အဖြူဝတ်မှ မြူဝတ်သို့ပြောင်းလဲဖောက်ပြန်၍လာသည်ကို ကြည့်ရှုကာ မြင်မြင်သမျှ သင်္ခါရတရားတို့သည် အနိစ္စ–မမြဲပါလေတကား ဟူသော တရားအသိသို့ တိုးတက်၍လာခဲ့ပေသည်။ အကြောင်းမူကား ဖော်ပြပါ ဘုရင်ဘဝတွင် နဖူးပြင်ကို ဝတ်ရုံတော်ဖျင်စဖြင့် ချွေးသုတ်လိုက်သောအခါ အဝတ်ဖြူဖြူတွင် မြူတင်၍သွားသည်ကို မြင်မြင်သမျှ သင်္ခါရတရားတို့သည် အနိစ္စ–မမြဲပါတကားဟု တရားသဘောသို့ သက်ဝင်မှုတစ်ချက် ဖြစ်ပေါ်ခဲ့သည့် အလေ့အထုံ အကြောင်းရပ်ကလေးတစ်ရပ် ပါရမီဓာတ်ခံရှိခဲ့သောကြောင့် ဖြစ်ပေသည်။

ယင်းအတိတ်ပါရမီဓာတ်ခံမျှင်မျှင်ကလေးမျှကို ဘုရားရှင်က ရွှေဉာဏ်တော်ဖြင့် သိရှိတော်မူ၍ အတိတ်နှင့် ပစ္စုပ္ပန်ကို ဆက်နွှယ်ကာ အရှင်စူဠပန်၏ ငုပ်ကွယ်နေသည့် ကြီးမားသော အခြားဓာတ်ခံအကြောင်းရပ်များကိုပါ ပေါ်ပေါက်လာလေအောင် ထုတ်ဆောင်နည်းပေးတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ဆရာဟူသည် တပည့်ကို မေတ္တာရှေးရှု အာရုံပြုမြဲဖြစ်၏။ ကမ္ဗဋ္ဌာန်းဆရာသည် မိမိ၏တရားတပည့်ကို ပို၍ စေတနာရှေးရှု အာရုံပြုသည်။ အကြောင်းမူကား

www.burmeseclassic.com

www.burmeseclassic.com



ကမ္မဋ္ဌာန်းအလုပ်ဟူသည် နာမ်တရားဦးဆောင်သော အလုပ်ဖြစ်ပေရာ သိမ်မွေ့လှသော နာမ်တရားဟူသည် တည့်မတ်အောင် ဖြောင့်မတ်မပေးခဲ့လျှင် တရားလမ်းစဉ်ပေါ်မှ ဖဲကြဉ်၍ လမ်းလွဲသို့ရောက်သွားတတ်လေသောကြောင့် ကမ္မဋ္ဌာန်းဆရာက မလွဲမချော်ရလေအောင် ထိန်းကွပ်လမ်းညွှန်ပေးရမြဲဖြစ်သည်။ ဘုရားရှင်ကဲ့သို့သော မဟာကရုဏာအရှင် အသဒိသ ကမ္မဋ္ဌာန်းဆရာကြီးအဖို့ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

ထို့ကြောင့် အဝတ်ဖြူကို အဝတ်မြူအဖြစ် သုံးသပ်ရာမှ သင်္ခါရအမြင်ဖြင့် ဘာဝနာအစဉ်သို့ တက်လာပြီဖြစ်သော တပည့်စူဠပန်အား ဘုရားရှင်က ဆွမ်းကျွေးမဏ္ဍပ်တွင်ထိုင်လျက်နှင့်ပင် တန်ခိုးတော်ဖြင့် အရှင်စူဠပန်အထံသို့ ရုပ်ပွား အသံပွားစေလွှတ်တော်မူ၍ "ချစ်သား စူဠပန်...မြူဟူသည်ကား အဝတ်ဖြူကို ဖောက်ပြန်စေတတ်သကဲ့သို့ လူသတ္တဝါတို့အားလုံးလည်း ရာဂတည်းဟူသော မြူ၊ ဒေါသတည်းဟူသော မြူ၊ မောဟတည်းဟူသော မြူတို့ဖြင့် ဖောက်ပြန်စေသည်။ အဝတ်ဖြူမှ မိမိခန္ဓာကိုယ်သို့ ကူးပြောင်း၍ သတိရှုမှတ်လေလော့။ မိမိကိုယ်တွင်တင်လျက်ရှိသော ရာဂ၊ ဒေါသ၊ မောဟ ညစ်ဆိုး မြူဆိုး မြူညစ်များကို ပစ်ပယ်နိုင်အောင် သတိမပြတ် ရှုမှတ်လေလော့ ချစ်သား"ဟု တရားပြလိုက်သောအခါ တရားတစ်ချက်တည်းဖြင့် အရှင်စူဠပန်အဖို့ အမိုက်မှောင်ထုအတွင်းမှ အလင်းရှွေတံခါးကြီး ပွင့်၍သွားလေတော့သည်။

[ ၃ ]

ယခုသော် အရှင်စူဠပန်၏အလှည့်သို့ ရောက်လာပြီဖြစ်၏။ ရောက်ဟန်ကား-

ဆရာဇီဝကက ဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းကပ်ရန်အတွက် ဘုရားရှင်၏ သပိတ်တော်တွင် ဆွမ်းစတင်လောင်းကပ်ရန် ဟန်ပြင်လိုက်သောအခါ ဘုရားရှင်က "ဒါယကာဇီဝက...သင့်အလှူအတွက် ကျောင်းရှိသံဃာကုန် ပင့်ဖိတ်ထားသည် မဟုတ်ပါလော။ ကျောင်းတွင် သံဃာတော်ကျန်ရှိနေချေသေး၏"ဟု မိန့်တော်မူကာ အလှူမခံသေးဘဲ သပိတ်ကို လက်တော်ဖြင့်ပိတ်ကာဟန် ပြုလုပ်ထားသဖြင့် ဆရာဇီဝကက သံဃာ့အကျိုးတော်ဆောင် အရှင်မဟာပန်သို့ စူးစမ်းသော အနေဖြင့် လှမ်း၍ကြည့်လိုက်၏။

အရှင်မဟာပန်က "ကျောင်းရှိ သံဃာတော်အားလုံး ကြွရောက်လာကြောင်း

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးကြည့်ရှုပြီးပါပြီအရှင်ဘုရား”ဟု ဘုရားရှင်အား လျှောက်ထားသည်။ ဘုရားရှင်က မဟာပန်မထေရ်အား မည်သို့မျှမပြောဘဲ ဆရာဇီဝကသို့သာ ကျောင်းတွင် သံဃာကျန်ရှိနေသေးကြောင်း မိန့်ကြားသည်။

သို့ဖြစ်၍ ဆရာဇီဝကက နောက်ပိုင်းဆီမှ အမှုလုပ်များဆီသို့ လှမ်း၍ “ဟေ့... မောင်ရင်တို့...ကျောင်းမှာ သံဃာတော် ကျန်ရှိနေသေးတယ်လို့ ဘုရားရှင် မိန့်ကြားနေတယ်။ တစ်ယောက်လောက် အမြန်ပြေးပြီး ပင့်ချေစမ်းဟေ့”ဟု ပြောကြားလိုက်သောအခါ လူရွယ်ဒကာတစ်ယောက်သည် ကျောင်းတော်ဆီသို့ အမြန်ထွက်ခွာလာခဲ့သည်။

ကျောင်းတော်ကိုရောက်သောအခါ ကျောင်းတွင် သံဃာတော် ကျန်ရှိနေပေသေးသည် အမှန်ဖြစ်ကြောင်း ယင်းဒကာအဖို့ အံ့သြစွာတွေ့ရှိလိုက်ရသည်။ ကျန်ရှိသည်မှ တစ်ပါးလည်းမဟုတ်၊ နှစ်ပါးလည်းမဟုတ်၊ ကြွရောက်လေပြီးသော သံဃာတော်အရေအတွက်ထက် ဆထက်မျှပိုကာ ဝေဠုဝန်ကျောင်းတော်ကြီး တစ်ခုလုံးတွင် သံဃာတော်ပေါင်း မြောက်မြားစွာတို့ဖြင့် ပြည့်ကျပ်နေသည်မှာ တစ်ကျောင်းလုံး ဝါဝါဝင်းလျက်ပင် ရှိပေတော့၏။

ဤသည်ကား အရှင်စူဠပန်မထေရ်က မိမိသည် ရဟန်းကိစ္စ ပြီးစီး၍ ရဟန္တာဖြစ်လာပြီဖြစ်ကြောင်း၊ ရဟန္တာမှ သာမန်ရဟန္တာမဟုတ်၊ ပညာရော တန်ခိုးပါ ပဋိသမ္ဘိဒါပတ္တ ဘက်စုံပြည့် ရဟန္တာဖြစ်ကြောင်း၊ သာမန် ဘက်စုံပြည့်ရုံမျှမဟုတ် တန်ခိုးဖန်ဆင်းမှုအရာတွင်လည်း ထူးချွန်သော ရဟန္တာဖြစ်ကြောင်း ဘုရားရှင်နှင့် နောင်တော် မဟာပန်တို့ သိစေရန် ဖန်တီးလိုက်ခြင်းဖြစ်သည်။

အကြောင်းမူကား–ရဟန္တာဟူသည် ကိလေသာနှောင်ဝဋ်မှ ကျွတ်လွတ်ရုံဖြစ်ဆန်းစေကာမူသော ရဟန္တာ၊ ရဟန္တာဖြစ်သည်နှင့်တစ်ပြိုင်နက် ပါရမီဓာတ်ခံရင့်သန်ပြည့်ဝခဲ့သူဖြစ်သည့်အလျောက် ပညာရော တန်ခိုးပါ ပြည့်စုံလာသော ဘက်စုံပြည့် ရဟန္တာ၊ ဘက်စုံပြည့် ရဟန္တာတွက်လည်း အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် စသည်တို့ကဲ့သို့ တစ်ဖက်ဖက်တွင် သူတစ်ပါးထက် ထူးကဲသာလွန် အချွန်အမွန်ဖြစ်သော ရဟန္တာဟူ၍ အမျိုးမျိုးရှိကြရာတွင် အရှင်စူဠပန်သည်ကား အခြားရဟန္တာများအဖို့ စိတ္တက္ခဏ တစ်ချက်တွင် ပုံစံတစ်မျိုးနှစ်မျိုးကိုသာ ဖန်ဆင်းနိုင်ကြရာက မိမိမှာ စိတ်ဝသီဘော်တစ်ချက်မျှဖြင့် တစ်ထောင်သော သံဃာတို့ကို ကိစ္စအထွေထွေ ပုံစံအမျိုးမျိုးဖြင့် ဖန်ဆင်းနိုင်သည်ဖြစ်ကြောင်း ဖော်ပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်း ဖြစ်ပေသည်။

တစ်ပါးနှစ်ပါးမျှမက တစ်ထောင်မျှသော သံဃာတော်များကို ကျောင်းလုံးပြည့်မျှ တွေ့လိုက်ရသော ဒါယကာအဖို့ ဤမျှများပြားသော သံဃာများကို ပင့်ဆောင်သွားဖို့လည်းအခက်၊ မပင့်ဘဲနေဖို့လည်း အခက်နှင့် မည်သို့ပြုရမည်မသိအောင်ပင် ရှိနေရာက အိမ်သို့ပြန်ခဲ့၍ ဆရာဇီဝကအထံသို့ရောက်လျှင် ကျောင်းတော်တွင် သံဃာတစ်ပါးနှစ်ပါးမက ကျောင်းလုံးပြည့်မျှ သံဃာများရှိနေပါကြောင်း ပြောကြားလိုက်သောအခါ "မင်းတွေ့ခဲ့တယ်ဆိုတာ ဟုတ်နိုင်မယ်မထင်ပါဘူး၊ မသကာ တစ်ပါးနှစ်ပါးကျန်ချင် ကျန်တော့မပ"ဟု မယုံလေဟန်ဖြင့် ပြောကြားလိုက်၏။

ထိုအခါ အဖြစ်စုံကို သိတော်မူပြီးသော ဘုရားရှင်က "ဘယ်နှစ်ပါးပဲရှိနေစေကာမူ စူဠပန်တစ်ပါးကိုသာ ပင့်ခဲ့ပါဘိ"ဟု မိန့်ကြားသဖြင့် ယခင်ဒကာအဖို့ ကျောင်းသို့ တစ်ဖန်ပြေးရပြန်သည်။

ကျောင်းတော်တွင် ယခင်တွေ့ခဲ့သည့်အတိုင်းပင် ပါဠိရွတ်သူက ရွတ်၊ တရားထိုင်သူကထိုင်၊ သက်န်းဆိုးသူကဆိုး၊ ပုံစံအမျိုးမျိုးနှင့် တွေ့ရသည်ကို နီးရာသံဃာတစ်ပါးထံသို့ "အရှင်စူဠပန် ဆွမ်းစားကြွရန် ဘုရားရှင်က အခေါ်လွှတ်လိုက်ပါသည်ဘုရား"ဟု လျှောက်ထားလိုက်သောအခါ သံဃာများစွာကပင် ငါလည်း စူဠပန်၊ သူလည်းစူဠပန်နှင့် သံဃာအားလုံးပင် စူဠပန်များချည့် ဖြစ်နေပါသည့်အကြောင်းကို အိမ်သို့ပြန်၍ လျှောက်ထားရပြန်သည်။

ထိုအခါ ဘုရားရှင်က "သွားချေဦးဒါယကာ၊ ပထမဆုံး စူဠပန်ဆိုသူ ရဟန်း၏ လက်ဆွဲ၍ ပင့်ဆောင်ခဲ့ပေတော့"ဟု မိန့်ကြားသည့်အတိုင်း ဆောင်ရွက်သည့်အခါမှ စူဠပန်ကိစ္စ ပြီးပြတ်ပါလေတော့သည်။

ဆွမ်းစားမဏ္ဍပ်သို့ အရှင်စူဠပန် ရောက်လာသောအခါ ဘုရားရှင်က ဆရာဇီဝကအား "စူဠပန်သပိတ်ကိုယူလော့ ဒါယကာ ဇီဝက...ယနေ့ သင်၏ဆွမ်းအလှူအတွက် စူဠပန်မထေရ်က အနုမောဒနာတရား ဟောကြားလိမ့်မည်"ဟု မိန့်ကြားလိုက်သောအခါ မနေ့ကပင် မိမိအကြားအမြင်အားဖြင့် ပညာဝီရိယနည်းပါးလှသောကြောင့် နောင်တော်ဖြစ်သူက ဆိုမြည်ဆုံးမ၍နေသည်ကို ကြားခဲ့ရသော ဆရာဇီဝကအဖို့ မယုံမရဲနှင့်ပင် ဘုရားရှင်အမိန့်တော်အတိုင်း အရှင်စူဠပန်၏ သပိတ်ကိုယူကာ အနုမောဒနာတရား ဟောကြားဖို့ တောင်းပန်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင်မူ မနေ့ကနှင့် ယနေ့အတွေ့အမြင် အဆင်အသွေးချင်း မတူတော့သော အရှင်စူဠပန်က ဆွမ်းအနုမောဒနာတရားကို ပိဋကတ်သုံးပုံအား ချောက်ချားစေ၍ ရဲရဲရင့်ရင့် ဟောကြားလိုက်သောအခါ ဆရာဇီဝကတို့အဖို့ တအံ့တသြနှင့်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေတော့သည်။

[ ၄ ]

ဤကိစ္စတွင် ပြဿနာဖြစ်ပေါ်လာသည်မှာ ပုထုဇဉ်ရဟန်းတော်များတွင်ဖြစ်၍ ပြဿနာရှင်မှာကား ဤမျှ ဂုဏ်ရည်ပြည့်ဝသော အရှင်စူဠပန်အား သာသနာတော်မှ နှင်ထုတ်ခဲ့မိသည့် နောင်တော် မဟာပန်မထေရ် ဖြစ်ရလေတော့သည်။

သိတော်မူ၊ မြင်တော်မူသော ဘုရားရှင်သည် ရောဂါအပြင်းစွဲသူကို ဆေးတစ်ခွက်တည်းဖြင့် ပျောက်အောင်ကုသနိုင်သော သမားတော်ကြီးကဲ့သို့ စူဠပန်မထေရ်အား ကယ်တင်နိုင်ပါပေသည်။ မဟာပန်မထေရ်မူကား စူဠပန်အား သာသနာတော်မှ ငေါက်ငမ်း နှင်ထုတ်သူဖြစ်၍ ရဟန်းဖြစ်ပါလျက် ဒေါသကြီးလေယောင်တကား စသည်ဖြင့် ဘုရားရှင်ကိုလည်းကောင်း၊ နားကြားကိုယ်တွေ့အားဖြင့် ဂုဏ်ရည်ထက်လေသော အရှင်စူဠပန်အားလည်းကောင်း ချီးကျူးပြောဆိုကြကာ အရှင်မဟာပန်၏ အရည်အသွေးကို ပုထုဇဉ်ရဟန်းတို့ မသိကြလေသဖြင့် ရှုတ်ချပြောဆိုကြသည်မှာ ညဉ့်ဦးပိုင်းတရားမဏ္ဍပ်သံဃာ့အစည်းအဝေးသို့ပင် တိုင်လေ၏။

တရားမဏ္ဍပ်သို့ ဘုရားရှင် ကြွတော်မူကာ အကျိုးအကြောင်းမေး၍ မိန့်ကြားဆုံးမ သြဝါဒပေးသည့်အခါတွင်မှ တစ်ဖက်တွင် ဝမ်းမြောက်ကြရခြင်းနှင့်အတူ တစ်ဖက်တွင် ဓမ္မသံဝေဂရကြကုန်သည်။ ရဟန်းတို့အား "ချစ်သားတို့...ငါ့သားတော် မဟာပန်အား အပြစ်မတင်ကြကုန်လင့်။ အကြောင်းမူကား-ငါ့သား မဟာပန်သည် ရဟန္တာဖြစ်၍ ရဟန္တာတို့တွင် ဒေါသဟူသည် မရှိကုန်၊ သူ့ညီစူဠပန်အား သာသနာတော်မှ နှင်ထုတ်ခြင်းမှာ အကျိုးသင့်အကြောင်းသင့် မြော်မြင်၍ နှင်ထုတ်ခြင်းမျှ ဖြစ်လေသည်။ ယင်းသို့နှင်ထုတ်၍ပင် စူဠပန်အတွက် အကျိုးရှိတော့သည် မဟုတ်လော။

"ငါ့သားတော် မဟာပန်တွင် မှိုင်းမှုန်ပြာဝေ ရေးတီတေက စူဠပန်၏ ပါရမီအခြေခံမှုန်ပျပျမျှသော အကြောင်းရင်းကို မမြင်နိုင်သည့် အားနည်းချက်မျှသာ ရှိပေသည်။ သို့ရာတွင် မဟာပန်သည် ငါ့သားတော်အားလုံးတို့အနက် ရပ်မရှိသော

www.burmeseclassic.com



ဘုံ အရူပါဝစရဈာန်ကို ဝင်စားရာတွင် အလိမ္မာဆုံး၊ အကြီးမြတ်ဆုံးဖြစ်ပေ၏”ဟု ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးမြှောက်မိန့်ကြားလိုက်သောအခါ ဓမ္မသံဝေဂ၊ ဓမ္မပီတိ အပြည့်ဖြင့် သာဓုသုံးကြိမ်ခေါ်ကြသည်။

“ချစ်သားတို့...စူဠပန်သည်လည်း သာမန်ရဟန္တာမျှမဟုတ်၊ ဘက်စုံ ရဟန္တာမျှမက တန်ခိုးဖန်ဆင်းမှုအရာတွင် ထူးခြားသူဖြစ်လေ၏။ ထူးခြားဟန်မှာ အခြားတန်ခိုးရှင်တို့သည် စိတ်ဝသီဘော် တစ်ချက်တွင် ဟန်ပန်ကွဲပြားသော ရုပ်ဆင်းတစ်ခုနှစ်ခုမျှကိုသာ ဖန်ဆင်းနိုင်ကြသည်။ စူဠပန်သည်ကား ဝသီဘော်တစ်ချက်မျှဖြင့် တစ်ထောင်သောရုပ်အဆင်းတို့ကို ပုံဟန်ခွဲခြား၍ ဖန်ဆင်းနိုင်စွမ်းရှိသူဖြစ်ပေ၏။ ထို့ကြောင့် ငါ့သား အရိယာများအနက် ရူပါဝစရဈာန်ကို ကျွမ်းကျင်ကြသူများတွင် စူဠပန်သည် အထူးခြားဆုံး၊ အကြီးမြတ်ဆုံး ဖြစ်ပါပေ၏”ဟု ဧတဒဂ်တံဆိပ်ခတ်နှိပ်လိုက်သောအခါ ယနေ့တရားမဏ္ဍပ်သည် ထူးခြားလှပါပေ၏။

အကြောင်းသော်ကား တစ်နေ့တည်း တစ်ချိန်တည်း၌ပင် ဂုဏ်ရည်ဝင်းပြောင်ဒွေးညီနောင်တို့အဖို့ ဧတဒဂ်ဘွဲ့ထူးရကြသောနေ့ပါပေတကားဟု ဝမ်းမြောက်ကြည်သာ နှလုံးချမ်းမြေ့စွာဖြင့် ခေါ်လိုက်ကြသော သာဓုသံများမှာ ဘဝဂ်ညံသွားပေ၏။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# ဦးကြောင်တီလူး

[ ၁ ]

ဦးကျောက်လုံးသည် အတွင်းပစ္စည်းတစ်ခုကို စစ်ဆေးနေရင်း အခန်းအဝင်မှ ပုတီးစေ့ခန်းဆီး လှုပ်ရှားသံကြားသောကြောင့် စောင်းငဲ့၍ ကြည့်လိုက်သောအခါ အခန်းဝတွင် မတ်တတ်ရပ်လျက်ရှိသော တပည့်တိုင်းကျော်ကို မြင်ရသဖြင့် ဘာလဲ ဟေ့ တိုင်းကျော်၊ ညကြီးမင်းကြီး ဘာကိစ္စ ပေါ်လာပြန်ပြီလဲ”ဟု လှမ်း၍မေးလိုက်၏။

“ဆရာကြီးကိုပြောထားတဲ့လူ အပြင်ခန်းမှာရောက်နေပါပြီ ဆရာကြီး”

“အေး…ငါလာခဲ့မယ်ဟေ့၊ ခဏစောင့်ပါလို့ပြော”

ကြက်မွေးကို လေတိုက်သကဲ့သို့ အခန်းဝမှ တိုင်းကျော် ပျောက်သွား၏။ ပုတီးစေ့များသည် တချောက်ချောက်မြည်ကာ လှုပ်ရှားမြဲ လှုပ်ရှား၍ ကျန်ရစ်လေသည်။

ဦးကျောက်လုံးသည် ကိုင်ထားသောပစ္စည်းကို သေတ္တာလေးအတွင်းသို့ထည့်၍ သိမ်းဆည်းလိုက်ကာ နေရာမှ ဖြည်းညင်းစွာထသည်။ အပြင်မှ လေပြည်လေညင်းသည် အခန်းတွင်းသို့ဝင်လာသဖြင့် အခန်းလယ် တစ်နေရာတွင်ထွန်းထားသော မီးတိုင်မှမီးညွန့်သည် သိမ်မွေ့စွာ ယိမ်းလျက်ရှိလေရာ မီးရောင်ရိပ်ကြောင့် အခန်းတွင်းရှိ ပစ္စည်းများသည် တယိမ်းယိမ်း တလှုပ်လှုပ် ဖြစ်လျက်ရှိသည်ဟု ထင်ရလေ၏။ ဦးကျောက်လုံးသည် မတ်တတ်ရပ်ရင်းက မလှမ်းမကမ်းတွင်ရှိသော ကြေးမုံဆီသို့ မိမိကိုယ်ရိပ်ကို လှမ်း၍ကြည့်လိုက်လေသည်။

တပည့်တိုင်းကျော်၏စကားအရ အပြင်ခန်းတွင်ရောက်နေသော ဧည့်သည်သည် သာမန်ဧည့်သည်မဟုတ်ပေ။ ထိုသူသည် မြင်လိုက်ရုံမျှဖြင့် လူသာမန်များ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့တုန်လှုပ်ရသော ရုပ်ရည်ရှိသူဟု တိုင်းကျော်ကဆိုသည်။ ထိုသူက တိုင်း ကျော်မှတစ်ဆင့် မိမိဂိုဏ်းသို့ ဝင်ရောက်လိုသည်ဟုဆိုသည်။ မိမိထံတွင် တပည့်ခံလို သည်ဟုဆိုသည်။ ဆရာကြီးဦးကျောက်လုံးသည် ထိုသူကို ယခုထွက်၍ တွေ့ရမည်ဖြစ်၏။ ဆွေးနွေးရမည်ဖြစ်၏။ မိမိတို့ဂိုဏ်းအတွင်းသို့ အသင်းသား အဖြစ်သွင်း၍ အသုံးပြုသင့် မပြုသင့်ကို အကဲဖြတ်ရမည်ဖြစ်၏။

ဦးကျောက်လုံးသည် တိုင်းကျော်တို့လို လက်ရင်းတပည့် တစ်ယောက် နှစ် ယောက်မှလွဲ၍ အခြားတပည့်များနှင့်တွေ့တိုင်း အမြဲသတိရှိ၏။ တပည့်ဆိုသော် လည်း တိုက်တန်လျှင်တိုက်၊ လုတန်လျှင်လု၊ ခိုးတန်လျှင်ခိုးသည့် လူဆိုးလူမိုက် အလုပ်မျှမက သတ်တန်လျှင်သတ်သည့် လူသတ်သမားလိုလိုချည်း ဖြစ်ကြပေရာ ဦးကျောက်လုံးအဖို့ မြွေပွေးခါးပိုက် ပိုက်သည်ဟူသော ဥပမာမျှဖြင့် မပြည့်စုံ။ မြွေပွေး အကောင်ပေါင်းများစွာကို အိတ်ကြီးတစ်ခုဖြင့်ထည့်၍ ထမ်းပိုးထားဘိသို့ ဖြစ်၏။ ထို့ကြောင့် သူတို့နှင့် ဆက်ဆံသည့်အခါတိုင်း လူဟန်အနေအထားကို လည်းကောင်း၊ စကားပြောဆိုသည့်အခါ အသံနေ အသံထားကိုလည်းကောင်း စိုးမိုးနိုင်သူ၏အသွင်ဖြင့် အမြဲ သတိထားရသည်။

သို့ရာတွင် ဦးကျောက်လုံးသည် ဟန်ရေးကိုသာပြ၍ အကြောင်းရှိလျှင် ခေါင်း ရှောင်တတ်သော သာမန်ခေါင်းဆောင်မျိုးကား မဟုတ်ပေ။ လူဆိုး လူမိုက် လူ သတ်သမား ငါးရာခန့်ကို ခေါင်းဆောင်မှုသတ္တိ အမျိုးမျိုးပြ၍ ဝပ်နေအောင် ထိန်းသိမ်းထားနိုင်စွမ်းရှိသော ဂိုဏ်းဆရာကြီးတစ်ဦးအား အဘယ်ပုံ အထင်သေး၍ ဖြစ်နိုင်ပါအံ့နည်း။

ရာဇဂြိုဟ်မြို့တွင် ဦးကျောက်လုံး၏ ဂုဏ်ဒြပ်မှာ မသေးငယ်လှပေ။ ထင် ရှားလှသော ကုန်သည်ကြီးတစ်ဦးဖြစ်၏။ အပေါင်းအသင်းဆံ့၏။ မင်းရေးစိုးခွင် ဝင်ဆံ့၏။ အလှူအတန်း အပေးအကမ်း ရက်ရော၏။ ရုံဖန်ရုံခါတွင် ကုန်စည်မျိုးစုံ ကို တင်ဆောင်ထားသော လှည်းပေါင်းများစွာသည် ဦးကျောက်လုံး၏ ခြံဝင်းကျယ် ကြီးသို့ ရောက်လာကြ၍ ရုံဖန်ရုံခါတွင် ခြံဝင်းကျယ်ကြီးမှ ကုန်စည်လှည်းပေါင်း များစွာ ထွက်သွားသည်ကို မြင်ကြရသည်။ ရုံဖန်ရုံခါတွင် ကုန်သည်ဟုဆိုသော မြင်းစီးခရီးသည်များ ဦးကျောက်လုံးခြံဝင်းသို့ ရောက်လာတတ်၍ ထွက်သွားသည် ကိုလည်း မြင်ကြရသည်။ ဦးကျောက်လုံးသည် အရောင်းအဝယ် ကုန်သည် လုပ်ငန်းဖြင့် အလွန်အလုပ်များလှသူအဖြစ် မြင်တွေ့ကြရသည်။ ရုံဖန်ရုံခါတွင်မှ

www.burmeseclassic.com

www.burmeseclassic.com



ဦးကျောက်လုံးအား ဘုရားကျောင်းကန်၌ အဝတ်ဖြူဖြူသန့်သန့်ကိုဝတ်ကာ ပုတီးလက်ဆွဲ၍ လှူဒါန်းပေးကမ်းနေသည်ကိုလည်း တွေ့ကြရ၏။

အမှန်အားဖြင့် အလှူအတန်းပေးကမ်းခြင်း ပရဟိတလုပ်ငန်း၊ ကျောင်းကန်ဘုရား ချဉ်းကပ်မှု စသော ကောင်းမှုအလုပ်များသည် မင်းသားဦးခေါင်းကို စွပ်ထားသော ဦးကျောက်လုံး၏မျက်နှာ တစ်ဖက်ဖြစ်၍ ဦးကျောက်လုံး၏ မျက်နှာအစစ်အမှန်မှာ ဘီလူးခေါင်းစွပ်ထားသော ဓားပြလူဆိုးဂိုဏ်းဆရာကြီးအဖြစ်၌သာ တည်ရှိပေသည်။ ကုန်စည်လုပ်ငန်းဖြင့် ဦးကျောက်လုံးထံသို့ လူပေါင်းများစွာ၊ လှည်းပေါင်းများစွာ အဝင်အထွက်မှာ ပကတိလုပ်ငန်းကို ဖုံးကွယ်ထားခြင်းဖြစ်၏။ ဂိုဏ်းသား တပည့်များစွာသည် တိုက်ကွင်းတိုက်ကွက် အချက်အချာကောင်းသော တောတွင်းဇနပုဒ်တို့တွင်သာ နေကြ၍ တပည့်မယားစွာကမူ ဦးကျောက်လုံး၏ အိမ် အသိုင်းအဝိုင်းတွင် ကုန်သည်ပုံစံဖြင့်လည်းကောင်း၊ ရာဇဂြိုဟ်၏နေရာများတွင် သရုပ်ပြအလုပ်မျိုးစုံဖြင့်လည်းကောင်း နေထိုင်ကြသည်။

အတွေ့အကြုံရှိသူများ၊ အကဲခတ်တတ်သူများက ဦးကျောက်လုံး၏ လှုပ်ရှားမှုအပေါ်တွင် မယုံသင်္ကာရှိကြသော်လည်း ဦးကျောက်လုံးတို့၏ အစီအစဉ် ပိရိမှုကြောင့် လက်ဆုပ်လက်တိုင် တစ်စုံတစ်ရာ ပြဖို့ရန် တစ်စွန်းတစ်စမျှ မထွက်ပေါ်ခဲ့ပေ။

မကြာမီက ထူးခြားသောလူတစ်ယောက် မိမိဂိုဏ်းသို့ ဝင်လိုပါသည်ဟု တပည့်တိုင်းကျော်က ဦးကျောက်လုံးသို့ တီးတိုးပြောလာ၏။ မြွေမြွေချင်း ခြေမြင်သော အခြားဂိုဏ်းမှ ဂိုဏ်းသားတစ်ဦးဦးက မိမိတို့ဂိုဏ်းသို့ ဝင်ရောက်သစ္စာခံလိုပါသည်ဆိုသော ကိစ္စမျိုးသည် ရံဖန်ရံခါ ပေါ်ပေါက်လာတတ်၏။ သို့ရာတွင် သစ္စာခံပါသည်ဆိုစေ လူစိမ်းတစ်ယောက်ကို အတွင်းသားအဖြစ် သိမ်းသွင်းရန်မှာ လွယ်ကူသောအလုပ်မဟုတ်။ ဦးကျောက်လုံး အထူးသတိထားသည်။ အကြောင်းမှာ ကြောက်စရာ၊ စိုးရိမ်စရာကောင်းသောအရာများအနက် လူသည်သာ ကြောက်စရာ အကောင်းဆုံးဟု ဦးကျောက်လုံး စဉ်းစားထားသည်။ ထို့ကြောင့်လည်း ဦးကျောက်လုံး၏ဂိုဏ်းသည် လူပေါင်းများစွာပါဝင်သော်လည်း ကျစ်ကျစ်လျစ်လျစ်ရှိခြင်း ဖြစ်သည်။

ယခုမူ လက်ရင်းတပည့်ဖြစ်သူက ပြောလာသည့်အပြင် ထူးခြားသူဟု ဆိုသောကြောင့် ဦးကျောက်လုံးအဖို့ အရေးထား၍ စဉ်းစားရသည်။ ဘယ်သို့ထူးခြားသနည်း

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးသောအခါ ထူးခြားပုံကို တိုင်းကျော်က ပြောပြသည်။ ဆရာကြီးတွေ့လျှင် နှစ်သက်ပါလိမ့်မည်ဟုလည်း ဆိုလိုက်သေးသည်။ သို့ဖြစ်၍ "ကြည့်ကြသေးတာပေါ့၊ ခေါ်ခဲ့လေ"ဟု ပြောလိုက်ရသည်။ ယခု ထိုသူသည် ဦးကျောက်လုံးနှင့်တွေ့ရန် အပြင်ခန်းသို့ ရောက်နေပေပြီ။

အပြင်ခန်းဟုဆိုသော်လည်း ဦးကျောက်လုံးအခန်း၏ အပြင်ခန်းကိုသာ ဆိုလို၏။ အမှန်အားဖြင့် အတွင်းခန်းပင်ဖြစ်၏။ အကြောင်းကား–ဦးကျောက်လုံး၏ အိမ်ကြီးအတွင်း၌ အခန်းများစွာရှိရာ အတွင်းလုပ်ငန်းအတွက် တပည့်များနှင့် တွေ့ဆုံဆွေးနွေးသောအခန်းမှာ သီးသန့်ဖြစ်၍ မင်းသားကြီးခေါင်းစွပ်၍ လူကောင်း သူကောင်းများနှင့် တွေ့ဆုံသော ဧည့်ခန်းမှာ တသီးတခြားဖြစ်၏။

ဦးကျောက်လုံးသည် အပြင်ခန်းသို့ထွက်ရန် ပုတီးစေ့ ခန်းဆီးဆီသို့ လျှောက်လာ၏။ အခန်းအစပ်တွင် သတိအနေဖြင့် ကိုယ်ဟန်ကိုပြင်ကာ ခန်းဆီးကို ခွဲဖယ်၍ ထွက်လိုက်သောအခါ လေညင်းကြောင့် တဖျပ်ဖျပ်လှုပ်လျက်ရှိသော မီးရောင်၏ တူရူတွင် ခြေနှစ်ချောင်းကို ခပ်ကားကားထားကာ မားမားကြီးရပ်လျက်ရှိသူကို တွေ့လိုက်ရ၏။ စတင်တွေ့သူတို့၏ သဘာဝအတိုင်း အကဲခတ်သည့်အနေဖြင့် ထိုသူ၏မျက်လုံးဆီသို့ ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်လိုက်သောအခါ အလွန်မာကျောပါသည်ဆိုသော ဦးကျောက်လုံးအဖို့ လျှပ်စစ်ပြက်သကဲ့သို့ ဖျန်းခနဲ ခံစားလိုက်ရသောကြောင့် ဟန်မပျက်ရန် မနည်းထိန်းချုပ်လိုက်ရသည်။ မှန်၏။ ထူးခြားသူပါပေတည်း။

ထုံးစံအားဖြင့် ဧည့်သည်ကို အထိုင်ခိုင်းရပေမည်။ သို့ရာတွင် ဤသူ့ကိုမူ မတ်တတ်ရပ်ရင်း တွေ့ဆုံရသည်က ကောင်းမည်ဟု ဦးကျောက်လုံး ဆုံးဖြတ်၍ အထိုင်မခိုင်း။ အကြောင်းကား–ထိုသူ၏ ကိုယ်လုံးကိုယ်ထည်သည် လူသာမန်တို့ထက် ထူးခြားလှပေသည်။ တွေ့ရခဲသည်။ ထူးခြားသူ၏ ကိုယ်ခန္ဓာကို ဦးကျောက်လုံးသည် တဖြည်းဖြည်း အကဲခတ်လိုက်၏။

ဧည့်သည်သည် ခြေကားကားဖြင့်ရပ်ရင်း လက်နှစ်ချောင်းကို နောက်ပစ်ထား၏။ သူ့မျက်လုံးများသည် ဦးကျောက်လုံးကို တူရူမကြည့်၊ ခပ်စောင်းစောင်း တစ်နေရာဆီသို့ စိုက်ထားသည်။ နောက်ပစ်ထားသော လက်ရုံးနှစ်ဖက်မှ မောင်းရင်း နှစ်ခုသည် သန်မာသောကြွက်သားကြီးများ အမြှောင်းအမြှောင်းထ၍ မို့ထောင်ထနေသည့် ရင်အုပ်ကျယ်ကြီးသည် ကျောက်ဖျာတစ်ခုကိုကပ်ထားသည့်နှယ် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရင်အုပ်အထက်မှ လည်တိုင်မှာ လည်တိုင်လေလား ကျောက်တိုင်လားဟု ထင်ရလောက်သည်။ ကျောက်တိုင်ကိုဖြတ်၍ ထည့်ထားသည် ထင်ရလောက်၏။ သို့ရာတွင် ရင်ဘတ်မွေးများ တသဲသဲအောက်မှ ဝမ်းဗိုက်ကြီးကမူ ပတ်လည်ပူကား၍ ထွက်နေသည်။

ခြေထောက်ကြီးနှစ်ချောင်းကား တကယ့်ကျောက်တိုင်နှစ်လုံးတည်း။ သို့ရာတွင် မညီမညာ မပြေပြစ်သော ကျောက်တိုင်များဖြစ်ကြ၏။ အကြောင်းကား– သံလုံးသားကြီးနှစ်ခုသည် အဆမတန်စူကား၍ ထွက်နေသည်။ ထိုခန္ဓာကိုယ်ကြီးကို အချိုးကျအောင် တင်မ,ထားသော ခြေခုံနှစ်ဖက်ကား တကယ့်ဆင်ခြေထောက်ကြီးများ ပမာတည်း။

ဤခန္ဓာကိုယ်ပိုင်ရှင်၏ ထူးခြားသောမျက်နှာကိုလည်း ဦးကျောက်လုံးသည် တစ်ချက်တည်းဖြင့် သိရှိလိုက်၏။ မေးရိုးကား ကြီး၏၊ အထက်နားတွင် နှုတ်ခမ်းထူကြီးသည် တွဲလျောင်းခိုလျက်ရှိ၏။ ပါးစပ်သည် ကျဲ၍ မည်းသောသွားများကို ဖုံးဖိအောင် မနည်းဆွဲစေ့ထားရသည်။ မလုံသောပါးစပ်မှ သွားရည်များ စိမ့်၍နေသည်ကို မနည်းထိန်းချုပ်ထားရဟန်ရှိသည်။ ပါးစပ်အထက်မှ နှာယောင်ကောက်ကြီးနှင့် နှာခေါင်းသည် ဘီလူးနှာခေါင်းဟုဆိုသော် လွန်အံ့မထင်။

ယင်းသို့ထူးခြားချက်များထက် အထူးခြားဆုံးကား ထိုသူ၏မျက်လုံးနှစ်လုံးပင် ဖြစ်ပေ၏။ မျက်ခုံးမွေးကျဲတောက်တောက်ကြောင့် ဖြူမို့သောမျက်ခုံးနှစ်ခု၏အောက်တွင် မျက်လုံးနှစ်လုံးသည် ကျောက်ဖြူတုံးနှစ်တုံးကို သွင်းထားဘိသို့ ဖွေးဖွေးဖြူလျက်ရှိ၏။ ထိုဖွေးဖွေးဖြူသော ကျောက်မျက်လုံးကြီးများအလယ်တွင်မှ လျှပ်စစ်သဏ္ဌာန် ရဲရဲနီသော အနီရောင်တန်းတစ်ခုသည် အလျားလိုက်ဖြတ်လျက်ရှိပေရာ မီးဝင်းဝင်းတောက်နေသည်ဟု ထင်ရ၏။

ဆရာကြီးဦးကျောက်လုံးသည် ထိုမျက်လုံးများကြောင့်ပင် မြင်လျှင်မြင်ချင်း လျှပ်စစ်ပြက်သကဲ့သို့ ခံစားမိလိုက်ရခြင်း ဖြစ်ပေသည်။ သို့ရာတွင် ချက်ချင်းပင် သတိဖြင့်ထိန်းချုပ်နိုင်ခဲ့၏။ အဘယ်မျှဆိုးသော ဆင်ဆိုး ဆင်ကြမ်းပင် ဖြစ်စေကာမူ ချွန်းကိုနိုင်ရိုး ထုံးစံမရှိပေ။ ထို့ကြောင့် ဦးကျောက်လုံးသည် ထိုသူ၏ရှေ့တွင် ဖြည်းဖြည်းမှန်မှန် ခေါက်တုံ့လျှောက်နေရာမှ ထိုသူ၏ထူးခြားသောမျက်လုံးဆီသို့ ရဲရဲစူးစူး ကြည့်လိုက်ပြီးလျှင်–

"နာမည်ကဘယ်လိုခေါ်သလဲ"ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြောင်ဘီလူးပါ"

"အင်း…နာမည်နဲ့ လူကတော့ လိုက်ဖက်ပေါ့ဗျာ"

ဦးကျောက်လုံးက ပြောလိုက်သောအခါ ကြောင်ဘီလူး၏ နံဘေးတွင် ရပ်နေသော တိုင်းကျော်က သိသိသာသာပြုံးလိုက်သည်။ သို့ရာတွင် ကြောင်ဘီလူး၏ မျက်နှာတွင်မူ ပြုံးယောင်ကလေးဝေ့သွားရုံမျှကိုသာ တွေ့လိုက်ရ၏။

"ဘယ်ဂိုဏ်းကို ဝင်ခဲ့သလဲ…"

"ဘယ်ဂိုဏ်းကိုမှ မဝင်ခဲ့ဖူးပါ"

"ကျုပ်တို့အထဲကို ဘာကြောင့် ဝင်ချင်ရတာလဲ"

"တစ်ယောက်တည်း အလုပ်လုပ်ရတာ အန္တရာယ်များပါတယ်။ ဒါကြောင့် ဆရာကြီးရဲ့အရိပ်ကို ခိုလှုံချင်လို့ပါ"

"ခင်ဗျားရဲ့ရပ်ရည်က ထူးခြားလွန်းနေတယ်။ သူများထက်ထူးခြားတော့ ထင်လွယ်မြင်လွယ်တယ်။ အန္တရာယ်ပိုနီးတယ်။ ဒီတော့ ခင်ဗျားကို တောဘက်မှာထားရင် နေနိုင်ပါ့မလား"

"ဆရာကြီးထားရာမှာ နေပါ့မယ်၊ အမိန့်ပေးသလို နာခံပါ့မယ်"

"ကောင်းပြီ၊ နို့ပေမယ့် အခုလောလောဆယ်မှာတော့ ကျုပ်တို့မှာ မပြီးပြတ်သေးတဲ့ ကိစ္စကလေးတွေ ရှိနေသေးတယ်။ ပြီးတော့ ခင်ဗျားကိုလက်ခံဖို့ ကျုပ်လူတွေနဲ့ တိုင်ပင်ရဦးမယ်။ အဲဒါတွေပြီးရင် ခင်ဗျားကို အကြောင်းကြားလိုက်မယ်"

"ကောင်းပါပြီ ဆရာကြီး"

"ကဲ…ပြန်တော့၊ တိုင်းကျော်က လိုက်ပို့၊ ပြီးရင် ငါ့ဆီကို ခဏပြန်လာဦးဟေ့၊ မင်းနဲ့ပြောစရာလေးတွေ ရှိသေးတယ်"

"ဟုတ်ကဲ့ဆရာကြီး"

တိုင်းကျော်နှင့် ကြောင်ဘီလူးတို့သည် ဦးကျောက်လုံးအား လက်နှစ်ဖက်ကို ရင်တွင်ယှက်၍ အရိုအသေပြုပြီးနောက် ထွက်သွားကြသည်။ ဦးကျောက်လုံးက အခန်းတွင်းသို့ ပြန်၍ဝင်သွားသည်။

[ ၂ ]

ဦးကျောက်လုံး၏ မိန့်မှာချက်အရ မကြာမီအတွင်းမှာပင် တိုင်းကျော်သည် ပုတီးစေ့ခန်းဆီး လှုပ်ခါသံဖြင့် ဦးကျောက်လုံး၏ အခန်းဝသို့ ပြန်၍ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့…တိုင်းကျော်…ဝင်ခဲ့ဝင်ခဲ့၊ မင်းကိုပြောချင်လိုက်တာ၊ ဟိုလူရှေ့မို့ မနည်းအောင့်ထားရတယ်။ မင်းဟာက ဘယ်လိုလူကို ခေါ်လာတာလဲကွ"

တိုင်းကျော်သည် ဦးကျောက်လုံး၏ ရှေ့စကားတွင် အယ်လဲရျောက်ဂျက် အရောတဝင်အသံကြောင့် ခြေလှမ်းသွက်သွက်ဖြင့် အခန်းတွင်းသို့ ဝင်ခဲ့သော်လည်း နောက်စကားတွင် အပြစ်တင်သံပါလာသောကြောင့် မိမိ တစ်စုံတစ်ရာ မှားမှား ယွင်းယွင်းလုပ်မိလေသလောဟု စိုးရိမ်ကြောက်ရွံ့စိတ်ကြောင့် ခြေလှမ်းတန့်သွားသည်။

"ဆရာကြီးမြင်တဲ့အတိုင်းပါပဲ။ ကျွန်တော်လည်း သင့်လျော်လိမ့်မလားလို့ ခေါ်လာမိတာပါ။

"ငါက နောက်မှမြင်တာ၊ မင်းက အရင်မြင်တာ၊ မြင်ရုံနဲ့ ဘယ်လိုလူဆိုတာ မင်း မသိဘူးလား"

"သတ္တိရှိရှိ သစ္စာရှိရှိနဲ့"

"တော်စမ်းပါကွာ၊ ဒီလိုလူမျိုး ဘယ်မှာ သတ္တိတို့၊ သစ္စာတို့ ရှိမှာလဲကွ"

"သူက သစ္စာရှိပါ့မယ်လို့ ပြောပါတယ်။ ပြီးတော့ ဆရာ့ကိုလည်း အင်မတန် လေးစားရှိသေတာ တွေ့ရပါတယ်။ ပြီးတော့ အလုပ်လုပ်တဲ့နေရာမှာလည်း အင်မတန် လက်ရဲဇက်ရဲရှိတဲ့လူပါ"

"တိုင်းကျော်ဆိုတဲ့လူက ပြောရင်းနဲ့ တယ်ပြီး နားဝေးတာပဲ။ လူမိုက်အလုပ်ဆိုတာ လက်ရဲတာ လက်ယဉ်တာလောက်ကို စကားထဲထည့်ပြောမနေနဲ့ကွ၊ လူမိုက်တိုင်း ယဉ်ကြ ရဲကြတာချည့်ပဲ။ နို့ပေမယ့် ယဉ်ရုံ ရဲရုံနဲ့ ပြီးတာမဟုတ်ဘူး။ လူကို သတ်ဝံ့ရုံနဲ့ သတ္တိရှိတယ်လို့ ခေါ်တာမဟုတ်ဘူး။ လူမိုက်အလုပ်မှာလည်း စည်းကမ်းရှိရတယ်၊ သစ္စာရှိရတယ်ကွ"

"သစ္စာရှိပါ့မယ်၊ စည်းကမ်းရှိပါ့မယ်၊ ဆရာကြီးသြဇာကို နာခံပါ့မယ်လို့ ပြောပါတယ် ဆရာကြီး"

"ဒါကတော့ လူတိုင်းပြောတာပေါ့ကွ၊ တို့အဖွဲ့ထဲဝင်လာပြီး တို့သြဇာ မနာခံလို့ ဖြစ်မလားကွ။ ဟော့ မောင်တိုင်းကျော်ရဲ့၊ ကြာရိုးကြာစွယ်မြင်ရုံနဲ့ ရေအတိမ်အနက် သိရမယ်ဆိုတာလို အကဲခတ်တတ်ရမယ်ကွ"

"ဒါကတော့ ကျွန်တော်နားမလည်မိပါဘူး ဆရာကြီး"

"အဲဒါပြောချင်လို့ မင်းကိုခေါ်တာပဲ။ မင်းက ငါ့လက်ရင်းတပည့် လုပ်နေပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒါလောက်ညံ့လို့ ဘယ်ဖြစ်မလဲ။ ပညာဗဟုသုတလည်း လိုက်စားသင့်သလောက် လိုက်စားဦးမှာပေါ့”

တိုင်းကျော်က မီးရောင်ဆီသို့ မျက်လုံးကို စင်းစင်းထား၍ ငြိမ်နေသည်။

“ဟော့…ဒီမှာ၊ ပညာရှိလူတော်လူကောင်းများမှာ လက္ခဏာကြီး ၃၂ ပါးဆိုလား၊ လူကောင်းသူကောင်းတို့ရဲ့ လက္ခဏာများရှိသလို လူယုတ်လူညံ့များမှာလည်း လူယုတ်လက္ခဏာတွေ ရှိသကွ။ ငါပြောချင်တာက မင့်လူမှာ လူယုတ်လက္ခဏာ အပြည့်ရှိတယ်”

တိုင်းကျော်က ဦးကျောက်လုံး၏စကားကို ဆက်၍နာခံလိုက်သည့် လက္ခဏာဖြင့် ဦးကျောက်လုံးဘက်သို့ မျက်နှာကို အနည်းငယ်စောင်းလိုက်သည်။

“မင်းလူကို သေသေချာချာကြည့်စမ်း၊ ခြေဖဝါးကြီးနှစ်ဖက်က ကြီးမားလိုက်တာ၊ ဆန်ကောကြီးနှစ်ချပ် ချထားသလို တကယ့်ဆင်ခြေထောက်ကြီးနှစ်ချောင်းပဲ။ ဒီကြားထဲ ဖနောင့်က တိုလိုက်သေး။ ခြေထောက်ကြီးနှစ်ချောင်းက သလုံးတွဲကြီးနဲ့ ဖုထစ်ခွင်နေတယ်။ စူလိုက်တဲ့ ဗိုက်ပတ်ပတ်လည်ကြီးကလည်း တကယ့်စည်ပိုင်းကြီး၊ သူ့တစ်ကိုယ်လုံး ယုတ်မာသမျှတွေဟာက မျက်နှာမှာ စုနေတယ်၊ မင်းလူက လူမဟုတ်ဘူးကွ၊ ဘီလူး…ဘီလူး…။ ဒီကြားထဲ ကြောင်ဘီလူးလို့ နာမည်မှည့်ထားလိုက်သေး…ဟား…ဟား…ဟား”

ဦးကျောက်လုံးက ရယ်သဖြင့် တိုင်းကျော်က မရဲတရဲဖြင့် လိုက်၍ပြုံးလိုက်သည်။

“အဲဒီရုပ်လက္ခဏာမျိုးက မိုက်မှာကတော့ သေချာတယ်။ နို့ပေမယ့် ဘယ်တော့မှ သစ္စာမရှိတတ်ဘူးကွ။ ဒီတော့ တိုတိုပြောကြစို့ကွာ၊ တို့အဖွဲ့ထဲ သိမ်းသွင်းလို့ မဖြစ်ဘူးကွ”

“ကျွန်တော်တို့လည်း ဆရာကြီးလောက် မသိပေမယ့် သူ့ရုပ်ကြီးက ဖျောက်လို့မရအောင် ထူးခြားလွန်းလို့ ငြင်းပယ်ကြပါတယ်။ နို့ပေမယ့် သူက ကျွန်တော်တို့ကို အင်မတန် ခင်တွယ်နေပါတယ်။ နေရာတကာမှာ အလိုက်သိသိနဲ့ ကျိုးကျိုးနွံနွံ လုပ်ပါတယ်။ ဒါကြောင့်မို့ ဆရာကြီးနဲ့ တွေ့ပေးလိုက်ရတာပါ”

“မင်းပြောပုံကြည့်ရတာ မင်းကိုယ်တိုင်က ဒီလူကြီး ခင်တွယ်ပုံရတယ်။ အေး…ငါပြောချင်တာကတော့ ဒါပဲ။ မင်းတို့က ဒီလူကြီးကို ခင်တွယ်လို့ ဒီလူကြီးမှာ အနေအစားကျပ်တယ်ဆိုရင် တစ်နည်းတစ်လမ်းနဲ့ ထောက်ပံ့လိုက်ပေါ့ကွာ။ အဖွဲ့ထဲသွင်းဖို့ကိုတော့ ငါ သဘောမတူဘူး။ ကဲ…ဒါပဲ၊ သွားပေတော့…”

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

တိုင်းကျော်တို့ကိုယ်နှိုက်က ကြောင်ဘီလူးအပေါ်တွင် ခင်တွယ်နေသည်ဟူသော ဦးကျောက်လုံး၏အတွေးမှာ မမှားပေ။ အဘယ်ကြောင့်ဆိုသော် ကြောင်ဘီလူးအား အဖွဲ့တွင် လက်မခံဟုဆိုသော်လည်း ကြောင်ဘီလူးသည် အဖွဲ့တွင် တွယ်ကပ်နေသည်ဟူသောသတင်းကို ဦးကျောက်လုံး သိရသောကြောင့်ဖြစ်သည်။

ပထမတွင် ဦးကျောက်လုံးက ကြောင်ဘီလူးအား အဖွဲ့အတွင်းမှ အပြတ်ရှင်းပစ်လိုက်ရန် စိတ်ကူးလိုက်သေးသော်လည်း ရက်ပိုင်းအတွင်းမှာပင် ကြောင်ဘီလူးက အဖွဲ့လုပ်ငန်းတွင် လက်စွမ်းပြလာသည်ကို တွေ့ရသောကြောင့် ခပ်မဆိတ်ပင် နေလိုက်သည်။ "ကိုယ့်ဇာတ်ကိုယ်နိုင်အောင် ခင်းကြဟေ့"ဟုသာ တိုင်းကျော်တို့အား ပြောထားလိုက်ရသည်။

ဤမျှသာမဟုတ်၊ ကြောင်ဘီလူး၏ ထထကြွကြွရှိပုံ၊ ဆရာကြီးဦးကျောက်လုံးအပေါ်တွင် ကျိုးကျိုးနွံနွံရှိပုံ၊ အဖွဲ့သားမှန်သမျှ ကျေနပ်မှုရှိအောင် လုပ်ကိုင်နေထိုင်ပုံ၊ အလုပ်လုပ်ရာတွင် ပိပိရိရိနှင့် သစ္စာရှိပုံတို့ကြောင့် အရုပ်ဆိုးသလောက် အလုပ်တွင် တော်ပါပေသည်ဟူသော သတင်းမှာ တစ်နေ့တခြား ထင်ရှား၍လာပေရာ လက်ရင်းတပည့်ကြီးများ၏ဆန္ဒအရ ဦးကျောက်လုံးက မငြင်းပယ်တော့ဘဲ အဖွဲ့သားတစ်ယောက်အဖြစ် လက်ခံလိုက်ရသည်။ သို့ရာတွင် ကြောင်ဘီလူးသည် တစ်ချိန်ချိန်တွင်တော့ ဖောက်လာလိမ့်မည်ဟူသည့် ဦးကျောက်လုံး၏ စွဲမြဲသော ထင်မြင်ချက်အရ လက်ရင်းတပည့်ကြီးများအား "ဒီလူကိုတော့ သတိထားကြဟေ့၊ ဘယ်တော့မှ သတိမလစ်စေနဲ့။ ဒီလူ ဘယ်ကလောက် တော်နေနေ ငါတော့ ဘယ်လိုမှ ဘဝင်မကျဘူး"ဟု ပြောထားမိသည်။

ပြော၍မှမဆုံးသေးဟု ဆိုရလောက်အောင် ကြောင်ဘီလူး၏ ထူးခြားသော သတင်းတစ်ရပ်ကို ကြားလိုက်ရသောကြောင့် ဦးကျောက်လုံးအဖို့ ပျာယာခတ်သွားသည်။ ထိုသတင်းမှာ လက်နက်ကိုင် ဘုရင့်အမှုထမ်း ဆယ်ယောက်သည် တစ်နေရာမှ တစ်နေရာသို့ မြင်းရထားဖြင့် ဘဏ္ဍာတော်များပို့ရာတွင် ဦးကျောက်လုံး၏ အစီအစဉ်အရ ကြောင်ဘီလူးတို့အဖွဲ့က လမ်းမှဖြတ်၍ တိုက်ခိုက်လုယူရာ၌ ဘုရင့်အမှုထမ်း ဆယ်ယောက်စလုံးကို သတ်ပစ်လိုက်သည်ဟူသော သတင်းပင်ဖြစ်ပေ၏။ သတင်းကို အတိအကျစုံစမ်းလိုက်သောအခါ မိမိထင်မြင်ချက်အတိုင်းပင် သတ်သူမှာ အကောင်အထည် ကြီးမားကြမ်းတမ်းသလောက် ဖျတ်လတ်လက်ယဉ်လှသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ဘီလူးဖြစ်နေသည်ဟု သိရသည်။

ထို့ကြောင့် ဦးကျောက်လုံးသည် ထိုနေ့ညနေ ညီအစ်ကိုမသိတသိအချိန်တွင်ပင် ကိုယ်ဟန်ဖျောက်၍ ကြောင်ဘီလူးတို့အဖွဲ့ရှိရာ တောအုပ်သို့ ထွက်ခဲ့သည်။ တောအုပ်မှ အဖွဲ့သားများခိုအောင်းစုဝေးရာ လိုဏ်ဂူသို့ ဦးကျောက်လုံးရောက်သွားသောအခါ ထိုအဖွဲ့ခေါင်းဆောင် တိုင်းကျော်နှင့်အတူ အဖွဲ့သားအားလုံးပင် စုံစုံညီညီတွေ့ရသည်။

အဖွဲ့သားများသည် ဘုရင့်လက်နက်ကိုင်အဖွဲ့နှင့် ဘုရင့်ဘဏ္ဍာတော်ကို အောင်နိုင်လိုက်သောကြောင့် အောင်သေအောင်သား စားသည့်သဘောဖြင့် အောင်ပွဲကြီးခင်းနေကြဟန်တူသည်။ လိုဏ်ဂူမှ မီးပုံကြီးများတွင် သမင်အကောင်လိုက် ကင်ထားသည်ကို တွေ့ရသည်။ ဖွင့်ထားသော သေရည်အိုးများမှာ မလျော့သေးပေ။ သီချင်းမျိုးစုံ၊ အသံမျိုးစုံဖြင့် ဆူညံနေသည်။

သို့ရာတွင် ဆရာကြီးဦးကျောက်လုံးကိုယ်တိုင် ရောက်လာသည်ဟူသော သတင်းအရ ဂူအတွင်းသို့ဝင်လာသော ဆရာကြီးကို တွေ့ရသောအခါ ဆူညံလှုပ်ရှားနေသမျှတို့ ငြိမ်သွား၏။ ဤမျှမက ဆရာကြီး၏ တင်းမာခက်ထန်လှသော မျက်နှာနှင့် အမူအရာကို တွေ့ရသောကြောင့် မိမိတို့ တစ်စုံတစ်ရာ မှားယွင်းလေပြီလားဟု စိုးရိမ်ကာ အားလုံးမတ်တတ်ရပ်ရင်း ကိုယ်ခန္ဓာ တောင့်တောင့်တင်းတင်းကြီးတွေ ဖြစ်သွားကြရသည်။

ဦးကျောက်လုံးသည် မီးပုံတစ်ခုအနီးမှ အဖွဲ့ခေါင်းဆောင် တိုင်းကျော်ထံ တရှူးထိုးဝင်သွားပြီးနောက် တိုင်းကျော်အား မကျေနပ်သောမျက်လုံးနှင့် စူးစူးဝါးဝါးကြည့်သည်။ ထို့နောက် "ဘယ်မှာလဲဟေ့ ကြောင်ဘီလူး၊ ဒီရှေ့ကိုထွက်ခဲ့စမ်း"ဟု ခပ်တင်းတင်းခေါ်လိုက်ရာ လူအုပ်ကြားထဲသို့ရောက်နေသော ကြောင်ဘီလူးသည် မဝံ့မရဲဖြင့် ထွက်လာကာ တိုင်းကျော်ဘေးတွင် ရပ်သည်။ ကျန်အဖွဲ့သားများမှာ တိုင်းကျော်နှင့် ကြောင်ဘီလူးတို့ ဘယ်လိုအမှားမျိုး လုပ်ခဲ့သနည်း။ ဆရာကြီးက ဘယ်ပုံအရေးယူမည်နည်းဟု အသက်ရှူမှားလောက်အောင် စူးစိုက်ကြည့်နေကြသည်။

"ဟေ့...တိုင်းကျော်၊ မင်းတို့လုပ်ပုံတွေက သိပ်တော်ကြသပေါ့ကွာ၊ ဟုတ်လား"ဟု ဦးကျောက်လုံးက စတင်လိုက်သည်။

"ကျွန်တော်တို့လုပ်တာ ဘာများမှားလို့လဲ ဆရာကြီး။ ဆရာကြီးပေးတဲ့ အစီအစဉ်အတိုင်း အောင်မြင်သားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလောက်ကလေးကိုများ မင်းတို့က ဂုဏ်ယူချင်ကြသေးသလား။ ဟေ့ အောင်မြင်တာ မအောင်မြင်တာကို ပြောတာမဟုတ်ဘူးကွ၊ ဘာဖြစ်လို့ ဘုရင့်အမှုထမ်းတွေကို သတ်ပစ်ရတာလဲ"

ကြောင်ဘီလူးအသံ ဝင်လာသည်။ ကြောင်ဘီလူးက သူ၏ နီကြောင်သော မျက်လုံးများကို ထုံးစံအတိုင်း ဆရာကြီးဦးကျော်လုံးသို့ မကြည့်ဘဲ မီးပုံဆီသို့ ကြည့်ကာ "ဒါကတော့ ကျွန်တော်တို့က မသတ်ရင် သူတို့က ကျွန်တော်တို့ကို သတ်မှာမို့ပါ"

"တော်စမ်းဟေ့ ကြောင်ဘီလူး၊ မဟုတ်မဟတ် ဆင်ခြေတွေမပေးနဲ့။ မင်းတို့ လူတစ်ရာလောက်က လူဆယ်ယောက်မကလို့ မာရ်နတ်ဆယ်ကောင်ဖြစ်ပါစေ။ လွယ်လွယ်နဲ့ နိုင်နိုင်ရက်သားနဲ့ သတ်ပစ်တယ်ဆိုတာ မိုက်လွန်းအားကြီးတယ်ကွ။ ကိုယ်လိုချင်တာက ပစ္စည်း၊ ပစ္စည်းရရင် တော်ရောပေါ့။ လူပါသတ်ပစ်တယ်ဆို တော့ စည်းကမ်းလွန်သွားပြီ။ အသတ်ခံရတဲ့လူက ဘုရင့်အမှုထမ်းဆိုတော့ မင်းတို့ လုပ်ပုံက ကိုယ့်ကျင်းကိုယ်တူးတာနဲ့ အတူတူပဲ"

"မရှောင်သာလို့ပါ ဆရာကြီး"

"လာပြန်ပြီလား ဒီဆင်ခြေ၊ ဟေ့...ဓားပြတိုက်စားတယ်ဆိုပေမယ့် ဓားပြတိုက်တာက တစ်မျိုး၊ လူသတ်တာက တစ်မျိုးကွ။ မင်းတို့လုပ်လိုက်တာ အခုဆိုရင် နေပြည်တော်တစ်ခုလုံးမှာ အုံးအုံးကျွက်ကျွက်ဖြစ်ကုန်ပြီ။ လှုပ်လှုပ်ရွရွဖြစ်ကုန်ပြီ။ မင်းတို့အကုန်လုံး နားလည်ထားဖို့က ဓားပြဆိုတာ ငါဟုတ်လှပြီလို့ ဘယ်တော့မှ ဘဝင်မကိုင်နဲ့။ အခုတော့ ပစ္စည်းယူရုံနဲ့ မနေဘူး၊ အင်မတန် သတ်ချင်ဖြတ်ချင် လက်ယဉ်တဲ့ ကြောင်ဘီလူးကြောင့်ပဲဆိုတာ ငါသိတယ်။ ပြောစမ်း ကြောင်ဘီလူး၊ ဆယ်ယောက်စလုံးကိုသတ်တာ မင်းချည်းမဟုတ်လား"

ကြောင်ဘီလူး ငြိမ်နေသည်။

"ဟေ့...တိုင်းကျော်၊ ဒါတွေမြင်လို့ ကြောင်ဘီလူးကို သတိထား၊ သတိထား ဆိုတာ ငါ အထပ်ထပ်ပြောခဲ့တယ်။ ပစ္စည်းကိစ္စဆိုရင် ကယ်နိုင်တဲ့နည်းမျိုးစုံ ငါ့မှာ ရှိတယ်။ လူသတ်တာကို ကယ်နိုင်တဲ့နည်း မရှိဘူးကွ။ မတတ်သာလို့ သတ်ရတဲ့အခါ မျိုးမှာ ကံကောင်းရင် ရှောင်နိုင်သေးတယ်၊ အခုတော့ ဘုရင့်အမှုထမ်း ဆယ်ယောက် လုံးကို အခြောက်တိုက် သတ်ပစ်တယ်ဆိုတော့ မင်းတို့ကို သေမင်းခေါ်တာပဲကွ။ မင်းတို့ ငါတို့ လုပ်နေတဲ့အလုပ်တွေကို ဘုရင်က မသိဘူးမထင်နဲ့။ နေချင်သေး

www.burmeseclassic.com

www.burmeseclassic.com



လို့ နေတာ။ အခုတော့ သူ့လူကိုထိသွားပြီ။ နေမှာမဟုတ်တော့ဘူး။ အခုတောင် အပြင်မှာ ဘုရင့်တပ်တွေ ရောက်ချင်ရောက်နေမှာ။ ဒီတော့ ကိုယ့်ဟာကိုယ် အဟုတ်ကြီးထင်ပြီး အောင်သေအောင်သားစားမနေကြနဲ့။ အခုချက်ချင်း မင်းတို့ အဖွဲ့ကို ကိုယ်ရောင်ဖျောက် လက်စလက်နတွေသိမ်း။ သင့်လျော်ရာမှာ ရှောင်နေကြ။ ကိုယ်ရှိန်သတ်နေကြဦး။ ဟော့ တိုင်းကျော်၊ မင့်လူကြီးကို မင်း နိုင်အောင်ထိန်း၊ နောက်တစ်ခါဆိုရင် ငါနဲ့အရင်တွေ့ရလိမ့်မယ်။ ဒါပဲ။ ဒါကိုပြောချင်လို့ ချက်ချင်း ငါလိုက်လာတာ။ ကဲဟော့ ခုချက်ချင်းပဲ ရှောင်ကြ၊ တိမ်းကြ၊ ကိုယ်ရောင်ဖျောက်ကြ"

ဦးကျောက်လုံး ဩဝါဒအရ အဖွဲ့သားအားလုံး ရှောင်ကြတိမ်းကြဖို့ လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ ဦးကျောက်လုံးသည်လည်း ဂူအတွင်းမှ ချက်ချင်းပင် လှည့်ထွက်လာခဲ့သည်။

သို့ရာတွင် နောက်တစ်နေ့တွင်ပင် ဦးကျောက်လုံးသည် ရာဇဗြိုဟ်ရှိ သူ့အိမ်မှာပင် အဖမ်းခံရသည်။ ဘုရင့်အချုပ်ခန်းသို့ ရောက်သောအခါ တိုင်းကျော် အပါအဝင် မိမိအဖွဲ့သားအားလုံးလိုလို အချုပ်ခန်းသို့ ရောက်နေသည်ကို တွေ့ရ၏။ အဖွဲ့သားအားလုံးတွင် ကြောင်ဘီလူးကိုပါ ထင်းထင်းကြီးတွေ့ရသဖြင့် ဦးကျောက်လုံးက ကြောင်ဘီလူး၏မျက်လုံးများကို ရဲရဲကြီးကြည့်ကာ အံကြိတ်လိုက်မိသည်။ ကြောင်ဘီလူးက ထုံးစံအတိုင်း ဦးကျောက်၏ မျက်နှာကိုရှောင်ကာ တစ်နေရာသို့ စူးစူးကြည့်ရင်း "မှန်ပါတယ်ဆရာကြီး၊ ကျုပ်လက်ယဉ်လို့ ဒီလိုဖြစ်ရတာပါ၊ လက်ယဉ်ဆို ကျုပ်က လူယုတ်မာကိုဗျ"ဟု ခနဲ့စကားပြောသည်။ သူ့တွင် လူယုတ် လက္ခဏာများရှိသည့်အကြောင်း ပြောမိသည်ကို သူကြားသိထားဟန်တူ၍ တစ်စုံ တစ်ရာ မတုံ့ပြန်နိုင်တော့သည့်နေရာတွင် တုံ့ပြန်လိုက်ခြင်းဖြစ်သည်။ ဦးကျောက် လုံးအဖို့ အံကြိတ်၍သာနေရသည်။

ဦးကျောက်လုံးတို့ ဓားပြဂိုဏ်းကြီး၏ လူသတ်မှု၊ ဓားပြမှုများမှာ ကြာကြာ မစောင့်ရ။ ရက်ပိုင်းအတွင်းမှာပင် စစ်ဆေး၍ပြီးသည်။ အပြစ်ဒဏ်မှာ ရှင်း၏။ ဓားပြဗိုလ်ကြီး ဦးကျောက်လုံးနှင့်တကွ အဖွဲ့ဝင်အားလုံး လည်ဖြတ်၍ အသတ်ခံရ မည့် အပြစ်ဒဏ်ဖြစ်၏။ သို့ရာတွင် အခက်အခဲတစ်ရပ်မှာ ဦးကျောက်လုံးတို့ ကံကောင်းသည်ထင်ရမည်လားမသိ။ ဘုရင့်အစိုးရအဖွဲ့တွင် လက်ရှိအချိန်၌ ရာဇဝတ်ကောင်များအား လည်ဖြတ်သတ်မည့် လူသတ်သမား လူသတ်ဝန်ထမ်း ကင်းမဲ့နေချိန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဘုရင့်အဖွဲ့က လူသတ်သမားရနိုင်ရန် နည်းလမ်းရှာလာသည်။ လစာရိက္ခာ စိုစိုပိုပိုပေးလျက်နှင့် ပြင်ပတွင်မရသောကြောင့် ငါးကြင်းဆီဖြင့် ငါးကြင်းသားကြော်သည့်နည်းဖြင့် ဦးကျောက်လုံးတို့၏ ဓားပြဂိုဏ်း ရာဇဝတ်သားများအတွင်းမှ ရှာဖွေသည်။ အကြင်သူသည် လူသတ်သမားလုပ်အံ့။ ထိုသူအား ရာဇဝတ်ဘေး ကင်းဝေးစေရုံမက ဆုလာဘ်ရိက္ခာပေးဦးမည်ဟု ကြေညာသဖြင့် လူသတ်သမား ရွေးကြသောအခါ ဆရာကြီးဦးကျောက်လုံး၏ ဩဝါဒအောက်တွင် ဓားပြဆိုသော်လည်း ဇာတ်တူသားမစားလိုပါဟု အားလုံးကပင် ငြင်းပယ်ကြသည်။ ထူးခြားသူတစ်ယောက်သာ ထွက်ပေါ်လာ၏။ တွေ့စကပင် ဦးကျောက်လုံး ကောက်ချက်ချခဲ့သော ကြောင်ဘီလူးပင်တည်း။

ကြောင်ဘီလူးကို အချုပ်ခန်းမှ ခေါ်ထုတ်သွားသည်။ နောက်တစ်နေ့တွင်ပင် သတ်နိုင်သမျှသော ဓားပြများကို လူသတ်ကုန်းသို့ခေါ်ထုတ်ကာ ဘုရင့်လူသတ်သမားကြီး ဦးကြောင်ဘီလူး၏ ပုဆိန်သွားဖြင့် တစ်ယောက်ပြီးတစ်ယောက် လည်ဖြတ် အသတ်ခံကြရသည်။ ပထမဆုံးအသတ်ခံရသူကား ဦးကျောက်လုံးပင်ဖြစ်၏။ ဘုရင့်လူသတ်သမားဆိုတော့ ဝတ်စုံတွေ၊ ပါးကွက်တွေနှင့် ကြောင်ဘီလူးအား ထည်ထည်ဝါဝါတွေ့ရသည်။ မျက်နှာနှင့် ကိုယ်ဟန်ကလည်း ယခင်ကထက် တက်ကြွနေပုံရသည်။ ဦးကျောက်လုံးက အသတ်မခံရမီတွင် ကြောင်ဘီလူးအား လူယုတ်မာ သစ္စာဖောက်အဖြစ် ရှုတ်ချသောမျက်နှာဖြင့် ကြည့်သည်။ ကြောင်ဘီလူးက ထုံးစံအတိုင်း မျက်လုံးလွှဲကာ “ကျုပ်က လူယုတ်မာဗျ၊ လက်ယဉ်တယ်”ဟု ပြောလိုက်သေးသည်။ ဦးကျောက်လုံးက “သစ္စာဖောက် လူယုတ်မာ၊ မျက်နှာ ကြာကြာမကြည့်ချင်ဘူးဟေ့၊ မြန်မြန်သေရင် မြန်မြန်ဖြတ်တယ်”ဟု ပြောကာ အသတ်ခံသည်။ အဖြတ်ခံသည်။

[ ၄ ]

ဤနည်းအားဖြင့် “လူသတ်သမားကြီး ဦးကြောင်ဘီလူး”ဟူသောသတင်းမှာ ရာဇဗြိုဟ်ပြည်တော်တွင် ဟိန်း၍ထွက်လာသည်။ ဦးကျောက်လုံးတို့ဂိုဏ်းမှဆက်၍ ဘုရင့်အစိုးရအဖွဲ့သည် ရာဇဗြိုဟ်ရှိ ဓားပြဂိုဏ်းအားလုံးလိုလိုကို ဖမ်းမိသည်။ ဖမ်းမိသမျှ ဓားပြမှန်သမျှသည် ဦးကြောင်ဘီလူး၏ ပုဆိန်အောက်သို့ ရောက်ရသည် ချည်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးကြောင်ဘီလူးသည် ဘုရင့်လူသတ်သမားရာထူးသို့ တိတိပပရောက်ရှိပြီး နောက် ရာဇဂြိုဟ်တစ်နေရာရှိ ဘုရင်ပေးသောအိမ်၌ ခမ်းခမ်းနားနား နေရပါ၏။ လစာရိက္ခာလည်း ပြည့်ပြည့်ဝဝရရှိပါ၏။ သို့ရာတွင် အများပြည်သူလူတို့အကြား၌ လူသတ်သမားအသွင်မှာ ကြောက်စရာဘဝတစ်ပါးကဲ့သို့ ကတ္တားခြားခြင်း ခံရသည်။ ကြောင်ဘီလူးဟိတ်ဆိုလျှင် ကလေးများ အငိုတိတ်သည်။ လူကြီးများပင် ဟန်ပျက်သွားရသည်။ မည်သူကမျှ ဆေးဖော်ကျောဘက်မလုပ်ဝံ့ကြ။ လူမှုရေးကိစ္စ အထွေထွေမှန်သမျှတွင် ဦးကြောင်ဘီလူး မပါဝင်။ သူ့အိမ်ဝေး၍ သူ့အိမ်အနီး အနားကိုပင် ရှောင်ကြသည်။ ကြောက်ကြသည်။ သူ့လူရိပ်မြင်လျှင် ရှောင်ကြ ရှားကြသည်။ လန့်ဖျပ်ကြသည်။ ကြာသော် သူကပင် လူတွေကိုရှောင်တော့သည်။ လူစင်စစ်တော့ မှန်ပါ၏။ သို့ရာတွင် မိမိဘဝသည် တစ်မျိုးပါကလားဟု ဦးကြောင် ဘီလူး ရုံဖန်ရံခါ တွေးမိ၏။ ရုံဖန်ရံခါလည်း လူဖြစ်ပါလျက် လူထဲမနေရသော မိမိဘဝကို ဝမ်းနည်းသယောင်ရှိ၏။

ယင်းသို့ ဝမ်းနည်းချည်တစ်လှည့်၊ ထိတ်လန့်ချည်တစ်လှည့်ဖြင့် ဦးကြောင် ဘီလူး၏ အသက်များ တစ်နေ့တခြား ကြီးပြင်းလာခဲ့ရသည်။ ရာထူးကလည်း ခိုင်မြဲလိုက်သည်မှာ မိမိရာထူးကို လုမည့်သူမရှိ။ ဆက်ခံမည့်သူ မရှိ။ စိတ်ကူးပင် ထည့်ဝံ့ကြဟန် မတူ။ အသက်ကြောင့်သာ ရာထူးမှ နုတ်ထွက်ခဲ့ရပေသည်။ အကြောင်းကား ဦးကြောင်ဘီလူးအဖို့ အသက်ကြီးရင့် အိုမင်းလာပြီဖြစ်ရာ ရာဇဝတ် သားများကို သတ်ရာ၌ ယခင်ကလို ပုဆိန်တစ်ချက်ဖြင့် ဇက်ကို အပြတ်မခုတ်နိုင် တော့သဖြင့် ရာဇဝတ်သားများ ပင်ပန်းသောကြောင့် လူသတ်သမားရာထူးမှ အနား ယူခဲ့ရသည်။

ရာထူးမရှိသောအခါ လူသတ်သမားမဟုတ်တော့သဖြင့် မိမိအား ပတ်ဝန်းကျင် လူများက အသိအမှတ်ပြုလေလိမ့်မည်လားဟု မျှော်လင့်မိသော်လည်း ကြောင်ဘီလူး ၏ မျှော်လင့်ချက်မှာ အချည်းနှီးသာဖြစ်ပေသည်။ ရှိနေသော သားမယားနှင့် တပည့်တပန်း အနည်းငယ်မျှကိုပင် စွန့်ပစ်မသွားရန် သတိနှင့်ဆက်ဆံနေသည်။

ဦးကြောင်ဘီလူးအဖို့ အပေါင်းအဖော်အတွက် လူကိုမျှော်လင့်သော်လည်း ရဟန်းကိုမူကား မမျှော်လင့်ပေ။ အကြောင်းကား–မိမိအလုပ်၊ မိမိစရိုက်သည် အကုသိုလ်အတိဖြစ်ပေရာ ရဟန်းတစ်ပါးပါးနှင့် ဆက်ဆံမိလျှင် ထိုအကုသိုလ်ကို ရည်ညွှန်းအပြစ်ပြ တရားဟောမည်ကို ဦးကြောင်ဘီလူး စိုးရိမ်၏။ ရှက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးကြောင်ဘီလူး၏ ကြမ်းတမ်းသောအလုပ်နှင့် ကိုယ်ခန္ဓာကြီးအကြားတွင် မိမိသည် အကုသိုလ်ကောင်ကြီးပေတကားဟူသော အသိတရားကလေးနှင့် ထိုအသိကို တွေးမိလျှင် ရှက်တတ်သော အရှက်တရားကလေးသည် မိုးမှောင်အလယ်တွင် မရဲတရဲ ဝင်းလက်နေသော ကြယ်ကလေးပမာ ရှိနေပေသည်။

ငယ်ရွယ်စဉ်ကမူ ထိုအသိကလေးကို မတွေးမိအောင် အကုသိုလ်တင်းကြမ်းဖြင့် ဖုံးလွှမ်းထားခဲ့သည်။ တစ်နေ့တခြား အိုမင်း၍ မိမိကိုယ်တိုင် သေမင်း၏ တံခါးခေါက်သံကို ကြားယောင်ယောင်ရှိနေသော ယနေ့အချိန်တွင်မူ ထိုအသိကို မတွေးဘဲနေ၍မရ။ ထိုအတွေးကပင် နှိပ်စက်နေသည်။ အကြောင်းကား–လူဟူသည် ငယ်ရွယ်စဉ်အချိန်၌ ဘဝခရီးလမ်းတစ်လျှောက်ကို မျှော်ကြည့်စရာတွေ များစွာရှိခဲ့၏။ မျှော်လင့်ချက်တွေ များစွာထားခဲ့၏။ အိုမင်းသောအခါ၌မူ မျှော်ကြည့်လိုက်တိုင်း သေမင်း၏ တံခါးဝကိုသာ မြင်မိတွေးမိ၍ နေရလေရာ ရှေ့ကို တွေးစရာမရှိလျှင် နောက်ကိုတွေးသော် စိတ်၏သဘာဝအတိုင်း အများနည်းတူ အဝတ်တစ်ထည် ထမင်းတစ်နပ်အတွက် မိမိပြုခဲ့မှားခဲ့သော အကုသိုလ်အထပ်ထပ်ကိုသာ တွေးမိ၍ နေရသည်။

ထို့ကြောင့် ငါ့လို အကုသိုလ်ကောင်ကြီးအတွက် ဤဘဝမှာဖြင့် မထူးတော့ပြီ။ မသေမီ ကောင်းကောင်းစား၍၊ ကောင်းကောင်းသောက်၍၊ ကောင်းကောင်း ပျော်ဖို့သာ ရှိတော့သည်ဟု လူမိုက်တွေးတွေးပြီး အိမ်သားများအား သည်နေ့မှစ၍ အကောင်းဆုံးကိုသာ ချက်ပြုတ်စီမံဖို့ရန် အမိန့်ပေး၍၊ ပျော်ပျော်ကြီးစားသုံးရန် အကောင်းဆုံးသော အဝတ်အစားများကိုထုတ်၍ ဝတ်လိုက်သည်။ အိမ်သူအိမ်သားများက "သည်နေ့ အဘိုးကြီး သူငယ်ပြန်လာပြီ"ဟု တီးတိုးပြောသည်ကို မကြားချင်ယောင် ဆောင်နေလိုက်သည်။

နံနက်ပိုင်း ထမင်းစားချိန်ရောက်သောအခါ မိမိ၏စိတ်ရူးပေါက် အမိန့်အရ ခမ်းနားပြည့်စုံစွာ စီစဉ်ထားသော ထမင်းပွဲကြီးတွင် အဝတ်သစ်များဝတ်၍ ခမ်းနားစွာ စားတော့အံ့ဟု ဟန်ပြင်ဆဲမှာပင် မမျှော်လင့်သောကိစ္စတစ်ရပ် ပေါ်ပေါက်လာသည်။ ထမင်းပွဲရှေ့သို့ ရဟန်းတစ်ပါး ဆွမ်းခံရပ်လာခြင်းပေတည်း။

ထို့ကြောင့် ဦးကြောင်ဘီလူးအဖို့ ကိုယ်ရှိန်သတ်၍ အံ့အားသင့်သွားသည်။ မလာစဖူး အလာထူးသော ရဟန်းအား ကြိမ်းမောင်း၍လွှတ်ရမည်လားဟု လည်းကောင်း၊ တစ်ဖက်တွင် အသိတရားကလေးကလည်း ရှိနေသေးသောကြောင့် ရသwww.burmeseclassic.com

www.burmeseclassic.com



သလောက် ကုသိုလ်ကလေးများ ရစိမ့်သောငှာ တစ်ဖွန်း တစ်ယောက်မလောက် လောင်းလှူလိုက်ရမည်လားဟုလည်းကောင်း တွေဝေသောစိတ်ဖြင့် ရဟန်းအား စူးစူးစိုက်စိုက်ကြည့်လိုက်သောအခါ ဦးကြောင်ဘီလူးအဖို့ ပို၍ အံ့အားသင့်သွားရသည်။ အကြောင်းကား–ဆွမ်းရပ်လာသောရဟန်းမှာ သာမန်ရဟန်းမဟုတ်၊ ရှင်သာရိပုတ္တရာကိုယ်တော်ကြီး ဖြစ်နေသောကြောင့်ပေတည်း။

ရာဇဂြိုဟ်မှ ကြွယ်ဝချမ်းနားလှသော ဥပတိဿလုလင်ကို ဦးကြောင်ဘီလူးသည် ရှေးမဆွကပင် သိခဲ့ပေသည်။ သိခဲ့ရုံမျှမက ဥပတိဿ၏ အသိုင်းအဝိုင်းတွင် မိမိ ပါဝင်နိုင်ရန်ပင် ကြိုးစားခဲ့သည်။ သို့ရာတွင် မချဉ်းကပ်နိုင်ခဲ့ပေ။ ဥပတိဿနှင့် မိမိအဆင့်သည် မနှိုင်းယှဉ်သာအောင် ကွာခြားခဲ့ပါ၏။ သို့ပါလျက် ယနေ့တွင်မူ ဥပတိဿသည် မိမိထံသို့ ထမင်းတောင်းရန် ရောက်လာခဲ့သည်ကို ဦးကြောင်ဘီလူးအဖို့ အံ့အားအသင့်ကြီး သင့်ရ၏။

ထို့ကြောင့် "အလို...ဥပတိဿကိုယ်တော်ကြီးပါလား ကရို့..."ဟုပင် ဆိုမိကာ ရှင်သာရိပုတ္တရာကိုယ်တော်ကြီးအား မိမိနေရာသို့ ပင့်ဆောင်သည်။ ထို့နောက် သပိတ်ကို ရိုသေစွာယူ၍ ဆွမ်းနှင့် ဆွမ်းဟင်းများကို လောင်းထည့်ရင်း "ကိုယ်တော်ကြီး ရဟန်းဝတ်သွားတယ်လို့ ကြားတော့ကြားပါရဲ့၊ နို့ပေမယ့် ကိုယ်တော်ကြီး တပည့်တော်များဆီကို အရောက်အပေါက်နည်းလှပါတယ်။ အေးလေ... တပည့်တော်များကလည်း တစ်သက်လုံး အကုသိုလ်အလုပ်တွေ လုပ်နေတဲ့သူဆိုတော့ ဘယ်ကြွချင်ပါ့မတုံး..."ဟု စကားစပ်လည်းဖြစ်စေ၊ မိမိ၏မလုံသောအကြောင်းလည်းပါစေ သဘောဖြင့် ဦးကြောင်ဘီလူးက လျှောက်ထားသည်။

"ဒကာကြီးက ဘယ်လိုအကုသိုလ်တွေများ လုပ်နေလို့တုံး"ဟု ကိုယ်တော်ကြီးက ပြန်လည်မိန့်ကြားသည်။

"ဩော်...ကိုယ်တော်ကြီးက တရားရှင်ဆိုတော့ မသိရှာ မကြားရှာဘူးထင်ပါရဲ့၊ ဘုရင့်လူသတ်သမားကြီး ကြောင်ဘီလူးဆိုတာ ရာဇဂြိုဟ်မှာတော့ ဟိုးလေးတကျော်ပါပဲဘုရား"

မကောင်းမှုဟူသည်မှာ ပြုလုပ်စဉ်ကလည်း ပူပန်ရ၏။ ပြုလုပ်ပြီးနောက်လည်း မကောင်းမှုအစိုင်အခဲကြီးလျှင် ကြီးသလောက် တစိုးရိမ် တကြောင့်ကြကြ ရှိရမြဲဖြစ်သည်။ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည် မကောင်းမှု တင်းကြမ်းထပ်လျက်ရှိသော ဦးကြောင်ဘီလူး၏ စိုးတထိတ်ထိတ်ဖြင့် တုန်လှုပ်နေမှုကို သိသည်သာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သို့ရာတွင် သူတော်ကောင်းတို့မည်သည် မကောင်းမှုရှင်ဒုက္ခသည်များကို သနားမြဲတည်း။

ယင်းသို့ သနားကရုဏာကြောင့်လည်း ကိုယ်တော်ကြီးသည် အကုသိုလ်ကောင် ဒုက္ခသည်ကြီးကို ကယ်တင်နိုင်စွမ်းသမျှ ကယ်တင်ရန် ယနေ့ကြွရောက်တော်မူလာခြင်း ဖြစ်ပေသည်။ သို့ရာတွင် အသည်းနှလုံးထဲ၌ အကုသိုလ်ငြောင့်ကြီး စူးဝင်လျက်ရှိနေသော ဦးကြောင်ဘီလူးအား ဤအတိုင်း တရားဆေးတိုက်ကျွေး၍ မဖြစ်နိုင်သေး။ ရှေးဦးစွာ ငြောင့်ကို နုတ်ပစ်ရပေဦးမည်။

ထိုအခါ ကိုယ်တော်ကြီးသည် ဘုရားရှင်က ညီတော်နန္ဒရဟန်းအား ပရိယာယ်ဆင်၍ ကယ်ချွတ်ခဲ့ရပုံကို သတိရ၏။ နတ်သမီးတည်းဟူသော တဏှာကြောင့် စူးဝင်လျက်ရှိသော နန္ဒရဟန်းအား နတ်သမီးလိုချင်လျှင် ဤအတိုင်းကျင့်လေလော့ဟု ငါးကြင်းဆီနဲ့ ငါးကြင်းသား ကြော်ဘိသကဲ့သို့ တဏှာကိုဗန်းပြ၍ တရားပေးတော်မူခဲ့သည်။ ယခုလည်း စကားပရိယာယ်သုံးမှ ဦးကြောင်ဘီလူး စိတ်ငြိမ်းချမ်းတော့မည်ဟု ကိုယ်တော်ကြီး စဉ်းစားမိသည်။

ထို့ကြောင့် "ဒါကိုတော့ ကြားပါရဲ့၊ နို့ပေမယ့် ဘုရင့်လူသတ်သမားဖြစ်တာနဲ့ အကုသိုလ်လို့ ဆိုရှော့သလား"ဟု ကိုယ်တော်ကြီးက စကားပရိယာယ်ကို စတင်လိုက်သည်။

"ဘယ့်နှယ်ဘုရား...နေ့စဉ်နဲ့အမျှ လူတွေသတ်နေတဲ့အလုပ်ဟာ အကုသိုလ်အလုပ် မဟုတ်ရှော့လား"

"ငါမေးမည် ဒကာကြီး၊ ရာဇဝတ်သားတွေကို သတ်ရတာမှာ သင့်သဘောနှင့် သတ်သလား၊ ဘုရင့်အမိန့်ကြောင့် သတ်ရတာလား"

"ဒါကတော့ဘုရား...ဘုရင့်အမိန့်ကြောင့် သတ်ရတာပေါ့"

"ဒီလိုဆိုလျှင် ဘုရင့်အမိန့်ကြောင့် တာဝန်ဝတ္တရားအရ သတ်ရသည်ကို အကုသိုလ်ဖြစ်ကရောတဲ့လား"

ကိုယ်တော်ကြီးက လူသတ်တဲ့အတွက် အကုသိုလ်မဖြစ်ဟု ဟောတော်မူခြင်း မဟုတ်၊ "အကုသိုလ်ဖြစ်ကရောတဲ့လား"ဟုသာ ပရိယာယ်ဆင်ခြင်း ဖြစ်သည်။ သို့ရာတွင် လူပြိန်းကြီး ဦးကြောင်ဘီလူးကမူ ဘုရင့်အမိန့်ကြောင့်သာ သတ်ရသည့်အတွက် အကုသိုလ်မဖြစ်ဟု ယူဆသွားသည်။

ရှင်သာရိပုတ္တရာ၏ ယင်းစကားကြောင့် ဦးကြောင်ဘီလူးအဖို့ ထ၍ခုန်ခ

www.burmeseclassic.com



မတတ် ဝမ်းမြောက်သွားသည်။ မှန်လှပေသည်။ မိမိသည် ဘုရင့်အမိန့်ကြောင့်သာ ရာဇဝတ်ကောင်တွေကို သတ်ခဲ့ရသည်။ တာဝန်အရ သတ်ရသည်ကို အကုသိုလ် ဖြစ်ရမည်တဲ့လား။ မဖြစ်ဘူးဟု တရားစစ်သူကြီး ရှင်သာရိပုတ္တရာ၏ စကားအရ ကောက်ယူလိုက်သည်။ စင်စစ်သော် တရားစစ်သူကြီးက စကားပရိယာယ်ဖြင့် ဦးကြောင်ဘီလူးတွင် စူးဝင်နေသော အကုသိုလ်ငြောင့်ကို နုတ်ပေးလိုက်ခြင်းမျှ ဖြစ်သည်။ သို့မှ ဦးကြောင်ဘီလူး စိတ်ထားတည်ငြိမ်၍ တရားတော်ကို ကောင်းစွာ နာကြားနိုင်မည်။

မှန်၏။ ဦးကြောင်ဘီလူးအဖို့ တစ်သက်လုံး စူးဝင်နေခဲ့သော စိတ်အစွဲအလမ်း အကုသိုလ်ငြောင့်သည် တရားစစ်သူကြီး၏ စကားပရိယာယ်တစ်ခွန်းမျှဖြင့် ကင်း ပျောက်သွားသည်။ ထို့ကြောင့် ရှင်သာရိပုတ္တရာ၏ ဆက်လက်ဟောကြားသော တရားဒေသနာတော်ကို ဖြောင့်တန်းတည်ငြိမ်စွာ နာယူနိုင်ပေသည်။ ကိုယ်တော် ကြီးက ခဏတာမျှသော လူ့ဘဝ၏ မတည်မြဲပုံနှင့် ဒုက္ခများလှပုံကို ဟောတော်မူ သည်။ ထို့နောက် သစ္စာလေးပါးဖြင့် အချောသတ်တော်မူသည်။

စင်စစ်အားဖြင့် ရှင်သာရိပုတ္တရာကိုယ်တော်ကြီးသည် ဦးကြောင်ဘီလူး၏ ပစ္စုပ္ပန်နှလုံးပူပန်မှု ဆင်းရဲတွင်းမှလည်းကောင်း၊ အနာဂတ်တွင် ကျရောက်လတ္တံ့ သော ဆင်းရဲတွင်းမှလည်းကောင်း ကယ်တင်တော်မူလာခြင်း ဖြစ်ပေသည်။ အကြောင်း ကား–ဝမ်းမြောက်တက်ကြွလျက်ရှိသော ဦးကြောင်ဘီလူးသည် ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးအား ဆွမ်းကျွေး တရားနာရပြီးနောက် ထိုနေ့တွင်ပင် နွားဝှေ့ခံရသော ကြောင့် ကွယ်လွန်သွားရှာသည်။

ဦးကြောင်ဘီလူး ကွယ်လွန်ပြီဟု ကြားရသောအခါ သူ့ကိုတွေးမိတိုင်း ကြောက်နေကြရသော လူတွေက "အကုသိုလ်ကောင်ကြီးတော့ အဝီစိသွားရှာပြီ"ဟု ဝမ်းမြောက်ဝမ်းသာဆိုကြသည်။ လူတွေ အပထား၍ ဇေတဝန်ကျောင်းတော်ရှိ ရဟန်းလောကဌ်ပင် ဤမျှ အကုသိုလ်များလှသော ဒကာကြောင်ဘီလူးသည် အပါယ်ငရဲသို့ရောက်ဖို့ရန် သေချာလှသည်ဟု အချို့ရဟန်းတော်များက ဆွေးနွေးကြ သည်။

သို့ရာတွင် ထိုဆွေးနွေးချက်ကို ကြားသိသော ဘုရားရှင်က "ချစ်သားတို့… ဒကာတမ္ဗဒါဋ္ဌိက (ကြောင်ဘီလူး)သည် အကုသိုလ်များခဲ့သည် မှန်၏။ သို့ရာတွင် မသေမီကလေးတွင်ပင် ငါ့သားတော် သာရိပုတ္တရာ၏တရားကို ကြားနာသွားရ

www.burmeseclassic.com



သည်။ ထိုတရားသည် သူ့ကို လောလောလတ်လတ်ကျရောက်လတ္တံ့သော ငရဲမှ ကယ်တင်နိုင်ခဲ့ပေသည်။ ထို့ကြောင့် တမ္ဗဒါဌိကသည် ငရဲသို့မရောက်ဟု မိန့်ကြားတော်မူသည်။

မှန်လှပေ၏။ သူတော်ကောင်းနှင့် တစ်ကြိမ်မျှပင် ပေါင်းဖက်လိုက်ရခြင်းသည် ကြီးစွာသောဆင်းရဲမှ ကယ်တင်နိုင်ပေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com



# သားဆိုးကိုချစ်သူ

[ ၁ ]

သား၏ သတင်းဆိုးကြောင့် ယနေ့တစ်နေ့ခင်းလုံး သူဌေးမျက်နှာ မသာ။ သူဌေးမျက်နှာ မသာသောကြောင့် သူဌေးကတော်နှင့်တကွ မိသားစုအားလုံး တိတ်ဆိတ်နေကြသည်။ ယနေ့ တစ်ချိန်ချိန်တွင် ပေါက်ကွဲတော့မည်လားဟု ထင်မှတ်နေကြရသည်။

သည်သူငယ့်ပြဿနာက မကြာမကြာ အိမ်ပေါ်ရောက်ရောက်လာသည်။ ခါတိုင်း ပြဿနာတွေက တော်ရုံလျော်ရုံနှင့် ပြီးပြေသွားကြသည်။ သည်ကိစ္စတွင်တော့မူ သူဌေးအဖို့ အတော်စိတ်ထိခိုက်ပုံရသည်။ အနာထပိဏ်သူဌေး၏ သားငယ် "ကာလ"၏ ပြဿနာပင်တည်း။

မိသားစုတွင် အငယ်ဆုံးသားဆိုသည်မှာ ဆိုးတတ် ပေတတ်သည်။ မျက်နှာကြီး သူဌေးသားဖြစ်ပြန်တော့ ဆိုးခွင့် ပေခွင့် ပို၍ကြုံသည်။ ဆိုးခွင့် ပေခွင့်ကြုံအောင်လည်း မိခင်နှင့်တကွ အစ်ကို၊အစ်မ တစ်အိမ်သားလုံးက ဝိုင်း၍မြှောက်ကြသည်။ အလိုလိုက်ကြသည်။ အဆိုးလွန် အပေလွန်သောအခါ စိတ်ထိခိုက်ရ၏။

သူဌေးသည် ညနေထမင်းဝိုင်းတွင် ပြဿနာကို ဖြေရှင်းမည်ဟု ရည်မှန်းထား၏။ ထမင်းဝိုင်းဆိုသည်မှာ မိသားစုတို့ မျက်နှာချင်းဆုံရာ နေရာဖြစ်၏။ သို့ဖြစ်၍ ထမင်းဝိုင်းရောက်လျှင် အဆိုးအတေလွန်လာပြီဖြစ်သော သားငယ် ကာလကိုလည်းကောင်း၊ ညီငယ် မောင်ငယ်ကို ဝိုင်းဝန်းမြှောက်စားနေကြသော သားကြီးသမီးကြီးများကိုလည်းကောင်း ခပ်နင့်နင့် ဆိုဆုံးမလိုက်မည်ဟု ရည်မှန်းထား၏။ သို့ရာတွင် ထမင်းစားချိန်ရောက်လာသောအခါ ထုံးစံအတိုင်းပင် သားငယ်ဖြစ်သူက ထမင်းဝိုင်းသို့ ရောက်မလာပြန်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝိုင်းသည် တိတ်ဆိတ်၏။ ဟင်းကျွေးကိုစီမံခန့်ခွဲလျက်ရှိသော မိခင်သူဌေးကတော်၏ ခပ်တိုးတိုးအသံမှတစ်ပါး မည်သူ့အသံမှ ထွက်မလာပေ။ သူဌေးသည် ထမင်းဝိုင်းသို့ မျက်နှာခပ်တင်းတင်းနှင့် ရောက်လာပြီးနောက် ပြဿနာ၏ အဓိကပုဂ္ဂိုလ်ဖြစ်သော သားငယ်ကို ထမင်းဝိုင်းတွင် မတွေ့ရသောအခါ ပို၍ မျက်နှာတင်းသွား၏။ သို့ဖြစ်၍ မိသားစုသည် မမော့သောဦးခေါင်းကိုယ်စီဖြင့် ထမင်းခွက်ကို ထိတွေ့နေကြသည်။

ထိုအခိုက် ထမင်းဝိုင်းတွင် မိမိကြောင့် မသာမယာဖြစ်နေကြရသော မိသားစု၏ မျက်နှာကို မြင်တွေ့ရသောအခါ အနာထပိဏ်သူဌေးအဖို့ ဖျတ်ခနဲ သတိတစ်ချက် ပေါ်လာ၏။ ထိုသတိကား ထမင်းစားသောက်မှုနှင့် ပတ်သက်၍ ဘုရားရှင် ဟောကြားတော်မူသော တရားတော်ဖြစ်ပေသည်။

ဆွမ်းစားခြင်းနှင့်ပတ်သက်၍ သိက္ခာပုဒ်တစ်ရပ် မပညတ်မီအချိန်က ရဟန်းသံဃာများကို ဒါယကာများက ဆွမ်းဖိတ်၍ ကျွေးမွေးလှူဒါန်းကြသောအခါ အချို့ရဟန်းများသည် လှူသောဒါယကာအိမ်၌ မစားဘဲ ဆွမ်းကို သပိတ်တွင်ထည့်၍ ကျောင်းအမကြီးဝိသာခါနှင့် အနာထပိဏ်တို့အိမ်သို့ လာရောက်ဘုဉ်းပေး သုံးဆောင်ကြသည်။ အကြောင်းကား–ဝိသာခါနှင့် အနာထပိဏ်တို့ အိမ်များသည် ရဟန်းများအဖို့ လွတ်လပ်၏။ အကျွမ်းဝင်၏။ ရဟန်းများကို မိသားစုကဲ့သို့ ပြုစုလုပ်ကျွေးသောကြောင့်ဖြစ်သည်။ ဤသည်ကို မူရင်းဆွမ်းအလှူရှင်တို့က မခံမရပ်နိုင်ဖြစ်၍ ဘုရားရှင်ထံ လျှောက်ထားသောအခါ ဘုရားရှင်က ရဟန်းများသည် ဆွမ်းလှူသောအိမ်တွင်သာ ဆွမ်းစားကြရမည်ဟု သိက္ခာပုဒ် ပညတ်တော်မူသည်။

သို့ရာတွင် ဤအပြုအမူကြောင့် ဘုရားရှင်က ရဟန်းများအား အပြစ်မတင်ရုံမျှမက ဤအပြုအမူနှင့်စပ်လျဉ်း၍ "ဝိသာသံ ပရမံ ရသာ"ဟူသော တရားတစ်ပုဒ်ကိုပင် ဟောကြားတော်မူ၏။ အဓိပ္ပာယ်မှာ အစာအာဟာရကို ချစ်ကျွမ်းတဝင်စားသုံးရခြင်းသည် ကောင်းမြတ်၏ဟူ၍ပင် ဖြစ်ပေသည်။ ဤတရားတော်ကို အနာထပိဏ်သည် ဖျတ်ခနဲ သတိရ၏။ မိမိ မိသားစုသည် မိမိကြောင့် ယခုထမင်းပွဲတွင် မကြည်မသာဖြစ်နေကြရသည်။ မိမိအိမ်တွင် နေ့စဉ်နှင့်အမျှ ရဟန်းများကို ကြည်သာအောင် လုပ်ကျွေးလှူဒါန်းနိုင်ပါလျက် မိမိ မိသားစုအပေါ်တွင်မူ မသာမယာပြုမိသည်မှာ ဘုရားရှင်၏တရားတော်နှင့် ဆန့်ကျင်နေပါတကားဟု အနာထပိဏ်တွေး၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပြဿနာတစ်ရပ်ကို ဒေါသဖြင့်ဖြေရှင်းခြင်းဟူသည် အမှန်သို့ ရောက်နိုင်ပါမည်လောဟူ၍လည်း ဆက်၍တွေး၏။ ဒေါသဦးဆောင်သော ကိစ္စ မှန်သမျှသည် အမှားချည်းသာ ဖြစ်တတ်ကြသည်။ သားငယ်ကာလ၏ ပြဿနာကို မကိုင်တွယ်၍မဖြစ်တော့။ သို့သော် ဒေါသမကပ်ငြိသောနည်းဖြင့် ကိုင်တွယ်ရပေလိမ့် မည်ဟု အနာထပိဏ် စိတ်ပြောင်းလိုက်၏။

ထို့ကြောင့် အနာထပိဏ်၏မျက်နှာသည် တင်းမာနေရာမှ ပြေပြစ်သွားသည်။ ပြေပြစ်ရာမှ ကြည်လင်လာသည်။ ထို့နောက် "ဟင်းချိုက တယ်ကောင်းပါလား ဟိတ်"ဟု မိသားစုနှင့်စပ်သောစကားကို ဆိုလိုက်သောအခါ မျက်လှည့်ပြသလို ချက်ချင်းပင် ပြောင်းလဲသွားသော အနာထပိဏ်၏ အမူအရာကို မြင်ကြရသဖြင့် မိသားစုအားလုံး အံ့အားသင့်ကြရသည်။ ထို့နောက် မကြည်သာသောမျက်နှာများကို မော်လာနိုင်ကြသည်။ သူဌေးကတော်ကမူ ပြုံးနေ၏။

"ဟိုကောင်လည်း ထမင်းပွဲမှာ မတွေ့ပြန်ပါလား"ဟု ပြဿနာစကားကို ညင်ညင်သာသာနှင့် စတင်လိုက်သောအခါ သူဌေးကတော်က "ထုံးစံအတိုင်းပေါ့ ရှင်"ဟု မပွင့်တပွင့် တုံ့ပြန်၏။

"ထုံးစံက အရေးမကြီးဘူး။ ကိုယ့်သားလည်း ကိုယ် နိုင်အောင်ထိန်းဦး ခင်ဗျ"

"ကျွန်မသားက ဘာများဖြစ်နေလို့ပါလဲရှင်"ဟု ထုံးစံအတိုင်း မိခင်ဖြစ်သူ သူဌေးကတော်က ကာဆီးကာဆီး စကားဆိုလာသည်။

"ဘာဖြစ်နေတယ်ဆိုတာ ခင်ဗျားမသိပေမယ့် တစ်မြို့လုံးက သိကုန်ပြီခင်ဗျ၊ ဘယ့်နှယ်ဗျာ...တော်ကြာ ဘယ်သူနဲ့ရန်ဖြစ်ပြန်ပြီ၊ တော်ကြာ ဘယ်သူနဲ့ ဘာဖြစ် ပြန်ပြီနဲ့ တစ်နေ့ တစ်နေ့ သူ့ပြဿနာချည်းပဲ"

"ဒါကတော့ ကလေးကိုရှင်"

"ဒါလားကွ ကလေး၊ ကြွေအံဝိုင်းမှာတောင် ကိုးရာရှုံးအောင် ကစားတယ် ဆိုတာ ကလေးလားဗျ"

"သူဌေးသားတစ်ယောက်ပဲရှင်၊ သူများနည်းတူ ကစားမိတဲ့အခါလည်း ကစားမိပေမပေါ့"

"ခင်ဗျားတို့ဟာက ဆိုလေကဲလေ၊ မန်းလေပြဲလေဆိုတာလို ဖြစ်နေပါပေါ့ လား။ ဒီကောင်က ခင်ဗျားတို့တစ်တွေ ဝိုင်းပြီး ဖျက်ဆီးကြလွန်းလို့ မျက်နှာသာပေး

www.burmeseclassic.com

www.burmeseclassic.com



ရွှေရေးပန်းကန်တက်တယ်ဆိုတာလို တစ်နေ့တခြား ကဲတက်လာပြီ။ ဒီနေ့ ကျုပ်ကြားရတဲ့ သတင်းအရဆိုရင် အရက်တောင် သောက်နေပြီဆိုပါလား"

"ဒါကတော့ ကာလသားလေးပဲရှင်၊ အပေါင်းအသင်းနဲ့တွေ့ရင် သောက်ချင်လည်း သောက်မိပေမပေါ့"

"တော်ဟော့ရှင်မ၊ တော်တော့၊ ခင်ဗျားတို့ဟာက တရားလွန်လွန်းနေပြီ။ ဘယ့်နှယ်ဗျာ၊ ဖအေက ဘုရားဒကာ, ကျောင်းဒကာ၊ သားက အရက်သမားဆိုလို့ အရပ်ရပ် နေပြည်တော်ကြားလို့ လျော်နိုင်ပါတော့မလား။ ကျုပ်လည်း အလိုလိုက်မိသလောက် လိုက်ခဲ့မိတာပါပဲ။ နို့ပေမယ့် ခင်ဗျားတို့တစ်တွေ ဝိုင်းပြီး ဖျက်ဆီးနေတာက ပိုများတယ်။ ဒီအသက်ဒီအရွယ်နဲ့ အရက်သောက်ဆိုတဲ့အထိတော့ ကျုပ် သည်းမခံနိုင်ဘူး။ ဒီတော့ ကျုပ် ရှင်းရှင်းပြောမယ်။ ဒီနေ့ဒီအချိန်ကစပြီး ဘယ်သူကမှ ဒီအကောင်ကို ပိုက်ဆံမပေးရဘူး။ အဲဒါကို လေးလေးနက်နက် မှတ်ထားကြ။ မပေးရဘူးဆိုပါလျက်နဲ့ တစ်ယောက်ယောက်က ပေးတယ်ဆိုရင် ပေးတဲ့သူကို ထိထိရောက်ရောက် အရေးယူရလိမ့်မယ်။ ပိုက်ဆံကိုင်နေရသမျှ ဒီကောင် ပျက်စီးသထက် ပျက်စီးတော့မှာ သေချာတယ်"

"ဘယ့်နှယ်တော်၊ တစ်ပြားတစ်ကျပ်မှ မပေးရတော့ဘူးလား၊ သူဌေးသား တစ်ယောက်လုံးလုပ်နေပြီး သူများနည်းတူမှ မသုံးရ မစွဲရတော့ဘူးလား"

"မပေးရဘူးဟော့၊ ငါပြောတဲ့စကား နွားရှေ့ ထွန်မကျူးကြနဲ့။ ပေးစရာရှိ ငါကိုယ်တိုင်ပေးမယ်။ ဒီကောင် ဘယ်အချိန်ပြန်လာလာ၊ ပြန်လာတဲ့အချိန် ငါ့ဆီ လွှတ်လိုက်ကြ"

သူဌေးသည် နောက်ဆုံးစကားကို ခပ်တည်တည်ပြော၍ ထမင်းဝိုင်းမှ ထသည်။

[ ၂ ]

သုဒတ္တ(အနာထပိဏ်သူဌေး၏ငယ်နာမည်)သည် ပထမသော် သားဆိုးကို ခပ်စပ်စပ်လေးဆုံးမလိုက်ရန် ရည်ရွယ်ခဲ့ရာမှ ထမင်းပွဲတွင် ဘုရားရှင်နှင့် ဘုရားရှင်၏ တရားတော်ကို သတိရရာမှ သားအပေါ်တွင် ဒေါသကို ရုပ်သိမ်းနိုင်ခဲ့သည်။ ယင်းသို့ ဘုရားရှင်၏တရားတော်ကို သတိပြုမိရာမှ ဆက်၍ပင် သားကို ညင်ညင်သာသာနှင့် ဆုံးမရန် စိတ်ကူးကောင်းတစ်ချက် ပေါ်လာသောကြောင့် ထမင်းပွဲတွင် အစီအစဉ်တစ်ရပ်ကို ချမှတ်ခဲ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ဆွဲဆောင်မှုသို့ အလွယ်တကူလိုက်ပါတတ်သော ဤလိုအရွယ်မျိုး၌ ဤသူငယ်ကိုဆုံးမဖို့ရန်မှာ မလွယ်လှဟု အနာထပိဏ် မြင်၏။ မိခင်နှင့်တကွ မိသားစုအားလုံးနှင့် မိတ်သင်္ဂဟများပါ ဤသူငယ်ဘက်တွင် ရှိနေသဖြင့် အကြမ်းနည်းဖြင့် ဆုံးမမည်ဆိုလျှင် ပျက်စီးသည်ထက် ပျက်စီး၊ နစ်မွန်းသည်ထက် နစ်မွန်းသွားဖို့သာရှိသည်ဟု သုဒတ္တ မြင်၏။

ပတ်ဝန်းကျင်နှင့် အခြေအနေတွေကြောင့် ဤသူငယ် မတည်ငြိမ်ဖြစ်နေရစေကာမူ တကယ်ဆိုတော့လည်း ဤသားငယ်မှာ ဗီဇအားဖြင့် ဆိုးသွမ်းလှသူ မဟုတ်သည်ကိုလည်း အနာထပိဏ် အကဲခတ်မိ၏။

အလိုလိုက်ပြီး မဆုံးမကြ၍သာ ရှိသည်။ ဆုံးမလျှင် နာခံတတ်သော၊ ရှက်တတ်သော အလေ့ကောင်းလေး ကာလတွင်ရှိသည်ကို သုဒတ္တသိ၏။ ဤသူငယ်တွင် တွေးတတ် ခေါ်တတ် မြော်တတ် မြင်တတ်သော အလေ့ကလေးရှိသည်။ ကိုယ်ဟန်သပ်ရပ်သည်၊ မျက်နှာပြေပြစ် စင်ကြယ်သောအသွင်ရှိသည်။ နှုတ်ချိုသည်၊ မိသားစုတွင် အငယ်ဆုံးလည်းဖြစ်သည့်ပြင် ဤလိုချစ်စဖွယ်အသွင် အချက်ကလေးများကြောင့်လည်း မိသားစုက အလိုလိုက်ကြခြင်းဖြစ်၏။

သို့သော် ကလေးဆို၍ ကလေးလိုဆိုးသည်မှာ အကြောင်းမဟုတ်လှသော်လည်း ယခုတလောတွင်မူ ကလေးဆိုးမှ ရောင့်တက်၍ လူကြီးဆိုးအဖြစ်သို့ ရောက်လာသည်ကိုမူ မိမိတွင် ဆုံးမဖို့ တာဝန်ရှိလာပြီဟု အနာထပိဏ် စဉ်းစားသည်။

သုဒတ္တသည် ထမင်းဝိုင်းမှ အိပ်ရာခန်းသို့ရောက်သည်အထိ သားငယ်၏ ပြဿနာကို စဉ်းစား၏။ သူဌေးကတော်သည် အိပ်ရာခန်းသို့ အတူဝင်ခဲ့သော်လည်း အနာထပိဏ်၏ တည်ငြိမ်သောမျက်နှာကြောင့် စကားမပြောဝံ့၊ ခပ်မဆိတ်နေရသည်။ အနာထပိဏ်သည် အိပ်ရာတွင် တုံးလုံးလှဲတော့အံ့ဆဲဆဲ၌ အိပ်ခန်းဝတွင် လာ၍ရပ်သော သားငယ်ကို တွေ့လိုက်ရသဖြင့် ပြင်၍ထိုင်လိုက်သည်။ မိခင်သူဌေးကတော်က ခုတင်ခြေရင်း သူ့သားအနီးသို့ ရွှေ့တိုင်လိုက်သည်။

ကာလက "အဖေခေါ်တယ်ဆိုလို့"ဟုပြောကာ ခေါင်းငုံ့ထားသည်။

"လာ...လူကလေး၊ ဒီမှာထိုင်"ဟု မိခင်က ကာလကို အိပ်ရာပေါ်သို့ခေါ်သည်။

"မထိုင်နဲ့ဟေ့၊ ငါလည်း မတ်တတ်ပြောမယ်"ဟုဆိုကာ သုဒတ္တသည် အိပ်ရာမှထ၍ လက်နှစ်ဖက်ကို နောက်တွင်ချိတ်ကာ သားအမိနှစ်ယောက်ရှေ့တွင် ဖြည်းညင်းစွာ လမ်းလျှောက်သည်။ သူ့သားပြဿနာကို အဘယ်ပုံ ညင်ညင်သာသာ စတင်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ရမည်ကို စဉ်းစားသည်။

"ထမင်းစားပြီးခဲ့ပြီလား"

"ပြီးပါပြီ..."

"ဘယ်မှာစားသလဲ"

"အိမ်မှာပါ..."

"ဒီနေ့ အိမ်ပြန်တာစောလှချည်လားကွ၊ ပိုက်ဆံ စောစောကုန်ခဲ့ပြီနဲ့တူတယ်"

ကာလက ခေါင်းငုံ့ထား၏။

"လူကလေး...မင်းဟာက တစ်နေ့တခြား ကဲတက်လာတယ်။ အိမ်ကို ဘယ်တော့မှ မကပ်ဘူး။ ဘယ်တော့မှ အချိန်နဲ့ထမင်းမစားဘူး။ အိမ်တကာ့အိမ်လည်တယ်၊ ပွဲတကာ့ပွဲရောက်တယ်။ အိမ်မှာ ဘာမှ ကူဖော်ကာဖက်မရဘူး"

"ကလေးပဲတော်...ဘာလုပ်ရဦးမှာလဲ"ဟု သူဌေးကတော်က ဝင်စွက်လာသောအခါ အနာထပိဏ်က "ရှင်မ...ဘာမှ ဝင်မစွက်နဲ့ဟေ့"ဟု ဟန့်လိုက်၏။

"အိမ်မကပ်တာ ထားပါတော့။ နို့ပေမယ့် အိမ်မှာ ရဟန်းသံဃာတွေကို နေ့စဉ်နဲ့အမျှ ဆွမ်းကျွေးတယ်။ ရဟန်းသံဃာတွေအနားကို ကပ်ဖော်မရတာတော့ အဖေ မကျေနပ်ဘူး။ ကြွေအံဝိုင်းတွေ့ရင် လောင်းကစားတယ်။ လောင်းကစားတာက ကလေးလိုတောင်မဟုတ်ဘူး။ ကိုးရာ၊ တစ်ထောင်အထိ ရှုံးတယ်လို့ကြားရတယ်။ မင်းက သူဌေးသားဆိုတော့ ဝိုင်းညာကြမှာပေါ့။ ဒီနေ့ကြားရတဲ့သတင်းကတော့ အဖေ ဘယ်လိုမှ သည်းမခံနိုင်ဘူး။ မင်းဟာက လူကြီးတွေနဲ့အတူ အရက်သောက်နေပြီဆိုကွ"

ကာလ ခေါင်းငုံ့ထား၏။

"သည်တော့ သည်ကနေ့ကစပြီး မင်းကို ကွပ်ညှပ်ရလိမ့်မယ်။ ငွေဟာ မင်းကို ဖျက်ဆီးနေတယ်။ ဒါကြောင့်မို့ သည်ကနေ့ကစပြီး မင်းဟာ ငွေမကိုင်ရတော့ဘူး။ မင်းကို ဘယ်သူကမှ တိတ်တဆိတ်ဖြစ်ဖြစ် ငွေမပေးရဘူးလို့ တစ်အိမ်သားလုံးကို ပြောပြီးပြီ။ ပြောထားပါလျက်နဲ့ ကဲလာတဲ့လူဟာ မှတ်လောက်သားလောက်အောင် ဒဏ်အခတ်ခံရမှာပဲ"

သူဌေးသည် ဤစကားကို သူဌေးကတော်သို့ ခပ်စောင်းစောင်းကလေးကြည့်၍ ပြောလိုက်၏။ ထို့နောက် ဆက်ရမည့်စကားကို စဉ်းစားဟန်ဖြင့် နှစ်ခေါက်,သုံးခေါက် လမ်းလျှောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး…တစ်ခုတော့ရှိတယ်၊ မင်းဟာ ငွေကိုလိုချင်တယ်ဆိုရင်တော့ အလုပ်လုပ်ရလိမ့်မယ်"

ထိုအခါ သူဌေးကတော်အဖို့ မအောင့်နိုင်တော့သဖြင့် "အောင်မလေး… ကလေးပဲဟာ ဘာအလုပ်များ လုပ်ရဦးမှာလဲတော်"ဟု ဝင်စွက်လာပြန်သောကြောင့် သူဌေးက "တိတ်တိတ်နေပေ့"ဟု တားလိုက်ပြန်၏။

"ငွေဆိုတာ အလကားမရဘူးကွ၊ မိုးပေါ်ကကျလာတာမဟုတ်ဘူး၊ အလုပ်လုပ်မှ ရတာ။ သည်တော့ ငွေလိုချင်ရင် အလုပ်လုပ်ရလိမ့်မယ်။ မင်းလုပ်ရမယ့်အလုပ်ကလည်း လွယ်ပါတယ်၊ ဥပုသ်စောင့်ရုံပါပဲ။ မနက်ကို သံဃာတွေကြွလာတဲ့အချိန်မှာ ရှင်အာနန္ဒာကိုယ်တော်ကြီးဆီမှာ ရှစ်ပါးသီလယူပြီးတော့ အိမ်မှာမနေနဲ့၊ အိမ်မှာနေရင် ဥပုသ်ကျိုးနေဦးမှာပဲ။ ကျောင်းကိုလိုက်သွားပြီး ကျောင်းမှာ တစ်နေ့လုံးနေ၊ ကျောင်းမှာနေတယ်ဆိုတာ သက်သေရအောင် ရှင်အာနန္ဒာကိုယ်တော်ကြီး မြင်လောက်တဲ့နေရာမှာ နေရမယ်။ ဥပုသ်စောင့်တယ်ဆိုတာ ညစာမစားရဘူး၊ အချိန်ကုန်ရင် အိမ်ပြန်လာ၊ အဲဒီလို ဖြောင့်ဖြောင့်တန်းတန်း တစ်နေ့ ဥပုသ်စောင့်ရင် နောက်တစ်နေ့ အဖေကိုယ်တိုင် ငွေတစ်ရာပေးမယ်။ အဲဒါဟာ မင်းလုပ်ရမယ့်အလုပ်ပဲ။ ဘယ့်နှယ်လဲ၊ ဥပုသ်စောင့်နိုင်ပါ့မလား"

"တကယ်လားအဖေ၊ စောင့်ပါ့မယ်အဖေ၊ စောင့်ဆို မနက်ဖြန်ပဲ စောင့်ပါ့မယ်"ဟု ကာလထံမှ စကားသွက်သွက်ထွက်လာ၏။

မိခင်ဖြစ်သူအဖို့ သားကလေးအပေါ် ဘယ်လိုဒဏ်များခတ်မည်နည်း။ ဘယ်လိုအလုပ်မျိုး ခိုင်းမည်နည်းဟု ရင်ကိုမ၍ နားထောင်နေရဆဲ ဥပုသ်စောင့်ခိုင်းရုံမျှဖြစ်သည်ကို သိရသောအခါ ရွှင်ပြုံးသွားရ၏။ သားဖြစ်သူကလည်း လွယ်လွယ်ကူကူပင် တာဝန်ယူသည်ကိုတွေ့ရ၍ ဝမ်းမြောက်ရသည်။

အနာထပိဏ်က "အေး…ငါ့သားက လိမ္မာပါတယ်၊ အိမ်ကဟာတွေက ဝိုင်းဖျက်နေကြလို့ ပျက်စီးနေရတာ။ ငါ့သား အခု လိမ္မာလာပြီ"ဟု စကားကြည်သာ ဆိုလိုက်သောအခါ သူဌေးကတော်က "ထမင်းတစ်ထပ် အငတ်ခံရမှာ တစ်ရာတည်းဆိုတော့ မနည်းဘူးလားရှင်"ဟု စျေးဆစ်လာပြန်သဖြင့် "တို့သားအဖကိစ္စထဲ ခင်ဗျား ဘာမှဝင်မစွက်ပါနဲ့၊ ကဲ…လူလေး၊ သွားအိပ်ချေတော့၊ မနက်ကိုသာ ပြောထားတဲ့အတိုင်းနော်"ဟု ပြောလိုက်သောအခါ "စိတ်ချပါအဖေ"ဟု ဆို၍ ကာလ လှည့်ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ဥပုသ်စောင့်သည်ဆိုသည်မှာ သီလကလေးခံပြီးနောက် ပုတီးစိပ်ချင်စိပ်၊ မစိပ်ချင်လျှင်လည်း အေးအေးနေလျှင် ပြီးသောကြောင့် လွယ်သည်ဟု ထင်မှတ်သော်လည်း အေးအေးငြိမ်ငြိမ်နေရခြင်းကပင်လျှင် အခက်ကြီးပါတကားဟု ကာလအဖို့ သိလာရ၏။

သို့သော် မတတ်နိုင်၊ ဤနည်းမှမလုပ်လျှင် ငွေလေးတစ်ရာပင် သုံးဖို့ရတော့မည် မဟုတ်သောကြောင့် ဇေတဝန်ကျောင်းတော်အတွင်း သက်သေခံ အရှင်အာနန္ဒာကိုယ်တော်ကြီး မြင်လောက်အောင် ကျောင်းအစွန်း တစ်နေရာ၌ ထလိုက်အိပ်လိုက် တလူးလူး တလွန့်လွန့်နှင့် အချိန်ကုန်ခဲ့ရသည်။

ညဥ့်ပိုင်း အိမ်ပြန်ရောက်လာသောအခါ မိခင်နှင့် အစ်ကို,အစ်မတို့က ပုတီးကလေး လက်တွင်ဆွဲ၍ သိမ်သိမ်မွေ့မွေ့နှင့် အသွင်ပြောင်းလာသော ကာလကို ကြည့်၍ ပြုံးကြ၏။ ထမင်းစားချိန်တွင် ထမင်းဆာပါလျက် မစားဘဲနေရသည်ကလည်း ကာလအဖို့ မသက်သာလှ။ မိခင်၏ လက်တို့စကားဖြင့် အစ်မဖြစ်သူက ဖခင်မသိအောင် ထမင်းခိုးကျွေးရန် စီစဉ်ပေး၏။

သို့သော် ကာလအဖို့ မတော်တဆ ဖခင်သိသွားခဲ့လျှင် ရမည့်ငွေကလေးတစ်ရာ ပြုတ်ပြီး ထို့ထက်ပြင်းထန်သော ဒဏ်ခတ်လာမည်ကြောင့်တစ်ကြောင်း၊ ကျောင်းတော်တွင် မိမိအလားတူ ဥပုသ်သည်များစွာကို တွေ့မြင်ခဲ့ရာ၌ ငါသည်လည်း သူများနည်းတူ အဘယ့်ကြောင့် မကျင့်သုံးနိုင်ရမည်နည်းဟူသော သူတော်ကောင်းစာတ်ခံကလေးက အားတင်းပေးသောကြောင့်လည်းကောင်း ထမင်းစားချင်မှုကို မေ့ဖျောက်ပစ်ကာ ဥပုသ်သည်အတွက် ခွင့်ပြုသော အဖျော်ယမကာကလေးမျှကိုသာ သောက်၍ အိပ်ရာကို စောစောဝင်ခဲ့သည်။

သို့နှင့် တစ်ရက် ဥပုသ်စောင့်လိုက်၊ နှစ်ရက်နားလိုက်၊ သုံးရက်နားလိုက်နှင့် ဥပုသ် သုံးကြိမ်မျှ ရှိလာသည်။ ဖခင်ဖြစ်သူက ဤအတွင်း ခပ်မဆိတ်သာ အကဲခတ်၍ သားဖြစ်သူကို ဘာမျှမပြောဘဲနေခဲ့ရာမှ ယနေ့ညနေတွင်မူ ဖခင်ကိုယ်တိုင် ကာလ၏အိပ်ခန်းသို့ ဝင်ရောက်လာသဖြင့် ထမင်းဆာဆာနှင့် အိပ်ရာတွင် ကွေးနေသော ကာလက ရုတ်တရက်ထ၍ ရှိသေသောအားဖြင့် ဖခင်ကို နေရာပေးသောအခါ အနာထပိဏ်က "နေပါ နေပါ လူကလေး၊ လူကလေး ဥပုသ်သည်ဆိုတော့ သည်အချိန်မှာ အဖေ့ထက်မြင့်မြတ်ပါတယ်။ တကယ်ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ငါ့သားက လူလိမ္မာကလေးပဲကွ၊ ဘယ့်နှယ်လဲဟေ့ ဥပုသ်စောင့်ရတာ နေရာကျရဲ့လား”ဟု မေးလိုက်သည်။

“ပျင်းတယ်အဖေ”ဟု ကာလက ရိုးရိုးပင် ပြန်ပြောလိုက်သောကြောင့် အနာထပိဏ်က ပြုံးလိုက်ရ၏။

“ကျောင်းတော်မှာ ရှင်အာနန္ဒာကိုယ်တော်ကြီးက လူကလေးကို စကားလေးဘာလေး မပြောဘူးလား”

“မပြောဘူးအဖေ”

“လူကလေးစပြီး နည်းနည်းပါးပါး ပြောပါလားကွ”

“မပြောရဲဘူး အဖေ”

“ဘုရားရှင်ကိုရော တွေ့ရဲ့လား”

“တစ်ခါတစ်ခါ အကြောင်းရှိလို့ ဂန္ဓကုဋိတိုက်က ထွက်လာတဲ့အခါမှာ တွေ့ပါတယ်။ ကျွန်တော်တော့ ဘုရားရှင်ထွက်လာရင် ဘုရားရှင်ကိုကြည့်ပြီး အပျင်းပြေတာပဲ”

အနာထပိဏ်က ပြုံး၍ “ဘုရားရှင်ကိုကြည့်တော့ အပျင်းပြေရောလားကွ”

“ဘုရားရှင်က သိပ်ကြည်ညိုဖို့ကောင်းတယ်။ ကြည့်လို့ အားမရဘူး။ သူ့ကို ကြည့်နေရရင် အပျင်းပြေရုံမကဘူး စိတ်ထဲမှာ ကြည်နေတာပဲ”

“အဒါ လူကလေး ညှဲ့ခဲ့လို့ပေါ့ကွ။ တို့အိမ်မှာ ဘုရားရှင် မကြာမကြာ ကြွလာတာပဲဟာ၊ လူကလေး အိမ်မှာမှ မကပ်ဘဲဟာကိုး”

“မှန်ပါတယ် သားညှဲ့ခဲ့ပါတယ်။ အခုမှပဲ ဘုရားရှင်ကို ကျောင်းတော်မှာ သေသေချာချာ ဖူးတွေ့ရပါတယ်”

“ဘုရားရှင်ကလည်း လူကလေးကို ချစ်မှာပါကွ”

“ဟုတ်ပါ့မလား အဖေရဲ့”

“ဟုတ်တာပေါ့ကွ၊ အဖေ သေသေချာချာသိတာပေါ့။ ဘုရားရှင်က ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်အာနန္ဒာကိုယ်တော်ကြီးတွေလို အမြဲတမ်း ဣန္ဒြေကြီးတခွဲသားနဲ့ နေတာမဟုတ်ဘူးကွ၊ လူကလေးတို့လို ကလေးသူငယ်တွေကို ချစ်တတ်တယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား အဖေ"

"သိပ်ဟုတ်တာပေါ့၊ ဒီတော့ လူကလေးသည်လိုလုပ်ပါလား၊ ကျောင်းမှာ လူကလေး ဉပုသ်စောင့်နေတုန်း ဘုရားရှင်အားလပ်တော်မူမယ့်အချိန်ကို ကြည့်နေ၊ အားလပ်တယ်ဆိုရင် ဘုရားရှင်အနားကို လူကလေးသွား၊ တပည့်တော်ကို ဂါထာ တစ်ပုဒ်လောက် သင်ကြားပေးပါဘုရားလို့ လျှောက်"

"သင်ပေးပါ့မလားအဖေ"

"သေသေချာချာသင်ပေးတာပေါ့။ အဲဒီလိုသင်ပေးလို့ ဘုရားရှင်ဆီက ဂါထာ တစ်ပုဒ်လောက်ရရင် အဖေက လူကလေးကို အသပြာတစ်ရာမဟုတ်ဘူး၊ တစ် ထောင်ပေးမယ်ဟေ့"

ထိုစကားကြောင့် ကာလ၏မျက်လုံးသည် ဝင်းလက်လာကာ ရင်ကလေးပင် မြင့်တက်၍ "တကယ်လားအဖေ"ဟု မေးလိုက်၏။

"တကယ်ပေါ့ လူကလေးရဲ့၊ ဘုရားရှင်ဆီက လူကလေးအဖို့ သီးသန့် ဂါထာတစ်ပုဒ် ရလာတယ်ဆိုတာ သိပ်အဖိုးတန်တာပေါ့။ ဘယ့်နှယ်လဲဟေ့...လုပ် နိုင်ပါ့မလား"

"လုပ်မယ်အဖေ၊ တကယ်တော့ နက်ဖြန်ကို ဉပုသ်နားမယ်လို့ စိတ်ကူးထား တာ မနားတော့ဘူး၊ နက်ဖြန်ကို ဘုရားရှင်ဆီက ရအောင်သင်ခဲ့မယ်"

"အေး...ဒါကြောင့်မို့ ငါ့သားလိမ္မာပါတယ်လို့ ပြောတာ"ဟုဆိုကာ အနာ ထပိဏ်က သားဖြစ်သူ၏ကျောကိုပွတ်၍ အခန်းထဲမှထွက်ခဲ့၏။

## [ ၄ ]

ဘုရားရှင်က သူ့ကိုချစ်သည်။ ဘုရားရှင်ထံပါးသို့ ချဉ်းကပ်ဖို့ရန်မှာ လွယ်ကူ သည်။ ဘုရားရှင်ထံမှ ဂါထာတစ်ပုဒ်ရလျှင် ငွေတစ်ထောင်ရမည်ဟူသော ဖခင်၏ ပင့်မြှောက်ချက်စကားများကြောင့် ကာလသည် ယနေ့အဖို့ တက်တက်ကြွကြွနှင့် ကျောင်းတော်သို့သွား၏။ ကျောင်းတော်တွင် ခါတိုင်းနေ့များကဲ့သို့ ပျင်းပျင်းရိရိနှင့် ဟော့ဟော့တန်တန် မနေတော့ဘဲ ဘုရားရှင်သည် မည်သည့်အချိန်တွင် အားလပ်တော် မူမည်၊ အားလပ်ချိန်တွင် ဘုရားရှင်ထံတော်သို့ မည်သို့ချဉ်းကပ်ရမည်ကိုသာ တစောင့်စောင့် တကြည့်ကြည့်နှင့် အကဲခတ်လျက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ဘုရားရှင်သည် ညနေစောင်းအချိန်လောက်တွင် ဂန္ဓကုဋိတိုက်တော်သို့ ဝင်သည်ကို တွေ့ရသောအခါ ဤအချိန်ကား ဘုရားရှင် အားလပ်တော်မူသော အချိန်ပေတည်းဟု တွက်ဆကာ ကာလသည် ဂန္ဓကုဋိတံခါးဝသို့ ချဉ်းကပ်လိုက်၏။ ထို့နောက် အရှင်အာနန္ဒာ စသော ဘုရားရှင်ထံသို့ ဝင်ရောက်ကြသည့် အခြားရဟန်းတော်များ အပြုအမူကို သတိထားခဲ့သည့်အတိုင်း ဂန္ဓကုဋိတံခါးကို မရဲတရဲ ခေါက်လိုက်သည်။

တံခါးသည် ပွင့်လျက်သားပင်ရှိ၍ တံခါးရွက်ကို လက်ဖြင့်ထိလိုက်ရုံမျှနှင့် ပွင့်သွားသောအခါ ဘုရားရှင်သည် ခေါင်းရင်းနံရံအနီးရှိ ခင်းထားအပ်သောနေရာတွင် အဆင်သင့် ထိုင်တော်မူလျက်ရှိသည်ကို တွေ့ရ၏။ ထို့ကြောင့် ကလေးသူငယ်တစ်ယောက်မျှသာဖြစ်သော ကာလအဖို့ ရှေ့တိုးရမလို နောက်သို့ပြန်ဆုတ်ရတော့မလို မဝံ့မရဲဖြင့် တံခါးရွက်ကို ကပ်လိုက်သောအခါ ဘုရားရှင်က သူ့ရှေ့သို့လာရန် လက်တော်ဖြင့်ညွှန်ပြသည်ကို တွေ့ရသဖြင့် ကာလအဖို့ ရဲတင်းသောစိတ်ကလေး ဝင်လာကာ ဘုရားရှင်ရှေ့တော်သို့ဝင်၍ ဝပ်တွားရှိခိုးလိုက်သည်။

အရှိန်အဝါကြီးမားလှသော လူကြီးနှင့် ကလေးဖြစ်၍ ရှေးဦးစွာ ကာလအဖို့ မဝံ့မရဲဖြစ်ခဲ့သော်လည်း အနီးကပ်ဖူးတွေ့ရသော ဘုရားရှင်မျက်နှာတော်တွင် ခက်ထန်သော အမူအရာဟူ၍ လုံးဝမတွေ့ရသဖြင့် ကာလအဖို့ ရဲတင်းလာကာ "တပည့်တော် ကျောင်းဒကာကြီးသားပါဘုရား၊ ကာလလို့ ခေါ်ပါတယ်ဘုရား၊ အရှင်ဘုရားကျောင်းတော်မှာ ဥပုသ်စောင့်နေတာ လေးကြိမ် လေးရက်ရှိပါပြီဘုရား"ဟု လျှောက်ထားလိုက်သောအခါ ဘုရားရှင်က သာဓုသုံးကြိမ် ခေါ်တော်မူ၏။

ထို့ကြောင့် ကာလအဖို့ ပို၍ရဲတင်းလာကာ "တပည့်တော်အဖေက အရှင်ဘုရားထံမှာ ဂါထာတစ်ပုဒ် သင်ကြားခဲ့ရမယ်လို့ မိန့်မှာလိုက်ပါတယ်ဘုရား၊ ဒါကြောင့် တပည့်တော်ကို ဂါထာတစ်ပုဒ်မျှ သင်ကြားပေးတော်မူပါဘုရား"ဟု လျှောက်ထားလိုက်၏။

ထိုစကားကြောင့် အကြောင်းအကျိုးကို သိတော်မူပြီးဖြစ်သော ဘုရားရှင်က စဉ်းငယ်ပြုံးတော်မူကာ "သင်ကြားရပေမပေါ့ ကာလ၊ ဆိုလို့လည်း ကောင်းစေရမယ်၊ အဓိပ္ပာယ်ကိုလည်း လွယ်လွယ်နဲ့ နားလည်စေရမယ်၊ ကဲ...လိုက်ဆိုပေတော့ ကာလ"ဟု မိန့်တော်မူကာ–



www.burmeseclassic.com

www.burmeseclassic.com



**ကာယေန သံဝရောသာဓု**
**သာဓုဝါစာယ သံဝရော**
**မနသာ သံဝရောသာဓု**
**သာဓု သဗ္ဗတ္ထသံဝရော**
**သဗ္ဗတ္ထ သံဝရော ဘိက္ခု**
**သဗ္ဗဒုက္ခာ ပမုစ္စတိ။ ။**

ဟူ၍ တစ်ပိုဒ်ချင်း သင်ကြားပေးတော်မူသည်။

မိမိဥပုသ်စောင့်သည်ကို ဘုရားရှင်က ကောင်းချီးပေးသော သာဓုသံသုံးကြိမ်သည် နားထဲ၌ စွဲဝေ့လျက်ရှိနေဆဲပင်လျှင် သင်ကြားပေးတော်မူသော ဂါထာမှ သာဓုသံချင်း ထပ်နေသောကြောင့် နှစ်သိမ့်ကြည်နူးသောစိတ်ဖြင့် သင်ကြားရာတွင် ကာလအဖို့ ဉာဏ်အခြေခံကောင်းသူလည်းဖြစ်၊ ဂါထာကလည်း အဆိုရ အရွတ်ရ လွယ်သဖြင့် သုံးကြိမ်သုံးခေါက်မျှဖြင့် အလွတ်ရရှိသည်။ ကာလအဖို့ ထို့ထက် ထူးခြားသွားသည်မှာကား ဂါထာ၏ အနက်အဓိပ္ပာယ်ဖြစ်၏။

အနက်အဓိပ္ပာယ်မှာ–ခက်ခဲခြင်းမရှိ၊ ဘုရားရှင်က တစ်ပိုဒ်ချင်း သင်ကြားပေးရာ၌ တစ်ပိုဒ်ချင်းပင် အဓိပ္ပာယ်ပေါ်လွင်သည်။ သဘောပေါက်သည်။

ကိုယ်ကိုစောင့်စည်းခြင်းသည် ကောင်း၏။ နှုတ်ကိုစောင့်စည်းခြင်းသည် ကောင်း၏။ စိတ်ကိုစောင့်စည်းခြင်းသည် ကောင်း၏။ ကိုယ်, စိတ်, နှလုံး စောင့်စည်းခြင်းသည် ဆင်းရဲဒုက္ခအပေါင်းမှ ကင်းလွတ်၏ဟူသော အဓိပ္ပာယ်သည် ကာလ၏နှလုံးသားသို့ သင်ကြားဆဲတွင်ပင် တစ်ပိုဒ်ပြီးတစ်ပိုဒ် တိုးဝင်သည်။ ဂါထာအဓိပ္ပာယ်မှဆက်၍ မိမိကိုယ်နှုတ်နှလုံးကို သုံးသပ်သည်။ ဆင်းရဲဒုက္ခကို ဖြစ်ပွားစေသော မိမိကိုယ်နှုတ်နှလုံး အမှုအရာ အတွေးအမြင်များကို ထင်မြင်စေသည်။

ထို့ကြောင့် ကာလ၏ သင်ကြားမှုအသံသည် ဘုရားရှင်၏ တရားတော်အပေါ်၌ စဉ်းစားဆင်ခြင်ခြင်းဖြင့် မှိန်းထုံအပ်သောကြောင့် တစ်ပိုဒ်ပြီးတစ်ပိုဒ် တစ်ခေါက်ပြီး တစ်ခေါက် သင်ကြားရွတ်ဆိုဆဲမှာပင် နှေးကွေးလေးလံ၍သွားသည်။

ကားသည် ဂါထာကိုသင်ကြားပြီးသောအခါ တစ်သက်တာတွင် မရဖူးသော လာဘ်ကြီးတစ်ခုကို ရရှိသည့်အနေ၊ မခံစားဖူးသော အရသာထူးကို ခံစားရသည့် အသွင်ဖြင့် ဘုရားရှင်အား အကြိမ်ကြိမ် အထပ်ထပ် ဦးနှိမ်ချသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘုရားရှင်က "ကာလ သင့်အိမ်သို့ပြန်ချိန်တန်ပြီ၊ သင့်အိမ်သို့ ငါကိုယ်တိုင်လိုက်၍ပို့မည်"ဟု မိန့်တော်မူလိုက်သဖြင့် ဖခင်ပြောလိုက်သည့်အတိုင်း မိမိအပေါ်တွင် ဘုရားရှင်က ချစ်ခင်ရုံမျှမက လိုက်လျောတော်မူလွန်းသဖြင့် အံ့အား သင့်စွာဖြင့် ဘုရားရှင်၏ မျက်နှာတော်ကို ဖူးမြင်ဆဲမှာပင် ဘုရားရှင်က ရှေ့တော်မှ ကြွတော်မူသဖြင့် နောက်ပါးက လိုက်ခဲ့ရ၏။

အိမ်သို့ ဘုရားရှင်ကိုယ်တော်တိုင် ကြွလာတော်မူသည်ကိုလည်းကောင်း၊ ဘုရား ရှင် နောက်ပါးတွင် မည်သည့်အခါကမျှ မမြင်မတွေ့ခဲ့ရဖူးသော သိမ်မွေ့သည် ဣန္ဒြေဖြင့် မိမိတို့သား ပါလာသည်ကိုလည်းကောင်း မိခင် ဖခင်နှင့် တစ်အိမ်သား လုံး တွေ့ရှိကြရသောအခါ အံ့သြခြင်း၊ ဝမ်းမြောက်ခြင်းတို့ဖြင့် ကြိုကြ၏။ အနာ ထပိဏ်၏အိမ်တွင် အမြဲတမ်းထားရှိအပ်သော သံဃာစင်ရှိ ဘုရားရှင်နေရာတော် တွင် ဘုရားရှင် ထိုင်တော်မူသောအခါ ကာလသည် ဘုရားစင်ရှေ့ ခပ်စောင်းစောင်း နေရာတွင် ထိုင်၏။ ကျောင်းဒကာကြီးသည် အတန်ကလေးကြာမှ အထုပ်တစ်ခုကို ကိုင်၍ ဘုရားရှင်ရှေ့တော်သို့ ရောက်လာကာ သားဖြစ်သူ၏နံဘေးနေရာတွင် ကပ်၍ထိုင်သည်။

"ကျောင်းဒကာကြီး သားဖြစ်သူက ဂါထာတစ်ပုဒ်သင်ကြားပေးပါ လျှောက် ထား၍ သင်ကြားပေးလိုက်ပြီ ဒကာကြီး"ဟု ဘုရားရှင်က မိန့်ကြား၏။

"မှန်လှပါ၊ သည်သူငယ်က အငယ်ဆုံးလည်းဖြစ် မိခင်နှင့် အစ်ကိုအစ်မများ၏ မြှောက်စားခြင်းကြောင့်လည်း အတန်ပဲ ဟော့ရမ်းခဲ့ပါတယ်ဘုရား၊ အဲဒါကို ပပျောက် အောင် ကျောင်းတော်မှာ တစ်နေ့ အသပြာတစ်ရာပေး၍ ဥပုသ်စောင့်ခိုင်းခဲ့ရပါ တယ်"

ဤစကားကြောင့် ကာလသည် ဘုရားရှင်ရှေ့တော်တွင် ခေါင်းငုံ့နေရာမှ ရှက်စနိုးဖြင့် ဦးခေါင်းကို တစ်ဖက်သို့ လှည့်ဝိုက်၍သွားသည်။

"မနေ့ညတုန်းကတော့ ဘုရားရှင်ထံတော်မှာ ဂါထာတစ်ပုဒ်ရအောင် သင် ကြားနိုင်ရင် အသပြာ တစ်ထောင်ပေးမယ်လို့ ကတိပေးလိုက်ပါတယ်။ အဲဒီကတိ အရ ဘုရားရှင်ရှေ့တော်တွင်ပင် သူ့ကို အသပြာတစ်ထောင် ပေးအပ်ပါပြီဘုရား" ဟု လျှောက်ထားကာ ယူလာသောငွေထုပ်ကိုပေးရန် ကာလဘက်သို့ ရွှေ့လိုက် သောအခါ ကာလက လက်နှစ်ဖက်လုံးဖြင့် ငွေထုပ်ကို ဟန့်တားလိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



“တော်ပါတော့၊ ကျွန်တော် ရှက်လှပါပြီ အဖေ။ အရင်က ဟော့ရမ်းသော့သွမ်းခဲ့တာတွေဟာ ကျွန်တော် မှားပါတယ်။ သည့်နောက် ကောင်းမှုကုသိုလ်ကို ငွေနဲ့လဲမိတာဟာလည်း မှားခဲ့ပါတယ်။ အခုထပ်ပြီး မမှားပါရစေနဲ့တော့။ နောက်ကို အဖေတို့၊ အမေတို့ စိတ်မချမ်းသာစေမယ့် အမှုမှန်သမျှ ကျွန်တော် ဘာမျှပြုတော့မည်မဟုတ်ပါ။ ကျွန်တော်ဟာ ဘုရားခြေတော်ရင်းမှာ အစဉ်အမြဲ နေနိုင်တဲ့အခြေရောက်အောင် တစ်စထက်တစ်စ ကြိုးစားသွားဖို့ ရည်မှန်းထားပါတယ် အဖေ”

ကာလ၏ ထိုစကားကြောင့် ဘုရားရှင်ကိုယ်တော်တိုင်က သာဓု သုံးကြိမ် ခေါ်လိုက်ပြန်သောအခါ သံဃာစင်တစ်ခုလုံးသည် သာဓုသံဖြင့် လွှမ်းဖုံးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



# လှော်ကားမင်းသမီး

[ ၁ ]

လယ်ခေါင်းကလေး မောင်ပုညသည် လယ်လုပ်သားတို့ ရိတ်ဖြတ်ပြီးသော သရက်အုပ်လယ်စပ်တစ်လျှောက် စစ်ဆေးကြည့်ရှုပြီး ရွာသို့ပြန်တော့အံ့ဆဲဆဲတွင် သရက်ပင်အုပ်ဆီ၌ ဝဲပျံလှုပ်ရှားလျက်ရှိသော ပျားများကို မြင်ရသောကြောင့် ပျားအုံများရှိလေမည်လားဟု ပျားတို့ဝဲပျံသော သရက်ပင်အောက်သို့ ဝင်ရောက်ကြည့်ရှုလိုက်သောအခါ သရက်ကိုင်းတစ်ခုတွင် ကြီးမားသော ပျားအုံကြီးကို တွေ့လိုက်ရသောကြောင့် အံ့အားသင့်သွား၏။ အံ့အားသင့်ခြင်းနှင့်အတူ ဝမ်းမြောက်ဝမ်းသာဖြင့် လယ်လုပ်သားများကို အကူအညီခေါ်ပြီးလျှင် ပျားများကိုဖယ်ရှား၍ ပျားအုံကိုဖြတ်ယူသောအခါ ပျားများကလည်း မောင်ပုည၏ဆန္ဒကို ကူညီကြလေရော့သလားမသိ၊ အလွယ်တကူပင် ဖယ်ရှားပြီး တခြားသို့ ပျံသွားကြသည်။ မောင်ပုည၏ဆန္ဒက ပျားအုံကြီးကိုတွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ကျေးရူးရှင်မြို့တော်ဝန်မင်းအား ပေးဆက်ရန် သတိရလိုက်ခြင်းပင် ဖြစ်ပေသည်။

ပျားအုံကြီးမှာ မကြုံဖူးလောက်အောင် ကြီးမား၍ ပျားသလက် ပျားလပို့တို့ ဖွေးဖွေးနုနုတွင် ဝင်းဝါစိုအိသော ပျားရည်တွေ တထွေးထွေးနှင့် ယိုစိမ့်ကျလုမတတ်ပင် ဖြစ်နေပေရာ အကိုင်းလိုက်အတိုင်း တယုတယဖြတ်ယူပြီး စိမ့်ယိုမကျစေရန် ပိတ်ပါးတို့ဖြင့် အလိုက်သင့် တုပ်ဆိုင်းကာ နက်ဖြန်နံနက်တွင် နေပြည်တော်ရှိ မြို့ဝန်မင်းထံ ပို့ဆောင်ရန် ဆွဲချိတ်၍ထားလိုက်သည်။

အဘယ်ကြောင့်မသိ၊ ပျားရည်အသုံး အလေ့အထများ၍ အစဉ်တစိုက်လိုလို ပျားရည်မပြတ်ခဲ့သော ဗန္ဓုမတီ နေပြည်တော်တစ်ဝိုက်တွင် ယခုတလော ပျားရည်ပြတ်၍နေခဲ့သည်မှာ ရက်,လ အတန်ပင်ကြာခဲ့ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



နေပြည်တော်တွင် ပျားကုန်သည်တို့ဖြင့် မပြတ်ဆက်သွယ် လုပ်ကိုင်လျက်ရှိသော ပျားဖွပ်လုပ်သားများလည်း ယခုတလော ပျားရည်မရကြ။ ပျားများသည် အကြောင်းတစ်ခုခုကြောင့် ဇန္တုမတီအား သွေဖည်နေကြဟန်တူသည်။ ထို့ကြောင့် နေပြည်တော် လယ်ပိုင်ရှင်နှင့် တောအဆက်အသွယ်ရှိသူများက မောင်ပုညတို့လို လယ်လုပ်သားများအား ပျားရည်တွေ့လျှင် ယူခဲ့ကြရန် မှာထားကြသည်။

ထို့ကြောင့် မောင်ပုညအဖို့ မမျှော်လင့်ဘဲ ပေါ်ပေါက်လာသော ပျားအုံကြီးအား ကျေးဇူးရှင် မြို့ဝန်မင်းသို့ မျက်နှာရှိစွာ ဆက်သနိုင်ရေးအတွက် တစ်ညလုံး လိုလို အရိပ်တကြည့်ကြည့်နှင့် ဝမ်းမြောက်ဝမ်းသာ ပြင်ဆင်၍ထားသည်။ နံနက်တွင် မြို့ဝန်မင်းထံသို့ အပို့သွားသည့်အခါ၌ ပျားအုံနှင့် ထမ်းပိုးထမ်းညီစေရန် အိမ်တွင် အဆင်သင့်ရှိနေသော နို့ဓမ်းခဲများကို အိုးတစ်လုံးတွင်ထည့်ကာ အလိုက်သင့် ပြင်ဆင်သည်။

နောက်တစ်နေ့နံနက်တွင် လက်ဆောင်ကောင်းဖြင့် မျက်နှာလုပ်ရမည်ဖြစ်သောကြောင့် ရွှင်လန်းတက်ကြွစွာဖြင့် လာခဲ့ရာ ဇန္တုမတီမြို့ တံခါးဝအရောက်တွင် မျက်နှာတပြုံးပြုံးဖြင့် မိမိရှေ့မှ ပိတ်ကာဆီးရပ်လျက်ရှိသော ရည်ရည်မွန်မွန် လူကြီးနှစ်ဦးနှင့် ရင်ဆိုင်တွေ့ရ၏။

လူကြီးတစ်ဦးက "မဟုတ်ကာမှလွဲရော၊ မောင်ရင်လေး ထမ်းလာတဲ့ ဟောဒီဘက်ကဟာဖြင့် ပျားအုံလို့ထင်တာပဲ"ဟု စကားစတင်လိုက်သည်။

မောင်ပုညက မိမိခရီးတွင်အဆီးအတားပြုလာသော လူကြီးနှစ်ဦးအား မှုန်၍ကြည့်လိုက်သည်။ ကေန္တ ပျားရည်ကြိုက်သော ဇန္တုမတီ၌ ပျားရည်ပြတ်နေရာတွင် ပစ္စည်းရှင် ဤလူကြီးနှစ်ဦးက မိမိပျားရည်ကို ငွေဖြင့်ပေါက်ယူရန် မျက်စပစ်လာသည်ဟု တွေးလိုက်မိ၏။ သို့ရာတွင် လူကြီးနှစ်ဦး၏ အမူအရာမှာ မွန်ရည်သိမ်မွေ့လှသောကြောင့် 'မှန်ပါတယ်၊ ပျားအုံပါပဲခင်ဗျာ၊ နို့ပေမယ့် ရောင်းချရန်မဟုတ်ပါ' ဟု ရိုရိုသေသေပင် ပြန်လည်ပြောလိုက်၏။

"ရောင်းဖို့မဟုတ်ပေမယ့် ရောင်းဖို့တောင်းပန်ပါတယ် မောင်ရင်၊ ကျုပ်တို့စားသုံးဖို့ မဟုတ်ပါဘူး။ ကျုပ်တို့မှာ အင်မတန်အရေးကြီးတဲ့ အသုံးရှိနေလို့ပါ"

မောင်ပုညက ဤလူကြီးများသည် ပျားရည်ကလေး စားသုံးရရေးအတွက် ခနအားကိုးကာ သူတော်ကောင်းအဟန်ဖြင့် မှသားသုံးကြသည်ဟု တွက်ဆကာ ပြက်ရယ်ပြုလိုစိတ် ပေါ်လာသောကြောင့် "ဘယ်လောက်များ ပေးမှာလဲခင်ဗျ"ဟု

www.burmeseclassic.com

www.burmeseclassic.com



သွေးတိုးစမ်းစကား ပြောကြားလိုက်သည်။

"အသပြာတစ်ရာ ပေးပါ့မယ် မောင်ရင်"

ထိုစကားကြောင့် မောင်ပုညအဖို့ ဟာခနဲဖြစ်သွားကာ မိမိနားကိုပင် မိမိ မယုံကြည်လေဟန်ဖြင့် "အသပြာ ကျပ်တစ်ရာလားခင်ဗျ"ဟု ထပ်ဆင့်မေးလိုက်သောအခါ လူကြီးများက "မှန်ပါတယ်မောင်ရင်၊ အသပြာ ကျပ်တစ်ရာတိတိ ပေးပါ့မယ်"ဟု ပြောရင်း "ဟောဒီမှာ ငွေအဆင်သင့်လည်း ပါလာပါတယ်"ဟု ငွေအိတ်ကို မြှောက်၍ပြလိုက်၏။

ဗန္ဓုမတီ၏ မှန်တမ်းပျားရည်ဈေးနှုန်းမှာ ယခုကဲ့သို့ ပျားအုံလိုက်ပင်ဖြစ်စေဦးတော့ တစ်သပြာ၏ လေးပုံတစ်ပုံ၊ တစ်မတ်မျှသာရှိသည်။ ပျားရှားချိန်ဖြစ်၍ အများဆုံးဖြစ်နိုင်သော ဈေးနှုန်းမှာ တစ်သပြာထက် မပိုနိုင်ပေ။ ယခု အသပြာ တစ်ရာကျပ်တိတိ ပေးမည်ဆိုလာသော ဤလူကြီးများ၏ စကားမှာ ယုံရခက် မယုံရခက်ပင် ဖြစ်နေတော့သည်။ သို့သော် ယုံရမည်ဆိုလျှင် ပျားရည်သုံးလိုသော ဤလူကြီးများကိစ္စသည် ကြီးမားတန်ရာ၏။ သို့မဟုတ် သုံး၍မကုန်အောင် ဓနပေါသော သူဌေးသူကြွယ်များသော်လည်း ဖြစ်ကြတန်ရာ၏။

အသပြာတစ်ရာဆိုသည်မှာ မိမိတို့လယ်လုပ်သားများအဖို့ တစ်နှစ်လုပ်အားစာမျှရှိသောကြောင့် တကယ်သာပေးမည်ဆိုလျှင် ရောင်းလိုက်လိုလှပြီ။ ပေးမည်လည်း သေချာနေသည်။ သို့သော် ဤပျားအုံတွေ့ရှိပုံနှင့် ပျားများ၏ အပြုအမူကပင် ခပ်ဆန်းဆန်းဟု မနေ့ညနေကပင် တွေးခဲ့မိရာက အဘယ်လိုအကြောင်း ပေါ်လာလေဦးမည်နည်းဟု တီးကြည့်ခေါက်ကြည့်ချင်လာသောကြောင့် "မရောင်းနိုင်ပါဘူး ခင်ဗျ၊ ကျွန်တော့်မှာ မရောင်းနိုင်တဲ့အကြောင်း ရှိနေလို့ပါ"ဟု မပွင့်တပွင့်ပြောလိုက်မိသည်။

"ဒီမှာ မောင်ရင်လေး၊ ကျုပ်တို့မှာ အချိန်သိပ်မရှိပါဘူး။ ကျုပ်တို့ကိစ္စက ဒီပျားရည်အတွက် အတုမရှိကိစ္စပါ။ ဒီတော့ မောင်ရင်လေး ဈေးကိုင်မနေပါနဲ့တော့။ အသပြာငါးရာတိတိပေးပါ့မယ်"ဟု ပြောကာ အသပြာထုပ်မှ ငွေထုတ်ရန် ပြင်ဆင်သည်။

မောင်ပုညအဖို့ တကယ့်ဖြစ်ရပ် မဟုတ်ဘဲ အိပ်မက်ထဲသို့ပင် ရောက်နေလေရော့သလားဟု ထင်မိသည်။ လယ်သမားလေး မောင်ပုညအဖို့ မတန်မရာ ဆိုက်ရောက်လာသော အသပြာကို လိုချင်လှသည်ကား မှန်၏။ သို့ရာတွင် ဤပျ

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားစွာ ပေါ်ပေါက်လာသော အကြောင်းရင်းကို သိလိုလှသေးပေရာ သူတစ်ပါးတို့ ကိုယ်ရေးကို မေးမြန်းရမှာလည်း ခက်သဖြင့် "မရောင်းပါဘူးဗျာ"ဟု ကယောင်ကတမ်း ပြောလိုက်မိပြန်၏။

"ကဲ...ကဲ...မောင်ရင်လေး၊ ဟောဒါ အသပြာတစ်ထောင်ပါတဲ့အထုပ်ပဲ၊ အဲဒီထောင်ထုပ်ကို ယူတော်မူပါ။ ရောင်းဖြစ်အောင်သာ ရောင်းလိုက်ပါတော့"

လူကြီးများကို အကဲခတ်ရသည်မှာ သူတို့ကိစ္စသည် သောကပရိဒေဝနှင့်တော့ စပ်ပုံမပေါ်။ အကြောင်းမှာ ရွှင်ရွှင်ပြုံးပြုံးရှိကြသောကြောင့် ဖြစ်၏။ ထို့ပြင် သူတို့စားဖို့ မဟုတ်ပါဘူးဟူသော စကားကလည်း ရှိသေး၏။ သို့ဆိုလျှင် မတန်မရာ အံ့ဘနန်းပြုလုပ်လာသော သူတို့ကိစ္စကို သိနိုင်ဖို့ရှိရာ၏။

"မတန်မရာကြီးဖြစ်နေတော့ လူကြီးမင်းများငွေကိုယူဖို့ရန် လက်တွန့်နေမိပါတယ်။ လူကြီးမင်းများ အမူအရာကြည့်ရတာလည်း လူကြီးမင်းတို့ကိစ္စဆိုတာဟာ ကောင်းကျိုးချမ်းသာ တစ်စုံတစ်ရာနဲ့ သက်ဆိုင်နေပုံရပါတယ်။ အဲဒီကိစ္စကို မသိရဘူးလားခင်ဗျာ"

"မောင်ရင့်အတွေး သိပ်မှန်တာပေါ့၊ ကောင်းကျိုးချမ်းသာနဲ့ သက်ဆိုင်တာပေါ့။ ဒါပေမယ့် အဲဒီကောင်းကျိုးချမ်းသာဆိုတာ ကျုပ်တို့ချည်းအတွက် မဟုတ်ပါဘူး၊ ဗန္ဓုမတီပြည်သူတို့အတွက်ပါ။ မောင်ရင့်ပျားရည်ကို အခုလို မတန်မရာ ပေးဝယ်တာလည်းပဲ ဗန္ဓုမတီပြည်သူအားလုံးရဲ့ ဆုံးဖြတ်ချက်နဲ့ပါ"

"ဘယ်လိုပြည်သူ့အတွက်ပါလဲခင်ဗျား"

"ဘုရားရှင်ကို ကျုပ်တို့ပြည်သူတွေက ခုမနက် ပျားရည်ဆွမ်းကပ်ဖို့အတွက်ပါ မောင်ရင်"

"ဟာ..."

"ဟုတ်ပါတယ် မောင်ရင်၊ ဘုရင်မင်းမြတ်ရဲ့ သားတော်ကြီး ဝိပဿီဘုရားရှင်ဟာ ဘုရင်မင်းမြတ်ပင့်လျှောက်ချက်အရ သံဃာတော်ခြောက်သောင်းရှစ်ထောင်နဲ့ အတူ အခု ကျုပ်တို့ ဗန္ဓုမတီနေပြည်တော်ကို ရောက်နေတာ ခြောက်ရက်ရှိသွားပါပြီ။ ပြည်သူကိုချစ်တဲ့ဘုရင်ကြီးဟာ ဘုရားရှင်နဲ့ သံဃာတော်များကို ဆွမ်းကျွေးတဲ့ကိစ္စမှာ မိမိတစ်ဦးတည်းမပြုလုပ်ဘဲ ဘုရင်ကြီးတစ်ရက်၊ ကျုပ်တို့ ပြည်သူပြည်သားတွေ တစ်ရက်နဲ့ တစ်ရက်စီ၊ တစ်လှည့်စီ ဆွမ်းအလှူလုပ်ဖို့ စီစဉ်ပေးပါတယ်။

"အဲဒီအလှူဟာ မူလကတော့ အပြိုင်ရယ်လို့ မရည်ရွယ်ခဲ့ပေမယ့် ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ရင်းနဲ့ အပြိုင်သဘောဖြစ်လာပါတယ်။ ပြည်သူ့အလှည့်မှာ ကျုပ်တို့ဟာ ဘုရင်ကြီး အလှူထက်သာအောင်၊ မျိုးစုံအောင်၊ ကောင်းမွန်အောင် ကြိုးစားကြပါတယ်။ နို့ပေမယ့် နောက်တစ်နေ့မှာ ဘုရင်ကြီးကချည်း နိုင်နိုင်နေပါတယ်။

"ဒီနေ့ ကျုပ်တို့အလှည့်မှာ မနေ့ကတော့ ဘုရင်ကြီး ဘယ်လိုမှ လိုက်မမီနိုင်အောင်ဆိုပြီး ဆွမ်းဦးမြတ် ကပ်လှူရန်အတွက် ကျုပ်တို့ အစွမ်းကုန် စိတ်ကူးထုတ်ကြပါတယ်။ ဘုရားရှင်ဟာ ဗန္ဓုမတီပြည်သားဖြစ်လေတော့ ပျားရည်ဆွမ်းကို နှစ်သက်တော်မူပေမှာပဲ၊ နို့ပေမယ့် မောင်ရင်သိတဲ့အတိုင်း ခုတလော ဗန္ဓုမတီမှာ ပျားရည်ရဖို့က အင်မတန်ခက်နေပါတယ်။

"ခက်ပေမယ့် ဘုရားရှင်ရဲ့ဘုန်းတော်၊ ကျုပ်တို့ ပြည်သူပြည်သားတွေရဲ့ စေတနာကြောင့် ပေါ်ပေါက်လာနိုင်စရာရှိတယ်။ ဒါကြောင့် ပျားရည်ရှာ အဖွဲ့လေးဖွဲ့ဖွဲ့၊ တစ်ဖွဲ့ကို အသပြာတစ်ထောင်ကျစီပေးပြီး မြို့တော်တံခါးကြီးလေးရပ်မှာ ကျုပ်တို့အဖွဲ့တွေ ပျားရည်ရှာထွက်လာခဲ့ကြတာပါပဲ။ အခု မောင်ရင့်ဆီမှာ အဆင်သင့်တွေ့၊ မောင်ရင်ကလည်း ဈေးကိုင်နေလေတော့ ပြည်သူ့ဆုံးဖြတ်ချက်ကို အစွမ်းကုန်အသုံးပြုပြီး ကျုပ်တို့ ဝယ်ရတာပါ မောင်ရင်"

လူကြီးများ စကားတစ်ဝက်တစ်ပြက်ဒ္ဓပင်လျှင် မောင်ပုညအဖို့ စိတ်အားတက်ကြွလှသဖြင့် ပျားအုံထမ်းကို ပခုံးပေါ်မှချလိုက်၊ ပြန်တင်လိုက်နှင့် လှုပ်လှုပ်ရွရွပင် ဖြစ်လျက်ရှိသည်။ မနေ့ညနေက ဤပျားအုံကြီးကို တွေ့ရပုံနှင့် ပျားတို့၏ ထူးဆန်းသောအပြုအမူများကိုလည်း သတိရလျက်ရှိရာက လူကြီးများစကားဆုံးသည်နှင့် တစ်ပြိုင်နက်–

"ဦးလေးတို့ခင်ဗျား...ကျွန်တော်ဟာ တောသားတစ်ယောက်ဖြစ်လို့မို့ ဗန္ဓုမတီသို့ ဘုရားရှင်ကြွလာတဲ့ကိစ္စကို မသိခဲ့ရပါ။ ဦးလေးတို့ အလှူကိစ္စကိုလည်း မသိခဲ့ရပါ။ ကျွန်တော်ဟာလည်း ဦးလေးဘက်က ပြည်သူပြည်သားတစ်ယောက်ပါ။ ဒီတော့ ဦးလေးတို့ ပြည်သူ့အသပြာကို တစ်ပြားတစ်ချပ်မယူဘဲ ဟောဒီဘက်က ပျားရည်နဲ့ ဟောဒီဘက်က နို့ခမ်းတွေကို ပေးလှူပါ့မယ်။ နို့ပေမယ့် ကိုယ်တိုင်ကြိုးပမ်းခဲ့ရတဲ့ အလှူပစ္စည်းဖြစ်လေတော့ ပြည်သူ့ကိုယ်စား ဘုရားရှင်ကို ပေးလှူရာမှာ ကျွန်တော်ကိုယ်တိုင်ပေးလှူဖို့ကိုတော့ ခွင့်ပြုတော်မူကြပါခင်ဗျား"

"သာဓုပါ မောင်ရင် သာဓုပါ၊ အတိုင်းထက်အလွန် တံခွန်နဲ့ဘုရားဆိုတာလို ကျုပ်တို့ အင်မတန်ဝမ်းမြောက်လှပါတယ်။ ပေးလှူတဲ့ကိစ္စမှာတော့ မောင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ကြိုးပမ်းရရှိတဲ့ပစ္စည်းဖြစ်လေတော့ ကိုယ်တိုင် သာဟတ္ထိကဒါနမြောက်အောင် ပေးလှူခြင်းဟာ အကောင်းဆုံးပါပဲ၊ ဘုရားရှင် ဆွမ်းကပ်ချိန်လည်း နီးနေပေပြီ၊ ဒီတော့…"

"ဦးလေးတို့သာ ရှေ့ကကြွကြပါ၊ ကျွန်တော်ကိုယ်တိုင် ထမ်းပြီး ယူခဲ့ပါ့မယ်" ဆွမ်းကျွေးမဏ္ဍပ်သို့ရောက်လျှင် မရဲတရဲသာ မျှော်လင့်ချက်ထားခဲ့ကြသော ပျားရည်မှုမက ပျားအုံကြီးပါ ရရှိလာသည်ကို တွေ့ရသောကြောင့် ဆွမ်းဒကာပြည်သူအများ ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ ပျားဒါယကာ မောင်ပုညကိုလည်း ချီးကျူးသာဓုခေါ်၍မဆုံး ဖြစ်ကြသည်။

ထို့ကြောင့် အရည်အပြည့်နှင့် ဝင်းအိလျက်ရှိသော ပျားအုံကြီးအား ရွှေခွက်ကြီးတစ်ခုအတွင်းသို့ ညှစ်ချကာ ဒါယကာမောင်ပုည၏ ဆန္ဒအတိုင်း အတူပါလာသော နို့ခမ်းတို့ဖြင့်ရောမွှေ၍ ဝိပဿီဘုရားရှင်အား မောင်ပုညကိုယ်တိုင် ဆက်ကပ်လှူဒါန်းသည်။

ပြည်သူတို့၏ ယင်းသို့ တက်ကြွထက်သန်လွန်းလှသော စေတနာကို သိတော်မူသည့်အတိုင်း ဘုရားရှင်ကလည်း ကုသိုလ်ဆများ တိုးပွားလာစေရန် အစီအစဉ်တစ်ရပ်ကို တန်ခိုးတော်ဖြင့် ချီးမြှင့်တော်မူလိုက်၏။ ချီးမြှင့်ဟန်ကား ပျားရည်ရှားသောကြောင့် ဘုရားရှင်အတွက်သာ လုံလောက်အံ့ထင်ကြရသော ပျားဆွမ်းသည် တန်ခိုးတော်အစီအစဉ်ဖြင့် သံဃာတော်ခြောက်သောင်းရှစ်ထောင်လုံးကိုပင် အနှံ့အပြည့် တိုးပွားပေးလှူနိုင်ခြင်းပင် ဖြစ်လေသည်။

ဤသည်ကား–ပဒုမုတ္တရဘုရားရှင်လက်ထက်ကပင် လာဘ်လာဘအရာ၌ သူမတူအောင် ဆုထူးရလာခဲ့ပေသော လာဘ်မင်းသခင် မောင်ပုညအဖို့ တစ်ဆူတစ်ဆူသော ဘုရားရှင်တို့ခေတ်တွင် ပေါ်ပေါက်မြဲဖြစ်သော ပြိုင်စံရှား အသဒိသအလှူတော်ကြီးများရှိကြရာတွင် ယခု ဝိပဿီဘုရားရှင် လက်ထက်တော် မင်္ဂလာ၌ တော့တော့တင်တင် ကြုံကြိုက်လာခဲ့ရသော လာဘ်မင်းသခင်၏ ဒုတိယအကြောင်းကြီးတစ်ရပ်ပေတည်း။

[ ၂ ]

ဒေဝဒဟ ကပိလနှင့် ကောလိယတည်းဟူသော သာကီဝင်တို့နိုင်ငံအလုံး၌ သိဒ္ဓတ္ထတစ်ယောက် ပေါ်ပေါက်လာခြင်းမှာ တရားအမြင်ရှိသူတို့ဘက်မှကြည့်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးစွာသော အခွင့်ထူးကြီးဖြစ်သော်လည်း တစ်ဖက်အမြင်မှာမူ သမိုင်းစဉ်ဆက် တည်ထောင်လာခဲ့သော မျိုးရိုးကြီးတစ်ရပ်ကိုပင် ကွယ်ပြတ်သွားစေသည်အထိ ကြီးမားသောအကြောင်းရပ် ဖြစ်ခဲ့ရပေ၏။

အကြောင်းမူကား–ဘုရားရှင် ပွင့်ထွန်းတော်မူလာပြီးသည့်နောက် သာသနာတော် တိုးချဲ့ရာတွင် ဆန်ရင်းနာနာဖွပ်ဟူသော စကားရပ်ကဲ့သို့ပင် သာကီဝင်တို့၏ ထိပ်သီး ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအစ သားတော် ရာဟုလာအဆုံး ဆွေတော်မျိုးတော်ပေါင်း မြောက်မြားစွာ သာသနာတော်သို့ ဝင်ရောက်လာကြသောကြောင့်ဖြစ်သည်။

ထို့ကြောင့် သိဒ္ဓတ္ထမင်းသား ဘုရားရှင်သည် မိမိတို့လင်၊ မိမိတို့သား စသော အသိုက်အဝန်းကို ဖျက်ဆီးသူဟူသော အမြင်တစ်ရပ် ပေါ်ပေါက်လာခဲ့၏။ အထူးသဖြင့် ချစ်တုန်း၊ ခင်တုန်း တပြုံးပြုံးဟု ဆိုရလောက်အောင် အချစ်စွမ်းအား ကြီးမားလှသော လက်ထပ်တော့အံ့ဆဲဆဲ ညီတော်အာနန္ဒမင်းသားကို မည်ကဲ့သို့သော စွမ်းပကားမျိုး ရှိလေသည်မသိ၊ အကြီးဆုံးသော စွမ်းအားဖြင့် ဆွဲယူသွားနိုင်ခြင်း အတွက် လူငယ်ပိုင်း သာကီဝင်တို့လောကတွင် ပို၍တုန်လှုပ်သည်။ မိမိတို့လင်သား များကို ဘုရားနှင့် ဝေးဝေးရှောင်စေသည်။

ယင်းသို့သောဖြစ်ရပ်များ၊ ခံစားယူဆချက်များ ရှိနေခိုက် သာကီဝင် သုပ္ပဝါသ မင်းသမီးတွင် ထူးခြားလှသော ခြင်းရာတစ်ရပ် ပေါ်ပေါက်လျက်ရှိနေသည်။ ယင်းသို့ ထူးခြားခြင်းရာ ပေါ်ပေါက်လျက် ရှိနေသည်မှာ ကာလတောင်တာ အတန်ပင်ကြာခဲ့ပြီဖြစ်၏။ အကြောင်းကား လိစ္ဆဝီမင်း မဟာလိ၏ဇနီး ကောလိယ မင်းသမီး သုပ္ပဝါသာ၌ ကိုယ်ဝန်ပေါ်ပေါက်ခဲ့ရာ ယင်းကိုယ်ဝန်မှာ အမျိုးသမီးတို့ ဓမ္မတာ ဖွားရိုးဖွားချိန်တွင် ဖွားမြင်မလာဘဲ တစ်ချိန်တွင် ဖွားမြင်တော့မယောင်၊ အခြားတစ်ချိန်တွင် ဖွားမြင်တော့မယောင်နှင့် တထင့်ထင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့ ရသည်မှာ ခုနစ်နှစ် ခုနစ်လတိုင်တိုင်ပင် ကြာမြင့်ခဲ့ပေပြီ။

ကြာသော် သုပ္ပဝါသမင်းသမီး၏ ကိုယ်ဝန်ကိစ္စမှာ ကာယကံရှင်များကိုယ်တိုင် နှင့် ပတ်ဝန်းကျင်၌ ရိုးနေသယောင်ပင် ရှိတော့၏။ ထူးဆန်းသော ဤကိုယ်ဝန် ကြောင့် မိခင်အဖို့ ဆင်းရဲရသည် မှန်ပါ၏။ သို့ရာတွင် ယင်းဆင်းရဲနှင့်တွဲ၍ပင် ယင်းကိုယ်ဝန်မှ ထူးခြားချမ်းသာသော ဖြစ်ရပ်ဆန်းများသည် မိဘဆွေမျိုးတို့ကို သာမဟုတ်၊ လက်လှမ်းမီသမျှ ပတ်ဝန်းကျင်တစ်ခုလုံးသို့ ကူးစက်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဗ္ဗေစ ကတပုညတာ–အတိတ်ကံက အတိတ်ဘုန်းရှိသူများ၏ ကောင်းရိပ် ကောင်းကျိုး နိမိတ်လက္ခဏာဟူသည် ပဋိသန္ဓေကပင် ပေါ်ပေါက်လာခဲ့တတ်သည်။ အလားတူပင် မကောင်းတိတ် မကောင်းရိပ် အတိတ်ဆိုး ကံဆိုး ရှိခဲ့သူများ၏ နိမိတ်လက္ခဏာများသည်လည်း အမိဝမ်းတွင်း ပဋိသန္ဓေကပင် ဖြစ်ပေါ်လာတတ် သည်။

ရဟန္တာစင်စစ် ရှင်မာကြီးဖြစ်မည့်သူ ဖြစ်ပါလျက် ပုဗ္ဗေစ–အတိတ်ဆိုး အတိတ်ကံကြောင့် ပဋိသန္ဓေကပင်လျှင် ပတ်ဝန်းကျင်က စွန့်ပစ်ခံခဲ့ရရုံမက ပရိနိဗ္ဗာန် စံဝင်ခါနီးဆဲဆဲ ရောက်သည့်အချိန်မှ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာ၏ အကူအညီဖြင့် ဆွမ်းတစ်ထပ်ကို ဝဝလင်လင် သုံးဆောင်သွားရရှာသော လောသက တိဿမထေရ်၏ အကြောင်းရပ်သည် ဤနေရာတွင် ထင်ရှား၏။ ယခု သုပ္ပဝါသာ မင်းသမီး၏သန္ဓေကား အတိတ်ဆိုးတစ်ခုကြောင့် အများခမ္မတာ မဖွားနိုင်စေကာမူ ယင်းလောသကတိဿမထေရ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် လာဘ်မင်းသခင်တို့ အရှင်ပေတည်း။

ပဒုမုတ္တရာဘုရားရှင် လက်ထက်တော်ကပင် လာဘ်မင်းသခင် ကြောင်းဟိတ် ဘွဲ့တံဆိပ်ရှင်အဖြစ် ခံယူရရှိခဲ့သော သန္ဓေရှင်၊ ဝိပဿီဘုရားရှင် လက်ထက်တော် တွင် ထူးခြားလှသော ပျားဆွမ်းဒါယကာ သန္ဓေရှင်၊ ယင်းသို့ ပုဗ္ဗေစ–ကြီးမားခဲ့သော လာဘ်မင်းသခင် သန္ဓေရှင် တည်ရောက်လာသည်နှင့် တစ်ပြိုင်နက် မိခင်, ဖခင် တို့တွင်သာမက ပတ်ဝန်းကျင်တစ်ခုလုံးကိုပင် ထူးခြားသော လာဘ်လာဘများ ဖြစ်ပေါ်လာစေခဲ့သည်။

မဟာလိမင်းသားနှင့် သုပ္ပဝါသာ မင်းသမီးတို့အဖို့ မင်းမျိုးမင်းနွယ် ဖြစ်ရုံမျှမက ပင်ကိုကပင် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံပြီးဖြစ်သောကြောင့် တိုးပွားလာသော စည်းစိမ်ဥစ္စာဟူသည် အကြောင်းမဟုတ်လှ။ သို့ရာတွင် ဤသန္ဓေရလာကာမှ ထူးခြားသော လာဘ်လာဘများ ဆိုက်ရောက်လာကြရာ ဤသန္ဓေသည် ငါတို့အား အကျိုးပေးလေယောင်တကားဟု ပြက်ပြက်ထင်ထင် သိသာရန် စုံစမ်းသမှု ပြုလုပ်ကြည့်ကြသည်။

ကြည့်ဟန်ကား... သုပ္ပဝါသာ၏ လက်ဖြင့် ထိအပ်သော မျိုးစပါးများသည် စပါးပင်မဟုတ်တော့သယောင်၊ တစ်စေ့လျှင် အနံ့ရာထောင်သီး၍ လယ်တစ်ကွက် မျှဖြင့်ပင် လှည်းငါးဆယ်တိုက်ခန့် စပါးထွက်သည်။ တစ်ဆင့်တက်ကာ ယင်းစပါး

www.burmeseclassic.com

www.burmeseclassic.com



များကို မင်းသမီး၏လက်ဖြင့် ထိစေ၍ ကျီသွင်းသောအခါ ယင်းစပါးကျီသည် ယူ၍မကုန် သုံး၍မခန်း၊ ပင်ကိုအတိုင်း ပြည့်လျက်သာရှိသည်။ တစ်ဆင့်တက်၍ တစ်ဖန် စုံစမ်းပြန်လိုသဖြင့် ယင်းစပါးမှ ဆန်ကို သုပ္ပဝါသာလက်ဖြင့် ထိကိုင်စေ၍ ချက်သောအခါ ထမင်းတစ်အိုးတည်း ရောက်လာသူမှန်သမျှ စားမကုန် သောက်မခန်း ဖြစ်လာသတည်း။

ထို့ကြောင့် ထူးထူးခြားခြား ယင်းသန္ဓေသားသည် အကြောင်းတစ်ခုခုကြောင့် မဖွားနိုင်သဖြင့် သန္ဓေရှင် မိခင်အဖို့ ဆင်းရဲရသည် ဆိုစေကာမူ တစ်ဖက်တွင်မူ ထူးခြားသော လာဘ်လာဘ အတွေ့အကြုံများကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးကိုပါ စိုပြည်စေသဖြင့် ဝမ်းမြောက်ချမ်းသာကြရသည်။

ဤအချိန်တွင်ပင် ဘုရားသခင်သည် အရှင်သာရိပုတ္တရာတို့ အပါအဝင် တပည့်ရဟန်း အခြံအရံဖြင့် သုပ္ပဝါသာတို့၏ ကောလိယမြို့အနီးရှိ နာမည်ကျော် ကုဏ္ဍလာတောအုပ်သို့ ကြွရောက် သီတင်းသုံးတော်မူ၏။

ကုဏ္ဍလာတောအုပ်သည် စည်ပင်၏။ ဆိတ်ငြိမ်၏။ ပြန့်ပြူးသာယာ၏။ သို့သော် တောအုပ်၏ ပင်ကိုဉ္စက ယင်းသို့ သာယာစည်ပင်သည့်အပေါ်တွင် တောအုပ်အလယ်၌ရှိသော ကန်သာစိမ်းလဲ့ကြီးကြောင့် ပို၍ သာယာပေသည်။ ဘုရားရှင်နှင့် သံဃာတော်များအဖို့ ချိုးရေ သုံးရေကိစ္စ လွယ်ကူစေ၏။

ကိစ္စကုင်္ဂ အစရှိသည့် ယင်းသို့ ဆိတ်ငြိမ်သာယာသော တောတောင်များသို့ ရံဖန် တစ်ပါးတည်း။ ရံဖန် ရဟန်းအများနှင့် ကြွရောက် သီတင်းသုံးတော်မူလေ့ရှိသော ဘုရားရှင်အဖို့ ဤကုဏ္ဍလာ တောအုပ်သို့ ရဟန်းအများနှင့် ကြွရောက် သီတင်းသုံးရာ၌ ကြီးစွာသောအကြောင်း ရှိပေသည်။ ယင်းအကြောင်းကား အနာဂတ် သာသနာဝင် တစ်လျှောက်လုံး၌ ဗုဒ္ဓဘာသာဝင်တို့ အားထက်သမှုဖြင့် နေတစ်ဆူ၊ လတစ်ဆူပမာ ထင်ရှားလတ္တံ့သော လာဘ်မင်းသခင် ထေရ်အရှင် ပေါက်ဖွားဖြစ်ထွန်းလာမည့် အကြောင်းပေတည်း။

[ ၃ ]

မိမိတို့ လင်သားများကို ရဟန်းဘဝသို့ သွေးဆောင် ဆွဲယူသွားမည်ကို စိုးရိမ်ကြသော်လည်း သာကီမျိုးနွယ် ဆက်နွယ်၍ နေသောကြောင့် ကောလိယ ပြည်သူတို့က ဘုရားရှင်နှင့် သံဃာတော်များအား ပစ္စည်းလေးပါး မလစ်ဟင်းရအောင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ဂရုစိုက်ကြသည်။ အထူးသဖြင့် သွေးသား တိုက်ရိုက်တော်စပ်သော ကောလိယ မင်းမျိုးမင်းနွယ်တို့က ပို၍ ဝါယမစိုက်ကြသည်။ ယင်းသို့ ဝါယမစိုက် သူများအနက် လာဘ်မင်းသခင် သန္ဓေရှင် သုပ္ပဝါသာ မင်းသမီးသည် ထိပ်ဆုံးက ဖြစ်ပေ၏။

ဖြစ်ဟန်ကား...တစ်ချိန်က အခွင့်သာသဖြင့် ဘုရားရှင်၏ တရားတော်ကို နာယူခဲ့သော သုပ္ပဝါသာအဖို့ သောတာပန်အဆင့်ထိပင် ထူးခြားသော တရားရှင် ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် ရရှိလာသော သန္ဓေကို စောင့်ရှောက်ရမှုဒုက္ခကြောင့် ဘုရားရှင်အား ဖူးမြင်နိုင်ဖို့ရန် အလှမ်းဝေးနေခဲ့ရာတွင် ယခုကဲ့သို့ ဘုရားရှင် ကိုယ်တော်တိုင် မိမိတို့မြို့အနီးသို့ အလိုက်သင့် ကြွရောက် သီတင်းသုံးလာသည်ကို ကြုံကြိုက်ရသောအခါ ဘုရားရှင် သာသနာတော်၏ ထိပ်ဆုံးဒါယိကာမတစ်ဦး အနေဖြင့် ဂရုစိုက်သည်။ လှူဒါန်းသည်။ ဘုရားရှင်နှင့် သံဃာတော်များအား လှူဒါန်းရာ၌ သာမန်ဖြစ်ဆန်းကာမျှ ရတတ်သမျှဖြစ်သော အလွယ်တကူ လှူဒါန်း သည်မဟုတ်။ ဆွမ်း အစရှိသည့် လှူဒါန်းသောပစ္စည်းများတွင် ရနိုင်သမျှ အမွန် မြတ်ဆုံး ဝတ္ထုပစ္စည်းများဖြင့် လှူဒါန်းသူဖြစ်သည်။

ကြိုတင်ပြောရန်ကား...လာဘ်မင်းသခင် သန္ဓေရှင်ဖြစ်သော ယင်းသုပ္ပဝါသာ မင်းသမီးသည် သားထူးသားမြတ်ကို မွေးဖွားသောကြောင့်သာ ထင်ရှားသူမဟုတ်၊ ယင်းသို့ စေတနာအထူးဖြင့် ပစ္စည်းထူး ပစ္စည်းဦးကိုသာ လှူဒါန်းလေ့ရှိသော ကြောင့် နောင်အခါ၌ ဘုရားရှင်က ဧတဒဂ်ဘွဲ့ထူး အပေးခံခဲ့ရသော ဥပါသိကာ ဆယ်ဦးမျှအနက် မွန်မြတ်သော ဝတ္ထုကို ပေးလှူခြင်းအရာ၌ ထိပ်တန်း ဧတဒဂ် ဘွဲ့ထူးရှင်တစ်ဦးလည်း ဖြစ်လာခဲ့ပေသည်။

ကုဏ္ဍလာတောအုပ်၌ ဘုရားရှင် သီတင်းသုံး၍ ရက်ပိုင်းမျှအတွင်း၌ပင်လျှင် လာဘ်မင်းသခင် သန္ဓေရှင် သုပ္ပဝါသာမင်းသမီးမှာ မွေးဖွားတော့မည့်အဟန်ဖြင့် ကမ္မဇလေ လှုပ်ရှား၍လာခဲ့လေသည်။ တိတိကျကျဆိုသော် ယင်းသို့ ကမ္မဇလေ စတင်လှုပ်ရှားသောရက်မှာ ဤသန္ဓေ လွယ်ခဲ့ရသည့်နေ့မှ ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက်စေ့မြောက်သောနေ့ ဖြစ်၏။

ဤသန္ဓေသည် မိခင်အား ယင်းသို့ ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက် ဆင်းရဲ စေခဲ့သည်သာမက နောက်ဆုံးအချိန်အနေနှင့် မိခင်အား ဒုက္ခပေးတော့မည့်အဟန် ဖြင့် ပြောင်းဆန်အောင် ကမ္မဇလေ လှုပ်ရုံသာလှုပ်ပြီး အလွယ်တကူ မမွေးနိုင်၊

www.burmeseclassic.com

www.burmeseclassic.com



မဖွားနိုင် ဖြစ်နေတော့ရာ မိခင်အဖို့ ဖြစ်ပေါ်လာသမျှသော ဒုက္ခကို တရားဖြင့်သာ သည်းခံရင်း လျှောင်း၍သာ နေရှာ၏။ "ယောကျ်ားဖောင်စီး၊ မိန်းမမီးနေဟူသော စကားအရ မွေးဖွားမှုကိစ္စ"ဟူသည် ပင်ကိုက အရေးကြီးရာတွင် ထူးခြားသောသန္ဓေ ဖြစ်နေသောကြောင့် ကောလိယမင်းသား အပါအဝင် သမားတော်ကြီးများကိုယ်တိုင် ဝိုင်းညှပ်၍ အစွမ်းကုန် ဂရုစိုက်ကြပါ၏။ သို့ရာတွင် မွေးဖွား၍မလာ၊ ဝေဒနာ ခံစားမှုဒုက္ခသာ ဆင့်ကဲဆင့်ကဲ တိုးလာသည်။

သို့နှင့် ဤသန္ဓေ စတင်လှုပ်ရှားသည်မှ ခုနစ်ရက်မြောက်သောနေ့တွင်မှ သန္ဓေ၏ဒဏ်ကို မခံနိုင်ရှာတော့သော မိခင်အဖို့ ဤသန္ဓေကြောင့်ပင် အသက်ပါ ဆုံးရှုံးရပေတော့အံ့တကားဟု အားလျှော့လိုစိတ် ဝင်လာခဲ့သည်။ သို့ရာတွင် တရားရှင်မိမိအဖို့ နောက်ဆုံး အားထားရာ ရှိပေသေးသည်ဟူသော သတိကား မပြတ်ရှိနေချေ၏။ ယင်းသတိရှင်ကား လောကအလုံးကို သိမ်းကျုံး၍ သိတော်မူသော လောကဝိဒူ ဂုဏ်တော်ရှင်၊ မိမိ၏ တရားဖခင် ကျေးဇူးတော်သခင် ဘုရားရှင် ပင် ဖြစ်ပေသည်။

သန္ဓေကိစ္စသည် သဘောအားဖြင့် ရန့်ရင်း၏။ တရားသခင်၊ ကျွန္ဓေသခင် ဘုရားရှင်၊ ရဟန်းတော်များနှင့် မအပ်စပ်သောကိစ္စ ဖြစ်သည်။

သို့ရာတွင် မရဏန္တတ်ခမ်းဝဲ၌ သေရအံ့မူးမူးဖြစ်လာရသော ယခုအချိန်တွင်မူ ဘုရားရှင်အပေါ်၌ အားထားသင့်သည်ဟု မြင်လာသော သုပ္ပဝါသာအဖို့ ဆေးဝါး နည်းမျိုးစုံ ကုန်ဆုံး၍ မရှုနိုင်မကယ်နိုင်ဖြစ်နေသော လင်သားဖြစ်သူ မဟာလိ မင်းသားအား အနားသို့ခေါ်ပြီးလျှင်"ကျွန်မတော့ ဒီတောင်က တက်ရတော့မယ် မထင်ဘူး။ ကျွန်မတို့ နောက်ဆုံးအားကိုးဖို့ရာကတော့ ဘုရားရှင်ပဲ ရှိပေတော့တယ်။

ဘုရားရှင်ထံ အမြန်သွားပြီး ကျွန်မက ဘုရားရှင်ရဲ့ခြေတော်အစုံကို ရှိခိုး လိုက်ကြောင်း လျှောက်ထားပါ။ ပြီးတော့ ကျွန်မမှာ သည်ကဲ့သို့သော ဝေဒနာ ခံစားနေရကြောင်း လျှောက်ထားပါ။ ပြီးတော့ သမီးတော် သုပ္ပဝါသာ မကွယ်လွန်မီ မွန်မြတ်သောအလှူကို ပေးလှူလို၍ ဘုရားရှင်နှင့်တကွ သံဃာတော်အားလုံး ကြွ တော်မူဖို့လည်း လျှောက်ထားပါ"ဟု ပြောကြားသောအခါ အားထားရာမှန်သမျှကို အရေးတကြီးအလိုရှိနေသော မဟာလိသည် ရုတ်ခြည်းပင် ကုဏ္ဍလာတောအုပ် ဆီသို့ ထွက်လာခဲ့၏။

ထွက်မလာမီအချိန်ကို ကြည့်လိုက်သောအခါ ဘုရားရှင်နှင့် သံဃာတော်များ

www.burmeseclassic.com

www.burmeseclassic.com



နံနက်ပိုင်းဆွမ်းခံကြွချိန်ဖြစ်နေ၏။ ထို့ကြောင့် အိမ်တွင် ကျန်ရှိသော ပရိသတ်အား ဆွမ်းကိစ္စအတွက် ချက်ပြုတ်စီစဉ်ကြရန် မှာထားပြီးမှ ထွက်လာခြင်းဖြစ်သည်။ သုပ္ပဝါသာ၏ ဝေဒနာအတွက်လည်း အရေးကြီး၏။ ဘုရားရှင်နှင့် သံဃာတော်များ ဆွမ်းခံမထွက်မီ လျှောက်ထားနိုင်ဖို့လည်း အရေးကြီး၏။

သိတော်မူ၊ မြင်တော်မူသော ဘုရားရှင်သည် ထိုနေ့နံနက်တွင် သံဃာအားလုံးအား ဆွမ်းခံမထွက်ကြစေဘဲ အိုင်စပ် တောကျောင်းရှေ့တွင် စင်္ကြံလျှောက်ရင်း သီတင်းသုံးတော်မူနေ၏။ အကြောင်းကား–သာသနာပြုရန် ကုဏ္ဍလာတောအုပ်သို့ ကြွရောက်ခဲ့သောကိစ္စသည် ယနေ့မှစ၍ ပြီးဆုံးချိန်သို့ ရောက်ပေတော့မည်။ ထိုအခိုက်တွင်ပင် မဟာလိမင်းသားနှင့် ဒါယကာများ ဘုရားရှင်ထံတော်မှောက်သို့ ရောက်လာကြကာ မဟာလိက ပူဆွေးသောအသံဖြင့်–

"အရှင်မြတ်ဘုရား...အရှင့်သမီးတော် သုပ္ပဝါသာသည် မမွေးဖွားနိုင်သော ဒုက္ခကြောင့် သေရတော့အံ့လား မသိနိုင်အောင် ဖြစ်နေရှာပါသည်။ အရှင့်သမီးတော်က အရှင့်ခြေတော်အစုံအား ရှိခိုးလိုက်ပါကြောင်း လျှောက်တင်ပါသည်။ ထို့ပြင် အရှင့်သမီးတော်က သေရအံ့မူးမူးတွင် မွန်မြတ်သော ဆွမ်းဒါနပြုလိုပါသောကြောင့် အရှင်မြတ်နှင့် သံဃာတော်များ ယခုနံနက်ပင် ကြွရောက်ဖို့ ဖိတ်ကြားလျှောက်ထားလိုက်ပါသည်"

"မဟာလိ...ကောလိယမင်း၏သမီး သုပ္ပဝါသာ ဒါယိကာမသည် ချမ်းသာစွာ မွေးဖွားစေသတည်း။ ရောဂါဘေးဘျမ်း ငြိမ်းချမ်းစေသတည်း။ နှလုံးစိတ်ဝမ်းအေးချမ်းစေသတည်း။

"မဟာလိ...ပြန်နှင့်လေတော့၊ သုပ္ပဝါသာ၏ဆွမ်းကို အလှူခံရန် သံဃာများကို စုရုံး၍ ငါကြွလာခဲ့ကြမည်"

သုပ္ပဝါသာ၏ ဒုက္ခနှင့်အတူ လင်သားဖြစ်သူ မဟာလိသည်လည်း ပူပန်သောက ရောက်လျက်ရှိကြောင်း ဘုရားရှင် သိတော်မူသည်။ အကြောင်းရှိ၍ ရောက်လာရသော်လည်း လူနာစောင့်ရှောက်ရန် သုပ္ပဝါသာ၏အနီးမှ မခွာလိုကြောင်း သိတော်မူသည်။ ထို့ကြောင့် မဟာလိအား ရုတ်ခြည်းပြန်လွှတ်ခြင်းဖြစ်သည်။

သို့သော် ဘုရားရှင်၏နှုတ်တော်မှ ချမ်းသာဆုပေးလိုက်သော ခဏဌပင်လျှင် ခုနစ်နှစ်,ခုနစ်လတိုင်တိုင် သန္ဓေဒုက္ခကို ပိုက်လွယ်ခဲ့ပြီး ခုနစ်ရက်တိုင်တိုင် မွေးဖွား

www.burmeseclassic.com

www.burmeseclassic.com



မှု ဆင်းရဲဖြင့် အပန်းကြီးစွာ ရင်ဆိုင်ခဲ့ရရှာသော သုပ္ပဝါသာမင်းသမီး၏ သန္ဓေသည် ဓမ္မကရိဏ်မှလွတ်အပ်သော သီတာရေစင်ကဲ့သို့ ဆောလျင်စွာဖြင့် မဟာလိတို့ အိမ်ပြန်မရောက်မီပင် မွေးဖွားခြင်းသို့ ရောက်သတည်း။

မဟာလိပြန်ရောက်လာသောအခါ မွေးဖွားပြီးနေသော သုပ္ပဝါသာအား တွေ့ရ၏။ ထိုအတွေ့မှာ အမျိုးသမီးတို့မွေးဖွားပြီးစတွင် သန္ဓေဒုက္ခကြောင့် နွမ်းနယ်နေသော အတွေ့မျိုးမဟုတ်၊ ကုဏ္ဍလာရေအိုင်တွင် မြူးပျံရေကစားပြီး ရွှင်လန်းစွာ တက်လာသော အမျိုးသမီး၏အသွင်မျိုးဖြစ်နေသည်ကို တွေ့ရသဖြင့် မဟာလိနှင့် တကွ စောင့်ရှောက်နေကြသည့် လူအားလုံး အံ့ဩဝမ်းမြောက်ကြ၏။

သန္ဓေရှင်မိဘတို့၏ ကြီးစွာသော ဓမ္မတာသံသယမှာ မွေးဖွားလာမည့် မိမိတို့ ရင်သွေးကို ယောကျ်ားလေးလော၊ မိန်းမလေးလောဟူသော သံသယပင် ဖြစ်ပေ၏။ ဤသံသယကို မဟာလိနှင့် သုပ္ပဝါသာတို့အဖို့ သူများဓမ္မတာ ကိုးလ,ဆယ်လမျှသာမဟုတ်။ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တိုင်တိုင် ထွေးပိုက်ခဲ့ကြ၏။

ထို့နောက် သန္ဓေရှင်မိဘတို့၏ ဓမ္မတာဆန္ဒတစ်ရပ် ရှိပေသေး၏။ ယင်းဆန္ဒကား–အမျိုးသမီးလေး မွေးဖွားလာလျှင်လည်း ချစ်ရမြဲပင်ဖြစ်သော်လည်း ဖြစ်နိုင်ခဲ့လျှင် အမျိုးသားယောကျ်ားဘသား ထွားထွားကြီးသာ မွေးဖွားလာစေလိုသော ဓမ္မတာဆန္ဒဖြစ်ပေ၏။ ယင်းဆန္ဒအရလည်း မဟာလိနှင့် သုပ္ပဝါသာတို့မှာ မမြင်ရသော သန္ဓေကို မှန်းဆ၍ သားထွားထွားကြီး မွေးဖွားလာစေကြောင်း ဆုတောင်းစိတ်ကူး မမွေးမီကပင် အချစ်ရူးထခဲ့ကြရပေသည်။

ထိုစကားမှန်၏။ ချစ်ခင်ကြင်နာစွာ စတင်ပေါင်းဖက်အပ်သော အကြင်လင်မယားတို့အဖို့ ရှေးဦးစွာဆိုက်ရောက်လာသော သန္ဓေသည်လည်းကောင်း၊ ရှေးဦးစွာ ဆိုက်ရောက်လာသော ရင်သွေးသည်လည်းကောင်း၊ ထိုရင်သွေးဟူသည် တွင်လည်း မိဘဓမ္မတာဆန္ဒအရ တောင့်တအပ်သော သားယောကျ်ားဖြစ်လာလျှင် လည်းကောင်း အချစ်ရည် အချစ်ထူးဖြင့် အချစ်ရူး ရူးတတ်ကြသည်သာတည်း။

ထို့ကြောင့် အိမ်ပြန်ရောက်လာသော မဟာလိသည် လန်းဆန်းရွှင်ကြည် ပြုံးရယ်လျက်ရှိသော သုပ္ပဝါသာကို မမျှော်လင့်ဘဲတွေ့လိုက်ရသောအခါ ပထမသော် မျက်လုံးဝိုင်းလောက်အောင် အံ့အားသင့်ပြီးနောက် ချစ်ဇနီးအား ဝန်းကျင်ပရိသတ်ကိုပင် အားမနာနိုင်လောက်အောင် ဖက်လဲတကင်းပြုသည်။ ပြုရင်းဖြင့် ဘုရားရှင်က ချမ်းသာဆုပေးတော်မူလိုက်သည့်အကြောင်း၊ ယခုပင်လျှင် ဘုရားရှင်နှင့် သံဃာ

www.burmeseclassic.com



တော်အများ ကြွလာမည့်အကြောင်း ပြောသည်။

အိမ်မှ သန္ဓေစောင့်ပရိသတ်ကလည်း ဘုရားရှင် ဆုပေးချိန်လောက် အခိုက်အတန့်မှာ ဓမ္မကရိဏ်မှ လျှောကျအပ်သော ရေကဲ့သို့ အံ့သြလောက်အောင် လွယ်ကူစွာဖွားမြင်လာကြောင်း၊ မိခင်၏ ကိုက်ခဲနာကျင်မှု ဒုက္ခများမှာလည်း ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ လုံးဝပျောက်ကင်းကုန်ကြောင်း အယ်လဲဂျောက်ဂျောက် နှစ်သက်ဖွယ်စကားများကို ပြန်လည်ပြောကြားကြသည်။

အရေးကြီးဆုံးသတင်းကား မွေးဖွားသောသန္ဓေသားသည် မျှော်လင့်ထားသည့် အတိုင်းပင် ဖွေးဖွေးထွားထွား မားမားထီးထီး သားကြီးဟူသော သတင်းပင် ဖြစ်ပေ၏။ အိမ်ရောက်၍ သားကြီး မွေးဖွားပြီးပြီဟူသော သတင်းကို ကြားလိုက်ရစဉ်ကပင် မဟာလိအဖို့ သားကြီးကို ပြေးဖက်ပွေ့ပိုက်၍ အားရပါးရနမ်းရှုပ်လိုလှပြီ ဖြစ်၏။ သို့ရာတွင် ဝေဒနာရှင်မိခင်ကို ရှေးဦးစွာ ယုယဖို့လိုပေသေးသည့်အလျောက် မိခင်အား ယုယပြီး သားကြီးထံ ပြေးသွားတော့အံ့ အမူအရာကို ပရိသတ်က ခပ်မဆိတ် ကြည့်နေကြသည်။ အကြောင်းမူကား–မွေးဖွားလာသည့် သားကြီးသည် နဂိုက မိမိတို့စိတ်ကူးတံဆိပ်တွင် ခတ်နှိပ်ထားအပ်သော ပုလုကွေးလေး သားကလေးမျိုး မဟုတ်၊ ထူးထွားခြားနားလှသော သားကြီးဖြစ်နေပေရာ မိခင်နှင့် ပရိသတ်တို့ ရှေးဦးစွာ အံ့အားသင့်ကြရသကဲ့သို့ ဖခင် မဟာလိအားလည်း မည်သို့ရှိလေမည်ကို သိလို ပြုံးလိုကြသောကြောင့် ဖြစ်ပေသည်။

မဟာလိ၏ ထင်မြင်မျှော်လင့်ချက်မှာ သူ့ရင်သွေး သားကလေးအား မိခင်အတွက် ပြင်ဆင်ထားသော မီးဖွားဆောင်အတွင်း တစ်နေရာတွင် လင်ပန်း အနီးခွေ၊ သို့မဟုတ် ပုခက်တွင် အဆင်သင့်ပြင်ဆင်ထားသောပုံစံဖြစ်၏။ ယင်းထင်မြင်ချက်ဖြင့် အခန်းတွင်းသို့ အူယားဖားယား ဝင်သွားသောအခါ မျှော်လင့်ထားသည့် ပုံစံအစအနမျိုး တစ်စုံတစ်ရာ မတွေ့ရသဖြင့် ကြောင်တောင်တောင်ဖြစ်နေတော့သည်ကို သုပ္ပဝါသာနှင့် ပရိသတ်က ပြုံးရင်း မိခင်အနီးတွင် တင်ပျဉ်ခွေ၍ ထိုင်နေသော ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးလို သူငယ်အား မိခင်ဖြစ်သူက "ဒီမှာလေ ဖအေကြီး"ဟု ပြလိုက်သောအခါ ပထမတွင် အံ့အားသင့်စွာဖြင့် ငေးစိုက်ကြည့်လိုက်ပြီးနောက် မိခင်ဝမ်းတွင် ရှစ်နှစ်နီးပါးတိုင် ရင့်မာခဲ့ရသော အခြေကို သတိရလာဟန်ဖြင့် ထိုင်နေသောသားကြီးကို အားရပါးရ ပွေ့ချီကာ နမ်းရှုပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သားကြီးကလည်း ပိန်းကြာဖက်တွင် ရေမတင်သည့်အလား ဖွားမြင်လာသူဖြစ်သည့်အတိုင်း ပိန်းကြာဖက်ပေါ်တွင် တင်၍နေအပ်သော ရေကြည်ရေပေါက်ကြီးကဲ့သို့ သန့်စင်ကြည်လင်လှ၏။ မိခင်၏ဝမ်းတွင်းမှပင် ဆံပင်များလည်း အတန်ပင် ရှည်လျားလျက်ရှိနေပေပြီ။ ဖခင်ဖြစ်သူ၏ ယုယမှုကြောင့် သားကြီးမှာ တပြုံးပြုံးဖြစ်လျက်ရှိသည်။

မဟာလိသည် ပွေ့ချီနမ်းရှုပ်ရာမှ အားမရလေဟန်ဖြင့် သားထွေးကြီးအားဖွေ့ယမ်း၍ မျက်နှာပေါ်သို့ရောက်အောင် ကိုင်မြှောက်ကာ "ဟောဒါ ငါ့သားကြီးကွ"

**ဖေဖွေ့သား၊ ဖေဖွေ့သား။**
**ဒါမှ ဖေဖွေ့သား။**
**ဖေဖွေ့သားကြီး လူဖလံ**
**ကြောက်စိတ် မြူမဆန်။**
**ဇမ္ဗူယံ တစ်ကောင်ဘွား၊**
**ဒါမှ ဖေဖွေ့သား။**

ဟောဒါမှ ကျုပ်သားကြီးအစစ်ဗျ။ (ပရိသတ်ဘက်လှည့်ကာ) ကဲ...ဗျာရို့ ကျုပ်သားကြီးကို သားကြီးလို့ တစ်ခုတည်းခေါ်နေတာ အားမရဘူး၊ အကုန်လုံးလည်း ခေါ်နိုင်အောင် ကျုပ်သားကြီးကို ကျုပ်ကပဲ နာမည်ပေးလိုက်မယ်။ ဗိုက်ထဲကတည်းက တစ်ဆွေလုံးတစ်မျိုးလုံးကို ချမ်းသာစေပြီး မွေးလာတော့လည်း အကုန်လုံးကို စိတ်ချမ်းသာစေတဲ့သား။ အင်မတန် ငြိမ်းချမ်းတဲ့ ဘုရားရှင်ကိုယ်တော်တိုင် ချီးမြှောက်လို့ ရအပ်တဲ့သား။ ဒါကြောင့်မို့ သီဝလိတို့ တွင်စေဗျား။ သီဝလိဗျာတို့၊ သီဝလိကြီးကွ"

သားရှုးသည် မရှုးသည်မှာ မသေချာ၊ မိခင်ဖခင်တို့ ရှုးသည်မှာ သေချာသော 'သားဦးရှုးသည်'ဟူသော နှစ်စွန်းထွက်စကားအရ မဟာလိက မေတ္တာရေအပြည့်အဝဖြင့် သားကြီးအား အမည်ပေးလိုက်သောအခါ အများကလည်း နှစ်ခြိုက်စွာ အသိအမှတ်ပြုကြသည့်အနေဖြင့် "သီဝလိတဲ့လားဟေ့၊ တယ်ကောင်းတဲ့ နာမည်ပါလား။ မှည့်လည်း မှည့်တတ်ပါပေ့ကွာ၊ မောင်သီဝလိကြီး၊ ဘကြီးဆီလာပါဦး၊ ဦးလေးထံ လာပါဦး၊ အဒေါ့်ဆီလာပါဦး" စသည်ဖြင့် တစ်ယောက်တစ်လှည့် ယုယပိုက်ထွေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် မဟာလိက သုပ္ပဝါသာသို့ "ဒီမှာညီမရေ...အစ်ကို စိတ်ကူး တစ်ခု ရလာပြီ၊ စေတနာတိုးလာပြီ၊ ဘုရားကို အခုပင့်လာခဲ့တာက ညီမအတွက် အသက်ဆွမ်း၊ ဘယာဆွမ်း ဆိုပါတော့။ အခု သားကြီးရလာတော့ ဘယာဆွမ်း ကနေ မင်္ဂလာဆွမ်းအဖြစ် ကူးပြောင်းသွားပြီ။ ဒီတော့ အစ်ကိုတို့ ညီမတို့က သားကြီးကို မင်္ဂလာပြုတဲ့အနေနဲ့ သားကြီးမွေးတဲ့ ဒီကနေ့ကစပြီး ခုနစ်ရက် ခုနစ်လီ မင်္ဂလာဆွမ်းကျွေးပွဲကြီး လုပ်ကြရအောင်နော်"

"အို...အစ်ကိုကလည်း ဒါမျိုးများ ညီမကိုပြောနေရသေးလား။ ဘုရားရှင်ကသာ လက်ခံတော်မူမယ်ဆိုရင် တစ်သက်လုံးကျွေးကျွေး။ တစ်ခုပဲပြောစရာရှိတယ်။ အခုဟာက တစ်ခါမှမလှူခဲ့ဖူးသေးတဲ့ သားကြီးအလှူနော်၊ ဒီတော့ ခါတိုင်းလှူနေကျ ထက် အကောင်းတကာ့ အကောင်းဆုံး၊ အမွန်တကာ့ အမွန်မြတ်ဆုံးဖြစ်အောင်တော့ အစ်ကို စီစဉ်ရပေလိမ့်မယ်။

"ပြီးတော့ မလိုလဲလိုလဲ တစ်ခုလည်း ပြောရဦးမယ်၊ တစ်ရက်တလေ ဆွမ်း ကျွေးတာက ကိစ္စမရှိဘူး၊ အခု ခုနစ်ရက်လုံးလုံးကြီး ကိုယ်ကချည်း ကျွေးလှူမယ် ဆိုတော့ ဘုရားကိုပင့်လို့ရဖို့ လွယ်မှာမဟုတ်ဘူးထင်တယ်။ ဘုရားရှင်က အပင့် အဖိတ် အလှူအတန်းတွေ အင်မတန်များတာ၊ အဲဒါကိုလည်း အစ်ကိုက မရ၊ ရအောင် အကြောင်းပြုပြီး ဘုရားရှင်ကို လျှောက်ထား ပင့်ဖိတ်ရပေလိမ့်မယ်"

"ဒါကတော့ အစ်ကိုလည်း နားလည်ပြီးပါပြီညီမ၊ စိတ်ချပါ၊ အစ်ကို ရအောင် လျှောက်ထားပါ့မယ်။ ကဲ...ဘုရားရှင် ကြွလာတော်မူချိန်နီးပြီ၊ အစ်ကို သွားပြီး ကြည့်ရှုစီစဉ်လိုက်ဦးမယ်"

## [ ၃ ]

ဤတွင် ပြဿနာတစ်ရပ် ပေါ်လာ၏။

ခုနစ်ရက်ခုနစ်လီ မင်္ဂလာဆွမ်းအတွက် ကြည်ရွှင်တက်ကြွလျက်ရှိသော မဟာ လိက လျှောက်ထားသောအခါ ဘုရားရှင်က လက်ခံတော်မူလိုက်သည်။ အကြောင်း ကား...ဤခုနစ်ရက် ဆွမ်းကျွေးကိစ္စအတွင်း၌ သာသနာတော်အတွက် အဘယ် အကျိုးကြီးမျိုး ဖြစ်ပေါ်လာမည်ကို မြင်တော်မူ၍ ဖြစ်သည်။ သို့ရာတွင် နက်ဖြန် အတွက် မောဂ္ဂလာန်တို့ လက်ခံထားခဲ့သော ဒါယကာကြီးတစ်ယောက်၏ ဆွမ်း ကျွေးအလှူရှိနေလေရာ ဤပြဿနာကို ဖြေရှင်းပေးဖို့ လိုပေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပင့်ဖိတ် လက်ခံထားပြီးသော ဒါယကာ၏ ဆွမ်းကို ယင်းဒကာက သဘော မတူဘဲ ဖယ်ရှားဖို့ရန်မှာ ရဟန်းသံဃာတော်တို့အဖို့ မဆိုထားဘိ၊ လူမှုရေးအရပင် လျှင် နည်းနည်းမျှ သင့်လျော်သောအလုပ် မဟုတ်ပေ။ ထို့ကြောင့် မဟာလိ၏ ပင့်ဖိတ်မှုကို ခေတ္တမျှ ဆိုင်းငံ့စေပြီးလျှင် ဤကိစ္စမှာ တန်ခိုးတော်သခင် အရှင် မောဂ္ဂလာန်နှင့်ပင် သင့်လျော်သောကိစ္စဖြစ်သောကြောင့် ယင်းဒါယကာကြီးအား သူ့အလှူကို ရက်ပိုင်းမျှ ဆိုင်းငံ့ထားစေဖို့ မေတ္တာရပ်ခံရန် အရှင်မောဂ္ဂလာန်အား စေလွှတ်တော်မူသည်။

ထိုဒါယကာကြီးသည် ဘုရားရှင်နှင့်သော်လည်းကောင်း၊ အရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန် စသော ထိပ်တန်းမထေရ်ကြီးများနှင့်သော်လည်းကောင်း အကျွမ်း ဝင်သူဖြစ်၏။ မဟာလိတို့၏ ထူးဆန်းသော သန္ဓေရှင်နှင့် ဘုရားရှင်၏ မေတ္တာ တော် တန်ခိုးတော်ကြောင့် ထူးခြားစွာမွေးဖွားလာသော မင်္ဂလာသတို့သားကိစ္စကို လည်း သိပြီးဖြစ်၏။ ထို့ပြင် သာမန်အကြောင်းဖြင့် ပဋိညာဉ်ရပြီးသည်ကို ဖျက်ပယ် တော်မူလိမ့်မည် မဟုတ်သော ဘုရားရှင်၏ သီလသိက္ခာတော်မြတ်ကိုလည်း အကြွင်းမဲ့ နားလည်ယုံကြည်ပြီးသူ ဖြစ်၏။ သို့သော် ဤမျှအမြင်ရှိသူ ဖြစ်သည့် အလျောက်လည်း ဘုရားရှင် စသော ထိပ်တန်းသံဃာတော်များနှင့် တွေ့ကြုံရသည့် အခါ မလွှတ်တမ်းဆိုသကဲ့သို့ တရားစကား လျှောက်ထားဆွေးနွေးခြင်းဖြင့် ဓမ္မ သဝန၊ ဓမ္မသာကစ္ဆာ မင်္ဂလာပြုလိုသူလည်းဖြစ်၏။

ထို့ကြောင့် ခါတိုင်းဆိုလျှင် ဘုရားရှင်နှင့် သံဃာများ သီတင်းသုံးရာသို့သွား၍ အခွင့်အခါကိုကြည့်ပြီးမှသာလျှင် ချဉ်းကပ်လျှောက်ထားခဲ့ရာမှ ယခုသော် အရှင် မောဂ္ဂလာန်ကြီးကိုယ်တော်တိုင် မခေါ်ပင့်ချေ။ ကြွရောက်လာလေသည်ကို အခွင့် ကောင်းယူ၍ ဘုရားရှင်၏ မိန့်ကြားချက်အရ အရှင်မောဂ္ဂလာန်က တစ်ခွန်းမျှ မိန့်လိုက်စဉ်ကပင် မိမိအလှူကို ဆိုင်းငံ့ပေးဖို့ရန် သဘောတူလိုက်ပြီး ဖြစ်သော် လည်း ရှောရှောရှူရှူ မလိုက်လျောသေးဘဲ ယင်းကိစ္စအပေါ်တွင် အမှီပြု၍ အရှင် မောဂ္ဂလာန်နှင့် ဆွေးနွေးရန် စကားစ ဖော်ပေးလိုက်သည်။

"အရှင်မြတ်ဘုရား...ဘုရားရှင်၏ဆန္ဒတော်အတိုင်း တပည့်တော်၏အလှူကို ရွှေ့ဆိုင်းပေးဖို့ရန် တာဝန်မကြီးပါ၊ သို့ရာတွင် အရှင်မြတ်တို့၏ ဒေသနာတော် အတိုင်း ပစ္စည်းသည် အချိန်မရွေး သင်္ခါရဖြစ်ပါ၏။ အသက်သည်လည်း အချိန် မရွေးပင် သင်္ခါရဖြစ်ပါ၏။ သို့ဖြစ်သည့်အတိုင်း ဆိုင်းငံ့ထားရသည့် အချိန်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



အတွင်း၌ နောက်တစ်ဖန်ပေးလှူနိုင်ရန် တပည့်တော်၏ပစ္စည်းကို မပျက်စီးပါဘူးဟု အရှင်မြတ် အာမခံ နိုင်ပါ၏လော”

အတော်ပင် စကားကပ်သော ဒါယကာကြီးပါပေ။ ဤသည်ကတော့ ဒါယကာကြီး အကြောကို သိပြီးဖြစ်၍ အရေးမကြီးလှ။ အကြောင်းမဆိုက်ဘဲနှင့်ပင် ဤလို စကားမျိုး လျှောက်ထားတတ်လေ့ရှိသော ဤဒါယကာကြီးအဖို့ ယခုကဲ့သို့ အကြောင်းတိုက်ရိုက် ဆိုက်ရောက်လာသောအခါ၌ ကြောင်းကျိုးကော်ကပ် လျှောက်ထားတော့မည်မှာ သေချာလှပေသည်။ တရားတော်ဘောင်အတွင်း၌ အကြောင်းဆိုက်သောလျှောက်ထားချက်လည်း ဖြစ်ပါပေသည်။ သို့ရာတွင် သင်္ခါရ၏နယ် ဖြစ်သည့်အတိုင်း အလွယ်တကူတော့ ဖြေကြားရန်မဖြစ်ပေ။ ထို့ကြောင့် အရှင် မောဂ္ဂလာန်အဖို့ ဒါယကာကြီး၏ ပစ္စည်းကိစ္စတွင် တန်ခိုးတော်ဖြင့် ဆင်ခြင်တော် မူရကား။

“ဤရက်အတွင်း ဒါယကာကြီး၏ ပစ္စည်း မပျက်မယွင်းစေရပါဘူး အာမခံပါ၏ ဒါယကာကြီး”ဟု မိန့်ကြားလိုက်သည်။

“တန်ခိုးတော်အရှင်ရဲ့စကား ကြားရတော့ ဝမ်းမြောက်လိုက်လေ ဘုရား အနို့…ပစ္စည်းကတော့ ဟုတ်ပါပြီ၊ တပည့်တော်ရဲ့အသက်ကိုကောဘုရာ့”

“ဒါယကာကြီးရဲ့ အသက်ကိုရော အာမခံ ခံနိုင်ပါသည်”

သို့သော် ဤမျှဖြင့် မပြီးသေးပေ။ အကော်အကပ်ကောင်းသော ဒါယကာကြီး က တစ်ဆင့်တက်လာပြန်ချေသေး၏။

“သာဓုပါအရှင်မြတ် သာဓုပါ။ ။သို့သော် ပစ္စည်းနှင့် အသက်အတွက်တော့ စိတ်ချရပါပြီ၊ တပည့်တော်ရဲ့စေတနာကိုကော အာမခံ ခံနိုင်ပါမည်လားဘုရား”

ပစ္စည်းတည်တံ့ဖို့ရန်မျှ တန်ခိုးတော်၏ နယ်ပယ်အတွင်း၌ အမြင်ရှိသည်၊ လွယ်ကူသည်ဆိုစေ၊ အသက်ကိုလည်း တန်ခိုးတော်ဖြင့်ပင် ခန့်မှန်းနိုင်သည်ဆိုစေ၊ ဥပါဒ်ဋ္ဌီဘင် အစဉ်မပြတ် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ပင် ကုဋေ တစ်သိန်း ဖြစ်အပ်ချုပ်အပ် ပြောင်းလဲအပ်သော စေတနာ နာမ်တရားအတွက်ကား အာမခံ ခံနိုင်ဖို့ ခက်ခဲလှပါချေသည်။

ထို့ကြောင့် “စေတနာကိုတော့ အာမခံ မနိုင်ပေဘူး ဒါယကာကြီး”

ထိုအခါ ဒါယကာကြီးက “အရှင်မြတ်ဘုရား…စည်းစိမ်နှင့် အသက် အာမခံ ခံမည်ဆိုသော အရှင်မြတ်၏ တန်ခိုးတော်ကို တပည့်တော် ယုံကြည်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါး၏ အစဉ်မပြတ် တရစပ်နာမ်ပြောင်းလဲမှုကို အပထား၍ မိမိ၏နာမ်အစဉ် ပြောင်းလဲမှုကိုပင် ထိန်းချုပ်ရန် ခက်ခဲလှသော စေတနာအာမ မခံနိုင်မှုကိုလည်း တပည့်တော် နှစ်ခြိုက်လှပါသည်။ ဤအရာတွင် အကြောင်းမရှိလျှင် မိန့်ဆိုတော်မူလေ့မရှိသော ဘုရားရှင်ဆန္ဒတော်ကို သိလိုက်ရစဉ်ကပင် တပည့်တော် လိုက်လျောသဘောတူပြီးဖြစ်သော်လည်း တရားဆွေးနွေးလိုသောကြောင့်သာ လျှောက်ထားမိခြင်း ဖြစ်ပါသည်။ အရှင်မြတ်တို့သည် ချမ်းသာစွာ ကြွချီတော်မူ၍ မဟာလိမင်းသား၏ ဆွမ်းအလှူကို ခံယူတော်မူကြပါဘိ။ တပည့်တော်၏ စေတနာကိုတော့ တပည့်တော်ပင်လျှင် မပျက်မယွင်းရအောင် ကြိုးစား၍ အာမဝန်ခံပါမည်ဘုရား" ဟု လျှောက်ထားသည်။

[ ၅ ]

ယင်းသို့ဖြင့် မဟာလိမင်းသားနှင့် သုပ္ပဝါသာမင်းသမီးတို့၏ ဆွမ်းအလှူတော် မင်္ဂလာပွဲသည် ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ဖြစ်ပေါ်လာခဲ့၏။ သီဝလိမင်းသားကလေး၏ အလှူတော်မင်္ဂလာပွဲဖြစ်သည့်အတိုင်း ယင်း အလှူတော်ရက်များအတွင်း၌ ရောက်လာသမျှသော ဆွေမျိုးမိတ်သင်္ဂဟများက မင်းသားလေးအား ချော့မြှူထွေးပိုက်ကြရင်း တယုတယပြုလုပ်ကြသော်လည်း ထူးခြားမှုတစ်ရပ် မြင်တွေ့ရသည်မှာကား သီဝလိမင်းသားလေးသည် ယုယသူတို့လက်မှ အခွင့်ရသည့်အခါတိုင်း ဘုရားရှင်၏ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး အနီးသို့ မချဉ်းဝံ့ဝံ့ ချဉ်းဝံ့ဝံ့ဖြင့် မပြတ်လိုလို ချဉ်းကပ်၍နေခြင်းပင် ဖြစ်ပေသည်။

အရှင်သာရိပုတ္တရာက မင်းသားလေးအား ချဉ်းကပ်ရဲလေအောင် ရင်းနှီးညင်သာစွာဖြင့် ကလေးတို့နှင့်သင့်လျော်သော တရားစကားများ ပြောကြားသည်ကိုလည်း မိဘနှစ်ပါးနှင့်တကွ အများပင် တွေ့ကြရ၏။ မိဘနှစ်ပါးအဖို့မှု သိက္ခာတော်ကြီးမားလှသော အရှင်မြတ်ကိုယ်တော်တိုင်က မိမိတို့သားကလေးအား အရေးတယူ ပြုမူပြောဆိုနေသည်ကို တွေ့ကြရသောအခါ အထူးပင် နှစ်ထောင်းအားရဖြစ်နေကြ၏။

အလှူတော်မင်္ဂလာ သတ္တမမြောက်နေ့၌ကား အရှင်မြတ်က မိမိတို့သားကလေးအား လူငယ်ပုံစံဖြင့် သာမန်ဆက်ဆံပြောဆိုရုံမျှမဟုတ်၊ ရင့်ကျက်ပြီးသော ဒါယကာကြီး တစ်ယောက်ကဲ့သို့ လေးနက်ကြီးမားသော တရားစကားများ ဟောကြားတော်မူ

www.burmeseclassic.com

www.burmeseclassic.com



နေသည့် ပုံစံမျိုးကိုလည်းကောင်း၊ သီဝလိကလေးကလည်း ကလေးပမာ မရေမရာပုံမျိုး မဟုတ်တော့ဘဲ တရားရည်ဝပြီးသော ဒါယကာကြီးတစ်ဦးကဲ့သို့ပင် အလေးအနက် နာယူနေသည်ကိုလည်းကောင်း တွေ့ကြုံကြသဖြင့် ဝမ်းမြောက်ရုံမက အံ့သြရတော့သည်။

သီဝလိ...ဇာတိ ဇရာ စသော ဒုက္ခမီး ဆယ့်တစ်ပါးအနက်က ဇာတိတည်းဟူသော ပဋိသန္ဓေဒုက္ခကို ဆင်ခြင်ရန်အတွက် သူတစ်ပါးတို့မှာ တွေးထင် ဆင်ခြင်၍ ရှုပွားကြရသည်။ သင့်အဖို့ကား ကိုယ်တွေ့ရှုမှတ် သိတတ်သည့်တိုင်အောင် အမိဝမ်း၌ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တိုင်တိုင် ဆင်းရဲတုံး ဆင်းရဲစိုင်ကို ကိုယ်တိုင်ခံစား ရှုပွားခဲ့ရသူဖြစ်၍ ဤတရားတစ်ချက်နှင့် သင့်အဖို့ ဆင်းရဲမှ လွတ်ထွက်သောလမ်းသို့ တက်လှမ်းရန် လုံလောက်နေပေပြီ။ ဆင်းရဲမှထွက်မြောက်စေသည့် အကောင်းဆုံးသော လမ်းဖြစ်သော ရဟန်းဘဝသို့ သင် မကူးမြောက်လိုဘူးလား...”

လိုအပ်သောအချိန်၌ ပစ်လွှတ်အပ်သည့် တရားအချက်တည်းဟူသော မြားသည် ဘုရားရှင်အဆက်ဆက်ကပင် ဆည်းပူးအပ်ခဲ့သော သီဝလိသတို့သား၏ နှလုံးအတွင်းသို့ ထင်းခနဲ စူးဝင်လေတော့ရာတွင် “အရှင်ဘုရား၊ ရဟန်းပြုခွင့်ရခဲ့ပါသော ယခုပင် ပြုချင်လှပါတော့သည်”ဟု သီဝလိက လျှောက်ထားသည်။

တစ်ဖက်တွင် ဆွမ်းကိစ္စ မအားမလပ်သည့်အကြားမှ မိခင်နှင့် ဖခင်ဖြစ်သူတို့အဖို့ ဤအကြိမ် ငါတို့သားသည် တရားစစ်သူကြီးနှင့် စကားပြောကြပုံမှာ ထူးခြားတည်ငြိမ်လှပေစွတကားဟု သိလိုသည့်သဘောဖြင့် တရားစစ်သူကြီးအနီး ချဉ်းကပ်၍ “တပည့်တော်၏သားနှင့် အဘယ်စကားများ ဟောကြားပြောဆိုပါသနည်းဘုရား” ဟု လျှောက်ထားသောအခါ အရှင်သာရိပုတ္တရာက “သင်တို့၏သားသည် သင်တို့က ခွင့်ပြုပါမူ ရဟန်းပြုလိုနေပေသည်”ဟု အမိန့်ရှိလိုက်သည်တွင် ပထမသော် အံ့အားသင့်နေမိရာက တရားရည်ပြည့်ဝပြီးသော မိခင် သုပ္ပဝါသာ မင်းသမီးက “မှန်လှပါ...ဤအရွယ်မျှနှင့်ပင် သားဖြစ်သူက ရဟန်းပြုမည်ဆိုသော် အနိမ့်ဘဝမှ အမြင့်ဘဝသို့ ကူးပြောင်းခြင်းဖြစ်သောကြောင့် တပည့်တော်တို့က အနူးအညွတ် ခွင့်လွှတ်ပါသည်။ ရဟန်းပြုပေးတော်မူပါဘုရား”ဟု လျှောက်ထားလိုက်သည်။

ထို့ကြောင့် ဆွမ်းကိစ္စပြီး၍ ဘုရားနှင့် သံဃာတော်များ တောကျောင်းသို့ ပြန်ကြွသွားသောအခါ သာမဏေပြုရန်အတွက် သီဝလိလေးသည် မိဘဆွေမျိုး

www.burmeseclassic.com

www.burmeseclassic.com



အခြံအရံ အပြုအစုဖြင့် သံဃာတော်များအနောက်က လိုက်ပါသွား၏။ သီဝလိသူငယ်အဖို့ အရှင်သာရိပုတ္တရာနှင့် ရင်းနှီးကာ အရှင်သာရိပုတ္တရာ၏ တရားဖြင့်ပင် သာမဏေဘောင်သို့ ဝင်ရောက်လာသူဖြစ်သောကြောင့် ဘုရားရှင်က အရှင်သာရိပုတ္တရာအားသာလျှင် သီဝလိ၏ ဥပဇ္ဈာယ်ဆရာအဖြစ် လွှဲအပ်တော်မူလေရာ အချိန်မဆိုင်းဘဲ ကျောင်းရောက်သည်ဆိုသည်နှင့် တစ်ပြိုင်နက်ပင် တရားစစ်သူကြီးကိုယ်တော်တိုင် ဆံချပွဲပြုလုပ်သည်။

ဆံချပွဲတို့မည်သည် တရားသို့ ရှိညွတ်အပ်ပြီးသော သာမဏေလောင်းအား ခန္ဓာကိုယ်မှ မလိုသည့်တရားစုတည်းဟူသော ဆံပင်မှအစ ကေသာလောမာဟူသော တစပဉ္စကကမ္မဋ္ဌာန်းတွင် ဆင်ခြင်ရှုမှတ်၍နေစေရန် ဆုံးမမြဲဖြစ်၏။ သီဝလိအဖို့မူ သန္တေတည်းဟူသော ဇာတိဝေဒနာဖြင့် ထူးခြားလာသူဖြစ်လေရာ ဆံချပေးသော ဥပဇ္ဈာယ်ဆရာ တရားစစ်သူကြီးက "သီဝလိ...ဆံချရာ၌ ကျလာသောဆံပင် အပေါ်တွင် အများတံထွာ ကေသာလောမာ စသည်ဖြင့် ဆင်ခြင်ရန် သင့်အား သြဝါဒပေးနေဖို့မလို။ သင့်အဖို့ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဇာတိဒုက္ခကို ဆင်ခြင်ရန်ဖြင့်ပင် လုံလောက်ပေပြီ"ဟု အမိန့်ရှိပြန်သောအခါ တစ်ကြိမ်နာပြီးမျှနှင့် တရားအမြင် ထက်သန်ပြီးသူ သီဝလိက "ရဟန်းပြုပေးခြင်းသည်သာ အရှင်မြတ်၏ တာဝန်ဖြစ်ပါစေလော့။ တရားဆင်ခြင်ရန်ကား တပည့်တော်၏တာဝန်ဖြစ်ပါသည် ဘုရား"ဟုပင် ပြန်လည်လျှောက်ထားလိုက်၏။

မှန်လှပေသည်။ လာဘ်မင်းသခင် ငါတို့အရှင် သီဝလိသည် နုနုနယ်နယ်၊ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်သားအရွယ် ဆံချပြီး စဉ်ကြိုက်၌ပင် ကိလေသာကုန်ခန်း၊ အရဟတ္တဖိုလ်တည်းဟူသော တရားစခန်းသို့ တက်လှမ်းကူးမြောက်တော်မူသတည်း။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# နာဂရာဇာ

[ ၁ ]

ဘ၀ဆိုသည်မှာ အတိတ်ကိုတမ်းတခြင်း၊ အနာဂတ်ကို လှမ်းမျှော်ခြင်း၊ ပစ္စုပ္ပန်ကို မကျေနပ်ခြင်းပင် ဖြစ်၏။ လိုအင်ဆန္ဒ ပြည့်စုံလှပြီထင်၍ ပစ္စုပ္ပန်ကို ကျေနပ်သယောင်ဖြစ်သူအချို့ ရှိပါ၏။ သို့သော် သမုဒ္ဒရာပြင်ကျယ်၌ ပွက်လာသော ရေပွက်တစ်ခုပမာ သို့မဟုတ် သန်လျက်သွားတွင်တင်အပ်သော ပျားရည်တစ်စက်ပမာ၊ ဆင်းရဲဒုက္ခ သမုဒ္ဒရာတွင် မျက်လှည့်ပမာ ရောက်လာအပ်သော ချမ်းသာတစ်စက်မျှသာ ဖြစ်သည်။ ဤကား ရာဂဗွက်အိုင်၊ ဒေါသမီးလျှံ၊ မောဟအမှောင်တိုက်တို့မှ မရုန်းထွက်နိုင်ကြသေးသော ပုထုဇဉ်တို့ဘ၀ဖြစ်၏။

ရုန်းထွက်လွတ်မြောက်ပြီးသူတို့အဖို့ကား အတိတ်ဟူသည် ရှိပါ၏။ သို့သော် တမ်းတလွမ်းဆွတ်၍မနေဘဲ လိုအပ်သည့်အခါတွင်မှ ဆင်ခြင်သုံးသပ်၍ အသုံးပြုသည်။ အနာဂတ်သည်လည်း ရှိပါ၏။ သို့သော် လိုအပ်သလိုသာ တွေးယူအသုံးပြုသည်။ ပစ္စုပ္ပန်အတွက်ကား ဒွါရခြောက်ပါး ကိုယ်ခန္ဓာတံခါးခြောက်ပေါက်သို့ ရောက်လာသမျှသော အာရုံအထွေထွေကို သတိတည်းဟူသော စောင်ရမ်းသတ်၍ ရှုမှတ်ဆင်ခြင်မှုတည်းဟူသောအလုပ်ဖြင့်သာ ဒုက္ခခပ်သိမ်းကို ကင်းငြိမ်းစေသည်။

ယင်းသို့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တည်းဟူသော ကာလသုံးပါးကို လိုအပ်သလိုသာ အသုံးပြုခဲ့ရာတွင် သက်ရွယ်ကြီးရင့်လာသည့်အခါ၌ အတိတ်ကို သုံးသပ်မှု ပိုလာခြင်းမှာ သက်ရွယ်ကြီးရင့်သူတို့၏ သဘာ၀ဖြစ်၏။

တစ်နေ့တခြား သက်ရွယ်ကြီးရင့်ခြင်းသည် တစ်နေ့တခြား မရဏတံတိုင်းနှင့် နီးကပ်လာခြင်းပင်ဖြစ်၏။ မရဏတံတိုင်းနှင့် နီးကပ်လာသလောက် အနာဂတ်လှမ်းမျှော်မှု ကျဉ်းမြောင်းလာခြင်းမှာ သက်ကြီးတို့၏ သဘာ၀ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်သည် သက်ကြီးရွယ်ရင့်တော်မူလာသည့်အခါတွင်မှ အတိတ်ဘဝ အထပ်ထပ်တွင် လူသားအဖြစ် ရစ်ပတ်ငြိတွယ်ခဲ့ဖူးသော နကုလပိတာ နကုလမာတာ ဒါယကာ ဒါယိကာမကြီးများကို သတိရတော်မူ၍ ကြွရောက်ကယ်ချွတ်တော်မူရသည်။ ဘဝအထပ်ထပ်မှမေတ္တာစိတ်လွှမ်းကဲမှုကြောင့် ဘုရားရှင်နှင့် ရင်းနှီးကျွမ်းဝင်မှုတွင် ယင်းဒါယကာ ဒါယိကာမကြီးများသည် ဧတဒဂ်ရသူများပင် ဖြစ်ကြသည်။

အတိတ်ကိုသုံးသပ်မိရာက ကယ်ချွတ်ရန် တစ်ပါးတည်းကျန်လျက်ရှိနေသေးသော သုဘဒ်ပရိဗိုဇ်အား သတိရ၍ပင်လျှင် သက်တော်ရှစ်ဆယ်ရွယ်အိုအားပျက်ဖြစ်ပါလျက်ပင် သူမတူအောင် အဆင်းရဲခံကာ သုဘဒ်နှင့် လက်လှမ်းမီရာ ကုသိနာရုံ ရဂုံသာမော အင်ကြင်းတောသို့ ကြွရောက်၍ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပေသည်။

နတ်မျက်စိ ဧတဒဂ်သခင် အရှင်အနုရုဒ္ဓါသည်လည်း သက်ကြီးရွယ်အိုပိုင်းရောက်လာသည့်အခါတွင်မှ အတိတ်တစ်ခုက ဓမ္မမိတ်ဆွေ သုမနသူဌေးကို သတိရ၏။ အတိတ်ဘဝတစ်ခုတွင် ယင်းသုမနသူဌေးသည် မရှိဟူသော စကားကိုမျှ မသိရလောက်အောင် ယခုဘဝတွင် အကျိုးပေးလှသော မိမိ၏ကောင်းမှုကို ထောက်ကူ ကျေးဇူးပြုခဲ့သူဖြစ်သည်။

ယင်းကျေးဇူးရှင်သည် ယနေ့အချိန်တွင် အဘယ်ဘဝ အဘယ်ဒေသတွင် ရောက်ရှိနေပါလိမ့်မည်နည်းဟု ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ဆင်ခြင်သုံးသပ်ကြည့်လိုက်သောအခါ မိမိနှင့် မနီးမဝေးဒေသတစ်ခုတွင် လူ့ဘဝသို့ ရောက်ရှိနေသည်ကို တွေ့ရသောကြောင့် အရှင်အနုရုဒ္ဓါ ဝမ်းမြောက်ရ၏။ ထို့ထက် ဝမ်းမြောက်ရပြန်သည်ကား ယင်း ဓမ္မမိတ်ဆွေသည်လည်း မိမိကဲ့သို့ပင် တရားထူးရလတ္တံ့သော ဗီဇထူးပိုင်ရှင် နောက်ဆုံးဘဝရှင်ဖြစ်ကြောင်း တွေ့ရှိရခြင်းပင်ဖြစ်၏။

သို့ဖြစ်ရာ ကယ်ချွတ်ထိုက်သော သတ္တဝါတို့အား ကယ်ချွတ်တော်မူသည့် ဘုရားရှင်ထုံး နှလုံးထားကာ သာမန်ကယ်ချွတ်ထိုက်ရုံမျှမကဘဲ ကျေးဇူးမကင်းသူဖြစ်ခဲ့သော ယင်းဓမ္မမိတ်ဆွေအား ကယ်ချွတ်တော်မူရန် ဘုရားရှင်ထံ ခွင့်ပန်၍ ဓမ္မမိတ်ဆွေတည်ရှိရာဒေသသို့ ကောင်းကင်ခရီးဖြင့် ထွက်ကြွတော်မူခဲ့သည်။

ယင်းဓမ္မမိတ်ဆွေကား တောင်ခြေတစ်ခုမှ မုဏ္ဍအမည်ရှိ ရွာကြီးတစ်ရွာတွင် ရွာသူကြီး၏သားနှစ်ယောက်အနက် ခုနစ်နှစ်သားအရွယ် အငယ်ဖြစ်၍ အမည်

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့်လည်း စူဠသုမနပင် မည်သည်။

အဆင်ပြေပုံမှာကား–ဖခင်ဖြစ်သော မုဏ္ဍာရှာသူကြီးသည် လူစိမ်းမဟုတ်။ အရှင်အနုရုဒ္ဓါအား သိက္ချမ်းကြည်ညိုခဲ့ပြီးသော ဒါယကာဟောင်းတစ်ဦး ဖြစ်နေခြင်း ပင်တည်း။

[ ၂ ]

မရှိခြင်းသည် ဆင်းရဲ၏။ မရှိ၍ သူ တစ်ပါးထံ ငံ့မျှော်ရခြင်းသည် ပို၍ဆင်းရဲ၏။ မရှိ၍ သူတစ်ပါးထံ ပေးပါကမ်းပါဟု တောင်းခံရခြင်းသည်ကား သာ၍သာ၍ ဆင်းရဲ၏။ သို့ရာတွင် အဖြူကို အမည်းမှထောက်၍ သိရသကဲ့သို့လည်းကောင်း၊ အနီးဟူသည် အဝေးမှထောက်၍ သိရသကဲ့သို့လည်းကောင်း ဆင်းရဲဟူသည်လည်း ချမ်းသာမှသာထောက်၍ သိရခြင်းဖြစ်သည်။

ပါရမီမျိုးစေ့ ရင့်သန်ခဲ့သော်လည်း အခွင့်အလှည့် မသင့်သောကြောင့် သုမန သူဌေးအိမ်တွင် အစေခံ၊ မြက်ရိတ်သမား ဆင်းရဲသားဘဝတွင် ဖြစ်နေရရှာသော အန္နဘာရလုလင်သည် မိမိ၏ ချို့တဲ့လှသောဘဝကို မပြတ်သတိရနေသူဖြစ်၏။

မိမိ၏ဘဝသည် ဆင်းရဲလှ၏။ နေထွက်မှနေဝင်အထိ သူဌေး၏မျက်နှာရိပ် ကိုသာ ကြည့်၍နေရသည်။ သူဌေးအိမ်တွင် လုပ်စရာရှိသမျှကို အလုပ်နှင့်လက်နှင့် ပြတ်သည်မရှိ ပင်ပန်းစွာလုပ်ရသည်။ သို့ပါလျက်လည်း မိမိ၏ စားဝတ်နေမှုမှာ ပြည့်စုံသည်မရှိဘဲ သူဌေးထံမှ ပေးနိုးနိုး ကမ်းနိုးနိုး ငံ့မျှော်၍နေရသည်။ တစ်ခါ တစ်ရံ သူဌေးစွန့်ကြဲသော ပစ္စည်းမျှဖြင့် မလုံလောက်သောကြောင့် မျက်နှာငယ်ဖြင့် တောင်းရမ်းရသည်။ မိမိဘဝသည် ဆင်းရဲလှစွာ၏။

သူဌေးအဖို့ရာတွင်မူ မိမိ၏အလုပ်သမား ဆင်းရဲသားများအပေါ်တွင် လုံ လောက်စွာ မပေးကမ်း မထောက်ပံ့စေကာမူ အလှူခံရောက်လာသော ရသေ့ရဟန်း နှင့် အခြားသူများအားမူ မပြတ် လှူဒါန်းစွန့်ကြဲလျက် ရှိနေသည်ကို တွေ့ရ၏။ သူဌေး၏ ယင်းအလှူများမှာ ကုသိုလ်ကောင်းမှုအတွက်ဆိုသော်လည်း လူအထင်ကြီး စေမှု ပကာသနအတွက်လည်း ဖြစ်သည်။

မိမိအဖို့မူ ရသေ့ရဟန်းတို့အား စေတနာရိုးဖြင့် ပေးလှူနိုင်ဖို့ဝေးစွ၊ တစ်နေ့စာ တစ်နေ့စားရဖို့ပင် သူဌေးထံမှ အမြင့်မျှော်လျက်ရှိနေရသည်။ ယင်းသို့ဖြစ်ရခြင်းမှာ မိမိအဖို့ ဘဝကုသိုလ် အလှူဒါန နည်းပါးခဲ့လေသယောင်တကား။ အခွင့်သာခဲ့ပြ

www.burmeseclassic.com



လျှင် သူဌေးကဲ့သို့ပင် ပေးလှူချင်လိုက်ပါဘိ စသော အတွေးများမှာ အန္နဘာရ၏ မပြတ်သော အတွေးများဖြစ်သည်။

အန္နဘာရအဖို့ မပြည့်စုံသောဘဝမှ သူဌေးထံမှ အမြဲတမ်းလိုလို ငံ့မျှော်နေရစေကာမူ သူဌေးအပေါ်၌ အစဉ်သဖြင့် ပြေပြေပြစ်ပြစ်ဆက်ဆံမှုသဘောထား နူးညံ့ခြင်းပင် ဖြစ်ပေသည်။

သို့နှင့် အန္နဘာရအဖို့ ယနေ့နံနက်တွင် သူဌေးကဲ့သို့ ခမ်းခမ်းနားနားပင် မဟုတ်စေကာမူ အလှူဒါနပြုနိုင်ဖို့ အခွင့်တစ်ရပ် ကြုံကြိုက်လာခဲ့ပေသည်။ ကြုံပုံကား ယနေ့နံနက်ပိုင်း မြက်ရိတ်ရာမှအပြန် မြက်ထမ်းကြီးကို မောမော ပန်းပန်းနှင့် ထမ်း၍ပြန်လာသည့်လမ်းတွင် ဆွမ်းခံကြွလာသော ရဟန်းတော်တစ်ပါးနှင့် အလိုက်သင့် ပက်ပင်းဆုံတွေ့ရခြင်း ဖြစ်ပေသည်။

စင်စစ်သော်ကား ဤရဟန်းတော်နှင့် ယင်းသို့ မြက်ထမ်းလမ်းခရီးတွင် အလိုက်သင့် ဆုံတွေ့ရခြင်းမှာ မတော်တဆတွေ့ကြုံခြင်းမဟုတ်၊ အခိုက်မသင့်သဖြင့် ဆင်းရဲနေရသော်လည်း ရှေးဘုန်းရှေးကံ ကြီးမားခဲ့သော ပါရမီရှင် အာန္နဘာရအဖို့ ရှေးကံရှေးဘုန်း ချိန်ဆုံးခါသင့်ပန်းနှယ် ပွင့်ချိန်တန်ပြီကို ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် သိတော်မူသော ရဟန်းတော်က အန္နဘာရ၏ ပါရမီကို ကူညီရန်အလို့ငှာ ယနေ့အဖို့ တမင်ပြင်ဆင်၍ အန္နဘာရနှင့် ရင်ဆိုင်ကြွရောက်တော်မူလာခြင်းဖြစ်၏။ အကြောင်းမူကား ရဟန်းတော်သည် ကူညီသင့်သူတို့အား ကူညီလေ့ရှိသော ပစ္စေကဗုဒ္ဓါ ဘုရားငယ်တစ်ဆူဖြစ်သတည်း။

လောကကိုမျက်ကွယ်ပြုကာ ခုနစ်ရက် ခုနစ်လီ နိဗ္ဗာန်အာရုံဖြင့်သာထုံ၍နေပြီးနောက် နိရောဓသမာပတ်မှ ထစဖြစ်သော ရဟန်းတော်အဖို့ ယနေ့နံနက် ဆွမ်းခံထွက်ရန်ပြင်ဆင်၍ ကယ်ချွတ်ကူညီထိုက်သော သတ္တဝါကို ပညာမျက်စိဖြင့် ရှုကြည့်တော်မူသောအခါ ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်မှစ၍ ကုသိုလ်ပါရမီ အပြည့်ရှိသော အန္နဘာရကို မြင်တော်မူသောအခါ မဆင်းရဲသင့်ဘဲ ဆင်းရဲလျက်ရှိသော ဘဝမှ ကယ်တင်တော်မူလိုသည်။ အကြောင်းမှာကား နိရောဓသမာပတ်မှ ထစဖြစ်သော ရဟန်းတော်အား ပေးလှူရသောသူအဖို့ ဒိဋ္ဌဓမ္မ မျက်မှောက်ဘဝ၌ပင် အကျိုးထူး ပေးနိုင်သည်ကို သိတော်မူပြီးဖြစ်သောကြောင့် ဖြစ်သည်။

အလှူဒါနဟူသည် အလှူခံပုဂ္ဂိုလ်၏ စင်ကြယ်မှု၊ လှူအပ်သောပစ္စည်း၏ စင်ကြယ်မှု၊ လှူအပ်သောပုဂ္ဂိုလ်၏ သဒ္ဓါတရားစင်ကြယ်မှု၊ အလှူခံလိုသော ပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် လှူအပ်သောပစ္စည်းတို့ အချိန်အခါ သင့်လျော်မှုတည်းဟူသော အင်္ဂါရပ်လေးပါး ပြည့်စုံသောအခါ အကျိုးပေးထက်သန်မြဲဖြစ်၏။

အလှူခံပုဂ္ဂိုလ်သည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဖြစ်၍ ယင်းဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့သည်လည်း နိရောဓသမာပတ်မှ ထစအချိန် နိဗ္ဗာန်အာရုံမှုခ်ဦးမှ ထွက်စအချိန်သည် အစင်ကြယ် အမြင့်မြတ်ဆုံးအချိန် ဖြစ်သည်။ ဘုရားပစ္စေကဗုဒ္ဓါတို့အဖို့လည်း ယင်းနိရောဓသမာပတ်သို့ မပြတ်ဝင်စားတော်မမူနိုင်၊ အချိန်သင့်အခါသင့် အခွင့်သာသည့်အခါမှသာ ဝင်စားတော်မူနိုင်ပေရာ ပါရမီရှင် ဒါနရှင်တစ်ဦးနှင့် ကြုံကြိုက်ဖို့ရန်မှာ အခက်အခဲကြီးတစ်ရပ် ဖြစ်၏။

နိရောဓသမာပတ်ဟူသည် ခုနစ်ရက် ခုနစ်လီ အာဟာရကင်းပြတ်ရသောအကျင့်ဖြစ်ရာ ယင်းသမာပတ်မှ ထစအရှင်အဖို့ အလိုအပ်ဆုံးပစ္စည်းမှာ ဆွမ်းအာဟာရဖြစ်သည်။ သို့ဖြစ်ရာ ဤအကြောင်းရပ်များကို မသိသော်လည်း မြက်ထမ်းလမ်းတွင် ဆွမ်းတစ်ယောက်မျှ မရရှာသေးသော အရှင်အား ဖူးတွေ့ရသောအခါ သဒ္ဓါစိတ်နိုးကြား၍ “အရှင်ဘုရား ရပ်တော်မူပါဘိ၊ အိမ်တွင် တပည့်တော်အတွက် ထားသော ထမင်းရှိသည်။ တပည့်တော်အိမ်သို့ပြန်ယူပြီး လောင်းလှူပါရစေ”ဟု လျှောက်ထား၍ မြက်ထမ်းကိုချပြီးလျှင် အိမ်သို့ အသော့သွားကာ မိမိအတွက် ထမင်းကိုယူသည်။ ထိုထမင်းသည် အန္နဘာရအဖို့ ချွေးဖြင့်ရင်း၍ရအပ်သော ထမင်းဖြစ်သည့်အတိုင်း စင်ကြယ်လှသော အလှူပစ္စည်းဖြစ်၏။

အလှူခံပုဂ္ဂိုလ်နှင့် အလိုက်သင့် ကြုံကြိုက်ရာတွင် အန္နဘာရအဖို့ မိမိအတွက် အာဟာရကိုပင် ပေးလှူချင်လောက်အောင် သဒ္ဓါအထူးပေါ်ပေါက်လာရာ၌ အကြောင်းတစ်ရပ်လည်း ရှိနေ၏။ ယင်းအကြောင်းကား–မရှိ၍မလှူ၊ မလှူ၍မရှိ ဟူသော စကားအရ ဒါနပါရမီနည်းခဲ့ဟန်တူသော မိမိအဖို့ ပေးမကုန် လှူမခန်း ပြည့်စုံသော ဘဝအကျိုးပေးမျိုးကို လိုချင်သည်။ ထိုမျှမက မရှိခြင်း၊ မပြည့်စုံခြင်းဟူသည် ဆင်းရဲဒုက္ခမျိုးစုံတို့၏ အခြေခံပါတကားဟု စဉ်းစားကွက် ဝင်လေ့ရှိသော အန္နဘာရအဖို့ ဖြစ်နိုင်ခဲ့ပါလျှင် မရှိဟူသောစကားမျိုးကိုပင် နားမှ လေသံမကြားရလိုသည့် ဘဝထူး ဘဝမြတ်ကို လိုချင်သည်။

သို့ဖြစ်ရာ ရဟန်းတော်၏ သပိတ်အတွင်းသို့ ဆွမ်းလောင်းလှူပြီးသည်နှင့် တစ်ပြိုင်နက် “အရှင်မြတ်ဘုရား…ဤကောင်းမှုကုသိုလ်ကြောင့် ဖြစ်လေရာဘဝတွင် မရှိဟူသောစကားကိုမျှ နားမှလေသံမကြားရသည့်ကိုယ် ဖြစ်ရပါလို၏ဘုရား”

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆုတောင်းသည်။ ထိုအခါ ရဟန်းတော်က ပစ္စေကဗုဒ္ဓါတို့၏ ထုံးစံအတိုင်း "အလိုရှိအပ်,တောင်းဆိုအပ်သောဆုနှင့် ပြည့်စုံစေ"ဟု ဆုပေးတော်မူသည်။

မှန်လှပေ၏။ အဘက်ဘက်မှ အင်္ဂါနှင့်ပြည့်စုံလျက်ရှိသော အန္နဘာရ၏ ဤကုသိုလ်သည် ဒိဋ္ဌဓမ္မ နေ့ချင်းညချင်းပင် အကျိုးပေးသည်။ အကြောင်းကား– ယင်းကုသိုလ်၏ စင်ကြယ်မြင့်မြတ်လှပုံကို နတ်ရောလူပါ သိ၍ သုမနသူဌေးက အန္နဘာရ၏ ကုသိုလ်ကို စည်းစိမ်ထက်ဝက်ပေး၍ သာဓု အနုမောဒနာပြုခြင်းဖြင့် ရယူကာ ထိုနေ့မှစ၍ သုမနသူဌေးနှင့် တန်းတူ စည်းစိမ်ရှင်၊ ဒါနရှင်၊ မပြတ်ကုသိုလ်ရှင်အဖြစ်သို့ ရောက်သွားသည်။ ဤနည်းဖြင့် သုမနသူဌေးသည် အန္နဘာရ၏ မိတ်ရင်းဆွေဖော် ဒါနပြုဘက်၊ တရားကျင့်သုံးဘက် ဓမ္မမိတ်ဆွေအဖြစ်သို့ ရောက်ရှိလာခဲ့၏။ ဤနည်းဖြင့် သံသရာတစ်ကွေ့တွင် မိမိအား ကျေးဇူးပြုခဲ့ဖူးသော ဓမ္မမိတ်ဆွေအား အရှင်အနုရုဒ္ဓါကိုယ်တော်ကြီးအဖို့ သတိရလာခြင်းဖြစ်၏။

[ ၃ ]

ဘုရားရှင်အဆက်ဆက်၊ ဘဝအထွေထွေတွင် ဖြည့်ဆည်းခဲ့သော ပါရမီကုသိုလ်အရလည်းကောင်း၊ အန္နဘာရဘဝတွင် အရှင်ပစ္စေကဗုဒ္ဓါအထံ၌ တသီးတခြားတောင်းဆိုခဲ့မိသော ထူးခြားဆုကြောင့်လည်းကောင်း နောက်ဆုံးဘဝဖြစ်သော ငါတို့ ဂေါတမမြတ်စွာဘုရား လက်ထက်တော်တွင် ဘုရားရှင်၏ ဆွေမျိုးအသိုင်းအဝိုင်း၌ ထမင်းဖြစ်ရာအရပ်ကိုမျှ မသိရလောက်အောင် ချမ်းချမ်းသာသာ ပေါက်ဖွားထွန်းကားလာခြင်း၊ ထို့ထက်ကား "မရှိ"ဟူသော ဝေါဟာရတစ်လုံးကို သူ့အတွက် အသုံးမပြုရတော့လောက်အောင်ပင် ထူးထူးကွဲကွဲ အကျိုးပေးလာခြင်း စသော အရှင်အနုရုဒ္ဓါ၏ ကောင်းမှုအကြောင်းရပ်များမှာ သာသနာဝင် အစဉ်အဆက်ကမွှည်းထိုးခဲ့ရသော အကြောင်းရပ်များ ဖြစ်ကြပေ၏။

သို့ရာတွင် ယင်းအကြောင်းရပ်များမှာ ဘုရားရှင်၏ တပည့်သားဘဝတွင် ရလာအပ် ရောက်လာအပ်သော တရားထူး တရားမြတ်နှင့် နှိုင်းစာသော် မနှိုင်းယှဉ်လောက်သော အသေးအဖွဲ အကြောင်းရပ်များမျှသာ ဖြစ်ကြရတော့၏။ သို့ဖြစ်၍ ဘုရားရှင်နှင့် ဘုရားရှင်သာသနာတော်ကို ကျေးဇူးဆပ်သောအားဖြင့် ဘုရားရှင်နည်းတူ သာသနာရေးကိစ္စ၊ ပရဟိတလုပ်ငန်းမှန်သမျှကို ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည်။ ယင်းသို့စွမ်းဆောင်ရင်းဖြင့် ဤရှင်

www.burmeseclassic.com

www.burmeseclassic.com



ဤခန္ဓာကိုယ်နှင့် မကင်းနိုင်သေးသမျှ ဖောက်ပြန်တတ်သော ရုပ်တရားတို့၏ ဓမ္မတာ သက်တော်ရွယ်တော်ကလည်း ဇရာသဘာဝ ယွင်းယိုမှုအပိုင်းသို့ အတန်ပင် ရောက်လာခဲ့ပြီဖြစ်သည့်အတိုင်း လေနာရောဂါတစ်ရပ် စွဲကပ်လာခဲ့သည်။

ယခု ဓမ္မမိတ်ဆွေဟောင်း သုမနသူဌေးလောင်းအား သွားရောက်ကယ်ချွတ်ရန် သတိရလာတော်မူသည့် အချိန်၌လည်း ရှိရင်းစွဲ လေနာရောဂါက ဖောက်ပြန်လာဦးတော့မည့် လက္ခဏာအရိပ်အယောင် ပြနေချိန်ဖြစ်၏။ သို့ရာတွင် ရောဂါသည် အကြောင်းမဟုတ်၊ အသက်သည်ပင် အကြောင်းမဟုတ်၊ ဆိုက်ရောက်လာသော သာသနာရေးကိစ္စသည်သာ အကြောင်းရင်းအဖြစ် ပဓာနထားကာ လေနာရောဂါကို သတိဖြင့်ထိန်းသိမ်း၍ သုမနသူဌေးလောင်းရှိရာ မုဏ္ဍာနိဂုံးသို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ ရွာအနီးတွင်ဆင်းကာ မုဏ္ဍာရွာသူကြီး ဒါယကာ၏အိမ်သို့ ရပ်တော်မူသောအခါ ဒါယကာဟောင်း ရွာသူကြီးကလည်း မဖူးတွေ့ရသည်မှာ ကြာမြင့်လှပြီဖြစ်သော အရှင်အနုရုဒ္ဓါအား အယ်လဲဝမ်းမြောက်စွာပင် နှုတ်ခွန်းဆက်၍ အိမ်တွင်းသို့ ပင့်ဆောင်သည်။ ထိုအချိန်သည်ကား ဝါဆိုရက်နီးကပ်လျက်ရှိသော အချိန်ဖြစ်ပေ၏။

ယင်းသို့ အရှင်အနုရုဒ္ဓါ ကြွရောက်တော်မူလာခြင်းကြောင့် တုန်လှုပ်လောက်အောင် ဝမ်းမြောက်လျက်ရှိသော ပီတိဆိုင်မှာ မုဏ္ဍာဒါယကာကြီးမျှသာမဟုတ်၊ ဘဝပါရမီအထူးကြောင့် ဖူးပွင့်ရတော့အံ့ဆဲဆဲဖြစ်သော ရွာသူကြီး၏သားငယ် စူဠသုမန သူငယ်လည်း အပါအဝင်ဖြစ်သည်။ ဒါယကာကြီးက “တပည့်တော်မှာ ရဟန်းသံဃာတော်များနှင့် ဝေးကွာသောအရပ်တွင် နေရသူများဖြစ်၍ ယခုလိုအခွင့်ကြုံမှ ကုသိုလ်ပြုရပါသည်။ သို့ပါ၍ တပည့်တော်အား သနားသောအားဖြင့် ယခုရောက်ဆဲ ဝါတွင်းသုံးလပတ်လုံးပင် သီတင်းသုံးတော်မူပါဘုရား”ဟု လျှောက်ထားသောအခါ အရှင်အနုရုဒ္ဓါက စူဠသုမနအား တစ်ဝါတွင်းလုံး အရိပ်တကြည့်ကြည့်ဖြင့် စောင့်ရှောက်တော်မူရင်း သီတင်းသုံးသည်။

သို့ဖြစ်၍ ဒါယကာကြီးအဖို့ တစ်ဝါတွင်းလုံး လှူရင်းတန်းရင်းဖြင့် ဝါကျွတ်၍ ဘုရားရှင်ရှိရာ ကျောင်းတော်သို့ပြန်ရန် ဟန်ပြင်သောအခါ တစ်ဝါတွင်းလုံးလှူ၍ အားမရသည့်အနေဖြင့် အိမ်တွင်ရှိသမျှ ဆန်၊ ဆီ၊ တင်လဲ စသော ရဟန်းတို့နှင့် စပ်သမျှပစ္စည်းများကို စုပုံလှူဒါန်းသောအခါ “ဒါယကာကြီး...ငါ့အဖို့ ခရီးဝေးသဖြင့် သယ်ဆောင်ဖို့ရန် ခက်ခဲလှသော ဤပစ္စည်းဖြင့် အလိုမရှိ”ဟု မိန့်ကြား

www.burmeseclassic.com

www.burmeseclassic.com



သည်။

"သို့ဖြစ်လျှင် မည်သည့်ပစ္စည်းများကို အလိုရှိပါသလဲ ဘုရား"

"ငါ့အဖို့ သင် ဒါယကာကြီးကဲ့သို့ လှူဒါန်းမှုကြုံသောအခါ ခိုင်းစေဖို့ရန်လည်းကောင်း၊ အခြားအမှုကိစ္စများအတွက်လည်းကောင်း တပည့်သာမဏေမရှိပါ ဒါယကာကြီး"

"သို့ဖြစ်လျှင် တပည့်တော်၏ သားနှစ်ယောက်အနက် တစ်ယောက်ယောက်ကို လှူဒါန်းပါမည်။ သာမဏေပြု၍ ခေါ်ဆောင်တော်မူပါဘုရား"

"သာဓု...သာဓု...ဒါယကာကြီး၊ သာသနာတော်သို့ လှူဒါန်းအပ်သော ပစ္စည်းများအနက် မိမိရင်၌ဖြစ်သော သားရတနာအား သာမဏေရဟန်းပြု၍ လှူဒါန်းခြင်းသည် အမြင့်မြတ်ဆုံးသော အလှူတစ်ရပ်ဖြစ်ပေသည်။ သင်၏သား မဟာသုမနနှင့် စူဠသုမနတို့နှစ်ယောက်အနက် စူဠသုမနသည် တစ်ဝါတွင်းလုံး ငါနှင့်ရင်းနှီး၍ သာသနာတော်နှင့် နီးစပ်သူဖြစ်ပေသည်။ စူဠသုမနအား သာမဏေအဖြစ် သွတ်သွင်း ပေးလှူပါဘိ"

သို့နှင့် စူဠသုမနအား သာမဏေပြုရန် ရတ်ခြည်းအတွင်း၌ပင် သင်္ကန်းရှာခြင်း၊ ဦးခေါင်းရိတ်ခြင်း၊ ရေချိုးခြင်းအမှုများ ပြုလုပ်သည်။ စူဠသုမနအဖို့လည်း သာမဏေပြုကာ အရှင်၏ နောက်တော်မှ ပါရတော့မည်ကို သိရကတည်းက ခုနစ်နှစ်သားအရွယ်မျှပင် ရှိသေးစေကာမူ ပါရမီမငယ်သူဖြစ်သည့်အတိုင်း မည်သည့်အခါကမျှ မကြုံဖူးသော ဝမ်းမြောက်မှုပီတိ တဝေဝေဖြင့် လှုပ်ရှားတက်ကြွလျက်ရှိနေပေ၏။

ဦးခေါင်းရိတ်ရာ၌ အရှင်အနုရုဒ္ဓါကိုယ်တော်တိုင် ရိတ်ပေးသည်။ ဆံပယ်ရန် ဦးခေါင်းပေါ်သို့ ဓားတင်အံ့ဆဲဆဲ၌ အရှင်မြတ်က "စူဠသုမန...သာသနာတော်သို့ ရှိညွတ်သောသတိကို မြဲပေလော့။ မြဲသောသတိဖြင့် သင့်ဦးခေါင်းမှကျလာသော ဆံပင်ကို ရှုမှတ်ဆင်ခြင်ကာ ကေသာ၊ လောမာနခါ၊ ဒန္တာ၊ တစော၊ မိမိခန္ဓာမဟုတ်၊ ဓာတ်လေးပါး အစုအဝေးမျှသာဖြစ်သော ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ အရိုး၊ အရေပြားတည်းဟူသော ကာယဂတာသတိ၊ တစပဉ္စက ကမ္မဋ္ဌာန်းဖြင့် စီးဖြန်းသတိပြုလေလော့"ဟု မိန့်ကြားသောအခါ ပါရမီလည်းရှိ၊ သင်ကြားတတ်သိပြီးလည်းရှိသဖြင့် ကမ္မဋ္ဌာန်းအာရုံဖြင့် ပီတိကြွလွန်းနေသော စူဠသုမနက "အရှင်ဘုရား...ဦးခေါင်းရိတ်သည့်အမှုကိုသာ ပြီးစီးအောင် ဆောင်ရွက်တော်မူပါ။ ရှုမှတ်

www.burmeseclassic.com



ဆင်ခြင်ရန်အမှုမှာ တပည့်တော်၏တာဝန်ရှိပါစေ”ဟုပင် ခပ်ကြွားကြွား လျှောက်ထားလိုက်မိသည်။

ကြွားလောက်ပါပေ၏။ စူဠသုမနအဖို့ ခုနစ်နှစ်သားမျှပင်ဖြစ်သော်လည်း ဆံရိတ်ပြီးသည့်အချိန်၌ပင် ရဟန်းတရားပြည့်စုံသော တန်ခိုးရှင် ဝန်းကျင်ပြည့် ရဟန္တာအဖြစ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူသတည်း။

## [ ၃ ]

သို့နှင့် သုမနသာမဏေအား နောက်တော်ပါအဖြစ် ခေါ်ဆောင်ကာ ရွာမှ အတန်ထွက်၍ တောအုပ်အကွယ်သို့ ရောက်သောအခါ တန်ခိုးရှင်နှစ်ပါးစလုံးအဖို့ ကောင်းကင်ခရီးဖြင့် ဘုရားရှင်ကျောင်းတော်သို့ ကြွချီတော်မူခဲ့ကြသည်။ ဤအချိန်တွင်ပင် အရှင်အနုရုဒ္ဓါ၏ ရှိလက်စ လေနာရောဂါသည် ထကြွလာသဖြင့် လေနာရောဂါမှ သက်သာမှုရစေရန် လမ်းခရီး တောအုပ်တစ်ခုအတွင်းသို့ သက်ဆင်း အပန်းဖြေတော်မူရသည်။

အခြားနည်းဖြင့် တန်ခိုးရှင်များပင်ဖြစ်သော်လည်း ရုပ်ခန္ဓာနှင့် မကင်းသေးသမျှ ခန္ဓာကိုယ်သို့ အကြောင်းအားလျော်စွာ ကျရောက်လာသော ရောဂါဒုက္ခမှုကား မကင်းလွတ်နိုင်။ သို့ဖြစ်၍ တောအုပ်သစ်ပင်ရင်းတစ်ခုတွင် လဲလျောင်းတော်မူရင်း ရောဂါ၏ဒဏ်ကို သည်းခံတော်မူခိုက်တွင် သုမနသာမဏေအဖို့လည်း ခြေမကိုင်မိ လက်မကိုင်မိ ဆိုရလောက်အောင်ပင် နှိပ်နယ်ပြုစုပေးရင်းဖြင့် စိတ်ကူးတစ်ရပ် ပေါ်ပေါက်လာသောကြောင့် “ဆရာအရှင်ဘုရား...အရှင်မြတ်၏ ရောဂါသည် ရှေးကလည်း ဖြစ်ခဲ့ဖူးသည်ဟု ထင်မိပါသည်ဘုရား”ဟု လျှောက်ထားလိုက်မိသည်။

“မှန်၏ သာမဏေ၊ ရှေးကလည်း ဖြစ်ခဲ့ဖူးပေသည်”

“သို့ဖြစ်လျှင် ရှေးအခါ ဖြစ်ခဲ့ဖူးစဉ်က မည်သည့်ဆေးဝါးမျိုးဖြင့် ပျောက်ကင်းခဲ့ပါသနည်းဘုရား”

“ဤရောဂါအတွက် အနောတတ္တရေသည် အကောင်းဆုံးသော ဆေးဝါးဖြစ်တော့သည် သာမဏေ”

“သို့ဖြစ်လျှင် တပည့်တော် အနောတတ္တရေကို သွားရောက်ဆောင်ယူပါမည်ဘုရား”

www.burmeseclassic.com

www.burmeseclassic.com



"သာမဏေ...သင်စွမ်းနိုင်ပါအံ့လော"

"စွမ်းနိုင်ပါသည် အရှင်ဘုရား"

"သို့ဖြစ်လျှင် ဆောင်ယူချေလော့။ အနောတတ္တအိုင်ကိုစောင့်သော ပန္နဂနဂါးမင်းသည် ငါ့ဒါယကာဖြစ်ပေသည်။ ထိုနဂါးမင်းအထံမှ အကျိုးအကြောင်းပြောပြကာ ဆေးအလို့ငှာ သောက်ရေတစ်သပိတ် အလှူခံလျှင် လှူလိုက်ပါလိမ့်မည် သာမဏေ"

"ကောင်းပါပြီ ဆရာရှင်၊ တပည့်တော်အား သွားခွင့်ပြုတော်မူပါဘုရား" ဤအတိုင်းဆိုသော် ဆရာဒကာဖြစ်သော နဂါးမင်းထံမှ ရေတစ်သပိတ်မျှရဖို့ရန်မှာ တန်ခိုးရှင်သာမဏေအဖို့ ချောမောပြေပြစ်လျက်ရှိနေပေသည်။ သို့ရာတွင် မချောမော၊ မပြေပြစ်။ အကြောင်းကား–ကောင်းကင်ခရီးဖြင့် တန်ခိုးရှင်သာမဏေ ကြွသွားသော အချိန်သည် နဂါးမများစွာခြံရံကာ ပန္နဂနဂါးမင်း စည်းစိမ်စံနေချိန်နှင့် ကြုံကြိုက်နေသောကြောင့်တည်း။

မြွေဇာတ်ဖြစ်သော နတ်နဂါးတို့မည်သည် အဘယ်မျှသော ဘုန်းတန်ခိုးရှင်၊ အသိဉာဏ်ရှင်ဖြစ်စေ မြွေတို့၏ ဇာတ်သဘာဝအရ ကာမဂုဏ်ခံစားမှုတွင် ပြင်းထန်မြဲ လွန်ကဲမြဲဖြစ်၏။ သို့ဖြစ်ရာ ကာမဂုဏ်ခံစားနေချိန်၌ အနှောင့်အယှက် တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့သော် သည်းခံနိုင်စွမ်းမရှိ၊ ဟန်လုပ်နိုင်စွမ်းမျှ မရှိ။

ယခုလည်း မိမိစည်းစိမ်ခံနေချိန်တွင် ရဟန်းတစ်ပါး မိမိထံသို့ တဲ့ရူကြွရောက်လာနေသည်ကို အဝေးကပင် မြင်ရသောအခါ သာသနာသို့ ဦးညွတ်ပြီးသောသူပင်ဖြစ်စေကာမူ သည်းခံနိုင်အားမရှိ။

ရဟန်းတစ်ပါး ဤအရပ်သို့လာခြင်းသည် မိမိထံသို့ ရေအလှူခံရန်လာခြင်းသာဖြစ်ပေလိမ့်မည်။ ဤရဟန်းများသည် အလိုက်ကောင်းဆိုး မသိတတ်ကြ။ အချိန်အခါ မကြည့် လာချင်သည့်အခါ လာကြသည်။ ဤမျှအလိုက်မသိသော ရဟန်းသည် ငါ့ထံသို့လာ၍ ရေအလှူခံခဲ့သော် ရေတစ်စက်မျှမပေးမလှူဟု ဒေါသမာန်တင်းလိုက်သည်။

မှန်လှပေ၏။ နဂါးမင်း တွေးထင်ဆဲခဏမှာပင် သုမနသာမဏေသည် ဆရာ့ရောဂါအတွက် အရေးကြီးသောအရိန်အဟုန်ဖြင့် နဂါးမင်းထံပါးသို့ ရောက်လာခဲ့ပေသည်။ ယင်းသို့ မိမိ ကာမဂုဏ်စည်းစိမ်အား နှောင့်ယှက်လာသူသည် သာမန်ပုဂ္ဂိုလ်ဖြစ်ခဲ့သော် နဂါးမင်းအဖို့ မှုန့်မှုန့်ညက်ညက်ကြေအောင် ပြုလုပ်လိုက်လေရာ

www.burmeseclassic.com



၏။ သို့ရာတွင် ရဟန်းတော်၏တန်ခိုးကို ရိပ်စားနားလည်ထားမိသော နဂါးမင်း အဖို့ ဒေါသပင်ထွက်သော်လည်း စိတ်ထဲတွင်ရှိသမျှ မပြုလုပ်ဝံ့သဖြင့် မျက်မှောင် တင်းကာသာ မသိချင်ပြု၍ နေလိုက်ရသည်။

"ဒါယကာ ပန္နဂ နဂါးမင်း…သင်၏ဆရာ၊ ငါ့ဆရာအရှင်အနုရုဒ္ဓါ အရှင် သူမြတ်သည် တောခရီးဝယ် လေနာရောဂါ ထကြွလျက်ရှိသောကြောင့် ရေအလှူခံ လွှတ်လိုက်ပါသည်။ ငါ့အား ရေတစ်သပိတ်မျှ လှူဒါန်းပါဘိ"

"ကိုယ်တော်တို့ဟာက လာသင့် မလာသင့် အချိန်အခါမကြည့်၊ လာချင်သည့် အခါ အလှူခံရောက်လာကြသည်မှာ အလိုက်မသိလွန်းရာ ရောက်လှသည်။ အလှူ ဆိုသည်မှာ သဒ္ဓါရှိမှကောင်းသည်။ တပည့်တော်အဖို့ ယခုအချိန်တွင် သဒ္ဓါမရှိ၊ မလှူနိုင်ဘူး သာမဏေ"

"ငါ့မှာ ဆရာ့ကိစ္စကြောင့် အချိန်အခါ သင့်,မသင့် မထောက်ချင့်နိုင်တော့ ပါ။ ရေ တစ်သပိတ်သာ လှူဒါန်းလိုက်ပါဘိ ဒါယကာ ပန္နဂ"

"မလှူနိုင်ပါဘူးလို့ ပြောပြီးပါပကောလား ကိုရင်"

"ငါ့အဖို့ ယခုအချိန်၌ ဆရာ့ကိစ္စထက် အရေးကြီးသော အခြားကိစ္စ မရှိတော့ ပါ။ သို့ဖြစ်၍ သင်မလှူခဲ့သော ရနိုင်သည့်နည်းဖြင့် ယူရပါလိမ့်မည်"ဟု နဂါးမင်း စိတ်ကို နှိုးဆွပေးလိုက်သည်။

"အလို…မလောက်လေးမလောက်စား သင်ကဲ့သို့သော သာမဏေလေးတစ်ပါး က ငါကဲ့သို့သော နဂါးမင်းအား မထီမဲ့စကား ပြောလာဝံ့သည်မှာ အံ့ဖွယ်ပါ တကား။ ကောင်းပြီ ကိုရင်လေး၊ သင်အစွမ်းရှိခဲ့သော် စွမ်းသလိုယူပေတော့။ နောင်ခါသာ ငါ့ကိုသာ အဆိုးမဆိုပါလေနှင့် ကိုရင်လေး"

ကိုရင်သုမနအဖို့ ဆရာ့ကိစ္စကြောင့်သာ နဂါးမင်းအား ဟိန်းဟောက်လိုက် ရသော်လည်း အရှင်မပေးအပ်သော သူ၏ဥစ္စာကို မယူနိုင်သည့် သိက္ခာပုဒ်ရှိနေပေ ရာ "ယူပေတော့"ဟု နဂါးမင်းထံမှ နှုတ်ဟပေးကမ်းလာသော စကားကို လိုချင် ၍ပင် ပရိယာယ်ဆင်လိုက်ရခြင်းမျှ ဖြစ်ပေသည်။ ယခုသော် စေတနာပင် မပါစေ ကာမူ နှုတ်ဟပေးကမ်းလာပြီဖြစ်သဖြင့် မိမိတန်ခိုးဖြင့် အနောတတ္တရေကို ခပ်ယူရန် ဟန်ပြင်လိုက်သည်။

နဂါးမင်းအဖို့ကား ဒေါသကို မသိမ်းဆည်းနိုင်သောကြောင့် ရှက်ရှက်နှင့် အန်တုနေရသော်လည်း မိမိထက်အစွမ်းထက်သော သည်ရဟန်းတော်များ၏ တန်ခိုး

www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကို နားလည်ပြီးသူဖြစ်လေရာ အသံဖြင့် အန်တုသော်လည်း ကိုယ်ဟန်အားဖြင့်မူ ကိုရင်လေးသည် မိမိရေကို မယူနိုင်စေရန် အနောတတ္တရေအိုင်ကြီးတစ်ခုလုံးအား မိမိပါးပျဉ်းကို ကြီးစွာဖန်တီး၍ ဖုံးအုပ်ထားလိုက်လေတော့သည်။

ဤတွင် လှုပ်ရှားမှုတစ်ရပ်မှာ တန်ခိုးကြီးမားလှသော ပန္နဂနဂါးမင်းနှင့် ငယ်ရွယ်လှစွာသော ဘုရားရှင့်သားတော် ကိုရင်လေးတို့၏ အငြင်းအခုံပြဿနာပွဲတွင် မည်သူက အနိုင်ယူကြလိမ့်မည်နည်းဟု သိလိုကြသောသဘောဖြင့် ရောက်လာကြသည့် အခြားသော နတ်ဒေဝတာများနှင့် နဂါး,ကုမ္ဘန် စသည့် အခြားသော တန်ခိုးရှင်များစွာတို့ ရောက်နေခြင်းပင်ဖြစ်ပေ၏။

နဂါးမင်းသည် မိမိ၏ပါးပျဉ်းဖြင့် အနောတတ္တရေအိုင်ကို ဖုံးကွယ်ပြီးသောအခါ ကိုရင်လေးက ပါးပျဉ်းအထက်တွင် ရပ်ပြီးနောက် မသိသေးသော တန်ခိုးရှင်တို့အတွက် သက်သေအရာရောက်စိမ့်သောငှာ "ငါသည် ဆရာအတွက် ရေအလှူခံလာပါသည်ကို နဂါးမင်းက အစွမ်းရှိလျှင် ယူပါတော့ဟုပြောကာ ပါးပျဉ်းဖြင့် ဖုံးအုပ်ထားသည်မှာ သင်တို့အမြင်ပင် ဖြစ်ပေသည်။ ယခုသော် ငါ့အစွမ်းဖြင့်ပင် ယူရပေတော့အံ့"ဟု မိန့်ကြား၍ နဂါး၏ပါးပျဉ်းပေါ်သို့ ခြေဖြင့်နင်းလိုက်သောအခါ နဂါးမင်း၏ ပါးပျဉ်းသည် အောက်ဘက်သို့ ပြားကပ်သွားခိုက် လျှံတက်လာသော အနောတတ္တရေကို သပိတ်ဖြင့်ခပ်ယူပြီးလျှင် ဆရာအရှင်ထံတော်သို့ အလျင်အမြန် ပြန်လှည့်လာခဲ့ပေတော့သည်။

နဂါးအဖို့ မိမိပါးပျဉ်အထက်သို့ တန်ခိုးရှင်၏ခြေတော်ဖြင့် အနင်းခံလိုက်ရသောကြောင့် နာကျင်၏။ ထို့ထက် မလောက်လေးမလောက်စား သာမဏေငယ်လေး တစ်ပါးကို အရှုံးပေးလိုက်ရသောကြောင့် ရှက်၏။ ထို့ထက်ကား ကိုရင်လေး ထွက်သွား၍ ပါးပျဉ်းကို ထောင်မတ်ကြည့်ရှုလိုက်သောအခါ မိမိ၏အရှက်ကွဲမှုမှာ သာမန်မျှမဟုတ်၊ တန်ခိုးရှင် ပွဲကြည့်ပရိသတ်တို့၏ အလယ်တွင် အရှက်ကွဲရလေသည်တကားဟု ရှေးကထက်ပင် ဒေါသပြင်းစွာထွက်လာပြီး ဖြစ်သည့်နည်းဖြင့် ကိုရင်လေးအား တုံ့ပြန်နိုင်ရန် ကိုရင်လေးနောက်သို့ အပြေးလိုက်လေတော့သည်။ သို့ရာတွင် သာမန်တန်ခိုးရှင်မျှဖြစ်သော နဂါးအဖို့ ကိလေသာကင်းစင် တန်ခိုးရှင်အား မမီနိုင်ပါအံ့လော။

သို့နှင့် သုမနသာမဏေက ယူလာသော အနောတတ္တရေကို ဆရာအရှင်အား ကပ်လှူခိုက်တွင်ပင် နဂါးမင်း မီလာပြီးနောက် အရှင်အနုရုဒ္ဓါရှေ့တွင် လူအသွင်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရပ်ပြီးလျှင် “အရှင်ဘုရား၊ တပည့်တော် မပေးသော ဤရေကို သာမဏေ လုသွားပါသည်။ သို့ပါ၍ အရှင်ဘုရားတို့ မသုံးဆောင်ထိုက်ပါ”ဟု ဒေါသအရှိန်ဖြင့် လျှောက်ထားလိုက်မိသေး၏။

နဂါးမင်းလျှောက်ထားခိုက်မှာပင် မိမိရောဂါအတွက် အရေးကြီးလျက်ရှိနေရသော အရှင်အနုရုဒ္ဓါက ရဟန္တာဖြစ်သော သာမဏေအဖို့ အရှင်မပေးအပ်သော ပစ္စည်းကို လုယူသည်ဆိုသည်မှာ မဖြစ်နိုင်တော့ပြီကို သိတော်မူသည့်အတိုင်း နဂါးမင်းလျှောက်ထားချက်ကို အလေးမထားတော့ဘဲ ရေကိုသုံးဆောင်လိုက်သောအခါ ထိုခဏ၌ပင်လျှင် အရှင်၏ လေနာရောဂါသည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ပျောက်ကင်း၏။

ကိုရင်လေးကို တန်ခိုးရှင်မှန်း သိစေကာမူ ခုနစ်နှစ်အရွယ်မျှ ငယ်လွန်းသူဖြစ်သည့်အလျောက် မထီမဲ့ပြုခဲ့မိသော်လည်း အရှင်အနုရုဒ္ဓါကိုမူကား ရှေးကလည်းလေးစားကြည်ညိုပြီးသားအပေါ်တွင် တန်ခိုးအားဖြင့်လည်း မည်သူမျှ မနိုင်းယှဉ်ဝံ့သောကြောင့် အဆင်မပြေဖြစ်ခဲ့ရသော မိမိကိစ္စတွင် ကြောင်တက်တက် အမူအရာဖြင့်ပင် အနုရုဒ္ဓါအရှင်သို့ ဝင်ရောက်ကန်တော့ရလေတော့သည်။

ထို့နောက်တွင်မူ အလားတူ အဆင်မပြေမှုမျိုး မကြုံမတွေ့လိုတော့သောကြောင့်လည်းကောင်း၊ အရက်ပြေသဘောအားဖြင့်လည်းကောင်း အရှင်အနုရုဒ္ဓါအား နဂါးမင်းက “အရှင်မြတ်ဘုရား...တပည့်တော်၏ အနောတတ္တရေကို အရှင်မြတ်တို့ အလိုတော်ရှိသည့်အတိုင်း ပေးလှူပါသည်။ အရှင်မြတ်တို့ကိုယ်တိုင် ကြွရောက်မလာနိုင်လျှင်လည်း တစ်ဦးဦးနှင့် သတင်းစကားပေးပို့လိုက်ပါက တပည့်တော်များကိုယ်တိုင် လာရောက်လှူဒါန်းပါမည်ဘုရား”ဟု အပြေအပြစ်စကား လျှောက်ထားလေသောကြောင့် အရှင်မြတ်ရော သာမဏေလေးတို့ပါ သာခုခေါ်ကြရ၏။ ထို့နောက်တွင်မူ ရောဂါငြိမ်းပြီဖြစ်၍ ခရီးစဉ်အတိုင်း ဘုရားရှင် သီတင်းသုံးတော်မူရာ သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်သို့ ကောင်းကင်ခရီးဖြင့်ပင် ကြွချီတော်မူကြသည်။

[ ၅ ]

ယနေ့သည် သာသနာပြုလုပ်ငန်းမှ သားတော်ကြီး အနုရုဒ္ဓါ ပြန်ကြွရောက်လာမည်ကို သိတော်မူသော ဘုရားရှင်က အရှင်အနုရုဒ္ဓါအား ဝိသာခါဒါယိကာမကြီး၏ သံဃာ့ပြာသာဒ်အဆောင်တော်မှ စောင့်မျှော်ကြိုဆိုတော်မူ၏။ အရှင်အနု

www.burmeseclassic.com

www.burmeseclassic.com



ရှဒ္ဒါ ရောက်ရှိလာသောအခါ ဘုရားရှင်ကိုယ်တော်တိုင်က သာရေး၊ နာရေး၊ သပ္ပါယမျှတရေး ပဋိသန္ဓာရစကား စတင်မြွက်ကြားတော်မူခိုက် အခြားသော မထေရ်တို့ကလည်း အရှင်အနုရုဒ္ဓါအား သပိတ်၊ သင်္ကန်းကို လှမ်းယူခြင်း၊ ပဋိသန္ဓာရစကား ပြောကြားမေးမြန်းခြင်းဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုတော်မူကြ၏။

ဤတွင် ပြဿနာတစ်ရပ် ပေါ်လာလေတော့သည်။

လူကြီးများ၏ သဘာဝတစ်ခုမှာ ချစ်ခင်ဖွယ် သူငယ်ကလေးများနှင့် တွေ့ဆုံရသောအခါ ချစ်စနိုးသဘောဖြင့် လက်ဆွဲခေါင်းသပ် ကယုကယင် ပြုမူတတ်ကြ၏။ ချစ်စနိုးစကားတို့ဖြင့်လည်း ကျီစယ်ပြောဆိုတတ်ကြ၏။

အရှင်အနုရုဒ္ဓါအား လေးစားစွာ ကြိုဆိုကြပြီးနောက်–

အရှင်အနုရုဒ္ဓါ၏နောက်တွင် ချစ်ခင်နှစ်သက်စဖွယ် ငယ်ရွယ်လှသော ကိုရင်လေး တစ်ပါး ပါရှိလာသည်ကို တွေ့ကြရသော ပုထုဇဉ်ရဟန်းကြီး,ငယ်တို့က သုမနသာမဏေအား ဦးခေါင်းကိုင်ကာ လက်ဆွဲကာ ချစ်စနိုးအမူအရာဖြင့် မထီမဲ့မြင် ပြုကြသည်ကို ဘုရားရှင် တွေ့မြင်ရသောအခါ ဤရဟန်းတို့ကား အဆိပ်ပြင်းသောမြွေကို ကိုင်ဆွဲသကဲ့သို့ မပြုအပ်သည်ကို ပြုမိကြလေပြီတကား။ ဤပြဿနာကို ဖြေရှင်းရတော့အံ့ဟု ပြင်ဆင်တော်မူရသည်။

ပြင်ဆင်ဟန်ကား…ကျောင်းတော်သို့ ရောက်သောအခါ အရှင်အာနန္ဒာအား ပုဗ္ဗာရုံကျောင်းတော်ရှိ သာမဏေအားလုံးကို စည်းဝေးစေ၍ "ငါဘုရားသည် ယနေ့ အနောတတ္တအိုင်ရေဖြင့် ခြေဆေးတော်မူလိုသည်။ သင်တို့ သာမဏေများအနက် အဘယ်သာမဏေသည် အနောတတ္တရေကို သယ်ဆောင်၍ပေးနိုင်ပါသနည်း"ဟု မေးတော်မူသည်။

သာမဏေငါးရာအနက် သုမနသာမဏေသည် အငယ်ဆုံးဖြစ်၍ နောက်ဆုံးနေရာမှ ခစားသည်။ သာမဏေတို့တွင် ကိလေသာကင်းစင်ပြီးသော သာမဏေများစွာ ပါဝင်သကဲ့သို့ ပုထုဇဉ်သာမဏေတို့လည်း များစွာရှိသည်။ ဘုရားရှင်က အမေးတော်ရှိသောအခါ ရဟန္တာသာမဏေတို့အဖို့ ဤအစည်းအဝေးသည်ကား ယနေ့ရောက်လာသော သုမနသာမဏေအတွက် ပြုလုပ်အပ်သော အစည်းအဝေး၊ သုမနသာမဏေအတွက်သာ မေးတော်မူအပ်သော မေးခွန်းဖြစ်သည်ကို သိတော်မူသည့်အတိုင်း တစ်စုံတစ်ရာ မတင်လျှောက်ဘဲ နေကြ၍ ပုထုဇဉ်သာမဏေတို့အဖို့မူ မစွမ်းနိုင်သော ကိစ္စဖြစ်၍ မလျှောက်တင်ဝံ့ကြ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ယနေ့ပင်လျှင် အနောတတ္တအိုင်ရှင် နဂါးမင်းနှင့် မိတ်ဆွေဖြစ်လာခဲ့သော သုမနသာမဏေက "တပည့်တော် ဆောင်ကြဉ်းလှူဒါန်းပါမည်ဘုရား"ဟု လျှောက်ထားသောအခါ ဘုရားရှင်က သွားရောက်ဆောင်ကြဉ်းရန် စေလွှတ်တော်မူသည်။

ရေတစ်အိုးလုံးကို အနားရေးတွင်ကိုင်၍ ကောင်းကင်ခရီးဖြင့် ကြွချီလာပြန်သော သုမနသာမဏေအား ဤတစ်ကြိမ်တွင်မူ နဂါးမင်းသည် လမ်းခုလတ်သို့ ထွက်၍ပင် ဝမ်းမြောက်ဝမ်းသာအမူအရာဖြင့် ခရီးဦးကြိုဆိုရင်း "ကိုယ်တော်တိုင်ပင် ကြွလာတော်မူရသော်ကော အရှင်မြတ်ဘုရား။ အလိုရှိ၍ သတင်းပို့လိုက်လျှင် တပည့်တော်များကိုယ်တိုင် လာရောက်လှူဒါန်းမှာပေါ့။ ယခုလည်း တပည့်တော် ကိုယ်တိုင်ပင် လိုက်ပါပို့ဆောင်ပါမည်။ အရှင်မြတ် အေးချမ်းစွာသာ ကြွတော်မူပါဘုရား"ဟု လျှောက်ထားသောအခါ သုမနသာမဏေက "ဤတစ်ကြိမ်တွင်မူ ဘုရားရှင် စေခိုင်းသောကြောင့် ကိုယ်တိုင်လာခဲ့ရခြင်း ဖြစ်ပါသည်။ ဘုရားရှင် အမိန့်တော်ဖြစ်၍ ကိုယ်တိုင်ပင် သယ်ဆောင်ရပါမည်။ နဂါးမင်း သည်းခံပါဘိ" ဟု ပြန်လည်မိန့်ကြားလေသည်။

သို့ရာတွင် ဘုရားရှင်အမိန့်တော်အရ သုမနသာမဏေ ကိုယ်တော်တိုင် သယ်ဆောင်၍လည်းကောင်း၊ သဒ္ဓါယိုဖိတ်လျက်ရှိပြီးဖြစ်သော နဂါးမင်းကိုယ်တိုင်နှင့် နဂါးမယ်များအားလည်း ရေအိုးကိုယ်စီထမ်းရွက် သယ်ဆောင်စေ၍လည်းကောင်း ကျောင်းတော်ဆီသို့ လာရောက်ကြသည်ကို သံဃာများအား စည်းဝေးစေ၍ ကြိုဆိုလျက်ရှိသော ဘုရားရှင်က "ရဟန်းတို့...သုမနသာမဏေ၏ တင့်တယ်မှုကို ရှုကြည့်ကြကုန်လော။ ကောင်းကင်အလယ်၌ ရွှေဟင်္သာမင်းကဲ့သို့ ကျက်သရေရှိလှပေ၏"ဟု မိန့်တော်မူသည်။

ထိုအခါမှ ငယ်ငယ်ရွယ်ရွယ် ချစ်စဖွယ်သာမဏေလေးတကားဟု မထီမဲ့ပြုမူပြောဆိုခဲ့မိကြသော ပုထုဇဉ်ရဟန်းတို့အဖို့ သတိသံဝေရရင်းနှင့်အတူ သုမနသာမဏေ၏ တန်ခိုးအစွမ်းကိုလည်း အံ့သြဘနန်းနှင့် ဤမျှငယ်ရွယ်ပါလျက်နှင့် ဤမျှ တန်ခိုး ဘုန်းတန်ခိုးကြီးမားလှပါဘိတကားဟု လျှောက်ထားကြသောအခါ ဘုရားရှင်က "ရဟန်းတို့...ငယ်ရွယ်ခြင်းသည် အကြောင်းမဟုတ်၊ ငါဘုရားသာသနာတော်၌ နည်းမှန်လမ်းမှန်ဖြင့် ဝိမုတ္တိဓမ္မကို ကြိုးပမ်းအားထုတ်နိုင်ခြင်းသည်သာ ပဓာနဖြစ်၏။ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ကြိုးစားအားထုတ်မှုဖြင့်

www.burmeseclassic.com



သံသရာမှ လွတ်မြောက်သူအဖို့ တိမ်တိုက်မှလွတ်သော လပြည့်ဝန်းကဲ့သို့ ထွန်းလင်းတောက်ပမြဲပေတည်း"ဟု ဟောကြားတော်မူလိုက်သောအခါ ဆိုက်ရောက်လာသော သံဃာတော်များ၏ ဓမ္မသံဝေဂအပြည့်ဖြင့် ထွက်ပေါ်လာသော သာဓုသံမှာ ဘဝင်လျှံ၍ သွားလေတော့သည်။ ။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# နှံ့ထဲကကြာ

[ ၁ ]

ဘုရားရှင်သည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအစ သားတော်လေး ရာဟုလာ အဆုံး သွေးရင်းသားရင်း ဆွေတော်မျိုးတော်များအား ဘဝ ဝဋ်ဆင်းရဲမှ ကယ်ချွတ်သကဲ့သို့ ငါ့တွင်လည်း ငါ့သွေးသားများအား ကယ်ချွတ်ဖို့ရန် တာဝန်ရှိပေသည် တကားဟူသော ရည်မှန်းချက်ဖြင့် အရှင်သာရိပုတ္တရာသည် ဘာသာကတ္တား ခြားလျက်ရှိနေသော ညီငယ် နှမငယ်များအား ကြိုးစား၍ ကယ်ချွတ်ခဲ့သည်။ ကယ်ချွတ်သည့်အလျောက်လည်း ညီငယ်စုန္ဒနှင့် ဥပသေနတို့သည် ရဟန်းအဖြစ်သို့ ရောက်လာကြပေပြီ။ အလားတူပင် နှမငယ် စာလာ၊ ဥပစာလာနှင့် သီသူပစာလာတို့သည်လည်း ဘိက္ခုနီမယ်အဖြစ် ရောက်ရှိလာကြပေပြီ။

တကယ်ဆိုသော် ရှေးရိုးအယူအစွဲ အလွဲအမှားတွင် စွဲယူချက်ထန်သည်းလှသော မိဘနှစ်ပါးအား ဆန့်ကျင်၍ သူတို့ကလေးများအား သာသနာ့အလင်းရောင်သို့ ဆွဲဆောင်ရသောအလုပ်မှာ လွယ်ကူလှသည်တော့မဟုတ်။ တစ်ယောက်ကိုဆွဲဆောင်တိုင်း ဆွဲဆောင်တိုင်း အယူအဆရေးရာရော၊ လူမှုရေးအရာပါ အင်အားကြီးမားလှသော မိဘများနှင့် ဆန့်ကျင်ခဲ့ရသည်။ ကြာသော် မိဘနှစ်ပါးသည်ပင်လျှင် ရန်သူသဖွယ် ဖြစ်လာရသည်။

သို့ရာတွင် သူတို့ကလေးတွေကလည်း မိမိက ဖျားယောင်းသွေးဆောင်၍ သာသနာတော်ဘက်သို့ ရောက်လာကြခြင်းမဟုတ်၊ သူတို့ကလေးတွေကိုယ်နှိုက်ကလည်း အယူအဆလွဲမှားသည့် မိဘနှစ်ပါးတည်းဟူသော ရွှံ့နွံထဲမှ မိမိအလားတူပင် တလန်းလန်း တစွင့်စွင့် ပွင့်ပေါက်လာကြသော ကြာဖူး ကြာပွင့်ကလေးများ ဖြစ်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း မိဘနှစ်ပါးမှ ညီငယ် ရေဝတ,တစ်ယောက် ထွန်းပေါက်လာပြန်ချေပြီ။ သူသည်လည်း နွံထဲကကြာပင် ဖြစ်တန်ရာ၏။ သို့သော် ငယ်ရွယ်လှပေသေးသည်။ အသက်ကလေးက ခုနစ်နှစ်ပင် မပြည့်တတ်သေးပေ။ သူ့ကိုစောင့်၍ကြည့်ရပေဦးမည်။

[ ၂ ]

မှန်လှပေ၏။ မိဘနှစ်ပါးမှကြည့်သော် သားကြီးဥပတိဿသည် သားဆိုးကြီးဖြစ်နေရပေ၏။ မိဘနှစ်ပါးအား အယူအဆအားဖြင့်လည်း ဆန့်ကျင်သည်။ ပစ္စည်းဓန အမျိုးအနွယ်ကိုလည်း ဆန့်ကျင်သူဖြစ်သည်။ မိဘများ၏အစီအစဉ် လိုအင်ဆန္ဒမှန်သမျှကို အားလုံးဆန့်ကျင်သူဖြစ်သည်။

မိမိတို့ကမူ သားကြီး ဩရဿ ဖြစ်သည့်အလျောက် သူ့အပေါ်တွင် အင်မတန်လည်း အလိုလိုက်ခဲ့သည်။ ရှိသမျှ စည်းစိမ်ဥစ္စာသုံးကို ပုံပေးထားသူဖြစ်ပါလျက် ရဟန်းပြုလိုပါသည် ဆိုသောကြောင့် သူ့အလိုသို့လိုက်ကာ ဆရာသိဉ္စည်းကျောင်းသို့ပို့သည်။ သို့သော် ဆရာသိဉ္စည်း ကျောင်းတွင် ဖြောင့်ဖြောင့်မနေ၊ မိဘရိုးရာအစဉ်အလာကြီး တစ်ခုလုံးကိုပင် ဆန့်ကျင်၍ ရှင်ဂေါတမ သာသနာဘက်သို့ကူးပြောင်းသွားလေသည်။

သို့သော် ရှိပါစေဦး၊ သင်းတစ်ယောက် လက်လွတ်ရသော်လည်း သားငယ်စုန္ဒတို့၊ ဥပသေနတို့ ကျန်ချေသေး၏ဟု ဖြေသိမ့်နေခိုက်တွင်ပင် သားငယ်လူမိုက်နှစ်ယောက်ကိုပါ သူ့နောက်သို့ အပါခေါ်သွားပြန်သည်။ သားငယ်နှစ်ယောက်သာမက မဆီမဆိုင် သမီးသုံးယောက်တို့ပါ သူ့နောက်သို့သာ ပါသွားကြလေသောအခါ သားသမီးများပင် ဖြစ်လင့်ကစား သင်းတို့နှင့်တော့ သေခန်းပြတ်ကြပြီဟု မှတ်ယူလိုက်ရ၏။ ဝင်္ဂန္တ ဖခင်အိုကြီးအဖို့ ဤကိစ္စများအတွက် အချိန်မရွေး မျက်နှာသုန်သုန်မှုန်မှုန် ဖြစ်နေရသလို သာရီမိခင်ကြီးမှာလည်း သေကွဲမကွဲ ရှင်ကွဲကွဲလျက်ရှိနေရသော သားများ၊ သမီးများအတွက် အမြဲတမ်း ကျမျက်ရည်တစမ်းစမ်းဖြစ်နေရသည်။

ဤတွင် မိဘနှစ်ပါးအဖို့ သားသမီးခြောက်ယောက်မွေးပြီး၍ အသက်အရွယ်အတန်ထောက်လာကြပြီဖြစ်သော်လည်း ကံထောက်လာပြန်သည့်ပမာ နောက်ဆုံးတစ်ယောက်ဟု ဆိုရလေမလားမသိ၊ သားကလေးတစ်ယောက် ထွန်းပေါက်လာပြန်သဖြင့် အတိုင်းထက်အလွန် ဝမ်းမြောက်ကြရပြန်၏။ ကံထောက်သည်ဟု ဆိုရသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဤသားလေး ပဋိသန္ဓေရှိစဉ်ကပင် ဝမ်းမြောက်ခဲ့ကြရသည် မှန်သော်လည်း သားမှန်းမသိ သမီးမှန်းမသိ တထင့်ထင့်ရှိရင်း သားကလေးဖြစ်ပါစေဟူသော မိဘတို့ဆန္ဒအရ သားကလေးပင် ပေါက်ဖွားလာသောကြောင့် ကံထောက်သည်ဟု ဆိုရခြင်းဖြစ်၏။ အကြောင်းကား...မိဘတို့၏ မြောက်မြားလှသော အမွေပစ္စည်းများကို ဆက်ခံထိန်းသိမ်းဖို့ရန်မှာ သားဖြစ်ဖို့လိုသည်။ သမီးဆိုလျှင် သူတစ်ပါးလက်တွင်းသို့ရောက်၍ သူတစ်ပါးစီမံရာကို ခံရမည်မဟုတ်ပါလော။

ဒီသားကလေးကိုတော့ သားမိုက်ကြီး ဥပတိဿသွေးဆောင်ရာသို့ မပါစေရန် အထူးသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားမှဖြစ်မည်။ အကောင်းဆုံးစောင့်ရှောက်နည်းကား ရဟန်းအလုပ်ဟူသည် အိမ်ထောင်ရေးနှင့် ဆန့်ကျင်ဘက်ဖြစ်ပေသည်။ မိမိတို့၏ လူမျိုးရေး ဓလေ့ထုံးတမ်းအရ သားငယ် သမီးငယ်များကို အရွယ်ပင် မရောက်သေးစေကာမူ ကြိုတင်၍ အိမ်ထောင်ချထားနိုင်သော်လည်း ဥပတိဿအစ ယခင်သားများ သမီးများအား သင်တို့တစ်တွေ လွတ်လွတ်လပ်လပ် နေနိုင်ကြပါစေ ဟူသော စေတနာဖြင့် အိမ်ထောင်မပြုဘဲ ထားခဲ့မိသောကြောင့် တစ်ယောက်ပြီး တစ်ယောက် လက်လွှတ်ခဲ့ရချေသည်။ ဤသားကလေး "ရေဝတ"ကို လွတ်လွတ်လပ်လပ် မထားနိုင်တော့။ ငယ်စဉ်ကပင် ပစ္စည်းသံယောဇဉ်၊ ဘာသာရေး သံယောဇဉ်၊ မိဘအသိုင်းအဝိုင်း သံယောဇဉ်တို့မျှမက သံယောဇဉ်အသိုင်းအဝိုင်း ပို၍ကြီးမားစေရန်အတွက် အိမ်ထောင်ရေးသံယောဇဉ်နှင့်အတူ အမျိုးသမီးဘက်မှ သံယောဇဉ် အမျိုးမျိုးနှင့် ပတ်ချည်နှောင်၍ ထားရပေမည်။

သို့နှင့် ရေဝတကလေး ခုနစ်နှစ်အရွယ်ရောက်သည်နှင့် တစ်ပြိုင်နက် အိမ်ထောင်ပြုနိုင်ရန် မိမိတို့နှင့် အမျိုးတူ၊ ဂုဏ်ရည်တူ၊ ပစ္စည်းတူအမျိုးသမီးလေးတစ်ဦးနှင့် လက်ထပ်ပွဲကြီး ဆင်နွှဲနိုင်ရန် စီမံကိန်းချထားလိုက်သည်။ သို့ရာတွင် ညီငယ်လေး ရေဝတသည်လည်း မိမိကဲ့သို့ပင် နွံထက်ကြာတစ်ပွင့် ဖြစ်သည်ကို နောင်တော်ကြီး အရှင်သာရိပုတ္တရာ သိ၏။ မိဘနှစ်ပါးက မိမိတို့အသိုက်အဝန်းမှ ရေဝတ ရန်းမထွက်နိုင်စေရန် စီမံကိန်းမျိုးစုံချထားသည်မှန်သော်လည်း ရေဝတအား မိမိတို့က တရားပြသွေးဆောင်ရန်မလိုဘဲ ရေဝတသည် သူ့ဟန် သူ့အကြံ သူ့နည်း တစ်နည်းနည်းဖြင့် မိမိတို့ဘက်သို့ ရုန်းထွက်လာလိမ့်မည်ကိုလည်း အရှင်သာရိပုတ္တရာ သိ၏။ ထို့ကြောင့် အနီးဝန်းကျင်ရှိ ရဟန်းများအား "အရှင်တို့...မိဘခွင့်ပြုသူကိုမှ ရဟန်းပြုပေးရမည်ဟူသော ဘုရားရှင်မိန့်ကြားချက်ရှိသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ငါ့ညီငယ် ရေဝတအဖို့မူ ငါသာလျှင် မိဘဖြစ်တော့သည်။ ထို့ကြောင့် ရေဝတသည် တစ်ချိန်ချိန်တွင် တစ်နည်းနည်းဖြင့် ငါ့ရှင်တို့ထံရောက်လာ၍ ရဟန်းပြုခွင့်ပေးဖို့ ခွင့်တောင်းခဲ့သော် ပြုပေးကြပါဘိ”ဟု မှာကြားထားသည်။

## [ ၃ ]

သို့နှင့် ရေဝတ သတို့သား ခုနစ်နှစ်အရွယ်သို့ရောက်၍ စီစဉ်ထားသော သတို့သမီးငယ်နှင့် လက်ထပ်မင်္ဂလာ ဆင်နွှဲကျင်းပရန်အချိန်သို့ ရောက်လာသည်။ အခွင့်ကြုံလာသည်ကား-ရေဝတ၏မိဘများ နေထိုင်သော ဥပတိဿရွာကြီးသည် ရာဇဂြိုဟ်နှင့် အတန်ကွာလှမ်းသော မနီးမဝေးအရပ်တွင် တည်ရှိပေရာ ထိမ်းမြား မင်္ဂလာပြုလုပ်မည့် အမျိုးသမီးကလေးမှာ ရာဇဂြိုဟ်မှဖြစ်သောကြောင့် မင်္ဂလာပွဲတို့၏ ထုံးစံအတိုင်း ရှေးဦးစွာ သတို့သားကို အခမ်းအနားဖြင့် သတို့သမီးရှိရာသို့ သမီးတောင်းအဖြစ် ပို့ရမည်။ ထို့နောက် သတို့သမီးအိမ်တွင် မင်္ဂလာပွဲဆင်နွှဲပြီးလျှင် သတို့သမီးကို သတို့သားရှိရာသို့ ခေါ်ဆောင်ရမည်ဖြစ်၏။

ဤအစီအစဉ်အတိုင်း သတို့သား ရေဝတကလေးအား မင်းမြှောက်တန်ဆာ အသွင် အစွမ်းကုန်ဝတ်စားတန်ဆာ ဆင်ယင်၍ သတို့သမီးရှိရာသို့ လှည်းတပ်ကြီး ချီ၍ပို့သည်။ ပစ္စည်းပြည့်စုံသူများဖြစ်သည့်အတိုင်း သတို့သမီးအိမ်သို့ သမီးတောင်း ပို့ရာ၌လည်းကောင်း၊ သတို့သမီးအိမ်တွင် မင်္ဂလာပွဲဆင်နွှဲရာ၌လည်းကောင်း ပျော်ပျော်ရွှင်ရွှင် တစ်သိုက်တဝန်းကြီးဖြင့် ဆင်နွှဲသည်။

ဤမျှအထိ သတို့သား ရေဝတအဖို့ ခုနစ်နှစ်အရွယ် ကလေးသူငယ်မျှဖြစ်၍ လည်းကောင်း၊ မြူးစရာပျော်စရာတို့ဖြင့် ဝိုင်းဝန်းနေသောကြောင့်လည်းကောင်း အကြောင်းတစ်စုံတစ်ရာ ထူးခြား၍မလာသေး။ သို့ရာတွင် ရွှေရေခွက်ကြီးကို အလယ် တွင်ထားကာ သတို့သမီးနှင့် တစ်ဖက်တစ်ချက်စီနေ၍ ရေခွက်တွင် တကယ့် လက်ထပ်ပွဲကို ဆင်နွှဲရသည့်အချိန်၌မူ သတို့သား ရေဝတကလေးအဖို့ ထူးကဲသော အခြင်းအရာတစ်ရပ် မြင်တွေ့ခံစားလာရသည်။ ငယ်ရွယ်သူပင်ဖြစ်စေကာမူ ပါရမီ ဓာတ်ခံ ရင့်သန်ခဲ့သူဖြစ်ပေရာ ယင်းပါရမီအခံဓာတ် အတိုက်ဓာတ်တို့ မတွေ့ဆုံမီက အမှတ်မဲ့ပင် ရှိခဲ့သော်လည်း တွေ့ဆုံသည့်အခါ၌မူ အသိဓာတ်သံဝေဂဉာဏ် တွန်း ကန် ပွင့်လင်းလာခြင်းပင် ဖြစ်ပေသည်။

ဖြစ်ဟန်ကား-လက်ထပ်ရာ၌ မင်္ဂလာယူသည့်ထုံးစံအတိုင်း အသက်ရှည်သော၊

www.burmeseclassic.com

www.burmeseclassic.com



ကျက်သရေမင်္ဂလာရှိသော လူကြီးသူမများကို ဦးဆောင်စေ၍ မင်္ဂလာပွဲဆင်နွှဲမြဲဖြစ်သည်။ ဤတွင် သတို့သမီးအိမ်၌ အသက် ၁၂၀ ရှည်သော သတို့သမီး၏ အဘွားကြီး အဆင်သင့်ရှိနေပေရာ ယင်းအဘွားကြီးကို နမူနာထား၍ သတို့သားနှင့် သတို့သမီးတို့အား မင်္ဂလာစကားပြောကြားကြသည်။ ငါတို့၏သတို့သားနှင့် သတို့သမီးတို့သည် ဤအဘွားကြီးကဲ့သို့ အသက်ရှည်၍ ကျက်သရေမင်္ဂလာ စီးပွားတိုးတက်ပါစေသတည်းဟူ၏။

ဤတွင် သတို့သား ရေဝတအဖို့ မိမိတို့ကို နမူနာထားသည့် မတွေ့ဖူး မကြုံဖူးသော အဘွားကြီးအား ဖျတ်ခနဲကြည့်လိုက်မိသောအခါ လဲပြိုတော့လုမတတ် ခါးကိုင်းလျက်ရှိသည်ကို တွေ့ရသည်။ ဆံဖြူသွားကင်း အိုမင်းရှုံ့တွ အရေအသားပင် ရှာမရတော့လောက်သော ရုပ်အဆင်းကို တွေ့ရသည်။ မိမိကိုယ်ကိုမျှမိမိ မထိန်းနိုင်တော့သဖြင့် ဦးခေါင်းလက်နှုတ်တို့ တလှုပ်လှုပ်တုန်ယင်နေသည်ကိုလည်း တွေ့ရသည်။ ဤမျှသာမက သြဇာဓာတ်ကင်းသဖြင့် အစင်းစင်း အကွက်ကွက်ဖြစ်လျက်ရှိနေသော အရေအသားများကိုလည်း တွေ့ရပေရာ သံဝေဂဉာဏ် တွေးကွက်ဝင်လာသော ရေဝတအဖို့ အမေးစကားတစ်ခွန်း လွှတ်ခနဲထွက်သွားမိသည်။

"ကျွန်တော့်ဇနီး အမျိုးသမီးလည်း ဒီအဘွားလိုပဲ အိုရမင်းရမှာပဲလားခင်ဗျာ"

"ဒါကတော့မောင်ရယ်၊ မောင့်အမျိုးသမီးသာ မဟုတ်ပါဘူး၊ လူသတ္တဝါမှန်သမျှ အိုရ မင်းရကြမှာက ဓမ္မတာပေပဲ။ မောင်ရင့်အမျိုးသမီးလည်း ဒီအသက်အရွယ်ရောက်ရင် ဒီအတိုင်းပဲဖြစ်မှာပေါ့"

ဤတွင် ရေဝတကလေးအဖို့ နောင်တော်ကြီး ဥပတိဿအစ၊ အစ်ကိုများ၊ အစ်မများ၏အသွင်ကို ထင်းခနဲမြင်လာသည်။ ရှေးကလည်း မြင်ခဲ့ စဉ်းစားခဲ့ဖူးပါ၏။ သို့ရာတွင် အကြောင်းရင်းကို ထင်လင်းမသိရ။ ဤမျှ စည်းစိမ်ဥစ္စာ အရှင်တွေဖြစ်နိုင်ပါလျက်နှင့် အစ်ကိုတို့၊ အစ်မတို့သည် အဘယ်ကြောင့် မိမိတို့အိမ်ကို စွန့်ခွာ၍သွားကြပါသနည်း။ စည်းစိမ်အဝတ်အစား ပေါများသူတို့ဖြစ်ပါလျက်နှင့် အဘယ့်ကြောင့် အဝတ်အဆင်မွဲမွဲ၊ ခွက်မည်းတစ်လုံးကိုသာ လက်စွဲသော ရဟန်းဝတ်ကြပါသနည်း။

ယခုတော့ သိပေပြီ။ ဤအဘွားလို ဇကန်မလွဲ အိုဆင်းရဲ၊ နာဆင်းရဲ၊ သေဆင်းရဲကိုသိ၍သာ ဆင်းရဲမှုကင်းရာကို ရှာဖွေကြလေသည်တကား။ ငါ့အဖို့ အဘယ်သို့နည်း။ ဤဆင်းရဲကြီးတွေကို သိပါလျက်နှင့် ဤအသိုက်အအုံထဲမှ မရုန်းထွက်

www.burmeseclassic.com



နိုင်ခဲ့သော် ငါ့အဖို့ ချမ်းသာနိုင်ဖွယ်မရှိတော့ချေတကား။

သို့သော် ရှန်းထွက်နိုင်ဖို့ကား မလွယ်လှ။ မိဘတို့က ကြီးမားသော အသိုက်အဝန်းဖြင့် ဝိုင်းညှပ်၍ထားခဲ့ရုံမက ယခုသော် နောက်ထပ် ဝိုင်းညှပ်မည့်သူများပင် ပေါ်ပေါက်၍လာခဲ့ပေပြီ။ အဘယ်ပုံ ရှန်းထွက်ရပါအံ့နည်း။ သို့သော် လိုလျှင်ကြံဆနည်းလမ်းရနိုင်သည် မဟုတ်ပါလော။

အဘွားကြီးကိုမြင်ရခိုက် ပေါ်ပေါက်လာသော သံဝေဂစိတ်ကြောင့် တစ်ချက်မျှ ငိုင်၍သွားသော်လည်း သံဝေဂနောက်တွင် ရုတ်ခြည်းပေါ်ပေါက်လာသော စိတ်ကူးအတိုင်း ဆောင်ရွက်တော့အံ့ဟု ဘေးလူများမသိအောင် ဟန်ဆောင်၍နေလိုက်သည်။ တသဲသဲ တရုတ်ရုတ် ပျော်မြူးလျက်ရှိကြသူတို့အလယ်တွင် ပေါ်ပေါက်လာသော ရေဝတကလေး၏ အမူအရာအပြောင်းအလဲကို သိလိုက်နိုင်ကြဖို့လည်း မလွယ်လှ။

ထို့ကြောင့် မင်္ဂလာပွဲဆင်နွှဲပြီး၍ သတို့သမီးကိုခေါ်ဆောင်ကာ မိမိတို့အိမ်သို့ လှည်းတပ်ဖွဲ့ကြီးဖြင့်အပြန် တောလမ်းတစ်နေရာသို့ အရောက်တွင် မင်္ဂလာပွဲ၌ မဆင်မခြင် စားသောက်ခဲ့သော အစားအသောက်များကို အကြောင်းပြု၍ ရေဝတကလေးသည် နောက်ဖေးနောက်ဖီ တပိုတပါးသွားရန်ဆိုကာ လှည်းပေါ်မှဆင်း၍ ခပ်လှမ်းလှမ်း ချုံကွယ်တစ်နေရာသို့သွားသည်။ လှည်းများက ရပ်၍စောင့်သည်။ တစ်အောင့်လောက်နေပြီး ရေဝတပြန်လာသည်။ အမှန်သော် တပိုတပါး သွားခြင်းကား မဟုတ်။ မိမိစိတ်ကူးအစီအစဉ်အတိုင်း ဤအသိုက်အဝန်းမှ ရှန်းထွက်နိုင်ဖို့ ယုတ္တိရှိစေရန် အစပျိုးလိုက်ခြင်းမျှ ဖြစ်ပေသည်။

အတန်သွား၍ နောက်တစ်နေရာသို့ ရောက်သောအခါ တပိုတပါး သွားလိုပြန်သည်ဆိုကာ ပထမအကြိမ်ထက် အလှမ်းဝေးသောနေရာသို့သွား၍ ချုံကိုကွယ်သည်။ လှည်းများက ရပ်စောင့်သည်။ ပထမအကြိမ်ထက် အတန်ကြာကြာနေပြီး ပြန်လာသည်။

ရွာအနီးသို့ရောက်လာသည့် တစ်နေရာတွင်မူ တတိယအကြိမ် ဝမ်းနာလာပြန်သည်ဆိုကာ အလျင်စလိုပုံဟန်ဖြင့် လှည်းပေါ်မှဆင်း၍ မိမိဘာသာလာခဲ့တော့မည်။ သွားနှင့်ကြပေတော့ဟု လက်ပြပြောဆို၍ ချုံကွယ်တောရိပ်သို့ဝင်သည်။ ရွာအနီးသို့ ရောက်လာပြီဖြစ်၍ ရေဝတအဖို့ သူ့ဘာသာသူ ရောက်လာနိုင်ပြီဆိုကာ လှည်းတပ်ဖွဲ့က မစောင့်တော့ဘဲ ထွက်သွားကြသည်။ ရေဝတ ပြေးပြီတည်း။ ရေဝတလေး အကြံအောင်ပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

ရေဝတကလေး အဘယ်သို့ပြေးသနည်း။ ရေဝတလေး၏ ရည်မှန်းချက်မှာ နောင်တော်ကြီး ဥပတိဿထံသို့ ဖြစ်သော်လည်း ရုတ်တရက်သော် နောင်တော် အထံသို့ သွား၍မဖြစ်နိုင်သေး။ နောင်တော်အထံသို့ ဝေး၍ အခြားထင်ရှားသည့် တစ်နေရာသို့ပင် သွား၍မဖြစ်နိုင်သေး။ အကြောင်းမူကား–မိမိအလုပ် မိမိအကြံကို မိဘတို့သိသည်နှင့် တစ်ပြိုင်နက် နေရာအနှံ့ လိုက်လံရှာဖွေကြတော့မည်မှာ သေချာ လှသည်။ ထို့ကြောင့် ဤမြို့ အရှင်ဂေါတမ သာသနာထွန်းကားနေခိုက်ဝယ် တောအုပ်တောင်တန်းတစ်နေရာရာတွင် မထင်မရှားသော ရဟန်းတစ်ပါးပါး၊ သို့ မဟုတ် ရဟန်းအသိုက်အဝန်းတို့ ရှိတန်လေရာ၏။ ယင်းရဟန်းများကိုတွေ့လျှင် နောင်တော်ကြီးတို့ သာသနာသို့ သွတ်သွင်းနိုင်းကာ ရုပ်ဖျောက်တိမ်းရှောင်၍သာ နေရပေတော့မည်ဟူသော မသေမချာရည်မှန်းချက်ဖြင့် ခြေမဦးနှင့် ဒူးတည့်ရာ ဆိုသကဲ့သို့ တောင်ရိပ်တောင်စွယ် မည်းမည်းမြင်သမျှသို့သာ ခြေထောက်ကလေး များကို အနားမပေးဘဲ စွတ်၍ပြေးလွှားခဲ့ရတော့သည်။ ဝတ်ဆင်ထားသည့် မင်းဝတ် မင်္ဂလာ ရတနာမျိုးစုံတို့ကလည်း အတန်ပင်လေးလံလှ၏။

ရေဝတလေး ရည်မှန်းချက် အောင်မြင်ပေသည်။ အကြောင်းသော်ကား– အင်အားရှိသမျှနှင့်ပြေး၍ အတန်ကလေး ခရီးထောက်ကာ ဥပတိဿရွာ၊ ရာဇဂြိုဟ် တို့နှင့် ဝေးသော တောအုပ်တောင်စွယ်တစ်ခုသို့ ရောက်သောအခါ မိမိမျှော်မှန်းသည့် အတိုင်းပင် သစ်ခက်တောကျောင်းအုပ်စုကလေးတစ်ခုနှင့် ရဟန်းအချို့ကို တွေ့ရ သောကြောင့် ဖြစ်၏။

ရဟန်းများကိုတွေ့သည်ဆိုလျှင်ပင် အချိန်ဆိုင်းငံ့မနေတော့ဘဲ နီးရာရဟန်း တစ်ပါးသို့ ချဉ်းကပ်၍ "တပည့်တော်အား ရှင်ရဟန်းအဖြစ်သို့ ချီးမြှင့်ပေးသနား တော်မူကြပါဘုရား"ဟု လျှောက်ထားလိုက်သည်။

အသက်ကလည်းငယ်ငယ်၊ အချိန်ကလည်းမဟုတ်၊ မင်းဝတ်တန်ဆာများကို ဆင်ယင်ထားသော ရေဝတကလေးအား ရုတ်တရက်သော် အံ့အားသင့်စွာဖြင့် ကြည့်နေကြပြီးမှ ရဟန်းပြုခွင့်တောင်းသည်ကို ကြားရသောအခါ အကြီးအကဲဖြစ် ဟန်တူသော ရဟန်းတစ်ပါးက "အလိုလေး...သည်းခံပါ ဒကာငယ်၊ ငါတို့သည် အေးချမ်းစွာ တရားအားထုတ်သူများ ဖြစ်ကြပါ၏။ ရပ်မှုရွာမှုကို ငါတို့ရဟန်းများသို့ လာ၍မပို့စကောင်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်သည် အရှင်ဘုရားတို့၏ တရားစစ်သူကြီး အရှင်သာရိပုတ္တရာ၏ ညီငယ်ဖြစ်ပါသည်။ ရဟန်းပြုလိုပါသဖြင့် ပြုပေးကြပါကုန်ဘုရား"

"တရားစစ်သူကြီး၏ ညီဟုဆိုသော်လည်း သင့်ကိုယ်တွင် တွေ့ရှိသည်ကမူ မင်းဝတ်တန်ဆာ ဒြဒရာတွေနှင့်ပါတကား။ နန်းတွင်းအရေးနှင့် ပြေးလာသော မင်းသားငယ်တစ်ပါး ဖြစ်လေမည်လားမသိ"

"မင်းသားမဟုတ်ပါ၊ အရှင်သာရိပုတ္တရာ၏ ညီဖြစ်၍ တပည့်တော်အမည် ရေဝတ ခေါ်ပါသည်။ လက်ထပ်မင်္ဂလာဆောင်နှင်းခိုက် ဓမ္မသံဝေဂဖြင့် ပြေးလာရသူဖြစ်၍ မင်းဝတ်တန်ဆာတို့ ပါရှိနေခြင်း ဖြစ်ပါသည်ဘုရား"

ထိုအခိုက် ရဟန်းတစ်စုနှင့် မင်းဝတ်သူငယ်လေး တစ်ယောက်တို့ ထူးထူးဆန်းဆန်း တွေ့ဆုံဆွေးနွေးကြသည်ကို သိရှိလိုသော အခြားရဟန်းများပါ ရောက်လာကြသည်တွင် တရားစစ်သူကြီးမှာကြားချက်ကို သိရှိပြီးသော ရဟန်းတစ်ပါးက "ဤအရွယ်နှင့် ရေဝတဆိုလျှင် တရားစစ်သူကြီး၏ညီ ဧကန်မုချပေပြီ။ တရားစစ်သူကြီးက သူ့ညီ ရေဝတ ရောက်လာခဲ့လျှင် မည်သူ့ထံမှ ခွင့်တောင်းစရာမလို၊ ရဟန်းပြုပေးလိုက်ကြပါဘိဟု မိန့်ကြားထားချက်ရှိပေသည်။ ငါတို့ ရဟန်းပြုပေးကြကုန်စို့"ဟု မိန့်ကြားကာ ဝတ်စားဒြဒရာတို့ကိုချွတ်၍ ဆံရိတ်ခြင်း၊ သင်္ကန်းပေးခြင်းတို့ဖြင့် ရဟန်းပြုပေးလိုက်ကြ၏။

သို့ရာတွင် ကိုရင်ရေဝတ၏ အပြေးခရီးမှာ သင်္ကန်းပင်ဝတ်ပြီးစေဦးတော့ ဤနေရာမျှဖြင့် မပြီးသေးပေ။ အကြောင်းကား–ဤနေရာသည် မိဘတို့က လိုက်လံရှာဖွေခဲ့သော် တွေ့ရှိနိုင်သေးသောနေရာဖြစ်၏။ ထို့ကြောင့် သာမဏေဝတ်ပြီးသည် ဆိုလျှင်ပင် အရဟတ္တဖိုလ်တိုင်အောင်သော ကမ္မဋ္ဌာန်းကို ရဟန်းတော်တို့ထံတွင် သင်ယူ၍ သာမန်ရဟန်းတို့ စိတ်ကူးမျှမတည့်နိုင်သော ရာဇဂြိုဟ်နှင့် ယူဇနာ ၃၀ ခန့်အကွာရှိ နာမည်ကျော် ရှားငုတ်တောကြီးအတွင်းသို့ တစ်ပါးတည်း သွားရောက် သီတင်းသုံးသည်။

မှန်လှပေ၏။ မိဘတို့က ရေဝတကလေးအား တွေ့နိုင်မည်ထင်သည့် နေရာမျိုးစုံတို့တွင် ရှာဖွေကြသေးသည်။ နောက် အတန်ကြီးကြာမှ ရဟန်းပြုသွားသည်ကို သိရှိကြရသော်လည်း ပျောက်သွားစဉ်အချိန်ကမူ ရှာနိုင်ခွင့်ရှိသမျှ ရှာ၍မတွေ့ကြရသောကြောင့် ငါတို့သားကလေးအား တောအတွင်းဝယ် ကျားဆွဲ၍သွားရာပြီလော၊ ပစ္စည်းဒြဒရာ ရတနာတွေနှင့်မို့ လူဆိုးသူဆိုးတို့နှင့်တွေ့ပြီး အသတ်ခံရ

www.burmeseclassic.com



ရာပြီလောဟု သောကတစ်ဖက်နှင့်သာ လက်လျှော့ခဲ့ကြရသည်။

ရေဝတကလေး သာမဏေဝတ်ပြီးနောက် အဘယ်နေရာသို့ ရောက်နေကြောင်း ချက်ချင်းသိသူကား နောင်တော်ကြီး ရှင်သာရိပုတ္တရာပင် ဖြစ်ပေ၏။ အကြောင်းကား–သာမဏေဝတ်ပေးလိုက်သူ တောနေရဟန်းများက တရားစစ်သူကြီးထံ ချက်ချင်းသတင်းပို့လိုက်ကြသောကြောင့် ဖြစ်သည်။ ပို့ရပုံမှာ–သာမဏေသည် ခုနစ်နှစ်အရွယ်ဖြင့် ငယ်ရွယ်လွန်းသည် တစ်ကြောင်း၊ မိဘများသိလျှင် လိုက်လံခေါ်ယူမည့် အန္တရာယ်ရှိသည် တစ်ကြောင်း၊ သာမဏေဖြစ်ပြီးသည့်နောက်တွင်လည်း မိမိတို့အထံတွင် မနေဘဲ မိဘတို့အနှောင့်အယှက်မှ ကင်းဝေးနိုင်မည့် ဒေသတစ်ပါးသို့ ငယ်ရွယ်သူဖြစ်ပါလျက် အဖော်မပါ တစ်ပါးတည်းထွက်ခွာသွားသည်က တစ်ကြောင်းတို့ကြောင့် ဖြစ်ပေ၏။

အရှင်သာရိပုတ္တရာအဖို့ မိမိနှင့် မိမိတို့သာသနာသို့ အားပြု၍ရောက်လာသော ညီငယ်အား စောင့်ရှောက်ရန် တာဝန်ရှိပေသည်ဟု ယူဆ၍ ဘုရားရှင်အထံတော်သို့ "အရှင်မြတ်ဘုရား...ခုနစ်နှစ်သားအရွယ် တပည့်တော်၏ ညီငယ်သည် မိဘများကို ဆန့်ကျင်ကာ သာမဏေပြု၍ မိဘများ လာနှောင့်ယှက်မည်ကို စိုးရိမ်သောကြောင့် နာမည်ကျော် ရှားငုတ် ခယောင်းတောတွင် တစ်ပါးတည်းနေထိုင်ကြောင်း သတင်းရရှိပါသည်။ သာမဏေအား သွားရောက်စောင့်ရှောက်ရန် ခွင့်ပြုတော်မူပါဘုရား"ဟု လျှောက်ထားသောအခါ သိတော်မူ မြင်တော်မူသော ဘုရားရှင်က "သာရိပုတ္တရာ... သင့်ညီ ရေဝတကိစ္စကို ငါသိပါ၏။ သို့ရာတွင် သင်သွားရောက်ဖို့ရန် အချိန်အခါ မဟုတ်သေး။ ဆိုင်းငံ့ဦးလော့ သာရိပုတ္တရာ"ဟု တားမြစ်တော်မူသောကြောင့် ဆိုင်းငံ့နေရသည်။ တစ်ကြိမ်မျှမဟုတ်၊ အရှင်သာရိပုတ္တရာက နှစ်ကြိမ်တိုင် သွားခွင့်လျှောက်ထားသည်ကို ဘုရားရှင်က နှစ်ကြိမ်တိုင် တားမြစ် ဆိုင်းငံ့စေရသည်။ အရှင်သာရိပုတ္တရာအဖို့ သေးကွေးနုနယ်လှသေးသော ညီငယ်အား စောင့်ရှောက်ရန်မျှကိုသာ အာရုံထား၍ ဘုရားရှင်ကမူ အရွယ်ပင်ငယ်သော်လည်း ပါရမီဓာတ်ခံ မငယ်သော ရေဝတသာမဏေ၏ အာဇ္ဈာသယကို သိရှိကာ ကိုရင်ရေဝတအဖို့ စွန့်စွန့်စားစား တရားအားထုတ်နေသည့်အချိန်တွင် အနှောင့်အယှက် မဖြစ်စိမ့်သောငှာ တားမြစ်တော်မူခြင်းဖြစ်၏။

ညီငယ်ထံ သွားရောက်ရန် အရှင်သာရိပုတ္တရာက ဒုတိယအကြိမ် လျှောက်ထားသောအခါ၌ ဘုရားရှင်က သာမန်တားရုံမျှမဟုတ်ဘဲ သင်သွားသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



ငါဘုရားကိုယ်တိုင် လိုက်ပါတော်မူမည်ဟု နှစ်သိမ့်တော်မူလိုက်သောကြောင့်လည်း အရှင်သာရိပုတ္တရာအဖို့ ထပ်မံမလျှောက်ထားတော့ဘဲ ခပ်မဆိတ် နေလိုက်ရသည်။

မှန်လှပေ၏။ အဒိပ်အနေ ခဲကတတ်လှစွာသော နာမည်ကျော် ရှားငုတ်ခယောင်းတောသို့ ကိုရင်ရေဝတ ကြွရောက်ခဲ့ခြင်းမှာ မိဘတို့ နှောင့်ယှက်မှုအန္တရာယ်မှ လွတ်ကင်းစေရုံမျှသာမဟုတ်၊ အခြား ရည်မှန်းချက်ကြီးတစ်ပါး ရှိပေသောကြောင့်လည်း ဖြစ်ပေ၏။ ယင်းရည်မှန်းချက်ကား တောနေ ရဟန်းတော်ထံမှ သင်ကြားလာခဲ့သော သာသနာ့တာဝန် ရဟန်းကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ဖို့ရန် သတိကြီးကြီး ဝီရိယထက်ထက်ဖြင့် ဆောင်ရွက်နိုင်ရန် ဖြစ်ပေသည်။

ရှားငုတ်ခယောင်းတောသို့ ကိုရင်ရေဝတ ကြွသွားသောအချိန်မှာ ဝါဆိုရက်နီးသောအချိန်ဖြစ်ပေရာ ဝါဆိုရက်များအတွင်းမှာပင် ကိုရင်ရေဝတအဖို့ ရည်မှန်းအပ်သော ရဟန်းကိစ္စပြီးစီးခြင်းသို့ ရောက်ခဲ့ပေသည်။ သိတော်မူ၊ မြင်တော်မူသော ဘုရားရှင်အဖို့ ဤအချက်ကိုသိတော်မူ၍ပင် ကျားကုတ်ကျားခဲ ကြိုးပမ်းလျက်ရှိပေသော ကိုရင် ရေဝတကလေး၏ တရားအလုပ်တွင် အနှောင့်အယှက်မဖြစ်စိမ့်သောငှာ အရှင်သာရိပုတ္တရာအား တားမြစ်တော်မူခဲ့ခြင်း မဟုတ်ပါလော။

ယင်းသို့ ကြိုးစားသောကြောင့်လည်း ကိုရင်ရေဝတအဖို့ တရားအလုပ်ပြီးစီးရုံမက လူသူကင်းဆိတ်ရာ အရပ်တွင် သီတင်းသုံးသူဖြစ်ပါလျက် ပြိုင်စံရှားသော ကိုရင်၏ အားထုတ်မှု၊ ကိုရင်၏ အကျင့်သိက္ခာ၊ ကိုရင်၏ အနေအထိုင်တို့ကြောင့် "ရှားတောထဲက ကိုရင်လေး"၊ "ခယောင်းတောကိုရင်လေး"ဟူသော သတင်းများမှာ သာသနာတော်အတွင်း၌ ပျံ့သင်းလျက်ရှိခဲ့ပေ၏။

## [ ၅ ]

ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်အတွင်း အကြိမ်ပေါင်းများစွာ ခရီးဒေသစာရီကြွချီတော်မူခဲ့ရာတွင် တပည့်တပန်း အခမ်းအနားဖြင့် ကြွချီတော်မူသော လှလှပပဒေသစာရီများအနက် ရှားငုတ် ခယောင်းတောနေ ကိုရင်ရေဝတအထံသို့ ကြွချီတော်မူသော ဒေသစာရီသည်လည်း အပါအဝင်ဖြစ်ခဲ့ပေသည်။ ဥပမာအားဖြင့် ခမည်းတော်အစရှိသော ဆွေတော်မျိုးတော်တို့အား တွေ့ဆုံချေချွတ်ရန်အတွက် ရာဇဂြိုဟ်မှ ကပိလဝတ်သို့ ကြွချီတော်မူခြင်း၊ အနာထပိဏ်သူဌေး၏ ကျောင်းတော်ကို အလှူခံရန်အတွက် ကြွချီတော်မူခြင်းမျိုးများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုခရီး၌ ဘုရားရှင်အဖို့ ရည်မှန်းချက်နှစ်မျိုး ရှိတော်မူ၏။ တစ်မျိုးမှာ အသက်အရွယ် ငယ်ပင် ငယ်လှသော်လည်း တောနေရဟန်းတို့တွင် စံမတူပုဂ္ဂိုလ်ဖြစ်သော ကိုရင်ရေဝတကလေး၏ ဂုဏ်ကို ထုတ်ဖော်ပေးရန်ဖြစ်၍၊ နောက်တစ်မျိုးမှာ လူ့လောကတွင်ရော ရဟန်းလောကတွင်ပါ လာဘ်လာဘ ပေါများလှသည်၊ ကြည်ညိုသူ ပေါများလှသည်ဟု ကျော်ကြားသော လာဘ်မင်းသခင် ရှင်သီဝလိမထေရ်၏ ဂုဏ်ကို ထုတ်ဖော်ရန်ဖြစ်ပေသည်။

ထို့ကြောင့် သီတင်းဝါလကျွတ်၍ ခြေခင်းလက်ခင်း သာသည်နှင့်တစ်ပြိုင်နက် ညီငယ်အတွက် စိတ်စောလျက်ရှိရှာသော အရှင်သာရိပုတ္တရာနှင့် ညီတော်အာနန္ဒာတို့အား "ငါတို့ ကိုရင် ရေဝတအထံသို့ သွားကြမည်၊ ရဟန်းငါးရာတို့ လိုက်ပါနိုင်အောင် စီစဉ်ကြပေတော့"ဟု အမိန့်ရှိလိုက်သောအခါ အရှင်အာနန္ဒာတို့က အဆင်သင့်ရှိနေသော ရဟန္တာသာဝကကြီးများနှင့်တကွ ပုထုဇဉ်ရဟန်းများ အပါအဝင် နောက်လိုက်သံဃာ ငါးရာအစီအစဉ်ဖြင့် ကိုရင်ရေဝတကလေးရှိရာ နာမည်ကျော် ရှားငုတ် ခယောင်းတောဆီသို့ ဒေသစာရီ ကြွချီတော်မူသည်။

ရာဇဂြိုဟ်မှ အတန်ကွာ တစ်နေရာသို့ရောက်သောအခါ ခရီးလမ်းဆုံဖြစ်သော အရှင်အာနန္ဒာအဖို့ ပြဿနာတစ်ရပ် ပေါ်လာ၏။ ယင်းပြဿနာကား ရောက်နေသော နေရာမှာ ခရီးလမ်းနှစ်ခွ၏ ထိပ်တွင်ဖြစ်ရာ ယင်းလမ်းနှစ်မျိုးမှာ ရှားငုတ်ခယောင်းတောသို့ သွားနိုင်သော လမ်းချည်းဖြစ်သောကြောင့် ဘုရားရှင်သည် အဘယ်လမ်းဖြင့် သွားလိုသည်ကို ရွေးချယ်ရမည်ကြောင့် ဖြစ်ပေ၏။ ဘုရားရှင်ကလည်း အာနန္ဒာတို့၏ ဆန္ဒကို သိသောကြောင့်ပင် လမ်းထိပ်တွင် ခေတ္တမျှ ရပ်နားတော်မူခြင်း ဖြစ်ပေ၏။

"ငါတို့ အဘယ်လမ်းဖြင့် သွားသင့်သနည်း အာနန္ဒာ"

"မှန်လှပါ၊ ရှားငုတ်ခယောင်းတောသို့ရောက်ရန် လက်ယာဘက်လမ်းသည် ယူဇနာခြောက်ဆယ်ကွာဝေးပါသည်။ ဤလမ်းသည် လူနေအိမ်ခြေတို့ အဆက်မပြတ်လှဘဲ လမ်းခရီးသာယာပါသည်။ လက်ဝဲလမ်းသည်ကား လူနေအိမ်ခြေလုံးဝမရှိ၊ လမ်းခရီးမပြေပြစ်သော တောအတိသာဖြစ်ပါသည်။ သို့ရာတွင် ယူဇနာသုံးဆယ်မျှသာ ကွာဝေးပါသည်။ အရှင်မြတ် နှစ်သက်ရာကို ရွေးချယ်တော်မူရန်ဖြစ်ပါသည်ဘုရား"

"အာနန္ဒာ...ငါတို့ပရိသတ်တွင် သီဝလိပါရှိသလော"

www.burmeseclassic.com

www.burmeseclassic.com



"ပါ,ပါသည်ဘုရား"

"သီဝလိပါခဲ့သော် လက်ဝဲခရီးဖြင့်သာ ငါတို့သွားကြမည်"

သို့ဖြင့် ဘုရားရှင်သည် လက်ဝဲခရီးကြမ်းဖြင့် စတင်လှမ်းချီတော်မူသည်။ ဥရုဝေလလိုနေရာမျိုးတွင် ခြောက်နှစ်တိုင်တိုင် သီတင်းသုံးတော်မူခဲ့သော ဘုရားရှင်၊ ရာဇဂြိုဟ်မှ ကပိလဝတ်ခရီးကြမ်းကို နှစ်လတိုင်တိုင် လှမ်းချီတော်မူခဲ့ပြီးသော ဘုရားရှင်၊ ဂိဇ္ဈကုဋ်လိုနေရာမျိုးသို့ မကြာခဏ ကြွချီသီတင်းသုံးတော်မူလေ့ရှိသော ဘုရားရှင်အဖို့ ခရီးကြမ်းဟူသည် အကြောင်းမဟုတ်တော့ပြီ။ အလားတူပင် တောဖြင့် အကျင့်ရပြီးသော တပည့်သံဃာများအဖို့လည်း အကြောင်းမဟုတ်တော့။

သို့ရာတွင် တစ်နေ့တာခရီး၊ တစ်ယူဇနာခရီးမျှအရောက်တွင် လူနေအိမ်ခြေမရှိသော ခရီးကြမ်းဟုဆိုပါလျက် ကျောင်းသင်္ခမ်းတွေ ဝေဝေဆာဆာ၊ ဥယျာဉ်ရေကန် သစ်ပင်ပန်းမန်တွေ သာသာယာယာနှင့် သံဃာငါးရာအတွက် လုံလောက်နိုင်သော ကျောင်းတိုက်ကြီးကို ဘွားခနဲ တွေ့လိုက်ကြရသောအခါ ရဟန္တာအရှင်များအဖို့မူ အကြောင်းရင်းကို သိပြီးဖြစ်သောကြောင့် အံ့သြဖွယ်ရာမရှိလှသော်လည်း ပုထုဇဉ်ရဟန်းတို့အဖို့မူ ဘုရားရှင်၏ ဘုန်းကံပေတကားဟု အံ့အားသင့်ကြရကုန်၏။

သို့ရာတွင် ယင်းသို့ အံ့ဘနန်းပေါ်ပေါက်လာသော အကြောင်းရပ်မှာ ဘုရားရှင်၏ ဘုန်းကံဟု မဆိုသာလှကြောင်းကိုလည်း ချက်ချင်းပင် သိလာကြရပြန်သည်။ အကြောင်းမူကား–ယင်းကျောင်းတိုက်အတွင်းမှ ထွက်၍လာကြသော ဒါယကာဒါယိကာမတို့က ဘုရားရှင် အမှူးပြုသော ဤရဟန်းပရိသတ်တွင် ဘုရားရှင်ကိုသာ ဦးတည်ပူဇော်ကြရမည်ဖြစ်ပါလျက် ယခုသော် "ငါတို့အရှင် သီဝလိကိုယ်တော်ကြီးကြွလာပြီ" 'ငါတို့အရှင်သီဝလိ' "ငါတို့ကိုယ်တော် သီဝလိ"စသည်ဖြင့် အရှင်သီဝလိအားသာ ဦးစားပေး။ အလေးထား၍ ကြိုဆိုပြုစုကြသည်ကို တွေ့ကြရသောကြောင့် ဖြစ်ပေ၏။ အကြောင်းမူကား–ဤတောလမ်းခရီး၌ တည်ရှိကြကုန်သော နတ်ဒေဝတာများသည် အရှင်သီဝလိမထေရ်၏ ရှေးကုသိုလ်အရ အကြောင်းဆက်နွယ်ခဲ့ကြသူများ ဖြစ်ကြပေရာ ဤနေရာသို့ အရှင်သီဝလိရောက်လျှင် ဤသို့ပြုစုကြမည်ကို သိတော်မူ မြင်တော်မူသော ဘုရားရှင်က ရှင်သီဝလိ၏ ရှေးဘုန်းရှေးကံကို အများသံဃာတို့ သိသာထင်ရှားကြစိမ့်သောငှာ ဤခရီးကို ရွေးချယ်တော်မူခဲ့ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနည်းဖြင့် တစ်နေ့အတွက်၊ ခရီးတစ်ယူဇနာတွက် တစ်ထောက်နားနေစေ၍ ကောစောင့်နတ် တောင်စောင့်နတ်များက အရှင်သီဝလိကို အကြောင်းပြုကာ ဘုရားရှင်အား အမှူးထား၍ ခရီးတစ်လျှောက်လုံး လုပ်ကျွေးပူဇော်ကြသည်။ ဘုရားရှင်၏ ဤဒေသစာရီခရီးမှာ ဇေတဝန်ကျောင်းတော်ကို အလှူခံရန် ရာဇဂြိုဟ်မှ သာဝတ္ထိသို့ ကြွရောက်တော်မူခဲ့ဖူးသော ခရီးနှင့် အသွင်တူသည်ဟု ဆိုရမည်ဖြစ်၏။ သို့ရာတွင် သာဝတ္ထိခရီးမှာ အနာထပိဏ်သူဌေးနှင့် ကျေးလက်ဒါယကာများက ပူဇော်လုပ်ကျွေးကြခြင်းဖြစ်၍ ဤခရီးတွင်မူ အရှင်သီဝလိ၏ ဘဝဟောင်းဒါယကာ နတ်ဒေဝါအများက လုပ်ကျွေးပူဇော်ကြခြင်းဖြစ်သည်။

ကိုရင်ရေဝတ သီတင်းသုံးရာ ရှားငုတ်ခယောင်းတောသို့ ရောက်သောအခါတွင်မူ ဘုရားရှင်နှင့် သံဃာတော်များအတွက် ပြင်ဆင်ကြိုဆိုသော ကျောင်းများမှာ လမ်းတွင်တွေ့ခဲ့ရသော ကျောင်းသခ်မ်းများထက် ပို၍ကြီးကျယ်သည်။ အကြောင်းကား–ဘုရားရှင်အတွက် ဇေတဝန်၊ ပုဗ္ဗာရုံတို့တွင် သီတင်းသုံးတော်မူနေကျ ပုံစံအတိုင်း တည်ဆောက်၍ထားသော ဂန္ဓကုဋိတိုက်တော်၊ သံဃာတော် တစ်ပါးတစ်ပါးအတွက်လည်း တစ်ကျောင်းစီနှင့် ဥယျာဉ်၊ ရေကန်၊ စင်္ကြံပန်းမန်တို့ ကြည်နူးဖွယ်ရာ စီစဉ်ဆောက်လုပ်ထားသည်ကို တွေ့ရသောကြောင့် ဖြစ်၏။

ရှားငုတ်ခယောင်းတောမှ ကျောင်းအစီအစဉ်သည်ကား–ဘုရားရှင်နှင့် သံဃာတော်များ မိမိထံ ကြွရောက်လာကြသည်ကို ကြိုတင်သိရှိသော ပဋိသမ္ဘိဒါပတ္တ ဘက်စုံပြည့် ရဟန္တာထေရ်အရှင် ကိုရင်ကလေး ရေဝတ၏ တန်ခိုးတော်အစီအစဉ် ပေတည်း။

ဘုရားရှင်က ကိုရင် ရေဝတလေးအား ကျန်းမာရေး၊ နေထိုင်ရေး၊ တရားအရေး ပဋိသန္ထာရစကား မြွက်ကြားမေးမြန်းတော်မူသည်။ မိမိကိုအကြောင်းပြု၍ သာသနာတော်သို့ ရောက်လာသော ညီငယ်အတွက် တာဝန်ရှိသော အရှင်သာရိပုတ္တရာက အစစအဆင်ပြေ၍ ရဟန်းကိစ္စပင် ပြီးစီးနေပြီဖြစ်သော ညီငယ်ကို တွေ့ရ၍ ဝမ်းမြောက်သလို ကိုရင်ရေဝတအဖို့မှ မိမိအား အရေးတယူထား၍ ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်လာသောကြောင့်လည်းကောင်း၊ ဘုရားရှင်နှင့် တကွ ထိပ်တန်းသံဃာတော်ကြီးများအား ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ရသောကြောင့် လည်းကောင်း ဝမ်းမြောက်မှုပီတိတဝေဝေဖြင့် သံဃာတော်အားလုံးအတွက် လိုလေသည်မရှိအောင် ပြုစုလုပ်ကျွေးလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မကျေမလည်ဖြစ်လျက်ရှိနေရသူတို့မှာကား ပုထုဇဉ်ရဟန်းကြီး နှစ်ပါးပင် ဖြစ်ပေ၏။ သူတို့အဖို့ ကိုရင်ရေဝတလေး၏ တရားအထူးကိုလည်း မသိရှာ။ အလွန်ကြမ်းတမ်းခဲကပ်သော ရှားငှတ်ခယောင်းတောတွင် သီတင်းသုံးသည်ဟု သိခဲ့ကြရာ၌ ယခုလက်တွေ့တွင်မူ တာဝတိံသာတမျှ သာယာလှသော ကျောင်းကန်ဝန်းကျင်တို့ကိုသာ တွေ့မြင်ရသောကြောင့် "ဒီကိစ္စမှာတော့ ဘုရားရှင်က မျက်နှာတော်လိုက်ဟန်တူပါ့ဗျာ"ဟု တစ်ပါးက စကားစလိုက်သောအခါ "လက်ယာတော်ရံ တရားစစ်သူကြီးရဲ့ ညီ ဆိုတော့လည်း လိုက်သင့်ပေတာပေါ့ ကိုယ်တော်"ဟု တစ်ပါးက ပြန်လည်မိန့်လိုက်သည်။

"ပြောကြတာကတော့ တောရကျောင်းတဲ့။ အခုအတိုင်းသာဆိုရင်ဖြင့် တောရကျောင်းနဲ့တူတာ တစ်ကွက်မှ မတွေ့မိပါဘူး"

"တောရကျောင်းဆိုတာက တော်သေးတာပေါ့ကိုယ်တော်။ အင်မတန် ကြမ်းတမ်းတဲ့ ရှာငှတ်ခယောင်းတောမှာနေတာတဲ့။ ဘယ်မှာလဲ ခယောင်းတော၊ ခယောင်းတောသာဆိုတယ် တာဝတိံသာ ရှုံးလောက်ပါရဲ့"

"ဒါမတော့ တရားစစ်သူကြီးညီဆိုတော့ ဂုဏ်တင်ပြီး ပြောကြပေမပေါ့လေ"

"ပြီးတော့လည်း ဒီကိုရင်လေး သက်န်းဝတ်တာ တစ်ဝါသာသာ၊ သုံးလကျော်ကျော်လောက်ပဲ ရှိသေးတယ်။ ဒီလောက်အချိန်ကလေးအတွင်းမှာ ဒီမျှလောက်ကျောင်းကန်အဆောက်အအုံတွေအတွက် ကြိုးစားနေရတယ်ဆိုတော့ ဘယ်အချိန်မှာ တရားအားထုတ်နိုင်ဦးမှာလဲ"

သို့ရာတွင် ဤရဟန်းကြီးနှစ်ပါး၏ ပြဿနာသည် မကြာမီ ပြေရှင်းသွား၏။ အကြောင်းကား–ဘုရားရှင်သည် ကိုရင်ရေဝတ ဖန်ဆင်းလှူဒါန်းအပ်သော ကျောင်းတွင် တစ်လတိုင်တိုင် သီတင်းသုံး ချီးမြှင့်ပြီး၍ အလာခရီးအတိုင်း ပြန်လည်ကြွချီရန် ရှားငှတ်တောကျောင်းအထွက်သာသာ တောချုံအကွယ်သို့ရောက်သောအခါ ဤရဟန်း ကြီးနှစ်ပါးအနက် တစ်ပါးက ရေဘူးနှင့် ဖိနပ်။ တစ်ပါးက ဆီကျည်တောက် မေ့ကျန်ခဲ့သည့်အဖြစ်ကို သတိရလာကြသောကြောင့် နီးရာသံဃာများအား လျှောက် ထား၍ ပြန်ယူရန် သီတင်းသုံးခဲ့သော ကျောင်းတိုက်သို့ ကသုတ်ကရက် ထွက်ခွာ လာကြသည်။

ထိုအခါ တောချုံအကွယ်မှ အလွန်တွင် ယခုပင်ထွက်ခွာခဲ့သော ကျောင်းတိုက်ကြီးကို ဘွားခနဲတွေ့ကြရမည် ဖြစ်ပါလျက် မတွေ့ရတော့ဘဲ ကျောင်းတိုက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် ရှားငုတ်ခယောင်း ဆူးချုံတို့ဖြင့်သာ ပြည့်လျက်ရှိသည်ကို တွေ့ရသောကြောင့် အံ့အားသင့်ကြ၏။ သို့ရာတွင် လှမ်း၍ကြည့်လိုက်သောအခါ ခပ်လှမ်းလှမ်းရှိ ရှားငုတ်သစ်ကိုင်းများတွင် မိမိတို့၏ ပစ္စည်းကလေးများ ဆွဲချိတ်လျက်ရှိနေသည်ကို တွေ့ရသောကြောင့် ခယောင်းတောကို ပင်ပန်းစွာဖြတ်၍ သွားရောက်ယူကြရသည်။ အကြောင်းကား–ကိုရင်ရေဝတက မိမိဖန်ဆင်းလှူဒါန်းအပ်သော ကျောင်းတိုက် တန်ခိုးကို စွန့်လွှတ်ရုပ်သိမ်းလိုက်ပြီး ဖြစ်သောကြောင့်တည်း။

ရှားငုတ်တောအလယ် သစ်တစ်ပင်၏ အရင်းတွင် ငြိမ်ဝပ်စွာထိုင်၍ တရားရှုမှတ်နေဟန်တူသော ကိုရင်လေးကိုလည်း တွေ့ခဲ့ကြရသည်။ ထိုအခါတွင်မှ မိမိတို့၏အထင်၊ မိမိတို့၏ နှုတ်လွန်စကားများ မှားယွင်းမိကြောင်း ရဟန်းတို့ ခမ္မသံဝေဂရကြသည်။

[ ၆ ]

အမြန်ခရီးတွင်လည်း အလာခရီးအတိုင်းပင် တစ်ယူဇနာလျှင် ခရီးတစ်ထောက် တစ်ရက်ကျ နားနေ သီတင်းသုံးရန်အတွက် အရှင်သီဝလိ၏ နတ်ဒါယကာများကပင် လုပ်ကျွေးပြုစုကြသည်။ ထို့ကြောင့် ဤခရီးသည် သုံးလတိုင်တိုင်ကြာ၍ ကိုရင်ရေဝတနှင့် အရှင်သီဝလိတို့အား ချီးမြှောက်တော်မူသော ခရီးဖြစ်ကြောင်း ထင်ရှားလေပြီ။

ဝေဠုဝန်သို့ ပြန်ရောက်၍ ထုံးစံအတိုင်း ညဉ့်ဦးပိုင်း သံဃမဏ္ဍပ် သံဃအစည်းအဝေးတွင် လှူဒါယကာများသာမက နတ်ဒေဝတာအများကပင် ကြည်ညိုသူပေါများလှသော အရှင်သီဝလိ၏အကြောင်းရပ်များကိုလည်းကောင်း၊ အသက်အရွယ်ငယ်လွန်းသူ ဖြစ်ပါလျက် အခြားတောနေရဟန်းတို့ စိတ်ကူးမျှ ထည့်ဝံ့ပုံမရသော ကြမ်းတမ်းခက်ထရော်လှသည့် နာမည်ကျော် ရှားငုတ်ခယောင်းတောတွင် ပျော်ပိုက်စွာ သီတင်းသုံးသော ကိုရင်လေးရေဝတ၏ အကြောင်းရပ်များကိုလည်းကောင်း ကိုယ်တွေ့မျက်မြင် သိရှိခဲ့ကြရသော ရဟန်းတော်များမှတစ်ဆင့် ချီးကျူးပြောဆိုကြသည်။

ဤတွင် ဘုရားရှင်က ရဟန်းတို့၏စကားနှင့်စပ်၍ ငါ့သားတော်သီဝလိနှင့် ရေဝတတို့သည် ပဒုမုတ္တရာဘုရားရှင် လက်ထက်တော်ကပင် သက်ဆိုင်ရာဆုများကို တောင်း၍ ရေဝတက တောကျောင်းနေ ရဟန်းတို့တွင် ထိပ်တန်းဆုကို တောင်း

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယခုပြန်ရောက်ခဲ့သော ရှားငုတ်တော ခရီးလမ်းတွင် သိဝလိကိုအမှူးပြု၍ တစ်ယူဇနာလျှင် ခရီးတစ်ထောက်ကျ ပြုစုလုပ်ကျွေးလိုက်ကြသော နတ်ဒကာများသည်ကား ဝိပဿီဘုရားရှင်လက်ထက်တော်တွင် သိဝလိလောင်းလျာက ပျားရည်ဆွမ်း လှူဒါန်းစဉ် ဝိုင်းဝန်းလုပ်ကျွေးခဲ့ကြသော အပေါင်းပါအလှူရှင်များ ဖြစ်ကြပေသည်ဟု မိန့်ကြားတော်မူပြီးနောက် ဤနေရာတွင် ဘုရားရှင်က ဝိပဿီဘုရားရှင်လက်ထက်တော်၌ လာဘ်မင်းသခင်တို့အရှင်၏ အတိတ်ဇာတ်လမ်းကို ဟောကြားတော်မူ၍ "ရဟန်းတို့...လာဘ်လာဘပေါများသော ငါ၏သားတော်များအနက် သိဝလိသည် အကြီးမြတ်ဆုံးဖြစ်ပေ၏"ဟူသော ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးပေးသနားတော်မူသည်။

"ရဟန်းတို့...အကြင်ရဟန်းတစ်ပါးအဖို့ တောကျောင်းနေသည်ဆိုရာ၌ ဆွမ်းခံရွာ၊ နေ့သန့်ရာ၊ ညဥ့်သန့်ရာ၊ ရေမိုးစသည်ဖြင့် ပတ်ဝန်းကျင် အဆင်ပြေမှုကို ဂရုပြုကြပေသေးသည်။ ကိုရင်ရေဝတသည်ကား–မည်သည့်အဆင်ပြေမှုကိုမျှ မရွေးချယ် မစဉ်းစားဘဲ ခက်ခဲကြမ်းတမ်းလှသော ရှားငုတ်ခယောင်းတောတွင် ပျော်မွေ့သီတင်းသုံးသူဖြစ်၏။ ထို့ကြောင့် တောနေရဟန်းအားလုံးတို့အနက် ခက်ခဲကြမ်းတမ်းသော နေရာတွင် သီတင်းသုံးရာ၌ ရေဝတသည် အကြီးမြတ်ဆုံးဖြစ်၏"ဟု ထိပ်တန်းဘွဲ့တူး ချီးမြှင့်တော်မူသည်။

ထိုမျှမက "ရဟန်းတို့...ခက်ခဲကြမ်းတမ်းမှု၊ သာယာမှုဟူသည်ကား ပုထုဇဉ်တို့ သတ်မှတ်အပ်သော ပညတ်သဘောမျှသာဖြစ်၍ ကောင်းမှု၊ မကောင်းမှုမှန်သမျှကို စွန့်ပယ်ပြီးသော ရဟန္တာအဖို့မူကား ပင်ကိုအားဖြင့် သာယာပြီးဖြစ်သောကြောင့် မည်သည့်နေရာတွင်ပင်နေနေ ရေဝတကဲ့သို့ သာယာပြီးဖြစ်ပေတော့သည်"ဟု ဟောကြားလိုက်သောအခါ ခုနစ်နှစ်သား သာမဏေကလေးမျှ ဖြစ်ပါသေးလျက် ရဟန်းကိစ္စပြီးစီးလေပြီဖြစ်သော ကိုရင်ရေဝတ၏ အရည်အချင်းကို ကြားသိကြရသောကြောင့် ရဟန်းတော်တို့၏ သာဓုသံမှာ တရားမဏ္ဍပ်တစ်ခုလုံး လျှံ၍သွားလေတော့သည်။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# ပစ္စည်းရှင်

[ ၁ ]

"ချမ်းသာ"နှင့် "ဆင်းရဲ"ဟူသည် နိဗ္ဗာန်နှင့် အဝီစိအတွင်း ဤမျှလောက်ကား ချမ်းသာ၊ ဤမျှလောက်ကား ဆင်းရဲဟူ၍ သတ်မှတ်ချက်မရှိသကဲ့သို့ ပစ္စည်းဥစ္စာဟူသည်လည်း ပေါများမှု၊ နည်းပါးမှု၊ လူချမ်းသာ၊ လူဆင်းရဲဟု သတ်မှတ်နိုင်ဖို့ရန် အတိုင်းအဆမရှိ။ အကြင်သူတစ်ဦးအဖို့ သုံးမကုန်၊ ဖြုန်းမကုန်အောင် ပြည့်စုံသည်ကို လူချမ်းသာ ပစ္စည်းရှင်ဟုခေါ်သကဲ့သို့ အခြားသူတစ်ဦးအဖို့ ပဲဝက် (သို့မဟုတ်) နှစ်ပြားမျှသော အသပြာသည် ပစ္စည်းရှင် လူချမ်းသာပင် ဖြစ်သတည်း။

တစ်နည်းအားဖြင့် အကြင်သူတစ်ဦးအဖို့ သုံးမကုန် ဖြုန်းမကုန်အောင် ပြည့်စုံပါလျက် မချမ်းသာနိုင်။ အခြားသူတစ်ဦးအဖို့ကား ပဲဝက် သို့မဟုတ် နှစ်ပြားမျှသော အသပြာပိုင်ဆိုင်ရရုံမျှဖြင့် စည်းစိမ်ရှင် လူချမ်းသာကြီး ဖြစ်စေနိုင်သည်။ ချမ်းသာခြင်း ဆင်းရဲခြင်းဟု သတ်မှတ်မှုမှာ လူသတ္တဝါတို့၏ ထင်မြင်ချက်မျှသာ ဖြစ်၍ အကယ်စင်စစ်မှာမူ ပတ်ဝန်းကျင်အခြေအနေအရ ခံစားသူ၏ ခံယူချက်အပေါ်မှာသာ ချမ်းသာဆင်းရဲတည်သည်။

ရေသည် အမှုမာသကသည် ပဲဝက်မျှပိုင်ဆိုင်၍ ထိုပဲဝက် အသပြာမျှကို သူခိုးဓားပြတို့ရန်မှ စိုးရိမ်လှ၍ မြို့ရိုးအုတ်ကြားတွင် ဝှက်ထားကာ သူ့ကိုယ်သူ ပစ္စည်းရှင်ကြီးဟု အထင်ရောက်နေသူ ဖြစ်သည်။ ပဲဝက်ဓနပိုင်ဆိုင်သည်ကို အကြောင်းပြု၍ ပင်ပန်းသည်ကို ပင်ပန်းမှန်းမသိ၊ နေပူသည်ကို ပူမှန်းမသိ၊ ချစ်ချစ်တောက် နေပူရှိန်အောက်တွင် သီချင်းလေးတကျော်ကျော်ဖြင့် ပီတိရှိန်တက်နေသူဖြစ်သည်။ ရှင်ဘုရင်က သူ့ ပဲဝက်ငွေကို နိုင်ငံတစ်ဝက်ပေး၍ လဲမှု

www.burmeseclassic.com



သည်ကိုပင် ငြင်းပယ်သူဖြစ်၏။ အကြောင်းမူကား–သူ့အသိသည် နိုင်ငံပိုင်သည့် စည်းစိမ်ကိုမသိ၊ ပဲဝက်ပိုင်ရှင်၏ စည်းစိမ်ကိုသာ သိသူဖြစ်သောကြောင့်တည်း။

ဤသည်ကား–ဘုရားရှင် အလောင်းတော်၏ ဖြစ်စဉ်ဘဝများတွင် ပစ္စည်းအမဲ့ဆုံးသော ဘဝ၌ လူသတ္တဝါတို့၏ ပတ်ဝန်းကျင်သဘာဝအလျောက် မှောက်မှောက်မှားမှား ထင်မှတ်ခဲ့ဖူးသော အကြောင်းရပ်ဖြစ်၍ အမြင့်ဆုံးသော ဘဝဖြစ်စဉ်ဖြစ်သော လက်ပန်းပေါက်တစ်ချက်ခတ်လျှင် ၁၂ ယူဇနာ ပတ်ဝန်းကျင်၌ ခါးစောင်းနစ်မျှ ရတနာမိုး ရွာသွန်းဖြိုးစေနိုင်အောင် ချမ်းသာ၍ နေထွက်ရာအောက်ရှိ မြေပြင်မှန်သမျှ လေးကျွန်းလုံးကို ပိုင်စိုးသော အတုမရှိ ကြီးကျယ်ခမ်းနားလှသည့် မန္ဓာတုစကြာမင်းကြီး ဖြစ်ပါလျက် ယင်းဘဝတွင် စကြာမင်းစည်းစိမ်ကိုပင် မပြည့်စုံနိုင်ခဲ့သော ထင်မြင်ချက်ဖြစ်သည်။ စင်စစ်သော်ကား တဏှာလောဘ၏ မျက်လှည့်ပြမှုမျှသာတည်း။

ဤသည်တို့ကား–လူသတ္တဝါတို့၏ အထင်အမြင် မှောက်မှားလွဲချော်တတ်မှုဖြစ်၍ ပစ္စည်းခနဟူသည် လူသတ္တဝါကိုအပထား၍ တိရစ္ဆာန်ကိုပင် စိတ်ချောက်ချားစေတတ်သည်။ မဟောသဓာဇာတ်တော်တွင် ဝိဒေဟရာဇ်မင်းကြီး၏ ပုတ်သင်သည် ခြင်ရွှေးမျှသော အသပြာကို ပိုင်ဆိုင်ရုံမျှဖြင့် ငါပစ္စည်းရှင်တကားဟု ဝိဒေဟရာဇ်မင်းကြီးကို အန်တုသည်။ ရသေ့နှစ်ဦးတို့ဇာတ်တွင် ဥစ္စာသိုက်အတွင်း၌ ကြွင်းလုပ်မိသော ကြွက်သည် ပစ္စည်းရှင်ဟူသောမာန်ဖြင့် ကြွက်အင်အားနှင့် မတန်မရာသော အမြင့်ကို ခုန်နိုင်သည်။

ဘုရားအလောင်းတော် ရေသည်ကြီးအဖို့ ပဲဝက်မျှ အသပြာပိုင်ဆိုင်သည်ကို ပစ္စည်းရှင်ကြီးအဖြစ် ဘဝင်လှုပ်ခတ် ထင်မှတ်စေသော် အသပြာတစ်ရာ ပိုင်ဆိုင်သူ ဦးပဥ္ဇင်းလေး ဦးတိဿအဖို့ ပစ္စည်းရှင် ခနရှင်ကြီးအဖြစ် ထင်မှတ်ကာ စိတ်ကူးယဉ်၍ မဆုံးတော့သည်မှာ အပြစ်ဆိုဖွယ်မရှိ။ ဘုရားရှင်သည် ဤအကြောင်းကို မြင်တော်မူသဖြင့် သာသနာတော်၏ အရဟတ္တဇ အသီးအပွင့်တစ်ပါးဖြစ်ပေါ်လာမည့် ဦးပဥ္ဇင်းလေးကို တယုတယမွေးမြူလာခဲ့ရ၏။ ဤဦးပဥ္ဇင်းလေးကိုပင် အကြောင်းပြုကာ ကြီးကျယ်ခမ်းနားလှသော မန္ဓာတု စက္ကဝတ္တိသုတ္တန်ကို ဟောတော်မူရမည့်အကြောင်းကို မြင်တော်မူ၍ ဤဦးပဥ္ဇင်းလေးကို တယုတယ မွေးမြူခဲ့ရ၏။

ငယ်စဉ်ကပင် မိတဆိုးကလေးဖြစ်ခဲ့ရသော မောင်တိဿအဖို့ အလုပ်နှင့်လက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် မပြတ်လုပ်ပါမှ ထမင်းတစ်လုတ်စားရသော ဖခင်ကြီး၏နောက်သို့ နေပူမိုးရွာ မရှောင် တကောက်ကောက် လိုက်ပါခဲ့ရသည်။ ဖခင်ကြီး ဆင်းရဲပင်ပန်းသလောက် မောင်တိဿ ဆင်းရဲပင်ပန်းခဲ့ရ၏။

ဖခင်ကြီးက မိခင်မဲ့တစ်ဦးတည်းသော သားကလေးအား သည်းတုန်အူတုန်မျှ ချစ်ရှာ၏။ မွေးကင်းစကပင် မိခင်မဲ့ခဲ့သော သားကလေးအား စွမ်းနိုင်သမျှ ပိုးမွေး သလိုမွေးကာ ဆွေမျိုးမိတ်သင်္ဂဟ သူတစ်ပါးလက်သို့ မပေးရက်ဘဲ မိမိသွားလေ သမျှ, ရောက်လေသမျှ အလုပ်ခွင်သို့ခေါ်သွားကာ ဖြစ်သည့်နည်းဖြင့် မွေးမြူခဲ့ သည်မှာ ဆယ်နှစ်သားအရွယ်သို့ပင် ရောက်ရှိခဲ့ပြီးဖြစ်၏။ တစ်နေ့လုပ်၍ တစ်နေ့ စားရဖို့ပင် မပြတ် ကြိုးပမ်းလျက်ရှိနေရသော ဖခင်ကြီးထံ၌ စားရမဲ့ ဝတ်ရမဲ့ နေရသော မောင်တိဿအဖို့ ပစ္စည်းဓနဟူသည် အိပ်မက်ပင် မက်နိုင်သောအရာ မဟုတ်၊ တစ်ခါတစ်ရံ တစ်ပြားတစ်ချပ်သော အသပြာလေးမျှကိုပင် ဖခင်ကြီး လက်ထဲ၌ မြင်ဖူးရုံ ကြားဖူးရုံမျှ ရှိသည်။

ဤအခြေအနေတွင် ကယ်ချွတ်ထိုက်သော သတ္တဝါတို့အား ကယ်ချွတ်ဖို့ရန် မပြတ်ရွှေဉာဏ်တော်ဖြန့်ကြက်လျက်ရှိသော ဘုရားရှင်အဖို့ မောင်တိဿအား မြင် တော်မူ၏။ အကြောင်းမူကား–သူငယ် မောင်တိဿသည် ဘဝဆင်းရဲသော်လည်း အသိဉာဏ် ချမ်းသာသူဖြစ်သည်။ အသိဉာဏ် အခြေခံပါလာသူဖြစ်သည်။

ထို့ကြောင့် ဘုရားရှင်က ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးအား မောင်တိဿတို့ သားအဖကို သာသနာတော်နှင့် နီးစပ်လာစေရန် ဆွဲဆောင်ခေါ်ယူဖို့ တာဝန်ပေး တော်မူသောအခါ အရှင်မောဂ္ဂလာန်သည် မောင်တိဿထံသို့ ရံဖန် သွားရောက်၍ တရားဟောသည်။ ရဟန်းဘဝနှင့် နီးစပ်ရန် ရင်းရင်းနှီးနှီးပြုသည်။ မောင်တိဿ အား သာမဏေဘဝသို့ သွတ်သွင်းရန် တိုက်တွန်းသည်။

မောင်တိဿဖခင်ကြီးကလည်း ဘုရားရှင်နှင့် သာသနာတော်အား လေးစားပြီး ဖြစ်သည့်အလျောက် အရှင်မောဂ္ဂလာန်၏ တိုက်တွန်းချက်အတိုင်း သာသနာတော် သို့ မောင်တိဿအား သွတ်သွင်းချင်ပါ၏။ မောင်တိဿအဖို့ သာမဏေပြုလုပ်ရန် အချိန်အရွယ်ရောက်နေပြီကိုလည်း သိရှိပါ၏။ သို့ရာတွင် မောင်တိဿဖခင်ကြီး၌ အစွဲတစ်ရပ်ရှိနေသည်။ ထိုအစွဲသည်ကား မိမိ၏ တစ်ဦးတည်းသော ရင်သွေး ကလေးအား ရှင်ပြုရာ၌ မိမိကိုယ်ပိုင်ပစ္စည်းဖြင့် သင်္ကန်းပရိက္ခာမျှကိုတော့ မိမိသည်

www.burmeseclassic.com

www.burmeseclassic.com



သာသနာ့အမွေခံဖြစ်အောင် လှူဒါန်းရမည်ဟူသောအစွဲပင် ဖြစ်ပေသည်။ ထို့ကြောင့် ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီး ကြွရောက်၍ မောင်တိဿအား သာသနာတော်တွင်း သွတ်သွင်းရန် တရားဟောလေတိုင်း အနည်းဆုံး သင်္ကန်းလေးမျှဖြစ်စေ ကိုယ်တိုင် လှူဒါန်းနိုင်မှ မောင်တိဿကို သင်္ကန်းစည်းပေးပါရစေဟု တောင်းပန်လျှောက်ထား ဆိုင်းငံ့စေခဲ့သည်။

မောင်တိဿအဖို့ကား ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီး၏ နည်းမျိုးစုံ ဟောပြ ချက်ကြောင့် သာသနာတော်သို့ ဝင်ချင်လှပြီဖြစ်၏။ အကြောင်းမှာ–သာသနာတော် သို့ရောက်လျှင် အေးငြိမ်းချမ်းသာစွာနေရမည့်အရေးထက် ပညာသင်ရမည်၊ တရား အားထုတ်ရမည်ဟူသော အတွေးက ပို၍လွှမ်းမိုးနေသောကြောင့်ဖြစ်သည်။ ခက် သည်ကား မောင်တိဿ အဘယ်မျှ သင်္ကန်းစည်းချင်စေကာမူ၊ အရှင်မောဂ္ဂလာန် အဘယ်မျှလိုလားစေကာမူ မိဘခွင့်မပြုသောသားကို သာသနာတော်သို့ သွတ်သွင်း မပေးရဟူသော ဥပဒေတော်ကြီးက အထင်အရှားရှိနေခြင်းပင်ဖြစ်၏။

မောင်တိဿ၏ ဖခင်ကြီးသည် သာသနာ့အမွေကို အလွန်ခံယူလိုသူဖြစ်၏။ အကြောင်းမှာ–မိမိ၏သား သို့မဟုတ် သူတစ်ပါး၏သားပင် ဖြစ်စေဦးတော့ သာ သနာတော်သို့ သွတ်သွင်းပေးနိုင်လျှင် အပါယ်တံခါးပိတ်တော့သည်ဟု ကြားနာဖူး ထားသည်။ သို့ဖြစ်၍ အချို့မှာ သာသနာ့အမွေကို ခံယူနိုင်သော သားယောကျ်ား မရှိ၍ သူတစ်ပါး၏သားကို တောင်းယူ၍ပင် သာသနာတော်နှင့် အမျိုးတော်အောင် အမွေခံအလှူကို ပြုလုပ်ကြရသည်။ မိမိမှာ မိမိရင်သွေးစစ်စစ် သားယောကျ်ား ရှိပါလျက် သာသနာတော်သို့ ကိုယ်တိုင်သွတ်သွင်းခြင်းဖြင့် အမွေကို မခံယူပါလျှင် အလွန်တရာ ဆုံးရှုံးမည်၊ အပါယ်တံခါးလည်းပွင့်နေမည်ဟု မောင်တိဿဖခင်ကြီး ယူဆသည်။

"ဒီသားလေးကြောင့် တစ်ပင်လဲမှ တစ်ပင်ထူဆိုတာမျိုးတောင် မလုပ်ခဲ့ပါဘူး အရှင်ဘုရား၊ ပြီးတော့ တစ်ဦးတည်းသောသားပါ။ ဒီသားလေးကို တစ်သက်တစ်ခါ သာသနာ့အမွေ မင်္ဂလာပြုတဲ့အခါမှာ ကိုယ်တိုင်ရှာဖွေလို့ရတဲ့ ချွေးနဲ့စာနဲ့ အနည်းဆုံး သင်္ကန်းလေးလောက်ကိုတော့ ပေးလှူလိုပါတယ်။ ဒါကြောင့်မို့ အရှင်ဘုရား ဟော ကြားတဲ့အချိန်ကစပြီး သင်္ကန်းဖိုးရအောင် ကြိုးစားစုဆောင်းနေပါတယ်။ သင်္ကန်း ဖိုး ပြည့်အောင် စောင့်ဆိုင်းတော်မူပါဦးဘုရား"

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

အယူအစွဲဆိုသည်မှာ ခက်သည်။ အယူအစွဲတစ်ခု စွဲကပ်လာပြီဆိုလျှင် သာမန်အားဖြင့် ချွတ်၍ရခဲသည်။ ဤဒါယကာကြီးသည် မိမိသားအတွက် သင်္ကန်းလှူဒါန်းဖို့ရန် စွဲလမ်းလျက်ရှိချေသည်။ ကောင်းသောစွဲလမ်းခြင်းတော့ မှန်ပါ၏။ သို့သော် တစ်နေ့လုပ်မှ သားအဖနှစ်ယောက် ထမင်းတစ်လုတ်စားရဖို့ အနိုင်နိုင်ရှိရှာသူဖြစ်၍ သင်္ကန်းဖိုးရအောင် စောင့်ရလျှင် ဤသူငယ် အချိန်နှောင်းဖို့ရှိသည်။ မိမိသားအား သင်္ကန်းဝတ်စေရာ၌ သင်္ကန်းဖိုးမျှ မတတ်နိုင်သည်ကိုလည်း ရှက်ရှာဟန်ရှိသည်။ မရှက်ရမည်ကို ရှက်ခြင်းဖြစ်၏ စသည်ဖြင့် ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီး စဉ်းစားကာ ဆိုင်းငံ့တော်မူ၏။

ဘုရားရှင်ကမေး၍ အရှင်မောဂ္ဂလာန်က ဒါယကာကြီး၏ သင်္ကန်းဖိုးအစွဲနှင့် အကျိုးအကြောင်းသို့ လျှောက်ထားသောအခါ ဘုရားရှင်က ပြုံးတော်မူ၏။ ပြုံးဟန်ကား–ဤဒါယကာကြီး၏ သင်္ကန်းဖိုးအစွဲကို မိမိကိုယ်တိုင်လည်း ကယ်ချွတ်ဟောပြော၍ ရမည်မဟုတ်။ သို့ရာတွင် ဤသင်္ကန်းဖိုးအစွဲသည်ပင် ဤသူငယ်၏ ကူးမြောက်ရာဖြစ်မည်ကို မြင်တော်မူ၍ ဖြစ်သည်။

ထို့ကြောင့် နောက်တစ်နေ့နံနက်တွင် ဆွမ်းခံရာမှဖဲ၍ ဒါယကာကြီး၏အိမ်သို့ ဝင်တော်မူသောအခါ ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်လာခြင်းဖြစ်၍ ဒါယကာကြီးအဖို့ ဝမ်းမြောက်ဝမ်းသာနှင့် ပျာပျာသလဲ ဝပ်တွားကြိုဆို၏။

ဘုရားရှင်က သူငယ်ကို သာသနာတော်သို့ သွတ်သွင်းဖို့ရန် ဆန္ဒရှိပါလျက် အဘယ့်ကြောင့် ဆိုင်းငံ့နေရပါသနည်းဟု မေးတော်မူသောအခါ "မှန်လှပါ၊ သာသနာ့အမွေခံဖြစ်ရန် သင်္ကန်းဖိုးမပြည့်စုံသေး၍ ဆိုင်းငံ့နေရပါသည်"စသည်ဖြင့် လျှောက်ထားသည်။

"ဒါယကာကြီး...သာသနာ့အမွေခံဟူသည်ကား–ငါဘုရား၏ အဆုံးအမကို အမွေခံကာ လိုက်နာကျင့်သုံးခြင်းပေတည်း။ သင်္ကန်းဖိုးသည် အကြောင်းမဟုတ်။

"ဒါယကာကြီး...သတ္တဝါတို့၏ အသက်ဟူသည် တိုတောင်းလျင်မြန်လှ၏။ ကွေးသောလက် မဆန့်မီ။ ဆန့်သောလက် မကွေးမီ ပျက်စီးတတ်၏။ ဒါယကာကြီးအဖို့လည်းကောင်း၊ သူငယ်အဖို့လည်းကောင်း အချိန်ရှိခိုက်တွင် ပြုဖွယ်ကောင်းမှုကို ပြုသင့်သည်။ အကြောင်းမဟုတ်သော သင်္ကန်းဖိုးမျှဖြင့် အဘယ်ကြောင့် ဆိုင်းငံ့ထားချင်ရသနည်း။

www.burmeseclassic.com

www.burmeseclassic.com



"ဒါယကာကြီး…မိမိကိုယ်တိုင်ကသော်လည်းကောင်း၊ သူတစ်ပါးကသော်လည်းကောင်း မိမိသားအား သာသနာတော်သို့ သွတ်သင်းရာ၌ မိမိကြောင့် သာသနာတော်အား စည်ပင်တိုးပွားစေသည်မည်၏။ အကြောင်းမူကား–မည်သည့်နည်းဖြင့် သာသနာတော်သို့ သွတ်သွင်းသည်ဖြစ်စေ မိမိရင်သွေး၊ မိမိသားသာ ဖြစ်သောကြောင့်တည်း။

"ဒါယကာကြီး…မိမိသားအား သာသနာတော်သို့ သွတ်သွင်းပြီးသည့်အခါ၌ မိမိသည် သာသနာ့အမွေခံအဖြစ်သို့ ပို၍ရောက်သည်။ အကြောင်းမူကား–သာသနာ့အတွင်းသား သူတော်ကောင်းဖြစ်လာသော မိမိ၏သားအား မပြတ်သတိရခြင်းဖြင့် မကောင်းမှုဒုစရိုက်မှန်သမျှကို ရှက်စနိုးကာ ပို၍ရှောင်ကြဉ်နိုင်သည်။ ထို့ကြောင့် မိမိ၏သားအား သာသနာတော်သို့ သွတ်သွင်းခြင်းကို ကောင်းမှုအမွေခံ၊ သာသနာ့အမွေခံဟု သိမှတ်ကြခြင်းဖြစ်သည်။

"ဒါယကာကြီး… သားယောကျ်ားတို့မည်သည်ကား မင်္ဂလာရှိမြဲဖြစ်သည်။ သာသနာ့အမွေ မင်္ဂလာဖြစ်စေ၊ မည်သည့်မင်္ဂလာဖြစ်စေ တစ်ကြိမ်မက အခါခပ်သိမ်း ပြုလုပ်နိုင်သည်။ ထို့ကြောင့် ဒါယကာကြီးအဖို့ သင်္ကန်းဖိုးပြည့်စုံသောအခါ၌ အချိန်မရွေးလှူဒါန်းနိုင်သည်။ ထို့ပြင် မိမိ၏သားသည် သာသနာတော်သို့ရောက်၍ အကျင့်သိက္ခာကို ကျင့်သုံးဆဲ၊ သို့မဟုတ် ကျင့်သုံးပြီးဖြစ်၍ ထိုအချိန်၌ ပေးလှူခဲ့ပါလျှင် အလှူခံပုဂ္ဂိုလ်၏ စင်ကြယ်မှုကြောင့် ပို၍မြင့်မြတ်သည်။ ထို့ကြောင့် အကြောင်းမဟုတ်သော သင်္ကန်းဖိုးကြောင့် မိမိသားအား သာသနာတော်သို့သွင်းရန် ဆိုင်းငံ့နေခြင်းငှာ မသင့်။ သင်္ကန်းအတွက် ငါဘုရား တာဝန်ယူမည်။ သူငယ်အား သာသနာတော်သို့ သွတ်သွင်းရန် ခွင့်ပြုပါလော့"

ဘုရားရှင်၏ တရားစကားဆုံးသောအခါ ဒါယကာကြီးက ဘဝင်ကျသောအသွင် ကြည်ကြည်လင်လင်မျက်နှာဖြင့် မော်ဖူးပြီး "မှန်လှပါ၊ တပည့်တော်နားလည်ပါပြီ။ ဤသူငယ်အား ကျောင်းတော်သို့ခေါ်ဆောင်၍ သင်္ကန်းစည်းပေးပါတော့ဘုရား။ သို့ရာတွင် တပည့်တော်သည် သားအတွက် သင်္ကန်းဖိုးရနိုင်ရန် စုဆောင်းခဲ့သည်မှာ အတန်ကြာပါပြီ။ ဤသင်္ကန်းဖိုးပြည့်စုံသောအခါ၌ သင်္ကန်းဝယ်ခြမ်း လှူဒါန်းပါရစေဘုရား"ဟု လျှောက်ထားသည်။

ဘုရားရှင်က ဒါယကာကြီး၏ သဘောပေါက်လာသော ကုသိုလ်စကားလျှောက်ထားချက်အတွက်လည်းကောင်း၊ သင်္ကန်းအတွက် ကုသိုလ်စိတ် တလမ်း

www.burmeseclassic.com

www.burmeseclassic.com



လမ်းရှိတော့မည်ကိုလည်းကောင်း ကောင်းချီးသာဓုပြုကာ နေရာမှထတော်မူသော အခါ ဒါယကာကြီးက သားကိုလက်ဆွဲ၍ ဘုရားရှင်နောက်တော်မှ ကျောင်းတော်သို့လိုက်သည်။ ဝေဠုဝန်သို့ရောက်လျှင် သရဏဂုံသုံးပါးဖြင့် ရှင်ပြု၍ အရှင်မောဂ္ဂလာန်ကို ဥပဇ္ဈာယ်ဆရာအဖြစ် လွှဲအပ်တော်မူသည်။ ကိုရင်တိဿ ဖြစ်လာ၏။

ကိုရင်တိဿအဖို့ ရှင်ပြုရန် ဖခင်၏ခွင့်ပြုသံကို ကြားလိုက်ရစဉ်ကပင် ရွှင်လန်းတက်ကြွလှသဖြင့် ဘုရားရှင်နောက်တော်သို့ ဝမ်းမြောက်ဝမ်းသာ လိုက်ပါလာခဲ့သည်။ ရှင်ဖြစ်လာသည်နှင့် တစ်ပြိုင်နက် ဥပဇ္ဈာယ်ဆရာ ညွှန်ကြားသမျှ တက်တက်ကြွကြွ လိုက်နာကျင့်သုံးသည်။ ဥပဇ္ဈာယ်ဝတ်ကို မချွတ်အောင် ကျင့်သုံးသည်။ စာသင်ချိန်၌ စာကိုကြိုးစား၍ တရားအားထုတ်ချိန်၌ တရားကို ကြိုးစားအားထုတ်သည်။ ဤသို့ဖြင့် သာသနာတော်၏ သားကောင်းတစ်ယောက်အဖြစ်သို့ ရောက်လာခဲ့သည်။

ဒါယကာကြီးက သားရှိရာ ကျောင်းတော်သို့ မကြာမကြာလာ၍ ချဉ်းကပ်သည်။ သား မောင်ရင်ကလည်း ဆွမ်းခံထွက်တိုင်း ဒါယကာကြီးတဲကုပ်သို့ ဝင်သည်။ ဤသို့ဖြင့် သားဖြစ်သူနှင့် မပြတ်ထိတွေ့နေရသောကြောင့် ဒါယကာကြီး ကျေနပ်သည်။ သို့ရာတွင် ဆင်းရဲလှသော ဒါယကာကြီးအဖို့ သားဖြစ်သူ ဦးပဋ္ဌင်း ဘဝ ရောက်ချိန်နီးသည်အထိ သင်္ကန်းဖိုးကမူကား မပြည့်စုံနိုင်ရှာသေးပေ။

သို့ဖြစ်၍ ဦးပဋ္ဌင်းဘဝသို့လည်း ဘုရားရှင်နှင့် ဥပဇ္ဈာယ်ဆရာ ရှင်မောဂ္ဂလာန်တို့ကပင် တာဝန်ယူ ပို့ဆောင်ပေးခဲ့ရသည်။ ဒါယကာကြီးအဖို့ မိမိ၏ မပြည့်စုံနိုင်သော ဘဝကြောင့် ရှင်ဘဝ၊ ရဟန်းဘဝ နှစ်ဘဝလုံးမှာပင် သင်္ကန်းကလေးမျှ မလှူနိုင်သောကြောင့် မကျေမလည်ဖြစ်ရသော်လည်း သားဖြစ်သူက သာသနာတော်တွင် ပျော်ပျော်မွေ့မွေ့ကြီး ဖြစ်နေသည်ကို တွေ့ရ၍လည်းကောင်း၊ မိမိအဖို့လည်း သားဖြစ်သူ၏ စားဝတ်နေရေးအထွေထွေတို့မှ ကင်းလွတ်သွား၍လည်းကောင်း ဘုရားရှင်နှင့် အရှင်မောဂ္ဂလာန်တို့ကို ကျေးဇူးရှင်ကြီးများအဖြစ် မပြတ်သတိရကာ နှစ်သိမ့်သည်။

သို့နှင့် ယနေ့ သားပဋ္ဌင်းအိမ်သို့ ရောက်လာရာတွင် မောင်ပဋ္ဌင်း၏စကားကြောင့် ထိတ်ခနဲဖြစ်သွားရ၏။

"နက်ဖြန်နံနက် ဘုရားရှင်နဲ့ သံဃာတော်အချို့ သာဝတ္ထိကို ဒေသစာရီကြွချီတော်မူကြလိမ့်မည်။ မောင်ပဋ္ဌင်းလည်း လိုက်သွားရလိမ့်မယ် ဒကာကြီး"

www.burmeseclassic.com



"မောင်ပဥ္စင်း မလိုက်လို့ မဖြစ်ဘူးလား"

"မဖြစ်ဘူး ဒကာကြီး၊ ဘုရားရှင် သတ်မှတ်တော်မူတဲ့ သံဃာစာရင်းထဲမှာ မောင်ပဥ္စင်းလည်း ပါနေတယ်။ ပြီးတော့ ဥပဇ္ဈာယ်ဆရာနောက်ကို မောင်ပဥ္စင်း လိုက်ရမယ့် ဝတ္တရားကလည်း ရှိတယ်"

"မောင်ပဥ္စင်းလိုက်သွားရင် ဒကာကြီးတစ်ယောက်တည်း ကျန်ရစ်တော့မှာ ပေါ့"ဟု ဝမ်းနည်းသံဖြင့် လျှောက်သည်။

"ရာဇဂြိုဟ်နဲ့ သာဝတ္ထိဟာ မဝေးလှဘူးလို့ ကြားဖူးပါတယ်။ ဝေးတယ် နီးတယ်ဆိုတာ လူတို့သတ်မှတ်ချက် ပညတ်သဘောမျှသာပါပဲ။ ပြီးတော့ အကြင်သူ တစ်ဦးနှင့်တစ်ဦး မေတ္တာမသက်ဝင်ကြလျှင် နီးသော်လည်း ဝေးသည်မည်ပါသတဲ့။ မေတ္တာသက်ဝင်ကြရင်တော့ ဘယ်ကလောက်ပင် ဝေးသော်လည်း နီးသည်မည်ပါ သတဲ့။ ဘုရားရှင်ဒေသနာတော် ရှိပါတယ်။ အလျဉ်းသင့်သလို တရားနဲ့ဆင်ခြင် ရမှာပေါ့ ဒကာကြီး"

သားကြီးထံမှ မကြားစဖူး တရားရည်ပြည့်ဝသော စကားကို ကြားလာရသော ကြောင့် ဝမ်းမြောက်ဝမ်းသာဖြင့် သားဖြစ်သူ၏မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ကာ ကျေနပ်မိသော်လည်း သားနှင့်ဝေးလျှင် လွမ်းနေမည့်အရေးကို တွေး၍ ဝမ်းနည်း သည်။

"သက်န်းဖိုးစုနေတာကလည်း ပြည့်တော့မယ် မောင်ပဥ္စင်းရဲ့၊ ပြည့်ရင် မောင် ပဥ္စင်းကို ဘယ်လိုလုပ်လှူရမှာလဲ"

"ဒါကတော့ သာဝတ္ထိကို အပြီးအပိုင်သွားတာမှမဟုတ်ဘဲ ဒကာကြီးရယ်၊ ဘုရားရှင်၊ ဒါမှမဟုတ် ဥပဇ္ဈာယ်ဆရာ ရာဇဂြိုဟ်ကို ပြန်ကြွလာတဲ့အခါ မောင် ပဥ္စင်းလည်း ပြန်လိုက်လာရမှာပေါ့"

"အေးလေ...ကျေးဇူးရှင် ဘုရားရှင်ရဲ့ အမိန့်တော်ဆိုတော့ ဘယ်လိုလုပ်ပြီး ငြင်းပယ်လို့ဖြစ်မှာလဲ၊ မောင်ပဥ္စင်း လိုက်ပါရတော့မှာပေါ့။ နို့ပေမယ့် သက်န်းဖိုး က ပြည့်လုနီးနေပြီ။ ပြည့်တဲ့အခါ အလှူတကူလှူနိုင်အောင် မောပဥ္စင်း ဥပဇ္ဈာယ် ဆရာကို အကျိုးအကြောင်းလျှောက်ထားပေါ့"

"ကောင်းပါပြီ၊ မောင်ပဥ္စင်းမမေ့ပါဘူး။ ဒကာကြီးကိုလွမ်းပေမယ့် မောင်ပဥ္စင်း တော့ သာဝတ္ထိကို သွားရမယ်ဆိုလို့ ဝမ်းသာနေတယ်။ သာဝတ္ထိ သာသနာတော်က အလွန်စည်ကားတယ်ဆိုကပဲ။ သာဝတ္ထိမှာ ကျောင်းဒကာကြီး အနာထပိဏ်လို့၊

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအမကြီးဝိသာခါတို့ သာသနာတော်ကို ဂရုစိုက်ပံ့တွေက အင်မတန် ပြည့်စုံဆိုကပဲ။ ပြီးတော့ သာဝတ္ထိဘုရင် ကောသလကလည်း ဘုရားရှင်နဲ့ သံဃာတော်တွေကို အလွန်ချစ် အလွန်ဂရုစိုက်ဆိုကပဲ"

"ဟုတ်မှာပေါ့လေ၊ မောင်ပဋ္ဌင်း ပျော်တယ်ဆိုရင်လည်း အဖေ ပျော်ရတော့မှာပေါ့။ ကဲ...ကဲ...ကြွပေတော့၊ ကြွပေတော့။ ဆွမ်းခံ နောက်ကျနေလို့ ဥပဇ္ဈာယ်ဆရာက မျှော်နေဦးမယ်"ဟုပြောကာ စိမ့်လာသောမျက်ရည်ကို သားကြီး မမြင်စေရန် ဦးခေါင်းငုံ့၍ လျှောက်ထားသည်။ နောက်ဆုံးလျှောက်ထားသော ဖခင်ကြီး၏အသံမှာလည်း တုန်ယင်နေသည်။ ဤသည်တို့ကို မောင်ပဋ္ဌင်းမြင်ပါ၏။ ကြားပါ၏။ သို့ရာတွင် မမြင်ယောင်၊ မကြားယောင်ပြုကာ တရားဖြင့်ဆင်ခြင်၍ ဖခင်ကြီးအနီးမှ ဖဲခွာခဲ့သည်။

## [ ၃ ]

မောင်ပဋ္ဌင်း ကြားသိခန့်မှန်းခဲ့သည့်အတိုင်းပင် သာဝတ္ထိသည် ရာဇဂြိုဟ်ထက် ပျော်မွေ့ဖွယ်ဖြစ်သည်ကို တွေ့ရ၏။ ဆွမ်း၊ သင်္ကန်း စသော မည်သည့်ကိစ္စအတွက်မျှ မပူပန်ရ။ ဝိသာခါ၊ အနာထပိဏ် စသော အလှူရှင်ကြီးများက မပြတ်မလပ်နိစ္စပတ် ဂရုစိုက်၍ ပြည့်စုံသည်။ သာသနာတော်တွင် မျက်နှာကြီးသော အရှင်မာဂ္ဂလာန်၏ အန္တေဝါသိက တပည့်ရင်းဖြစ်သည့်အပြင် မိမိကိုယ်တိုင်ကလည်း သာသနာတော်တွင် သဒ္ဓါတရား ထက်ထက်သန်သန်ဖြင့် ပရိယတ္တိစာပေသင်မှု၊ တရားအားထုတ်မှု စသော အလုပ်များတွင် ပို၍ ဝီရိယစိုက်သောကြောင့် ပတ်ဝန်းကျင်တို့ အာရုံစိုက်ရာ၊ လေးစားဂရုအပြုခံရာ ဖြစ်လာရသည်။

သို့ရာတွင် ရာဇဂြိုဟ်နှင့်လည်းကောင်း၊ ဖခင် ဒါယကာကြီးနှင့်လည်းကောင်း ဝေးခဲ့ရသည်မှာကား ကာလတောင်တာ အတန်ကြာခဲ့ပြီဖြစ်၏။ ဖခင်ကြီး၏ သာရေးနာရေး သတင်းကလေးမျှ မကြားရ။ သို့နှင့် နှစ်ဝါခန့်ကြာသောအခါ ကြားမည့်ကြားလာရတော့လည်း အထိတ်တလန့်သတင်း ဖြစ်နေတော့သည်။

တစ်ညနေတွင် ရာဇဂြိုဟ်မှ ဖခင်ကြီး၏ညီ မောင်ပဋ္ဌင်း၏ ဦးလေးတော်သူဒါယကာတစ်ဦးသည် မောင်ပဋ္ဌင်းထံသို့ ရောက်လာကာ မောင်ပဋ္ဌင်းကို ဝပ်တွားဦးချရင်း ကြုံကြုံပါအောင် ငိုလေ၏။ မောင်ပဋ္ဌင်းက အကျိုးအကြောင်းကိုမေးသောအခါ ရာဇဂြိုဟ်မှဖခင်ကြီးသည် အဖျားရောဂါဖြင့် မောင်ပဋ္ဌင်းကို တမ်းတရင်း

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်ရှာပြီဖြစ်ကြောင်း သိရသည်။

မောင်ပဉ္စင်းအဖို့ ပုထုဇဉ်မျှဖြစ်သေး၍ ဖခင်ကြီးအတွက် ဦးလေးနှင့်အတူ ပူပန်မိပါ၏။ သောကဖြစ်မိပါ၏။ သို့ရာတွင် အရည်ဝသော တရားရှင်ဖြစ်၍ တရားဖြင့် ဖြေသိမ့်ခိုက်ဝယ် ဦးလေးထံမှ မမျှော်လင့်သော နောက်ထပ် သတင်းစကားတစ်ရပ်ကိုလည်း ကြားလာရသောအခါ ကြားဖို့ပင်ဝေး၍ ကြားပင်မကြားဖူးသော ထိုသတင်းစကားကို မျက်လုံးအဝိုင်းသားနှင့် နားထောင်ရသည်။

ထိုသတင်းကား ဖခင်ဒါယကာကြီးသည် သား မောင်ပဉ္စင်းအတွက် စုဆောင်းထားသော သက်နိုးဖိုး အသပြာတစ်ရာကိုပင် ဖခင်ကြီးမှာထားခဲ့ချက်အရ ဦးလေးဖြစ်သူက မောင်ပဉ္စင်းကိုလှူဒါန်းရန် ယခု ယူဆောင်လာခြင်းဖြစ်ပေသည်။ ဦးလေးဖြစ်သူသည် အသပြာတစ်ရာကို သင့်ရာကပ္ပိယ ဒါယကာတစ်ဦးထံသို့ မောင်ပဉ္စင်း အလိုရှိသည့်အခါ သုံးစွဲနိုင်ရန် လွှဲအပ်၍ ပြန်သွားသည်။ မောင်ပဉ္စင်းမှာ အတွေးမျိုးစုံဖြင့် ငေး၍ကျန်ရစ်ခဲ့၏။

မောင်ပဉ္စင်းအဖို့ အသပြာတစ်ရာဟူသည် ဧာတိကတည်း၊ အကြောင်းမူကား– ဆင်းရဲလှစွာသော ဖခင်ကြီး၏ လက်အောက်တွင် လူမှန်းသိချိန်မှစ၍ အသပြာဆိုလျှင် ခြင်ရွေးမျှ မကိုင်ခဲ့ မကပ်ခဲ့သူဖြစ်သဖြင့် အသပြာတစ်ရာဟူသည် မောင်ပဉ္စင်းအဖို့ ဧာတိကပမာတည်း။

လူမှန်းသိချိန်မှစ၍ အရှင်မောဂ္ဂလာန်၊ ဘုရားရှင်တည်းဟူသော သူတော်ကောင်းများနှင့်တွေ့ကြုံကာ သာသနာတော်တွင် တစ်သမတ်တည်း စိုက်စိုက်မတ်မတ် နေထိုင်ကျင့်သုံးလာခဲ့ပေသည်။ ယင်းသို့ လူစင်ကြယ်လေးဖြစ်လာရခြင်းမှာ တစ်ဖက်တွင် ပစ္စည်းမဲ့မှုတည်းဟူသော အင်အားနည်းနေမှုကြောင့်လည်း ဖြစ်တန်ရာ၏။ ယခုသော် မမျှော်လင့်ဘဲ ပစ္စည်းရှင်ဖြစ်လာပေပြီ။ ဤပစ္စည်း ဤငွေတစ်ရာဟူသည် အကယ်၍ မိမိသည် သာသနာတော်တွင် မနေလိုပါက လူ့လောကတွင် အမျိုးသမီးတစ်ယောက်နှင့် တင့်တင့်တယ်တယ် နေနိုင်စွမ်းသော လယ်ပိုင်ရှင်တစ်ယောက် မဖြစ်နိုင်ပါလော။

အဘယ့်ကြောင့် မဖြစ်နိုင်ရမည်နည်း။ ငွေတစ်ရာဟူသည် သုံး၍မကုန်နိုင်လောက်အောင်ပင် များပြားသည်ဟု မောင်ပဉ္စင်းထင်သည်။ ဤငွေတစ်ရာဖြင့် အိမ်ဆောက်နိုင်သည်၊ အမျိုးသမီးတစ်ယောက်ကို လက်ထပ်နိုင်သည်၊ မြေဝယ်နိုင်သည်၊ နွားဝယ်နိုင်သည်၊ လယ်လုပ်ကိရိယာများ ဝယ်နိုင်သည်ဟု မောင်ပဉ္စင်း

www.burmeseclassic.com

www.burmeseclassic.com



ထင်သည်။ အကြောင်းမူကား–မောင်ပဍ္ဍင်းအဖို့ ပရိယတ္တိစာပေကိုသာ သင်ရ၍၊ တရားကိုသာ အားထုတ်ရ၍ လောကအတိုင်းအဆကို သိစေနိုင်သော ဂဏန်းသင်္ချာကို မသင်ဖူး၊ မတတ်ဖူး၊ မတွေ့ဖူးသောကြောင့်တည်း။

ထို့ကြောင့် သက်န်းဖိုးအဖြစ် ကုပ်ကုပ်ကပ်ကပ် စုဆောင်း၍ ဖခင်ကြီးထံမှ ရောက်လာသော ငွေတစ်ရာသည် မောင်ပဍ္ဍင်းကို ရေရေလည်လည် နှိပ်စက်ပြီတည်း။ မောင်ပဍ္ဍင်း ငိုင်၏။ ငေး၏။ အတွေးမျိုးစုံတွေး၏။ သူ့စိတ်ကူးမျက်စိတွင် အိမ်၊ လယ်ယာ၊ မိန်းမ၊ နွား၊ လယ်လုပ်ပစ္စည်း…ဤအရာကိုသာ ဝေ့လည်မြင်ယောင်လျက်ရှိသည်။ ပရိယတ္တိစာပေသင်ရာ၌ စူးစူးစိုက်စိုက်မရှိတော့။ တရားအားထုတ်ရာ၌ ထက်ထက်သန်သန်မရှိတော့။

ဤသတင်းကို သံဃာများမှတစ်ဆင့် ဘုရားရှင် ကြားသိတော်မူသောအခါ ကျွတ်ချိန်ကိုရောက်လာသော မောင်ပဍ္ဍင်း၏အချိန်အခါကို သိတော်မူ၍ နှစ်သိမ့်ရင်းတစ်ညနေတွင် မောင်ပဍ္ဍင်းကို နောက်ပါအဖြစ်ခေါ်၍ လမ်းလျှောက်ရင်း ဇေတဝန်ကျောင်းတော်ရှိ ရေကန်အစပ် ကျောက်ခဲပုံအနီးသို့ ရောက်သောအခါ "မောင်ပဍ္ဍင်း… ဖခင်ကြီးထံက သင်္ကန်းဖိုး ငွေအသပြာတစ်ရာ ရောက်လာတယ်လို့ ကြားရတယ်၊ မှန်ရဲ့လား"ဟု မေးတော်မူသဖြင့် "မှန်ပါသည်ဘုရား"ဟု လျှောက်ထား၏။

"ဒီအသပြာတစ်ရာကြောင့် မောင်ပဍ္ဍင်း ဗျာပါဒများနေတယ်လို့လည်း ကြားရတယ်"

"မှန်ပါသည်ဘုရား"

"ဘာတွေတွေးလို့ ဘယ်လိုဗျာပါဒ များနေရတာလဲ"

သိတော်မူ၊ မြင်တော်မူသော ဘုရားရှင်အား လိမ်၍မဖြစ်။ ထို့ကြောင့် တည့်တည့်မှန်မှန်ပင် "မှန်လှပါ၊ အသပြာတစ်ရာဖြင့် အိမ်ထောင်ပြုဖို့၊ အိမ်ဆောက်ဖို့၊ နွားဝယ်ဖို့၊ မြေဝယ်ဖို့ စိတ်ကူးမိပါသည်ဘုရား"ဟု ပွင့်ပွင့်လင်းလင်း လျှောက်ထားလိုက်ရသည်။

"အသပြာတစ်ရာဆိုတာ ဘယ်လောက်ရှိတယ်လို့ မောင်ပဍ္ဍင်းသိရဲ့လား"

"မသိပါဘုရား"

"ကဲ…မောင်ပဍ္ဍင်းမသိရင် ငါဘုရား ရေတွက်ပြမယ်၊ ဟောဒီကျောက်စရစ်တွေကို အသပြာလို့ သဘောထားပြီး ဟောဒီလို စီပေတော့"ဟု မိန့်တော်မူကာ ကျောက်စရစ်ခဲများကို တစ်ရာပြည့်အောင် ညွှန်ကြား၍ အစီခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



စီပြီးသောအခါ "နွားတစ်ကောင်ကို ဘယ်လောက်ပေးဝယ်ရသလဲ၊ မောင်ပဋ္ဌင်း သိရဲ့လား"

"မသိပါဘုရား"

"ငါဘုရား ကြားဖူးတာကတော့ နွားတစ်ကောင်ကို နှစ်ဆယ့်ငါးသပြာတဲ့၊ နွားနှစ်ယောက်ဆိုတော့ ငါးဆယ်၊ ကဲ...အသပြာ ငါးဆယ်ကို ဘေးဖယ်လိုက်။ ပြီးတော့ နွားချည်း မပြီးသေးဘူး၊ ထွန်တုံးထွန်သန် လယ်လုပ်ကိရိယာဖိုးတွေက လိုသေးတယ်။ အဲဒါတွေအတွက် အနည်းဆုံး အသပြာငါးဆယ်ကုန်မယ်။ ကဲ... ကျန်တဲ့အသပြာ ငါးဆယ်ကို ဘေးဖယ်လိုက်။ ဘယ်မှာ အသပြာတစ်ရာ ရှိတော့ လို့လဲ။ ဒါဟာ နွားနဲ့ လယ်လုပ်ကိရိယာဖိုးပဲ ရှိသေးတယ်။ အိမ်တို့၊ မြေတို့၊ အိမ်ရှင်မတို့ဆိုတဲ့ ကုန်ကျမှုတွေက ဒီ့ထက် အဆရာထောင်ရှိသေးတယ်။ ဘယ်မှာလဲ မောင်ပဋ္ဌင်း ငွေတစ်ရာ"

"တပည့်တော် နားလည်ပါပြီဘုရား"

"ချစ်သား မောင်ပဋ္ဌင်း... ပစ္စည်းဟူသည် သတိမထားလျှင် တရားရှင် သူကောင်းကြီးများကိုပင် တွေဝေမှိုင်းမိစေတတ်သောကြောင့် ဤသို့ဖြစ်ရသည်မှာ သင့်အပြစ်မဟုတ်ပါ။ စင်စစ်သော်ကား တရားသတိ မရှိခဲ့လျှင် အသပြာတစ်ရာ ကိုမျှ အပထား၍ လက်ပန်းပေါက်တစ်ချက်ခတ်လျှင် တစ်ဆယ့်နှစ်ယူဇနာအရပ်၌ ခါးအတိုင်းအရှည်မျှ ရတနာမိုးကို ရွာစေနိုင်သော၊ နေထွက်ရာအရပ်ရှိ လူသတ္တဝါ မှန်သမျှကို အုပ်စိုးရသော စကြာမင်းကြီးများသော်မှ ရောင့်ရဲနိုင်မှုမရှိ၊ ဖောက်ပြန် ကြကုန်သေး၏"ဟု မိန့်တော်မူကာ မောင်ပဋ္ဌင်း တောင်းပန်သဖြင့် မန္ဓာတုစကြာ မင်း ဇာတ်တော်ကို ဟောတော်မူသည်။

"ချစ်သား မောင်ပဋ္ဌင်း...ငြိမ်းချမ်းမှု ချမ်းသာသုခဟူသည်ကား–ပစ္စည်းတွင် မရှိ။ ပစ္စည်းဟူသည် များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ ဆင်းရဲကိုသာ ဖြစ်စေနိုင် ၏။ ချမ်းသာစစ် ချမ်းသာမှန်ကို မပေးနိုင်။ သန်လျက်သွားတွင် တင်အပ်သော ပျားရည်ကဲ့သို့ ဆင်းရဲဒုက္ခဖြင့် လိမ်းကျံအပ်သောဒုက္ခကို သုခဟု ထင်မှတ်ခြင်း သည် ပညာမရှိ မသိမိုက်မှားသူတို့၏ ဝိပလ္လာသ ဖောက်ပြန်မှုသဘောမျှသာတည်း။ ထို့ကြောင့် ပညာရှိ၍ သတိမြဲသော ငါ၏ချစ်သားသည် မကောင်းမှုတွေ့လျှင် မွေ့လျော်သိမ်းပိုက်ချင်တတ်သော စိတ်အလိုသို့ မလိုက်ဘဲ မြဲသောသတိ၊ မြဲသော ပညာဖြင့် ချမ်းသာစစ်ချမ်းသာမှန်ဖြစ်သော တရားကို မပြတ်ရှုမှတ်ဆင်ခြင်ရာ၏။

www.burmeseclassic.com



တဏှာကုန်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်သည်ကား တကယ့်ချမ်းသာ တကယ့်အေးငြိမ်းမှုကိုပေးသော တရားစစ် တရားမှန်ပေတည်း”

ပါရမီအခြေခံပါ၍ ယင်းသို့ပါသည်ကိုသိ၍ပင် ငယ်စဉ်ကပင် သာသနာတော်အတွင်း ပိုးမွေးသလို မွေးမြူသိမ်းပိုက်ခံခဲ့ရသော မောင်ပဋ္ဌင်း ဦးတိဿအဖို့ ဘုရားရှင်၏ ဒေသနာတော်အဆုံးတွင် အမှောင်တံခါးကြီး ဟင်းလင်းပွင့်သွားသကဲ့သို့ တရားထူးတရားမြတ်အရှင် ဖြစ်သွားသည်။ နောက်ကျူးငေးငိုင်သော ရုပ်အသွင်မှ ကြည်လင်သန့်ရှင်းသော အသွင်သို့ ရုတ်ခြည်းပြောင်းလဲ၍ ဘုရားရှင်၏ နောက်တော်မှ ဇေတဝန်ကျောင်းဆီသို့ လိုက်ပါလာသည်။ ။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# အမေ

[ ၁ ]

ဆွမ်းကောင်းဟင်းကောင်းများ ရလာသည့်အခါ ဘုရားရှင်အား ကပ်လှူလိုသည့် သဒ္ဒါဆန္ဒရှိခဲ့ပါ၏။ သို့ရာတွင် အခွင့်မသာနိုင်ခဲ့။ အစဉ်မပြတ်ဆိုသလို ဘုရားရှင်အား ဆွမ်း၊ ကွမ်း၊ ကပ်လှူသူတို့ဖြင့်သာ ဝိုင်းဝိုင်းလည်လျက် ရှိနေတတ်သည်။

ဘုရားရှင်ကလည်း အဘယ်မျှ ကြီးကျယ်မွန်မြတ်သော ဆွမ်းအလှူကိစ္စမျိုး ရှိနေစေကာမူ မိမိအဖို့ အရေးတကြီးကိစ္စတစ်ခုအဖြစ် သဘောထားဟန်မတူ၊ ပေးလှူသူတို့ဖြင့် ပြည့်စုံနေစေကာမူ တပည့်သံဃာအများနည်းတူ ရံဖန် ကိုယ်တော်တိုင် ဆွမ်းခံထွက်၍ သင့်ရာဆွမ်းစားဇရပ် တစ်ခုခုတွင် ဆွမ်းကိစ္စပြီးစီးခဲ့သည်လည်း ရှိသည်။ တစ်စုံတစ်ယောက်အား ကယ်ချွတ်ဖို့လိုသောအခါ ခဲရာခဲစစ်နေရာများသို့ပင် ရံဖန် ဆွမ်းခံကြွတတ်သည်များလည်း ရှိသည်။ ပုံမှန်အနေအထားဖြင့် ကျောင်းတွင် ဆွမ်းစားသည့်အခါများတွင်လည်း ဘုရားရှင်ထံပါးတွင် များသောအားဖြင့် မထေရ်ကြီးတို့ ဝိုင်းရံလျက်ရှိသောကြောင့် လူငယ်ဖြစ်သော ရာဟုလာအဖို့ နောက်ပိုင်းမှသာ နေရသည်။

ယနေ့အဖို့မူ အခွင့်သာပြီဖြစ်၏။ ဆွမ်းကောင်း ဟင်းကောင်းကလည်း ပြည့်ပြည့်မောက်မောက် ရလာသည်။ ကျောင်းသို့ပြန်ရောက်သောအခါ ဂန္ဓကုဋိတိုက်တော်အဝတွင် တစ်ပါးတည်း သီတင်းသုံးလျက်ရှိသော ဘုရားရှင်အားလည်း အဆင်သင့် တွေ့ရ၏။ ဆွမ်းစားချိန်ကလည်း ရောက်နေပေပြီ။

ထို့ကြောင့် “ဒီကနေ့နံနက် တပည့်တော်ဆွမ်းကို အလှူခံတော်မူပါဘုရား”ဟု လျှောက်ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရာဟုလာတို့ ဒီနေ့ ဆွမ်းကောင်း၊ ဟင်းကောင်းတွေ ရလာပုံပေါ်သည်။ ဆွမ်းခံပြန်လည်း စောလှသည်။ ဘယ်ဒါယကာအိမ်ကများ ရလာပါလိမ့်"

"ဘွားဘွားအိမ်ကပါ ဘုရား"

ဘုရားရှင် ပြုံးတော်မူ၏။ ရာဟုလာ၏ဘွားဘွားဆိုလျှင် ဘုရားရှင်၏ မိခင် မာယာဒေဝီ၊ သို့မဟုတ် ယသော်၏မိခင်၊ သို့မဟုတ် မိထွေးတော်ဂေါတမီသာ ဖြစ်ရပေမည်ဟု သာမန်အားဖြင့် တွေးထင်ဖို့ရှိ၏။ သို့ရာတွင် မယ်တော်မာယာ၊ ယသော့မိခင်တို့လည်း နတ်ထီးစံခဲ့ပြီ။ ရာဟုလာ ဆွမ်းခံခဲ့သောနေရာမှာ ကပိလဝတ် လည်း မဟုတ်၊ မိထွေးတော် ဂေါတမီတို့ သီတင်းသုံးရာ မဟာဝုန်တောလည်း မဟုတ်၊ ရာဇဂြိုဟ်သာ ဖြစ်သည်။ သို့ဆိုလျှင် ရာဟုလာ၏ ဘွားဘွားဟူသည် အဘယ်သူပါနည်း။

ရာဟုလာက ဘွားဘွားဟုခေါ်သူကား ရှင်သာရိပုတ္တရာ၏မိခင် ရူပသာရီ ပုဏ္ဏေးမကြီးပင် ဖြစ်ပေသည်။ ရာဟုလာက သူ့အား သင်္ကန်းစည်းပေးသူ ဥပဇ္ဈာယ် ဆရာ ရှင်သာရိပုတ္တရာကို ကျေးဇူးရှင် ဖခင်ကဲ့သို့ သဘောထား၍ ရှင်သာရိပုတ္တရာ ၏ မိခင် အဘွားကြီးကို ဘွားဘွားဟုခေါ်လိုက်ခြင်း ဖြစ်ပေသည်။

"အသို့နည်း ရာဟုလာ...သင့်အဘွား ပုဏ္ဏေးမကြီးက သင်တို့နှင့် ဆန့်ကျင် ဘက် ဘာသာတစ်ပါး အယူရှိသူမဟုတ်ပါလော။ သင်တို့အား မနှစ်လိုသူက ဆွမ်းလှူသလော"

"ဘာသာတစ်ပါး အယူရှိသူ မှန်ပါသည်။ သို့သော် မနှစ်လိုသူကား မဟုတ် တန်ရာပါ။ အကြောင်းကား-တပည့်တော်တို့ ဥပဇ္ဈာယ်ဆရာ သူ့သား ဦးဆောင် သော ရဟန်းများသည် ယနေ့နံနက်တွင် ဘွားဘွားအိမ်သို့ ဆွမ်းအလှူခံ သွားကြပါ သည်။ သူ့သားကိုတွေ့သောအခါ ဘွားဘွားသည် ပါးစပ်က တဗျစ်တောက်တောက် နှင့် မြည်တွန်ဆဲဆိုသော်လည်း လက်ကမူ သူ့သားနှင့် တပည့်တော်တို့အား မွန်မြတ်သောဆွမ်းတို့ကို ချက်ချင်းစီစဉ်ပေး၍ လောင်းလှူပါသည်ဘုရား"

"အဘွားကြီးက မည်သို့မည်ပုံ ဆဲဆိုပါသလဲ ရာဟုလာ၊ ဆဲဆိုပုံကို လျှောက် ထားစမ်းပါဘိ"

"အိမ်တကာမှာ အိုးတိုခွက်မည်းနဲ့ လိုက်တောင်းစားနေရတာ မဝလို့ အိမ်ပြန် လာပြီလား၊ မိုက်တွင်းနက်တဲ့သား၊ သုံးမကုန်တဲ့ စည်းစိမ်တွေစွန့်ပစ်ပြီး ပြာပုံ ယက်တဲ့သား။ တစ်ယောက်တည်းမဟုတ်ဘူး၊ အငတ်တွေပါ စုခေါ်လာသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့များမှ ဒီမိုက်တွင်းက ထွက်လာမယ်မသိဘူး။ တစ်သက်လုံး မအေကို ဒုက္ခပေးမယ့်သား စသည်ဖြင့် ဆူပူဆဲဆိုပါသည်ဘုရား”

“ဒီတော့ သာရိပုတ္တရာက တစ်ခွန်းမှ ပြန်မပြောဘူးသား”

“မပြောပါဘုရား။ ဆွမ်းကိုသာ အလှူခံကြ၍ ပြန်ကြွလာကြပါသည်ဘုရား”

“သာဓု...သာဓု...သာဓု ရာဟုလာ...သင် အပါအဝင် သာရိပုတ္တရာအမှူးပြု သော ငါ့သားတော်များသည် သည်းခံနိုင်စွမ်းရှိကြပါပေ၏။ ယနေ့အဖို့ သာရိပုတ္တရာ သည် လျော်ကန်သောအမှုတစ်ခုကို ပြုလုပ်ခဲ့ပါပေသည်”

ထို့နောက် ရှင်ရာဟုလာက မိမိသပိတ်ကို ဘုရားရှင်သို့ကပ်လှူရန် ဟန်ပြင် လိုက်သောအခါ ဘုရားရှင်က ဂန္ဓကုဋီအတွင်းသို့ မိမိသပိတ်ကို သွားရောက်ယူရန် ညွှန်ပြသဖြင့် ယူပေးရသည်။

ယင်းသပိတ်သို့ မိမိသပိတ်မှ ဆွမ်းကို လောင်းထည့်၍ တစ်ဝက်မျှရောက် သောအခါ ဘုရားရှင်က တားမြစ်သဖြင့် ဆွမ်းတစ်ဝက်သည် ဘုရားရှင်အဖို့ ပေးလှူပြီးဖြစ်၍ ကျန်တစ်ဝက်သည် မိမိအဖို့ဖြစ်ရသည်။

[ ၅ ]

ဘုရားရှင်ပြီးလျှင် သာသနာတော်၌ ဒုတိယနေရာတွင်ရှိနေသူ ဘုရားရှင်မှ လွဲလျှင် ပညာဂုဏ်အားဖြင့် အကြီးမြင့်ဆုံးပုဂ္ဂိုလ်၊ ရာထူးအားဖြင့်လည်း လက်ယာ တော်ရံအဖြစ် အမြင့်မားဆုံးပုဂ္ဂိုလ်ပင် ဖြစ်လင့်ကစား နွံထဲက ကြာပမာ မိစ္ဆာဒိဋ္ဌိ အယူရှိသူ မိခင်ဖခင်တို့မှ ပေါက်ဖွားခဲ့ရသော အရှင်သာရိပုတ္တရာအဖို့ မပြတ်သော သတိဖြင့် ဆောင်ရွက်ရန်ရှိနေသော တာဝန်တစ်ရပ်မှာကား ကျေးဇူးရှင် မိခင်ကြီး အား မကွယ်လွန်မီ မိစ္ဆာအမှောင်တိုက်မှ ကယ်တင်ရေးကိစ္စပင် ဖြစ်ပေသည်။

မိမိနှင့် ညီ ဥပသေန၊ စုန္ဒ၊ ရေဝတ၊ ညီမ စာလာ၊ ဥပစာလာ၊ သီသုပစာလာ တည်းဟူသော ကြာပန်းခုနစ်ပွင့်သည် ဤဖခင်ကြီး ဝင်္ဂန္တနှင့် သာရီအမျိုးသမီး ကြီးတည်းဟူသော ရေကန်မှပေါက်ဖွားဖူးပွင့်လာကြသူများသာ ဖြစ်ပေသည်။ သို့ဆို လျှင် ပန်းမျိုးကောင်းတို့ ဖူးပွင့်ပေရာဖြစ်သော ဤမြေ ဤရေကန်သည် အခြေခံ ကောင်းသော မြေကောင်း၊ မြေသန့်၊ ရေကောင်း၊ ရေသန့်သာ ဖြစ်ရာ၏။

မှန်သည်။ ဒိုက် မှော် နွံညစ်တို့ ရစ်ပတ် ရှုပ်ထွေးနေသော်လည်း ရေမြေ အခြေခံမှာ ရေကောင်း၊ မြေသန့်သာ ဖြစ်ပေသည်။ ခက်သည်ကား ပတ်ဝန်းကျင်

www.burmeseclassic.com

www.burmeseclassic.com



သပ္ပုရိသုပနိဿယစက် ကင်းလွတ်နေခြင်းပေတည်း။

မိမိအဖို့ ဘဝကောင်းစားရေး စက်လေးပါးအနက် ရှေးကပြုခဲ့ဖူးသော ကောင်းမှုရှိသူများဖြစ်၍ ပုဗ္ဗေစကတပုညတာစက် ပြည့်စုံသည်လည်း မှန်ပါ၏။ ဘုရားရှင်သီတင်းသုံးတော်မူရာ ရာဇဂြိုဟ်အနီးတွင်ဖြစ်၍ ပတိရူပဒေသဝါသစက် ပြည့်စုံသည်လည်း မှန်ပါ၏။ သို့သော် မိဘနှစ်ပါးအဖို့ ရှေးရိုးအစဉ်အလာစွဲ ကြီးမားသူများ ဖြစ်ကြ၍ အကြောင်းအကျိုး ဆင်ခြင်ဆောက်တည်နိုင်မှု အတ္တသမာပဏိဓိစက်အား နည်းပါးလှသည်။ ကြောင်းကျိုးဆင်ခြင်နိုင်မှု နည်းသောအခါ လူကောင်းလူမွန်တို့နှင့် ပေါင်းစပ်မှု သပ္ပုရိသုပနိဿယစက် ချို့ရသည်။

မိမိအဖို့သာ ကိုယ်ပိုင်အားထုတ်မှုတွင် အရှင်အဿဇိတည်းဟူသော သူတော်ကောင်းနှင့် ပေါင်းမိ၍ အမြင်မှန် နေရာမှန်သို့ ရောက်ရှိခဲ့သည်။ မိမိနေရာမှန်သို့ ရောက်သောအခါ အခြေခံကောင်းပြီးသော ညီနှင့် ညီမများကို ဆွဲတင်နိုင်ခဲ့သည်။

ဖခင်ကြီးမှာ ရှေးရိုးစဉ်လာ ဗြာဟ္မဏအမြစ် တွယ်နေပြီဖြစ်၍ နွံထဲမှ ဆွဲတင်ဖို့ အကြိမ်ကြိမ် ကြံစည်အားထုတ်ကြည့်ခဲ့သော်လည်း မည်သို့မျှ မတတ်နိုင်ဘဲ ဘဝအခွင့်ထူးကို ဆုံးရှုံးသွားရှာရသူဖြစ်သည်။ မိခင်ကြီးကား ဖခင်နှင့် နီးကပ်သူဖြစ်၍ ဖခင်ဘက်သို့ အယူအတိမ်းများခဲ့သူ ဖြစ်စေကာမူ အခြေခံအတွေးအခေါ်မြေခံ ရေခံ ကောင်းသူဖြစ်သည်ကို အရှင်သာရိပုတ္တရာ သိသည်။

သို့ဖြစ်၍ မိခင်ကြီးကိုမူ တစ်နေ့နေ့ တစ်ချိန်ချိန်တွင်မူ မိစ္ဆာညွန်ထဲမှ ဆွဲတင်နိုင် စကောင်းအံ့ဟု အရှင်သာရိပုတ္တရာ မျှော်လင့်သည်။ သို့သော် စောင့်ရင်းကြည့်ရင်းဖြင့် သက်ရွယ်များ အိုမင်းခဲ့ကြကုန်ပြီ။ မိမိပင်လျှင် အိုမင်း၍ သေမင်း၏တံခါးခေါက်သံကို မပြတ်ကြားရချိန်သို့ ရောက်နေပေပြီ။ မိခင်ကြီးကား အလွန်အိုမင်း၍ အိပ်စက်ခန်းတွင်သာ နေရသည့်အချိန်သို့ပင် ရောက်နေပေပြီ။

မိမိသည် ဗုဒ္ဓသာသနာတော်သို့ ဝင်ရောက်လာသည့်အချိန်မှစ၍ မိခင်ကြီးတို့နှင့် အယူကတ္တား ခြားခဲ့လေပြီဖြစ်သော်လည်း တစ်နေ့သောအခါတွင် မိခင်ကြီးကို ကယ်ချွတ်နိုင်ဖို့အတွက် လွယ်ကူစေရန် မိခင်ကြီးအထံသို့ အခွင့်ကြုံတိုင်း ရောက်ရှိလာခဲ့သည်။ ရံဖန် တစ်ပါးတည်းလာ၍ ရံဖန် နောက်ပါတပည့်တပန်း အခြွေအရံတို့နှင့် လာသည်။

သားကြီးရောက်လာတိုင်း အယူကတ္တားခြားသူကြီး ဖြစ်သောကြောင့် မျက်နှာထားတင်းခဲ့ရသော်လည်း ဝမ်းထဲကမူ အလွန်ကြည်နူးနှစ်သိမ့်ရသည်။ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



မူကား–သူကြိုက်သည်ကို သူယူသော်လည်း ငါချစ်သလို ငါ့သားက ငါ့ကို အချစ် သားပါကလားဟု သိရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် သားဆိုးလာလေတိုင်း ပါးစပ်ကမူ အဘွားကြီးတို့ထုံးစံအတိုင်း တဗျစ်တောက်တောက် မြည်တွန်ပြောဆို သော်လည်း လက်ကမူ အိမ်တွင်ရှိသမျှ အကောင်းမှန်သမျှကို ချ၍ကျွေးသည်။ ပြုစုသည်။ သားကိုသာမဟုတ် သားနှင့်ပါလာသူ မှန်သမျှကိုလည်း ကျွေးမွေးပြုစု သည်။

အဘိုးကြီး ကွယ်လွန်သွားသည့် နောက်ပိုင်းတွင်မူ အဘွားကြီးအဖို့ တိုးတိုး ဖော်မျှ မရှိတော့သောကြောင့် သားကြီးကို ပို၍မျှော်သည်။ ဖြစ်နိုင်လျှင် သားကြီး အား အိမ်မှာပင် လာ၍နေစေ့ချင်သည်။ မဖြစ်နိုင်လျှင် နေ့စဉ်မပြတ် လာစေချင် သည်။ ဘဝအားနည်းသောအခါများ၌ ချစ်သူခင်သူများအား အနီးအပါး၌ မပြတ် ရှိနေစေလိုခြင်းမှာ လူ့သဘာဝဖြစ်သည်။

ယင်းသို့ အလွန်မျှော်ကာမှ သားကြီးဖြစ်သူက ယခုတလော အလွန်အလာ အရောက် နည်းနေခဲ့သည်။ ယင်းသို့မျှော်ခိုက်တွင်ပင် တူဖြစ်သူ ဥပရေဝတသည် အိမ်တွင်းသို့ပြေးဝင်ကာ "အဘွားရေ…အဘွားသားကြီး လာနေပြီဗျ"ဟု အမော တကော ပြောလာသည်ကို ကြားရသောကြောင့် "ဟဲ့…ဟဲ့ ဘယ်မှာလဲဟဲ့၊ နင့် အစ်ကိုကြီး၊ မြင်လည်း မမြင်ပါလား"ဟု မေးလိုက်သည်။

"ရွာအဝင်လမ်းမှာ ကျွန်တော်နဲ့တွေ့ခဲ့တာဗျ။ သူလာတဲ့အကြောင်း အဘွားဆီ သွားပြောချည်ဆိုလို့ ပြေးလာခဲ့ရတာ"

"ဒီကောင်ကြီးက ဘယ်လိုဖြစ်လာရပြန်တာတုံး။ လာနေကျပဲဟာကို ကိုယ့်အိမ် ကိုယ်လာတာများ အပြောခိုင်းနေရသေးသတဲ့လား"

"မဟုတ်ဘူး ဘွားဘွားရဲ့၊ ဒီတစ်ခါ အစ်ကိုကြီးကို ကြည့်ရတာ သိပ်ကျန်းမာပုံ မရဘူး။ ဘေးကအစ်ကိုစုန္ဒနဲ့ သူ့တပည့်တွေက ဖေးပြီးခေါ်လာတာကို တွေ့ရတယ်"

"ဟေ…ဟုတ်ရဲ့လား။ ဒီလိုဆိုရင် သူနေသွားတဲ့အိပ်ခန်းကို မြန်မြန်ပြင်စမ်း ဟဲ့။ အင်း…သားကြီး…သားဆိုးကြီး။ ခလုတ်ထိလို့ အမိတလာပြီပေါ့လေ"

မှန်လှပေ၏။ ဖြစ်ပေါ်လျက်ရှိသော သွေးသွန်ဝေဒနာကို ထိန်းချုပ်ကာ အရှင်ရာဟုလာနှင့် အရှင်စုန္ဒ တပည့်နှစ်ပါးက တစ်ဖက်တစ်ချက်တွင် တွဲယူဖေးမ ရင်း ယဲ့ယဲ့မျှသော ကိုယ်ဟန်ဖြင့် အိမ်တွင်းသို့ ဝင်ရောက်လာသော အရှင်သာရိ ပုတ္တရာကို အဘွားကြီးကိုယ်တိုင် ဖေးမကြိုဆို၍ အိပ်ခန်းတွင်းသို့ ပို့ဆောင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာရှင် သားကြီးကိုတွေ့ရ၍ စိတ်မကောင်းသော်လည်း တစ်ဖက်ကမူ ဝမ်းသာသည်။ အကြောင်းမူကား ဤတစ်ကြိမ် သားကြီးရောက်လာပုံမှာ သူ့ထံတွင် သားကြီး ကြာကြာနေတော့မည်ကို သိရသည့်အပြင် နှစ်,လများစွာ ကိုယ်ထိလက်ရောက် အပြုအစုကင်းကွာနေခဲ့သော သားကြီးကို ကိုယ်ဖိရင်ဖိ ပြုစုရတော့မည်ကြောင့် ဖြစ်သည်။ ပါးစပ်ကမူ "အင်း…အမေကို ပုန်ကန်သွားတဲ့သား၊ အခုတော့ ခလုတ်ထိလို့ အမိတလာပြီမဟုတ်လား၊ အခုလို နေမကောင်း ထိုင်မသာရှိတော့ ဘယ်သူက ပြုစုမှာတဲ့တုံး။ အမေ့ရင်ခွင်ကိုပဲ ဝင်လာရပြီမဟုတ်လား"ဟု ပြောလိုက်ချေသေးသည်။

သို့ရာတွင် အမေ့ထံသို့ ဤတစ်ညမျှသာ နောက်ဆုံးရောက်လာခြင်းဖြစ်သည်ကိုတော့ အဘွားကြီး မသိရှာပါချေ။

[ ၃ ]

မိခင်ကြီးကို ကယ်ချွတ်ရန် အချိန်ကိုစောင့်ရင်း တစ်နေ့တခြား အိုမင်းရင့်ရော်၍လာသော မိခင်ကြီး၏ အသက်နှင့် မိမိအသက်ကို တန်ခိုးတော်ဖြင့် ဆင်ခြင်သုံးသပ်ကြည့်သောအခါ မိခင်ကြီး၏အသက်ထက် မိမိအသက်က ပို၍အရေးကြီးလာကြောင်း တွေ့ရှိရသည်။ သာမန်အရေးကြီးရုံမျှမဟုတ်။ နောက်နေ့ အရုဏ်မတက်မီပင် ပရိနိဗ္ဗာန်စံဝင်ရတော့မည်ဖြစ်ကြောင်း သိရှိလာရခြင်းဖြစ်၏။

တစ်နည်းသိလိုက်ရသည့်အချက်မှာလည်း ဗုဒ္ဓဝင်အစဉ်အလာအားဖြင့် အဂ္ဂသာဝကတို့သည် ဘုရားရှင်ထက် အရင်ပင် ပရိနိဗ္ဗာန်ပြုကြကြောင်း သိရှိလာရသည်။ ယင်းသို့ သိရှိသောကြောင့် ဝမ်းမြောက်ရသည်။

အကြောင်းမူကား–ဘဝတစ်ခု၏ ပန်းတုံးတိုင်ဖြစ်သော သေခြင်း၊ သို့မဟုတ် ဇာတိ၏အဆုံးဖြစ်သော မရဏ၊ သို့မဟုတ် ဘုရား ရဟန္တာတို့၏ ပရိနိဗ္ဗာန်ဟူသည် လူသာမန်တို့အဖို့ အလိုမရှိအပ်၊ အလိုမရှိချင်သော ဝမ်းနည်းဖွယ်ရာ ဖြစ်သော်လည်း ဘဝဇာတ်သိမ်း၍ အငြိမ်းကြီး ငြိမ်းရတော့မည့် အရိယာတို့အဖို့မူ ဝမ်းမြောက်ဖွယ်ရာသာ ဖြစ်သည်။

အရိယာဟူသည် အသက်ထင်ရှားရှိစဉ်တွင် ဘဝနှင့်အတူ ငြိမ်းခြင်းဖြစ်၍ အသက်မရှိတော့လျှင် ဒုက္ခခပ်သိမ်း ကင်းငြိမ်းတော့သည်။ ဤသည်ကား အရိယာတို့ တောင့်တအပ်သော အမြင့်ဆုံး အငြိမ်းဓာတ် နိဗ္ဗာန်ဖြစ်၏။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သေခြင်းဟူသည်ကို လူသာမန်တို့ ရွံ့ကြောက်သော်လည်း အရိယာတို့အဖို့ကား လုပ်သားသည် မိမိ၏လုပ်ခကို မပြတ် မျှော်လင့်တောင့်တသကဲ့သို့ မျှော်လင့်တောင့်တနေမြဲဖြစ်သည်။ သေဖို့ တမင်မကြိုးစားသော်လည်း သေခွင့်ကြုံလာလျှင်ကား ဝမ်းမြောက်မြဲဖြစ်သည်။

ထို့ကြောင့် မိမိသက်တမ်းကို ဆင်ခြင်မိ၍ တစ်ရက်ပြည့်အောင်မျှ မကျန်တော့သော မိမိ၏ မီးစာကုန်ဆီခန်း အသက်တမ်းကို သိရှိရသောအခါ ဝမ်းမြောက်ခြင်းဖြစ်သည်။

သို့ရာတွင် မိမိမှာ ကျေးဇူးရှင် မိခင်ကြီးကို နို့ဖိုးဆပ်လို၊ ကယ်ချွတ်လိုသည့် တာဝန်တစ်ရပ် ကျန်ရှိနေပေသေး၏။ ယင်းတာဝန်ကို မိမိ နောက်ဆုံးအချိန်ကလေးဖြင့်လည်းကောင်း၊ ငါးကြင်းဆီဖြင့် ငါးကြင်းကို ကြော်သကဲ့သို့လည်းကောင်း အသုံးပြုရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် မိမိ၏ဘဝ ရွှေတောင်ကြီးရှိရာ ဂန္ဓကုဋီတိုက်တော် ဘုရားရှင်အထံသို့သွား၍ "တပည့်တော် နက်ဖြန်နံနက် အရုဏ်မတက်မီ ပရိနိဗ္ဗာန်ပြုပါတော့မည်။ ခွင့်ပြုတော်မူပါဘုရား"ဟု လျှောက်ထားလိုက်သောအခါ ဘုရားရှင်အနီးတွင် ခြံရံလျက်ရှိသော ရဟန်းများအနက် အရိယာတို့အဖို့ ဘဝဇာတ်မဆုံးသေးသမျှ ရှင်ခြင်း၊ သေခြင်း၊ သို့မဟုတ် ပြုပြင်မှုသင်္ခါရဓမ္မဟူသည်ကို မပြတ်ရှုမှတ် အောင်နိုင်ပြီးသူများဖြစ်သောကြောင့် ဓမ္မသံဝေဂရရုံမှတစ်ပါး အကြောင်းမထူးလှသော်လည်း ပုထုဇဉ်ရဟန်းတို့အဖို့မူ ဘုရားရှင်ထံမှလွဲလျှင် ကြီးမြတ်လှသော ရွှေတောင်တစ်ဆူ ကွဲပြိုပေတော့မည်တကားဟု သိရသောကြောင့် တုန်လှုပ်ကုန်ကြသည်။

ဘုရားရှင်က "သာရိပုတ္တရာ...သင် ဘယ်မှာပရိနိဗ္ဗာန်ပြုမည်နည်း"ဟု မေးလိုက်သောအခါ ရှင်သာရိပုတ္တရာက ဦးငုံ့ဝပ်တွားနေရာမှ ဘုရားရှင်မျက်နှာတော်သို့ ရွှန်းရွှန်းစားစား ဖူးမြော်ရင်း "မိခင်ကြီးအိမ်တွင် ပြုပါမည်ဘုရား"ဟု လျှောက်ထားသည်။ ဘုရားရှင်ကလည်း အရှင်သာရိပုတ္တရာကို ရွှန်းရွှန်းစားစားပင်ကြည့်၍ "သင့်လျော်ပေစွ သာရိပုတ္တရာ"ဟု မိန့်ကြားတော်မူသည်။

ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာတို့ တစ်ဦးနှင့်တစ်ဦး ယင်းသို့ ရွှန်းရွှန်းစားစား ကြည့်လိုက်ကြခြင်းသည် ကြီးစွာသောအဓိပ္ပာယ်ကို ဆောင်၏။ ဘုရားရှင်အား ရှေးအခါက အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ရှုကြည့် ဖူးမြော်ခဲ့ဖူးပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကြည်ညိုကြည့်များသာဖြစ်၍ ယခုအကြိမ်သည်ကား နောင်တွင် ဖူးမြော်ရှုကြည့်ခွင့် ကြုံရမည်မဟုတ်သော နှုတ်ဆက်ကြည့်ဖြစ်သည်။ ဘုရားရှင်ကလည်း ဘဝပေါင်းများစွာ မိမိနှင့် ပါရမီဖြည့်ဘက် ကျေးဇူးရှင် ယာလက်ရုံးတပည့်ကြီးအား နောက်ဆုံးခွဲခွာကြရတော့မည်ကြောင့် နှုတ်ဆက်ကြည့် ကြည့်ခြင်းဖြစ်သည်။

ထို့နောက် ဘုရားရှင်က "သာရိပုတ္တရာ...သင့်လိုပုဂ္ဂိုလ်မျိုးကို ရဟန်းများအဖို့ နောင်တစ်ကြိမ် ဖူးတွေ့နိုင်ဖို့မရှိပြီ။ ထို့ကြောင့် ရဟန်းများအားလည်း နှုတ်ဆက်သည့်အနေဖြင့် တန်ခိုးပြပါဦးလော့။ တရားဟောပါဦးလော့"ဟု မိန့်ကြားလိုက်သောအခါ အရှင်သာရိပုတ္တရာက ခွင့်ပြုတော်မူချက်အရ ဘုရားရှင်ရှေ့တော်တွင်ပင် တန်ခိုးမျိုးစုံပြပြီးနောက် ရဟန်းများကို တရားဟောသည်။

ထို့နောက်တွင်ကား ဘုရားရှင်က နေရာတော်မှထကာ အရှင်သာရိပုတ္တရာ၏ လက်ကိုဆွဲကိုင်၍ ကျောင်းတော်အဝထိ လိုက်ပို့သည်။ ရဟန်းအားလုံး နောက်တော်က ပါလာကြသည်။ ပုထုဇဉ်ရဟန်းတို့၏ ခပ်အုပ်အုပ် ငိုကြွေးသံများကို ကြားရသည်။

ကျောင်းတော်ဝသို့ ရောက်သောအခါ ဘုရားရှင်၏ အမိန့်အရ ဇေတဝန်သံဃာကုန် လိုက်ပါပို့ဆောင်ကြသည်။ အရှင်သာရိပုတ္တရာက ဘုရားရှင်အားရှိခိုးမပျက် ဘုရားရှင်ကို မမြင်ရတော့သည့်နေရာအထိ နောက်ပြန်လျှောက်ရင်း ဇေတဝန်မှ ထွက်ခွာသည်။ ထိုအချိန်၌မူ ရဟန်းများသာမက တစ်ဆင့်စကားလှုပ်ရှားမှုဖြင့် နီးစပ်ရာ သာဝတ္ထိဒါယကာ,ဒါယိကာမတို့လည်း အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုတော်မူမည့် သတင်းကို ကြားသိကုန်ကြပြီဖြစ်ရာ ရဟန်းရော လူပါ ပူဆွေးစွာဖြင့် လိုက်ပါပို့ဆောင်ကြသည်။

မြို့တံခါးသို့ ရောက်သောအခါ အရှင်သာရိပုတ္တရာက လက်ရင်းတပည့်များကိုသာချန်၍ အားလုံးကို တရားချ၍ ပြန်လွှတ်လိုက်သည်။ ညီရင်း စုန္ဒမထေရ်နှင့် အရှင်အနုရုဒ္ဓါ၊ ရှင်ရာဟုလာတို့ အပါအဝင် လက်ရင်းတပည့်များကား တစ်ညဉ့်လုံး မအိပ်ဘဲ အရှင်သာရိပုတ္တရာအား လိုအပ်သမျှ စောင့်ရှောက်ဖေးမကြမည့်သူများ ဖြစ်၏။ ရာဇဂြိုဟ်အနီးသို့ရောက်၍ ဥပတိဿရွာအဝတွင် တူတော်သူ ဥပရေဝတကို အဆင်သင့်တွေ့၍ မိမိတို့လာရောက်သည့်အကြောင်း မိခင်ကြီးထံ ကြိုတင်အကြောင်းကြားခိုင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

မိခင်ကြီးအိမ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် အိပ်ရာစက်ခန်းသို့ တန်း၍ ဝင်ကာ ဆိုက်ရောက်လာသော ဝေဒနာကို သတိဖြင့်ထိန်းချုပ်ရင်း လဲလျောင်း၍ နေသည်။ မိမိအသက်ကို ဖြတ်အံ့သော ဝေဒနာသည် ဆိုက်ရောက်လာပြီဖြစ်၏။ ဝမ်းသွေးသွန်ဝေဒနာပင် ဖြစ်သည်။

တပည့်ကြီးနှစ်ပါးက အနီးကပ်ပြုစုကြ၏။ တစ်ပါးမှာ ညီရင်း စုန္ဒမထေရ် ဖြစ်၍ နောက်တစ်ပါးမှာ ချစ်စွာသော သားတော်ရာဟုလာမထေရ်ပင် ဖြစ်သည်။ အရှင်သာရိပုတ္တရာ ဝမ်းသွေးသွန်သည့်အခါ နှစ်ပါးစလုံး အရှင်သာရိပုတ္တရာ၏ နံဘေးတစ်ဖက်တစ်ချက်မှ ဖေးမကူညီ၍ အညစ်အကြေးအိုးကို တစ်လှည့်စီ အပြင်သို့ ယူဆောင်၍ပစ်သည်။

အရှင်စုန္ဒကား–လူနာပြုစုရာ၌ စေတနာအပြည့်အလျှံဖြင့် တာဝန်ကျေပွန်လွန်းသောကြောင့် နာမည်ကျော်ဖြစ်၏။ ရဟန်းတစ်ပါး မမာမကျန်းဖြစ်သည်ကြားလျှင် အရှင်စုန္ဒ ရောက်လာသည်သာဖြစ်၏။ တစ်ချိန်က ဘုရားရှင်မကျန်းမမာတော်မူသည်ကိုပင် အနီးကပ်ပြုစုခွင့်ရခဲ့သူ ဖြစ်သည်။

အရှင်ရာဟုလာကား–ဘုရားရှင်မှစ၍ အရှင်ကောင်းတို့၏ ဝတ္တရားကို ကျိုးနွံဖြည့်ကျင့်ရာ၌ နာမည်ကျော်ဖြစ်၏။ ဘုရားရှင်၏ သားရင်းဖြစ်သော်ကောဟု အမှတ်မဲ့မနေရ။ ဆရာဝတ် တပည့်ဝတ် ရဟန်းသိက္ခာဖြည့်ကျင့်မှု၌ ရဟန်းဖြစ်စေ ခုနစ်နှစ်သားဘဝကပင် ကျော်ကြားခဲ့သူဖြစ်၏။ ဖခင်၏ ခန္တီစာတ်၊ မေတ္တာစာတ်၊ နိဝါတစာတ် အမွေရခဲ့သူဟု အသိအမှတ်ပြုကြရသူဖြစ်၏။ သူ့ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာ၏ ကိစ္စဆိုသော် အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

သားကြီးဝေဒနာကို မြင်နေရသော အဘွားကြီးအဖို့ အသွင်မတူ ရဟန်းဖြစ်နေ၍လည်းတစ်ချက်၊ ဘာသာမတူ အယူခြားနေ၍လည်း တစ်ချက်၊ ကိုယ်ဖိရင်ဖိ ပြုစုသူများရှိနေ၍ တစ်ကြောင်းကြောင့် ပွေ့ပိုက်ဖေးမ ပြုစုလိုလှသော်လည်း အခွင့်မသာ၍ သားကြီးကို မပြတ်လှမ်းမျှော် ကြည့်ရှုခြင်းဖြင့်သာ အိပ်ခန်းဆောင် အဝတွင် ထိုင်တော့မလို ထတော့မလို ကျမျက်ရည်တစမ်းစမ်းဖြင့် အဘွားကြီး ပီပီ ပါးစပ်မှလည်း တဗျစ်တောက်တောက် ပြောဆိုရင်း တလှုပ်လှုပ်တရွရွ ဖြစ်နေလျက်သာ ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူအကြီးဆုံး၊ သားကြီးသြရသမို့ သူ့ကိုအချစ်ဆုံး၊ သူအမိုက်ဆုံး။ မိဘနှစ်ပါးကို ပုန်ကန်တယ်၊ တစ်အိမ်လုံးကို မွှေနှောက်ပစ်တယ်။ သုံးမကုန်အောင် စည်းစိမ်တွေရှိနေပါလျက်နဲ့ သူတောင်းစားဘဝကို မက်မောတယ်။ အခုတော့ အမေ့ရင်ခွင် ရောက်လာတာပဲမဟုတ်လား။ အဘိုးကြီးရေ၊ ရှင့်သားကြီး အိမ်ပြန်ရောက်လာပြီတော့၊ လာကြည့်လှည့်ပါဦး"

သားဓောကြောင့် အထဲဝင် အပြင်ထွက် ဂနာမငြိမ် လှုပ်ရှားလျက်ရှိသော အဘွားကြီးကို အခြံအရံရဟန်းများက ဂရုမထား။ အရှင်သာရိပုတ္တရာ ဝန်းကျင်ပြင်ပတွင် ကိုယ်စီထိုင်ရင်း ရုပ်နာမ်နှင့်မကင်းသေးသမျှ မုချဆတ်ဆတ် တွေ့ကြုံခံစားကြရမည်ဖြစ်သော မရဏသဘော ဗျာဓိသဘောကိုသာ ရှုမှတ်ဆင်ခြင်နေကြသည်။ သို့နှင့် ညဥ့်နက်ပိုင်းသို့ တဖြည်းဖြည်း ဝင်ရောက်လာချိန်တွင် ရှေးကတစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူးခဲ့သော အံ့ဖွယ်ရာ ပုဂ္ဂိုလ်ကြီးလေးဦး အခန်းတွင်းသို့ ရောက်ရှိလာသည်ကို တွေ့ရသောကြောင့် အဘွားကြီး အံ့အားသင့်စွာဖြင့် ရှုကြည့်လျက်ရှိသည်။

သူတို့ကိုယ်စီ ဝင်းထိန်လျက်ရှိသကဲ့သို့ တစ်ခန်းလုံးသည်လည်း သူတို့ရောက်သောအခါ ထွန်းထားသောဆီမီးရောင်များပျောက်၍ သူတို့ကိုယ်ရောင်ဖြင့် ဝင်းထိန်လျက်ရှိသည်။ သူတို့ဝင်ရောက်လာကြပြီး အရှင်သာရိပုတ္တရာဝန်းကျင်တွင် ရှိခိုးဝိုင်းရံလျက်ရှိနေကြသည်။ အိပ်ရာထက်တွင် မှေးစက်လျက်ရှိသော အရှင်သာရိပုတ္တရာက မျက်လုံးကိုဖွင့်၍ သူတို့ကိုမေး၏။

"ဘယ်သူများတုံး ဒါယကာတို့"

"စတုမဟာရာဇ်နတ်များပါ။ အရှင်မြတ်ကို ပြုစုလုပ်ကျွေးရန် လာရောက်ကြပါသည်"

"ပြုစုမည့်သူရှိနေပါပြီ။ သည်းခံကြပါလော့"

အရှင်သာရိပုတ္တရာက ငြင်းပယ်လိုက်သောကြောင့် ရုတ်ခြည်းရောက်ကြသကဲ့သို့ ရုတ်ခြည်းပျောက်သွားသည်။ အရှင်စုန္ဒ၊ အရှင်ရာဟုလာ စသော မထေရ်တို့အဖို့ ဘုရားရှင်အထံသို့ မပြတ်လိုလို ဆည်းကပ်လာလေ့ရှိသော နတ်ဗြဟ္မာများကို တွေ့ခဲ့ရဖူးပြီဖြစ်၍ ယခုတွေ့ရသည်မှာ အဆန်းမဟုတ်တော့။ ဆန်းနေသူမှာ အဘွားကြီးပင်ဖြစ်သည်။ နတ်ရယ်၊ ဗြဟ္မာရယ်ဟု ကြားဖူးသော်လည်း မမြင်ဖူး၍ ဆန်းလှသည်။ တဝိုးဝိုး တဝင်းဝင်းနှင့် ထူးခြားလှသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့သားနှင့် စကားပြောနေသယောင်လည်း ကြားလိုက်ရသည်။ သားကြီးနှင့် စကားလည်းပြောလိုသည်။ သိလည်းသိချင်လှသည်။ ထို့ကြောင့် သားကြီးအနီးသို့ ချဉ်းကပ်လာကာ "ဘယ်သူတွေများတုံး သားရဲ့။ တဝင်းဝင်း တပြောင်ပြောင်နဲ့ ထူးခြားလှချည့်လား"ဟု မေးလိုက်သည်။

"စတုမဟာရာဇ် နတ်လေးပါးပါ ဒါယိကာမကြီး"

"အလို...စတုမဟာရာဇ်နတ်ကြီး လေးပါးတဲ့လား၊ ကြားတော့ ကြားဖူးပါရဲ့၊ တစ်ခါမှမမြင်ဖူးလို့။ ဟုတ်ပေမှာပဲ၊ ဟုတ်ပေမှာပဲ၊ အနို့ သူတို့က ဘာကိစ္စ ရောက်လာကြတာတဲ့လဲ"

"သားကို လူနာပြုစုကြမလို့တဲ့ ဒါယိကာမကြီး"

"အလိုလေးတော်...တကယ်အံ့ဩစရာကြီးပါလား၊ ငါ့သားကို နတ်ကြီးများ ကတောင် သူနာပြုကြမလို့တဲ့လား"

"မှန်ပါတယ်"

"ဒီလိုဆိုတော့ ငါ့သားကြီးက နတ်ကြီးလေးပါးထက်တောင် ကြီးမြတ်နေလို့ ဟာလား"

မိမိက ကြီးမြတ်ပါသည်ဟု အတ္တုက္ကံသနစကား မဝင့်ကြွားလို။ ထို့ကြောင့် "အဆန်းမဟုတ်ပါ မိခင်။ သားတို့ကျေးဇူးတော်အရှင် ဘုရားရှင် ပဋိသန္ဓေယူသည့် အချိန်ကစပြီး ဖွားတော်မူသည်အထိ မပြတ်စောင့်ကြပ် ပေးခဲ့ရသူများပါ။ ဗုဒ္ဓ သာသာနတော်ကိုလည်း မပြတ်စောင့်ကြပ်နေသူများ ဖြစ်ကြပါသည်"ဟု သွယ်ဝိုက်၍ မိန့်ကြားလိုက်သည်။

ငါးကြင်းဆီဖြင့် ငါးကြင်းသားကို စတင်ကြော်ပြီဖြစ်၏။ မိခင်ကြီးတို့ အလေးထားသော နတ်ကိစ္စပါလာပြီဖြစ်၍ မိခင်ကြီးစိတ်ဓာတ် နူးညံ့ပျော့ပျောင်းလာပြီကို အရှင်သာရိပုတ္တရာသိသည်။ ထို့ကြောင့် မိမိအလိုသို့ အလိုက်သင့်ပါလာရန်အတွက် ငါးစာဖြင့်မျှားသော နည်းပရိယာယ်ကဲ့သို့ မိခင်ကြီး ပျော့ပျောင်းလာစေရန် "မိခင်" ဟု ခေါ်သည်။ "သား"ဟု သုံးသည်။

အဘွားကြီး အံ့အားသင့်ခိုက် ပြောတွင်းဆိုတွင်းမှာ ဝိုးဝိုးဝင်းဝင်း ဒါယကာ တစ်ဦး အနီးသို့ရောက်လာပြန်၍ ပင်ကိုစွဲအရှိန်ကြောင့် အဘွားကြီး လန့်ဖျပ်၍ ဝင်သွားကာ နောက်သို့ ယို့ဆုတ်ပေးလိုက်ရသည်။ ယခင်လေးယောက်ထက် ယခု တစ်ယောက်တည်းက ပို၍ လင်းထိန်နေသည်ကိုလည်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူများပါလိမ့်"

"သိကြားမင်းပါဘုရား၊ အရှင်မြတ်ကိုပြုစုရန်အတွက် လာရောက်ပါသည်"

"သည်းခံလော့ ဒါယကာသိကြားမင်း၊ ပြုစုမည့်သူတို့ ရှိနေပါပြီ"

ကွယ်ပျောက်သွားသည်။ သည်တစ်ခါတော့ အဘွားကြီး အနီးကပ်မြင်လိုက်ရကြားလိုက်ရသည်။

"အလို...သိကြားမင်းဆိုပါကလား။ သိကြားမင်းဆိုတာ တာဝတိံသာ နတ်ရွာခြောက်ထပ်ကို စိုးပိုင်တဲ့သူပါ။ ငါ့သားက သိကြားမင်းထက်တောင် ကြီးမြတ်တယ်ဆိုပါတော့"

"နတ်ရွာခြောက်ဆိုင် စိုးပိုင်သူမှန်ပေသည် မိခင်။ သို့ရာတွင် သိကြားမင်းသည် ငါတို့ဘုရားရှင် တာဝတိံသာမှ ကြွချီစဉ်က နောက်တော်ပါးမှ သာမဏေကလေးသဖွယ် သပိတ်၊ သင်္ကန်းကိုကိုင်၍ လိုက်ပါသူဖြစ်ပါသည်။

သည်တစ်ကြိမ်တွင်တော့ အဘွားကြီး မအံ့သြနိုင်တော့ပေ။ အံ့သြစရာတွေထပ်နေပြီ။ ထို့ကြောင့် ကိုယ်ကြားမျက်မြင်တွင် စဉ်းစားခန်းဝင်လာသည်။ မိခင်မေတ္တာဖြင့် ဘယ်တုန်းကမှ ကြီးမြင့်သည်ဟု မထင်မိခဲ့သော သားကြီး၏ မေးမှိန်နေသော မျက်နှာကို ရွှန်းရွှန်းစားစားကြည့်သည်။ ပီတိဖြာသည်။

ထိုအခိုက် နောက်တစ်ယောက် ဆိုက်ရောက်လာပြန်သည်။ ရောက်လာပုံမှာယခင်ကထက် ဆန်း၏။

ထိုညဉ့်ကား တန်ဆောင်မုန်းလပြည့်ညဉ့် ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ညဉ့်ဟူသည် နက္ခတ်စုံ၍ ကောင်းကင်တွင် လလုံးကြီးဝန်းကျင်၌ နက္ခတ်ပန်းဆိုင်းတို့ အစီအရီသီးသော ညဉ့်ဖြစ်သည်။

ရှေးဦးစွာကား ယင်းနက္ခတ်ပန်းခိုင်တို့မှ ကြယ်လုံးကြယ်ပွင့်ကလေးများသည် တစ်ပွင့်ပြီးတစ်ပွင့်၊ တစ်လုံးပြီးတစ်လုံး အရှင်သာရိပုတ္တရာ၏ ခန်းဆောင်သို့ ကြွေလွင့်ကျရောက်လာသကဲ့သို့ ဝိုးခနဲ ဝင်းခနဲ ဆိုက်ရောက်လာကြသည်။ အရောင်တွေ ဖြတ်သန်းကူးယှက်သည်။ ထို့နောက်တွင်မှ လလုံးကြီးကိုယ်တိုင်ပင် ဘွားခနဲဆိုက်ရောက်လာသကဲ့သို့ ယခင်အရောင်များနှင့် မနှိုင်းယှဉ်နိုင်သော အရောင်ကြီးဖြစ်ပေါ်လာသည်။ လင်းထိန်သော်လည်း မီးရောင်နေရောင်တို့ကဲ့သို့ မပူလောင်မကျိန်းစပ် အေးမြသည်။

ယင်းအရောင်အလင်းကြီး၏ အလယ်တွင် လူပုံဟန်ဖြင့် ဝိုးဝါးသဏ္ဌာန်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ရသည်။ အရှင်သာရိပုတ္တရာကို ဦးခိုက်လျက်ရှိသည်။ ယခင် နတ်ကြီးများနှင့် သိကြားကဲ့သို့ပင် မိမိသားနှင့် စကားအနည်းငယ်ပြောဆိုပြီးနောက် ပျောက်ကွယ်သွားပြန်သည်။ ရောက်လာပုံ ယခင်ထက်ထူးဆန်း၍ ယခင်ထက်ထူးခြားသော အလင်းရောင်တွင် အာရုံသက်ဝင်နေလိုက်မိသောကြောင့် မည်သည့်စကားပြောဆိုကြသည်ကိုပင် အဘွားကြီး သတိမပြုလိုက်မိ။

"အဲဒါကကော ဘယ်သူများတုံး ငါ့သား၊ အရောင်အဆင်းတွေက ဝင်းလှချည့်လား"

"အခြားသူ မဟုတ်ပါ။ မိခင်တို့ ဘုရားအဖြစ်ကိုးကွယ်သော ဗြဟ္မာကြီးပင်ဖြစ်ပါတော့သည်။ သူလည်း ပြုစုရန်လာရောက်သည်ကို ငြင်းပယ်လိုက်ရပါသည်"

"အလိုလေး လေး၊ ဗြဟ္မာကြီးတဲ့လား။ သူ့ထက်တောင် ငါ့သားကပဲ ကြီးမြတ်သလား"

"အဲဒီ ဗြဟ္မာကြီးလေးယောက်ဟာ ဘုရားရှင် ဖွားမြင်တော်မူစဉ်က ရွှေဇာနား ကတ္တီပါတဘက်ဖြင့် ခံယူစောင့်ရှောက်ခဲ့သူများပါ။ အဲဒီ သိကြား ဗြဟ္မာနတ်ဒေဝါတွေဆိုတာဟာ ဗုဒ္ဓသာသနာတော်မှာ သာမဏောကပွဲယ အစောင့်အရှောက်အဆင့်မျှသာ ရှိပါတယ် ဒါယိကာမကြီး"

"ဖြစ်မှ ဖြစ်ရပါလေ ငါ့သားရယ်၊ အဲဒီအကြောင်းတွေကို စောစောက ဘာဖြစ်လို့ အမေ့ကို အသိမပေးခဲ့ရတာလဲ။ အခု အရွယ်လွန် သေချိန်နီးမှပဲ သိရပါပေါ့ကလား။ တကယ်ဆိုတော့ အမေတို့ကသာ တစ်သက်လုံးမိုက်မဲတာ၊ ငါ့သားက လူလိမ္မာကြီးပါကလား။ ကဲ...ကဲ ဒီအချိန်ကစပြီး ငါ့သားရဲ့ ဘုရားရှင်ကိုရော ငါ့သားကိုရော အမေကိုးကွယ်ပါပြီ။ ကျန်းမာအောင်သာ ကြိုးစားပေတော့။ ငါ့သား ကျန်းမာလာတဲ့အခါ အမေ ရှိသမျှစည်းစိမ်ကို ပုံ၍လှူပါတော့မည်"

အဘွားကြီးက ကြီးစွာသောနောင်တဖြင့် တုန်တုန်ယင်ယင် လှိုက်လှဲစွာပြောရင်း သူ့သားသို့ လက်အုပ်ချီသည်။ လက်အုပ်ချီရာမှ ထိုင်၍ အထပ်ထပ်အကြိမ်ကြိမ် ကန်တော့သည်။ ဤနေရာတွင် အရှင်သာရိပုတ္တရာက မိခင်ကြီးအား ဘုရားရှင်၏ ဂုဏ်တော်ကိုးထွေနှင့် အသရေအမျိုးမျိုးကို ဖွင့်ဆိုဟောကြားလိုက်သောအခါ အဘွားကြီး မတုန်မလှုပ် နာယူရင်းဖြင့် သောတာပန်စခန်းသို့ တစ်ထိုင်တည်း တက်လှမ်းသွားသည်။

ကိစ္စပြီးပြီ၊ နို့ဖိုးကျေပြီဖြစ်၏။ အိပ်ရာထက်တွင် လက်ဝဲဘက်သို့ စောင်း၍

www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးအား တရားဟော ကယ်ချွတ်ရာမှ ပြီးဆုံးသောအခါ အရှင်သာရိပုတ္တရာက သက်န်းကြီးကို မျက်နှာအုပ်သည်အထိ ဆွဲခြုံ၍ လက်ယာဘက်သို့ စောင်းကာ ဆိတ်ငြိမ်သွား၏။

ဝေဒနာနှင့် တရားဟောသောကြောင့် သားကြီး ပင်ပန်းကာ အိပ်မောကျသွားပြီဟု အဘွားကြီးထင်သည်၊ မဟုတ်ပါလေ။ မိမိ၏သာသနာအကျိုး နောက်ဆုံးတာဝန်ကို ထမ်းဆောင်ပြီးအချိန်တွင် ကင်းပြတ်တော့အံ့ဆဲဆဲ အသက်ဓာတ်ကလေးအား နိဗ္ဗာန်သမာပတ်ဖြင့် ရစ်ပတ်ရှုမှတ်နေခြင်းသာ ဖြစ်ပေ၏။ သို့နှင့် ဘုရားရှင်၏ သားတော်များသည် ပုံစံမျိုးစုံဖြင့် ပရိနိဗ္ဗာန်ဝင်ခဲ့ကြရာက အရှင်သာရိပုတ္တရာမထေရ်ကား မိခင်၏ စက်ခန်းတွင် ညင်သာစွာ လဲလျောင်းရင်း ပရိနိဗ္ဗာန်စံဝင်တော်မူသည်။

အဘွားကြီးကား မတုန်မလှုပ် ကန်တော့နေဆဲဖြစ်သည်။ တစ်သက်လုံး မိုက်မှားမိခဲ့သည်ကို အတိုးချ၍ အာရုံယူနေဟန်တူသည်။ အရှင်စုန္ဒနှင့် အရှင်ရာဟုလာတို့က အရှင်သာရိပုတ္တရာ၏ တစ်ဖက်တစ်ချက်တွင် ရပ်လျက်ရှိကြသည်။

အတန်ကြာ အရုဏ်တက်ခါနီးမှ သားကြီးအိပ်ပုံမှာ ငြိမ်သက်လွန်းလှသောကြောင့် မသင်္ကာသဖြင့် ခြေဖျားကို ညင်သာစွာစမ်း၍ ကြည့်လိုက်သောအခါ အေးစက်နေသည်ကို ထိတွေ့ရသောကြောင့် အဘွားကြီး တုန်လှုပ်သွားသည်။

"အိပ်နေတာမှ ဟုတ်ပါစ အရှင်ကောင်းတို့"

"ပရိနိဗ္ဗာန်ပြုပါလေပြီ ဒါယိကာမကြီး"

အရှင်ရာဟုလာက မိန့်ကြားအပြီးတွင် "အမယ်လေး...အလာကောင်းပေမယ့် အချိန်နှောင်းလှချည့် သားကြီးရဲ့"ဟူသော အဘွားကြီး၏ ရင်ဘတ်စည်တီး အသံထွက်လာကာ ထိုအသံမှာ "သဗ္ဗေသင်္ခါရာအနိစ္စာ"အစရှိသော အရှင်သာရိပုတ္တရာ၏ လူနာစောင့် တပည့်အရိယာ အရှင်မြတ်တို့က တစ်ပြိုင်နက် ရွတ်ဆိုသံုးသပ်လိုက်သော ဓမ္မတေးသံနှင့် ရောနှောသွားသည်။

ဘုရားရှင်၏ အရိယာတပည့်ကြီးများအနက် ရာဇဂြိုဟ်ကဲ့သို့သော မြို့ကြီးများပေါ်တွင်ပင် ပရိနိဗ္ဗာန်ပြုသူ ရှားပါးလှသည်။ တောရပ် တောင်ခွင် တစ်နေရာရာ၌ ပရိနိဗ္ဗာန်ပြုသူသာ များသည်။ အရှင်သာရိပုတ္တရာနောက် ကိုးလခန့်အကြာ၌ ပရိနိဗ္ဗာန်ပြုသော ဘုရားရှင်ကိုယ်တော်တိုင်ပင်လျှင် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်၌သာ ပရိနိဗ္ဗာန် ပြုတော်မူသည်။

အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုရာ ဥပတိဿရွာကား ရွာဟုသာ ဆိုရစေကာမူ

www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်နှင့် ဆက်စပ်လျက်ရှိသော နေရာဖြစ်သည်။ ထို့ကြောင့် ရာဇဂြိုဟ်ဟုပင် ဆိုနိုင်သည်။

ဤအကြောင်းကို ဖော်ပြရသည်မှာ ဘုရားရှင်တပည့် အရိယာတို့၏ သာခု ကိဋ္ဌနသဘင်များအနက် အရှင်သာရိပုတ္တရာ၏ သာခကိဋ္ဌနအသုဘ အခမ်းအနား မှာ အစည်ကားဆုံးတို့တွင် တစ်ခုအပါအဝင်ဖြစ်သည်။ သာသနာတော် အစဉ် သမိုင်းဝင်ပင် ဖြစ်ခဲ့ပေသည်။

အကြောင်းကား အရှင်သာရိပုတ္တရာသည် ဘုရားရှင်မှလွဲလျှင် ဉာဏ်ပညာ အကြီးဆုံးနှင့် လက်ယာတော်ရံ ဂုဏ်ထူးများကြောင့်သာမဟုတ်၊ သာမဏေ သူငယ် ကလေးတို့ကိုက အစသည်းခံမှု နှိမ့်ချမှုတို့ကြောင့် ရာဇဂြိုဟ်မှ သာဝတ္ထိ စသော မြို့ကြီးများက ကြည်ညိုသလောက် အချစ်အခင်ခံရသူလည်း ဖြစ်သည်။ ဘာသာ တစ်ပါးတို့ကပင် အရှင်သာရိပုတ္တရာဆိုလျှင် ပျပ်ဝပ်ကြသည်။

ထို့ထက် အရှင်သာရိပုတ္တရာအပေါ်တွင် ထူးထူးခြားခြား ခင်တွယ်သူတစ်ဦး သည်ကား–အနာထပိဏ်သူဌေးပင် ဖြစ်ပေ၏။ အနာထပိဏ်သည် ဘုရားရှင်ကို ကြည်ညိုသလောက် အရှင်သာရိပုတ္တရာကို ညီနောင်သွေးရင်းပမာ ခင်တွယ်သူဟု အသိအမှတ်ပြုထားကြသည်။ ထို့ကြောင့် ရာဇဂြိုဟ်နှင့် သာဝတ္ထိပြည်သူပြည်သား တို့၏ အင်အား၊ အနာထပိဏ်၏အင်အား၊ အဇာတသတ်ဘုရင်၏ အကူအညီတို့ စုပေါင်းလိုက်သောအခါ ကြက်ပျံမကျ စည်ကားဝေဆာလှသော သာခုကိဋ္ဌန သဘင်ကြီး ဖြစ်ပေါ်လာသည်။

ထို့ထက် အကြောင်းထူးကြီးတစ်ခု ရှိပေသေး၏။ ပစ္စည်းရှင်၊ ဓနရှင်၊ ရူပသာရီ မိခင်ကြီးအဖို့ ဤပစ္စည်းများကို ဆက်ခံထိုက်သူ သားကြီးသြရသက စွန့်ပစ်သွား လေသည်ကြောင့် တစ်သက်လုံး တတောင့်တတရှိခဲ့ရာက ကွယ်လွန်ချိန်ရောက်ကာမှ အမြင်မှန်တံခါး၊ အလင်းတံခါးကြီး ပွင့်ရလေတော့သည်ကို ရှိသမျှပစ္စည်းများကို သားကြီး၏ သာခုကိဋ္ဌနတွင်လည်းကောင်း၊ သာသနာတော်တွင်လည်းကောင်း စုပုံစွန့်လွှတ်လိုက်ခြင်းပင် ဖြစ်ပေ၏။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# လွှမ်းစေတီ

[ ၁ ]

ဗာဟိယသည် သူငယ်ချင်းစကားကြောင့် လန့်သွား၏။ ရှုမှတ်မှုကို အမြဲတမ်း အာရုံစိုက်နေသည့် တရားရှင်ကြီးတစ်ဦးပမာ အမြဲတမ်းလိုလို မှေးမှိန်ထားသော မျက်လုံးနှစ်လုံးသည် ပြူးကျယ်သွား၏။ သူငယ်ချင်း၏စကားကြောင့် တည်တည် ငြိမ်ငြိမ်ပင် မနေနိုင်တော့သဖြင့် လက်နှစ်ချောင်းကို နောက်တွင်ယှက်ကာ ထ၍ လမ်းလျှောက်သည်။ လမ်းလျှောက်ရာ၌ စိတ်မငြိမ်မှုကြောင့် ခြေလှမ်းတို့သည် သွက်လက်ပြင်းထန်လှပေရာ ဝတ်ထားသော ပျဉ်ချပ်ပုဆိုးမှ တချောက်ချောက် အသံများပင် ထွက်လျက်ရှိပေသည်။

သူငယ်ချင်းသည် ဗာဟိယ၏ အလိမ်ကို ဖြေလိုက်ပေပြီ။ အမှန်ကို ထုတ်ဖော် လိုက်ပေပြီ။

လိမ်လည်ရာ၌ မိမိက သူတစ်ပါးကိုလိမ်ခြင်း၊ သူတစ်ပါးက မိမိကိုလိမ်သဖြင့် အလိမ်ခံရခြင်းနှင့် မိမိကိုယ်ကိုမိမိ ပြန်၍လိမ်ခြင်းဟူ၍ အလိမ်သုံးမျိုးရှိ၏။ မိမိက သူတစ်ပါးကိုလိမ်သောအခါ လိမ်တော့မည်ဟု မိမိ၏ကိုယ်မှ နှုတ်မှုကို ပြင်လိုက် စဉ်ကပင် စိတ်မသန့်မရှင်း ဖြစ်ရမြဲဖြစ်သည်။ သူတစ်ပါးက မိမိကိုလိမ်သဖြင့် အလိမ်ခံရပြီဟု သိရသောအခါတွင်လည်း စိတ်မသန့်မရှင်း ဖြစ်ရမြဲဖြစ်သည်။

မိမိကိုယ်ကို မိမိလိမ်သည့်အခါတွင်မူ စိတ်မသန့်မရှင်းဖြစ်ရုံမျှမက မိမိကိုယ်ကို ပင် မိမိက လူလိမ်လူညာကြီးဟု ပြန်၍စွပ်စွဲသော စွပ်စွဲခံဘေးသင့်မြဲဖြစ်၏။

ဗာဟိယသည် မိမိကိုယ်ကို မိမိ စွပ်စွဲခံရဘေးကြီး သင့်နေသူဖြစ်သည်။ အကြောင်းသော်ကား ဗာဟိယသည် သူတစ်ပါးကိုလည်းလိမ်၍ မိမိကိုယ်ကိုလည်း

www.burmeseclassic.com



လိမ်နေသူဖြစ်သည်။ ယနေ့တွင်မှ ထိုအလိမ်ကိုဖြည်၍ပေးမည့် မိတ်ဆွေကောင်း တစ်ယောက် ပေါ်ပေါက်၍လာခဲ့ပေပြီ။

[ ၂ ]

စင်စစ်ဆိုသော် ဗာဟိယသည် လူဆိုးလူလိမ် တစ်ယောက်မူကား မဟုတ်ခဲ့ပေ။ လူလိမ်လူကောက်တို့ ပေါများသော လောကတွင် လူဖြောင့်လူကောင်းတစ်ယောက်ဟု သတ်မှတ်ရမည့်သူဖြစ်၏။

သို့သော် လူသတ္တဝါတို့မည်သည်မှာ အဘယ်မျှပင် ဖြောင့်သည် ကောင်းသည် ဆိုစေ အသက်အတွက် အန္တရာယ်နှင့် ကြုံလာသည့်အခါမျိုး၌သော်လည်းကောင်း၊ ဘဝအတွက် အကျဉ်းအကျပ် ကျရောက်သောအခါမျိုး၌သော်လည်းကောင်း၊ ထို့ထက် လာဘ်လာဘ အခွင့်အရေးနှင့် ကြုံလာသောအခါမျိုး၌သော်လည်းကောင်း ပတ်ဝန်းကျင် ကင်းဆိတ်မှုကို ရခဲ့ပါလျှင် ရိုးဖြောင့်နိုင်ခဲသည်။ ဗာဟိယအတွက် တစ်ခုတော့ ပြောစရာရှိသည်။ ဗာဟိယသည် မိမိ၏ ပရိယေသနအတွက် အဟုတ်အမှန်ထက် ပိုလွန်းသည့် ပရိယာယ်ဝေဝုစ်နှင့် မဟုတ်တဟုတ် အမူအရာများ စကားများကို အသုံးပြုလေ့ရှိသော ကုန်သည်တစ်ယောက်တည်း။

ကုန်သည်ကြီး ဗာဟိယသည် မိမိဘဝတစ်ခုလုံး ပြောင်းလဲသွားရလောက်အောင် ကံဆိုး ဘေးဆိုးနှင့် ကြုံတွေ့ခဲ့ရသူဖြစ်သည်။

အကြောင်းသော်ကား ယခုတစ်ခေါက်တွင် တစ်ခေါက်တည်းဖြင့် ချမ်းသာလောက်အောင် အခွင့်အရေးကြုံခဲ့ရသောကြောင့် ရှိသမျှအရင်းအနှီးများကို သွန်လောင်းကာ ကုန်စည်များကိုဝယ်ခြမ်း၍ အရင်းစိုက်ခဲ့သည့် အခေါက်တွင်မှ လမ်းခရီး ပင်လယ်ပြင်တွင် လေပြင်းမိ၍ သင်္ဘောပျက်ခဲ့ရပါလေသည်။

လေမုန်တိုင်းသည် ဗာဟိယတို့သင်္ဘောကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် တိုက်ခတ်နှစ်မြှုပ်ပစ်၏။ သင်္ဘောပါ လူအများသည် ရေနစ်၍သော်လည်းကောင်း၊ မိကျောင်း မကန်း စသည်တို့၏ အန္တရာယ်ကြောင့်သော်လည်းကောင်း သေကုန်ကြသည်။ ဗာဟိယအဖို့မူ ကံကြီးထောက်မ၍ အတွယ်အတာတစ်ခု၏ အကူအညီဖြင့် ရေပြင်လှိုင်းများအကြားတွင် မျောပါခဲ့ရသည်။ မိကျောင်း မကန်းတို့၏ အန္တရာယ်မှလွတ်အောင် ကြံဖန်၍ ရုန်းကန်နိုင်ခဲ့သည်။ ပစ္စည်းဆိုသည် အပထား၍ အသက်အတွက် အန္တရာယ်မျိုးစုံမှ ကြံဖန်ရုန်းကန်ရသောကြောင့် ခါးဝတ်ပုဆိုးမျှ

www.burmeseclassic.com

www.burmeseclassic.com



ပင် မရှိတော့။

သို့နှင့် ရက်အတန်ကြာ ရှန်းကန်လှုပ်ရှားရင်းဖြင့် အစာငတ် ရေငတ်မှု၊ နေလောင်မှု၊ အေးစိမ့်မှု စသော အန္တရာယ်များကြောင့် အသက်ကိုပင် လက်လွှတ်ရတော့အံ့ဆဲဆဲတွင် ပင်လယ်ကမ်းနဖူးရှိ မြို့အိမ်တန်းနှင့် ဆိပ်ကမ်းတစ်ခုကို မြင်သောကြောင့် ကျန်သေးသမျှ အင်အားကိုသွန်ကာ ဆိပ်ကမ်းဆီသို့ ကူးယက်ခဲ့ရသည်။ ယခင်က တစ်ကြိမ်မျှမရောက်ခဲ့ဖူးသော မဇ္ဈိမတောင်ပိုင်းရှိ သုပ္ပါရကမြို့ ဆိပ်ကမ်းတည်း။

ဆိပ်ကမ်းသို့ရောက်သောအခါ သင်္ဘောပျက်တစ်ခု၏ အရိပ်တွင် နားနေရသည်။ ရေအန္တရာယ်မှ ကင်းလွတ်ခဲ့ပြီမှန်ပါ၏။ သို့ရာတွင် ဗာဟိယအဖို့ ရက်အတန်ကြာ မောပန်း ငတ်ပြတ်လာခဲ့ရသော အာဟာရသည် အဘယ်မှာနည်း။ အရှက်ကိုကာကွယ်ရန် ခါးဝတ်ကလေးမျှ မရှိတော့သော ဗာဟိယအတွက် အဝတ်သည် အဘယ်မှာနည်း။

အရှက်အကြောက်လုံရုံ အဝတ်ကလေးတစ်ထည်မျှ ရှိသေးသည်ဆိုလျှင် ထိုအဝတ်ကိုဝတ်၍ ဆိပ်ကမ်းမြို့ပေါ်သို့ အစာအာဟာရအတွက် အကူအညီတောင်းမည်ဆိုပါက ရနိုင်သေးသည်။ ယခုသော် အဝတ်ကလေးမျှမရှိသဖြင့် ဗာဟိယအဖို့ ခက်သည်။ ကုန်းပေါ်ရောက်ကာမှ အစာငတ်၍ သေရတော့အံ့သို့ ဖြစ်နေသည်။ မိမိရှိသော ဆိပ်ကမ်းဆီသို့ ယောကျ်ားတစ်ဦးတစ်ယောက် ရောက်လာပါလျှင်လည်း အော်ဟစ်၍ အကူအညီတောင်းနိုင်ဖို့ရှိသည်။ သို့ရာတွင် နေပူကျဲကျဲ၌ မည်သည့်လူအစအနကိုမျှ မမြင်ရ။ နောက်ဆုံးတွင် ဗာဟိယအဖို့ ဖြစ်နိုင်သောနည်းလမ်းတစ်ခုတည်းသာ စဉ်းစား၍ရသည်။ ၎င်းမှာ ကံကောင်း ကံမ မိမိအနီးသို့ ယောကျ်ားတစ်စုံတစ်ယောက် ရောက်၍မလာခဲ့လျှင် ညဦးအချိန်တွင်မှ ညဦးအချိန်ကို အကာအကွယ်ယူ၍ မြို့ပေါ်သို့ ချဉ်းကပ်ရန်ဖြစ်ပေသည်။

ဤအတိုင်း ဆုံးဖြတ်ချက်ချကာ ပင်ပန်းခဲ့သမျှကို အနားယူ အိပ်စက်ရန်အတွက် သင်္ဘောပျက် အကာအကွယ်တွင် တုံးတိုတစ်ခုကို ခေါင်းတင်၍ လှဲလိုက်သည်။ ကြုံတွေ့ခဲ့ရသော အန္တရာယ်ဆိုးကြောင့်တစ်ကြောင်း၊ အစာငတ်မှုကြောင့်တစ်ကြောင်း အိပ်ပျော်လေသည် မပျော်လေသည်ပင် မသိ။ ညနေစောင်း ရေခပ်ဆင်းချိန်လောက်တွင် ခပ်လှမ်းလှမ်းဆီမှ စီစီညံညံအသံများကို ကြားရသောကြောင့် သင်္ဘောပျက်အကြားမှ လှမ်းကြည့်လိုက်သောအခါ ရေခပ်ဆင်းလာကြသော အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်သိုက်ကို တွေ့ရတော့သည်။

ဗာဟိယ၏ ကံကြမ္မာငှက်ခါးသည် အနိမ့်သို့ ထိုးဆင်းခဲ့ရာမှ အမြင့်သို့ ဝေ့ဝိုက်ပျံတက်ပြန်လေပြီတည်း။

ရေခပ်အမျိုးသမီးတစ်သိုက်သည် ဗာဟိယ၏ သင်္ဘောပျက်ဆီသို့ နီး၍နီး၍ လာခဲ့၏။ ပထမသော် သင်္ဘောပျက်နံဘေး ဆိပ်ကမ်းတွင် ရေခပ်၍ ပြန်သွားကြမည်ဟု ဗာဟိယထင်သည်။ ယခုသော် သင်္ဘောပျက်ဆီသို့ တည့်တည့်လာနေကြသည်။ ဧကန္တ ဤသင်္ဘောပျက်သည် သူတို့၏ ရေခပ်ရင်း နားနေကွန်းထောက်ရာ နေရာ ဖြစ်ပေလိမ့်မည်ဟု ဗာဟိယ တွေးမိ၏။

အမျိုးသမီးတို့သဘာဝအတိုင်း ကျွက်စီ ဗြုပ်သိုက် ပြောကြဆိုကြရင်း နီးသည်ထက် နီးလာသော ဗာဟိယအဖို့ အဝတ်ချည်းနီးကြောင့် ပျာယာခတ်သွား၏။ အရေးကြုံလာသဖြင့် အနီးဝန်းကျင်သို့ ကျီးကန်းတောင်းမှောက် ကြည့်လိုက်သောအခါ ကလေးသူငယ်တို့ ဆော့ကစားရန် ပြုလုပ်ထားဟန်တူသော သို့မဟုတ် တစ်စုံတစ်ခုပြုလုပ်ရန် ရက်လုပ်ထားဟန်တူသော ပျဉ်ချပ်ကြိုးသီတစ်ခုကို တွေ့ရသည်။ ပျဉ်ချပ်တွဲကလေးမှာ အနေတော်ဖြစ်၍ အဖျားတို့တွင် ကြိုးဖြင့်သီထားသည်။ ထိုပျဉ်ကြိုးသီကို တွေ့ရသောအခါ ဗာဟိယအဖို့ တစ်စုံတစ်ရာ စဉ်းစားမနေနိုင်၊ ကပျာကယာဆွဲယူ၍ ခါးတွင်စည်းလိုက်သည်။ ထိုအခါ အဝတ်မရှိသည်ထက်တော့ များစွာတော်သေးသည်ကို တွေ့ရ၏။

ပျဉ်ကြိုးသီကို ခါးတွင်ပတ်စည်းပြီးခိုက်မှာပင် အမျိုးသမီးအုပ်သည် အနီးသို့ ရောက်လာလေရာ ဗာဟိယအဖို့ ပင်လယ်ပြင်သို့ မျက်နှာမူ၍ ရပ်ရင်း ခပ်တည်တည် နေလိုက်ရ၏။

အမျိုးသမီးများသည် ရေခပ်ရင်း နားနေကျသင်္ဘောပျက်အတွင်း၌ ပျဉ်ချပ်ဝတ် ဗာဟိယကို တွေ့လိုက်ရသောအခါ ပြောလာသောအသံများသည် ရုတ်တရက် တိတ်၍ ဗာဟိယကို အံ့အားသင့်စွာ ကြည့်နေကြသည်။ ဗာဟိယသည် အမျိုးသမီးများအား ကျောခိုင်းထားရင်းနှင့်ပင် မိမိအား အံ့အားသင့်စွာ ကြည့်နေကြသည်ကို သိ၏။

ထို့နောက်တွင်မူ အမျိုးသမီးများသည် အံ့အားသင့်ရာမှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်းဖြင့် ရေအိုးများကိုချကာ ဒူးတုပ်ရှိခိုးကြသည်။ ရှိခိုးရာကပါးစပ်မှ "ကိုယ်တော်ကြီး...ကိုယ်တော်ကြီး..."ဟူသော အသံများထွက်လာသော

www.burmeseclassic.com



အခါ ဗာဟိယသည် ပင်လယ်ပြင်ကိုဖြတ်၍ ကောင်းကင်ဘုံဆီသို့ ရေးရှုထားသော မျက်နှာကို အမျိုးသမီးများဘက်သို့လှည့်ကာ ကြီးစွာသောက္ကန္ဒြေ လေးနက်သော မေတ္တာကရုဏာတရားများကို စေလွှတ်သည့်ဟန်ဖြင့် အမျိုးသမီးများကိုကြည့်၏။ အမျိုးသမီးများက "ကိုယ်တော်ကြီး...ကိုယ်တော်ကြီး"ဟု အထပ်ထပ်ရွတ်ဆိုကာ ရှိခိုးကြသည်။

တစ်ယောက်က "ကိုယ်တော်ကြီး...ဘယ်က ကြွလာပါသလဲ"ဟု မေးသော အခါ အခြားတစ်ယောက်က "ဘယ်ကကြွလာရမှာလဲအေ့၊ ကုန်းပေါ်ကလာရင် တို့သိမှာပေါ့၊ ပင်လယ်ပြင်ကိုဖြတ်ပြီး ကောင်းကင်ဘုံကကြွလာလို့ တို့မသိတာပေါ့" ဟု ပြောသည်။

ဗာဟိယက ဝမ်းတွင်းမှ ပီတိကို အပြင်သို့မပေါ်စေဘဲ မုတ်ဆိတ်မွေးကို ဖြည်းညင်းစွာသပ်သည်။ ပင်လယ်ဒုက္ခကြောင့် ဆံပင်များသည် ဖွာလန်ကြဲနေ၏။ မုတ်ဆိတ်တို့သည် မရိတ် မဖြတ်ရသောကြောင့် ရှည်လျားသည်။ ထိတ်လန့်မှု ဒဏ်ကြောင့် ဖြူ၍ပင် ကုန်ကြပြီ ဖြစ်ဟန်ရှိ၏။ သို့ဆိုလျှင် ဆံပင်ဖွာလန်ကြဲနှင့် မုတ်ဆိတ်ဖြူနှင့် ပျဉ်ချပ်ဝတ်နှင့် "ကိုယ်တော်ကြီး..."ဟူသော အလုပ်သည် မဆိုးလှဟု ဗာဟိယတွေး၏။

မှန်၏။ ထမင်းငတ်၍ သေရတော့အံ့မူးမူးမှ ထူးဆန်းသည်ထင်လျှင် ကမ္ဘာ အစဉ်အဆက်ကပင် ရှေ့တန်းတင်ချင်လေ့ရှိသော အမျိုးသမီးများ၏ စပ်စုမှုကြောင့် တစ်နည်းတစ်ဖုံအားဖြင့် ဗာဟိယ၏ ကံကြမ္မာ မြင့်တက်လာပုံမှာ "ပျဉ်ချပ်ဝတ် ရဟန်းကိုယ်တော်ကြီး"ဟူသောသတင်းသည် သုပ္ပါရကဆိပ်ကမ်းမြို့ကလေးကို လွှမ်းခြုံ၍သွားလေ၏။ အဖြေကား သင်္ဘောပျက်ဆိတ်ကမ်းတစ်ဝိုက်တွင် တစ်နေ့ တခြား စည်ကား၍လာကာ ဆွမ်းမရှား ကွမ်းမရှား ကျောင်းနှင့်ကန်နှင့် ကိုးကွယ် ဆည်းကပ်မည့်သူတစ်ပြုံတစ်ခေါင်းနှင့် သာယာလှပ အခြေကျလာခြင်းပင်ဖြစ်ပေသည်။

## [ ၃ ]

ဗာဟိယအဖို့ အခက်အခဲတစ်ခုမှ ပျဉ်ချပ်မှတိုး၍ မဝတ်ဆင်ရတော့ခြင်းပင် ဖြစ်၏။ လူအများရှေ့တွင် ပျဉ်ချပ်ချည်းဆိုလျှင် အမြင်မတော်လှ၍ အတွင်းမှ အဝတ်ကလေးတစ်ခု ပတ်စည်းကာ လူမရှိလျှင် ၎င်းအဝတ်ကိုဖြုတ်ထားသည်ဟု သတင်းလွှင့်၏။ ကောင်းကင်နတ်ဘုံ နတ်နန်းမှလာသယောင်၊ ရုံဖန်ရံခါ နတ်ဘုံ

www.burmeseclassic.com



နတ်နန်းများဆီသို့ ကြွသွားသယောင် ထင်စေ၏။ စိတ်ကူးရသမျှ တွေ့ကရာ သောင်းပြောင်းတရားစကားတွေ ဟောပြော၏။ သုပ္ပါရကတွင် ဗာဟိယလုပ်သမျှ အကောင်းတွေချည်း ဖြစ်နေလေတော့သည်။

ပထမသော် ဗာဟိယအဖို့ ဖြစ်ပေါ်လာသည့် အခြေအနေပေါ်တွင် အလိုက်သင့် နေပြီး အခွင့်သာသည့်အခါ မိမိလိုအပ်ရာသို့ ရှောင်ထွက်သွားမည်ဟု အကြံရှိခဲ့ သည်။ အကြောင်းသော်ကား ဗာဟိယသည် သူတော်ကောင်းဓာတ်ခံရှိသူဖြစ်သည်။ သူတော်ကောင်းဓာတ်ခံရှိသူများအဖို့ မမှန်မကန်လုပ်ရမည်ကို ရှက်ကြောက်မြဲဖြစ် သည်။ လောက အကျွေ့အလှည့်များ၏ သဘာဝအလျောက် မမှန်မကန်တစ်ခုခုကို မလွှဲသာမရှောင်သာ လုပ်ရသည်ဆိုလျှင်လည်း ဟီရိဩတ္တပ္ပ အရှက်အကြောက် စိတ် ဓာတ်သည် သူ၏လိပ်ပြာကို တီးခေါက်နှိုးဆွနေတတ်မြဲ ဖြစ်သည်။

မိမိသည် သုပ္ပါရကမှ ယူဆကြသလို သူတော်စင်ရဟန္တာကြီးမဟုတ်၊ မိမိတွင် သူတော်စင် ရဟန္တာတို့နှင့်ထိုက်တန်သော တရားဓမ္မ တစ်စုံတစ်ရာမရှိ။ အသက်နှင့် အရှက်ကြောင့် ရမိရာ ပျဉ်ချပ်ကို ဝတ်မိရာမှ မမျှော်လင့်သော ဤအခွင့်အရေးများ ပေါ်ပေါက်လာရခြင်းမျှ ဖြစ်သည်ဟူသော အသိစိတ် အမှန်စိတ်သည် ဗာဟိယကို အမြဲတမ်းတီးခေါက်၏။

သို့ရာတွင် လူသတ္တဝါတို့အဖို့ တစ်ဖက်တွင် အဘယ်မျှ အသိတရား သူတော် ကောင်း စိတ်ဓာတ် ရှိနေသည်ဆိုစေ၊ လောဘ မောဟ စိတ်ဆိုး စိတ်ညံ့ ရေစုန် တရားတို့၏ အင်အားသည် ပြင်းထန်မြဲဖြစ်သည်။ ပြင်းထန်အောင်လည်း ဗာဟိယ အား အခြေအနေက တွန်းပို့နေသည်။

မိုင်းပြာမှုန်ရီ ပဝေဏီ အဆက်ဆက်မှစ၍ လူတို့သည် အသစ်အဆန်းနောက် သို့ သူ့ထက်ငါသာ လိုက်ပါမြဲဖြစ်၏။ ဤကိစ္စမျိုးတွင် အထူးသဖြင့် အမျိုးသမီး များက လွန်ကဲမြဲဖြစ်သည်။ ဗာဟိယကို အမျိုးသမီးများက စတင်တွေ့ရှိပြီး အမျိုးသမီးများက ဦးဆောင်ကိုးကွယ်ခဲ့သည်။ လူတို့၏ စိတ်ကူးယဉ်မှုနယ်ပယ်ကို ချဲ့ချင်တိုင်း ချဲ့စေတတ်သော ပင်လယ်ရေပြင်ကြီး၏ အစပ်၌ ရပ်ရည်ခန့်ညားစွာဖြင့် ပျဉ်ချပ်ဝတ်သော ပုဂ္ဂိုလ်တစ်ယောက် ရောက်လာသည်မှာ သုပ္ပါရကသားတို့၏ စိတ်ကူးယဉ်မှုကို ဖြည့်ဆည်းပေးလိုက်သော အသစ်အဆန်းကြီးတစ်ရပ် ဖြစ်ခဲ့ပေ သည်။ သုပ္ပါရကသည် ဗာဟိယအား သူတော်စင်ရဟန္တာကြီး တစ်ပါးဟု သိမှတ် ကာ သူ့ထက်ငါသာ ခြေမကိုင်မိ လက်မကိုင်မိမျှ ကိုးကွယ်ပြုစုကြလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဗာဟိယသည် အဘယ်မျှ အသိတရားရှိသည်ဆိုစေ ယင်းကိုးကွယ်ပြုစုမှု၏ အရသာကို မတွန်းလှန်နိုင်ပေ။ တွန်းလှန်နိုင်ဖို့ရန် တစ်နေ့တခြား အခက်ပို၍ပို၍ လာသည်။ ထိုမျှသာမက အများတကာက သူတော်စင်ရဟန္တာကြီးဟု နေ့စဉ်နှင့် အမျှ ဝိုင်းဝန်းပူဇော်သမုတ်ကြသည်တွင် ဗာဟိယအဖို့ မိမိကိုယ်ကိုမိမိ ရဟန္တာ သူတော်စင်ကြီးပမာ အထင်ရောက်၍လာလေတော့သည်။

မဟုတ်မမှန်သည်ကို ဟုတ်မှန်သည်ဟု အများက ဝိုင်းဝန်း၍ အထပ်ထပ် သမုတ်လာသောအခါ၊ သို့မဟုတ် မိမိကိုယ်တိုင်သိသော အမှားတစ်ခုကို အချိန် ကြာကြာ စွဲမြဲလာသောအခါ အမှားကို အမှန်ထင်လာတတ်ခြင်းမှာ ဤလောက၏ သဘာဝတရားတစ်ခုဖြစ်၏။ အမည်းကိုပင် အဖြူဟု ထင်စေနိုင်လာတတ်သည်။

ထို့ထက် သမုတ်ခံဝတ္ထုသည် လူဖြစ်၍ ပစ္စည်းလာဘ်လာဘသာယာမှု အထပ် ထပ်နှင့် ရင်ဆိုင်လာရသောအခါ ထိုသမုတ်ခံပုဂ္ဂိုလ် ကိုယ်တိုင်ကပင် မိမိ၏အမှားကို အမှန်ဟု အထင်ရောက်လာတတ်သည်။ ဤသည်ကား–မိမိလိုအပ်သည့်ဘက်သို့ ဆွဲဆောင်တွေးယူ လေ့ရှိသော အတ္တ၏ အစွမ်းဖြစ်၏။

ယခုသော် ဗာဟိယသည် အပူဇော်ခံ အရသာစက်ကွင်းမှ မရုန်းထွက်နိုင်တော့ ချေ။ အလျှင်းသင့်လျှင် မိမိရည်မှန်းရာသို့ ထွက်သွားမည်ဟူသော စိတ်သည် ကင်းပျောက်၍ သုပ္ပါရကသည် ငါ့အဖို့ အကျိုးပေးမှန်လှသော ဘူမိနက်သန်တည်း ဟု ဆုံးဖြတ်သည့်အဆင့်သို့ ရောက်လာသည်။

သို့သော် မဟုတ်သည်ကို အဟုတ်လုပ်နေသော်လည်း ဗာဟိယအဖို့ ပြောစရာ တစ်ခုကားရှိ၏။ ၎င်းမှာ ဗာဟိယသည် အများထင်မှတ်သလို ရဟန္တာသူတော်စင် ကြီးနှင့် ထိုက်တန်သောအရည်အသွေး မိမိတွင်မရှိဟု လိပ်ပြာမလုံရုံမျှသာဖြစ်၍ လူ့ရှေ့တွင် သူတော်ကောင်းယောင်ဆောင်ပြီး ကွယ်ရာတွင်မူ သူတော်ကောင်းတို့ နှင့် မဆီလျော်သော မှောက်မှားနည်းမျိုးစုံတို့ဖြင့် မှောက်မှားနေသူကား မဟုတ်ခဲ့ပေ။ ဤသည်ပင်လျှင် ဗာဟိယ၏ဘဝ ခိုင်မြဲရေးအကြောင်းတစ်ရပ် ဖြစ်ခဲ့၏။

ထို့ကြောင့် ဤဘဝ ဤအခြေဖြင့်ပင် အရိုးထုတ်တော့အံ့ဟု ရည်မှန်းအပ်သော ဗာဟိယအဖို့ သူတော်ကောင်းတရားကို စိတ်ကူးရှိသမျှ ကျင့်ကြံပါလေသည်။ သုပ္ပါရက ဒကာ,ဒကာမများအားလည်း ဟောပြောပါလေသည်။

ဤအချိန်တွင်ပင် ဗာဟိယ၏ မမျှော်လင့်သောသူငယ်ချင်းသည် သုပ္ပါရကသို့ ရောက်လာကာ ဗာဟိယနှင့် တွေ့ဆုံကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

ဗာဟိယ၏အခြေကို တွေ့ရသောအခါ သူငယ်ချင်းသည် ပြုံး၏။ ဗာဟိယ၏ အဖြစ်မှန်ကိုသိရသောအခါ သူငယ်ချင်းသည် အံ့ဩ၏။ သူငယ်ချင်းဆိုသော်လည်း ဗာဟိယက လေးစားအပ်သူဖြစ်၍ ဗာဟိယအကျိုးကို လိုလားသူဖြစ်သည်။

မသိသောနေရာ၌ မရှိသောအနေဖြင့် သရေလုပ်နေသူဟူသည် သူ၏အခြေမှန် ကိုသိသော လူရင်းနှင့် တွေ့သောအခါ တုန်လှုပ်ရမြဲဖြစ်၏။ ဗာဟိယသည် မမျှော် လင့်သော သူငယ်ချင်းရောက်လာ၍ တုန်လှုပ်သည်။ သို့ရာတွင် သူငယ်ချင်းက ပျဉ်ချပ်ဝတ်ကြီးနှင့် ပုံစံတစ်မျိုး၊ အခြေအနေတစ်မျိုးဖြစ်နေသော ဗာဟိယအား ကြည့်၍ ပြုံးရုံမျှပြုံးပြီး တစ်စုံတစ်ရာ အပြစ်မဆို။ အကြောင်းမူကား ဗာဟိယ၏ သူတော်ကောင်းစိတ်ဓာတ်အခြေခံကို သိပြီးသူဖြစ်သည်။

သူငယ်ချင်းရောက်လာသဖြင့် ဗာဟိယအဖို့ ငုပ်မြုပ်၍နေသော မိမိကိုယ်ကို မိမိ စွပ်စွဲအားကြီး ပြင်းပြင်းထန်ထန်ပေါ်ပေါက်၍လာကာ သူငယ်ချင်းက မျက်နှာ တည်တည် အသံတည်တည်ဖြင့် စကားတစ်ရပ် ပြောလာသည်။ ထိုစကားသည် အသံမကျယ်သော်လည်း ဗာဟိယအဖို့ ထိပ်တည့်တည့်သို့ မိုးကြိုးစက်သွား ကျသည် ကဲ့သို့ ပြင်းထန်၏။

"သူငယ်ချင်း ဗာဟိယ...ဘောက်မဲ့ကြောင့် မဟုတ်သည့်ကိစ္စကြီးနှင့် ပျော်မွေ့ နေရသတုံး။ ရဟန္တာမဟုတ်ဘဲနှင့် ရဟန္တာလို အရည်အချင်းမရှိဘဲနှင့် သူတော်စင် ရဟန္တာယောင် ဆောင်နေရသော သင့်အလုပ်မှာ ဝန်လေးလှသည်။ ပြီးတော့ ပျဉ်ချပ်ဝတ်၍ ဣန္ဒြေဆောင်နေရသည်မှာလည်း သင့်အဖို့ တာဝန်ကြီးလှသည်။ ထမင်းတစ်လုတ် တစ်ဝမ်းတစ်ခါးအတွက် လောကီစည်းစိမ်၊ လောကုတ္တရာစည်းစိမ်၊ မည်သည့်စည်းစိမ်မျှမရှိဘဲ လူအများတို့ ပူဇော်ပသမှုကို ခံယူရုံမျှဖြင့် မည်သည့် အရသာမျိုး သင် တွေ့ရှိနေပါသနည်း။

"သူငယ်ချင်း ဗာဟိယ...သင့်မှာ ဖြောင့်စင်းသော သူတော်ကောင်းဓာတ်ခံ ရှိသည်ကို ငါသိ၏။ ထိုသူတော်ကောင်းစိတ်ဓာတ်တွေ ယခု ဘယ်ရောက်ကုန်ပြီ နည်း။ သင်နှင့်ငါတို့သည် အမှန်တရားကို ရှာဖွေခဲ့ကြသူများဖြစ်သည်။ တရားမှန် ရရှိရေးအတွက် အကြိမ်ကြိမ်အထပ်ထပ် ဆွေးနွေးခဲ့ကြဖူးသူများ ဖြစ်သည်။ ယခု သော် အမှန်တရားမရသေး မရှိသေးဘဲနှင့် လိမ်လည်ခြင်းဟူသော မကောင်းမှု သေရည်အိုးတွင် သင့်ကိုယ်ကို နှစ်မြှုပ်လိုက်ပြီလော။

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း...သင့်ကို ငါ သတင်းကောင်းတစ်ရပ်ပေးမည်၊ ဤသတင်းကို ပေးရန်အတွက် သင့်ကို ငါ ရှာဖွေခဲ့သည်။ ယခုသော် ဤနေရာ၌ အလိုက်သင့် လာ၍တွေ့ရသဖြင့် သင် ကံကောင်းသည်။ ထိုသတင်းသည်ကား ရဟန္တာပုဂ္ဂိုလ်ကြီး အစစ်ဖြစ်၍ သူတစ်ပါးကိုလည်း ရဟန္တာဖြစ်အောင် လမ်းညွှန်ပြနိုင်သော ဂေါတမ ဘုရားရှင်သည် ယခုအခါ ပွင့်ထွန်းပေါ်ပေါက်လျက် ရှိလေပြီ။ ဂေါတမဘုရားရှင် ကယ်ချွတ်ဟောပြောသဖြင့် မြောက်မြားစွာသောသူတို့သည် သူတော်စင်ရဟန္တာ ဖြစ်ကုန်ကြလေပြီ။

"ဗာဟိယ...ထိုဘုရားရှင်သည် ယနေ့အချိန်၌ သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်တွင် သီတင်းသုံးတော်မူသည်။ သင်သည် ထိုဘုရားရှင်ထံသို့ အရောက်သွား၍ တရားစစ် တရားမှန်ကို နာယူသင့်သည်။ သင့်အကျိုးကို လိုလားသော မိတ်ဆွေ ကောင်းတို့ ဝတ္တရားအတိုင်း သွားရောက်နာယူပါဟုလည်း ငါ တိုက်တွန်းပါသည်။ ထို ဂေါတမအရှင်က အကြင်သူတစ်ယောက်သည် မိမိကိုယ်ကိုမိမိ မလှည့်စားဘဲ ဖြောင့်စင်းသောသူဖြစ်ပါစေ၊ ထိုသူအား တရားစစ် တရားမှန်ရအောင် ငါ သင် ကြားပေးနိုင်သည်ဟု အာမခံထားသည်။ သင်သည် ဘုရားရှင်၏တရားကို နာကြားရလျှင် မုချ တရားစစ်တရားမှန်ကို ရမည်ဟု ငါယုံကြည်သည်။ တရားစစ် တရားမှန်ရသောအခါ ဤအရပ်တွင်လည်းကောင်း၊ သင်နှစ်သက်ရာ ထိုထိုအရပ် တွင်လည်းကောင်း မည်သူ့ကိုမျှ မလှည့်စားဘဲ သင်နှစ်သက်သလို နေနိုင်ပေပြီ။ ထို့ကြောင့် ငါတိုက်တွန်းပါသည်။ ဘုရားရှင်ထံသို့ အမြန်သွားရောက်ရန် ပြင်ဆင်ပေ တော့ သူငယ်ချင်း"

သူငယ်ချင်း၏စကားများသည် ဗာဟိယ၏ အသား အသွေး အကြောတို့ကို ဖြတ်ကာ အသည်းနှလုံးသို့ စူးဝင်၏။ မဟုတ်သည်ကို အဟုတ်လုပ်ခဲ့မိသောအပြစ် ကြောင့် သူငယ်ချင်းကို ရှက်လှသဖြင့် ဗာဟိယ၏ ဦးခေါင်းသည် သူငယ်ချင်း စကားပြောစဉ် ငိုက်စိုက်ကျ၏။ သို့ရာတွင် သူတော်ကောင်းဓာတ်ခံရှိပြီးသူ ဖြစ်သည့် အတိုင်း ဘုရားရှင်ဟုလည်းကောင်း၊ တရားစစ်တရားမှန်ဟုလည်းကောင်း ကြားရ သောအခါ နှစ်ထောင်းတက်ကြွလာသည်။

ထို့ကြောင့် ဘုရားရှင်ထံတော်သို့ သွားတော့အံ့ဟု ယတိပြတ် ဆုံးဖြတ်လိုက် ပြီးလျှင် အမှန်အလင်းဘက်သို့ ရောက်လာသောမျက်နှာဖြင့် ဦးခေါင်းကို တက်ကြွစွာ မော့လိုက်ပြီး "ကောင်းပါပြီ...သူငယ်ချင်း၊ ငါ သတိတရားရပါပြီ၊ အမှန်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ မဟုတ်မမှန်သောအလုပ်ကို အစကပင် သတိရှိခဲ့ပါသည်။ သို့ရာတွင် ပတ်ဝန်းကျင်ဆွဲဆောင်မှုကို မလွန်ဆန်နိုင်၍ ဤအချိန်အထိ မှားခဲ့မိပါသည်။ ယခုသော် သူငယ်ချင်းသည် ငါ့အား ဆိုဆုံးမသဖြင့်လည်းကောင်း၊ ဘုရားရှင်ပွင့်တော်မူသည့် သတင်းကို ပို့လာသဖြင့်လည်းကောင်း သူငယ်ချင်းကျေးဇူး ကြီးလှပါသည်။ ဘုရားရှင်ထံသို့ ငါ ယခုပင် သွားပါတော့မည် သူငယ်ချင်း”

ဗာဟိယ၏လေသံသည် စိတ်ထက်သန်လွန်းသဖြင့် အားရပါးရရှိလှသည်။ စကားပြောရင်း နံရံ၌ထောင်ထားသော တောင်ဝှေးကြီးကို ဆွဲကိုင်လိုက်သည်။ စကားအဆုံးတွင်မူ အားယူသည့်အနေဖြင့် ကိုယ်ကိုစန့်စန့်ရပ်လိုက်သည်။ ထို့နောက်တွင်မူ ဗာဟိယသည် သူငယ်ချင်းအား နှုတ်ဆက်သည့်အနေဖြင့် စူးစူးစိုက်စိုက် တစ်ချက်ကြည့်လိုက်ပြီးလျှင် ကျောင်းသခ်မ်းပေါ်မှ တစ်ဟုန်တည်း ဆင်းခဲ့၏။ နောက်သို့လှည့်ပြန်၍မျှ မကြည့်။ ခြေလှမ်းကျဲကျဲ သွက်သွက်ဖြင့် တောင်ဝှေးကြီးကို ထောက်ကာထောက်ကာ ထွက်သွားလေသော ဗာဟိယကို မျက်စိတစ်ဆုံး မြင်လိုက်ရသည်။

[ ၃ ]

အမှန်အားဖြင့် သုပ္ပါရကမှ သာဝတ္ထိသို့ ခရီးသည် လူသာမန်တို့အတွက် နှစ်ရက်ခရီးမျှဖြစ်၏။ သို့ရာတွင် စိတ်ဆောင်လွန်းနေသော ဗာဟိယအဖို့ တစ်ရက်မျှဖြင့် မနားမနေ အရောက်သွားခဲ့သည်။ လမ်းတွင် တစ်ညတာမျှကို ခေတ္တခဏ မှေးစက်ရုံမျှသာ မှေးစက်၍ အသော့လာခဲ့ရာ သာဝတ္ထိသို့ နောက်တစ်နေ့ ဆွမ်းခံဝင်ချိန်လောက်တွင် ရောက်လာသည်။ သာဝတ္ထိသို့ရောက်သည်နှင့် တစ်ပြိုင်နက် ဘုရားရှင်သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်ကိုမေး၍ အပြင်းသွားသည်။

ဇေတဝန်မှ များစွာသောရဟန်းများသည် ဆွမ်းခံထွက်ကြပြီးဖြစ်သော်လည်း အချို့ရဟန်းများသည် ကျောင်းဝင်းလွင်ပြင်တွင်၊ အချို့က သပိတ်, သင်္ကန်းကို ပြင်ဆင်ရင်း၊ အချို့က စင်္ကြံလျှောက်ရင်း၊ အချို့က တရားစာပေ ရွတ်ဖတ်သရဇ္ဈာယ်ရင်း သီတင်းသုံးလျက်ရှိသည်ကို ဗာဟိယ တွေ့ရ၏။ ရဟန်းတို့အနီးသို့ ပျဉ်ချပ်အဝတ်ဖြင့် တောင်ဝှေးကြီးဆွဲကိုင်ကာ ပျာယီးပျာယာ ဝင်ရောက်လာသော ဗာဟိယကို တွေ့ကြရသောအခါ အံ့အားသင့်စွာဖြင့် ကြည့်ရှုကြ၏။

ဗာဟိယသည် နီးရာရဟန်းတစ်ပါးအနီးသို့ ချဉ်းကပ်လိုက်ပြီး “အရှင်ဘုရား...

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်သည် ဘုရားရှင်အား ဖူးတွေ့လိုပါသည်။ ယခုအချိန်၌ ဘုရားရှင်သည် အဘယ်မှာ သီတင်းသုံးတော်မူပါသနည်း အရှင်ဘုရားတို့”ဟု မေးလျှောက်သည်။

“ဘုရားရှင်သည် ယခုအချိန်၌ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံထွက်ကြွတော်မူနေသည်။ တွေ့ဆုံဖို့ရန် အချိန်မဟုတ်သေး”ဟု ရဟန်းတစ်ပါးက ပြန်လည်မိန့်ကြားသည်။

“ဆွမ်းခံထွက်ကြွသည်ပင်ဖြစ်စေ၊ တပည့်တော်မှာ အရေးကြီးသောကိစ္စ လျှောက်ထားရန်ရှိပါသောကြောင့် ယခုပင်လျှင် ဖူးတွေ့လိုပါသည် အရှင်ဘုရားတို့”

“သို့ဆိုလျှင်…သာဝတ္ထိမြို့တွင်းသို့လိုက်ပေတော့…”ဟု မိန့်ကြားလိုက်သောအခါ ဗာဟိယသည် ရုတ်ခြည်းပင် နောက်သို့လှည့်၍ သာဝတ္ထိမြို့တွင်းသို့ လာခဲ့သည်။

သာဝတ္ထိမြို့၏ ဆွမ်းခံချိန်သည် ရဟန်းမျိုးစုံတို့ဖြင့် စည်ကားလှ၏။ သာသနာပ ဂိုဏ်းမှ အဝတ်အဆင်မျိုးစုံနှင့် ရဟန်းမျိုးစုံကိုလည်း တွေ့ရသည်။ ဇေတဝန်ကျောင်းတော်တွင် အဝါရောင်အဝတ်အဆင် သေသေသပ်သပ်ဖြင့် ယခုပင် တွေ့ခဲ့ရသော ရဟန်းမျိုးများစွာကိုလည်း တွေ့ရသည်။ ဗာဟိယအဖို့ ထိုရဟန်းများသည် ဘုရားရှင် မဟုတ်နိုင်သည်ကို တွက်ဆထားပြီးဖြစ်သည်။ အကြောင်းကား–ဘုရားရှင်ဟူသည် သာမန်ပုဂ္ဂိုလ်များထက် ရုပ်အဆင်းရော၊ ဣန္ဒြေပါ ထူးခြားသူဖြစ်ရမည်ကို နားလည်ထားပြီးဖြစ်သည်။ ထို့ကြောင့် ဗာဟိယသည် ရဟန်းများအကြားတွင် ထူးခြားသော ဘုရားရှင်ကို တစ်နေရာရာတွင် တွေ့ရအံ့ဟု ဂရုတစိုက် ကြည့်ရှုရှာဖွေသည်။

ယင်းသို့ ရှာဖွေရင်းဖြင့် ဆွမ်းခံလမ်းတစ်နေရာတွင် ထူးခြားသိမ်မွေ့လှသော အသွင်အပြင်ဖြင့် ဆွမ်းခံကြွတော်မူနေသော ဘုရားရှင်အား ဘွားခနဲတွေ့လိုက်ရသောအခါ ဝမ်းမြောက်ဝမ်းသာလည်းဖြစ် အံ့အားလည်းသင့်စွာဖြင့် ဘုရားရှင်ထံသို့ ခပ်သွက်သွက်သွားကာ ဘုရားရှင်၏ရှေ့မှ အကြိမ်ကြိမ် ရှိခိုးဝပ်ချရင်းဖြင့် ချဉ်းကပ်လိုက်သည်။ ထို့ကြောင့် ဘုရားရှင်သည် ဆွမ်းခံလမ်းတွင်ရပ်ရင်း အမောတကြီး ချဉ်းကပ်လာသော ဗာဟိယအား မဟာကရုဏာမျက်လုံးဖြင့် ရှုကြည့်တော်မူသည်။

ဗာဟိယက လျှောက်၏။

“အရှင်မြတ်ဘုရား…တပည့်တော်အား သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ တရားတော်ကို ဟောကြားတော်မူပါဘုရား”

“ဗာဟိယ ဒါရုစိယ…ဤအချိန်သည် တရားဟောရန်အချိန် မဟုတ်သေး၊ ဆွမ်းခံဆဲအချိန်ဖြစ်သည်။ သည်းခံဦးလော့”

ဗာဟိယသည် မိမိ၏ငယ်မည်ကို ရှေးကတစ်ကြိမ်မျှ မတွေ့ဖူးဘဲနှင့် ထုတ်ဖော်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်သောကြောင့်လည်းကောင်း၊ ထူးခြားလှသော အသံတော်ကြောင့် လည်းကောင်း အံ့အားသင့်လှသဖြင့် ငုံ့၍ဖူးနေရာမှ ဦးခေါင်းကိုမော့၍ ဘုရားရှင်မှ ဘုရားရှင်အစစ်တည်းဟု ဝမ်းမြောက်လှစွာဖြင့် ဘုရားရှင်၏ ခြေတော်အစုံကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ထပ်၍လျှောက်သည်။

"အရှင်မြတ်ဘုရား...တပည့်တော်သည် အရှင်မြတ်၏ တရားတော်ကို နာယူလိုစိတ် ပြင်းပြလှသဖြင့် ဝေးလှစွာသောခရီးမှ အပြင်းအထန်လာခဲ့ရသူ ဖြစ်ပါသည်။ ထို့ကြောင့် တပည့်တော်အား အချိန်မဆိုင်းဘဲ သံသရာဝဋ်မှထွက်ကြောင်း တရားကောင်းကို ဟောကြားတော်မူပါဘုရား"

"ဗာဟိယ...ငါသိ၏။ ခရီးပန်းသဖြင့် သင်လည်း မောဟိုက်ဆဲဖြစ်သည်။ ငါလည်း ဆွမ်းခံဆဲဖြစ်သည်။ တရားဟောရန် အချိန်မဟုတ်၊ သည်းခံဦးလော့ ဗာဟိယ"

"တပည့်တော် တောင်းပန်လျှောက်ထားပါသည် အရှင်မြတ်ဘုရား...တပည့်တော်၏ အသက်သည်လည်းကောင်း၊ အရှင်ဘုရား၏အသက်သည်လည်းကောင်း အန္တရာယ်ကို ကြိုတင်မသိနိုင်ပါ။ သို့ပါ၍ တပည့်တော်သည် ယခုပင် နာယူလိုလှပါသည်။ တပည့်တော် တောင်းပန်ပါ၏။ တပည့်တော်အား ဆင်းရဲ၏အဆုံးဖြစ်သော တရားကို ဟောကြားတော်မူပါဘုရား"

ဗာဟိယ၏ တတိယအကြိမ် လျှောက်တင်ချက်ကို ကြားနာရသောအခါ ဘုရားရှင်သည် ဗာဟိယအဖို့ မိမိ၏အနာဂတ်ကို သိမြင်လေဟန်ဖြင့် လျှောက်ထားလိုက်သလိုရှိသောကြောင့် စိုးစဉ်းငယ်မျှ ပြုံးတော်မူသည်။ စင်စစ်အားဖြင့် ဘုရားရှင် ဗာဟိယကို တွေ့လိုက်စဉ်ကပင် တရားဟောတော်မူအံ့ဟု မဟာကရုဏာတော်ဖြင့် သိမ်းပိုက်တော်မူပြီးဖြစ်သည်။ အကြောင်းသော်ကား ကျွတ်တမ်းဝင်ပြီး၊ ဝင်ဆဲ၊ ဝင်လတ္တံ့သော ဘုရားရှင်၏ သာဝကများအနက် ဗာဟိယဒါရုစိယသည် ထင်ရှားသော ဧတဒဂ်ရ တပည့်သာဝကတစ်ယောက် ဖြစ်မည့်အကြောင်းကို သိတော်မူပြီးဖြစ်သောကြောင့်တည်း။

သို့ရာတွင် ခရီးပန်းသဖြင့် အမောတကြီးဖြစ်လာသည်ကို အမောပြေ၍ သူ့အတွက် ဟောကြားအံ့သော တရားတော်တွင် စိတ်ငြိမ်လက်ငြိမ်ဖြင့် နစ်နစ်ကာကာ နာယူနိုင်စေရန် တစ်ကြိမ်တောင်းပန်ရုံမျှဖြင့် မဟောသေးဘဲ အမောပြေ အချိန်ဆွဲလိုက်ခြင်းမျှ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တတိယအကြိမ် တောင်းပန်ပြီးသည့်အခါ၌မှ ဗာဟိယအဖို့ အမောပြေချိန် ရောက်သဖြင့် ဘုရားရှင်က "သို့ဆိုလျှင် ဆင်းရဲ၏အဆုံးဖြစ်သောတရားကို ငါဟော မည် ဗာဟိယ၊ စူးစူးစိုက်စိုက် နာယူပေတော့"ဟု မိန့်ကြားတော်မူကာ ဆွမ်းခံခရီး လမ်းပေါ်၌ပင် ဗာဟိယအား တရားဟောကြားတော်မူသည်။

"ဗာဟိယ...မိန်းမ ယောကျ်ား စသည့် တစ်စုံတစ်ခုသော အဆင်းကို တွေ့မြင်သည့်အခါ၌ မြင်လိုက်ကာမျှ မြင်ရတိုင်းမျှသာ ဖြစ်စေရမည်။ မြင်လိုက် သည်မှ ရှေ့သို့ဆက်၍ဆက်၍ တစ်စုံတစ်ရာ မတွေးတောဘဲ မြင်လိုက်ကာမျှ မြင်ရတိုင်းမျှတွင် မိမိစိတ်ကို ရပ်တည်၍နေအောင် သတိပြုရမည်။ မိန်းမအသံ၊ ယောကျ်ားအသံ စသည့် တစ်စုံတစ်ခုသော အသံကို ကြားရသည့်အခါတိုင်း အခါတိုင်း ကြားလိုက်ကာမျှ ကြားလိုက်သည့်အတိုင်းမျှ ဖြစ်စေရမည်။ ကြားရသည့် အသံမှ ရှေ့သို့ဆက်၍ဆက်၍ တစ်စုံတစ်ရာ မတွေးတော့ဘဲ ကြားလိုက်ကာမျှ ကြားရတိုင်းမျှတွင် မိမိစိတ်ကို ရပ်တည်နေအောင် သတိဆောင်ရမည်။ အလားတူ ပင် တစ်စုံတစ်ခုသော အနံ့နံ့ရာ အစာအာဟာရ အရသာကို ခံစားရာ၊ အထိအတွေ့ တို့ကို ထိတွေ့ရာ၌လည်း တွေ့ထိလိုက်ခါမျှ တွေ့ထိတိုင်းမျှသာ ဖြစ်စေရမည်။ တစ်စုံတစ်ရာကို စိတ်ဖြင့် သိရှိလိုက်သည့်အခါတွင်လည်း သိရှိလိုက်ကာမျှ သိရှိရ တိုင်းမျှသာ ဖြစ်စေရမည်။ တွေ့ထိသိရှိရာတို့မှ ရှေ့သို့ဆက်၍ဆက်၍ မတွေး တောဘဲ တွေ့ထိသိရှိရတိုင်းမျှတွင်သာ မိမိစိတ်ကို ရပ်တည်၍နေအောင် သတိ ဆောင်ရမည်။

"ဗာဟိယ...ဤအတိုင်းကျင့်ဆောင်ခဲ့လျှင် ထိုသည့်အာရုံ တစ်စုံတစ်ခုနှင့် သို့မဟုတ် ထိုသည့်အာရုံတို့ စုပြုံလျက်ရှိသော လောကနှင့် ပတ်သက်ဆက်ဆံဖွယ် မရှိတော့။ ဤသည်ကား-ဆင်းရဲ၏ အဆုံးပေတည်း"

ဘုရားရှင်၏ ထူးခြားလှသော အာရုံခြောက်ပါးအရပ်တရားတွင် ပထမပိုဒ် ဖြစ်သော အဆင်းအာရုံ ရပ်တရားကို ကြားနာလိုက်ရစဉ်ကပင် စိတ်အားထက်သန် ၍ အခြေခံရှိပြီးဖြစ်သော ဗာဟိယအဖို့ ကျင့်သုံးပြီးသားဖြစ်သွားသည်။ အာရုံ ခြောက်ပါးလုံးကို ကြားနာပြီးသောအခါ ခြောက်ပါးလုံးကိုပင် ကျင့်သုံးပြီးသား ဖြစ်သွားသည်။ ထို့ကြောင့် တရားနာလိုစိတ် ထက်သန်လွန်းလှသဖြင့် ခက်မာ တောင့်တင်းလျက်ရှိသော ဗာဟိယ၏ ကိုယ်ခန္ဓာသည် တရားတည်းဟူသော ရေစင် ရေအေးဖြင့် ချိုးသုံးလိုက်ရသောအခါ နူးညံ့ပျော့ပျောင်း၍သွားသည်။ စင်စစ်ဆိုသော်

www.burmeseclassic.com



ဘုရားရှင်၏ တရားတော်ကို နာပြီးဆဲခဏ၌ပင် ဗာဟိယအဖို့ ကြီးစွာသောအမှောင်တိုက်အတွင်းမှ အလင်းသို့ထွက်လိုက်ရသကဲ့သို့ ကျွတ်တမ်းဝင်ခဲ့ပေပြီ။ တကယ့်သူတော်စင် ရဟန္တာအဖြစ်သို့ ကူးပြောင်းခဲ့ပေပြီ။

ဤအချိန်တွင် ဗာဟိယအဖို့ သူတော်စင်တို့နှင့်လိုက်လျောသော ရဟန်းအဖြစ်သို့ ရောက်ဖို့ သင့်လျော်၏။ သို့သော် မရောက်လိုက်ရရှာ။ ဗာဟိယအဖို့ တရားအာရုံတွင် ထုံဆဲခဏမှာပင် ဘုရားရှင်သည် ဆွမ်းခံဆဲတန်းလန်း ကိစ္စအတိုင်းထွက်ကြွတော်မူသည်။ ဗာဟိယသည် ဘုရားရှင်အား ရှိခိုးလျက်ရှိရာမှ ဘုရားရှင်၏ဆွမ်းခံကြွမှုမျက်ကွယ်တွင် ကျန်ရစ်ခဲ့သည်။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ ဘုရားရှင်သည် ဆွမ်းခံကိစ္စပြီး၍ ဇေတဝန်ကျောင်းတော်သို့အပြန်တွင် ဗာဟိယအား တရားဟောတော်မူခဲ့ရာ မနီးမဝေး၌နွားဝှေ့သည့် ဒဏ်ရာဒဏ်ချက်ဖြင့် ကွယ်လွန်နေရှာပြီဖြစ်သော ဗာဟိယ၏အလောင်းကို တွေ့မြင်ကြရခြင်းပင် ဖြစ်ပေသည်။

လူသာမန်တို့အမြင်တွင် အမျိုးလည်းမရှိ၊ မိတ်ဆွေလည်းမရှိ ပျဉ်ချပ်ကိုဝတ်ထားသော အဝတ်အဆင်းဖြင့် လမ်းဘေးတွင် ကွယ်လွန်၍နေသော ဗာဟိယ၏အလောင်းသည် သာမန်ဖြစ်လိုသမျှဖြင့် သင်္ဂြိုဟ်လိုက်ကြရဖို့ရှိ၏။ သို့ရာတွင်ဗာဟိယ၏တန်ဖိုးကို သိတော်မူသော ဘုရားရှင်ကမူ ကျောင်းတော်သို့ရောက်သောအခါ တပည့်ရဟန်းငယ်များအား သင်တို့၏နောင်တော်ဖြစ်သော ဗာဟိယသည်ဆွမ်းခံသွားရာ လမ်းဘေးတွင် နွားဝှေ့၍ ကွယ်လွန်ရှာလေပြီ။ ဝဋ်ဆင်းရဲမှလွတ်ပြီးသော ဗာဟိယသည် ပရိနိဗ္ဗာန်ပြုလေပြီ။ သင်တို့သွား၍ အလောင်းကိုသယ်ဆောင်၍ကောင်းမွန်စွာ ဖုတ်ကြည်းသင်္ဂြိုဟ်ကြလေလော့၊ သင်္ဂြိုဟ်ပြီးလျှင် ဗာဟိယ၏အရိုးကို စေတီတည်ပြုကြကုန်လော့”ဟု စေခိုင်းမိန့်ကြားတော်မူသဖြင့် ရဟန်းများကိုယ်တိုင် ဘုရားရှင်အမိန့်တော်အတိုင်း သင်္ဂြိုဟ်လုပ်ဆောင်ကြရသည်။

ဤမျှသာမဟုတ်။ “ကျွတ်တမ်းဝင်ကြကုန်သော ငါ၏တပည့်သားများတွင် ဗာဟိယဒါရုစိယသည် ငါ၏တရားကို ကြားနာပြီးသည်နှင့်တစ်ပြိုင်နက် အလျင်မြန်ဆုံး တရားရသူဖြစ်သည်”ဟု ဧတဒဂ်ထားတော်မူခြင်း ခံရသဖြင့် ဗာဟိယ၏အရိုးအိုး လွမ်းစေတီကလေးကို မြင်ကြရတိုင်း ဗာဟိယ၏ ထက်မြက်မှုအရည်အသွေးကို သတိရကာ တတမ်းတတနှင့် ပြောစမှတ်ဖြစ်နေကြရပေသတည်း။ ။

❂❂❂

www.burmeseclassic.com

www.burmeseclassic.com



# လှမာန်ယစ်သူ

[ ၁ ]

ဝေသာလီပြည်သူ အမွှပါလီသည် လှသည်ဟု နာမည်ကြီး၏။ ဘုရားရှင် အမျိုးအနွယ် သာကီယတိုင်းသူ ယသော်ဓယာ၊ ဇနပဒကလျာနီတို့သည် လှသည်ဟု နာမည်ကြီးကြ၏။ သို့ရာတွင် ဝေသာလီပြည်သူတိုင်း၊ သာကီယပြည်သူတိုင်း လှကြသည်မဟုတ်။ သီးခြားအလှရှင်များသာ ဖြစ်ကြ၏။

သာဂလပြည်သူများကိုကား အချောအလှ အများဆုံးထွက်သော နိုင်ငံဟု သတ်မှတ်ထားကြသည်။ 'အပျိုတွေချောသည့် လှိုင်ဘောလယ်'ဟူသော စကားကဲ့သို့ 'အချောအလှသာဂလ'ဟုပင် စကားတစ်ရပ်အဖြစ် သတ်မှတ်ထားကြသည်။ ခုနစ်ဆောင်တိုက်ခန်းကိုပင် မီးမထွန်းဘဲ လင်းသည်ဆိုသော သာဂလတိုင်း၏ အလှထိပ်ခေါင် ပဘာဝတီ၏ အဆက်အနွယ်များပေတည်း။

သာဂလသူဟုဆိုလျှင် ယောကျ်ားတိုင်း မော်၍ကြည့်ရ၏။ သတိထား၍ကြည့်ရသည်။ သာဂလသူမှန်လျှင် အနည်းဆုံးအားဖြင့် ဖြူညက်သည်၊ သန့်စင်သည်၊ နွဲ့ပျောင်းသည်၊ မဟာဆန်သည်၊ သိမ်မွေ့သည်။

သို့ရာတွင် သာဂလသူများသည် အချောအလှတွင်သာ နာမည်ကြီးသည် မဟုတ်။ မိမိတို့အလှတွင် ဂုဏ်ဝင့်သော အလှမာန်ယစ်သူများအဖြစ်လည်း နာမည်ကြီးကြသည်။ သာဂလသူအစွဲဖြင့် ခြေကန်၍ ပိုးခဲ့ရသော ကုသမင်းသားကြီးအား အလှမာန်ယစ်ကာ နည်းမျိုးစုံဖြင့် တိမ်းရှောင်ခဲ့သော သာဂလသူ ပဘာဝတီ၏ အနွယ်အဆက်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ သာမန် သာဂလသူတို့ပင် လှသည်ဟုဆိုသော် ဥပလဝဏ်၊ ဝိသာခါ၊ ပဋ္ဌာ၊ ကုဏ္ဍလာ၊ ဓမ္မဒိန္နာ...စသော ပါရမီမျိုးစေ့ မှတ်တမ်းဝင် အမျိုးသမီးကြီးများ ကဲ့သို့ပင် အလှပါရမီမျိုးစေ့ အပြည့် ပါလာရုံမက အလှမျိုးစေ့တို့ ပေါက်ဖွားရှင်သန် ရာ သာဂလသူ ခေမာ၏အလှကို အထူးချီးပနေဖွယ်မလို။ သာမန် သာဂလပြည်သူ များပင် အလှဂုဏ်ဝင့်ကြသည်ဆိုသော် သာဂလပြည့်ရှင် ဘုရင်မဒ္ဒရာဇ်၏ သမီး ဖြစ်၍ ရွှေလင်ပန်းနှင့် အချင်းဆေးကာ ပင်ကိုအလှတွင် လှစေနိုင်သော အပြုအစု မှန်သဖြင့် ထပ်လောင်းလှစေခဲ့သော ခေမာမင်းသမီးလေးအဖို့ ကမ်းကုန်အောင် အလှမာန်ယစ်တော့မည်မှာ အထူးစဉ်းစားစရာမလို။

ပင်ကိုအလှတွင် "ခေမာ"ဟူသောအမည်ကလည်း အလှမာန်ကို မီးလောင် လေပင့်ထားသလို ရှိခဲ့သည်။ အကြောင်းမှာ အမျိုးသမီးတို့၏ ကောင်း,ခြောက်ဆယ့် လေးရပ်ကို ထင်ဟပ်စေသော ကလျာဏီဟူသောအမည်၊ သိမ်သိမ်မွေ့မွေ့နှင့် အေးမြမှုအနက်ကိုဆောင်ကာ ပျိုတိုင်းကြိုက် ကြာညိုပန်းကလေးမျိုးကို ထင်ဟပ်စေ သော ဥပလဝဏ် စသော အမည်၊ အသံကြားလိုက်လျှင် တစ်ပါးသူ၏မေတ္တာကို ခံယူစေနိုင်သော ဘဒ္ဒါဟူသောအမည် စသည်ဖြင့် အမျိုးသမီး အလှကလေးများအား ယေဘုယျ မှည့်ခေါ်ကြသော ချစ်စနိုးအမည်ပေါင်းများစွာ ရှိပါလျက် "ခေမာ"ဟု မှည့်ခေါ်ထားသောအမည်မှာ ထူးခြား၏။

ထူးခြားဟန်ကား ဘဝပါရမီ အလှပါရမီ အပြည့်အသိပ်ဖြင့် ဤမင်းသမီး ပေါက်ဖွားလာသည့်အချိန်၌ သာဂလနိုင်ငံတော် တစ်ခုလုံးမှာ ရောဂါဘေးဘျမ်း အသွယ်သွယ် အန္တရာယ်မှန်သမျှတို့ ကင်းငြိမ်းသာယာစေသောအချိန်၊ ကင်းငြိမ်း သာယာစေသောအခါ ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်တစ်ခုလုံး၏ ဗျူပွတ်ကိုယူကာ "ခေမာ"ဟူသောအမည်မှည့်ခဲ့ရာတွင် နိုင်ငံတော်၏ နှလုံးသည်းပွတ်ဖြစ်လာသကဲ့သို့ အလှမာန် ဘဝမာန်ကိုလည်း ယစ်ဝေစေခဲ့သော မင်းသမီးကလေး ဖြစ်လာခဲ့ပေ သည်။

သို့ရာတွင် အကြင်အမျိုးသမီးတို့မည်သည် အဘယ်မျှ အလှမာန်၊ ဘဝမာန် ဝင့်နေစေကာမူ လှိုင်းကြီးလှေအောက်၊ တောင်ကြီး ဖဝါးအောက် ဆိုရိုးစကားအရ ယောကျ်ားတို့ဘုန်းအောက်၌သာ ခိုဝင်ရမြဲအတိုင်း အချိန်တန် အရွယ်ရောက်သော အခါ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရ၏ မိဖုရားခေါင်ကြီးအဖြစ်သို့ ရောက်လာ ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်ဖြင့် ရောက်ရှိခဲ့သည်ကားမဟုတ်၊ နန်းသွေးခေမာ၏ အလှသတင်းကြောင့် ရာဇဂြိုဟ်၊ သာဝတ္ထိ စသော နိုင်ငံကြီးသို့ စစ်ခင်းရလုမတတ်ဖြစ်ရာတွင် ထီးပိုင်နန်းပိုင်ဖြစ်သော်လည်း အင်အားနည်းသော သာဂလနိုင်ငံလေးအဖို့ ဆူးကြားပေါက်သည့်ဘူးပမာ အခက်အခဲမျိုးစုံတို့အကြားတွင် ရှိခဲ့ရာမှ ဗိမ္ဗိသာရဘုရင်က အနိုင်ရသွားခြင်းဖြစ်လေသည်။ သို့ရာတွင် ဗိမ္ဗိသာရဘုရင်၏ ရင်ခွင်သို့ရောက်ရှိခြင်းမှာ အင်အားကြီးနိုင်ငံ၊ အင်အားကြီးဘုရင်ဖြစ်၍ နိုင်ထက်စီးနင်း ရောက်ရှိခြင်းကား မဟုတ်၊ ဗိမ္ဗိသာရသို့ ခေမာက တိမ်းညွတ်ကာ အလိုက်သင့် အဆင်ပြေစွာ ပေါင်းဖက်မိကြခြင်းဖြစ်သည်။

အကြောင်းကား–နန်းသူခေမာသည် ဂီတအနုပညာတွင်လည်းကောင်း၊ မိမိသာလှသည်မဟုတ်ဘဲ လောကအလှ သဘာဝအလှကို ရှုမြင်ရာ၌လည်းကောင်း၊ ဝါသနာစရိုက် စူးစိုက်သူဖြစ်ပေရာ ယင်းဝါသနာစရိုက်များသည် အနုပညာချစ်သူ၊ အလှကြိုက်သူ ဘုရင်ဗိမ္ဗိသာရနှင့် ကိုက်ညီလျက်ရှိရာက အချစ်မဲ အသာရခဲ့ခြင်းဖြစ်ပေသည်။

အချစ်ဆိုသည်မှာ အချစ်သက်သက်မျှ မဟုတ်ဘဲ ချစ်သူအချင်းချင်းတို့ စရိုက်ဝါသနာတူညီလျှင် ထိုအချစ်သည် ပို၍လေးနက်လာမြဲဖြစ်၏။ ဘုရင်ဗိမ္ဗိသာရသည် နန်းသူခေမာအား အလှကြောင့်ချစ်၏။ အလိမ္မာကြောင့်လည်း ချစ်ရ၏။ စရိုက်ဝါသနာချင်းတူသောကြောင့်လည်း တစ်နေ့တခြား လေးလေးနက်နက် ချစ်လာရ၏။

သို့ရာတွင် ယခုတလောတလတ်တွင် အကြောင်းအချက်ကလေး တစ်ရပ်ကြောင့် ဘုရင်နှင့် မိဖုရားတို့ အဆင်မပြေ ဖြစ်နေရသည်။ ယင်းအကြောင်းအချက်ကား နန်းမတော်ကြီးသည် ဝေဠုဝန်ကျောင်းအမ ဖြစ်ပါလျက်၊ ဘုရားရှင်အပေါ်တွင် ခင်တွယ်ရိုညွတ်သူ ဖြစ်မှန်းလည်းသိပါလျက် မခိုင်လုံသော အကြောင်းပြချက်ကလေး တစ်ချက်မျှဖြင့် ဘုရားရှင်အား ဖူးတွေ့ဖို့ရန် အလှမာန်ခုနေသော အချက်ပင် ဖြစ်ပေသည်။

[ ၂ ]

ဗိမ္ဗိသာရဘုရင်သည် ဘုရားရှင်၏ ရှေးဦးစွာသော ကျောင်းဒကာကြီးအဖြစ် ဂုဏ်ယူသည်။ အသက်ချင်း မတိမ်းမယိမ်းရှိသော ဘုရားရှင်အပေါ်၌ ကြည်ညို

www.burmeseclassic.com

www.burmeseclassic.com



ရှိညွှတ်ရုံမျှမက ပုဂ္ဂလရေးရာအားဖြင့်လည်း ခင်တွယ်မှုရှိသည်။

ဘုရားမဖြစ်မီ မိမိနိုင်ငံတော်အတွင်းသို့ ဆွမ်းခံဝင်၍ ဖူးတွေ့ရစဉ်အချိန်က အကယ်၍ ဘုရားရှင် လက်ခံခဲ့ပါလျှင် နိုင်ငံတော်ကိုပင် ထက်ဝက်ခွဲ၍ ပေးမည့်အကြောင်း၊ ငယ်ငယ်ရွယ်ရွယ်တွင် တရားဘက်သို့ ဦးမလှည့်သေးဘဲ မိမိနှင့်အတူ နိုင်ငံတော်တစ်ဝက်ကို အုပ်ချုပ်၍ မင်းစည်းစိမ်ခံစားဖို့အကြောင်းထိ ပုဂ္ဂိုလ်ရေး ခင်တွယ်မှုဖြင့် ပေးအပ်ခဲ့သူဖြစ်သည်။ ဘုရားဖြစ်လာသောအခါတွင်လည်း ဖခင် နိုင်ငံတော်သို့ပင် မကြွသွားသေးဘဲ မိမိနိုင်ငံတော်သို့ ရှေးဦးစွာ ကြွရောက်ချီးမြှင့်သဖြင့် ပို၍ခင်တွယ်သည်။

ဤအကြောင်းအချက်များကြောင့် ဘုရားရှင်အပေါ်၌ သဒ္ဓါစိတ်အပြင် ပုဂ္ဂလိကရေးရာ ခင်တွယ်မှုဖြင့် အလေးအနက်ထားခဲ့သူဖြစ်ရာ မိမိချစ်သူအားလည်း မိမိအလားတူပင် ဘုရားသွားကျောင်းတက် စသည်ဖြင့် အလေးတမူ အရေးတယူ ရှိစေသချင်သည်။ ဘုရားရှင်အား ကြည်ညိုစေသချင်သည်။

အသိဉာဏ်ရှိသူဖြစ်သည့်အတိုင်း ဘုရားရှင်အား ကြည်ညိုပါသည်၊ လေးစားပါသည်ဟုတော့ ပါးစပ်ဖြင့် ဝန်ခံဖော်ရပါ၏။ သို့ရာတွင် ဘုရားရှင်အား ကာယကံမြောက် ဖူးတွေ့ရန်ကိုမူ နည်းအမျိုးမျိုးဖြင့် တိမ်းရှောင်သည်။ နန်းတော်သို့ ဘုရားရှင် ကြွလာလျှင်ပင် အကြောင်းပြချက်တစ်ခုခုဖြင့် တိမ်းရှောင်သည်။ ဘုရားရှင်အား မဖူးတွေ့လိုသည့် အကြောင်းပြချက်ကား–ဘုရားရှင် တရားဟောရာ၌ အချောအလှကို ရှုတ်ချ၍ ဟောတော်မူလေ့ရှိသည်ဟု ကြားသိထားရာတွင် ရင်ဆိုင်ဖူးတွေ့ရလျှင်လည်း ဘုရားရှင်က မိမိ၏အဆင်းကို ရှုတ်ချဟောပြောလိမ့်မည်ကို စိုးရွံ့သောကြောင့်ဟူ၏။

"အဆင်းကို ရှုတ်ချတယ်ဆိုတာကလည်း တရားသဘောနဲ့ ဟောတာပဲ နန်းမတော်ရဲ့၊ ဒါလောက်မှ မခံယူနိုင်ဘူးလား"

"အို…မောင်တော်ကလည်း ဟောစရာရှားသမို့လား၊ အခုတော့ တစ်ခါကြားရလည်း ကာယဂတာသတိ၊ တစ်ခါကြားရပြန်လည်း သုံးဆယ့်နှစ်ကောဋ္ဌာသနဲ့။ ကိုယ်ခန္ဓာကို ရှုတ်ချနေတာပဲဟာ"

"မောင်တော် သိရသလောက်တော့ ကိုယ်ခန္ဓာကို ရှုတ်ချတဲ့ တရားကိုချည်း ဟောတော်မူနေတာ မဟုတ်ပါဘူး၊ ပရိသတ်ရဲ့အဆာ၊ သတ္တဝါရဲ့စရိုက်ကို ထိုက်သင့်တဲ့ အခြားတရားစုံကိုလည်း ဟောတော်မူတာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟောချင်လည်း ဟောပေမှာပေါ့ မောင်တော်၊ နို့ပေမယ့် နှမတော်က အဆင်းနဲ့ ထင်ရှားသူဖြစ်လေတော့ နှမတော်ကိုတွေ့ရင် အဆင်းကို ရှုတ်ချတဲ့တရား ဟောမှာ သေချာလှပါတယ်"

"ဒီအချက်မှာတော့ နှမတော် အယူအဆလွဲနေပြီ"

"လွဲချင်ရင်လည်း လွဲမှာပေါ့လေ၊ ဒါကတော့ နှမတော်ရဲ့ စိုးရိမ်ချက်ပဲ။ လောကမှာ ကိုယ်ခန္ဓာအလှတွင်မဟုတ်ပါဘူး။ ပန်းရဲ့အလှ၊ ကဗျာစာပေရဲ့အလှ စတဲ့အလှမျိုးစုံရှိတာကို မောင်တော်သိပြီးသားပါ။ အလှဟာ အလှပါပဲ။ မောင်တော် ဟာ အလှမျိုးစုံရဲ့အရသာကို အတန်းမြင့်မြင့် ခံယူတတ်တဲ့သူပါ။ အလှကိုခံယူတတ် တာဟာ ပညာရပ်တစ်ရပ်ပါ။ နှမတော်ရဲ့သဘောကတော့ အလှအရသာကို မခံယူ တတ်ဘူးဆိုရင် ဘယ်လောက်ပဲ ကြီးမြင့်တဲ့လူဖြစ်ဖြစ် ဝေးဝေးကပဲ ရှောင်ချင်လှပါ တယ်။ အလှကိုမမြင်တတ်သူအပေါ်မှာ သည်းခံစိတ် မမွေးနိုင်ဘူး"

သူ့ဆင်ခြေနှင့်သူကတော့ ချော၍နေပေသည်။ အမြင် အသိဆိုသည်မှာ လွယ် လွယ်နှင့် ခက်သောအရာဖြစ်သည်။ အချိန်အခါမသင့်သေးလျှင် မမြင်သူကို မြင် အောင်ပြဖို့ ခက်တတ်သည်။ မသိသူကို သိအောင်ပြောဖို့ ခက်တတ်သည်။ ထို့ကြောင့် "ခက်လှချည့် နန်းမတော်ရယ်"ဟုသာ ညည်းတွားလက်လျှော့ရပြန်၏။

နန်းမတော်နှင့် ဤအကြောင်းရပ်အတွက် ဤလိုဆွေးနွေးချက်မှာ တစ်ကြိမ် တစ်ခါမဟုတ်။ ကြိမ်ဖန်များစွာရှိပြီ။ ဆွေးနွေးတိုင်း အလျှော့ပေးခဲ့ရသည်။ နန်းမတော်အပေါ်တွင် ချစ်လွန်းလှသော အချစ်ကြောင့်လည်းဖြစ်၏။ ဘုရားရှင်၏ ဆုံးမစကားကြောင့်လည်းဖြစ်၏။ တစ်ခါတစ်ရံတော့လည်း မင်းမိန့်ဖြင့် ဘုရားရှင် အထံတော်သို့ အတင်းစေလွှတ်မည်ဟူသည်အထိ စိတ်ကူးလိုက်မိသည်။

နန်းမတော်ကြီး အဖြစ်သဲလိုက်ပုံမှာ ယခင်က ရံဖန်ရံခါ ဘုရင့်ဥယျာဉ်တော် ဝေဠုဝန်သို့ အပန်းပြေ၊ အငြီးပြေသဘောဖြင့် အခြွေအရံ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ဥယျာဉ်မွေ့ ထွက်လေ့ရှိခဲ့ရာမှ ဝေဠုဝန်တွင် ဘုရားရှင် သီတင်းသုံးတော်မူသည့် အချိန်မှစ၍ ခြေဦးမျှ မလှည့်တော့ပေ။

ဤအကြောင်းကို ဘုရားရှင်ထံ ဖူးတွေ့သည့်အခါ မအောင့်နိုင်မဆည်းနိုင် ရှက်လည်းရှက်သဖြင့် ဗိမ္ဗိသာရဘုရင်က ဘုရားရှင်အား မိဖုရားအပေါ် အားမလို အားမရရှိသည့်အကြောင်း ဖွင့်ထုတ်လျှောက်ထားမိသောအခါ ဘုရားရှင်က ပြုံးတော် မူ၏။ သိတော်မူ မြင်တော်မူသော ဘုရားရှင်အဖို့ ချိန်ဆုံးခါသင့် ပန်းနှယ်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုသကဲ့သို့ ခေမာမိဖုရားသည် သာသနာတော်၏ တရားရင်ခွင်တွင် ပန်းနှယ်ပွင့်ဖို့ရန် အချိန်သင့် အခါသင့်ကိုသာ စောင့်နေရသူဖြစ်သည်ကို မြင်တော်မူသောကြောင့်ဖြစ်၏။

ထို့ကြောင့် နောက်တစ်ကြိမ်တွင် ဗိမ္ဗိသာရဘုရင်သည် ဝေဠုဝန်၏ ဝေဝေဆာဆာ သီးပွင့်လျက်ရှိသော သရက်ပင်ကြီးတစ်ပင်အောက်တွင် ဘုရားရှင်အား ဖူးတွေ့ရာ၌ မိဖုရား၏သဘောထားကို ထပ်မံလျှောက်တင်မိသောအခါ ဘုရားရှင်က–

"မင်းကြီး...သရက်ပင်ခြေရင်းတွင် ပေါ်ပေါက်လျှောက်ထားသော အကြောင်းဖြစ်၍ သရက်သီးကိုပင် ဥပမာထား၍ ဟောကြားရတော့မည်။ သရက်သီးမှည့်ကို စားသုံးလိုသူသည် သရက်သီးမှည့်မည့်အချိန်ကို စောင့်ဆိုင်း၍ ရူးဆွတ်စားသုံးရသည်။ သရက်ကင်းကိုကြည့်၍ မှည့်နိုင်ရန်ကောဟု သောကဗျာပါဒ များနေခြင်းမှာ အကြောင်းမဟုတ်ပါ။ ခေမာမိဖုရားသည် သရက်သီးနှင့် ဥပမာတူပါသည်။ မှည့်ချိန်တန်ပါလျှင် မှည့်ပါလိမ့်မည်။ မှည့်နိုင်ရန်ကောဟု သောကများနေဖို့ မလိုပါ"ဟု မိန့်ကြားသောအခါ ဘုရင်ဗိမ္ဗိသာရက သဘောပေါက်သွား၏။

ဘုရားရှင်၏ နှုတ်ခွန်းတော်ကြောင့် မိဖုရားအတွက်လည်း အားတက်မိ၏။ ခေမာသည် မှည့်ချိန်မတန်သေး၍သာ ကင်း၍နေရကြောင်း သိရပြီ။ သို့ရာတွင် ရင့်သောသရက်သီး မှည့်ဖို့ရန်မှာ အပင်မှာသာ စောင့်ဆိုင်းနေဖို့မလို။ ရူးဆွတ်၍ လိုအပ်သလို အုပ်ဆိုင်းပြုပြင်ပေးလျှင် အမှည့်မြန်ဖို့ရှိသည်ဟုလည်း ကျောင်းဒကာကြီး ဆက်၍စဉ်းစားသည်။

[ ၃ ]

ဘုရားရှင်၏ သရက်သီးဥပမာ မိန့်ခွန်းတော်စကားကို ကြားရပြီးသည့်ချိန်မှစ၍ ဘုရားရှင်အား မိဖုရားက ဖူးတွေ့ရန်၊ ဘုရားရှင်တရား ကြားနာဖို့ရန် ဗိမ္ဗိသာရဘုရင်က မိဖုရားအား နားပူနားဆာမလုပ်တော့ပေ။ မိဖုရားအဖို့ အချိန်အခါနှင့် ဉာဏ်ပညာ မှည့်ဝင်းမည့်အချိန်ကိုသာ အလိုက်သင့်စောင့်မျှော်၍နေသည်။ သို့ရာတွင် ဤအတိုင်းနေ၍ ကသာဖြင့် မည်သည့်အချိန်တွင် မည်သို့ အခွင့်အလန်းသာ၍ အဘယ်ပုံမှည့်ဝင်းလာမည်ကို မခန့်မှန်းနိုင်။ သို့ဖြစ်၍ သူ့အလိုအလျောက် မှည့်ဝင်းလာမည်ထက် ရင့်သောသရက်သီးကို ရူးဆွတ်၍ အုပ်ဆိုင်းပြုပြင်ပေးသည့်ပမာ ဘုရားရှင်အား အလျင်အမြန်ဖူးတွေ့နိုင်ရန် အုပ်ဆိုင်းပြုပြင်မှု နည်းပရိယာယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်ရပ်ကို လုပ်ဆောင်ရန်သင့်မည်ဟု ဘုရင်မင်းမြတ် စိတ်ကူးမိသည်။

စိတ်ကူးမိသော နည်းလမ်းပုံစံ စီမံကိန်းကလည်း အဆင်ပြေလှ၏။ ယင်းနည်းလမ်းကား အနုပညာဝါသနာရှင်ကို အနုပညာတည်းဟူသော ငါးမျှားချိတ်ဖြင့် ချိတ်ခေါ် ဆွဲဆောင်ရန်ပင်တည်း။

အနုပညာဘာသာရပ် နည်းလမ်းများစွာအနက် ဂီတအနုပညာ အင်အားသည် ကြီးမား၏။ ဂီတစွမ်းအားကို ဘုရင်ကြီး သိပြီးဖြစ်သည်။ ဂီတသည် သူ့ကိုချစ်သော၊ နားလည်သော အနုပညာရှင်များကို မဆိုထားဘိ၊ လူသာမန်များကိုပင် မိမိအလိုသို့ ပါအောင် ဆွဲဆောင်နိုင်စွမ်းရှိကြောင်း ဘုရင်ကြီး နားလည်သည်။

ပင်ကို အကြမ်းထည် အကြမ်းသဘောပင် ဖြစ်စေဦးတော့၊ ဂီတဖြင့် သချော သပ်ပေးလိုက်လျှင် နူး၍ ကြည်၍သွားသည်။ ပင်ကိုအနုပစ္စည်း အနုသဘောပင် ဖြစ်စေဦးတော့ ဂီတဖြင့် မွှေနှောက်ပေးလိုက်လျှင် ခက်ထရော်၍သွားသည်။ ကြမ်းသော တောတောင်ရေမြေသည် ဂီတ၏အဖွဲ့အသံအောက်တွင် နူး၍လှ၍သွားသည်။ ရေရှားမိုးခေါင် မီးလောင်မြေအသွင် ကျပ်တည်းပြင်ကျေးရွာမှ မျက်ခမ်းစပ်မလေး တစ်ဦးအား ဂီတဆရာတစ်ဦးက နွဲ့ပျောင်းသောအသံ၏အောက်တွင် လောကအလှ မျိုးစုံဖြင့် တွဲစပ်ဖွဲ့သီ၍ ပေးလိုက်သောအခါ တစ်နိုင်ငံလုံးနှုတ်ဖျားတွင် တစာစာ သီကျူးကြရုံမက တချို့ကမူ တမ်းတတ တရှိုက်မက်မက်ဖြင့်ပင် ယင်းမျက်ခမ်းစပ် မလေးရှိရာ ကျေးရွာသို့ သွားရောက်ကြည့်ရှုကြကြောင်း ဘုရင်ကြီး ကြားသိ သိရှိပြီးဖြစ်သည်။

သို့ဆိုလျှင် မိမိချစ်သူလေး အသိဉာဏ်ပန်း ပွင့်လန်းစေရန်အတွက် ငါးကြင်း ဆီဖြင့် ငါးကြင်းသားကြော်သည် ဆိုသကဲ့သို့ ဘုရားရှင် သီတင်းသုံးတော်မူရာ ဝေဠုဝန်ဥယျာဉ်သို့ မိဖုရား သွားရောက်စေရန် ဝေဠုဝန်ဖြင့်ပင် သွေးဆောင် ဖမ်းစားဖို့ စီစဉ်ရတော့မည်ဟု ဘုရင်ကြီး ဆုံးဖြတ်ချက်ချလိုက်၏။ ထို့ကြောင့် မကြာမတင်ပင်လျှင် နန်းသူခေမာ၏ ဝန်းကျင်၌ ဝေဠုဝန်–ဝေဠုဝန်ဟူသော ဂီတ သံများ၊ ဝေဠုဝန်ကို ချီးပပြောဆိုသောစကားသံများ၊ ဝေဠုဝန်ကို မဏ္ဍိုင်ထား၍ ဇာတ်အိမ်ဖွဲ့သော အကသဘင်များ၊ တစ်ခုပြီးတစ်ခုဆိုသလို မပြတ်ကြားသိ တွေ့ မြင်လာရ၏။ ချစ်သူ နန်းမတော်မှတစ်ပါး နန်းတွင်းနန်းပြင် သက်ဆိုင်သူမှန်သမျှ ကို အသိပေးကာ နိုင်ငံတော်မှ အကျော်အမော် ဂီတဆရာ၊ ကဗျာဆရာ၊ စာရေး ဆရာ၊ သဘင်ပညာသည်တို့ အသိုင်းအဝိုင်းဖြင့် ဘုရင်ကြီးကိုယ်တိုင် စီစဉ်ပေးလိုက်

www.burmeseclassic.com



သော အစီအစဉ်များပေတည်း။

ယခုတလောအတွင်း ရွှေနန်းတော် ပွဲကြည့်ဆောင်သို့ နန်းသူ့ခေမာ မထွက်ခဲ့သည်မှာ ရက်သတ္တပတ်ခန့် ရှိပေပြီ။ ထိပ်သီးပညာရှင်များဖြစ်သည့်အတိုင်း အစီအစဉ် အတင်အပြကောင်းကြပါ၏။ သို့ရာတွင် ကြည့်ပြီး သိပြီး ရာဇဝင် နိပါတ်ဇာတ်တော်ကြီးများချည့်သာ ထပ်၍နေရာတွင် ငြီးသယောင်ရှိလာသောကြောင့် အဆောင်တော်အတွင်းမှာပင် အခြွေအရံတို့၏ စောင်းညင်းပတ်သာ တူရိယာတို့ဖြင့်သာ အငြီးဖြေ၍နေခဲ့သည်။

ယနေ့ညတွင်မူ နာမည်ကျော် ဘုရင့်ပြဇာတ်ဆရာကြီး၏ ပြဇာတ်သစ် တစ်ထုပ်ကို ထူးခြားသောအစီအစဉ်ဖြင့် တင်ဆက်မည့်အကြောင်း မောင်တော်ဘုရားကိုယ်တိုင် သတင်းပေးလာသဖြင့် ပွဲကြည့်ဆောင်သို့ ထွက်ခဲ့သောအခါ နှစ်သက်လောက်ဖွယ် ပြဇာတ်ဖြစ်သည်ကား မှန်ပါ၏။ သို့ရာတွင် ဝေဠုဝန်ကိုပင် ဂုဏ်ပြုချီးကျူးထားသော ပြဇာတ်ဖြစ်သည်ကို ကြည့်ရှုရသည်။

ပြဇာတ်ရှေ့ပိုင်းတွင် ဝေဠုဝန်၏ အလှဘွဲ့များ၊ ဝေဠုဝန်ယိမ်းများဖြင့် ပျိုးထားပြီးနောက် ဇာတ်ကွက်ရောက်သောအခါ မင်းသမီးလေးက သူ့ချစ်သူ မင်းသားလေးအား ဝေဠုဝန်သို့ လိုက်ပို့ရန် ပူဆာသည်။ မင်းသားလေးက ဝေဠုဝန်၏အလှအောက်တွင် သူ့ချစ်သူ၏အလှ ပျောက်သွားမည်စိုးသောကြောင့် မခေါ်လိုဟု ငြင်းသည်။ သို့ရာတွင် မရမနေ ပူဆာသောကြောင့် လိုက်ပို့ရသည်။ နောက်တစ်ခန်းကို ဖွင့်လိုက်သောအခါ ဝေဠုဝန်ဥယျာဉ်မြင်ကွင်းဖြစ်သည်။

ဝေဠုဝန်ဥယျာဉ်မြင်ကွင်းကို တွေ့လိုက်ရသောအခါ သာမန်အလှမျှဖြင့် မတိုးဝင်နိုင်အောင် အနုပညာအခံ ရင့်ကျက်ပြီးဖြစ်သော နန်းသူ့ခေမာအဖို့ ရှုမြင်ကွက်ထူးခြားလှသဖြင့် ပါးစပ်ဟလောက်အောင်ပင် ငေးမောသွားမိသည်။ ပြဇာတ်ဝါသနာရှင်ကြီး ဘုရင်မင်းမြတ်၏ အစီအစဉ်တွင် ရာဇဗြိုဟ်မှ ထိပ်သီးအကျော်အမော်ပန်းချီဆရာ၊ အနုပညာဆရာတို့၏ စိတ်ကူးအညွန့်အဖူးများကို ပေါင်းစပ်ထားသောမြင်ကွင်းဖြစ်၏။

အဆောင်တော်တွင်သာ စံမြန်းသည့်အခါတွင်လည်း ခါတိုင်းဆိုလျှင် အခြွေအရံတို့၏ အဆို အတီးဝိုင်းက ထီးဘွဲ့ နန်းဘွဲ့၊ အလှအယဉ်ဘွဲ့၊ တောတောင်ကန်သာအဖွဲ့၊ သီချင်းကြီး သီချင်းခံတို့ဖြင့်သာ တစ်လှည့်စီ ဆို,တီး တင်ဆက်တတ်ကြသော်လည်း ယခုတလောတွင်မူ မြို့တော်အတွင်း၌ အင်မတန် ကျော်ကြား၍နေ

www.burmeseclassic.com

www.burmeseclassic.com



သော သီချင်းဟုဆိုကာ ဝေဠုဝန်ဘွဲ့ကိုပင် ကြားနေသည်။

ပေါင်းဖက်ဖော်ချင်း…ဆွေတစ်သင်းငဲ့
ရှုခင်းသာလွန် တောမြိုင်စွန်မှ
ဝေဠုဝန်မည်တွင်၊ ဘုရားရှင်၏
ဥယျာဉ်သာမော၊ ဝါးရုံတောကား
တင့်မောပေစွ တင့်ပေစွ။

**တင့်လှဝေဠုဝန်**

ငှက်အပေါင်းလည်း၊ ငြိမ့်ညောင်းပီပီ
တေးသီဖွဲ့၏။
ဝတ်ရည်သောက်သုံး၊ ပျားပိတုန်းတို့
ရုံးရုံးမြည်ကာ၊ ဝဲပျံကာသည့်။
တက်တုံသက်တုံ၊ သားမျိုးစုံလည်း
ခုန်ကာလွှားကာ၊ ပျော်ပါးကာနှင့်
သာယာပေစွ၊ သာပေစွ။

**သာလှဝေဠုဝန်**

ဘုရားဘုန်းဂုဏ်၊ အရှင့်ဂုဏ်ကြောင့်
အစုံအလင်၊ တန်ဆာဆင်သည့်
ဥယျာဉ်သာမော၊ ဝါးရုံတောတို့
အံ့ဩဖွယ်ပ–အံ့ဖွယ်ပ။

**အံ့စွဝေဠုဝန်**

ပန်းနံ့သာတို့၊ ထုံကာမွှေးကြိုင်
တလှိုင်လှိုင်နှင့်၊ နှိုင်းပြိုင်ဖက်ယှဉ်
နတ်ဥယျာဉ်လား၊ နန္ဒဝန်လားရှင့်။
သာစွဝန်းကျင်၊ …ဤဥယျာဉ်သို့
မဝင်ရောက်မူ၊ အဘယ်သူလျှင်

www.burmeseclassic.com

www.burmeseclassic.com



အတူနှိုင်းယှဉ်၊ နတ်ဥယျာဉ်သို့
ဝင်ရောက်ဖူးလေ၊ ဆိုနိုင်ချေအံ့။
သာစွဝန်းကျင်...ဤဥယျာဉ်သို့
ထွက်ဝင်ပျော်ပါး၊ အဖော်များနှင့်
ခံစားနိုင်မှု၊ ထိုသည့်သူကား
အဟူနှိုင်းယှဉ်၊ နတ်ဥယျာဉ်သို့
ဝင်ရောက်ဖူးလေ၊ ဆိုနိုင်ချေအံ့။
ဝေဠုဝန်၏...သာလွန်တုမဲ့
အလှဘွဲ့ကို၊ ရေးဖွဲ့သီကုံး
ခြယ်သမှုန်းသော်
အဆုံးမရှိနိုင်ချေတကား။ ။

သီဆိုသူ၏ သာယာပိုင်နိုင်လှသောအသံနှင့် စောင်းသံတွင် ငြိမ့်၍ လိုမ့်၍ပါလာသော ဝေဠုဝန်ဘွဲ့သည် နန်းသူခေမာအား တွေးစေငေးစေအောင်အထိ ဆွဲဆောင်လျက်ရှိသည်။ သီချင်းရပ်၍ အနားယူကြသည့်အခါများတွင်လည်း လက်ရင်းအပျိုတော်ကြီးထံမှ–

ဝေဠုဝန်တော–သာမောထွေထွေ
သားငှက်အများ–ပျော်ပါးကာနေ
ပျားပိတုန်း–စားသုံးယူခြေ
ဝတ်ရည်ပန်း–ထုံမွှမ်းကြိုင်ပျံ့ဝေ။ ။

စသည်ဖြင့် မပွင့်တပွင့် သီဆိုလျက်ရှိသော ကဗျာသံကို ကြားရသောအခါ နိုင်ငံတော်အတွင်း မဆိုထားဘိ နန်းတွင်းရောက်အောင် ကျော်ကြားလာသော ဝေဠုဝန်သို့ အလှကြိုက်သူပီပီ အာရုံစူးစိုက်လာသည်။

ထို့ကြောင့် အပျိုတော်ကြီးအား "ညည်းတို့ဝေဠုဝန်က ဒါလောက်တောင်ပဲလားအေ၊ တစ်ယောက်ကလာလည်း ဝေဠုဝန်၊ တစ်ယောက်ဆီကလည်း ဝေဠုဝန်နဲ့ ချီးကျူးလို့ကို မဆုံးနိုင်ဘူး"ဟု ပြောလိုက်သောအခါ အပျိုတော်ကြီးက "ဒါမတော့ ဝေဠုဝန် မရောက်ဖူးရင် လျှောက်တင်ဖို့ ခက်လှပါတယ်သခင်မ"ဟု အကွက်ဆင်၍ လျှောက်တင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ညည်းတို့ ဝေဠုဝန်ကို ငါမရောက်ဖူးတာကျနေတာပဲ၊ ညည်းတို့ ပြော သလောက်တော့ မဟုတ်သေးပါဘူး"

"ဝေဠုဝန်ကို သခင်မ မရောက်တာ ဘယ်လောက်ကြာလှပါပြီလဲ။ အခု ဝေဠုဝန်က သခင်မ ရောက်ဖူးတဲ့ဝေဠုဝန် မဟုတ်တော့ပါဘူး။ အခုဝေဠုဝန်က တာဝတိံသာ နတ်ဒေဝတာတို့ပြည်က နန္ဒဝန်တဲ့ သခင်မရဲ့၊ နန္ဒဝန်ပါတဲ့"

"ဒါကတော့ ညည်းတို့ဟာ တဆိတ်လွန်လွန်းသွားပြီ"

"လွန်မယ်မထင်ပါဘူး သခင်မဖုရား၊ ဝေဠုဝန်ရဲ့ ပင်ကိုအလှမှာ ဘုရားရှင် ကြွရောက်သီတင်းသုံးတဲ့အခါကျတော့ တော်ကြီးဘုရားက ဘုရားရှင်အတွက် ကျောင်း တော်ဆောက်လုပ်ခြင်းနဲ့အတူ ဝေဠုဝန်ကိုလည်း အလှဆုံး အသာယာဆုံးဖြစ်အောင် နိုင်ငံတော်က ထိပ်သီးဥယျာဉ်မှူး အနုပညာရှင်တွေနဲ့ တိုင်ပင်ပြီး ပြင်ဆင်ပေးခဲ့ပါ တယ်။

"အဲဒီလို တော်ကြီးဘုရားက ပြုပြင်ခိုက်မှာပဲ ဘုရားရှင်သီတင်းသုံးဖို့ရန်ဆိုတော့ နတ်ဒေဝတာများက တာဝတိံသာက သိကြားမင်းရဲ့ နန္ဒဝန်ပုံစံကိုယူပြီး နတ် ဒေဝတာတို့ တန်ခိုးနဲ့ ကူညီဝိုင်းဝန်းကြပါတယ်။ နန္ဒဝန်နဲ့ တစ်ပုံစံတည်းမို့ တချို့က ဝေဠုဝန်လို့တောင် မခေါ်ချင်တော့ဘဲ နန္ဒဝန်လို့ သုံးနေကြပါပြီ"

ဖတာဝတိံသာက နန္ဒဝန်ဥယျာဉ်ဟာ ဘယ့်ကလောက်သာယာသလဲဆိုရင် နတ်သက်ကြွေခါနီးဆဲဆဲ နတ်သား, နတ်သမီးကလေးများတောင် နန္ဒဝန်ထဲကို ရောက်သွားရင် သေရမည့်ဘေးကို မတွေးမိတော့ဘဲ မေ့မြောသွားကြတယ်ဆိုတဲ့ အကြောင်းကိုတော့ သခင်မ သိပြီးသားကပဲ။ အခု ဝေဠုဝန်ကတော့ ဘယ့် ကလောက် သာယာနေသလဲဆိုရင် နိုင်ငံတော်အတွင်းက အထက်တန်းစား မင်းစိုး ရာဇာ သားသမီးတွေဟာ တစ်နေ့တစ်နေ့ ဝေဠုဝန်မှာပဲ အချိန်ဖြုန်းကြလွန်းလို့ ဥပဒေထုတ်ပြီး တားမြစ်ရတော့မလိုတောင် ဖြစ်နေပါတယ် သခင်မဘုရား"

"သြော်...ဒါလောက်တောင်ပဲကိုး၊ သခင်မလည်း ဥယျာဉ်တော်ဘက် မရောက် တာ အတော်ကြီးကြာသွားပြီ၊ အခု ညည်းတို့ပြောပုံမျိုးနဲ့ဆိုတော့ အပြောနဲ့အဟော ညီသလား မညီသလားဆိုတာ တစ်ခေါက်လောက်တော့ သွားကြည့်ဦးမှ ထင်ပါရဲ့"

"သိပ်ပြီး သွားဖို့သင့်တာပေါ့ သခင်မဖုရား၊ ကိုယ့်နိုင်ငံတော်မှ ထိပ်သီးအနု ပညာရှင်တွေတောင် မနေနိုင်လောက်အောင် နာမည်ကြီးနေတဲ့ အလှဆုံးနေရာကို ကြည့်သင့်လှတာပေါ့။ သခင်မအလိုကိုကြည့်ပြီး မလျှောက်ဝံ့လို့သာ နေကြရတာ

www.burmeseclassic.com

www.burmeseclassic.com



ပါ။ ဘုရားကျွန်မတို့ အပျိုတော်ပိုင်းမှာဖြင့် ဝေဠုဝန်ကို ရောက်ဖူးချင်လိုက်ကြတာ ကြာလှပါပြီ။ ဒီလိုဆိုရင် သခင်မဘုရား ဝေဠုဝန်သို့ ထွက်ကြွတော်မူလိုတဲ့အကြောင်း အခုပဲ တော်ကြီးဘုရားကို သွားရောက်လျှောက်တင်လိုက်ရမလားဘုရား"

"အပျိုတော်ကြီးသဘောအတိုင်းပဲ၊ သင့်သလိုသာ စီစည်ပါတော့လေ"

[ ၄ ]

သည်ယုန်အတွက်ပင် သည်ချုံကိုထွင်ခဲ့သော ဘုရင်မင်းမြတ်အဖို့ အပျိုတော်ကြီးမှတစ်ဆင့် ဝေဠုဝန်သို့ ထွက်ကြွလိုသည်ဆိုသော နန်းမတော်ကြီးထံမှသတင်းကို ကြားရသည်နှင့် တစ်ပြိုင်နက် ချက်ချင်းပင် လိုအပ်သောအစီအစဉ်များ ပြုလုပ်စေသည်။ လင်က ဘုရားကျောင်းဒကာကြီး ဖြစ်ပါလျက် မယားက ဘုရားရှင်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်ဆိုသည်မှာ အဆင်မပြေလှ။ ယခုသော် ဥယျာဉ်အတူ၊ ကျောင်းအတူသွားဖို့ လမ်းစပေါ်လာပြီဟု ဘုရင်ကြီး ဝမ်းမြောက်၏။

ဝေဠုဝန်သည် နန္ဒဝန်လောက် သာယာလှသည်ဟူသော စကားမှာ အမွှမ်းအပြောက်၊ အကွန့်အခြယ်ကြွယ်သော အနုပညာရှင်တို့၏ အမြင်မျှဖြစ်သော်လည်း မှားလွန်းသည်ဟုကား မဆိုနိုင်။ အကြောင်းမှာ ဝေဠုဝန်အား ရှေ့ကထက် ဆတက်ထမ်းပိုးတိုး၍ သာယာစည်ပင်အောင် ပြုပြင်ခဲ့သည်မှာကား အမှန်ပင်ဖြစ်ပေသည်။ ထိုမျှမက ဝေဠုဝန်တွင် ဘုရားရှင်သီတင်းသုံးသည်နှင့် တစ်ပြိုင်နက် ဘုရားနှင့် သံဃာတော်များထံသို့ ရာဇဂြိုဟ်ပြည်သူပြည်သားတို့ ဘုရားသွားကျောင်းတက် ဝင်ထွက်သွားလာကြသဖြင့် ဘုရင့်ဥယျာဉ်တော်အဖြစ်မှ ပြည်သူ့ဥယျာဉ်အဖြစ်သို့ ရောက်လာရာတွင် ပြည်သူ့အမြင်တွင် အထင်မသေးနိုင်ကြစေရန် သက်ဆိုင်ရာနှင့် ဥယျာဉ်မှူးတို့က နေ့ညမပြတ်ဆိုသလို သတိမလပ်၊ မပြတ်ကြိုးပမ်း၊ ပြုပြင်ကြသောကြောင့်လည်း ရှေ့ကထက် ဆတက်စည်ပင်နေသည်မှာ အမှန်ပင်ဖြစ်၏။

သို့ဖြစ်၍ ရွှေနန်းတော်၏ အထူးအစီအစဉ်ဖြင့် နောက်တစ်နေ့မှာပင် နန်းသူ့ထိပ်တင် သခင်မခေမာ ဥယျာဉ်သို့ကြွလာသောအခါ နန္ဒဝန်ဆိုသည်မှာ မမြင်ဖူးသဖြင့် ဝေဠုဝန်နှင့် အဘယ်မျှတူသည်ဟု နှိုင်းယှဉ်ချက် မထုတ်နိုင်သော်လည်း ရှေ့ကထက် စည်ပင်သာယာ၍နေသည်ကိုမူ ကျေနပ်လောက်အောင် တွေ့ရှိရသဖြင့် နန်းသူ့ခေမာအဖို့ ပန်းခူးခြင်း၊ ပန်းသီခြင်း၊ တစ်နေရာမှတစ်နေရာသို့ကူးခြင်း၊ အသံကလေး တဆာဆာဖြင့် ကြည်ရွှင်သာယာ ပြောဆိုအော်ဟစ်ရင်း မြူးထူး

www.burmeseclassic.com

www.burmeseclassic.com



ကြည်သာလျက် ရှိလေတော့သည်။

ဤတွင် ဝေဠုဝန်၌ ဘုရားရှင်နှင့် အကယ်၍ တွေ့ရှိခဲ့ပါလျှင် နမတော် ဝင်ရောက်ဖူးမြော်ခဲ့ပါဘိ၊ တွေ့ပါလျက်နှင့်မျှ မဖူးမြော်ဘဲ ရှောင်လွှဲနေဦးမည်ဆိုလျှင် ရိုင်းရာကျတော့မည်။ ဘုရားအား တွေ့ပါလျက်နှင့် မဖူးတွေ့ဘူးဆိုလျှင် နမတော့် အပေါ် မိမိကိုယ်တိုင်က သဘောထားပြောင်းရပါလိမ့်မည်ဟူသော ချော့သလိုလို၊ တင်းသလိုလိုနှင့် အမိန့်တော်တစ်ရပ် ရောက်လာလေရာ ဝေဠုဝန်၏ အဆွဲခါတ်တွင် မူးမေ့ကာ နည်းမျိုးစုံဖြင့် ရှောင်လွှဲနေခဲ့သော မိမိအဖို့ ဘုရားရှင်ကိုယ်တော်မှ သတိမရဘဲ ဥယျာဉ်တော်သို့ ရောက်လာခဲ့သည်ကို စဉ်းစားမိရင်း ဘုရားရှင်အား တွေ့ပါလျက်နှင့် မဖူးတွေ့လျှင် ရွှေနန်းရှင်နှင့် ပြဿနာတက်ရတော့မည်လည်း စိုးရိမ်ကာ "တွေ့ရင်တော့ ဖူးရတာပေါ့လေ"ဟု အလှမာန် တစ်ထစ်လျှော့လိုက်ရ၏။ ဤတွင် အလှအကြောင်း ပြောစရာကြုံလာပြန်သည်။

မိန်းမတို့၏ ဥစ္စာကား–အဆင်းတည်းဟူသော စကားအရ ယုတ်မြတ်မဟူ အကြင်မိန်းသူတစ်ယောက် အဆင်းအင်္ဂါပြည့်စုံလာပြီဆိုလျှင် အဆင်းမာန် ပေါ်ပေါက်လာစမြဲဖြစ်၏။ ထို့ကြောင့်လည်း အမျိုးသမီးတို့၏ မာန်ယစ်ခြင်းအကြောင်း တရားလေးပါးတွင် အဆင်းမာန်၊ အလှမာန် တစ်ပါးအဖြစ် ရှေးပညာရှိ နီတိဆရာများက သတ်မှတ်ခဲ့ခြင်း ဖြစ်ပေသည်။

ဤတွင် ယခု နန်းသူ့ခေမာတို့လို အလှပိုင်ရှင်က အထက်တန်းစား အမျိုးသမီးများအတွက် အလှသွေး၊ အးလှမာန် ခိုင်ခိုင်မြဲမြဲ မူးယစ်နိုင်ဖို့ရန် အကြောင်းတစ်ရပ်ကလည်း ဖန်လာတတ်ပြန်၏။ ယင်းအကြောင်းရပ်ကား အလှပိုင်ရှင်ကို ခြယ်လှယ်သူတို့က မိမိတို့သမီး၊ မိမိတို့ဇနီး၏ အလှအား မှေးမှိန်စေမည့် အဆောင်အယောင် အပြုအမူမှန်သမျှကို ဖယ်ရှား၍ အမြဲမပြတ် အလှဂုဏ်တင်ပေးနိုင်ခြင်းပင် ဖြစ်ပေသည်။

သို့ဖြစ်ရာ နန်းသူ့ခေမာ၏ အလှအဖို့မှု အထူးပြောဖွယ်မရှိ။ ရွှေလင်ပန်းနှင့် အချင်းဆေးသော မင်းမွေးမင်းဇာတိဖြစ်ရာတွင် ပင်ကိုကလည်း ပြိုင်ဘက်ကင်းလောက်အောင်လှ၍ ယင်းအလှကို တုပနိုင်းမည့် အပြုအမူ အခြွေအရံမှန်သမျှကိုလည်း ဖယ်ရှားထားခဲ့သဖြင့် နန်းသူ့ခေမာအဖို့ အလှဘဝင် မပြတ်ခိုက်ဖို့ရန်သာ ဖြစ်လာလေတော့သည်။

ဤစကားကိုပြောရသည်မှာ အကြောင်းရှိသောကြောင့် ဖြစ်၏။ ယင်းအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကား–နန်းသူ့ခေမာသည် နန်းတွင်းပရိသတ်အလယ်တွင် ဟန်လုပ်ခဲ့ရသော ဟန်အပြုအမူအားလုံးကို ဝေဠုဝန်တွင် လွတ်လွတ်လပ်လပ် လွှင့်ပစ်၍ ရုံရွှေတော်အများနှင့် ဥယျာဉ်ကစားခိုက်တွင် ပန်းချုံကြီးတစ်ချုံ၏ အကွေ့မှထွက်လိုက်သောအခါ အမျိုးသမီး ပရိသတ်ကြီးအလယ်တွင် တင့်တယ်စွာ စံပယ်လျက်ရှိသော ဘုရားရှင်နှင့် တရားနာပရိသတ်အား မမျှော်လင့်ဘဲ အံ့အားသင့်စွာ တွေ့ရှိလိုက်ရသောကြောင့်ပင် ဖြစ်၏။

ဘုရားရှင်ကိုတွေ့ရှိသဖြင့် အံ့အားသင့်ပုံမှာ သာမန်မျှဖြစ်၍ ဘုရားရှင်အားဝန်းရံလျက်ရှိသော အမျိုးသမီးများစွာကို တွေ့လိုက်ရသောကြောင့် ပို၍အံ့အားသင့်သည်။ အကြောင်းမူကား–သူတွေ့ရှိသမျှ အမျိုးသမီးအားလုံးသည် သူ့ထက် အဆများစွာ လှသူတွေချည်း ဖြစ်နေသောကြောင့်ပေတည်း။

ပစ္စည်းတွင် နည်းသည်များသည် အတိုင်းအဆမရှိသလို အလှတွင် အတိုင်းအဆမရှိ။ အချိန်ကာလ နေရာဒေသတွင် ဝေးသည် နီးသည် အတိုင်းအဆမရှိသလို အလှတွင် အတိုင်းအဆမရှိ။ စင်စစ်သော်ကား–ဤလောက၏ ပညတ်တရားတွင် အတိုင်းအဆမရှိ။ ဤသဘောကို မစဉ်းစားခဲ့မိသော နန်းမတော်အဖို့ မိမိအလှတွင်သာ ငါလှသည်၊ ငါ့ထက်လှသူမရှိဟု အလှမာန်ဖြင့် မူးယစ်ဝေသံခဲ့မိ၍ မိမိထက်အဆများစွာသာသော အလှရှင်များကို တွေ့ရသောအခါ အံ့အားသင့်မိရတော့သည်။ သို့ရာတွင် ပါရမီဓာတ်ခံ ရင့်သန်သူဖြစ်သည့်အလျောက် မိမိထက်သာသော အလှပိုင်ရှင်များကို တွေ့လိုက်ရသောအခါ ငါ့ထက်လှသော်ကောဟု မစ္ဆရိယစိတ်မဝင်၊ ငါ့ထက်လှသူများ ရှိပါသေးကလားဟူသော အသိတရားသာ ဝင်လာသည်။ တစ်နည်းဆိုသော် မိမိထက်လှသူမတွေ့မီက မိမိထက်လှသူမရှိဟု မာန်ဝင်မိခဲ့သော်လည်း မိမိထက်လှသူများကို တွေ့သောအခါ မိမိအလှဟူသည် အလှဆုံးမဟုတ်သေးပါတကားဟူ၍ သတိတရားဝင်လာခြင်းဖြစ်သည်။

ထို့ထက် အံ့အားသင့်ရသည်မှာကား ခန္ဓာကိုယ်ရုပ်အဆင်းတို့ အပြစ်ဆိုသည်ဟု သိခဲ့ရသော ဘုရားရှင်အား ယခုသော် မိမိထက် အဆများစွာ သာလွန်သော အလှပိုင်ရှင်တို့ ဝိုင်းရံလျက်ရှိသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။ မိမိအတွေးအထင် မှားခဲ့ပါတကားဟူသော အသိတရားလည်း ဝင်လာသည်။

ဘုရားရှင်သည် ဝိုင်းရံလျက်ရှိသော အမျိုးသမီးများအား တစ်စုံတစ်ခုသော တရားစကား ဟောကြားနေဟန်ရှိ၏။ အမျိုးသမီးများသည် ဘုရားရှင်၏

www.burmeseclassic.com

www.burmeseclassic.com



တရားတွင် သက်ဝင်ဦးခိုက်၍ မတုန်မလှုပ် နာယူလျက်ရှိကြ၏။ ဘုရားရှင်အနီးမှ အမျိုးသမီးများအနက် အချို့က လှသော ပန်းခိုင်ပန်းဆုပ်ကြီးများဖြင့် ဘုရားရှင်အား ပူဇော်လျက်လည်းကောင်း၊ အမျိုးသမီးတစ်ဦးက ဘုရားရှင် အအေးဓာတ် ရစေရန် ဒေါင်းမြီးယပ်ဖြင့် လှုပ်ခတ်ပူဇော်လျက်လည်းကောင်း၊ ဘုရားရှင်နှင့် ဘုရားရှင်၏ တရားတော်တွင် အာရုံစိုက်လျက်ရှိသည်ကို ခပ်လှမ်းလှမ်းမှ တွေ့နေရ၏။

ထို့ကြောင့် နန်းသူခေမာအဖို့ မောင်တော်ရွှေနန်းရှင်၏ ဘုရားရှင်နှင့်တွေ့လျှင် ဖူးတွေ့ရမည်ဟူသော အမိန့်တော်ကြောင့်သာမဟုတ် မိမိအလိုအလျောက်ပင် ဘုရားရှင်သို့ သက်ဝင်ဦးညွှတ်၍လာကာ အမျိုးသမီးပရိသတ် အနောက်ပိုင်းနားသို့ ဝင်ရောက်လိုက်သောအခါ အမျိုးသမီးများအား အနီးကပ်မြင်ကွင်းကြောင့် ပို၍အံ့အားသင့်ရပြန်၏။ အကြောင်းကား ဘုရားရှင်ဝန်းကျင်မှ အမျိုးသမီးများသည် မိမိထက် မျက်နှာကိုယ်ဟန်အလှတွင်သာမက ဝတ်စားတန်ဆာ ဒွါဒယာတို့မှာလည်း မိမိထက် အဆရာထောင်မက သာလွန်နေသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။

ထို့ထက် အထူးခြားဆုံး အမြင်အတွေ့မှာကား ဘုရားရှင်နောက်တော်ပါးမှ ယမားယပ်ဝန်းဖြင့် လွှဲခတ်ပူဇော်လျက်ရှိသော အမျိုးသမီးကလေးကို ပရိသတ်အတွင်းသို့ရောက်၍ နီးကပ်လာသည့်အခါတွင် ကွဲကွဲပြားပြားတွေ့ရှိလာရခြင်းပင် ဖြစ်ပေသည်။ ထိုအမျိုးသမီး၏ အလှသည် မိမိထက် အဆရာတောင်မက သာ၏။ ထိုအမျိုးသမီးနှင့် နှိုင်းစာလိုက်သောအခါ မိမိ၏အလှမှာ မျောက်မပမာမျှသာ ရှိလေတော့သည်ဟုလည်း စဉ်းစားမိ၏။ ထိုအမျိုးသမီးကို ကွဲကွဲပြားပြား တွေ့လိုက်ရသည့်အချိန်မှစ၍ မိန်းမအချင်းချင်းပင် ဖြစ်ပါလျက်နှင့်ပင် မိမိ၏မျက်လုံးများကို ထိုအမျိုးသမီး၏အလှမှ လွှဲဖယ်၍မရနိုင်အောင် ရှိရလေတော့သည်။

စင်စစ်သော်ကား ယင်းသို့ ဘုရားရှင်ထံ ဝန်းရံလျက်ရှိသော အမျိုးသမီး မြင်ကွင်းအားလုံးမှာ ခေမာမင်းသမီးကို ကယ်ချွတ်ရန်အတွက် ဘုရားရှင်ဖန်ဆင်း၍ ထားအပ်သော မြင်ကွင်းမျှဖြစ်ပေသည်။

ပစ္စည်းသမားသည် မိမိထက်သာသော ပစ္စည်းရှင်အား လေးစားမြဲဖြစ်သည်။ ပညာသမားသည် မိမိထက်သာသော ပညာရှင်အား ရိုကျိုးမြဲဖြစ်၏။ လက်နက်သမားသည် မိမိထက်သာသော လက်နက်ရှင်အား တုပ်ဝပ်မြဲဖြစ်၏။ အာဏာသမားသည် မိမိထက်သာသော အာဏာရှင်ရှေ့တွင် ကိုင်းညွတ်မြဲဖြစ်သည်။ လှမာန်ယစ်သူ ခေမာအဖို့ မိမိထက်သာသော အလှရှင်များအကြားတွင် အလှမာန်ပျောက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်၏ တရားတော်ကို နာယူနေရသည်မှာလည်း မိမိမှတ်ထင်ထားခဲ့သလို ရုပ်အဆင်းကိုရှုတ်ချသော တရားမဟုတ်၊ နတ်ရွာသုဂတိနှင့်စပ်သော သဂ္ဂကထာ တရားတော်ဖြစ်နေရာ အလွန်ကြည်နူးစရာကောင်း၏။ သို့ဖြစ်၍ ဘုရားရှင်တရားတော်မှ နတ်ဒေဝတာများနှင့်စပ်သော တရားတော်ကို နာယူလိုက်၊ ဘုရားရှင်နောက်နားမှ နတ်မိမယ်တမျှလှပသော အမျိုးသမီးကလေးကို တစိမ့်စိမ့် တစူးစူးလှမ်းမျှော်ကြည့်လိုက်ဖြင့် ကြည်နူးခိုက်ဝယ် ဘုရားရှင်ထံတော်ပါးရှိ အမျိုးသမီးများမှာ အချောအလှများချည်းသာမဟုတ်၊ အချောဆုံးနတ်မိမယ်ကလေး နံဘေးနားတွင် ဝတ်စားတန်ဆာအပြည့် ဝတ်ဆင်ထားသဖြင့် လှသယောင်နှင့် အိုမင်းလျက်ရှိပြီဖြစ်သော အသက်ခြောက်ဆယ်ခန့် အမျိုးသမီးကြီးတစ်ယောက်ကိုလည်း သတိထားကြည့်မှ တွေ့ရှိလာရသည်။ ထိုမျှမက ထိုအမျိုးသမီးအိုကြီး ဘေးနားသို့ မျက်စိရွေ့လိုက်သောအခါ ဝတ်စားတန်ဆာ ဒွါဒယာအပြည့်ဖြင့်ပင် တုန်တုန်ယင်ယင်လှုပ်လှုပ်ခါခါဖြင့် ဘုရားရှင်အား ဖူးမြော်လျက်ရှိသော အသက်ရှစ်ဆယ်ကျော်ကိုးဆယ်ခန့်ရှိ အမျိုးသမီးကြီးကိုလည်း တွေ့ရှိလာရသဖြင့် နန်းသူ့ခေမာအဖို့အထူးပင် အံ့အားသင့်မိရတော့သည်။

အကြောင်းသော်ကား–မိမိသည် မိမိအလှတွင်သာ ယစ်မူးခဲ့မိပြီး ခန္ဓာကိုယ်ရုပ်အဆင်း၏ မခိုင်မြဲသောသဘောကို စိုးစဉ်းမျှ မစဉ်းစားမိခဲ့။ ယခုပင်လျှင် ငယ်ရာမှ ဤအသက် ဤအရွယ်အထိ ပျိုသည်ဟုဆိုသော်လည်း အိုမင်းကြီးမင်းလာခဲ့ပေပြီ။ အဘွားအိုကြီးများသည်လည်း တစ်ချိန်က ငါကဲ့သို့ပင် ပျိုရွယ်သောသူဖြစ်ခဲ့ရပေမည်။ ယခုသော် အဘယ်မျှ အလှအပ ဝတ်စားတန်ဆာ ရတနာတွေ ဆင်မြန်းထားသော်လည်း အိုမင်းရွတ်တွ မလှမပဖြစ်ခဲ့ရပေပြီ။ ငါသည်လည်း ဤလမ်းစဉ်မှ သွေဖည်နိုင်မည် မဟုတ်ပါတကားဟူ၍ သံဝေဂစိတ်ဓာတ် တဖျပ်ဖျပ်ဝင်လာသောကြောင့် ဖြစ်၏။

ထိုအချိန်တွင်ပင် သိတော်မူ မြင်တော်မူသော ဘုရားရှင်က ဟောလက်စတရားနှင့် အလိုက်သင့်ဆက်၍ နန်းသူ့ခေမာသို့ တေ့တေ့တင်တင် ထင်သာမြင်သာသော တရားတော်ကို ခေမာသို့ပင် အာလုတ်ပြု၍ ဟောတော်မူသည်။

"ချစ်သမီးခေမာ...အလှဟူသည် အဘယ်မျှပင် လှသည်ဆိုစေ အရေပြားတစ်ထောင်မျှသာတည်း။ တံလျှပ်ပမာမျှသာတည်း။ စင်စစ်တစ်မူ တင့်တယ်ရုပ်ဆင်းပျိုမျစ်ခြင်းကာ အိုခြင်းသာလျှင် နောက်ဆုံးရှိချေ၏။ သေခြင်းသာလျှင် နောက်ဆုံး

www.burmeseclassic.com



ရှိချေ၏။

"ချစ်သမီးခေမာ...ဤခန္ဓာကိုယ် အတ္တဘောကား အဘယ်မျှလှသည်ဆိုစေ၊ လှရုပ်ဆောင်လျက်ရှိသော အပုပ်ကောင်မျှသာတည်း။ အပုပ်ကောင်ဟူသည် တရားသဘောမဟုတ်၊ မိမိ ခန္ဓာ၊ ကိုးပေါက် ဒွါရ နဒီကိုယ်မှ ပြည်တယိုယို မပြတ်ထွက်ကာ ညှီတစိုစို တရစပ် ပွက်လျက်ရှိသည်ကို သာမန်သတိ ရှုရုံမျှနှင့်ပင် သိနိုင်ပါ၏။

"ချစ်သမီးခေမာ...ယင်းသို့သော မျက်လှည့်ခန္ဓာ၊ မျက်လှည့်ကမ္ဘာ၊ မျက်လှည့် သံသရာမှကင်းလွတ်၍ မအိုရာ၊ မနာရာ၊ မသေရာ၊ မပြတ်လပ်ရာ၊ မပြတ်ချမ်းသာရာ၊ မပြတ်အေးငြိမ်းရာအရပ်သည် ရှိ၏။ ထိုအရပ်သည်ကား နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ပင်တည်း"

ဤတွင် တရားတော်ပြီးဆုံး၏။ တရားတော်ပြီးဆုံးရုံမျှမဟုတ်၊ နှစ်,လအတန်ကြာကပင် ရည်မှန်းတော်မူခဲ့သော ဘုရားရှင်၏ ကိစ္စကြီးတစ်ရပ်သည်လည်း သက်သက်သာသာနှင့် ပြီးဆုံး၏။

ပြီးဆုံးဟန်ကား–ရာဇဂြိုဟ်ပြည်တွင် သာသနာစိုက်ထူရာ၌ သမီးတော်ကြီးခေမာသို့ရည်ညွှန်းအပ်သော ဗုဒ္ဓကိစ္စကြီးတစ်ရပ် ပါရှိသည်။ အကြောင်းမူကား– ခေမာသည် သာမန်နည်းလမ်းဖြင့် ကျွတ်တမ်းဝင်သော အမျိုးသမီးမဟုတ်။ သားတော်ကြီး သာရိပုတ္တရာကဲ့သို့ပင် အမျိုးသမီးရဟန်း သာသနာတော်ဝယ် ပညာအရာ၌ တေဒဂ်ထူကာ လက်ယာတော်ရံ သာဝိကာမ အမျိုးသမီးကြီး ခေမာထေရ်ရီဖြစ်လာမည် ဖြစ်သောကြောင့်တည်း။

ဤတွင် ဘုရားရှင်အဖို့ လက်ယာတော်ရံ အမျိုးသား အမျိုးသမီးကြီးများကို ကယ်ချွတ်ရသည်မှာ သက်သာတော်မူလှသည်ဟု ဆိုရဖို့ရှိ၏။ ရှင်သာရိပုတ္တရာအား သူ့ဆရာ အရှင်အဿဇိ၏ ယေဓမ္မာ တစ်ပုဒ်မျှဖြင့် တရားကိစ္စပြီးစီးစေခဲ့၍ ယခု သမီးခေမာအားလည်း ကိုယ်ခန္ဓာ တရားလမ်းကြောင်းတစ်ပုဒ်မျှဖြင့် ပြီးစီးခဲ့သည်။ ပညာဉာဏ် အခြေခံကြီးကြသောကြောင့် ဖြစ်၏။ နန်းသူ့ခေမာသည် ခေမာထေရ်ရီအဖြစ် ဘိက္ခုနီ သာသနာတော်သို့ ဝင်ရောက်ရုံမျှ ရှိတော့သည်။

[ ၅ ]

ဘုရားရှင်သည် တရားဆုံးသောအခါ ထိုင်နေရာမှ ထတော်မူ၍ ဝေဠုဝန်ကျောင်းတော်ဘက်ဆီသို့ ကြွသွားသည်။ အခြွေအရံ အမျိုးသမီးများသည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်နောက်တော်မှ လိုက်ပါ၍ ပန်းရုံချုံကွယ်တန်း ရောက်သောအခါ ပျောက်သွားကြသည်။ တရားဟောတော်မူသည့် နေရာတွင်ပင် ဘုရားရှင် ထိုင်တော်မူခဲ့သည့် ပန်းခုံဆီသို့ ရှိခိုးကာ မတုန်မလှုပ် ကျန်ရစ်ခဲ့သူကား ခေမာဖြစ်၏။

မတုန်မလှုပ်ဆိုသော်လည်း ကိုယ်ခန္ဓာကလေးသာ ငြိမ်သက်၍ ရှိခိုးလျက်ရှိနေသေးသော လက်ဖျားကလေးများမှုကား တဖျပ်ဖျပ်တုန်ယင်လျက်ရှိ၏။ အလားတူပင် နှုတ်ခမ်းဖျားကလေးများကလည်း တလှုပ်လှုပ် တုန်ယင်လှုပ်ရှားလျက်ရှိ၏။ ဘုရားမရှိတော့သော်လည်း ဟန်မပျက် ငြိမ်ဝပ်လျက်ရှိနေသေးသော မိမိတို့သခင်၏ အမူအရာကိုကြည့်၍ အခြွေအရံများအဖို့ မလှုပ်ရှားဝံ့ကြ။

တရားသဘောသို့ သက်ဝင်ပြီးဖြစ်သော နန်းသူခေမာအဖို့ အဘယ့်ကြောင့် ယင်းသို့လှုပ်ခတ်၍ ကျန်ရစ်ခဲ့သနည်း။ အသည်းနှလုံးသို့ ထိခိုက်ဖွယ်ရာ အကြောင်း တစ်ခုခု ရှိတန်ရာ၏။ မှန်သည်။ ဓမ္မသံဝေဂကြောင့် တုန်လှုပ်မှုဟူသည် သူတော်ကောင်းများတွင်လည်း ရှိကြသည်သာတည်း။

နန်းသူခေမာအဖို့ တုန်လှုပ်ဟန်က၊ မဟာကရုဏာတောင်ထု၊ စေတနာတောင်ထု၊ ကျေးဇူးတော်တောင်ထု ကြီးမားတော်မူလှသော ဘုရားရှင်အပေါ်၌ မိမိသည် နှစ်,လ အတန်ကြာရှည်စွာ အထင်မှား အမြင်မှားမိခဲ့လေစွတကားဟူသော ဓမ္မသံဝေဂကြောင့်ပင် ဖြစ်ပေသည်။

ထို့ကြောင့် ပုံဟန်မပျက် ရှိခိုးနေရာမှ မိမိရှေ့တွင် ဘုရားရှင် မရှိတော့သော်လည်း ရှိတော်မူရာ ဝေဠုဝန်ကျောင်းတော်ဆီသို့ ရည်မှန်း၍ မှားမိခဲ့သောအပြစ်မှ ခွင့်လွှတ်ပါမည့်အကြောင်း ဆုတောင်းကန်တော့လိုက်ရသည်။

"ကြွင်းမဲ့ဥသုံ၊ အလုံးစုံကို၊ အကုန်သိမြင်၊ ရှင်တော်မြတ်ဘုရား...ဉာဏ်တော် ကြီးသလောက်၊ ကရုဏာရောက်၍၊ စောင့်ရှောက်ကယ်တင်၊ အရှင်မြတ်ဘုရားအား၊ မိမိရုပ်သွင်၊ စိတ်ကြီးဝင်၍၊ အထင်လွဲလေ၊ အပြစ်တွေကို၊ ကျစေဖို့ရာ၊ ရှိခိုးကန်တော့ ပါ၏ဘုရား"

"သနားကြင်နာ ကရုဏာ၏၊ တည်ရာစင်စစ်၊ ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရား...ကရုဏာကြီးသလောက်၊ ဉာဏ်တော်ရောက်၍၊ မျက်မှောက်သိမြင်၊ အရှင်မြတ်ဘုရားအား အမှန်သိရှိ၊ ယခုမှပင်၊ ကျနမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"သံသရာပြင်ဝယ်၊ ရေပင်လယ်ကို၊ အလွယ်လွန်မြောက်၊ ကမ်းသို့ရောက်၍၊ ဝမ်းမြောက်ကြည်လင်၊ ရှင်တော်မြတ်ဘုရား... ကရုဏာကြီးမား၊ မေတ္တာပွား၍၊ သနားကယ်တင်၊ အရှင်မြတ်ဘုရားအား၊ ကယ်တင်ရာတွင်၊ ကိုယ်ပါဝင်သဖြင့်၊ အစဉ်မြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ ဘုရား"

"မအိုမသေ၊ အမြဲနေရန်၊ အေးနိဗ္ဗာန်ကို၊ ဧကန်ပေးတတ်၊ ရှင်တော်မြတ်ဘုရား... မအိုမသေ၊ အမြဲနေကြောင်း၊ တရားကောင်းကို၊ ကောင်းကောင်းသိမြင်၊ အရှင်ဘုရားအား၊ နိဗ္ဗာန်ကိုပင်၊ ကိုယ်တိုင်မြင်သဖြင့်၊ ကြည်လင်မြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ဘုရား"

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# ထုလ္လာလာ

[ ၁ ]

မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ ကိုယ်၊ စိတ် တည်းဟူသော အခံဓာတ်ခြောက်ပါးနှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ခန္ဓာကိုယ်အထိအတွေ့၊ အတွေးအခေါ် တည်းဟူသော အတိုက်ဓာတ်ခြောက်ပါးတို့ ထိတွေ့ကြသောအခါ ဆိုင်ရာဆိုင်ရာ ယှဉ်ဖော်ယှဉ်ဘက် သမ္ပယုတ်တရားတို့ ပွားစည်းပေါ်ပေါက်လာကြမြဲဖြစ်သည်။ ရူပါရမ္မဏ စက္ခု ဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော စသည်ဖြင့် ပဋ္ဌာန်းဒေသနာတော်ကြီးတွင် ဘုရားရှင်ဟောတော်မူသည့်အတိုင်းပင် ဖြစ်ပေ၏။

သို့ရာတွင် အဆင်းနှင့် အသံတို့၏ အခံဓာတ်နှစ်ပါးဖြစ်သော မျက်စိနှင့်နားတို့ကိုမူ အခြားအာရုံများထက် အရေးပါအစွမ်းထက်လှသောကြောင့် 'ဒဿနနှစ်ပါး'ဟု သီးခြားခွဲထုတ် ဟောတော်မူသည်။ အဓိပ္ပာယ်မှာ မြင်ခြင်း ကြားခြင်းတည်းဟူသော အာရုံတို့၏ အဆိုးအကောင်းကိုလိုက်၍ အကြင်သူတစ်ယောက်အား အကောင်းကိုသော်လည်းဖြစ်စေသည်။ အဆိုးကိုသော်လည်း ဖြစ်စေသည်။ လူလိမ္မာသော်လည်း ဖြစ်စေသည်။ လူမိုက်သော်လည်း ဖြစ်စေသည်။ နိဗ္ဗာန်သို့လည်း ပို့စေနိုင်၍ ငရဲသို့သော်လည်း ပို့စေနိုင်သည်။

ဤတရားသဘောကို ထုတ်ဖော်၍ပြရခြင်းမှာ ကျွန်မသည် ဤတရားနှစ်ပါးတွင် ထူးထူးခြားခြား သက်ဝင်ခဲ့သောကြောင့် ဖြစ်ပါ၏။ အရှင်အင်္ဂုလိမာလ၊ အရှင်သီဝလိ၊ အရှင်မကုမာရမာတာ စသည်ဖြင့် သာသနာတော်သို့ ထူးထူးခြားခြား ဝင်ရောက်ထွက်မြောက်ကြသူ ဘုရားရှင်၏ သားတော် သမီးတော်များစွာတို့အနက်

www.burmeseclassic.com



ကျွန်မသည်လည်း သူတကာတို့ထက် ထူးခြားသော ဒဿနနှစ်ပါးခံစားမှုကြောင့် ဘုရားရှင်သာသနာတော်သို့ ထူးထူးခြားခြားရောက်ရှိလာသူဟုပင် ဆိုရမည် ဖြစ်ပါ၏။

ကျွန်မသည် ငရဲအိုး၏နှုတ်ခမ်းဝသို့ ရောက်ခဲ့ရာမှ နိဗ္ဗာန်တည်းဟူသော ရွှေပြည်ရိပ်သာသို့ ထူးထူးခြားခြား ကူးမြောက် ရောက်ရှိခဲ့သူပါတည်း။

မျက်စိနှင့် အဆင်းအာရုံ၊ နားနှင့် အကြားအာရုံတို့ ထိတွေ့ကြသည်ဆိုရာ၌ သံသရာတစ်လျှောက်တွင် ပုထုဇဉ်မှန်သမျှတို့ နေ့စဉ်နှင့်အမျှဆိုသလို ထိတွေ့နေကြမြဲ ဖြစ်နေရာက ကျွန်မကဲ့သို့ ထူးထူးခြားခြား ထိတွေ့သူများကို ထောက်ပြစရာ ရှိပါ၏။

ဥပမာအားဖြင့် ဘုရားရှင်၏ သက်တော်နောက်ပိုင်းတွင် ဒေသစာရီလှည့်လည်ရင်း ရွာကြီးတစ်ရွာသို့ ရောက်သောအခါ ထူးထူးခြားခြားတွေ့ခဲ့ရသော နကုလမာတာ၊ နကုလပိတာ အဘိုးကြီး အဘွားကြီးနှစ်ဦးကို ထောက်ပြနိုင်သည်။ ရွာသူကြီး အဘိုး,အဘွားကြီးနှစ်ဦးသည် ဘုရားရှင်ကို တွေ့သည်နှင့် တစ်ပြိုင်နက်နှစ်ပေါင်းများစွာ ကွဲကွာနေသော သူတို့၏သားဟူ၍ တန်းတန်းမတ်မတ် စွပ်စွဲပါလေသည်။ ဤမျှ ဤမျှ နှစ်ပရိစ္ဆေဒကြာအောင် ခွဲခွာနေရပါသော်ကောဟု ဘုရားရှင်အားပင် မေတ္တာစိတ်အမျှင်ဖြင့် အပြစ်တင်ရင်း တရှိုက်မက်မက် လုပ်ကျွေးပြုစုကြသည်ကို ဘုရားရှင်ကိုယ်တော်တိုင်က အလိုက်သင့်စွာဖြင့် သည်းခံတော်မူသောအခါ နောက်တော်ပါ တပည့်သံဃာတို့ အံ့သြကြရသည်။

ထိုအခါ ဘုရားရှင်က “ချစ်သားတို့…မအံ့သြကြနှင့်၊ ဤဒါယကာကြီး, ဒါယိကာမကြီးတို့သည် ဘဝပေါင်း လေးထောင်တိုင်တိုင် အဆက်မပြတ် ဘကြီးအဖြစ်လည်းကောင်း၊ ဘထွေးအဖြစ်လည်းကောင်း၊ မိခင် ဖခင်အဖြစ်လည်း ကောင်း ငါဘုရားနှင့် တော်စပ်ခဲ့ဖူးလေသည်။ ထို့ကြောင့် ယခုဘဝတွင် ယခုလိုတွေ့ရှိရာ၌ မိခင်းဖရင်းတို့၏ မေတ္တာဖြင့်ပင် ချစ်ခင်တွယ်တာမှု ဖြစ်ပေါ်လာရခြင်း ဖြစ်ပေသည်”ဟု သံသရာအကြောင်းကို ဖော်ပြရင်း ပုဗ္ဗေစသန္နိဝါသေန ရေးက တွေ့ထိသိမြင်အပ်သော အကြောင်းရပ်တို့ ပေါင်းစပ်ကာ မေတ္တာတရား ပွားများကြသည်ဟူသော တရားအမြင်တစ်ပုဒ်ကိုပင် ဟောထုတ်တော်မူခဲ့ပေသည်။

ဘုရားရှင်၏ ပုဗ္ဗေစမှာ ဘကြီး၊ ဘထွေး၊ မိခင်၊ ဖခင်အဖြစ် အလွန်လှပတော်မူပါပေ၏။ ဘုရားရှင်၏ ပုဗ္ဗေစအလှအပကဲ့သို့ပင် အခြားသူတို့၏ ပုဗ္ဗေစ

www.burmeseclassic.com

www.burmeseclassic.com



များမှာလည်း လှပကြပါလိမ့်မည်။ ကျွန်မမှာမူ ဘယ်ဘဝက အကြောင်းကံ အကျိုး ဆက်လေရယ်လို့ မသိ၊ လူလိမ်၊ လူမိုက်၊ လူယုတ်မာ၊ သူခိုး၊ ဓားပြမျှသာမက မင်းပြစ်မင်းဒဏ်သင့်နေသူကိုမှ ပုဗ္ဗေစမိပါလေသည်။

[ ၂ ]

ကျွန်မဘဝ တစ်သက်တာတွင် အထူးခြားဆုံးသော ခံစားမှု ပြောင်းလဲမှုကြီး နှစ်ရပ်ကို တွေ့ကြုံခဲ့ရသည်။ ထိုနှစ်ရပ်မှာ ကျွန်မအနှစ်သက်ဆုံးသော လင်ကို ရရှိခြင်းနှင့် အရသာတကာတို့၏ ထိပ်ပန်းဖြစ်သော ဝိမုတ္တိဓမ္မရသ လွတ်မြောက် ငြိမ်းချမ်းမှုတရားအရသာကို ရရှိခြင်းဖြစ်သည်။ သို့ရာတွင် မည်ကဲ့သို့ ကံဇာတာ ပါလေသည်မသိ၊ ထိုပြောင်းလဲမှုကြီးများကို ခံစားရရှိလေတိုင်း ဖြောင့်ဖြောင့်ဖြူးဖြူး မရှိခဲ့။

ထိုနေ့ နံနက်က အိမ်ဖော်တစ်ယောက်နှင့် အဝတ်အဆင်တစ်ခုအတွက် ဆွေး နွေး ရွေးချယ်လျက်ရှိစဉ် "အောင်မယ်လေးဗျ၊ သေပါပြီခင်ဗျ"ဟု သေလုမြောပါး အသံဖြင့် ဆွဲဆွဲငင်ငင် အော်ဟစ်ညည်းညူသောအသံတစ်သံသည် ကျွန်မတို့တိုက်ခန်း ဆီသို့ ဝေ့၍ ဝေ့၍တက်လာသောကြောင့် အသံလာရာ ပြတင်းပေါက်ဆီသို့ ကျွန်မ တို့ အပြေးအလွှား သွားရောက်ကြည့်ရှုကြသောအခါ ကျွန်မတို့အိမ်နှင့် မလှမ်း မကမ်းရှိ လမ်းလေးခွအဆုံတွင် လူအများစုရုံးကြည့်ရှုနေကြသည်ကို တွေ့ရသည်။ လူအများအလယ်တွင် အထက်ပိုင်းကိုယ်ဝတ်ချည်းစီးနှင့် လူရွယ်တစ်ယောက်ကို လက်ပြန်ကြိုးတုပ်ကာ ဘုရင့်အာဏာသားကြီးလေးယောက်က တစ်ယောက် တစ် လှည့်စီ ကြိမ်ကိုယ်စီဖြင့် တအားလွှဲ၍ တရွှမ်းရွှမ်း ရိုက်နှက်နေကြသည်ကို မသဲ မကွဲ တွေ့မြင်ရသည်။ ကြိမ်ချက်ကျလေတိုင်း နာကျင်လွန်းသဖြင့် အော်ဟစ်သံသည် ကျွန်မတို့ဆီသို့ ဝေ့၍ ဝေ့၍တက်လာသည်။

ကျွန်မတို့ ရာဇဂြိုဟ်ပြည်၌ သူခိုး၊ လူလိမ်၊ လူယုတ် စသော ရာဇဝတ်ကောင် များကို အပြစ်ရသည့်အခါတိုင်း ဆိုးချင်ပွေချင်သည့် လူရှုပ်လူပွေများအတွက် နမူနာဖြစ်စေရန် ယင်းကဲ့သို့ လမ်းဆုံလမ်းခွများတွင် ကြိမ်ဒဏ်ပေး၍ သုသာန် သို့ ထုတ်လေ့ရှိသည်မှာ ရိုး၍ပင်နေပါလေပြီ။ သို့ရာတွင် ထိုနေ့က အတွေ့အကြုံ မှာ ကျွန်မအတွက် ထူးခြားလှပါ၏။ မရပ်မတည်နိုင်အောင်ပင် ထူးခြားလှပါ၏။

ပါးကွက်သားတို့၏ ကြိမ်များအကြားတွင် နပျိုတင်းမာသော ကိုယ်ဟန်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ယိမ်းယိုင်လှုပ်ရှားလျက်ရှိသော ရာဇဝတ်သားကို မသဲမကွဲ လှမ်းမြင်ရသည်မှာ ကေန္တ ဟရိပ္ပကိုယ်တော်လေး ဖြစ်ဟန်တူသည်။ ဟရိပ္ပကိုယ်တော်လေးဟု စွဲဝင်မိသောအခါ ကြိမ်ချက်ကြောင့် နာကျင်စွာ အော်ဟစ်လိုက်သော အသံများသည် အခြားသူတို့အဖို့ ကရုဏာသက်ဖွယ်မျှ ဖြစ်နိုင်သော်လည်း ကျွန်မအဖို့မူ ကြိမ်တစ်ချက်ကျသည်ကို မြင်ရတိုင်း၊ မြင်ရတိုင်း စူးရှလေးတွဲ့သောအော်သံကို ကြားရတိုင်း၊ ကြားရတိုင်း ကျွန်မ၏အသည်းနှလုံးသို့ ကိုယ်တိုင်ခံစားရသည့်အလားထူးထူးခြားခြား စူးဝင်သည်။ နာကျင်သည်။

သို့ဖြစ်၍ ကိုယ်တော်လေး ဟုတ်၏ မဟုတ်၏ သိသာရန် ကျွန်မ၏လက်စွဲအိမ်ဖော်မလေးတစ်ယောက်အား ချက်ချင်းပင် သွားရောက်ကြည့်ရှုရန် စေလွှတ်လိုက်သောအခါ အိမ်ဖော်မပြန်လာပြီး "ကိုယ်တော်လေးမှ ကိုယ်တော်လေးအစစ်ပါပဲ သခင်မလေးရှင့်၊ သူ့အသားဖြူဖြူလေးမှာ သွေးတွေ တစ်ကိုယ်လုံးစီးကျလို့၊ ကြိမ်ချက်ဒဏ်ရာတွေ ပြည့်နှက်နေပါပြီ၊ ကျွန်မကိုမြင်တော့ အားကိုးရာလွန်းလို့ထင်ပါရဲ့၊ စူးစူးရှရှကြည့်လိုက်တဲ့ ကိုယ်တော်လေးရဲ့မျက်လုံးဟာ ကျွန်မအသည်းနှလုံးကို ပေါက်ထွက်မတတ်ပါပဲ"ဟု ပြောသောအခါ ကျွန်မအဖို့ မူးမေ့လဲကျသွားလုမတတ် ခံစားရသည်။

သို့ဖြစ်ရာ သူ့ကို ယခင်က ချစ်ခဲ့မိပြီး ယခု တကယ်ချစ်နေပြီကို သိသောကျွန်မအဖို့ သူ့ဒုက္ခမှ အစွမ်းကုန်ကယ်တင်ရန် ဆုံးဖြတ်လိုက်သည်။ သို့ရာတွင်ထိုအစွမ်းကို အဖေတို့၊ အမေတို့သာ တတ်နိုင်မည်ဖြစ်သောကြောင့် အမေ့အားချက်ချင်းသွားရောက်ခေါ်ပေးရန် အိမ်ဖော်မကို စေလွှတ်လိုက်ကာ အမေရောက်လာလျှင် ပိုမိုလေးနက်စေရန် ကျွန်မတွင် ဝတ်ဆင်ထားသမျှကို ဖရိုဖရဲ ဆုပ်ဖြန့်ကြဲလိုက်ပြီး အိပ်ရာပေါ်တွင် တလူးလူး တလိမ့်လိမ့်နှင့် အကြီးဆုံးသော အပူရုပ်ဆောင်နေလိုက်သည်။

ကျွန်မမျှော်လင့်ထားသည့်အတိုင်း အမေသည် ချက်ချင်းပင် ရင်ဘတ်စည်တီးနှင့် ရောက်လာပြီး ကျွန်မကိုပွေ့ပိုက်၍ အကျိုးအကြောင်းကို အရေးတကြီး မေးလိုက်သောအခါ ကျွန်မက ဟုတ်မှန်သည်ထက် အပိုအမိုများ ဖြည့်စွက်ပြောလိုက်သည်။

"သမီးကိုချစ်ရင် သူ့ကို ချက်ချင်းကယ်တင်ပေးရမယ်၊ အမေတို့ကယ်နိုင်တယ်၊ အမေတို့မကယ်လို့ သူသာသေသွားမယ်ဆိုရင်တော့ သူမသေခင် ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



အရင်သေမှာ အမှန်ပဲ။ ပြီးတော့ သူ့လုံခြုံရေးအတွက် ကျွန်မဆီကို ခေါ်လာရမယ်" ဟုလည်း အချိန်မရတော့သဖြင့် ကျွန်မ၏အလိုဆန္ဒကို အပြည့်အစုံပြောပြလိုက်သည်။ အကြောင်းမှာ အဖေအမေတို့အဖို့ တစ်ဦးတည်းသောသမီးဖြစ်သည့် ကျွန်မထက် မည်သည့်ပစ္စည်း မည်သည့်အကြောင်းရပ်မျှ ပို၍အရေးမကြီးသည့် အချက်ကို သိသောကြောင့် ဖြစ်ပေသည်။

"သမီးကလည်း မကြားဝံ့မနာသာ အရုပ်ဆိုးလိုက်တာ သမီးရယ်၊ ရာဇဝတ်သား သူခိုးကိုမှ လင်တော်ရမယ်လို့၊ ဘယ်မှာဖြစ်နိုင်ပါ့မတုံး၊ တခြား ဘယ်သူ့ကို သမီးလိုချင်သလဲ၊ အမေတို့ ငွေနဲ့လဲပြီး ချက်ချင်းရအောင် လုပ်ပေးပါ့မယ်၊ အခုဟာကတော့ သမီးရော အမေတို့ရော သူများတံတွေးခွက် ပက်လက်မျောရမယ့် ကိစ္စကြီး"

"အမေ ဒါတွေမပြောနဲ့ သမီး အကုန်လုံးသိတယ်။ စဉ်းစားနိုင်တယ်၊ အမေတို့ ရှက်ရမှာကြောက်သလား၊ သမီးသေမှာ ကြောက်သလား။ ဒီနှစ်လမ်းပဲ ဆုံးဖြတ်ပေတော့။ ပြီးတော့ အမေဘာသိလို့လဲ၊ ကျွန်မ အစွမ်းကုန်ဖွင့်ပြောလိုက်မယ်၊ အခု ရာဇဝတ်သားကိုယ်တော်လေးဟာ သမီးရဲ့လင် အမေရဲ့။ သမီးရဲ့လင်... လင်တော်ခဲ့ပြီးပြီ"ဟု အမေ့နားကိုဆွဲ၍ မတိုးမကျယ်နှင့် လုပ်ဇာတ်ခင်းလိုက်သောအခါ အမေ့မျက်လုံးသည် ပြူးကျယ်သွားရင်း ဘုရားတရားအော်မြည်ကာ ချက်ချင်းပင် ထွက်ခွာသွားသည်။

ဧကန္တ အမေသည် အဖေ့ထံသို့ အကူအညီသွားတောင်းပြီ ဖြစ်သည်။ ကျွန်မတွက်သည့်အတိုင်းပင် အဖေသည်လည်း ကျွန်မအခန်းဝတွင်းသို့ ရောက်လာသောအခါ အဖေ့ကိုမူ အတန်ပင်ရှက်လှသဖြင့် အိပ်ရာပေါ်တွင် ကျောခိုင်း၍ နေလိုက်သည်။ အဖေသည် ကျွန်မကို ချော့တစ်လှည့် မာန်တစ်လှည့်နှင့် အမျိုးမျိုးပြောနေသေးသည်။ သို့ရာတွင် ကျွန်မသည် အနည်းငယ်မျှ အလျှော့မပေးဘဲ လိုချင်သည်ကို မရလျှင် မုချသေပွဲဝင်တော့မည်ဟု အပုရုပ်ကိုဆောင်ထားသည်။ အမှန်အားဖြင့်လည်း ထိုအချိန်က ကိုယ်တော်လေးအပေါ်သို့ ကျွန်မ၏ ချစ်နေခဲ့သောအဖြစ်မှာ သူ့ကိုမှ မရလျှင် သေရကောင်း သေရအံ့ ထင်ခဲ့မိပါသည်။

ကျွန်မ၏ဆန္ဒအမှန်လျှင် ဖြစ်နိုင်သမျှ အလိုလိုက်ခဲ့သော မိဘနှစ်ပါးသည် တစ်ဖက်တွင် အချိန်မီကယ်တင်ရမည့် ရာဇဝတ်သားအတွက် ကြာကြာစဉ်းစားမနေနိုင် သူတို့ချင်း ခေါင်းချင်းရိုက် တိုင်ပင်ပြီး အခန်းတွင်းမှ အဖေထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေက တစ်ဖက်တွင် ဆူပူပြောဆိုရင်း တစ်ဖက်တွင် ကျွန်မအလိုဆန္ဒပြည့်ဝအောင် ဆောင်ရွက်ပေးမည့်အကြောင်း ပြောသည်။ ထို့ကြောင့် အမေ့ပါးကို တအားနမ်းရင်း အပူရုပ်ကို တဖြည်းဖြည်းပြင်သည်။ အဖေ့လို သူဌေးတစ်ဦးအဖို့ ရာဇဝတ်သား တစ်ယောက်ကို ကယ်ဆယ်နိုင်ဖို့ နည်းလမ်းတွေများစွာရှိသည်။ သို့ဖြစ်၍ အဖေ သည် ကိုယ်တော်လေးအား အိမ်သို့ခေါ်လာမည်ကို နားတစွင့်စွင့်ဖြင့် နေရသည်။

မကြာလှပါချေ။ ညနေစောင်းအတွင်းမှာပင် ကိုယ်တော်လေးသည် နောက်ဖေး တံခါးမှ အိမ်တွင်းသို့ရောက်နေပြီးဖြစ်ကြောင်း အိမ်ဖော်မက သတင်းလာပို့သည်။ ကျွန်မသည် အောက်ထပ်သို့ ချက်ချင်းဆင်းသွားသည်။ မကယ်မှာစိုး၍ လင်တော်ခဲ့ သည်ဟု အမေ့အား လိမ်ညာခဲ့ပြီးဖြစ်သောကြောင့် အကျွမ်းဝင်ပြီးသူများအဖြစ် ကျွန်မတို့နှစ်ယောက် တွေ့ဆုံရာတွင် အဖေ အမေတို့က ရက်စနိုးဖြင့် ရှောင်ပေး ကြသည်။

အောက်ထပ် နောက်ဖေးခန်းတွင် လျှို့ဝှက်ခေါ်ဆောင်လာရဟန်တူသော အဝတ်အဆင်တစ်မျိုးဖြင့် မတ်တတ်ရပ်ကာ ဝမ်းမြောက်သော၊ မျှော်လင့်သော၊ ယခင်ကကဲ့သို့ပင် တပ်မက်သော အစိမ့်ဟာယ်မျိုးစုံ မျက်လုံးဖြင့် ဟာရိပ္ပကိုယ်တော်လေး သည် ခန်းဆီးအဝမှ ကျွန်မဝင်လာသည်ကို တွေ့သည်နှင့်တစ်ပြိုင်နက် လက်နှစ်ဖက် ကို ဆန့်တန်းကာ "အို...မဇ္ဈူယာသီသ ချစ်နှမ၊ မောင်တော် ဟာရိပ္ပ ရောက်လာပြီ လေ၊ လူသတ္တဝါတို့ရဲ့ထုံးစံ ကံမကောင်း အကြောင်းမသင့်လို့ ရာဇဝတ်ဒဏ်ကို ခေတ္တခဏ ခံရပေမယ့် အဲဒီရာဇဝတ်ဒဏ်ကပဲ နှမတော်မဇ္ဈူယာသီသဆီကို ပို့ဆောင် လိုက်ပြီမဟုတ်လား။ အို...မဇ္ဈူယာသီသ၊ မောင်တော်ဟာရိပ္ပကို ကြိုဆိုနေတာ မဟုတ်ပါလားကွယ်"ဟု ပြောလိုက်သည်။ ကျွန်မသည် တစ်စုံတစ်ရာ စဉ်းစားမနေ တော့ဘဲ မောင်တော်ဟာရိပ္ပ၏ ရင်ခွင်သို့ ပြေးဝင်ပွေ့ဖက်လိုက်သည်။

## [ ၃ ]

ကျွန်မ၏အမည်မှာ ကြာညိုရင့်အဆင်းကဲ့သို့ ညိုမှောင်သောဆံပင် အလှကြောင့် လည်းကောင်း၊ မဟူရာအသွေးကဲ့သို့ ရီမှောင်ဝင်းလက်သော မျက်လုံးကြောင့် လည်း ကောင်း ကုဏ္ဍလာဟု အမည်ပေးထားကြောင်း သိရပါသည်။ ကျွန်မတို့ခေတ်တွင် မိဘများက သူတို့သမီးများကို ခေါ်ကြသော ဘဒ္ဒါဟူသောအမည်ဖြင့်လည်း မိဘများ က တစ်လှည့်စီ ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအဖို့ သာမန်အားဖြင့် ထူးခြားချက်နှစ်ရပ်ရှိသည်ဟု ဆိုရပါမည်။ တစ်ရပ်မှာ ကြွယ်ဝသောမိဘနှစ်ပါးတွင် ကျွန်မတစ်ယောက်တည်းကို စုပုံ၍ ချစ်ရလောက်အောင် ကျွန်မတစ်ယောက်တည်းသာ ထွန်းကားခြင်းဖြစ်၍ အခြားတစ်ရပ်မှာ အရွယ်ရောက်သည်ဆိုကတည်းက အချစ်ကိစ္စ၊ လင်သားကိစ္စထက် အဆို အက ဂီတပန်တျာဘက်တွင်သာ စိတ်ထက်သန်ခဲ့ခြင်းဖြစ်သည်။

ကျွန်မ၏အလှကို ကျွန်မသိပါသည်။ ကျွန်မ၏အလှ၊ မိဘ၏ပစ္စည်းဂုဏ်ကြောင့် ဝေးနီးဝန်းကျင် အစ်ကိုကာလသားတို့ ဝိုင်းဝိုင်းလည်လျက် ရှိခဲ့သည်။ သို့ရာတွင် အချစ်ကိစ္စ၊ အိမ်ထောင်ကိစ္စထက် အဆို,အက လေ့လာသင်ကြားမှုဘက်တွင်သာ အာရုံစိုက်ခဲ့သည်။ ပင်ကိုအလှတွင် စည်းစနစ်ကျသော အကလေ့ကျင့်မှုများဖြင့် ဖြည့်စွက်လိုက်သောအခါ သာမန်ယောကျာ်းတစ်ယောက် မမှုလောက်သော ကျန်းမာစိုပြည်မှု၊ ကျစ်လျစ်သန်မာမှုအကျိုးများ ပြည့်ဝလာသည်။ အားနွဲ့သော အမျိုးသမီးတစ်ယောက်ဟူ၍ လူကြီးမိဘအလစ်တွင် ကိုယ်ထိလက်ရောက် အချစ်စမ်းလိုကြသော ပျားပိတုန်းတို့အဖို့ လွယ်လွယ်နှင့် တပ်လန်ကြရသည်။

ယင်းကဲ့သို့ အချစ်ရေးတွင် ကျွန်မ ဂရုမစိုက်သမျှ ကျွန်မကို လက်မလွှတ်ချင်သော မိဘများကလည်း သဘောကျကြသည်။ ကျွန်မဝါသနာ, ကျွန်မအဆိုအကဖြင့် ဂုဏ်ရှိသော ပွဲလမ်းသဘင်များတွင် ကျွန်မ မပါလျှင် မပြီးတော့သကဲ့သို့ ဗန်းတင်ရသည်နှင့်ပင် ကျွန်မမိဘများအဖို့ ဂုဏ်ယူ၍မဆုံး ဖြစ်နေကြသည်။

သို့သော် ဤရွှေ ဤမှု စောင့်စည်းအောင့်အည်းလာသမျှတို့မှာ ဤလူဆိုးလူလိမ်အတွက် ဖြစ်ခဲ့ရတော့သည်။ ကျွန်မသည် သူ့ကို လူလိမ်လူကောက်တစ်ယောက်ဖြစ်ကြောင်း ရှေးမဆွကပင် ရိပ်စားမိခဲ့ပါ၏။ သို့ရာတွင် ဘယ်ဘဝက ပုဗ္ဗေစခဲ့မိသည်မသိ၊ အသိခေါက်ခက် အဝင်နက်မိပါလေသည်။

တစ်ချိန်သောအခါက သူသည် ရာဇဂြိုဟ်သို့ ရသေ့ယောင်ယောင် မှော်ဆရာယောင်ယောင် အသွင်ဖြင့် ရောက်လာခဲ့ဖူး၏။

သူ့ရိပ်သာ၌ သူနှင့် တစ်ကြိမ်တွေ့ခွင့်ကြုံသောအခါ သူသည် ကမ္ဘာဦးကဟရိပ္ပြဟ္မာမင်းအဖြစ်မှ ဆင်းသက်လာသူဖြစ်၍ ကျွန်မသည် ထိုစဉ်က သူ၏ချစ်ဦးသူ မဋ္ဌုယာသီသ ဖြစ်ခဲ့သည်ဟုဆိုသည်။ တွေ့ကရာစိတ်ကူးယဉ်ဇာတ်လမ်းဖြင့် ကျွန်မကို သိမ်းသွင်းမှန်းသိသော်လည်း ကျွန်မသည် သူ့စကားကိုလည်းကောင်း၊ သူ့ကိုလည်းကောင်း နှစ်သက်ခဲ့မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကျိုးဆက်ကြောင့် ယခု သူ ကျွန်မရှေ့မှောက်သို့ ရောက်ရှိလာခဲ့ပါပြီ။ တွေ့သည်ဆိုလျှင်ပင် သူ့ လိမ်လက်စဖြစ်သော ဟရိပ္ပနှင့် မဥ္စူယာသီသဇာတ်လမ်းကို ပြန်ကောက်သည်။ လိမ်ပါစေ၊ သူ့အဆင်းကိုမြင်လျှင်, သူ့အသံကြားလျှင် ကျွန်မ၏အသည်းနှလုံးကို တနုံ့နုံ့ ထိုးကျင်လျက်ရှိသော ကျွန်မဆန္ဒ ပြည့်ဝမှုကိုသာ ပဓာနထားလိုက်ပါသည်။

သံသရာဘဝတစ်ကွေ့တွင် တွေ့ကြုံခဲ့ဟန်တူသည့် မမြင်ရသောအကြောင်းရပ်သည် ကျွန်မ၏အသည်းနှလုံးသို့ ခိုင်မြဲစွာချည်နှောင်ထားသည်။ သို့နှင့် ကျွန်မသည် ကျွန်မ၏သံယောဇဉ်စည်းဝိုင်း၊ ကျွန်မ၏ရင်ခွင်သို့ ရောက်လာသော သူ့အား အချစ်တည်းဟူသော ယဇ်ပလ္လင်တွင် မနှစ်လိုအပ်သော သူ့အမူအကျင့်များကို ကျောခိုင်း၍ ကျွန်မ၏တစ်ကိုယ်လုံး၊ ကျွန်မ၏ဘဝတစ်ခုလုံးကို ဟရိပ္ပဆိုသော လူလိမ်အချစ်နတ်ဘီလူးသို့ စတေးလိုက်ပါသည်။

ယင်းသို့ အချစ်နတ်ရူး ပူးဝင်မှု၊ စိတ်အလိုလိုက်မှုကြောင့် ကျွန်မအဖို့ ပတ်ဝန်းကျင်၏ဒဏ်ကို ပြင်းပြင်းထန်ထန် ခံရသည်။ အကြောင်းမှာကား ကျွန်မမိဘ၏ ပစ္စည်းဂုဏ်၊ သိက္ခာဂုဏ်ကြောင့် သူနှင့် သူ့အပြစ်အားလုံးကို အဘယ်မျှ ဖုံးကွယ်လျှို့ဝှက်ထားနိုင်သည်ဆိုစေ ပတ်ဝန်းကျင်တစ်ခုလုံးက သိကြသည်သာဖြစ်သည်။

ထို့ကြောင့် ကျွန်မကိုရော ကျွန်မမိဘများကိုပါ ပတ်ဝန်းကျင်မျက်စိအားလုံးတို့ စိမ်းကားလာကြသည်။ ရှုတ်ချလာကြသည်။ သာယာကျယ်ပြန့်သော ကျွန်မတို့ဝန်းကျင် စည်းဝိုင်းသည် တစ်နေ့တခြား ကျဉ်းမြောင်းသေးသိမ်လာသည်။ ရာဇဝတ် ပြစ်မှုတန်းလန်းကြီးတွင် သူ့ကို လျှို့ဝှက်ရခြင်းနှင့်အတူ ကျွန်မကိုယ်တိုင် တစ်နေ့တခြား အိမ်တွင်းပုန်း လျှို့ဝှက်သူဖြစ်လာသည်။ ဖြစ်ပါစေ၊ ကျွန်မတို့မှာ သုံးဖြုန်း၍ မကုန်နိုင်လောက်အောင် ပစ္စည်းစနေရှိသည်၊ ကိုယ့်နေရာ ကိုယ့်တိုက်ခန်း ကျယ်ကျယ်ပြန့်ပြန့်ရှိသည်။ ကျေးဇူးတင်၍ မဆုံးနိုင်သော ကျွန်မမိဘများက ကျွန်မအပေါ်သို့ သူတို့အချစ်အားလုံးကို စုပုံထားရခြင်းသည်သာလျှင် အဓိကဖြစ်သကဲ့သို့ ကျွန်မတည်းဟူသော အမိုက်မအဖို့လည်း သူ့ရင်ခွင်၊ သူ့ချစ်ပရိယာယ်များအကြားသို့ စုဖို့,သွင်းထားရခြင်းသည်သာ အဓိကဖြစ်ခဲ့သည်။

သို့ဖြစ်၍ ကျွန်မသည် သူ့အလိုကို အစွမ်းကုန်လိုက်လျောသည်။ မကောင်းကောင်းကြောင်း ကျွေးမွေးသည်။ သူပျော်ပိုက်နိုင်မည်ထင်သည့် နည်းလမ်းမှန်သမျှ အစွမ်းကုန်ပြုလုပ်ပေးသည်။ သူ ရာဇဝတ်ပြစ်ဒဏ်မှ လွတ်ကင်းသည့်အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



သူ့တပည့်၊ သူ့အသိုင်းအဝိုင်း ဆိုသူများသည် တစ်စတစ်စနှင့် သိလာကြသောအခါ တစ်ယောက်ပြီးတစ်ယောက်ဆိုသလို သူ့ထံသို့ ရောက်လာမိခိုကြသည်။ ကျွန်မသည် ထိုသူအားလုံးကိုလည်း သူ့ကြောင့် သိမ်းသွင်းလက်ခံသည်။ ပတ်ဝန်းကျင် ရှားပါးလာသော ကျွန်မတို့အဖို့ ထိုသူများနှင့်ပင် အငြိးဖြေရသည်။

သူ့အသိုင်းအဝိုင်းကြောင့် ကျွန်မတို့တိုက်ခန်းတွင် အတန် စည်စည်ကားကား ဖြစ်လာသောအခါ ရံဖန်ရံခါတွင် နာမည်ကျော် အကသဘင်များကို ဆို့ဆို့ပို့ပို့ ငွေပေး၍ငှားပြီး သူနှင့် သူ့အသိုင်းအဝိုင်းကို ဖြေဖျော်စေသည်။ အကသခင် လောက နတ်၏ သမီးပျိုတစ်ယောက်ဖြစ်ခဲ့သော ကျွန်မကိုယ်တိုင်ကလည်း ကိုယ့်အစွဲ ကိုယ့်ဝါသနာကို အရင်းတည်ကာ အကသဘင်တွင် ပါဝင်ရင်းဖြင့် သူတို့ကို ဖျော်ဖြေရင်း ပျော်ရသည်။

သို့ဆိုလျှင် သူ့ဘဝသည် အစီစိမှ နတ်ပြည်သို့ ဆွဲတင်လိုက်သကဲ့သို့ အံ့သြ ဖွယ်နည်းဖြင့် သာယာပေပြီ။ ကျွန်မကဲ့သို့ သူ့ကို အစွမ်းကုန် အလိုလိုက်သော၊ လှသော၊ ချောသော သူဌေးသမီးငယ်ကိုလည်း ရရှိပေပြီ။ သုံးမကုန်၊ စွဲမကုန် ရတနာ ရွှေငွေတို့လည်း အသင့်ရှိပြီ။ အကောင်းဆုံးကိုစား၍၊ အကောင်းဆုံးကို ဝတ်၍ အမြင့်ဆုံးသောစည်းစိမ်ကို ခံစားနေရပြီဆိုလျှင် သူ့အဖို့ ဘာလိုသေးသနည်း။

လိုပါချေသေး၏။ လူမိုက်တွင် ဆေးမရှိချေတကား။

သူ့ကိုကယ်တင်ပြီးစ အခိုက်အတန့်တွင်သာ သူ၏ကျေးဇူးတင် ဝမ်းမြောက်မှု နှင့် ကျွန်မအပေါ်တွင် ချစ်သယောင် လှည့်စားသော သူ၏ ပရိယာယ်အပြုအမူများ ကို တွေ့ရသော်လည်း အတန်ကြာသောအခါ သူ၏ သွေးအေးမှုကို တွေ့လာရ သည်။ ဝမ်းတွင်းကမပါသော ဟန်စကားများကို ကြားလာရသည်။ သူ့မျက်လုံးများ ၏ ရှေ့ပိုင်းတွင် ကျွန်မကို စိတ်ဝင်စားသယောင် ဟန်ဆောင်ဖုံးထားသော်လည်း နောက်ပိုင်းတွင် စိမ်းကား၍ အကြံတစ်မျိုးထုတ်နေသော အရောင်အဆင်းများကို တွေ့လာရသည်။ ဤမျှသာမက သူ၏လွတ်မြောက်မှုနှင့် မမျှော်လင့်သော စည်းစိမ် ခံစားရမှုများမှာ သူ့ဆေးဝါးမန္တန်ကြောင့်သာ ဖြစ်လာရသယောင် မထိတထိ ပြော ဆိုလာသည်။ လူမမြင်သောအချိန်တွင် သူ့တပည့်အချို့နှင့် အပြင်သို့ထွက်၍ တစ်ရက်စ နှစ်ရက်စ ပျောက်ကွယ်နေသည်များလည်း ရှိလာသည်။

မည်သို့ဖြစ်စေ အချစ်ဘီလူးဖမ်းစားဆဲဖြစ်သော ကျွန်မသည် သူ့အပြစ်များကို မမြင်နိုင်သေး။ အချစ်ဖြင့်ဖုံးလွှမ်းထားဆဲဖြစ်သည်။ သို့ရာတွင် ဤသတ္တဝါ ခွေးမြီး

www.burmeseclassic.com

www.burmeseclassic.com



ကောက်ကား ကျွန်မ၏အချစ်ကျည်တောက်ဖြင့် စွပ်၍ မရနိုင်ချေတကား။ သို့နှင့် သူ့နောက်ဆုံးရက်များသည် တစ်နေ့တခြား နီးကပ်လာခဲ့ပေသည်။

[ ၄ ]

ထိုရက်များအတွင်း၌ သူ အပြင်သို့ထွက်သွားတိုင်း တိုက်ခန်းမှ ရွှေငွေရတနာများကို ထုတ်ယူသွားသည်။ ပြန်လာသည်ဆိုလျှင် ထိုရတနာများ ကုန်ခန်း၍ အကြောင်းတစ်ခုခု ပြသပြောဆိုသည်။ တစ်ဖက်တွင်လည်း ကျွန်မအပေါ်၌ ရေးက ထက် အချစ်မေတ္တာပိုလာသယောင် အစွမ်းကုန်ပြုမူသည်။ ကျွန်မအမိုက်မအဖို့ အပြစ်ကိုဖယ်၍ အချစ်ကိုယူသည်။ သူ့ကို တစ်ကိုယ်လုံးပင် ပုံအပ်ထားပြီးဖြစ်၍ ပစ္စည်းသည် ပဓာနမဟုတ်တော့။ ကျွန်မခံယူချက်ကို အဆုံးပြောရလျှင် သူလုပ်ချင်သမျှ လုပ်ပါစေ၊ သူပြုသမျှနုမည်။ ဖြစ်ချင်ရာဖြစ်ပါစေတော့ဟုပင် ဆုံးဖြတ်ထားသည်။ သို့သော် သူလုပ်ပုံက ချစ်မေတ္တာကင်းမဲ့လွန်းလှပေသည်။ လူမိုက်ပီသလွန်းလှပေသည်။

စိန် ရွှေ ပစ္စည်းများထုတ်ယူသွားပြီး ပြန်လာတိုင်း သူပြောပြသော အကြောင်းပြတစ်ချက်မှာ သူနှင့် သူ့တပည့်များသည် သူခိုးလည်ဆွဲတောင်ရှိ နတ်ကွန်းသို့ နည်းမျိုးစုံဖြင့် သွားရောက်ပူဇော်ကန်တော့ကြခြင်း ဖြစ်သည်ဟု ဆိုသည်။ သူသည် ရာဇဝတ်ဒဏ် မသင့်မီက ဤနတ်ကွန်းသို့ သွားရောက်ခဲ့ပြီး ရာဇဝတ်ဘေးမှ ကင်းဝေးစေကြောင်း၊ အကယ်၍ ရာဇဝတ်ဒဏ် သင့်ခဲ့လျှင်လည်း ကင်းလွတ်အောင် စောင်မစေကြောင်း ဆုတောင်းဆုယူ ပြုခဲ့သည်ဟုဆိုသည်။ ယခု ရာဇဝတ်ဘေးမှ အံ့စဖွယ်လွတ်မြောက်ခဲ့ရခြင်းမှာ သူခိုးလည်ဆွဲ နတ်မင်း၏ မ,စမှုကြောင့်ဖြစ်ရာ ကတိအတိုင်း သွားရောက်ကန်တော့ရခြင်းဖြစ်ကြောင်း ပြောဆိုသည်။ အလိမ်ခံ၊ အလိမ့်ခံ ကျွန်မလို အမျိုးသမီးများနှင့် လူပြိန်းများက သူ့ကို နည်းအမျိုးမျိုးဖြင့် အထင်ကြီးခဲ့ကြသော်လည်း ဤလူယုတ်မာသည် သူ၏ နောက်ဆုံးခရီးကိုမူ ကြိုတင်၍ သိနေခဲ့ပေသည်တကား။

မည်သို့ဆိုစေ သူ့အကြောင်းပြချက်သည် ခိုင်လုံဆီလျော်လှသည်ဟု ကျွန်မယူဆဆဲပင်ဖြစ်ခဲ့သည်။ တောင်မျိုးစုံ ဝိုင်းပတ်လျက်ရှိသော ရာဇဂြိုဟ်၏ အနောက်ဘက်တွင် **"သူခိုးလည်ဆွဲတောင်"** ဟုခေါ်သော တောင်ဆန်းဆန်း တစ်လုံးနှင့် နတ်ကွန်းရှိသည်။ ဤတောင်သည် အတော်ပင် မြင့်မား၍ လူတက်သောဘက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ပြေချောအောင် ပြုပြင်ထားသော်လည်း အခြားတစ်ဖက်တွင်မူ ဘူးသီးကို ထိပ်တည့်တည့်မှ အလျားလိုက် ထက်ခြမ်း,ခြမ်းထားသကဲ့သို့ မြင့်မားနက်ရှိုင်း လှသောချောက်ကြီး ဖြစ်နေသည်။

ရာဇဂြိုဟ်အစိုးရက ဤတောင်ကို ရာဇဝတ်ဘေးသင့်သော သူခိုးနှင့် လူလိမ် လူကောက်များကို ပစ်ချရန်အသုံးပြုသည်။ ထို့ကြောင့် **"သူခိုးလည်ဆွဲတောင်"** ဟု ခပ်ယဉ်ယဉ် အမည်တွင်နေခြင်းဖြစ်သည်။ ဟရိပ္ပဆိုသော ကျွန်မချစ်မိသူ သူခိုး လူလိမ်သည် ကျွန်မသာ မကယ်ခဲ့ပါက ဤတောင်ချောက်တွင် ပစ်ချခံရတော့မည် ဧကန်ဖြစ်သည်။

ဤတောင်ထိပ် တစ်ဖက်ချောက်အနီးရှိ တောအုပ်အလယ် မြေပြန့်တွင် ခပ် ကြမ်းကြမ်းပုံစံဖြင့် ပြင်ဆင်တည်ဆောက်ထားသော နတ်ကွန်းတစ်ခုရှိသည်။ "သူခိုး လည်ဆွဲနတ်ကွန်း"ဟုပင် ခေါ်သည်။ ယုံကြည်သော ရာဇဂြိုဟ်သားအချို့သည် ဤနတ်ကွန်းသို့ ရံဖန်ရံခါ သွားရောက်ပူဇော်လေ့ရှိကြသည်။ ကျွန်မသည်လည်း ငယ်စဉ်အချိန်က မိဘများနှင့်အတူ ဤနတ်ကွန်းသို့ တစ်ခေါက်ရောက်ခဲ့ဖူးပါ၏။ သို့ရာတွင် အမည်နှင့် ဝန်းကျင်နှင့် လိုက်လျောစွာပင် နတ်မင်း၏ နှစ်လိုဖွယ် မကောင်းလှသော အသွင်အဆင်ကြောင့် နောက်တစ်ကြိမ်သွားရောက်ဖို့ မကြိုးစား ခဲ့တော့ပေ။

ဤနတ်ကွန်းသို့ သူတို့သွားရောက်၍ ပူဇော်သည်။ ပြင်ဆင်သင့်သည်များကို ပြင်ဆင်ပသသည်ဟု ဆိုသည်။ အိမ်တွင်းအောင်းရသည်မှာ ငြီးငွေ့သောကြောင့် ဤနတ်ကွန်းတောရိပ်တွင် တရားဘာဝနာ သွားရောက်ပွားများသည်။ ဆေးဝါး ဖော်စပ်သည်ဟု ဆိုလိုက်သေးသည်။ ဆီလျော်သော အကြောင်းပြချက်ပါတည်း။

သို့ရာတွင် နောက်ဆုံးအခေါက်တွင်မူ ကျွန်မကိုပါ လိုက်၍ပူဇော်ရမည်ဟု တောင်းဆိုလာသည်။ ကျွန်မသည် သူ၏ဇနီးဖြစ်သည့်အတိုင်း ဇနီးမောင်နှံတို့ နောက်ဆုံးပူဇော်ခြင်းဖြင့် လာရောက်ပူဇော်ပါမည်ဟု နတ်မင်းအား ကတိဝန်ခံ ခံထားသည်ဟုဆိုသည်။ ပူဇော်ရာ၌ သာမန်မျှမဟုတ်ဘဲ ကျွန်မတွင်ရှိသမျှ စိန်၊ ရွှေ ရတနာတို့ကို ဝတ်ဆင်ယူငင်၍ တင်ပြပူဇော်ရမည်။ ပူဇော်ပြီးလျှင် ပြန်၍ယူလာ နိုင်သည်ဟု ဆိုသည်။

ဤကိစ္စ အဆင်ပြေရေးအတွက် သူက ကျွန်မကို နည်းမျိုးစုံဖြင့် ချော့မော့ ပြောဆိုသည်။ မျက်နှာချိုသွေးသည်။ ခါတိုင်းထက်ပို၍ လိုက်လျောသည်။ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြကလည်း ဆီလျော်၊ ခက်ခဲသောအလုပ်လည်း မဟုတ်သဖြင့် သူပြုသမျှနှုဖို့ ဆုံးဖြတ်ထားသော ကျွန်မအဖို့ သူ့ဆန္ဒအတိုင်း လွယ်လွယ်ကူကူနှင့်ပင် လိုက်လျော သဘောတူကာ မိဘများကို အသိပေး၍ နတ်ကွန်းသို့ သွားရောက်ပူဇော်ရန် အစီအစဉ် ပြုလုပ်လိုက်ပါသည်။

သို့နှင့် သူ့အမိန့်ဆန္ဒအတိုင်းပင် သတ်မှတ်ထားသော တစ်ညနေခင်းတွင်ပင် ကျွန်မတစ်ကိုယ်လုံး ဝတ်ဆင်စရာရှိသမျှ စိန်၊ ရွှေ ရတနာတို့ကို တစ်ဆင်စာအပြည့် ဝတ်ဆင်၍လည်းကောင်း၊ နတ်မင်းအား ခေတ္တမျှ ပြသပူဇော်ရန်ဟု အပိုရတနာ ပစ္စည်းများကို ထုပ်ပိုး၍လည်းကောင်း၊ အခြားသင့်လျော်သော မုန့်ခဲဖွယ်တို့ကို ပြင်ဆင်၍လည်းကောင်း ကျွန်မ၏ အခြွေအရံများနှင့် သူ့တပည့်အသိုင်းအဝိုင်းများ ကို လိုက်ပါပို့ဆောင်စေကာ နတ်ကွန်းသို့ ထွက်ခဲ့ကြပါလေသည်။

သို့ရာတွင် တောင်ခြေသို့ရောက်သောအခါ အခြွေအရံအားလုံးအား တောင်ခြေ တွင်ပင် နေခဲ့စေ၍ သူနှင့် ကျွန်မ နှစ်ယောက်တည်းသာ တက်ရောက်ကန်တော့ကြ ဖို့ အစီအစဉ်ဖြစ်သည်ဟု ဆိုလာပြန်သည်။ ထိုအခါ ကျွန်မအဖို့ သူသတ်မှတ် ခေါ်ဆောင်လာခဲ့သော နေညိုညိုအချိန်တွင် ဝန်းကျင်တောတောင်၏ ဆိတ်ငြိမ်မှု ကြောင့်လည်းကောင်း၊ ပါရှိလာသည့် အဖိုးမဖြတ်နိုင်သော ပစ္စည်းတို့ကြောင့် လည်း ကောင်း၊ အချစ်ကြောင့် နစ်ခဲ့မိသော်လည်း သူ၏ မခိုင်လုံသော အကျင့်စာရိတ္တကို သတိရ၍လည်းကောင်း ထင့်ခနဲဖြစ်မိသော်လည်း ပေါက်သည့်နဖူး မထူးတော့ဟု ဆုံးဖြတ်ကာ ဟန်ကိုယ့်ဖို့သဘောဖြင့် ဣန္ဒြေမပျက်စေဘဲ လိုက်လိုက်လျောလျောပင် လိုက်ပါတက်ရောက်ခဲ့ကြသည်။

နတ်ကွန်းရှေ့သို့ ရောက်သောအခါ အတန်ပင် နေညိုသမ်းခဲ့ပေပြီ။ ကျွန်မနှင့် သူသည် တောင်တက်ခဲ့သောအရှိန်ကြောင့် အပန်းဖြေရန် နတ်ကွန်းရှေ့ ချောက်ကမ်း ပါးထိပ်ရှိ တောင်စွန်းတစ်ခုတွင် ခေတ္တမျှထိုင်ကြသည်။ ထိုင်၍မျှ အပန်းမပြေမီမှာ ပင် သကောင့်သားက သူ့ဇာတ်ကွက်ကို စတင်ပါလေတော့သည်။

ထိုအချိန်၌ ကျွန်မတို့ကျောဘက် ချောက်ကမ်းပါးမှ ဆန်တက်တိုက်ခတ်လျက် ရှိသော လေသံမှတစ်ပါး တစ်တောလုံး တစ်တောင်လုံး ဆိတ်ငြိမ်လျက်ရှိသည်။ ရှေ့တူရူဆီတွင် နတ်ကွန်းအတွင်းမှ နတ်ရုပ်ကြီးကို မြင်နေရသည်။ ပေါက်ဆိန် တစ်ဖက် လှံတစ်ဖက်နှင့် လက်များစွာတွင် လက်နက်မျိုးစုံတို့ကို ကိုင်ဆောင်ထား သော သူခိုးလည်ဆွဲ နတ်မင်းသည် ပြူးကျယ်သော မျက်လုံးများဖြင့် ကျွန်မတို့ကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်နေသကဲ့သို့ တွေ့ရသည်။

"ကဲ…မဥ္စူယာသီသ…မင်းဘ၀ဇာတ်လမ်းဆုံးပြီ။ မင်းယုံတဲ့ ဘုရား တရား နတ်ဒေ၀ါများကိုသာ တသ,ပူဇော်ပေတော့"

ဆိုင်းမဆင့် ဗုံမဆင့်ဆိုသလိုပင် မိုးကြိုးကျသကဲ့သို့သော ဤစကားသံဖြင့် သူ့ဇာတ်ကွက်ကို စတင်သည်။ သူ့လေသံသည် ကျွန်မရင်ခွင်တွင် အချစ်နှီးနှောစဉ်က လေသံမျိုးနှင့် လုံး၀ကွဲသည်။ တင်းမာသည်။ သူ့ဇာတ်လမ်းကို စတင်ရန် အရှိန်ယူထားဟန်တူသည်။ သူ့စကား သူ့လေသံမှာ အံ့အားသင့်လောက်အောင်ပင် မကြားခဲ့ဖူးသဖြင့် ကျီစယ်နောက်ပြောင်လေသလောဟု သူ့မျက်နှာဆီသို့ ဖျတ်ခနဲ တစ်ချက် အကဲခတ်ကြည့်ရှုလိုက်သောအခါ ဘီလူးခေါင်းဆောင်းသကဲ့သို့ မျက်နှာ သွင်ပြင် ပြောင်းလဲနေသည်ကို အံ့သြစွာတွေ့ရသည်။ လက်ယာဘက်လက်က သူ့ခါးတွင်ချိတ်ထားသော ဓားငယ်ဆီသို့ တင်ထားသည်ကိုလည်း တွေ့ရသည်။ ထိုဓားကို သူ မပြတ်ဆောင်သည်။ ဆေးဖော်စပ်ရာ၌ အသုံးပြုသော ဆေးဓားဟု ဆိုသည်။

"ဘယ်လိုပြောလိုက်တာလဲ မောင်မောင်ရယ်"

"ဘယ်လိုပြောရမလဲ၊ တိုတိုနဲ့ လိုရင်းပြောရရင်တော့ မင်းကိုသတ်ပြီး ပစ္စည်း ယူဖို့ ဒီကိုလှည့်ခေါ်လာတာပဲ"

"ဒီလို မကျီစားကောင်းပါဘူး မောင်မောင်ရယ်"

"ကျီစားနေတာ မဟုတ်ဘူး ကုဏ္ဍလာ…မင်းကိုသတ်ပြီး ပစ္စည်းကိုယူမှာ၊ မင်းတစ်ကိုယ်လုံးက ပစ္စည်းကို ချွတ်ပြီး အသတ်ခံမလား၊ ဒီအတိုင်းပဲ အသတ်ခံ မလား။ အချိန်မရှိဘူး၊ ကြိုက်ရာသာ ရွေးပေတော့"

သံသယရှိစရာမလိုတော့ပေ။ သူ့အသံသည် တင်းမာသည်ထက် တင်းမာလာသည်။ သူ့မျက်နှာသည် ကြမ်းတမ်းသည်ထက် ကြမ်းတမ်းလာသည်။ သူ့အမူအရာ သည် ပြောင်းလဲသည်ထက် ပြောင်းလဲလာပြီကို တွေ့ရသောကြောင့်ဖြစ်သည်။

"ပစ္စည်းလိုချင်လို့ လူသတ်မယ်ဆိုတာက ရယ်စရာကြီးပါလား မောင်မောင် ရယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောင်မောင်ဟာ ကျွန်မကိုရော ကျွန်မပစ္စည်းရှိသမျှကို ရော ရနေတဲ့ဟာပဲ"

"ရနေပေမယ့် ဒီနည်းနဲ့မလိုချင်ဘူး ကုဏ္ဍလာ၊ လွတ်လွတ်လပ်လပ် လိုချင် တယ်၊ ငါနေချင်သလိုနေမယ်၊ ငါသွားချင်တဲ့ဆီသွားမယ်၊ ငါ့မှာ သွားစရာ လုပ်စရာ

www.burmeseclassic.com

www.burmeseclassic.com



တွေ အများကြီးရှိသေးတယ်”

ဘယ်တုန်းကမျှ ကျွန်မအပေါ်တွင် မသုံးခဲ့ဖူးသော မင်းလုံး ငါလုံးတွေနှင့် သုံးလာသောအခါ ကျွန်မအဖို့ ရင်နွေးအောင် နာကျင်မိလာသည်။ သူ့အပေါ်သို့ သည်းကြွေလုမတတ် ချစ်ခဲ့မိရာတွင် သူ့ဘက်က ဟန်လုပ်၍ ဆောင်းထားသော မင်းသားခေါင်း ကျွတ်ကျသည်အထိ ကျွန်မအဖို့ မနာနိုင်သေး။

အချစ်ဟူသည် ဆိုးရွားလှ၏။ မိမိကို သတ်တော့အံ့ဆဲဆဲအချိန်ထိပင် လှည့်စားရစ်ပတ်လျက်ရှိသေး၏။ ထို့ကြောင့် ဖြစ်လာခဲ့လျှင် ဖြစ်နိုင်သည့်နည်းဖြင့် သူ့လောဘ သူ့ဆန္ဒကို ငြိမ်းချမ်းစေလိုသေး၏။

“ကျွန်မက အရက်နဲ့လဲပြီး မောင်မောင့်အသက်ကို ကယ်ဆယ်ခဲ့သူပါ မောင်မောင်ရယ်၊ ပြီးတော့လဲ…”

“တော်ပော့ ကုဏ္ဍလာ၊ မင်းတို့မိန်းမတွေမှာ အရက်ဆိုတာ ရှိသတဲ့လား၊ အချစ်နဲ့ပတ်သက်လာရင် တောတိုးဆင်ကန်း အရမ်းယုံကြည်မှုနဲ့ မင်းတို့မိန်းမတွေမှာ အရက်မရှိဘူးဆိုတာ ငါ မသိတာမှတ်လို့၊ ပြီးတော့ ငါ့အသက်ကို ကယ်တယ်ဆိုတာ မင်းကိုယ်မင်း အထင်ကြီးနေတာ၊ မင်းမကယ်လည်း ငါ့ကိုကယ်မဲ့ မိန်းမတွေ၊ သူဌေးတွေ၊ အရာရှိတွေ တစ်ပုံကြီးကွ…”

“နို့ပေမယ့် ကျွန်မက မောင်မောင့်ကို အသက်နဲ့ထပ်တူ ချစ်ခဲ့သူပါ မောင်မောင်ရယ်”

“မှန်တယ်၊ မင်းက ငါ့ကို အသက်ပေးပြီးချစ်တယ်၊ ငါက မင့်ပစ္စည်းကို အသက်ပေးပြီးချစ်တယ်၊ အခု ငါ မင့်ပစ္စည်းကို လိုချင်တယ်၊ အသက်ပေးပြီး ချစ်ပေတော့”

“မောင်မောင်ကပြောတော့ မောင်မောင်နဲ့ကျွန်မဟာ ကမ္ဘာဦးကတည်းက ချစ်ခဲ့ကြတာဆို။ မောင်မောင်က ပရိပ္ပဗြဟ္မာကြီးဆို၊ ကျွန်မက မဥ္စူယာသီသ မင်းသမီးလေးဆို၊ ဘယ်တော့မှ မကွဲဘူး မခွာဘူးဆို…”

“ဟား…ဟား…မင်းတို့မိန်းမတွေဟာ ဆယ်တုံးကုန်လို့တောင် မစင်မှန်းမသိကြဘဲကိုး။ မင်းဟာ အချစ်ရူး အတွေးရူး,ရူးလို့ ငါ့အပေါ်မှာ ကိုယ်လုံးပုံခဲ့ပေမယ့် ငါ့ကိုတော့ လူလိမ်၊ လူညာ၊ သူခိုးဆိုတာ သိမှတ်ထားတယ်မဟုတ်လား။ မှန်တယ်။ ငါဟာ သူခိုး လူလိမ် လူညာပဲ။ လိမ်တန်ရင် လိမ်တယ်၊ ခိုးတန်ရင် ခိုးတယ်။ ဒါဟာ ငါ့အကျင့် ငါ့အလုပ်ပဲ။ ကမ္ဘာဦးကဆင်းသက်လာတဲ့ ဟန်ခိုပွဲ

www.burmeseclassic.com



ဗြဟ္မာလောင်းဆိုတာလည်း မှန်တယ်။ မင်းဟာ မဒ္ဒူယာသီသဆိုတာလည်း မှန်တယ်။ နို့ပေမယ့် အခုဘဝအဖို့ မင်းနဲ့ပေါင်းပြီးပြီ။ နောင်ဘဝတွေမှာ အကြောင်းသင့်ရင် ပေါင်းရလိမ့်ဦးမယ်။ ခုဘဝမှာတော့ မင်းသက်တမ်းကုန်ပြီ။ မင်းနဲ့ အမေးအဖြေလုပ်နေဖို့ အချိန်မရှိတော့ဘူး။ ကောင်းရာသုဂတိကို ဆုတောင်းပေတော့ ကုလ္လာလာ...''

ဤစကားအဆုံးတွင် ကျွန်မအား တကယ်သတ်တော့မည့် အဟန်ဖြင့် ကျောက်တုံးပေါ်ထိုင်နေသော ကျွန်မလက်ကို ဆောင့်၍ဆွဲလိုက်သောကြောင့် သူ့ဆီသို့ ယိမ်းယိုင်ပါသွားသည်။ လက်တစ်ဖက်ဖြင့် ခါးကြားမှဓားကို ထုတ်လိုက်သည်ကိုလည်း တွေ့ရသည်။

ပစ္စည်းလောဘကြောင့် ကျွန်မအား မည်သည့်နည်းနှင့်မျှ သက်ညှာတော့မည် မဟုတ်သည်ကို သူ့လေသံ၊ သူ့စကား၊ သူ့အမူအရာများကို မြင်ရခြင်းအားဖြင့် ကျွန်မ နားလည်လိုက်ပြီဖြစ်၏။ သို့ဖြစ်၍ ကျွန်မ၏ စိတ်အနေအထားသည် ကြီးစွာသောအချစ်မှ ကြီးစွာသောအမုန်းသို့ အံ့ဖွယ်ရာ ပြောင်းပြန်လန်သွားသည်။

ယခုသော် ကျွန်မ၏အလှည့်သို့ ရောက်လာပြီဖြစ်၏။ သို့ရာတွင် အမုန်းကို ပြ၍ မဖြစ်သေး။ သို့ဖြစ်၍ ကျွန်မအား သတ်တော့အံ့ဟု ခပ်ကြမ်းကြမ်းဆွဲယူလိုက်သောအချိန်တွင် သူ့မျက်နှာတူရှုသို့ အချစ်ရည်ဝသော မျက်လုံးဖြင့် စူးစူးစိုက်စိုက်ကြည့်ရှုရင်း နောက်ဆုံးတောင်းပန်လိုသည့်အဟန်ဖြင့် သူ့ခြေနှစ်ဖက်ကို သိမ်မွေ့စွာ ပွေ့ဖက်လိုက်သည်။

''ကောင်းပါပြီ ဟရိပ္ပမောင်တော်ရယ်၊ ဖြစ်ရာဘဝက နှမတော် မဒ္ဒူယာသီသ စောင့်မျှော်နေပါ့မယ်၊ နဂိုကတည်းက အသက်ပေး ချစ်ခဲ့သူမို့ အခုလည်း အသက်ကို ပေးဖို့ နည်းနည်းလေးမှ တာဝန်မကြီးပါဘူး။ မောင်တော်ကြိုက်သလိုသာ စီရင်တော်မူပါ။ နို့ပေမယ့် အသည်းကွဲလုမတတ် ချစ်ခဲ့ရတဲ့ နှမရဲ့အချစ်၊ မောင်မောင့်ကို အစွမ်းကုန်ကူညီခဲ့တဲ့ ကျေးဇူးတရားလေးတွေ ထောက်ထားပြီး နှမကို အချိန်ကလေး နည်းနည်းပေးတော်မူပါ။ မောင်မောင့်ကို ဒီဘဝမှာ နောက်ဆုံးကန်တော့ရင်း ဟောဟိုက နတ်မင်းကြီးကိုလည်း ကန်တော့ရင်းနဲ့ နှမအင်မတန်ချစ်မြတ်နိုးတဲ့ အကနဲ့ မောင်မောင့်ကို လှည့်ပတ်ကန်တော့ရင်း ကပြပါရစေ။ ခွင့်ပြုမယ်မဟုတ်လား မောင်မောင်''

စကားအဆုံးတွင် သူ့ကိုကန်တော့တောင်းပန်ရင်း သိမ်မွေ့စွာ နောက်သို့

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ဆုတ်လိုက်သည်။ သူသည် တောင်စောင့်နတ်အား ကန်တော့ရန် အကြောင်းပြစကား ပါလာမှုကြောင့် အနည်းငယ် ကိုယ်ရှိန်တန့်သွားသည်။ ကျွန်မ ၏ အကတွင်လည်း စွဲနစ်ခဲ့သူဖြစ်သည်။ သို့ဖြစ်၍ သေခါနီးတွင် သွေးရူးသွေးတန်း နှင့် တောင်းပန်သူကို လိုက်လျောသည့်အနေဖြင့် "ကောင်းပြီ၊ အချိန်နည်းနည်းပဲ ပေးနိုင်မယ်၊ ကြိုက်သလိုလုပ်ပေတော့"ဟု ခွင့်ပြုသည်။

ထို့ကြောင့် ကျွန်မသည် စကားထွေထွေထူးထူး မပြောတော့ဘဲ သူ့ကို ဦးသုံး ကြိမ်တိုက်ကာ ကျွန်မ၏ ခြေဖြောင့်ခြေဆောင့် လက်ကြာငံကကြိုးဖြင့် ပုတီးလက် ကောက်တို့ကို ချွင်ချွင်မြည်စေရင်း ကကြိုးကို စတင်လိုက်သည်။ ကကြိုးဖြင့် သူ့ကို တစ်ပတ်လှည့်ကန်တော့သည်။ သကောင့်သားသည် ကျွန်မ၏အကနှင့် အမူအရာတွင် နစ်မွန်းသွားသည့်အပြင် ချောက်ကမ်းပါးဘက်နီးသော ကျောက် တုံးပေါ်သို့ ရွှေ့၍ထိုင်သည်။ ထို့ကြောင့် ကံကြမ္မာ၏ အလှည့်အပတ်သည် ကျွန်မ ဘက်သို့ ရောက်လာပေပြီဟု ကြိတ်၍ ပြုံးလိုက်မိ၏။

ဒုတိယတစ်ပတ် သူ့ကိုလှည့်ကာ ကကြိုးတစ်မျိုးပြောင်း၍ ကသည်။ သူက နှစ်သက်ဟန်ဖြင့် အပြုံးကလေးတစ်ချက်ဝင့်ရင်း ကြည့်ရှုသည်ကို တွေ့ရ၏။ အမှန် အားဖြင့် ကျွန်မသည် ကျွန်မ၏အင်အားကို အကွက်ကျကျ အသုံးပြုနိုင်ရန် အက ဖြင့် ထုတ်ယူနေခြင်းဖြစ်၏။ တတိယအပတ်တွင်မူ ကျွန်မသည် ရှိသမျှအင်အားကို အသုံးပြုတော့အံ့ဟု ပြင်းထန်စွာလှုပ်ရှားသော ကကွက်ဖြင့် စတင်လိုက်သည်။ ကရင်း ကန်တော့သလိုနှင့် သူ့အနီးသို့ ရောက်သွားသည်။ ထို့နောက် သူ့အား ပွေ့ပိုက်ကန်တော့သလိုနှင့် ကကြိုးဖြင့် ပွေ့ချီလိုက်သည်။ သူ့တစ်ကိုယ်လုံးသည် ကျွန်မ၏ သန်စွမ်းသောလက်များတွင် မြောက်ပါလာသည်။ ထို့နောက်တွင်ကား ကျွန်မ၏ရင်ခွင်မှသည် ခဲတစ်လုံးကို ပစ်ချလိုက်သကဲ့သို့ ချောက်ကမ်းပါးပြတ် တောအောက်သို့ ကားခနဲ ကျသွားပါလေတော့သည်။

အားခနဲ စူးစူးဝါးဝါးအော်ဟစ်လိုက်သော အသံသည်သာ ပဲ့တင်သံနှင့် ရိုက် ဟည်းကာ ဝေ့၍လည့်၍ ကျန်ရစ်ခဲ့ပါတော့သည်။

## [ ၅ ]

ကျွန်မ ဘာလုပ်ရမည်နည်း။ ကျွန်မ မသေသော်လည်း ကျွန်မ၏ အသည်း နှလုံးများသည် လူမြတ်ယောင်ဆောင်ခဲ့သော လူယုတ်မာနှင့်အတူ တွဲပါသွားသည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ထင်လိုက်ရသည်။ မိဘအိမ်ပြန်၍လည်း မဖြစ်နိုင်တော့။ ပတ်ဝန်းကျင် အသိုက် အဝန်းသို့လည်း ပြန်ဝင်၍မဖြစ်နိုင်တော့။ မည်သို့ပြောရမည်နည်း။ အဘယ်ပုံ အကြောင်းပြမည်နည်း။ လောကအလယ်တွင် ကျွန်မ၏အဖြစ်ဆိုးများမှာ သေရ သည်ကမှ ကောင်းနိုင်ဦးအံ့ဟု ထင်မိသည်။ အချိန်ကလည်း နေလုံးပျောက်ခဲ့ပေပြီ။

ယင်းသို့ဆိုလျှင် မချီနိုင်မချနိုင်နှင့် အိပ်မက်ကမ္ဘာထဲသို့ ရောက်နေသကဲ့သို့ ဖြစ်ကာ ပါလာသောပစ္စည်းများကို သတိမရ၊ ကိုယ်မှ လေးလံသောပစ္စည်းများကို လည်း ချွတ်ပစ်ပြီး နတ်ကွန်းရှေ့ရှိ မရောက်ဖူး မသွားဖူးသော လမ်းကလေးအတိုင်း ရောက်ချင်ရာရောက်စေတော့ဟု ခြေမဦးနှင့် ဒူးတည့်ရာသို့ လျှောက်ခဲ့သည်။ လမ်း ကလေးသည် ရေးရေးမျှဖြစ်သော်လည်း ပျောက်၍မသွား။ တောင်အောက်သို့ဆင်း သော အခြားလမ်းတစ်ခုဖြစ်နေသည်ကို သိရသည်။

ကျွန်မသည် အမှတ်မထင်သောအသိဖြင့် တောရိပ်တောကြားကလေးများကို ဖြတ်ကျော်ကာ အတန်ကြာသွားမိသောအခါ တောတန်းကလေးတစ်ခု၏ အကွေ့ တောစပ်တွင် ကမ္ဗောဇ္ဇာန်းကျောင်းကလေးများ အစီအရီကို ဘွားခနဲတွေ့ရသည်။ ကမ္ဗောဇ္ဇာန်းကျောင်းကလေးများဆီမှ အမျိုးသမီးတို့၏ သာယာသောအသံဖြင့် တရား စာပေ ရွတ်ဖတ်သံများကိုလည်း သာယာနာပျော်ဖွယ် ကြားရရုံမျှမက သူတော်စင် ယောဂီအဝတ်တို့ဖြင့် လှုပ်ရှားသွားလာလျက်ရှိသော အမျိုးသမီးအချို့ကိုလည်း ပိုးတဝါးလှမ်းမြင်ရသည်။ ဝမ်းမြောက်လိုက်သည်မှာ ပြောဖွယ်မရှိ။ ကျွန်မအဖို့ အသင့်လျော်ဆုံး အမှန်ကန်ဆုံးနေရာပေတည်း။ မလှသောဘဝကို အစပျောက် နစ်မြုပ်လိုသူ ကျွန်မအတွက် ဤနေရာထက် လျော်ကန်သောနေရာ အဘယ်မှာ ရှိနိုင်ပါမည်နည်း။

ထို့ကြောင့် ကျွန်မသည် ခြေလှမ်းများ သွက်လက်တက်ကြွစွာဖြင့် ဤရိပ်သာ တွင်းသို့ ချိုးဝင်လိုက်သည်။ ကံကောင်းလိုက်သည်မှာ သူတော်စင် အမိများသည် ပျောက်ဆုံးနေသော သမီးတစ်ယောက် ပြန်ရောက်လာသည့်ပမာ ကျွန်မကို ကြီးမား သော မေတ္တာကရုဏာ၊ အသိမ်မွေ့ဆုံးသော အပြုအမူများဖြင့် ဆီးကြိုထွေးပိုက် ကြသည်။ ရာဇဂြိုဟ်၏ ထင်ရှားသောအမျိုးသမီးတရားဂိုဏ်း၊ တရားရိပ်သာ တစ်ခု ပါတည်း။

နောက်တစ်နေ့တွင်ပင် ကျွန်မသည် ဂိုဏ်းဝင် ယောဂီမယ်အသွင်သို့ ကူးပြောင်း ပြီး ဖြစ်သည်။ သူတို့လို ယောဂီမယ်ဘဝသို့ ကူးပြောင်းရာ၌ လွယ်ကူလှသည်ကား

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ဂိုဏ်းစည်းကမ်းအရ ကျွန်မ၏ ဆံတစ်ပင်ချင်းကို အသုဘဘာဝနာတင် ရင်း ထန်းစေ့မှုတ်ဖြင့်ညှပ်၍ အနုတ်ခံရပြီးမှ ယောဂီမယ်ဘဝသို့ ရောက်သည်။ သို့ရာတွင် အသက်ကိုပါ စွန့်လွှတ်ထားသူအတွက် ဤကိစ္စမှာ သာမန်မျှဖြစ်တော့ သည်။ ကျွန်မ၏အမည်ရင်း 'ကုဏ္ဍလာ'မှ ယောဂီမယ်ဘွဲ့ **'ကုဏ္ဍလကေသီ'** ဖြစ်လာသည်။

သို့ရာတွင် ဤရိပ်သာသည် အကြောင်းဆိုက်လာသလို ကွန်းထောက်ခဲ့ရသော ကျွန်မအတွက် အမြင့်ဆုံးသော သန္တိသုခ ဘဝအဆုံးစွန်ကား မဟုတ်လေသေး။ ထိုအချိန်က ရာဇဂြိုဟ်တွင် သာသနာတော် အခြေစိုက်မိပြီဖြစ်သော ဘုရားရှင်၏ လက်ယာတော်ရံ အဂ္ဂသာဝက ကျွန်မ မောင်တော်ကြီး၊ ကျေးဇူးရှင်ကြီး၊ ရှင်သာရိ ပုတ္တရာ ကိုယ်တော်ကြီးနှင့်တွေ့၍ တရားအလင်း ပညာအမြင်ရရှိသည့်အခါကျမှ သာ ဘုရားရှင်သာသနာတော်သို့ ကူးပြောင်း၍ သာသနာတော်၏ အမြင့်ဆုံးသော သန္တိသုခ ဝိမုတ္တိရသမေ့ကို ခံစားရသည်။ ထိုမျှသာမက ဘုရားရှင်ကိုယ်တော်နှင့် ဖူးမြော်ခွင့်ကြုံသောအခါ၌မူ ဘိက္ခုနီ တပည့်မများစွာတို့တွင် ဗိမ္ဗထေရီ၊ ဥပ္ပလဝဏ် ထေရီ စသော ထိပ်သီးဘိက္ခုနီ အမကြီးများနှင့် တန်းတူရည်တူထားကာ ခိပ္ပါ ဘိညာ ဧတဒဂ်ဘွဲ့ထူးအမည်ဖြင့်ပင် ဖွဲ့ချည် ချီးမြှင့်ခြင်းခံရသဖြင့် ကျွန်မအဖို့ ပီတိဖြစ်၍ မဆုံးနိုင်တော့အောင်ရှိရသည်။

မဆုံးနိုင် မရန်းနိုင်ကြသော ဘဝအထွေထွေ သံသရာအထပ်ထပ်၌ သတ္တဝါ များစွာတို့သည် ထူးထွေဆန်းပြားသောအဖြစ်မျိုးနှင့် ကြုံတတ်ကြရသည်။ ကျွန်မ အဖို့မူ ကျွန်မသည် ငရဲအိုး၏ နှုတ်ခမ်းဝဘဝသို့ ရောက်ခဲ့ရာမှ နိဗ္ဗာန်တည်းဟူသော ရွှေပြည်ရိပ်သာသို့ ကူးမြောက်ခဲ့ရသူဟု ဆိုခဲ့သည်။

သို့ဖြစ်၍ အကြင်သူတစ်ယောက်သည် ကျွန်မကဲ့သို့ပင် အဆင်းရဲအကျဉ်းကျပ် ဆုံးသော အခြေသို့ ရောက်ခဲ့ပါလျှင် ဘဝကိုအရှုံးမပေးမှုဘဲ မိမိအတွက် အကောင်း ဆုံး အမြင့်ဆုံးသော ဘဝသည်လည်း ရှိနေသေးသည့်အကြောင်းကို အမျိုးသားများ သို့ ညွှန်ပြလိုခြင်းဖြစ်ပါသတည်း။ ။

○○○

www.burmeseclassic.com

www.burmeseclassic.com



# ခန်းသဏ္ဍာဝယ်

[ ၁ ]

"လှလိုက်တာမမ၊ လှလိုက်တာမမ"ဟု မချင့်မရဲအသံဖြင့် မပွင့်တပွင့်ပြောရင်း သခင်မတာရာအနီးသို့ အပြေးကလေးရောက်လာသော အိမ်ဖော်မကလေးအား "ဟဲ့…ဘယ်လိုဖြစ်တာလဲ၊ အရင်းမရှိ အဖျားမရှိနဲ့ ဘာဖြစ်တာလဲ"ဟု သခင်မတာရာက ဟန့်လိုက်ရာ အိမ်ဖော်မကလေးက ကိုယ်ရှိန်ကိုသတ်ရင်း တစ်စုံတစ်ခုပြောချင်သည့်အဟန်ဖြင့် အနီးတွင်ထိုင်လိုက်သည်။ ကေန္တ သည်ကောင်မလေး သတင်းထူးတစ်ခု ရရှိလာပြန်ပြီထင်သည်။ ထိုသတင်းမှာလည်း သူ့အရှင်မ ကြိုက်သော သတင်းမျိုးဖြစ်၍ အရှင်မကို မျက်နှာလုပ်ရန် ရောက်လာခြင်းဖြစ်ဟန်တူသည်။ အိမ်ဖော်မလေးမှာ အိမ်ရှင်မတာရာ၏ လက်ရင်းအဖော်ဖြစ်သည်။

အလှဆိုရာ၌ ပန်း၏အလှ၊ အဝတ်အထည်၏အလှ စသည်ဖြင့် အမျိုးသမီးတို့ ကြိုက်တတ်သော အလှမျိုးစုံရှိရာတွင် သူ့သခင်မသည် ထူးထူးခြားခြားအလှများကို ကြိုက်တတ်သူဖြစ်ကြောင်း သူတို့သိပြီးဖြစ်သည်။ သို့ရာတွင် ဝတ္ထုပစ္စည်း တစ်စုံတစ်ရာတော့ ဟုတ်ဟန်မတူ။ လှသောယောကျာ်း တစ်စုံတစ်ယောက်၏ မျက်နှာကိုကြည့်၍ မလုံမလဲဖြစ်နေသော အိမ်ဖော်မ၏ မျက်နှာကိုကြည့်၍ အကဲခတ်ရသည်။

ကေန္တ သည်ကောင်မလေးသည် ထူးထူးခြားခြားလှသော ယောကျာ်း တစ်ယောက်ကို တွေ့လာခဲ့ဟန်တူသည်။ သာမန်ယောကျာ်းဆိုလျှင် ဤမျှ အရဲကိုး၍ သတင်းပို့ဝံ့မည် မဟုတ်။ မိမိစေခိုင်းထားသောကြောင့် သည်နေ့တစ်နေ့လုံးလိုလို တည်းခိုရိပ်သာတွင် သည်ကောင်မလေး အလုပ်များနေခဲ့သည်။ တည်းခိုရိပ်သာရှိ

www.burmeseclassic.com

www.burmeseclassic.com



နေရာလွှတ်များကို သန့်စင်လှည်းကျင်းခြင်း၊ ရောက်လာသော ခရီးသွားဧည့်သည်များကို နေရာချထားခြင်း စသည်ဖြင့် လုပ်ကိုင်နေပေသည်။ သို့ဖြစ်၍ ရောက်လာသော ခရီးသွားများတွင် ထူးထူးခြားခြား တစ်ယောက်ယောက်ကို တွေ့လာခဲ့ဟန်တူသည်ဟု စဉ်းစားရ၏။

ယောကျ်ားဟု တွေးလိုက်မိပြန်တော့လည်း အတွင်းလူ အတွင်းသိ အစင်းသိချင်းပင် ဖြစ်လင့်ကစား အမျိုးသမီးတို့သဘာဝအတိုင်း ဟန်လုပ်လိုက်ရသေး၏။ ထို့ကြောင့် "တည်းခိုခန်းမှာ ဧည့်သည်တွေ တော်တော်များနေပြီလား"ဟု ချော့၍ မေးလိုက်ရသည်။

"ပြည့်လုပြည့်ခင်တောင် ဖြစ်နေပြီသခင်မ၊ နောက်ထပ် လေးငါးဦးဆိုရင် ဇရပ်တစ်ခုလုံး ပြည့်သွားတော့မှာ။ အချိန်ကရှိသေးတော့ နောက်ထပ်ရောက်လာကြဦးမယ်လို့ ထင်ရတယ်။ ဒီနေ့မှပဲ ခရီးသည်တွေကလည်း သိပ်များတာပဲ။ သာဝတ္ထိက မမအသိ ဦးကြီးတွေကလည်း မမကို တစ်မေးတည်း မေးနေကြတယ်။ ဧည့်သည်တွေထဲမှာ ထူးထူးခြားခြား ရဟန်းလေးတစ်ပါးလည်း ပါတယ်"

"ရဟန်းတော်တွေလည်း ခရီးသွားကြရတာပဲ၊ တို့ရိပ်သာမှာ ရဟန်းတော်တွေ တည်းခိုနေကျမဟုတ်လား၊ ဘာများထူးဆန်းလို့လဲအေ့"

"ထူးဆန်းတာ မဟုတ်ပါဘူး မမရဲ့၊ ထူးခြားတာကိုပြောတာ၊ အဲဒီရဟန်းလေးက သိပ်လှ၊ သိပ်ချော"

"ဟဲ့...ဟဲ့၊ နင်ပြောပုံက ငရဲအိုးတွေ ကြီးကုန်တော့မယ်၊ ရဟန်းဆိုတာ လှတယ်ဆိုရင်လည်း ကြည်ညိုစရာကောင်းတယ်၊ သပ္ပာယ်တယ်လို့ ပြောရတယ်ဟဲ့"

"ကြည်ညိုစရာကောင်းတာထက် ချစ်စရာက ပိုကောင်းနေပါတယ်။ ပြီးတော့ မင်းလည်း မင်းသားလေးတဲ့"

"ဟုတ်လား။ ဘုရားရှင် သာသနာတော်မှာ မင်းသားတွေ အများကြီးပဲဟာ၊ ဘယ်က မင်းသားတဲ့လဲ"

"သာကီဝင်မင်းသားတဲ့။ ဘုရားရှင်ရဲ့ ညီတော်။ သူ့အမည်က အနုရုဒ္ဓါဆိုလား၊ အနိရုဒ္ဓါဆိုလား။ အနုရုဒ္ဓါကိုယ်တော်လေးအနားမှာ ကြည်ညိုနေလိုက်ကြတာ ခရီးသည်တွေကို ဝိုင်းဝိုင်းလည်နေတာပဲ။ လည်မှာပေါ့၊ ကိုယ်တော်လေးက ချောလိုက်တာ တကယ့်နတ်သားရုပ်ကလေး ကျနေတာပဲ။ ဒါနဲ့ မမကို ပြချင်လို့ သတင်းလာပို့တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရှင် ညီတော်ဆိုတော့ ချောမှာ လှမှာပေါ့ပါယ်။ ကိုယ်တော်လေးကိုရော နေရာကောင်းကောင်း ပေးထားရဲ့လား"

"ခေါင်းရင်းပိုင်းက အကောင်းဆုံးနေရာ ပေးထားပါတယ်။ နို့ပေမယ့် လူတွေက များတော့ ကျယ်ကျယ်ပြန့်ပြန့်တော့ မရှိဘူး။ ကိုယ်တော်လေးကလည်း သနားစရာ။ ခါးမှာဝတ်ထားတဲ့ သက်န်းပဲပါတယ်ထင်ပါရဲ့"

"အေး...အေး၊ တစ်အောင့်လောက်နေတော့ ငါ ဆင်းလာခဲ့မယ်။ သာဝတ္ထိက ခရီးသည်တွေနဲ့ တွေ့စရာကိစ္စကလည်း ရှိသေးတယ်။ ဒီည တို့ရိပ်သာမှာတည်းခိုမယ့် ခရီးသည်တွေ များလာဖို့သေချာတယ်။ လိုတာမရှိရအောင် ကြည့်စီစဉ်ပေါ့။ ကဲ... လုပ်စရာရှိတာ သွားလုပ်ချေတော့"

မိမိထင်သည့်အတိုင်းပင် မှန်နေသည်။ သာမန် ထူးခြားရုံမျှနှင့်တော့ ရေးကြီးခွင်ကျယ်လုပ်ပြီး လာ၍ပြောဝံ့မည်မဟုတ်ပေ။ အနုရုဒ္ဓါမင်းသားလေး ဆိုသောအခါ ပို၍စိတ်ဝင်စားလာသည်။ အကြောင်းမှာ ဘုရားရှင်မှအစပြု၍ သာကီဝင် မင်းဆွေမင်းမျိုးတို့၏ အကြောင်းမျိုးစုံ၊ သတင်းထူးအရပ်ရပ်ကို တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို ကြားသိခဲ့ရာမှ မရှိဟူသော စကားကိုပင် မသိလေရအောင် ပါရမီထူးခြား၊ ကုသိုလ်ကံဆန်းပြားလှသော အနုရုဒ္ဓါမင်းသားလေး၏ သတင်းဆန်း၊ သတင်းမွှေးများကို အံ့ဘနန်း ကြားသိခဲ့ရဖူးသောကြောင့် ဖြစ်သည်။

ကျက်သရေပေါင်းစုံတို့ စုဝေးရာ ဘုရားရှင်၏ ဆွေမျိုးရဟန်းများကို တာရာတို့ တွေ့ခဲ့ကြဖူး၏။ လှမျိုးလှနွယ်မှ ပေါက်ဖွားသူများဖြစ်၍ လှကြပါသည်။ သို့ရာတွင် လှုပ်ရှားလောက်အောင် ပြောပလောက်ဖွယ်ကား မဟုတ်။ ယခု အနုရုဒ္ဓါမင်းသားကိုယ်တော်၏ အလှကိုမူ လှုပ်လှုပ်ရှားရှားနှင့် သတင်းပို့လာသည်။ သတင်းနှင့် ကိုယ်တွေ့သည် ကိုက်ညီသောကြောင့် ဖြစ်တန်ရာ၏ဟု တာရာ စဉ်းစားသည်။

အနုရုဒ္ဓါမင်းသားလေးမှာ သိဒ္ဓတ္ထကဲ့သို့ပင် အဆင်အသွေးနုနယ်၊ ပါရမီကလည်း ထူးခြားသူဖြစ်သောကြောင့် သူ့ဖခင် အမိတ္တောဒနဘုရင်က သိဒ္ဓတ္ထမင်းသားကဲ့သို့ပင် နန်းမသုံးဆောင်နှင့် အမျိုးသမီးအခြွေအရံ အမြောက်အမြားနှင့် ထားသည်ဟုဆိုသည်။ သိမ်မွေ့လိုက်ပုံမှာ ထမင်းဖြစ်ရာအရပ်ကိုပင် မသိသူဟုဆိုသည်။ သို့ပါလျက် ယခု ရဟန်းဘဝကိုပင် ရောက်လာပြီး မိမိ၏ ကြမ်းတမ်းသော တည်းခိုရိပ်သာတွင်ပင် တည်းခိုလာသည်ဟု သိရသည်မှာ တာရာအဖို့ အံ့ဘနန်းသတင်း ဖြစ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တော်ရုံတန်ရုံ ယောကျ်ားနှင့်မတန်ဟု အလှမာန်၊ ပစ္စည်းမာန်ဖြင့် လင်ဖံရွေးခဲ့သော တာရာအဖို့ ရဟန်းပင်ဖြစ်စေကာမူ သာကီဝင်မင်းသားလေး ချောချောလှလှကလေး၊ စည်းစိမ်ရှင်ကလေးဟု သိလာရသောအခါ စိတ်ဝင်စားလာသည်။ ထို့ပြင် ဤသို့ အခွင့်အရေးကြုံဖို့ရန်အတွက် မိမိက တမင်ကြိုးပမ်းရှာဖွေရခြင်းလည်း မဟုတ်။ ကံကော်သဖြင့် မိမိပိုင်နက် ဥပစာအတွင်းသို့ ရောက်လာခြင်းဖြစ်သည် ဟုလည်း စဉ်းစားသည်။

ထို့ကြောင့် ကိုယ်တော်လေးအား ဖူးတွေ့လိုလာသည်။ အကဲခတ်လိုသည်။ သိပ်ချော၊ သိပ်လှဆိုသည်မှာ အကယ်မှဟုတ်ပါ၏လားဟု သိလိုသည်။ ရဟန်းအဖြစ်နှင့်တွေ့ရမည်မှာ တစ်နည်းအားဖြင့်တော့ ကောင်းသည်ဟု တာရာ စဉ်းစားသည်။ အကြောင်းမှာ–ရဟန်းဟူသည် ချဉ်းကပ်ရလွယ်သည်။ ရိုသေသမှု လေးစားသမှုဖြင့် ချဉ်းကပ်နိုင်သည်။ ရဟန်းဘဝနှင့် လူ့ဘဝဆိုသည်မှာ သိပ်ကွာတာမှ မဟုတ်ဘဲ။ သင်္ကန်းချွတ်၊ ပုဆိုးဝတ်လျှင် လူဖြစ်တော့တာဟုလည်း သူ့အမြင်နှင့်သူ တာရာ ဆက်၍စဉ်းစားလိုက်သည်။

စဉ်းစားရင်းနှင့်ပင် မိမိတိုက်ဘေးရှိ တည်းခိုရိပ်သာသို့ဆင်းရန် ညဉ့်ဦးပိုင်းနှင့် အဆင်အပြေဆုံးသော အဝတ်အစားများကို ဝတ်ဆင်လဲလှယ်သည်။

[ ၂ ]

အစီရဝတီမြစ်ကမ်းမြို့လေးရှိ တည်းခိုရိပ်သာများအနက် တာရာ၏ တည်းခိုရိပ်သာမှာ အထင်ရှားဆုံးဖြစ်သည်။ တည်းခိုရိပ်သာ၏ ကောင်းမွန်မှုကြောင့်လည်း ထင်ရှား၏။ ရိပ်သာပိုင်ရှင်၏ စေတနာနှင့် အပြုအစုကြောင့်လည်း ထင်ရှား၏။ တာရာ၏ အလှကြောင့်လည်း ထင်ရှားခြင်းဖြစ်၏။

ထိုအချိန်က မဇ္ဈိမတိုက်တစ်ခုလုံးလိုလို၌ပင် မြို့အနှံ့ နေရာအနှံ့ဆိုသလို တတ်နိုင်သူများက တည်းခိုရိပ်သာများ တည်ဆောက်ပေးလှူကြသည့် အလေ့ရှိခဲ့သည်။ အများသုံး ဝေါဟာရအားဖြင့် "ဓမ္မသာလာ" တရားရိပ်သာ၊ တရားဇရပ်ဟု ခေါ်ကြသည်။ ခရီးသွား ရဟန်းရှင်လူ ဧည့်သည်တို့အတွက် တည်းခိုနားနေရန် ရည်ရွယ်ချက်ဖြစ်သည်။ လူသာစုခေါ် နတ်သာစုခေါ် ပရဟိတလုပ်ငန်းတစ်ရပ် ဖြစ်သည်။ ပိုင်ရှင်တို့အတွက် ဇရပ်ဒကာ ရိပ်သာအမ ဂုဏ်ထူးရသည်။

သို့သော် နှစ်ပရိစ္ဆေဒ ကြာမြင့်လာသောအခါ ဓမ္မသာလာသည် မူလရည်ရွယ်

www.burmeseclassic.com

www.burmeseclassic.com



ချက်မှ အတန် သွေဖည်လာကြသည်။ ပြင်ဆင်စရိတ်ဆိုကာ တည်းခိုသူများထံမှ အခကြေးငွေ တောင်းခံလာသည်။ တစ်မြို့နှင့်တစ်မြို့၊ တစ်နယ်နှင့်တစ်နယ် ကူးလူး သွားလာကြသော ကုန်သည်တို့၏ ပစ္စည်းရောင်းဝယ် ဖလှယ်ရာနေရာများ ဖြစ် လာသည်။ ပွဲရုံများသဖွယ် ဖြစ်လာသည်။ စီးပွားရေးလုပ်ငန်းတစ်ရပ်လို ဖြစ်လာ သည်။

ဤနည်းဖြင့် တာရာ၏မိဘများသည် ဤအစီရဝတီမြစ်ကမ်းမြို့ကလေးတွင် အမြင်ကျယ်ကျယ်ဖြင့် ဓမ္မသာလာအမည်ခံသော တည်းခိုရိပ်သာတစ်ခုကို မိမိတို့ အိမ်နှင့်ကပ်လျက် ခန့်ခန့်ညားညား တည်ဆောက်ခဲ့သည်။ တစ်ဖက်တွင် သာဝတ္ထိ မြို့တော်ရှိသည်။ တစ်ဖက်တွင် ရာဇဂြိုဟ်မြို့တော်ရှိသည်။ အနီးဝန်းကျင်တွင်လည်း ထင်ရှားသောကျောင်းကန်ဘုရား၊ နတ်ကွန်းများရှိ၍ အသွားအလာများသည်။

တာရာ၏ မိဘများမှာ ပင်ကိုအားဖြင့် ကုန်သည်များဖြစ်ကြရာ တည်းခို ရိပ်သာကြောင့် ပို၍အဆင်ပြေလှသည်။ တစ်နေ့တခြား စီးပွားတိုးသည်။ သို့ရာတွင် တစ်ဦးတည်းသော သမီးလေး တာရာ အရွယ်ရောက်ချိန်တွင်ပင် မိဘနှစ်ပါး ကွယ် လွန်သွားကြရာ လုပ်ငန်းအားလုံးမှာ တာရာ၏တာဝန်များ ဖြစ်လာ၏။

တာရာကလည်း စီးပွားရေးတွင်ဖြစ်စေ၊ လူမှုရေးတွင်ဖြစ်စေ အဘက်ဘက်တွင် အရည်အသွေး ပြည့်သူကလေးဖြစ်သည်။ မိဘလက်ငုတ်ကို ထိန်းသိမ်းနိုင်ရုံမက သိသိသာသာ စီးပွားတိုးတက်လာသည်။ သို့နှင့် ပစ္စည်းပိုင်ရှင်၊ လုပ်ငန်းကြီးပိုင်ရှင်၊ ပစ္စည်းရှိသလောက်လှသော အလှပိုင်ရှင်ကလေး တာရာဟူသောအမည်သည် သူ့ နယ်ပယ် တစ်ဝိုက်တွင် ပျံ့သင်းလျက်ရှိပေသည်။ ခက်သည်ကား ပစ္စည်းဂုဏ် ရှိသလောက် အလှဂုဏ်ရှိ၍ လှသလောက် ဘယ်ယောကျ်ားမှ ချဉ်းကပ်၍ မရနိုင် လောက်အောင် အလှဂုဏ်ကလေး ဝင့်နေခြင်းပင် ဖြစ်လေသည်။

သူ့ကို လူကြီးများက တာရာဟုခေါ်၍ လူငယ်များက မမတာရာဟု ခေါ်ကြ ရာမှ ယခုသော် အချို့ မျက်နှာအတန်စိမ်းသူများက ဒေါ်တာရာဟုပင် ခေါ်စမှတ် ပြုလာကြသည်။ အလုပ်ဂုဏ်၊ ပစ္စည်းဂုဏ်ကို လေးစားသမှုကြောင့်လည်း ဖြစ်တန် ရာ၏။ တစ်နေ့တခြား ရင့်ပါးလာသော အရွယ်ကြောင့်လည်း ဖြစ်တန်ရာ၏။ အကြောင်းမူကား တစ်ဖက်တွင် အလုပ်တာဝန်များပြားမှု၊ တစ်ဖက်တွင် လင်ဖုံရွေးမှု တို့ဖြင့် အရွယ်တော် တစ်ဆိတ်ဟိုင်းသည့် နှစ်ဆယ်ကျော် အစိတ်ပိုင်းသို့ ရောက် လာသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့သော် အနုရုဒ္ဓါမင်းသားလေး မိမိပိုင်နက်အတွင်းသို့ ရောက်လာပေပြီ။ အစီရဝတီမြစ်ရေကြောင့် သူ ယနေ့သည် မိမိရိပ်သာတွင် တည်းခိုနေပေပြီ။ မိမိ ကံဇာတာ စန်းထလာပြီထင်၏။ ရဟန်းမဟုတ်ဘဲနှင့် မင်းသားတစ်ယောက်သည် မိမိရိပ်သာသို့ ရောက်လာနိုင်ဖို့ အကြောင်းမရှိ။ ရဟန်းဝတ်သည် အရေးမကြီး၊ ရဟန်းဝတ်နှင့်ရှိနေသည်ကပင် မိမိအဖို့ ပို၍အခွင့်သာနိုင်သည်ဟု ကိုယ့်စိတ်ကူးနှင့် ကိုယ် အတွေးပုံစံရိုက်မိသည်။

အစီရဝတီသည် နွေရာသီပင်ဖြစ်လင့်ကစား တစ်ခါတစ်ရံ ရေအထကြမ်းတတ်သည်။ မြစ်ရေအထကြမ်းလာပြီဆိုလျှင် ခရီးသည်တို့ သူ့ကိုဖြတ်၍ မကူးဝံ့ကြ။ ရေငြိမ်အောင်စောင့်ရသည်။ ယနေ့ အစီရဝတီမြစ်ရေထသည်ဟု စောစောကပင် သတင်းရထားသည်။ မြစ်ရေထလျှင် ရိပ်သာတွင် လူပြည့်လာတော့မည်မှာ သေချာသည်။ ပြည့်၍လည်းနေသည်ဟု ကြားရသည်။

ခရီးသည်တို့တွင် ထူးထူးခြားခြားပါလာသော အနုရုဒ္ဓါကိုယ်တော်လေးကြောင့် မိမိသည် ရိပ်သာသို့ဆင်း၍ ကြည့်ရှုရမည်။ မိတ်ဆွေကုန်သည် ခရီးသည်များကို နှုတ်ဆက်ရမည်။ အရောင်းအဝယ်လုပ်စရာများကို လုပ်ရမည်။ ပြီးတော့မှ ကိုယ်တော်လေးကို သွားရောက်အကဲခတ်ရမည်။ သို့နှင့် အဝတ်အစား ပြင်ဆင်ပြီးသော အခါ နောက်လိုက် အိမ်ဖော်နှစ်ယောက်,သုံးယောက်ကိုခေါ်၍ တည်းခိုရိပ်သာဘက်သို့ ဆင်းခဲ့သည်။

## [ ၃ ]

လှသည် ချောသည် မှန်ပါ၏။ နူးညံ့သည် သိမ်မွေ့သည် မှန်ပါ၏။ အရွယ်ရှိ သေးသည်လည်း မှန်ပါ၏။ သို့သော် ရုပ်အဆင်းလှချောသလောက်၊ နူးညံ့သိမ်မွေ့ သလောက်၊ စိတ်ဓာတ်အနေနှင့်မူ အရုပ်လေးမျက်နှာမှ တိုက်ခတ်အပ်သော မည်သည့်လောကဓံ လေမုန်တိုင်းကြောင့်ပင်ဖြစ်စေ မတုန်မလှုပ်တော့သော ကျောက်တိုင် ကျောက်သား အရှင်တည်း။ ရဟန္တာတည်း။ သာမန်ရဟန္တာမျှမဟုတ်။ ဘုန်းတန်ခိုး ကြီးမှုအရာတွင် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ဘုရားရှင်ကိုယ်တော်တိုင် ဘွဲ့သတ် ချီးကျူး ရသော ဧတဒဂ်ဘွဲ့ရှင်တည်း။

စည်းစိမ်ရှင်မင်းသားလေး၊ လူချော၊ လူလှကလေးဆိုသည်ကိုမျှသာ တာရာ တို့ သိကြသည်။ မင်းသားရဟန်းလေး၏ လေးနက်ကြီးမားသော အရည်အသွေး

www.burmeseclassic.com

www.burmeseclassic.com



ကိုကား သူတို့ မသိရှာကြ။

သို့သော် ဘုန်းရှင်၊ ကံရှင်၊ တန်ခိုးရှင် ဖြစ်ပါလျက်ကို ယခုကဲ့သို့ လူသာမန်တို့နှင့် ရောနှောလျက် ပင်ပန်းဆင်းရဲမှုကို အဘယ့်ကြောင့် ခံနေရပါသနည်း။ ဤသည်ကား အကြောင်းရှိ၏။ လေးနက်သောအကြောင်းရှိပေသည်။

ဘုရားရှင်ကိုယ်တော်မြတ်သည် ကြီးစွာသောတန်ခိုးရှင်ဖြစ်၏။ သို့ပါလျက် ဝေရဉ္ဇာတိုင်းတွင် တစ်ဝါတွင်းလုံးလုံး ဆွမ်းအငတ်ခံကာ မြင်းစာ မုယောထောင်းဆွမ်းမျှဖြင့် တင်းတိမ်သည်းခံတော်မူခဲ့သည်။ စံပြပုဂ္ဂိုလ်ကြီး ပြုလုပ်တော်မူခဲ့သည်။ မိမိနှင့်အတူ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် စသော တန်ခိုးရှင်တပည့်များကိုလည်း တစ်ဝါတွင်းလုံးလုံး လူသတ္တဝါမှန်လျှင် လောကဓံ၏ အထုအထောင်း ခံယူရမည်ကို နမူနာပြစေခြင်းဖြင့် ဘုရားရှင်ကိုယ်တော်တိုင် သာဓုအနုမောဒနာပြုကာ တပည့်များအား ချီးကျူးတော်မူခဲ့သည်။

ဘုရားရှင်၏ ဤအလိုတော်ကို အတုယူ၍ တန်ခိုးရှင် တပည့်များစွာတို့သည်လည်း နေရာတကာတွင် မိမိတို့တန်ခိုးကို မသုံးဘဲ လူသာမန်တို့အလား လောကဓံတရားကို အကြောင်းကြုံသည့်အားလျော်စွာ ရင်ဆိုင်တော်မူကြသည်။ အကျင့်အရာ၌ ဘုရားရှင်အလား အားထားချီးကျူးကြရသော ရှင်မဟာကဿပ ကိုယ်တော်ကြီး ဆိုလျှင် မိမိရရှိအပ်သော တန်ခိုးရှင်ဆိုသည်ကို စိတ်ကူးထဲသို့ပင် မထည့်လေရော့ထင့်။ အလွန်ခေါင်းပါးခဲကုတ်လှစွာသော ဓုတင်အကျင့်ဖြင့်သာ ရာသက်ပန် ကျင့်သုံးတော်မူသည်။

လောကဓံဟူသည် လောက၏ သဘာဝတရားဖြစ်၏။ လောကဓံဟူသည် ပညာရှင် တရားရှင်တို့အတွက် လောက,ကပေးအပ်သော တရားကုန်ကြမ်းပစ္စည်းဖြစ်သည်။ တရားရှင်၊ ပညာရှင်တို့သည် တွေ့ကြုံလာသော လောကဓံကုန်ကြမ်းများကို မိမိတို့၏ အသိဉာဏ်တည်းဟူသော စက်တွင် ချေမှုန်း၍ မဇ္ဈိမပဋိပဒါတည်းဟူသော အသုံးဝင်ကုန်ချောဖြစ်အောင် ပြုလုပ်ကြရသည်။ ပြုလုပ်ကြရအောင် ဘုရားရှင်က နည်းပေးလမ်းပြတော်မူသည်။ အပျက်လောကဓံကို ဆင်ခြင်သည်းခံရ၏။ အပြုလောကဓံတွင် မတွေဝေရ။

ယင်းလောကဓံနှင့် မကင်းနိုင်ကြရာတွင် တရားရှင် တန်ခိုးရှင် ရဟန္တာတို့သည်လည်း လောကနှင့် မကင်းနိုင်သေးသည့်အလျောက် လောကဓံကို အကြောင်းအားလျော်စွာ ရင်ဆိုင်ကြရသည်သာ ဖြစ်သည်။ ဘုရားရှင်ကိုယ်တော်တိုင်ပင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



လောကခံကို မရှောင်လွှဲဘဲ အခါများစွာ ရင်ဆိုင်တော်မူ၏။ သို့သော် ဘုရားရှင် အစရှိသော တန်ခိုးရှင်တို့အဖို့ အချို့လောကခံကို မိမိတို့အစွမ်းဖြင့် ရှောင်လွှဲနိုင် လိုသော် ရှောင်လွှဲနိုင်စကောင်းသည်။ ရှောင်လွှဲနိုင်သော်လည်း ယင်းသို့သော အပြု အမူကို ဘုရားရှင် နှစ်သက်တော်မမူ။ အကြောင်းမူကား ရဟန်းဟူသည် လောက အား တရားတည်းဟူသောလမ်းကို ထွင်ပြသော၊ တရားတည်းဟူသော မီးရှူးကို ထွန်းပြသော လောက၏ စံပြပုဂ္ဂိုလ်များ ဖြစ်စေလိုသောကြောင့်တည်း။

ထို့ကြောင့် တန်ခိုးဆိုသည်ကို ဘုရားရှင်က အကြောင်းမခိုင်လုံလျှင် မိမိကိုယ် တော်တိုင်လည်း သုံးခဲသည်။ တန်ခိုးရှင် တပည့်သာဝကများကိုလည်း မသုံးစေရန် တားမြစ်တော်မူသည်။ ကြုံလာသောလောကခံကို ရင်ဆိုင်၍ လူသတ္တဝါတို့အတွက် စံပြပုဂ္ဂိုလ်ဖြစ်စေရန် ညွှန်ပြတော်မူသည်။ သက်သေနဂိုရ်ပြည့်၌ သူဌေး၏ စန္ဒကူး သပိတ်ကို ရယူခြင်းဖြင့် တန်ခိုးပြတော်မူမိသော ရှင်ပိဏ္ဍောလမထေရ်အား ကဲ့ရဲ့ တော်မူသည်။ တန်ခိုးရှင်တပည့်တို့အား အမှန်မလိုအပ်ဘဲ တန်ခိုးပြလျှင် အပြစ်ဖြစ် စေ၊ အာပတ်သင့်စေဟုပင် ဝိနည်းသိက္ခာပုဒ်ပြုလုပ်၍ ဆုံးမတော်မူသည်။

စင်စစ်အားဖြင့် ပုထုဇဉ်လူသတ္တဝါတို့အဖို့သာ လောကခံသံသရာတွင် နစ်မွန်း တုန်လှုပ်ကြရသော်လည်း ရဟန္တာတို့အဖို့မူ လောကခံဟူသည် အဓိပ္ပာယ်မရှိလှပေ။ အကြောင်းမူကား–နစ်မွန်းတုန်လှုပ်မှု ကိလေသာစက်ကို တရားတည်းဟူသော မဂ်သန်လျက်ဖြင့် ပယ်ဖျက်ဖြတ်တောက်ပြီးစဉ်ကပင်လျှင် နာမ်ခန္ဓာနှင့် ပတ်သက် သော ချမ်းသာဆင်းရဲ ခံစားမှုအားလုံးကို ဖြတ်တောက်ပြီး ဖြစ်ခဲ့ပေသည်။ ကျောက် တိုင် ကျောက်သားစိတ်ဓာတ်အရှင်တို့ ဖြစ်ခဲ့ပေသည်။ လောက၏ ချမ်းသာမှု၊ ဆင်းရဲမှုဟူသည် အတွေးတိမ်သော လောကသားတို့အတွက်သာ အဓိပ္ပာယ်ရှိနေခြင်း ဖြစ်၏။ ရဟန္တာတို့အဖို့မူ မဂ်ချမ်းသာ ဖိုလ်ချမ်းသာဟုဆိုအပ်သော လောကုတ္တရာ ချမ်းသာမှုမှတစ်ပါး လောက၏ ချမ်းသာဆင်းရဲဟူသည် အဓိပ္ပာယ်မရှိ။

ထို့ကြောင့် ဘုရားရှင်၏ အဆုံးအမနှင့် ဤတရားသဘောကို ခံယူပြီးသော အရှင်အနုရုဒ္ဓါအဖို့ တန်ခိုးရှင်အဘိညာဉ်ရှင်တစ်ပါး ဖြစ်စေကာမူ ဤကဲ့သို့သော သာမန်ကိစ္စတွင် မိမိ၏တန်ခိုးကို ရှိလေသည်ဟုမျှ သတိမမူဘဲ လူသာမန်တို့နှင့် အများနည်းတူပင် လိုက်ပါခဲ့ခြင်းဖြစ်ပေသည်။

ရာဇဂြိုဟ်မှ ဘုရားရှင် သီတင်းသုံးတော်မူရာ သာဝတ္ထိသို့ တရားအချက် တစ်ရပ် လျှောက်ထားရန်အတွက် အများနည်းတူ ခရီးထွက်ခဲ့ရာတွင် အစီရင်ခံ

www.burmeseclassic.com

www.burmeseclassic.com



မြစ်ရေတိုး၍ ကူးတို့လှေတို့ မကူးနိုင်သည်နှင့် ကြုံရသောကြောင့် ဒကာတစ်ယောက်၏ ပင့်လျှောက်ချက်အရ ဤဓမ္မသာလာ တည်းခိုရိပ်သာသို့ လိုက်ပါခဲ့ရသည်။ ဓမ္မသာလာတွင် တစ်ညတည်းခိုရမည်ဟု လျှောက်ထားကြသည်။ အကောင်းဆုံးသောနေရာကို ပေးထားသော်လည်း ဓမ္မသာလာတွင် တည်းခိုသူခရီးသည်တို့ များသောကြောင့် အနည်းငယ်တော့ အနေအထိုင်ကျဉ်းကျပ်သည်။ ဤတွင် မင်းသားလေး တစ်ယောက်လည်းဖြစ်၊ မင်းသားဘဝက ထူးဆန်းသောသတင်းများဖြင့် ကျော်ကြားခဲ့သူဖြစ်မှန်း သိလာကြသောအခါ ချဉ်းကပ်သူ၊ နှုတ်ခွန်းဆက်သူ၊ ကြည်ညိုသူတို့ဖြင့် ဝိုင်းဝိုင်းလည်လျက်ရှိသောကြောင့် ခရီးအတန်ပန်းသဖြင့် နားနားနေနေနှင့် လဲလျောင်း အနားယူလိုသော်သည်း မယူရ။ ဝိုင်းဝိုင်းလည်နသော ဒကာ,ဒကာမများကို သင့်တင့်သောစကား၊ သင့်တင့်သောတရားများဖြင် ပြန်လည်မိန့်ကြားနေရသည်။

တော်ပါသေး၏။ ညဉ့်ဦးပိုင်းအချိန်တွင် ဧည့်ရိပ်သာအတွင်းသို့ အမျိုးသမီးတစ်ယောက် ဝင်လာရာ ထိုအမျိုးသမီးထံသို့ ရိပ်သာဧည့်သည်များ သွားရောက်ဝိုင်းဝန်းကြသည်။ အမျိုးသမီး၏ပုံပန်းကြည့်၍ ဇရပ်အမဖြစ်မည်ဟု အကဲခတ်ရသည်။

"ဘယ်လိုတုံး ဇရပ်အမလေးရဲ့၊ ကျုပ်တို့ဖြင့် ရောက်ကတည်းက မျှော်လိုက်ရတာ အခုမှတွေ့ရတော့တယ်"ဟု တစ်ယောက်ကပြော၍ "သာဝတ္ထိအရောက် ပြန်မလို့ မဝင်တော့ဘူးလို့ အောက်မေ့တာ မြစ်ရေက တားထားလို့ ဝင်ခဲ့ရပြန်ပြီ မိန်းကလေးရေ့"ဟု သာဝတ္ထိပြည်သား ဖြစ်ဟန်တူသော အခြားဦးကြီးတစ်ယောက်က နှုတ်ဆက်သည်။ အခြားကုန်သည်ကြီးတစ်ယောက်ကလည်း "မြစ်ရေက သိပ်စိတ်မချရဘူး တူမရေ့၊ ဦးလေးတော့ ပါလာတဲ့ကုန်တွေကို သာဝတ္ထိရောက်အောင်တောင် မယူချင်တော့ဘူး၊ တူမဆီမှာပဲ ထားပစ်ခဲ့ချင်တော့တယ်"ဟု နှုတ်ဆက်ရင်း အရောင်းအဝယ်စကား ကမ်းလှမ်းသည်။

သို့နှင့် ရိပ်သာအမလေး တာရာအဖို့ ဧည့်သည်မိတ်ဆွေ အမျိုးမျိုးတို့အား အစေ့အစပ်ဖြစ်အောင် နှုတ်ဆက်ပြောဆိုရင်း ခေါင်းရင်းတစ်နေရာတွင် တည်ငြိမ်သေဝပ်စွာ လဲလျောင်းလျက်ရှိသော ကိုယ်တော်လေးထံသို့ လှမ်း၍လှမ်း၍ ဖြုံးခနဲဖျတ်ခနဲ အကဲခတ်ကြည့်ရှုကာ ယခုမှမြင်လေသည့် အဟန်ဖြင့် "ဩော်...ခရီးသွားကိုယ်တော်လေးတစ်ပါးလည်း ပါလာသကိုး"ဟု ပြောလိုက်သောအခါ အနီးရှိအဒေါ်ကြီးတစ်ယောက်က "ဟုတ်တယ် ဇရပ်အမလေးရေ့၊ သူ့ခမျာ သနားစရာ

www.burmeseclassic.com

www.burmeseclassic.com



လူရိုးရိုးမဟုတ်ရှာဘူး။ သာကီဝင်အနွယ် မင်းသားလေးဖြစ်တော့ ဒီခရီးမျိုးနဲ့ ဒီလိုနေရာမျိုးမှာ ပင်ပန်းရှာမှာပဲ၊ ဘုရားရှင်ညီတော် အနုရုဒ္ဓါမင်းသားလေးဆိုတာ ပေါ့”ဟု ပြန်ပြောသည်။

“ဟုတ်ရဲ့လား ဒေါ်ဒေါ်ရဲ့၊ ကျွန်မတို့ကြားဖူးတဲ့ အနုရုဒ္ဓါမင်းသားလေးတဲ့ လား”

“အနုရုဒ္ဓါမင်းသားလေးအစစ်ပေါ့ တူမရဲ့၊ ဒေါ်ဒေါ်တို့က ကပိလဝတ် ဇာတိပဲ ဟာ၊ သေသေချာချာ သိတာပေါ့”

“ဩော်...ကိုယ်တော်လေးခမျာ ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ အနေအထိုင် ခက်နေ ရှာပြီထင်ပါရဲ့”

“အများကပဲ ကိုယ်တော်လေးအတွက် နေရာကျယ်ကျယ်ပေးထားကြပါတယ်။ နို့ပေမယ့် ဧည့်သည်တွေက များသထက်များလာလေတော့ ကိုယ်တော်လေးက သူ့ဘက်ကို အတင်းတိုးခိုင်းရင်းနဲ့ ကျဉ်းသွားတော့တာပဲ”

“ဒီလိုဆို မဖြစ်သေးပါဘူး၊ ကျွန်မ တာဝန်မကျေပွန်ရာကျနေပြီ။ လူများ အတွက် မတတ်နိုင်ပေမယ့် ရဟန်းတစ်ပါးအတွက်တော့ ပြည့်စုံအောင် စီစဉ်ပေး ဦးမှပဲ”

“ကောင်းပါလေ့ ဇရပ်အမလေးရယ် သာဓုပါ”

ထို့နောက်တွင်မူ ရိပ်သာအမလေး တာရာသည် ကိုယ်တော်လေးအနီးသို့ ချဉ်းကပ်၍ ရှိခိုးဦးညွှတ်လိုက်သောအခါ ကိုယ်တော်လေးက လဲလျောင်းရာမှ သိမ်မွေ့ စွာထ၍ တာရာ၏ ဦးညွှတ်မှုကို ခံယူသည်။

ဇရပ်အမလေးအဖို့ အိမ်စေမလေး လာရောက်သတင်းပို့စဉ်ကပင် ကိုယ်တော် လေးအပေါ် စိတ်ကူးလေးတစ်ချက်ဝေ့တက်၍လာခဲ့သည်။ ကပိလဝတ်သူ အဒေါ်ကြီး နှင့် စကားပြောမိသောအခါ သတင်းစကားမှာ သေချာပြီဖြစ်၍ ယင်းစိတ်ကူးကို အကောင်အထည်ဖော်လိုက ဖော်နိုင်ရန် စကားဖြင့် အကွက်ဆင်ခဲ့ပြီးဖြစ်၏။ ယခု နဖူးတွေ့ဒူးတွေ့ ဖူးတွေ့ရသောအခါတွင်မူ ထိုစိတ်ကူးကို အကောင်အထည်ဖော် ဖို့ရန် သေချာသွားသည်။ အကြောင်းမူကား ကိုယ်တော်လေးသည် အသက်အရွယ် ငယ်ငယ်နှင့် မင်းသားမည်ကာမတ္တမဟုတ်၊ မြင်သူတိုင်း အံ့လောက်အောင် ချော သည့် လုသည့်အပေါ်တွင် မင်းသွေးမင်းဟန်ကလေးဖုံးကာ ကျက်သရေရှင်ကလေး ဖြစ်နေသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိမိ၏စိတ်ကူးဇာတ်လမ်းအတိုင်း “တပည့်တော် ဇရပ်အမ တာရာပါဘုရား၊ ဒီဧည့်ရိပ်သာမှာ ခရီးသည်တွေ များလွန်းလို့ ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ အရှင်ဘုရား သီတင်းသုံးနေသည်ကို တွေ့ရတာ တပည့်တော်မ စိတ်မချမ်းသာပါဘုရား၊ တပည့်တော်မ ဝတ္တရားပျက်ကွက်ရာလည်း ရောက်နေပါတယ်ဘုရား။ ဒါကြောင့်မို့ ဒီညအဖို့ လိုအပ်ရင်လည်း ဘယ်နှစ်ညဖြစ်ဖြစ် တပည့်တော်ရဲ့ တိုက်အပေါ်ထပ်ကို ကျောင်းအဖြစ် ရွှေ့ပြောင်း သီတင်းသုံးဖို့ ပေးလှူပါတယ်ဘုရား”ဟု လျှောက်ထားလိုက်သောအခါ ဇရပ်အမ၏ စေတနာကို အားပေးရာလည်းရောက်၊ အကြောင်းအကျိုးလည်း သင့်လှသဖြင့် ကိုယ်တော်လေးအဖို့ တိတ်တိတ်နေ ဝန်ခံသဘောဖြင့် ခပ်မဆိတ် နေလိုက်ရသည်။

တိုက်ပေါ်လိုက်၍ သီတင်းသုံးရန် သဘောတူသည်ကို သိရသောအခါ တာရာက ဆက်၍ “တပည့်တော် တိုက်ပေါ်သွားပြီး အရှင်ဘုရားသီတင်းသုံးဖို့ စီမံလိုက်ဦးမည်။ အရှင်ဘုရား ဒီမှာပဲ ခေတ္တသီတင်းသုံးပါဦး၊ ပြီးလျှင် အိမ်ဖော်မတစ်ယောက်ကိုလွှတ်၍ အပင့်ခိုင်းလိုက်ပါမည်ဘုရား”ဟု လျှောက်ထားပြီး တာရာ ထသွားသည်။

[ ၄ ]

ဇရပ်အမလေးက ကိုယ်တော်လေး ကျယ်ကျယ်ပြန့်ပြန့် သီတင်းသုံးနိုင်ရန် မိမိတိုက်ပေါ်သို့ ပင့်သွားကြောင့် ဧည့်သည်များသိကြသောအခါ ကိုယ်တော်လေးအဖို့လည်း ချမ်းသာ၊ မိမိတို့အဖို့လည်း အနေမကျုံ့တော့မည်ကြောင့် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြသည်။ သို့ရာတွင် ဘာတွေများ ပြင်နေလေသည်မသိ၊ ညဉ့်အတန်နက်မှ အိမ်ဖော်တစ်ယောက် လာရောက်ပင့်ခေါ်သည်။

ဇရပ်အမလေး၏တိုက်မှာ ဧည့်ရိပ်သာနှင့် ကပ်လျက်ပင်ဖြစ်၏။ တိုက်အပေါ်တံခါးဝသို့ ဝင်လိုက်မိသည်ဆိုကတည်းကပင် အမွှေးအထုံ အနံ့မျိုးစုံတို့က ဆီးကြိုလျက်ရှိသည်။ သို့ရာတွင် တာရာ၏ကိုယ်က ပို၍မွှေးသည်။ အကြောင်းသော်ကား တိုက်တံခါးဝတွင် အိမ်ဖော်မလေး သုံးယောက်နှင့်အတူ ဆီးကြိုလျက်ရှိသော တာရာက ကိုယ်နှင့်မကွာ ကပ်ပါလျက်ရှိသော အရှင်အနုရုဒ္ဓါထံမှ သပိတ်လွယ်အိတ်ကို လှမ်းယူရင်း အရှင်အနုရုဒ္ဓါအနီးသို့ ကိုယ်ချင်းထိလုမတတ် ချဉ်းကပ်လာသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းအတွင်းသို့ အရှင်အနုရုဒ္ဓါ ခြေချမိသည်နှင့်တစ်ပြိုင်နက်လိုလိုပင် အိမ်ဖော်မလေးများသည် အရှင်အနုရုဒ္ဓါအား မတ်တတ်ရှိခိုးရင်း တစ်ယောက်ပြီး တစ်ယောက် တိုက်ခန်းတံခါးဝမှ အပြင်သို့ထွက်သွားကြသည်။ နောက်ဆုံးထွက်သော အိမ်ဖော်မက တံခါးရွက်ကြီးကို အပြင်မှ ဆွဲပိတ်လိုက်သည်။ ယနေ့ညအဖို့ သူတို့အား မိမိမခေါ်ဘဲနှင့် တစ်ယောက်မျှ အပေါ်သို့ တက်၍မလာရဟု အိမ်ရှင်မက အမိန့်ပေးထားပြီးသောကြောင့် ဖြစ်သည်။

တိုက်ခန်းကြီးတစ်ခုလုံးအား မှုန်ပျပျမီးရောင်အောက်တွင် အထက်တန်းကျကျ အိမ်ထောင်ပစ္စည်းများ အချိုးကျကျ ပြင်ဆင်ထားသည်ကို တွေ့ရသည်။ တာရာက သပိတ်အိတ်ကို စားပွဲတစ်လုံးပေါ်သို့ တင်ထားလိုက်ပြီးနောက် ကိုယ်တော်လေးအား တိုက်အတွင်းဘက်သို့ကြွရန် လက်ညွှန်သည်။ တာရာ၏ တစ်ကိုယ်လုံးတွင် တိုက်ခန်းသို့ ပြင်ဆင်သိမ်းဆည်းနေဆဲလိုလိုပုံစံဖြင့် အဝတ်များ မသေမသပ် ဝတ်ထားသည်ကို တွေ့ရသည်။

ကိုယ်တော်လေးက ဤဒကာမအပြင် ဒကာတစ်စုံတစ်ယောက် ရှိတန်သေး၏ဟု စူးစမ်းသောမျက်စိဖြင့် တိုက်ခန်းတွင် ဟိုဟိုသည်သည်သို့ ကြည့်မိသည်ကို တာရာက ရိပ်မိသည့်လက္ခဏာဖြင့် "တပည့်တော်က တစ်ယောက်တည်းသမားပါဘုရား။ အဖော်မရှိပါဘူး။ မိဘများ မျက်နှာလွှဲသွားကတည်းက အိမ်ဖော်မလေးတွေနဲ့ တစ်ယောက်တည်းပဲ နေခဲ့ပါတယ်။ တစ်တိုက်လုံးကို ကျောင်းအမှတ် သဘောထားပြီး လွတ်လွတ်လပ်လပ် သီတင်းသုံးတော်မူပါ။ တပည့်တော်မကိုလည်း ကျောင်းသားလေးလို သဘောထားပြီး လိုတာမှန်သမျှ လွတ်လွတ်လပ်လပ် ခိုင်းစေတော်မူပါ။ အိမ်ဖော်မတွေက အင်မတန်ဆူညံတတ်ပါတယ်။ ဒါကြောင့်မို့ အရှင်ဘုရား စိတ်အေးလက်အေး သီတင်းသုံးရအောင်ဆိုပြီး အောက်ထပ်မှာ ထားပါတယ်။ ဒီတိုက်ခန်းမှာ အရှင်ဘုရားနဲ့ တပည့်တော်နဲ့ နှစ်ယောက်တည်းရှိမှာပါ"ဟု လျှောက်ထားလိုက်သောအခါ အရှင်အနုရုဒ္ဓါအဖို့ ခြေတစ်လှမ်းပင် နောက်ဆုတ်သွားမိသည်။ အကြောင်းမူကား–ရှင်အနုရုဒ္ဓါအဖို့ ဘုရားရှင်၏ အဆုံးအမကို သတိရလိုက်မိသောကြောင့် ဖြစ်သည်။

ဘုရားရှင်က ဆင်းရဲမျိုးစုံတို့ကို သယ်ဆောင်လာတတ်သော ဒကာမများနှင့် မတွေ့အောင် ရှောင်ရှားရမည်။ မရှောင်သာ၍ တွေ့လျှင်လည်း နောက်တစ်ကြိမ် မကြည့်မိအောင်၊ စကားမပြောမိအောင် ရှောင်ရှားရမည်။ မရှောင်သာ၍ ပြောဆို

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံရလျှင်လည်း မိမိနှမကဲ့သို့လည်းကောင်း၊ အမိကဲ့သို့လည်းကောင်း သဘောထား၍ ဆက်ဆံရမည် ချစ်သားတို့။ ဒကာမကို သတိထားကြပဟု ဆုံးမ မိန့်ကြားတော်မူသည်။

ဘုရားရှင် အဆုံးအမအတိုင်းပင် မိမိသည် ဒကာမများကို သတိဖြင့် ရှောင်ရှားခဲ့သူ ဖြစ်သည်။ သာမန်ဒကာမများကို အပထား၍ နန်းပြာသာဒ်အဆောင်ဆောင်တွင် သာကီဝင်ထိပ်သီး အမျိုးသမီးအလုပ်အကျွေး ငါးရာမျှကိုပင် ရှောင်ကြဉ်လာခဲ့သူဖြစ်သည်။ သို့ရာတွင် မရှောင်သာသော ဘဝခရီးတစ်ကွေ့၌ ယခုအမျိုးသမီးနှင့် တိုက်ခန်းတစ်ခုအတွင်း နှစ်ယောက်ချင်း တွေ့နေရပါပြီကော။

အချိန်ကလည်း ညဥ့်အချိန်ဖြစ်သည်။ အမျိုးသမီးကို အကဲခတ်ရသည်မှာ သူမ၏ ကာမဂုဏ်တံခါးများ တစ်ချပ်ပြီးတစ်ချပ် ဖွင့်ဟလာမည့် လက္ခဏာရှိသည်။ မိမိမှာ ကိလေသာကင်းစင်ပြီးသူဖြစ်၍ မထောင်းသာသော်လည်း အမျိုးသမီး၏ အပြုအမူများကို သတိဖြင့် လျစ်လျူရှုရတော့မည်ဟု စဉ်းစားသည်။ အကြောင်းသော်ကား–တိုက်ခန်းကြီး အတွင်းပိုင်းသို့ လှမ်းဝင်မိသောအခါ တိုက်ရှင်အမျိုးသမီး အိပ်ခန်းဖြစ်ဟန်တူ၍ လှပစွာပြင်ဆင်ထားသော အခန်းငယ်ကို တွေ့ရသည်။ အမျိုးသမီးက အခန်းငယ်အဝမှ ဓာခန်းဆီးအကာကို လှစ်ဟ၍ အတွင်းသို့ ကြွဝင်ရန် လက်ညွှန်သည်။ အတွင်းပိုင်းတွင် ခုတင်ကျယ်တစ်ခုအပေါ်၌ နန်းဆောင်များရှိ မင်းသုံးအိပ်ရာထက် မညံ့သော ပြင်ဆင်နည်းမျိုးဖြင့် ပြင်ဆင်ထားသောအိပ်ရာကို တွေ့ရသောကြောင့် ဖြစ်သည်။

ကိုယ်တော်လေးအဖို့ ပင့်ဖိတ်အပ်သောနေရာသို့လိုက်၍ ကျိန်းစက်ရန် ဝန်ခံခဲ့ပြီးသည်ကြောင့် တစ်စုံတစ်ရာ မငြင်းဆန်တော့ဘဲ ဒကာမလေး စီစဉ်ညွှန်ကြားသည့်နောက်သို့ပင် အလိုက်သင့် လိုက်ပါခဲ့သည်။ ခုတင်အနီးသို့ ရောက်သောအခါ အမျိုးသမီးက ရှေ့သို့ကျော်၍ ခုတင်ပေါ်သို့ သွက်လက်စွာတက်လိုက်ပြီး "ခြင်ထောင် မလိုပါဘူးထင်ပါရဲ့ဘုရား၊ ခြင်မှမကိုက်ဘဲ အိပ်ရာရှုပ်နေရှော့မယ်...လိုတဲ့အခါကျတော့လည်း ပြန်ချတာပေါ့"ဟု ပြောကာ ချထားသော ဓာနုပါးခြင်ထောင်ကို လက်နှစ်ဖက်ဖြင့်ပွေ့ကာ အပေါ်သို့ မ,တင်လိုက်သည်။ ထိုအခါ ဖိုသီဖတ်သီ ကိုင်တွယ်ဆွဲယူလာခဲ့သော ကိုယ်ဝတ်များသည် လက်နှစ်ဖက်လွတ်သွားမှုကြောင့် ကွင်းလုံးကျွတ် ချွတ်ချလိုက်ဘိသကဲ့သို့ လျှောခနဲ ခြေရင်းသို့ ပုံကျသွားသည်။ ကိုယ်ဝတ်ကျွတ်သွားရာ၌ ခါးဝတ်အတွင်းခံပင်မရှိ။ ရင်စည်းအဝတ်လည်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်လေးကမူ မျက်လွှာကိုချထားသည်။

"ကန်တော့နော် ဦးဇင်း...ကန်တော့...ကန်တော့။ လုပ်ဆဲကိုင်ဆဲတန်းလန်းနဲ့မို့ အဝတ်အစားကိုလည်း ဂရုတစိုက်မဝတ်နိုင်တော့ဘူး။ ဒီည အိုက်လည်း နည်းနည်းအိုက်ပါတယ်၊ ဦးဇင်းလည်း လွတ်လွတ်လပ်လပ်နေပေါ့။ တပည့်တော်တို့ နှစ်ယောက်တည်းဟာပဲ၊ ဘယ်သူ့မှ ငဲ့နေစရာ ရှက်နေစရာ မရှိပါဘူး။ ဒါထက် မေးရဦးမယ်။ ဦးဇင်းကို အနုရုဒ္ဓမင်းသားကိုယ်တော်လေးလို့ ပြောနေကြပါတယ်။ မှန်ရဲ့လားဘုရား"

အမျိုးသမီးက ခြင်ထောင်ကိုတင်ပြီးသောအခါ စကားပြောရင်းနှင့် ကိုယ်ဝတ်ကို ကောက်ယူဝတ်သည်။ သို့ရာတွင် သေသေသပ်သပ်နှင့် ခိုင်ခိုင်ခံ့ခံ့ဝတ်ခြင်းမျိုးကား မဟုတ်၊ ကပိုကရိုနှင့်ပင် ပြီးစလွယ် ဆွဲပတ်ထားလိုက်ခြင်းမျှသာ ဖြစ်သည်။

ယနေ့ညအဖို့ မျက်လုံးကိုရော နှုတ်ကိုပါ ငြိမ်သက်တိတ်ဆိတ်စွာနေဖို့၊ လိုအပ်လျှင် တစ်ညလုံးမအိပ်ဘဲ အိပ်ရာတွင် တရားထိုင်နေဖို့ ကိုယ်တော်လေး အာရုံကပ်ထားသည်။ သို့ရာတွင် အမေးစကားရှိလာသောအခါ မဖြေဘဲနေလျှင် အခြေအနေက ပို၍ ဆိုးရွားလာဖို့ရှိသည်။ စကားပြောရသည်ကမှ တရားပြခွင့်ကြုံလာနိုင်သေးသည်။ ထို့ပြင် မိမိသိက္ခာ၊ မိမိသမာဓိကို သိစေဖို့ အထောက်အကူလည်း ဖြစ်လာနိုင်ပေသေးသည်။ ထို့ကြောင့် "မှန်ပါတယ် ဒကာမကြီး"ဟု ဖြေလိုက်ရသည်။

"ဟင်...ဦးဇင်းကလည်း တပည့်တော်ကိုများ ဒကာမကြီးတဲ့လား၊ တပည့်တော် အသက်က ဒါလောက်ပဲ ကြီးနေပြီလား၊ တပည့်တော်ရုပ်က ဒါလောက်ပဲ အိုစာနေပြီလား၊ သေသေချာချာလည်း ကြည့်ပါဦးဘုရာ့"

အလိုက်သင့်ပြောလျှင် ရဲတင်း ရင်းနှီးလာမည်ကြောင့် 'ဒကာမကြီး'ဟု စတင်သုံးလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် လိုရင်းသို့မရောက်ဘဲ အမျိုးသမီးက ရောင့်တက်၍ လာသည်။ ထို့ကြောင့် ဘုရားရှင်၏ အဆုံးအမကိုလည်းကောင်း၊ ဘုရားရှင်၏ အသုံးအနှုန်းကိုလည်းကောင်း သတိရသောအားဖြင့် "မှန်ပါတယ်နှမ"ဟု ပြင်၍ ပြောလိုက်ရသည်။ ဘုရားရှင်က အင်္ဂုလိမာလကိုယ်တော်အား သင်ကြားအပ်သည့် ပရိတ်ဒေသနာတော်တွင် ဒကာမများအား 'ဘဂိနိနှမ'ဟု အခေါ်ခိုင်းသည်ကို ကိုယ်တော်လေး သတိရသည်။

"ဦးဇင်းက ငယ်လည်းငယ်သေးတယ်၊ ရုပ်ကလေးကလည်း ချောတယ်၊ လှတယ်၊ မင်းသားလေးလည်းဖြစ်တယ်၊ စည်းစိမ်လည်းရှိတယ်၊ မောင်းမ အခြွေအရံ

www.burmeseclassic.com

www.burmeseclassic.com



တွေ အများကြီးရှိတယ်လို့လည်း ကြားဖူးတယ်။ ဒါနဲ့များ ဒီအခြေအနေတွေ၊ ဒီစည်းစိမ်တွေပစ်ပြီး ရဟန်းလုပ်တယ်ဆိုတော့ အံ့စရာပဲ။ ရဟန်းဘဝဆိုတာ လုပ်ချင်တဲ့အချိန်မှာ လုပ်လို့ရတာပဲ။ တကယ်ဆိုတော့ လူ့ဘဝဆိုတာ အချိန်အရွယ်ရှိတုန်း စည်းစိမ်ခံစားပြီး အသက်ကြီးပိုင်းရောက်တဲ့အခါမှာ ရဟန်းဘဝ ကူးချင်ရင် ကူးပေါ့။ ဒီလိုပဲဖြစ်သင့်တာပဲ”

အရှင်အနုရုဒ္ဓါအဖို့ တရားဘက်သို့ပါလာလေမည်လားဟု မျှော်လင့်မိသော်လည်း ယခုသော် တစ်ဆင့်ပြီးတစ်ဆင့် လှုပ်ရှားရောင့်တက်လာသော အမျိုးသမီး၏ အပြုအမူနှင့် စကားများကြောင့် တစ်စုံတစ်ရာပြန်၍ မပြောတော့ဘဲ အိပ်ရာအလယ်တွင်သာ တရားသံမားတို့၏ ပုံစံဖြင့် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူကာ တရားအာရုံကို ထုံလျက်ရှိသည်။ အမျိုးသမီးက စကားဖြင့်သာ ရေလာမည်လားဟု မြောင်းသွယ်ပေးရုံမျှမက မလုံလက်စနှင့်ပင် မလုံ့တလုံနှင့် အမွေးတိုင်ထွန်းတော့မလို၊ ခေါင်းအုံးရွှေ့တော့မလို၊ အိပ်ရာကိုပင် ပြင်ခင်းဦးတော့မလို စသည့်ပရိယာယ်မျိုးစုံဖြင့် တစ်ကိုယ်လုံးကို လှုပ်ရှား၍ပြသည်။

အိပ်ရာပေါ်မှ အရှင်အနုရုဒ္ဓါ၏ တုဏှိဘာဝေပုံစံကို တာရာ မမြင်သည်မဟုတ် မြင်သည်။ သို့ရာတွင် မိမိကိုမြင်လျက်နှင့် အတင်းမမြင်ယောင်ဆောင်သည်ဟု ထင်သည်။ ရဟန်းဘဝမှ ချက်တစ်ဖြုတ် ဈာန်လျှောဖို့ရန်မှာ ရှက်စနိုးဖြစ်နိုင်သည်။ တဖြည်းဖြည်းနှင့် မိမိအလိုသို့ရောက်လာရပေမည်ဟု မျှော်လင့်ခဲ့သည်။

“အမျိုးသမီး အခြေအရံတွေ ဘယ်လောက်များပေမယ့် မိန်းမဆိုတာ ယောကျ်ားတစ်ယောက်ရဲ့အလိုကို သိတတ်သူ အရှားသားကလား။ ဒါကြောင့်မို့လည်း ဦးဇင်း မပျော်ပိုက်နိုင်တာ ဖြစ်ခဲ့မှာပေါ့။ တပည့်တော်တို့လို အမျိုးသမီးမျိုးနဲ့သာဆိုရင် ရဟန်းဘဝကို စိတ်ကူးထဲတောင် ထည့်မှာမဟုတ်ဘူး။ ဒီမှာ ဦးဇင်းဘုရား၊ တပည့်တော် တည့်တည့်လျှောက်ပါရစေတော့။ ဦးဇင်းကို မြင်လျှင်မြင်ချင်း တပည့်တော်မစွဲငြိနေပါတယ်။ ဒီလိုလျှောက်ရတာဟာ တပည့်တော်ကို ကြိုက်နှစ်သက်မည့်သူ မရှိလို့မဟုတ်ပါ၊ တစ်နေ့တစ်နေ့မှာ ဂုဏ်သရေရှိယောကျ်ားတွေ ဝိုင်းဝိုင်းလည်နေလို့ ကျီးချောက်သလို ချောက်ပစ်နေရပါတယ်။ တပည့်တော်စိတ်တိုင်းကျ မတွေ့သမျှ အိမ်ထောင်မပြုဘူးလို့ သန္နိဋ္ဌာန်ချထားခဲ့ပါတယ်။ တပည့်တော်မှာ တစ်သက်တာ လုံလောက်တဲ့ စည်းစိမ်ဥစ္စာလည်း ရှိပါတယ်။ ဦးဇင်းကသာ တပည့်တော်အလိုကို လိုက်မယ်ဆိုရင် ကိုယ်ကချစ်သူမို့ တစ်သက်လုံး အိမ်ဦးခန်းတင်ပြီး ကျွေးရပ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



လို ပြုစုနေမှာပါ”

ကိုယ်တော်လေး တုတ်တုတ်မျှမလှုပ်။ နကမ္ဗတိ။ သို့ရာတွင် အမျိုးသမီးကမူ အစွမ်းကုန် ဟန်လုပ်နေသည်ထင်ဆဲဖြစ်သည်။ ထို့ကြောင့် အရွယ်အဆင်းဂုဏ်ရော အမျိုးဂုဏ်ပါ စွဲမိသူ အမျိုးသမီးအဖို့ သူကပဲ အစွမ်းကုန်နိုင်မည်လား၊ ငါကပဲ အစွမ်းကုန်နိုင်မည်လားဟု အားတင်းကာ နည်းတစ်မျိုးကို ထွင်လိုက်ပြန်သည်။

ကဲ...ဦးဇင်းရေ၊ မကြားချင် မမြင်ချင်ယောင် ဆောင်ရင်လည်း ဆောင်နေပေတော့။ တပည့်တော်အဖို့ ဦးဇင်းကို လှူထားရလို့ အိပ်စရာမရှိတော့ဘူး။ ဒါကြောင့်မို့ ဦးဇင်းအနားမှာပဲ အိပ်ရတော့မယ်ဘုရား”

အမျိုးသမီးသည် ပြောရင်းဆိုရင်းနှင့် ရှင်အနုရုဒ္ဓါ၏ ရှေ့နားတွင်ပင် ကိုယ်ကို လှဲချလိုက်၏။ လှဲချလိုက်ပုံကား ပက်လက်တည်း။ ထို့ကြောင့် အမျိုးသမီး၏ ရှိုက်ဖိုကာယ တစ်ကိုယ်လုံးသည် မလုံမလဲသော အဝတ်ပါးကလေးအောက်တွင် အထင်းသား ပေါ်လွင်လျက်ရှိသည်။

အမျိုးသမီးအဖို့ စွဲမိလေသော မိမိရမက်အတွက် အဘယ်မျှ ရဲတင်း၍ အရှက် ကင်းမဲ့သည်ဆိုစေကာမူ တစ်ဖက်တွင် မဝံ့မရဲ မလုံမလဲသောစိတ်ကလေးကြောင့် ဟန့်တားသလိုဖြစ်နေသော အချက်တစ်ချက်ကား ရှိပေ၏။ ထိုအချက်မှာ အရှင် အနုရုဒ္ဓါအား ကိုယ်ထိလက်ရောက် မပြုဝံ့ခြင်းပင် ဖြစ်ပေသည်။ ရင့်ကျက်သော အဘိညာဉ်ပိုင်ရှင် အရှင်အနုရုဒ္ဓါ၏ ကြီးမားသောသိက္ခာကြောင့်လည်း ဖြစ်၏။ ကြီးမားသောတရားအရှိန်ကြောင့်လည်း ဖြစ်၏။ သာမန် ပုထုဇဉ်ယောကျ်ားသား ဖြစ်ဘိမူ တရားရှင်ပင်ဖြစ်စေဦးတော့၊ ဤမျှ စူးဝင်တိုက်ခိုက်လာသော အာရုံမျိုးကို ရှောင်နိုင်ဖို့ ခက်ချိမ့်မည်။ အာသဝေါကင်းပြီးသူအဖို့ကား ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ မည်သည့်အာရုံဖြစ်စေ အချည်းနှီးတည်း။

ဥပမာအားဖြင့် ပြည်တန်ပတ္တမြားရတနာကို ထုတ်ပြကြပါစို့။ ပြည်တန်သည် ဖြစ်စေ၊ အဘယ်မျှ မက်မောဖွယ်ရာဖြစ်သည်ဆိုစေ ပတ္တမြားဟူသော ပညတ်ဖြင့် သိခြင်းသည် ပုထုဇဉ်တို့အလုပ်ဖြစ်၏။ ပတ္တမြားဖြစ်စေ၊ မည်သည့်ဣဋ္ဌ အနိဋ္ဌ ပစ္စည်းဖြစ်စေ၊ ဓာတ်လေးပါး အစုအဝေးတကားဟု ပရမတ်ဆိုက်အောင် ခွဲခွဲခြားခြား၊ ကွဲကွဲပြားပြား သိမြင်ခြင်းသည် လေ့လာရှုပွားထားသော တရားသမား၏ အမြင် ဖြစ်၏။ အရှင်အနုရုဒ္ဓါကဲ့သို့သော ဘုရားရှင် တပည့်ကြီးကဆိုသော် အဘယ်ဆိုဖွယ် ရှိတော့အံ့နည်း။ ထို့ကြောင့် မိမိရှေ့တွင် လဲလျောင်းလှုပ်ရှားလျက်ရှိသော အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီး၏ အာရုံသည် ထိပ်တန်းဂုဏ်ထူးဖြင့် တရားအလုပ် ပြီးမြောက်ပြီးသော အရှင်အနုရုဒ္ဓါအဖို့ အကြောင်းတစ်စုံတစ်ရာမထူး။ သို့ရာတွင် အမျိုးသမီးကမူ ဤမျှ နုပျိုလန်းဆန်းသော ကိုယ်တော်လေးသည် ဆိတ်ငြိမ်လွတ်လပ်လှသော ဤလိုညဥ့်အချိန်အခါမျိုး၌ ကာမဂုဏ်အမြင်အတွေ့ အပြည့်ဖြင့် အိစက်ညက်ညော သော အိပ်ရာပေါ်ဝယ် မွေ့ချင်သလိုမွေ့နိုင်သော အခွင့်အရေးဖြင့် တွေ့ချင်သလို နှစ်ယောက်တည်း တွေ့ကြရာတွင် မည်သည့်နည်းနှင့်မျှ မခံနိုင်။ တစ်ချိန်ချိန်တွင် မိမိကိုယ်ကလေးပေါ်သို့ လဲလျောင်းလာလိမ့်မည်ဟူသော မျှော်လင့်ချက်အပြည့်ဖြင့် မိမိ၏ ငါးရံ့ကိုယ်လုံးကလေးကို ပုံစံအမျိုးမျိုး လှုပ်ရင်းရှားရင်း လူရင်းလွန့်ရင်း ဆွဲဆောင်လျက် ရှိနေပေသေးသည်။

သို့ရာတွင် ကိုယ်တော်လေးကမူ ညဥ့်သန်းခေါင် ကျော်လာသည့်တိုင်အောင် တရားသမားတို့၏ပုံစံမှ တစ်စုံတစ်ရာ ပြောင်းလဲလာသည်ကို မတွေ့ရ။ ခိုင်မာလွန်း လှပါပေသည်တကားဟု တွေးတောရင်း ကိုယ်တော်လေး၏ မျက်မှောင်တော်ကျရာ အတွင်း၌ပင် မှေးခနဲ အိပ်ပျော်သွားသည်။

အိပ်စဉ်က တစ်မှေးမျှထင်သော်လည်း အိပ်ရာမှနိုးသောအခါ လင်းရောင်ခြည် လာ၍ ကျေးငှက်ကလေးများပင် လှုပ်ရှားနိုးကြားလာကြပြီကိုတွေ့ရသည်။ သို့ဖြစ်၍ ညကဆွဲဆောင်ခဲ့သော အာရုံအရှိန်ဖြင့် ကိုယ်တော်လေးဆီသို့ ဖျတ်ခနဲ မော်ကြည့် လိုက်သောအခါ ကိုယ်တော်လေးမှာ ညကပုံစံအတိုင်း မပျက်မယွင်းဘဲ တရား ထိုင်နေသေးသည်ကိုပင် တွေ့ရသည်။ သို့ရာတွင် ဤတစ်ကြိမ်တွေ့ရသည်မှာ ညကထက် ထူးခြားလှသောအသွင်ဖြစ်နေသဖြင့် တာရာအဖို့ အံ့အားသင့်ရသည်။ အကြောင်းသော်ကား–ရဟန္တာဖြစ်သော အရှင်အနုရုဒ္ဓါအဖို့ လောကနှင့် လုံးဝ ကင်းပြတ်သော လောကုတ္တရာတည်းဟူသော ဖလသမာပတ်အာရုံတွင် ပြည့်ပြည့်ဝဝ ထုံနေပြီဖြစ်သောကြောင့်တည်း။

ထို့ကြောင့် ကြည်ညိုဖွယ်ရာ အသွင်အတိဖြင့် ပြည့်ပြည့်ဝဝ တည်ငြိမ်လျက်ရှိ သော ရှင်အနုရုဒ္ဓါ၏ သဏ္ဌာန်တော်ကို အံ့သြစိတ်၊ တုန်လှုပ်စိတ်တို့ဖြင့်ကြည့်ရင်း မိမိမိုက်မှားလေပြီတကားဟု သတိရကာ မိမိ၏ မသေမသပ်သော တစ်ကိုယ်လုံးကို ရှက်ကြောက်စိတ်အတိဖြင့် သိမ်းဆည်း၍ ရှင်အနုရုဒ္ဓါရှေ့မှ အခန်းပြင်သို့ ရုတ်ခြည်း ထွက်ခွာသွားသည်။ တစ်အောင့်မျှကြာ၍ အခန်းတွင်းသို့ ပြန်လာသောအခါ တစ် ကိုယ်လုံးတွင် သေသပ်တည်ငြိမ်သော ဝတ်စုံအပြည့်ဖြင့် ရှင်အနုရုဒ္ဓါရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ဝပ်စင်းရင်း ဦးအကြိမ်ကြိမ်တိုက်သည်။ မှားလေစွတကားဟု နှောင်တအကြိမ်ကြိမ် ရသည်။

လောကီအာရုံမှန်သမျှနှင့် မဆက်ဆံတော့သော ရှင်အနုရုဒ္ဓါ၏ ရုပ်သွင်ကို သဒ္ဓါစိတ်အပြည့်ဖြင့် တစိမ့်စိမ့်ဖူးမြော်ရင်း အထပ်ထပ်ကြည်ညိုသည်။

"တပည့်တော်မ မှားမိပါသည်အရှင်ဘုရား၊ တပည့်တော်မပြစ်ကို သည်းခံ ခွင့်လွှတ်တော်မူပါဘုရား" အသံမှာ တုန်ယင်အက်ကွဲလျက်ရှိသည်။ ရှိခိုးထားသော တာရာ၏လက်ဖျားကလေးများသည် သံဝေဂရမှုစိတ်ဓာတ်အဟုန်ကြောင့် တဆတ် ဆတ်လှုပ်ခါလျက်ရှိသည်။

"မိမိအပြစ်ကို အပြစ်ဟုသိခြင်းသည် ပညာရှိလက္ခဏာဖြစ်ပေသည်။ နှမ မိမိ အပြစ်ကိုသိ၍ အပြစ်တင်မိသူအား တောင်းပန်ခဲ့လျှင် ကျေအေးတော့သည် နှမ။ သာဓု...သာဓု..."ဟု သမာပတ်မှ နိုးကြားလာသော ရှင်အနုရုဒ္ဓါက ပြန်လည် မိန့်ကြားသည်။

ထို့နောက်တွင်မူ ရှင်အနုရုဒ္ဓါအဖို့ ခရီးဆက်ရတော့အံ့ဟု နေရာမှထသည်။ အမျိုးသမီးက လမ်းခရီး၌ အလိုရှိသောနေရာတွင် သုံးဆောင်နိုင်ရန် အိမ်တွင် အဆင်သင့်ရှိသော မုန့်ဆွမ်းများကို သပိတ်အပြည့် လောင်းလှူလိုက်သည်။ သာဝတ္ထိ၊ ဇေတဝန်ကျောင်းတော်သို့ ညနေပိုင်းအချိန်မီပင် ရောက်ရှိ၏။ ဘုရားရှင်သည် တရားမဏ္ဍပ်၌ တပည့်ရဟန်းတို့အား တရားဟောတော်မူတော့မည့်အချိန်ဖြစ်သည်။

တရားမဏ္ဍပ်သို့ ရှင်အနုရုဒ္ဓါဝင်သွားသောအခါ ဆရာသမားနှင့် မိတ်ဆွေ ရဟန်းများက ဝမ်းမြောက်စွာ ဆီးကြိုကြသည်။ ဘုရားရှင်ရှေ့တော်မှောက်ရောက်၍ ရှိခိုးပြီးသောအခါ ဘုရားရှင်က သာရေးနာရေးနှင့်လာခဲ့သော လမ်းခရီးအရေး ပဋိသန္ဓာရစကား မေးမြန်းမြွက်ကြားတော်မူသဖြင့် အစီရဝတီမြစ်ရေကြီးနေသော ကြောင့် လမ်းခရီးတွင် တစ်ညဥ့်နားနေရသည့်အကြောင်းနှင့် ထိုညဥ့်တွင် မာတုဂါမ တစ်ယောက်၏ တိုက်ခန်း၌ တွေ့ကြုံခဲ့ရသော အတွေ့ဆန်း အမြင်ဆန်းများကို လျှောက်ကြားသည်။

ထိုအခါ ဘုရားရှင်က "ချစ်သားတို့၊ မာတုဂါမတို့မည်သည် ပြကတိအားဖြင့် ပင် တရားရှင်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်တတ်သည်။ ဆိတ်ကွယ်ရာ၌ နှစ်ဦးချင်း တွေ့ဆုံသော် အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ အနုရုဒ္ဓါ၏ အတွေ့အကြုံသည် သိက္ခာ ပုဒ် ပညတ်ဖို့ရန် အကြောင်းဖြစ်လာသည်။ ထို့ကြောင့် သိက္ခာပုဒ်ပညတ်မည်။

www.burmeseclassic.com

www.burmeseclassic.com



အကြင်ရဟန်းသည် မာတုဂါမနှင့်အတူ အမိုးတစ်ရံတည်းသောနေရာ၌ မအိပ်ရ။ အိပ်ခဲ့သော အပြစ်သို့ရောက်စေ"ဟု ဒေသနာ ဓမ္မစက်တစ်ရပ် မိန့်မြွက်တော်မူလိုက်ရာ "သာဓု...သာဓု...သာဓု"ဟူသော ရဟန်းတို့၏ ကောင်းချီးသံသည် ဘဝဂ်ယံသို့ ပျံ့လွင့်၍သွားလေသည်။ ။

www.burmeseclassic.com

www.burmeseclassic.com



# ပုဏ္ဏာဝတီ

[ ၁ ]

သည်နှစ် သာဝတ္ထိဆောင်းမှာ ခါတိုင်းများထက် ပို၍အေးချမ်းပုံရသည်။ ညဥ့်ဦးပိုင်း အအေးဓာတ်ကြောင့် အိပ်ရာသို့ စောစောဝင်ခဲ့သော်လည်း နံနက်ကျပြန်တော့လည်း မိုးစင်စင်လင်းချိန်တိုင်အောင် အိပ်ရာမှမထချင်။ ထွေးထွေးနွေးနွေး ကွေး၍သာနေချင်သည်။

သို့ရာတွင် မယ်ပုဏ္ဏာမှာ ထွေးထွေးနွေးနွေး ကွေးချင်သလို ကွေး၍နေနိုင်သော စည်းစိမ်ရှင်မဟုတ်။ တာဝန်ကိုကျေပွန်ရမည့် သူ့ကျွန်မှုဖြစ်သည်။ ကျွန်ဆိုသော်လည်း မိမိတို့ဆိုင်ရာ အပိုင်းတွင် ကျွန်ခေါင်းဆောင်ဖြစ်၍ သူတစ်ပါးထက် ထထကြွကြွ ဝီရိယရှိဖို့လိုသည်။

ထို့ပြင် သူဌေးကြီးက မိမိကို ယခုတလောတွင် အထူးအခွင့်အရေး မျက်နှာသာပေးထားသည်။ ထို့ကြောင့် မိမိက ခါတိုင်းထက်ပို၍ အလိုက်သိဖို့လိုသည်။

ထိုအခိုက်တွင် မြစ်ဆိပ်၌တွေ့ကြုံရအံ့သော ဗြဟ္မာလေး သောတ္တိယကို သတိရလိုက်သောအခါ အင်အားတစ်ခုက ဆွဲ၍ထူလိုက်သကဲ့သို့ အိပ်ရာထဲတွင် လူးလွန့်နေရာမှ ဆောတလျင် ထမိလျက်သားဖြစ်သွားသည်။ ထို့နောက် အိမ်တံခါးကိုဖွင့်ကာ အစေခံတန်းလျားရှိ အခြားအခန်းမှ အမျိုးသမီးများသို့ "ထကြဟေ့...ထကြဟေ့၊ အပျင်းထူမနေကြနဲ့။ ဘယ်အချိန်ရောက်နေပြီလဲ၊ သွားကြမယ်ဟေ့"ဟု လှမ်းအော်လိုက်ရာ ခေါင်းဆောင်ဖြစ်သူ မလှုပ်သေး၍ ချမ်းချမ်းနှင့် ကုပ်နေကြသော်လည်း အဆင်သင့်ဖြစ်နေကြသော အမျိုးသမီးကလေးကိုယ်စီ ထွက်လာကြသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်တွင် နှင်းထုကြီးမှာ တစ်အိမ်နှင့်တစ်အိမ်၊ အစေခံတန်းလျားမှ ဆွမ်းကျွေးမဏ္ဍပ်ဆီသို့ လှမ်း၍ မမြင်လောက်အောင်ပင် ပိတ်ဆိုင်းလျက်ရှိသည်။ မယ်ပုဏ္ဏာ ခေါင်းဆောင်သော အမျိုးသမီးကလေးများသည် နှင်းထုများအကြားမှ ဆွမ်းကျွေးမဏ္ဍပ်ဆီသို့သွားကာ ဆွမ်းကျွေးမဏ္ဍပ်တွင် မနေ့ကကျန်ရှိသော ပန်းကန်ခွက်ယောက်များကို ကိုယ်စီသယ်၍ မြစ်ဆိပ်သို့ ဆင်းလာခဲ့ကြသည်။

အနာထပိဏ်၊ ဝိသာခါတို့အိမ်ဝင်းရှိ ဆွမ်းကျွေးမဏ္ဍပ်တွင် နေ့စဉ် သံဃာတော် ငါးရာကို ဆွမ်းကျွေးသည်ဆိုရာ၌ ဟင်းကျွေးစသော လူ့ဒါန်းဖွယ်ပစ္စည်းများကို နေ့စဉ်အလျှင်မီအောင် ဝယ်ခြမ်းစီစဉ်ရေး၊ သံဃာတော်ငါးရာနှင့် တစ်အိမ်လုံး တစ်ဖွဲ့လုံး လုံလောက်အောင် အိုးကြီးအိုးငယ်တို့ဖြင့် ချက်ပြုတ်ရေး၊ ဆွမ်းကျွေးကိစ္စပြီးသည်ဆိုလျှင် ပန်းကန်ခွက်ယောက် ပစ္စည်းပစ္စယများကို နေသားတကျ ဆေးကြော သိမ်းဆည်းရေး စသော နေ့စဉ်နှင့်အမျှ အလုပ်များမှာ ကြီးမားသောတာဝန်များ ဖြစ်ကြသည်။ ယင်းတာဝန်များအနက် နံနက်တိုင်း ပန်းကန်ခွက်ယောက်များကို မြစ်ဆိပ်သို့ဆင်း၍ ဆေးကြောရသောအလုပ်မှာ မယ်ပုဏ္ဏာ ခေါင်းဆောင်သော အမျိုးသမီးကလေးများ၏ တာဝန်ဖြစ်သည်။

မယ်ပုဏ္ဏာသည် ထိုစဉ်က မရှိမတိုက်၏ အစဉ်အလာအရ မျိုးရိုးအနေအားဖြင့်ပင် တည်ရှိခဲ့သော အနာထပိဏ်သူဌေး၏ ကျွန်ပေါင်းများစွာအနက်မှ ကျွန်မျိုးကျွန်နွယ် ကျွန်မကလေးတစ်ဦးဖြစ်သည်။

သူ့ကို မယ်ပုဏ္ဏာ သို့မဟုတ် "ပုဏ္ဏိကာ"ဟု ခေါ်ကြသည်။ 'ပုဏ္ဏာ'ဟူသော အမည်သည် ရိုးလည်းရိုး၏။ ဆန်းလည်းဆန်း၏။ 'ပြည့်ဝခြင်း'ဟု အဓိပ္ပာယ်ရှိ၍ မြန်မာတို့ ရေးစာဟောင်းများတွင် တွေ့ရှိရတတ်သော 'ကျွန်မပြည့်ဝ'ပင် ဖြစ်သည်။

ကျွန်ပေါင်းများစွာမှ ပေါက်ဖွားလာသူများသည် သူဌေး၏ ကျွန်ကလေးများပင် ဖြစ်လာကြရပေသည်။ ကျွန်ကြီးများမှ ကျွန်ကလေးတစ်ယောက် မွေးဖွားလာသည်ဆိုလျှင် ကျွန်ကလေးတစ်ယောက် ပေါက်ဖွားလာသည်ဟု စာရင်းတင်သည်။ ယင်းကျွန်ကလေးများအနက် အယောက်တစ်ရာမြောက် တစ်ရာပြည့်စာရင်းတွင် မွေးဖွားလာသူကို ရိုးရိုးလွယ်လွယ်ပင် ယောကျ်ားဆိုလျှင် မောင်ပုဏ္ဏာ၊ မိန်းမဆိုလျှင် မယ်ပုဏ္ဏာ၊ ပုဏ္ဏိကာ၊ မယ်ရာပြည့်၊ မယ်ပြည့်ဝဟု မှည့်ခေါ်လိုက်ကြသည်။ ဤနည်းဖြင့် အနာထပိဏ်သူဌေးအိမ်တွင် မယ်ပုဏ္ဏာ၊ မောင်ပုဏ္ဏာကလေးတွေ လေးငါးဦးရှိ၍ သာဝတ္ထိတစ်မြို့လုံးတွင် မြောက်မြားစွာရှိသည်။ ထို့ကြောင့် မယ်ပုဏ္ဏာဟူသည်

www.burmeseclassic.com

www.burmeseclassic.com



ရှိးလှသောအမည်ဖြစ်၏။

ဆန်းဟန်ကား ပုဏ္ဏာဟူသည် အခြားပြည့်ဝမှုအဓိပ္ပာယ်များစွာကိုလည်း ဆောင်သည်ဖြစ်ရာ ပုဏ္ဏမီစန်းလပြည့်ဝန်းကဲ့သို့လှသော၊ သို့မဟုတ် စန်းပုဏ္ဏမီလပြည့်ဝန်း၏ အလှကို ဆောင်သောအားဖြင့် မိမိတို့သမီးကလေးများအား မယ်ပုဏ္ဏာ၊ မောင်ပုဏ္ဏာတို့နှင့် ကွဲပြားလေအောင် ထီးဟန်နန်းဟန်၊ အထက်တန်းဟန်ဖြင့် 'ပုဏ္ဏာဝတီ' ဟု မှည့်ခေါ်ကြပြန်ခြင်းဖြစ်သည်။

နောက်ဆုံးဘဝ ပါရမီရှင်ကလေးဖြစ်သော မယ်ပုဏ္ဏာသည်လည်း ကျွန်တစ်ရာပြည့်သောကြောင့်သာမဟုတ်၊ စန်းပုဏ္ဏမီ လပြည့်ဝန်းကဲ့သို့ပင် လှပါ၏။ လှရုံမျှမဟုတ်၊ လိမ္မာသည်၊ ချက်ချာသည်၊ အတွေးအခေါ် ရင့်ကျက်သည်၊ ထက်မြက်သည်။ ဘုရားရှင်ကဲ့သို့ သိက္ခာတောင်ထု အရှင်သို့ပင် ချဉ်းကပ်လျှောက်ထားဝံ့လောက်အောင် ရဲရင့်သည်။ သို့ရာတွင် သူ့ခမျာ ကျွန်နွယ် ကျွန်ရိုး ကျွန်မျိုးကလေးဖြစ်နေ၍ စန်းပုဏ္ဏမီအလှနှင့် ထင်ဟပ်ကာ ပုဏ္ဏာဝတီဟုကား မမှည့်ခေါ်သာ။ မှည့်ခေါ်မခံရ။ မှည့်ခေါ်လျှင်လည်း မည်သူကမျှ အသိအမှတ်ပြုမည်မဟုတ်။ ထို့ကြောင့် မယ်ပုဏ္ဏာ၊ ပုဏ္ဏိကာ၊ ပြည့်ဝအဖြစ်မျှဖြင့်သာ ကျေနပ်ရသည်။

[ ၂ ]

ဘုရားရှင်၏ သက်တော် ဝါတော်စဉ်တစ်လျှောက်၌ သတ္တဝါအများကို ကယ်ချွတ်ရေး သာသနာပြန့်ပွားရေးအတွက် အဓိကထား၍ လုပ်ဆောင်တော်မူခဲ့သော ကိစ္စတစ်ရပ်မှာ ခရီးဒေသစာရီ ကြွချီတော်မူခြင်းပင် ဖြစ်ပေသည်။ မိမိကိုယ်တိုင်သာ ကြွချီတော်မူခြင်းမဟုတ်၊ တပည့်သံဃာအများကိုလည်း မိမိအလားတူ အနယ်နယ် အရပ်ရပ်သို့ ကြွချီ၍ ကျွတ်ထိုက်သသူတို့ကို တရားဟောရန်၊ သာသနာပြုရန် စေလွှတ်တော်မူသည်။ တပည့်သံဃာတစ်ဦးသည် မိမိကိုယ်ရေးကိုယ်တာထက် အများအကျိုး၊ သာသနာပြုနေသည်ဆိုလျှင် ဝမ်းမြောက်ချီးကျူးတော်မူသည်။

ဘုရားဖြစ်တော်မူကာစ သာသနာတော် မကျယ်ပြန့်သေးမီ တပည့်သံဃာတို့နည်းလှသေးသည့်အချိန်ကဆိုလျှင် "တပည့်တို့...တစ်နေရာတည်းတွင် နှစ်ပါးတွဲ၍ မနေကြကုန်လင့်၊ အနယ်နယ်အရပ်ရပ်သို့ တစ်ကြောင်းစီသော ခရီးဖြင့်သွား၍ သာသနာပြုကြကုန်လော့"ဟူ၍ပင် တိုက်တွန်းစီစဉ်တော်မူခဲ့ဖူးသည်။

ဤနည်းဖြင့် ယနေ့ မဇ္ဈိမတိုင်း၌ သာသနာတော် စည်ပင်လာ၍ တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



တခြား သက်ရှယ်ကြီးရင့်လာကာ မိမိဘဝ နောက်ပိုင်းတွင် ကွန်းခိုသည့်အနေဖြင့် သာဝတ္ထိ၏ ဇေတဝန်၊ ပုဗ္ဗာရုံတို့တွင် အေးဆေးငြိမ်သက်စွာဖြင့် ဝါတော်အများဆုံး သီတင်းသုံးနေထိုင်သည်ဆိုသမင့်လည်း ဝါပအချိန်များတွင် အကြောင်းဆိုက်ရာ ထိုထိုအရပ်ဒေသများသို့ အချိန်ရသလောက် ဒေသစာရီ ထွက်တော်မူစမြဲပင် ဖြစ်ပေသည်။

ဤတွင် ဘုရားရှင် ဒေသစာရီခရီးတစ်ခု ထွက်တော်မူဖို့ရန် အစီအစဉ်၌ ကျောင်းဒကာကြီး အနာထပိဏ်၏ မြေးကလေး နားသမင်္ဂလာပွဲကြီး ဆင်ယင်ဖို့ကိစ္စမှာ ဆန့်ကျင်ဘက်လာ၍ တိုးနေ၏။ မိမိ၏မင်္ဂလာပွဲတွင် ဘုရားရှင် ရှိတော်မမူဘူးဆိုလျှင် အတော်ကြီးပင် အဆင်မပြေသည်ကို အနာထပိဏ် စိတ်မကောင်း ဖြစ်နေရသည်။ ဇေတဝန်တွင် ဘုရားရှင်မရှိသည့်တိုင်အောင် သာဝကကြီးများစွာ ရှိနေမည်မှန်ပါ၏။ သို့ရာတွင် အနာထပိဏ်အဖို့ မြေးချစ်ကလေး မင်္ဂလာကိစ္စ အတွက် ဘုရားရှင်နှင့် ပွဲကြီးဆင်နွှဲလိုက်ရမှ တင်းတိမ်ကျေနပ်နိုင်ပေမည်။

ခက်သည်ကား–ဘုရားရှင်၏ ဆန္ဒတော်ကို ဆန့်ကျင်၍ ဆိုင်းငံ့တော်မူပါဟု မလျှောက်တင်ဝံ့ခြင်း ဖြစ်ပေသည်။ မည်သည့်အခါကမျှ ဘုရားရှင်၏ဆန္ဒတော်ကို ဆန့်ကျင်ခဲ့ဖူးသည်လည်း မရှိခဲ့ပေ။ သို့ဖြစ်၍ မိမိ၏စိတ် မချမ်းသာမှုကို မိသားစု အချင်းချင်းတွင်သာ တဗျစ်တောက်တောက် ပြောဆိုနေမိရတော့သည်။ ဤတွင် မမျှော်လင့်သော မိမိပြဿနာ ဖြေရှင်းပေးမည့်သူ ပေါ်ပေါက်၍လာ၏။ ပုဏ္ဏိကာ တည်း။

"ဘုရားရှင် မကြွအောင် အရှင်သူဌေးမင်း မင်္ဂလာကိစ္စတွင် ဘုရားရှင် ရှိနေအောင် ကျွန်တော်မ လျှောက်ထားပေးပါမည်"ဟု ကျွန်မလေးတစ်ဦးက မတန်မရာစကားကို ဆိုလာသောကြောင့် အနာထပိဏ် အံ့အားသင့်ရ၏။

"ဟဲ့…နင်လျှောက်လို့ ဘုရားရှင်က နေမှာတဲ့လား"

"ကျွန်တော်မ ကြိုးစားလျှောက်ထားကြည့်ပါဦးမည်"

"ဘုရားရှင်ရဲ့ဆန္ဒတော်ဆိုတာဟာ နင်တို့ ငါတို့လို လူသာမန်မဆိုထားနဲ့ နတ်တို့၊ ဗြဟ္မာတို့တောင် မဆန့်ကျင်ဝံ့ဘူး။ နတ်တို့၊ ဗြဟ္မာတို့ မဆိုထားပါနဲ့လေ အင်မတန် အရေးပါလှတဲ့ သူ့လက်ကတုံးတောင်ဖေ့း အရှင်အာနန္ဒာကိုယ်တော် တောင် ဆန့်ကျင်လို့ မရဘူးမဟုတ်လား"

"ဘယ်လိုများပါလိမ့် အရှင်သူဌေး"

www.burmeseclassic.com

www.burmeseclassic.com



ကောသမ္ဗီကို သာသနာပြုကြွတုန်းက ဘုရားမှန်းမသိ၊ သံဃာမှန်းမသိ ကောသမ္ဗီ လူဆိုးတွေက ဆဲဆို ခဲနဲ့တောင်ပေါက်လို့ သူ့ညီတော်အာနန္ဒာက ကောသမ္ဗီသားတွေဟာ ရိုင်းလှပါတယ်၊ ပြန်ကြွပါစို့လို့ လျှောက်ထားတော့ ဘုရားရှင် လိုက်နာခဲ့ရဲ့လား။ ပြီးတော့ ရာဇဂြိုဟ်မှာ နာဠာဂီရိဆင်ဆိုးကြီးနဲ့ ဘုရားရှင်ကို တိုက်သတ်မယ်ဆိုတာ သိရက်သားနဲ့ အတင်းဆွမ်းခံထွက်တာကိုရော ညီတော်အာနန္ဒာက ဆွမ်းခံမထွက်ဖို့ လျှောက်ထားတာ လိုက်နာခဲ့ရဲ့လား။ ခုကိစ္စမှာ နင့်လို ကျွန်တစ်ယောက်က လျှောက်ထား တားမြစ်မယ်ဆိုတာကိုများ...

"ဒါမတော့ စူးနေရာစူး ဆောက်နေရာဆောက်ဆိုတာလို ဖြစ်လိမ့်မယ် ထင်မိပါတယ်။ ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ကျွန်မတို့လို အနိမ့်တန်းစားဆင်းရဲသားမျက်နှာကို ပိုပြီးကြည့်တတ်တယ်၊ ကရုဏာတော်ထားတတ်တယ်လို့ ထင်မိပါတယ်။ အဲဒီအားကိုးကလေးတစ်ချက်နဲ့ ကျွန်တော်မ လျှောက်ထားကြည့်မယ်လို့ ပြောမိခြင်းပါ"

"အင်း...အင်း အာဂပုဏ္ဏိကာပါလား ဟိတ်။ မယ်မင်းရဲ့စိတ်ကူး၊ မယ်မင်းရဲ့ရဲရင့်မှုကလေးက မဆိုးလှပေဘူး၊ နက်ဖြန် ဘုရားရှင်ဆွမ်းစားကြွလာတော့ စမ်းသပ်လျှောက်ထားကြည့်သေးတာပေါ့။ ဘုရားရှင်ကြွလာအောင်လည်း ကြိုတင်လျှောက်ထား စီစဉ်ရဦးမယ်။ မယ်မင်းလျှောက်ထားလို့ ဘုရားရှင်က သူ့ဒေသစာရီကို ဖျက်လိုက်မယ်ဆိုရင်တော့ကွာ..."

အနာထပိဏ်က လှိုက်လှဲသောအသံဖြင့် ပုဏ္ဏိကာကို ပြုံးပြုံးကြီးကြည့်၍ စကားကို အဆုံးမသတ်ဘဲ ပြောလိုက်သည်။ ထိုစကား၏နောက်တွင် အဓိပ္ပာယ်တွေများစွာရှိသည်။ အရှင်သခင်က ပြုံးပြုံးကြီးကြည့်၍ စကားဆိုလိုက်ခြင်းသည် ကျွန်ဖြစ်သူအား ချီးမြှောက်ခြင်း၊ မျက်နှာသာပေးလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် မယ်ပုဏ္ဏာက ပြုံးပြုံးကလေးနှင့် အနီးမှခွာခဲ့သည်။

အနာထပိဏ်တို့၊ ဝိသာခါတို့က ဘုရားရှင်နှင့် သံဃာငါးရာတို့ကို နေ့စဉ်ဆွမ်းလုပ်ကျွေးသည်ဆိုသမင့်လည်း ဘုရားရှင်အဖို့ နေ့စဉ်ကြွရောက် ဘုဉ်းပေးသည်မဟုတ်။ ပင့်ဖိတ်သူ အခြားနေရာများစွာသို့ ကြွသေးသည်။ ပင့်ဖိတ်သူမရှိစေကာမူ သလုံးမြင်းခေါင်းဖြင့် ရင်းအပ်သော ဆွမ်းကို အမွန်အမြတ်ထားသူ ဘုရားရှင်အဖို့ တပည့်သံဃာများနည်းတူပင် အခွင့်သာတိုင်း ဆွမ်းခံထွက်မြဲဖြစ်သည်။ ထို့ကြောင့် သူ့မဏ္ဍပ်သို့ နက်ဖြန်တွင် ဘုရားရှင်ကြွလာအောင် ကြိုတင်စီစဉ်ရမည်ဟု အနာ

www.burmeseclassic.com

www.burmeseclassic.com



ထပိဏ် ဆိုခြင်းဖြစ်၏။

နောက်နေ့နံနက်တွင် ဘုရားရှင်ကြွလာ၍ ဆွမ်းကိစ္စပြီးစီးသောအခါ ဘုရားရှင်ရှေ့ရှိ အနာထပိဏ်၏ နောက်နားဆီသို့ ပုဏ္ဏိကာ ချဉ်းကပ်ဝပ်တွားကာ "တပည့်တော်မသည် သူဌေးမင်း၏ ကျွန်ပုဏ္ဏိကာပါဘုရား၊ အရှင်မြတ်အား တပည့်တော်မ လျှောက်ထားရန်ရှိ၍ ခွင့်ပြုတော်မူပါဘုရား"ဟု လျှောက်ထားလိုက်သောအခါ ဘုရားရှင်က လျှောက်ထားစေဟူသောသဘောဖြင့် ဆိတ်ဆိတ်နေ၍ မသိမသာ ပြုံးတော်မူ၏။

ယနေ့အထိ သတ္တဝါပေါင်း သိန်းသောင်းမကကို ကယ်ချွတ်ခဲ့ရာ၌ ရိုးရိုးတရားဟော၍ ကယ်ကျွတ်ခဲ့မှုများအပြင် မိမိတရားနယ်အတွင်းသို့ ရောက်လာရန် တန်ခိုးအမျိုးမျိုး၊ နည်းပရိယာယ်အဖုံဖုံဖြင့် ကယ်ချွတ်ခဲ့တော်မူခဲ့ရသည်များလည်း ရှိခဲ့၏။ ပုဏ္ဏိကာကား ကြုံလာသည့်ဖြစ်ရပ်အပေါ်တွင် သူ့ပါရမီ၊ သူ့အရှိန်နှင့်သူ ရောက်လာသော ပါရမီရှင်သမီးတော်တစ်ပါးဖြစ်ကြောင်း အနာဂတံသဉာဏ်တွင် ထင်လာသောကြောင့် ပြုံးတော်မူခြင်းဖြစ်၏။

"မှန်လှပါ အရှင်မြတ်၊ ခရီးဒေသစာရီ ထွက်ချီတော်မူမည့်အကြောင်း ကြားသိရပါသည်။ အရှင်မြတ် ဒေသစာရီကြွချီမည့်အချိန်မှာ တပည့်တော်မတို့အရှင် သူဌေးမင်း၏ မြေးကလေး နားသမင်္ဂလာသဘင် ဆင်ယင်မည့် နေ့ရက်နှင့် တိုက်ဆိုင်နေ၍ စိတ်မချမ်းမသာ ဖြစ်နေကြရပါသည်။ တပည့်တော်မတို့သခင်သည် အရှင်ဘုရားနှင့် ကျေးဇူးအတုံ့အလှယ် ရှိကြသည်ကို တပည့်တော်မ အထူးလျှောက်ထားဖွယ် မလိုပါ။ ဤကိစ္စတွင် အရှင်မြတ်သည် အရှင်သူဌေးမင်း၏ဆန္ဒ၊ တပည့်တော်မတို့၏ စေတနာကို ငဲ့ညှာသနားသောအားဖြင့် ဒေသစာရီမကြွဘဲနေရန် သို့မဟုတ် ဒေသစာရီရက်ကို ရွှေ့ဆိုင်းပေးပါရန် ခြေတော်ဦးခိုက် အသနားခံ လျှောက်ထားဝံ့ပါသည် အရှင်မြတ်ဘုရား"

"ပုဏ္ဏိကာ...သင့်လျှောက်ထားချက်အတိုင်း ရွှေ့ဆိုင်းပေးဖို့ ဝန်မလေးပါ။ သို့သော် ဘုရားရှင်နှင့် သံဃာတော်တို့အား တားမြစ်လျှောက်ထားသူတို့မည်သည် ဘုရားရှင်နှင့် သံဃာတော်တို့အတွက် ဆွမ်းကွမ်းကိစ္စ စသည် တာဝန်ယူကြမြဲဖြစ်သည်။ သင့်မှာ ငါဘုရားနှင့် နောက်ပါတပည့်သံဃာများအတွက် တာဝန်ယူနိုင်စွမ်း ရှိပါ၏လား ပုဏ္ဏိကာ"

"အရှင်မြတ်ဘုရား...လျှောက်ထားတားမြစ်သူဖြစ်သည် မှန်ပါ၏။ သို့ရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် စေတနာသာချမ်းသာ၍ ပစ္စည်းမချမ်းသာသော တပည့်တော်၏ဘဝကို အရှင်မြတ် အသိပင်ဖြစ်ပါတော့သည်ဘုရား"

"ပစ္စည်းမရှိသည်ကို ငါသိပါ၏။ သို့ရာတွင် ကျေးဇူးဟူသည် အတုံ့အလှယ် ပြုရသည်မှာ သူတော်ကောင်းတို့ထုံးဖြစ်ပေသည်။ သင်လျှောက်ထား၍ ငါမသွားခဲ့သော် ငါ့ကျေးဇူး သင့်မှာတည်ရှိပေတော့မည်။ ပစ္စည်းပင်မဟုတ်စေကာမူ အခြားနည်းဖြင့် မည်သို့တုံ့ပြန်နိုင်ပါမည်နည်း ပုဏ္ဏိကာ"

"မှန်လှပါ၊ ဘုရားတပည့်တော်မသည် ယနေ့မှစ၍ အရှင်မြတ်အလိုရှိတော်မူအပ်သော သီလကို စောင့်ထိန်းခြင်းဖြင့် ကျေးဇူးတုံ့ပြန်ခွင့် ပြုတော်မူပါဘုရား"

"သင့်မြတ်လှပေစွ ပုဏ္ဏိကာ၊ သာဓု...သာဓု၊ သင့်ကျေးဇူးကို လက်ခံ၍ သင့်လျှောက်ထားချက်ကို လက်ခံပါမည်"

ဘုရားရှင်က ပဋိညာဉ်ပေးလိုက်သောအခါ အံ့သြဘနန်းဖြစ်ရင်း ကြက်သီးတဖြန်းဖြန်းထလောက်အောင် ပီတိဖြစ်နေသူမှာ အနာထပိဏ်ဖြစ်၏။ ဘုရားရှင်က ပဋိညာဉ်ပေး၍ နေရာမှကြွသွားတော်မူသောအခါ ဖြစ်ပေါ်လာသော ပီတိကြောင့် အနာထပိဏ်အဖို့ ဦးညွှတ်ရာမှပင် ခေါင်းမဖော်မိဘဲ ပီတိအရှိန်ကို တစိမ့်စိမ့်ခံစားရင်း ကျန်ရစ်ခဲ့သည်။

ဘုရားရှင်က မယ်ပုဏ္ဏာအား ပစ္စည်းအကြောင်း နောက်ဆက်တွဲ မိန့်ခွန်းစကား ပြောကြားလိုက်ခြင်းမှာ အကြောင်းရှိ၏။ ယင်းအကြောင်းကား ယခုမှတွေ့ရသော်လည်း မကြာမီသော အချိန်ကာလအတွင်း၌ပင် သာသနာ့စည်းဝိုင်းအတွင်းသို့ ရောက်လာတော့မည်ကို သိတော်မူပြီးဖြစ်သည့်အတိုင်း ရင်းနှီးလာစေရန် ယင်းသွင်းလိုက်သော ပရိယာယ်စကားမျှသာ ဖြစ်ပေသည်။

အနာထပိဏ်သည် ငုံ့လျှိုးဝပ်တွားနေရာမှ ဦးခေါင်းထောင်၍ မယ်ပုဏ္ဏာဆီသို့ လှည့်ကြည့်လိုက်သောအခါ ကိုယ်ဟန်မပျက် ပုံ့ပုံ့ကလေးထိုင်၍ မိမိအလားတူ ပီတိဖြစ်နေဟန်တူသော မယ်ပုဏ္ဏာအား "သမီး...သမီး၊ ဖေ့သမီး၊ အာဂသမီး၊ အာဂသမီး၊ ငါ့သမီးကြောင့် ဝမ်းမြောက်လို့မဆုံးတော့ပါဘူးကွယ်"ဟု ကျောကို သပ်၍ ပြောကြားလိုက်သည်။ ထိုအချိန်မှစ၍ မယ်ပုဏ္ဏာ၏ လုပ်ငန်းဆောင်တာ၊ နေရာထိုင်ခင်း စသည့် အခွင့်အရေးများသည် အနာထပိဏ်၏ မျက်နှာသာပေးခံရခြင်းနှင့်အတူ မြင့်မား၍လာခဲ့ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ဤအခွင့်အရေးကြောင့် မိမိက ပေါ့ဆနေလျှင် မဖြစ်ချေသေး။ ခါတိုင်းထက်ပင် တာဝန်ကိုကျေပွန်ရပေမည်။ တစ်နည်းတော့လည်း မိမိ၏ကျွန်ဘဝမှာ ပျော်စရာကောင်းသည်ဟု ပုဏ္ဏိကာ စဉ်းစားမိ၏။ အကြောင်းကား သူ့ကျွန်ဆိုသမင့်လည်း ကုသိုလ်လည်းရ ဝမ်းလည်းဝဟူ၏သို့ မိမိဆောင်ရွက်ရသော ကိစ္စများမှာ ကုသိုလ်ရေးကိစ္စများပင် မဟုတ်ပါလော။

ထို့အပြင် ယခုတလော၌ မြစ်ဆိပ်သို့ အိုးခွက်ဆေးဆင်းရင်း မြစ်ဆိပ်ကမ်းပါး မိမိတို့ အိုးခွက်ဆေးရာအနီးတွင် ဗြာဟ္မဏလုလင်ကလေးတစ်ယောက်ကို တွေ့တွေ့နေရသည်မှာလည်း နှစ်သိမ့်စရာ၊ ပျော်စရာတစ်ကွက် ဖြစ်ခဲ့သည်။

မကောင်းမှုဟူသည် မြစ်ဆိပ်တွင် မျှောပစ်ရမည်။ သို့မဟုတ် မိမိမကောင်းမှုများကို မြစ်ရေဖြင့်ဆေးကြောပစ်ရမည်။ နောက်ထပ်မကောင်းမှုများ ဖြစ်ပေါ်မလာစေရန် မြစ်ရေတွင်စိမ်ခြင်း၊ ရေကူးခြင်းဟူသော အအေးဓာတ်၊ အမောဓာတ်ဖြင့် ကာကွယ်ရမည်။ မြစ်ရေကြောင့် ချမ်းအေးလွန်းလာလျှင် ကုန်းပေါ်တွင် မီးလှုံရမည်ဟု အယူရှိဟန်တူသော ဗြာဟ္မဏလုလင်ကလေးသည် မိမိတို့ အိုးခွက်ဆေးရာ ဆိပ်ကမ်းသာအနီးတွင် ရေထဲတွင်စိမ်ခြင်း၊ ကူးခတ်ခြင်း၊ မောလာအေးလာလျှင် ကုန်းပေါ်တွင် အသင့်ဖိုထားသော မီးဖို၌လှုံခြင်း၊ ရံဖန် ရေကသိဏ်းရှုဟန်ဖြင့် မြစ်ပြင်ကျယ်ကို စူးစိုက်စွာကြည့်ခြင်း၊ ရံဖန် ကမ္ဘဋ္ဌာန်းထိုင်ဟန်ဖြင့် ကမ်းနဖူးမြေပြင်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်ခြင်း စသည်ဖြင့် တစ်လှည့်စီပြုလုပ်လျက်ရှိနေသည်ကို ယခုတလော မြစ်ဆိပ်သို့ဆင်းတိုင်း ပုဏ္ဏိကာတို့ တွေ့နေရသည်။

ဗြာဟ္မဏလုလင်ကလေးသည် ကိုယ်ဟန်နုပျိုလန်းဆတ်၏။ ဝါနုသောအသားအရေမှာ စင်ကြယ်သန့်စင်၏။ မျက်နှာကလေးမှာ မဟာဆိမဟာသွေးတစ်ဦးဦးမှ ဆင်းသက်လာတော့သယောင် ပြေပြေပြစ်ပြစ်လှပ၍ မဟာဆန်၏။ ထိုမျက်နှာတွင် ရိုးသားသန့်စင်မှုအသွင် သိသိသာသာဆောင်၍ စဉ်းစားတွေးခေါ်တတ်သည့် မျက်နှာမျိုးလည်း ဖြစ်သည်။

ပုဏ္ဏိကာက ထိုအချက်များထက် ပို၍ ဤလုလင်ကလေးအပေါ်တွင် သံယောဇဉ် တွယ်မိသည်မှာ လုလင်ကလေး၏ အမည်ပင်ဖြစ်၏။ လုလင်၏အမည်မှာ "သောတ္ထိယ"ဟု သူ့အဖော်များထံမှ သိရသည်။ သောတ္ထိယဟူသောအမည်သည် မိမိကြည်ညိုသော ဘုရားရှင်နှင့် ဆက်သွယ်လျက်ရှိသည်။ သိဒ္ဓတ္ထမင်းသား ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော်မူရန် ဗောဓိမဏ္ဍိုင်၌ တရားကျင့်တော်မူသောအခါ မြက်ရှစ်ဆုပ် ပလ္လင်တော်ကို လှူဒါန်းခဲ့သူမှာ သောတ္ထိယမည်သော လုလင်ပင် မဟုတ်ပါလော။

ယနေ့လည်း မြစ်ဆိပ်သို့ရောက်သည်ဆိုလျှင်ပင် ချမ်းအေးလှသော မြစ်ရေအတွင်း၌ ငုပ်လိုက်ပေါ်လိုက် ကူးလိုက်ခတ်လိုက်နှင့် တဖွားဖွားလုပ်လျက်ရှိသော လုလင်ကလေးကို အဆင်သင့်တွေ့ရ၍ မယ်ပုဏ္ဏာအဖို့ တပြုံးပြုံးနှင့် မသိမသာ လှမ်းမျှော်ကြည့်ရှုကာ ပီတိဖြစ်လျက်ရှိ၏။

မယ်ပုဏ္ဏာ၏ အရိပ်အယောင်ကို ကြည့်လျက်ရှိသော အဖော်မတစ်ဦးက–

"ဟော့...ပုဏ္ဏိကာ...သိပ်စိတ်ဝင်စားမနေနဲ့အေ့၊ လှတာကတော့ အတော်ကို လှတဲ့ လုလင်လေးပဲ၊ နို့ပေမယ့် သူက မျိုးကြီးရိုးကြီး ဗြာဟ္မဏမျိုးရိုးအေ့ရဲ့။ ပြီးတော့ ဗြာဟ္မဏရဟန်းလောင်းတစ်ပါးလည်း ဖြစ်ဟန်တူရဲ့။ တော်ကြာ ပဝါပါးကို ကြက်သားသွားထုပ်မိလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်"ဟု ကျီစယ်လိုက်သောအခါ မယ်ပုဏ္ဏာက "အသာနေစမ်းပါအေ...ညည်းတို့သိတာထင်တာက တစ်မျိုးပါ"ဟု ပြန်ပြောလိုက်ရ၏။

ထို့နောက် ဗြာဟ္မဏကလေးအနီးသို့ စကားပြောလိုဟန်ဖြင့် မသိမသာ ချဉ်းကပ်သွားသည်။ ထိုအခါ လုလင်ကလေးသည် ရေကစား၍ မောသဖြင့် ကမ်းပါးစပ်တွင် ရေကသိုဏ်းရှုဟန်ပြုနေသည်။ ဗြာဟ္မဏကလေးအနီးသို့ ရောက်သောအခါ လုလင်ကလေးက ပုဏ္ဏိကာသို့ လှည့်၍ကြည့်၏။

"သည့်ကလောက် ချမ်းချမ်းစီးစီးကြီးမှာ ကျွန်မတို့ချည်း အောက်မေ့တာ၊ အခုတော့ အဖော်ရှိသေးတာပဲ"

"ဒါကတော့ ကိုယ့်ကိစ္စနဲ့ကိုယ်ပဲ နှမ"

"ဘာကိစ္စများပါလဲ မောင်ကြီး။ ကျွန်မတို့မှာတော့ မလွဲမရှောင်သာတဲ့ တာဝန်ရှိလို့ ချမ်းချမ်းစီးစီးနဲ့ အိုးတွေခွက်တွေ ဆေးရပါတယ်။ မောင်ကြီးမှာတော့ ဘာလုပ်တာမှ မတွေ့ပါကလား"

"အိုးတွေခွက်တွေ ဆေးတာကိုမှ ကိစ္စလို့ခေါ်ရမှာလား၊ သူတစ်ပါးကခိုင်းမှ တာဝန်လို့ ဆိုရမှာလားနှမ"

"မနက်စောစောကြီး မိုးလိုရွာနေတဲ့နှင်းတွေ ရေခဲလိုအေးမြတဲ့ မြစ်ရေထဲမှာ မချမ်းနိုင်မစီးနိုင် ရေလာလာချိုးရတဲ့အလုပ်ဟာ ဘယ်လိုအလုပ်ကိစ္စမျိုးလဲဆိုတာ သိချင်လိုက်ပါဘိ မောင်ကြီးရှင်။ ဒါကြောင့်မို့လည်း မောင်ကြီးဆီလာပြီး မေးမိတာ

www.burmeseclassic.com

www.burmeseclassic.com



ပါ"

"အို…နမ။ ။ငါသည် မကောင်းမှုဒုစရိုက်မှန်သမျှကို စင်ကြယ်အောင်လုပ်နေတဲ့သူပါ။ မကောင်းမှုဒုစရိုက်များ မဝင်လာအောင် တားဆီးနေတဲ့သူပါ။ ဒါကြောင့် မကောင်းမှုတို့ ကင်းစင်အောင်၊ မဝင်လာအောင် ရေဖြင့် စင်ကြယ်စေရပါတယ်။ မီးဖြင့် စင်ကြယ်အောင်လုပ်ရပါတယ်"

လုလင်လေးစကားကြောင့် ပုဏ္ဏိကာ အပြုံးပန်းကလေး ပွင့်သွားရသည်။ ပြုံးရုံသာမဟုတ် ခစ်ခနဲပင် ရယ်သံလေးတစ်ချက် ထွက်သွားမိသောကြောင့် အားနာသယောင်ဖြင့် ကိုယ်ရှိန်ကိုသတ်လိုက်ရသည်။ လုလင်ကလေးက မိမိအား မထီမဲ့မြင် လာလုပ်လေယောင်တကားဟု ပုဏ္ဏိကာသို့ တစ်ချက်မျှ မော်၍ကြည့်လိုက်သည်။

"မောင်ကြီးစကားကြားရတော့ စိတ်လည်းမရှိပါနဲ့ မောင်ကြီး။ ကျွန်မစိတ်ထဲမှာ ပေါ်လာတာကို ပြောရမှာဖြင့် ရေငုပ်ရေချိုးလို့ မကောင်းမှုကင်းကြစတမ်းဆိုရင် ရေထဲမှာနေတဲ့ ငါးတွေ လိပ်တွေ မိကျောင်းတွေဟာ သူတော်ကောင်းတွေ ဖြစ်ကုန်ရောပေါ့ရှင်"

ပုဏ္ဏိကာ၏စကားကြောင့် ဗြာဟ္မဏကလေးအဖို့ အရိုက်ကိုထိလိုက်ဟန်ဖြင့် ကိုယ်ဟန် သိသိသာသာ လှုပ်ရှားသွားသည်ကို တွေ့လိုက်ရသည်။ စဉ်းစားမိဟန်ဖြင့် နဖူးရည်တွန့်ကာ မေးမှိန်ထားသောမျက်လုံးများ ဝိုင်းကျယ်သွားသည်ကိုလည်း တွေ့လိုက်ရသည်။

ရုတ်တရက် စကားပင်မပြန်နိုင်၊ အတန်ကလေးကြာမှ "နမရဲ့စကားဟာ စဉ်းစားစရာပေပဲ၊ အကြောင်းသင့်ပါပေတယ်။ နို့ပေမဲ့ ငါတို့ရဲ့ဆရာ ငါတို့ရဲ့ ကျမ်းဂန်က ဆုံးမ ရေးသားထားတဲ့အတိုင်း ကျင့်ရပေတာပဲ"

"လူမှန်သမျှမှာ ဆရာစွဲ စာစွဲ အစဉ်အလာစွဲဆိုတာ ရှိတတ်ကြမြဲပါပဲ။ နို့ပေမယ့် နမတို့ဆရာဘုရားရှင်ကတော့ ဆရာစွဲ စာစွဲ အစဉ်အလာစွဲဆိုတာ ထားသင့်သလောက်သာ ထားရမယ်တဲ့။ ကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်သုံးသပ်ရမယ်။ **'အတ္တာဟိ အတ္တနော နာထော'** မိမိကိုယ်သာ ကိုးကွယ်ရာရှိတယ်တဲ့။ ဟောတော်မူတယ်"

နမစကားတွေဟာ စဉ်းစားစရာ နှစ်ခြိုက်စရာတွေချည်းပါလား။ နမပြောတဲ့အတိုင်း လောကမှာ လူသတ္တဝါတွေဟာ ဆရာစွဲ စာစွဲနဲ့ ကျင့်ကြံလုပ်ကိုင်ကြတာ ချည်း များတာအမှန်ပဲ။ ဆရာတွေကလည်း ငါတို့စာမှစာမှန်၊ ငါတို့ဝါဒမှ ဝါဒမှန်ဆို

www.burmeseclassic.com



ပြီး တိုက်တွန်းကြတာပဲများတယ်။ မောင်ကြီးဟာ လွတ်မြောက်ရာ တရားရှာသလို တစ်ဖက်ကလည်း အသိဉာဏ်ရှာသူဖြစ်ပါတယ်။ နှမတို့ဆရာကတော့ ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုရမယ်လို့ ဟောသလား၊ နှမတို့ဆရာက ဘယ်သူပါလဲ။ ဘယ်မှာသီတင်းသုံးပါသလဲ"

"ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုရမယ်လို့ ကာလာမသုတ္တန်မှာ ဟောတော်မူပါတယ်။ ကာလာမအမျိုးသားတွေကို ဟောတော်မူတဲ့တရားမို့ ကာလာမသုတ္တန်လို့ ခေါ်ပါတယ်။ ကိုယ်ပိုင်ဉာဏ် အသုံးပြုနိုင်အောင်လည်း အကြောင်းအကျိုး ဆက်စပ်မှုနဲ့တကွ လမ်းခင်းပြသတော်မူပါတယ်။ နှမတို့ဆရာက ဂေါတမဘုရားရှင်ပါ။ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူပါတယ်"

"နှမတို့ဘုရားရှင်ကို တစ်ကြိမ်လောက် ဖူးတွေ့ချင်စမ်းပါဘိ နှမရယ်"

"အချိန်မရွေး အခါမရွေး တစ်ကြိမ်မက ဖူးတွေ့နိုင်ပါတယ်မောင်ကြီး"

မယ်ပုဏ္ဏာက လှည့်၍ထွက်လာခဲ့သောအခါ ဗြာဟ္မဏလုလင်ကလေး ငေးတွေ၍ ကျန်ရစ်သည်။ လုပ်လက်စ သူ့လုပ်ငန်းများကိုပင် မလုပ်ချင်တော့သယောင်ဖြင့် လှုပ်ရှားမှုလေးတွဲ့ ကျန်ရစ်သည်။

## [ ၄ ]

အနာထပိဏ်၏ ဆွမ်းကျွေးမဏ္ဍပ်သို့ ဘုရားရှင်ကြွရောက်လာရာ၌ ရံဖန်တစ်ပါးတည်း ကြွလာသည်လည်းရှိ၏။ ရံဖန် ရှင်အာနန္ဒာ၊ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် စသော နောက်လိုက်နောက်ပါများနှင့် ကြွရောက်သည်လည်းရှိ၏။ အနာထပိဏ်တို့နှင့် အကျွမ်းဝင်ပြီးသော မထေရ်ကြီးများသာဖြစ်၍ မျက်နှာစိမ်းရဟန်းဟူ၍ ပါရှိခဲ့သည်။ ယနေ့ကြွရောက်ရာ၌မူ နောက်တော်ပါးက မျက်နှာစိမ်းရဟန်းတစ်ပါး ပါရှိလာသောကြောင့် အကြောင်းတစ်စုံတစ်ရာ ရှိတန်ရာသည်ဟု အနာထပိဏ်တို့ အကဲခတ်ကြရသည်။

မုန်လှပေ၏၊ ခင်းထားအပ်သောနေရာတွင် ထိုင်မိသည်နှင့် တစ်ပြိုင်နက် ဘုရားရှင်က "ဒါယကာကြီး...ငါဘုရား နောက်တော်မှပါလာသော သောတ္ထိယမထေရ်မြတ်က တမြန်တလောက ငါဘုရားအား ဒေသစာရီ မကြွချီရန် လျှောက်ထားဖူးသော ဒါယကာကြီး၏ ကျွန်မပုဏ္ဏိကာကို တွေ့ဆုံလို၍ ခေါ်လာခဲ့ပေသည်" ဟု မိန့်ကြားလိုက်သောအခါ အကြောင်းပသို့ပါလိမ့်ဟု ရဟန်းတော်လေးမျက်နှာ

www.burmeseclassic.com



သို့ တစ်ချက်မျှ ဖူးမြော်လိုက်ရင်း ဆွမ်းကိစ္စနောက်ပိုင်းတွင် အလုပ်များလျက်ရှိသော ပုဏ္ဏိကာအား အခေါ်ခိုင်းလိုက်သည်။

မယ်ပုဏ္ဏာ ရောက်လာ၍ ရဟန်းတော်ကို ဖူးတွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ပထမသော် အံ့အားသင့်သွားသည်။ ထို့နောက်တွင်ကား ပီတိတဝေဝေ၊ စေတနာအပြည့်အသိပ်ဖြင့် ရဟန်းတော်အား အကြိမ်ကြိမ် အထပ်ထပ် ဦးနှိမ်ရှိခိုးသည်။

ရဟန်းတော်လေးက "အဘယ်နှမပုဏ္ဏိကာ"ဟု စတင်၍ နှုတ်ဆက်လိုက်သည်။ ယမန်တစ်နေ့က မြစ်ဆိပ်တွင် စတင်တွေ့ကြစဉ်က "နှမ"ဟူ၍ ခေါ်ခဲ့ရာမှ ယခုလည်း "နှမ"ဟူ၍ပင် ခေါ်လိုက်ခြင်းဖြစ်သည်။ ယင်းအခေါ်မှာ ဘုရားရှင်၏ အလိုတော်နှင့်လည်း ကိုက်ညီသည်။

ဘုရားရှင်က နှမအရွယ် ဒါယိကာမများအား တပည့်ရဟန်းများက "နှမ" ဟူ၍ ခေါ်ခြင်းကို နှစ်သက်တော်မူသည်။ သာသနာတော်နှင့် ရင်းနှီးကျွမ်းဝင်စေသော အခေါ်ဖြစ်သည်။ လက်ဝဲတော်ရံ ဒုတိယသာဝကမထေရ်ကြီးဖြစ်သော အဂ္ဂလိမာလကိုမူ အမျိုးသမီးများအား "နှမ"ဟု ခေါ်စေဟူ၍ပင် ပရိတ်တော်တစ်ပုဒ် သတ်မှတ်၍ အမိန့်ပေးတော်မူခဲ့ဖူးသည် မဟုတ်ပါလော။

"အဘယ်နှမ၏ ကျေးဇူးကား ငါ့အပေါ်၌ ကြီးမားလှပါပေသည်။ နှမ၏ ကျေးဇူးကြောင့် ဘုရားရှင်နှင့် ဖူးတွေ့ရကာ တန်ဖိုးမဖြတ်နိုင်သော လွတ်မြောက်ရာ ဓမ္မလမ်းကြောင်းပေါ်သို့ ရောက်ခဲ့ရပါသည် နှမ"

ရဟန်းတော်နှင့် မိမိကျွန်မပုဏ္ဏိကာတို့သည် အကြောင်းဘယ်ပုံ ဆက်နွယ်ခဲ့ပါလေသနည်း။ ဘုရားရှင်၏ ရှေ့တော်မှာပင်လျှင် လှိုက်လှဲသောအသံဖြင့် ရဟန်းတော်လေးက ကျေးဇူးစကားပြောကြားလေသည်မှာ အဘယ်ကျေးဇူးများပါနည်း။ ဘေးနားမှ နားထောင် အကဲခတ်လျက်ရှိနေသော အနာထပိဏ်အဖို့မူ မဝေခွဲနိုင်အောင် ရှိနေရပေသည်။

ထိုအခိုက် ဘုရားရှင်က "ဒါယကာကြီး...သောတ္ထိယဗြာဟ္မဏလုလင်သည် လွဲမှားသောအယူဖြင့် မြစ်ဆိပ်တွင် ရေစိမ် မီးလှူ အတ္တကိလမထအကျင့်ကို ကျင့်သုံးနေရာမှ မြစ်ဆိပ်သို့ အိုးခွက်ဆေးရန်ဆင်းလာသော ပုဏ္ဏိကာနှင့်တွေ့ရှိ၍ ပုဏ္ဏိကာက တရားဟောလမ်းညွှန်သောကြောင့် ငါဘုရားထံသို့ ရောက်ရှိလာကာ ရဟန်းဖြစ်ခဲ့ပေသည်။ ရဟန်းဖြစ်ရုံမျှမဟုတ်၊ ရက်ပိုင်းအတွင်းမှာပင် ကိလေသာမှ လွတ်မြောက်သူပင်ဖြစ်ခဲ့ပေပြီ။ သူတစ်ပါး၏ကျေးဇူးကို ထုတ်ဖော်တုံ့ပြန်ရခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာတစ်ပါးဖြစ်ပေသည်။ ထို့ကြောင့် သောတ္ထိယရဟန်းက ပုဏ္ဏိကာ၏ကျေးဇူးကို ထုတ်ဖော်ပြောဆိုခြင်း ဖြစ်ပေသည် ဒါယကာကြီး”ဟု မိန့်ကြားလိုက်သောအခါ အနာထပိဏ်အဖို့ အံ့သြခြင်း၊ ဝမ်းမြောက်ခြင်းတို့နှင့်အတူ ဘုရားရှင်အားဖူးလိုက်၊ ပုဏ္ဏိကာဘက်သို့လှည့်၍ စူးစူးစိုက်စိုက်ကြည့်လိုက်နှင့်ရှိရာက–

“ကဲ...ငါ့သမီး ပုဏ္ဏိကာ...ဘုရားရှင်ကို ဒေသစာရီမကြွအောင် လျှောက်ထားနိုင်ကတည်းက သမီးအပေါ်မှာ အဘ အင်မတန်ကျေနပ်နေခဲ့တယ်။ အခု ဂိုဏ်းတစ်ပါးဖြစ်တဲ့ ဗြာဟ္မဏတစ်ဦးကိုတောင်မှ ရဟန္တာဖြစ်အောင် ဆွဲဆောင်ဟောကြားနိုင်တဲ့ သမီးရဲ့အရည်အချင်းကို တွေ့ရတော့ ချီးကျူးမဆုံးဖြစ်ရပါတယ်။ သမီးဟာကျွန်မဘဝနဲ့ လားလားမှမတန်တော့ဘူး။ ဒါကြောင့်မို့ ဘုရားရှင်ရှေ့တော်မှောက်မှာပဲ ဒီနေ့ ဒီအချိန်ကစပြီး ကျွန်ဘဝက လွတ်မြောက်ပါတော့။ ကျွန်ဘဝက လွတ်မြောက်ရုံသာမကဘူး၊ ဒီနေ့ ဒီအချိန်ကစပြီး သမီးအဖြစ် မွေးမြူလိုက်ပါပြီ”ဟု ပြောလိုက်သောအခါ ပုဏ္ဏိကာအဖို့ မျှော်လင့်ချက်မရှိလောက်အောင် ပိတ်ဆီးလျက်ရှိသော အမှောင်ထုတံခါးကြီး မမျှော်လင့်ဘဲ ရုတ်တရက်ပွင့်လေသောကြောင့် ဝမ်းအသာကြီးသာကာ ဘုရားရှင်ကိုတစ်လှည့်၊ ဖခင်သူဌေးကိုတစ်လှည့် ဦးခိုက်၍မဝနိုင်လောက်အောင် အထပ်ထပ်အကြိမ်ကြိမ် ဦးနှိမ်ဝပ်တွားမိလေတော့သည်။

ပုဏ္ဏိကာအဖို့ အမှောင်တံခါးကြီးပွင့်သည်မှာ အမှန်ပင်ဖြစ်၏။ ယင်းသည်ကားကျွန်ဘဝမှ လွတ်မြောက်ရသည်မျှကို ဆိုလိုသည်မဟုတ်။ ကျွန်ဘဝမှ လွတ်မြောက်၍မိမိတစ်ဆင့်တက်လိုသည့်ဘဝအတွက် ဝမ်းမြောက်ကြည်နူးရခြင်း ဖြစ်ပေသည်။

ဗုဒ္ဓသာသနာထွန်းပေါ်စ ရှေးဦးပိုင်းတွင် ဗုဒ္ဓသည် သာသနာ့တံခါး သာသနာ့မုခ်ဦးကို အကန့်အသတ်မရှိ ဖွင့်လှစ်၍ထားခဲ့ပေသည်။ သို့ရာတွင် သာသနာတော်စည်ပင်ထွန်းကား၍လာသောအခါ လူမှုရေးကိစ္စအထွေထွေနှင့် မလွတ်မကင်းသူတို့ဝင်ရောက်၍လာသောကြောင့် သာသနာ့အရေးတွင် ရှုပ်ထွေး၍လာခဲ့ပေသည်။

ဥပမာအားဖြင့် မင်းပြစ်စိုးဒဏ် မကင်းသူတို့ ရဟန်းပြုသောအခါ မင်းရေးစိုးခွင်ရှုပ်ထွေး၍လာရ၏။ ကြွေးမကင်းခဲ့သူ ရဟန်းအဖို့ ကြွေးရှင်နှင့် ပြဿနာဖြစ်ရ၏။ သီတင်းသုံးဖော် ရဟန်းတို့အား အနှောင့်အယှက်ဖြစ်စေလောက်သော ကုဋ္ဌနူနာအစရှိသည့် ရောဂါကြီးစွဲကပ်သူတို့ ရဟန်းဘဝသို့ ရောက်လာသောအခါ အခြားရဟန်းတို့ စိတ်ဆင်းရဲကြရ၏။ သခင်နှင့် မကင်းလွတ်သော သူ့ကျွန်တို့ ရဟန်းပြုသောအခါ အရှင်သခင်တို့နှင့် ရှုပ်ထွေးရ၏။ မိဘခွင့်မပြုဘဲ ရဟန်းပြုပေးမိသည့်

www.burmeseclassic.com

www.burmeseclassic.com



အရုပ်အထွေးကိုကား ဘုရားရှင်ကိုယ်တော်တိုင် ကြုံတွေ့တော်မူခဲ့ရခြင်းဖြစ်၏။

ထို့ကြောင့် အကြင်ရဟန်းပြုလိုသူတစ်ဦးသည် မိဘခွင့်ပြု၍ အသက်အရွယ် ပြည့်မီသူ ဖြစ်ရုံမျှသာမဟုတ်။ မင်းပြစ်စိုးဒဏ်ကင်းသူ၊ ကြွေးကင်းသူ၊ အနာကြီး ရောဂါ ကင်းရှင်းသူ၊ ကျွန်ဘဝမှ တော်လှန်သူဖြစ်စေရမည်ဟူသော ပညတ်ချက် များကို ထုတ်ပြန်ခဲ့ရပေသည်။

ပုဏ္ဏိကာသည်ကား ကဿပဘုရားရှင်လက်ထက်တော်မှစ၍ ရဟန်းမျိုးစေ့ ပါလာခဲ့သူဖြစ်၏။ ရဟန်းဖြစ်ရုံမျှမဟုတ်၊ ပညာကောင်း၊ အကျင့်ကောင်း၊ အဟော အပြောကောင်းအဖြစ် ပါရမီရှိသူဖြစ်သည်။ သို့ရာတွင် သံသရာဘဝတစ်ကွေ့၌ ပြုမိခဲ့ဖူးသော အမှားတစ်ချက်ကြောင့် ယခုဘဝ၌ သူ့ကျွန်ဖြစ်နေရပေရာ အရှင် သခင်က မတော်လှန် ခွင့်မလွှတ်သော ကျွန်အား ရဟန်းပြုမပေးရဟူသော ပညတ် ချက်နှင့် လာ၍တိုးနေသောအခါ ရဟန်းဘဝသို့ တမြို့မြို့ စိတ်အားထက်သန်ခဲ့သော် လည်း မဖြစ်နိုင်တော့သော ဘဝဟု ယူဆကာ တမြို့မြို့ စိတ်ဆင်းရဲ၍နေခဲ့ရသူလေး ဖြစ်ခဲ့ပေသည်။

ထို့ကြောင့် ယခု အရှင်သခင်ဖြစ်သူက ကျွန်အဖြစ်မှ တော်လှန်လိုက်ရုံမျှမက သမီးအဖြစ် ချီးမြှောက်စကားကိုပင် ကြားလိုက်ရသောအခါ "အရှင်သူဌေးမင်း၏ တော်လှန်ချီးမြှောက်မှုကို အတိုင်းမသိ ဝမ်းမြောက်ကျေးဇူးတင်လှပါသည်။ သို့ရာ တွင် ကျွန်မတောင်းပန်ပါသည် အရှင်သူဌေးမင်း။ မိမိနှင့် မတန်မရာဘဝမို့ ဖွင့် မပြောဝံ့ခဲ့သော်လည်း ကျွန်မ၏ အပြင်းပြဆုံးဆန္ဒမှာ ဘုရားရှင်၏ သာသနာတော် တွင် ရဟန်းပြုလိုလှခြင်းဖြစ်ပါသည်။ သို့ပါ၍ ကျွန်မအပေါ်တွင် သမီးအဖြစ် စေတနာထားရင်း ရဟန်းပြုဖို့ ခွင့်ပြုတော်မူပါ အရှင်သူဌေးမင်း"ဟု တောင်းပန် လိုက်၏။

အနာထပိဏ်အဖို့မှာကား အံ့သြပြီးရင်းအံ့သြ၊ ဝမ်းမြောက်ပြီးရင်း ဝမ်းမြောက် နှင့် "သမီးဆန္ဒက ဒီလိုလား။ သမီးဆန္ဒကို မသိခဲ့ရလို့ပါ။ သိခဲ့ရင် သိတဲ့အချိန် ကပဲ ရဟန်းပြုပေးခဲ့ပါရဲ့။ အခုသိရတော့ ရဟန်းအဖြစ်နဲ့ ရဟန်းတက်ပွဲသဘင်ကြီး ဆင်ယင်ကျင်းပ ပေးရပေမပေါ့ဗျာ"ဟု ပြောကြားလိုက်သည်။

မှန်လှပေ၏။ ပုဏ္ဏိကာသည် သူဌေးသမီးဖြစ်လာသောအခါ ပုဏ္ဏာဝတီ ဖြစ်လာ သည်။ ပုဏ္ဏာဝတီဟု ချီးမြှောက်ခေါ်လာကြသည်။ မကြာမီရက်ပိုင်းအတွင်းမှာပင် ရဟန်းတက်ပွဲကြီး ဝံ့ချီးကျင်းပပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းပြုကျိုးနပ်ပါပေ၏။ အကြောင်းမူကား ကျွန်တစ်ရာပြည့်သည်ကိုရည်၍ ပုဏ္ဏိကာဟု မှည့်ခေါ်သော မယ်ပုဏ္ဏာသည် ပုဏ္ဏာမီစန်း လပြည့်ဝန်းကိုရည်သော ပုဏ္ဏာဝတီ ဖြစ်လာခဲ့ရုံမက ဘက်စုံပြည့် တရားရှင်လည်း ဖြစ်လာခဲ့ပေပြီ။

ပုဏ္ဏာဝတီသည် ဘုရားရှင်၏တပည့် ရဟန်းမ မြောက်မြားစွာတို့အနက်မှ "ပုဏ္ဏိကာထေရီမ"ဟူသောအမည်ဖြင့် စာဝင်ပေဝင် သမိုင်းဝင် ဒိဗ္ဗစက္ခုအဘိညာဉ်ရ ထေရီမကြီးတစ်ဦးလည်း ဖြစ်ခဲ့ပါသတည်း။ ။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# တစ်နှန်းသီးနောက်ဝယ်

[ ၁ ]

ဒါယကာ ဒါယိကာမတို့အား မေတ္တာစိတ်ဖြင့် နှံ့စေ၍ ဒါယကာ ဒါယိကာမတို့က သဒ္ဓါသဖြင့် ပေးလှူအပ်သော တစ်ဇွန်း, တစ်ယောက်မမျှသော ဆွမ်း၊ ဆွမ်းဟင်းတို့ကို မိမိ၏သလုံးမြင်းခေါင်းဖြင့် ရင်းနှီးကာ တောင်းခံစားသုံးရခြင်းသည် ရဟန်း၏အလုပ်ဖြစ်၏။ သာသနာ့အစဉ်အလာ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ အလုပ် ဖြစ်၏။ မြတ်သောအလုပ်ဖြစ်၏။ တစ်ဝမ်းတစ်ခါးအတွက် အန္တရာယ်ကင်းသောအလုပ်ဖြစ်၏။ ထို့ထက်ကား မိမိ၏ ဆွမ်းခံလမ်းတွင် လောင်းလှူသည်ဖြစ်စေ၊ မလောင်းလှူသည်ဖြစ်စေ အိမ်စဉ်ကို မကျော်စေဘဲ တောင်းခံစားသုံးခြင်းသည် ပို၍မြတ်သော အလုပ်ဖြစ်၏ဟု ရဟန်းဖြစ်စဉ်ကပင် ဘုရားရှင်ဟောကြား လမ်းညွှန်တော်မူခဲ့သည့်အတိုင်း ကိုယ်တော်လေးသည် ရဟန်းဖြစ်သည့်နေ့မှစ၍ အိမ်စဉ်မပြတ်ဆွမ်းခံခြင်းတည်းဟူသော အကောင်းဆုံးလမ်းစဉ်ကို ကျင့်သုံးခဲ့ပေသည်။ ယင်းသို့ကျင့်သုံးရာ၌ အကြောင်းရှိ၏။

ဘုရားရှင်နှင့်တွေ့ရပြီးနောက် သာသနာတော်၌ စိတ်အားပြင်းထန်ခဲ့သော ကိုယ်တော်လေးသည် မိဘတို့၏ ကြီးစွာသောစည်းစိမ်အမွေနှင့် ယုယမှုကို ခဲခဲယဉ်းယဉ်းစွန့်ပစ်ကာ ဘုရားရှင်၏ သာသနာတော်သို့ ရဟန်းအဖြစ် ဝင်ရောက်လာခဲ့သည်မှန်သော်လည်း ကိုယ်တော်လေးတွင် အားနည်းသောစရိုက်တစ်ခုရှိ၏။ ထိုစရိုက်ကား မိမိနှစ်သက်သော ဟင်းကောင်းကျွေးကောင်းကလေးများဖြင့်သာ စားလိုသောက်လိုသော ရသတဏှာစရိုက် ဖြစ်ပေသည်။ သို့ဖြစ်၍ ကိုယ်တော်လေးသည် လူတစ်ကိုယ်လုံးကိုပင် သဒ္ဓါစိတ်အပြည့်ဖြင့် ဘုရားရှင်သာသနာတော်သို့ ပေးလှူ

www.burmeseclassic.com

www.burmeseclassic.com



ထားပါလျက် ထိုရသတဏှာ စရိုက်ကလေးတစ်ချက်ကြောင့် အနှောင့်အယှက်မဖြစ်စေသင့်ဟု ဆင်ခြင်ကာ မိမိရသတဏှာကို မိမိ ချိုးနှိမ်သည့်သဘောဖြင့် ရာဇဂြိုဟ်၏ အခေါင်းပါးဆုံးသော ရပ်ကွက်ကိုရွေး၍ အိမ်စဉ်မပြတ် ဆွမ်းခံသည့်လမ်းစဉ်ကို ကျင့်သုံးခဲ့ခြင်းဖြစ်ပေသည်။

အာဟာရအတွက် မိမိအားပြုထားသော ရပ်ကွက်မှာ ယင်းသို့ ဆင်းရဲသားရပ်ကွက်ဖြစ်သည့်အလျောက် တစ်နေ့စာ တစ်နေ့စာအတွက် တစ်ဝမ်းပြည့်ရုံမျှ ပြည့်ပြည့်စုံစုံရသည့်နေ့လည်း ရှိ၏။ မပြည့်မစုံနှင့်ပြီးသည့်နေ့လည်းရှိ၏။ ဝသည်ဖြစ်စေ၊ မဝသည်ဖြစ်စေ နေ့စဉ်နှင့်အမျှ တူညီသောအခြင်းအရာမှာ ဆန်ကွဲထမင်းပဲနောက်ဟင်းဆိုရုံမျှ အာဟာရ ကြမ်းတမ်းခေါင်းပါးလှခြင်းပင် ဖြစ်ပေသည်။

မိဘအိမ်တုန်းကမူ ကိုယ်တော်လေးသည် မိဘနှစ်ပါးကလည်း ကျိုကျိုရက်ရက်ချမ်းသာ၊ တစ်ဦးတည်းသောသားလည်းဖြစ်၊ ဟင်းကောင်းကျွေးကောင်း ကြိုက်သောသားချစ်၏စရိုက်ကိုလည်း သိသည့်အလျောက် ထမင်းတစ်နပ်အတွက် မိခင်ကြီးက စီစဉ်ပေးပုံများမှာ မည်သည့် မင်းဧကရာဇ်၏ ပွဲတော်နှင့်မဆို ယှဉ်ပြိုင်နိုင်လောက်ပေသည်။ ယင်းသို့အခြေမှ ဘုရားရှင်၏ တရားတော်ကိုနာရသဖြင့် မိဘများကိုဆန့်ကျင်ကာ သာသနာတော်သို့ အသက်ပေး၍ ရောက်လာသောအခါ ဖော်ပြပါအတိုင်း ခေါင်းပါးလှသော အာဟာရကြောင့် နေ့စဉ်ဆွမ်းစားတိုင်း စားတိုင်း မိမိကိုယ်ကိုမိမိ ကြီးစွာသောဆင်းခြင်ဆုံးမမှုဖြင့် ဆုံးမသုံးသပ်၍ စားသုံးရပေသည်။

မင်းသားတစ်ဦးဖြစ်သော ဘုရားရှင်သည် မိမိကဲ့သို့ပင် ချစ်စွာသောဖခင်နှင့်ဇနီး၊ ကြီးစွာသော နန်းစည်းစိမ်ကိုစွန့်ပစ်ကာ ဥရုဝေလတွင် ခြောက်နှစ်တိုင်တိုင်ခေါင်းပါးလှသော အာဟာရဖြင့် ဓမ္မကိုဖြည့်ကျင့်ကာ ကြီးစွာသောနမူနာကိုပြုတော်မူခဲ့ပေသည်။ မဟာဇနကမင်းကြီးဘဝတွင် တောထွက်တော်မူသောအခါခွေး၏ပါးစပ်မှ စွန့်ပစ်အပ်သော အာဟာရကိုပင် နတ်သုဒ္ဓါပမာထား၍ ကောက်ယူစားသုံးတော်မူခဲ့ပေသည်။ ဝေဿန္တရာမင်းတွင် ဝါဆိုတော်မူစဉ်ကလည်း နတ်သုဒ္ဓါဆွမ်းတို့ကို ရနိုင်ပါလျက် တစ်ဝါတွင်းလုံးပင် မုယောဆန်ကိုထောင်း၍ ခေါင်းပါးစွာအသက်မွေးတော်မူခြင်းဖြင့် နမူနာပြုတော်မူခဲ့ပေသည်။ ဤမျှသာမက ဘုရားရှင်နှင့်တကွ ရဟန္တာကိုယ်တော်ကြီးများသည် ရံဖန်ရံခါ အာဟာရကို လုံးဝမသုံးဆောင်ဘဲ ခုနစ်ရက်တိုင်တိုင် ဖလသမာပတ်အကျင့်ကို ကျင့်သုံးကာ နိဗ္ဗူတဓမ္မဖြင့်သာ မွေ့လျော်တော်မူကြသည်ကိုလည်း မိမိ မသိချင်အဆုံး၊ မမြင်ချင်အဆုံး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လျှင် ဤရွှေ့ ဤမျှသာ ကြမ်းတမ်းခေါင်းပါးသော အာဟာရသည် မိမိအတွက် ကြမ်းတမ်းခေါင်းပါးသည်ဟု ဆိုနိုင်စကောင်းအံ့လော။

လူ့ဘဝတွင် အာဟာရဟူသည် သေးငယ်သောကိစ္စတစ်ရပ်မျှသာ ဖြစ်ဘိ၏။ မိမိလည်း မိချစ်ဖချစ်တို့၏ ကြီးစွာသောသံယောဇဉ် ရတနာရွှေငွေ စည်းစိမ်အထွေထွေကို ရက်ရက်ရဲရဲ စွန့်ပစ်နိုင်ခဲ့သူ ဖြစ်ပါလျက် အာဟာရကိစ္စလေးတွင်မှ လျှာအလိုသို့လိုက်မှု ရသတဏှာကို အဘယ့်ကြောင့် မထိန်းသိမ်းနိုင်ရအံ့နည်း။

ယင်းသို့လျှင် ကိုယ်တော်လေးသည် မပြည့်စုံသောဆွမ်းကို စားတိုင်း စားတိုင်းပင် ဘုရားရှင်ညွှန်ကြားအပ်သော ပစ္စဝေက္ခဏာ ဓမ္မလမ်းစဉ်မျှသာမက အခြားဆင်ခြင်ဖွယ် နည်းလမ်းမျိုးစုံတို့ကိုလည်း ယူထုတ်ဆင်ခြင်၍ သုံးဆောင်ခဲ့ပေသည်။

ဤမျှသာမကသေး၊ ကိုယ်တော်လေး၏ဇာတိသည် သာဝတ္ထိဖြစ်ပေ၏။ မိချစ်ဖချစ်တို့၏ ဂရုစိုက်မှု ကြီးမားလှရာတွင် တရားကျင့်သုံးမှုအတွက် အနှောင့်အယှက်ဖြစ်လှသောကြောင့် ဘုရားရှင်၏ ခွင့်ပြုချက်အရ ရာဇဂြိုဟ်သို့ ရောင်ထွက်လာနိုင်ခဲ့သူလည်း ဖြစ်ပေသည်။ ရာဇဂြိုဟ်သို့ရောက်သောအခါ ရိုးရိုးဆွမ်းခံရုံမျှမဟုတ်၊ သာသနာတော်၏ စံပြပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သော မဟာကဿပကိုယ်တော်ကြီးထုံးနှလုံးမူကာ အခေါင်းပါးဆုံးသော ဆင်းရဲသားရပ်ကွက်တစ်ခုကို ရွေးချယ်၍ ဆွမ်းခံရုံသာမက ရိုးရိုးဆွမ်းခံမှုထက် မြင့်မြတ်သော အိမ်စဉ်အတိုင်းသာ ဆွမ်းခံမှု ဓုတင်အကျင့်မြတ်ကိုပါ ကျင့်သုံးခဲ့ပေသည်။

ယင်းသို့ ကျင့်သုံးနေရာမှ ယနေ့တွင်မူ မိမိဆွမ်းခံလမ်းတွင် ကိုယ်တော်လေးအဖို့ ထူးခြားမှုတစ်ရပ်ကို တွေ့ရှိလာရပေသည်။ တည့်တည့်ဆိုသော် ထူးခြားသောဆွမ်းလောင်းသူတစ်ဦးကို တွေ့ရှိလာရ၏။ သာမန်ထူးခြားမှုမဟုတ်၊ တုန်လှုပ်လောက်အောင် ထူးခြားသည်။ သာမန်တုန်လှုပ်မှုမဟုတ်။ ကိုယ်တော်လေးအဖို့ တစ်နေ့တာအတွင်း တရားဓမ္မကိစ္စကို အနှောင့်အယှက်ပေးလာသည်အထိ တုန်လှုပ်မှုဖြစ်သည်။ အသို့နည်း။ ဤဆင်းရဲသားတို့ရပ်ကွက်တွင် ရှေးက မကြုံစဖူး ထူးခြားဆန်းကြယ်လှပါဘိတကားဟု ကိုယ်တော်လေး စဉ်းစား၏။

[ ၂ ]

ကိုယ်တော်လေးသည် ရာဇဂြိုဟ်မှ ဝေဠုဝန်ကျောင်းတော်၏ အရန်ကျောင်းကြီး ၁၈ ကျောင်းရှိသည့်အနက် မိမိဆွမ်းခံရပ်ကွက်နှင့်နီးသော မြို့အစွန်မှ ကျောင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်းတွင် သီတင်းသုံး၏။ ထိုနေ့က ဆွမ်းခံချိန်ရောက်သောအခါ ထုံးစံအတိုင်းပင် သင်္ကန်း သပိတ်ကို ပြင်ဆင်၍ မိမိဆွမ်းခံရပ်ကွက်ရှိ လမ်းကျဉ်းကလေးသို့ ဆွမ်းခံထွက်ခဲ့သည်။

ကိုယ်တော်လေးသည် ဆွမ်းခံထွက်တိုင်း ဘုရားရှင်၏ အဆုံးအမတော်အရ သတိဖြင့် မပြတ်ကျင့်သုံး၏။ လူတို့ရပ်ကွက်ဟူသည် တရားရှင်နှင့် ဆန့်ကျင်သည်။ မျက်စိကို မထိန်းသိမ်း မဆင်ခြင်လျှင် လူတို့ရပ်ကွက်မှ တရားနှင့်ဆန့်ကျင်သော အမြင်အတွေ့များကို မြင်တွေ့ရတတ်သည်။ ထို့ကြောင့် လူတို့ရပ်ကွက်သို့ သွားတိုင်း သွားတိုင်း ရှေ့တူရှုနှင့် နံဘေးဝန်းကျင်သို့ လေးတောင်ခန့်ထက်မပိုစေဘဲ မျက်လွှာကို အောက်သို့ချကာ စက္ခုန္ဒြေကို စောင့်စည်းရမည်။ စက္ခုန္ဒြေချအပ်သော လေးတောင်ခန့်အတွင်း၌ပင် မသင့်လျော်သော အမြင်အတွေ့ကို မြင်တွေ့ရလျှင် တရားဓမ္မဖြင့်သာ ဆင်ခြင်သုံးသပ်ရမည်။ မသင့်လျော်သော သဒ္ဒအာရုံ အသံတစ်စုံတစ်ရာ ကြားလာလျှင် တရားဖြင့် ဆင်ခြင်ရမည်။ ဆွမ်းခံလမ်းရှိ ကျေးဇူးရှင် ဒကာ,ဒကာမများသို့ မေတ္တာပို့ရမည်ဟု ဘုရားရှင်က ဆုံးမတော်မူသည့်အတိုင်း ကိုယ်တော်လေးသည် သတိမပြတ် ကျင့်သုံးခဲ့ပေသည်။

ဤရပ်ကွက်သည် မိမိအပေါ်၌ စေတနာအပြည့် ထားရှိသည်ကို ကိုယ်တော်လေး သိ၏။ ကိုယ်တော်လေး၏ ကြီးမားသော ဣန္ဒြေကိုသာမက ကိုယ်တော်လေး၏ နုပျိုသန့်ရှင်းသော အဆင်းကြောင့်လည်း ဖြစ်ဟန်တူသည်။

ကိုယ်တော်လေးသည် ထိုနေ့က ခြေလှမ်းမှန်မှန်ဖြင့် အိမ်စဉ်အတိုင်း ဆွမ်းခံဝင်ခဲ့သောအခါ ဤနေရာ၌ အိမ်မရှိဟု မိမိအသိအမှတ်ပြုထားသော ရပ်ကွက်အလယ်ဆီသို့ ရောက်သောအခါ 'ရပ်တော်မူပါဦးဘုရား' ဟူ၍ ဆွမ်းရပ်ခိုင်းသော လွင်လွင်စာစာ အသံလေးကို ကိုယ်တော်လေး ကြားလိုက်ရသဖြင့် ခြေလှမ်းကို တုံ့၍ရပ်လိုက်သည်။ ရှေးက အိမ်မရှိသော ဤကွက်လပ်၌ အိမ်တစ်အိမ်တိုးလာဟန်တကားဟု ကိုယ်တော်လေး စဉ်းစား၏။

ထိုအသံသည် ဤရပ်ကွက်တွင် ကြားရခဲသော အသံမျိုးဖြစ်သည်။ ဒကာမငယ်ငယ်၏ အသံဖြစ်သည်။ အသံသည် ကြည်၏၊ လွင်၏၊ စူး၏၊ နွဲ့၏၊ စိုးပိုင်အောင်မြင်သည့် အသံမျိုးဖြစ်သည်။ ခရာသံပါသည်ဟုလည်း ဆိုနိုင်၏။ ငွေဆည်းလည်း နှစ်လုံးသုံးလုံးကို တွဲ၍လှုပ်လိုက်ဘိသို့ ဖြစ်သည်။

အသံတို့မည်သည် ကွဲပြား၏။ အသံက လူ၏သဘာဝအခြေအနေကို ပြော

www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။ ဆင်းရဲသားတို့၏အသံသည် လေးတွဲ့၏။ ပျော့ညံ့၏။ မပြည့်စုံမှု ဘဝဒေါသကြောင့် ခက်မာလျှင်လည်း ခက်မာတတ်သည်။ အောင်မြင်သူတို့အသံ သည် စိုးပိုင်၍ ဟန်ပါတတ်သည်။

ကိုယ်တော်လေးသည် ဤရပ်ကွက်တွင် ရေးကမကြုံစဖူး ထူးခြားသော အသံ ပေတကားဟု တရားရှင်ပင်ဖြစ်သော်လည်း နုပျိုသေးသော ကိုယ်တော်လေး၏ အသည်းနှလုံးသို့ တိုးဝင်လာသောအသံကြောင့် တုန်လှုပ်မိသလိုလိုနှင့် စဉ်းစားနေ ဆဲမှာပင် ဤရပ်ကွက်နှင့်မတန်သော အမွှေးအထုံနံ့ကလေးသည် ကိုယ်တော်လေး၏ နှာဝသို့ တသင်းသင်းတိုးဝင်လာသည်။ ဤအနံ့သည် ဆင်းရဲသားရပ်ကွက်မှ အနံ့မဟုတ်၊ စည်းစိမ်ရှင်တို့အလွှာမှ အနံ့ဖြစ်သည်ကို အထက်တန်းလွှာမှ ဖဲခွာ လာသော ကိုယ်တော်လေးက ချက်ချင်းသိလိုက်သည်။ ထိုအနံ့သည် မိမိနှင့်နီးသည် ထက် နီးလာကာ မိမိချအပ်သော စက္ကူမြွေစောင်ရမ်းအတွင်းသို့ အဆင်းတစ်ခု ဝင်ရောက်လာပြီး ကိုယ်တော်လေး၏ ဆွမ်းခံသပိတ်ကိုပင် တိုးဝှေ့တော့မတတ် ရပ်လာသည်။

ရပ်လာသူကား ကိုယ်တော်လေး ခန့်မှန်းသည့်အတိုင်းပင် မိန်းမပျိုတစ်ယောက် တည်း။ ရပ်လာသည်ဆိုသော်လည်း ခြေအစုံသာရပ်၍ ကိုယ်အထက်ပိုင်းကမူ ဆွမ်းလောင်းရန်ပြင်ဆင်မှုဖြင့် လှုပ်ရှားသည်။ လှုပ်ရှားမှုမှာ လိုသည်ထက်ပိုသည်ဟု ကိုယ်တော်လေးထင်၏။

မိန်းမပျို၏လက်တွင် ဆွမ်းလောင်းရန် ခွက်ခပ်ကြီးကြီး တစ်ခုပါသည်။ ထို ခွက်ကား ပန်းခက်ပန်းပြောက်တို့ဖြင့် မွမ်းမံအပ်သော အထက်တန်းစားလောကတွင် သာ အသုံးပြုသည့် ငွေခွက်တည်း။ ငွေခွက်တွင် ဆွမ်းပြည့်လုအထိ ပါရှိသည်။ ထိုဆွမ်းသည်လည်း ဆင်းရဲသားတို့ရပ်ကွက်မှ မုရင်းဆန်ကြမ်းတို့ဖြင့် ချက်အပ်သော ဆွမ်းမျိုးမဟုတ်၊ အထက်တန်းလောကမှ ဆန်နုဆန်ကောင်းကို ချက်အပ်သော ဆွမ်းဖြစ်၍ ဖြူဖွေးမွှေးကြိုင်လျက်ရှိသည်။ ထိုဆွမ်း၏အပေါ်တွင်ကား ငါးကြင်းသား လတ်လတ်ကို အကွင်းကိုက်အတစ်လိုက် ကြော်ထားသော ဆွမ်းဟင်းတည်း။

ဝါဝါဝင်းသော ငါးကြင်းကြော် အတစ်လိုက် အကွင်းလိုက်ကို တွေ့ရ၍ ငါးကြင်းကြောင်အနံ့ကလည်း နှာဝကိုမွှေးလေသောအခါ ကိုယ်တော်လေးအဖို့ သွားရည်ယိုမတတ်ပင် ရသတဏှာနောက်သို့ လိုက်ပါသွားမိ၏။ အကြောင်းသော် ကား ရသတဏှာခတ် အတန်ကြီးမားခဲ့သော ကိုယ်တော်လေးသည် ငါးကြင်းသား

www.burmeseclassic.com

www.burmeseclassic.com



ကို အလွန်တပ်မက် နှစ်သက်ခဲ့သူဖြစ်ကာ မိဘအိမ်တုန်းက မိမိပွဲရုံများတွင် မည်သည့်အခါမျှ ငါးကြင်းသား မပြတ်စေခဲ့သောကြောင့် ဖြစ်၏။

သို့သော် ယနေ့တွေ့ကြုံလာရသော ထိုငါးကြင်းသားအာရုံသည် မိမိ အဘယ်မျှ တပ်မက်ခဲ့ဖူးသည်ဆိုစေ သာမန်မျှသာဖြစ်၍ ထို့ထက်ကြီးမားသော အာရုံတစ်ရပ်က ကိုယ်တော်လေးကို ဆွဲဆောင်ထားသည်။ ထိုအာရုံသည်ကား ထွားအိမ့်ဖွံ့ဖြိုးလှသော ကြောင့် ရင်စည်းအဝတ်ဖြင့် မနည်းကြီး ဆွဲပတ်စည်းနှောင်ထားစေကာမူ မလုံ့တလုံ ဖြင့် အထက်ပိုင်း တစ်ဝက်လုံးလုံးခန့် ပြူထွက်လျက်ရှိသော မိန်းမပျို၏ ရွှေရင်ဖြိုးဖြိုး ပေတည်း။

ကိုယ်တော်လေးနှင့် ရင်ချင်းအပ်လုမတတ် ရပ်လျက်ရှိသော မိန်းမပျိုက ဆွမ်းလောင်းရန် သပိတ်အဖုံးကိုဖွင့်သည်။ ငွေခွက်မှဆွမ်းကို သပိတ်ပြည့်လုမတတ် အကုန်လောင်းထည့်သည်။ ဆွမ်းပေါ်တွင် ငါးကြင်းကြော်များကိုတင်သည်။ ထိုကိစ္စ များအတွက် လိုအပ်သည်ထက် ပို၍လှုပ်ရှားသည်ဟု ကိုယ်တော်လေးထင်သည်။ ကိုယ်လက်လှုပ်ရှားသည်နှင့်အမျှ ဖြိုးဖြိုးရွှေရင်ကလည်း တလှုပ်လှုပ်လိုက်၍ လှုပ်ရှား သည်။ ကိုယ်တော်လေးက အပြင်းအထန် တိုက်ခတ်လာသော အာရုံကို ကာကွယ် သည့်အနေဖြင့် မျက်စိနှစ်ဖက်ကိုမှေးထားသည်။ သို့ရာတွင် မှေးချည်တစ်လှည့် ဖွင့်ချည်တစ်ခါသာဖြစ်သည်။ အခြားသူများသည် ခပ်လှမ်းလှမ်းမှ ကျုံ့ကျုံ့ယုံ့ယုံ့ ဖြင့် လောင်းလှူကြသည်။ ဤဒကာမလေးကမူ ရဲတင်းလွန်းလှချေ၏ဟု ကိုယ်တော် လေး တွေးသည်။

"တပည့်တော်မ သည်ရပ်ကွက်ကို အခုမှရောက်လာပါသည်။ နေ့စဉ် ဆွမ်း လောင်းပါမည်။ တပည့်တော်မ အိမ်ရှေ့သို့ မပြတ်ရပ်တော်မူပါ။ ဤကောင်းမှု ကြောင့် တပည့်တော်မ လိုအင်ဆန္ဒနှင့် တစ်ဝတည်း ပြည့်စုံရပါလို၏ အရှင်ဘုရား" ဟု မိန်းမပျိုက ဆုတောင်းသည်။

ပထမကပင် ဆွဲဆောင်မှုထူးခြားလှသော မိန်းမပျို၏အသံကြောင့် ကိုယ်တော် လေးသည် အသံရှင်၏ မျက်နှာအဆင်းကို ကြည့်လိုစိတ် ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ယခု ဆုတောင်းဆုယူပြုခိုက်၌ ဆွမ်းဒကာမလေး၏ မျက်နှာကို အကဲခတ်သည့် အနေဖြင့် တစ်ချက်မျှ ဖျတ်ခနဲကြည့်လိုက်မိသည်။ ကြည့်လိုက်မိသည့်အတွက် ကိုယ်တော်လေးအဖို့ မှားသည်ဟုဆိုရပေတော့မည်။ အကြောင်းကား...ဆွမ်းဒကာမ လေး၏ မျက်နှာသွင်ပြင်သည် ခန့်မှန်းသည်ထက် ပို၍လှနေသောကြောင့်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျို၏အလှသည် နုပျိုသောကိုယ်တော်လေးကို ပို၍ တုန်လှုပ်စေ၏။ ထို့ထက်ဆိုးသည်ကား မိန်းမပျိုက ကိုယ်တော်လေးအား မျက်လုံးကြီးအရွဲသားနှင့် စူးစူးစိုက်စိုက် ကြည့်နေခြင်းပင်ဖြစ်ပေသည်။ ထိုမျက်လုံးအစုံမှ မမြင်ရသော မြားတံတို့သည် ကိုယ်တော်လေး၏ အသည်းနှလုံးသို့ စူးဝင်၍ တဖျပ်ဖျပ်ဖြစ်သည် အထိ ခံစားရသည်။ သို့ရာတွင် တရားရှင်ပီပီ တုန်လှုပ်သောစိတ်ကို အတင်းချုပ် ထိန်း၍ ခြေလှမ်းကိုပင် မနည်းကြီး မှန်အောင် သတိထား ထွက်ကြွခဲ့ရသည်။ အထွက်တွင် အခုမှ ဤရပ်ကွက်သို့ရောက်လာသည်ဆိုသော ဒကာမလေး၏ အိမ် ဆီသို့ တစ်ချက်မျှလှမ်းကြည့်လိုက်သောအခါ အိမ်ဆောက်ဆဲ ပြင်ဆဲလုပ်ကိုင်နေ သည်တို့ကို တွေ့ရ၏။

"အင်း...ငါ့ဆွမ်းခံလမ်းမှာ ထူးထူးခြားခြား ဆွမ်းခံတစ်အိမ်တော့ တိုးလာပြီ။ သတိတော့ အတော်ထားရမည့် ဆွမ်းခံအိမ်ပဲ"ဟု ကိုယ်တော်လေး စဉ်းစားသည်။ ထူးခြားသည် မှန်၏။ သို့ရာတွင် ထိုထူးခြားမှုနောက်ကွယ်တွင် အဘယ်နည်း အဘယ်ပုံအကြောင်းရပ်များ ရှိနေသည်ကိုကား ကိုယ်တော်လေး မသိရှာပါလေ။

## [ ၃ ]

မိဘတို့ခွင့်မပြုသော သားအား ရဟန်းပြုမပေးအပ်ဟူသော ပညတ်တော် မူချက်အရ သုန္ဒရ သတို့သားအဖို့ ရဟန်းဘဝသို့ ရောက်လာရသည်မှာ လွယ်လွယ် မဟုတ်ပေ။ မိဘတို့ ခွင့်မပြုသောကြောင့် ခုနစ်ရက်တိုင်တိုင် အစာရေစာ အငတ်ခံ၍ ဆန္ဒပြခဲ့ရပေသည်။ အစာငတ်၍ သေသည်ထက် ရဟန်းအဖြစ်ဖြင့် မြင်တွေ့နိုင် သေးခြင်းက တော်ပေသေး၏ဟု မိဘများ သဘောပေါက်လာသည့်အချိန်ရောက်မှ ရဟန်းပြုခွင့်ရခဲ့ပေသည်။

ဖခင်ထက် မိခင်ကြီး၏ တားမြစ်ချက်က ပို၍ပြင်းထန်၏။ မိဘနှစ်ပါးသည် သာဝတ္ထိ၌ သုံး၍မကုန်လောက်အောင် ပစ္စည်းချမ်းသာသူများ ဖြစ်ကြရာ လောကီ စည်းစိမ်မျိုးဖြင့် သားချစ်အား ဖျောင်းဖျသွေးဆောင်သော်လည်း မရခဲ့ပေ။ နောက် ဆုံးတွင် သေမည်စိုး၍ မျက်ရည်စက်လက်ဖြင့် ခွင့်ပြုလိုက်ရသော်လည်း မိခင်ကြီး ကမူ သားချစ်အပေါ်တွင် လက်မလျှော့၊ ရဟန်းဘဝရောက်မှ လူထွက်လာအောင် တစ်နည်းနည်းဖြင့် ပြန်လည် ဖျောင်းဖျခေါ်ယူမည်ဟု အကြံဖြင့် ခွင့်ပြုလိုက်ခြင်း သာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်သည့်အတိုင်း သာဝတ္ထိကျောင်းတော်တွင် သုနန္ဒ ကိုယ်တော်လေးအဖို့ မိခင်ကြီး၏ အာရုံစိုက်မှု အနှောင့်အယှက်များသည် ဝိုင်းဝိုင်းလည်လျက်ရှိလေသော အခါ ယင်းအနှောင့်အယှက်မှ ကင်းဝေးရန် ကိုယ်တော်လေးသည် ရာဇဂြိုဟ်သို့ ရွှေ့ခဲ့ရ၏။ ဤတွင် မိခင်ကြီးအဖို့ အိမ်မြှောင်အမြီးပြတ်သမျှ ဖျတ်ဖျတ်လူး၍ ကျန်ရစ်ခဲ့ရှာသည်။ နေ့ရောညပါ အစားမမှန်၊ အအိပ်မမှန် သားချစ်ကို တတမ်းတမ်း တတတဖြင့်သာ သားကား မသေ၊ မိခင်သေရမည့်အခြေသို့ ဆိုက်ရောက်လာသည်။

ဤတွင် အမြင်ရှိသော မိတ်ဆွေအချို့၏ စီစဉ်အချက်အရ ပြည့်တံကျွေးမလေး ကလျာနီ ပေါ်ပေါက်၍လာ၏။

ကလျာနီက အထက်တန်းကျကျ လှ၏။ အရွယ်ရှိ၏။ သွက်လက်ချက်ချာ၏။ စိတ်ကူးဉာဏ်ရှိ၏။ ဥစ္စာခနေ၊ အခြေမလှ၍ အရပ်ပျက်မလေးပမာ ဖြစ်နေရှာသော်လည်း အမျိုးသမီးတို့သဘာဝ အဘက်ဘက်တွင် အရည်ပြည့်သူကလေး ဖြစ်သည်။

သူက သူနှင့်သာ လက်ထပ်ခွင့်ပြုပါလျှင် ကိုယ်တော်လေး လူထွက်ဖို့ကို တာဝန်ယူမည်ဟု အတွင်းလူများ စီစဉ်ချက်အရ အတွင်းစကားပြောလာသည်။ သားရောက်လာဖို့သာ အရေးကြီးနေသော မိခင်သူဌေးကတော်ကြီးက သူ့သားသာ သူ့ရင်ခွင်သို့ ရောက်လာခဲ့လျှင် လက်ထပ်ရုံမျှမဟုတ် ရှိသမျှစည်းစိမ်ကိုပင် ပုံ၍ လက်ဖွဲ့မည်ဟု ပဋိညာဉ်ပြုသည်။ ကလျာနီက သတို့သား၏ရုပ်ရည်၊ အကျင့်အနေ စရိုက်သဘာဝ၊ အမူအရာ၊ အားနည်းချက်၊ အားရှိချက်မှန်သမျှကို တစ်စမကျန် မေးမြန်းလေ့လာသည်။ ထို့နောက်တွင်မူ စိတ်ကူးကောင်းသော ကလျာနီ၏ အစီအစဉ်တွင် လိုအပ်သမျှတို့ကို စုပုံ၍ပေးလိုက်ရာ ရာဇဂြိုဟ်သို့ ကလျာနီ ရောက်လာကာ ရက်ပိုင်းအတွင်းမှာပင် ကိုယ်တော်လေးအား ကလျာနီက တစေ့တစောင်းမျှ လေ့လာပြီးဖြစ်သွားသည်။ ထို့နောက်တွင်ကား ဖော်ပြပါအတိုင်း ကိုယ်တော်လေး၏ ဆွမ်းခံလမ်းတွင် ဆွမ်းလှူအိမ်တစ်လုံး ပေါ်ပေါက်လာသည်။

ထိုနေ့က ဆွမ်းတစ်ကြိမ် လောင်းလှူပြီးသောအခါ မိမိတွက်ကိန်းအတိုင်း ကိုက်၍လာသောကြောင့် ကလျာနီ ပြုံး၏။

လူဆိုသည်မှာ အဘယ်မျှ ခိုင်မာသောသူပင်ဖြစ်စေ၊ အားနည်းချက်တစ်ခုခု တော့ ရှိစမြဲဖြစ်သည်။ ထိုအားနည်းချက်သည် ထိုသူ့ထံသို့ ဝင်ပေါက်ဖြစ်၏။ ရဟန်းပြုဖို့အတွက် အသက်ထိ ခိုင်မာခဲ့သော ကိုယ်တော်လေး၏ အားနည်းချက်

www.burmeseclassic.com

www.burmeseclassic.com



မှာ ရသတဏှာတွင်ဖြစ်သည်ဟု ကလျာနီ လေ့လာသိရှိရ၏။ ဤအချက်မှာ မိမိ လုပ်ဆောင်ရမည့် တာဝန်နှင့် လိုက်ဖက်လှသည်။ အကြောင်းကား ရဟန်းသည် ဆွမ်းခံရ၏။ ဆွမ်းခံသောရဟန်းအား ရသတဏှာဖြင့် ဆွဲဆောင်ဖို့ရန်မှာ အံ့ဝင်ခွင်ကျ ဖြစ်နေပေသည်။

ထို့ကြောင့် ကိုယ်တော်လေးကြိုက်တတ်လှပါသည်ဆိုသော ငါးကြင်းသားနှင့် ပင် စတင်လိုက်ပေသည်။ ထို့ပြင် ကိုယ်တော်လေးသည် မိမိခန့်မှန်းသည်ထက်ပင် ပို၍ နုပျို၏။ လူချောလူသန့်ကလေး ဖြစ်နေ၏။ ထို့ကြောင့် ကလျာနီအဖို့ ပို၍ အားတက်သည်။ ငါ့စက်ကွင်းက သင်း ဘယ်လိုရုန်းမတုံး၊ ရဟန္တာဗျာန်ပုံမို့ ခံနိုင်မည်လားဟု အားတင်းသည်။

ဤနည်း ဤပုံအတိုင်း ကလျာနီကိုယ်တိုင်ထွက်၍ ခုနစ်ရက်ခန့် ဆွမ်းလောင်းသည်။ အဝတ်အဆင် ပါးပါးနုနုကလေးများကို တစ်နေ့တစ်မျိုးဆိုသလို ပြောင်းလဲလာသော်လည်း ကိုယ်တော်လေး၏ စက္ခုန္ဒြေ စည်းအတွင်း ကိုယ်ချင်းထိလုမတတ် ရဲရဲရင့်ရင့် ချဉ်းကပ်ပုံ၊ ပြည့်ဖြိုးသောကိုယ်လုံးကလေးပေါ်တွင် မလုံ့တလုံ့ ဝတ်ဆင်ပုံတို့မှာ မပြောင်းလဲပေ။ ချဉ်းကပ်ပုံ ရဲရင့်လွန်းသဖြင့် တစ်ခါတစ်ရံ ကလျာနီ၏ နက်မှောင်ထွေးအိသော ဆံနွယ်လေးများသည် ကိုယ်တော်၏မျက်နှာနှင့် ထိလုခမန်း အထိ တသင်းသင်း ရှူရှိုက်လိုက်ရသည်။ လောင်းလှူသောဆွမ်းဟင်းမှာလည်း ငါးကြင်းသားကို ပုံမှန်ထား၍ တစ်ခါတစ်ရံ အမဲတစ်လှည့် ကြက်တစ်လှည့် ဆိုသကဲ့သို့ အပြောင်းအလဲပမာ ထပ်ဆောင်းလိုက်သေးသည်။

နောက်တစ်နေ့ ဆွမ်းရပ်လိုက်သောအခါတွင်မူ ကလျာနီမဟုတ်တော့ဘဲ သူငယ်မလေးတစ်ယောက် ထွက်လာကာ "မမက ဆွမ်းဟင်းမကျက်သေးလို့ အိမ်ထဲသို့ကြွပါတဲ့ဘုရား"ဟု လျှောက်လှမ်းသည်။

ကိုယ်တော်လေးအဖို့ တုံ့ခနဲ စဉ်းစားလိုက်ရသည်။ အကြောင်းမှာ ဆွမ်းခံလမ်းမှထောက်၍ အိမ်ထဲသို့ဝင်လျှင် အိမ်စဉ်မပျက် ဆွမ်းခံသော မိမိ၏အဓိဋ္ဌာန် ပျက်ပြားလေတော့မည်ဟု စိုးရိမ်သောကြောင့်ဖြစ်သည်။ သို့သော် ကြာကြာပင် မစဉ်းစားနိုင်။ သူငယ်မကလေး ဦးဆောင်ခေါ်လာသော အိမ်တွင်းဆီသို့ ခြေလှမ်းကို လှည့်လိုက်သည်။

ရသတဏှာစရိုက်နှင့် ကလျာနီ၏ အဆွဲဓာတ်များသည် ကိုယ်တော်လေးကို ပထမအဆင့်အနေဖြင့် အောင်နိုင်လိုက်ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ပြီးစ တိုက်ခံအိမ်ကလေးမှာ သေးငယ်သော်လည်း ကွပ်ကွပ်ရှပ်ရှပ် ရှိလှ၏။ ခြံဝင်းမကျယ်သော်လည်း ကာရံထားပုံမှာ လုံခြုံ၏။ လှေကားခုံ ပထမ အဆင့်ရောက်၍ သင့်ရာတစ်နေရာတွင် ထိုင်တော့အံ့ဟု ရည်ရွယ်လိုက်စဉ်မှာပင် မီးဖိုဆောင်ဆီမှ ကလျာနီ ထွက်လာကာ "အပေါ်ကိုကြွပါဦးဇင်းရဲ့၊ ဟိုမှာ မကောင်း ပါဘူး၊ ဒီနေ့ ဆွမ်းဟင်း နည်းနည်းနောက်ကျသွားတယ်။ နောက်ကျဆို စေတနာ ပိုလိုက်မိလို့ပါပဲ။ နေ့တိုင်း ငါးကြော်ချည်း ဖြစ်နေလို့ ဒီနေ့တော့ ငါးကြင်းကြော်ကို မန်ကျည်းရည်ကလေးနဲ့ ပြန်နှပ်လိုက်မိလို့ပါပဲ။ တပည့်တော်မကတော့ ငါးကြင်း သား ကြိုက်တတ်သူမို့ တပည့်တော် နေ့တိုင်းစားသလိုပဲ ဦးဇင်းကိုလည်း လှူမိ တာပဲ။ ဦးဇင်းအဖို့တော့ နေ့တိုင်းဘုဉ်းပေးရလို့ မုန်းနေပလားမသိဘူး"ဟု ပြုံးပြုံး ရွှင်ရွှင်နှင့် စကားရှည်ရှည်ပြောရင်း ခန်းလုံးပြည့်ကော်ဇောကြီး ခင်းထားသော အထပ်ထပ်ခေါင်းရင်းပိုင်း တစ်နေရာတွင် ကိုယ်တော်လေးအား လက်ညွှန်၍ အထိုင်ခိုင်းသည်။

ကိုယ်တော်လေးက တစ်စုံတစ်ရာ ပြန်မပြောဘဲ ပြုံးရုံမျှ ပြုံးနေသည်။

"ဒါထက် နေ့တိုင်းသာ ဆွမ်းလောင်းနေရတယ်၊ ဦးဇင်းဘွဲ့တောင် မသိရ သေးဘူး"

"သုန္ဒရလို့ ခေါ်ကြပါတယ်"ဟု အမေးရောက်လာသဖြင့် ကိုယ်တော်လေးက စကားစတင်ပြောလိုက်ရသည်။

ထိုစကားကြောင့် ကလျာနီက အံ့အားသင့်ဟန်ဖြင့် "အလို…ဟုတ်မှဟုတ်ကြ ရဲ့လားရှင်တို့"ဟု အာမေဍိတ်သံကလေးက ထွက်လာကာ ကိုယ်ဟန်ပင် နောက်သို့ ယို့သွားသည်။ ကိုယ်တော်လေးက မိမိ၏ဘွဲ့ကိုပြောလိုက်ရုံမျှဖြင့် အဘယ့်ကြောင့် အံ့အားသင့်ရပါလိမ့်ဟု ကလျာနီသို့ မျက်လွှာပင့်၍ ကြည့်လိုက်သောအခါ မိမိအား မျက်လုံးဝိုင်းဝိုင်းရွဲရွဲကြီးများဖြင့် ရွှန်းရွှန်းစားစား ကြည့်၍နေသော ကလျာနီ၏ မျက်လုံးများနှင့် ရင်ဆိုင်မိလိုက်ရသည်။

နောက်တစ်ကြိမ် ကြည့်လိုက်သောအခါ ကလျာနီ၏ မျက်လုံးရွဲကြီးများမှ မျက်ရည်ကလေးတွေ အုံ၍တွဲလာသည်ကို တွေ့ရသဖြင့် ကိုယ်တော်လေး အံ့အား သင့်ရသည့်အလှည့်သို့ ရောက်လာသည်။ ထို့နောက်တွင်မူ ကလျာနီထံမှ နှာရည် ကလေး တရှုံ့ရှုံ့ဖြင့် ထူးခြားသောစကားများ ထွက်လာတော့သည်။

"ဦးဇင်းနဲ့ တွေ့တွေ့ချင်း တပည့်တော်မ မောင်ကြီးနဲ့ ချွတ်စွပ်တူလွန်းလို့

www.burmeseclassic.com



အုံအားအသင့်ကြီး သင့်ခဲ့ရပါတယ်၊ သက်နီးဝတ်နဲ့ တွေ့ရလို့ပေါ့။ လူဝတ်သာဆိုရင် ဘာဖြစ်ဖြစ် တပည့်တော် အတင်းဆွဲခေါ်မိမှာပဲ။ တပည့်တော်တို့မှာ မိဘနှစ်ပါး မျက်နှာလွှဲသွားတော့ မောင်နှမနှစ်ယောက်ပဲ ကျန်ရစ်ခဲ့ပါတယ်။ အစစအရာရာ မောင်ကြီးကိုပဲ အားပြုနေခဲ့ရပါတယ်။ နို့ပေမယ့် တမြန်နှစ်က သာဝတ္ထိမှာဖြစ်လိုက် တဲ့ ရောဂါကပ်ထဲမှာ မောင်ကြီးဆုံးပါးသွားခဲ့လို့ တပည့်တော်မမှာ သောင်ပြင်လွတ် တဲ့ခွေးလို ကျန်ရစ်ခဲ့ပါတယ်။ မိဘနှစ်ပါးက သုံးမကုန်အောင် စီးပွားဥစ္စာတွေ ထားခဲ့လို့ တော်သေးတာပေါ့ဘုရား”

“အဲဒါနဲ့ မိဘနှစ်ပါးနဲ့ မောင်ကြီးတို့ရဲ့ လက်ငုပ်လက်ရင်းအလုပ်တွေက ရာဇဂြိုဟ်မှာရှိလို့ ရာဇဂြိုဟ်ကို ရွှေ့ခဲ့ရပါတယ်။ ကုသိုလ်ကောင်းချင်တော့ ရာဇဂြိုဟ် ရောက်ရောက်ချင်း မောင်ကြီးနဲ့အင်မတန်တူတဲ့ ဦးဇင်းနဲ့ လာတွေ့တာပဲ။ တပည့် တော်မမှာ ဦးဇင်းကသာမသိတယ်။ နေ့တိုင်း ဦးဇင်းကိုကြည့်ကြည့်ပြီး အလွမ်းဖြေ နေရပါတယ်။ ဦးဇင်းကိုတွေ့ကတည်းက အိမ်ပေါ်ကိုပင့်ပြီး မေးချင်မြန်းချင် စကား ပြောချင်လိုက်တာ အူတွေကို ယားနေတာပဲ”

“နို့ပေမယ့် အိမ်ကလည်း မပြီးသေး၊ မျက်နှာချင်းကလည်း နည်းနည်း စိမ်း တိမ်းတိမ်းကလေးလို ဖြစ်နေသေးလို့ ဟန်လုပ်ပြီး အောင့်ထားခဲ့ရပါတယ်။ အခု အိမ်ပေါ်ကြွလာလို့ မေးမိတော့ လူချင်းတွေ့ရုံတွင်မကဘူး၊ နာမည်ချင်းပါ တူနေ တော့ တပည့်တော် အုံအားမသင့်ဘဲ နေနိုင်ပါတော့မလား”

“ဟုတ်မှာပေါ့လေ၊ လူတူမရှား နာမည်တူရှားဆိုတာကိုး”ဟု ကိုယ်တော်လေး က မယုတ်မလွန်ပြောသည်။

“လူတူနာမည်တူတွေ လုပ်မနေနဲ့တော့ဘုရား၊ တပည့်တော်မကတော့ ခုအချိန် ကစ,ပြီး ကိုယ့်မောင်ကြီးအရင်းလို သတ်မှတ်လိုက်ပြီ။ ဒီတော့ တပည့်တော်မဟာ ဦးဇင်းရဲ့နှမ။ ဟောဒီအိမ်ဟာ ဦးဇင်းရဲ့အိမ်၊ ဦးဇင်းရဲ့ကျောင်းလို့ ဒီအချိန်ကစပြီး အသိအမှတ်ပြုလိုက်ပေတော့။ ကိုယ့်အိမ်ကိုယ့်ကျောင်းဆိုတော့ ဣန္ဒြေတစ်ခွဲသား ကြီးတွေ လုပ်မနေရဘူးနော်၊ လွတ်လွတ်လပ်လပ်နေပေါ့။ လွတ်လွတ်လပ်လပ်နေ လို့ ဘယ်သူမှလည်းမမြင်ပါဘူး။ အိမ်က လုံခြုံပါတယ်။ ဒါထက် စကားကုန်ပြော ထားရဦးမယ်။ တပည့်တော်မအတွက် ဘာမှပူစရာမလိုပါဘူးနော် ဦးဇင်း။ မိဘ နှစ်ပါးထားခဲ့တဲ့ ပစ္စည်းက ဆယ်သက်စားလို့သုံးလို့ မကုန်ပါဘူး။ တပည့်တော်မ မှာ လိုတာက လောကကြီးအလယ်မှာ မှီတွယ်စရာမရှိ တစ်ကိုယ်တည်းမို့ မှီတွယ်

www.burmeseclassic.com



စရာပဲလိုတယ်။

"ပြီးတော့ ဦးဇင်းခံလို့ရတဲ့ဆွမ်းတွေက ကြမ်းလိုက်တာ၊ မိဘလက်ငုတ် မြေကလေးမို့ သံယောဇဉ်နဲ့လာနေရပေမယ့် အရပ်က အတော်ဆင်းရဲရှာကြတယ်။ ဒီတော့ ဦးဇင်း ဆွမ်းခံမနေနဲ့တော့။ ဒီနေ့ကစပြီး ဒီအိမ်မှာပဲ နေ့တိုင်းဆွမ်းစားပေတော့"

ကိုယ်တော်လေးအဖို့ တစ်လျှောက်ကြီးပြောလာသော ဆွမ်းဒကာမလေး၏ စကားများကို ယုံကြည်မိ၍ ဝမ်းမြောက်ရသည်။ ကလျာနီ၏ ဇာတ်ကွက်ကလေးကလည်း အင်မတန်လှပသည်။ တစ်ထိုင်တည်းနှင့် ရင်းရင်းနှီးနှီးဖြစ်လာရုံမက နေ့စဉ်ဆွမ်းလာစားဖို့ရန်ပါ အစီအစဉ်လုပ်လာသောအခါ ရသတဏှာ ငါးမျှားတံနှင့် ငြိနေပြီဖြစ်သော ကိုယ်တော်လေးအဖို့ ငြင်းပယ်အားမရှိတော့ဘဲ တုံဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းဖြင့် ပဋိညာဉ်ပေးလိုက်မိပြီ ဖြစ်သွားတော့သည်။

ကလျာနီ၏ ဒုတိယအောင်နိုင်မှုဖြစ်သည်။

သို့နှင့် ဤမျှရင်းနှီးလာပြီကို နာမည်ကလေးမှ မသိရသေးသဖြင့် "ဒါထက် ဒကာမကြီး၊ အေးလေ ဒကာမလေးနာမည်က..."ဟု စကားစ,ကာရှိသေး "ဦးဇင်းကလည်း ဒကာမကြီးတွေ, ဒကာမလေးတွေ လုပ်မနေပါနဲ့။ ဒီကနာမည်က ကလျာနီတဲ့။ အဖေတို့၊ အမေတို့က နီနီလို့ခေါ်ကြတယ်။ မောင်ကြီးကတော့ အနီလို့ခေါ်တယ်။ ဦးဇင်းက မောင်ကြီးဆိုတော့ မောင်ကြီးခေါ်သလို အနီလို့ပဲ ခေါ်ပေါ့။ ဘယ်သူကြားတာမှတ်လို့"

## [ ၄ ]

သို့နှင့် ဆွမ်းခံအိမ်အဖြစ်မှ နေ့စဉ်ဆွမ်းစားအိမ်အဖြစ်သို့ ရောက်သွားသည်။ နောက်တစ်နေ့တွင်ပင် ကိုယ်တော်လေးဝတ်ထားသော သင်္ကန်းကို မကြိုက်ဟုဆိုကာ ပိုးသင်္ကန်းနုနုကလေးတစ်စုံ ကပ်လှူကာ နောက်နေ့မှစ၍ ပြောင်းလဲဝတ်ဆင်ရသည်။ တစ်နေ့တခြား မကောင်း ကောင်းကြောင်း ချက်ပြုတ်၍ ဆက်ကပ်သည်။ တစ်နေ့တခြား ရင်းနှီးလာသည်။

အိမ်တွင် လူပိုဟူ၍မရှိ၊ လက်တိုလက်တောင်း သူငယ်မလေးတစ်ယောက်သာရှိရာ ကိုယ်တော်လေးရောက်လာတိုင်း သူငယ်မလေးကို အိမ်ရှေ့ကစားကွင်းတွင်သာ တွေ့ရသည်။ ထူးခြားချက်မှာ အိမ်သို့ရောက်တိုင်းလိုလို တွေ့ရသော

www.burmeseclassic.com

www.burmeseclassic.com



ကလျာနီ၏ ကပိုကရိုအဝတ်အစားနှင့် မသေမသပ် လှုပ်ရှားမှုများပင်ဖြစ်သည်။ မောင်ကြီးဆိုတော့ ပို၍ရင်းနှီးသည့်သဘောဖြင့် ပို၍နီးနီးကပ်ကပ်လုပ်သည်။ ရင်သား တစ်စုံလုံးမှာ ဖွင့်မထားရုံတစ်မယ် ဖြစ်သည်။ မတော်တဆလိုလိုနှင့် လှုပ်ရင်းရှားရင်း ပေါ်ချင်ရာပေါ် ဖော်ချင်ရာဖော်သည်တို့မှာ ထပ်၍နေသည်။ သို့ရာတွင် ငါရဟန်းပါ တကားဟူသော အသိကလေး ရှိနေသေးသောကြောင့် တွေ့သမျှ မြင်သမျှတွေကို ထိန်းချုပ်ရသည်။ ယင်းသို့ တတ်နိုင်သမျှ ထိန်းချုပ်ရင်းမှ ကိုယ်တော်လေး၏ နောက်ဆုံးနေ့သို့ ရောက်လာသည်။

ထိုနေ့က ထုံးစံအတိုင်း ဆွမ်းစားရောက်သွားသောအခါ ကလျာနီကို မတွေ့ရ၊ ပြင်ထားသောဆွမ်းပွဲကိုသာ တွေ့ရသည်။ ကလျာနီ နောက်ဖေးဘက်ဆီသို့ ထွက် နေသည်လောဟု စဉ်းစားရင်း ဆွမ်းစားပွဲသို့ထိုင်ရန် ဟန်ပြင်နေဆဲမှာပင် ဆွမ်းပွဲ နံဘေးရှိ အတွင်းခန်းဆီမှ ကလျာနီ၏ တဟင်းဟင်း တညှင်းညှင်း ညည်းညူသံ ကလေးကို ကြားရသည်။

ဆွမ်းစားသည့်နေရာ နံဘေးတွင် ကလျာနီ၏အိပ်ခန်းရှိသည်။ အိပ်ခန်းတံခါး တွင် ဇာခန်းဆီးအစိမ်းနုရောင်လေးဖြင့် ကာရံထားရာ တစ်ခါတစ်ရံ ဇာခန်းဆီး ဖွင့်ထားသောအခါ အတွင်းမှမွေ့ရာမြင့်မြင့်ဖြင့် ဖွေးဖွေးအိနေသော ကလျာနီ၏ အိပ်ရာကို လှမ်းမြင်ရသည်။ ဧကန္တ ကလျာနီ တစ်ခုခုဖြစ်နေပြီ။

ညည်းသံ၏နောက်တွင် "ဦးဇင်း...ဦးဇင်း...မောင်ကြီး...မောင်ကြီး...ကလျာနီ ကို ပစ်ထားတော့မလား၊ ကလျာနီတော့ ကောက်ရသလို ဖျားနေပြီ။ ကလျာနီ မှာ အားကိုးစရာမရှိပါဘူးနော်၊ အမယ်လေး...ရေ...ရေသောက်ချင်လိုက်တာ၊ ရေ...ရေ"ဟု အသံကြားရသည်။

ကိုယ်တော်လေးသည် ဇာခန်းဆီးအဝသို့ ရုတ်ခနဲရောက်သွားသည်။ ဇာခန်းဆီးဝ တွင် ရဟန်းဟူသော အသိကလေးက တုံ့ခနဲ ဆွဲလိုက်သောကြောင့် တုံ့ခနဲ တစ်ချက်ရပ်လိုက်မိသည်။ သို့ရာတွင် ခြေရပ်သော်လည်း လက်က ဇာခန်းဆီးကို ဆွဲမ,လိုက်မိပြီး ဖြစ်သွား၏။ ထိုအခါ ဇာခန်းဆီးအတွင်းမှ မြင်ကွင်းသည် ကိုယ် တော်လေး တစ်ကိုယ်လုံးကို မေ့သွားလုမတတ် သည်းဖိုလှုပ်ခုန်စေ၏။

ကလျာနီသည် အိပ်ရာပေါ်တွင် ပက်လက်လှန်ကာ နားထင်နှစ်ဖက်ကို လက် ဖြင့်ဖိရင်း လှုပ်ရှားညည်းညူနေ၏။ မျက်နှာကိုမော့၍ မျက်လုံးနှစ်ဖက်ကို ပိတ် ထားသည်။ လျော့ရဲသော ကိုယ်ဝတ်အတွင်းမှ ရင်သားတစ်ဖက်သည် ပွင့်လှပ်၍

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပါပေါ့ကလား၊ ဘုရား...ဘုရား၊ **ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ။**

ကိုယ်တော်လေးသည် လေတိုက်သောကြက်မွေးကဲ့သို့ ပေါ့ပါးစွာဖြင့် ဖြုတ်ခနဲ ဇာခန်းဆီးအတွင်းမှ ထွက်ခဲ့သည်။ အပြင်မှဆွမ်းပွဲကို လှည့်၍ပင် မကြည့်။ ဤအိမ်နှင့်လွတ်အောင် ထွက်ခဲ့သည်။ နောက်ပိုင်းမှ “ဦးဇင်း...ဦးဇင်း”ဟူသော ကလျာနီ၏ တသဲ့သဲ့အသံသည် တဖြည်းဖြည်းဝေး၍ဝေး၍ ကျန်ရစ်ခဲ့သည်။

[ ၅ ]

ကျောင်းတော်အဝတွင် ဘုရားရှင်သည် မိမိကို ကြိုဆိုနေသည့်အလား မိမိအား ငံ့မျှော်စောင့်စား၍ နေတော်မူသည်ကို တွေ့ရသည်။ ဘုရားရှင်အနီးတွင် အာနန္ဒာမထေရ်ကိုလည်း တွေ့ရ၏။ ထို့ကြောင့် အမိုက်တိုက်အတွင်းမှ အမောတကြီးဖြင့် ထွက်လာရသောကြောင့် သေသပ်ဟန်မတူသော မိမိ၏သင်္ကန်းများကို သေသပ်အောင် ပြင်ဆင်ကာ ဘုရားရှင်ထံတော်သို့ ရှိခိုး၍ဝင်သည်။ ဘုရားရှင် မိန့်တော်မူ၏။

“အာနန္ဒာ...ကြီးစွာသောစစ်ပွဲတွင် အောင်နိုင်ခဲ့သော စစ်သူကြီးတစ်ယောက် ရောက်လာသည်ကို ရှုလော့”

“အဘယ်စစ်ပွဲပါနည်း အရှင်ဘုရား”ဟု အာနန္ဒာက မေးလျှောက်၏။

“ငါ့သားတော် သုန္ဒရသည် ဇာခန်းဆီးတစ်ခုအတွင်းဝယ် မာတုဂါမ တစ်ယောက် လှည့်ဖြားမှုဖြင့် ကြီးမားသောစစ်ပွဲတစ်ရပ်ကို ဆင်နွှဲခဲ့ရပေသည်။ ယင်းစစ်ပွဲ၌ သုန္ဒရသည် ခံစစ်အနေဖြင့် ရှုံးရအံ့ဆဲဆဲတွင် ငါဘုရားကို သတိရခြင်းဖြင့် ငါဘုရား၏ အကူအညီဖြင့် သတိရှေ့ဆောင်ကာ အောင်နိုင်ခဲ့ပေသည်။ သုန္ဒရသည် ယနေ့မှစ၍ မည်သည့်စစ်ပွဲတွင်မျှ ရှုံးရန်အကြောင်းမရှိတော့ပေ။ ဤလောက၌ ကာမဂုဏ်စစ်ပွဲထက် ကြီးမားသောစစ်ပွဲဟူသည် ရှိသေးအံ့လော အာနန္ဒာ”

အာနန္ဒာမထေရ်က တည်ငြိမ်အေးချမ်းသောအသွင်ဖြင့် ဘုရားရှင်ရှေ့တော်တွင် ဝပ်စင်းလျက်ရှိသော သုန္ဒမထေရ်ကိုကြည့်ကာ သာဓု...သာဓု...သာဓု...”ဟု ကောင်းချီးပေးတော်မူသည်။ ။

ရွှေဥဒေါင်း

www.burmeseclassic.com